ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ပြုစုတော်မူသော

# လယ်တီဒီပနီပေါင်းချုပ်

ဒုတိယတွဲ

(၁) ဘာဝနာဒီပနီ
(၂) ဝိဇ္ဇာမဂ္ဂဒီပနီ
(၃) အာနာပါနဒီပနီ
(၄) ဓာတ်ကမ္မဋ္ဌာန်းကျမ်း
(၅) အနတ္တဒီပနီ
(၆) သစ္စတ္ထဒီပနီ တို့ပါဝင်သည်။

ခေတ်အဆက်ဆက်မှ မှားယွင်းနေခဲ့သော ပုံနှိပ်အမှားများကို

ပြင်ဆင်ထားသည့် **လယ်တီဝိသောဓကမူ** ဖြစ်သည်။

---

※ ဖြန့်ချိရေး ※

ရတနာ့ဝါဒီပိဋကတ်စာအုပ်ဆိုင်

အမှတ် (၁၁)၊ ရွှေတိဂုံဘုရားဈေးတောင်ဘက်မုခ်

ဈေးတော်ရုံ၊ ရန်ကုန်မြို့ ၊ ဖုန်း - ၂၈၅၃၁၅

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ပြုစုတော်မူသော

# လယ်တီဒီပနီပေါင်းချုပ်

**ဒုတိယတွဲ**

(၁) ဘာဝနာဒီပနီ
(၂) ဝိဇ္ဇာမဂ္ဂဒီပနီ
(၃) အာနာပါနဒီပနီ
(၄) ဓာတ်ကမ္မဋ္ဌာန်းကျမ်း
(၅) အနတ္တဒီပနီ
(၆) သစ္စတ္ထဒီပနီ တို့ပါဝင်သည်။

ခေတ်အဆက်ဆက်မှ မှားယွင်းနေခဲ့သော ပုံနှိပ်အမှားများကို

ပြင်ဆင်ထား[illegible] **လယ်တီဝိသောဓကမူ** ဖြစ်သည်။

---

※ ဖြန့်ချိရေး ※

ရတနာ့ဝါဒီပိဋကတ်စာအုပ်ဆိုင်

အမှတ် (၁၁)၊ ရွှေတိဂုံဘုရားစျေးတောင်ဘက်မုခ်

စျေးတော်ရုံ၊ ရန်ကုန်မြို့ ၊ ဖုန်း - ၂၈၅၃၁၅

ဘာသာရေးဆိုင်ရာ

စာမူခွင့်ပြုချက် - ၃၅ / ၉၅ (၂)

မျက်နှာဖုံးခွင့်ပြုချက် - ၅ / ၉၅ (၃)

ထုတ်ဝေသူ - ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ၊
အမှတ် ၃၅၊ ဌေးစုံရပ်၊
ကမ္ဘာအေး၊ ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ - ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်၊
၁၃(A)၊ ၉၈လမ်း၊
ကန်တော်လေး၊ ရန်ကုန်။

ထုတ်ဝေသည့်လ - ၁၉၉၅ ခု၊ မတ်လ၊

တန်ဖိုး - [redacted]/- ကျပ်

အကြိမ် - ဒုတိယအကြိမ်

လယ်တီစာပေ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ

**လယ်တီဝိသောဓကမ္မူ** အပြစ် ရိုက်နှိပ်ပါသည်။

# လယ်တီဒီပနီကျမ်းစာ ပုံနှိပ်ထုတ်ဝေမှု
# ခွင့်ပြုချက်

ရက်စွဲ ၁၃၅၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

ရန်ကုန် မြို့ ပိဋကတ်စာအုပ်တိုက် ~~အသင်း/အဖွဲ့/~~ ဌာန မှ ဦး / ~~ဒေါ်~~ ဝင်းမြိုင်သူရ အမျိုးသားမှတ်ပုံတင်အမှတ် .......... ထုတ်ဝေခွင့်အမှတ် .......... အား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ရှိသေစွာ လိုက်နာ၍ တိကျမှန်ကန်စွာ ပုံနှိပ်ထုတ်ဝေပါမည်ဟု ဝန်ခံ ကတိပြု လျှောက်ထားချက် အရ –


ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ –
လယ်တီဒီပနီကျမ်း ... ကို ၅၀၀၀ အကြိမ် ပုံနှိပ်ထုတ်ဝေနိုင်ရန် ခွင့်ပြုလိုက်သည်။

**မှတ်ချက်** ။ ။ ပုံနှိပ်ထုတ်ဝေလိုသည့် အကြိမ်တိုင်း ခွင့်ပြုချက်ကို ထပ်မံလျှောက်ထား တောင်းခံရမည်။

**ထုတ်ဝေမည့်သူ** | **ခွင့်ပြုသူ**

ဘဒ္ဒန္တကေလာသ
နဝမ ပဓာန နာယကဆရာတော်
မဟာလယ်တီတိုက် ၊ မုံရွာမြို့

လက်မှတ် ..........
အမည် ဦးဝင်းမြိုင်သူရ
တာဝန် ..........
စာပေတိုက်/ဌာန ပိဋကတ်စာအုပ်တိုက်
လိပ်စာအပြည့်အစုံ ဂုဏ်ရှင် ၂၈၃ (ဗီ) ပထမထပ်
၃၅ လမ်း၊ ရန်ကုန်မြို့



ကျေးရူးရှင်လယ်တီဆရာတော်ဘုရားကြီး

# လယ်တီစာပေ ထိန်းသိမ်းရေးအဖွဲ့နှင့် လယ်တီဒီပနီ ဝိသောဓက အဖွဲ့ ဖြစ်ပေါ်လာရခြင်း

# အ ကြောင်း ပြ နိ ဒါန်း

**နှလုံးသားမှ လယ်တီဒီပနီများသို့**

လဇ္ဇီပေသလ သိက္ခာကာမ ပဋိပတ္တိ ဝိသာရဒ နိကာယဏ္ဏဝပါရဂူ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ပထမ လယ်တီဆရာတော်ဘုရားကြီးသည် ဒီဃဒဿီ အရှည်မြင်တော်မူသည့်အတိုင်း သံသရာဝဋ်မှ မလွတ်ကြသေးသူ ရှင် လူအများတို့၏ ကိုးစားရာအစစ် နိယျာနိက လမ်းကြောင်းပြဖြစ်သော ဒီပနီကျမ်းပေါင်း မြောက်မြားစွာတို့ကို ကရုဏာစေတနာ ပြင်းပြစွာဖြင့် ရေးသားပြုစုတော်မူခဲ့သည်။

ယင်းဒီပနီကျမ်းစာများအနက် အချို့ဒီပနီကျမ်းများကို မူလ သီတင်းသုံးတော်မူရာ မုံရွာမြို့ မဟာလယ်တီတိုက်ကြီးအတွင်း၌ ရေးသားတော်မူ၍ အချို့ကိုမူကား မြန်မာနိုင်ငံ အရပ်ရပ်သို့ ကြွရောက်လေရာ မြို့ရွာဒေသ အများအပြားတို့၌ အကြောင်းအားလျော်စွာ ရေးသားပြုစုတော်မူခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ယင်း လယ်တီ ဒီပနီများမှာ လယ်တီဆရာတော် ဘုရားကြီး၏ ကရုဏာနှလုံးသားမှ ပေါက်ဖွားထွက်ပေါ်လာသော ကျမ်းစာများပင် ဖြစ်သည်။

**လယ်တီဒီပနီများ၏ အန္တရာယ်**

ကျေးဇူးတော်ရှင် လယ်တီ ဆရာတော် ဘုရားကြီး ပျံလွန်တော်မူသည်မှာ ယခုအခါ နှစ်ပေါင်း ၅၇ နှစ်မျှသာ ကြာရှိသေးသည်။ သမိုင်း မျက်စိဖြင့် ကြည့်လျှင် ၅၇–နှစ် ဟူသည်မှာ အလွန်ကြာမြင့်လှသည့် အချိန်ကာလဟု မဆိုနိုင်ပေ။ သို့သော် ယင်း ၅၇–နှစ်တာမျှ အချိန်ကာလ အတွင်းမှာပင် လယ်တီဒီပနီများ၌ ကြောက်မက်ဖွယ်ရာ အန္တရာယ်များနှင့် ရင်ဆိုင်လာခဲ့ရသည်။ ယင်းအန္တရာယ်များမှာ လယ်တီကျောက်စာများနှင့် တိုက်ဆိုင်ကြည့်ရှုကြသောအခါ လယ်တီဒီပနီကျမ်းစာများ အတွင်း၌ မူလကျမ်းပြု ဆရာတော်ဘုရားကြီး၏ ဆိုလိုရင်း အာဘော် အဓိပ္ပာယ် ပျက်စီး၍ သွားလောက်အောင်–

(က) ချွတ်ချော် မှားယွင်းမှု၊

(ခ) စကားလုံးများ၊ ဝါကျများ ကျကျန်ရစ်မှု၊

(ဂ) အချို့စကားလုံးများ၊ ဝါကျများ အပိုပါရှိနေမှု စသည်တို့ကို တွေ့ရှိနေရခြင်းပင် ဖြစ်သည်။

ယင်းကဲ့သို့ အန္တရာယ်များ ပေါ်ပေါက်လာခြင်းမှာ ၅၇–နှစ်တာ အချိန်ကာလ အတွင်း၌ လယ်တီ ဒီပနီများကို စာပုံနှိပ်တိုက်ပေါင်းစုံမှာ ရိုက်နှိပ်ထုတ်ဝေခဲ့ကြရာ လယ်တီဒီပနီများမှာ စာပုံနှိပ်တိုက်ပေါင်းစုံမှ စာပြင်ဆရာပေါင်းစုံတို့၏ ပြင်ဆင်မှု၊ တည်းဖြတ်မှုကို ခံခဲ့ကြရသည်။ ယင်းသို့ ခံခဲ့ကြရရာမှ အချို့စာစီသူများ၏ ပမာဒ၊ အချို့စာပြင်ဆရာများ၏ ပမာဒ စသည်တို့ကြောင့် လယ်တီဒီပနီများမှာ (က) ချွတ်ချော်မှားယွင်းမှု၊ (ခ) စကားလုံးများ၊ ဝါကျများ ကျကျန်ရစ်မှု၊ (ဂ) အချို့စကားလုံးများ ဝါကျများ အပိုပါရှိနေမှုစသော အန္တရာယ်များ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ယင်းအန္တရာယ်များနှင့် ရင်ဆိုင်လာရခြင်း ဖြစ်သည်။

နှစ်ပေါင်း ၅၇–နှစ်တာ အချိန်ကာလအတွင်း လယ်တီ ဒီပနီများကို ရိုက်နှိပ် ကြရာ၌ စာပုံနှိပ်တိုက် တစ်တိုက်မှ ရိုက်နှိပ်ထားသော “မူ” ကို အခြား စာပုံနှိပ်တိုက် တစ်တိုက်က ကူးယူရိုက်နှိပ်လာခြင်း ဖြစ်သဖြင့် ယင်းချွတ်ချော်မှားယွင်းမှု စသည်တို့မှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားပွါးလာသည်နှင့်အမျှ ယင်းအန္တရာယ်များမှာလည်း တစ်နှစ်ထက် တစ်နှစ် ပိုမို ကြီးထွားလာသည်။

လယ်တီကျောက်စာများနှင့် တိုက်ဆိုင်ကြည့်ရှုသောအခါ၌ တွေ့ရှိနေရသော လယ်တီဒီပနီများ၏ ချွတ်ချော်မှားယွင်းမှုများ မည်မျှလောက် အန္တရာယ်ကြီးမားနေကြောင်းကို ‘ဥတ္တမ ပုရိသ ဒီပနီကျမ်း’ မှ အောက်ပါ အမှားအမှန် နမူနာ အနည်းငယ် ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။

| အမှန် | အမှား |
|---|---|
| – ထိုမီးနှင့် အမြဲ ယှဉ်၍နေ ခြင်းကြောင့် (စာ–၁၉၃) | ထိုမီးနှင့် အနိစ္စ အမြဲယှဉ်၍နေ ခြင်းကြောင့် |
| – ကကုသန် မြတ်စွာဘုရား သာ သနာ၌ (စာ–၁၉၃) | ကဿပ မြတ်စွာဘုရား သာသနာ၌ |
| – ပသာဒ သဒ္ဓါ သမ္ပတ္တိမျှသည် ပင် (စာ–၂၈၂) | ပသာဒ သဒ္ဓါ သတ္တိမျှသည်ပင် |
| – အနှစ်အတိ ပြည့်သော သစ်ဖောင် ကြီး(စာ– ) | အနှစ် အတိ ပြည့်သော သစ်တောင် ကြီး |

ယင်းကဲ့သို့ ချွတ်ချော်မှားယွင်းမှုများ အပြင် ယခုပုံနှိပ်မှု 'ဥတ္တမပုရိသ ဒီပနီကျမ်း' တွင် ပါရှိသော အောက်ပါ ဝါကျများ၌ ဘရက်ကက် (လက်သည်းကွင်း)ထဲမှ စကားများ လုံးဝမပါဘဲ ကျကျန်ရစ်ခဲ့သည်ကိုလည်း တွေ့ရှိနေရသည်။

– ဤ၌ ဘဝနိကန္တိဆိုသည်ကား အနာဂတ် ဘဝကို ဖွဲ့သောနိကန္တိလည်း တစ်ပါး၊ (ယခု ပစ္စုပ္ပန်ခန္ဓာ၌ သာယာသော ဘဝနိကန္တိလည်း တစ်ပါး) ယခုအခါသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရထိုက်သောအခါ ဖြစ်၏။ (စာ –၃၄)

– သဗ္ဗညုဘုရား သာသနာမည်သည် နတ်ပွဲ၊ ဗြဟ္မာပွဲသာတည်း၊ လူသည် နတ် ဗြဟ္မာ တစ်ကုဋေမှာ တစ်ယောက်ကျမျှရှိမည်မဟုတ်၊ (ရဟန်းသည်လည်း လူတစ်သောင်း မှာ တစ်ယောက်ကျမျှ ရှိမည်မဟုတ်)၊ သာဝတ္ထိပြည်မှာ လူအရိယာပေါင်း ကုဋေ မြားစွာ လာသည်။ (စာ–၂၀၁)

– ပွဲကြီး လမ်းကြီးနှင့် (တွေ့သော်လည်း ကိစ္စ မရှိပြီ၊ ထိုအခါ ပွဲကြီးလမ်းကြီး နှင့်) တွေ့တိုင်း မိမိကိုယ်ကို အမှတ်ရ၏။ (စာ – ၂၀၃)

ထို့ပြင် ယခု ပုံနှိပ်မှု 'ဥတ္တမပုရိသ ဒီပနီကျမ်း' စာမျက်နှာ ၄၃ ၌ 'ရုပ်ရူပဿ၊ ရုပ်၏။ ယံ အနိစ္စံ၊ အကြင်အနိစ္စဟူသည် စသည်ဖြင့် စာလေးကြောင်းတိတိ ကျောက် စာမူ၌ မပါဘဲလျက် အပိုပါရှိနေသည်ကိုလည်း တွေ့နေရသေးသည်။

နှစ်ပေါင်း ၅၇–နှစ်တာ အချိန်ကာလအတွင်း၌ လယ်တီဒီပနီများကို ရိုက်နှိပ် ထုတ် ဝေသော စာပုံနှိပ်တိုက်များမှာ များပြားခဲ့သလောက် မူကွဲများကလည်း များပြားနေသေး သည်။ မူကွဲ များသလောက် တက်တက်စင်အောင် ချွတ်ချော် မှားယွင်းမှုများကလည်း ကပ်ပါနေပေသည်။ ဤ၌ 'ဘာဝနာ ဒီပနီကျမ်း' စာအုပ်မှ နှစ်မူမှာ တစ်မူနှင့်တစ်မူ မတူဘဲ ကွဲပြားနေရာ ယင်းမူကွဲများကို နမူနာအဖြစ် အောက်၌ အနည်းငယ် ထုတ်နုတ် ဖော်ပြလိုသည်။

| စာအုပ်မူ (၁) | စာအုပ်မူ (၂) |
|---|---|
| – မြင်မိမြင်ရာ မဟုတ်တရုတ်ကြီး | မြင်မိမြင်ရာမဟုတ်၊ ဘူတရုပ်ကြီး |
| – အကြောင်းကြီး အကြောင်းငယ် | အကြောကြီး အကြောငယ် |
| – ဖျားမှု နာမှုနှင့် သတ်၍ သေ | ဖျားမှုနာမှုနှင့် ပတ်သက်၍ သေ |
| – အစိုးမရမှုကြီး | အစိုးရမှုကြီး |
| – ဒုက္ခ အနတ္တ တုံးကြီး | ဒုက္ခ အနန္တ တုံးကြီး |
| – တက်လမ်းဘက်သို့ | တစ်လမ်းသို့ |

ယခုဖော်ပြထားသော "ဥတ္တမပုရိသဒီပနီ" နှင့် "ဘာဝနာဒီပနီ" တို့မှ (က) ချွတ်ချော်မှားယွင်းမှု၊ (ခ) စကားလုံးများ – ဝါကျများကျကျန်ရစ်မှု၊ (ဂ) အချို့စကားလုံးများ – ဝါကျများ အပိုပါရှိနေမှု စသည်တို့ကို ကြည့်ရှုပါက အဓိပ္ပာယ် ပျက်စီးသွားလောက်အောင် မည်မျှအထိ အန္တရာယ် ကြီးမားနေကြောင်း သိရှိနိုင်လောက်ပြီး ဖြစ်သည်။

**အန္တရာယ် တားဆီးချုပ်ကိုင်ရေး**

သို့ဖြစ်ရာ ယခုအခါ "အမှားကြာလျှင်အမှန်ထင်" ဆိုသကဲ့သို့ ယင်းချွတ်ချော်မှားယွင်းမှုများပါရှိနေသော လယ်တီဒီပနီများကိုပင် အမှန်ထင်ကာ လက်ခံဖတ်ရှု လေ့လာနေသူများမှာလည်း ဦးရေအား ဖြင့် နည်းပါးလှမည် မဟုတ်တော့ပေ။

လယ်တီဒီပနီကျမ်းစာများ (လယ်တီဒီပနီ သာသနာ) ထွန်းကား ပြန့်ပွားရေး အတွက် ၅၇–နှစ်အတွင်း ရိုက်နှိပ်ထုတ်ဝေခဲ့ကြသော စာပုံနှိပ်တိုက်များကို တစ်ဖက်မှ ကျေးဇူးတင်ရမည် ဖြစ်သော်လည်း ယင်း အန္တရာယ်များ ဆက်လက်ပျံ့နှံ့ကြီးထွား မလာအောင် လယ်တီဒီပနီများကို လယ်တီကျောက်စာများနှင့် တိုက်ဆိုင်ကာ သုတ်သင်ပြင်ဆင် ချုပ်ကိုင်ရန်လည်း တစ်ဖက်မှ လိုအပ်လာပေသည်။

ထို့ကြောင့် "လယ်တီဒီပနီ ဝိသောဓကအဖွဲ့" ထိုစဉ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက်ရှိသော ဆရာတော်–ဦးကေလာသသည် "မှားအစဉ်ပြင်ခဏ" ဟူသော စကားအရ "ချွတ်ချော်မှားယွင်းမှုများကို လယ်တီကျောက်စာများနှင့် တိုက်ဆိုင်သုတ်သင် ပြင်ဆင်ကာ ယင်း အန္တရာယ်ကို အချိန်မီ ချုပ်ကိုင်ပါမှသာ ဒီဃဒဿီ အရှည် မြင်မြော်တော်မူခဲ့သော

(က) ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဦးတည်ချက်လည်း ပြည့်ဝ . .

( ခ ) ဖတ်ရှုလေ့လာသူများ အနေဖြင့်လည်း တင်ပြည့် ကျပ်ပြည့်အကျိုးရ . . ရှိနိုင်ကြပေမည်ဟု" ကြံစည် စဉ်းစားမိခဲ့သည်။

**သမိုင်းပေးတာဝန်**

ယင်းသို့ ကြံစည် စဉ်းစားမိသည့်အတိုင်း ဆရာတော်ဦးကေလာသသည် မုံရွာမြို့ မဟာလယ်တီတိုက်နာယက ဆရာတော်များအဖွဲ့သို့ . .

(က) လယ်တီ ဒီပနီကျမ်းစာများ၏ ချွတ်ချော် မှားယွင်းနေသော ယနေ့ရပ်တည်ချက် အခြေအနေမှန်ကို လည်းကောင်း၊

(ခ) ယင်း ချွတ်ချော်မှားယွင်းမှုများကို လယ်တီ ကျောက်စာများနှင့် တိုက်ဆိုင်ကြည့်ရှု စစ်ဆေးကာ ပြန်လည် သုတ်သင် ပြင်ဆင် ဝိသောဓေ ပြုရန်ကို လည်းကောင်း၊ ပြည့်ပြည့်စုံစုံ တင်ပြလျှောက်ထားခဲ့သည်။

မဟာလယ်တီတိုက် နာယက ဆရာတော်များအဖွဲ့ကလည်း ဆရာတော်ဦးကေလာသ၏ တင်ပြချက်ကို အလေးအနက်စဉ်းစား ဆွေးနွေးတော်မူကြပြီးလျှင် –"လယ်တီဒီပနီများ၏ အန္တရာယ်ကို အပွေါသုက္က ကြောင့်ကြမဲ့နေ၍ မဖြစ်တော့ပြီ၊ ချွတ်ချော်မှားယွင်းမှုများကို လယ်တီကျောက်စာများနှင့် တိုက်ဆိုင် ကြည့်ရှု စစ်ဆေးကာ ပြန်လည်သုတ်သင်ပြင်ဆင် ဝိသောဓေ ပြုခြင်းဖြင့် ယင်း အန္တရာယ်ကို အချိန်မီ တားဆီးချုပ်ကိုင်နိုင်မှ တော်ကာကျပေမည်။ ယင်းအန္တရာယ် တားဆီးချုပ်ကိုင်ရန်မှာလည်း လယ်တီဆရာတော်ဘုရားကြီး၏ သိဿာနုသိဿ ဖြစ်ကြသော ငါတို့ တပည့်များ၏ ပခုံးပေါ်သို့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ဖြင့် ကျရောက်လာပေပြီ" ဟု သဘောပေါက်ကာ လက်ခံ အတည်ပြုခဲ့ကြသည်။

**သထုံနှင့် ပဲခူးသို့** ဆရာတော် ဦးကေလာသသည် နာယက ဆရာတော်များ အဖွဲ့၏ လက်ခံအတည်ပြုချက်ကို ရယူပြီးနောက် သထုံ – ပဲခူး ရန်ကုန်မြို့များရှိ လယ်တီဆရာတော်ဘုရားကြီး၏ သိဿာနုသိဿ ဖြစ်ကြသော တပည့်များနှင့်လည်း တိုင်ပင်ဆွေးနွေးလိုသဖြင့် မဟာလယ်တီတိုက် နာယကဆရာတော်များကို ခွင့်ပန်ကာ ၁၃၄၁–ကဆုန်လဆုတ် ၇–ရက်နေ့တွင် "လယ်တီ ဝဏ္ဏိတ" ခေါ် ဆရာကြီး ဦးလှတင်ရှိရာ သထုံမြို့သို့ ထွက်ခွာလာခဲ့သည်။

လယ်တီဦးလှတင်မှာ ယခုအခါ အသက် ၉၅–နှစ် ရှိပြီဖြစ်၍ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ လက်ရင်း တပည့်ကြီးလည်းဖြစ်သည်။ လယ်တီဦးလှတင် ရဟန်းဘဝတုန်းက လယ်တီဆရာတော်ဘုရားကြီးကြွလေရာတွင် ပစ္ဆာသမဏအဖြစ် နောက်က အမြဲလိုက်ပါခဲ့ရသူ ဖြစ်သဖြင့် လယ်တီဒီပနီကျမ်းစာများ ဖြစ်ပေါ်ပုံအကြောင်း ကောင်းကောင်းကြီး သိရခဲ့သူလည်းဖြစ်သည်။

၁၃၄၁–ခု၊ ကဆုန်လဆုတ် ၁၀– ရက်နေ့တွင် ဆရာတော် ဦးကေလာသသည် သထုံမြို့ ဆရာကြီးဦးလှတင်ထံရောက်ရှိသွားပြီးနောက် ၂–ရက်တိုင်တိုင် လယ်တီ ဒီပနီကျမ်းစာများနှင့် ပတ်သက်သည့် အကြောင်းစုံကို ဆွေးနွေးတိုင်ပင်ရာ ဆရာကြီး ဦးလှတင်က အထူးကျေနပ်အားရ ဝမ်းမြောက်စွာဖြင့် 'ဖြစ်မြောက်အောင် ဝိသောဓေ ပြုကြရန်' တိုက်တွန်းခဲ့ပေသည်။ ဝိသောဓေပြုရာ၌ တိုက်ဆိုင်ကြည့်ရှုရန်အတွက် ရှေးရှေးက ရိုက်နှိပ်ခဲ့သော လယ်တီဒီပနီကျမ်းစာများနှင့် ဆရာကြီး၏ မှတ်စုမှတ် တမ်းများကိုပါ

ပေးအပ်လှူဒါန်းပြီးလျှင် 'တပည့်တော်မှာ ယခုအခါ အသက်အရွယ် ကြီးပြီဖြစ်၍ ဤမှတ်စု မှတ်တမ်းများနှင့် ရေးရိုက် လယ်တီဒီပနီ ကျမ်းစာများကို အရှင်ဘုရားတို့ပဲ ဆက်လက် ထိန်းသိမ်းပါ'ဟုလည်း ကျေနပ်အားရစွာ လျှောက်ထားခဲ့သည်။

ထို့နောက် ဆရာတော် ဦးကေလာသသည် ၁၃၄၁– ခုနှစ်၊ နယုန်လဆန်း ၆– ရက်နေ့တွင် ပဲခူးမြို့ ဟံသာဝတီ ၁– လမ်း၊ ဆရာကြီး ဦးဝင်းဖေနှင့် တွေ့ဆုံ၍ ယင်း အကြောင်းကို တွေ့ဆုံဆွေးနွေးခဲ့ပြန်သည်။ ဆရာကြီး ဦးဝင်းဖေကလည်း ဆရာကြီး ဦးလှတင် နည်းတူပင် ကျေနပ်အားရ ဝမ်းမြောက်စွာပင် 'အောင်မြင်အောင် ဆောင်ရွက် တော်မူပါ' ဟု ပြန်လည် လျှောက်ထားခဲ့သည်။

**ရန်ကုန်မှ တပည့်များ**

တစ်ဖန် ဆရာတော် ဦးကေလာသသည် ၁၃၄၁– ခုနှစ်၊ နယုန် လဆန်း ၈– ရက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ် လှည်းတန်း လယ်တီ ဦးလှပိုင်၏ အိမ်၌ လယ်တီဦးလှပိုင်နှင့်တကွ မင်္ဂလာပုံနှိပ် တိုက်နှင့် မြန်မာပြည် စာအုပ်တိုက်ရှင်များ ဖြစ်ကြသော ဦးကြီးခင်၊ ဦးမြင့်ဆွေ၊ မြန်မာ့ အလင်းသတင်းစာ ဦးအောင်နိုင် (ဓမ္မာစရိယ) တို့နှင့် ဆွေးနွေးပြန်သည်။

၎င်းတို့ကလည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ကိုင်တွယ် လုပ်ကိုင်ကြရန် အကြံပေးကြသည်။ အောင်မြင်အောင်ဆောင်ရွက်ကြရန်လည်း အတည် ပြု ဆုံးဖြတ်ကြလေသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်**

ထို့နောက် ဆရာတော် ဦးကေလာသသည် ၁၃၄၁–ခုနှစ် နယုန်လဆန်း ၁၀– ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန၌ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအုံ့မောင်တို့နှင့် တွေ့ဆုံကာ 'လယ်တီဒီပနီများ၌ ချွတ်ချော် မှားယွင်းချက်များ ပါရှိနေကြောင်း၊ ယင်းတို့ကို လယ်တီကျောက်စာများနှင့် တိုက်ဆိုင် ကြည့်ရှုစစ်ဆေးကာ ပြန်လည် သုတ်သင်ပြင်ဆင်မှု ဝိသောဓေ ပြုလုပ်တော့မည်ဖြစ် ကြောင်း၊ ယင်းသို့ ဝိသောဓေ ပြုလုပ်ပြီးသော မှုမှန် မှုကောင်းများကို သာသနာရေး ဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေပေးစေလိုကြောင်း' စသည်ဖြင့် ဆွေးနွေးခဲ့ပြန်သည်။

ကမ္ဘာအေး သာသနာရေး ဦးစီးဌာနမှလည်း ယခင်က လယ်တီဒီပနီကျမ်းများကို လယ်တီဒီပနီပေါင်းချုပ် ပထမတွဲ ဒုတိယတွဲ စသည်ပြုလုပ်ကာ ရိုက်နှိပ်ထုတ်ဝေခဲ့ ဖူးပြီး ဖြစ်သည်။

**သာသနာရေးဦးစီးဌာန၏ ပစ္စယာနုဂ္ဂဟ**

ထိုအခါ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က လယ်တီဆရာတော်ကြီး၏ သိဿာနုသိဿ ဖြစ်တော်မူကြသော ဆရာတော်များက လယ်တီ ဒီပနီများကို ယခုကဲ့သို့ မှုမှန်မှုကောင်း ဖြစ်အောင် ဝိသောဓေ ပြုလုပ်ပေးမည်ဆိုပါက

တပည့်တော် များအနေဖြင့် အထူးဝမ်းမြောက်လှပါကြောင်း၊ ယင်းသို့ လယ်တီဒီပနီ သာသနာ ပြုစုရေးအတွက် အရှင်ဘုရားတို့ သုတ်သင်ပြင်ဆင်မှုကို ဓမ္မနုဂ္ဂဟ ကြိုးပမ်းမှုဟူ၍ တပည့်တော်များက နားလည်ယူဆပါကြောင်း၊ အရှင်ဘုရားတို့၏ ဓမ္မာနုဂ္ဂဟ ကြိုးပမ်းမှုကို တပည့်တော်များ သာသနာရေးဦးစီးဌာနကလည်း လယ်တီဒီပနီ သာသနာ ပြုစုရေးအတွက် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်လိုပါကြောင်း၊ သို့ပါ၍ မူကောင်း မူမှန် လယ်တီဒီပနီ ကျမ်းစာများကိုလည်း တပည့်တော်တို့ သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေခြင်းဖြင့် ပစ္စယာနုဂ္ဂဟပြုရန် အသင့်ရှိပါကြောင်းဖြင့် အလေးအနက် ပြန်လည်လျှောက်ထားသည်။

**ဝိသောဓကမှုများ ပုံနှိပ်နည်း ပုံနှိပ်ဟန်**

ယင်းသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်နှင့် ဆွေးနွေးပြီးနောက် ဆရာတော် ဦးကေလာသသည် ရန်ကုန်မြို့၊ ၉၈– လမ်း မင်္ဂလာ ပုံနှိပ်တိုက်နှင့် မြန်မာပြည် စာအုပ်တိုက်တွင် ကြွရောက်ဆွမ်းဘုဉ်းပေးရင်း ဦးကြီးခင်၊ ဦးမြင့်ဆွေ၊ ဦးလှပိုင်၊ ဦးအောင်နိုင် စသူတို့နှင့် အသေးစိတ်ထပ်မံ ဆွေးနွေးပြန်သည်။

ဆွေးနွေးသော အကြောင်းအရာများမှာ လယ်တီဒီပနီ ကျမ်းစာများကို သုတ်သင်ပြင်ဆင် ဝိသောဓက ပြုပြီးနောက် စာအုပ်အဖြစ် ပုံနှိပ်သောအခါ–

(က) ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အကိုးအထောက်ပြုထားသော ပါဠိများ၏ ကျမ်းညွှန်းအမည်ကို စာမျက်နှာ အောက်ခြေ၌ထည့်သွင်းဖော်ပြရန်။

(ခ) ဆရာတော်ဘုရားကြီး၏ ဆိုလိုရင်း အဓိပ္ပာယ် အာဘော်ကို ဖတ်ရှုလေ့လာသူများ လွယ်လွယ်နှင့် သဘောပေါက်နားရှင်းအောင် ပုတ်– ဝါကျများကို အထားအသို အဖြတ်အရပ် သဒ္ဒါနည်းကျကျ မှန်ကန်အောင် ရိုက်နှိပ်ရန်။

စသည်တို့ ဖြစ်သည်။

ယင်းပုံနှိပ်နည်း ပုံနှိပ်ဟန်အတိုင်း 'ဝိသောဓကမှု' များကို ပုံနှိပ်ရန် ဆရာတော် ဦးကေလာသက ဦးမြင့်ဆွေအား တာဝန်ပေးရာ ဦးမြင့်ဆွေကလည်း တာဝန်ယူခဲ့သည်။

**ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ကြခြင်း**

ထို့နောက် ဆရာတော် ဦးကေလာသသည် မုံရွာသို့ ပြန်လည် ရောက်ရှိလာပြီး မဟာလယ်တီတိုက်နာယက ဆရာတော်များ အဖွဲ့သို့ သထုံ–ပဲခူး–ရန်ကုန်တို့၌ ဆွေးနွေးခဲ့သမျှ ဥသုံ အလုံးစုံကို ပြန်လည် တင်ပြလျှောက်ထားခဲ့သည်။

အထူးသဖြင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့် လျှောက်ထားလိုက်သော လယ်တီဒီပနီ သာသနာ ပြုစုရေးအတွက်–

(က) လယ်တီဒီပနီများ သုတ်သင်ပြင်ဆင် ဝိသောဓကပြုမှုကို ဦးကြည်ညွှန့်အနေဖြင့် ဓမ္မာနုဂ္ဂဟ ကြိုးပမ်းမှုဟု နားလည်ယူဆ လက်ခံမှု။

(ခ) ယင်းဓမ္မာနုဂ္ဂဟ ကြိုးပမ်းမှုကို သာသနာရေးဦးစီးဌာနကလည်း ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက် ပြုစုရန် လိုလိုလားလား အသင့်ရှိနေမှု။

တို့ကို ပြန်လည်လျှောက်ထားခဲ့ရာ မဟာလယ်တီတိုက် နာယက ဆရာတော်များ အဖွဲ့က ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ကြသည်။

ထို့နောက် မဟာလယ်တီတိုက် နာယက ဆရာတော်များ အဖွဲ့က ဆရာတော် ဦးကေလာသအား 'ယခုအခါ ဒဂုန်ဦးစန်းငွေလည်း မဟာလယ်တီတိုက်သို့ ရောက်ရှိကာ ဒုလ္လဘရဟန်းပြုနေကြောင်း၊ ဒဂုန်ဦးစန်းငွေနှင့်လည်းတိုင်ပင် ဆွေးနွေးသင့်ကြောင်း' အမိန့်ရှိကြသည်။

ဒဂုန်ဦးစန်းငွေနှင့် တိုင်ပင် ဆွေးနွေးသောအခါမှာလည်း ဦးစန်းငွေက 'လယ်တီ ဒီပနီ ကျမ်းစာများ သုတ်သင်ပြင်ဆင် ဝိသောဓေကေ ပြုရေးတွင် အစွမ်းကုန် အကူအညီ ပေးမည်ဖြစ်ကြောင်း' ဖြင့် ဝန်ခံစကားလျှောက်ထားသည်။

သို့ဖြင့်ပင် ၁၃၄၁–ခုနှစ်၊ နယုန်လဆုတ် ၆–ရက်နေ့တွင် အဠမမြောက် နာယက ဆရာတော် သီတင်းသုံးတော်မူရာ မဟာလယ်တီတိုက် သီတဂူကျောင်း၌–

(၁) လယ်တီဒီပနီ ထိန်းသိမ်းရေး အဖွဲ့–နှင့်

(၂) လယ်တီဒီပနီ ဝိသောဓေကေအဖွဲ့–

နှစ်ဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။

လယ်တီစာပေ ထိန်းသိမ်းရေးအဖွဲ့– နှင့်
လယ်တီ ဒီပနီ ဝိသောဓေကေအဖွဲ့
မဟာလယ်တီတိုက်
မုံရွာမြို့။

မုံရွာမြို့

# လယ်တီ ဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

**ဓာတ်ဋ္ဌာနနှင့်**
**ခမည်းတော် မယ်တော်**

ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈- ခုနှစ်[၁] နတ်တော်လဆန်း ၁၃- ရက် အင်္ဂါနေ့တွင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာဖြစ်၍ မယ်တော်မှာ ဒေါ်ကြုံဖြစ်သည်။

ဦးထွန်းသာ ဒေါ်ကြုံတို့တွင် သားသမီး ခြောက်ဦး[၂] ထွန်းကားခဲ့ရာ ယင်းတို့မှာ

. . . .

| | |
|---|---|
| ၁။ ပထမ အကြီးဆုံးသား | (ငယ်စဉ်က ကွယ်လွန်) |
| ၂။ ဒုတိယသား မောင်တက်ခေါင် | (လယ်တီဆရာတော်) |
| ၃။ တတိယသား မောင်တက်ရွာ | (လူဝတ်ကြောင်) |
| ၄။ စတုတ္ထသား မောင်တက်ဖွား | (ပထမပြန်-ဦးကုမာရ) |
| ၅။ ပဉ္စမသား မောင်တက်ထွား | (ဆရာတော်-ဦးကိတ္တိ) |
| ၆။ ဆဋ္ဌမသမီး မမြလေး | |

တို့ဖြစ်ကြသည်။

---

၁။ အင်္ဂ သုင်္ဂ ၌ စက်၊ သက္ကရာဇ် ဖွားလစ် ကျမ်းဆရာ။ (ပရမတ္ထ သံခိပ် ၌ဂုံး)

၂။ "လယ်တီထေရုပ္ပတ္တိ" စာအုပ်များနှင့် "လယ်တီဒီပနီကျမ်းဦး ၌ဒါန်း" များတွင် ဖော်ပြထားသကဲ့သို့ လယ်တီဆရာတော်၌ မွေးချင်းငါးဦးမဟုတ်၊ မွေးချင်းခြောက်ဦးသာ အမှန်ဖြစ်သည်။

သို့ဖြစ်ရာ သားသမီး ခြောက်ဦးရှိသည့်အနက် ဒုတိယသား စတုတ္ထသားနှင့် ပဉ္စမသားများမှာ ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြသည်။

**မင်္ဂလာ နိမိတ်ထူးနှင့် ငယ်နာမည်**

လယ်တီဆရာတော် လောင်းလျာဖြစ်သူ ဒုတိယသားကို ဖွားမြင်ဆဲ အချိန်တွင် အိမ်ဥပစာအတွင်းရှိ မန်ကျည်းပင်ကြီး၌ ထောင်ထားသော ဝါးလုံးများကြားထဲမှ စို့ (သက်တံ့) ကြီးပေါ်ထွက်လာကာ ကောင်းကင်သို့ ထိုးတက်သွားပြီးမှ တစ်ဖန် ညွတ်ကိုင်းပြီး အိမ်တွင်းသို့ ဝင်ရောက်လာပြန်သည်။ ထို့နောက် ယင်းစို့ (သက်တံ့) ကြီးသည် အိမ်တွင်းမှာ အိမ်ခေါင်မိုးသို့ ပျံတက်ပြီး အဝါတစ်တန့် အစိမ်းတစ်တန့် အပြာတစ်တန့် အနီတစ်တန့်ဖြင့် ရောင်မျိုးစုံ ယှက်သန်းကာ ကောင်းကင်လမ်းသို့ ပျံသန်းကွယ်ပျောက်သွားသည်။

ယင်းကဲ့သို့သော မဖြစ်ဘူးမြဲ ထူးကဲလှသည့် မင်္ဂလာနိမိတ်ထူးကို အစွဲပြု၍ လယ်တီဆရာတော် လောင်းလျာဖြစ်သော ဒုတိယသားကို မောင်တက်ခေါင်ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်သည်။

**ကျောင်းအပ်ခြင်းနှင့် ရှင်သာမဏေ ဘဝ**

မောင်တက်ခေါင် ၁၀–နှစ်သား အရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမ ကျောင်းဆရာတော် အရှင်နန္ဒထံ ပညာသင်ကြားရန် ကျောင်းအပ်နှံခဲ့သည်။ ကျောင်းသားအဖြစ်ဖြင့် ဘုန်းကြီးကျောင်း ပညာရေး၏ သင်ရိုးဖြစ်သော မင်္ဂလသုတ်၊ နမက္ကာရ၊ ရတနာ ရွှေချိုင့်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ၊ ဓမ္မနီတိ၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားခဲ့သည်။

အသက် ၁၅–နှစ်သား အရွယ် ရှင်သာမဏေပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ[၁] ဖြစ်သည်။ ရှင်ဉာဏဓဇသည် သာမဏေဘဝဖြင့် ဆရာတော်အရှင်နန္ဒထံ၌ မြန်မာနိုင်ငံ ပါဠိပညာရေး၏ သင်ရိုးဖြစ်သော ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ ဝိထိလက်ရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းစသော နေ့ဝါ ညဝါ ကျမ်းများကို သင်ကြားခဲ့သည်။

---

၁။ "မုံရွာ လယ်တီ၊ တောရပ်မိ၊ မထေရ်ဉာဏ်ဓော"ဟူသော "ပရမတ္ထသံခိပ်"နိဂုံးမှ "ဉာဏ်ဓော" ဟူသော စကားရပ်ဖြင့် ကျေးဇူးရှင်ဆရာတော်ကြီး ကိုယ်တော်တိုင် ယင်း၏ ဘွဲ့အမည်ကို "ဉာဏဓဇ" ဖြစ်ကြောင်း ဖော်ထုတ်သွားတော်မူခဲ့ခြင်း ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက သူ၏ 'ပရမတ္ထသံခိပ် အမေးအဖြေ'၌ ဖြေဆို ရေးသားထားသည်။

သို့သော် ဆရာတော် ဘုရားကြီး၏ 'ပါရမီ ဒီပနီကျမ်း' နိဂုံး ၄– ဂါထာအနက် တတိယ မြောက်ဂါထာတွင် 'မယာ ဉာဏာဘိဝံသေန' ဟူ၍ ယင်း၏ ဘွဲ့အမည်မှာ 'ဉာဏာဘိဝံသ' ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိကြရသေးသည်။

**ဆယ်ကျော်သက်က ရေးသားဖွဲ့ဆိုခဲ့သော ကျမ်းနှင့် ကဗျာများ**

၁၈–နှစ် အရွယ်တွင် ရဲထက်ရွာ အရှေ့ဘက် ဒေဝပါရဂူဆရာတော် အရှင်ဂန္ဓမာအထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူခဲ့သည်။ ယင်းသို့သင်ယူရင်း ကျည်းကန်ကိုရင်ကြီး၏ လင်္ကာကို နည်းယူပြီးလျှင် ဗိုလ်၊ သုဇီတာ၊ ဗျဋ္ဌတာ၊ ဇာတာဖွဲ့သင်္ကြန်တွက် လက်ရိုးလင်္ကာများကို ဖွဲ့ဆိုရေးသားတော်မူခဲ့သည်။

ထိုစဉ်က သာမဏေဘဝဖြင့်ပင် မဟော်ဓာတ်ထုပ်နှင့် မဟော် ကျေးစေခန်းရတု၊ ရှင်လောင်းလှည့် (သျှိုးလိုက်) ရတုကဗျာများကိုလည်း ဖွဲ့ဆို ရေးသားတော်မူခဲ့သည်။

ထို့ပြင် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါငယ်ကျမ်းများကို သင်ယူရင် ဝါစ္စဝါစက အကောက်ကျမ်းဟောင်းကို အားမရသဖြင့် 'ဝါစ္စ ဝါစက အကောက် ကျမ်းသစ်'ကိုလည်း သာမဏေဘဝ ဆယ်ကျော်သက်ကပင် ရေးသားပြုစုခဲ့သေးသည်။

**အားမရနိုင်သော စာကြည့်ဝါသနာ**

သက္ကရာဇ် ၁၂၃၈–ခု ကဆုန်လဆန်း ၆–ရက်နေ့တွင် သာမဏေရှင်ဉာဏဓဇသည် စိုင်ပြင်ရွာ ကျောင်းမကျောင်း ခဏ္ဍသိမ်၌ ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းတော် အရှင်ဉာဏဓဇကား အားရသည်ဟု မရှိလောက်အောင် စာကြည့်ဝါသနာ ပါလွန်းလှသည်။ ထို့ကြောင့်လည်း ဥပဇ္ဈာယ်ဆရာတော် အရှင်နန္ဒက သူ၏ စာတိုက်ကြီး ငါးလုံးရှိ မြန်မာနိဿယများကို ကြည့်ရှုရန် ခွင့်ပြုခဲ့သည်။ ဤမျှနှင့် အားမရသေး၍ စိုင်ပြင်ရွာ မြင်တင်တိုက်ဆရာတော် အရှင်ဓမ္မထံ၌ ရှိသော စာတိုက်ကြီး ငါးလုံးမှ မြန်မာနိဿယ ဟူသမျှကိုလည်း အားလုံးကြည့်ရှုတော်မူလိုက်သေးသည်။

ထို့နောက် စိုင်ပြင် ၂ ရွာတွင် တည်ရှိသော ကျောင်းတိုက်ကြီး ငါးတိုက်မှ မြန်မာပြန် နိဿယများကို အကုန်ကြည့်ရှုတော့မည်ဟု ကြံစည်တော်မူသေးသည်။ သို့သော် မန္တလေးမြို့သို့ ကြွ၍ ပညာသင်လိုသောကြောင့် ယင်း အကြံမှာ အထမမြောက်ခဲ့ပေ။

**မန္တလေးမြို့ စံကျောင်းတိုက်၌ ပညာသင်ကြားခြင်း**

သို့ဖြင့်ပင် ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၂၃၁ ခုနှစ်တွင် မိမိဖွားမြင်ရာ စိုင်ပြင်ရွာမှ မန္တလေး ရတနာပုံ နေပြည်တော်မြောက်ပြင် မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွရောက်တော်မူခဲ့သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်း ၁–ဝါမှ ၁၆–ဝါအထိ ၁၆–နှစ်တိုင်တိုင် စံကျောင်းတိုက်၌ နေထိုင်ကာ 'သုဒဿန ဝရ ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇာဂုရု' ဘွဲ့တံဆိပ်တော်ရ ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးထံ၌ ဝိနည်းပါဠိတော် အဋ္ဌကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာ ၃–ကျမ်းကို သင်ယူတော်မူသည်။

ထိုအချိန်က ဒုတိယစံကျောင်း ဆရာတော်ဘုရားကြီးမှာ မန္တလေး ရွှေမြို့တော်တွင် စာချနာမည်အကျော်ကြားဆုံးဖြစ်၍ စာလိုက်သံဃာ ၁၀၀၀ကျော် အထိပင် ရှိခဲ့ဖူးသည်။

ထို့နောက် ရဟန်းတော် အရှင်ဉာဏဓဇသည် အဆိုပါ ဝိနည်းနှင့် အဘိဓမ္မာပါဠိ အဋ္ဌကထာများကိုပင် မကုဋ္ဌာရာမ ဆရာတော်ဘုရားကြီး ထံ၌လည်း သင်ယူတော်မူပြန်သည်။

**"လုံပဏ်–လင်းပဏ်" ဘယ်ပဏ်သာ၍ တတ်သနည်း**

ထိုအချိန်က ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီး ထံ(၁) "ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အလုံဇာတိ မိုင်းခိုင်းဆရာတော် ဦးပဏ္ဍိတနှင့် (၂) "ရာဇဂုရု" ဘွဲ့တံဆိပ်မရသော စလင်းဇာတိဆရာတော် ဦးပဏ္ဍိစ္စဟူ၍ စာတတ်–ပေတတ် ပထမ စာချ တပည့်ကြီးနှစ်ပါးရှိရာ စံကျောင်းတိုက်ပတ်ဝန်းကျင်တွင် "လုံပဏ်–လင်းပဏ်၊ သည်နှစ်ပဏ်တွင် ဘယ်ပဏ်သာ၍ တတ်သနည်း"ဟု ကဗျာစပ်ဆို မေးခွန်းထုတ်ခြင်း ခံရသည်အထိ ပရိယတ္တိ စာပေလောက၌ ထင်ရှားကျော်ကြားသော စာချတပည့်ကြီးနှစ်ပါးဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် စံကျောင်းဆရာတော်ဘုရားကြီးထံ၌ အထက်ပါအတိုင်း ဝိနည်းနှင့် အဘိဓမ္မာ ပါဠိအဋ္ဌကထာများကို သင်ယူခဲ့သည့်အပြင် အဆိုပါ လုံပဏ် လင်းပဏ်ဟူသော ပထမ စာချကြီးနှစ်ပါးတွင် စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ တပည့်ရင်းလည်းဖြစ်သည်။ စလင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် ရဟန်းတော် အရှင်ဉာဏဓဇသည် ပါစိတျာဒိ အဋ္ဌကထာ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ပဥ္စပကြိုဏ် အဋ္ဌကထာ စသည်တို့ကို အာစရိယ ဟတ္ထမုဋ္ဌိ ဆုပ်မိကိုင်မိရှိအောင် ဆိုဝါတက်ဝါနှင့် သင်ယူတော်မူခဲ့သည်။

ထို့ကြောင့်လည်း ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော် အဖြစ်သို့ ရောက်ရှိတော်မူလာသောအခါ၌ "ငါ၏ဗိုက်ထဲမှာရှိသမျှ ပညာများသည် စလင်း ဦးပဏ္ဍိစ္စဟာတွေချည်းပဲ" ဟူ၍ မကြာခဏ မိန့်ကြားတော်မူလေ့ရှိပေသည်။[၁]

**ယောအတွင်းဝန်၏ သြဝါဒ**

ရဟန်းတော် အရှင်ဉာဏဓဇကား အစဉ်အလာသမား – သမရိုးကျသမား မဟုတ်ပေ။ ငယ်စဉ်ကပင်တော်လှန်သော အတွေးအခေါ်ရှိသူ ဖြစ်သည်။

ထိုအချိန်က မန္တလေးရွှေမြို့တော်ရှိ ထင်ရှားသော ပညာရှိကြီးများရှိသည့် အနက် ရွှေပြည်ဝန်ကြီးခေါ် ယောအတွင်းဝန် ဦးဖိုးလှိုင်မှာ တော်လှန်သော အတွေးအခေါ် အယူအဆရှိသူဖြစ်သည်။

---

၁။ လယ်တီဆရာတော်ဘုရားကြီးက လယ်တီဦးပဏ္ဍိတ (= လယ်တီပဏ္ဍိတ ဦးမောင်ကြီး) အား ပြောပြဖူးသော စကား

သို့ဖြစ်ရာ ရဟန်းတော် အရှင်ဉာဏဓဇသည် ယောအတွင်းဝန် ဦးဖိုးလှိုင်၏ တော်လှန်သော အတွေးအခေါ် အယူအဆများကို နှစ်သက်စွဲလမ်းသလောက်၊ ဦးဖိုးလှိုင်၏ ခေတ်မီသော စာရေးနည်း စာရေးဟန်များကိုလည်း အားကျသည်၊ အတုယူလိုသည်၊ နည်းယူလိုသည်။

ထို့ကြောင့်လည်း သီတင်းနေ့များတွင် ယောအတွင်းဝန်ဦးဖိုးလှိုင်ထံသို့ ကြွရောက်လာကာ ပိဋကတ်တော်၌ ယူဆပုံ ယူဆနည်းများနှင့် မြန်မာစာရေးနည်း ရေးဟန်များကို နည်းခံခဲ့သည်။ ထိုအခါ ယောအတွင်းဝန်က "ဦးပဥ္စင်းကလေး စာတတ်ချင်သလား၊ စာတတ်ချင်ရင် ကထာဝတ္ထု အဋ္ဌကထာကို နိုင်နင်းအောင် သင်ကြားပါ" ဟု ဩဝါဒစကားဖြင့် နည်းပေးညွှန်ကြား လျှောက်ထားခဲ့သည်။ ထို့ပြင် ယောအတွင်းဝန်က ပိဋကတ်၌ တော်လှန်သည့် အတွေးအခေါ် အယူအဆများကိုလည်း ပြောကြား လျှောက်ထားလိုက်သေးသည်။

ထိုစဉ်က ပြောကြားလိုက်သော ယောအတွင်းဝန်၏ တော်လှန်သည့် အတွေးအခေါ် အယူအဆများနှင့် ပတ်သတ်၍ ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော် အဖြစ်သို့ ရောက်ရှိလာသောအခါ၌ တပည့်ဖြစ်သူ လယ်တီဦးပဏ္ဍိတ (နောင်–လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)အား "အိမ်း...ယောဆိုတာ လူတတ်ကွယ့်၊ သူဟာ ပထမတန်း ပညာရှိကြီးပဲ၊ စကားဆန်း အင်မတန်ပြောတတ်တဲ့လူ၊ သူပညာရှိမို့ သူပြောတဲ့စကား ငါမှတ်ထားတာပဲ၊ နို့ပေမယ့် * * * ကျမ်းတွေက[၁] အလွန်ခိုင်မာတဲ့ သင်္ဂါယနာတင် ကျမ်းတွေဖြစ်တယ်" ဟူ၍ ပြန်လည် အမိန့်ရှိခဲ့ဖူးသည်။

**ပဉ္စမ သင်္ဂါယနာပွဲ၌ ကထာဝတ္ထုကို ပြန်ဆိုတော်မူခြင်း**

မင်းတုန်းမင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာ တင်ရန်အတွက် ပထမဆင့် လုပ်ငန်းတစ်ရပ်အဖြစ်ဖြင့် ၁၂၂၂–ခုနှစ်မှ စတင်ကာ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ ထွင်းထုခဲ့ရာ ၁၂၃၀–ပြည့်နှစ် အလုံးစုံတွင် ပြီးစီးခဲ့သည်။

ယင်းသို့ ကျောက်ထက်အက္ခရာ ထွင်းထုပြီးနောက် ပိဋကတ်တော်များကို ပဉ္စမသင်္ဂါ ယနာ တင်တော်မူခဲ့ရာ–

. . . သစ်ဆိမ့်တိုက်က ဝိနည်း ပိဋကတ်တော်ကို လည်းကောင်း၊

. . . စလင်းတိုက်က သုတ္တန် ပိဋကတ်တော်ကို လည်းကောင်း၊

. . .စံကျောင်းတိုက်က အဘိဓမ္မာ ပိဋကတ်တော်ကို လည်းကောင်း၊

---

၁။ ဤ၌ (* * *) ဖြင့် မြုပ်၍ထားသော ကျမ်းအမည်များနှင့် ယောအတွင်းဝန်က လျှောက်ထားသော ပိဋကတ်ဆိုင်ရာ တော်လှန်သော အတွေးအခေါ် အယူအဆများကို 'လယ်တီဆရာတော်' အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီးနှင့် စာမျက်နှာ (၁၀၀၀) ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ်ကျမ်းကြီး၌ အကျယ်တဝင့် မထိမ်မချန် ဖော်ပြထားသည်။

အသီးသီး တာဝန်ယူကာ ရွှေနန်းတော်ကြီးအတွင်း ဗြဲတိုက်တော် ရာဇပလ္လင်ပေါ်၌ တစ်လှည့်စီ ပြန်ဆိုတော်မူကြရသည်။

ထိုအခါ စံကျောင်းတိုက်သား တစ်ပါးဖြစ်သော ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထုပါဠိတော်[၁] ကို တာဝန်ယူပြန်ဆိုတော်မူခဲ့သည်။

ယောအတွင်းဝန်၏ ဩဝါဒစကား လျှောက်ထားချက်အရ ရဟန်းတော်အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်နှင့် ကထာဝတ္ထု အဋ္ဌကထာကို အထူးကျွမ်းကျင်နိုင်နင်းအောင် သင်ကြားလေ့လာထားသည့်အတိုင်း ဗြဲတိုက်တော် ရာဇပလ္လင်ထက်၌ ကထာဝတ္ထု ပါဠိတော်ကို အောင်မြင်စွာ ပြန်ဆိုတော် မူနိုင်ခဲ့ခြင်းဖြစ်သည်။

---

၁။　ကထာဝတ္ထု ပါဠိတော်မှာ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ၅ ခုမြောက်ကျမ်းဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသိတ ဘုရားဟော မဟုတ်ပေ။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဘီစီ ၃ ရာစုတွင် ဗုဒ္ဓဘုရားရှင် ထားတော်မူခဲ့သော မာတိကာကို အကျယ်ချဲ့၍ ဟောကြားထားသော ကျမ်းဖြစ်သည်။ ယင်းကထာဝတ္ထုပါဠိတော်သည် (၁) အန္ဓက၊ (၂) အပရသေလိယ၊ (၃)ဥတ္တရပထက၊ (၄) ကဿပိက၊ (၅) ဂေါကုလိက၊ (၆) ပုဗ္ဗ သေလိယ၊ (၇) ဘဒြ ယာနိက၊ (၈) မဟာသံဃိတ၊ (၉) မဟိသာသက၊ (၁၀) ရာဇဂီရိက၊ (၁၁) ဝဇ္ဇီပုတ္တက၊ (၁၂) ဝေတုလ္လ၊ (၁၃) သဗ္ဗတ္ထိဝါဒီ၊ (၁၄) သမ္မိတိယ၊ (၁၅) သိဒ္ဓတ္ထိက၊ (၁၆) ဟေတုဝါဒ ဟူသော ဂိုဏ်းကြီး ၁၆ ဂိုဏ်းတို့၏ မိစ္ဆာဝါဒ ၁၆ ချက်ကို ချေဖျက်ထားသော ကျမ်းဖြစ်သည်။

အရှင်မဟာ ဗုဒ္ဓဃောသကလည်း ကထာဝတ္ထု၊ အဋ္ဌကထာတွင် နိဒါနကထာ၌ ဒီပဝံသကျမ်းကို မှီငြမ်းပြုကာ ဇမ္ဗူဒိပ်၌ မဟာသံဃိကဂိုဏ်းကြီး ကွဲသည်မှစ၍ ဂိုဏ်း ၁၈ ဂိုဏ်း ကွဲပြားသွားပုံကို ဖော်ပြ ဖွင့်ဆိုထားသည်။

ယောအတွင်းဝန်၏ ဩဝါဒအတိုင်း ကမ္ဘာကို ဗုဒ္ဓသာသနာဖြန့်ချိပြုစုလိုသူတိုင်း ကထာဝတ္ထုပါဠိတော်နှင့် အဋ္ဌကထာမှာ မလေ့လာလျှင် မဖြစ်သောကျမ်းများဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည်လည်း ကထာဝတ္ထုကို လေ့လာရင်း ရဟန်းငယ်ဘဝကပင် ကိုးတိုင်းကိုးဌာန သာသနာပြု ခေါင်းဆောင်လည်းဖြစ်၊ တတိယသင်္ဂါယနာ ခေါင်းဆောင်လည်းဖြစ်သူ ကထာဝတ္ထုကျမ်းဆရာ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်ကို အားကျခဲ့ဟန်တူသည်။

ထို့ကြောင့်လည်း နောင် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိသောအခါ နိုင်ငံခြားသာသနာပြုတော်မူရာ၌ ယင်းကထာဝတ္ထုကို စေ့စပ်စွာ လေ့လာထားခဲ့သဖြင့် လယ်တီဆရာတော်၏ ကမ္ဘာ့အမြင်၊ သာသနာပြု အမြင်များမှာ မြန်မာနိုင်ငံကို ကျော်လွှားကာ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် ခရစ်ယာန်ဝါဒ လွှမ်းမိုးရာ အနောက်တိုင်းသို့ ဗုဒ္ဓသာသနာပြုရာ၌ ကထာဝတ္ထုကို လက်နက်ကောင်းတစ်ခုအဖြစ်ဖြင့် ထက်ထက်မြက်မြက် ကိုင်တွယ် အသုံးချနိုင်ခဲ့သည်ဟုလည်း ဆိုရမည်။

ယင်းအကြောင်းများနှင့်တကွ ကထာဝတ္ထုအပေါ် ကမ္ဘာ့ပညာရှင်များ၏ အမြင်များကိုပါ 'လယ်တီဆရာတော်'အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀) ကျော်အတွင်း ခါတ်ပုံပေါင်း (၃၀၀) ကျော်ရှိ အတ္ထုပ္ပတ္တိ အကျယ်ကျမ်းကြီး၌ တွေ့မြင် ဖတ်ရှုကြရသည်။

**ပထမ စာချ ဖြစ်တော်မူခြင်း** ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်းသိက္ခာ ၈–ဝါ အရတွင် စံကျောင်းတိုက်၌ ပထမစာချအဖြစ် ချီးမြှောက်ခြင်းခံခဲ့ရသည်။

ထိုအခါ ရဟန်းတော် အရှင်ဉာဏဓဇသည် တပည့်များအား နိရုတ္တိဉာဏ်ထက်သန်စေရေးအတွက် အခြေခံအဖြစ်ဖြင့် 'ပရူပသိဒ္ဓိ' သဒ္ဒါကျမ်းကို ဖောက်ချကာ ဖောင်းပေး ပို့ချတော်မူခဲ့သည်။

**ပါရမီ ပုစ္ဆာ ၂၀– နှင့် ပါရမီ ဒီပနီ** ရဟန်းတော် အရှင်ဉာဏဓဇ ၁၄– ဝါ အရတွင် စံကျောင်းဆရာတော် ဘုရားကြီး၏ အမေးပုစ္ဆာ ၂၀ ထွက်ပေါ်လာသည်။ ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ သာဝကတို့၏ ပါရမီနှင့် စပ်ဆိုင်ရာ အချက်ပေါင်း ၂၀ ကို စံကျောင်းဆရာတော်ကြီးက ပါဠိဘာသာဖြင့် အမေးပုစ္ဆာ ၂၀–ပြုလုပ်ကာ မေးခွန်း ထုတ်ဆင့် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

ယင်း အမေးပုစ္ဆာများ၏ အဆုံး၌– 'မယံ စောဒကာနာမဧကဒေသပေက္ခကာ' စသည်ဖြင့်–

> 'ငါတို့– စောဒက ပုဂ္ဂိုလ်မည်သည်ကား– တစ်ဖက် တစ်စိတ်ကိုသာ မျှော်ကုန်ကြည့်ကုန်၏။ အလုံးစုံကို အကုန် မကြည့်ကုန်။ အကယ်၍ အလုံးစုံကို မျှော်ကုန်ကြည့် ကုန်ပါမူ ယခု ဤမေးခွန်း ပုစ္ဆာများသည် မပေါ်ပေါက်ခဲ့ရာ။ ဤမေးခွန်းပုစ္ဆာများသည် ပေါ်လည်း ပေါ်ခဲ့၏။ ဇမ္ဗူဒီပါ၏ တံခွန်၊ သာသနာတော်၏ တံခွန်ဖြစ်သော ပညာရှိ တို့အတွက် သက်သက် ဤပုစ္ဆာများ ပေါ်ပေါက်လာခြင်းဖြစ်ရာ ပညာမရှိသော သူတို့ သည် ကုပ်၍ နောက်ဆုတ်ကုန်ကြလော့။ သင်တို့ကြောင့်ကြစရာ မဟုတ်ကုန်။ အဘယ်ကြောင့်ဆိုသော် ပထမတန်း သာသနာ့တံခွန်များသည် ဤပုစ္ဆာများကို ဖြေဆိုကြလိမ့်မည် ဖြစ်သောကြောင့်တည်း။

ဟူ၍ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုမည့်သူကို ဘဝင်ကို တက်ရောက်ရတော့ လုမတတ် မြှောက်ပင့်ရေးသားပြီး မဖြေနိုင်သူများအား လမ်းလေးခွ၌ တည်ရှိသော ရှားငုတ်တိုနှင့် လည်းကောင်း၊ လူအများ ကျော်လွှားသွားလာရာ တံခါးခုံနှင့် လည်းကောင်း နှိုင်းယှဉ်ဥပမာပေးကာ တုဏှိ– ဘာဝ ဆိတ်ဆိတ်နေကြရန် တားမြစ် နှိမ်ချထားသည်။

ယင်းသို့ ရေးသားထားသည်ကို တွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရဟန်းတော် အရှင်ဉာဏဓဇသည် 'ဤအမေးပုစ္ဆာ ၂၀–ကား ငါ့ကိုစွဲ၍ ငါ့အတွက် သက်သက် ဖြစ်ပေါ်လာပြီတကား' ဟု အားတက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် နိကာယ်ငါးရပ် ပိဋကတ်ကို မွှေနှောက် ချောက်ချားပြီး ယင်း အမေးပုစ္ဆာ ၂၀–ကို ပါဠိလို ရေးသား ဖြေဆိုကာ စံကျောင်း ဆရာတော်ဘုရားကြီးအား ဆက်ကပ်လိုက်သည်။

**မှန်းချက်နှင့် နှမ်းထွက် မကိုက်ခြင်း**

ယင်းသို့ ရေးသားဖြေဆိုလိုက်သော်လည်း ရဟန်းတော်အရှင် ဉာဏဓဇအနေဖြင့် 'မှန်းချက်နှင့် နှမ်းထွက်' မကိုက်အောင် ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ရဟန်းတော် အရှင် ဉာဏဓဇ၏ ဖြေဆိုချက်ကို စံကျောင်းဆရာတော်ဘုရားကြီးက နှစ်သက်လိုလားတော်မမူသောကြောင့် ဖြစ်သည်။[၁]

အလုဦးပဏ္ဍိတနှင့် စလင်းဦးပဏ္ဍိစ္စဟူ၍ တပည့်ကြီးနှစ်ပါးရှိသည့်အနက် အလုံ ဦးပဏ္ဍိတနှင့် ဦးပဏ္ဍိစ္စ၏ တပည့်တပန်းများကိုသာ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုစေလိုသောကြောင့် မနှစ်သက် မလိုလားခြင်း ဖြစ်သည်ဟု အစဉ်အဆက် ပြောစမှတ်ရှိသည်။

**ပထမဆုံး လယ်တီဒီပနီ**

ယခုအခါ– ပုံနှိပ်စာအုပ် အဖြစ်ဖြင့် တွေ့မြင်ဖတ်ရှုနေကြရသော 'ပါရမီ ဒီပနီ' ကျမ်း စာအုပ်မှာ ရဟန်းတော် အရှင်ဉာဏဓဇ ဘဝက ဖြေဆိုခဲ့သော ယင်းအမေးပုစ္ဆာ ၂၀– ၏ အဖြေပင်ဖြစ်သည်။

လယ်တီဆရာတော်အနေဖြင့် ပထမဆုံးရေးသားသော ပထမဆုံးလက်ရာ၊ ပထမဆုံး လယ်တီဒီပနီ ကျမ်းစာအုပ်လည်း ဖြစ်သည်။

**နွားသား ရှောင်ကြဉ်ရေးနှင့် လယ်တီတိုက် တည်ထောင်ခြင်း**

၁၂၄၄– ခုနှစ်တွင် ရဟန်းတော် အရှင်ဉာဏဓဇသည် မန္တလေး ရွှေမြို့တော်မှ မုံရွာမြို့ ရွှေစည်းခုံကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။

၁၂၄၇– ခုနှစ်တွင် ဗြိတိသျှသည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ရာ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ရောက်ရှိခဲ့ရသည်။

ထိုအခါ ဗြိတိသျှတို့၏ ကုလားဖြူ ကုလားမည်း စစ်သားများက နွားများကို စည်းမဲ့ကမ်းမဲ့ သတ်ဖြတ် စားသောက်ကြရာ မြန်မာ့ လူနေမှုစနစ်နှင့် လည်းကောင်း၊ မြန်မာ့ ဘာသာရေး (ဗုဒ္ဓဘာသာ) နှင့် လည်းကောင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

စင်စစ် မြန်မာနိုင်ငံသည် ပကတိရုပ်အခြေခံအားဖြင့် မြေယာနိုင်ငံသာ ဖြစ်သည်။ လယ်ယာကိုင်းကျွန်းကို ပဓာန စီးပွားရေး အဖြစ်ဖြင့် အားထားမှီခိုနေရသော နိုင်ငံသာ ဖြစ်သည်။ စက်မှုသိပ္ပံ မထွန်းကားသော နိုင်ငံဖြစ်သဖြင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျွဲ နွားများကို အားကိုးကာ ထွန်ယက်စိုက်ပျိုးနေကြရာ ကျွဲ နွားများသည် မြန်မာ

---

၁။ ထိုစဉ်က အရှင်ဉာဏဓဇအား စံကျောင်းဆရာတော်ဘုရား မိန့်မြွက်တော်မူသော စကား အပြည့်အစုံနှင့် အဖြစ်အပျက် အစုံအလင်ကို "လယ်တီဆရာတော်" အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀) ကျော် အတွင်း ဓာတ်ပုံပေါင်း (၃၀၀) ကျော်ဆိုက်ကြီး အရွယ်ကြီးနှင့် အတ္ထုပ္ပတ္တိ အကျယ်စာအုပ်၌ အကျယ်တဝင့် ဖော်ပြထားသည်။

နိုင်ငံ၏ စီးပွားရေးတွင် မရှိမဖြစ်သော ကုန်ထုတ်ကိရိယာ ဖြစ်သလောက် မြန်မာပြည်သူ လူထုကြီး တစ်ရပ်လုံး၏ အသက်သခင်များလည်း ဖြစ်သည်။ ကျေးဇူးရှင်လည်း ဖြစ်ကြသည်။

သို့ဖြစ်ရာ အသက်သခင် ကျေးဇူးရှင်များဖြစ်ကြသော ကျွဲနွားများကို ဘယ်နည်းနှင့်မျှ သတ်ဖြတ်စားသောက်ခြင်း မပြုထိုက်ဟု ဆရာတော် အရှင်ဉာဏဓဇက ခံယူသည်။

ထို့ကြောင့်လည်း အရှင်ဉာဏဓဇသည် ကိုယ်တော်တိုင်လည်း နွားသားကို ရှောင်ကြဉ်တော်မူသည်။ တပည့်တပန်း၊ ရဟန်း သံဃာတော်များနှင့် ပြည်သူ အများကိုလည်း နွားသားရှောင်ကြဉ်ရန် 'နွားမေတ္တာစာ' ကိုရေးသားကာ လှုံ့ဆော်တော်မူခဲ့သည်။

ထို့နောက် ၁၂၄၈–ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်း ရဟန်း သာမဏေများအား စာပေသင်ကြားပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်တီဆရာတော် ဟူသောအမည်ဖြင့် ထင်ပေါ် ကျော်ကြားလာသည်။

**ပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာသစ်**

ယင်းသို့ လယ်တီတိုက်တွင် စာပေပို့ချတော်မူသည့် ကြားမှ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော 'ပရမတ္ထဒီပနီဋီကာ' ကို ပါဠိဘာသာဖြင့် ၁၂၅၈– ခုနှစ်တွင် အပြီးရေးသားပြုစုတော်မူသည်။

ယင်း ဋီကာမှာ ယခုအခါ ' လယ်တီ ဋီကာ ' ဟူသော အမည်ဖြင့် လူသိများနေကြသော်လည်း အမည်အပြည့်အစုံမှာ 'ပရမတ္ထဒီပနီ' ခေါ် 'သင်္ဂြိုဟ်မဟာဋီကာသစ်' ဟူ၍ ဖြစ်သည်။

**နှစ်ပေါင်း ၃၅ နှစ်ကြာ ဋီကာစစ်ပွဲကြီး**

သို့သော် လယ်တီဆရာတော်သည် ပရမတ္ထဒီပနီ ဋီကာဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုရာ၌ ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်အတွေးအခေါ်၊ ကိုယ့်အယူအဆတို့ဖြင့် ရိုးရိုးဖွင့်ဆိုခြင်းမပြုဘဲ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်း၌ အချက်ပေါင်း ၂၄၅– ချက်တိတိ မှားယွင်းချွတ်ချော်နေသည်ဟု ထောက်ပြကာ "နသုန္ဒရံ" "န ယုဇ္ဇတိ" "န သမေတိ" စသော ခပ်ကြမ်းကြမ်း စကားလုံးများဖြင့် ဋီကာကျော်မှ အဆိုပါအချက်များကို ပယ်ဖျက်ပစ်ခဲ့သည်။

အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်မှာ မျက်မှောက်ခေတ် မြန်မာနိုင်ငံ ပါဠိပညာရေး၌ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာကျမ်းတစ်ကျမ်း အဖြစ်ဖြင့် သင်ရိုးပြုကာ သင်ကြားပို့ချမှုကို ခံယူနေရသော ဋီကာဖြစ်သည်။

ထို့ကြောင့်လည်း ယင်းကဲ့သို့ လယ်တီဆရာတော်က ဋီကာကျော်မှ အချို့အချက်အလက်များကို ပယ်ဖျက်လိုက်သောအခါ၌ သာသနာတော်တစ်ခုလုံး ပွက်လောရိုက်ကာ ဋီကာကျော်ဘက်မှ ပြန်လည်ခုခံ ရေးသားလာကြသော ဋီကာများ ပေါ်ထွက်လာသည်။

သို့ဖြင့်ပင် လယ်တီဋီကာ ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်လာသော ၁၂၆၂–ခုနှစ်မှ

၁၂၉၇–ခုနှစ်လောက်အထိ ၃၅ နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ 'ဋီကာစစ်ပွဲကြီး' ဖြစ်ပွားခဲ့သည်။ ယင်း ၃၅–နှစ်တာ အချိန်ကာလအတွင်း ထွက်ပေါ်လာသော ဋီကာကျမ်းများမှာ ၄၀– ခန့် အရေအတွက်ရှိသည်ဟု စာရင်းအရ သိရှိရသည်။ ယင်း ၄၀–ခန့်တွင် ပါဠိဘာသာဖြင့် ရေးသားသော ဋီကာကျမ်းများအပြင် မြန်မာဘာသာဖြင့် ရေးသားသော ကျမ်းများလည်းပါဝင်ခဲ့သည်။[၁]

**မူလဋီကာနှင့် အနုဋီကာ**

ဋီကာကျော်ဆရာသည် မူလဋီကာထက် အနုဋီကာကို ပိုမိုနှစ်သက်ဟန်တူသည်။ ခဲရာခဲဆစ် ဌာနများကို အကိုး သာဓက မူရာ၌၊ ဋီကာကျော်ဆရာသည် 'ဓဝဠကတွာ ဝုတ္တံ အာစရိယ ဓမ္မပါလထေရေန' ဟူ၍ အာစရိယဓမ္မပါလခေါ် အနုဋီကာဆရာ အရှင် ဓမ္မပါလ၏ အဆိုအမိန့်များကို ထုတ်ဆောင်ပြလေ့ရှိသည်။

လယ်တီဆရာတော်ကမူ ' အာစရိယာ နန္ဒထေရောပန' စသည်ဖြင့် မူလဋီကာဆရာ အရှင် အာနန္ဒာ၏ အမည်ကို လေးလေးစားစား ခေါ်ဝေါ်ရေးသားပြီး မူလဋီကာဆရာ၏ အယူအဆများကို ဖော်ထုတ်ကာ လက်ရန်းတန်းလေ့ရှိသည့်ပြင် တစ်ခါတစ်ရံ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ အဆိုအမိန့်များကိုပင် ကျောခိုင်း ဖွင့်ဆိုထားသည်ကို ကျောချမ်းစရာကောင်းလောက်အောင် တွေ့ရှိနေရပေသည်။

**သံဟိုဠ်ကို အံတုနိုင်သော လယ်တီဋီကာ**

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်း၌ ပုဂံခေတ်က သီဟိုဠ်ကို အံတုနိုင်သော အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းကြီး ပေါ်ထွက်နိုင်ခဲ့သလို မျက်မှောက်ခေတ်၌လည်း ပရမတ္ထဒီပနီ လယ်တီဋီကာဖြင့် သီဟိုဠ်အား အံတုနိုင်ခဲ့ခြင်းကိုကား မည်သူမျှ ငြင်းဆိုနိုင်ကြမည် မဟုတ်ပေ။

သို့ဖြစ်ရာ ပရမတ္ထဒီပနီ လယ်တီဋီကာကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းတွင် စာပေမှတ်တိုင် တစ်တိုင်အဖြစ်ဖြင့် ယခုအခါ သမိုင်းသုတေသီတိုင်းက အသိအမှတ်ပြုနေကြရပြီ ဖြစ်ပေသည်။

**လှည့်လည်တရားဟောခြင်းနှင့် ဝါဆိုစဉ် အကျဉ်း**

လယ်တီဆရာတော် ဘုရားကြီးသည် လယ်တီတိုက်ကြီးကို တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေပို့ချတော်မူပြီးနောက် ၁၂၅၇

၁။　၃၅ နှစ်ကြာ ဋီကာစစ်ပွဲ အတွင်းက ထွက်ပေါ်လာခဲ့သော ပါဠိဘာသာရေး ဋီကာကျမ်းများနှင့် မြန်မာ ဘာသာရေးကျမ်းများ၏ မျက်နှာဖုံးပုံများ၊ ယင်းဋီကာ ကျမ်းပြုပုဂ္ဂိုလ်များ၏ ဓာတ်ပုံ များနှင့် ဋီကာ စစ်ပွဲအတွင်း ဘောင်ဘင်ခတ်ခဲ့သော စာပေလှုပ်ရှားမှု အပြည့်အစုံများကို စာမျက်နှာ (၁၀၀၀) ကျော်၊ အတွင်း ဓာတ်ပုံပေါင်း (၃၀၀) ကျော်ပါရှိသည့် 'လယ်တီဆရာတော်' အမည်ဖြင့် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီးအရွယ်ကြီး အတ္ထုပ္ပတ္တိ အကျယ် စာအုပ်ကြီး၌ ဖော်ပြထားသည်။

ခုနှစ်လောက်မှ စတင်ကာ မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ကြွရောက်တော်မူပြီး ဝါဆိုသင့်သော အရပ်ဒေသများတွင် ဝါဆိုလျက် ကျွတ်ထိုက်သူ ဝေနေယျတို့အတွက် နိယျာနိကအစစ် ဗုဒ္ဓဘုရားရှင် အလိုလားဆုံးလည်းဖြစ်၊ အနှစ်သာရလည်းဖြစ်သော ဝိပဿနာတရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားတော်မူခဲ့သည်။

ယင်းသို့ ကြွရောက်သီတင်းသုံးကာ တရားဟောရာဒေသများနှင့် ဝါဆိုရာဌာနများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၂၅၇–ခုနှစ်၊ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ မဟာဗောဓိမှ အပြန်တွင် အမြို့မြို့အနယ်နယ်သို့ လှည့်လည်ကာ တရားဟောကြားတော်မူသည်။

၁၂၅၈–ခုနှစ်၊ ဟံသာဝတီနယ် တွံတေးတောကြီးတန်း ဆပဂံတောရ၌ သီတင်းသုံးတော်မူသည်။

၁၂၅၉–၆၀–ခုနှစ်၊ မုံရွာမြို့ လယ်တီတိုက်၌ သီတင်းသုံးတော်မူသည်။ ၁၂၆၀ ပြည့်နှစ်တွင် သေက္ချတောင် ဆရာတော်အရှင် တိလောက၏ ပင့်လျှောက်ချက်အရ သေက္ချတောင်တွင် တစ်လခန့် သီတင်းသုံးတော်မူသည်။

၁၂၆၁–ခုနှစ်၊ မုံရွာမြို့နယ် လယ်စဉ်ရွာ ဓမ္မိကာရုံတိုက် ဓမ္မနန္ဒကျောင်း၌ ဝါကပ်တော်မူသည်။

၁၂၆၂–ခုနှစ်၊ ဒီပဲယင်းမြို့၏ မြောက်ဘက် မဟာမြိုင်တောကြီး၌ ဝါဆိုတော်မူသည်။

၁၂၆၃–၆၄–ခုနှစ်၊ အလုံမြို့၏ အနောက်ဘက်လည်းဖြစ်၊ သလ္လာဝတီမြစ်၏ အနောက်ဘက်လည်းဖြစ်သော ရွှေတာဦးတောင် ကျောက်ဂူ၌ ဝါဆိုတော်မူသည်။

၁၂၆၅–ခုနှစ်၊ မုံရွာမြို့၏ အနောက် လက်ပန်းတောင်းတောင် စကြံကျောင်း၌ သီတင်းသုံးတော်မူသည်။ ယင်းနှစ်တွင် ကင်းဝန်မင်းကြီး ပင့်လျှောက်သောကြောင့် မန္တလေး မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၆–ခုနှစ်၊ ပျဉ်းမနားမြို့မြောက်ဘက် အင်ကြင်းမြိုင်တောရ စကြံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၆၇–ခုနှစ်၊ မြင်းခြံမြို့ ရေကန်ကြီးအနီး၌ ဝါဆိုတော်မူသည်။ ထိုနှစ်၌ပင် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၈–ခုနှစ်၊ ပြည်မြို့ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူသည်။ ယင်းနှစ်တွင် မန္တလေး မြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက်မှစ၍ တရားပွဲကျင်းပဟောပြောတော်မူသည်။

၁၂၆၉–ခုနှစ်၊ မင်းလှမြို့ပက်တန်တောရ၌ ဝါဆိုတော်မူသည်။ ထိုနှစ်၌ပင် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၀–ခုနှစ်၊ မော်လမြိုင်မြို့ ကျိုက်သံလံတောင်တန်းရှိ အလံတိုင်တောင်ထိပ် ဝါဆိုကျောင်း၌ ဝါဆိုတော်မူပြီး ပုသိမ်မြို့သို့ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၁–ခုနှစ်၊ သာပေါင်းမြို့၌ ဝါကပ်တော်မူသည်။

၁၂၇၂–ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ ဝါဆိုတော်မူပြီး စစ်ကိုင်းမြို့၊ ရွှေဘိုမြို့နယ်၊ မိတ္ထီလာမြို့၊ မန္တလေးမြို့များသို့ ကြွရောက်ကာ တရားဟောတော်မူသည်။ ပလိပ်ရောဂါ ပပျောက်ရန်လည်း စီမံတော်မူသည်။

၁၂၇၃–ခုနှစ်၊ ရန်ကုန်မြို့ ညောင်ကုန်းတိုက်၌ ဝါဆိုတော်မူသည်။

၁၂၇၄–ခုနှစ်၊ စစ်ကိုင်းမြို့၌ ဝါဆိုတော်မူသည်။

၁၂၇၅–၇၆–၇၇–ခုနှစ်၊ မန္တလေးမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၇၈–ခုနှစ်၊ ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ၌ ဝါဆိုတော်မူသည်။

၁၂၇၉–ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ နောက်ဆုံး ဝါဆိုတော်မူသည်။

၁၂၈၀–ခုနှစ်၊ မြစ်သားမြို့၌ ဝါဆိုတော်မူသည်။

၁၂၈၁–ခုနှစ်၊ ရန်ကုန်မြို့ ကျောက်ဝိုင်းကျောင်း၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ ကြွရောက်ကာ သိမ်သမုတ်တော်မူသည်။ ပုသိမ်မှ အပြန်တွင် သာယာဝတီခရိုင် မင်းလှမြို့၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံတော်မူသည်။ ထို့နောက် ယင်းဆရာတော်ကြီးနှစ်ပါးသည် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားပွဲကြီးများ ကျင်းပ ဟောကြားတော်မူသည်။

၁၂၈၂–ခုနှစ်၊ ကတွန် သတ္တုတွင်းတိုက်၌ ဝါကပ်တော်မူသည်။

၁၂၈၃–ခုနှစ်၊ စစ်ကိုင်းမြို့ ဇေတဝန်တိုက်၌ ဝါဆိုတော်မူသည်။

၁၂၈၄–ခုနှစ်၊ ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

**'အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ် ခံယူတော်မူခြင်း**

၁၂၇၇–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁–ရက်၊ (၇–၁၁–၁၉၁၅) တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ အစိုးရ၏ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။[၁]

---

၁။ ၁၂၇၆–ခုနှစ်က 'အဂ္ဂမဟာပဏ္ဍိတ' ရရှိသူများကို ၁၂၇၇–ခုနှစ်၌ ဆက်ကပ်ပွဲ ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်၌ '၁၂၇၆–ခုနှစ်'ဟု ရေးထိုးထားသည်။ ယခုအခါ လယ်တီဆရာတော်၏ ထေရုပ္ပတ္တိ အများအပြား၌ လည်းကောင်း လယ်တီဒီပနီကျမ်းဦး နိဒါန်းများ၌ လည်းကောင်း'၁၂၇၃–ခုနှစ်က အဂ္ဂမဟာပဏ္ဍိတ ရသည်'ဟု ရေးသားကြသည်မှာ မမှန်။ ၁၂၇၆–ခုနှစ်ကျမှ ရခြင်းသာ ဖြစ်သည်။ ယင်းအကြောင်းကို 'လယ်တီဆရာတော်' ဟူသော စာမျက်နှာ(၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံ (၃၀၀)ကျော်၊ အရွယ်ကြီး–ဆိုက်ကြီးအတ္ထုပ္ပတ္တိ အကျယ် စာအုပ်ကြီး၌ အကျယ်ဖတ်ရှုကြရမည်။

**နိုင်ငံခြားသာသနာ ပြုတော်မူခြင်း**

လယ်တီဆရာတော်ဘုရားကြီးသည် အထက်ပါအတိုင်း မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်၍ ဝိပဿနာတရား ဟောကြားကာ သာသနာပြုရုံမျှမကဘဲ ၁၂၇၅–ခုနှစ်တွင် နိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီးကို ကြီးမှူးတည်ထောင်ပြီးလျှင် လန်ဒန်မြို့ရှိ ဂရိတ်ဘရိတန် အိုင်ယာလန် ဗုဒ္ဓဘာသာသာသနာပြု အသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန်ပါဠိစာပေ အသင်းကြီးနှင့် လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ဗုဒ္ဓဘာသနာတော် ပျံ့နှံ့ ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့ပြန်သည်။

**'ဒီလစ်'ဘွဲ့ ရှိတော်မူခြင်း**

၁၂၈၃–ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်)[၁] ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

**စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း**

၁၂၈၅–ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅–ရက် (လပြည့်) ဗုဒ္ဓဟူးနေ့ ၂–နာရီ ၃၀–မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

**မြင့်ဆွေ**
၁၁–၅–၈၇

မြန်မာပြည် စာအုပ်တိုက်
၁၃ (အေ)၊ ၉၈–လမ်း
ကန်တော်ကလေးစာတိုက်
ရန်ကုန်မြို့။ ဖုန်း–၂၉၀၉၇၂။

---

၁။ Doctor of Literature.

# ဒီပနီပေါင်းချုပ် ဒုတိယတွဲ

## မာတိကာ


| **အကြောင်းအရာ** | | **စာမျက်နှာ** |
|---|---|---|
| **ဘာဝနာဒီပနီ** | ၁-မှ | ၂၈၉ |
| အဘိယာစကနှင့် ပဋိညာဉ် | ....... | ၁ |
| ဘာဝနာ ၄၀-အဓိပ္ပါယ်အကျဉ်း | ....... | ၂ |
| ဘာဝနာ ၄၀-ဆောင်ပုဒ် | ....... | ၂ |
| ခန္ဓာ ၅ ပါး | ....... | ၂ |
| အနိစ္စလက္ခဏာ ၁၀ ပါး | ....... | ၂ |
| ဒုက္ခလက္ခဏာ ၂၅ ပါး | ....... | ၃ |
| အနတ္တလက္ခဏာ ၅ ပါး | ....... | ၄ |
| ဒုက္ခမျိုးစုံ အပါယ် ၄ ဘုံ | ....... | ၄ |
| ငရဲဘုံ | ....... | ၅ |
| ငရဲကြီး ၈ ထပ် | ....... | ၅ |
| ငရဲကြီး ၈ ထပ် အကွာအဝေး | ....... | ၆ |
| ဥဿဒငရဲကြီး ၄ ထပ် | ....... | ၆ |
| ပြိတ္တာအမျိုးမျိုး | ....... | ၇ |
| အသူရကာယ်အမျိုးမျိုး | ....... | ၈ |
| တိရစ္ဆာန်အမျိုးမျိုး | ....... | ၈ |
| အပါယ်ဘုံသား များပြားပုံ | ....... | ၈ |
| နခသိခသုတ် မြန်မာပြန် | ....... | ၉ |
| ကာဏကစ္ဆပေါပမသုတ် မြန်မာပြန် | ....... | ၉ |
| အဋ္ဌကထာ ဖွင့်ပြချက် | ....... | ၁၁ |
| ပါဠိ၊ အဋ္ဌကထာတို့၏ အဓိပ္ပါယ် | ....... | ၁၂ |
| နခသိခသုတ် | ....... | ၁၂ |
| ကာဏကစ္ဆပေါပမသုတ် | ....... | ၁၂ |
| အဋ္ဌကထာကြီး အဓိပ္ပါယ် | ....... | ၁၂ |
| အတ္တဒိဋ္ဌိကြောင့် အပါယ်ဘုံ၌ ဖြစ်ရပုံ | ....... | ၁၃ |
| ဒုစရိုက်သစ်အနန္တ | ....... | ၁၄ |
| အတ္တဒိဋ္ဌိမရှိလျှင် အပါယ်ဘုံ၌ မဖြစ်ပုံ | ....... | ၁၅ |
| အဝိဇ္ဇာမှ အတ္တဒိဋ္ဌိ ဖြစ်ပေါ်လာခြင်း | ....... | ၁၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အတ္တဒိဋ္ဌိ ပယ်ခွာနည်း ဘာဝနာ ၄၀ | ....... | ၁၆ |
| အနုပဿနာဉာဏ်ဖြင့် ပယ်အပ်သောတရားများ | ....... | ၁၇ |
| စွဲလမ်းတတ်သော တရား ၃ ပါး | ....... | ၁၇ |
| စွဲလမ်းသော အခြင်းအရာ ၃ ပါး | ....... | ၁၇ |
| စွဲလမ်းရာ ဝတ္ထု ၃ ပါး | ....... | ၁၈ |
| ရုပ်နာမ်တို့၌ နိမိတ္တဟု စွဲလမ်းပုံ | ....... | ၁၈ |
| သစ်ပင်ရိပ် ဥပမာနှင့် ရုပ်ခန္ဓာအရိပ် | ....... | ၁၈ |
| ရုပ်မှ အရိပ် ၂ မျိုး ပေါ်ခြင်း | ....... | ၁၉ |
| ပထမအရိပ် | ....... | ၂၀ |
| ဒုတိယအရိပ် | ....... | ၂၀ |
| နာမ်ခန္ဓာအရိပ် | ....... | ၂၀ |
| အနိစ္စာနုပဿနာဉာဏ် | ....... | ၂၁ |
| အနိစ္စာနုပဿနာဉာဏ်အကျဉ်း | ....... | ၂၁ |
| ရုပ်နာမ်၌ အနိစ္စရှုပုံ | ....... | ၂၁ |
| မျက်လှည့်ပမာ ပုဂ္ဂိုလ်သတ္တဝါ သူ၊ ငါမရှိ | ....... | ၂၁ |
| အနိမိတ္တာ နုပဿနာဉာဏ် | ....... | ၂၂ |
| ရုပ်၌ အနိစ္စာနုပဿနာဉာဏ် ၁၀ မျိုးအဖွင့် | ....... | ၂၃ |
| ဘုတ်လေးဖြာတို့၏ သိမ်မွေ့ပုံနှင့် လျင်မြန်ပုံ | ....... | ၂၃ |
| တေဇောဓာတ်၏ အခွင့်ကိစ္စများ | ....... | ၂၄ |
| ဥဏှတေဇောမီးဓာတ်၏ ကိစ္စ ၂ ပါး | ....... | ၂၄ |
| သီတတေဇောဓာတ်၏ ကိစ္စ ၂ ပါး | ....... | ၂၅ |
| ကုန်ဆုံးမှု မြင်အောင်ကြည့်ပုံ | ....... | ၂၅ |
| ဖြစ်ပွားမှု မြင်အောင်ကြည့်ပုံ | ....... | ၂၅ |
| မဟာဘုတ်လေးပါးနှင့် အာကာသ | ....... | ၂၆ |
| အာကာသဓာတ် ၂ ပါး | ....... | ၂၆ |
| အာကာသခြားပုံ | ....... | ၂၇ |
| ဓာတ်ကြီးလေးပါးနှင့် ချိပ်ခဲဥပမာ | ....... | ၂၇ |
| ပထဝီအာကာသ | ....... | ၂၇ |
| ပထဝီဓာတ် ဖြစ်ပျက်ကြည့်ပုံ | ....... | ၂၈ |
| အာပေါအာကာသ | ....... | ၂၉ |
| တေဇောအာကာသ | ....... | ၂၉ |

| **အကြောင်းအရာ** | **စာမျက်နှာ** |
| --- | --- |
| ဝါယောအာကာသ | ၂၉ |
| ဓာတ်ကြီးလေးပါးနှင့် ကြိမ်လုံးဥပမာ | ၂၉ |
| ဥပါဒ်၊ ဘင် အာကာသဟူသောဓမ္မကြီးကို မြင်အောင်ကြည့်ပုံ | ၃၁ |
| မရဏဓာတ် | ၃၁ |
| ဇာတိဓာတ် | ၃၂ |
| အာကာသဓာတ် | ၃၂ |
| အနိစ္စလက္ခဏာကို မထင်မမြင်နိုင်ပုံ | ၃၂ |
| ဓာတ်ကြီး ၄ ပါး၊ ဓမ္မကြီး ၃ ပါးတို့ကို မသိမမြင်နိုင်ပုံ | ၃၄ |
| ၃၂ ကောဋ္ဌာသ၌ ဓာတ်ခွဲပုံ | ၃၅ |
| လူတစ်ကိုယ်၌ ကာယ ၃၂ ပါးရှိခြင်း | ၃၅ |
| ဆံပင်စသည်တို့ကို ရှုပုံ | ၃၅ |
| ဆံပင်၌ ကာယကြီး ၄ ပါးခွဲပုံ | ၃၅ |
| ပထဝီကာယ | ၃၅ |
| အာပေါကာယ | ၃၆ |
| တေဇောကာယ | ၃၆ |
| ဝါယောကာယ | ၃၆ |
| ဆံပင်၌ ဓာတ် ၃ ပါး၊ နိမိတ် ၂ ပါးခွဲပုံ | ၃၆ |
| ဆံပင်၌ သဏ္ဍာနနိမိတ်ဖုံးလွှမ်းပုံ | ၃၇ |
| ဆံပင်၌ သန္တတိနိမိတ် ဖုံးလွှမ်းပုံ | ၃၇ |
| သန္တတိနိမိတ် စသည်တို့ကို နိစ္စမည်ပုံ | ၃၇ |
| ပူမှု အေးမှုတို့၏ ကိစ္စ | ၃၇ |
| မီးပွားမှုကို မြင်အောင်ရှု | ၃၈ |
| ဆံပင်ဥပါဒါရုပ် ၄ ပါးခွဲပုံ | ၃၉ |
| မွေးညှင်းစသော ကောဋ္ဌာသ၌ ဓာတ်ခွဲပုံ | ၄၀ |
| ပထဝီကောဋ္ဌာသ၌ နိမိတ်ကြီး ၂ ပါးအဓိပ္ပါယ် | ၄၀ |
| သဏ္ဍာန နိမိတ် | ၄၀ |
| သန္တတိနိမိတ် | ၄၀ |
| အလင်းရောင်ရောက် အမိုက်မှောင်ပျောက် | ၄၁ |
| နိမိတ္တမှောင်ကို ဉာဏ်ရောင်ဖြင့်ပယ် | ၄၁ |
| မျက်စိ ၂ လုံး တိမ်သလ္လာဖုံးသူပမာ | ၄၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စိတ္တဝိပလ္လာသအနန္တ | ....... | ၄၂ |
| သည်းခြေရှုးအလား ပုထုဇဉ်စိတ်များ | ....... | ၄၂ |
| နိစ္စ ကိစ္စ အတ္တကိစ္စမည်ပုံ | ....... | ၄၃ |
| မီးတောက်ပမာ ရုပ် နာမ် ခန္ဓာ | ....... | ၄၃ |
| ရုပ် နာမ်တို့ တည်ပုံ ပျက်ပုံ | ....... | ၄၃ |
| သင်္ခါရဒုက္ခကိစ္စ | ....... | ၄၄ |
| သဏ္ဍာနနိမိတ်၊ သန္တတိနိမိတ်တို့၌ နိစ္စဂုဏ်သတ္တိ၊ အတ္တဂုဏ်သတ္တိ မရှိပုံ | ....... | ၄၄ |
| အတ္တမဟုတ် အလိုသို့ မလိုက်ပုံ | ....... | ၄၅ |
| ဓာတ်ကြီး ၄ ပါးမြင်လျှင် ပညတ်ပျောက်ခြင်း | ....... | ၄၆ |
| ပြုပြင်မှုကြောင့် ခန္ဓာကိုယ်တည်နေခြင်း | ....... | ၄၆ |
| ပြုပြင်မှုနှင့် သိမှုတို့ကို ဓာတ်ခွဲပြခြင်း | ....... | ၄၇ |
| ဣရိယာပုတ် ၄ ပါးနှင့် ရူပက္ခန္ဓာ၌ အနိစ္စလက္ခဏာ | ....... | ၄၉ |
| မှန်ရိပ်ဥပမာနှင့် ကာယကြီး ၄ပါး၊ အာကာသ ပရိစ္ဆေဒ | ....... | ၄၉ |
| အရိပ်သူယောင် ပထဝီကာယသူယောင် | ....... | ၅၀ |
| သွားမှု၌ အနိစ္စလက္ခဏာ | ....... | ၅၁ |
| ရပ်ခြင်းစသော အမူအရာသစ်ဖြစ်တိုင်း အဟောင်းပျက်ခြင်း | ....... | ၅၂ |
| အပျက်နှင့်အဖြစ် အကြား၌ ပရိစ္ဆေဒ အာကာသ | ....... | ၅၃ |
| သွားမှု၌ ကာယကြီး ၄ ပါး၏ အပိုင်းအခြားကိုရှုပုံ | ....... | ၅၃ |
| စိတ္တဇကာယသူယောင် | ....... | ၅၃ |
| ဇာတိဓမ္မကြီး | ....... | ၅၃ |
| မရဏဓမ္မကြီး | ....... | ၅၃ |
| ဥတုဇကာယသူယောင် | ....... | ၅၄ |
| သူယောင်ကြီး အဓိပ္ပါယ် | ....... | ၅၄ |
| သူယောင်တို့၏ဖြစ်မှု ပျက်မှုနှင့် ဖယောင်းရုပ်ပမာ | ....... | ၅၅ |
| အာကာသ ပရိစ္ဆေဒ | ....... | ၅၅ |
| ပျက်ပုံပမာ | ....... | ၅၆ |
| ပထမခြေလှမ်း၌ ဖြစ်ပျက်မြင်အောင်ရှု | ....... | ၅၆ |
| အရေ၌ ဖြစ်ပျက်ရှုပုံ | ....... | ၅၇ |
| အသားစိုင် စသည်၌ ဖြစ်ပျက်ရှုပုံ | ....... | ၅၇ |
| ဦးခေါင်းရိုး၌ ကာယကြီးလေးပါး ဖြစ်ပျက်ပုံ | ....... | ၅၈ |
| အထည်ဒြပ်ပျက်မှု ကွဲပြားခြင်း | ....... | ၅၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရမတ်ဓာတ်ပျက်မှု မကွဲပြား | ....... | ၅၉ |
| သန္တတိ ပစ္စုပ္ပန်ပျက်ပုံ | ....... | ၅၉ |
| ဦးနှောက်ခဲ၌ ကာယကြီး ၄ ပါး ဖြစ်ပျက်ရှုပုံ | ....... | ၆၀ |
| အဆုတ်ခဲ စသည်၌ ဖြစ်ပျက်ရှုပုံ | ....... | ၆၁ |
| ဖြစ် ပျက် ရှု | ....... | ၆၁ |
| ယမ်းမီးတောက်ပမာ ကိုယ်ခန္ဓာ ဖြစ် ပျက်ပုံ | ....... | ၆၂ |
| အာကာသ အဓိပ္ပါယ် | ....... | ၆၂ |
| ဓာတ်ကြီး ၃ ပါး | ....... | ၆၂ |
| ယမ်းမီးတောက်ကြီးကို ၂ မျိုးမြင်ပုံ | ....... | ၆၃ |
| အန္ဓဗာလအမြင် | ....... | ၆၃ |
| ပဏ္ဍိတအမြင် | ....... | ၆၄ |
| မီးတောက်ဖြစ်ပေါ်ကြောင်းနှင့် ဉာဏ်အမြင် | ....... | ၆၄ |
| အမြင် ၂ ပါး မတူပုံ | ....... | ၆၅ |
| ဥပမာန ဥပမေယျ စပ်ဟပ်ပြပုံ | ....... | ၆၆ |
| ဝိညာဏ်၏ လိမ်မှုကြီး | ....... | ၆၇ |
| စိတ္တ ဝိပလ္လာသကို ပယ်ရှားပုံ | ....... | ၆၇ |
| ရပ်ခြင်း၌ ကာယကြီး ၄ ပါး ဖြစ်ပျက်နေပုံ | ....... | ၆၈ |
| အဆုံး၊ အစ၊ ခြားမှု မြင်အောင်ရှု | ....... | ၆၈ |
| ရပ်နေစဉ် လှုပ်ရှားမှု ၂ မျိုး | ....... | ၆၈ |
| ကိုယ်အင်္ဂါ လှုပ်ရှားမှု | ....... | ၆၈ |
| ရုပ်ဟောင်းချုပ် ရုပ်သစ်ပေါ် | ....... | ၆၈ |
| မျက်တောင်ခတ်မှု၌ မဟာဘုတ် ကာယကြီး ၄ ပါး ဖြစ်ပျက်နေပုံ | ....... | ၆၉ |
| အသက်ရှုမှု၌ဆီမီးတောက်ပမာ | ....... | ၆၉ |
| အသက်ရှုမှု၏ အကြောင်းအကျိုး | ....... | ၇၁ |
| အသက်ရှုမှု၌ မဟာဘုတ် ကာယကြီး ၄ ပါး ဖြစ်ပျက်ရှုပုံ | ....... | ၇၂ |
| အဆုတ်ခဲ၌ ဖြစ်ပျက်ရှုပုံ | ....... | ၇၂ |
| ပျက်မှုလျင်မြန်ခြင်း | ....... | ၇၃ |
| ရပ်ခြင်း၌ ကိုယ်အင်္ဂါလှုပ်ရှားမှု | ....... | ၇၄ |
| ရပ်ခြင်း၌ ပကတိလှုပ်ရှားပြောင်းလဲမှု | ....... | ၇၄ |
| ရုပ်ပြောင်းလဲမှု ဖြစ်ပုံ | ....... | ၇၄ |

**အကြောင်းအရာ** **စာမျက်နှာ**


| | | |
|---|---|---|
| ဥဿုာတေဇော၌ သန္တာပတေဇော | ....... | ၇၆ |
| ထိုင်ခြင်း၌ ကာယကြီး ၄ ပါး ဖြစ်ပျက်နေပုံ | ....... | ၇၆ |
| ဖယောင်းရုပ်နှင့် ကိုယ်ခန္ဓာ ပျက်ပုံအထူး | ....... | ၇၇ |
| သံတွေခဲနှင့် ကိုယ်ခန္ဓာပျက်ပုံအထူး | ....... | ၇၇ |
| လျှောင်းခြင်း၌ ကာယကြီး ၄ ပါး ဖြစ်ပျက်နေပုံ | ....... | ၇၇ |
| နာမက္ခန္ဓာ ၄ ပါးတို့၌ အနိစ္စလက္ခဏာ | ....... | ၇၈ |
| ဝိညာဏက္ခန္ဓာကို နောက်ဆုံးထား၍ ဟောခြင်းအကြောင်း | ....... | ၇၈ |
| ဝိညာဏက္ခန္ဓာ၌ အဓိပ္ပါယ်အကျဉ်း | ....... | ၇၈ |
| ဆောင်ပုဒ် | ....... | ၇၉ |
| သိမှု ၆ ပါး | ....... | ၇၉ |
| ဆောင်ပုဒ် | ....... | ၇၉ |
| သိမှုကြီး ၆ ပါး | ....... | ၇၉ |
| မြင်မှု၊ သိ ၂ ချက် ဖြစ်ပုံ | ....... | ၈၀ |
| ကြား၊ သိ ၂ ချက် စသည်ဖြစ်ပုံ | ....... | ၈၀ |
| အလွတ်သိ | ....... | ၈၀ |
| ခံစားမှု ၃ မျိုး | ....... | ၈၀ |
| ခံသာမှု အဓိပ္ပါယ် | ....... | ၈၁ |
| မခံသာမှု အဓိပ္ပါယ် | ....... | ၈၁ |
| လျစ်လျူရှုမှု အဓိပ္ပါယ် | ....... | ၈၁ |
| ဝေဒနာ ၆ ပါး | ....... | ၈၁ |
| သညက္ခန္ဓာ၌ အဓိပ္ပါယ်အကျဉ်း | ....... | ၈၂ |
| အလိမ္မာ ၂ မျိုး | ....... | ၈၂ |
| မှတ်သိလိမ္မာ | ....... | ၈၂ |
| တတ်သိလိမ္မာ | ....... | ၈၂ |
| သညာ ၆ ပါး | ....... | ၈၂ |
| သိမှု ၆ ပါး | ....... | ၈၂ |
| ဝိညာဏ်နှင့် သညာ သိမှုအထူး | ....... | ၈၃ |
| ဝိညာဏ်သိ | ....... | ၈၃ |
| သညာသိ | ....... | ၈၃ |
| ဝိညာဏ်သိ | ....... | ၈၃ |
| သညာသိ | ....... | ၈၃ |

**အကြောင်းအရာ** **စာမျက်နှာ**


သင်္ခါရက္ခန္ဓာ၌ အဓိပ္ပါယ်အကျဉ်း ....... ၈၃
သင်္ခါရက္ခန္ဓာ အရကောက် ....... ၈၃
စေ့ဆော်မှု ....... ၈၄
စေတနာ၏ အမှုကိစ္စ ....... ၈၄
စေတနာကို ကံဟု ဆိုခြင်း ....... ၈၄
စေတနာ ၆ ပါး ....... ၈၄
ဝိညာဏက္ခန္ဓာ၌ အနိစ္စလက္ခဏာ ....... ၈၅
ဝိညာဏ် ၆ ပါး၌ အနိစ္စလက္ခဏာ ....... ၈၅
ဝိညာဏက္ခန္ဓာ၏ ရှေ့သွားခေါင်းဆောင်ပုံ ....... ၈၅
ကာယဝိညာဏ် နာမက္ခန္ဓာ ၄ ပါး၏ ဖြစ်ရာဌာန ....... ၈၅
ကာယဝိညာဏ် အဓိပ္ပါယ် ....... ၈၆
သိမှု ၂ မျိုး ....... ၈၆
ကောဋ္ဌာသ၏ သိမှု ....... ၈၆
ပုဂ္ဂိုလ်၏ သိမှု ....... ၈၇
ပုဂ္ဂိုလ်၏ သိမှု၌ ရှင်းချက် ....... ၈၇
ကောဋ္ဌာသ သိမှု၌ ရှင်းချက် ....... ၈၇
သိမှုဟူသည် ဝိညာဏ် ၆ ပါး၏ အမှု ....... ၈၈
နာမက္ခန္ဓာ ၄ ပါး၏ အမှုထင်ရှားပုံ ....... ၈၈
အတွေ့အထိ ၂ ပါး အထူး ....... ၈၈
ဒုက္ခသဟဂုတ် ကာယဝိညာဏ် နာမက္ခန္ဓာ ၄ ပါးဖြစ်ပုံ ....... ၈၈
သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ ....... ၈၉
ရုပ် နာမ်ခွဲပုံ ....... ၈၉
မိစ္ဆာ ဒိဋ္ဌိသိ ....... ၉၀
သမ္မာဒိဋ္ဌိဉာဏ် သိ ....... ၉၀
နိစ္စသိနှင့် အနိစ္စသိ ....... ၉၀
နိစ္စသိ စသည်၌ ရှင်းချက် ....... ၉၀
နိစ္စသိ ....... ၉၀
သုခသိ ....... ၉၁
အတ္တသိ ....... ၉၁
အနိစ္စ စသည်၌ ရှင်းချက် ....... ၉၁
ဒုက္ခအသိ ....... ၉၁

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အနတ္တအသိ | ....... | ၉၁ |
| မရဏာ ၂ ပါး | ....... | ၉၁ |
| ခဏိကမရဏာ | ....... | ၉၁ |
| သန္တတိမရဏာ | ....... | ၉၁ |
| ဇာတိနှင့် မရဏာ | ....... | ၉၂ |
| ဒုက္ခချုပ်မှုသည် သုခဟုတ် မဟုတ် ရှင်းချက် | ....... | ၉၂ |
| ချုပ်ပျောက်စေသော ဘဝအဆုံး မရဏာသဘော | ....... | ၉၂ |
| လောင်မီးအလား မရဏာတရား | ....... | ၉၂ |
| ရုပ်၌ နာမ်ဖြစ်ပုံအထူး | ....... | ၉၃ |
| ဝေဒနာဖြစ်ပေါ်မှု | ....... | ၉၄ |
| ရေနှင့် မီးရောင် မရောယှက်သည့်အလား ရုပ်နာမ်တရား | ....... | ၉၄ |
| ဖဿ ဖြစ်ပေါ်မှု | ....... | ၉၅ |
| ကာယာယတန | ....... | ၉၅ |
| ဖောဋ္ဌဗ္ဗာ ၆ ပါး | ....... | ၉၅ |
| ရုပ်နာမ် မရောယှက်ခြင်းကို ဥပမာဖြင့် ပြခြင်း | ....... | ၉၅ |
| ကာယဝိညာဏ် | ....... | ၉၇ |
| ကာယဝိညာဏ်သိနှင့် မနောဝိညာဏ်သိ | ....... | ၉၇ |
| ပုဂ္ဂိုလ်သိ | ....... | ၉၈ |
| သိမှုသည် ဝိညာဏက္ခန္ဓာမျိုး | ....... | ၉၈ |
| စိတ်၏ လှည့်စားပုံ | ....... | ၉၈ |
| ခြေကျဉ်းဝတ် စသည်၌ နာမက္ခန္ဓာ ၄ ပါး ဖြစ်ပျက်မှု | ....... | ၉၉ |
| သုခသဟဂုတ် ကာယဝိညာဏ် ၄ ပါး | ....... | ၉၉ |
| ဒိဋ္ဌိသိ | ....... | ၁၀၀ |
| ဉာဏ်သိ | ....... | ၁၀၀ |
| ပညာရှိတို့၏ သိမှု ၂ မျိုး | ....... | ၁၀၀ |
| စိန္တာမယဉာဏ်သိ | ....... | ၁၀၀ |
| ဒိဋ္ဌိအမြင် | ....... | ၁၀၁ |
| သမ္မာဒိဋ္ဌိအမြင် | ....... | ၁၀၁ |
| နိစ္စသိ စသည်၌ ရှင်းချက် | ....... | ၁၀၁ |
| အနိစ္စသိ စသည်၌ ရှင်းချက် | ....... | ၁၀၂ |
| ခဏိက မရဏာ စသည် ၁၃ ပါး | ....... | ၁၀၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ခြေအင်္ဂါစသည်တို့၌ နာမက္ခန္ဓာ ၄ ပါး ဖြစ်ပျက်ပုံ | ....... ၁၀၃ |
| ကာမတဏှာကြောင့် အပုပ်ကောင်ကို ခင်မင်မိပုံ | ....... ၁၀၄ |
| နူနာပမာ ကာမတဏှာ | ....... ၁၀၄ |
| ကာမတဏှာ၏ အားထားရာ ကာမဝတ္ထု | ....... ၁၀၅ |
| ကာမတဏှာကို ဖြစ်ပွားစေသော ကာမဝတ္ထု | ....... ၁၀၅ |
| ဘဝကို နှံချာစေသော ကာမဝတ္ထု | ....... ၁၀၅ |
| ဇိဝှာဝိညာဏ် နာမက္ခန္ဓာ ၄ ပါး ဖြစ်ပျက်ပုံ | ....... ၁၀၆ |
| ဇိဝှာဝိညာဏ်နာမက္ခန္ဓာ ၄ ပါး၏ ဖြစ်ရာဌာန | ....... ၁၀၆ |
| ဇိဝှာဝိညာဏ် | ....... ၁၀၆ |
| လျှာ၏ သိမှု ၂ မျိုး | ....... ၁၀၆ |
| အရသာမျိုး သိမှု | ....... ၁၀၆ |
| ဖောဋ္ဌဗ္ဗသိမှု | ....... ၁၀၆ |
| အရသာသိမှု ဖြစ်ပျက်ပုံ | ....... ၁၀၇ |
| ဒိဋ္ဌိအမြင် | ....... ၁၀၇ |
| ဉာဏ်အမြင် | ....... ၁၀၇ |
| လျှာအရသာ ၂ မျိုး | ....... ၁၀၈ |
| ဃာနဝိညာဏ် နာမက္ခန္ဓာ ၄ ပါး ဖြစ်ပျက်ပုံ | ....... ၁၀၈ |
| ဃာနဝိညာဏ် နာမက္ခန္ဓာ၏ ဖြစ်ရာဌာန | ....... ၁၀၈ |
| နာမက္ခန္ဓာ ၄ ပါး ၂ စုံဖြစ်ပုံ | ....... ၁၀၈ |
| နှာခေါင်း၏ သိမှုဖြစ်ပုံ ၂ မျိုး | ....... ၁၀၈ |
| သောတဝိညာဏ် နာမက္ခန္ဓာ ၄ ပါးဖြစ်ပျက်ပုံ | ....... ၁၀၉ |
| သောတဝိညာဏ် နာမက္ခန္ဓာ ၄ ပါး၏ ဖြစ်ရာဌာန | ....... ၁၀၉ |
| ရုပ်နာမ်ဖြစ်ပျက်ပုံ | ....... ၁၀၉ |
| အသံဖြစ်ပျက်ပုံ | ....... ၁၀၉ |
| ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ စွဲလမ်းပုံ | ....... ၁၁၀ |
| လောက အသုံးအနှုန်းအလို ပုဂ္ဂိုလ်ဖြစ်ခြင်း | ....... ၁၁၀ |
| ဒိဋ္ဌိသိ | ....... ၁၁၁ |
| ဉာဏ်သိ | ....... ၁၁၁ |
| နားအရသာ ၂ မျိုး | ....... ၁၁၁ |
| စက္ခုဝိညာဏ် နာမက္ခန္ဓာ ၄ ပါး | ....... ၁၁၂ |
| စက္ခုဝိညာဏ် နာမက္ခန္ဓာ ၄ ပါး၏ ဖြစ်ရာဌာနစသည် | ....... ၁၁၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရုပ်နာမ် ဖြစ်ပျက်ပုံ | ....... | ၁၁၂ |
| စိတ်လျင်မြန်ပုံ | ....... | ၁၁၃ |
| အသိ ၃ မျိုး | ....... | ၁၁၃ |
| မျက်စိသိ၊ မနောနှလုံးသိနှင့် ပုဂ္ဂိုလ်သိ | ....... | ၁၁၃ |
| မျက်စိ၌ အရသာ ၂ မျိုး | ....... | ၁၁၄ |
| အရသာ၌ ရှင်းချက် | ....... | ၁၁၄ |
| မနောဝိညာဏ် နာမက္ခန္ဓာ ၄ ပါး ဖြစ်ပျက်ပုံ | ....... | ၁၁၅ |
| မနောဝိညာဏ် ဖြစ်ရာဌာန | ....... | ၁၁၅ |
| မနောဝိညာဏ် အမျိုးမျိုး | ....... | ၁၁၅ |
| ဇောစိတ် | ....... | ၁၁၆ |
| မီးရထားပမာ ကိုယ်ခန္ဓာ | ....... | ၁၁၆ |
| ရေနံကြမ်း မီးတောက်အသွင် စိတ်ဘဝင် | ....... | ၁၁၆ |
| ဇောစိတ်၏ အရှိန်အဟုန် ပြင်းထန်ပုံ | ....... | ၁၁၇ |
| အာရုံပြုမှု လျင်မြန်ပုံ | ....... | ၁၁၈ |
| မနောနှလုံးကိစ္စ | ....... | ၁၁၈ |
| လောကအလို ပုဂ္ဂိုလ်သတ္တဝါကိစ္စဖြစ်ပုံ | ....... | ၁၁၈ |
| မနောနှလုံးသည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ် | ....... | ၁၁၉ |
| ပရမတ်အလို ခန္ဓာ ၅ ပါး | ....... | ၁၂၀ |
| နာမ်ခန္ဓာများဖြင့် ဖြစ်၊ ပျက်၊ ပြောင်းရွေ့မှု လျင်မြန်ပုံ | ....... | ၁၂၀ |
| မြင်မှု သိမှု စသည်ကို တစ်ပြိုင်တည်း မှတ်ထင်ကြခြင်း | ....... | ၁၂၁ |
| ဣရိယာပုတ် ၄ ပါး၌ ဗျာပါရ မတူကြခြင်း | ....... | ၁၂၂ |
| မနောနှလုံး၌ ဖြစ်ပေါ်မှု ၃ မျိုး | ....... | ၁၂၃ |
| နာမက္ခန္ဓာအလိုက် နှလုံးသွေးဖြစ်ပုံ | ....... | ၁၂၃ |
| စိတ်၌ နိစ္စအစွဲ ဖြစ်တတ်ခြင်း | ....... | ၁၂၄ |
| မနောဝိညာဏ် နာမက္ခန္ဓ၌ ဒိဋ္ဌိနှင့် ဉာဏ်သိ ခွဲပုံ | ....... | ၁၂၄ |
| ဒိဋ္ဌိသိ | ....... | ၁၂၄ |
| မနောဝိညာဏ်နာမက္ခန္ဓာကို နိစ္စ စသည်ဟူ၍ စွဲလမ်းပုံ | ....... | ၁၂၅ |
| မနောဝိညာဏ်နာမက္ခန္ဓာကို အနိစ္စစသည်ဟူ၍ သိမြင်ပုံ | ....... | ၁၂၅ |
| စိတ် ၂ ခု တစ်ချိန်တည်း ပြိုင်တူဖြစ်ရိုး မရှိခြင်း | ....... | ၁၂၆ |
| အနိစ္စနှင့် မရဏဘေး | ....... | ၁၂၆ |
| ဒုက္ခမျိုး | ....... | ၁၂၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အနတ္တမျိုး | ....... | ၁၂၆ |
| စိတ်အရသာ ကြီးကျယ်ပုံ | ....... | ၁၂၇ |
| နိဒ္ဒါရာမတာ တဏှာ | ....... | ၁၂၇ |
| ဓမ္မအန္တရာယ်ကြီး | ....... | ၁၂၇ |
| ဓောစိတ်အရသာ၌ သာယာသောတဏှာ အမျိုးမျိုး | ....... | ၁၂၈ |
| ကမ္မာရာမတာ တဏှာ | ....... | ၁၂၈ |
| ဘဿာရာမတာ တဏှာ | ....... | ၁၂၈ |
| သင်္ဂဏိကာရာမတာ တဏှာ | ....... | ၁၂၉ |
| ဝိညာဏ် ၆ ဖြာ နာမက္ခန္ဓာ ၄ ပါးတို့ ကိုယ်ခန္ဓာ၌ ဖြစ်နေပုံ | ....... | ၁၂၉ |
| မီးခတ်ရပ်ကြီး ဥပမာ | ....... | ၁၂၉ |
| စိတ်အသီးသီးသည် နှစ်ဌာန၌ ပြိုင်၍ဖြစ်ရိုး မရှိခြင်း | ....... | ၁၃၀ |
| ကိုယ်ခန္ဓာ၌ ၂၄ ပစ္စည်းတပ်ပြပုံ | ....... | ၁၃၁ |
| ဝိပ္ပယုတ္တိပစ္စည်း | ....... | ၁၃၁ |
| အာရမ္မဏပစ္စည်း | ....... | ၁၃၁ |
| အဓိပတိပစ္စည်း | ....... | ၁၃၁ |
| ဟေတုပစ္စည်း | ....... | ၁၃၁ |
| သဟဇာတ,အညမညပစ္စည်း | ....... | ၁၃၁ |
| နိဿယပစ္စည်း | ....... | ၁၃၁ |
| ဥပနိဿယပစ္စည်း | ....... | ၁၃၁ |
| ပုရေဇာတပစ္စည်း | ....... | ၁၃၂ |
| ပစ္ဆာဇာတပစ္စည်း | ....... | ၁၃၂ |
| အာသေဝနပစ္စည်း | ....... | ၁၃၂ |
| ကမ္မပစ္စည်း | ....... | ၁၃၂ |
| ဝိပါကပစ္စည်း | ....... | ၁၃၃ |
| အာဟာရပစ္စည်း | ....... | ၁၃၃ |
| ဣန္ဒြိယပစ္စည်း | ....... | ၁၃၃ |
| ဈာနပစ္စည်း | ....... | ၁၃၃ |
| မဂ္ဂပစ္စည်း | ....... | ၁၃၄ |
| သမ္ပယုတ္တပစ္စည်း | ....... | ၁၃၄ |
| အတ္ထိ၊ အဝိဂတပစ္စည်း | ....... | ၁၃၄ |
| လက္ခဏာရေး ၃ ပါး | ....... | ၁၃၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိစ္စနိမိတ်ကို ပြဆိုချက် | ....... | ၁၃၅ |
| နိစ္စနိမိတ် | ....... | ၁၃၅ |
| နိမိတ် ၂ ပါး | ....... | ၁၃၅ |
| သဏ္ဌာနနိမိတ် | ....... | ၁၃၅ |
| သန္တတိနိမိတ် ၂ မျိုး | ....... | ၁၃၆ |
| ကာလသန္တတိနိမိတ် | ....... | ၁၃၆ |
| ဌာနသန္တတိနိမိတ် | ....... | ၁၃၆ |
| သဏ္ဌာနနိမိတ်မှ နိစ္စနိမိတ်အမျိုးမျိုးဖြစ်ပုံ | ....... | ၁၃၆ |
| သန္တိတိနိမိတ်မှ ဖြစ်ပွားသော နိစ္စနိမိတ် | ....... | ၁၃၆ |
| နိစ္စနိမိတ်မှ ပွားပုံ | ....... | ၁၃၆ |
| သန္တတိနိမိတ်မှ ပွားပုံ | ....... | ၁၃၇ |
| အနိစ္စမည်ပုံ | ....... | ၁၃၇ |
| အနိစ္စလက္ခဏာ | ....... | ၁၃၇ |
| သဏ္ဌာနနိမိတ် ကွယ်ပျောက်ပုံ | ....... | ၁၃၈ |
| ရုပ်ခန္ဓာ၌ သဏ္ဌာနနိမိတ် ကွယ်ပျောက်အောင်ရှုပုံ | ....... | ၁၃၈ |
| နိစ္စနိမိတ် ကွယ်ပျောက်ပုံ | ....... | ၁၃၉ |
| သန္တတိနိမိတ် ကွယ်ပျောက်ပုံ | ....... | ၁၃၉ |
| မျက်တောင်ခတ်မှု | ....... | ၁၄၀ |
| နိမိတ်ကွယ်ပျောက်မှု | ....... | ၁၄၀ |
| အနိစ္စဝိပဿနာ | ....... | ၁၄၀ |
| သုခနိမိတ်ကို ပြဆိုချက် | ....... | ၁၄၁ |
| သုခနိမိတ် | ....... | ၁၄၁ |
| သာယာဖွယ် ချမ်းသာသုခများ | ....... | ၁၄၁ |
| ဒုက္ခလက္ခဏာ ပထမခန်းကို ပြဆိုချက် | ....... | ၁၄၂ |
| ဖြစ်မှုပျက်မှုတို့ နှိပ်စက်၍ ဆင်းရဲပုံ | ....... | ၁၄၂ |
| ဆင်းရဲမှု ဒုက္ခလက္ခဏာ | ....... | ၁၄၂ |
| ရုပ်နာမ်,ခန္ဓာသည် ဒုက္ခမျိုး | ....... | ၁၄၂ |
| တစ်ခဏမျှ သန္တတိသုခ မရပုံ | ....... | ၁၄၃ |
| လောက်ကိုက်သော ခွေးနာပမာ ရုပ်နာမ်,ခန္ဓာ | ....... | ၁၄၃ |
| ခန္ဓာ ၅ ပါး ဒုက္ခမျိုးတရား | ....... | ၁၄၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပထဝီဦ ဒုက္ခလက္ခဏာ | ....... ၁၄၅ |
| အဖို့ ၂ ပါး | ....... ၁၄၅ |
| သုခအဖို့ | ....... ၁၄၅ |
| ဒုက္ခအဖို့ | ....... ၁၄၅ |
| အနာ ၃ မျိုး | ....... ၁၄၅ |
| ရောဂါအနာ | ....... ၁၄၅ |
| ဂဏ္ဍအနာ | ....... ၁၄၅ |
| အာဗာဓအနာ | ....... ၁၄၆ |
| အနာအမျိုးမျိုး | ....... ၁၄၆ |
| ဒုက္ခလက္ခဏာထင်လျှင် သုခနိမိတ်ပျောက်ခြင်း | ....... ၁၄၇ |
| ဒုက္ခလက္ခဏာ ဒုတိယခန်း | ....... ၁၄၇ |
| ပျက်မှုသာ ရုပ်နာမ်တို့၏ ပကတိသဘော | ....... ၁၄၇ |
| ရေဥပမာနှင့် ရုပ်နာမ်ပျက်မှု | ....... ၁၄၇ |
| ဒုက္ခသာ ရုပ်နာမ်တို့၏ ပကတိသဘော | ....... ၁၄၉ |
| ခန္ဓာ ၅ ဖြာသည် ဒုက္ခစင်စစ်ဖြစ်ပုံ | ....... ၁၄၉ |
| ပြုပြင်မှုကြောင့် သာယာဖွယ်ဖြစ်ခြင်း | ....... ၁၄၉ |
| ခန္ဓာငါးပါးတို့ သင်္ခါရဒုက္ခနှင့် ဝိပရိဏာမဒုက္ခဖြစ်ပုံ | ....... ၁၅၀ |
| သုခ ဒုက္ခကို စိစစ်ကြည့်ရှုပုံ | ....... ၁၅၀ |
| ပြုပြင်မှုမရှိသော သူငယ်ပမာ ငါးခန္ဓာ | ....... ၁၅၀ |
| သင်္ခါရဒုက္ခ | ....... ၁၅၁ |
| ဝိပရိဏာမဒုက္ခ | ....... ၁၅၁ |
| ဒုက္ခလက္ခဏာ တတိယခန်း | ....... ၁၅၁ |
| ဝိပရိဏာမ ဒုက္ခအမျိုးမျိုး | ....... ၁၅၁ |
| ကိလေသာ အနန္တရှိခြင်း | ....... ၁၅၂ |
| ကိလေသာမီးကြောင့် အောက် အောက်ဘုံ၌ဖြစ်ရခြင်း | ....... ၁၅၂ |
| ဒုက္ခလက္ခဏာ စတုတ္ထခန်း | ....... ၁၅၃ |
| ကံအဟုန်ကုန်လျှင် အပါယ်ဘုံမှာသာ စုရခြင်း | ....... ၁၅၃ |
| ဒုက္ခလက္ခဏာ ပဉ္စမခန်း | ....... ၁၅၃ |
| အပါယ်ဒုက္ခ ကြီးကျယ်ပုံ | ....... ၁၅၃ |
| လိပ်ကန်းဥပမာ သုဂတိခန္ဓာ | ....... ၁၅၃ |
| လက်သည်းပေါ် မြေမှုန့်ဥပမာ | ....... ၁၅၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒုက္ခလက္ခဏာတို့၏ အရင်းအမြစ် | ....... | ၁၅၄ |
| နာမ်တရားကို မပြုပြင်လျှင် အဝီစိက မတက်ရ | ....... | ၁၅၅ |
| နာမ်တရား၌ ပြုပြင်မှု | ....... | ၁၅၅ |
| ဒုက္ခဝိပဿနာ ပြဆိုချက် | ....... | ၁၅၆ |
| ဒုက္ခဝိပဿနာ | ....... | ၁၅၆ |
| ဒုက္ခဝိပဿနာဉာဏ်ဖြင့် နိစ္စနိမိတ် စသည်ပျောက်ပုံ | ....... | ၁၅၆ |
| ရုပ်နာမ်တို့၏ ထင်ရှားသော ဒုက္ခဘေးနှင့် သိမ်မွေ့နက်နဲသော | | |
| ဒုက္ခဘေး | ....... | ၁၅၆ |
| ထင်ရှားသောဒုက္ခဘေး | ....... | ၁၅၇ |
| နက်နဲသော ဒုက္ခဘေး | ....... | ၁၅၇ |
| ဓာတ်ကြီး ၄ ပါး ဖောက်ပြန်မှုကြောင့် သေရသူများ | ....... | ၁၅၈ |
| ဒုက္ခကြောင့် အပါယ်လားသူ | ....... | ၁၅၈ |
| ချမ်းသာသုခကြောင့် အပါယ်လားပုံ | ....... | ၁၅၈ |
| တဏှာကြောင့် သံသရာဒုက္ခမှ မလွတ်နိုင်ပုံ | ....... | ၁၅၉ |
| အနတ္တလက္ခဏာ | ....... | ၁၆၀ |
| အတ္တနိမိတ် | ....... | ၁၆၀ |
| အတ္တနိမိတ် အခြင်းအရာ | ....... | ၁၆၀ |
| ပုဂ္ဂိုလ်၏ အနှစ်အသားဥပမာ | ....... | ၁၆၀ |
| ပုဂ္ဂိုလ်နှင့် ခန္ဓာငါးပါး | ....... | ၁၆၁ |
| အလိုသို့ လိုက်သယောင် | ....... | ၁၆၂ |
| မာန၏ စွဲလမ်းချက် | ....... | ၁၆၂ |
| အတ္တအခြင်းအရာ | ....... | ၁၆၂ |
| နိစ္စ၏ စွဲလမ်းချက် | ....... | ၁၆၂ |
| ဒိဋ္ဌိ၏ စွဲလမ်းချက် | ....... | ၁၆၂ |
| အနိစ္စလက္ခဏာမြင်လျှင် နိစ္စ၊ အတ္တနိမိတ် ကွယ်ပျောက်ခြင်း | ....... | ၁၆၂ |
| အလိုသို့ မလိုက်သော ခန္ဓာ ၅ ပါး | ....... | ၁၆၃ |
| ဓာတုကထာ | ....... | ၁၆၃ |
| သန္တတိအမှုမှုသာ | ....... | ၁၆၃ |
| ပြုပြင်မှု၏ သတ္တိ | ....... | ၁၆၄ |
| အစိုးမရသော ခန္ဓာ ၅ ပါး | ....... | ၁၆၄ |
| ဓာတုကထာ | ....... | ၁၆၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရိဟာရ | ....... | ၁၆၄ |
| စောဒနာ | ....... | ၁၆၅ |
| ပရိဟာရ | ....... | ၁၆၅ |
| ခန္ဓာငါးပါး၏ ကျွန် | ....... | ၁၆၅ |
| ပြုပြင်မှုသည် သင်္ခါရဒုက္ခ | ....... | ၁၆၅ |
| သင်္ခါရဒုက္ခ နက်နဲပုံ | ....... | ၁၆၅ |
| အလို ၂ မျိုး | ....... | ၁၆၆ |
| ပုဂ္ဂိုလ်အလို | ....... | ၁၆၆ |
| ဓမ္မအလို | ....... | ၁၆၆ |
| လူနာရောဂါနှင့် ဓာတ်ကြိုက် ဓာတ်စာ ဥပမာ | ....... | ၁၆၇ |
| အကြိုက် ၃ မျိုး | ....... | ၁၆၇ |
| ပုဂ္ဂိုလ်၏ အကြိုက် | ....... | ၁၆၈ |
| ဓာတ်၏ အကြိုက် | ....... | ၁၆၈ |
| ပုဂ္ဂိုလ်အကြိုက် အဓိပ္ပာယ် | ....... | ၁၆၈ |
| အကြိုက်နှစ်လမ်း | ....... | ၁၆၈ |
| စိတ်ဓမ္မအလိုကို ပြဆိုချက် | ....... | ၁၆၉ |
| ဓမ္မအလို ၆ ပါးကို ပြဆိုချက် | ....... | ၁၇၀ |
| စက္ခုအကြိုက် | ....... | ၁၇၀ |
| သောတအကြိုက် | ....... | ၁၇၀ |
| ဃာနအကြိုက် | ....... | ၁၇၀ |
| ဇိဝှါအကြိုက် | ....... | ၁၇၀ |
| ကာယအကြိုက် | ....... | ၁၇၀ |
| မနောအကြိုက် | ....... | ၁၇၁ |
| စက္ခုအလို စသည် | ....... | ၁၇၁ |
| စက္ခုဓမ္မအလို | ....... | ၁၇၁ |
| သောတဓမ္မအလို | ....... | ၁၇၁ |
| ဃာနဓမ္မအလို | ....... | ၁၇၁ |
| ဇိဝှါဓမ္မအလို | ....... | ၁၇၁ |
| ကာယဓမ္မအလို | ....... | ၁၇၁ |
| မနောဓမ္မအလို | ....... | ၁၇၁ |
| ပုဂ္ဂိုလ်အလိုနှင့် ဓမ္မအလို ဆန့်ကျင်ပုံ | ....... | ၁၇၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပုဂ္ဂိုလ်အလို ....... | ၁၇၂ |
| သမ္မုတ္တိ ....... | ၁၇၂ |
| ဝိပတ္တိ ....... | ၁၇၂ |
| ဓမ္မအလို ....... | ၁၇၃ |
| ပုဂ္ဂိုလ်အလိုနှင့် စက္ခုအလို ဆန့်ကျင်ပုံ ....... | ၁၇၃ |
| စက္ခုအလို ....... | ၁၇၃ |
| ပုဂ္ဂိုလ်အလို ....... | ၁၇၃ |
| စက္ခုအလို ....... | ၁၇၃ |
| စက္ခုဣ အတ္တအစွဲ ....... | ၁၇၄ |
| လူ့ဘဝ၏တန်ဖိုး ....... | ၁၇၅ |
| စက္ခုစသော ဓမ္မအလိုကြောင့် ထိုထိုဘဝသို့ ရောက်ခြင်း ....... | ၁၇၅ |
| ခန္ဓာငါးဝ အနတ္တ ....... | ၁၇၅ |
| အတ္တစွဲ ....... | ၁၇၅ |
| စက္ခုစသည့်ဓမ္မကို ပိုင်ပိုင်နိုင်နိုင်မြင်လျှင် သံသရာမှ ကျွတ်လွတ်နိုင်ခြင်း ....... | ၁၇၆ |
| ဆွေမျိုး မတော်ဘူးသည်မရှိ ....... | ၁၇၆ |
| အနတ္တကို အတ္တထင်ရာ၌ ရှင်းချက် ....... | ၁၇၇ |
| ဒိဋ္ဌိအမှားကြီးတည်ထောင် ....... | ၁၇၇ |
| မင်းကိစ္စဆောင်ရွက်သော သူဆင်းရဲအလား ဒိဋ္ဌိတရား ....... | ၁၇၇ |
| အဝိဇ္ဇာမှောင်ပျောက်မှ သမ္မုတ္တိလမ်းရောက်မည် ....... | ၁၇၈ |
| ရန်သူ၏ အစီးအပွား ....... | ၁၇၈ |
| သမာဓိ အန္တရာယ်တည်ထောင်မှု ....... | ၁၇၉ |
| ငါး၊ လိပ် ဥပမာ ရုပ်နာမ်ခန္ဓာ ....... | ၁၇၉ |
| ဒိဋ္ဌိအမြင် ....... | ၁၈၀ |
| မာန ....... | ၁၈၀ |
| တဏှာ ....... | ၁၈၀ |
| ဒိဋ္ဌိ ....... | ၁၈၀ |
| ပယောဂစွဲကပ်သူအသွင် ဒိဋ္ဌိအမြင် ....... | ၁၈၁ |
| လူ့အလို ....... | ၁၈၁ |
| ပယောဂအလို ....... | ၁၈၁ |
| ဉာဏ်အမြင် ဖောက်ပြန်တတ်ပုံ ....... | ၁၈၂ |
| ကိလေသာ သောင်းကျန်းပုံ ....... | ၁၈၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ဒေါသ သောင်းကျန်းပုံ | ....... | ၁၈၂ |
| မာန သောင်းကျန်းပုံ | ....... | ၁၈၂ |
| ဒိဋ္ဌိ သောင်းကျန်းပုံ | ....... | ၁၈၃ |
| မောဟ သောင်းကျန်းပုံ | ....... | ၁၈၃ |
| အနိစ္စဉာဏ်၊ အနတ္တဉာဏ် ရခွင့်ကာလ | ....... | ၁၈၃ |
| အနတ္တအနက် နက်နဲပုံ | ....... | ၁၈၃ |
| ဓာတ်ကြီး ၆ ပါး | ....... | ၁၈၄ |
| အနတ္တအနက် ၂ မျိုး | ....... | ၁၈၄ |
| ဘာဝနာ ၄၀ အဓိပ္ပါယ်အကျယ် | ....... | ၁၈၅ |
| အနိစ္စလက္ခဏာ ၁၀ ပါး | ....... | ၁၈၅ |
| ဦးခေါင်း၌ဖြစ်သော ရူပက္ခန္ဓာ၏ ဖြစ်ပျက်ရှုပုံ | ....... | ၁၈၅ |
| ဦးခေါင်း၌ဖြစ်သော နာမ်ခန္ဓာ ၄ ပါး | ....... | ၁၈၆ |
| နာမက္ခန္ဓာဖြစ်သည်ကို သိနည်း | ....... | ၁၈၆ |
| ရုပ်တွေ သဲကမ်းပြိုမှုပျက်ပုံ | ....... | ၁၈၇ |
| ရိတ္တ တုစ္ဆ သုည | ....... | ၁၈၇ |
| အနိစ္စ ဝိပဿနာ | ....... | ၁၈၈ |
| မိုရာ ရုပ်ပျက်တိုင်း နာမ်ပျက်ခြင်းကို ဥပမာဖြင့်ပြခြင်း | ....... | ၁၈၈ |
| အနိစ္စဘာဝနာ ၁၀ ပါး | ....... | ၁၈၉ |
| စလသဘော | ....... | ၁၈၉ |
| ဝိဘဝသဘော | ....... | ၁၈၉ |
| ခန္ဓာအစဉ်၌ အနိစ္စလက္ခဏာ ၁၀ ပါး အမြဲရှိခြင်း | ....... | ၁၉၀ |
| အနိစ္စာ နုပဿနာဉာဏ် | ....... | ၁၉၀ |
| သွားဆဲအခါ၌ အနိစ္စလက္ခဏာ ၁၀ ပါး ပွားပုံ | ....... | ၁၉၁ |
| ရုပ်စဉ်စသည်၌ ခန္ဓာ ၅ ပါး ဖြစ်ပျက်ရှုပုံ | ....... | ၁၉၂ |
| အနိစ္စဝိပဿနာမှု | ....... | ၁၉၂ |
| သက်မဲ့ဝတ္ထု၌ အနိစ္စလက္ခဏာ ၁၀ ပါး | ....... | ၁၉၃ |
| အနတ္တ | ....... | ၁၉၃ |
| လူမိုက်လုည်းသမားနှင့် ပညာရှိ လှည်းသမားတို့ မေးဖြေပုံ | ....... | ၁၉၄ |
| ငှက်ပျောတုံးပမာ ရုပ်နာမ်ခန္ဓာ | ....... | ၁၉၄ |
| ဥပမာ ဥပမေယျ စပ်ဟပ်ပြချက် | ....... | ၁၉၅ |
| ဥပမာဖြင့် ပြအပ်သော အဓိပ္ပါယ် | ....... | ၁၉၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခန္ဓာ ၅ ပါးကို အတ္တဟု စွဲလမ်းပုံ | ....... | ၁၉၆ |
| ငှက်ပျောတုံးဖောင်နှင့်တူသော အတ္တဘော | ....... | ၁၉၇ |
| ဥပမာ ဥပမေယျ စပ်ဟပ်ပြချက် | ....... | ၁၉၇ |
| အတ္တပြုမှု | ....... | ၁၉၇ |
| အသခ်တနိစ္စတော်ကြီး | ....... | ၁၉၈ |
| ငှက်ပျောဖောင်ဥပမာ | ....... | ၁၉၈ |
| နိဗ္ဗာန်သဘော်စီးသူ ဖြစ်ခြင်း | ....... | ၁၉၉ |
| အသခ်တနိဗ္ဗာန်ကြီး | ....... | ၂၀၀ |
| သဥပါဒိသေသ အဓိပ္ပာယ် | ....... | ၂၀၀ |
| ငှက်ပျောဖောင်ရှင် | ....... | ၂၀၀ |
| အတ္တဒိဋ္ဌိရှိသူ | ....... | ၂၀၁ |
| အတ္တဒိဋ္ဌိကင်းသူ | ....... | ၂၀၁ |
| နိဗ္ဗာန်ရှင် | ....... | ၂၀၁ |
| အနိစ္စမှ ဒုက္ခအနတ္တဖြစ်ခြင်း | ....... | ၂၀၁ |
| အနတ္တလက္ခဏာ ၅ ပါး | ....... | ၂၀၂ |
| အနတ္တပုဒ်၏ အဓိပ္ပါယ် | ....... | ၂၀၂ |
| ပရေပုဒ်၏ အဓိပ္ပာယ် | ....... | ၂၀၂ |
| အကျွမ်းဝင်မှု | ....... | ၂၀၂ |
| ရိတ္တ တုစ္ဆ သုညတို့၏ အဓိပ္ပါယ် | ....... | ၂၀၂ |
| ပြုပြင်မှုသခ်ါရ | ....... | ၂၀၃ |
| တုစ္ဆာစီးပွားမျိုး | ....... | ၂၀၃ |
| စီးပွားအစစ်မှာ ဗောဓိပက္ခိယ လမ်းသာ | ....... | ၂၀၄ |
| လောကီစီးပွားမှန်သမျှ အချည်းနှီး | ....... | ၂၀၄ |
| ဒုက္ခလက္ခဏာ ၂၅ ပါး | ....... | ၂၀၆ |
| သုခ ဒုက္ခ ခွဲခြားပုံ | ....... | ၂၀၆ |
| သုခ ၂ ပါး | ....... | ၂၀၆ |
| ဝေဒယိတသုခ | ....... | ၂၀၆ |
| သန္တိသုခ | ....... | ၂၀၆ |
| စက္ကူအာရုံစသည်၌ သုခဒုက္ခခွဲပုံ | ....... | ၂၀၆ |
| လောဘငြိမ်းသူ၏ သုခနှင့် လောဘရှိသူတို့၏ သုခ | ....... | ၂၀၇ |
| သုခ ဒုက္ခဖြစ်ပုံ | ....... | ၂၀၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လမ်းနှစ်သွယ် | ....... | ၂၀၇ |
| အလိုဆိုးကောင်း ၂ မျိုး | ....... | ၂၀၇ |
| ဝေဒယိတ သုခလမ်း | ....... | ၂၀၇ |
| သန္တိသုခလမ်း | ....... | ၂၀၈ |
| ပုထုဇဉ်တို့ သွားရာလမ်း | ....... | ၂၀၈ |
| အရိယာတို့သွားရာလမ်း | ....... | ၂၀၈ |
| ချေးရူးပြန်သူ ယင်မမဲရိုင်း,ပကတိလူ ပျားပိတုန်းဥပမာများ | ....... | ၂၀၈ |
| ပညာမျက်စိရှိသူနှင့် မရှိသူအမြင် | ....... | ၂၀၉ |
| ပညာမျက်စိမရှိသူတို့အဖို့ အပါယ်ဘုံ | ....... | ၂၁၀ |
| နိဗ္ဗာန်ဘုံကြီး ၅ ဆင့် | ....... | ၂၁၀ |
| ဘုရားတစ်ဆူ တစ်ဆူ သာသနာ၌ သောတာပန်အများဆုံး | ....... | ၂၁၁ |
| သုခ ၂ မျိုး | ....... | ၂၁၂ |
| ဝေဒယိတသုခသည် ဒုက္ခမျိုး | ....... | ၂၁၂ |
| သန္တိသုခသာ သုခအစစ် | ....... | ၂၁၂ |
| ဥပမာ ဥပမေယျ နှီးနှောပြချက် | ....... | ၂၁၃ |
| ဒုက္ခအရကောက်နှင့် အဓိပ္ပါယ် | ....... | ၂၁၄ |
| ဘယဋ္ဌဒုက္ခ | ....... | ၂၁၅ |
| ဝေဒနာတိက်၌ပါသော ဒုက္ခဝေဒနာ | ....... | ၂၁၅ |
| လောကီချမ်းသာဟူသမျှ ဒုက္ခဖြစ်ပုံ | ....... | ၂၁၅ |
| ဒုက္ခအချက် | ....... | ၂၁၆ |
| ဒုက္ခအဓိပ္ပာယ် | ....... | ၂၁၆ |
| ငါဟူသော အတ္တအစွဲ | ....... | ၂၁၆ |
| ဒုက္ခလက္ခဏာ ၂၅-ပါး | ....... | ၂၁၇ |
| ဒုက္ခအပြစ် | ....... | ၂၁၇ |
| အနိစ္စလက္ခဏာရှုပုံ | ....... | ၂၁၇ |
| ဒုက္ခလက္ခဏာရှုပုံ | ....... | ၂၁၈ |
| ခန္ဓာ ၅-ပါးသည် ဘေးဖြစ်ပုံ | ....... | ၂၁၈ |
| ဤတိအပြစ် | ....... | ၂၁၉ |
| ခန္ဓာ ၅ ပါးသည် အန္တရာယ်မျိုး | ....... | ၂၁၉ |
| ဥပဒ္ဒဝ ပြဆိုခန်း | ....... | ၂၂၁ |
| နိပ်စက်တတ်သော ခန္ဓာငါးပါး | ....... | ၂၂၁ |

**အကြောင်းအရာ** **စာမျက်နှာ**

ခန္ဓာ ၅–ပါး၏ နှိပ်စက်မှုကို ရှုပုံ ....... ၂၂၁
ဥပဒ္ဒဝ အဓိပ္ပာယ် ....... ၂၂၂
ဥပသဂ္ဂ ပြဆိုခန်း ....... ၂၂၃
ဥပသဂ္ဂ ....... ၂၂၃
ခန္ဓာ ၅–ပါးသည် နူနာမျိုး ....... ၂၂၃
သလ္လ၊ ရောဂ၊ အာဗာဓ၊ ဂဏ္ဍအပြစ် ....... ၂၂၃
ခန္ဓာ ၅–ပါးသည် မြားငြောင့် 'သလ္လ' ....... ၂၂၃
အဃ ပြဆိုခန်း ....... ၂၂၅
ခန္ဓာ ၅ ပါးသည် အကျိုးမဲ့ဖြစ်ခြင်း ....... ၂၂၅
အဃ အဓိပ္ပါယ် ....... ၂၂၅
အလဃားဟူသော ဝေါဟာရ ....... ၂၂၅
ပြုပြင်မှု၏ မမြဲမြံပုံ ....... ၂၂၅
အတာဏ ပြဆိုခန်း ....... ၂၂၇
တာဏ ....... ၂၂၇
မစောင့်ရှောက်တတ်သော ခန္ဓာ ၅–ပါး ....... ၂၂၇
အတွင်းမီး ....... ၂၂၇
စောင့်ရှောက်တတ်သော နိဗ္ဗာန် ....... ၂၂၈
ဘုံစဉ်စံအရိယာတို့၏ တာဏ ....... ၂၂၉
အလေဏ ပြဆိုခန်း ....... ၂၂၉
လေဏ ....... ၂၂၉
မလုံခြုံသော ခန္ဓာ ၅–ပါး ....... ၂၂၉
၁၃ အသရဏ ပြဆိုခန်း ....... ၂၃၀
သရဏ ....... ၂၃၀
ကိုးကွယ်ရာမဟုတ်သော ခန္ဓာ ၅–ပါး ....... ၂၃၀
၁၄–အာဒီနဝ ပြဆိုခန်း ....... ၂၃၁
အာဒီနဝ ....... ၂၃၁
ခန္ဓာ ၅–ပါးသည် အပြစ်ဖြစ်ခြင်း ....... ၂၃၁
မီး ၁၁–ပါး ....... ၂၃၁
ရာဂမီး၏ အပြစ်အနန္တစသည် ....... ၂၃၁
၁၅–အဃမူလ ပြဆိုခန်း ....... ၂၃၂
ဆင်းရဲခြင်း၏ မူလဖြစ်သော ခန္ဓာ ၅–ပါး ....... ၂၃၂

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၆–ဝဇက ပြဆိုခန်း | ....... | ၂၃၂ |
| သူသတ်သမားခန္ဓာ ၅–ပါး | ....... | ၂၃၂ |
| ခဏိကမရဏ | ....... | ၂၃၂ |
| သန္တတိမရဏ | ....... | ၂၃၃ |
| သာမညလောကသားတို့သိသော သမ္မုတိမရဏ | ....... | ၂၃၃ |
| မရဏအမြဲရှိနေခြင်း | ....... | ၂၃၄ |
| မိမိတို့ခန္ဓာကိုယ်၌ရှိသော မရဏဓာတ်ဖြင့်သာ သေကြရခြင်း | ....... | ၂၃၄ |
| သူသတ်ကောင်အမျိုးမျိုး | ....... | ၂၃၄ |
| ၁၇–အာသဝ ပြဆိုခန်း | ....... | ၂၃၇ |
| အာသဝတို့၏ အစီးအပွားခန္ဓာ ၅–ပါး | ....... | ၂၃၇ |
| အာသဝမိး | ....... | ၂၃၇ |
| ဥပမာ ဥပမေယျနှီးနှောပြချက် | ....... | ၂၃၈ |
| ၁၈–မာရာမိသ ပြဆိုခန်း | ....... | ၂၃၉ |
| မာရ် ၄–ပါး | ....... | ၂၃၉ |
| ဒေဝပုတ္တမာရ် | ....... | ၂၃၉ |
| အဘိသင်္ခါရမာရ် | ....... | ၂၃၉ |
| မစ္စုမာရ် | ....... | ၂၃၉ |
| မာရ် ၄–ပါး သတ်မှု | ....... | ၂၃၉ |
| ကိလေသမာရ်၏ စားဖတ် | ....... | ၂၄၀ |
| ခန္ဓမာရ်၏အစာ | ....... | ၂၄၁ |
| အဘိသင်္ခါရမာရ်၏အစာ | ....... | ၂၄၁ |
| ၁၉–ဇာတိဓမ္မ ပြဆိုခန်း | ....... | ၂၄၁ |
| ဇာတိဓမ္မ | ....... | ၂၄၁ |
| ကိလေသာယမ်းထုပ်ကြီး | ....... | ၂၄၁ |
| ဥပမာ ဥပမေယျ နှီးနှောပြချက် | ....... | ၂၄၂ |
| သူတော်ကောင်းတရား ကြားနာခွင့်ရရန် ခဲယဉ်းပုံ | ....... | ၂၄၂ |
| ကိလေသာဇာတ် | ....... | ၂၄၃ |
| ဒုစရိုက်မျိုး | ....... | ၂၄၃ |
| ပဋိသန္ဓေဝိပါက်ခန္ဓာ | ....... | ၂၄၃ |
| ၂၀–ဇရာဓမ္မ ပြဆိုခန်း | ....... | ၂၄၄ |
| ဇရာ ၃–မျိုး | ....... | ၂၄၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခဏိကဇရာနှင့် ခဏိကမရဏ | ....... | ၂၄၄ |
| သန္တတိဇရာနှင့် သန္တတိမရဏ | ....... | ၂၄၅ |
| သမ္မုတိဇရာ | ....... | ၂၄၅ |
| ဇရာ အဓိပ္ပါယ် | ....... | ၂၄၅ |
| ဇရာနဲ့ မရဏ | ....... | ၂၄၅ |
| ဇရာ၏အမှု | ....... | ၂၄၅ |
| သုသာန် ၂ မျိုး | ....... | ၂၄၅ |
| ဇရာအမှုကြီး | ....... | ၂၄၆ |
| ခဏိကဇရာနှင့် ခဏိကမရဏ | ....... | ၂၄၇ |
| သန္တတိဇရာနှင့် သန္တတိမရဏ | ....... | ၂၄၇ |
| သမ္မုတိဇရာနှင့် သမ္မုတိမရဏ | ....... | ၂၄၇ |
| ၂၁–ဗျာဓိဓမ္မ ပြဆိုခန်း | ....... | ၂၄၈ |
| ဗျာဓိ | ....... | ၂၄၈ |
| နာခြင်းသဘောရှိသော ခန္ဓာငါးပါး | ....... | ၂၄၈ |
| နတ်ပြဟ္မာ မဖြစ်ဘူးသူမရှိ | ....... | ၂၄၈ |
| ၂၂–သောကဓမ္မ ပြဆိုခန်း | ....... | ၂၄၈ |
| ၂၃–၂၄။ ပရိဒေဝဓမ္မနှင့် ဥပါယာသဓမ္မအပြစ် | ....... | ၂၄၉ |
| ၂၅–သံကိလေသိကာအပြစ် | ....... | ၂၄၉ |
| တေဘူမကဓမ္မတို့၏ အပြစ်ဒေါသ | ....... | ၂၅၀ |
| ဘုံ ၃–ပါး၏ ဥပမာများ | ....... | ၂၅၁ |
| အဆိပ်ဆေးနှင့်တူသော အကုသိုလ် | ....... | ၂၅၁ |
| အဆိပ်သီးစား ၄က် ဥပမာ | ....... | ၂၅၂ |
| စိတ်ဟူသော ပဓာနတရား | ....... | ၂၅၂ |
| စိတ်၏အလား ၂- မျိုး | ....... | ၂၅၂ |
| စိတ်၏ပကတိအလား | ....... | ၂၅၂ |
| စိတ်၏အာဂန္တုအလား | ....... | ၂၅၃ |
| သုစရိုက်ဖြစ်ကြောင်း | ....... | ၂၅၃ |
| မဟာကုသိုလ်ထက် အပ္ပနာကုသိုလ်ဖြစ်ရန် ခဲယဉ်းပုံ | ....... | ၂၅၄ |
| အနိစ္စတစ်မျိုးကို ပြဆိုခန်း | ....... | ၂၅၄ |
| ခန္ဓာငါးပါးသည် အကုသိုလ်၏ အစီးအပွား | ....... | ၂၅၄ |
| ကုသိုလ်စိတ်ဖြစ်ရန် ခက်ခဲပုံ | ....... | ၂၅၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စိတ်သည် အနိစ္စမျိုး | ....... | ၂၅၅ |
| စိတ်သည် ဒုက္ခမျိုး | ....... | ၂၅၅ |
| စိတ်သည် အနတ္တဖြစ်ပုံ | ....... | ၂၅၆ |
| စေတသိတ်၌ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ | ....... | ၂၅၆ |
| ရုပ်၌ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ | ....... | ၂၅၆ |
| ငရဲကြီးရှစ်ထပ် အဓိပ္ပာယ်အကျယ် | ....... | ၂၅၇ |
| ပဋိသန္ဓေ အကြိမ်များ ဆုံးဖြတ်ရာ ကာမဘုံ | ....... | ၂၅၇ |
| သံသရာ၌ အပါယ်ဘုံသားများခြင်း | ....... | ၂၅၇ |
| ငရဲကြီးရှစ်ထပ် | ....... | ၂၅၇ |
| ၁-သိဥ္စိုင်းငရဲ | ....... | ၂၅၈ |
| သိဥ္စိုင်းငရဲမည်ပုံ | ....... | ၂၅၈ |
| သိဥ္စိုင်းငရဲ အကျယ်အဝန်းနှင့် ခံရပုံ | ....... | ၂၅၈ |
| ၂-ကာဠသုတ်ငရဲ | ....... | ၂၅၉ |
| ကာဠသုတ်ငရဲမည်ပုံ | ....... | ၂၅၉ |
| ကာဠိသုတ်ငရဲ ပမာဏနှင့် ခံစားရပုံ | ....... | ၂၅၉ |
| ၃-သင်္ဃာတငရဲ | ....... | ၂၆၀ |
| သင်္ဃာတငရဲ မည်ပုံ | ....... | ၂၆၀ |
| သင်္ဃာတငရဲပမာဏနှင့် ခံစားရပုံ | ....... | ၂၆၁ |
| ၄-ရောရုဝ ငရဲ | ....... | ၂၆၂ |
| ရောရုဝငရဲ မည်ပုံ | ....... | ၂၆၂ |
| ရောရုဝငရဲ ၂-မျိုး | ....... | ၂၆၂ |
| ၅-မဟာရောရုဝငရဲ | ....... | ၂၆၃ |
| ဇာလရောရုဝငရဲ | ....... | ၂၆၃ |
| ၆-တာပနငရဲ | ....... | ၂၆၃ |
| တာပန မည်ပုံ | ....... | ၂၆၃ |
| ၇-မဟာတာပန မည်ပုံ | ....... | ၂၆၄ |
| မဟာတာပန မည်ပုံ | ....... | ၂၆၄ |
| မိန်းမတို့၌ မီး၇-ပါး | ....... | ၂၆၅ |
| အတွင်းမီး ၃-ပါး | ....... | ၂၆၅ |
| အပမီး ၄-ပါး | ....... | ၂၆၆ |
| လင်ကိုရိုသေခြင်း အကျိုး | ....... | ၂၆၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၈–မဟာ အဝီစိငရဲ | ....... | ၂၆၆ |
| အဝီစိ မည်ပုံ | ....... | ၂၆၆ |
| အဝီစိ တည်နေပုံ | ....... | ၂၆၇ |
| ငရဲ၌ မီးလျှံ အဆက်မပြတ်ဖြစ်နေပုံ | ....... | ၂၆၇ |
| ငရဲ၌ သတ္တဝါချင်း ဆက်နေပုံ | ....... | ၂၆၇ |
| ငရဲ၌ ဒုက္ခဝေဒနာ အဆက်မပြတ် ဖြစ်နေပုံ | ....... | ၂၆၈ |
| ၁–ဘင်ပုပ်ငရဲ | ....... | ၂၆၈ |
| ၂–ပြာပူငရဲ | ....... | ၂၆၈ |
| ၃–လက်ပံတောငရဲ | ....... | ၂၆၉ |
| ၄–သံလျက်ရွက်ငရဲ | ....... | ၂၆၉ |
| ၅–ကြိမ်ပိုက်ချောင်းငရဲ | ....... | ၂၆၉ |
| ငရဲသူ သတ္တဝါတို့ ဒုက္ခခံရပုံ | ....... | ၂၇၀ |
| ဘင်ပုပ်ငရဲ၌ ခံရပုံ | ....... | ၂၇၀ |
| ပြာပူငရဲ၌ ခံရပုံ | ....... | ၂၇၀ |
| လက်ပံတောငရဲ၌ ခံရပုံ | ....... | ၂၇၁ |
| သံလျက်တောငရဲ၌ ခံရပုံ | ....... | ၂၇၁ |
| ကြိမ်ပိုက်ချောင်းငရဲ၌ ခံရပုံ | ....... | ၂၇၂ |
| ကာမေသုမိစ္ဆာစာရကံကြောင့် အဝီစိငရဲ၌ဖြစ်ရပုံ | ....... | ၂၇၃ |
| မလ္လိကာမိဖုရား ဥပမာ | ....... | ၂၇၃ |
| ကံကုန်ခြင်း၏ အဓိပ္ပာယ် | ....... | ၂၇၄ |
| ဥဿဒငရဲ ၁၆–ထပ်၊ ၂၀–ထပ် | ....... | ၂၇၄ |
| ငရဲအမျိုးမျိုး | ....... | ၂၇၄ |
| ယမမင်း ကယ်ဆယ်ပုံ | ....... | ၂၇၅ |
| ဒေဝဒူတ စစ်တမ်းကြီး ၅ ချက် | ....... | ၂၇၅ |
| ၃၂–ပါးသော ကမ္မကရဏ (ကံကြမ္မာ ၃၂–ပါး) | ....... | ၂၇၆ |
| ဗိလင်္ဂ ထာလိက ကံကြမ္မာ | ....... | ၂၇၈ |
| သင်္ခမုဏ္ဍိက ကံကြမ္မာ | ....... | ၂၇၈ |
| ရာဟုမုခ ကံကြမ္မာ | ....... | ၂၇၉ |
| ဇောတိမာလိက ကံကြမ္မာ | ....... | ၂၇၉ |
| ဟတ္ထပဇ္ဇောတိက ကံကြမ္မာ | ....... | ၂၇၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဧရကပတ္တိက ကံကြမ္မာ | ....... ၂၇၉ |
| စီရကဝါသိက ကံကြမ္မာ | ....... ၂၇၉ |
| ဧဏေယျက ကံကြမ္မာ | ....... ၂၇၉ |
| ဗလိသမံသိက ကံကြမ္မာ | ....... ၂၇၉ |
| ကဟာပဏိက ကံကြမ္မာ | ....... ၂၇၉ |
| ခါရပဋိစ္ဆက ကံကြမ္မာ | ....... ၂၇၉ |
| ပလိဃရပရိဝတ္တိက ကံကြမ္မာ | ....... ၂၇၉ |
| ပလာလ ပီဌက ကံကြမ္မာ | ....... ၂၈၀ |
| ကံကြမ္မာ ၃၂–ပါး ဆောင်ပုဒ် | ....... ၂၈၀ |
| ဆောင်ပုဒ်၌ ရှင်းချက် | ....... ၂၈၀ |
| ငရဲခန်း အမျိုးမျိုး | ....... ၂၈၁ |
| ဒေဝဒူတသုတ်လာ ငရဲခန်းမျိုးမျိုး | ....... ၂၈၁ |
| ငရဲကြီးရှစ်ထပ်တို့၏ အသက်တမ်း | ....... ၂၈၂ |
| ငရဲပြည်သက်တမ်း စိစစ်ချက် | ....... ၂၈၃ |
| ဆယ်ပြည်ထောင် ငရဲသက်တမ်း | ....... ၂၈၄ |
| အဗ္ဗုဒငရဲသက်တမ်းစသည် | ....... ၂၈၅ |
| နှမ်းတစ်တင်းရှိ နှမ်းစေ့ အရေအတွက် | ....... ၂၈၅ |
| ပြိတ္တာ အသူရကာယ်တို့ သက်တမ်း | ....... ၂၈၅ |
| ရှစ်သောင်းလေးထောင်သော ပြိတ္တာ | ....... ၂၈၅ |
| စပါးကြီးမြွေ ပြိတ္တာ | ....... ၂၈၅ |
| ကျီးပြိတ္တာ | ....... ၂၈၆ |
| သင္ဂိုကူဋပြိတ္တာ | ....... ၂၈၆ |
| အသူရကာယ်အမျိုးမျိုး | ....... ၂၈၆ |
| ဝိနိပါတိက အသူရကာယ်အမျိုးမျိုး | ....... ၂၈၇ |
| ကာလကဉ္စိက အသူရကာယ်မျိုး | ....... ၂၈၇ |
| လောကန္တရိက် အသူရကာယ်မျိုး | ....... ၂၈၇ |
| အပါယ်ဘုံတို့သည် ပုထုဇဉ်သတ္တဝါတို့၏ စိတ်မှဖြစ်ပုံ | ....... ၂၈၈ |
| ပြုခဲ့သည့် ဒုစရိုက်အနန္တ | ....... ၂၈၈ |
| အချိန်မရွေး သေနိုင်ခြင်း | ....... ၂၈၈ |
| ပစ်မြှောက်လိုက်သော အုတ်ကျောက်ပမာ | ....... ၂၈၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဥပမာ ဥပမေယျတို့ကို စိစစ်ဝေဖန်ချက် | ....... | ၂၈၉ |
| သင်္ခါရနှစ်မျိုး | ....... | ၂၉၀ |
| စိတ်၏ အရည်အရောင် ၃-ပါး | ....... | ၂၉၀ |
| စိတ်၏ အညစ်အကြေး ၃-ပါး | ....... | ၂၉၀ |
| ဘုံ ၃-ဆင့် | ....... | ၂၉၀ |
| အနုသယဘုံ | ....... | ၂၉၀ |
| ပရိယုဋ္ဌာနဘုံ | ....... | ၂၉၀ |
| ဝီတိက္ကမဘုံ | ....... | ၂၉၀ |
| စိတ်ကို ပြုပြင်မှု | ....... | ၂၉၁ |
| သီလအရောင် တည်ထောင်မှု | ....... | ၂၉၁ |
| သမာဓိအရောင် တည်ထောင်မှု | ....... | ၂၉၁ |
| ပညာအရောင် တည်ထောင်မှု | ....... | ၂၉၂ |
| အဝိဇ္ဇာမပယ်က အန္ဓဗာလဖြစ်ရပြန်ခြင်း | ....... | ၂၉၂ |
| ဘုရားရှင်တို့၏ ဉာဏ်တော် အရာသာ | ....... | ၂၉၂ |
| ဘုရားရှင်တို့၏ သာသနာ | ....... | ၂၉၃ |
| အာဇီဝဋ္ဌမက သီလနှစ်မျိုး | ....... | ၂၉၃ |
| လက္ခဏာရေးသုံးပါးကို အားထုတ်ရခြင်း | ....... | ၂၉၃ |
| သာသနာကွယ်သော ဘဝမရှိသူ | ....... | ၂၉၄ |
| သဥပါဒိသေသ နိဗ္ဗာန်ရောက်ပုံ | ....... | ၂၉၄ |
| အနုပါဒိသေသ နိဗ္ဗာန်ရောက်ပုံ | ....... | ၂၉၅ |
| နိဂုံး ၃-ဂါထာ | ....... | ၂၉၆ |
| ကျမ်းပြုရာဋ္ဌာန | ....... | ၂၉၆ |
| ကျမ်းပြုပုဂ္ဂိုလ် | ....... | ၂၉၆ |
| ကျမ်းပြီးကာလ | ....... | ၂၉၇ |
| **ဝိဇ္ဇာမဂ္ဂ ဒီပနီ** | | ၂၉၉ မှ ၃၆၄ ထိ |
| ဝိဇ္ဇာအပြားနှင့် ပဓာနိယင် ၅-ပါး | ....... | ၃၀၁ |
| ဝိဇ္ဇာ ၅-မျိုး ရှင်းပြချက် | ....... | ၃၀၁ |
| ဝိဇ္ဇာ ၅-မျိုး | ....... | ၃၀၁ |
| ဗေဒဝိဇ္ဇာ | ....... | ၃၀၁ |
| မန္တဝိဇ္ဇာ | ....... | ၃၀၁ |

| **အကြောင်းအရာ** | **စာမျက်နှာ** |
| --- | --- |
| ဂန္ဓာရီဝိဇ္ဇာ | ....... ၃၀၁ |
| စိန္တာမဏိ ဗြဟ္မာ ဝိဇ္ဇာမိုရ် | ....... ၃၀၂ |
| ဂန္ဓာရီဝိဇ္ဇာဖြစ်နည်း | ....... ၃၀၃ |
| လောကီယဝိဇ္ဇာ | ....... ၃၀၃ |
| အရိယဝိဇ္ဇာ | ....... ၃၀၃ |
| သာသနာခေတ်၌သာ အရိယဝိဇ္ဇာဖြစ်နိုင်ခြင်း | ....... ၃၀၃ |
| အရိယဝိဇ္ဇာခေတ် | ....... ၃၀၄ |
| သာသနာငါးထောင်ခေတ် | ....... ၃၀၄ |
| အရိယာဖြစ်ထိုက်သူ | ....... ၃၀၄ |
| အရိယဝိဇ္ဇာဖြစ်နိုင်သည့် ပဓာနိယင် အင်္ဂါ ၅-ပါး | ....... ၃၀၄ |
| ပထမအင်္ဂါ | ....... ၃၀၅ |
| ဒုတိယအင်္ဂါ | ....... ၃၀၅ |
| ပါစကတေဇောဓာတ် ဖောက်ပြန်ပုံ | ....... ၃၀၆ |
| ကာလသမ္ပတ္တိအခါ၌ ပါစကတေဇောဓာတ် ကောင်းခြင်း | ....... ၃၀၆ |
| တိယေဝ | ....... ၃၀၇ |
| ရသာယန အဓိပ္ပာယ် | ....... ၃၀၇ |
| အသက်ရှည်၍ ချမ်းသာပွားနည်း | ....... ၃၀၇ |
| ဘုရားရှင်၏ အဆုံးအမ အသက်ရှည်နည်း | ....... ၃၀၇ |
| အသက်ရှည်ရန် အားထုတ်သင့် မသင့် | ....... ၃၀၈ |
| ဝိပဿနာဉာဏ်ဖြင့် ဥပါဒါန်ကို ဖြတ်ပုံ | ....... ၃၀၈ |
| တတိယအင်္ဂါ | ....... ၃၀၈ |
| စိတ်နှလုံး ဖြောင့်မတ်စင်ကြယ်ခြင်း | ....... ၃၀၈ |
| စတုတ္ထအင်္ဂါ | ....... ၃၀၉ |
| ဝီရိယထက်သန်ခြင်း | ....... ၃၀၉ |
| မြွေဆိပ်တက်နေသူ ဥပမာနှင့် ကာမဂုဏ်ကိလေသာအဆိပ် | ....... ၃၀၉ |
| ကိလေသာအဆိပ်မှ ထွက်မြောက်ပုံ အဆင့်ဆင့် | ....... ၃၁၀ |
| ပဉ္စမအင်္ဂါ | ....... ၃၁၁ |
| ဝိပဿနာပညာရှိခြင်း | ....... ၃၁၁ |
| တိဟိတ်ပုဂ္ဂိုလ်သာ ရထိုက်သောအင်္ဂါ | ....... ၃၁၁ |
| ပဓာနမည်သော ဝီရိယအင်္ဂါ ၄-ပါး | ....... ၃၁၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပစ္စနနှင့် ပစ္စနိယဂ်၏ အဓိပ္ပာယ် | ....... | ၃၁၂ |
| အရိယဝိဇ္ဇာဖြစ်ရန် နည်းလမ်း | ....... | ၃၁၃ |
| အကျဉ်းချုပ် မာတိကာ ၁၀-ပါး | ....... | ၃၁၃ |
| မဟာဘုတ် ၄-ပါး | ....... | ၃၁၃ |
| ပသာဒရုပ် ၆-ပါး | ....... | ၃၁၃ |
| တေဇောဓာတ်မီး ၁၀-ပါး | ....... | ၃၁၃ |
| အာဟာရဓာတ်အဆီ ၁၀-ပါး | ....... | ၃၁၃ |
| ဇာတိဓမ္မ | ....... | ၃၁၃ |
| ဇရာဓမ္မ | ....... | ၃၁၃ |
| မရဏဓမ္မ | ....... | ၃၁၃ |
| အနိစ္စလက္ခဏာ | ....... | ၃၁၃ |
| ဒုက္ခလက္ခဏာ | ....... | ၃၁၃ |
| အနတ္တလက္ခဏာ | ....... | ၃၁၃ |
| ၁-ပထမ မာတိကာ မဟာဘုတ် ၄-ပါး လက္ခဏာ | ....... | ၃၁၃ |
| ပထဝီ | ....... | ၃၁၄ |
| အာပေါ | ....... | ၃၁၄ |
| တေဇော | ....... | ၃၁၄ |
| ဝါယော | ....... | ၃၁၄ |
| ပထဝီဓာတ်ကို ဝိပဿနာရှုပွားပုံ | ....... | ၃၁၄ |
| ပထဝီဓာတ်၏ အမာခံသတ္တိ အာဂမယုတ္တိ | ....... | ၃၁၄ |
| ပထဝီဓာတ်နှင့် ဝါယောတို့၏ ဆောင်ရွက်ချက် သဘာဝယုတ္တိ | ....... | ၃၁၅ |
| ပထဝီဓာတ်၏ ခက်မာခဲ့ကျန်းမှုသဘော အဆင့်ဆင့် | ....... | ၃၁၆ |
| ပထဝီဓာတ်ကို ပရမတ်သဘောဖြင့် ရှုကြည့်ပုံ | ....... | ၃၁၆ |
| ဝတ္ထုအထည်ဒြပ် ဖြစ်လာပုံအဆင့်ဆင့် | ....... | ၃၁၆ |
| မြေဓာတ်၏ ကိစ္စကြီးကျယ်ပုံ | ....... | ၃၁၇ |
| သဏ္ဌာနပညတ်ပယ်နိုင်ရန် သတိပြု | ....... | ၃၁၇ |
| ရှင်အာနန္ဒာ သောတာပန်ဖြစ်သည့် ကမ္မဋ္ဌာန်းနည်း | | |
| သာကေယုတ္တိ | ....... | ၃၁၇ |
| မြေဓာတ်ကိုရှုပုံ | ....... | ၃၁၇ |
| အာပေါဓာတ်လက္ခဏာကို စိစစ် ရှုဆင်ခြင်ပုံ | ....... | ၃၁၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာပေါဓာတ်၏ ဖွဲ့စည်းမှုနှင့် ယိုစီးမှုသတ္တိ | ....... | ၃၁၈ |
| ရေဓာတ် အာပေါဓာတ်၏ ဖွဲ့စည်းမှုကျေးဇူး | ....... | ၃၁၉ |
| ရေဓာတ်၌ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုပုံ | ....... | ၃၂၀ |
| တေဇောဓာတ်ကို စိစစ်ရှု ဆင်ခြင်ပုံ | ....... | ၃၂၀ |
| တေဇောဓာတ် | ....... | ၃၂၀ |
| တေဇောဓာတ်၏ ကိစ္စနှင့် ကြက်မဥပမာ | ....... | ၃၂၀ |
| သီတတေဇောဓာတ်၏ အစီးအပွား | ....... | ၃၂၁ |
| တေဇောဓာတ်၌ ဝိပဿနာဉာဏ်ဖြစ်အောင်ရှုပုံ | ....... | ၃၂၁ |
| ဝါယောဓာတ်ကို စိစစ်ရှု ဆင်ခြင်နည်း | ....... | ၃၂၂ |
| တေဇောဓာတ်ကို ဝါယောဓာတ်က ထောက်ပံ့ပုံ | ....... | ၃၂၂ |
| ဝါယောဓာတ်သည် ကြွင်းမဟာဘုတ် ၃–ပါး၏အင်အားမည်ခြင်း | ....... | ၃၂၂ |
| ဝါယောဓာတ်၏ ထောက်ကန်ချီးပင့်မှုသဘော | ....... | ၃၂၂ |
| ဝါယောဓာတ်က ပြန့်ပွားအောင် ထောက်ပံ့ပုံ | ....... | ၃၂၂ |
| ပထဝီစသည် ဓာတ်ကြီး ၄–ပါး၏ အချင်းချင်း မှီတွယ်ကြ ကျေးဇူးပြုကြပုံ | ....... | ၃၂၃ |
| မဟာဘုတ်လက္ခဏာ ၄–ပါး | ....... | ၃၂၃ |
| တေဇောဓာတ်နှင့် ဝါယောဓာတ်တို့တွဲဖက် | ....... | ၃၂၄ |
| လေဓာတ်က ပထဝီစသောဓာတ်တို့ကို ထောက်ပံ့ခြင်း | ....... | ၃၂၄ |
| မဟာဘုတ် ဓာတ်ကြီး ၄–ပါးတို့၏ တန်ခိုးကြီးမားပုံ | ....... | ၃၂၄ |
| လမ်းသုံးသွယ် | ....... | ၃၂၄ |
| တေဇောဓာတ် အချုပ်အခြာဖြစ်ပုံ | ....... | ၃၂၄ |
| ၂–ဒုတိယ မာတိကာ ဒွာရ ၆–မျိုးနှင့် အကြည်ဓာတ် ၆–ပါး | ....... | ၃၂၅ |
| မှန်ဟူသောစကား ဖြစ်ပေါ်လာပုံ | ....... | ၃၂၅ |
| ဓာတ်မှန် ၂–မျိုး | ....... | ၃၂၅ |
| ဓာတ်မှန် ၆–မျိုး | ....... | ၃၂၅ |
| ဓာတ်မှန် ၆–ပါး၏ တည်ရာနှင့် ဒွါရမည်ပုံ | ....... | ၃၂၅ |
| ဒွါရအဓိပ္ပာယ် | ....... | ၃၂၆ |
| ဒွါရ ၂–မျိုး | ....... | ၃၂၆ |
| အာကာသဒွါရ | ....... | ၃၂၆ |
| မဏ္ဍာဒွါရ | ....... | ၃၂၆ |
| မဏ္ဍာဒွါရ ကိစ္စ | ....... | ၃၂၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အကြည်စာတ်၆-ပါးကို ဥပမာဖြင့် ရှုနည်း | ....... | ၃၂၆ |
| အာကာသတံခါး | ....... | ၃၂၆ |
| ကမ္မဇစာတ်မှန်အကြည် မဏ္ဍာတံခါး ၆ ပေါက် | ....... | ၃၂၇ |
| ဓာတ်မှန် ၆ မျိုးကိစ္စ ဥပမာ | ....... | ၃၂၇ |
| ခန္ဓာအိမ်အတွင်း မနောဓာတ်အကြည်ကို ပြခြင်း | ....... | ၃၂၇ |
| စိတ်ကြည်လင်ပုံ အဆင့်ဆင့် | ....... | ၃၂၈ |
| သဗ္ဗညု မနောအကြည်ဓာတ် | ....... | ၃၂၈ |
| ပဥ္စာရုံသည် ပသာဒရုပ်ဒွါရနှင့် မနောဒွါရ ၂ ပါးတို့၌ တစ်ပြိုင်နက် ထင်ခြင်း | ....... | ၃၂၈ |
| စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဉ်ဓာတ် ၃ ပါး ရှုနည်း ပသာဒအကြည်နှင့် မနောဓာတ်အကြည်တို့၌ | ....... | ၃၂၉ |
| အာရုံတစ်ပြိုင်နက်ထင်ပုံ ဥပမာ | ....... | ၃၂၉ |
| အာရုံကွယ်ပျောက်ခြင်း၌ ဓာတ်ပေါက်အောင်ရှုပုံ | ....... | ၃၂၉ |
| စက္ခုနှင့် မနော၌ အရိပ်ပြိုင်တူ ထင်ပုံ | ....... | ၃၃၀ |
| သောတပသာဒ၊ သဒ္ဒါရုံ၊ သောတဝိညာဉ်တို့ကို ရှုဆင်ခြင်ပုံ | ....... | ၃၃၀ |
| ဒွါရနှစ်ခု၌ သဒ္ဒါရုံ တစ်ပြိုင်နက်ထင်ပုံ | ....... | ၃၃၀ |
| ဃာနပသာဒ-ဂန္ဓာရုံ-ဃာနဝိညာဉ်တို့ကို ရှုပွားပုံ | ....... | ၃၃၁ |
| ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဉ်တို့ကို ရှုပုံ | ....... | ၃၃၁ |
| ကာယပသာဒ တည်နေရာ | ....... | ၃၃၁ |
| ကာယအကြည်နှင့် မနောအကြည် ၂ ခုတို့၌ မရှေးမနှောင်း တစ်ပြိုင်နက် အာရုံထင်ပုံ | ....... | ၃၃၂ |
| မနောဓာတ်၊ ဓမ္မာရုံ၊ မနောဝိညာဉ်တို့ကို ရှုဆင်ခြင်ပုံ | ....... | ၃၃၂ |
| မနောဓာတ်သည် ဘဝင်စိတ် | ....... | ၃၃၂ |
| ဘဝင်စိတ်၏ အာရုံ | ....... | ၃၃၂ |
| ၃-တတိယမာတိကာ | ....... | ၃၃၃ |
| ဥတု-တေဇောဓာတ်၏သဘောကို ရှုဆင်ခြင်ပုံ | ....... | ၃၃၃ |
| ဥတုအဓိပ္ပာယ် | ....... | ၃၃၃ |
| ဥတုသည် တေဇောဓာတ်ဖြစ်ခြင်း | ....... | ၃၃၄ |
| ဩကာသလောကကို တေဇောဓာတ် ဥတုက ဖန်တီးခြင်း | ....... | ၃၃၄ |
| တေဇောဓာတ်၏ ဆောင်ရွက်ချက်သတ္တိ | ....... | ၃၃၄ |

| **အကြောင်းအရာ** | | **စာမျက်နှာ** |
|---|---|---|
| မီးဓာတ်က သက်တမ်းကို ပြုပြင်ပုံ | ....... | ၃၃၄ |
| အသက်တမ်း ရှည်မှု၊ တိုမှု | ....... | ၃၃၄ |
| ဓာတ် နိယာမ | ....... | ၃၃၅ |
| သင်္ခါရလောကနှင့် တေဇောဓာတ် | ....... | ၃၃၆ |
| တေဇောဓာတ်အမျိုးမျိုး | ....... | ၃၃၆ |
| အဇ္ဈတ္တဓာတ်မီး ၄–ပါး | ....... | ၃၃၆ |
| တေဇောဓာတ်မီးနှင့်ရာသီ | ....... | ၃၃၇ |
| ဓာတ်မီး ၁၀–မျိုး | ....... | ၃၃၇ |
| ရုပ်အစုအခဲတို့၌ ဖြစ်ပျက်ရှုပုံ | ....... | ၃၃၇ |
| ဖြစ်ပျက် ဆင်ခြင်ရာ၌ အနှောင့်အယှက် | ....... | ၃၃၈ |
| သမူဟနှင့် သဏ္ဍာနပညတ် | ....... | ၃၃၈ |
| သန္တတိပညတ် စသည်နှင့် ပရမတ်ကို ကွဲအောင်ရှုပုံ | ....... | ၃၃၈ |
| ဥတုနှင့် တေဇော သဘော ထပ်တူဖြစ်ခြင်း | ....... | ၃၃၈ |
| ၄–စတုတ္ထ မာတိကာ အာဟာရ သြဇာဓာတ်ဆီ | ....... | ၃၃၉ |
| သြဇာမည်ပုံနှင့် အာဟာရမည်ပုံ | ....... | ၃၃၉ |
| သြဇာဓာတ်ဆီ ၂–ပါး | ....... | ၃၃၉ |
| သြဇာဓာတ်ဆီ ၁၀–ပါး | ....... | ၃၃၉ |
| ဖြစ်စေခြင်းကိစ္စ | ....... | ၃၃၉ |
| အသက်မွေးမှု ဝမ်းရေးကြီးကျယ်ပုံ | ....... | ၃၄၀ |
| စို့ သက်တံ ဥပမာ၌ ဖြစ်ပျက်ရှုပုံ | ....... | ၃၄၀ |
| ဥပမာ ဥပမေယျ ဟပ်ပြပုံ | ....... | ၃၄၁ |
| ခန္ဓာကြီး ချုပ်ပျက်ပုံ | ....... | ၃၄၁ |
| သြဇာဓာတ်ဆီက ခန္ဓာကိုယ်ကို ထောက်ပံ့ပုံ | ....... | ၃၄၂ |
| ရုပ်ကလာပ်တိုင်း၌ သြဇာပါပုံ | ....... | ၃၄၂ |
| မီးစာတိုင် ဥပမာဖြင့် ခန္ဓာကိုယ်၌ ဖြစ်ပျက်ပုံ | ....... | ၃၄၂ |
| ရုပ်ဟူသမျှ၌ သြဇာဓာတ်ဆီပါခြင်း | ....... | ၃၄၃ |
| အိမ်အိုနှင့် ထောက်တိုင် ဥပမာ | ....... | ၃၄၃ |
| အာဟာရသြဇာ လိုအပ်ပုံ | ....... | ၃၄၃ |
| ရုပ် ခန္ဓာ ပျက်ပုံနှင့် ဥပမာများ | ....... | ၃၄၄ |
| ရုပ်ခဲတွေ ပျက်ပုံ | ....... | ၃၄၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ပျက်ပုံ | ....... | ၃၄၄ |
| အာဟာရ၏ ထောက်ပံ့မှု | ....... | ၃၄၄ |
| ဝမ်းမီးကျိုချက်မှုကို ပြခြင်း | ....... | ၃၄၅ |
| ပါစကတေဇောတည်ရာ တကျည်းဟုခေါ်သော | | |
| အကြောဆုံ ဓာတ်မီးအိုး | ....... | ၃၄၅ |
| ဥသ္မာတေဇော | ....... | ၃၄၅ |
| ပါစကတေဇောခေါ် ဝမ်းမီးကျိုချက်မှုကြောင့် ရုပ်ဝတ္ထု | | |
| ၄ – မျိုးဖြစ်ခြင်း | ....... | ၃၄၅ |
| ကျင်ကြီး ကျင်ငယ်အစု | ....... | ၃၄၅ |
| သြဇာဓာတ် ပျံ့နှံ့ပုံ | ....... | ၃၄၆ |
| ပါစကဓာတ်မီးနှင့် ကျန်းမာရေး | ....... | ၃၄၆ |
| ပါစက တေဇောဓာတ်မီး၏ သတ္တိကြောင့် အသက်တို–ရှည် ဖြစ်ရပုံ | ....... | ၃၄၆ |
| ၅–ပဥ္စမ မာတိကာ | ....... | ၃၄၇ |
| အသစ် အသစ် မစဲဖြစ်ခြင်းဟူသော ဇာတိဓမ္မ | ....... | ၃၄၇ |
| အဟောင်းကွယ်ပျောက်ပြီး အသစ်ပေါ်ပုံ | ....... | ၃၄၇ |
| ဖြစ်မှု ပျက်မှု ဉာဏ်ဖြင့်ရှု | ....... | ၃၄၇ |
| တေဇောဓာတ်မီးကြောင့် ရုပ်တွေပျက်ပုံ | ....... | ၃၄၈ |
| မီးကြောင့် ပျက်ပုံ ဥပမာ | ....... | ၃၄၈ |
| အပျက်မြင်မှအသစ်ဖြစ်မှုကို မြင်နိုင်ခြင်း | ....... | ၃၄၈ |
| ဆီမီးတောက်လောင်ပုံ ဥပမာ | ....... | ၃၄၈ |
| အသက်မွေးမှု အလုပ်ကြီး ပေါ်ပေါက်လာပုံ | ....... | ၃၄၉ |
| ဝမ်းကျောင်းမှု ကြီးကျယ်ပုံနှင့် ပကတိဇာတိအသစ် ဖြစ်ပေါ်ပုံကို ရှုပုံ | ....... | ၃၄၉ |
| ဝိကတိ ဇာတိ | ....... | ၃၅၀ |
| ဇာတိ | ....... | ၃၅၀ |
| ကဋ္ဌမုခမြွေ ပထဝီဓာတ် | ....... | ၃၅၀ |
| ယမ်းမီးဒုန်း ဥပမာ | ....... | ၃၅၁ |
| ဇာတိသစ် ရုပ်သစ်ဖြစ်ပေါ်ခြင်းကို ရှုနည်း | ....... | ၃၅၁ |
| အသစ်ပေါ် အဟောင်းပျောက် | ....... | ၃၅၁ |
| ဝိကတိ ဇာတိဒုက္ခ | ....... | ၃၅၂ |
| ချိပ်ခဲ၊ ဖယောင်းခဲ ဥပမာ | ....... | ၃၅၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အဘိဓမ္မာနည်း ရှုပုံ | ....... | ၃၅၂ |
| အနိစ္စဝိဇ္ဇာဉာဏ် | ....... | ၃၅၃ |
| မြွေလေးစင်း ဥပမာ | ....... | ၃၅၃ |
| ဝိပဿနာဉာဏ် အစစ်အမှန် | ....... | ၃၅၃ |
| ၆–ဆဋ္ဌမာတိကာ | ....... | ၃၅၄ |
| အိုမင်းရင့်ဆွေးခြင်းသဘော ဇရာဓမ္မ | ....... | ၃၅၄ |
| ၇–သတ္တမမာတိကာ | ....... | ၃၅၄ |
| သေပျောက်ချုပ်ပျက်ခြင်း မရဏဓမ္မ | ....... | ၃၅၄ |
| မရဏသဘောနှင့် ကြာရွက်ဥပမာ | ....... | ၃၅၄ |
| သန္တတိဇရာ | ....... | ၃၅၅ |
| ဉာဏ်မျက်စိဖြင့် မြင်ပုံ | ....... | ၃၅၅ |
| ကြာပန်းပမာ ကိုယ်ခန္ဓာ | ....... | ၃၅၆ |
| အသစ်မဖြစ်သောခဏ အဟောင်းမပျက်သောခဏဟူ၍ မရှိ | ....... | ၃၅၆ |
| ၈–အဋ္ဌမမာတိကာ မမြဲမှု အနိစ္စဓမ္မ | ....... | ၃၅၆ |
| အနိစ္စကြောင့် ဒုက္ခဖြစ်ခြင်း | ....... | ၃၅၇ |
| အနိစ္စလက္ခဏာ | ....... | ၃၅၇ |
| ၉–နဝမ မာတိကာ ဆင်းရဲမှု ဒုက္ခဓမ္မ | ....... | ၃၅၈ |
| ဒုက္ခ ၃–မျိုး | ....... | ၃၅၈ |
| ဒုက္ခ ဒုက္ခ | ....... | ၃၅၈ |
| အနာဆိုးရှိသူ ညှော်ကြောက်သလို | ....... | ၃၅၈ |
| ခန္ဓာကိုယ်သည် အနာဆိုးနှင့်တူပုံ | ....... | ၃၅၈ |
| ကြောက်လန့်ဖွယ် ခန္ဓာကိုယ် | ....... | ၃၅၈ |
| သင်္ခါရ ဒုက္ခ | ....... | ၃၅၉ |
| ဝိပရိဏာမ ဒုက္ခ | ....... | ၃၅၉ |
| ထမင်းက သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ | ....... | ၃၅၉ |
| ထမင်းက ဝိပရိဏာမဒုက္ခဖြင့် နှိပ်စက်ပုံ | ....... | ၃၆၀ |
| ထမင်းက ဒုက္ခဒုက္ခဖြင့် နှိပ်စက်ပုံ | ....... | ၃၆၀ |
| ဝိပရိဏာနာမဒုက္ခကို မြင်အောင်ရှုပုံ | ....... | ၃၆၀ |
| သန္တတိ ဝိပရိဏာမ | ....... | ၃၆၁ |
| ခဏိက ဝိပရိဏာမ | ....... | ၃၆၁ |

**အကြောင်းအရာ** **စာမျက်နှာ**


နိမိတ် ၃-ပါး ....... ၃၈၈
ပရိကမ္မနိမိတ် ....... ၃၈၈
ဥဂ္ဂဟနိမိတ် ....... ၃၈၈
ပဋိဘာဂနိမိတ် ....... ၃၈၈
သမာဓိ ၃-ပါး ....... ၃၈၈
ပရိကမ္မဘာဝနာသမာဓိ ....... ၃၈၈
ဥပစာရသမာဓိ ....... ၃၈၈
အပ္ပနာသမာဓိ ....... ၃၈၈
ဥပစာရသမာဓိနှင့် ဥပစာရဈာန် ....... ၃၈၈
သတိပေးချက် ....... ၃၈၈
ပါဠိတော်နှင့် အဋ္ဌကထာ နှီးနှောပုံ ....... ၃၈၉
ဂဏနာနည်းနှင့် သတိမြဲစေပုံ ....... ၃၈၉
အနုဗန္ဓနာနည်း ....... ၃၉၀
အရှည် အတိုကို သိပုံ ....... ၃၉၀
ထိရာ၌ စိတ်ကို လွှတ်မထားရ ....... ၃၉၁
အထူးဖြစ်လာပုံ ....... ၃၉၁
ဥပစာရသမာဓိရပုံ ....... ၃၉၁
အာနာပါနကမ္မဋ္ဌာန်း ၇-ခန်း ....... ၃၉၂
ဒုတိယ စတုက္ကနည်း (ဈာန်အဆင့်ဆင့်ရပုံ) ....... ၃၉၃
၁။ ပထမခန်း ....... ၃၉၃
၂။ ဒုတိယခန်း ....... ၃၉၃
၃။ တတိယခန်း ....... ၃၉၃
၄။ စတုတ္ထခန်း ....... ၃၉၃
တတိယ စတုက္ကနည်း (အာနာပါနမှ ဝိပဿနာသို့ ကူးပုံ) ....... ၃၉၅
၁။ ပထမခန်း ....... ၃၉၅
၂။ ဒုတိယခန်း ....... ၃၉၅
၃။တတိယခန်း ....... ၃၉၅
၄။စတုတ္ထခန်း ....... ၃၉၅
စတုတ္ထ စတုက္ကနည်း (အာနာပါနမှ ဝိပဿနာသို့ ကူးပုံ) ....... ၃၉၆
၁။ ပထမခန်း ....... ၃၉၆

**အကြောင်းအရာ** **စာမျက်နှာ**

၂။ ဒုတိယခန်း ....... ၃၉၇
၃။တတိယခန်း ....... ၃၉၇
၄။စတုတ္ထခန်း ....... ၃၉၇
အာနာပါန ကမ္မဋ္ဌာန်းဖြင့် သတိပဋ္ဌာန် ၄–ပါး ပွားများမှုကိစ္စပြီးပုံ ....... ၃၉၈
ကာယာနုပဿနာ ....... ၃၉၈
ဝေဒနာနုပဿနာ ....... ၃၉၈
စိတ္တာနုပဿနာ ....... ၃၉၉
ဓမ္မာနုပဿနာ ....... ၃၉၉
အာနာပါနအလုပ်ဖြင့် ဗောဇ္ဈင် ၇–ပါးပွားများမှု ကိစ္စပြီးပုံ ....... ၃၉၉
၁။ သတိ သမ္ဗောဇ္ဈင် ....... ၃၉၉
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ....... ၄၀၀
၃။ ဝီရိယ သမ္ဗောဇ္ဈင် ....... ၄၀၀
၄။ ပီတိသမ္ဗောဇ္ဈင် ....... ၄၀၀
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ....... ၄၀၀
၆။ သမာဓိသမ္ဗောဇ္ဈင် ....... ၄၀၀
၇။ ဥပေက္ခာသမ္ဗောဇ္ဈင် ....... ၄၀၀
အာနာပါနအလုပ်ဖြင့် မဂ်ဖိုလ်တည်းဟူသော
ဝိဇ္ဇာဝိမုတ္တိသို့ရောက်နိုင်ပုံ ....... ၄၀၁
ဝိပဿနာတက်နည်း ....... ၄၀၁
နိဗ္ဗာန်၏အမည်များ ....... ၄၀၃
ဝိဝေကနိဿိတ ....... ၄၀၃
ဝဋ္ဋနိဿိတ ....... ၄၀၃
ဝဋ္ဋတရားဘက် ယိမ်းယိုင်တတ်ပုံ ....... ၄၀၄
ဝိဝဋ္ဋ ....... ၄၀၄
ဗောဓိပက္ခိယပြီးစီးပုံအဆင့်ဆင့် ....... ၄၀၄
နိဗ္ဗာန် ....... ၄၀၄
မဂ်ဖိုလ်ရမှ နိဗ္ဗာန်ရခြင်း ....... ၄၀၄
ဗောဇ္ဈင် ၇–ပါးပြည့်စုံမှ မဂ်ဖိုလ်ရခြင်း ....... ၄၀၄
သတိပဋ္ဌာန် ၄–ပါးရှိမှ ဗောဇ္ဈင် ၇–ပါးနှင့် ပြည့်စုံခြင်း ....... ၄၀၄
အာနာပါနအလုပ်လုပ်မှ သတိပဋ္ဌာန် ၄–ပါးရခြင်း ....... ၄၀၄

**အကြောင်းအရာ**　　　　**စာမျက်နှာ**


| | |
|---|---|
| အာနာပါနဿတိနှင့် ဝိသုဒ္ဓိ ၆–ပါး | ....... ၄၀၅ |
| ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် | ....... ၄၀၅ |
| ဝိပဿနာသို့တက်နိုင်သည့် လုပ်ငန်းအခြေခံများ | ....... ၄၀၅ |
| ဝိပဿနာတက်နည်း ၂–ပါး | ....... ၄၀၆ |
| ဝိပဿနာထူထောင်ပုံ ၂–ပါး | ....... ၄၀၆ |
| ရုပ်ဖြင့်စ၍ ဝိပဿနာထူထောင်ပုံ | ....... ၄၀၆ |
| နာမ်ဖြင့်စ၍ ဝိပဿနာထူထောင်ပုံ | ....... ၄၀၇ |
| ဝေဒနာနုပဿနာ | ....... ၄၀၇ |
| စိတ္တာနုပဿနာ | ....... ၄၀၇ |
| ဂဏနာမှ ဝိပဿနာသို့တက်ပုံ | ....... ၄၀၇ |
| ဝိပဿနာလုပ်ငန်း၌ အာနာပါနဿတိကို စတင်ပြုလုပ်ရခြင်း | ....... ၄၀၈ |
| ဝိဇ္ဇာဉာဏ် ၅–ပါး | ....... ၄၀၈ |
| ထွက်သက်ဝင်သက်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ | ....... ၄၀၈ |
| ထွက်သက်ဝင်သက်၌ ဓာတ်ကြီး ၄–ပါး ထင်ရှားမှုကိုရှုပုံ | ....... ၄၀၈ |
| ပထဝီဓာတ် | ....... ၄၀၈ |
| အာပေါဓာတ် | ....... ၄၀၉ |
| တေဇောဓာတ် | ....... ၄၀၉ |
| ဝါယောဓာတ် | ....... ၄၀၉ |
| ပရမတ္ထဉာဏ်ဖြစ်ခြင်း | ....... ၄၀၉ |
| သက္ကာယဒိဋ္ဌိဖြစ်ခြင်း | ....... ၄၀၉ |
| ရုပ်၌ သက္ကာယဒိဋ္ဌိဖြစ်ခြင်း သုတ်သင်ပုံ | ....... ၄၁၀ |
| နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် | ....... ၄၁၀ |
| နာမ်၌ သက္ကာယဒိဋ္ဌိ သုတ်သင်ပုံ | ....... ၄၁၁ |
| ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင် | ....... ၄၁၂ |
| ပဓာနဓာတ်ကြီး ငါးပါး | ....... ၄၁၃ |
| မှာထားချက် | ....... ၄၁၄ |
| **ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်** | **၄၁၅–၄၅၄ ထိ** |
| ဓာတုကမ္မဋ္ဌာန ပါဠိတော် | ....... ၄၁၇ |
| ဥဒ္ဒေသ | ....... ၄၁၇ |
| ပထဝီကာယနိဒ္ဒေသ (ပထဝီကောဋ္ဌာသ – ၂၀) | ....... ၄၁၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အာပေါကာယနိဒ္ဒေသ (အာပေါကောဋ္ဌာသ – ၁၂) | ....... ၄၁၇ |
| တေဇောကာယနိဒ္ဒေသ (တေဇောကောဋ္ဌာသ – ၄) | ....... ၄၁၈ |
| ဝါယောကာယနိဒ္ဒေသ (ဝါယောကောဋ္ဌာသ – ၆) | ....... ၄၁၈ |
| ဝိညာဏကာယနိဒ္ဒေသ | ....... ၄၁၈ |
| ပထဝီကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၁၈ |
| အာပေါကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၁၈ |
| တေဇောကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၁၉ |
| နိဂမ | ....... ၄၁၉ |
| ဝါယောကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၂၀ |
| ဝိညာဏကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၂၀ |
| ဥယျောဇဉ် | ....... ၄၂၀ |
| ဓာတ်ကမ္မဋ္ဌာန်းအနက် ဥဒ္ဒေသ | ....... ၄၂၀ |
| ပထဝီကာယနိဒ္ဒေသ | ....... ၄၂၀ |
| အာပေါကာယနိဒ္ဒေသ | ....... ၄၂၁ |
| တေဇောကာယနိဒ္ဒေသ | ....... ၄၂၂ |
| ဝါယောကာယနိဒ္ဒေသ | ....... ၄၂၂ |
| ဝိညာဏကာယနိဒ္ဒေသ | .... ... ၄၂၂ |
| ပထဝီကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၂၃ |
| အာပေါကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၂၆ |
| တေဇောကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၂၉ |
| ဝါယောကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၃၂ |
| ဝိညာဏကာယ ဘာဝနာပဋ္ဌိနိဒ္ဒေသ | ....... ၄၃၄ |
| နိဂုံး | ....... ၄၃၆ |
| တိုက်တွန်းခြင်း ဥယျောဇဉ် | ....... ၄၃၇ |
| ဓာတ်ကြီးလေးပါး လက္ခဏာဆောင်ပုဒ် | ....... ၄၃၈ |
| ဆောင်ပုဒ်အဓိပ္ပာယ် | ....... ၄၃၈ |
| (၁) ပထဝီဓာတ် လက္ခဏာ | ....... ၄၃၈ |
| (၂) အာပေါဓာတ် လက္ခဏာ | ....... ၄၃၈ |
| (၃) တေဇောဓာတ် လက္ခဏာ | ....... ၄၃၈ |
| (၄) ဝါယောဓာတ် လက္ခဏာ | ....... ၄၃၉ |

**အကြောင်းအရာ** **စာမျက်နှာ**


(၅) ရုပ်ဓာတ် ၄-ပါး ....... ၄၃၉
ပထဝီဓာတ်နှင့် အာပေါဓာတ် ၂-ပါး တွဲစပ်ပုံ ....... ၄၃၉
ဆံပင်၌ ဓာတ် ၈-ပါး ခွဲနည်း ....... ၄၄၁
အရင်းခံ ရုပ်ဓာတ် ၈-ပါး ....... ၄၄၂
ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းချုပ် ....... ၄၄၂
သန္တတိ ....... ၄၄၂
ပဋိစ္စသမုပ္ပန္န ....... ၄၄၂
ခယ ....... ၄၄၃
ဝယ ....... ၄၄၃
ဝိရာဂ ....... ၄၄၃
နိရောဓ ....... ၄၄၄
အနိစ္စ ....... ၄၄၄
အနတ္တ ....... ၄၄၅
နိပ္ဖန္နရုပ် ၁၈-ပါး ....... ၄၄၆
ကောဋ္ဌာသတို့၌ ရုပ်ကလာပ်ခွဲနည်း ....... ၄၄၆
မဟာဘုတ် ၄-ပါး ....... ၄၄၆
ပသာဒရုပ် ၅-ပါး ....... ၄၄၆
ဂေါစရရုပ် ၅-ပါး ....... ၄၄၆
ဘာဝ ဟဒယ ဇီဝ သြဇာ ....... ၄၄၇
အနိပ္ဖန္နရုပ် ၁၀-ပါး ....... ၄၄၇
ရုပ် ၂၈-ပါး ကလာပ်ဖွဲ့ပုံ ....... ၄၄၈
ကမ္မဇကလာပ် ၉-စည်း ....... ၄၄၈
စိတ္တဇကလာပ် ၈-စည်း ....... ၄၄၉
ဥတုဇကာပ် ၄-စည်း ....... ၄၅၀
အာဟာရဇကလာပ် ၂-စည်း ....... ၄၅၀
ကလာပ် ၂၃-စည်း ....... ၄၅၀
ကောဋ္ဌာသတို့၌ သမုဋ္ဌာန်ခွဲနည်း ....... ၄၅၁
ရောဂါဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်စေတတ်သော အန္တရာယ်ကင်း
ဂါထာပါဠိ အနက် ....... ၄၅၂
အနတ္တဒီပနီ ....... ၄၅၅
အဘိယာစကနှင့် ပဋိညာဉ် ....... ၄၅၇

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥယျောဇဉ် | ....... ၄၅၈ |
| ကာယဂတာသတိ | ....... ၄၅၈ |
| ဣရိယာပထသမ္ပဇည | ....... ၄၅၉ |
| သွားခြင်း၌ သတိပြုပုံ | ....... ၄၅၉ |
| ရပ်ခြင်း၌ သတိပြုပုံ | ....... ၄၅၉ |
| ထိုင်ခြင်း၌ သတိပြုပုံ | ....... ၄၅၉ |
| အိပ်ခြင်း၌ သတိပြုပုံ | ....... ၄၆၀ |
| ဣန္ဒြိယ သံဝရသီလ | ....... ၄၆၀ |
| ကိုယ်အမူအရာစုတိုင်း သတိပြု | ....... ၄၆၁ |
| အသမ္မောဟသမ္ပဇည | ....... ၄၆၁ |
| အဋ္ဌကထာလာ ဣရိယာပထ | ....... ၄၆၁ |
| လိုရင်း သံဝရ နှစ်ပါး | ....... ၄၆၁ |
| ပုဗ္ဗာဘာဂသတိ | ....... ၄၆၂ |
| ဝိပဿနာမှု | ....... ၄၆၂ |
| ဝေဒနာကမ္မဋ္ဌာန်း | ....... ၄၆၃ |
| ဉာတပရိညာ | ....... ၄၆၃ |
| တီရဏပရိညာ | ....... ၄၆၃ |
| ပဟာနပရိညာ | ....... ၄၆၃ |
| မိစ္ဆာဝိပလ္လာသ တရား ၉–ပါး | ....... ၄၆၄ |
| မိစ္ဆာသညာ ၃–ပါး | ....... ၄၆၄ |
| မိစ္ဆာစိတ္တ ၃–ပါး | ....... ၄၆၄ |
| မိစ္ဆာဒိဋ္ဌိ ၃–ပါး | ....... ၄၆၄ |
| မိစ္ဆာဝိပလ္လာသ ဓမ္မ ၃–ပါးဖြစ်ပုံအထူး | ....... ၄၆၄ |
| စိတ်အမြင် မှောက်မှားပုံ | ....... ၄၆၄ |
| ဒိဋ္ဌိမှောက်မှားပုံ | ....... ၄၆၅ |
| သညာ မှောက်မှားပုံ | ....... ၄၆၅ |
| ဝိပဿနာဆေးဖြင့် ပျောက်ငြိမ်းရသော အနာများ | ....... ၄၆၅ |
| မိစ္ဆာဂါဟ ၃–ပါး | ....... ၄၆၅ |
| ဂါဟ | ....... ၄၆၅ |
| မိစ္ဆာနှင့်ဂါဟ ပြယ်ပျောက်ပုံ | ....... ၄၆၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပရိညာ ၃–ပါး အစီအရင် | ....... | ၄၆၇ |
| ဉာတပရိညာ အစီအရင် | ....... | ၄၆၇ |
| သိဖွယ် ၅–ပါး | ....... | ၄၆၇ |
| ဝေဒနာအပြား ၅–ပြားနှင့် ဒုက္ခဝေဒနာ | ....... | ၄၆၇ |
| ဒုက္ခသဘော ထင်ရှားခြင်း | ....... | ၄၆၇ |
| ကြောက်ဖွယ်ဒုက္ခစာတ် | ....... | ၄၆၇ |
| ဒုက္ခဝေဒနာ ဖြစ်ရာဌာန | ....... | ၄၆၈ |
| ဒုက္ခဓာတ်မိမှ ဉာဏ်ဖြစ်နိုင် | ....... | ၄၆၈ |
| ဒေါမနဿ ဝေဒနာ | ....... | ၄၆၈ |
| ဒေါမနဿ သဘော ထင်ရှားခြင်း | ....... | ၄၆၉ |
| ကြောက်ဖွယ် ဒေါမနဿ | ....... | ၄၆၉ |
| သုခဝေဒနာ | ....... | ၄၆၉ |
| အလွန်ဆုံး သုခရသ | ....... | ၄၇၀ |
| သုခဓာတ်မိမှ ဉာဏ်ဖြစ်နိုင် | ....... | ၄၇၀ |
| သောမနဿ ဝေဒနာနှင့် ဥပေက္ခာဝေဒနာ | ....... | ၄၇၀ |
| အကြောင်းကြောင့် အကျိုးဖြစ်လာပုံ | ....... | ၄၇၁ |
| ဖဿကြောင့် ဝေဒနာဖြစ်လာပုံ | ....... | ၄၇၁ |
| ကြံရည်ပုံသို့ | ....... | ၄၇၁ |
| ဖဿ ၁၈–ပါး | ....... | ၄၇၁ |
| ဖဿ၊ ဝေဒနာ ၃–ပါးစီ | ....... | ၄၇၂ |
| ဖဿ၊ ဝေဒနာ ၂–ပါးစီ | ....... | ၄၇၂ |
| ဝိညာဏ်ဟူသော အသိဓာတ် ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၃ |
| ပဋိစ္စသမုပ္ပါဒ်ဉာဏ် | ....... | ၄၇၃ |
| မီးခတ်ကျောက်နှင့် မီးပွင့်ဥပမာ | ....... | ၄၇၃ |
| အသံဓာတ် ဥပမာ | ....... | ၄၇၃ |
| ဖဿဓာတ် ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၄ |
| မန်ကျည်းသီးမှည့် ဥပမာ | ....... | ၄၇၄ |
| ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၄ |
| ဒုက္ခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၅ |
| ဝေဒနာချည်းလုပ်၍ရှု | ....... | ၄၇၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မိုးပေါ်ကျ ဒုက္ခဝေဒနာ | ....... | ၄၇၅ |
| မိစ္ဆာတရား၊ ဂါဟတရား စွဲကပ်ပုံ | ....... | ၄၇၅ |
| နိစ္စသညာ | ....... | ၄၇၅ |
| အတ္တသညာ | ....... | ၄၇၅ |
| ဒုက္ခဝေဒနာ ပိုင်အောင်ကြည့် | ....... | ၄၇၆ |
| သုခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၆ |
| သုခဝေဒနာ ဖြစ်ပုံ ချုပ်ပုံ | ....... | ၄၇၇ |
| သောမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၇ |
| သောမနဿဇောစိတ် | ....... | ၄၇၇ |
| အသိမှောက်များ | ....... | ၄၇၈ |
| ပဋိစ္စသမုပ္ပါဒ်သဘောနှင့် သိမြင်ပုံ | ....... | ၄၇၈ |
| ဒေါမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် | ....... | ၄၇၉ |
| ဥပေက္ခာဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် | ....... | ၄၈၀ |
| ဝေဒနာ၏ အဿာဒနှင့် အာဒီနဝ | ....... | ၄၈၀ |
| သာယာမှု မသာယာမှု | ....... | ၄၈၀ |
| အဿာဒ လောကဓံ | ....... | ၄၈၀ |
| လောကဓံရှစ်ပါး | ....... | ၄၈၀ |
| အာဒီနဝ လောကဓံ | ....... | ၄၈၀ |
| လောကဓံနှင့် တွေ့ကြုံမြဲ | ....... | ၄၈၁ |
| ရှေ့နောက် အာဒီနဝ ညှပ်လျက်ရှိခြင်း | ....... | ၄၈၁ |
| ရှေ့နောက် ဒုက္ခနှိပ်စက်ပုံ | ....... | ၄၈၂ |
| ကမ္ဘာ၏ အဿာဒ အာဒီနဝ စသည် | ....... | ၄၈၂ |
| အဿာဒမက်လျှင် အာဒီနဝ နှိပ်စက်ခံရမြဲ | ....... | ၄၈၃ |
| သူသတ်ယောက်ျား ဥပမာ | ....... | ၄၈၄ |
| ရှေ့ဘေးနောက်ဘေး | ....... | ၄၈၄ |
| ငါးမျှား ဥပမာ | ....... | ၄၈၅ |
| ဝဋ်နာ စွဲကပ်သူ ဥပမာ | ....... | ၄၈၆ |
| ဓမ္မတဏှာ | ....... | ၄၈၆ |
| ဝေဒနာငါးပါးတို့၏ ဒုက္ခသစ္စာ အခြင်းအရာ | ....... | ၄၈၇ |
| စေတနာ | ....... | ၄၈၇ |

**အကြောင်းအရာ** **စာမျက်နှာ**


သောဓနော ....... ၄၈၇
ခံစားခြင်း ၃–မျိုး ....... ၄၈၇
သုခစစ် သုခမှန် ....... ၄၈၈
ခံစားရခြင်းသုခသည် ဒုက္ခသာ ....... ၄၈၈
ခံစားခြင်းသုခမှာ ဒုက္ခရောယှက်နေပုံ ....... ၄၈၈
လူ့ချမ်းသာမှာ ဒုက္ခ စသည်ရောယှက်နေပုံ ....... ၄၈၈
လူ့ချမ်းသာမှာ ဇရာဒုက္ခ စသည်ရောယှက်နေပုံ ....... ၄၈၉
အပါယ်ဘေး ရောယှက်နေပုံ ....... ၄၈၉
နတ်ချမ်းသာမှာ ဒုက္ခရောယှက်နေပုံ ....... ၄၈၉
တီရဏ ပရိညာသုံးပါး အစီအရင် ....... ၄၉၀
အနိစ္စပရိပညာ ....... ၄၉၀
ဒုက္ခဝေဒနာ၌ ရှုပုံ ....... ၄၉၁
ခြေဖဝါး၌ ဝေဒနာဖြစ်ပျက်ရှု ....... ၄၉၁
ဓမ္မဝ ဝတ္တာနုဉာဏ် ....... ၄၉၁
ပစ္စယပရိဂ္ဂဟဉာဏ် ....... ၄၉၁
အနိစ္စလက္ခဏာ ထင်အောင်ရှု ....... ၄၉၁
အဖြစ်မြင်၍ အနိစ္စ ....... ၄၉၁
အပျက်မြင်၍ အနိစ္စ ....... ၄၉၂
ခြေဖမိုးမှ ဦးခေါင်းတိုင် ဝေဒနာ ဖြစ်ပျက်ရှု ....... ၄၉၂
သုခဝေဒနာ၌ရှုပုံ ....... ၄၉၃
သောမနဿဝေဒနာ၌ ရှုပုံ ....... ၄၉၄
ဖြစ်ပျက် မြင်အောင်ရှု ....... ၄၉၄
ဒေါမနဿဝေဒနာ၌ ရှုပုံ ....... ၄၉၅
ဥပေက္ခာဝေဒနာ၌ ရှုပုံ ....... ၄၉၆
ဖြစ်ပျက် မြင်အောင်ရှု ....... ၄၉၆
ဝေဒနာ ၂–ပါးပြိုင် မဖြစ် ....... ၄၉၆
အနိစ္စလက္ခဏာ ထင်မြင်နိုင်ရန် လိုလှပုံ ....... ၄၉၆
အနိစ္စထင် ဒုက္ခမြင် ....... ၄၉၆
ထန်းတက်သမား ဥပမာ ....... ၄၉၇
အပါယ်တံခါး ပွင့်နေပုံ ....... ၄၉၇

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အသက်မွေးမှု | ....... | ၄၉၈ |
| အနိစ္စဝမ္မ ချုပ်ပျောက်မြဲ | ....... | ၄၉၈ |
| ဝေဒနာသည် အနိစ္စ ဝိပရိဏာမဓမ္မ | ....... | ၄၉၉ |
| အနိစ္စထင် အနတ္တမြင် | ....... | ၄၉၉ |
| ဒုက္ခပရိညာ သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ | ....... | ၅၀၁ |
| ဝေဒနာမြင်အောင်ရှု | ....... | ၅၀၁ |
| သင်္ခါရဒုက္ခ မြင်အောင်ရှု | ....... | ၅၀၂ |
| သင်္ခါရဒုက္ခသဘော | ....... | ၅၀၂ |
| လူ့ချမ်းသာ နှိပ်စက်ပုံ | ....... | ၅၀၂ |
| ပုညကြိယာကို ဒုက္ခဆိုရခြင်းအကြောင်း | ....... | ၅၀၃ |
| မဂ်လာကျက်သရေမှု | ....... | ၅၀၃ |
| မနေသာ၍ ပြုကြသမျှ ဒုက္ခအစုသာ | ....... | ၅၀၃ |
| သုခသောမနဿဝေဒနာတို့၏ သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ | ....... | ၅၀၄ |
| နတ်ဗြဟ္မာချမ်းသာ သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ | ....... | ၅၀၅ |
| မဂ်ဖိုလ်သည် ဒုက္ခမဖြစ်ထိုက် | ....... | ၅၀၅ |
| သူဌေးဖြစ် ဥပမာ | ....... | ၅၀၆ |
| တစ်နပ်စာ ကုသိုလ်နှင့် ချမ်းသာများ | ....... | ၅၀၆ |
| သုခမှန် သုခဖြောင့် | ....... | ၅၀၇ |
| တစ်နပ်စာ သုခ | ....... | ၅၀၇ |
| ဒုက္ခဓမ္မမျိုး | ....... | ၅၀၈ |
| အငြိမ်းစား စခန်းဆိုက် | ....... | ၅၀၈ |
| ဝေဒနာတို့၏ ဝိပရိဏာမ ဒုက္ခ | ....... | ၅၀၈ |
| ဝိပရိဏာမ | ....... | ၅၀၈ |
| ဝိပရိဏာမ ၂–ပါး | ....... | ၅၀၈ |
| ခန္ဓာဟူသမျှ ဖောက်ပြန်မြဲ | ....... | ၅၀၈ |
| ဝိပရိဏာမဒုက္ခ ထင်ရှားခြင်း | ....... | ၅၀၉ |
| ဝိပရိဏာမ မီးအပူ | ....... | ၅၀၉ |
| ဒုက္ခတန်းလန်းနှင့် သေဆုံးရ | ....... | ၅၁၀ |
| အငြိမ်းစားရသူ | ....... | ၅၁၁ |
| ပုထုဇဉ်အမှု ဝိပရိဏာမ မီးစာဖြစ် | ....... | ၅၁၁ |

| **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|
| ဒုက္ခလက္ခဏာ ထင်မြင်နိုင်ခဲပုံ | ....... ၅၁၁ |
| ရဟာန္တာဖြစ်မှ ဒုက္ခအကုန်ထင် | ....... ၅၁၁ |
| အနတ္တပရိညာ | ....... ၅၁၃ |
| အနိစ္စမြင်သဖြင့် အနတ္တလက္ခဏာ ထင်ရှားပုံ | ....... ၅၁၃ |
| ဝေဒနာ၏ အနတ္တသဘော ထင်ရှားခြင်း | ....... ၅၁၃ |
| ဝေဒနာကို အတ္တဟု စွဲလမ်းပုံ | ....... ၅၁၄ |
| ဝေဒနာကို အနတ္တထင်ပုံ | ....... ၅၁၄ |
| ဒုက္ခမြင်သဖြင့် အနတ္တလက္ခဏာ ထင်ရှားပုံ | ....... ၅၁၅ |
| ဓာတုဒုက္ခ | ....... ၅၁၅ |
| မီးရှေဥပမာ | ....... ၅၁၅ |
| ဒုက္ခတွင်းကြီးသို့ ဆင်းပြန်ရ | ....... ၅၁၆ |
| လူ့ချမ်းသာ သုခဝေဒနာ နှိပ်စက်ပုံ | ....... ၅၁၇ |
| ဒုက္ခဒေါမနဿဝေဒနာ အနတ္တဖြစ်ပုံ | ....... ၅၁၇ |
| ပဋိစ္စသမုပ္ပါဒ်မြင်သဖြင့် အနတ္တလက္ခဏာ ထင်မြင်ပုံ | ....... ၅၁၈ |
| သစ်ပင်ရိပ် ဥပမာ | ....... ၅၁၈ |
| မှန်မျက်နှာရိပ် ဥပမာ | ....... ၅၁၉ |
| နာတာရှည်စွဲသူ ဥပမာ | ....... ၅၁၉ |
| နူနာစွဲသူ ဥပမာ | ....... ၅၁၉ |
| အာရုံနှင့် ပေါင်းဆုံမှ ဝေဒနာပေါ် | ....... ၅၂၀ |
| သူငယ်ရိပ် ဥပမာ | ....... ၅၂၀ |
| အနိစ္စနှင့် ပဋိစ္စသမုပ္ပါဒ် လိုရင်းပဓာန | ....... ၅၂၁ |
| အနတ္တထင်မြင်ခြင်း၏ အကျိုး | ....... ၅၂၂ |
| ဘဝအမျိုးမျိုးဖြစ်ခဲ့ရ | ....... ၅၂၂ |
| သက္ကာယဒိဋ္ဌိမပြုတ်သမျှ | ....... ၅၂၂ |
| ဗြဟ္မာကြီး အပါယ်ကျနိုင် | ....... ၅၂၃ |
| သက္ကာယဒိဋ္ဌိချုပ်ရကျိုး | ....... ၅၂၃ |
| သက္ကာယချုပ်ငြိမ်းက သာသနာမကွယ် | ....... ၅၂၄ |
| ပုတီးကုံး ဥပမာ | ....... ၅၂၄ |
| သီကြိုးနုတ်ပယ်ပြီး ပုတီးဥပမာ | ....... ၅၂၅ |
| မိုက်မဲလှ သက္ကာယဒိဋ္ဌိဆွဲငင်မှု | ....... ၅၂၅ |

**အကြောင်းအရာ** **စာမျက်နှာ**


တဏှာမာနစွဲလမ်းမှု ....... ၅၂၇
ကျွတ်တမ်းဝင်ရာ လူနည်းပါး ....... ၅၂၇
အရိယာဘုံကြီးတွေ ....... ၅၂၇
သာသနာမကွယ်သည့် နတ်ဗြဟ္မာ ....... ၅၂၈
နိဗ္ဗာန်ချမ်းသာကြီး ....... ၅၂၈
ချမ်းသာ ၂-ပါး ခံစားသူများ ....... ၅၂၈
ချမ်းသာ ၂-ပါး ခံစားသည့် အရိယာနတ် ....... ၅၂၈
နတ်ပြည်ရှိ သာသနာနှစ် ....... ၅၂၉
အနတ္တလက္ခဏာ ထင်မြင်ရကျိုး ....... ၅၃၀
ရဟန်းအဖြစ်နှင့် မဂ်ဖိုလ်ရသူနည်းပါး ....... ၅၃၀
သုဓမ္မာဇရပ်၌ ကျွတ်တမ်းဝင် ....... ၅၃၁
နတ်ပြည်မှာ သာသနာအမြဲရှိ ....... ၅၃၁
ငါးထောင်သာသနာ လူ့ပြည်မှာ ....... ၅၃၂
နတ်ပြည်၌ မဂ်ဖိုလ်ရနိုင်သော ၃-ဌာန ....... ၅၃၂
ဘုရားခုနစ်ဆူ၏ သားတော်များနှင့် တွေ့ဆုံရန် ....... ၅၃၂
ရခွင့်ရလမ်း ကြိုးပမ်းသင့်ပြီ ....... ၅၃၃
လမ်းကြောင်းနှစ်ပါး ....... ၅၃၃
အနတ္တဝိပဿနာ လိုရင်းသာ ....... ၅၃၄
ပဟာနပရိညာ အစီအရင် ....... ၅၃၄
ပဟာနပရိညာ ....... ၅၃၄
ဒိဋ္ဌာနုသယ ကျွတ်ရန်အားထုတ် ....... ၅၃၄
ဘယဉာဏ်နှင့် ရှု ....... ၅၃၅
ဝေဒနာ၌ အနတ္တဟု ရှု ....... ၅၃၅
ဘယဉာဏ် ....... ၅၃၅
အာဒီနဝဉာဏ် ....... ၅၃၅
နိဗ္ဗိန္ဒာဉာဏ် ....... ၅၃၅
မုစ္စိတုကမျတာဉာဏ် ....... ၅၃၅
ပဋိသင်္ခါဉာဏ် ....... ၅၃၅
သင်္ခါရုပေက္ခာဉာဏ် ....... ၅၃၅
အနုလောမဉာဏ် ....... ၅၃၆

**အကြောင်းအရာ** **စာမျက်နှာ**


ဉာဏ် ၁၀–ပါးနှင့် ပရိညာ ၂–ပါး ....... ၃၃၆
မှာထားချက် ....... ၃၃၆
သုံးရပ်သာသနာ ....... ၃၃၆
သက္ကာယဒိဋ္ဌိ အမြဲတည်ရာ ....... ၃၃၇
ဘုရားဖြစ်ရာခေတ် ....... ၃၃၇
ဘုရားရှင်တွေ့ရန် ခဲယဉ်းပုံ ....... ၃၃၈
သံဖော့လုံးဘူးပမာ ....... ၃၃၉
သက္ကာယဒိဋ္ဌိရှိသူနှင့် ကင်းသူဖြစ်ပုံ ....... ၃၃၉
ဝေဒနာကိုသာ ကမ္မဋ္ဌာန်းပြု၍ ပြခြင်းအကြောင်း ....... ၃၄၀
ထင်ရှားလှစွာ ဝေဒနာ ....... ၃၄၀
အမှာ ....... ၃၄၀
စိတ်တစ်လုံးပိုင် ရဟန္တာဖြစ်နိုင်ပုံ ....... ၃၄၀
ဖဿတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်ပုံ ....... ၃၄၁
စေတနာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်ပုံ ....... ၃၄၁
သညာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်ပုံ ....... ၃၄၂
ဝေဒနာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်ပုံ ....... ၃၄၂
နိဂုံး ....... ၃၄၃
အနတ္တဝိဘာဝနာပါဠိ ....... ၃၄၄
အနတ္တဝိဘာဝနာနိဿယ ....... ၃၄၉
သတ္တဝါသန္တာန်၌ အတ္တ အနတ္တ စီစစ်ချက် ....... ၃၄၉
အနတ္တ ....... ၃၄၉
နိစ္စသဘောသည် သာရ ....... ၃၄၉
ရုပ်တရား အနတ္တ ....... ၃၄၉
သစ်သားဥပမာဖြင့် အတ္တခေါ်ပုံရှင်းချက် ....... ၃၅၀
အနတ္တ ကိုယ်မဟုတ်ဆိုရာ၌ ရှင်းလင်းချက် ....... ၃၅၂
အတ္တဒိဋ္ဌိအမြင် ....... ၃၅၂
သမ္မာဒိဋ္ဌိအမြင် ....... ၃၅၃
တစ်ကိုယ်လုံး၌ အတ္တဒိဋ္ဌိသတ်ပုံ ....... ၃၅၄
အင်္ဂါကြီးငယ်တို့၌ အတ္တဒိဋ္ဌိသတ်ပုံ ....... ၃၅၅

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဦးခေါင်း၌ အတ္တဒိဋ္ဌိသတ်ပုံ | ....... | ၅၅၅ |
| မျက်လုံး၌ အတ္တဒိဋ္ဌိသတ်ပုံ | ....... | ၅၅၅ |
| ဆံပင်စသည်၌ အတ္တဒိဋ္ဌိသတ်ပုံ | ....... | ၅၅၆ |
| ကာယကဒိဋ္ဌိသတ်ပုံ | ....... | ၅၅၈ |
| ဗဟိဒ္ဓသန္တာန်၌ အတ္တ အနတ္တစစ်ချက် | ....... | ၅၆၀ |
| သက္ကာယဒိဋ္ဌိ | ....... | ၅၆၀ |
| သမ္မာဒိဋ္ဌိ | ....... | ၅၆၀ |
| လောကသုံးဖြာ အချည်းနှီးသာထင် | ....... | ၅၆၂ |
| တစ်နည်းအနတ္တ မည်ပုံ | ....... | ၅၆၂ |
| ရူပကာယအမျိုးမျိုး | ....... | ၅၆၄ |
| နာမကာယအမျိုးမျိုး | ....... | ၅၆၄ |
| နိစ္စစွဲလမ်းမှု | ....... | ၅၆၆ |
| အတ္တစွဲလမ်းမှု | ....... | ၅၆၆ |
| အတ္တဒိဋ္ဌိအပြစ် | ....... | ၅၆၇ |
| အပြစ်ကြီးကျယ်ပုံ | ....... | ၅၆၇ |
| **သစ္စတ္တဒီပနီ** | ....... | ၅၆၉ |
| သစ္စာအနက် ၁၆–ချက် | ....... | ၅၇၁ |
| ဒုက္ခအနက် ၄–ချက် | ....... | ၅၇၁ |
| သမုဒယအနက် ၄–ချက် | ....... | ၅၇၂ |
| နိရောဓအနက် ၄–ချက် | ....... | ၅၇၂ |
| မဂ္ဂအနက် ၄–ချက် | ....... | ၅၇၂ |
| အာယတန ၁၂–၌ သစ္စာ ၄–ပါး ဖွဲ့ပုံ | ....... | ၅၇၃ |
| အရိယ သစ္စာ | ....... | ၅၇၃ |
| အမှန်နှင့် အမှား | ....... | ၅၇၃ |
| ဒုက္ခသစ္စာ အနက် ၄–ချက် ရှင်းချက် | ....... | ၅၇၄ |
| စက္ခု၏ နှိပ်စက်မှုဒုက္ခ | ....... | ၅၇၄ |
| စက္ခု၌ ပြုပြင်မှုဒုက္ခ | ....... | ၅၇၅ |
| ဗြဟ္မာ့စက္ခု ပြုပြင်မှုဒုက္ခ | ....... | ၅၇၅ |
| လောကီကုသိုလ်ဈာန် အနိစ္စမျိုး | ....... | ၅၇၆ |
| ကူလီအမှု ပမာပြု | ....... | ၅၇၇ |

**အကြောင်းအရာ** **စာမျက်နှာ**


| | |
|---|---|
| လူတို့စက္ခု ပြုပြင်မှုဒုက္ခ ....... | ၅၇၈ |
| ညောင်ပင်ပမာ လူ့ခန္ဓာ ....... | ၅၇၉ |
| အသက်ဆက်မှု ....... | ၅၇၉ |
| စိုးရိမ်ကင်းသော ခဏမရှိ ....... | ၅၈၀ |
| စက္ခုသည်ဒုက္ခသစ္စာသာ အမှန် ....... | ၅၈၀ |
| မဂ်ဖိုလ်နိဗ်စက်မှု မဆိုထိုက် ....... | ၅၈၁ |
| စက္ခု၌ ဖောက်လှဲမှု ဒုက္ခ ....... | ၅၈၃ |
| ရေမြှုပ်ခဲပမာ ရုပ်နာမ်ခန္ဓာ ....... | ၅၈၃ |
| သမုဒယသစ္စာအနက် ၄–ချက် ရှင်းချက် ....... | ၅၈၅ |
| ဆည်းပူး ....... | ၅၈၅ |
| နှင်းဆောင် ....... | ၅၈၅ |
| ဖွဲ့နှောင် ....... | ၅၈၅ |
| နှောင့်ယှက် ....... | ၅၈၆ |
| နိရောဓသစ္စာ အနက် ၄–ချက် ရှင်းချက် ....... | ၅၈၆ |
| ကျွတ်လွတ် ....... | ၅၈၇ |
| စိတ်ကွေ ....... | ၅၈၇ |
| မသေ ....... | ၅၈၇ |
| မပြု ....... | ၅၈၇ |
| မဂ္ဂသစ္စာ အနက် ၄–ချက် ရှင်းချက် ....... | ၅၈၇ |
| ထွက်မြောက် ....... | ၅၈၇ |
| တည်ခိုင် ....... | ၅၈၈ |
| မြင်နိုင် ....... | ၅၈၈ |
| ကြီးကဲ ....... | ၅၈၈ |


ဒီပနီပေါင်းချုပ် ဒုတိယတွဲ
မာတိကာ ပြီးပြီ။

# ဘာဝနာဒီပနီ

# ဘာဝနာဒီပနီ

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

**အဘိယာစကနှင့် ပဋိညာဉ်**

မြန်မာသက္ကရာဇ် ၁၂၆၆–ခု၊ ကဆုန်လအတွင်း ပျဉ်းမနားမြို့အုပ်မောင်ဘိုးမြ ပင့်လျှောက်ချက်နှင့် အညာမုံရွာမြို့မှ လာရောက်၍ ပျဉ်းမနားမြို့ စမ်းကျတောကျောင်းတွင် ထိုနှစ်အတွင်း သီတင်းဝါကပ်ဆိုနေထိုင်ရာ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန်ရပ်နေ ဓာတ်ဆရာကြီး ဆရာမြို့သည် လာရောက်၍ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းစောင့်ထိန်း၍ နေစဉ်အခါ ဘာဝနာလေးဆယ်နှင့်စပ်လျဉ်း၍ ကြားနာရသော ဓမ္မကထာဒေသနာ စကားများကို မိမိနှင့် အလားတူ ရှင်လူအပေါင်းတို့အား ကြားနာသိမြင် ဆင်ခြင်ပွားများ နှလုံးထားကြပါစေခြင်းငှာ စာအုပ်ရေးတင်၍စီရင်၊ ချီးမြှောက်ပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍ မုံရွာမြို့ လယ်တီတောကျောင်းဆရာ ငါသည် **ဘာဝနာ**[၁] **လေးဆယ်တို့၏ အနက်အဓိပ္ပာယ်** ကို မကျယ်မကျဉ်း နှလုံးသွင်းနိုင်ကြရန် အတန်ငယ်ထုတ်ဖော် ဖွင့်ပြပေအံ့။

---

၁။ ဘာဝနာ=ပွားများခြင်း။ (ဘာဝ=ဖြစ်စေ+နာ=ခြင်း၊ ဖြစ်စေခြင်း အနက်သီးခြားမရှိ။) ခဏခဏ အဖြစ်များအောင် ပြုခြင်း။ မိမိသန္တာန်၌ အမြဲမပြတ် ပွားနေအောင် ကျင့်ကြံ အားထုတ်ခြင်း။

# ဘာဝနာ ၄၀ အစိပ္ပါယ်အကျဉ်း

---

## ဘာဝနာ လေးဆယ်ဆောင်ပုဒ်
## အကျဉ်းပြဆိုခန်း

**ခန္ဓာ ၅-ပါး။ ။ ခန္ဓာ၊ ခန္ဓာတို့သည်-**

၁။ ရူပက္ခန္ဓော၊ ရုပ်အစုဟူသော ရူပက္ခန္ဓာလည်းကောင်း။

၂။ ဝေဒနာက္ခန္ဓော၊ ခံစားမှု အစုဟူသော ဝေဒနာက္ခန္ဓာလည်းကောင်း။

၃။ သညာက္ခန္ဓော၊ အမှတ်ပြု၍ သိမှုအစုဟူသော သညာက္ခန္ဓာလည်းကောင်း။

၄။ သင်္ခါရက္ခန္ဓော၊ စိတ်၏ စေ့ဆော်မှု၊ ပြုပြင်မှုအစုဟူသော သင်္ခါရက္ခန္ဓာလည်းကောင်း။

၅။ ဝိညာဏက္ခန္ဓော၊ အာရုံကို ထွေထွေထူးထူး သိမှုအစုဟူသော ဝိညာဏက္ခန္ဓာလည်းကောင်း။

ဣမေ၊ ဤသည်တို့ကား။ ပဉ္စက္ခန္ဓာ[၁]၊ ငါးပါးသော ခန္ဓာတို့တည်း။

**အနိစ္စလက္ခဏာ ၁၀ ပါး ။ ။ ဣမေ ပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်-**

၁။ အနိစ္စ၊ မြဲခြင်းသဘော မရှိကုန်။

၂။ အဓုဝါ၊ ခိုင်မာခြင်းသဘော မရှိကုန်။

၃။ အသာရာ၊ အနှစ်သာရမရှိကုန်။

၄။ စလာ၊ ရွေ့လျားတတ်ကုန်၏။

၅။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်၏။

၆။ ဝိပရိဏာမ ဓမ္မာ၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

၇။ မရဏ ဓမ္မာ၊ သေဆုံးခြင်းသဘော ရှိကုန်၏။

---

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ ၄၁၁။

၈။ ဝိဘဝ ဓမ္မာ၊ ဆုံးရှုံးခြင်းသဘော ရှိကုန်၏။
၉။ သင်္ခတာ၊ အဖန်ဖန် ပြုပြင်အပ်ကုန်၏။
၁၀။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘော ရှိကုန်၏။
အနိစ္စံ၊ အနိစ္စလက္ခဏာ ဆယ်ပါးတည်း။

**ဒုက္ခ လက္ခဏာ ၂၅ ပါး** ။ ။ ဣမေ ပဉ္စခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်–

၁။ ဒုက္ခာ၊ ယုတ်မာ ညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း။
၂။ ဘယာ၊ ကြောက်ဖွယ် ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။
၃။ ဤတီ၊ ထိတ်လန့်စဖွယ် အန္တရာယ်မျိုးတို့သာတည်း။
၄။ ဥပဒ္ဒဝါ၊ လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။
၅။ ဥပသဂ္ဂါ၊ တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။
၆။ ရောဂါ၊ ကျင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း။
၇။ အာဗာဓာ၊ ဋ္ဌိပ်စက်ညစ်ဆိုး အနာမျိုးတို့သာတည်း။
၈။ ဂဏ္ဍာ၊ မဖွယ်ရပ်ဆင်း ထွတ်မြင်းအနာမျိုးတို့သာတည်း။
၉။ သလ္လာ၊ စူးဝင်ညစ်ဆိုး မြားငြောင့်မျိုးတို့သာတည်း။
၁၀။ အဃာ၊ အကျိုးယုတ်၊ အကျိုးမဲ့မျိုးတို့သာတည်း။

**ဣမေ ပဉ္စခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်–**

၁၁။ အတာဏာ၊ စောင့်ရှောက်မဲ့လျှင်း ဘေး၏ အသင်းတို့သာတည်း။
၁၂။ အလေဏာ၊ ကွယ်ကာမဲ့လျှင်း ဘေး၏ အသင်းတို့သာတည်း။
၁၃။ အသရဏာ၊ ကိုးရာမဲ့လျှင်း ဘေး၏ အသင်းတို့သာတည်း။
၁၄။ အာဒီနာဝါ၊ ဆိုးဝါးညစ်ကျူ အပြစ်စုတို့သာတည်း။
၁၅။ အဃမူလာ၊ ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။
၁၆။ ဝဓကာ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါကို နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးရိုးတို့သာတည်း။
၁၇။ သာသဝါ၊ အသေဝေါတရားလေးပါးတို့၏ အစီးအပွားတို့သာတည်း။
၁၈။ မာရာမိသာ၊ ကိလေသမာရ်၊ ပစ္စုမာရ်တို့၏ စားဖတ်၊ ဝါးဖတ် သုံးသပ်နင်းနယ်ရာတို့သာတည်း။
၁၉။ ဇာတိ ဓမ္မာ၊ သတ္တဝါကို မညှာမငဲ့ မရွံ့မစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။
၂၀။ ဇရာ ဓမ္မာ၊ ဆုတ်ယုတ်လျော့ပါးခြင်းသဘော ရှိကုန်၏။

၂၁။ ဗျာဓိ ဓမ္မာ၊ နာခြင်းသဘော ရှိကုန်၏။
၂၂။ သောက ဓမ္မာ၊ စိုးရိမ်ပူပန်ရခြင်းသဘော ရှိကုန်၏။
၂၃။ ပရိဒေဝဓမ္မာ၊ ငိုကြွေးမြည်တမ်းရခြင်းသဘော ရှိကုန်၏။
၂၄။ ဥပါယာသ ဓမ္မာ၊ သက်ကြီးရှိုက်ငင် ပင်ပမ်းရခြင်းသဘော ရှိကုန်၏။
၂၅။ သံကိလေသိက ဓမ္မာ၊ တဏှာ၊ ဒိဋ္ဌိ၊ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်း သုံးပါးကို ပွားစီးစေတတ်သောသဘော ရှိကုန်၏။

ဒုက္ခ၊ ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးပါးတည်း။

**အနတ္တလက္ခဏာ ၅ ပါး ။** ။ ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတရားတို့သည်-

၁။ အနတ္တာ၊ ကိုယ်မဟုတ်ကုန် အစိုးမရကုန်၊ အလိုသို့ မလိုက်ကုန်။
၂။ ပရေ၊ အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့သာတည်း။
၃။ ရိတ္တာ၊ အနှစ်သာရဟူသမျှနှင့် မြူစမယှဉ် အစဉ် ဆိတ်ကင်းသော တရားတို့သာတည်း။
၄။ တုစ္ဆာ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားတို့သာတည်း။
၅။ သုညာ၊ ထောက်ရာ တည်ရာ ကိုးကွယ်ရာမျိုး တစ်စိုးတစ်စိ မရှိလုံးလုံး အသုံးမကျသော တရားတို့သာတည်း။

အနတ္တာ၊ အနတ္တ လက္ခဏာငါးပါးတည်း။

အနိစ္စလက္ခဏာ ၁၀-ပါး၊ ဒုက္ခလက္ခဏာ ၂၅-ပါး၊ အနတ္တလက္ခဏာ ၅ ပါး၊ ဘာဝနာ ၄၀ ဖြစ်၏။

ဘာဝနာ ၄၀ ဆောင်ပုဒ်ပြီး၏။

# အပါယ် ၄ ဘုံ၏ အသိုက်အအုံ ကြီးကျယ်ပုံကို အမြွက်မျှ ပြဆိုခန်း

ဤ ဆိုလတ္တံ့သည်ကား အထက်ဆောင်ပုဒ်တို့ကို ကျက်၍ နှုတ်တက် ရွရွ ကျေကျေကြီးရသောအခါ၌ ထိုဆောင်ပုဒ်တို့နှင့် တိုက်ဆိုင်၍ သိမြင် ထင်လင်း ရာသော သရုပ်အဓိပ္ပာယ် အကျယ်ပြဆိုခန်းတည်း။

## ငရဲဘုံ

**ငရဲကြီး ၈–ထပ်[၁]**
**သဉ္ဇိုင်းကာလ၊ သင်္ဃာတ၊ ဒွယ–ရောရုဝ၊**
**တာပန–ဒွိ၊ အဝီစိ၊ တည်ရှိ ငရဲရွာ။**

ငါတို့ စီရင်သည့် **"ပရမတ္ထသံခိပ်"** ဘုံပိုင်းတွင် လာသော လင်္ကာသံပေါက်။

၁။　သဉ္ဇိုဝ်းငရဲကြီး၊
၂။　ကာလသုတ်ငရဲကြီး၊
၃။　သင်္ဃာတ ငရဲကြီး၊
၄။　ရောရုဝ ငရဲကြီး၊
၅။　မဟာရောရုဝ ငရဲကြီး၊
၆။　တာပန ငရဲကြီး၊
၇။　မဟာတာပန ငရဲကြီး
၈။　အဝီစိ ငရဲကြီး

ဤကား ဇမ္ဗူဒီပါကျွန်း၏ အောက်၌ တည်ရှိသော ငရဲကြီးရှစ်ဘုံတည်း။

---

၁။　ဇာတက၊ ဒုတိယတွဲ၊ သံကိစ္စဇာတ်၊ စာမျက်နှာ–၆၀၊ ဇာတ်အဋ္ဌကထာ၊ ပဉ္စမတွဲ၊ စာမျက်နှာ–၂၀၇–၉။

## ငရဲကြီး ၈–ထပ် အကွာအဝေး
## သောင်းငါးထောင်စီ၊ သချာညီ၊ ရှစ်လီ–ခြားအကွာ။

ငင်းသံပေါက်

လူ့ပြည်မှ အောက်ယူဇနာ တစ်သောင်းငါးထောင်အကွာတွင် သဉ္ဇိုဝ်းငရဲကြီး တည်ရှိ၏။

၎င်းအောက် ယူဇနာ တစ်သောင်းငါးထောင်စီ ကွာခြား၍ ကြွင်းသော ငရဲကြီးခုနစ်ဘုံတို့ သည်လည်း အဆင့်ဆင့် တည်ရှိကြကုန်၏။

အောက်ဆုံးဖြစ်သော အဝီစိငရဲကြီးသည် သိလာပထဝီမြေပေါ်၌ တည်၏။

အလျား အနံ ယူဇနာ တစ်ရာစီနှင်နှင်ရှိကြ၏။

## ဥဿဒ ငရဲကြီး ၄–ထပ်[၁]
## ဘင်၊ ပြာ၊ လက်၊ သန်၊ အစဉ်ရံ၊ လေးတန်–ဥဿဒါ၊

ငင်းသံပေါက်

၁။ ဘင်ပုပ်ငရဲ၊
၂။ ပြာပူငရဲ၊
၃။ လက်ပံတောငရဲ၊
၄။ သန်လျက်အရွက်ရှိသော သစ်ပင်တောငရဲ၊

ဥဿဒ ငရဲကြီးလေးထပ်တည်း။

အနံယူဇနာ တစ်ရာစီ ရှိကြ၏။ ငရဲကြီးရှစ်ထပ်တို့၏ ပြင်ဖက်၌ အတွင်းမှစ၍ အစဉ်အတိုင်း အဆင့်ဆင့်ပတ်၍ တည်ရှိကြသော ဥဿဒငရဲကြီးလေးထပ်တည်း။

---

၁။ ဥပရိပဏ္ဏာသ ပါဠိတော်၊ စာမျက်နှာ– ၂၂၃။

ထိုဥဿဒငရဲကြီးတို့၏ ပြင်ဖက်တစ်ခွင်၌ ကြိမ်ပိုက်ချောင်းငရဲ၊ လောဟကုမ္ဘီငရဲ အစရှိကုန်သော များစွာသော ငရဲမျိုးတို့သည် ဝန်းရံ၍ တည်ရှိကြကုန်၏။ တစ်ခုတစ်ခုသော ငရဲဘုံကြီးသည် ဇမ္ဗူဒီပါကျွန်းနှင့်အံမျှ ယူဇနာတစ်သောင်းစီရှိကြ၏။ အောက်ဆုံးဖြစ်သော အဝီစိငရဲကြီး၌ ခံနေကြကုန်သော သတ္တဝါတို့သည် ဝါးကျည်ထောက်၌ထည့်၍ ထားအပ်ကုန်သော မုန်ညင်းစေ့တို့ကဲ့သို့ ထိစပ်ပြည့်နှက်၍ နေကြကုန်၏ဟု အဋ္ဌကထာကြီး[၁] တို့၌ မိန့်ဆိုကြကုန်၏။

အထက်ငရဲကြီး ခုနစ်ဘုံတို့မှာလည်း ထိုနည်းအတူ ပြည့်ကြကုန်သည်ဟု သိရာ၏။

----------

## ပြိတ္တာအမျိုးမျိုး[၂]

ကိုယ်တွင်းမှာ အမြဲမီးတောက်၍နေသဖြင့် နှစ်ပေါင်းအသိန်းမက ရပ်တည်မရ ပြေး၍နေရသော ပြိတ္တာမျိုး။

ကိုယ်ခန္ဓာ၌ လုံတွေများစွာ အမြဲထိုး၍နေသဖြင့် နှစ်ပေါင်းအသိန်းမက ရပ်တည်မရ ပြေး၍နေရသော ပြိတ္တာမျိုး။

နှစ်ပေါင်းအသင်္ချေ[၃] များစွာရှည်၍ ထမင်းတစ်လုတ် ရေတစ်ပေါက်မှ မတွေ့ရသော ပြိတ္တာမျိုး။

အစရှိသည်ဖြင့် မမြင်ဝံ့ မရှုဝံ့ ကြောက်ရွံ့ဖွယ်ရာသော ဒုက္ခကြီးတွေနှင့်နေကြရသော ပြိတ္တာမျိုး အနန္တ[၄] ရှိ၏။

---

၁။　ဥပရိပဏ္ဏာသအဋ္ဌကထာ၊ စာမျက်နှာ–၁၆၇၊ ဇာတ်အဋ္ဌကထာ၊ ပဥ္စမတွဲ၊ သံကိစ္စဇာတ်၊ စာမျက်နှာ–၂၈၈။ မဟာနိဒ္ဒေသအဋ္ဌကထာ၊ စာမျက်နှာ ၃၇၅။

၂။　ပါရာဇိကဏ်ပါဠိတော်၊ နှာ–၁၄၄–၈။ နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ နှာ=၄၄၆–၄၅၂။ ပေတဝတ္ထု (ပါဠိတော်)

၃။　အသင်္ချေ– မရေတွက်နိုင်သော နှစ်ကာလ။

၄။　အနန္တ – အရေအတွက် အဆုံးအပိုင်းအခြားမရှိ။

## အသူရကာယ် အမျိုးမျိုး[၁]

အလွန်ကြီးသော ကိုယ်ရှိ၍ အပ်နဖားမျှသော လည်ချောင်းပေါက်ရှိသဖြင့် စားခွင့်သောက်ခွင့်မရ အမြဲဆာလောင်၍ နေရသော ကာလကဉ္ဇိက အသူရကာယ်မျိုး အစရှိသော မကြားဝံ့ မနာဝံ့ ကြောက်ရွံ့ဖွယ်ရာသော ဒုက္ခကြီးတွေနှင့် နှစ်ပေါင်း အသင်္ချေ နေကြရသော အသူရကာယ်မျိုး အနန္တရှိ၏။

## တိရစ္ဆာန်အမျိုးမျိုး

ကုန်းတိရစ္ဆာန်မျိုး အနန္တ၊ ထို့ထက် အဆအသင်္ချေ တွက်ရေသင်္ချာ များလှစွာသော ရေ တိရစ္ဆာန်မျိုး အနန္တရှိ၏။

**အပါယ်ဘုံသားများပြားပုံ**

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော သုဂတိ[၂] နှစ်ဆယ့်ခုနစ်ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်[၃] လေးဘုံတို့မှ သတ္တဝါအသင်္ချေ ကျထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ နှစ်ဆယ့်ခုနစ်ဘုံ၌ သတ္တဝါကုန်လေရာ၏။ အပါယ်လေးဘုံရှိ သတ္တဝါကား မကုန်လေရာ။ ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးကျယ်လှ၏။

အဘယ်ကြောင့် ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးကျယ်လှသနည်း ဟူမူကား- နခသိခသုတ်၊ ကာဏကစ္ဆပေါပမသုတ် ဒေသနာတို့ဖြင့် ပြေဆိုရ၏။

---

၁။ ပါထေယျပါဠိတော်၊ နှာ-၆၊ ဥဒါနပါဠိတော်၊ နှာ-၂၇၁၊ သုတ်မဟာဝါအဋ္ဌကထာ၊ နှာ-၁၀၀၊ သုတ်ပါထေယျအဋ္ဌကထာ၊ နှာ-၅၊ သံယုတ်အဋ္ဌကထာ၊ ပထမတွဲ၊ နှာ-၂၈၂- ၃၊ ၃၀၉၊ သမ္မောဟဝိနောဒနီ၊ အဋ္ဌကထာ၊ နှာ-၂၉၂၊ ပဉ္စမ ကြိုဏ်အဋ္ဌကထာ၊ နှာ-၂၀၄-၂၀၅၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၁၃၂။

၂။ သုဂတိ- ကောင်းမှုရှိသော သူတို့၏ ရောက်ရာဘုံ၊ (လူ့ဘုံ၊ နတ် ၆-ဘုံ၊ ဗြဟ္မာဘုံ-၂၀)။

၃။ အပါယ်-အပါယ၊ ချမ်းသာကင်းသောဘုံ၊ (အပ-ကင်းမဲ့၊ အာယ-ချမ်းသာ)။

## နခသိခ[၁] သုတ် မြန်မာပြန်

နခသိခသုတ် ဆိုသည်ကား မြတ်စွာဘုရားသည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူ၍ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

ချစ်သားရဟန်းတို့– မဟာပထဝီမြေကြီးရှိ မြေမှုန့်နှင့် ငါ၏ လက်သည်းတော်ပေါ်တွင် တင်ရှိသော မြေမှုန့်သည် အဘယ်ကများသနည်းဟု မေးတော်မူ၏။ လက်သည်းတော်ပေါ်ရှိ မြေမှုန့်ကား အလွန်နည်းပါးလှပါ၏။ မဟာပထဝီမြေမှုန့်ကား အလွန်များလှပါ၏ဟု ရဟန်းတို့က လျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့ – ထို့အတူလျှင် တစ်နေ့တစ်နေ့မှာ သေဆုံးကြကုန်သော သတ္တဝါအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်ကြကုန်သော သတ္တဝါတို့ကား ငါ၏ လက်သည်းပေါ်ရှိ မြေမှုန့်တို့ကဲ့သို့ အလွန်နည်းလှကုန်၏။ အပါယ်ဘုံသို့ ရောက်ကြကုန်သော သတ္တဝါတို့ကား မဟာပထဝီမြေကြီးရှိ မြေမှုန့်တို့ကဲ့သို့ အလွန်များလှကုန်၏ဟူ၍ ဟောတော်မူသော ဒေသနာကို 'နခသိခသုတ်'ဆိုသည်။

## ကာဏကစ္ဆပေါပမသုတ် မြန်မာပြန်

ကာဏကစ္ဆပေါပမသုတ်[၂] ဆိုသည်ကား ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့ ဟောတော်မူ၏။

ချစ်သားရဟန်းတို့ – မဟာသမုဒ္ဒရာ၌ မျက်စိနှစ်ဖက် အစုံပျက်သော လိပ်ငယ်တစ်ကောင်သည် ရှိရာ၏။ မဟာသမုဒ္ဒရာရေအတွင်း၌သာ ရောက်မိရောက်ရာ သွား၍နေ၏။ အနှစ်တစ်ရာမှ တစ်ခါ၊ တစ်ထောင်မှ တစ်ခါ ရေပေါ်သို့ ပေါ်လာ၏။ မဟာသမုဒ္ဒရာ၌ပင်လျှင် အပေါက်တစ်ခုသာရှိသော ထမ်းပိုးငယ်တစ်ခုသည်ရှိရာ၏။ လေဆောင်ရာ၊ လှိုင်းဆောင်ရာ လေးမျက်နှာ၊ ရှစ်မျက်နှာ မျောပါလွင့်ပါ၍ နေ၏။

---

၁။ နခသိခ–(နခ–လက်သည်း၊ သိခ–ထိပ်၊ အပေါ်)–လက်သည်းပေါ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ–၄၅၄ ၌ရှိသော သုတ်ဖြစ်သည်။ ခန္ဓဝဂ္ဂသံယုတ်၊ စာမျက်နှာ၊ ၁၂၀ နှင့် မဟာဝဂ္ဂသံယုတ်၊ စာမျက်နှာ–၄၀၀ ၌လည်း နခသိခသုတ် တစ်ခုစီရှိသည်။ ဤ၌မလို။

၂။ ဥပရိပဏ္ဏာသပါဠိတော်၊ စာမျက်နှာ၊–၂၇၀၊ ဗာလပဏ္ဍိတသုတ်အတွင်း၌ ဟောထားသော သုတ်ငယ်ဖြစ်သည်။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ စာမျက်နှာ–၃၉၇ ၌လည်း ဆိဂ္ဂဠယုဂ–သုတ်အမည် ဖြင့်ရှိ၏။ "ကာဏကစ္ဆပေါပမ"ဟူသည် အဋ္ဌကထာပေးသော အမည်ဖြစ်သည်။ ပါဠိတော်၌ ဤ အမည်ဖြင့် မရှိ၊ ဖော်ပြပါအမည်ဖြင့် ရှိသည်။

အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်မှ တစ်ခါသာပေါ်သော လိပ်ငယ်၏ ဦးခေါင်းကို ထိုထမ်းပိုးငယ်ပေါက်၌ စွပ်နိုင်ရာသော အခွင့်သည် ရှိ၏လောဟု မေးတော်မူ၏။

စွပ်မိနိုင်ရာသော အခွင့်မရှိပါ။ သို့သော်လည်း ကပ်ကမ္ဘာမည်သည် အလွန်တရာ ရှည်ကြာလှသည်ဖြစ်၍ လိပ်ငယ်သည် မသေမပျောက်ပါမူကား ထမ်းပိုးငယ်လည်း မပုပ်မဆွေးပါမူကား တစ်ခါတစ်ရံ စွပ်မိနိုင်ရာသော အခွင့်ရှိရာပါ၏ဟု လျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့၊ လိပ်ကန်းထမ်းပိုးစွပ်မိရာသော အခွင့်သည် အလွန်လွယ်လှသေး၏။ ဤသုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ် ကျရောက်လေသောသူ၏ ဤသုဂတိဘုံသို့ တစ်ဖန်ပြန်လာရန် အခွင့်သည် ထို့ထက် အဆအရာမက အဆအထောင်မက ခဲယဉ်းလှ၏။

အဘယ့်ကြောင့်နည်းဆိုသော် - တရားကိုကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းဟူသော သုစရိုက်သုံးမျိုး ဟူ၍ အပါယ်ဘုံ၌မရှိ။ နိုင်ရာနိုင်ရာ သတ်ဖြတ်ညှဉ်းဆဲ၍ စားသောက်ခြင်း အစရှိသော ဒုစ္စရိုက်[၁] မှုတို့သည် အပါယ်ဘုံ၌ရှိကုန်၏။ ကုသိုလ်မှန်း၊ အကုသိုလ်မှန်းပင် မသိကြ၊ အသက်ရှည်သမျှ ကာလပတ်လုံး ဒုစ္စရိုက်မှု၊ ဒုက္ခမှုတို့နှင့်သာ နေကြကုန်၏။

ထို့ကြောင့် တစ်ဘဝထက် တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြကုန်၏။ နစ်၍နစ်၍သာလျှင် သွားကြကုန်၏။

ထို့ကြောင့် ထိုလိပ်ကန်းထမ်းပိုး စွပ်မိမှုထက် ဤသုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်လေသောသူ၏ ဤသုဂတိဘုံသို့ ပြန်လာရန် အခွင့်သည် အဆအရာမက၊ အဆအထောင်မက ခဲယဉ်းလှ၏ဟု ဟောတော်မူသော ဒေသနာသည် "ကာဏကစ္ဆပေါပမသုတ်" မည်၏။

ဤသုတ်၌ကား- အပါယ်ဘုံမှာ တစ်ဘဝထက်တစ်ဘဝ ဝန်လေး၍ သွားသော အကုသိုလ်အသစ် အသစ်တို့အတွက်နှင့် တစ်ဘဝအထွက် တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြသဖြင့် သုဂတိဘုံသို့ တစ်ဖန် ပြန်လာခွင့် ခဲယဉ်းမှုကို ဟောတော်မူသည်။

---

၁။ ဒုစ္စရိုကဟူသော ပါဠိသို့လိုက်၍ ဒုစ္စရိုက်ဟုလည်းကောင်း၊ မြန်မာဝေါဟာရ အသုံးအစွဲသို့ လိုက်၍ ဒုစရိုက်ဟုလည်းကောင်း ၂ မျိုးရှိနိုင်သည်။

**အဋ္ဌကထာ ဖွင့်ပြချက်**

အဋ္ဌကထာကြီးတို့၌ကား– အနမတဂ္ဂ သံသရာ၌ ကျင်လည်၍ နေကြရကုန်သော သတ္တဝါအပေါင်းတို့အား သူတော်ကောင်း တရားနှင့် ပြည့်စုံစွာ ဖြစ်ရသော ဘဝသည် အလွန်နည်းပါးလှ၏။ ဘဝတစ်သောင်း၊ ဘဝတစ်သိန်းမှာ တစ်ခါတစ်ခါ မကြုံကြိုက်ရ၊ တစ်ဘဝလုံး၊ တစ်ဘဝလုံး ဒိဋ္ဌိ[၁] ဒုစ္စရိုက်[၂] အမိုက်အမှားတို့နှင့် ကုန်ခဲ့ရသော ဘဝတွေသာ များလှကုန်၏။ တစ်ဘဝ၊ တစ်ဘဝတွင်ပင် ဒိဋ္ဌိဒုစ္စရိုက် အမိုက်ကံပေါင်း အနန္တ၊ အနန္တ ဖြစ်ပွားကြ၏။

သေသည်၏ အခြားမဲ့၌ကား– တစ်ကံ၊ တစ်ကံသည်သာ အကျိုးပေးခွင့်ရ၏။ ဘဝတိုင်း၊ ဘဝတိုင်းတို့က ကျန်ရှိသော ဒိဋ္ဌိဒုစ္စရိုက်ကံဟောင်းတို့သည် မိမိတို့ အကျိုးပေးခွင့်မရသေးသမျှ ကာလပတ်လုံး အနမတဂ္ဂ[၃] သံသရာ၌ သတ္တဝါတို့ သန္တာန်မှာ ဖြစ်လေရာရာ အစဉ်လိုက်ပါ၍ နေကြကုန်၏။

အပါယ်ဘုံမည်သည် အကုသိုလ်ကံတို့၏ ဌာနပေတည်း။ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်လေသည်ရှိသော် ထိုကံဟောင်းတို့သည် ကောင်းကောင်းကြီး အခွင့်ရကြကုန်၏။ တစ်ကံလျှင် တစ်ဘဝ၊ တစ်ကံလျှင် တစ်ဘဝ ဆက်ကာ ဆက်ကာ ပေးခွင့်ရကြကုန်၏။ ထိုကံဟောင်းတို့အတွက်နှင့် တစ်ဘဝထက် တစ်ဘဝမြုပ်၍၊ မြုပ်၍ သွားသဖြင့် မဟာအဝီစိသို့ ဆိုက်လေ၏။ မဟာအဝီစိမှအောက်၌ ငရဲဘုံဟူ၍ မရှိသောကြောင့် မဟာအဝီစိမှာ စုမိကြ၏။

ဤကဲ့သို့ တစ်ခုသော ကံငယ်နှင့် အပါယ်သို့ ကျလေရာ ရှေးကံဟောင်းတွေ ဆက်လက်မှုကြောင့် မဟာအဝီစိတိုင်အောင် မြုပ်လေ၍ မဟာအဝီစိမှာ ထပ်ခါ ထပ်ခါ ဖြစ်၍နေရသဖြင့် ကမ္ဘာပျက်မှပင် အဝီစိငရဲမှ ကျွတ်လွတ်နိုင်ကြမည့် သတ္တဝါအပေါင်းတို့သည် ယခုအခါ မဟာအဝီစိငရဲဘုံမှာ အသင်္ချေယျ အနန္တရှိကြကုန်၏ဟူ၍ ဖွင့်ဆိုကြကုန်၏။

ဤအဋ္ဌကထာကြီးတို့၌ကား သုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်လေသော သူ၏ ရှေးရှေးသော အကုသိုလ်ကံဟောင်းတွေအတွက်နှင့် တစ်ဘဝအထွက် တစ်ဘဝမြုပ်၍မြုပ်၍သာ သွားကြသဖြင့် သုဂတိဘုံသို့ တစ်ဖန်ပြန်ရခွင့် ခဲယဉ်းမှုကို ဖွင့်ဆိုကြပေကုန်၏။

---

၁။ ဒိဋ္ဌိ၊ မှားသော အယူဝါဒ။

၂။ ဒုစ္စရိုက်၊ (ဒု–မကောင်းသော၊ စရိတ–အကျင့်စရိုက်) မကောင်းသော အကျင့်ဆိုးများ။

၃။ အနမတဂ္ဂ (န–မ၊ မတ–သိအပ်သော + အဂ္ဂ–အစ) မသိအပ်သော အစရှိသော သံသရာ။

# ပါဠိအဋ္ဌကထာတို့၏ အဓိပ္ပါယ်

**နခသိခသုတ်** ပထမသုတ္တန်၌ - တစ်နေ့တစ်နေ့လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေ တည်နေကြသူ အသင်္ချေယျ အနန္တ များပြားလှသည်ကို ပြတော်မူ၏။

**ကာဏကစ္ဆပေါပမသုတ်** ဒုတိယသုတ္တန်၌ - သုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ် ကျရောက်ခဲ့လျှင် အပါယ်ဘုံမှာ အဆင့်ဆင့်ဖြစ်ပွား၍ သွားသော အကုသိုလ်ကံသစ်တို့အတွက် သုဂတိဘုံသို့ တစ်ဖန်ပြန်ခွင့် ခဲယဉ်းမှုကို ပြတော်မူ၏။

**အဋ္ဌကထာကြီးအဓိပ္ပါယ်** အဋ္ဌကထာကြီးတို့၌ကား - ရှေးရှေးသော ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်တို့က အစဉ်ပါရှိ၍နေကြသော ကံဟောင်းတို့အတွက် သုဂတိဘုံသို့ တစ်ဖန်ပြန်ရခွင့် ခဲယဉ်းမှုကို ပြတော်မူကြကုန်၏။

အလုံးစုံသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ၃ ရပ်တို့ကို စပ်ဟပ်နှီးနှော၍ ပြောဆိုလိုသော် အပါယ်ဘုံမည်သည် ဝင်ပေါက်သာရှိ၏၊ ထွက်ပေါက်မရှိ။ ကျပေါက်သာရှိ၏၊ တက်ပေါက်မရှိ။ မြုပ်ပေါက်သာရှိ၏၊ ပေါ်ပေါက်မရှိ၊ စုန်ပေါက်သာရှိ၏။ ဆန်ပေါက်မရှိဟု ဆိုထိုက်၏။ ဤနည်းကို အတိတ်၊ အနာဂတ်၊ အနမတဂ္ဂသံသရာ တစ်ခွင်လုံး၊ စကြဝဠာ[၁] အနန္တလုံး မြော်မြင်လေ။

ဤကား အပါယ်လေးဘုံ အသိုက်အအုံကြီးကျယ်ပုံကို အမြွက်မျှပြဆိုခန်းတည်း။

- - - - - -

၁။ စကြဝဠာ - စက္ကဝါဠ (စက္က-ဝိုင်းသော+အာဝါဠ-တွင်း) လှည်းဘီး စက်ဝန်းကဲ့သို့ ဝန်းဝိုင်း၍ တွင်းကြီးနှင့်တူသည့် စကြဝဠာ၊ လေးကျွန်း တစ်မြင့်မိုရ်။

# အပါယ်လေးဘုံ အသိုက်အအုံကြီးသည် မည်သည့်တရားတို့မှ ဖြစ်သည်၊ မည်သည့် တရားတို့၏ အစီးအပွားဖြစ်သည်ကို ပြဆိုခန်း

အနမတဂ္ဂသံသရာ၌ ဤမျှလောက် ကြီးကျယ်၍နေသော အပါယ်လေးဘုံ အသိုက်အအုံကြီးသည် ဘယ်တရားတို့မှ ဖြစ်သနည်း။

ဘယ်တရားတို့၏ အစီးအပွားနည်း ဟူမူကား -

တစ်ယောက်၊ တစ်ယောက်သော သတ္တဝါ၏ ကိုယ်ခန္ဓာမှ ဖြစ်လေရာရာ အစဉ်ပါ၍နေသော ပြဆိုခဲ့ပြီးသော ဒုစ္စရိုက်ကံဟောင်း အနန္တ၊ ဒုစ္စရိုက်ကံသစ် အနန္တတို့မှ ဖြစ်၏။

ဒုစ္စရိုက်ကံဟောင်း အနန္တ၊ ဒုစ္စရိုက်ကံသစ် အနန္တတို့၏ အစီးအပွားသာတည်း။

ထိုဒုစ္စရိုက်ကံဟောင်း အနန္တတို့သည်ကား အဘယ်တရား၌ တွယ်တာ၍ အစဉ်ပါရှိကာ နေကြကုန်သနည်း။

ထိုဒုစ္စရိုက်ကံသစ် အနန္တတို့သည်ကား အဘယ်တရားမှ ပေါက်ဖွား၍ နေကြကုန်သနည်း ဟူမူကား -

အကုသိုလ် ဒုစ္စရိုက်ကံဟောင်း အနန္တတို့သည် အတ္တဒိဋ္ဌိ[၁] ၌ တွယ်တာ၍ အစဉ်ပါရှိကာ နေကြကုန်၏။ အတ္တဒိဋ္ဌိချုပ်ဆုံးခဲ့လျှင် ဒုစ္စရိုက်ကံဟောင်း အနန္တတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း ချုပ်ဆုံးကွယ်ပျောက်ကြကုန်၏။

အကုသိုလ် ဒုစရိုက်သစ် အနန္တတို့သည် အတ္တဒိဋ္ဌိမှ ပေါက်ဖွား၍ နေကြကုန်၏။ အတ္တဒိဋ္ဌိ ချုပ်ဆုံးခဲ့လျှင် အကုသိုလ်ဒုစရိုက်သစ် အနန္တတို့သည် နောက်အနမတဂ္ဂသံသရာ၌ တစ်ဖန် ဖြစ်ပေါ်ကြခြင်းမရှိ၊ အကုန်လုံး ချုပ်ငြိမ်းကြကုန်၏။

အတ္တဒိဋ္ဌိရှိနေကြကုန်သော သတ္တဝါတို့သည်ကား-

လူ့ပြည်မှာ သူဌေးသူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမန္ဓာတ်မင်းဖြစ်၍ နေကြကုန်သော်လည်း ဒုစရိုက်မီးဟောင်းအနန္တ၊ ဒုစ္စရိုက်မီးသစ်အနန္တဝိုင်းလျက် နေကြ

---

၁။ အတ္တဒိဋ္ဌိ = အတ္တ မဟုတ်သော ခန္ဓာ ၅ ပါးကို အတ္တဟူ၍ မှားသောအားဖြင့် ထင်မှတ်စွဲလမ်းမှု။ (ငါမဟုတ်သော ခန္ဓာ ၅ ပါးကို ငါဟူ၍ စွဲမှားမှု) (မိမိဖြစ်ချင်သလို မဖြစ်သော ခန္ဓာငါးပါးကို ငါ့ခန္ဓာ ငါအစိုးရသည်ဟု မှားယွင်းသော စွဲလမ်းယူဆမှု)

ကုန်၏။ အပါယ်မီးတွေ အနန္တဝိုင်းလျက်နေကြကုန်၏။

နတ်ပြည်ခြောက်ထပ်၌ နတ်မင်း၊ သိကြားမင်းဖြစ်၍ နေကြကုန်သော်လည်း ထိုဒုစရိုက်မီး၊ အပါယ်မီးတွေ ဝိုင်းလျက်နေကြကုန်၏။

ဘဝဂ်ဘုံမှာ ဗြဟ္မာမင်းဖြစ်၍ နေကြကုန်သော်လည်း ဒုစရိုက်မှုတွေ တန်းလန်း၊ အပါယ်သို့ ကျရောက်ရန် အပါယ်မှုတွေ တန်းလန်းနှင့် နေကြကုန်၏။

အတ္တဒိဋ္ဌိရှိနေကြသမျှ ကာလပတ်လုံး ထိုဒုစရိုက်မီး၊ အပါယ်မီးတို့၏ ငြိမ်းမှုဟူသော သန္တိသုခကို အဏုမြူမျှ မရကြကုန်။

**ဒုစရိုက်သစ် အနန္တ**

ဒုစရိုက်သစ် အနန္တ ဆိုသည်ကား အတ္တဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး ရှေ့သို့တွင်တွင်မိုက်မှား၍ သွားကြဦးမည့် အမှုသစ်တွေကို ဆိုသတည်း။ တရားစောင့်ထိန်းသော လူသူတော်ကောင်း ဗြဟ္မာသူတော်ကောင်းဖြစ်၍ နေကြကုန်သော်လည်း ရှေ့သို့ ထိုဒုစရိုက် အမိုက်အမှား အနန္တမီးထဲသို့ ဝင်ကြရ၊ ရောက်ကြရဦးမည်ကား မချွတ်တည်း။

ထို အတ္တဒိဋ္ဌိသည် အလွန်မှောက်မှားသော မိစ္ဆာဓမ္မကြီးဖြစ်၍ ထို ဒိဋ္ဌိအုပ်စိုးလျက်ရှိကြကုန်သော သူတို့သန္တာန်၌ လောဘမီး[၁]၊ ဒေါသမီး[၂]၊ မောဟမီး[၃] တို့သည် အလွန်ထက်သန်ကြကုန်၏။ တစ်ထောင့်ငါးရာ ကိလေသာမီးတို့သည် အလွန် ကြမ်းတမ်းကုန်၏။ သဒ္ဓါ[၄] အစရှိသော ကောင်းမြတ်သော တရားတို့သည် အလွန် နုန့်နဲ့ သေးသိမ်ကုန်၏။

လူချမ်းသာ လူ့စည်းစိမ်၊ နတ်ချမ်းသာ နတ်စည်းစိမ်၊ ဗြဟ္မာချမ်းသာ ဗြဟ္မာစည်းစိမ်တို့သည်ကား ထို ကိလေသာမီးတို့ကို လွန်စွာ တောက်စေနိုင် ပွားစေနိုင်ကုန်၏။

---

၁။ လောဘမီး = လိုချင်တပ်မက်မှုဟူသော ပူလောင်မှု။

၂။ ဒေါသမီး = ကြမ်းတမ်းခက်ထန်ခြင်း အမျက်ဟူသော ပူလောင်မှု။

၃။ မောဟမီး = မသိတွေဝေခြင်းဟူသော ပူလောင်မှု။

၄။ သဒ္ဓါ = ဘုရားစသော ကောင်းသောအာရုံ၌ ကြည်ညိုယုံကြည်ခြင်း၊ သမ္ပယုတ်တရားတို့ကို ကြည်လင်စေတတ်သော သဘောတရား သဒ္ဓါစေတသိက်။

၁။　လူ့ချမ်းသာ လူ့စည်းစိမ်တို့သည် လူ၌ဖြစ်သော ကိလေသာမီး[၁] တို့ကို နေ့စဉ် တိုးပွားစေကုန်၍ လူ့ဘုံသူ လူ့ဘုံသား အတ္တဒိဋ္ဌိသမားတို့ကို သေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံသို့ချည်း အကုန်တွန်းလှဲ၍ ချကုန်၏။

၂။　နတ်ပြည်ခြောက်ထပ်၌ နတ်ချမ်းသာ နတ်စည်းစိမ်တို့သည် နတ်၌ဖြစ်သော ကိလေသာမီးတို့ကို နေ့စဉ် တိုးပွားစေကုန်၍ နတ်ပြည်ခြောက်ထပ် နတ်ဘုံသူ၊ နတ်ဘုံသားတို့ကို သေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံသို့ချည်း အကုန်တွန်းလှဲ၍ ချကုန်၏။

၃။　ဗြဟ္မာ့ချမ်းသာ ဗြဟ္မာ့စည်းစိမ်တို့သည် ဗြဟ္မာ၌ဖြစ်သော ကိလေသာမီးတို့ကို နေ့စဉ် တိုးပွားစေကုန်၍ ဗြဟ္မာ့ဘုံသူ၊ ဗြဟ္မာ့ဘုံသားတို့ကို အပါယ်ဘုံသို့ ချည်း အကုန်တွန်းလှဲ၍ ချကုန်၏။

ထို့ကြောင့် –

လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည် အတ္တဒိဋ္ဌိရှိနေကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့မှာ အလွန်ကြီးကျယ်စွာသော အန္တရာယ်ကြီး အစစ် ဖြစ်ကုန်၏။ ဒုက္ခကြီးအစစ် ဖြစ်ကုန်၏။

**အတ္တဒိဋ္ဌိမရှိလျှင် အပါယ်ဘုံ၌ မဖြစ်ပုံ**

အတ္တဒိဋ္ဌိ ချုပ်ငြိမ်းသဖြင့် အလုံးစုံသော ဒုစရိုက်မီး အပါယ်မီးတို့မှ လွတ်ငြိမ်းကုန်ပြီးသော လူ၊ နတ် ဗြဟ္မာအရိယာတို့၏ သန္တာန်၌မူကား သဒ္ဓါအစရှိသော ကောင်းမြတ်သော တရားတို့သည် ဝင်းဝင်းတောက် ထက်သန်ကြကုန်၏။

လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာတို့သည် အလွန်နုနဲ့နေ့ သေးသိမ်ကြကုန်၏။

လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည် ထိုလူ၊ နတ်၊ ဗြဟ္မာ အရိယာတို့မှာ ပျော်မွေ့ဖို့သာ ဖြစ်ကုန်၏။ ယုတ်နိမ့်သော ဘဝသို့ တွန်းချနိုင်သော အန္တရာယ်ကြီးတွေ မဟုတ်ကြကုန်ပြီ။

**အဝိဇ္ဇာမှ အတ္တဒိဋ္ဌိဖြစ်ပေါ်လာခြင်း**

ထိုအတ္တဒိဋ္ဌိသည် အဘယ်တရားမှ ဖြစ်သနည်း။ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့၌ အနတ္တ အချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးမှ ဖြစ်၏။

---

၁။　ကိလေသာမီး = ပူပန်စေတတ်၊ နှိပ်စက်တတ်သော လောဘအစရှိသော ကိလေသာ တရား ၁၀ ပါး။

အနတ္တအချက်ကြီးကို ဖုံးလွှမ်းနေသော အဝိဇ္ဇာကြီးသည် အဘယ်တရားမှ ဖြစ်သနည်း။

လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့၌ ဒုက္ခအချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးမှ ဖြစ်၏။

ဒုက္ခအချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးသည် အဘယ်တရားမှ ဖြစ်သနည်း။

လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့၌ အနိစ္စအချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးမှ ဖြစ်၏။

လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့၌ အနိစ္စအချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီး ချုပ်ငြိမ်းခဲ့လျှင် ဒုက္ခအချက်ကြီးကို ဖုံးလွှမ်းသော အဝိဇ္ဇာကြီးသည်လည်း ချုပ်ငြိမ်းလေ၏။ အနတ္တအချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာကြီးသည်လည်း ချုပ်ငြိမ်းလေ၏။

အနတ္တအချက်ကြီးကို ဖုံးလွှမ်းသော အဝိဇ္ဇာကြီး ချုပ်ငြိမ်းခဲ့လျှင် အတ္တဒိဋ္ဌိကြီးသည် အပြီးချုပ်ဆုံး၏။ အတ္တဒိဋ္ဌိကြီး ချုပ်ဆုံးခဲ့လျှင် ဒုစရိုက်ဟောင်း၊ ဒုစရိုက်သစ်တို့သည် အကုန်ချုပ်ငြိမ်းကုန်၏။

ဒုစရိုက်ဟောင်း၊ ဒုစရိုက်သစ်တို့ အကုန်ချုပ်ငြိမ်းခဲ့လျှင် ထိုသူတို့မှာ ရှေ့ သို့ ကျရောက်ရန် အပါယ်ဘဝတွေ အကုန်ချုပ်ငြိမ်းကုန်၏။ ရရှိဆဲ ရရှိလတ္တံ့ကုန်သော လူချမ်းသာ လူ့စည်းစိမ်၊ နတ်ချမ်းသာ နတ်စည်းစိမ်၊ ဗြဟ္မာ့ချမ်းသာ ဗြဟ္မာ့ စည်းစိမ်တို့သည် အန္တရာယ်ကြီးတွေ မဟုတ်ကြကုန်ပြီ။ မွေ့လျော်ဖွယ်တွေသာ ဖြစ်ကုန်ကြ၏။

**အတ္တဒိဋ္ဌိပယ်ခွာနည်း ဘာဝနာလေးဆယ်**

ထို့ကြောင့် ယခုအခါ၌ "အတ္တဒိဋ္ဌိ"၏ ချုပ်ငြိမ်းခြင်းကို အလိုကျကုန်သော သူအပေါင်းတို့သည် ခန္ဓာငါးပါးတို့၌ အနိစ္စအချက်ကြီးကို ဖုံးလွှမ်း၍နေသော အဝိဇ္ဇာကြီးကို ချုပ်ငြိမ်းစေခြင်းငှာ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အနိစ္စဘာဝနာကို ရှေးဦးစွာ အားထုတ်ကြကုန်ရာ၏။ ထို့နောင် နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဒုက္ခဘာဝနာကို အားထုတ်ကြကုန်ရာ၏။ ထို့နောင် ငါးပါးသော အခြင်းအရာတို့ဖြင့် အနတ္တဘာဝနာကို အားထုတ်ကြကုန်၏။

အတ္တဒိဋ္ဌိကြောင့် အပါယ်ဘုံ၌ ဖြစ်ရပုံ ပြီး၏။

## အနုပဿနာဉာဏ်ဖြင့် ပယ်အပ်သော တရားများ

ဤအရာ၌
၁။　စွဲလမ်းတတ်သော တရား ၃–ပါး
၂။　စွဲလမ်းသော အခြင်းအရာ ၃–ပါး
၃။　စွဲလမ်းရာ ဝတ္ထု ၃–ပါး
၄။　အစွဲအလမ်းကို ဖျောက်ပယ်တတ်သော အနုပဿနာဉာဏ် ၃–ပါး

ဤတရားတို့ကို ရှေးဦးစွာ သိရာ၏။
၁။　မာန၊ တဏှာ၊ ဒိဋ္ဌိသာ၊ မှတ်ပါ စွဲလမ်းတတ်။
၂။　ဧသောဟ မသ္မိ၊ ဧတံ၊ မမ၊ ဧသော မေ အတ္တာ၊ ဤ ၃–ဖြာ၊ ခြင်းရာ ၃–ပါးမှတ်၊
၃။　နိမိတ္တ၊ ပဏိဟိတ၊ အတ္တဇီဝါ၊ ဤ ၃–ဖြာ၊ စွဲရာ ဝတ္ထုမှတ်။
၄။　အနိမိတ္တ၊ အပဏိဟိတာ၊ သုညတာ၊ မှတ်ပါ ဖျောက်ပယ်တတ်။

အစဉ်အတိုင်း သံပေါက်

## စွဲလမ်းတတ်သော တရား ၃–ပါး

မာန၊ တဏှာ၊ ဒိဋ္ဌိသာ၊ မှတ်ပါ စွဲလမ်းတတ် ဟူသော ကဗျာ၌–
၁။　"မညန် မာနေ၀။"
မညန်၊ အထင်မှားခြင်း။ မာနေ၀၊ အထင်မှားခြင်း။
၂။　"တဿန် တဏှာ"။
တဿန်၊ တွယ်တာခြင်း။ တဏှာ၊ တွယ်တာခြင်း။
၃။　"ဒဿန် ဒိဋ္ဌိ"
ဒဿန်၊ အမြင်မှားခြင်း။ ဒိဋ္ဌိ၊ အမြင်မှားခြင်း။
စွဲလမ်းတတ်သော တရား ၃–ပါးမှတ်။

## စွဲလမ်းသော အခြင်းအရာ ၃–ပါး

"ဧသောဟ မသ္မိ၊ ဧတံ မမ၊ ဧသော မေ အတ္တာ" ဤသုံးပါးကား စွဲလမ်းပုံ အခြင်းအရာ ၃–ပါးတည်း။

၁။ ဧသော၊ ဤသည်ကား။ အဟံ-ငါသည်။ အသ္မိ၊ ဖြစ်၏။ (မာန စွဲလမ်းပုံ။)
၂။ ဧတံ၊ ဤသည်ကား။ မမ၊ ငါ့ဟာတည်း။ (တဏှာစွဲလမ်းပုံ။)
၃။ ဧသော၊ ဤသည်ကား။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဝါ၊ အမာခံ အနှစ်သားတည်း။ (ဒိဋ္ဌိစွဲလမ်းပုံ။)

## စွဲလမ်းရာဝတ္ထု ၃-ပါး

နိမိတ္တ၊ ပဏ္ဏတ္တိ၊ အတ္တဇီဝဟူသော စွဲလမ်းရာ ဝတ္ထု ၃ ပါး၌

၁။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတစ်ပါး ယောက်ျား၊ မိန်းမ၊ ဦးခေါင်းစသား၊ ဒြပ်များ၊ မှတ်သား နိမိတ္တ။
၂။ လှပတင့်တယ်၊ ဆန်းတကြယ်နှင့် ဖွယ်ရာလျောက်ပတ်၊ ကောင်းမြတ်ချမ်းသာ၊ မင်္ဂလာကျက်သရေ၊ မက်ဖွယ်တွေ၊ မှတ်လေ ပဏ္ဏတ္တိ။
၃။ ပြုတတ်ကြံတတ်၊ ပြောဆိုတတ်နှင့်၊ သိမှတ်ခံစား၊ ပြောင်းသွားကျင်လည်၊ အတ္တမည်၏။ အရှည် နှစ်-လ၊ တည်သမျှ ဇီဝ မှတ်သညာ။

## ရုပ်နာမ်တို့၌ နိမိတ္တဟု စွဲလမ်းပုံ

**သစ်ပင်ရိပ်ဥပမာနှင့် ရုပ်ခန္ဓာအရိပ်**

ဤကဗျာ ၃-ပုဒ်၌ အဓိပ္ပါယ်ကား- သစ်ပင်ရှိသည်ရှိသော် သစ်ပင်ကိုစွဲ၍ သစ်ပင်ရိပ်ပေါ်မြဲဖြစ်၏။ အကိုင်းရိပ်၊ အခက်ရိပ်၊ အညွန့်ရိပ်၊ အရွက်ရိပ်၊ အပွင့်ရိပ်၊ အသီးရိပ် အစုံပေါ်မြဲဖြစ်၏။ ထိုသို့ ပေါ်ရာ၌ သစ်ပင်သည် အရိပ်မဟုတ်၊ အရိပ်သည် သစ်ပင်မဟုတ်၊ သစ်ပင်ကို စွဲ၍ အရိပ်ဖြစ်၏။

သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်၊ သစ်ညွန့်၊ သစ်ပွင့်၊ သစ်သီးတို့သည်လည်း အဋ္ဌကလာပ်ရုပ်[၁] အစုတို့ကို စွဲ၍ ပေါ်ကြသော အရိပ်ကြီးငယ်တို့သာတည်း။ အဋ္ဌကလာပ်ရုပ်အစုတို့သည် သစ်ပင်၊ သစ်ကိုင်း စသည်မဟုတ်ကြကုန်။ သစ်ပင်၊ သစ်ကိုင်းစသည်တို့သည် အဋ္ဌကလာပ်ရုပ်အစု မဟုတ်ကြကုန်။

အဋ္ဌကလာပ်ရုပ်အစုကိုစွဲ၍ သစ်ပင်၊ သစ်ကိုင်းစသော အရိပ်သဏ္ဌာန်ကြီးငယ်တို့သည် ပေါ်ကုန်၏။ သစ်ပင်၊ သစ်ကိုင်းစသော အရိပ်သဏ္ဌာန်ကြီးငယ်တို့ကို စွဲ၍ သစ်ပင်ရိပ်၊ သစ်ကိုင်းရိပ်စသော အရိပ်ကြီးငယ်တို့သည် ပေါ်ကုန်၏။

---

၁။ အဋ္ဌကလာပ်ရုပ် - (အဋ္ဌ-ရှစ်ခု၊ ကလာပ-ကလာပ်-အပေါင်း၊ ရူပ-ရုပ်) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ-ဟူသော ရုပ်ရှစ်ပါးအဖွဲ့အစည်း။

**ရုပ်မှ အရိပ် ၂မျိုးပေါ်ခြင်း**

ဤသို့လျှင် သစ်ပင်၌ရှိသော အဋ္ဌကလာပ်ရုပ် အစုတို့မှ အရိပ်နှစ်မျိုးပေါ်၏။

သစ်ပင်သဏ္ဌာန်၊ သစ်ကိုင်းသဏ္ဌာန်စသော ပထမအရိပ်တို့ကား အဋ္ဌကလာပ်ရုပ် အစုတို့ကိုမှီ၍ ပေါ်ကုန်၏။

---------

သစ်ပင်ရိပ်၊ သစ်ကိုင်းရိပ်စသော ဒုတိယအပင်ရိပ်တို့ကား မြေအပြင်၌ ပေါ်ကုန်၏။

ပကတိလူတို့သည် ဤဒုတိယအရိပ်ကိုသာ အရိပ်ဟူ၍ သိကြကုန်၏။ ပထမအရိပ်ကိုကား အရိပ်ဟူ၍ မသိကြကုန်။

ထို့အတူ–

သတ္တဝါတို့၌လည်း ရုပ်ခန္ဓာတို့မှ အရိပ်နှစ်မျိုးထွက်၏။ ပုဂ္ဂိုလ်အသွင်၊ သတ္တဝါအသွင်ဟူသော အရိပ်၊ ဦးခေါင်းသဏ္ဌာန်၊ ကိုယ်သဏ္ဌာန်၊ ခြေသဏ္ဌာန်၊ လက်သဏ္ဌာန်၊ လည်ပင်းသဏ္ဌာန်ဟူသော အရိပ်။

ဦးခေါင်း၌လည်း– ဦးထိပ်သဏ္ဌာန်၊ နဖူးသဏ္ဌာန်၊ မျက်နှာသဏ္ဌာန်စသည် မျက်လုံးသဏ္ဌာန်၊ နှာခေါင်းသဏ္ဌာန်၊ ခံတွင်းပေါက်သဏ္ဌာန်၊ မေးသဏ္ဌာန်၊ နားရွက်သဏ္ဌာန် စသည် အရိပ်ကြီးငယ် အလွန်များ၏။

ကိုယ်၌လည်း ရင်သဏ္ဌာန်၊ ဝမ်းသဏ္ဌာန်၊ ဆီးသဏ္ဌာန်၊ ကျောကုန်းသဏ္ဌာန်၊ ခါးသဏ္ဌာန်၊ နံဘေးသဏ္ဌာန်စသည် အရိပ်ကြီးငယ် အလွန်များ၏။

ထို့အတူ–

ဆံပင်သဏ္ဌာန်ပေါင်း ၂–ကုဋေ ၄–သန်း။

မွေးညင်းသဏ္ဌာန်ပေါင်း ၉သောင်း ၉ ထောင်။

ခြေသည်းသဏ္ဌာန်ပေါင်း ၁၀။

လက်သည်းသဏ္ဌာန်ပေါင်း ၁၀။

သွားသဏ္ဌာန်ပေါင်း ၃၂။

အရေထူ၊ အရေပါးသဏ္ဌာန်ကြီး ၂။

အသားစိုင်၊ အသားခဲသဏ္ဌာန်ပေါင်း ၉–ရာ။

အကြောကြီး၊ အကြောငယ်သဏ္ဌာန်ပေါင်း ၉–ရာ။

အရိုးကြီး၊ အရိုးငယ် သဏ္ဌာန်ပေါင်း ၃–ရာ။

ဦးနှောက်ခဲသဏ္ဍာန်၊ ထိုထိုအရိုးတွင်းရှိ ရိုးတွင်းခြင်ဆီသဏ္ဍာန် အညှို့ သဏ္ဍာန်၊ နှလုံးသဏ္ဍာန်၊ အသည်းသဏ္ဍာန်၊ အဆုတ်သဏ္ဍာန်၊ အမြေးသဏ္ဍာန်၊ အူမ သဏ္ဍာန်၊ အူသိမ်သဏ္ဍာန် စသည်ဖြင့် အရိပ်ကြီး အရိပ်ငယ်ပေါင်း အလွန်များပြားလှ၏။

**ပထမအရိပ်** အဏုမြူ[၁] ပရမာအဏုမြူ[၂] မျှ အထည်ဝတ္ထုဒြပ်သဏ္ဍာန် ထင်မြင်ခဲ့လျှင် အရိပ်အသွင်ဟူ၍သာမှတ်၊ ဤကား ပထမအရိပ်မျိုးတည်း။

**ဒုတိယအရိပ်** နေရောင်မီးရောင်ကိုစွဲ၍ ပေါ်သောလူရိပ်၊ မှန်အပြင် ရေအပြင်တို့၌ ပေါ်သော လူရိပ်တို့ကား ဒုတိယ အရိပ်အသွင်မျိုးတည်း။

**နာမ်ခန္ဓာအရိပ်** နာမ်ခန္ဓာတို့မှ ထွက်သော အရိပ်မျိုးကား–

မြင်သော အသွင်၊ ကြားသောအသွင်၊ ကြံသောအသွင်၊ သိသောအသွင်၊ နှလုံးသာယာသောအသွင်၊ နှလုံးမသာယာသောအသွင်၊ အလိုရှိသောအသွင်၊ အလိုမရှိသောအသွင်၊ အမျက်ထွက်သောအသွင်၊ ကြည်ဖြူသောအသွင်၊ မကြည်ဖြူသောအသွင် စသည်တို့သည် နာမ်ခန္ဓာတို့မှ ရုပ်ခန္ဓာတို့၌ ထင်သောအရိပ်တို့တည်း။

**ခန္ဓာငါးပါးမှ အရိပ်** ခန္ဓာငါးပါးအပေါင်းတို့မှ ထွက်သော အရိပ်တို့ကား–

ထိုထိုကိုယ်အင်္ဂါကြီးငယ်တို့ လှုပ်သောအသွင်၊ ထိုင်သောအသွင်၊ ထသောအသွင်၊ ရပ်သောအသွင်၊ သွားသောအသွင်၊ ကွေးသောအသွင်၊ ဆန့်သောအသွင်၊ ထိုထို အမှုကို ပြုလုပ်သောအသွင်၊ ပြောဆိုသောအသွင် စသည်ဖြင့် အမှုကိစ္စ အမျိုးမျိုး ထင်မြင်ကြသမျှ အလုံးစုံတို့သည် ခန္ဓာငါးပါးအပေါင်းတို့မှ ထွက်သော အရိပ်တို့တည်း။ ဤသို့လျှင် ကိုယ်ခန္ဓာငါးပါးတို့နှင့် ရောနှောဖက်စပ်၍ ထင်မြင်ကြရသော အလုံးစုံသော အရိပ်အသွင်တို့ကို "နိမိတ္တ"ဟူ၍ ဆိုသတည်း။

---

၁။ အဏုမြူ–ရထားသွား၍ ပျံ့လွင့်တက်ကြွလာသော မြူ (ထိုထိုအရပ်ရပ်၌ ကပ်ငြိသော မြူ) သည် ရထရေဏုမြူမည်၏။ ထိုမြူ၏ ၃၆–စိတ် တစ်စိတ်သည် တဇ္ဇာရီမြူမည်၏။ နွားသွားလမ်း၊ လူသွားလမ်း၊ လှည်းသွားလမ်းတို့၌ အထက်သို့ လွင့်တက်နေသော မြူမျိုးဖြစ်သည်။ ထိုမြူ၏ ၃၆–စိတ် တစ်စိတ်သည် အဏုမြူမည်၏။ နံရံပေါက်စသည်၌ ဝင်သော နေရောင်၌ မြင်ရသော မြူမျိုးဖြစ်သည်။

၂။ ပရမာဏုမြူ – အဏုမြူ၏ ၃၆–စိတ် တစ်စိတ်သာရှိသော အသေးငယ်ဆုံးသော မြူသည် ပရမာဏုမြူမည်၏။ လူတို့ မျက်စိဖြင့် မမြင်ကောင်း၊ နတ်မျက်စိဖြင့်သာ မြင်ကောင်းသည်။ (သမ္မော အဋ္ဌကထာ၊ နှာ–၃၊ ၈။)

ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၁
ရက်စွဲ
စာကြည့်တိုက်

ဤကား-

ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါး၊ ယောကျ်ားမိန်းမ၊ ဦးခေါင်းစသည်၊ ဒြပ်များ မှတ်သား နိမိတ္တဟူသော ကဗျာ၏ သရုပ်တည်း။

**အနုပဿနာဉာဏ်ဖြင့် ပယ်အပ်သော တရားပြီး၏။**

---

# အနိစ္စာနုပဿနာဉာဏ်

## အနိစ္စာနုပဿနာဉာဏ်အကျဉ်း

**ရုပ်နာမ်၌ အနိစ္စရှုပုံ**

သစ်ပင်၌ ဧကန်ရှိရင်း၊ အမှန်ရှိရင်း၊ အဟုတ်ရှိရင်း ဖြစ်ကြကုန်သော အဋ္ဌကလာပ်ရုပ်တို့ကိုလည်းကောင်း၊ ထိုရုပ်တို့၌ရှိသော အနိစ္စအချက်ကြီးကိုလည်းကောင်း ဉာဏ်အမြင် ပေါက်ခဲ့သည်ရှိသော် သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်၊ သစ်ညွန့်၊ သစ်ရွက်၊ သစ်ပွင့်သစ်သီး အစရှိကုန်သော ပထမအရိပ်အသွင်တို့သည် ဉာဏ်၌ အကုန်ကွယ်ပျောက်ကုန်၏။ အမှန်ရှိရင်းမျိုး၊ အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်။ စိတ်အာရုံထဲမှာသာ မျက်လှည့် အသွင်ကဲ့သို့ ထင်ရမြင်ရသော အရိပ်မျိုး၊ နိမိတ်မျိုး၊ အသွင်သဏ္ဌာန်မျိုးတို့သာတည်းဟု ဉာဏ်၌ ရှင်းလင်းစွာ ထင်မြင်၏။

**မျက်လှည့်ပမာ ပုဂ္ဂိုလ် သတ္တဝါ သူ ငါမရှိ**

ထို့အတူ သတ္တဝါတို့သန္တာန်၌လည်း ဧကန်ရှိရင်း၊ အမှန်ရှိရင်း၊ အဟုတ်ရှိရင်းဖြစ်ကုန်သော အသီးသီးသော ရုပ်ဓာတ်တို့ကိုလည်းကောင်း၊ နာမ်ဓာတ်တို့ကိုလည်းကောင်း၊ ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အနိစ္စအချက်ကြီးကိုလည်းကောင်း၊ ဉာဏ်အမြင်ပေါက်ခဲ့သည်ရှိသော် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အင်္ဂါကြီးငယ် အစရှိကုန်သော အလုံးစုံသော ရုပ်နိမိတ်၊ နာမ်နိမိတ်၊ ရုပ်နာမ်နိမိတ်တို့သည် ဉာဏ်၌ အကုန်ကွယ်ပျောက်ကုန်၏။ ဧကန်အမှန် အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်။ သတ္တဝါတို့၏ စိတ်အာရုံထဲမှာ မျက်လှည့်အသွင်ကဲ့သို့ ထင်ကြရ၊ မြင်ကြရသော အရိပ်မျိုး၊ နိမိတ်မျိုး၊ အသွင်သဏ္ဌာန်မျိုးတို့သာတည်းဟု ဉာဏ်၌ ထင်ရှားစွာ ထင်မြင်၏။

ထိုဒြပ်သဏ္ဌာန်တို့ ကွယ်ပျောက်ကုန်လျှင်လည်း ပုဂ္ဂိုလ်ကြည့်သည်၊ ပုဂ္ဂိုလ်မြင်သည်၊ ပုဂ္ဂိုလ်နာသည်၊ ပုဂ္ဂိုလ်ကြားသည်၊ ပုဂ္ဂိုလ်ထိုင်သည်၊ ပုဂ္ဂိုလ်ထသည်၊ ပုဂ္ဂိုလ်

ရုပ်သည်၊ ပုဂ္ဂိုလ်သွားသည်၊ ပုဂ္ဂိုလ်ရယ်သည်၊ ပုဂ္ဂိုလ်ပြုံးသည် အစရှိသော ပုဂ္ဂိုလ်သတ္တဝါနှင့် စပ်သော ကြိယာဒြပ်အများတို့လည်း ဉာဏ်၌ ကွယ်ပျောက်ကုန်လတ္တံ့။

ပုဂ္ဂိုလ်ဒြပ်၊ ပုဂ္ဂိုလ်အမူအရာ၊ သတ္တဝါဒြပ်၊ သတ္တဝါအမူအရာ အလုံးစုံ ကွယ်ပျောက်ကုန်သည်ရှိသော် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသော အရိပ်ကြီးတို့လည်း အကုန်ကွယ်ပျောက်ကုန်လတ္တံ့။

**အနိမိတ္တာနုပဿနာဉာဏ်**

ဤသို့လျှင် ရုပ်နာမ်တို့မှ ဖြစ်ကြကုန်၍ ရုပ်နာမ်တို့ကို လုံခြုံလုစွာ ဖုံးလွှမ်းကွယ်ကာ၍ အပ၌ ပေါ်လွင်ထင်ရှားကာ ရှိနေကြကုန်သော ခပ်သိမ်းသော ရုပ်နိမိတ်၊ နာမ်နိမိတ်၊ ရုပ်နာမ်နိမိတ်တို့ကို အကုန်ကွယ်ပျောက်စေတတ်သောကြောင့် အနိစ္စာနုပဿနာဉာဏ်ကို အနိမိတ္တာနုပဿနာဉာဏ်ဆိုသတည်း။

# ရုပ်၌ အနိစ္စာနုပဿနာဉာဏ် ၁၀မျိုး အဖွင့်

## ဘုတ်လေးပါးတို့၏ အလွန်သိမ်မွေ့ သေးဖွဲ့ကြပုံ၊ အဖြစ်အပျက် အလွန်လျင်မြန်ပုံကို ရိပ်မိလောက်ရုံ ပြဆိုချက်

ယခုအခါ ရူပက္ခန္ဓာ၌ အနိစ္စာနုပဿနာဉာဏ်ဆယ်ပါးဖွင့်နည်း၊ ရှုနည်း၊ ပွားများနည်းကို သိသာရုံမျှ ပြဆိုအံ့။

၁။　နှုးညံ့၊ ခက်မာ၊ ကိရိယာ၊ နှစ်ဖြာ-မြေဓာတ်စစ်၊

၂။　ဖွဲ့စေး၊ စီးယို၊ နှစ်ပါးကို၊ ခေါ်ဆို ရေဓာတ်စစ်။

၃။　ပူမှု၊ အေးမှု၊ ဤနှစ်ခု၊ ခေါ်မူ မီးဓာတ်စစ်။

၄။　ထောက်ကန်၊ လှုပ်ရှား၊ ဤနှစ်ပါး ခေါ်ငြား လေဓာတ်စစ်။

၅။　ထွေထွေကိရိယာ၊ ပိုင်းခြားရာ၊ အာကာ ဓာတ်အစစ်။

ပရမာဏုမြူ၊ အဏုမြူမျှ အထည်ဝတ္ထုဒြပ် သဏ္ဌာန်နိမိတ်အသွင် ထင်မြင်ခဲ့သည်ရှိသော် ဧကန်ရှိ အမှန်ရှိ အဟုတ်မျိုး မဟုတ်ပြီ။ မျက်လှည့်ဆရာပြသော ရုပ်တု၊ ရုပ်သွင်မျိုး စင်စစ်မှတ်။

အဘယ်ကြောင့်နည်းဆိုသော်-

အဏုမြူတစ်ခုဟုခေါ်သော ဝတ္ထုကို ကြိတ်နယ်ခဲ့လျှင် အစိတ်အဖြာကွဲမှု ဧကန်ရှိ၏။ အတွင်း၌ ကလာပ်ဖွဲ့ အများရှိ၏။ အာကာသအခြား အများရှိ၏ဟု သိအပ်၏။ အစိတ်အဖြာ ကွဲမှုဟူသမျှသည် ကလာပ်အခြားမှ ကွဲမြဲတည်း။ အဏုမြူအမည် ကွယ်ပျောက်လေ၏။ ပရမာဏုမြူတွေ ဖြစ်၍ကုန်၏။

ထိုပရမာဏုမြူတို့ အသီးအသီး အစိတ်အဖြာ ကွဲကြကုန်လျှင် ပရမာဏုမြူအမည် ကွယ်ပျောက်ကြကုန်၏။ တစ်ခုတစ်ခုသော ရုပ်ကလာပ် အစိတ်တွေ ဖြစ်ကြကုန်ရာ၏။ ထိုအခါ အစိတ်အဖြာကွဲမှု မရှိပြီ။ ချုပ်ဆုံး၍သာ သွားကြကုန်လတ္တံ့။

ဤသို့လျှင် အဏုမြူဓာတ်၊ အဏုမြူကလာပ်ဟူ၍ စင်စစ်အားဖြင့်မရှိ။ နိမိတ္တမျိုးသာ ဖြစ်၏။ ပရမာဏုမြူဓာတ်၊ ပရမာဏုမြူကလာပ်ဟူ၍ စင်စစ်အားဖြင့်မရှိ။ နိမိတ္တမျိုးသာဖြစ်၏။

ဤပရမာဏုမြူကား ပကတိမျက်စိဖြင့် မမြင်အပ်၊ ဒိဗ္ဗစက္ခု အဘိညာဉ်[၁]ဖြင့်သာ မြင်အပ်သည်ဟူ၏။ ထိုပရမာဏုမြူမှာပင် ရုပ်ကလာပ်ပေါင်းများစွာ၊ ပထဝီပေါင်းများစွာ၊ အာပေါပေါင်းများစွာ၊ တေဇောပေါင်းများစွာ၊ ဝါယောပေါင်းများစွာ၊ ကလာပ်ခြား အာကာသပေါင်းများစွာ ရှိသေး၏။ ထို့ထက်ကြီးသော ဝတ္ထုဒြပ်တို့၌ ဆိုဖွယ်မရှိ။

ပရမဓာတ်စစ်ကြီးတို့ သိမ်မွေ့ပုံကို ဆ၍ သိကြရန် အချက်ကြီးတည်း။

---

၁။　ဒိဗ္ဗစက္ခုအဘိညာဉ် - (ဒိဗ္ဗ=နတ်တို့၏၊ စက္ခု=မျက်စိကဲ့သို့၊ အဘိညာဉ်-အဘိညာ=အထူးသိမြင်သောဉာဏ်)နတ်မျက်စိကဲ့သို့ ရူပါရုံတို့ကို အပိတ်အပင်မရှိ မြင်စွမ်းနိုင်သော ပဉ္စမဈာန်ဉာဏ် အထူးတည်း။

ထို့အတူ–

နေရောင်၊ လရောင်၊ ကြယ်ရောင်၊ မီးရောင်၊ စိန်ရောင်၊ မြရောင်၊ ပတ္တမြား ရောင်၊ လျှပ်ရောင်တို့၌လည်းကောင်း–

မြေ၌ထင်သော သစ်ပင်ရိပ်၊ လူရိပ်၊ မှန်အကြည်၊ ရေအကြည်တို့၌ ထင်သော နေရိပ်၊ လရိပ်၊ တိမ်ရိပ်၊ လူရိပ်၊ သစ်ပင်ရိပ်တို့၌လည်းကောင်း၊

ညဉ့်မှောင်တို့၌လည်းကောင်း၊
ကြည်လှစွာသော ရေတို့၌လည်းကောင်း၊
အသံအမျိုးမျိုးတို့၌လည်းကောင်း၊

တောင်လေ၊ မြောက်လေအစရှိသော လေအမျိုးမျိုး၊ ထိုလေဆောင်ရာ ပါရှိ ကုန်သော အနံ့ အမျိုးမျိုးတို့၌လည်းကောင်း၊

မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်ဟူသော မဟာဘုတ်ရုပ်ကြီးတို့သည် ပါရှိကုန်၏။ မဟာဘုတ်ရုပ်ကြီးတို့နှင့် ကင်း၍ တစ်ခုတစ်ခုသော ရုပ်မျှဖြစ်ခြင်း မည်သည်မရှိ။ မဟာဘုတ်ရုပ်ကြီးတို့ အရိပ်အယောင် အစရှိသော ခပ်သိမ်းသော ရုပ် တို့၏ အထည်ခံ အမာခံ ဖြစ်ကြပေကုန်၏။

ထိုအရိပ်အယောင် အစရှိသည်တို့၌ ပါရှိသော မဟာဘုတ်ရုပ်ကြီးတို့နှင့် သတ္တဝါတို့သန္တာန်၌ အထည်ခံ အမာခံဖြစ်ကုန်သော မဟာဘုတ်ကြီးတို့သည်လည်း ကောင်း၊ ကျောက်တိုင်၊ ကျောက်တုံး၊ သံတိုင်၊ သံတုံး၊ သစ်ပင်၊ သစ်တုံးစသည်တို့၌ အထည်ခံ၊ အမာခံဖြစ်ကုန်သော မဟာဘုတ်ရုပ်ကြီးတို့သည်းလည်းကောင်း၊ အဏုမြူ၊ ပရမာဏုမြူမျှ ဒြပ်သဏ္ဍာန် မရှိကြ၊ ကြိယာအမူအရာမျှသာ ရှိကြမှုတို့သည် တူကြ ကုန်၏။ ရုပ်ကလာပ်ချင်း အစုအခဲ၊ အပေါင်းအဖွဲ့၊ စိတ်မှု၊ ကျဲမှု၊ ကျပ်မှု၊ ချောင်မှု အမျိုးမျိုးသို့လိုက်၍သာ အထူးရှိနေကြကုန်၏။

ဤသည်လည်း မဟာဘုတ်ရုပ်ကြီးတို့၏ သေးဖွဲ့လှပုံကို သိမြင်ရန် အချက် စုတည်း။

-----------

## တေဇောဓာတ်၏ အခွင့်ကိစ္စများ

**ဉဏှ တေဇော မီးဓာတ်၏ ကိစ္စ ၂ ပါး**

ထို မဟာဘုတ်လေးပါးတို့တွင် တေဇော မဟာဘုတ်ဆိုသည်ကားမီး ဓာတ်ကြီး ပေတည်း။ ထိုမီးဓာတ်ကြီး၏ အခွင့် ကိစ္စကား–

၁။ အတူတကွ ဖြစ်သော မဟာဘုတ်ကြီးတို့ကို အတွင်လောင်မှု၊ ကျွမ်းစေမှု၊ ကုန်ဆုံးစေမှု အခွင့်ကိစ္စကြီးတစ်ပါး။

၂။ ရုပ်ကလာပ်သစ်တို့ကို အတွင်ပေါက်ဖွားစေမှု၊ တိုးပွားစေမှု အခွင့်ကိစ္စကြီး တစ်ပါး။

ဤအခွင့်ကိစ္စကြီး ၂ ပါးကို မျက်တောင်တစ်ခတ်မျှ မလပ်မစဲ အမြဲနိစ္စအား ဖြင့် တွင်ကျယ်စွာ ရွက်ဆောင်၏။

ထိုကိစ္စကြီး ၂-ပါးတွင်-

၁။ ရုပ်ကလာပ်သစ် ပေါက်ဖွားမှုက သဟဲကောင်းလှသောအခါ ပူလောင်၍ ကလာပ်ဟောင်းတစ်ခု ကုန်ရာ၌ ကလာပ်များစွာကို ဖြစ်ပေါ်စေ၏။ သစ်ပင်များ တစ်နေ့တခြား ကြီးထွားမှုကို မြင်လေ။

၂။ ပေါက်ဖွားမှုက သဟဲနည်းလှသောအခါ လောင်၍ ကုန်ဆုံးမှုက အားကြီး၏။ တိုးပွားမှုက နည်း၏။ သစ်ပင်များ အို၍ ကျသွားသည်ကို မြင်လေ။

လောင်မှု၊ ပွားစေမှု သဟဲမျှတ၍ နေသောအခါ အတိုးအဆုတ်မျှတ၍နေ၏။ ထင်းမီးစာ သဟဲကောင်းလျှင် မီးတောက်တိုးပွား၏။ ထင်းမီးစာ သဟဲနည်း၍သွား လျှင် မီးတောက် ဆုတ်ယုတ်၍သွား၏ ထင်းမီးစာကုန်လျှင် မီးတောက် ကုန်ပျောက် ၏။ လောက၌ ပကတိမီး၏ အချက်အစကို စေ့စုံစွာ ကြည့်၍ ပရမတ် တေဇောဓာတ် ကြီး အခွင့်ကိစ္စကြီး ၂ ပါးကို အတပ်သိနိုင်၏။

**သီတတေဇောဓာတ်ကိစ္စနှစ်ပါး**

သီတမီးသည်လည်း လောင်မှု၊ ပွားမှု အခွင့် ကိစ္စ ကြီးနှစ်ပါးရှိ၏။ မြစ်ရေ၊ သမုဒ္ဒရာရေ၊ ကမ္ဘာ ပျက်ရေတို့ မြင်လေ။ ထိုရေ၌ တိုးမှု၊ ပွားမှု၊ တည် နေမှု၊ ဆုတ်ယုတ်မှုတို့သည် သီတ ဓာတ်မီး၏ အခွင့်ကိစ္စကြီးပေတည်း။

ဤကား တေဇောဟူသော မီးဓာတ်ကြီး၏ အခွင့်ကိစ္စကြီး နှစ်ပါးကို ပြဆိုချက် တည်း။

**ကုန်ဆုံးမှုမြင်အောင်ကြည့်ပုံ**

အထက်က ပြဆိုခဲ့သော ပရမတ်ဓာတ်ကြီးတို့၏ သိမ်မွေ့သေးဖွဲ့မှုနှင့် ဤတေဇောဓာတ်ကြီး၏ အခွင့်ကိစ္စနှစ်ပါးကို နှီးနှော၍ ကြည့်ခဲ့သည်ရှိသော် ဤကိုယ်ခန္ဓာတို့၌ မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ မပြတ်မစဲ အမြဲကုန်ဆုံးမှု ကြီးတစ်ခုရှိနေသည်ကို လည်းကောင်း၊ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ မပြတ်မစဲ အမြဲ ဖြစ်ပွားမှုကြီး တစ်ခု ရှိနေသည် ကိုလည်းကောင်း မုချ ဆတ်ဆတ်သိမြင်အပ်၏။

ကုန်ဆုံးမှုကြီးကို ထင်မြင်အောင် ကြည့်ရှုသောအခါ၌ မီးလောင်၍နေသော ဝွမ်းပုံကြီး၊ ဝွမ်းလုံးကြီး၊ စက္ကူပုံကြီး၊ စက္ကူထုပ်ကြီးတို့၏ ကုန်ဆုံးမှုကဲ့သို့ ရှုမြင်ရာ ၏ ။

**ဖြစ်ပွားမှုမြင်အောင် ကြည့်ပုံ**

ဖြစ်မှု၊ ပွားမှုကို ကြည့်ရှုသောအခါ၌ ကိုယ်ခန္ဓာ အတွင်းမှာ ကောင်းကင်၌ တိမ်တိုက်တိမ်ခဲတွေ ခဏချင်း ပြည့်သကဲ့သို့လည်းကောင်း၊ ဒီချောင်း၌ ဒီရေတိုးတက်သကဲ့သို့လည်းကောင်း ထင်မြင်အောင် ကြည့်လေ။

ဖြစ်ပွားမှု၊ ပျက်ဆုံးမှုကြီး ၂-ပါးကို ဉာဏ်နှင့်သန့်ခြား၍ အချက်ကျအောင် ကြည့်တတ်မှ မြင်သာထင်သာရှိမည်။ အချက်ကျအောင် ကြံဖန်၍ မကြည့်တတ်လျှင် ထွေးယှက်၍ နေလိမ့်မည်။

ဤကား မြေ၊ ရေ၊ မီး၊ လေ ဟူသော မဟာဘုတ်ကြီးလေးပါးတို့၏ ပရမတ်ဓာတ် အစစ်အားဖြင့် အလွန်သိမ်မွေ့သေးဖွဲကြပုံ၊ အဖြစ်အပျက် အလွန်လျင်မြန်ကြပုံကို ရိပ်မိလောက်ရုံ ပြဆိုချက်တည်း။

## ပထဝီအာကာသ၊ အာပေါအာကာသ၊ တေဇောအာကာသ၊ ဝါယောအာကာသ လေးပါးကို ပြဆိုခန်း

**အာကာသဓာတ် ၂-ပါး။** ။ အာကာသဓာတ်သည်-

၁။ အပြိုင်ဖြစ်ကုန်သော ကလာပ်အဖွဲ့တို့၏ အချင်းချင်းခြားမှု၊

၂။ ရှေ့နောက်အစဉ်ဖြစ်ကုန်သော ရုပ်ဟောင်း၊ ရုပ်သစ်တို့၏ ဘင်စွန်း[1] ဥပါဒ်စွန်း[2] ခြားနားမှုဟူ၍ ၂-ပါးရှိ၏။

ထို့တွင်-

အပြိုင်ဖြစ်ကုန်သော ကလာပ်ဖွဲ့တို့၏ အချင်းချင်းခြားမှုကို ရှေး၌ အဏုမြူ၊ ပရမာဏုမြူတို့ကို ခွဲ၍ ပြဆိုခဲ့ပြီ။

ရှေ့နောက် အစဉ်ဖြစ်ကုန်သော ရုပ်ဟောင်း၊ ရုပ်သစ်တို့၏ ဘင်စွန်း ဥပါဒ်စွန်း ခြားမှု၌ ခပ်သိမ်းသော ရုပ်တရား၊ နာမ်တရားတို့ မည်သည် ကြိယာမျှသာ ဖြစ်ကုန်ကြ၏။ အမူအရာမျှသာ ဖြစ်ကြကုန်၏။ ထို့ကြောင့် အမူအရာတစ်မျိုးတစ်မျိုးသည် ရုပ်တစ်မျိုးတစ်မျိုး၊ နာမ်တစ်မျိုး တစ်မျိုးပေတည်း။

ထိုတွင် ရုပ်အမူအရာတစ်မျိုးနှင့် ရုပ်အမူအရာတစ်မျိုး၏ အကြား၌ အာကာသ ပရိစ္ဆေဒ ခြားမြဲတည်း။

---

၁။ ဘင်စွန်း:- (ဘင်္ဂ - ဘင်- ပျက်ခြင်း) ရုပ်တို့၏ ပျက်နေဆဲခဏ။

၂။ ဥပါဒ်စွန်း - (ဥပ္ပါဒ - ဥပါဒ်- ဖြစ်ခြင်း) ရုပ်တို့၏ ဖြစ်နေဆဲ ခဏ။

**အာကာသခြားပုံ။** ။ ဥပမာကား လူတို့၌ အရေပါးနှင့် အရေထူ၏အကြား၌ အာကာသခြား၏။ အပေါ်ယံအရေပါးကို အသီးအခြား ခွာယူလျှင်ရ၏။ အရေထူနှင့် အသားမှေး၏ အကြား၌ အာကာသခြား၏။ အရေထူကို အသီးအခြား ခွာယူလျှင် ရ၏။ အရိုးတို့နှင့် အသားတို့၏ အကြား၌ အာကာသခြား၏။ အသားကို အသီးသီး ခွာယူသော်ရ၏။

ဤအာကာသမျိုးကား ဟင်းလင်းမြင်ရသော အာကာသမျိုး မဟုတ်။ အစွန်းနှစ်ခု အစနှစ်ခု ထိစပ်လျက်ရှိ၏။ ထိစပ်လျက်ရှိသော်လည်း အကြားအလပ် အပြတ်အပေါက်လည်း ဧကန်ရှိ၏။

## ဓာတ်ကြီးလေးပါးနှင့် ချိပ်ခဲဥပမာ

**ပထဝီအာကာသ** ဤအတူ ချုပ်ကွယ်လေသော ကြိယာဟောင်း၏ဘင်စွန်းနှင့် ဖြစ်ပေါ်လာသော ကြိယာသစ်၏ ဥပါဒ်စွန်း၏ အကြား၌ အာကာသခြား၏။

အလွန်ခက်မာ၍နေသော ချိပ်ခဲကို ပြင်းစွာ ပူသော မီးကျီစု၌ ချ၍ အရည်ကြည်ဖြစ်စေရာ၌ အလွန်ခက်မာမှုကား အမူအရာကြိယာတစ်မျိုး၊ ပထဝီတစ်မျိုး၊ သီတ[၁] မီးဓာတ်၏ သားသမီးစုပေတည်း။

ပြင်းစွာပူသော မီးကျီစု၌ ကျရောက်သည်နှင့် တစ်ပြိုင်နက် ဥဏှ[၂] မီးရှိန်သည် အောက်အဖို့မှစ၍ အစဉ်အတိုင်းလောင်၍ သွားလေရာ သီတ မီးဓာတ်သည် အစဉ်အတိုင်း ချုပ်ကွယ်လေ၏။ သီတမီးဓာတ်နှင့် သဟဇာတ်ဖြစ်ကောင်းသော ခက်မာမှုကြိယာလည်း သီတမီးဓာတ်နှင့်အတူ အစဉ်အတိုင်း ချုပ်ကွယ်လေ၏။

ဥဏှမီးဓာတ်နှင့် သဟဇာတ်ဖြစ်ကောင်းသော နူးညံ့မှု ကြိယာအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်၍သွားသဖြင့် ချိပ်ရည်ကြည်ဖြစ်လေ၏။ စေ့စေ့ကြည့်ရှု၍နေလျှင် ခက်မာမှုကြိယာ ကျေပျောက်၍ ကျေပျောက်၍သွားမှု၊ ပျော့ပျောင်း၍ ပျော့ပျောင်း၍ လာမှု၊ အစိုင်အခဲကျေ၍ ကျေ၍သွားမှု၊ အရည်တွေ ဖြစ်ပေါ်လာမှုတို့ကို ဒိဋ္ဌမြင်ရ၏။

---

၁။ သီတ = အအေးဓာတ်သဘော။

၂။ ဥဏှ = အပူဓာတ်သဘော။

စကားတစ်မျိုးတစ်မျိုးနှင့် ပြောဆိုရန် အမူအရာတစ်မျိုးတစ်မျိုး ပြောင်းလဲဖြစ်ပေါ်၍လာမှု ထင်ရှား၏။ ခက်မာမှု အဆင့်ဆင့် ချုပ်ကွယ်၍ သွား၏။ နူးညံ့မှုအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်၍လာ၏။ ရေလောင်း၍ ဥဏှမီးဓာတ်ချုပ်ငြိမ်းပြီး သီတမီးဓာတ်မင်းမူ၍ လာပြန်လျှင် နူးညံ့မှုအဆင့်ဆင့် ချုပ်ဆုံး၍သွား၏။ ခက်မာမှုအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်၍လာ၏။ အလွန်ခက်မာမြဲ ခက်မာပြန်၏။

ဤ၌ ချိပ်ဟူသော၊ ချိပ်ခဲဟူသော၊ ချိပ်ပျော့ဟူသော၊ ချိပ်ရည်ဟူသော နိမိတ္တဓမ္မကြီးကို နှလုံးမသွင်းမူ၍ ခက်မာမှုကြိယာ၊ နူးညံ့မှုကြိယာဟူသော ပထဝီဓာတ်အစစ်ကိုသာ ဉာဏ်နှင့်ဆိုက်၍ ကြည့်။

**ပထဝီဓာတ်ဖြစ်ပျက်ကြည့်ပုံ**

ကြည့်ပုံကား ပထမခက်မာမှုသည် အရည်ကြည်ဖြစ်သည်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟု ကြည့်။ ထိုသို့ ကြည့်ခဲ့လျှင် ထိုပထမခက်မာမှုသည် အရည်ကြည်ဖြစ်သည်တိုင်အောင် ပကတိအတိုင်း မတည်နိုင်မူ၍ အစမှစ၍ ခက်မာသော ပထဝီအဆင့်ဆင့် ပြိုပျက်ကုန်ဆုံး၍ လာမှု၊ နူးညံ့သော ပထဝီစုလှိုင်းပွက် အလိပ်လိပ်ထသကဲ့သို့ အဆင့်ဆင့် ဖြစ်ပေါ်၍လာမှုသည် ဉာဏ်၌ ထင်ရှားစွာ ထင်မြင်ရ၏။

ရှေးရှေးပထဝီမျိုး ကွယ်ပျောက်မှု အဆုံးအဆုံးတို့နှင့် နောက်နောက် ပထဝီမျိုး အလိပ်လိပ်ဖြစ်ပေါ်မှု အစအစတို့၌ အကြား အကြား၌ အာကာသပရိစ္ဆေဒ[၁] အခြားအခြား အသီးအသီး ရှိကြသည်ကို ဉာဏ်၌ ခြားနားစွာ ထင်မြင်စေရာ၏။

ဤအာကာသ ပရိစ္ဆေဒကား အလွန်စိပ်၏။ မျက်တောင်တစ်ခတ်မှာပင် အရာအထောင်မက စိပ်၏။ ဉာဏ်၌ ပထဝီကြိယာတစ်မျိုးတစ်မျိုး အနေနှင့် ထင်ရှားလှရာကိုသာ အပိုင်းအခြားပြု၍ ကြည့်လေ။ ခက်မာမှုစုတစ်ပိုင်း၊ ပျော့ပျောင်းမှုစုတစ်ပိုင်း၊ အရည်စုတစ်ပိုင်း၊ ဤသို့ ၃ ပိုင်း ပိုင်း၍သော်လည်း ကြည့်လေ။

---

၁။ အာကာသပရိစ္ဆေဒ – ရုပ်ကလာပ်မှုန့်တို့၏ အကြားအရပ်ကို အာကာသဓာတ်ဟူ၍လည်းကောင်း၊ ပရိစ္ဆေဒဟူ၍လည်းကောင်း ခေါ်သည်။ (အာကာသ – မရေးမခြစ် မထိခိုက်နိုင်သော ဟင်းလင်းပြင်၊ ပရိစ္ဆေဒ – ဖြတ်တောက် ပိုင်းခြားခြင်း)

ပျက်မှုကို ကြည့်သောအခါ တစ်ပိုင်းတစ်ပိုင်းသန့်ခြား၍ အလုံးစုံ ကုန်သည်တိုင်အောင် စိုက်၍ကြည့်လေ။ အရည်၌ နူးညံ့လှစွာ ပထဝီသည် ခက်မာမှုဖြစ်သည်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟူသော အပြန်၌လည်း ထိုနည်းတူ သိလေ။ ပထဝီ အာကာသ တစ်စုံပြီး၏။

**အာပေါအာကာသ**

အာပေါအာကာသ၌လည်း ပကတိခက်မာသည် မှစ၍ အရည်ကြည်ဖြစ်သည်တိုင်အောင် ဖွဲ့စည်းမှုဟူသော အာပေါဓာတ် အဆင့်ဆင့် ပြယ်ပျောက်၍သွားပုံ၊ ယိုစီးမှုဟူသော အာပေါဓာတ်အဆင့်ဆင့် စမ်းရေပွက်သကဲ့သို့ ဖြစ်ပေါ်၍ သွားပုံ၊ တစ်ဖန် အရည်ကြည် မှာရှိသော ယိုစီးမှုမှစ၍ ပကတိခက်မာမှု ဖြစ်သည်တိုင်အောင် ယိုစီးမှု အဆင့်ဆင့် ချုပ်ပျောက်ပုံ၊ ဖွဲ့စေးမှုအဆင့်ဆင့် ဖြစ်ပေါ်ပုံကို အာကာသ – ပရိစ္ဆေဒနှင့် ပိုင်းခြား၍ ကြည့်လေ။ အာပေါအာကာသပြီး၏။

**တေဇောအာကာသ**

တေဇောအာကာသ၌လည်း အေးမှုအဆင့်ဆင့်၊ ပူမှုအဆင့်ဆင့်တို့ကို ပိုင်းခြား၍ ကြည့်လေ။ တေဇော အာကာသပြီး၏။

**ဝါယောအာကာသ**

ဝါယောအာကာသ၌လည်း ထောက်ကန် တောင့်တင်းမှု အဆင့်ဆင့်၊ လှုပ်ရှားရွေ့လျားမှု အဆင့်ဆင့်တို့ကို ပိုင်းခြား၍ ကြည့်လေ။ ဝါယော အာကာသပြီး၏။

ဤချိုပ်ခဲတစ်ခု၌ ဓာတ်ကြီးလေးပါးတို့ ဖြစ်မှု၊ ပျက်မှုတို့ အာကာသပရိစ္ဆေဒနှင့်တကွ အချက်ကျ ခြားနားထင်ရှားစွာ ထင်မြင်နိုင်ကြပါလျှင် သတ္တဝါခန္ဓာကို မဆိုထားဘိ။ မြင်းမိုရ်တောင်၊ မဟာပထဝီမြေကြီးတို့၌ပင် မြင်နိုင်ကြကုန်လတ္တံ့။

တစ်ပုံပြဆိုရာ၏။

## ဓာတ်ကြီးလေးပါးနှင့် ကြိမ်လုံးဥပမာ

တစ်ထွာခန့်ရှည်သော ဖြောင့်တန်းစွာ တည်ရှိသော ကြိမ်လုံးကို ကိုင်းညွတ်စေ၍[၁] အရင်း အဖျားထိကျအောင် ခွေရာ၌ ကြိမ်ဟူသော အကြီး၊ အငယ် အရှည် အတို– ဟူသော နိမိတ္တကြီးကို နှလုံးမသွင်းလင့်၊ ခက်မာမှုဟူသော ပထဝီဓာတ်စစ်၌ စိုက်၍ ကြည့်။

---

၁။　　ကဝိမျက်မှန်မှု၌ ကိုင်းညွတ်စေ၍ဟု ရှိသည်။

ကြည့်ပုံကား ဖြောင့်မတ်စွာ တည်ရှိသောအခါ၌ရှိသော ပကတိပထဝီသည် ကွေးမိသည်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟု ဆင်ခြင်သည်ရှိသော် တစ်ဆံချည်မျှ ညွှတ်သည်မှစ၍ အစဉ်အတိုင်း ဖြစ်ဖြစ် ဖြစ်ဖြစ် ပေါက်ပြတ်၍ မြေ့ မြေ့ မြေ့မြေ့ ကျေပျောက်ကွယ်ဆုံး၍ သွားသည်ကိုလည်းကောင်း၊ အသစ်သစ်သော ခက်မာမှုတို့ အလိပ်အလိပ် အလှိုင်းအလှိုင်း အဆင့်ဆင့် ဖြစ်ပေါ်၍လာသည်ကို လည်းကောင်း ဉာဏ်၌ ထင်မြင်နိုင်၏။

ဤ၌ကား အာကာသပရိစ္ဆေဒ အလွန်စိတ်လှစွာကိုပင် မြင်နိုင်၏။ အပြတ်ချင်းစပ်အောင် အပိုင်းအခြားချင်း စပ်အောင် မြင်နိုင်၏။ ထိုကြိမ်လုံးကို တစ်ဖန်ပြန်၍ ဖြောင့်စေရာ၌လည်း ထို့အတူကြည့်လေ။ ပထဝီအာကာသပြီး၏။

ပထဝီအာကာသကို ခြားနားစွာ ထင်မြင်နိုင်ပါလျှင် ထိုထို ခက်မာမှုနှင့် သဟဇာတ်ဖြစ်ကုန်သော အာပေါ အာကာသ၊ တေဇော အာကာသ၊ ဝါယော အာကာသတို့ကို လည်း မြင်နိုင်တော့သည်။

ဤကြိမ်လုံးငယ်တစ်ခု၌ ဓာတ်ကြီးလေးပါးတို့၏ ဖြစ်မှု၊ ပျက်မှုကို နေရာ တကျ ခြားနားလှစွာ ထင်မြင်နိုင်ကြပါမူကား ဣရိယာပုထ်[၁] တို့ဖြင့် လှုပ်ရှားသော လူတို့ခန္ဓာကိုလည်းကောင်း၊ လေတို့ဖြင့် လှုပ်ရှားသော သစ်ပင်ကြီးငယ်တို့ကို လည်းကောင်း၊ မဆိုထားဘိဦး၊ ငလျင်ကြီးဖြင့် လှုပ်ရှားသော မဟာပထဝီမြင်းမိုရ်တောင်တို့၌ ဓာတ်ကြီး လေးပါးတို့၏ ဖြစ်မှု၊ ပျက်မှုကိုပင် မြင်နိုင်ကြကုန်လတ္တံ့။

ဤစကား၌ တစ်ခုတစ်ခုသော အမှုအရာကြိယာကို ပရမတ်ဓာတ် တစ်ခု တစ်ခုဆိုသတည်း။ လှုပ်ရှားမှုမည်သည် ကြိယာအမျိုးမျိုး ပြောင်းလဲမှုပေတည်း။ ထို့ကြောင့် တစ်ခု တစ်ခုသော ပရမတ်ဓာတ် အစစ်မည်သည် တစ်ဆံဖျားမျှ လှုပ်ရှားရိုး မရှိ၊ ပကတိအတိုင်းနှင့်သာ ဆုတ်ယုတ်ပျက်ဆုံးမြဲ[၂] ဖြစ်၏။ ရွေ့လျားခြင်းဟူ၍မရှိ၊ ကြွခြင်းဟူ၍မရှိ၊ ရွှခြင်းဟူ၍မရှိ။

ပကတိလူတို့ သိမြင်နိုင်ကောင်းသော လှုပ်ရှားမှု၊ ရွေ့လျားမှု၊ ကြွရွှမှု၊ ကျမှု၊ တက်မှု၊ ဆုတ်မှု၊ တိုးမှု အလုံးစုံတို့သည် ပရမတ်ဓာတ် အသစ်၊ အဟောင်း ပြောင်းလဲမှုတို့သာတည်း။ အဆင့်ဆင့် အာကာသပရိစ္ဆေဒ အခြားခြားနှင့် ဖြစ်ကြသော အမှုတို့သာတည်းဟု သန္နိဋ္ဌာန်ကျမှတ်။

---

၁။ ဣရိယာပုထ် – ဣရိယာပထ – (ဣရိယ– ကျန်းမာမှု ခန္ဓာကိုယ်မျှတမှု။ ပထ – လမ်းစဉ် = နည်းလမ်း) ကျန်းမာမှုနည်းလမ်း လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း။

၂။ ကဝိမျက်မှန်မှူ၌ ဆုတ်ယုတ်လျက် ဆုံးမြဲဟုရှိသည်။

**ဥပါဒ်၊ ဘင်၊ အာကာသ ဟူသော ခမ္မကြီးကို မြင်အောင်ကြည့်ပုံ**

ပြဆိုခဲ့ပြီးသော ချိပ်ခဲ၌ မီးရှိန်ပြင်းစွာ ထိပါးမှုကို အာရုံပြုလိုက်သည်နှင့် တစ်ပြိုင်နက် ချိပ်ခဲ အမှုအရာတစ်မျိုး ပြောင်းလဲမှုကို မျက်စိနှင့်မြင်သကဲ့သို့မြင်၏ အမှုအရာဟောင်း ပျက်သည်ကိုလည်း မြင်၏။ အမှုအရာသစ်ပေါ်သည်ကိုလည်း မြင်၏။ မီး၌ တကယ်ချလျှင်လည်း မျက်စိနှင့်ပင် ကြောင်ကြောင် မြင်၏။

မျက်စိအမြင်ဆိုသည်ကား ဋ္ဌီခဏ ဋ္ဌီခဏ[၁]သို့ ရောက်ဆဲကိုသာ မြင်၏။ ပျက်မှုအစွန်း၊ ဖြစ်မှုအစွန်းတို့ကို မြင်ရိုးမဟုတ်။ အစွန်းနှစ်ခုတို့၏ အကြား အာကာသ ပရိစ္ဆေဒကိုလည်း မြင်ရိုးမဟုတ်။ အဟောင်း၊ အသစ်ဋ္ဌီ ချင်းချင်းဖြင့်သာ စပ်ဆက်၍ မြင်၏။

ထိုသို့ မြင်ရာတွင် ဋ္ဌီရုပ်အချင်းချင်း အမှုအရာမတူကြသည်ကို မြင်၍ မနောဒွါရဖြင့် ပြောင်းလဲမှုကို လောက၌ အလိုလို သိကြ၏။ အမှုအရာဟောင်းပျက်သည်ဟု သိကြ၏။ အမှုအရာသစ် တစ်မျိုးဖြစ်ပေါ်သည်ဟု သိကြ၏။ အမှုအရာခြားသည်ဟု သိကြ၏။

ထိုတွင် –

၁။ အမှုအရာဟောင်းပျက်သည်ဟု သိမှုကား ရုပ်ဟောင်း၏ဘင်ကို သိမှုပင်တည်း။

၂။ အမှုအရာသစ်တစ်မျိုးဖြစ်ပေါ်သည်ဟု သိမှုကား ရုပ်သစ်၏ ဥပါဒ်ကို သိမှုပင်တည်း။

၃။ အမှုအရာခြားသည်ဟု သိမှုကား အာကာသပရိစ္ဆေဒကို သိမှုပင်တည်း။

ထိုသို့ သိသော်လည်း ချိပ်ခဲဟူသော သဏ္ဍာန်ဒြပ် ပညတ်နိမိတ်ကြီးကို စိတ်၌ စွဲလျက်ရှိသောကြောင့် စိတ်၌ ထိုသဏ္ဍာန်ကြီးသည်သာ ပြဋ္ဌာန်း၍နေ၏။

**မရဏဓာတ်**

အမှုအရာဟောင်းပျက်မှု၊ ပျောက်ကွယ်မှု၊ ချုပ်ဆုံးမှုကား မရဏ ဓာတ်ကြီးတစ်ခုတည်းဟု ပျက်မှုကို အသီးအခြား ဓာတ်ကြီး တစ်ပါး၊ ဓမ္မကြီး တစ်ပါးအနေနှင့် မသိကြ။ စိတ်၌ စွဲမြင်ထင်ပေါ်၍နေသော ချိပ်ခဲ၏အပေါ်က အမှုအရာမျှ အနေနှင့်သာ ထင်ကြ၏။

---

၁။ ဋ္ဌီခဏ = (ဋ္ဌိတိခဏ = ဋ္ဌိတိ–တည်ဆဲ + ခဏ–အခါကာလ) ရုပ်၏ တည်ဆဲ အခိုက် အတန့်ကာလ

**ဇာတိဓာတ်** ထို့အတူ အမှုအရာသစ်တစ်မျိုး ဖြစ်ပေါ်မှု၊ ပေါက်ပွားမှု ကိုလည်း အသီးအခြား ဇာတိဓာတ်ကြီးတစ်ပါး၊ ဇာတိဓမ္မကြီးတစ်ပါးဟု မသိကြ။

**အာကာသဓာတ်** ထို့အတူ အမှုအရာခြားမှုကိုလည်း အာကာသပရိစ္ဆေဒ ဓာတ်ကြီးတစ်ပါး၊ ဓမ္မကြီးတစ်ပါးဟု မသိကြ။

ချိုပ်ခဲဟူသော အဟုတ်ရှိ၊ ဇကန်ရှိ မဟုတ်သော နိမိတ္တကြီးကို ဉာဏ်နှင့် ပယ်ရှား၍ ခက်မာမှု၊ ဖွဲ့စေးမှု၊ အေးမှု၊ ပူမှု၊ ကြွရွမှုဟူသော ပရမတ်ဓာတ်စစ်ကို ဉာဏ် စိုက်၍ ကြည့်တတ်မှသာလျှင် ထို မရဏဓာတ်ကြီး၊ ဇာတိဓာတ်ကြီး၊ အာကာသဓာတ် ကြီးတို့သည် အမှုအသီးအခြား၊ ကြိယာ အသီးအခြား၊ ဓမ္မကြီးတစ်ပါးတစ်ပါးစီအဖြစ် နှင့် ထင်မြင်နိုင်သည်။

ဤဓမ္မကြီးသုံးပါးကို ကြီးကြီးမားမား သီးသီးခြားခြား ဉာဏ်အမြင်၌ ထင်ရှားစွာ ပေါ်၍လာအောင် အားထုတ်ရသည်။ သတိ အထူးရကြမေ၊ ကြိမ်လုံး၌လည်း ဤနည်းတူ စစ်လေ။

ဤမျှသော စကားရပ်တို့ဖြင့် အနိစ္စဆိုသော တရားသည် ငါတို့ နဂိုပကတိ စိတ်အသိထဲမှာပင် ပါဝင်ပြီးသားတည်း။ မမိနိုင်သော တရားမဟုတ်။ ဉာဏ်၌ နိမိတ္တဓမ္မကြီးကို ပယ်ရှားမှု၊ ဓာတ်ကြီးလေးပါးကို ထုတ်ဖော်မှု၊ ဓမ္မကြီးသုံးပါးကို ထင်ရှားစေမှု လို၍နေကြသည့်အတွက်ကြောင့်သာ အနိစ္စကို မြင်လျက်နှင့် အနိစ္စမှန်း မသိရှိနေကြရကုန်သည်ဟု အားတက်ကြရန် အချက်ကို ပြဆိုသတည်း။

**မဟာဘုတ်လေးပါးနှင့် အာကာသ ပြီး၏။**

---

## အနိစ္စလက္ခဏာကို မထင်မမြင်နိုင်ပုံ

အဋ္ဌကထာကြီးတို့၌လည်း –

ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ နဥပဋ္ဌာတိ၊ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယမ္ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပတာယအနိစ္စ

လက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ[၁]။ ဟူ၍ မိန့်ဆိုကုန်၏။

အဘယ်ကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ်သည် ဖုံးလွှမ်းခြင်းကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါတို့၏ဉာဏ်၌ မထင်လေသနည်းဟူမူကား –

ဖြစ်မှု၊ ပျက်မှုကို ဓာတ်အသီးအခြား၊ ဓမ္မအသီးအခြားဟု ထင်ရှားအောင် နှလုံးမသွင်းခြင်းကြောင့် သန္တတိ[၂] ပညတ်တည်းဟူသော နိမိတ္တဓမ္မကြီးသည် ဖုံးလွှမ်းသောကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါတို့၏ဉာဏ်၌ မထင်လေသည်။

ဖြစ်မှု၊ ပျက်မှုကို ဓာတ်အသီးအခြား၊ ဓမ္မအသီးအခြားဟု ထင်ရှားအောင် ဉာဏ်နှင့် သိမ်းဆည်း၍ သန္တတိပညတ်တည်းဟူသော နိမိတ္တဓမ္မကြီးကို ဉာဏ်နှင့် ခွာဖျက် ပယ်ရှားမှုတ်လွှင့်၍ ပစ်သည်ရှိသော် အနိစ္စလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိကိစ္စနှင့်တကွ သတ္တဝါတို့၏ ဉာဏ်၌ ထင်လာ၏။ ပါဌ်လျော့က် အဓိပ္ပါယ်တည်း။

**ဓာတ်ကြီး ၄ ပါး၊ ဓမ္မကြီး ၃ ပါး တို့ကို မသိမမြင်နိုင်ပုံ**

ဓာတ်ကြီး ၄ ပါး၊ ဓမ္မကြီး ၃ ပါး[၃] တို့သည် ဉာဏ်အလိမ္မာတို့၏ ကြီးပွားစည်ကားရာ ဖြစ်ကုန်၏။

နိမိတ္တဓမ္မတို့သည် ကိလေသာတို့၏ ကြီးပွားစည်ကားရာ ဖြစ်ကုန်၏။

အတ္တဒိဋ္ဌိ၏ အမိသဖွယ်ဖြစ်သော သံမောဟ[၄] တရားကြီးသည် ဓာတ်ကြီး ၄ ပါး၊ ဓမ္မ ၃ ပါးတို့ကို လုံခြုံစွာ ဖုံးလွှမ်းကွယ်ကာ၏။

စိတ်ဝိညာဏ်ဟူသော မျက်လှည့်သည်ကြီးသည် အဟုတ်မရှိသော နိမိတ္တဓမ္မကြီးကို အမြဲ ဖန်ဆင်းတည်ထောင်၍ ပြထား၏။

ထို့ကြောင့် သတ္တဝါတို့သည် ဓာတ်ကြီး၊ ဓမ္မကြီးတို့ကို ကြောင်ကြောင်မြင် လျက် မသိကြကုန်။ ကြောင်ကြောင်သိလျက် မမြင်ကြကုန်။

အဘယ်သို့ ကြောင်ကြောင်မြင်လျက် မသိကြကုန်သနည်းဟူမူကား–

---

၁။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ စာမျက်နှာ–၄၇၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုတိယတွဲ၊ စာမျက်နှာ–၂၇၆။

၂။ သန္တတိ–အစဉ် = ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ မပြတ်ဖြစ်ပေါ်နေမှုအစဉ်။

၃။ ဓမ္မကြီး ၃–ပါး = ဇာတိဓမ္မ၊ မရဏဓမ္မ၊ အာကာသပရိစ္ဆေဒဓမ္မ။

၄။ သံမောဟ = (သံ–ပြင်းစွာ + မောဟ–တွေဝေခြင်း)နာမ် ရုပ်တရားတို့၏ သဘောအမှန်ကို မသိအောင် ဖုံးလွှမ်းတတ်သော မောဟတရား။

လောက၌ ဒိဋ္ဌိကိုယ်တွေ့ချည်း ဖြစ်ကြသည်ကို ကြောင်ကြောင်မြင်ဆိုသည်။

မည်သည့်ဓာတ်ဟူ၍ မည်သည့်ဓမ္မဟူ၍ အသီးအသီး ခြားနား၍ မသိကြသည်ကို မသိဆိုသည်။

ကြောင်ကြောင်သိလျက် မမြင်ကြသည်ဆိုသည်ကား သာသနာဓမ္မ၌ ကြားဖူးနာဝရှိကြသူတို့မှာ ဤကိုယ်ခန္ဓာသည် ဓာတ်ကြီးလေးပါးအစုသာတည်းဟု သိကြလျက် ကိုယ်ခန္ဓာတစ်ခုလုံးကို လေးစိတ်ကွဲအောင် ခွဲခြမ်း၍ မမြင်ကြဆိုလိုသည်။

ထိုစကားနှစ်ရပ်ကို ထင်ရှားစေဦးအံ့။

ခက်မာမှု၊ ကြမ်းတမ်းမှု၊ ပျော့ပျောင်းမှု၊ နူးညံ့မှုတို့သည် ဒိဋ္ဌကိုယ်တွေ့တို့ချည်းသာတည်း။

ထို့အတူ ဖွဲ့တွယ်မှု၊ စေးချွဲမှု၊ ယိုစီးမှုတို့သည်လည်းကောင်း၊ ပူမှု၊ လောင်မှု၊ နွေးမှု၊ အေးမှု၊ ချမ်းမှုတို့သည်လည်းကောင်း၊ ထောက်ကန်မှု၊ တောင့်တင်းမှု၊ ကြွရွမှု၊ လှုပ်ရှားမှု၊ ရွေ့လျားမှုတို့သည်လည်းကောင်း ဒိဋ္ဌကိုယ်တွေ့ချည်းသာတည်း။

ထို့အတူ ထိုအမူအရာတို့၏ အခြေအနေပျက်မှု၊ အမူအရာပြောင်းလဲမှု၊ တစ်မျိုးတစ်မျိုး ပေါ်လာမှု၊ အမူအရာခြားမှု၊ ရှေ့အမူ နောက်အမူ မတူမှုတို့သည် ဒိဋ္ဌကိုယ်တွေ့ချည်းသာတည်း။

အမူအရာ တစ်ခု တစ်ခုကိုမူကား ဓာတ်တစ်ပါးတစ်ပါးဟူ၍ ဉာဏ်နှင့် ခြားနား၍ကား မမြင်ကြကုန်။ အလုံးစုံသော အမူအရာစုကို နိမိတ်ကြီးနှင့် တစ်ခုတည်း ပြု၍သာ မြင်ကြကုန်၏။ ကိုယ်ကိုစမ်းလျှင် ပူမှန်းသိ၏။ နွေးမှန်းသိ၏။ အေးမှန်းသိ၏။ တေဇောဓာတ်ကြီးပေဟူ၍ မသိကြ။

နိမိတ်နှင့် တစ်ခုတည်းပြု၍ ကိုယ်ပူသည်၊ ကျောပူသည်၊ ဝမ်းပူသည် အစရှိသည်ဖြင့် သိကြ၏။ အပူပျောက်ပြီ၊ အနွေးပျောက်ပြီ၊ အအေးပျောက်ပြီဟု သိကြ၏။

ထိုပျောက်မှုကို တေဇော၏သေမှု၊ ချုပ်မှုဟူသော မရဏဓာတ်ကြီးပေ ဟူ၍ မသိကြ။ ပူလာပြီ၊ ပူမှုဖြစ်ပေါ်၍လာပြီ။ အေးလာပြီ အေးမှုဖြစ်ပေါ်၍ လာပြီဟု သိကြ၏။ ထိုဖြစ်ပေါ်မှုကို ဇာတိဓမ္မကြီးတစ်မျိုးပေဟူ၍ မသိကြ။

## ၃၂-ကောဋ္ဌာသ၌ ဓာတ်ခွဲပုံ

**လူတစ်ကိုယ်၌ ကာယ ၃၂ ပါးရှိခြင်း** ထိုအလုံးစုံကို ထင်ရှားစေခြင်းငှာ ဒွတ္တိံသာကာရ[၁]နှင့် စပ်၍ ပြဆိုအံ့။

ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်[၂]၌

'ကေသကာယံ၊ လောမကာယံ၊ နခကာယံ၊ ဒန္တကာယံ'

အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် တစ်ယောက်သောသူ၏ ကိုယ်သန္တာန်၌ ကေသကာယ၊ လောမကာယ အစရှိသည်ဖြင့် ကာယပေါင်း ၃၂ ပါးရှိ၏။ ကိုယ်ခန္ဓာပေါင်း ၃၂ ပါးရှိ၏ ဟူလို။

## ဆံပင်စသည်ကို ရှုပုံ

ဆံပင်ပေါင်း ၂-ကုဋေ ၄-သန်းရှိသည်ဆိုသောကြောင့် ကေသကာယပေါင်း ၂-ကုဋေ ၄-သန်းရှိ၏။ ဆံပင်ခေါ်သော ကိုယ်ခန္ဓာပေါင်း ၂-ကုဋေ ၄-သန်းရှိ၏ ဟူလို။

ထို့အတူ မွေးညင်းခေါ်သော ကိုယ်ခန္ဓာပေါင်း ၉-သောင်း ၉-ထောင်ရှိ၏။
ခြေသည်း၊ လက်သည်းခေါ်သော ကိုယ်ခန္ဓာပေါင်း ၂၀ ရှိ၏။

သွားခေါ်သော ကိုယ်ခန္ဓာပေါင်း ၃၂-ပါး ရှိ၏။
အရေခေါ်သော ကိုယ်ခန္ဓာပေါင်း ၂-ပါး ရှိ၏။
အသားခေါ်သော ကိုယ်ခန္ဓာပေါင်း ၉-ရာ ရှိ၏။
အကြောခေါ်သော ကိုယ်ခန္ဓာပေါင်း ၉-ရာ ရှိ၏။
အရိုးခေါ်သော ကိုယ်ခန္ဓာပေါင်း ၃-ရာ ရှိ၏။
ဤသို့ စသည်ဖြင့် ခွဲလေဦး။

**ဆံပင်၌ ကာယကြီး ၄-ပါးခွဲပုံ** ဆံပင်တစ်ခု၌လည်း (၁) ပထဝီကာယ၊ (၂) အာပေါကာယ၊ (၃) တေဇောကာယ၊ (၄) ဝါယောကာယဟူ၍ ကာယကြီး ၄-ပါး ရှိ၏။

**ပထဝီကာယ** ဆံပင်တစ်ခုလုံး၌ အမာခံဖြစ်သော ခက်မာမှုကြိယာအပေါင်းသည် ပထဝီကာယမည်၏။

---

၁။ ဒွတ္တိံသာကာရ (ဒွတ္တိံသ-၃၂ ပါးသော+ အာကာရ-အခြင်းအရာ)။ ၃၂-ပါးသော အခြင်းအရာ။
၂။ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၊ စာမျက်နှာ-၄၀၆။

| | |
|---|---|
| **အာပေါကာယ** | ဖွဲ့စေးမှုကြိယာအပေါင်းသည် အာပေါကာယမည်၏။ |
| **တေဇောကာယ** | ပူသောအခါ၌ ပူမှုအပေါင်း၊ အေးသောအခါ၌ အေးမှုအပေါင်းသည် တေဇောကာယ မည်၏။ |
| **ဝါယောကာယ** | တေဇောကာယ၏ အရှိန်ဖြစ်သော ထောက်ကန်မှု၊ အပေါင်းသည် ဝါယောကာယမည်၏။ |

ဤသို့လျှင် ဆံပင်တစ်ခု၌ ကာယကြီးလေးပါးရှိ၏။ ကိုယ်ခန္ဓာကြီးလေးပါးရှိ၏ ဟူလို။

| | |
|---|---|
| **ဆံပင်၌ ဓာတ် ၃-ပါး နိမိတ် ၂-ပါး ခွဲပုံ** | ထိုကာယကြီးလေးပါးတို့၏ မစဲဖြစ်ပေါ်မှု၊ မစဲပျက်ဆုံးမှု ဟူသော လက္ခဏာဓာတ်ကြီး နှစ်ပါးလည်းရှိ၏။ |

ကလာပ်ဖွဲ့၊ ကာလာပ်ခဲတို့၏ ထက်ဝန်းကျင်အခြား၊ ရှေ့နောက်အခြားဟူသော အာကာသ ပရိစ္ဆေဒဓာတ်ကြီးလည်းရှိ၏။

စိတ်ဝိညာဏ် ဖန်ဆင်း၍ ပြသဖြင့် ထင်မြင်၍ နေကြသော သဏ္ဌာန်နိမိတ်ကြီးလည်း ရှိ၏။

ထိုသဏ္ဌာန်အတိုင်း နှစ် လအရှည် တည်နေသည်ဟု ထင်မြင်၍နေကြသော သန္တတိနိမိတ်ကြီးလည်း ရှိ၏။

ဤနိမိတ်ကြီးနှစ်ပါးတို့သည်ကား စိတ်ထဲတွင် ထင်မြင်ကြရသော ပညတ်မျှတို့သာတည်း။ ထိုဆံပင်တစ်သက် ထိုနိမိတ်ကြီးတို့သည် မြဲကုန်၏။ လူသေ၍မှ မပျက်ကြကုန်သေး။ သုသာန်မြေမှာ တထွေးလုံးလုံး တည်ရှိကြကုန်သေး၏။ ထိုနိမိတ်ကြီးနှစ်ပါးတို့မှာ ဖြစ်မှုဟူ၍လည်း မရှိ၊ ပျက်မှုဟူ၍လည်းမရှိ။ အနိစ္စလည်းမရှိ၊ ဒုက္ခလည်း မရှိ။ အနိစ္စဓမ္မမျိုးတို့သာတည်း။

ထိုနိမိတ်ကြီးနှစ်ပါးတို့၏ မှီရာဖြစ်သော ကာယကြီးလေးပါးတို့၏ ထို ဘဝ၌ အစစ္စာသော ဖြစ်ပေါ်မှုကို ထိုနိမိတ်တို့၏ ဖြစ်ပေါ်မှုဟု ထင်မြင်ကြရကုန်၏။ သုသာန်မြေမှာ ကာယကြီးလေးပါးတို့၏ အဆုံးစွန်သော ပျက်မှုကို ထိုနိမိတ်တို့၏ ပျက်မှုဟု ထင်မြင်ကြရကုန်၏။

ထို့ကြောင့် ထိုနိမိတ်တို့ကိုသာ သိမြင်ထင်မှတ်၍ နေကြကုန်သော သတ္တဝါ

တို့သည် ထိုဆံပင်မှာ တစ်ခါဖြစ်၊ တစ်ခါပျက်သာရှိသည်ဟု သိမြင်ထင်မှတ်၍ နေကြကုန်၏။ မသေမီအကြား၌ ထိုသူအသက်ရှည်သမျှ ကာလပတ်လုံး အန္တရာယ်မရှိလျှင် သုသာန်မြေသို့ ရောက်သည်တိုင်အောင် ထိုဆံပင်အခါခါဖြစ်သည်၊ အခါခါပျက်သည် ဟူ၍ မရှိပြီဟု သိမြင်ထင်မှတ်၍ နေကြကုန်၏။ သတ္တဝါတို့၏ ကိုယ်ခန္ဓာတစ်ခုလုံးသည် နိမိတ္တတုံးကြီး၊ နိစ္စတုံးကြီး ထင်မြင်စွဲမှတ်၍ နေကြကုန်၏။

**ဆံပင်၌ သဏ္ဌာနနိမိတ် ဖုံးလွှမ်းပုံ**

ထိုနိမိတ်ကြီး ၂-ပါးတို့တွင် သဏ္ဌာနနိမိတ်ကြီးသည် ဆံပင်၌ရှိသော ကာယကြီးလေးပါးတို့ကို ဆံပင်ဟု တစ်ခုတည်းပြု၍ ဖုံးလွှမ်း၏။

ဆံပင်၌ရှိသော ခက်မာမှုကို ပထဝီဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင်ခက်မာသည်ဟု သိကြကုန်၏။

ဖွဲ့စေးမှု အာပေါဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင်ဖွဲ့စေးသည်ဟု သိကြကုန်၏။

ပူမှု၊ အေးမှုကို တေဇောဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင်ပူသည်၊ ဆံပင်အေးသည်ဟု သိကြကုန်၏။

ထောက်ကန် တောင့်တင်းမှုကို ဝါယောဓာတ်ဟု ခွဲခြား၍ မသိကုန်။ ဆံပင်တောင့်တင်းသည်ဟု သိကြကုန်၏။

**ဆံပင်၌သန္တတိနိမိတ် ဖုံးလွှမ်းပုံ**

သန္တတိနိမိတ်ကြီးသည် ထိုဓာတ်ကြီးလေးပါးတို့၏ တစ်နာရီအတွင်းမှာ အခါတစ်ရာ၊ အခါတစ်ထောင်မက တစ်သုတ်တစ်သုတ် ချုပ်ပျောက်သေဆုံးမှု၊ တစ်သုတ်တစ်သုတ် အသစ်အသစ် ဖြစ်ပေါ်မှု တို့ကို လုံခြုံလှစွာ ဖုံးကွယ်၍ ရှေ့နောက် အစဉ်ဖြစ်ကုန်သော ထိုတစ်သုတ် တစ်သုတ် ကို ထိုဆံပင်တစ်ခုတည်းပြု၍ တစ်သက်လုံး၌ သည်ဆံပင်ဟု ထင်မှတ်မှောက်မှား စေ၏။

ဓာတ်ကြီး ၄ ပါးတို့ကား အနိစ္စမျိုးတို့တည်း။

**သန္တတိနိမိတ်စသည်တို့ နိစ္စမည်ပုံ**

နိမိတ်ကြီး ၂-ပါးတို့ကား နိစ္စမျိုးတို့တည်း။ အဟုတ်ရှိသော တရားမျိုး မဟုတ်သောကြောင့် ပျက်စရာ မရှိသည့်အတွက် နိစ္စမျိုး ဖြစ်လေသတည်း။

**ပူမှုအေးမှုတို့၏ ကိစ္စ**

ထိုဆံပင်၌ ကာယကြီး ၄-ပါးတို့တွင် တေဇောကာယဆိုသည်ကား မီးစုမီးခဲတည်း။ ပူမှု၊ နွေးမှု၊ အေးမှု၊ ချမ်းမှု အစုအခဲတည်း။ ပူမှု၊ အေးမှုတို့၏ ကိစ္စကြီးကား ၂-ပါးသာရှိ၏။

၁။ အတ္တုတကွ အနီးစပ်ဖြစ်သော ပထဝီကာယ၊ အာပေါကာယ၊ ဝါယောကာယတို့ကို ခဏမစဲကုန်ဆုံးအောင် အမြဲလောင်မှု ကိစ္စကြီးတစ်ပါး။

၂။ ထိုကာယကြီး ၃ပါးတို့ကို လောင်မိ၊ စွဲမိ၊ ခဲမိသည်နှင့် တစ်ပြိုင်နက် အမြဲမီးပွားမှု ကိစ္စကြီးတစ်ပါး။

ဤသို့ ပူမှု၌ ကိစ္စကြီး ၂–ပါး၊ အေးမှု၌ကိစ္စကြီး ၂–ပါး အသီးသီးရှိကြ၏။

ဤစကား၌ မီးပွားမှုဆိုသည်ကား–

၁။ အပူ အဆင့်ဆင့်ပွားမှု၊

၂။ အအေး အဆင့်ဆင့် ပွားမှုကိုဆိုသတည်း။

ပူမှု၊ အေးမှု အသစ်အသစ် မီးပွားတိုင်း မီးပွားတိုင်း ကြွင်းသော ကာယကြီး ၃–ပါးတို့သည် အမြဲပါရှိကြကုန်၏။

**မီးပွားမှုကို မြင်အောင်ရှု** မီးပွားပုံအခြင်းအရာကိုကား လောက၌ ရှားမီးခဲ ရဲရဲကြီးကို စေ့စေ့ကြည့်ရှု၍လည်းကောင်း၊ မီးတောက်မီးလျှံကို စေ့စေ့ကြည့်ရှု၍ လည်းကောင်း ဥဏှမီးပွားကို သိမြင်ရာ၏။

မြစ်ရေအယဉ်၊ စမ်းရေအယဉ်များကို ကြည့်ရှု၍ သီတမီးပွားမှုကို သိမြင်ရာ၏။ လှုပ်လှုပ်ရွရွ တဖွားဖွားပေါ်မှု၊ တက်မှု၊ တတွေတွေ စီးထွက်မှုတို့ကို ဆိုလိုသည်။

အကြင်မျှလောက်သော နေ့၊ ရက်၊ လ နှစ်တို့ ကာလပတ်လုံး ထိုဆံပင်၌ တေဇော ကာယကြီး မီးပွားမှု အခွင့်ရရှိ၏။ ထိုမျှလောက်သော ကာလပတ်လုံး ဆံပင် ဟူသော သဏ္ဌာနနိမိတ်၊ သန္တတိနိမိတ်တို့သည် ထင်မြင်ရကုန်၏။ မီးပွားမှု ကုန်ဆုံးလျှင် အမှိမရှိ၍ ထင်စရာ မြင်စရာမရှိ၊ ကွယ်ပျောက်ကြကုန်၏။

ဤမီးပွားမှုကို ဉာဏ်စူးစိုက်မိခဲ့လျှင် ဆံပင်တစ်ခုလုံး အမြဲ နိစ္စတရွရွ နေသည်ကို ထင်မြင်နိုင်ကြကုန်လတ္တံ့။

ဆံပင်တစ်ခု၌ ကောင်းကောင်းမြင်ခဲ့ပေလျှင် သတ္တဝါတို့၏ ကိုယ်ခန္ဓာရှိ ရုပ်စု၊ ရုပ်ခဲ တို့ကို မဆိုထားဘိ၊ မဟာပထဝီ မြေကြီး၊ မြင်းမိုရ်တောင်ကြီးတို့နှင့်တကွ တော၊ တောင်၊ သစ်ပင် အစရှိသော ရုပ်စု ရုပ်ခဲတို့သည် ဉာဏ်၌ တရှုရှုတွေဖြစ်၍ကုန်လတ္တံ့။

တရှုရှုထင်မြင်ခဲ့လျှင် ထိုတရှုရှုဆိုရသော အမှုမျိုး၌ အကျ၊ အတက်၊ အပျက်၊ အဖြစ်တွေကို ဖက်စပ်၍ ဆိုရသော အမှုမျိုးပေတည်း။

ထို့ကြောင့် -

၁။ ရှေးရှေးအသုတ်မှ ကာယကြီး ၄-ပါးပျက်ဆုံးမှုအစွန်း။

၂။ နောက်နောက်အသုတ်မှ ကာယကြီး ၄-ပါး အသစ်အသစ်ဖြစ်ပေါ်မှု အစွန်း၌။

၃။ ထိုအစွန်း ၂-ပါး၊ ၂-ပါးတို့၏အကြား၌ အပြတ်ကြီး၊ အပြတ်ကြီး အနေနှင့် အမြဲပါရှိသော အာကာသပရိစ္ဆေဒမှု။

ဤအစွန်း ၂-ပါး၊ အခြားတစ်ခုကိုလည်း အတတ်သိမြင်နိုင်ကြ ကုန်ရာသတည်း။

ဤကား အစဉ်အမြဲအားဖြင့်သတ္တဝါတို့၏ ကိုယ်ခန္ဓာနှင့်တကွ တစ်လောကလုံး၌ နေ၊ လ၊ နက္ခတ်တို့ကို အရင်းပြု၍ တစ်နေ့တစ်နေ့၌ပင်လျှင် ဗဟိုအပိုင်းအခြား၊ ယာမ်အပိုင်းအခြားအားဖြင့် တက်တုံ၊ ဆုတ်တုံဖြစ်၍နေကြသော ဥဏှဓာတ်မီး၊ သီတဓာတ်မီးတို့ကို အစွဲပြု၍ ပကတိသော ဆံပင်၌ ကာယကြီး၄-ပါး၊ အစွန်းကြီး ၂-ပါး၊ အခြားကြီး ၁-ပါးတို့ကို ဖော်ပြသော အချက်တည်း။ ချိပ်ခဲဥပမာနှင့် ယှဉ်၍ ကြည့်ကြလေ။

လှုပ်ရှားသော ဆံပင်၌ကား ကြိမ်လုံးဥပမာနှင့် ယှဉ်၍ကြည့်ကြလေ။ အလွန်ထင်ရှား၏။ ထင်ရှားလှသော လှုပ်ရှားမှုမျိုးကစ၍ အသိဉာဏ်ကို ရှင်းလင်းအောင်တည် ထောင်ကြလေ။

**ဆံပင်၌ ဥပါဒါရုပ် ၄-ပါးခွဲပုံ**

ဤဆံပင်၌ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာဟူသော ဥပါဒါရုပ် ၄-ခု ကျန်ရှိသေး၏။ ကာယကြီးလေးပါးတို့၏ ဖြစ်မှု၊ ပျက်မှုကို ထင်မြင်နိုင်ပါလျှင် ဥပါဒါရုပ်တို့၏ ဖြစ်မှု၊ ပျက်မှုတို့ကိုလည်း ထင်မြင်နိုင်တော့သည်။

သို့ရာတွင် အဆင်းဟူသော ဝဏ္ဏဓာတ်သည် သဏ္ဌာနနိမိတ်ကြီးနှင့် အလွန် နီးစပ်လှ၏။ ဤအဆင်းဟူသော ဝဏ္ဏဓာတ်ကို မှုန့်မှုန့်ညက်ညက်ကျေအောင် ဉာဏ်နှင့် အထူးချေဖျက်ရလိမ့်မည်။ ပထဝီကာယကြီးပျက်မှုကို ရှုခဲ့လျှင် ဝဏ္ဏဓာတ် ပျက်မှု ကိုလည်း တစ်ပေါင်းတည်း ပါအောင်ရှု။

ထို့အတူ အာပေါကာယကြီး အဖွဲ့အတွယ်ပြတ်ပျက်မှု၊ တေဇောကာယကြီး အပူအအေး ကုန်ဆုံးမှု၊ ဝါယောကာယကြီး အရှိန်သေပျောက်မှုတို့ကို ရှုခဲ့လျှင် ဝဏ္ဏဓာတ်ပျက်မှုလည်း တစ်ပေါင်းတည်းပါလေအောင် အထူးအားထုတ်ရမည်ဟု ဆိုလိုသည်။

ဆံပင်၌မည်းသော အဆင်းကိုကြောင်ကြောင်မြင်လျက် ဓာတ်အသီးအခြားဟု မသိကြ။ ဓာတ်အသီးအခြားဟု သိကြလျက် ခြားနား၍မမြင်ကြ။

အနံ့၊ အရသာ၊ ဩဇာတို့ကိုလည်း ဤနည်းတူဆိုလေ။

**မွေးညင်းစသော ကောဋ္ဌာသ၌ ဓာတ်ခွဲပုံ**

ဤဆံပင်၌ကဲ့သို့ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ အစရှိသော ကြွင်းသော ကောဋ္ဌာသတို့၌လည်း ကာယကြီး ၄-ပါး၊ အစွန်း ၂-ပါး အာကာသပရိစ္ဆေဒ ၁-ပါး၊ နိမိတ်ကြီး ၂-ပါးတို့ကို အသီးသီး အထင်အမြင်ပေါက်အောင် အားထုတ်ကြလေ။

**ပထဝီကောဋ္ဌာသ၌ နိမိတ်ကြီး ၂-ပါးအဓိပ္ပာယ်**

ထိုကြွင်းသော ကောဋ္ဌာသ[1] တို့တွင် မွေးညင်းမှ တစ်ပါးသော ၁၈-ပါးသော ပထဝီကောဋ္ဌာသတို့၌ နိမိတ်ကြီး ၂-ပါး ကြီးကျယ်လှ၏။

**သဏ္ဌာနနိမိတ်**

သဏ္ဌာနနိမိတ် မည်သည် အဏုမြူမှု အထည်ဝတ္ထုဒြပ် သဏ္ဌာန် ထင်မြင်လာလျှင် သဏ္ဌာနနိမိတ်ကြီးပင်တည်း။

**သန္တတိနိမိတ်**

သန္တတိနိမိတ်မည်သည်ကား ဤဝတ္ထုသည် တစ်မိနစ်တည်နေ၏။ တစ်နာရီတည်နေ၏ဟု ထင်မြင်လာလျှင် သန္တတိနိမိတ်ကြီးပင်တည်း။

မှန်ညင်းစေ့ငယ်တွေကို တောင်ကြီးဖုံးဖိ၍ ထားဘိသကဲ့သို့ အဟုတ်အမှန်ရှိ ဖြစ်သော ပရမတ္ထဓာတ်ကြီးတွေ အဟုတ်အမှန်ရှိမဟုတ်၊ စိတ်ဝိညာဏ် လုပ်ကြံလှည့်စားပြမှုနှင့် ထင်မြင်၍နေရသော ထိုနိမိတ်ကြီး ၂-ပါးတို့သည် ဖုံးအုပ်ကွယ်ကာ၍ ထားအပ်ကုန်၏။ ပရမတ်ဓာတ်ကြီးတွေကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်၍ နိမိတ်ကြီးကို ဉာဏ်နှင့် သန်သန်မှတ်လွှင့်၍ ပစ်ကြလေ။

---

၁။ ကောဋ္ဌာသ = အစုအပုံ၊ အဖို့အစု။

**အလင်းရောင်ရောက်**
**အမိုက်မှောင်ပျောက်**

အမိုက်မှောင်မည်သည်ကို, အရောင်အလင်းသည်သာ ငယ်နိုင်ဖြစ်၏။ ညဥ့်အခါတိုက်ခန်း၌ ပြည့်၍နေသော မှောင်လုံး၊ မှောင်ခဲကြီးကို အရောင်တစ်ခုသည်သာနိုင်၏။ အရောင်မှတစ်ပါး ထိုအမှောင် ကိုနိုင်သောအရာမရှိ။ ဖုံးကြီး၊ အမြောက်ကြီးနှင့် ပစ်ခွင်း၍ ဖျက်ဆီးသော်လည်း ပျောက်ပျက်အောင် မတတ်နိုင်။ မီးရောင်လာခဲ့လျှင် အဏုမြူ မျှမကျန် ခဏချင်း အလိုလို ကွယ်ပျောက်၏။

**နိမိတ္တမှောင်ကို**
**ဉာဏ်ရောင်ဖြင့်ပယ်**

ထို့အတူ နိမိတ္တမှောင်ကြီးကိုလည်း ဓာတ်သဘာဝကိုမြင်သော ဉာဏ်ရောင်သည် ငယ်နိုင်ဖြစ်၏။ ဉာဏ်ရောင်ပေါ်လျှင် အလိုလိုကွယ်ပျောက်၏။ နိမိတ္တမှောင်ကြီး ဖုံးလွှမ်းမှု ဆိုသည်နှင့် အဝိဇ္ဇာ မောဟ မှောင်ကြီး ဖုံးလွှမ်းမှုဆိုသည်ကား အတူတူပင်။

စိတ်သန္တာန်၌ သမ္မောဟတရားကြီး ရှိနေသောကြောင့် စိတ်ဝိညာဏ်သည် ထိုနိမိတ္တ မှောင်ကြီးတွေကို ဖန်ဆင်းနိုင်လေသည်။ စိတ်သန္တာန် ဓာတ်အမြင်ပေါက်သောဉာဏ် တစ်စတစ်စပေါ်၍လာလျှင် သမ္မောဟတရားကြီး၊ တစ်စတစ်စ ပြယ်ပျောက်၏။ စိတ် ဝိညာဏ်လှည့်စားမှုလည်း တစ်စတစ်စ ကွယ်ပျောက်၏။

ထိုသမ္မောဟတရားကြီးကြောင့် စိတ်ဝိညာဏ် အမှုဖြစ်သော နိမိတ္တမှောင်ကြီး ၂– ပါး အမြဲထင်မြင်၍နေသဖြင့် နိစ္စဒိဋ္ဌိကြီး, အတ္တဒိဋ္ဌိကြီး ၂–ပါးတို့မင်းမူ၍ နေကုန်၏။ ထိုဒိဋ္ဌိကြီးတို့မှ ဒုစရိုက်ဆယ်ပါးတို့သည် ထွက်ကုန်၏။ ဒုစရိုက်ဆယ်ပါးတို့မှ အပါယ် ဘဝ၊ အပါယ်ခန္ဓာတို့သည် ဖြစ်ကုန်၏။

ဒိဋ္ဌိဘေးကြီး၊ ဒုစရိုက်ဘေးကြီး၊ အပါယ်ဘေးကြီးတို့ကို ကြောက်လန့်ကြကုန် မူကား ဓာတ်အမြင်ပေါက်သော ဉာဏ်ရောင်အလင်းကို အားတိုက်ထူထောင်ကြလေကုန်။

**မျက်စိ ၂–လုံး**
**တိမ်သလာဖုံးသူပမာ**

မျက်စိ ၂–ဖက်၌ ပသာဒရုပ်ကြည်ကို တိမ်သလာကြီး ထူထပ်စွာ ဖုံးလွှမ်းလျက်ရှိသောသူသည် နေ့ကြောင်ကြောင် မှာပင် မှောင်ကြီးဝိုင်း၍နေ၏။ မှောင်ကြီးကိုသာ မြင်၍နေ ၏။ ထိုသူ ထင်မြင်၍နေသော မှောင်ကြီးကား နေ့ကြောင်ကြောင်ဖြစ်၍ အဟုတ်ရှိသော မှောင်မဟုတ်၊ ထိုသူ စိတ်ဝိညာဏ် ထင်မိထင်ရာ မြင်မိမြင်ရာမဟုတ်။ မဟုတ်တရုတ် ကြီး သက်သက်သာတည်း။

မျက်စဉ်းဆေးဝါးကို အားထုတ်မှီဝဲ၍ တိမ်သလာ ကွာပျောက်သဖြင့် အတွင်း၌ ပသာဒရုပ်ကြည်ပေါ်၍လာလျှင် ထိုဝိုင်း၍နေသော မှောင်ထုကြီးအလိုလို ပပျောက်လေ၏။

မျက်စိမမြင်သူနှင့် ဤသတ္တဝါတို့သည် တူကုန်၏။
မျက်စိနှင့် စိတ်သန္တာန်သည်တူ၏။
ပသာဒရုပ်ကြည်နှင့် ပကတိဉာဏ်သည် တူ၏။
တိမ်သလာနှင့် အဝိဇ္ဇာ သမ္မောဟတရားကြီးသည်တူ၏။
စိတ်ရှေးရှုရာအရပ်ဆယ်မျက်နှာ ဝိုင်း၍နေသော မှောင်ကြီးနှင့် နိမိတ်ကြီးတို့သည် တူကုန်၏။

**စိတ္တဝိပလ္လာသ အနက်**

သတ္တဝါတို့၏ ပကတိသော စိတ်ဝိညာဏ်မည်သည် အဟုတ်အမှန်ကို ဟုတ်မှန်သည့်အတိုင်း ထင်မြင်၍နေမှု အလွန်နည်းပါး၏။ မဟုတ်မမှန် ထင်မြင်၍နေမှုကား တစ်ယောက် တစ်ယောက်မှာပင် အနန္တများပြား၏။

**သည်းခြေရှူးအလား စိတ် ပုထုဇဉ်စိတ်များ**

သည်းခြေပျက်၍ အလွန်ကြီးဖောက်ပြန်၍နေသော အရူး၏သည် မီးကို ရွှေထင်၏။ ရေပြင်ကို မြေပြင်ထင်၏။ ကောင်းကင်ကို ရေပြင်ထင်၏။ သစ်ပင်တောချုံတွေကို ရွှေဘုံရွှေနန်းတွေထင်၏။ ထိုထင်မြင်မှုသည် စိတ်ဝိညာဏ် လှည့်စားမှုသက်သက်သာတည်း။

ဓာတ်အမြင်မပေါက်သော ပုထုဇဉ်သတ္တဝါတို့၏ စိတ်သည် ထိုအရူးစိတ်နှင့် ထပ်တူပင်တည်း။ အရူး၏စိတ်မှာ ဘာမှမဟုတ် ဘာမှမရှိသော ကောင်းကင်ကို ရေပြင်ကြီး၊ ပင်လယ်ကြီး အဟုတ်အမှန် ထင်မြင်၍နေမှုနှင့် ပုထုဇဉ်သတ္တဝါတို့၏ စိတ်မှာ နိမိတ်ကြီး၂-ပါး ထင်မြင်၍နေမှု တူလှ၏။

ရုပ်ဓာတ်၊ နာမ်ဓာတ်တို့သည်သာ အဟုတ်ရှိအမှန်ရှိ ဖြစ်ကုန်၏။ ထိုအဟုတ်ရှိအမှန်ရှိတို့ကား မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ ခိုင်မြဲသောနိစ္စမျိုး မဟုတ်ကုန်။ အလိုသို့လိုက်တတ်သော အတ္တမျိုး မဟုတ်ကုန်။ အနိစ္စမျိုး၊ အနတ္တမျိုးတို့သာ ဖြစ်ကုန်၏။

နိမိတ်ကြီး ၂-ပါးတို့ကား အဟုတ်ရှိ အမှန်ရှိမဟုတ်။ စိတ်ဝိညာဏ်ထင်ချင်တတ်တိုင်း ထင်မြင်၍နေသော အထည်ဒြဗ်ကြီးဖြစ်၍ နိစ္စအနေ၊ အတ္တအနေ ထင်မြင်၍နေကြကုန်၏။

နိမိတ်ကြီး ၂-ပါးဆိုသည်လည်း အထည်ဒြဗ်မဟုတ်သော ရုပ်ဓာတ်၊ နာမ်ဓာတ်ကိုပင် အထည်ဒြဗ်ပြုလုပ်၍ ထင်မြင်သော အမှုတည်း။

အရူးသည် ကောင်းကင်ကြီးကို ရေဟူ၍အတပ်ထင်မြင်၏။ အရူးထင်သည့်အတိုင်း ရေမဟုတ်သည့် အတွက်ကြောင့် ရေကိစ္စ၌ အသုံးသက်သက်မကျ၊ ရေဟု ထင်မြင် ချက်နှင့် အမက်ကြီး၊ အစွဲကြီးတစ်ခု ဖြစ်ရရုံမျှသာရှိ၏။

ထိုအတူ သတ္တဝါတို့သည် ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို နိမိတ်ကြီး ၂-ပါးပြုလုပ်၍ နိစ္စ၊ အတ္တထင်မြင်၍ နေကြကုန်၏။ သတ္တဝါထင်မြင်သည့်အတိုင်း မဟုတ်သည့်အတွက်ကြောင့် ထိုရုပ်ဓာတ်၊ နာမ်ဓာတ်တို့သည် နိစ္စကိစ္စ၊ အတ္တကိစ္စနှင့် သက်သက်အသုံးမကျကုန်။

**နိစ္စကိစ္စ အတ္တကိစ္စ မည်ပုံ**

နိစ္စကိစ္စ အတ္တကိစ္စဆိုသည်ကား စောင့်ရှောက်မှု၊ ထောက်ပံ့မှု၊ မွေးမြူပြုပြင်မှုတို့နှင့် အချင်းခပ်သိမ်း လွတ်ကင်း၍ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင် စသည်ဖြင့် သတ္တဝါတို့ အလိုရှိသမျှကာလပတ်လုံး မိုးကြိုးပင် ပစ်သော်လည်း ဖောက်ပြန်ခြင်းမရှိဘဲ ပကတိအတိုင်း တည်နေမှုသည် နိစ္စကိစ္စ၊ အတ္တကိစ္စ မည်၏။

**မီးတောက်ပမာ ရုပ်နာမ် ခန္ဓာ**

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၌ ထိုကိစ္စနှစ်ချက် သက်သက်မရှိ။ မီးစာ၊ ဆီ၊ ရေနံဆီတို့ကို အစွဲပြု၍ဖြစ်ရတည်နေရသော မီးတောက်သည် မီးစာ၊ ဆီ၊ ရေနံဆီတို့ လျော့ပါးကုန်လျှင် လျော့ပါးရတော့သည်။ မီးစာ၊ ဆီ၊ ရေနံဆီတို့ ကုန်ဆုံးလျှင် သေဆုံးရတော့သည်။ မီးစာ၊ ဆီ၊ ရေနံဆီတို့နှင့် ကင်း၍ ပကတိအနေနှင့် မျက်တောင်တစ်ခတ်စာမျှ တည်တံ့စွာမနေနိုင်။ သေရလေ၏။ မီးစာ၊ ဆီ။ ရေနံဆီတို့ပင် အပြည့်အစုံရှိကြကုန်သော်လည်း လေ၊ ရေ အစရှိသော အန္တရာယ်ဖျက်ဆီးပြန်လျှင် ခဏချင်း သေဆုံးပြန်သည်။

**ရုပ်နာမ်တို့ တည်ပုံပျက်ပုံ**

ထိုနှင့်ထပ်တူ သတ္တဝါတို့ ရုပ်ခန္ဓာတို့သည် အမိဝမ်း၌ အမိကိုယ်မှဖြစ်ကုန်သော ဥတု၊ အာဟာရတို့ကို အစွဲပြု၍ ဖြစ်ရ၊ တည်ရကုန်၏။ ထိုဥတု၊ အာဟာရတို့နှင့် ကင်း၍ မျက်တောင်တစ်ခတ်စာမျှ တည်တံ့စွာ မနေကုန်၊ ပျက်ဆုံးရကုန်၏။

ဖွားမြင်သည်မှ နောက်၌လည်း ထမင်းအစာရေစာတို့မှ ဖြစ်ကုန်သော ဥတု၊ အာဟာရတို့ကို အစွဲပြုလုပ်၍ ဖြစ်ရ၊ တည်ရကုန်၏။ ထိုဥတု၊ အာဟာရတို့နှင့် ကင်း၍ မျက်တောင်တစ်ခတ်စာမျှ အဇ္ဈတ္တခန္ဓာ[၁] တို့သည် တည်တံ့စွာမနေနိုင်ကုန်။ ပျက်ဆုံးရကုန်၏။

ထို ဥတု၊ အာဟာရတို့ ထောက်ပံ့မှုရှိနေကုန်သော်လည်း ကိုယ်တွင်းအန္တရာယ်၊ ကိုယ်ပအန္တရာယ်တို့ အပြင်းအထန် ထိပါးခဲ့ပြန်လျှင် ခဏချင်း ပျက်ဆုံးရပြန်ကုန်၏။

---

၁။ အဇ္ဈတ္တခန္ဓာ = သတ္တဝါတို့၏ မိမိကိုယ်ကိုစွဲ၍ဖြစ်သည့် အတွင်းခန္ဓာငါးပါး

ကိုယ်တွင်း၌ ထမင်းရေစာတို့မှ ဖြစ်ပွားသော ဥတုဟူသော ဓာတ်မီး၊ အာဟာရဟူသော ဓာတ်ဆီတို့နှင့် ကင်းလျက်လည်းကောင်း၊ အတွင်း၊ အပအန္တရာယ်ပြင်းထန်စွာ ထိပါးလျက်လည်းကောင်း၊ ဖောက်ပြန်ခြင်းမရှိဘဲ မိမိတို့၏ နိစ္စဂုဏ်သတ္တိအစွမ်းနှင့် သော်လည်းကောင်း၊ သတ္တဝါတို့၏အလိုသို့ လိုက်မှုဟူသော အတ္တဂုဏ်သတ္တိအစွမ်းနှင့် သော်လည်းကောင်း၊ ပကတိအနေအားဖြင့် မျက်တောင်တစ်ခတ်စာမျှ တည်နိုင်မှု မရှိကြလေကုန်။

**သင်္ခါရ ဒုက္ခ ကိစ္စ**

ဤလောကတွင် ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့၌ အသက်မွေးမှုကိစ္စ၊ အစာအဟာရ ရှာမှီးစားသောက်မှုကိစ္စ၊ ကိုယ်တွင်း ကိုယ်ပဘေးအန္တရာယ်တို့ကို အမြဲ သတိပြုမှုကိစ္စ၊ ဤသင်္ခါရဒုက္ခ ကိစ္စကြီးတို့နှင့် နေ့ရက်ရှိသမျှ ကျပ်တည်းစွာ ကြောင့်ကြ စိုက်ထုတ်၍ နေကြရသည်ကား ဒိဋ္ဌမျက်မြင်ပေတည်း။

## သဏ္ဌာနနိမိတ်၊ သန္တတိနိမိတ်တို့၌ နိစ္စဂုဏ်သတ္တိ၊ အတ္တဂုဏ်သတ္တိ မရှိပုံ

ထို သင်္ခါရဒုက္ခကိစ္စကြီးတို့ကို လွှတ်ထား၍မိမိခန္ဓာတို့၏ နိစ္စဂုဏ်သတ္တိ, အတ္တဂုဏ်သတ္တိသက်သက်နှင့် တစ်သက်လုံး တည်နေနိုင်သောသူဟူ၍ လောက၌ တစ်စုံတစ်ယောက်မျှမရှိ။ တစ်နေ့တစ်ရက်မျှ မနေနိုင်ကြ။ တစ်ကြိမ်မှီဝဲသော အစာအာဟာရဓာတ်ဆီ၏ တစ်ကိုယ်လုံး ပျံ့နှံ့ထောက်ပံ့မှုသည် လူတို့၌ ၇-ရက်ဟူ၏။ နတ်တို့၌ တစ်လ၊ နှစ်လဟူ၏။ ထိုဓာတ်ဆီအယဉ် ပြတ်သည်နောက် မျက်တောင်တစ်ခတ်မျှ အဇ္ဈတ္တခန္ဓာတို့ မတည်နိုင်ကုန်။ ဥတုဇရုပ်ကြမ်းတို့သည်သာ သူသေကောင်အဖြစ်နှင့် ကျန်ရှိရစ်ကုန်တော့သည်။

နိမိတ်ကြီးနှစ်ပါးတို့သည် ထိုခန္ဓာတို့၏ ထိုကဲ့သို့သော ပျက်ဆုံးမှုကို အဏုမြူမျှတားမြစ်ခုခံနိုင်ကြသည်မဟုတ်ကုန်။ ဤသတ္တဝါအပေါင်းတို့သည်မူကား သင်္ခါရဒုက္ခမှုကြီးတွေနှင့် အကျပ်အတည်း ကြောင့်ကြစိုက်နိုင်ကြ ၍ ခန္ဓာအစဉ်မပြတ်ဘဲ နှစ်၊ လရှည်ကြာ အသက်ရှည်၍ နေကြရပါသည်ကို နိမိတ်ကြီးတို့၏ နိစ္စအစွမ်း၊ အတ္တအစွမ်း၊ ဇီဝအစွမ်းဟု ထင်မှတ်မှောက်မှား၍ နေကြကုန်၏။

ခန္ဓာတို့သည်လည်းကောင်း၊ နိမိတ်တို့သည်လည်းကောင်း အကယ်၍ အလိုလိုက်မှု ဟူသော အတ္တအစွမ်းရှိကြကုန်သည်ဖြစ်အံ့။ ထိုခန္ဓာ၊ နိမိတ်တို့သည်ပြုပြင်မှုနှင့် ကင်း၍ပင် သတ္တဝါတို့နေလိုသမျှ နှစ်၊ လများစွာတစ်ရာ၊ တစ်ထောင်စသည် တည်

နေကြကုန်ရာ၏။ သတ္တဝါတို့၏ အလိုသက်သက်နှင့် တစ်ရက်၊ တစ်နာရီတည်နေနိုင်ကြသည် မဟုတ်ကုန်။ ထို့ကြောင့် အတ္တအစွမ်းဟူ၍ အဏုမြူမျှ မရှိကြသည်ကို မုချ သိမြင်နိုင်၏။

အကယ်၍ တစ်နေ့တစ်ရက်ရှည်နိုင်သော အသက်ဇီဝရှိကြကုန်သည်ဖြစ်အံ့။ တစ်နေ့ တစ်ရက်အတွင်းမှာ မိုးကြိုးတစ်ရာဆိုင်၍ ပစ်သော်လည်း ထိုခန္ဓာတို့မပျက်ကုန်ရာ။

အကယ်၍ တစ်ရက်၊ နှစ်ရက် ရှည်နိုင်သောအသက်၊ သုံးရက် ရှည်နိုင်သော အသက်၊ တစ်လရှည်နိုင်သောအသက် စသည်ဆိုလေ။

အကယ်၍ အနှစ်တစ်ရာ ရှည်နိုင်သော အသက်ဇီဝရှိကုန်သည်ဖြစ်အံ့။ ထိုခန္ဓာ ထိုနိမိတ်တို့သည် ပြုပြင်မွေးမြူမှုနှင့် ကင်း၍ပင် အနှစ်တစ်ရာရှည်နိုင်ကုန်ရာ၏။ အနှစ်တစ်ရာအတွင်းမှာ မိုးကြိုးတစ်ရာပင် ဆိုင်၍ပစ်သော်လည်း မပျက်နိုင်ကြကုန်ရာ။ ထိုသို့ မပျက်နိုင်ကုန်သည်ကားမဟုတ်။ အာဟာရအယဉ်ပြတ်ခဲ့လျှင် ဘယ်အခါမဆို ပျက်ဆုံးကြကုန်၏။ အန္တရာယ်ပြင်းထန်စွာ ထိခိုက်လျှင်လည်း ဘယ်ခါမဆို ပျက်ဆုံးကြကုန်၏။

ထို့ကြောင့် တစ်နာရီရှည်နိုင်သော အသက်ဇီဝဟူ၍ အဏုမြူမျှ မရှိ။ တစ်ရက် စသည် ရှည်နိုင်သော အသက်ဇီဝမှာ ဝေးလေစွ။ စောင့်ရှောက်မှု၊ မွေးမြူမှု၊ ပြုပြင်မှု အစွမ်းသက်သက်နှင့်သာ နေ့၊ ရက်၊ လ၊ နှစ် အရှည်တည်ရှိနိုင်ကြကုန်သည်ဟု မုချ သိရာ၏။

**အတ္တမဟုတ်၊ အလိုသို့ မလိုက်ပုံ**

ခန္ဓာတို့သည် အတ္တဟုတ်ပါကုန်၏။ အတ္တမှန်ပါကုန်၏။ ကောင်းကောင်းပြုပြင်၍ ပေးခဲ့ပါလျှင်၊ အန္တရာယ်လည်းကင်းခဲ့ပါလျှင်အသက်တမ်းရှိသမျှ ပြည့်မီရုံအလိုသို့ လိုက်ပါ ကုန်၏။

ခန္ဓာတို့သည် ပုဂ္ဂိုလ်ဟုတ်ပါကုန်၏။ သတ္တဝါဟုတ်ပါကုန်၏။ ငါဟုတ်ပါကုန်၏။ ငါဟုတ်သောကြောင့်ပင်လျှင် ငါ့အလိုသို့ လိုက်ပါကုန်၏။

ခန္ဓာတို့ကို ငါအစိုးရပါ၏။ ငါ့ကိုယ်ဟုတ်ပါ၏။ ငါနှင့် ခန္ဓာ တစ်ခုတည်း ပင်ဖြစ်၏။

ငါ့အလိုသို့ လိုက်ကြပုံကား-

တစ်သက်လုံး ငါ၏ခန္ဓာတို့နှင့်ပင် ငါအလိုရှိရာပြုလုပ်၍လာခဲ့သည်။ ရှေ့အဖို့လည်း အသက်ရှိသမျှကာလပတ်လုံး ငါ့ခန္ဓာတို့နှင့်ပင် ငါအလိုရှိရာပြုလုပ်၍ သွားရပါလိမ့်ဦးမည်ဟု ဆိုကြကုန်ငြားအံ့။

ထိုစကား၌–

'ကောင်းကောင်းပြုပြင်၍ ပေးခဲ့ပါလျှင် အန္တရာယ်လည်း ကင်းခဲ့ပါလျှင် အသက်တမ်းရှိသမျှ ပြည့်မီရုံ အလိုသို့လိုက်ပါကုန်၏' ဟူသောအဆိုမှာ–

ပြုပြင်၍ပေးမှပင် အလိုသို့ လိုက်နိုင်ကြကုန်သည်၊ ပြုပြင်၍မပေးခဲ့လျှင် အလိုသို့ မလိုက်နိုင်ကြကုန်ဟု ဆိုရာကျ၏။ အလို၏အစွမ်းနှင့် အလိုရှိတိုင်း မပြီးစီးနိုင်သောကြောင့် ပြုပြင်မှုကို ပဓာနထားရ၏။ အလိုသို့လိုက်သောအခြင်းအရာ ထင်မြင်ရသည်မှာ ပြုပြင်မှု၏ အစွမ်းသက်သက်သာ။ အလို၏ အစွမ်းမဟုတ်။ အလိုသို့ လိုက်မှုဆိုသည်မှာ စိတ်ထင်သက်သက်သာဟု ထိုစကားနှင့်ပင် ထင်ရှားပြီးဖြစ်သတည်း။ သိမ်မွေ့စွာ၏။

**ဓာတ်ကြီး ၄–ပါးမြင်လျှင် ပညတ်ပျောက်ခြင်း**

'ခန္ဓာတို့သည် ပုဂ္ဂိုလ်ဟုတ်ပါကုန်၏။ သတ္တဝါဟုတ်ပါကုန်၏။ ငါဟုတ်ပါကုန်၏' ဟူသောစကား၌–

နိမိတ်ကြီးနှစ်ပါးတို့သည် ခန္ဓာဟုတ်ကြကုန်လျှင်၊ ဓာတ်ကြီးလေးပါးဟုတ်ကြကုန်လျှင် ခန္ဓာတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ ဟုတ်ကြပေကုန်ရာ၏။

နိမိတ်ကြီးတို့သည် ခန္ဓာမဟုတ်၊ ဓာတ်ကြီးလေးပါးမဟုတ်၊ ဘာမျှမဟုတ်။ ကောင်းကင်ကို ရေပြင်ဟုအရူး၏ စိတ်ဖောက်ပြန်မှုနှင့်ထပ်တူ မိမိတို့ စိတ်ဝိညာဏ် လှည့်စားမှု သက်သက်ဖြစ်ကြောင်းကို ရှေး၌ ထင်ရှားစွာပြဆိုခဲ့ပြီ။ အနိစ္စမျိုးဖြစ်သော ခန္ဓာဓာတ်တို့ကို နိစ္စမျိုးဖြစ်သော နိမိတ်ကြီးနှစ်ပါးတို့ လွှမ်းခြုံ၍ နေကုန်၏။

နိမိတ်ကြီးနှစ်ပါးတို့၏ အပေါ်မှာပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသော သတ္တပညတ်ကြီး ထပ်ဆင့်၍နေ၏။ သိမ်မွေ့စွ။

မှောင်နှင့်မီးရောင် ဥပမာကဲ့သို့ ဓာတ်ကြီးလေးပါးတို့ကို ဥပါဒ်စွန်း ဘင်စွန်းတို့နှင့်တကွ ထင်ရှားစွာမြင်နိုင်ကြမှ ထိုနိမိတ္တပညတ် သတ္တပညတ်တို့အလိုလို ကွယ်ပျောက်ကုန်သတည်း။

"ခန္ဓာတို့ ငါမဟုတ်သောကြောင့်ပင်လျှင် ငါ့အလိုသို့ လိုက်ပါကုန်၏။ ငါတစ်သက်လုံး ငါ့ခန္ဓာတို့နှင့်ပင်လျှင် ငါအလိုရှိရာ ပြုလုပ်၍ လာခဲ့သည်" ဟူသောစကား၌–

**ပြုပြင်မှုကြောင့် ခန္ဓာကိုယ်တည်နေခြင်း**

နောက်နောက်နေ့ရက်တို့၌ အလိုရှိရာကြံမှု၊ ဖန်မှု၊ ပြောမှု၊ ဆိုမှု၊ ကိုယ်အင်္ဂါကြီးငယ် လှုပ်ရှားသွားလာပြုလုပ်မှု အလုံးစုံတို့သည် ရှေးရှေးနေ့ရက်တို့က အစာရေစာ စသည်တို့နှင့် မွေးမြူပြုပြင်မှုတို့၏။ အစွမ်းကြောင့်သာ နောက်နောက်နေ့ရက်တို့မှာ ဖြစ်

ပေါ်နိုင်ကုန်၏။ အလို၏ အစွမ်းသတ္တိကြောင့် အလိုသို့ လိုက်နိုင်ကြသော အစွမ်းရှိကြကုန်၍ နောက်နောက် နေ့ရက်တို့၌ ဖြစ်ပေါ်နိုင်ကုန်သည်မဟုတ်။

ရှေးရှေးနေ့ရက်တို့၌ မွေးမြူပြုပြင်မှု မရှိပါမူကား အဈ္ဈတ္တခန္ဓာငါးပါးတို့သည် ရှေးရှေးနေ့ရက်တို့၌ အမိဝမ်းကဖွားမြင်စမှာပင် ချုပ်ပျက်ကုန်ဆုံးကြကုန်၏။ နောက်နောက်နေ့ရက်သို့ မရောက်လာကြကုန်ရာပြီ။ မျက်မြင်ကဲ့သို့ပင် ထင်ရှားလှ၏။

**ပြုပြင်မှုနှင့် သိမှုတို့ကို ဓာတ်ခွဲပြခြင်း**

ဆိုဖွယ်အထူးကား–သင်္ခါရတရားမျိုး မည်သည်ဘယ်လို ပြုပြင်လျှင် ဘယ်လိုဖြစ်သည်ဟုသိ၍ အလိုရှိရာဖြစ်လာရန် ပြုပြင်၍ပေးလျှင် အလိုရှိရာဖြစ်လာ၏။ ပြုပြင်မှုနှင့်ကင်း၍ အလိုသက်သက်နှင့် ဖြစ်လာသည် မရှိ၊ “မန္တတ်မင်းကြီးသည် လက်ပမ်းပေါက် ခတ်လိုက်လျှင် ကောင်းကင်မှ ရတနာမိုးရွာလာရသည်”ဟူရာ၌ ထိုသို့ဖြစ်နိုင်ရန် ရှေးဘဝတို့၌ ကံအထူးကိုပြုမှု၊ လက်ပမ်းပေါက်ခတ်မှုဟူသော ပြုပြင်မှုရှိမှသာ ရတနာမိုးရွာမှု ဖြစ်လာသည်။ အလိုသက်သက်နှင့် ဖြစ်လာနိုင်သည်မဟုတ်။

၁။ ဘယ်အမှုကိုပြုလျှင် ဘယ်ဟာဖြစ်လာ၏ဟု သိမှုတို့ကား သညာ[၁]၊ ဝိညာဏ်[၂]၊ ပညာ[၃] တို့ပေတည်း။

၂။ ပြုပြင်မှုတို့ကား စေတနာ[၄]၊ ဝီရိယ[၅] တို့ပေတည်း။

ထိုတရားတို့သည် နိမိတ္တပညတ်မျိုးလည်း မဟုတ်ကုန်။ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ–ပညတ် မျိုးလည်း မဟုတ်ကုန်။ တစ်ထိုင်တွင်း၊ တစ်နာရီတွင်းမှ အခါတစ်ရာမက ချုပ်ပျောက်ပျက်ဆုံးမှု အမြဲရှိနေကြကုန်သော ပရမတ်ဓာတ်မျိုး၊ အနိစ္စဓာတ်မျိုးတို့သာတည်း။

ထို့ကြောင့် ထိုဓာတ်တို့လည်း တစ်စုံတစ်ခုကိုမျှ သိတတ်၊ ပြုပြင်တတ်သော ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်ကြကုန်၊ ထိုဓာတ်တို့မှတစ်ပါးလည်း တစ်စုံတစ်ခုကိုမျှသိတတ်၊ ပြုပြင်တတ်သော ပုဂ္ဂိုလ်, သတ္တဝါဟူ၍ အသီးအခြားမရှိပြီ။ သိမ်မွေ့လှ၏။

သညာ၊ ဝိညာဏ်၊ ပညာ၊ စေတနာ၊ ဝီရိယတို့ကို ဓာတ်အသီးအခြားအနေနှင့် ဉာဏ်အမြင် ပေါက်ခဲ့လျှင် ဤအချက်ကြီးချောမောလတ္တံ့။ ဝိညာဏ်အခန်းသို့ ရောက်မှ ပြဆိုအံ့။

---

၁။ သညာ　= (သံ–အမှတ်ပြု၍၊ ဉာ–သိခြင်း။) အမှတ်ပြု၍ သိခြင်း။
၂။ ဝိညာဏ်　= (ဝိ–အထူး+ဉာ+သိခြင်း) အာရုံပြုသောအားဖြင့် အထူးသိခြင်း။
၃။ ပညာ　= (ပ=ပိုင်းခြား၍+ဉာ+သိခြင်း) ဝေဖန်ပိုင်းခြား၍ သိခြင်း။
၄။ စေတနာ　= စေ့ဆော်မှု။
၅။ ဝီရိယ　= လုံ့လစိုက်မှု၊ ထောက်ပံ့မှု။

ဤတွင်ရွေ့ကား ဆံပင်မှကြွင်းသော ပထဝီကောဋ္ဌာသတို့တွင် အရေ၊ အသား၊ အရိုး အစရှိသော ကောဋ္ဌာသကြီးတို့၌ နိမိတ်ကြီးနှစ်ပါး ကြီးကျယ်လှသည်ဖြစ်၍ နိစ္စ၊ ဓုဝ၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ အထင်အမြင်တို့ကို ပယ်ဖျောက်ရန် အလွန်ခဲယဉ်းလှသောကြောင့် ခက်ဆစ် ခက်ပိုင်းတို့နှင့်တကွ နိမိတ်ကြီးနှစ်ပါး ပယ်ရှားနည်းကို ပြဆိုခန်းတည်း။

အရေ၊ အသား၊ အရိုး၊ ဦးနှောက်၊ အဆုတ်၊ အသည်း၊ နှလုံး၊ အူသိမ် ဤကိုးပါးသည် လိုရင်းတည်း။

အကျယ်ကို အလိုရှိသော သူတို့၏အကျိုးငှာ ဆံပင်စသော ၃၂-ပါးသော ကောဋ္ဌာသတို့၌ ဓာတ်ကြီးလေးပါး၊ အာကာသဓာတ်တစ်ပါးဟူသော ရူပက္ခန္ဓာ ခွဲခြမ်းခန်းပြီး၏။

အနိစ္စလက္ခဏာ မထင်မမြင်နိုင်ပုံ ပြီး၏။

# ဣရိယာပုထ် ၄-ပါးနှင့် ရူပက္ခန္ဓာ၌ အနိစ္စလက္ခဏာ

## ဣရိယာပုထ် လေးပါး ကာယကြီး လေးပါး အာကာသပရိစ္ဆေဒကြီး တစ်ပါးဟူသော ရူပက္ခန္ဓာခွဲနည်း

ယခုအခါ၌ အကျဉ်းကို အလိုရှိသောသူတို့၏ အကျိုးငှာ တစ်ကိုယ်လုံးခြုံ၍ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းဟူသော ဣရိယာပုထ်ကြီး ၄-ပါး၊ တစ်ခုတစ်ခုသော ဣရိယာပုတ်ကြီးအတွင်း၌ ကိုယ်အင်္ဂါကြီးငယ်တို့၏ လှုပ်ရှားခြင်း အမျိုးမျိုးတို့ကို အစဥ် မှီး၍ ဖြစ်မှု၊ ပျက်မှုတို့နှင့်တကွ ပထဝီကာယ အစရှိသောကာယကြီး လေးပါး၊ အာကာသပရိစ္ဆေဒကြီးတစ်ပါးဟူသော ရူပက္ခန္ဓာခွဲခြမ်းနည်းကို ပြဆိုဦးအံ့။

**မှန်ရိပ်ဥပမာနှင့် ကာယကြီး ၄-ပါး၊ အာကာသ ပရိစ္ဆေဒ**

အလျား ၄-တောင်၊ အနံ ၂-တောင်ရှိသော အလွန်ကြည်လှစွာသော မှန်ကြီးကိုထောင်၍ထားရာ နေ့အခါ ထိုမှန်၏ ရှေ့တူရူ နှစ်တောင်ခန့် အရပ်၌ ရပ်၍နေသော သူ၏လူကောင်ရိပ်ကြီးသည် အကြောင်း လေးပါးကိုစွဲ၍ ထိုမှန်အပြင်၌ ထင်ရှားစွာပေါ်၍ နေရာ၏။

အကြောင်း ၄-ပါးဆိုသည်ကား-

၁။ မှန်အကြည်တစ်ပါး၊

၂။ အနီး၌တည်ရှိသော လူ၏ကိုယ်ခန္ဓာကြီးတစ်ပါး၊

၃။ အရောင်အလင်းတစ်ပါး၊

၄။ မှန်နှင့်လူ၏ကြား၌ ဝတ္ထုဒြပ်အခြားမရှိခြင်းတစ်ပါး၊ ဤ၄-ပါးတည်း။

ထို ၄-ပါးတို့တွင် တစ်ပါးပါးပျက်ခဲ့လျှင် ထိုအရိပ်ကြီးသည် ခဏချင်းပျက်၏။ ဝတ္ထုဒြပ်ကွယ်ခြားခဲ့လျှင် ခဏချင်းပျက်၏။

ပျက်ပုံကား-မှန်နှင့် လူတို့၏အကြား၌ သံပြားကြီးကို အထက်မှ အောက်သို့ ချလိုက်ငြားအံ့။ သံပြားရိပ်ကြီးသည် လူရိပ်ကြီးကို ဦးခေါင်းမှစ၍ ခြေဖဝါးသို့ ကျအောင် တစ်ခါတည်း ဖြို၍သွားသဖြင့် လူရိပ်ကြီးသည် ခဏချင်းအကုန် ကွယ်ပျောက်လေရာ၏။

သံပြားကြီးကို အထက်သို့ မြှောက်တင်ပြန်လျှင် လူရိပ်ကြီးသည် သံပြားရိပ်ကြီးကို အောက်အစွန်းမှစ၍ အထက်စွန်းသို့ ကျအောင်တစ်ခါတည်း တွန်းလှန်၍သွားသဖြင့် သံပြားရိပ်ကြီးသည် ခဏချင်း အကုန်ကွယ်ပျောက်လေရာ၏။

တစ်ယောက်သောသူသည် လက်ယာ၊ လက်ဝဲနံပါး၌နေ၍ ထိုထိုဝတ္ထုကို ဘယ်နေရာမှမဆို အကြား၌ ထိုးပြန် သွင်းပြန်လျှင်လည်း ထိုထိုဝတ္ထု၏ အရိပ်သည် လူရိပ်

ကို တွန်းဖယ်၍ ပေါ်လေရာ လူရိပ်ကြီးမှာ တစ်ပိုင်းပြတ်တွေ ဖြစ်လေရာ၏။ တစ်ခြမ်းပဲ့တွေဖြစ်လေရာ၏။

သဲကြမ်း၊ သဲမှုန်တို့ကို အထက်မှ ဖြူးခဲ့သော်လည်းကောင်း၊ နံပါးမှပက်ခဲ့သော်လည်းကောင်း၊ သဲမှုန့်ရိပ်တို့ပေါ်လေရာ လူရိပ်ကြီးမှာ အာကာသပေါက်၊ ဇာပေါက်တို့ကဲ့သို့ အပေါက်အပေါက်တွေဖြစ်၍ ကုန်ရာ၏။ ဤဥပမာကို ထင်လင်းစွာ ကြည့်၍ထား။

ဤကိုယ်ကောင်ကြီးမှာ ခက်မာမှု ကြီးယာသည် အမာခံအထည်ခံကြီးဖြစ်၍ ကိုယ်သဏ္ဍာန်နှင့်အမျှ တင်းကျမ်းအပြည့်ရှိနေ၏။ ပထဝီကာယကြီးမည်၏။ မြေရုပ်ကိုယ်ကောင်ကြီး တစ်ပါးမည်၏။ မှန်မှာ ထင်မြင်သော လူရိပ်ကြီးနှင့် ချွတ်၍စွပ်သကဲ့သို့ သဏ္ဍာန်အားဖြင့်လည်း တူလှ၏။ အနှစ်သာရမရှိပုံအားဖြင့်လည်း တူလှ၏။ ဖြစ်ပေါ်မှု၊ ပျက်ကွယ်မှု လျင်မြန်ပုံအားဖြင့်လည်း တူလှ၏။

**အရိပ်သူယောင်** လူရိပ်ကြီးသည် မှန်အပြင် အပေါ်ရေမှာ မှီရသည်ဖြစ်၍
**ပထဝီကာယ သူယောင်** ခဏချင်း နောက်ဆက်မရှိ ကွယ်ပျောက်နိုင်၏။

ပထဝီကာယဟု ဆိုအပ်သော သူယောင်ကြီးသည်မူကား ကိုယ်ခန္ဓာတစ်ခဲနက်ကြီးကို မှီရသည်ဖြစ်၍ ခဏချင်းအကုန် ကွယ်ပျောက်သော်လည်း ခဏချင်း မီးခိုးလျှောက်နောက်ထပ် နောက်ဆက် သူယောင်ကြီး အမြဲအစားစိုက်၍ လိုက်၏။

ရှေးရှေး ပထဝီသူယောင်ကြီး ခဏမစဲချုပ်ပျက် ကွယ်ပျောက်၍ နေသည်ကိုပင်မသိရ၊ မမြင်ရအောင် နောက်ဆက်သူယောင်ကြီး အမြဲတည်ထောင်၍ လိုက်၏။ အပေါင်း၊ အသစ်တို့၏အကြား အကြား၌ အာကာသ ပရိစ္ဆေဒကြီးပါရှိမြဲ ဖြစ်၏။

ဤကား မှန်အပြင်မှာရှိသော အရိပ်သူယောင်ကြီးနှင့် ဤခန္ဓာကိုယ်မှာရှိသော ပထဝီကာယ သူယောင်ကြီး ၂-ပါးတို့၏ အထူးတည်း။

ဤကား ပထဝီကာယ သူယောင်အခြင်းအရာတည်း။

ထို့အတူ-

ရုပ်ကလာပ် အချင်းချင်း ဖွဲ့တွယ်ပူးကပ် ဂဟေစပ်သော အာပေါကာယ သူယောင်ကြီး။

ထိုသူယောင်ကြီး ၂-ပါးတို့ကို မပုပ်မရိ မချဉ်မသိုးရအောင် အမြဲပေါင်းနွေး၍နေသော တေဇောကာယသူယောင်ကြီး။

ထိုသူယောင်ကြီး ၃-ပါးတို့ကို မိမိတို့ကိစ္စ၌ အားခွန်ဗလ မလျှော့ကျရအောင် ထောက်ကန် တောင့်တင်းမှုဟူသော ဝါယောကာယသူယောင်ကြီး။ ဤကာယကြီး ၃-ပါးကိုလည်း ပထဝီ ကာယကြီးအတိုင်း အထူးမရှိသိလေ။

အာကာသ ပရိစ္ဆေဒကြီး ၂-ပါးသည်လည်း-

တစ်ကိုယ်လုံး၊ တစ်ကောင်လုံးမှာ ဆံဖျားလောက်မှ မလပ်ရအောင် အတွင်း အပ အကုန်နှံ့ပြားလျက်တည်ရှိ၏။

**သွားမှု၌ အနိစ္စလက္ခဏာ**

ဤကိုယ်ခန္ဓာကြီးရပ်၍ ထိုနေရာမှ သွားတော့မည် ရှိရာ၌ ရပ်၍ နေဆဲအခါတွင်ရှိနေသော၊ ခက်မာမှုမျိုးဟူသော ပထဝီကာယကြီးကို ခြေဖဝါးမှ ငယ်ထိပ်ကျအောင် အရိပ်သူယောင်ကြီး နှင့်တူစွာ မတ်တတ်ရပ် စိုက်၍နေပုံကို အကုန်မြင်အောင် ကြည့်၍ထား။

သွားတော့မည်ဟု ကိုယ်အင်္ဂါတို့ကို ကြွချီမှု၊ ရှေ့သို့သည်ပိုးမှုကို ပြုသောအခါ၌ တစ်ကိုယ်လုံးမှာ သိမ့်သိမ့်လှုပ်သော ဝိသဘာဂ[၁] အနောက်ဖြစ်သော ကာယကြီးတွေ၊ ပြိုင်းခနဲ ပြိုင်းခနဲ ဖြစ်မှုပေါ်လာကုန်၏။ မတ်တတ်ရပ်စိုက်၍နေသော ခက်မာမှုမျိုးကြီး တွေကို တစ်ချက်တည်းပြီး ခါထုတ်၍ ပစ်သကဲ့သို့ ဖြစ်၏။

မတ်တတ်ရပ်စိုက်၍နေသော ပထဝီကာယ သူယောင်ကြီးသည် တစ်ခဏအတွင်း မီးတောင်ကြီး ငုတ်တုတ်ကွယ်ပျောက်သကဲ့သို့ မြည့်မြည့်ကြေ၍ပျက်ကြွေ ကွယ်ပျောက် လေ၏။ ဦးခေါင်းအင်္ဂါကြီးလည်း ကွယ်ပျောက်လေ၏ ကိုယ်အင်္ဂါကြီးလည်း ကွယ် ပျောက်လေ၏။

ခြေအင်္ဂါ လက်အင်္ဂါတို့လည်း အကုန်ကွယ်ပျောက်လေကုန်၏ ဟူ၍သော်လည်း အစိတ်စိတ်ပိုင်း၍ဆိုလေ။ ဉာဏ်မျက်ရိပ်၊ ဉာဏ်မျက်စောင်း အစွမ်းကောင်းလိုလှ၏။

ထိုသို့ ကွယ်ပျောက်သည်ကို အဘယ်သို့ သိမြင်ယုံကြည်နိုင်ရပါအံ့နည်းဟူမူကား-

ရပ်၍နေရာမှ သွားမည်ဟု အချီအကြွတွင် ဘယ်လိုအမှုအရာသစ်တွေ၊ ကြိယာ တစ်မျိုးတွေ၊ ဝိသဘာဂရုပ်တွေဖြစ်ပေါ်၍ လာသည်ဟု အတွင်းအပတစ်ကိုယ်လုံးနှံ့ပြား အောင် ကြည့်မြော်ကြပါလျှင် အမှုအရာသစ်တွေကို မြင်ကြကုန်လတ္တံ့။ သွားမှု၏ဆိုင်ရာ ဝိသဘာဂရုပ်သစ်တို့ပေတည်း။

ထိုသွားမှု၏ဆိုင်ရာ ကာယအသစ်တို့၏ ဖြစ်ပေါ်မှုသည် အဘယ်မျှ လောက် မြန်ထက်သည်ဟု မျှော်ကြကုန်ရာ ယမ်းပုံကြီးကို၊ မီးပွားကျ၍ တောက်ထသော မီးတောက်ကြီး၏ ဖြစ်ပေါ်မှု မြန်ထက်ပုံနှင့်အလားတူ ထင်မြင်ကြကုန်လတ္တံ့။ ရိပ်မိရုံ ရှိစေဦး။

---

၁။ ဝိသဘာဂ – သဘောချင်းမတူ ဆန့်ကျင်သော။

**ရုပ်ခြင်းစသော အမူအရာသစ်ဖြစ်တိုင်း အဟောင်းပျက်ခြင်း**

သွားမှုဆိုင်ရာ ဝိညတ္တိရုပ်ကာယတို့၏ ထိုမျှလောက် ဖြစ်ပေါ်မှု မြန်ထက်သည်ကို သိမြင်ကြကုန်လျှင် ရပ်မှု၏ဆိုင်ရာ ထိုပထဝီကာယကြီးကို ချုပ်ဆုံးကွယ်ပျောက်မှု၏လည်း ထိုမျှလောက်ပင် လျှင်မြန်သည်ကို သိမြင်နိုင်ကြကုန်ရာ၏။

သိမြင်ပုံကား– ရပ်မှုဆိုင်ရာ အမူအရာကြိယာမျိုးကား တစ်မျိုးတည်း။ သွားမှု၏ ဆိုင်ရာ အမူအရာကြိယာမျိုးကား တစ်မျိုးတည်း။ ရပ်မှု၏ဆိုင်ရာကြိယာမျိုးသည် အကြင်မျှလောက်သော ကာလပတ်လုံးရှိနေ၏။ ထိုမျှလောက်အတွင်း၌ ထိုသန္တာန်မှာ သွားမှု၏ဆိုင်ရာ ကြိယာမျိုးဖြစ်ပေါ်ခွင့်မရ။ ရပ်မှုအခြေအနေ မပျက်သမျှ ကာလပတ်လုံး သွားမှုအမူအရာသစ် မဖြစ်နိုင် ဟူလို။

ရပ်မှုအခြေအနေဆိုသည်ကား – ရပ်မှု၏ဆိုင်ရာ ပထဝီကာယကြီးပေတည်း။ သွားမှုအမူအရာသစ်ဆိုသည်ကား– လှုပ်ကြွသော အခြင်းအရာဟု ဆိုအပ်သော ဝါယော ကာယကြီးပေတည်း။

ထို့အတူ–

သွားမှုအခြေအနေ မပျက်ရာ၌ ရပ်မှုအမူအရာသစ် မဖြစ်ပေါ်နိုင်။
ရပ်မှုအခြေအနေမပျက်ရာ၌ ထိုင်မှုအမူအရာသစ် မဖြစ်ပေါ်နိုင်။
ထိုင်မှုအခြေအနေမပျက်ရာ၌ လျောင်းမှုအမူအရာသစ် မဖြစ်ပေါ်နိုင်။
လျောင်းမှုအခြေအနေမပျက်ရာ၌ ထိုင်မှုအမူအရာသစ် မဖြစ်ပေါ်နိုင်။
သွားမှုအမူအရာသစ်၊ ဖြစ်ပေါ်သည်ကိုမြင်လျှင် ထိုနေရာ၌ ရပ်မှုအခြေအနေ အကုန်ပျက်မြဲ။
ထိုင်မှု အမူအရာသစ် ဖြစ်ပေါ်သည်ကိုမြင်လျှင် ထိုနေရာ၌ ရပ်မှုအခြေအနေပျက်မြဲ။
လျောင်းမှုအမူအရာသစ်၊ ဖြစ်ပေါ်သည်ကိုမြင်လျှင် ထိုနေရာ၌ ထိုင်မှုအခြေအနေ ပျက်မြဲ။
ထိုင်မှုအမူအရာသစ်၊ ဖြစ်ပေါ်သည်ကိုမြင်လျှင် ထိုနေရာ၌ လျောင်းမှုအခြေ အနေပျက်မြဲ။

ကွေးမှု၊ ဆန့်မှု၊ လှုပ်မှု၊ မလှုပ်မှု၊ ရွေ့မှု၊ မရွေ့မှု စသည်တို့၌လည်း ထိုနည်းတူ သိလေ။ ကိုယ်တွေ့မျက်မြင် ထင်ရှားလှသော အချက်ကြီးပေတည်း။ သဏ္ဌာနနိမိတ်[၁] သန္တတိနိမိတ်[၂] တို့ကို ဉာဏ်နှင့်ဖယ်ရှား၍ ခက်မာမှုဟူသော ပထဝီကာယကြီးကို ဉာဏ်စိုက်မိအောင် စိုက်လေ။ မျက်စိနှင့်မြင်ရသကဲ့သို့ ထင်ရှားလိမ့်မည်။

---

၁။ သဏ္ဌာနနိမိတ် = အသွင်သဏ္ဌာန် ပုံဟန်ဟူသော အရိပ်အယောင်။
၂။ သန္တတိနိမိတ် = အစဉ်မပြတ် ဖြစ်ပေါ်မှု အစဉ်အတန်းဟူသော အရိပ်အယောင်။

**အပျက်နှင့် အဖြစ်အကြား၌ ပရိစ္ဆေဒအာကာသ** အခြေအနေပျက်မှု၏ အဆုံးအဆုံးနှင့် အမူအရာသစ်ဖြစ်ပေါ်မှု၏ အစအစ၌ ပရိစ္ဆေဒ အာကာသ ဟုဆိုအပ်သော အပြတ်အခြားကြီးကိုလည်း အသီးသီး သိမြင်လေ။

ကာယကြီးလေးပါးသည် ဖြစ်အတူ၊ ပျက်အတူချင်းဖြစ်ကြ၍ ပထဝီကာယကို ဆိုလျှင် ထိုနှင့်သဟဇာတဖြစ်သော အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ သုံးပါးလည်း ဖြစ်အတူ၊ ပျက်အတူပါရှိသည်ကို သိမြင်လေ။

## သွားမှု၌ ကာယကြီး ၄-ပါး၏ အပိုင်းအခြားကို ရှုပုံ

သွားမှုကို ဆက်၍ဆိုအံ့-ခြေတစ်လှမ်း တစ်လှမ်းလျှင် စိတ္တဇကာယ[၁] သူယောင်ကြီး တစ်ခုစီ တစ်ခုစီ ဖြစ်၏။ အကြား အကြား၌ ဥတုဇကာယ[၂] သူယောင်ကြီးတစ်ခု တစ်ခုစီ ခြား၏။ ရှေ့ကာယ၊ နောက်ကာယတို့၏ အကြား အကြား၌ အာကာသ ပရိစ္ဆေဒကြီး တစ်ခုစီ တစ်ခုစီခြား၏။

ထိုစကား၌-

**စိတ္တဇကာယ သူယောင်** စိတ္တဇကာယကြီးဆိုသည်ကား-ခြေကို ချီကြွသည်မှစ၍ ထိုခြေကို မြေသို့ချသည်တိုင်အောင် ရွေ့မှုအတွင်း၌ ဖြစ်ပေါ်သော ကာယကြီးကို စိတ်အလိုနှင့် ပြုပြင်၍ဖြစ်ရသောကြောင့် စိတ္တဇ ကာယကြီးမည်၏။ ထိုအခါ၌ ရှိကြသော ကမ္မဇ[၃]၊ ဥတုဇ၊ အာဟာရဇ[၄] တို့ကား စိတ္တဇကာယသို့ အစဉ်လိုက်ကြရကုန်၏။ ထိုစိတ္တကာယကြီး၏ ရှေ့အစွန်းကို ခြေချီမှုဖြင့် ပိုင်းခြားအပ်၏။ နောက်အစွန်းကို မြေသို့ ခြေကျမှုဖြင့် ပိုင်းခြားအပ်၏။

**ဇာတိဓမ္မကြီး** ရှေ့အစွန်းကား ထိုစိတ္တဇကာယကြီး၏ အစမှာ ဖြစ်ပေါ်မှုဟူသော ဥပါဒ်စွန်းတည်း။ ဥဒယစွန်းလည်းဟူ၏။ ဇာတိဓမ္မကြီး တစ်ပါးတည်း။

**မရဏဓမ္မကြီး** နောက်အစွန်းကား ထိုစိတ္တဇကာယကြီး၏ အဆုံးစွန်ချုပ်ကွယ်မှုဟူသော ဘင်စွန်းတည်း။ ဝယစွန်းလည်းဟူ၏။ မရဏဓမ္မကြီး တစ်ပါး ပေတည်း။

---

၁။ စိတ္တဇကာယ = စိတ်ကြောင့်ဖြစ်ပေါ်သော ရုပ်အစုအပေါင်း။

၂။ ဥတုဇကာယ = ဥတုကြောင့်ဖြစ်ပေါ်သော ရုပ်အစုအပေါင်း။

၃။ ကမ္မဇ = ရှေးဘဝကကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဖြစ်သော (ရုပ်အစု)။

၄။ အာဟာရဇ = အာဟာရကြောင့်ဖြစ်သော (ရုပ်အစု)။

**ဥတုဇကာယ သူယောင်**

ဥတုဇကာယကြီးဆိုသည်ကား မြေသို့ကျရာ၌ မြေနှင့် ခြေခိုက်ကြရာတွင် ခဏချင်း ဦးခေါင်းငယ်ထိပ်သို့ပေါက်အောင် ထိပ်ခနဲ ထိပ်ခနဲ တောက်ထသော ဥတုဇမီးတောက်ကြီး၊ ဥတုဇကာယကြီးကို ဆိုသတည်း။

ထိုကာယကြီးသည်ကား စိတ်အလိုနှင့်ပြုပြင်၍ ဖြစ်သည်မဟုတ်။ မြေနှင့် ခြေထိခိုက်မှု ဒဏ်ချက်ဥတုကြောင့် ဖြစ်၏။ တိမ်တိုက်ချင်း၊ လေဟုန်ချင်း တိုက်ခတ်ရာမှ ဖြစ်သော လျှပ်ရောင်ကဲ့သို့တည်း။ ခဏချင်းဖြစ်၍ ခဏချင်းပျက်ဆုံး၏။

ထိုအခါ၌ ရှိကြသော ကမ္မဇ၊ စိတ္တဇ၊ အာဟာရဇတို့ကား ဥတုဇကာယသို့ အစဉ်လိုက်ကြရကုန်၏။ ထိုဥတုဇာကာယကြီး၏ ရှေ့အစွန်း၊ နောက်အစွန်းကား အလွန်နီးစပ်၏။ အစွန်းနှစ်ခုတို့၏ အကြား၌ ဌီဟူ၍ပင် မထင်ရှား။

ထိုဥတုဇကာယကြီး၏ ရှေ့အဖို့၊ နောက်အဖို့၌ အာကာသ ပရိစ္ဆေဒကြီး နှစ်ဖက်ခြားလျက်ရှိ၏။ ထိုမှနောက်၌ ဒုတိယခြေလှမ်း၏ဆိုင်ရာ စိတ္တဇကာယကြီး ရှေ့အစွန်းပေါ်လာ၏။

ဤနည်းအတိုင်း သွားခြင်းဣရိယာပုထ်၌ ကာယကြီးတို့၏ အပိုင်းအခြားကို သိလေ၊ မြင်လေ။ ခြေလှမ်းတစ်ရာသွားလျှင် စိတ္တဇကာယကြီးတစ်ရာ၊ ဥတုဇကာယကြီး တစ်ရာဖြစ်၏။ ခြေလှမ်းတစ်ထောင်သွားလျှင် စိတ္တဇကာယကြီး တစ်ထောင်၊ ဥတုဇကာယကြီးတစ်ထောင် စသည်ဖြင့် ဆိုလေ။

**သူယောင်ကြီး အဓိပ္ပာယ်**

သူယောင်ကြီးဆိုသည်မှာ ထိုကာယကြီးတို့သည် လူ့သဏ္ဍာန်မှာ ဖြစ်ခဲ့လျှင် လူ့သဏ္ဍာန်အတိုင်းဖြစ်ကြကုန်၏။ ထိုထိုတိရစ္ဆာန် အတိုင်း ဖြစ်ကုန်၏။ ထို့ကြောင့် သူယောင်ကြီးဟူ၍ ဆို သတည်း။

ဦးခေါင်းတွင်ကွက်၍ ဆိုလိုလျှင် ဦးခေါင်းယောင်၊ မျက်နှာယောင်၊ မျက်လုံးယောင်၊ နှာခေါင်းယောင်၊ ခံတွင်းယောင်စသည်ဖြင့် ဆိုရ၏။ ကိုယ်တွင်ကွက်၍ဆိုလိုလျှင် ရင်ဘတ်ယောင်၊ ကျောက်ကုန်းယောင်စသည်ဖြင့် ဆိုရ၏။

ကြွင်းသော အင်္ဂါတို့၌လည်း ထိုနည်းတူသိလေ။ သူယောင်ကြီးဟုဆိုလျှင် မှန်အပြင်မှာ ထင်သော လူရိပ်ကြီးကို မြင်သကဲ့သို့ တစ်ကောင်လုံးပေါ်အောင်မြင်လေ။

**သူယောင်တို့၏ ဖြစ်မှုပျက်မှုနှင့် ဖယောင်းရုပ်ဥပမာ** ယခုအခါ ထိုသူယောင်တို့၏ အဖြစ်၊ အပျက်ကို ဆိုပေအံ့။

ရုပ်၍နေရာမှ သွားအံ့ဟူသော ဥဿာဟ[၁] နှင့် တကွသော ဓာစိတ်သည် နှလုံး အတွင်းမှာ ဖြစ်ပေါ်လှုံ့ဆော်၍ လာသည်ရှိသော် ရေငြိမ်၍နေသော အိုင်ငယ်တစ်ခု၏ အလယ်၌ အားသန်လှသော ငါးတစ်ကောင်သည် အိုင်လယ်မှထ၍ ပွက်လိုက်သည်နှင့် အိုင်ငယ်တစ်ခုလုံး လှိုင်းဂယက် ဘောက်ဘဲ့ဆန်လှုပ်ရှားသကဲ့သို့ တစ်ကိုယ်လုံးမှာ သွားမှုဆိုင်ရာဖြစ်ကုန်သော အမှုအရာသစ်တို့သည် တစ်ပြိုင်နက် ဖြစ်ပေါ်ကုန်၏။

ဤအမှုအရာသစ်တို့ ဖြစ်ပေါ်မှုကို ကိုယ်ခန္ဓာအတွင်း၌ ဉာဏ်စိုက်၍ အစေ့အစပ်မြင်အောင် ကြည့်လေ။ အရိုးသုံးရာ၊ အကြောကိုးရာ၊ အသားစိုင်ကိုးရာ၊ အသည်းခဲ၊ အဆုတ်ခဲ၊ နှလုံးခဲ၊ ဦးနှောက်ခဲတစ်ခွင်လုံး အနှံ့အပြား မြင်အောင်ကြည့်လေ။

လူရုပ်ကြီး ပီပြင်စွာလုပ်၍ထားသော ဖယောင်းရုပ်ကြီး၊ ချိပ်ဆေးရုပ်ကြီးကို ရှားမီးကျီး ပုံကြီး၏ အတွင်း၌ စိုက်ထူ၍ထားလေရာ တောင့်တင်းခက်မာသော ကိုယ်အင်္ဂါတို့သည် ငါးကျပ်ခဲ၊ တစ်ဆယ်ခဲ၊ နှစ်ပိဿာခဲခဏချင်း ခဏချင်း အခြေပျက်ကာ အနေပျက်ကာ ထိုထိုနေရာမှ ပျော့ပျောင်းတုံလစ် အရည်ဖြစ်ကာ ပျော်၍ပျော်၍ ကျကုန်သကဲ့သို့ မြင်လိမ့်မည်။

**အာကာသ ပရိစ္ဆေဒ** ထိုဖယောင်းရုပ်ကြီး၊ ချိပ်ဆေးရုပ်ကြီးတို့၌ ထိုထိုအင်္ဂါ အခြေအနေပျက်မှု၊ ပျောက်ကွယ်မှု၌ကား ခယ၊ ဝယ၊ ဘေဒ၊ ဘင်္ဂ၊ မရဏ[၂] ဟုဆိုအပ်သော အနိစ္စဓမ္မကြီး အသီးအခြားပေတည်း။ ဘင်စွန်းကြီးပေတည်း။ အရည်ပျော်ကာ ပျော်ကာ ဖြစ်ပေါ်လာမှုကား ဥဒယစွန်းကြီးပေတည်း။ အစွန်းကြီး ၂-ပါးတို့ ၏ စပ်ကြား၌ အာကာသပရိစ္ဆေဒကြီး ရှိ၏။

ထို့ကြောင့် အရည်ပျော်ကာ ပျော်ကာ ဖြစ်ပေါ်လာသော ဖယောင်းသား၊ ချိပ်သားတွေကို ပကတိမျက်စိဖြင့်လည်းကောင်း၊ ပကတိစိတ်အကြံဖြင့်လည်းကောင်း

---

၁။ ဥဿာဟ = ကြိုးစားအားထုတ်မှု။

၂။ ခယ-ကုန်ခြင်း၊ ဝယ-ပျက်စီးခြင်း၊ ဘေဒ-ကွဲအက်ခြင်း၊ ဘင်္ဂ-ကွဲခြင်း၊ မရဏ-သေခြင်း။

ကြောင်ကြောင်မြင်လျှင် သဘာဝဓမ္မဉာဏ်ဖြင့် ခက်မာသော ပကတိပထဝီကာယ၏ ဘင်စွန်းကိုလည်းကောင်း၊ ပျော့ပျောင်းသောနောက်ပေါ် နောက်ဖြစ် ပထဝီသစ်တို့၏ ဥပါဒ်စွန်းကိုလည်းကောင်း၊ အစွန်း ၂-ပါးတို့၏ အခြား (စပ်ကြား) ပရိစ္ဆေဒ အာကာသ ကိုလည်းကောင်း သိနိုင်မြင်နိုင်ရာ၏။

**ပျက်ပုံဥပမာ** ထို့အတူ ဤကိုယ်ခန္ဓာ၌လည်း ထိုထိုကိုယ်အင်္ဂါတို့မှာ သွားခြင်း၏ ဆိုင်ရာလှုပ်ရှားသော အမူအရာသစ်၊ ရုပ်သစ်တို့၏ ယခု အသစ် ပြိုင်းခနဲ ပြိုင်းခနဲ ဖြစ်ပေါ်မှုတို့ကို မြင်ကြကုန်လျှင် မြစ်ရေတိုက်၍ သဲကမ်းတွေ ပြိုသကဲ့သို့ မတ်တတ်ရပ်စိုက်၍ ရှိနေသော ပကတိပထဝီကာယကြီး ပျက်ပြိုကွယ်ဆုံး မှုဟူသော ဘင်စွန်းကိုလည်းကောင်း၊ နောက်ပေါ် နောက်ဖြစ် ကာယသစ်တို့၏ ဥပါဒ် စွန်းကို လည်းကောင်း၊ အစွန်း ၂-ပါးတို့၏ စပ်ကြားဟု ဆိုအပ်သော ပရိစ္ဆေဒ အာကာ သကြီးကိုလည်းကောင်း ဉာဏ်၌ ထင်မြင်ကြကုန်လတ္တံ့။

ရပ်မှု၏ဆိုင်ရာ တည်ငြိမ်၍နေသော ပထဝီကာယကြီးနှင့် သွားမှု၏ဆိုင်ရာ ထွေထွေလာလာ ထကြွလှုပ်ရှား၍ ဖြစ်ပေါ်လာကုန်သော ကာယသစ်၊ ရုပ်သစ်တို့၏ အချက်၌ရှင်းလင်းစွာ ဉာဏ်အမြင် ပေါက်ကြပါကုန်လျှင် ထိုထိုနေရာတို့၌ ပေါက်နိုင် ကြကုန်သည်။ အချက်အချက်၌ ဉာဏ်အမြင်ပေါက်အောင် နေ့ရှည်ရက်များ စွဲမြဲကြလေ ကုန်။ ရပ်မှု၊ သွားမှု အထူးပြီး၏။

**ပထမခြေလှမ်း၌ ဖြစ်ပျက်မြင်အောင်ရှု** ပထမခြေလှမ်း၌ တစ်ကိုယ်လုံးရှိသော ခက်မာမှုဟူသော ပထဝီကာယကြီးကို မှန်ရိပ်သဏ္ဌာန်ကြီးနှင့်တူစွာ စေ့စေ့ ကြည့်ရှု၍ထား။ ထိုခြေလှမ်း၏ အဆုံး၌ ဥတုဇကာယ ကြီးအပေါ်တွင် ထိုပထမ ခြေလှမ်းတွင်နေသော ထိုကာယကြီးကို ခြေဖဝါးမှစ၍ ဆံဖျား တိုင်အောင် အဏုမြူမှုမကျန် တွန်းလှန်ခါ တွက်၍ပစ်လေ။ အထက်၌ပြဆိုခဲ့သော မှန်ရိပ်ကြီး ဥပမာ၌တစ်ဟုန်တည်းထသော သံပြားရိပ်ကြီးသည် လူရိပ်ကြီးကို တွန်းလှန်ဖျောက်ဖျက်၍ ပစ်သကဲ့သို့တည်း။

**အရေ၌ ဖြစ်ပျက်ရှုပုံ**

မြေ၌ ခြေစိုက်မှုဒဏ်အဟုန်ကြောင့် ပြင်းထန်စွာ ဖြစ်ပေါ်၍ တစ်ဟုန်တည်း လှုပ်ကြွ၍ထလေရာ တစ်ကိုယ်လုံးတွင် အရေ၌ဖြစ်ပေါ်သော ဥတုဇကာယကြီးသည် အရေ၌ရှိသော ရုပ်ဟောင်း၊ ကာယဟောင်းတို့ကို အဏုမြူမျှ မကျန် အကုန်ခါတွက်၍ပစ်၏။ ပထမခြေလှမ်းတွင်း၌ ရှိနေသော အရေရုပ်စုသည် အကုန်ချုပ်ပျက်လေ၏။

အဘယ့်ကြောင့် အကုန်ချုပ်ပျက်မှုကို သိအပ်ပါသနည်းမူကား–

ထိုဥတုဇကာယကြီး၏ ဆိုင်ရာဖြစ်သော လှုပ်ရှားသော ရုပ်ကလာပ်မျိုး၏ အကုန်အနှံ့အပြား ဖြစ်ပေါ်၍သွားမှုကို မြင်သောကြောင့် အကုန်ချုပ်မှုကို သိအပ်ပါသတည်း။

ထိုစကားမှန်၏။ မြေ၌ခြေစိုက်ခြင်း ဒဏ်ဟုန်ကြောင့်ဖြစ်သော လှုပ်ရှားမှုသည် တစ်ကိုယ်လုံးဘယ်နေရာ၌ လပ်သေးသည်ဟု ဆံဖျားလောက်မျှပြစရာမရှိ။ အကုန်လုံးအနှံ့ဖြစ်ပေါ်၏။ ထိုသို့အနှံ့ဖြစ်ပေါ်သည်ကို မြင်သဖြင့် အရေ၌ရုပ်ဟောင်းဟူ၍ မြူမျှအကျန်မရှိ။ ချုပ်ပျက်လေ သည်ကို သိအပ်ပါသတည်း။

အကယ်၍ ရုပ်ဟောင်းမပျက်ဘဲ ပကတိအတိုင်း နေခဲ့သည်ဖြစ်ငြားအံ့။ ထိုပကတိအတိုင်းနေသော အရေအဖို့၌ မိုးကြိုးပင်ကျသော်လည်း အမူအရာသစ်မပေါ်နိုင်။ အမူအရာသစ် ဖြစ်ပေါ်မှုရှိခဲ့လျှင် ထိုနေရာ၌ အခြေအနေပျက်မှု ဧကန္တရှိတော့သည်။ အခြေအနေပျက်မှုဆိုသည် ရုပ်ဟောင်းပျက်မှုပေတည်း။ ပထဝီကာယဟောင်းပျက်မှု၊ အာပေါကာယဟောင်းပျက်မှု၊ တေဇောကာယဟောင်းပျက်မှု၊ ဝါယောကာယဟောင်းပျက်မှုကို အခြေအနေပျက်ဆိုသည်။

အရေဟူသော သဏ္ဍာနပညတ်နိမိတ်ကို ပယ်ရှား၍ ခက်မာမှုကြိယာအပေါင်းဟူသော ပထဝီကာယ အခြေအနေကြီးကို ဉာဏ်စိုက်၍ ကြည့်တတ်မှ ထင်မြင်နိုင်မည်။

**အသားစိုင်စသည်၌ ဖြစ်ပျက်ရှုရပုံ**

တစ်ကိုယ်လုံး၌ရှိသော ကိုးရာသော အသားစိုင်အသားခဲတို့၌ ဖြစ်ပေါ်သော ဥတုဇကာယကြီးသည် ကိုးရာသော အသားစိုင်၊ အသားခဲတို့၌ ရှိနေသော ရုပ်ဟောင်း၊ ကာယဟောင်းတို့ကို အဏုမြူမျှ မကျန်ရအောင် အကုန် တွန်းလှန်ခါတွက်၍ ပစ်၏။

ထိုအခါတွင် ခြေဖမိုး၊ ခြေဖဝါး အသားစု၌ ဖြစ်ပေါ်သော လှုပ်ရှားမှုသည် ခြေဖမိုး၊ ခြေဖဝါး၊ ခြေသားလုံးဖြစ်သော ရုပ်ဟောင်းစုကို အကုန် ကွယ်ပျောက်စေ၏။ ကိုယ်လှုပ်ရှားမှုဟူသော ရုပ်သစ်၊ အမူအရာသစ်ပေါ်မှုကိုလည်းကောင်း၊ အခြေအနေပျက်မှု ဟူသော ရုပ်ဟောင်းချုပ်ပျက်မှုကိုလည်းကောင်း ခြေတစ်ခုလုံး၌ အကုန်အနှံ့ ရှိသည်ကို မြင်အောင်ကြည့်။

ထိုအခါတွင် ခြေသားလုံးအသားစိုင် အသားစု၌ဖြစ်ပေါ်သော လှုပ်ရှားမှုသည် ခြေသားလုံး အသားစိုင် အသားစုဖြစ်နေသော ရုပ်ဟောင်းစုကို အကုန်ကွယ်ပျောက်စေ၏။ သားလုံးသားဟူသော နိမိတ်ကြီးကို ဉာဏ်၌ ပယ်ရှား၍ ခက်မာမှုကြီးယာ ပထဝီကာယကြီးကို ဉာဏ်စိုက်၍ ကြည့်။

ရေမြှုပ်စိုင် ရေမြှုပ်ခဲကို ယမ်းသွတ်၍ခွဲလိုက်သကဲ့သို့ တစ်ချက်တည်း အခြေအနေကွယ် ပျက်၍သွားသည်ကို မြင်လိမ့်မည်။ မမြင်လျှင် မရှေ့နှင့်ဦး၊ မြင်မှရှေ့။

ပေါင်သားတစ်ခုလုံးကိုလည်း ရေမြှုပ်ခဲကို ယမ်းသွတ်၍ခွဲသကဲ့သို့ မြင်အောင်ကြည့်။ တင်သားတစ်ခုလုံး၊ ခါးအဖို့တစ်ခုလုံး၊ ဝမ်းအဖို့တစ်ခုလုံး၊ ရင်အဖို့၊ ကျောက်ကုန်းအဖို့ တစ်ခုလုံးကိုလည်း ရေမြှုပ်စိုင်ကို ယမ်းသွတ်၍ခွဲသည်နှင့်အတူ ထင်မြင်အောင်ကြည့်။ လှုပ်ရှားမှု အမူအရာသစ်တွေ ဖြစ်ပေါ်မှုကို အကုန်အနှံ့အပြား မြင်အောင်ကြည့်၊ အခြေအနေပျက်မှုကို အကုန်အနှံ့အပြား မြင်အောင်ကြည့်။

ထို့အတူ လက်ရုံးသား၊ လက်မောင်းသား၊ လက်သား၊ လည်ပင်းသားတို့ကိုလည်း မြင်အောင်ကြည့်၊ မျက်နှာသားတို့ကိုလည်း မြင်အောင်ကြည့်။ ဤအသား ကောဋ္ဌာသကြီးသည် မိစ္ဆာဓမ္မနိတ္တ[၁] ကြီး အလွန်ကြီးကျယ်ရာဌာန ဖြစ်၏။ အထူးအားထုတ်၍ ကြည့်ကြလေ။

ထို့နောက် မျက်လုံးသား၊ ဦးနှောက်ခဲကြီး၊ လျှာသားအဆုတ်အခဲကြီး အသည်းနှလုံးခဲ၊ ကျောက်ကပ်ခဲ၊ အူမအူသိမ်တို့ကိုလည်း ရေမြှုပ်စိုင်ကို ယမ်းသွတ်၍ ခွဲသည်နှင့်အတူ အသီးသီး မြင်အောင်ကြည့်လေ။

**ဦးခေါင်းရိုး၌ ကာယကြီးလေးပါးဖြစ်ပျက်ပုံ**

သုံးရာမျှသော အရိုးတွင် ဦးခေါင်းရိုးကြီး၌ ဖြစ်ပေါ်သောလှုပ်ရှားမှုသည် ဦးခေါင်းရိုးတစ်ခုလုံး၌ရှိသော ရုပ်ဟောင်းစုကို ခဏချင်း ကွယ်ပျောက်စေ၏။

---

၁။ မိစ္ဆာဓမ္မနိမိတ္တ = မှားသော သဘောတရားအရိပ်အယောင်။

**အထည်ဒြပ်ပျက်မှု ခွဲခြားခြင်း**

ဤစကား၌ သဏ္ဌာနနိမိတ်၊ သန္တတိနိမိတ်ဟု ဆိုအပ်သော အထည်ဒြပ်ပျက်မှုတို့၌သာလျှင် တစ်ခဲနက် ခက်မာသော ဝတ္ထုမျိုးသည်ပျက်ခဲ၏။ ပွရွသော ဝတ္ထုမျိုးသည် ပျက်လွယ်၏။

**ပရမတ်ဓာတ်ပျက်မှု မကွဲပြား**

ပရမတ်ဓာတ်အစစ်ဖြစ်သော ပထဝီကာယ စသည်တို့၌ မူကား အထူးမရှိ။ ကျောက်တုံး သံတုံးတို့၌ရှိသော ပရမတ်ဓာတ်တို့၏ ပျက်မှုက ကြာမြင့်မှ ပျက်နိုင်သည်၊ ရေမြှုပ်စိုင် ရေမြှုပ်ခဲ၌ရှိသော ပရဓာတ်တို့၏ ပျက်မှုက လျင်မြန်စွာ ပျက်နိုင်သည်ဟု အထူးမရှိ။

သို့သော်လည်း ဤစာအုပ်တွင် ပြဆိုအပ်သော ဖြစ်မှုပျက်မှုအစီအရင်သည်မူကား ခဏိကပစ္စုပ္ပန်[၁] ကို အမီလိုက်၍ပြဆိုသော အစီရင်မဟုတ်။ သန္တတိပစ္စုပ္ပန်[၂] ကို ပဓာန ပြု၍ အခြေပျက်အနေပျက် ဝိသဘာဂအမူအရာသစ် ဖြစ်၊ ပေါ်မှုတို့ကို ပြဆိုသော အစီရင်ဖြစ်၍ လှုပ်ရှားမှု၊ အမူအရာပြောင်းလဲမှု၊ ပကတိအခြေနေပျက်မှုကိုသာ နာနာ ကြည့်၍ ဖြစ်မှု၊ ပျက်မှု အမြန်အနှေးကိုသိလေ။

**သန္တတိပစ္စုပ္ပန် ပျက်ပုံ**

သန္တတိပစ္စုပ္ပန်မည်သည်-အပျက်မြန်သည်လည်းရှိ၏။ အပျက်နှေးသည်လည်းရှိ၏။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ အလွန် လျင်မြန်သော သန္တတိပျက်ကိုမြင်နိုင်လျှင် ကိစ္စပြီးနိုင်၏။ ခဏိက ပျက်ကို မြင်နိုင်သည်၊ မမြင်နိုင်သည်ကား ပဓာနမဟုတ်။ မြေ၌ခြေစိုက်မှုဒဏ်ဟုန် ကြောင့် လှုပ်ရှားမှုသည် ဦးခေါင်းရိုးကြီးမှာလည်း ခဏချင်း မြင်နိုင်သည်ကား ဒိဋ္ဌကိုယ်တွေ့ဖြစ်ကြ၏။

အလွန်ခက်မာသောအရိုး၏ အခြေအနေပျက်မှုနှင့် ပွရွသောအသား၏ အခြေအနေ ပျက်မှုသည် တူနိုင်မည်လော၊ မတူနိုင်မည်လောဟု တွေးတော၍နေဖွယ်မရှိ။ လှုပ်ရှားမှု ကိုသာ ပဓာနပြု၍ကြည့်။

ဆိုဖွယ်အထူးမှုကား-

---

၁။ ခဏိကပစ္စုပ္ပန် = ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ် ၃-ချက်မျှသော ပစ္စုပ္ပန်။
၂။ သန္တတိပစ္စုပ္ပန် = ထိုထိုရုပ်တရားတို့၏ ထဝီထိ ခဏငယ် ၅၁-ချက်ခန့် မျှသော ပစ္စုပ္ပန်။

အလွန်ခက်မာသော ဝတ္တုမျိုးမည်သည် အခြေအနေပျက်ခဲ၏။ အမှုအရာပျက်ခဲ၏။ ပျက်မိသောအခါ၌မူကား "တောင်လဲမြက်ပြတ်" ဆိုသကဲ့သို့ ဆတ်ဆတ်ကြေမျိုး၊ ဆတ်ဆတ်ကျိုးမျိုး ဖြစ်၏။

ထို့ကြောင့် ဤဦးခေါင်းရိုးကြီး၌ ခက်မာမှုဟူသော ပထဝီကာယကြီး၏ ပျက်မှုသည် ဆတ်ဆတ်ကြေမျိုး ဆတ်ဆတ်ကျိုးမျိုးဖြစ်၍ အသားအရေတို့၌ ပျက်မှုထက်ပင် အမြင်ရှင်းလင်းသကဲ့သို့ရှိ၏။ ပထဝီကာယကြီး ပျက်မှုကိုမြင်လျှင် ထိုပထဝီကာယကို ဖွဲ့ထိန်း၍နေသော အာပေါကာယပျက်မှု၊ ထိုပထဝီကာယကို ပေါင်းနွေးချုပ်အုပ်၍နေသော ပူမှုနွေးမှုဟူသော တေဇောဓာတ်ကာယကြီးပျက်မှု၊ ထိုတေဇောအရှိန်ဖြစ်သော ဝါယောကာယပျက်မှုတို့လည်း ထင်သာမြင်သာ ရှိကုန်တော့သည်။

ဤဦးခေါင်းကြီးကို အမြင်ပေါက်အောင် အထူးအားထုတ်၍ကြည့်ကြလေ။ လှုပ်ရှားမှုဖြစ်ပေါ်လျှင် အခြေပျက်မှု၊ အနေပျက်မှု ဧကန်ရှိတော့သည်။ အခြေအနေပျက်မှု ဆိုသည်ကား ရုပ်ဟောင်း၊ ဓာတ်ဟောင်းတို့၏ ချုပ်ဆုံးမှု စစ်စစ်တည်း။

ထို့ကြောင့် လှုပ်ရှားမှုကို ထင်မြင်ခဲ့လျှင် ထိုလှုပ်ရှားမှုဖြစ်ပေါ်ရာ ဌာနတစ်ခွင်လုံး၌ ပျက်ဆုံးမှုကို မြင်တတ်ကြစေ။

လည်ပင်းရိုး၊ ရင်ရိုး၊ ကျောက်ကုန်းရိုး၊ နံရိုး၊ ခါးရိုး၊ ပေါင်ရိုး၊ ပုဆစ်ရိုး၊ မြင်းခေါင်းရိုး၊ ခြေရိုး၊ လက်ရိုးတို့၌လည်း ထိုနည်းအတူ ထင်မြင်အောင်ရှုလေ။

**ဦးနှောက်ခဲ၌ ကာယကြီး ၄-ပါး ဖြစ်ပျက်ရှုပုံ**

ဦးနှောက်ခဲ၌ တစ်ဟုန်တည်းဖြစ်ပေါ်၍ ထသော ဥတုဇကာယကြီးသည် ဦးနှောက်ခဲတစ်လုံး၌ ရှိသော ကာယဟောင်းကြီးတို့ကို ရေမြှုပ်ခဲကို ယမ်းသွတ်၍ ခွဲသကဲ့သို့ တစ်ဟုန်တည်းချုပ်ပျက် ကွယ်ပျောက်စေ၏။ ဦးနှောက်ခဲတစ်ခုလုံး၌ တစ်ပြိုင်နက်ဖြစ်ပေါ်လာသော ဝါယောကာယဟုဆိုအပ်သော လှုပ်ရှားမှုအမူအရာသစ်တွေကို အကုန်လုံး မြင်အောင်ကြည့်။ ဦးနှောက်ခဲတစ်ခုလုံး တစ်ပြိုင်နက် အခြေအနေပျက်ဆုံးမှုကို မြင်လိမ့်မည်။

ဦးနှောက်ခဲအခြေအနေ ပျက်ဆုံးမှုဆိုသည်ကား-ကာယဟောင်းကြီးလေးပါး တစ်ပြိုင်နက် ချုပ်ပျက် ကွယ်ဆုံးမှုပင်တည်း။ ကာယဟောင်းကြီး ၄-ပါးကွယ်ဆုံးခဲ့လျှင် ထိုဦးနှောက်ခဲတစ်ခုလုံး ကွယ်ဆုံးလေတော့သည်။

အကယ်၍ ကာယဟောင်းကြီးလေးပါးသည် ချုပ်မပျက်သည်ဖြစ်အံ့။ မိုးကြိုး တစ်ရာဆိုင်၍ ပစ်သော်လည်း ထိုဦးနှောက်ခဲသည် လှုပ်ရှားခြင်းမရှိ၊ ပကတိအတိုင်းသာ နေရာ၏။ ဘယ်နေရာမှာမှ တစ်ဆံခြမ်းမျှ မထင်လေရာ အမူအရာသစ်ပေါ်မှု မထင်လေရာ၊ လှုပ်ရှားမှုမပေါ်လေရာ။

**အဆုတ်ခဲစသည်၌ ဖြစ်ပျက်ရှုပုံ**

ရင်နှင့်အပြည့်ရှိနေသော အဆုတ်အခဲကြီး၌ တစ်ဟုန်တည်း ဖြစ်ပေါ်၍ထသော ဝါယောကာယကြီးသည် အဆုတ်ခဲကြီး တစ်ခုလုံး၌ရှိသော ကာယဟောင်းကြီးတို့ကို ယမ်းသွတ်၍ ခွဲဘိသကဲ့ သို့ တစ်ဟုန်တည်း ချုပ်ပျက်ကွယ်ပျောက်စေ၏။ ဦးနှောက်ခဲ၌ကဲ့သို့ အပြည့်အစုံ သိလေ။

နှလုံးခဲ၊ အသည်းခဲ၊ ကျောက်ကပ်ခေါ် အညို့ခဲ၊ အူမ၊ အူသိမ်တို့၌လည်း ထိုနည်းတူ သိလေ။

**ဖြစ်ပျက်ရှု**

ကာယဟောင်းကြီးတို့၏ ချုပ်ပြယ်ကုန်ဆုံးမှုဟူသော ဝယစွန်းအမူအရာသစ်၊ ကာယသစ်တို့၏ စ၍ဖြစ်ပေါ်မှုအစဟူသော ဥဒယစွန်း၊ ထိုအစွန်းနှစ်ပါးတို့၏ စပ်ကြားဟူသော ပရိစ္ဆေဒအာကာသကြီး တို့နှင့် တကွ ကာယကြီးလေးပါးတို့ကို ကောဋ္ဌာသတိုင်းတို့၌ ထင်လင်းစွာ မြင်အောင်အားစိုက်ကြလေ။

ဤကား–တစ်ကိုယ်လုံး ဉာဏ်အမြင် ပေါက်စေခြင်းငှာ အပိုင်းအပိုင်းသန့်ခြား၍ ရှေးဦးစွာ ကြည့်ရှုအားထုတ်ရန် အစီအရင်တည်း။

နေ့ရက်ရှည်လျား အားထုတ်စွဲမြဲသဖြင့် တစ်ကိုယ်လုံး ဉာဏ်အမြင်ပေါက်သော အခါ၌ ဤခန္ဓာကိုယ်ကြီးသည် ရေမြှုပ်ခဲကြီးနှင့် တူသည်ဟူ၍ ဟောတော်မူသော ဒေသနာသည် ဟုတ်လှပေ၏ဟု၊ မှန်လှပေ၏ဟု ဘုရား၌ ကြည်ညိုခြင်း တိုးတက်၍ လာလိမ့်မည်။ ထိုသို့ တစ်ကိုယ်လုံးမွ၍ရှု၍ ကုန်အောင် ဉာဏ်အမြင်ပေါက်သောအခါ မှစ၍ တစ်ကိုယ်လုံးကို ခြုံငုံ၍သော်လည်းကောင်း၊ လိုရာလိုရာကို ကွက်ခြား၍သော်လည်းကောင်း အပေါင်းအားဖြင့်သာ ကြည့်ရှုစွဲမြဲရာ၏။

ခြေလှမ်းတစ်ခုတစ်ခုအတွင်း၌ ဖြစ်ကြကုန်သော ကာယသူယောင်ကြီးနှစ်ခု တို့၏၊ အကြားအကြား၌ မီးတောက်ကြီး တစ်ဟုန်တည်းထသကဲ့သို့ တစ်ဟုန်တည်း ဖြစ်ပေါ်ထသော အကြားကာယကြီး အစီရင်ပြီး၏။

ဤဥတုဇကာယကြီး၌ ရှုမြင်ပုံအချက်စုတို့ ပြဆိုလိုက်သဖြင့် ခြေလှမ်းမှု၏ဆိုင်ရာ စိတ္တဇ ကာယကြီး၌ ရှုမြင်ပုံအလုံးစုံကိုလည်း ပြဆိုခြင်းကိစ္စ ပြီးတော့သည်။

**ယမ်းမီးတောက်ပမာ ကိုယ်ခန္ဓာဖြစ်ပျက်ပုံ**

ဥပမာကား–လမ်းခရီးကြီးတစ်ခု၌ ဆေးဝါး၊ ဆေးနီ အတန့်ဆိုသော ယမ်းစနက်ကြိုးတန်းကြီးကို သွယ်တန်းမြှုပ်ထားရာ၏။ ဆေးဝါဆိုးသောအတန့်ကား တောင်ဆုပ်ခန့် ရှည်ရာ၏။ ဆေးနီဆိုးသော အတန့်ကားလက်လေးသစ်ခန့်ရှည်ရာ၏။ ညဥ့်မှောင်မိုက်လှဆဲအခါ၌ အစမှ မီးညှိစွဲလိုက်သည်ရှိသော် လုံးပတ်အရပ်လူ့သဏ္ဌာန်ခန့်ရှိသော မီးတောက်ကြီးသည် တစ်ဟုန်တည်းထ၍ လမ်းစဉ်လျှောက်ပြေးလေရာ၏။ လမ်းအနီးမှ ကြည့်မျှော်၍နေကြကုန်သော သူတို့ သည် ဝါသည့်ချည်၊ နီသည့်ချည်နှင့် လမ်းစဉ်လျှောက်၍ မီးတောက်ကြီးတစ်ခု သွားလေသည်ကို မြင်ကြကုန်ရာ၏။

ထိုလမ်းစဉ်လျှောက်သွားသော မီးတောက်ကြီး၌ မီးတောက်ဝါ၏ အစစွန်း၊ အဆုံးစွန်း၊ မီးတောက်နီ၏ အစစွန်း၊ အဆုံးစွန်းတို့သည် ရှိကြကုန်၏။ အဆုံးစွန်းနှင့် အစစွန်းချုပ်စပ်၌ အာကာသပရိစ္ဆေဒကြီး တစ်ခုတစ်ခုစီ ခြားလျက်ရှိ၏။

**အာကာသ အဓိပ္ပာယ်**

အာကာသဆိုသော်လည်း အပေါက်ဟင်းလင်း ပေါ်သော အဇဋာကာသမျိုးမဟုတ်။ အစွန်းနှစ်ခုကိုမြင်၍ ဉာဏ်ဖြင့်သိအပ်သော အပြတ်စပ်ကြောင်းကြီးကို ဆိုသတည်း။

သွား၍နေသော ဤရုပ်ကာယကြီးတို့ကို ဤဥပမာအတိုင်း မြင်ရာ၏။ ပထမခြေလှမ်း၌ ဖြစ်ပေါ်သော စိတ္တဇရုပ်ခန္ဓာကြီးသည် ပထမခြေလှမ်းအဆုံးတွင် အကုန်ပျက်ဆုံးလေ၏။ ဥတုဇကာယကြီးဘက်သို့ အဏုမြူမျှကူး၍ မလိုက်။

## ခါတ်ကြီး ၃–ပါး

၁။ မိမိ၏ အဆုံးစွန်ကုန်မှုဟူသော မရဏခါတ်ကြီးတစ်ပါး။

၂။ အကြား အလပ် အပြတ်စပ်ကြောင်းဟူသော ပရိစ္ဆေဒအာကာသခါတ်ကြီး တစ်ပါး။

၃။ ဥတုဇကာယ၏ အစစွာ ဖြစ်ပေါ်မှုအစွန်းဟူသော ဇာတိခါတ်ကြီးတစ်ပါး။ ကာယကြီးနှစ်ခုတို့၏ အကြား၌ ဤခါတ်ကြီးသုံးပါး ခြားမြဲ ခြားလျက်ရှိနေ၏။

ဤခါတ်ကြီးသုံးပါးကို ခုန်ကျော်၍ စိတ္တဇကာယကြီးသည် ဥတုဇကာယကြီးသို့ အဏုမြူမျှ ကူး၍မလိုက်။ ထို့အတူ ဥတုဇကာယကြီးသည်လည်း တစ်ဟုန်ထိုး တစ်ခဏချင်း

ချုပ်ကွယ်၏။ ခတ်ကြီးသုံးပါးကို ခုန်ကျော်၍ ဒုတိယအလှမ်း၏ ဆိုင်ရာသို့ အဏုမြူမျှ ကူး၍မလိုက်။

ဤနည်းအတိုင်း ခရီးကို ခရီးရှည်သွားမှု၌ ကာယတို့၏ အပိုင်းအပိုင်းဖြတ်ပုံကို ဉာဏ်၌ ရှင်းလင်းစွာ ထင်စေမြင်စေရမည်။

## ယမ်းမီးတောက်ကြီးကို ၂-မျိုးမြင်ပုံ

မီးတောက်ကြီးကို မြင်ရသူအပေါင်းတို့တွင်-

၁။ ပသာဒမျက်စိ[၁] သာရှိကြ၍ ပညာမျက်စိ မရှိကြကုန်သော အန္ဓဗာလ ဖြစ်သူ ပကတိ လူတို့သည်ကား မီးတောက်ကြီးတစ်ခု သွားလေ၏ဟု ဆိုကြကုန်လတ္တံ့။

၂။ ပသာဒမျက်စိ ပညာမျက်စိနှစ်ပါးရှိကုန်သော ပဏ္ဍိတဖြစ်သူ လူတို့သည်ကား မီးတောက်ကြီးတစ်ခုမဟုတ်။ မီးတောက်ကြီးတို့သည် တစ်ခုနှင့်တစ်ခုအကြား၌ ပရိစ္ဆေဒ အာကာသကြီးခြားလျက် အရာမက၊ အထောင်မက များပြားကုန်၏။

ထိုအလုံးစုံသော မီးတောက်ကြီးတို့သည်လည်း ဘယ်ကိုမှ သွားနိုင်ကြကုန်သည် မဟုတ်။ မိမိတို့ဖြစ်ပေါ်ရာဌာနမှ တစ်ဆံခြမ်းမျှ ရွေ့နိုင်ကြကုန်သည်မဟုတ်၊ မိမိတို့ ဖြစ်ပေါ်ရာဌာနမှာပင် ငုတ်တုတ်သေ၊ ငုတ်တုတ်ပျောက်၊ မတ်တတ်သေ၊ မတ်တတ် ပျောက် တို့သာတည်းဟု ဆိုကြကုန်လတ္တံ့။

အဘယ်ကြောင့်နည်းဟူမူ-

**အန္ဓဗာလ အမြင်** ပညာမျက်စိ မရှိကြကုန်သော ထိုအန္ဓပုထုဇဉ်တို့သည် ထို မီးတောက်ကြီး၌ ခတ်အထွေအပြားကို မြင်နိုင်သော ပညာမျက်စိ မရှိကြကုန်။ အစဉ်မပြတ်သော သန္တတိနိမိတ်ကြီးကိုသာ မြင်နိုင်သော ပကတိမျက်စိသာ ရှိကြကုန်၏။

သူတို့မြင်ကြသော သန္တတိနိမိတ်ကြီးမှာမူကား မီးစွဲရာဌာန အစဉ်၌ ဖြစ်ပေါ်မှု တစ်ကြိမ်သာရှိ၏။ ငါးရာတွင်[၂] တစ်တိုင်စသည်ရောက်၍ အဆုံးစွန် အကုန်သေဆုံး ရာ၌ ပျက်ကွယ်မှု တစ်ကြိမ်သာရှိ၏။ အလယ်၌အစဉ်ဟင်းလင်းမြင်ရသော ကောင်း ကင်အခြားကြီးမရှိဘဲ အစဉ်အမျှင်ဆက်တန်း[၃] ၍နေသည့်အတွက်ကြောင့် သန္တတိနိမိတ် ကြီးအတိုင်း မီးတောက်ကြီးတစ်ခု သွားလေ၏ဟု ဆိုကြကုန်၏။

---

၁။ ပသာဒမျက်စိ - မျက်နက်ဝန်းအတွင်း၌ သန်းဦးခေါင်းပမာဏမျှရှိသော မျက်စိရုပ် အကြည်။

၂။ ငါးရာတွင် = တာငါးရာ = တစ်မိုင်ခရီး။

၃။ ကဝိမျက်မှန်မူ၊ ဟံသာဝတီမူတို့၌ သက်တမ်းဟု ရှိသည်။

**ပဏ္ဍိတ အမြင်** ပညာမျက်စိ အမြင်ရှိကြကုန်သော လူတို့သည်ကား–အန္ဓပုထုဇဉ်တို့ ကဲ့သို့ပင် ပကတိမျက်စိဖြင့် သန္တတိနိမိတ်ကြီးကို မြင်ကြကုန်သော်လည်းပကတိမျက်စိ အမြင်မည်သည် ဟုတ်မှန်သော ဓမ္မသို့ဘယ်အခါမှ ဆိုက်ရိုးမရှိ မဟုတ် တယုတ်တွေ အနန္တအမြဲ ပါရှိ၏ဟု သိကြပါလျက်ရှိသဖြင့် ပကတိ မျက်စိအမြင်ကို ဝိညာဏ်၏လိမ်မှုကြီးဟု ပယ်ရှား၍ ပညာမျက်စိအမြင်ကို ပေါ်အောင်ဖော်၍ ကြည့်ကြကုန်၏။

**မီးတောက်ဖြစ်ပေါ်ကြောင်းနှင့် ဉာဏ်အမြင်** အဘယ်သို့ကြည့်ကြကုန်သနည်း ဟူမူကား . . ဤမီးတောက်ကြီးမှာအောက်ခြေ၌ ယမ်းစနက်တည်ရှိ၏။ ထိုယမ်းစနက်မှဖြစ်ရ၏။

ထို ယမ်းစနက်တံမှာလည်း ယမ်းဝါတစ်တန့်၊ ယမ်းနီတစ်တန့် အစဉ်အတိုင်း ခြားနားလျက်ရှိ၏။

သူ့အတန့်နှင့် သူ့မီးတောက် အသီးသီးဖြစ်ကြ၏။

ယမ်းဝါမှ မီးနီမဖြစ်နိုင်။ ယမ်းနီမှ မီးဝါမဖြစ်နိုင်။

ထို့ကြောင့် မီးတောက်အသီးသီးသာဖြစ်ကြ၏။ တစ်လျှောက်လုံး တစ်ခုတည်းကား ဧကန်မဟုတ်။ သူ့ယမ်းအကုန်အကုန်တွင် သူ့နေရာနှင့်သူ အသီးသီးပျက်ဆုံးကြ၏။ အဘယ်ကိုမှ ရွှေ့နိုင်ကြ၊ သွားနိုင်ကြသည်မဟုတ်ဟု ကြည့်မြင်ကြကုန်၏။

ဤကား မီးတောက်ဖြစ်ပေါ်ရန် အကြောင်းနှင့်စပ်၍ ဉာဏ်အမြင်ပေါ်ချက်တည်း။

**မီးတောက်အမာခံနှင့် ဉာဏ်အမြင်** မီးတောက်ကြီးတစ်ခုလုံး၌–

၁။ ဝါသောအဆင်းကား ဓာတ်တစ်မျိုး၊

၂။ နီသောအဆင်းကား ဓာတ်တစ်မျိုး အသီးအသီးဖြစ်ကြ၏။

ဤသို့ အဆင်းဓာတ်နှစ်မျိုး ကွဲလွဲထူးခြားခြင်း ဖြစ်ရသည်မှာလည်း အဆင်း၏ မှီရာ မဟာဘုတ်ကာယကြီးလေးပါးတို့ကပင် နှစ်မျိုးနှစ်ထွေ ကွဲလွဲထူးခြား ရှိကြကုန်၏။

၁။ အဝါ၏မှီရာ မဟာဘုတ်ကာယကြီးလေးပါးကား တစ်မျိုး၊

၂။ အနီ၏မှီရာ မဟာဘုတ်ကာယကြီးလေးပါးကား တစ်မျိုး၊

ဤသို့ အသီးသီးဖြစ်ကြ၏။

ဝါသော အဆင်းဓာတ်၏မှီရာ မဟာဘုတ်ကာယကြီးလေးပါး ကွယ်ဆုံးရာမှာ ဝါယော အဆင်းဓာတ် ကွယ်ဆုံးရ၏။ မီးတောက်ဝါကြီး ကုန်ဆုံးရ၏။

နီသောအဆင်းဓာတ်၏မှီရာ မဟာဘုတ်ကာယကြီးလေးပါး ကွယ်ဆုံးရာမှာ နီသောအဆင်း ဓာတ်ကွယ်ဆုံးရ၏။ မီးတောက်အနီကြီး ကုန်ဆုံးရ၏။

အဆင်းဓာတ်နှစ်မျိုး ကုန်ဆုံးမှုကား ပကတိမျက်စိအမြင်နှင့်ပင် ထင်ရှား၏။ အဆင်းဓာတ်နှစ်မျိုး ကုန်ဆုံးမှုကိုမြင်သဖြင့် မဟာဘုတ်ကာယကြီးလေးပါးလည်း သူ့အဆင်းနှင့်သူ ကွယ်ဆုံးသည်ကို သိမြင်ရ၏။ ထိုကာယ၊ ထိုဓာတ်တို့မှ အလွတ် မီးတောက်ဟူ၍ ရှိတော့သည် မဟုတ်။

ထို့ကြောင့် ထိုကာယ၊ ထိုဓာတ်တို့ကွယ်ဆုံးရာမှာ သူ့ကာယ၊ သူ့ဓာတ်တို့နှင့် အတူ သူ့မီးတောက် အသီးသီးဖြစ်ကြ၍ သူ့ကာယ၊ သူ့ဓာတ်တို့ ကွယ်ဆုံးရာမှာ သူ့ မီးတောက်လည်း ကွယ်ဆုံး၏ဟု ကြည့်မြင်ကြကုန်၏။

ဤကား မီးတောက်၏အထည်ခံဖြစ်ကုန်သော ကာယအပြား၊ ဝဏ္ဏဓာတ်အပြား တို့နှင့် စပ်၍ ဉာဏ်အမြင်ပေါ်ချက်တည်း။

**အမြင် ၂-ပါး မတူပုံ**

ဤသို့ ပညာမျက်စိအမြင်ကိုပေါ်အောင် ဖော်၍ ကြည့်မြင်ကြကုန်သောကြောင့် ပကတိမျက်စိအမြင်က မီးတောက်ကြီးတစ်ခုဟု ဆုံးဖြတ်ကြသည်ကို ပညာမျက်စိအမြင်က မီးတောက်ကြီး တစ်ခု မဟုတ်ဟု ပယ်ဖျက်၍ မီးတောက်ကြီးတို့ကား အသီးသီး ပရိစ္ဆေဒခြားနားကြ ကုန်လျက် အရာမက၊ အထောင်မက များပြားကုန်၏ဟု ဆုံးဖြတ်၏။

ထို့အတူ ပကတိမျက်စိအမြင်က မီးတောက်ကြီးသွားလေ၏ဟု ဆုံးဖြတ်သည်ကို ဉာဏ်မျက်စိအမြင်က မီးတောက်ကြီး ဘယ်ကိုမှမရွေ့မသွားဟု ပယ်ဖျက်၍ မီးတောက် ကြီးတို့ကား မိမိတို့ ဖြစ်ရာဌာနမှာ အသီးအသီးကုန်ဆုံးကြကုန်၏ဟု ဆုံးဖြတ်၏။

ဤသို့ သဏ္ဌာနနိမိတ်၊ သန္တတိနိမိတ်တို့ကိုသာ မြင်နိုင်သော ပကတိမျက်စိ၏ အမှုသွားနှင့် ဓာတ်သဘာဝတို့ကို မြင်နိုင်သော ဉာဏ်မျက်စိ၏အမှုသွား အပြန်အလှန် နေကြပုံကိုသိလေ။

ဤသို့ ပညာရှိတို့သည် ပကတိမျက်စိအမြင်ကိုပယ်ရှား၍ ပညာမျက်စိကို လိုက်စားကြကုန်၏။ အန္ဓဗာလပုထုဇဉ်တို့၏ အမြင်နှင့် ကလျာဏပုဏ္ဏိတတို့၏ အမြင် နှစ်ပါးခွဲခြားကြပုံတည်း။

ဤကား အမြင်အထင်ကို တည်ထောင်စကာလ၌ ကာယကြီးတို့၏ဖြစ်မှု၊ ပျက်မှုကို ဉာဏ်အမြင်ပေါက်အောင် တည်ထောင်ရန် ဥပမာကြီးတည်း။

ဤဥပမာကြီးအတိုင်း ဉာဏ်အမြင်ရှင်းလင်းသော ကာလ၌မူကား တစ်ခုတစ်ခုသော မီးတောက်ကြီးကိုကြည့်၍ နေခဲ့လျှင် တလှုပ်လှုပ်တရွရွ တကြွကြွတလူလူတွေကို မြင်ရသဖြင့် ထိုမီးတောက်ကြီးမကွယ်မီ အတွင်း၌ပင်လျှင် မီးတောက်ကြီးတစ်ခု လုံး၌ အခြေပျက်၊ အနေပျက်၊ အမူအရာပျက်၊ ကြိယာပျက်တွေကို ဒိဋ္ဌသိမြင်၍ ခြေလှမ်းတစ်လှမ်းအတွင်းမှာပင် ထိုမီးတောက်ကြီး၌ ကာယကြီးလေးပါးတို့ ရပ်တည်မရ ပျက်ပြုန်း ကွယ်ဆုံး၍ အမြဲနေသည်ကိုလည်း ထင်မြင်နိုင်လတ္တံ့။ ဤကား ဥပမာတည်း။

**ဥပမာန ဥပမေယျ စပ်ဟပ်ပြပုံ**

တစ်ခုတစ်ခုသော ခြေလှမ်းကို လှမ်းတော့မည်ရှိရာ နှလုံးအတွင်း၌ အဟုန်နှင့်တကွသော ဓာစိတ်အစဉ်သည် တစ်သုတ်တစ်သုတ် ဖြစ်ပေါ်၏။ ကိုယ်အင်္ဂါကြီးတို့ကို လှုပ်ရှားချီကြွသော စိတ္တဇကာယကြီးသည် ထိုဓာစိတ်အစဉ်မှ တစ်ဟုန်တည်းဖြစ်၍ ထ၏။ ထိုခြေလှမ်းအဆုံးတွင် ထိုဓာစိတ်အစဉ် ချုပ်ဆုံး၏။ ထိုစိတ္တဇကာယကြီးလည်း ချုပ်ဆုံး၏။

ဓာတစ်သုတ် တစ်သုတ်သည် ယမ်းဝါတစ်တန့် တစ်တန့်နှင့်တူ၏။

စိတ္တဇကာယကြီးတစ်ခုတစ်ခုသည် မီးတောက်ဝါကြီးတစ်ခုတစ်ခုနှင့်တူ၏။

မြေ၌ခြေကျ၍ ထိတ်ခနဲထိတ်ခနဲအခိုက်တွင် ခြေဖဝါးမှစ၍ အလွန်ပြင်းထန်သော အဟုန်ရှိသော ဒဏ်ချက်ဥတုကြီးသည် ဖြစ်ပေါ်၏။ ဥတုဇကာယကြီးသည် ထိုဒဏ်ချက်ဥတုကြီးမှဖြစ်၍ ထ၏။ ဒဏ်ချက်ဥတုကြီးလည်း ခဏချင်းချုပ်ဆုံး၏။ ဥတုဇကာယကြီးလည်း ခဏချင်း ချုပ်ဆုံး၏။

ဒဏ်ချက်ဥတုကြီး တစ်ကြိမ်တစ်ကြိမ်ဖြစ်ပေါ်မှုသည် ယမ်းနီတစ်တန့် တစ်တန့်နှင့်တူ၏။

ဥတုဇကာယကြီးတစ်ခုတစ်ခုသည် မီးတောက်နီကြီး တစ်ခုတစ်ခုနှင့်တူ၏။

ဤမှကြွင်းသမျှ အချက်စုကို ဥပမာနှင့် အကုန်ထပ်တူကျအောင် ထုတ်ဖော်နှီးနှော၍ သိကြလေ။

ဥပမာဆိုသော်လည်း အလွတ်ဥပမာမျိုးမဟုတ်။ ဥပမာဝတ္ထုမှာပင် ရှေးဦးစွာရှုရမည့် စံပြဥပမာတည်း။

## ဝိညာဉ်၏ လိမ်မှုကြီး

**စိတ္တဝိပလ္လာသကို ပယ်ရှားပုံ**

ဤကိုယ်ခန္ဓာကြီး သွား၍နေဆဲအခါ၌ ပကတိမျက်စိ တစ်ခုသာ ရှိကုန်ကြသော အန္ဓပုထုဇဉ်တို့သည်ကား လမ်း၌ လူတစ်ယောက် သွားလေ၏ဟု ဤမျှကိုသာ သိမြင်ပြောဆိုကြကုန်၏။ မိမိတို့ကိုလည်း ငါသွားသည်၊ ငါလာသည်၊ မည်သူသွားသည်၊ မည်သူလာသည်ဟု ဤမျှကိုသာ သိမြင် ပြောဆိုကြကုန်၏။

ပညာမျက်စိရှိကြကုန်သော ကလျာဏပဏ္ဍိတပုဂ္ဂိုလ်တို့သည်ကား ပကတိမျက်စိ အမြင်နှင့် မြင်ရသော နိမိတ်သဏ္ဍာန် မဟုတ်မမှန်ကြီးကို အတတ်သိကြကုန်သဖြင့် ပကတိမျက်စိအမြင်ကို ဝိညာဏ်၏လိမ်မှုကြီးဟု ပယ်ရှား၍ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိ၊ သူ၊ ငါဟူ၍ မရှိ၊ ခြေတစ်လှမ်းမှ ခြေတစ်လှမ်းကို ကူး၍သွားသောသူ၊ လာသောသူဟူ၍ တစ်စုံတစ်ယောက်မျှမရှိ၊ လှမ်းသော ခြေဟူ၍ပင်မရှိ၊ ခြေလှမ်းဟူ၍ပင်မရှိ၊ ပကတိမျက်မြင် ဝိညာဏ်မျက်လှည့်၏ အမှုသာ ဖြစ်၏။

သူ့အကြောင်းနှင့်သူ တစ်သုတ်တစ်သုတ် ဖြစ်ပေါ်ကြကုန်သော ကာယကြီးတို့သည် ဇောစိတ် ဒဏ်ချက်ဥတုဟူသော သူ့အကြောင်းချုပ်ဆုံးရာတွင် သူ့အသုတ်နှင့်သူချုပ်ဆုံးကြကုန်၏။

ပထမခြေလှမ်း၌ ဖြစ်ပေါ်သော ခက်မာမှုကြီးတို့သည် ခြေကိုချသောအခါ၌ တစ်ကိုယ်လုံးပင်အောက်သို့ ညွှတ်ကိုင်းသော အခြင်းအရာသို့ ရောက်ကြကုန်၏။ မြေ၌ ခြေကျ၍အစိုက်တွင် တစ်ပြိုင်နက်ပျက်ဆုံးကြကုန်၏။ ပကတိအတိုင်းနှင့် တည်တံ့ ခုခံ၍နေသော ခက်မာမှုဟူ၍ အဏုမြူမျှ အကြွင်းအကျန်မရှိ။ ကိုယ်တွေ့ဒိဋ္ဌ ထင်ရှားလှ၏။

ယမ်းမီးတောက်ကြီး တစ်ဟုန်တည်း တောက်ထသကဲ့သို့ ထိုအခါ၌ ဥတုဇကာယကြီး တစ်ဟုန်တည်း ဖြစ်ပေါ်မှုလည်း တစ်ကိုယ်လုံး သိမ့်သိမ့်လှုပ်ပင် ထင်ရှားလှ၏။ ခဏချင်းငယ်ထိပ်သို့ ဆိုက်တိုက်လာ၏။ ထိတ်ခနဲ အသံချုပ်ပျောက်သည်နှင့်တစ်ပြိုင် နက် ထိုဥတုဇကာယသည် မီးတောက်ကြီး တစ်ချက်တည်း သေပျောက်သကဲ့သို့ ချုပ်ပျောက်လေ၏။

တစ်ကိုယ်လုံးမှာ အထက်သို့ တစ်ဟုန်တည်း တက်ထသော ဝါယောကာယကြီး တစ်ချက်တည်း ချုပ်ပျောက်မှုသည် ကိုယ်တွေ့ဒိဋ္ဌ ထင်ရှားလှ၏။ မှန်ရိပ်တွင် ကြောင်ကြောင် မြင်ရသော လူရိပ်ကြီး၏ပေါ်မှု၊ ပျောက်မှုကို ကြောင်ကြောင် မြင်သကဲ့သို့ ထင်ရှားအောင် စိုက်စွဲလေ။ အစွန်းကြီးနှစ်ပါးတို့နှင့်တကွ အာကာသ ပရိစ္ဆေဒကြီးကိုလည်း စပ်ကြောင်း စပ်ကြားကြီးအနေနှင့် ဉာဏ်တွင်ထင်ရှားကြစေ။

ယမ်းမီးတောက်ဥပမာ၌ အဝါ၊ အနီ၊ အဆင်းဖြင့်ပိုင်းခြား၍ ချုပ်ဆုံးမှုကို သိမြင်ရသကဲ့သို့ ဤ၌လည်း သွားဆဲအခါ၌ တစ်ကိုယ်လုံးတွင် ကိုယ်တွေ့ဒိဋ္ဌသိမြင်ရသော လှုပ်ရှားမှုတို့ဖြင့် ပိုင်းခြား၍ ကာယကြီးတို့၏ ဖြစ်ပေါ်မှုပျက်ဆုံးမှုကို သိမြင်လေ။

သွားခြင်း ဣရိယာပုထ်ကြီး ပြီး၏။

---

## ရပ်ခြင်း၌ ကာယကြီး ၄-ပါးဖြစ်ပျက်နေပုံ

**အဆုံး၊ အစခြားမှု မြင်အောင်ရှု**

ရပ်ခြင်းဣရိယာပုထ်၌ သွားခြင်း၏အဆုံးနှင့် ရပ်ခြင်း၏ အစကို ရှင်းလင်းရာ၏။ သွားမှု၏ဆိုင်ရာ အမူအရာမျိုးကား ရှေ့ရှုလျက် လှုပ်ရှား၏။

ရပ်မှုဆိုင်ရာ အမူအရာမျိုးကား အထက်သို့ချီပင့်လျက် ရပ်စိုက်၏။ အစွန်း၊ အစ၊ အခြားသုံးပါးရှင်းလင်းလေ။ တစ်ကိုယ်လုံးအကုန် ဉာဏ်မငုံနိုင်ရှိခဲ့လျှင် ဦးခေါင်းစသော အင်္ဂါတစ်ခုခုကို ပိုင်း၍ရှင်းလေ။

**ရပ်နေစဉ် လှုပ်ရှားမှု ၂-မျိုး**

ရပ်တည်၍နေဆဲအခါ၌ လှုပ်ရှားမှု ၂-မျိုးရှိ၏။
၁။ အလိုရှိရာ ကိုယ်အင်္ဂါကို လှုပ်ရှားမှုတစ်မျိုး၊
၂။ တစ်ခဏထက်တစ်ခဏ ဣရိယာပထ ဥတုဇ မီးတောက်ထ၍ တရှိန်ရှိန်တရှုရှုလှုပ်ရှားမှု တစ်မျိုး၊

**ကိုယ်အင်္ဂါ လှုပ်ရှားမှု**

ထိုနှစ်မျိုးတွင် အလိုရှိရာ ကိုယ်အင်္ဂါလှုပ်ရှားမှုမှာ တစ်ကိုယ်လုံး လှုပ်ရှားသည်ဖြစ်၏။ ရပ်စိုက်တည်တံ့မှု၏ဆိုင်ရာ အမူအရာစုနှင့် လှုပ်ရှားမှု၏ဆိုင်ရာ အမူအရာစုကို အချက်ရှာ၍ ရှင်းလင်းလေ။ ရပ်စိုက်တည်တံ့မှု အခြေပျက်အနေပျက်၍ အချက်မိမိရှာ၍ ခြားနားလေ။ ထိုထိုအစိတ်အင်္ဂါ လှုပ်ရှားရာ၌လည်း လှုပ်ရှားသောအင်္ဂါ၊ လှုပ်ရှားမှု၏ဆိုင်ရာ အမူအရာကိုနေရာကျ သိတတ်မြင်တတ်စေ။ လှုပ်ရှားသော အမူအရာကို သိရမြင်ရလျှင် ထိုနေရာ၌ အခြေပျက်မှု အနေပျက်မှု ဧကန်ရှိတော့သည်။

**ရပ်ဟောင်းချုပ် ရပ်သစ်ပေါ်**

အခြေပျက်မှု အနေပျက်မှုဆိုသည်ကား ရပ်ဟောင်းချုပ်ကွယ်မှုကို ဆိုသည်။ ရပ်ဟောင်းချုပ်ကွယ်မှုမရှိက လှုပ်ရှားမှုဟူသော အမူအရာသစ်မဖြစ်နိုင်။ ဤစကားကို မြဲမြဲမှတ်။

# မျက်တောင်ခတ်မှု၌ မဟာဘုတ် ကာယကြီး ၄–ပါး ဖြစ်ပျက်နေပုံ

အယုတ်အားဖြင့် မျက်တောင်ခတ်မှု အသက်ရှူမှုတို့၌ပင် ဤစကားကိုသိရမည်။ မျက်တောင်ခတ်မှု၌ မျက်စိဖွင့်၍ ထားသောအခါ မျက်လုံးကို လေသလပ်၏။ ဥတုဇ မီးထ၍လာ၏။ မျက်လုံးဖန်၍လာ၏။ မျက်တောင်၏ အတွင်းအရပ်ကား စိုစွတ်၏။ ထိုစိုစွတ်သော မျက်တောင်အဖို့ဖြင့် မျက်လုံးကို ခဏခဏပွတ်သပ်ရ၏။ ထသော ဥတုဇမီး ငြိမ်း၍ ငြိမ်း၍သွား၏။ တစ်ဖန်ပျောက်ငြိမ်း၏။ ဤကား မျက်တောင်ခတ်မှု၏ အကြောင်းအကျိုးတည်း။

မျက်တောင် ၂–ဖက်တို့၌ရှိသော ခက်မာမှု၊ ဖွဲ့စေးမှု၊ ပူနွေးမှု၊ တောင့်မှုတင်းမှုဟူသော ကာယကြီးလေးပါးတို့သည် မျက်တောင်ကို တွန့်၍ထားသောအခါ၌ အမူအရာ တစ်မျိုးတည်း။ မျက်တောင်ကိုဖြန့်၍ ခတ်သောအခါ၌ အမူအရာတစ်မျိုးတည်း။

တွန့်၍ထားသောအခါ၌ ခက်မာမှု၊ ဖွဲ့စေးမှုနှစ်ပါး မင်းမူ၏။ တေဇော၊ ဝါယော ငုပ်၏။ လှုပ်ရှားမှု အထူးမရှိ။

ခတ်သောအခါ၌ လှုပ်မှုဟူသော စိတ္တဇဝါယောလေကြမ်း ရုတ်ခနဲဖြစ်ပေါ်၏။ မင်းမူ ၍နေသော ခက်မာမှု၊ ဖွဲ့စေးမှုတို့ကို ခါတွက်မှုတ်လွှင့်၍ပစ်၏။ တွန့်၍နေသော အခြေ အနေ ခဏချင်းပျက်၏။

ခတ်မှု ရုတ်သိမ်းပြန်သောအခါ၌ ထိုစိတ္တဇဝါယောလေသည် လျှပ်ရောင်ချုပ်ပျက်သကဲ့သို့ ချုပ်ကွယ်ပြန်၍ မင်းမူသောပထဝီအာပေါမျိုးဖြစ်ပေါ်၍ မင်းမူမြဲမင်းမူပြန်၏။

မျက်တောင်ဟူသော သဏ္ဍာနနိမိတ်ကြီးကို ဉာဏ်ဖြင့်ပယ်ရှား၍ ဓာတ်သား ဓာတ်ရင်းကို ဉာဏ်စိုက်မိမှ ထင်မြင်နိုင်မည်။

**အသက်ရှူမှု၌ ဆီမီးတောက်ပမာ**　　အသက်ရှူမှု၌ ဆီမီးတောက်၏ အကျိုးဆက်သည် ၂–မျိုးရှိ၏။ မီးရောင်ထွက်မှုတစ်မျိုး၊ မီးခိုးထွက်မှုတစ်မျိုး။

ထိုတွင် အပြစ်ဒေါသစင်ကြယ်သော နှမ်းဆီ ရေနံဆီတို့မှဖြစ်သော မီးတောက်မှာ မီးရောင်ထွက်မှု အကျိုးတစ်မျိုးသာ ရှိ၏။ မီးခိုးထွက်မှု မရှိ။

အပြစ်ဒေါသရှိသော ဆီကြမ်း ရေနံကြမ်းတို့မှဖြစ်သော မီးတောက်မှာ မီးရောင်ထွက်မှု၊ မီးခိုးထွက်မှု အကျိုးဆက်နှစ်မျိုးရှိ၏။ ဆီ၊ ရေနံကြမ်းလေလေ အရောင်နည်းပါး၍ အခိုးများလေလေ ဖြစ်၏။ ဥပမာ။

ဤဥပမာ၌-

၁။ အပ္ပနာ[၁] သို့ ရောက်သော မဟဂ္ဂုတ်ကံစုသည် အလွန်အပြစ်ဒေါသတို့မှ စင်ကြယ်သော နှမ်းဆီရေနံဆီတို့နှင့် တူကုန်၏။

၂။ မဟဂ္ဂုတ်ဝိပါက်တို့သည် ထိုနှမ်းဆီရေနံဆီတို့မှ ဖြစ်သော မီးတောက်နှင့် တူကုန်၏။

ထိုဝိပါက်တို့မှ အလွန်သိမ်မွေ့သော စိတ္တဇရုပ်တို့သည်သာ ထွက်ကုန်၏။ ထွက်သက်၊ ဝင်သက်ဟူသော ကြမ်းတမ်းသော အခိုးမထွက်ပြီ။

၃။ အပ္ပနာသို့မရောက်သော ကာမာဝစရကံစုသည် နှမ်းဆီကြမ်း၊ ရေနံကြမ်း တို့နှင့် တူ၏။

၄။ ကာမာဝစရ ဘဝင်ဝိပါက်တို့သည် ထိုနှမ်းဆီ၊ ရေနံဆီတို့မှဖြစ်သော မီးတောက် နှင့်တူကုန်၏။

စိတ္တဇရုပ်ကြမ်း တစ်မျိုး၊ ထွက်သက်၊ ဝင်သက်ဟူသော အခိုးကြမ်းတစ်မျိုးဟူ၍ အကျိုးဆက် နှစ်မျိုးထွက်၏။

---

၁။ အပ္ပနာ = ယှဉ်ဖက်ဖြစ်သော တရားတို့ကို အာရုံသို့ မတုန်မလှုပ် ခိုင်မြဲစွာ ရောက်စေတတ်သော ဈာန်တရား။

**အသက်ရှူမှု၏ အကြောင်းအကျိုး** ထိုနှစ်မျိုးတို့တွင် ထွက်သက်၊ ဝင်သက် ဟူသော အခိုးကြမ်းထွက်ခြင်းသည်

၁။ ရှေးဦးစွာစ၍ ဖြစ်ပေါ်ခြင်း၊

၂။ အစဉ်အဆက်ဖြစ်ခြင်း ဟူ၍ နှစ်မျိုး ရှိ၏။

ထိုတွင် -

၁။ စ၍ဖြစ်ပေါ်ခြင်းမှာ ဗဟိဒ္ဓလေ[၁] လှုံ့ဆော်၍ပေးမှ ဖြစ်နိုင်၏။ အမိဝမ်း၌ နေဆဲအခါ၌လည်းကောင်း၊ ရေသတ္တဝါတို့၌လည်းကောင်း၊အပလေ ဝင်ခွင့် မရသောကြောင့် စ၍ ဖြစ်ပေါ်ခြင်းပင် မရှိ။ အမိဝမ်းမှ ဖွားမြင်သောအခါ အပလေ ဝင်ခွင့်ရသောကြောင့် စ၍ဖြစ်ပေါ်၏။ အစဉ်အဆက်လည်း ဖြစ်လေ၏။

၂။ ဤအစဉ်အဆက်ဖြစ်မှုသည်အစအထ၌ အပလေပြတ်ကင်း၍သွားခဲ့လျှင် ဖြစ်မှုပင် ပျောက်ငြိမ်း၍သွားလေရာ၏။ အပလေနှင့် နေ့ရက် ရှည်ကြာ အားကြီးစွာ ဆက်ဆံဖန်များသောအခါ၌မူကား အပလေ ပြတ်ကင်းသော်လည်း ဖြစ်မှုမငြိမ်းနိုင်ပြီ။ အပလေ ပြတ်ခဲ့လျှင် ပြင်ပသို့ မထွက်မူ၍ ရင်တွင်း၊ ဝမ်းတွင်း၌ အမွှန်းတိုက်၍ သတ္တဝါကို သေစေ၏။

ထွက်သက်၊ ဝင်သက်ချုပ်မှုကို ကမ္မဋ္ဌာန်းအလုပ်တစ်ခုပြု၍ အစွဲအမြဲအားထုတ်နိုင်သဖြင့် ထွက်သက်၊ ဝင်သက်ကို အစိုးရသောအဖြစ်သို့ ရောက်မူကား အာယုဝဍ္ဎန[၂] အာဟာရသိဒ္ဓိ[၃] များကိုပင် ပြီးစေနိုင်၏ဟု ဟိန္ဒူတို့နည်းလမ်းရှိ၏။ ဤကား အသက်ရှူမှု၏ အကြောင်းအကျိုးတည်း။

---

၁။ ဗဟိဒ္ဓလေ = အပြင်အပလေ။

၂။ အာယုဝဍ္ဎန = အသက်ကာလကြာမြင့်စွာ တိုးပွားလာခြင်း။

၃။ အာဟာရသိဒ္ဓိ = အစာအာဟာရကို မသုံးဆောင် မစားသောက်ဘဲ ချမ်းသာစွာ နေနိုင်ခြင်း။

# အသက်ရှုမှု၌ မဟာဘုတ်ကာယကြီး ၄–ပါး ဖြစ်ပျက်ရှုပုံ

ဤအသက်ရှုမှုကား ဣရိယာပုထ်လေးပါးတို့၌ အမြဲဖြစ်၍နေသော စိတ္တဇဝါယောကာယကြီးတည်း။ ဤစိတ္တဇဝါယောကာယကြီး၏ ထောက်ကန်မှုကြောင့် ဝမ်းအဖို့၊ ခါးအဖို့၊ ရင်အဖို့၊ ကျောက်ကုန်းအဖို့၊ အသည်း အဆုတ် နှလုံးစသော အလယ်ကိုယ်အရပ်တို့၌ လှုပ်ကြွသော ဥတုဇကာယလေတို့သည် အမြဲထကုန်၏။

ထိုကိုယ်အရပ်တို့၌ ထွက်သက်အခိုက်တွင်ဖြစ်ပေါ်သော ကာယကြီးလေးပါးတို့သည် ဝင်သက်အခိုက်ကို မရောက်ကြကုန်မူ၍ ထွက်သက်နှင့်အတူ ပျက်ဆုံးကြကုန်၏။

ဝင်သက်အခိုက်တွင်ဖြစ်ပေါ်သော ကာယကြီးလေးပါးတို့သည် ထွက်သက်အခိုက်သို့ မရောက်ကုန်မူ၍ ဝင်သက်နှင့်အတူ ချုပ်ဆုံးကြကုန်၏။

ထိုကိုယ်အရပ်တစ်ခုလုံးသည် ထွက်သက်အခိုက်တွင် တစ်ခါ၊ ဝင်သက်အခိုက်တွင် တစ်ခါ ရေမြှုပ်စိုင်ကြီး ရေမြှုပ်ခဲကြီးကို ယမ်းသွတ်၍ခွဲသကဲ့သို့ အမြဲပျက်ဆုံးရကုန်၏။

**အဆုတ်ခဲ၌ ဖြစ်ပျက်ရှုပုံ**

ရင်နှင့်အပြည့်ရှိနေသော အဆုတ်ခဲကြီးသည် ပွတဲ့ချည်၊ ရှုံ့တဲ့ချည် ရပ်တည်မရ ပျက်ဆုံး၍နေရ၏။ ဤအဆုတ်ခဲကြီး၌ အမာခံကား ခက်မာမှုကြိယာဟူသော ပထဝီကာယကြီးတည်း။

အဆုတ်ခဲဟူသော နိမိတ်ကြီးကိုမထင်စေမူ၍ ပထဝီကာယကြီးကို ဉာဏ်စိုက်၍ ကြည့်။

အခြေအနေမပျက်ဘဲ ပကတိအတိုင်း တည်နေနိုင်သော ခက်မာမှုဟူ၍ အဏုမြူမျှမရှိ။ အကယ်၍ရှိငြားအံ့၊ ပွမှု၊ ကြွမှု၊ ရှုံ့မှု၊ ကျုမှု၊ လှုပ်ရှားမှုဟူ၍ မရှိရာ၊ ထိုအမှုစ ရှိနေသည်ကို ဒိဋ္ဌကိုယ်တွေ့ဖြစ်ကြ၏။

ထိုကြောင့်–

၁။ အခြေပျက်မှု

၂။ အနေပျက်မှု

၃။ အမူအရာပျက်မှု

၄။ ကြိယာပျက်မှု

၅။ ခက်မာခြင်းကြိယာပြောင်းလဲမှု

၆။ ဖွဲ့စေးခြင်းကြိယာ ပြောင်းလဲမှု

၇။ ပူနွေးခြင်းကြိယာ ပြောင်းလဲမှု

၈။ ထောက်ကန်ခြင်းကြိယာ ပြောင်းလဲမှု–တို့ မပြတ်မစဲ အမြဲရှိနေသည်ကို မုချ

ကေန္တသိအပ်၏။ ဓာတ်အမှုအရာသက်သက်ကို ကွက်ခြား၍ ကြည့်တတ်မှ ထင်မြင်နိုင်သည်။ ပွရွပျော့ပျောင်းသော အထည်ဒြပ်မျိုးတို့၌ ပထဝီကာယကြီး ပြိုပျက်မှုသည် ဆတ်ဆတ်ကြေ ဆတ်ဆတ်ကျိုး မဟုတ်သကဲ့သို့ ထင်မြင်နေတတ်၏။ နိမိတ်သဏ္ဌာန်နှင့် ဖက်စပ်၍ရောယောင်မှုကြီးတစ်ပါးပင်တည်း။

ပရမတ်ဓာတ်သက်သက်တို့၏ ပျက်မှုတို့သည်ကား ဆတ်ဆတ်ကြေ ဆတ်ဆတ်ကျိုးတို့ ချည်းသာတည်း။ တစ်ဆံခြမ်းမျှ ယိမ်းယိုင်၊ ညွတ်ပျောင်း၊ ပျဉ်းထုံ၊ ချွဲနွဲ၍ ခံနေခြင်းမရှိ။ ဆတ်ဆတ်ကြေ ဆတ်ဆတ်ကျိုး ဖြန်းဖြန်းပြို ဖျက်ဖျက်ကျချည်း ထင်မြင်အောင် ကြည့်ကြလေ။

**ပျက်မှု လျင်မြန်ခြင်း**

မီးတောက်မီးလျှံ မြစ်ရေအယဉ်တို့မှာပင် ပရမတ်ဓာတ်ကြီးတို့၏ ပျက်မှုတို့သည် ဆတ်ဆတ်ကြေမှု၊ ဆတ်ဆတ်ကြေကျိုးမှုတို့သာတည်း။ အလွန်လည်း သိမ်မွေ့၏။ အလွန်လည်းလျင်မြန်၏။ မြေ၌ခြေစိုက်မှုနှင့်စပ်၍ စိတ္တဇကာယကြီး ပျက်မှု၊ ဥတုဇကာယကြီးဖြစ်ပေါ်မှုကို ကြည့်ရှုရာ၌ ကြည့်ရှုသူက ခြေဖဝါးမှာ ဉာဏ်အချက်ရာ၍ နေဆဲတွင် ပျက်မှု၊ ဖြစ်မှု တို့က ငယ်ထိပ်သို့ ပေါက်ရောက်ကြကုန်ပြီ။ ဤမျှလောက် လျင်မြန်၏။ အလွန်သိမ်မွေ့လှ၏။

သို့သော်လည်း လူတိုင်းသိကြသော ကိုယ်တွေ့ဒိဋ္ဌမျိုးတို့တွင် အကျုံးဝင်သော အမှုမျိုး စင်စစ် ဖြစ်၏။ ဉာဏ်မမီနိုင်ကောင်းသော အမှုမျိုးမဟုတ်။

အဆုတ်ခဲကြီးတစ်ခု၌ ဉာဏ်အမြင်ပေါက်ခဲ့လျှင် အသည်းခဲ၊ နှလုံးခဲ အညှို့ခဲ၊ အဖျဉ်းခဲ၊ အူမ၊ အူသိမ်တို့၌လည်းကောင်း၊ ရင်ရိုး၊ ခါးရိုး၊ ကျောက်ကုန်းရိုး၊ နံရိုးတို့၌လည်းကောင်း၊ ထိုအရိုးတို့အပေါ်၌ဖုံးအုပ်သော အသားစိုင်၊ အသားခဲ၊ အသားပြင်၊ အရေထူ၊ အရေပါးတို့၌လည်းကောင်း အသက်ရှူတိုင်း ရှူတိုင်း လှုပ်ရှားရသော ကိုယ်အလယ်ပိုင်းကြီး တစ်ခွင်လုံး၌လည်း အဆုတ်ခဲကြီးမှာကဲ့သို့ အကုန်အစင် ထင်မြင်နိုင်ကြကုန်လတ္တံ့။

မတ်တတ်ရပ်သော ဓာတ်သူယောင်ကြီးအနေ လုပ်ကြံ၍ ကြည့်ခဲ့လျှင်အထက်ပိုင်း၊ အောက်ပိုင်း မလှုပ်ဘဲ အလယ်ပိုင်းကြီးတွင် ကာယကြီးလေးပါးတို့၏ ရပ်တည်မရ၊ ပျက်မှု၊ ဖြစ်မှု အမြဲပွက်ပွက်ဆူ၍ နေသည်ကို ထင်မြင်ရ၏။

ဤကား– ရုပ်မှု ကလရိယာပုတ်၌ မျက်တောင်ခတ်ခြင်း၊ အသက်ရှူခြင်းတို့အတွက် ကာယကြီးလေးပါးတို့၏ ဖြစ်မှု၊ ပျက်မှုကိုပြဆိုချက်တည်း။

**ရုပ်ခြင်း၌ ကိုယ်အင်္ဂါလှုပ်ရှားမှု**

ထိုရုပ်မှု ကလရိယာပုတ်အတွင်း၌ ယိမ်းယိုင်ကိုင်းညွတ်ခြင်း၊ ထိုထိုကိုယ်အင်္ဂါအစိတ်အပိုင်းတို့၏ လှုပ်ရှားခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ချီခြင်း၊ ချခြင်း အစရှိသည်တို့၌ မူကား– သက်သက် ရုပ်တန့်စိုက်ထူမှု၏ဆိုင်ရာ ပကတိအမူအရာ တို့နှင့် ထိုယိမ်းယိုင်ကိုင်းညွတ်ခြင်း အစရှိသည်တို့၏ ဆိုင်ရာအမူအရာသစ်တို့ကို အရင်းအမြစ် နှင့်တကွ ခြားနား၍ ရုပ်ခြင်းနှင့်သွားခြင်း အကူးအယှက်မှာကဲ့သို့ ရှင်းလင်းစွာ ထင်မြင်ကြလေကုန်။

ရုပ်ခြင်း ကလရိယာပုတ်၌ ကိုယ်အင်္ဂါလှုပ်ရှားမှု ပြီး၏။

--------------

**ရုပ်ခြင်း၌ ပကတိ လှုပ်ရှားပြောင်းလဲမှု**

ဤရုပ်ခြင်း ကလရိယာပုတ်၌ ပကတိလှုပ်ရှားမှုကို ပြဆိုပေအံ့။ လှုပ်ရှားခြင်း အထူးမရှိဘဲ ပကတိ မတ်တတ်ရုပ်စိုက်၍ နေရာ၌ ရုပ်စိုက်မိသည်နှင့် တစ်ပြိုင်နက် အထက်အထက် ကိုယ် အင်္ဂါတို့၏ ဖိမှု၊ စီးမှု၊ ညှပ်မှုအတွက်နှင့် အောက်အောက် ကိုယ်အင်္ဂါတို့၌ ခြေဖဝါး အပြင်မှစ၍ ကလရိယာပထဝဥတုဇမီးထမြဲ ဓမ္မတာတည်း။ ထိုမီးကား – ပူမီး၊ ပင်မီး၊ ညောင်းမီး၊ ညာမီး၊ ထုံမီး၊ ကျင်မီး၊ အောင့်မီး၊ အင်းမီး၊ တောင့်မီး၊ တင်းမီးတည်း။ ကလရိယာပုတ်တစ် ပါးမပြောင်းဘဲ ကြာမြင့်စွာရုပ်၍နေလျှင် အပြင်း အထန်နှိပ်စက်၍ ထိုနေရာတွင်ပင် အသေသတ်မည့် ဒုက္ခမီးမျိုးတည်း။

**ရုပ်ပြောင်းလဲမှု ဖြစ်ပုံ**

ရုပ်စ၌ သိသာထင်ရှားမရှိသေး၊ တစ်ကိုယ်လုံးရှိသော အရိုးသုံးရာ၊ အကြောကိုးရာ၊ အသားစိုင်၊ အသားခဲကိုးရာတို့သည် အစ၌ ရှင်ရှင်ပျပျ ချမ်းမြကြည်လင် ရှိကြကုန်၏။ အတန်ကြာခဲ့လျှင် ထိုအလုံးစုံတို့ကို ပေါင်းတင်သကဲ့သို့ မိမိတို့အတွင်းမှ အသီးသီး ထကုန်သော ကလရိယာ ပထ ဥတုဇမီးတို့သည် ပေါင်းနွေးကုန်၏။ ထို့ထက် ကြာညောင်းခဲ့လျှင် ရှင်ရှင်ပျပျ ချမ်းမြ ကြည်လင်ရှိနေကြကုန်သော ထို အရိုးရုပ်၊ အကြောရုပ်၊ အသားရုပ်တို့ကို အကုန် အပြောင် လောင်မြိုက်၍ ပစ်ကုန်၏။

ထို့ထက် အဆင့်ဆင့် ကြာညောင်းခဲ့လျှင် ကိုယ်တွင်းသဏ္ဌာန်တစ်ခုလုံးသည် ကမ္ဘာဝေသကဲ့သို့ ဆူဆူတက် ပွက်ပွက်ကြမ်းဖြစ်လေ၏။ အပြင်အဖို့ မျက်မြင်မှာ မထူးခြားလှ။ ထိုပုဂ္ဂိုလ်အား မိမိကိုယ်အင်္ဂါတို့၌ အထူးပူပန်၍လာမှု၊ ညောင်းညာ၍လာမှု စသည်တို့ကို သိကြကုန်၏။

အထက်၌ ပြဆိုခဲ့ပြီးသော ဖယောင်းရုပ်ကြီး၊ ချိပ်ဆေးရုပ်ကြီးတို့ကို ဤအရာ၌ စံပြု၍ထားရာ၏။

ထိုဖယောင်းရုပ်ကြီး၊ ချိပ်ဆေးရုပ်ကြီးတို့ကို ရှားမီးကျီး အရှိန်ထိရာ၊ မြိုက်ရာ၊ လောင်ရာတို့၌ ဖယောင်းသား၊ ချိပ်သား အနေပျက်မှု၊ ပျော့ပျောင်းမှု ငါးကျပ်သား၊ တစ်ဆယ်သား၊ တစ်ပိဿာ၊ နှစ်ပိဿာစသည်ဖြင့် ပြိုပျက်မှုတို့ကို မျက်စိနှင့် မြင်ရသကဲ့သို့ ပြဆိုခဲ့ပြီးသော အရိုး၊ အကြော၊ အသား အလုံးစုံတို့ကိုလည်း ဣရိယာပထ ဥတုဇမီးကျီး အရှိန်ထိရာ၊ ပေါင်းနွေးရာ၊ မြိုက်ရာ၊ လောင်ရာတို့၌ ပကတိကာယကြီး လေးပါးတို့၏ ဣန္ဒြေပျက်မှု၊ အခြေအနေပျက်မှု၊ ထိုထို အရိုးခဲ၊ အကြောခဲ၊ အသားခဲ၊ အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ ဦးနှောက်ခဲ၊ မျက်လုံးခဲစသည်တို့၏ ပြိုပျက်ကုန်ဆုံးမှုတွေကို မျက်စိနှင့် မြင်သကဲ့သို့ ထင်မြင်ကြကုန်ရာ၏။

မလှုပ်မရှားမူ၍ ၁–နာရီ၊ ၂–နာရီ၊ ၃–နာရီ၊ ၅–နာရီ၊ ၆–နာရီစသည်ဖြင့် မတ်တတ် ရပ်စိုက်၍ နေကြကုန်သည်ရှိသော် တစ်နာရီခန့်မကြာမီပင် မိမိကိုယ်အင်္ဂါအတွင်း၌ ဘယ်နေရာမှာ ဘယ်လိုအခြင်းအရာမျိုး အသစ်သစ် ဖြစ်ပေါ်၍လာသည်ဟု ကိုယ်တွေ့ဒိဋ္ဌ ထင်ရှားကြကုန်၏။

ရုပ်စကာလ၌ တစ်ကိုယ်လုံးပင် ကြည်လင်ချမ်းမြ ရှိနေကြကုန်သော အလုံးစုံသော ကာယကြီးတို့သည် ထိုအခါ တစ်တိုတစ်စမျှ မရှိကြကုန်ပြီ။ တစ်ကိုယ်လုံးမှာ ပူရုပ်၊ ပင်ရုပ်၊ ညောင်းရုပ်၊ ညာရုပ်၊ အောင့်ရုပ်၊ အင့်ရုပ်၊ တောင့်ရုပ်၊ တင်းရုပ်တို့ချည်း ဖြစ်ကြကုန်၏။ ဘယ်နေရာမှာမှ ရုပ်နေစကအတိုင်း မရှိကြကုန်ပြီ။ ကိုယ်တွေ့ဒိဋ္ဌမှု ကြီးတည်း။

ပြဆိုခဲ့ပြီးသော ဖယောင်းရုပ်ကြီး၊ ချိပ်ဆေးရုပ်ကြီးတို့၏ ပြိုပျက်မှုကို ပကတိ မျက်စိဖြင့် လည်းကောင်း၊ ဉာဏ်မျက်စိဖြင့်လည်းကောင်း၊ ကြောင်ကြောင်မြင်ကြကုန် သကဲ့သို့ ခြေဖဝါးမှစ၍ အလုံးစုံသော အရိုးကောဋ္ဌာသ၊ အလုံးစုံသော အသားကောဋ္ဌာသ စသည်တို့၏ ရုပ်ပြောင်းလဲပုံ၊ ဣရိယာပထ ဥတုဇမီးကျီး အစဉ်အတွင်း တိုးပွား တောက် လောင်၍သွားပုံ၊ ပထဝီကာယအစရှိသော ပကတိသော ကာယကြီးတို့၏ တမြည့်မြည့် တရွရွ ကုန်ခန်းပုံများကို ဉာဏ်မျက်စိဖြင့် ကြောင်ကြောင် ထင်မြင်ကြစေကုန်။

အထူးမှုကား ဖယောင်းရုပ်ကြီး၊ ချိပ်ဆေးရုပ်ကြီးတို့မှာ ရှားမီးကျီးကပြင်ပ၌ စ၍လောင်၏။ ဤဣရိယာပထ ဥတုဇမီးကျီးသည်မှုကား အတွင်းသန္တာန် တစ်ခွင် လုံးမှစ၍ ဖြစ်ပေါ်၏။ ဤကား အထူးတည်း။

**ဥဿ္မာတေဇောနှင့် သန္တာပ တေဇော**

ပကတိဥတုဟူသော ဥဿ္မာတေဇောခေါ်သော ကိုယ်စောင့်ကမ္မဇ ဓာတ်မီးကြီးနှင့်တကွ ထိုထိုဣရိယာပုတ်တို့၌ ဣရိယာပုတ်အားလျော်စွာ တစ်မျိုးတစ်မျိုး အစဉ်ဖြစ်ပေါ်၍နေသော သန္တာပတေဇောခေါ်သော ဤဣရိယာပထ ဥတုဇအာဂန္တုမီးကြီး။ ဤမီးကြီး ၂-ပါးတို့၏ အတွက်နှင့် တစ်ကိုယ်လုံးတစ်ကောင်လုံးမှာ အပ်ဖျားရာမျှ မလပ်ရဘဲ အမြဲ အနိစ္စအားဖြင့် တကြွကြွ၊ တရွရွ၊ တမွမွ၊ တမြည့်မြည့် လှုပ်ရှားပျက်ပျား၍နေမှုကို ပကတိ လှုပ်ရှားမှု၊ ဆိုသတည်း။

ရပ်ခြင်း ဣရိယာပုတ်၌ ပကတိလှုပ်ရှားမှု ပြီး၏။

---

ဤသို့လျှင် ရပ်ခြင်း ဣရိယာပုတ်၌-

၁။ မျက်တောင်ခတ်မှု

၂။ အသက်ရှူမှု

၃။ ထိုထို ကိုယ်အင်္ဂါလှုပ်ရှားမှု

၄။ ဤ ပကတိလှုပ်ရှားမှုဟူသော လေးပါးသော လှုပ်ရှားမှုတို့ဖြင့် ကာယကြီး ၄-ပါးတို့၏ ဖြစ်မှု၊ ပျက်မှုကို ကြည့်ရှုကြကုန်ရာသည်။

ရပ်ခြင်း ဣရိယာပုတ် ပြီး၏

---

## ထိုင်ခြင်း၌ ကာယကြီး ၄-ပါးဖြစ်ပျက်နေပုံ

ထိုင်ခြင်း ဣရိယာပုတ်၌-

ရပ်ခြင်း ဣရိယာပုတ်နှင့် အကူးအသန်းမှာလည်း ရပ်မှု၏ဆိုင်ရာ၊ ထိုင်မှု၏ ဆိုင်ရာ ရုပ်အမှုအရာနှစ်ပါးကို ခြားနားစွာ ရှင်းလင်း၍ ရှေးကဆိုခဲ့ပြီးသည့်အတိုင်း ကာယကြီးလေးပါးတို့၏ ဖြစ်မှု၊ ပျက်မှုကို ကြည့်ရှုပါလေ။

ထိုင်မှု ဣရိယာပုတ်ကို ရောက်ပြီးသော အခါ၌လည်း မျက်တောင်ခတ်မှု၊ အသက်ရှူမှု၊ ထိုထိုကိုယ်အင်္ဂါလှုပ်ရှားမှုတို့မှာ ရပ်ခြင်း ဣရိယာပုတ်အတိုင်း သိလေ။

ပကတိလှုပ်ရှားမှု၌မူကား-

ထိုင်ခြင်းဣရိယာပုတ်၌ အောက်နေရာ၌ ထိ၍ခံသော ကိုယ်အင်္ဂါများသည်ဖြစ်၍ အထက်ကိုယ်အင်္ဂါစု၏ ဖိစီးမှု၊ ဖိညှပ်မှု အတော်နည်းပါးသောကြောင့် ဣရိယာပထဥတုဇ မီး အထ ဖြည်းနှေး၏။ ရုပ်မှုထက် အတော်ကြာညောင်းမှ ဒုက္ခမီးပြင်းထန်စွာလောင်၏။ အတော်ကြာနေနိုင်သော ဣရိယာပုတ်တည်း။

ဣရိယာပထ ဒုက္ခမီးပြင်းထန်စွာ တောက်လောင်သော အခါ၌မူကား ရပ်ခြင်း ဣရိယာပုတ်၌ကဲ့သို့ ပြဆိုခဲ့ပြီးသောအတိုင်းပင် ဖယောင်းရုပ်ကြီး ချိပ်ဆေးရုပ်ကြီး ပျက်ပြားမှုနှင့်တူစွာ ထင်မြင်အောင် ကြည့်ရှုလေ။

**ဖယောင်းရုပ်နှင့် ကိုယ်ခန္ဓာပျက်ပုံအထူး**

ပျက်ပြားမှုနှင့် တူစွာဟူသော စကား၌- ဖယောင်းရုပ် ချိပ်ဆေးရုပ်တို့မှာ မီးကြောင့် ပြိုပျက်သော နေရာ၌ သဏ္ဌာန်မပျက်ရအောင် ရုပ်သစ်ထူထောင်မှု မရှိသောကြောင့် ပြိုပျက်ရာ၌ သဏ္ဌာန် ယိုယွင်း၍ သွား၏။

ဤကိုယ်ခန္ဓာမှာ ဣရိယာပထ မီးလောင်ရာ၌မူကား လောင်သောမီး၏ ဆိုင်ရာ ရုပ်သစ်တို့၏ ဖြစ်ပွားမှုသည် နဂိုသဏ္ဌာန်အတိုင်း အခြေမပျက် အနေမပျက် ဖြစ်ပွား၏။ သံတွေခဲကြီးကို မီးရဲစေရာ၌ သဏ္ဌာန်မပျက်ဘဲ မီးရုပ်တွေလဲသဖြင့် ရဲရဲငြိသော သံတွေခဲဖြစ်၍ သွားသကဲ့သို့တည်း။

**သံတွေခဲနှင့် ကိုယ်ခန္ဓာပျက်ပုံအထူး**

သံတွေခဲမှာ မီးလွန်ကြီးဖြစ်၍ မီးအဆင်းပါပေါ်၏။ ဤကိုယ်ခန္ဓာမှာ မီးလွန်ကြီးမဟုတ်၍ မီးအဆင်း မထင်ရှား။ အစဉ်အတိုင်း ညှိုးနွမ်းလျော့ပါး ရုပ်ပျက်၍ သွား မှုသာရှိ၏။ ဤကား အထူး။

ထိုင်ခြင်းဣရိယာပုတ် ပြီး၏။

------------

# လျှောင်းခြင်း၌ ကာယကြီး ၄-ပါး ဖြစ်ပျက်နေပုံ

လျှောင်းခြင်း ဣရိယာပုတ်၌လည်း-

ဣရိယာပုတ် အကူးအပြောင်းနှင့်တကွ အားလုံး သိသာပြီ။ ဣရိယာပထသန္တာပမီး ဖြစ်ပွားမှု၌ကား ထိုင်ခြင်း ဣရိယာပုတ်မှာထက်ပင် အောက်ခံကိုယ်အင်္ဂါအားကြီးလှ သည်ဖြစ်၍ အထက်အင်္ဂါတို့၏ ဖိစီးမှု၊ ဖိညှပ်မှု အလွန်သက်သာလျက် ရှိသောကြောင့်

ဣရိယာပထ သန္တာကမီး အထလေး၏။ အတော်ကြီးကြာညောင်းမှ ပြင်းထန်စွာ လောင်၏။ ထိုင်မှုထက် ကြာမြင့်စွာနေနိုင်၏။ ဤမျှသာ ထူး၏။

လျောင်းခြင်းဣရိယာပုတ် ပြီး၏။

---

ဤတွင်ရွေကား ဣရိယာပုတ် ၄-ပါးကို အစဉ်မှီး၍ မကျဉ်းမကျယ်အားဖြင့် ဤကိုယ်ခန္ဓာ၌ အာကာသ ပရိစ္ဆေဒအသီးသီးနှင့်တကွ ရှေ့နောက်ဖြစ်သော ကာယကြီး ၄-ပါးတို့၏ မပြတ်မစဲ ပြောင်းလဲဖြစ်ပျက်၍ နေမှုကိုပြဆိုခန်း ပြီး၏။

ရူပက္ခန္ဓာ၌ အနိစ္စလက္ခဏာ ဖော်နည်း ဖွင့်နည်းပြီး၏။

---

# နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်း ဖွင့်နည်းကို ပြဆိုခန်း

ယခုအခါ နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်း ဖွင့်နည်းကို ပြဆို ပေအံ့။

**ဝိညာဏက္ခန္ဓာကို နောက်ဆုံးထား၍ ဟောခြင်းအကြောင်း**

နာမက္ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာသည် အကြီးအမှူး ဦးစီး ဦးကိုင် အချုပ်အခြာ ပဓာနကြီးဖြစ်ပါလျက် ဒေသနာ အစဉ်၌ နောက်ဆုံးထား၍ ဟောတော်မူသည်မှာ-

သတ္တဝါတို့အား ထင်ရှားရာကို ပဓာနပြုတော်မူသည်မှတ်။ ရူပက္ခန္ဓာသည် အထင်အရှားဆုံးတည်း။ ရူပက္ခန္ဓာကိုစွဲ၍ သုခ ဒုက္ခဖြစ်မှု၊ သုခဒုက္ခနှင့် စပ်သော မှတ်သားမှု၊ မှတ်သားမိသည် အားလျော်စွာ ကြောင့်ကြစိုက်မှုသည် ထင်ရှားသော အစဉ်ဖြစ်၏။ အကြား၌ ဝိညာဏက္ခန္ဓာ ဝင်ခွင့်မရ။ ထို့ကြောင့်နောက်ဆုံးထား၍ ဟောတော်မူသည်။

# ဝိညာဏက္ခန္ဓာ၌ အဝိပ္ပာယ်အကျဉ်း

ဤကျမ်း၌ကား ပုဗ္ဗင်္ဂမကိစ္စ[၁]ကို ပဓာနပြု၍ ဝိညာဏက္ခန္ဓာကို ရှေ့ထားပေအံ့။

---

၁။ ပုဗ္ဗင်္ဂမကိစ္စ - (ပုဗ္ဗ-ရှေ့၊ ဂမ-သွားခြင်း။ ကိစ္စ-အမှု)၊ ရှေ့သွားဦးစီး အကြီးမှူး ဖြစ်သော အမှုကိစ္စ။

**ဆောင်ပုဒ်** ။ ။ ၁။ ထွေထွေလာလာ၊ သိမှုမှာ၊ ခန္ဓာ ဝိညာဏ်မှတ်။
၂။ ခံသာ၊ မခံသာ၊ လျစ်လျူမှာ၊ ဝေဒနာ ဟုမှတ်။
၃။ မှတ်သိ လိမ္မာ၊ မမေ့ရာ၊ သညာ ဟူ၍မှတ်။
၄။ စေ့ဆော်ကြောင့်ကြ၊ စိုက်သမျှ၊ သင်္ခါရ ဟုမှတ်။

**သိမှု ၆-ပါး** ။ ။ ဝိညာဏက္ခန္ဓာ၌ "ထွေထွေလာလာ သိမှု" ဆိုသည်ကား-
၁။ မြင်မှုခေါ်သော သိမှုတစ်ပါး။
၂။ ကြားမှုခေါ်သော သိမှုတစ်ပါး။
၃။ နံမှုခေါ်သော သိမှုတစ်ပါး။
၄။ လျက်မှုခေါ်သော သိမှုတစ်ပါး။
၅။ တွေ့ထိမှုခေါ်သော သိမှုတစ်ပါး။
၆။ အထင်အရှား သိလင်းကြဲစည်မှုခေါ်သော သိမှုအချုပ်ကြီး တစ်ပါးဟူ၍ ၆-ပါးရှိ၏။

**ဆောင်ပုဒ်** ။ ။ မြင်၊ ကြား၊ နံ၊ လျက်၊ တွေ့၊ သိချက်၊ ဆက္ကဝိညာဏ်မှာ။ မြင်ချက်၊ ကြားချက်၊ နံချက်၊ လျက်ချက်၊ တွေ့ချက်၊ သိချက် ဟူ၍ ဝိညာဏဆက္က[1] ပွား၏။

၁။ မြင်မှုကား မျက်စိ၌ပေါ်သော ဓာတ်တည်း။
၂။ ကြားမှုကား နား၌ပေါ်သော ဓာတ်တည်း။
၃။ နံမှုကား နှာခေါင်း၌ပေါ်သော ဓာတ်တည်း။
၄။ လျက်မှုကား လျှာ၌ပေါ်သော ဓာတ်တည်း။
၅။ တွေ့မှုကား အတွင်းအပ တစ်ကိုယ်လုံး၌ပေါ်သော ဓာတ်တည်း။
၆။ သိမှုကား နှလုံးအိမ်၌ပေါ်သော ဓာတ်တည်း။

**သိမှုကြီး ၆-ပါး** ထိုဝိညာဏဆက္ကတို့တွင် နောက်ဆုံးဖြစ်သော သိမှုအချုပ်ကြီးသည် မှုကား ရှေ့ငါးချက်တို့မှ ဆက်လက်ဖြစ်ပွားသော သိမှုကြီး ငါးပါး၊ အသီးအခြား သိမှုကြီးတစ်ပါးဟူ၍ ပေါင်းခြောက်ပါး ရှိပြန်၏။

---

၁။ ဝိညာဏဆက္က = ဝိညာဏ် ၆-ပါးအစု။

မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ တွေ့သိ၊ အလွတ်သိ ဟူ၍ နောက်ဆုံးအသိ ခြောက်ပါး ရှိပြန်၏ဟူလို။

ထိုတွင်–

**မြင်၊ သိ ၂–ချက် ဖြစ်ပုံ**

မြင်၊ သိ နှစ်ချက် ဖြစ်ပုံကား ထိုထိုအဆင်းမျိုးတို့နှင့် တိုက်ဆိုင်မိကြသောအခါ မျက်စိမြင်မှု ရှေးဦးစွာဖြစ်၏။ နောက်၌ နှလုံးမှသိမှုကြီး ဆက်လက်ဖြစ်ပွား၏။

သစ်ပင်မြင်၍ သစ်ပင်မှန်းသိရာ၌ မြင်မှုကား မျက်စိ၏ ဆိုင်ရာပေတည်း။

သိမှုကား မနောနှလုံး၏ ဆိုင်ရာပေတည်း။

မြင်မှုအခိုက်၌ ထိုပုဂ္ဂိုလ်သည် သစ်ပင်ပါတကားဟူ၍ မသိသေး။ သိမှုအခိုက်သို့ ရောက်မှ ထိုပုဂ္ဂိုလ်အား သစ်ပင်ကြီး ဘွားခနဲပေါ်၏။ ပေါ်သောအခါမှစ၍ သစ်ပင်မှာ ထိုသိမှုပေါင်းများစွာ ကျယ်ပွား၍သွားပေ၏။ မျက်နှာမလွှဲမချင်း မြင်မှု သိမှု အထပ်ထပ် အလဲလဲ ဖြစ်၍နေကြ၏။ ပကတိလူတို့သည်ကား မြင်မှု၊ သိမှု နှစ်ပါးကို ခြားနား၍ မသိနိုင်ကြကုန်။ မိမိတို့ကိုယ်၌ ဖြစ်ကြုံ၍နေကြသော အမှုမျိုးဖြစ်သောကြောင့် ဉာဏ်နှင့်အချက်ရှာ၍ ကြည့်တတ်သော ပညာရှိတို့သည်ကား ခြားနား၍သိမြင် နိုင်ကုန်၏။

ဤကား မြင်၊ သိ နှစ်ချက်ဆက်စပ်ပုံတည်း။

**ကြားသိ ၂–ချက် စသည်ဖြစ်ပုံ**

ဤနည်းကို အမှီပြု၍ ကြားသိနှစ်ချက်၊ နံသိနှစ်ချက်၊ လျက်သိ နှစ်ချက်၊ တွေ့သိနှစ်ချက် ဆက်စပ်၍ဖြစ်ပုံကို အကုန်သိကြကုန်ရာ၏။

**အလွတ်သိ**

ထိုငါးပါး တို့နှင့်ကင်း၍ အသီးအခြား သိမှုကြီးဆိုသည်ကား မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ လျက်ဆဲ၊ တွေ့ထိဆဲ အာရုံတို့မှ အလွတ်ဖြစ်သော အာရုံမျိုးတို့ကို သိမှု၊ ကြံမှု ကြီးပေတည်း။ ဤ သိမှုကြီးကား မနောနှလုံးထဲတွင် စဲသည်ဟုမရှိသကဲ့သို့ ထင်ရ၏။ အလွန်ကျက်စားရာ အာရုံနယ် ကြီးကျယ်လှ၏။

ဤကား ဝိညာဏက္ခန္ဓာ၌ အကျဉ်းခွဲခြမ်းနည်းတည်း။

## ဝေဒနာက္ခန္ဓာ၌ အဝိပ္ပါယ်အကျဉ်း

**ခံစားမှု ၃–မျိုး**

ဝေဒနာက္ခန္ဓာ၌ "ခံသာ မခံသာ၊ လျစ်လျူမှု" ဆိုသည်ကား–

၁။ ခံသာမှု၊
၂။ မခံသာမှု၊
၃။ လျစ်လျူမှုဟူ၍ သုံးပါးရှိ၏။

**ခံသာမှု အဓိပ္ပာယ်** — ခံသာမှုဆိုသည်မှာကား-သာယာသော ခံစားမှု၊ ကောင်းသည် ကောင်းသည်ဟူ၍ ချီးမွမ်းဖွယ်သော ခံစားမှု၊ ခင်မင်[၁] ရသောခံစားမှု ဆိုလိုသည်။

**မခံသာမှု အဓိပ္ပာယ်** — မခံသာမှုဆိုသည်ကား-မသာယာသောခံစားမှု၊ မကောင်းမကောင်းဟူ၍ ကဲ့ရဲ့ဖွယ်သော ခံစားမှု၊ မုန်းရသောခံစားမှု ဆိုလိုသည်။

**လျစ်လျူမှု အဓိပ္ပာယ်** — လျစ်လျူခံစားမှုဆိုသည်ကား- ခံသာသည် မခံသာသည်ဟူ၍ အမှု မစိုက်လောက်သော မထင်မရှားသော ခံစားမှုဆိုလိုသည်။

**ဝေဒနာ ၆-ပါး** ။ ။ ဤဝေဒနာက္ခန္ဓာကို လောက၌-
၁။ မျက်စိအရသာ ခံစားမှု
၂။ နားအရသာ ခံစားမှု
၃။ နှာခေါင်းအရသာ ခံစားမှု
၄။ လျှာအရသာ ခံစားမှု
၅။ ကိုယ်အင်္ဂါအရသာ ခံစားမှု
၆။ စိတ်မနောအရသာ ခံစားမှုအားဖြင့် ခြောက်ပါးပြု၍ ခေါ်ဝေါ်ကြကုန်၏။

ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဤဝေဒနာက္ခန္ဓာဟူသော အရသာ ၆-ပါးတို့၌ နစ်မွန်း၍ နေကြကုန်၏။

ဤကား ဝေဒနာက္ခန္ဓာ၌ အကျဉ်းခွဲခြမ်းနည်းတည်း။

---------------

၁။ ကဝိမျက်မှန်မှ၌ ခင်မက်ဟု ရှိသည်။

# သညာက္ခန္ဓာ၌ အစိပ္ပာယ်အကျဉ်း

သညာက္ခန္ဓာ၌ 'မှတ်သိလိမ္မာ–မမေ့ရာ' ဆိုသည်ကား–

အမိဝမ်းမှမွေးဖွားသည်မှစ၍ ဤကားအမိ, ဤကားအဖ၊ ဤကားအရှေ့၊ ဤကား အနောက်စသည်ဖြင့် သူများတို့ ပြောဆိုပြုလုပ်သမျှတို့ကို မှတ်၍ မှတ်၍ တစ်နေ့ တခြား သိကြားလိမ္မာသည်ဖြစ်၍ လာကြသော အမှု၊ တွေ့ဖူး ကြုံဖူး၊ ဆက်ဆံဖူးသမျှ ကို ထင်ရှားရာဌာနတို့၌ မမေ့မပျောက် စွဲမြဲထင်ရှား၍နေမှု အခြင်းအရာမျိုးကို သညာ က္ခန္ဓာ ဆိုသည်။

**အလိမ္မာ ၂–မျိုး** ၁။ မှတ်သိလိမ္မာတစ်မျိုး၊
၂။ တတ်သိလိမ္မာတစ်မျိုး–ဟူ၍ နှစ်မျိုးရှိ၏။

**မှတ်သိလိမ္မာ** သညာ၏အသိအလိမ္မာကား မှတ်သိလိမ္မာတည်း။

**တတ်သိလိမ္မာ** ပညာ၏အသိအလိမ္မာကား တတ်သိလိမ္မာတည်း။ အရပ် ဒေသ အရိုးအမျိုးတို့နှင့်ပင် ပြီးစီးနိုင်သော အသိလိမ္မာမျိုး သည် သညာနှင့်ပြီးစီး၏။

ဆရာသမားထံ သင်ကြားလေ့လာ နာခံမှတ်သားမှုနှင့်မှ ပြီးစီးသော အသိအလိမ္မာ မျိုးသည်ကား ပညာပေတည်း။ အသိအလိမ္မာနှစ်ပါးခွဲနည်း။

**သညာ ၆–ပါး** ထိုသညာက္ခန္ဓာသည် အာရုံအပြားအားဖြင့် ၆–ပါးရှိ၏။
၁။ ရူပသညာ
၂။ သဒ္ဒသညာ
၃။ ဂန္ဓသညာ
၄။ ရသသညာ
၅။ ဖောဋ္ဌဗ္ဗသညာ
၆။ ဓမ္မသညာ–ဤ ၆–ပါးတည်း။

**သိမှု ၆–ပါး** အဆင်းသဏ္ဌာန်မျိုး၌ သိမှု၊ အသံမျိုး၌သိမှု၊ အနံ့မျိုး၌သိမှု၊ အရသာမျိုး၌ သိမှု၊ ပထဝီတေဇော ဝါယော ဟူသော ဖောဋ္ဌဗ္ဗမျိုးတို့၌ သိမှု၊ ထိုငါးပါးကိုမှ ကြွင်းသော ကုသိုလ်ဓမ္မ၊ အကုသိုလ်ဓမ္မ၊ အဗျာကတဓမ္မ[၁] တို့၌ သိမှုဟူ၍ ၆–ပါးဆိုလိုသည်။

---

၁။ အဗျာကတဓမ္မ = ကုသိုလ် အကုသိုလ် မဆိုအပ်သော ဝိပါက်၊ ကြိယာ၊ ရုပ်၊ နိဗ္ဗာန်တရား။

မျက်စိအရသာကို သိမှု၊ နားအရသာကို သိမှု၊ နှာခေါင်းအရသာကို သိမှု၊ လျှာအရသာကို သိမှု၊ ကိုယ်အင်္ဂါအရသာကို သိမှု၊ မနောအရသာကို သိမှုဟူ၍လည်း ၆-ပါးဖြစ်၏။

သတ္တဝါအပေါင်းတို့သည် ဤသညာနှင့်ပင် နေ့နေ့ညည ကိစ္စအခွင့် အလုံးစုံမျိုးကို သိ၍သိ၍ လုပ်ကြံရှက်ဆောင်၍ နေကြကုန်၏။

ဤကား သညာက္ခန္ဓာ၌ အကျဉ်း ခွဲခြမ်းနည်းတည်း။

----------

# ဝိညာဏ်နှင့် သညာ သိမှုအထူး

ဤအရာ၌ ဝိညာဏက္ခန္ဓာသိမှုနှင့် သညာက္ခန္ဓာသိမှုကိုလည်း ခွဲခြမ်းရာ၏။

**ဝိညာဏ်သိ။** ။ ၆-ဒွာရ၌ ဆိုက်တိုက်လာသော အာရုံတို့ကို သင်းကားမြေ၊ သင်းကားရေ အစရှိသည်ဖြင့် သိမြင်ဖော်ပြ၍ သွားမှုသည် ဝိညာဏ်၏ သိမှုတည်း။ သညာ၏ သိမှုမဟုတ်။

**သညာသိ။** ။ ဝိညာဏ်ဖော်ပြ၍သွားသမျှကို နောင်မမေ့ရအောင် မှတ်မှုသည် သညာ၏အမှုတည်း။ ဝိညာဏ်၏အမှု မဟုတ်။

**ဝိညာဏ်သိ။** ။ ဝိညာဏ်အလိုအားဖြင့် ရှေ့သို့ တွေ့ကြုံသမျှကို ထင်မြင်သိကင်း၍ သွားနိုင်ရာ၏။ တွေ့ကြုံပြီးကိုပြန်၍ တစ်စုံတစ်ခုကိုမျှ မမှတ်မိနိုင်ရာ။

**သညာသိ။** ။ သညာအလိုအားဖြင့် တွေ့ကြုံဖူးသည်ကိုမှတ်မိ၏။ ရှေ့သို့ တစ်စုံတစ်ခုကိုမျှ သိမြင်မှု မရှိလေရာ။

ဤကား သညာ၊ ဝိညာဏ် ၂-ပါးတို့၏ အထူးတည်း။

----------

# သခ်ိရက္ခန္ဓာ၌ အစိတ်ဝှာယ်အကျဉ်း

**သခ်ိရက္ခန္ဓာ အရကောက်** သခ်ိရက္ခန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သခ်ိရက္ခန္ဓာ အပါအဝင်ဖြစ်သော တရားမျိုးသည် ငါးဆယ်ရှိ၏[၁]။ သုတ္တန်နည်းအားဖြင့် စေတနာ စေတသိက်တစ်ခုကို ပဓာနပြု၍ ပြဆိုရာ၏။

---

၁။ ဝေဒနာ, သညာ ကြဉ်သောစေတသိက် ၅၀-ပါးကို သခ်ိရက္ခန္ဓာဟု ခေါ်သည်။

စေတနာ စေတသိက်တစ်ခု၌ အနိစ္စလက္ခဏာရေးပိုင်နိုင်ခဲ့လျှင် ထိုအလုံးစုံတို့၌ ပိုင်နိုင်တော့သည်။

**စေ့ဆော်မှု** ဤသင်္ခါရက္ခန္ဓာ၌ စေ့ဆော်မှု၊ ကြောင့်ကြစိုက်မှုဆိုသည်ကား- သတ္တဝါတို့၏စိတ်ကို မျက်တောင်တစ်ခတ်မျှ ကြံမှု စည်မှုကို လွှတ်၍ ငြိမ်ဝပ်ရပ်နားလျက် နေခွင့်မရအောင် နှိုးဆော်မှု၊ ကြောင့်ကြဗျာပါရ စိုက်ထူ၍ အပူတိုက် ဆော်ဩမှုပေတည်း။

**စေတနာ၏ အမူကိစ္စ** လွန်လေပြီးသော အနမတဂ္ဂသံသရာတွင် အသည္ဃသတ်ဘုံ၌ ဖြစ်ခိုက်ကို ချန်လှပ်၍ ဘဝအဆက်ဆက်ကို အကုန်မြော်လေ။ စိတ်တလှုပ်လှုပ်၊ စိတ်တရွရွ၊ စိတ်တချီချီ၊ စိတ်တလူလူနေမှုကို မြင်ခဲ့လျှင် စေတနာအမှုကို သိမြင်လိမ့်မည်။ တစ်ခုခုသော ဘဝတွင် စုတိကမ္မဇရုပ်ချုပ်ဆုံးရာ၌လည်း မျက်တောင်တစ်ခတ်မျှ ရပ်တန့်ခွင့် မရမူ၍ ဘဝအသစ်အသစ်သို့ ပစ်ချမှုသည် ဤစေတနာ၏အမှုပေတည်း။

**စေတနာကို ကံဟုဆိုခြင်း** ဤစေတနာဟူသော စေ့ဆော်မှု, ကြောင့်ကြဗျာပါရစိုက်မှုကို ကုသိုလ်ကံ အကုသိုလ်ကံဟူ၍ ဆိုအပ်၏။ ကာယကံ, ဝစီကံ, မနောကံဟူ၍လည်းဆိုအပ်၏။

**စေတနာ ၆-ပါး ။** ။ အာရုံအပြားအားဖြင့်-

၁။ ရူပ သဉ္စေတနာ
၂။ သဒ္ဒ သဉ္စေတနာ
၃။ ဂန္ဓ သဉ္စေတနာ
၄။ ရသ သဉ္စေတနာ
၅။ ဖောဋ္ဌဗ္ဗ သဉ္စေတနာ
၆။ ဓမ္မသဉ္စေတနာ ဟူ၍ ၆-ပါးရှိ၏။

ရူပါရုံအတွက်နှင့် စေ့ဆော်မှု၊ သဒ္ဒါရုံအတွက်နှင့် စေ့ဆော်မှုစသည်ဆိုလေ။

ဤကား သင်္ခါရက္ခန္ဓာ၌ အကျဉ်းခွဲခြမ်းနည်းတည်း။

# ဝိညာဏက္ခန္ဓာသည် အနိစ္စလက္ခဏာ
# ဝိညာဏ် ၆-ပါးသည် အနိစ္စလက္ခဏာ

## ဒုက္ခသဟဂုတ် ကာယဝိညာဏ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုခန်း

**ဝိညာဏက္ခန္ဓာ၏ ရှေ့သွားခေါင်းဆောင်ဖြစ်ပုံ**

"မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ"[1] ဟူသော ပါဠိတော်မြတ်နှင့်အညီ နာမက္ခန္ဓာလေးပါး[2] တို့တွင် ဝိညာဏက္ခန္ဓာသည် အချုပ်အခြာ ပဓာန ရှေ့သွား ဖြစ်၏။ ရူပက္ခန္ဓာတို့၌ ခက်မာမှုပထဝီသည် ခပ်သိမ်းသော ရုပ်ကလာပ်တို့၏ အမာခံဧရာတည်ဖြစ်သကဲ့သို့ နာမက္ခန္ဓာလေးပါးတို့၌ သိမှုဟူသော ဝိညာဏက္ခန္ဓာသည် ခပ်သိမ်းသော စေတသိက်ခန္ဓာတို့၏ ဧရာတည်ဖြစ်၏။ သိမှုကိုမှီ၍ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု စသည်တို့သည် ဖြစ်ပွားကြရကုန်၏။

**ကာယဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာန**

ထို့ကြောင့်-နာမက္ခန္ဓာ လေးပါးတို့၏ အနိစ္စအချက်ကို ပြဆိုရာ၌ ဝိညာဏ် ၆-ပါးကို ပဓာနပြု၍ ပြဆိုပေအံ့ ဝိညာဏ် ၆-ပါးတွင်လည်း တစ်ကိုယ်လုံး အနှံ့အပြား ဖြစ်နိုင်သော ကာယဝိညာဏ်ကို၊ ထိုတွင်လည်း အလွန်ထင်ရှားသော ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကို ရှေးဦးစွာ ပြဆိုရာ၏။

ခြေဖဝါးအပြင်မှ အထက်ငယ်ထိပ်အပြင်တိုင်အောင် အတွင်းအပတစ်ကိုယ်လုံးသည် ကာယဝိညာဏ်နှင့်တကွသော နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်ရာဌာနချည်းသာတည်း။

အလွန်ထက်လှစွာသော အပ်သွားဖြင့် ထိုး၍စမ်းသည်ရှိသော် နာတတ်သော အရပ်ဟူသမျှ, နာမှုပေါ်ရာ အရပ်ဟူသမျှသည် ထိုခန္ဓာလေးပါးဖြစ်ရာ ဌာနချည်းသာတည်း။

---

၁။ ဓမ္မာ၊ နာမက္ခန္ဓာတရား ၄-ပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာသာလျှင် ရှေ့သွား ခေါင်းဆောင်ရှိကုန်၏။ မနောသေဋ္ဌာ၊ ဝိညာဏက္ခန္ဓာသာလျှင် အမွန်အမြတ်ရှိကုန်၏။ မနောမယာ၊ ဝိညာဏက္ခန္ဓာကြောင့်ဖြစ်ကုန်၏။ (ဓမ္မပဒ ပါဠိတော်၊ နှာ-၁၃၊ ဂါထာ နံပါတ် ၁၊၂)။

၂။ နာမက္ခန္ဓာလေးပါး- ၁-ဝေဒနာက္ခန္ဓာ၊ ၂-သညာက္ခန္ဓာ၊ ၃-သင်္ခါရက္ခန္ဓာ၊ ၄-ဝိညာဏ က္ခန္ဓာဟူ၍ နာမ်ခန္ဓာ ၄-ပါး။

**ကာယဝိညာဏ် အဓိပ္ပာယ်** ထင်ရှားအောင် ဆိုဦးအံ့–ကာယဝိညာဏ်ဟူသော ဝေါဟာရသည် မာဂဓဘာသာသို့ လိုက်၍ ခေါ်သော ဝေါဟာရတည်း။ မြန်မာဘာသာနှင့် ခေါ်မူကား–တစ်ကိုယ်လုံး၏ သိမှုကို ဆိုလိုသည်။ ခြေဖဝါးအရေကို အပ်သွားဖြင့် ထိုးလျှင် ခြေဖဝါးအရေသည် သိ၏။ ဤခြေဖဝါးအရေ၏ သိမှုကို ကာယဝိညာဏ်ခေါ်၏။

ထို့အတူ–

ခြေချောင်းအရေတို့သည် သိတတ်ကြကုန်၏။

ခြေဖနောင့်ရေ၊ ခြေဖမိုးရေတို့သည်လည်း သိကြကုန်၏။

ခြေသလုံးရေ၊ ဒူးပုဆစ်ရေ၊ ပေါင်ရေ အစရှိကုန်သော၊ အလုံးစုံသော အရေတို့သည်လည်း သိတတ်ကြကုန်၏။

ကိုးရာသော သားတစ်တို့သည်လည်း သိတတ်ကြကုန်၏။

ကိုးရာသော အကြောတို့သည်လည်း သိတတ်ကြကုန်၏။

ဦးနှောက်ခဲ၊ အဆုတ်ခဲ၊ အသည်းခဲ၊ နှလုံးခဲ၊ ကျောက်ကပ်ခဲ၊ အဖျဉ်းခဲ၊ အမြေးလွှာ၊ အအူကြီး၊ အအူငယ်တို့သည်လည်း သိတတ်ကြကုန်၏။

ဤအလုံးစုံတို့၏ သိမှုကို ကာယဝိညာဏ်ခေါ်၏။ ဤသိမှုတို့၌ ခန္ဓာလေးပါး အစုံပါရှိ၏။

## သိမှု ၂–မျိုး

**ကောဋ္ဌာသ၏သိမှု** ဤစကား၌ သိမှုဆိုသော်လည်း ပုဂ္ဂိုလ်၏သိမှု မဟုတ်သေး။ အရေတို့၏သိမှု၊ အသားတို့၏ သိမှု၊ အကြောတို့၏ သိမှု၊ ဦးနှောက်ခဲ၊ အဆုတ်ခဲ စသည်တို့၏ သိမှုသာတည်း။

ဝိညာဏ် ၆–ပါးခွဲခန်း၌ ဤသိမှုကို တွေ့သိမှုဟူ၍သာ ခေါ်ရသည်။ မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ တွေ့သိဟူ၍ အစုံအစုံရှိသည်တွင် တွေ့သိဟူသော အစုနှ တွေ့မှုသာ ရှိသေးသည်။

**ပုဂ္ဂိုလ် သိမှု** ဤတွေ့မှုကို အရေတို့၏ သိမှု၊ အသားတို့၏ သိမှု၊ အကြောတို့၏ သိမှုစသည်ဖြင့် ဆိုခဲ့သည့် ကောဋ္ဌာသအပြားသို့ လိုက်၍ခွဲမူကား–

အရေ၏ သိမှု၊
နှလုံး၏ သိမှု ၂–ပါးခွဲရာ၏။
အရေ၏သိမှုကို တွေ့ထိမှုခေါ်၏။ ကာယဝိညာဏ်ပေတည်း။
နှလုံး၏သိမှုကိုသာ သိမှုခေါ်၏။ မနောဝိညာဏ်ပေတည်း။
ပုဂ္ဂိုလ်၏ သိမှုကား–ဤနှလုံး၏ သိမှုသို့ ရောက်မှပေါ်၏။ ဤနှလုံး၏သိမှုပေါ်လာမှသာ ပုဂ္ဂိုလ်သိ, သိ၏။

ဤသို့လျှင် ကောဋ္ဌာသတို့၏ သိမှု, ပုဂ္ဂိုလ်၏ သိမှု ၂–ပါးကို ကိုယ်တွေ့ဒိဋ္ဌအားဖြင့် ခြားနား၍ သိကြကုန်ရာ၏။

**ပုဂ္ဂိုလ်၏ သိမှု၌ ရှင်းချက်**

ပရမတ္ထအလိုအားဖြင့်မူကား–
ပုဂ္ဂိုလ်ဟူ၍မရှိ။ ခန္ဓာငါးပါးသာ ရှိ၏။ ထိုကြောင့် ပုဂ္ဂိုလ်၏သိမှုမည်သည်ကား နှလုံးအိမ်တွင်း၌ မနောဝိညာဏ် ဖြစ်ပေါ်မှုသာတည်း။

**ကောဋ္ဌာသ သိမှု၌ ရှင်းချက်**

ထို့အတူ ပရမတ္ထအားဖြင့် အရေဟူ၍မရှိ၊ အသားဟူ၍မရှိ၊ အကြောဟူ၍မရှိ၊ ဦးနှောက်စသည်ဟူ၍ မရှိ။ ခန္ဓာငါးပါးသာ ရှိ၏။ ထို့ကြောင့် အရေစသော ကောဋ္ဌာသတို့၏ သိမှုမည်သည်ကား– ထိုထိုခြေဖဝါးရေ၊ ခြေချောင်းရေ၊ ခြေဖနောင့်ရေ၊ ခြေဖမိုးရေ စသည်တို့၌ ကာယဝိညာဏ်ဓာတ်၏ ဖြစ်ပေါ်မှုသာတည်း။

ဤသို့လျှင် လောကအလိုအားဖြင့် ပုဂ္ဂိုလ်စကားပြောခဲ့လျှင် ပုဂ္ဂိုလ်သည် သိတတ်၏။ ပုဂ္ဂိုလ်၏အင်္ဂါဖြစ်ကုန်သော ဦးခေါင်း၊ ခြေ၊ လက်စသည်တို့သည်လည်း သိတတ်ကြကုန်၏။ အရေ၊ အသား၊ အကြော အစရှိကုန်သော ကောဋ္ဌာသတို့သည်လည်း သိတတ်ကြကုန်၏။

ပုဂ္ဂိုလ်၏ သိမှု၊ ကိုယ်အင်္ဂါတို့၏ သိမှု၊ ကောဋ္ဌာသတို့၏သိမှု အသီးသီးရှိကြကုန်၏ဟု ပြောဆိုရာ၏။

**သိမှုဟူသည် ဝိညာဏ် ၆–ပါး၏အမှု**

ပရမတ္ထ အလိုအားဖြင့်မူကား–
ထိုအလုံးစုံကို ပယ်ရှား၍ မြင်မှု သိမှု၊ ကြားမှု သိမှု၊ နံမှု၊ သိမှု၊ လျက်မှု သိမှု၊ တွေ့မှု သိမှု၊ ထွေထွေလာလာကြံမှု သိမှုဟူသော အလုံးစုံသော သိမှု ဟူသမျှသည် ထိုထိုကိုယ်အင်္ဂါ၊ ထိုထိုကောဋ္ဌာသအရပ်တို့၌ အကြောင်းဆိုက်တိုက်လာရာ ဖြစ်ပေါ်ကြသော ဝိညာဏ် ၆–ပါး၏ အမှုသက်သက်သာတည်းဟု ပြောဆိုရာ၏။

**နာမက္ခန္ဓာ ၄–ပါး အမှုထင်ရှားပုံ**

သစ်ပင်၊ တုံး၊ တိုင်စသော ဗဟိဒ္ဓ သန္တာန်တို့၌ကား– ဤကဲ့သို့သော သိမှုမရှိ။ သိမှုမရှိသောကြောင့်လည်း ခံသာမှု၊ မခံသာမှုမရှိ။ မှတ်သားမှုမရှိ။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုမရှိ။ ဗဟိဒ္ဓသန္တာန်နှင့် ယှဉ်ဖက်၍ ပြောမှုကား နာမက္ခန္ဓာ ၄–ပါး၏ အမှုအသီးအခြား ထင်ရှားပေါ်လေတော့သည်။

ပြောပုံကား– သစ်ပင်ကို ခုတ်ဖြတ်ခဲ့သော် ပြတ်မှုသာရှိ၏။ သိမှု၊ နာမှု၊ မှတ်မှု၊ စိတ်လှုပ်ရှားမှုမရှိ၊ ခြေ၊ လက်အင်္ဂါကို ခုတ်ဖြတ်ခဲ့သော် ပြတ်မှုလည်းရှိ၏။ ထိုခြေ၊ လက်အင်္ဂါတို့၏ သိမှု၊ နာမှု၊ မှတ်မှု၊ စိတ်လှုပ်ရှားမှုတို့လည်း ရှိကုန်၏။ ဤအပိုအမိုမှုတို့ကို နာမက္ခန္ဓာဆိုသည်ဟု ပြောပြလေ။

**အတွေ့အထိ ၂–ပါး အထူး**

မြန်မာတို့ အခေါ်၌ ကာယဝိညာဏ်ကို "အတွေ့ အထိ" ဟူ၍ ခေါ်သည်။ အတွေ့အထိဟူရာ၌လည်း–

ရုပ်ခန္ဓာချင်း ခိုက်တွေ့ဆဲ၌ ဖြစ်ပေါ်သောသိမှုကို အတွေ့ဟူ၍ ခေါ်သည်။

ရုပ်ခန္ဓာချင်း ခိုက်ထိဆဲ၌ ဖြစ်ပေါ်သော သိမှုကို အထိဟူ၍ခေါ်သည်။

ရုပ်ခန္ဓာချင်းတွေ့မှု ထိမှုနှင့် ဤကာယဝိညာဏ်ခေါ်သော တွေ့မှု၊ ထိမှု ထွေးလုံး၍ နေကြ၏။ တွေ့မှုထိမှု ၂–မျိုးကွဲအောင် ခွဲခြမ်းကြလေ။ တွေ့မှုနှင့် ထိမှုကား အတူတူပင်။

## ဒုက္ခသဟဂုတ် ကာယဝိညာဏ် နာမက္ခန္ဓာ ၄–ပါးဖြစ်ပုံ

မြန်မာတို့အခေါ်၌ ကာယဝိညာဏ်နှင့် အတူဖြစ်ပေါ်သော ဒုက္ခဝေဒနာကို–

ညောင်းသည်၊ ညာသည်ဟူ၍ ခေါ်၏။

နာသည်၊ ကျင်သည်ဟူ၍ ခေါ်၏။

ယားသည်၊ ယံသည်ဟူ၍ ခေါ်၏။

ထုံသည်၊ ကျင်သည်ဟူ၍ ခေါ်၏။

ကိုက်သည်၊ ခဲသည်ဟူ၍ ခေါ်၏။

အောင့်သည်၊ အင့်သည်၊ နင့်သည်၊ စူးသည် ဟူ၍ ခေါ်၏။
မောသည်၊ ပန်းသည်ဟူ၍ ခေါ်၏။
နွမ်းသည်၊ နယ်သည်ဟူ၍ ခေါ်၏။
ပူသည်၊ အေးသည်ဟူ၍ ခေါ်၏။

ဤအခေါ်စုသည် ရုပ်ပူ၊ ရုပ်အေးနှင့် ထွေးလျက်ရှိ၏။ ရုပ်ပူ၊ ရုပ်အေးထိ၍ မခံသာသည်ကို ပူသည်၊ အေးသည်ဟု ခေါ်၏။ ဤသို့ စသည်ဖြင့် မခံသာမှုဟူသော ဒုက္ခဝေဒနာက္ခန္ဓာသည် မြန်မာတို့အခေါ်၌ အလွန်များပြား၏။ ထိုအလုံးစုံသော ညောင်းမှု၊ ညာမှု၊ ကျင်မှု အစရှိသည်တို့ကို အဘိဓမ္မာ၌ ဒုက္ခဝေဒနာဟု ဟောတော်မူ၏။ ဝေဒနာက္ခန္ဓာချည်းတွေ ပေတည်း။

ထိုကာယဝိညာဏ်နှင့် အတူဖြစ်ပေါ်လာသော သညာက္ခန္ဓာ၊ နာမက္ခန္ဓာ စေတနာဟူသော သင်္ခါရက္ခန္ဓာတို့ကိုလည်း ရှေး၌ပြဆိုခဲ့ပြီးသော ခွဲခြမ်းနည်းကို အစဉ်မှီး၍ သိကြလေကုန်။

## သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ

**ရုပ်၊ နာမ်ခွဲပုံ**

ယခုအခါ မိစ္ဆာဒိဋ္ဌိ[၁] အမြင်နှင့် သမ္မာဒိဋ္ဌိ[၂] အမြင် ၂ ပါးကို ခြားနား၍ ပြဆိုပေအံ့။ ခြေဖဝါးအပြင်၌ မြေ၊ ရေ၊ အုတ်၊ ကျောက်၊ ဆူးငြောင့် ခလုတ် စသည်ထိ၍ သိမှု၊ နာမှုဖြစ်ပေါ်သောအခါ၌ ခြေဖဝါးအရေပေါ် အရေအတွင်းတို့ ၌ နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်၏။ ခြေဖဝါးအရေကား ရူပက္ခန္ဓာတည်း။ သိမှု၊ နာမှုတို့ကား နာမက္ခန္ဓာတို့တည်း။

ရူပက္ခန္ဓာနှင့် နာမက္ခန္ဓာတို့သည် ဝိပ္ပယုတ္တပစ္စည်း[၃] ပစ္စုပ္ပန်[၄] ဖြစ်ကြကုန်၍ ပိန်းကြာဖက် အပြင်၌ ကျရောက်တင်နေသော မိုးရေပေါက်သည် ပိန်းကြာဖက်နှင့်ရော

---

၁။ မိစ္ဆာဒိဋ္ဌိ = မှားသော အသိအမြင်။
၂။ သမ္မာဒိဋ္ဌိ = မှန်ကန်သော အသိအမြင်။
၃။ ဝိပ္ပယုတ္တပစ္စည်း = မယှဉ်မတွဲ မရောမယှက်ဘဲ ကျေးဇူးပြုတတ်သောအကြောင်းတရား။
၄။ ပစ္စုပ္ပန် = ထိုအကြောင်းပစ္စည်းကြောင့် ဖြစ်ပေါ်တည်ရှိရသော အကျိုးတရား။

နေခြင်းမရှိသကဲ့သို့ ရုပ်၊ နမ် ၂-ပါး ရောနှောခြင်းမရှိကြကုန်။ အရေခြံခက်မာမှု၊ ဖွဲ့စေးမှု၊ ပူမှု၊ အေးမှု၊ တောင့်တင်းမှု၊ အဆင်းမှု၊ အနံ့မှု၊ အရသာမှုဟု ဆိုအပ်ကုန်သော ရုပ်ခန္ဓာမှုတို့ကား တခြား၊ ထိုသိမှု၊ နာမှုစသော နာမက္ခန္ဓာတို့ကား တခြားတို့သာတည်း။

**မိစ္ဆာဒိဋ္ဌိသိ** ထိုသို့ဖြစ်ရာ၌ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ခြားနားခြင်းမရှိမူ၍ ခြေဖဝါး နာသည်ဟု သိသည်ကား ဒိဋ္ဌိသိတည်း။

**သမ္မာဒိဋ္ဌိ ဉာဏ်သိ** ခြေဖဝါးဟူ၍ စင်စစ်အားဖြင့်မရှိ။ ရုပ်ခန္ဓာစုလည်း။ သိတတ် နာတတ်သည်မဟုတ်။ ထိုသိမှု၊ နာမှုကား စင်စစ်အားဖြင့် နာမ်ခန္ဓာစုပေတည်း ဟုသိသည်ကား ဉာဏ်သိတည်း။

**နိစ္စသိနှင့် အနိစ္စသိ** ထို အသိ ၂-ပါးတို့တွင် ခြေဖဝါးနာသည်ဟု သိခြင်းကား ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို အနိစ္စဟူ၍ သိခြင်း၊ သုခဟူ၍ သိခြင်း၊ အတ္တဟူ၍ သိခြင်းတည်း။

ခြေဖဝါးဟူ၍ မရှိ။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သာ ရှိကုန်၏။ ထိုတွင် ခက်မာမှု၊ ဖွဲ့စေးမှု စသော ရုပ်ခန္ဓာအစုသည် သိမှု၊ နာမှုမဟုတ်။ သိတတ်သည်၊ နာတတ်သည်မဟုတ်။ သိမှုကား ဝိညာဏက္ခန္ဓာပေတည်း။ နာမှုကား ဝေဒနာက္ခန္ဓာပေတည်း။ အမှတ်ထားမှုလည်းပါ၏။ သညာက္ခန္ဓာပေတည်း။ မြွေဆိပ်တက်သကဲ့သို့ နာမှု တရှုရှုရှိနေသည်ကား သင်္ခါရက္ခန္ဓာ စေတနာပေတည်းဟု သိသည်ကား အနိစ္စသိ၊ ဒုက္ခသိ၊ အနတ္တသိ ပေတည်း။

**နိစ္စသိ စသည်၌ ရှင်းချက်** ခြေဖဝါးနာသည်ဟု သိမှုသည် အဘယ်သို့လျှင် နိစ္စသိ၊ သုခသိ၊ အတ္တသိ ဖြစ်လေသနည်း ဟူမူကား-

ခြေဖဝါးမည်သည် ပရမတ္ထအားဖြင့် အဟုတ်ရှိ၊ ကေန်ရှိမျိုး မဟုတ်။ ဝိညာဏ်၏ လှည့်ပတ်မှုနှင့် စိတ်ထဲတွင် ထင်မြင်ရသော နိမိတ္တဝမ္မမျိုးဖြစ်၍ အသက်တစ်ရာနေ၍ လူသေသည့်တိုင်အောင် မပျက်သေးမူ၍ သုသာန်၌ မီးရှို့မှု၊ မြေမြှုပ်မှုတို့ဖြင့် တမင် ဖျောက်ဖျက်ပစ်ရသော နိစ္စမျိုးသာတည်း။ ပုဂ္ဂိုလ်သတ္တဝါမျိုးပေတည်း။

**နိစ္စသိ** ထို့ကြောင့် ခြေဖဝါးနာသည်ဟူ၍ သိခြင်းသည် ခက်မာမှု နာမှုစသော ထိုရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို နိစ္စဟု သိခြင်း ဖြစ်လေသတည်း။ နာမှုကို နိစ္စဟု မယူသော်လည်း ခြေဖဝါးပြု၍ ယူခြင်းကြောင့် နိစ္စယူ နိစ္စသိ ဖြစ်လေသည်။

**သုခသိ ။** ။ နိစ္စဟူသည် သတ္တဝါတို့ သာယာဖွယ်သော သုခမျိုးဖြစ်၏။ ထို့ကြောင့် သုခသိ ဖြစ်လေသတည်း။

**အတ္တသိ ။** ။ နိစ္စဟူသည် အတ္တသာရမျိုးဖြစ်၏။ ထို့ကြောင့် အတ္တသိ ဖြစ်လေသတည်း။

**အနိစ္စသည့် ရှင်းချက်** နောက်ပုစ္ဆာ၌ကား- ခက်မာမှု စသော ရုပ်ခန္ဓာ၊ နာမှုဟူသော နာမ်ခန္ဓာတို့သည် အနိစ္စမျိုးသာတည်း။ ခက်မာမှုစသည်တို့သည် အလှုပ်အရှားပင် မခံကုန်။ တစ်နာရီအဖို့မှာပင် အခါများစွာ ကွယ်ဆုံး ပြောင်းလဲနိုင်ကြကုန်၏။ နာမှုသည်လည်း ခဏချင်းပင် ချုပ်ပျောက်နိုင်၏။ ထို့ကြောင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟူ၍ သိခြင်းသည် အနိစ္စသိ ဖြစ်၏။

**ဒုက္ခသိ** အနိစ္စဟူသည် မရဏဓမ္မမျိုးဖြစ်၏။ အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်လန့်ကြရသော သေဘေးမျိုးစင်စစ်ဖြစ်၏။ ထို့ကြောင့် ဒုက္ခသိဖြစ်၏။

**အနတ္တသိ** အနိစ္စဟူသည် အနစ်သာရ၏ ဆန့်ကျင်ဖက်ဖြစ်၏။ ထိုပုဂ္ဂိုလ် တစ်သက် တည်နေနိုင်သော ပုဂ္ဂိုလ်၏ အမာခံ အနစ်သာရ အတ္တမျိုးမဟုတ်။ ဘေးဘယမျိုး၊ ဒုက္ခမျိုးဟူသည် သတ္တဝါတို့၏ အလိုနှင့် ဆန့်ကျင်ဖက်မျိုးသာတည်း။ ထို့ကြောင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟူ၍ သိခြင်းသည် အနတ္တသိ ဖြစ်၏။

**မရဏ ၂-ပါး** ဤစကား၌ အနိစ္စဟူသည် မရဏဓမ္မမျိုးဖြစ်၏။ အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်လန့်ကြရသော သေဘေးမျိုး စင်စစ်ဖြစ်၏ ဟူရာ၌-

**ခဏိက မရဏ** ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ခဏမစဲ ချုပ်ပျက်မှုဟူသော ခဏိကမရဏ တစ်ပါး။

**သန္တတိ မရဏ** ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ အမြင် ရှုကြရသော သန္တတိမရဏ တစ်ပါး။

ဤမရဏ ၂-ပါးတို့သည်လည်း သတ္တဝါတို့မှာ အလွန်ကြောက်လန့်ကြရသော သေဘေးမျိုး အမှန်စင်စစ် ဖြစ်ကုန်၏။ သို့သော်လည်း ဘဝဆုံးမှုကြီး မဟုတ်သေး၍ သေဘေးမျိုးဟူ၍ပင် မထင်နိုင်ကြကုန်။

**ဓာတ်နှင့် မရဏ** ထိုမှတစ်ပါး ပုဂ္ဂိုလ်သတ္တဝါမျိုးတွင် အပါအဝင်ဖြစ်သော ခြေဖဝါးကို ပယ်ရှား၍ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ခြားနား၍ မြင်မှုကား ဣရိယာပုတ် တစ်ခု တစ်ခုအတွင်းမှာပင် အသစ်အသစ်အမျိုးမျိုး ဖြစ်ပေါ်မှုဟူသော ဓာတိဓမ္မ၊ ဥဒယဓမ္မ ကိုလည်း သိမြင်နိုင်သည်။ ပုဂ္ဂိုလ်၏ ရှင်ခြင်း၊ ပုဂ္ဂိုလ်၏ သေခြင်းဟူ၍ပင်မရှိ။ ဓာတ်တို့ ၏ ဖြစ်ခြင်း၊ ဓာတ်တို့၏ ပျက်ခြင်း ဓာတ်တို့၏ ရှင်ခြင်း၊ ဓာတ်တို့၏ သေခြင်းသည်သာ အမှန်ရှိသည်ဟု မြင်နိုင်လေတော့သည်။

ဤခြေဖဝါး၏ နာကျင်မှုလည်း ပကတိ လူတို့အားပင်လျှင် ယခုတွင်ရွေ ဖြစ်ပေါ်လာသည်။ ယခုပင် အနာအကျင် ပျောက်ပေပြီဟု ပြောဆိုသိမြင်ထင်ရှား၏။ ရုပ်ခန္ဓာ, နာမ်ခန္ဓာဟု ခြားနား၍သိမှုမရှိကြသည့်အတွက်ကြောင့် ဖြစ်ပေါ်မှုကိုလည်း။ ဓာတိဓမ္မကြီးဟူ၍ မသိကြကုန်။ အနာအကျင်ပျောက်မှုကိုလည်း မရဏဓမ္မကြီးဟူ၍ မသိကြကုန်။

**ဒုက္ခချုပ်မှုသည် သုခ ဟုတ် မဟုတ် ရှင်းချက်** စောဒနာရန် ရှိ၏။ နာကျင်မှုမည်သည် ဒုက္ခသာတည်း။ ဒုက္ခ၏ ချုပ်ပျောက်ခြင်းသည်ကား သတ္တဝါတို့ အလွန်အလိုရှိကြ၊ သာယာတောင့်တကြရသော ဣဋ္ဌမျိုး၊ သုခမျိုး စင်စစ်တည်း။ ထို့ကြောင့် မရဏဓမ္မမျိုးပင် ဖြစ်သော်လည်း ဒုက္ခမျိုး မဟုတ်။ သုခမျိုးသာတည်း၊ ကြောက်ဖွယ်၊ လန့်ဖွယ်မျိုးမဟုတ်။ နှစ်သက်မြတ်နိုးဖွယ်တည်းဟူ၍ ဆိုရန် ရှိ၏။

**ချုပ်ပျောက်စေသော ဘဝဆုံး မရဏသဘော** ဤ မရဏဓမ္မကြီးသည် ဒုက္ခဝေဒနာမျိုးကိုသာ ချုပ်ပျောက်စေတတ်သည်၊ သုခဝေဒနာမျိုးကိုကား အန္တရာယ်မပြုတတ်ဟု ခြားနားချက်ရှိခဲ့လျှင် ဆိုသင့်ပေ၏။ ထိုသို့ကားမဟုတ်။ သုခဝေဒနာပေါ်လာလျှင်လည်း အတွင်ချုပ်ပျောက်စေ၏။ ဒုက္ခဝေဒနာပေါ်လာလျှင်လည်း အတွင်ချုပ်ပျောက်စေ၏။ ဘယ်ရုပ်ဘယ်နာမ်တစ်ခုကိုမျှမချန်၊ အတွင်းချုပ်ပျောက်စေ၏။ ထို့ကြောင့် ဒုက္ခဝေဒနာကို ချုပ်ပျောက်စေသောအခါ၌လည်း ထိုမရဏ ဓမ္မကြီးသည် ကြောက်လန့်ဖွယ်သော ဘေးကြီးမျိုးသာ ဖြစ်၏။ အကျွမ်းဝင်ဖွယ်၊ သာယာဖွယ်သော သုခမျိုးမဟုတ်။

**လောင်မီးအလား မရဏတရား** ဥပမာကား–မီးသည် မကောင်းသော အမှိုက်ကိုသာ လောင်တတ်သည်။ ကောင်းမွန်သော ဝတ္ထု၊ ဘဏ္ဍာ၊ အိမ်ရာ၊ ဘုံ၊ နန်း၊ ပြာသာဒ်၊ သတ္တဝါ၊ ပုဂ္ဂိုလ်တို့ကို မလောင်တတ်ဟု ခြားနားချက်မရှိ။ မိမိနှင့် ထိစပ်သမျှကို အကုန်လောင်တတ်၏။ ထို့ကြောင့် အမှိုက်ကိုလောင်၍ နေသော

အခါ၌လည်း ထိုမီးသည် ကြောက်လန့်ဖွယ်သော ဘေးမျိုး၊ ရန်သူမျိုးသာတည်း။ မိမိကိုယ်၌ အချမ်းကို ပယ်ဖျောက်၍ နေဆဲအခါ၊ ချက်မှု ပြုတ်မှုတို့ဖြင့် ကျေးဇူး ဥပကာရပြု၍ နေဆဲ အခါ၌လည်း ကြောက်လန့်ဖွယ်သော ဘေးမျိုး ရန်သူမျိုးတို့သာ တည်း။ ဤဥပမာအတိုင်း မြင်လေ။

အပါယ်ဘုံသားတို့အား သုဂတိဘဝသို့ ပြောင်းသာခွင့်မရအောင် ပြုမှုသည်လည်း သူ့အတတ်ပင်။ လူ၊ နတ်၊ ဗြဟ္မာတို့ကို သုဂတိဘုံမှ အတွင်သတ်၍ ချမှုသည်လည်း သူ့အတတ်ပင်။ လွန်ခဲ့ပြီးသော သံသရာ၌ ဂင်္ဂါသဲမျှမက ပွင့်တော်မူကြကုန်သော လောကသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူကြပေကုန်သော မြတ်စွာဘုရားတို့ကို အကုန်ကွယ်ဆုံး၍ ကုန်ရအောင် ပြုမှုသည်လည်း သူ့အတတ်ပင်။ သမုဒ္ဒရာ သဲမျှ မက ပွင့်တော်မူ၍ကြကုန်သော ပစ္စေကဗုဒ္ဓါ - အရိယာသာဝကတို့ကို အကုန် ကွယ်ဆုံး ၍ ကုန်အောင်ပြုမှုသည်လည်း သူ့အတတ်ပင်။ အနန္တစကြဝဠာ လူနတ်ဗြဟ္မာသက်ရှိ သက်မဲ့ခန္ဓာ တို့သည် ကမ္ဘာမြေကြီးနှင့်တကွ အဆက်ဆက် ကွယ်ဆုံး၍ ကုန်ခဲ့သည် လည်း သူ့အတတ်ပင်။

ယခုတည်ရှိဆဲဖြစ်သော အနန္တစကြဝဠာ သက်ရှိသက်မဲ့ ခန္ဓာတို့သည်လည်း ကမ္ဘာမြေကြီးနှင့်တကွ အကုန်ကွယ်ဆုံးကြရကုန်လတ္တံ့။ နောက်အနမတဂ္ဂသံသရာ၌ ပေါ်လာသမျှကုန်သော သက်ရှိသက်မဲ့ ခန္ဓာတို့သည်လည်း ကမ္ဘာမြေကြီးနှင့်တကွ အကုန်ကွယ်ဆုံးကြရကုန်လတ္တံ့။

ဤကား ခြေဖဝါးအပြင်၌ နာကျင်မှုဟု ဆိုအပ်သော နာမ်ခန္ဓာ၏ ချုပ်ပျောက်မှု ဟူသော မရဏဓာတ်ကြီး၏အတတ်ကို နှံ့စပ်စွာ မြော်မြင်ကြရန် အချက်တည်း။

## ရုပ်၌ နာမ်ဖြစ်ပုံအထူး

ခြေဖဝါးတစ်ပြင်လုံး၌ တစ်ပြိုင်နက် တစ်ချက်တည်းထိခိုက်မှုရှိခဲ့သည်ရှိသော် ဤနာမက္ခန္ဓာလေးပါးတို့သည် ခြေဖဝါးတစ်ပြင်လုံး၌ ဖြစ်ပေါ်ကြကုန်၏။

ထိခိုက်မှုဒဏ်ချက်သည် အသားတွင်းသို့ တစ်သစ်နှစ်သစ်စသည်ဖြင့် စူးဝင်ခဲ့ သည်ရှိသော် ခြေဖဝါးအသားအတွင်း၌ တစ်သစ်နှစ်သစ်စသည်ဖြင့် အနံ့အပြား ဖြစ်ပေါ်ကုန်၏။

ထိခိုက်မှုဒဏ်ချက်သည် ခြေဖဝါးအပြင်မှ အထက်ခြေဖမိုးသို့ ပေါက်ရောက် သည်ရှိသော် နာမက္ခန္ဓာတို့သည် ခြေဖမိုးအတွင်းအပြင် ခြေတစ်ခုလုံးအနှံ့ အပြား တစ်ပြိုင်နက် အပြည့်ဖြစ်ပေါ်၍ ဒဏ်မကျေသမျှကာလပတ်လုံး တစ်နာရီနှစ်နာရီ စသည်ဖြင့် တဖွားဖွားဖြစ်ပေါ်၍ နေကုန်၏။ ဒဏ်ပြေပျောက်မှပင ချုပ်ပျောက်ကြကုန် ၏။ ကိုယ်တွေ့ ဒိဋ္ဌတို့ချည်းသာတည်း။

**ဝေဒနာ ဖြစ်ပေါ်ပုံ**

ဝေဒနာဖြစ်ပေါ်မှု၌ 'ဖဿပစ္စယာ ဝေဒနာ'[၁] ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့်အညီ ဒဏ်ချက်၏ ထိခိုက်မှုဟူသော ဖဿသည် ပမာဏပေတည်း။

ဖဿဖြစ်ပေါ်လျှင် ဝေဒနာ ဖြစ်ပေါ်မြဲ။ ဖဿနှံ့ပြတ်သမျှ ဝေဒနာနှံ့ပြား၏။ ဖဿ ချုပ်ပျောက်လျှင် ဝေဒနာချုပ်ပျောက်၏။ အတွင်းအပတစ်ခုလုံး ဒဏ်ထိသမျှ ဖဿ ဖြစ်ပေါ်၍ ခြေတစ်ခုလုံး ဝေဒနာတွေ အနှံ့အပြားဖြစ်၍ နေကြကုန်သော်လည်း ရုပ်နှင့် နာမ်သည် ဝိပ္ပယုတ္တ ဖြစ်ကြသောကြောင့် ရောယှက် ငြိတွယ်ခြင်း မရှိကြကုန်။

**ရေနှင့်မီးရောင် မရောယှက်သည့်အလား ရုပ်နာမ်တရား**

ညဥ့်အခါ၌ ထွန်းအပ်သော မီးရောင်တို့သည် ရေခွက်အတွင်း၌ ရှိသော ကြည်လင်လှစွာသော ရေအတွင်း၌ အကုန်လုံး အနှံ့အပြား ဖြစ်ပေါ်ကြကုန်သော်လည်း ရေနှင့်ရောယှက်ငြိတွယ်ခြင်း မရှိကုန်သကဲ့သို့တည်း။

ရောယှက်ငြိတွယ်ခြင်း မရှိကြပုံကား–ထွန်းအပ်သော မီးတောက်ဖြစ်ပေါ်လျှင် ရေခွက် တစ်ခုလုံး၌ မီးရောင်တို့ဖြစ်ပေါ်ကုန်၏။ မီးတောက်သေပျောက်ခဲ့လျှင် ရေခွက် တွင်းရှိ မီးရောင်တို့သည် တစ်ပြိုင်နက် ပျောက်ကွယ်ကုန်၏။ လေခတ်၍ မီးတောက် လှုပ်ရှားခဲ့လျှင် ရေ၌ မီးရောင်တို့သည် လှုပ်ရှားကုန်၏။ ရေသည်မူကား မီးရောင်တို့၏ ဖြစ်ပေါ်မှုကြောင်လည်း အနေမပျက်။ မီးရောင်တို့၏ လှုပ်ရှားမှုကြောင့်လည်း လှုပ်ရှား ခြင်းမရှိ၊ မီးရောင်တို့၏ ပျောက်ကွယ်မှု ကုန်ခန်းမှုကြောင့်လည်း အနေမပျက်။ ဤကား ရေနှင့်မီးရောင် ဝိပ္ပယုတ္တဖြစ်ကြပုံတည်း။

ရေနှင့် ရေ၌ထင်သော လူရိပ်၊ မှန်နှင့်မှန်၌ထင်သော မျက်နှာရိပ်စသည်တို့လည်း ဝိပ္ပယုတ္တမျိုးတို့ပင်တည်း။

ထို့အတူ နာမ့်ဟူသော နာမက္ခန္ဓာ ၄–ပါးတို့သည် ခြေတစ်ခုလုံး အနှံ့အပြား အတွင်းအပြင်ဖြစ်ပေါ်၍ တစ်ရက်၊ နှစ်ရက် စသည်ဒဏ်ထိမှု ဖဿမပြေမပျောက်သမျှ ကာလပတ်လုံးဖြစ်ပေါ်၍ နေကြကုန်သော်လည်း ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်ချင်းဖြစ်ကြ ကုန်၍ ခြေဟူသော ရူပက္ခန္ဓာနှင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်။

---

၁။ ဖဿပစ္စယာ၊ ထိတွေ့မှု ဖဿဟူသော အကြောင်းကြောင့် ဝေဒနာ၊ ခံစားမှုဝေဒနာသည် (သမ္ဘဝတိ၊ ဖြစ်၏။)

**ဖဿ ဖြစ်ပေါ်မှု** ဖဿဖြစ်ပေါ်မှု၌လည်း "သင္ဓာယတနပစ္စယာ ဖဿော" ဟူ၍ ဟောတော်မူ၏။ ဤကာယဝိညာဏ် နာမက္ခန္ဓာအရာ၌ ကာယာ ယတန နှင့် ဖောဋ္ဌဗ္ဗာယတန ၂-ပါးတို့ ထိခိုက်မှုဒဏ်ချက်ရှိရာ၌ ကာယသမ္ဖဿ ဖြစ်ပေါ်မြဲတည်း။ ကာယ-သမ္ဖဿ ဖြစ်ပေါ်ရာ၌ ဤနမူနာဖြစ်သော ကာယသမ္ဖဿဇာ ဝေဒနာဖြစ်ပေါ် မြဲတည်း။

**ကာယာယတန** ကာယာယတနဆိုသည်ကား အတွင်းအပဖြစ်သော ခြေတစ်ခုလုံး၌ တည်ရှိနေသော ကာယပသာဒ ရုပ်ကြည်ပေတည်း။

**ဖောဋ္ဌဗ္ဗာယတန** ဖောဋ္ဌဗ္ဗာယတနဆိုသည်ကား-

၁။ ခက်မာမှု၊ နူးညံ့မှုဟူသော ပထဝီတစ်ပါး၊
၂။ ပူမှု၊ အေးမှုဟူသော တေဇောတစ်ပါး၊
၃။ ထကြွလှုပ်ရှားမှုဟူသော ဝါယောတစ်ပါး၊
ဤဓာတ်ကြီး ၃-ပါးကို ဖောဋ္ဌဗ္ဗာယတန ဆိုသတည်း။

**ဖောဋ္ဌဗ္ဗ ၆-ပါး** ထိုဓာတ်ကြီး ၃-ပါးသည်လည်း ခြေသလုံး၌ ရှိနေသော အတွင်း ဖောဋ္ဌဗ္ဗကြီး ၃-ပါး၊ ကြမ်းပြင်၊ ခြေနင်းပျဉ်အပြင်စသော အပသန္တာန်၌ ရှိနေသော အပဖောဋ္ဌဗ္ဗကြီး ၃-ပါးဟူ၍ ၆-ပါးရှိ၏။

**ရုပ်နာမ် မရောယှက်ခြင်းကို ဥပမာဖြင့် ပြခြင်း** အပဖောဋ္ဌဗ္ဗ ၃-ပါးသည် ခြေဖဝါးအရေပေါ်မှာ ရှိသော် ကာယာယတန၌သာ ထိခိုက်နိုင်၏။ အရေပေါ်မှာ ထိခိုက်သည်ရှိသော ထိခိုက်မှုဒဏ် ဟုန်ကြောင့် အတွင်း ဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယတနတို့သည် အချင်းချင်း သွက်သွက် ခါထိခိုက်ကြလေကုန်၏။

ခြေဖဝါးအရေပေါ်၌ ပေါလောပေါ်ရှိသော ဖဿတရား၊ ဝေဒနာတရားတို့သည်ကား အပဖောဋ္ဌဗ္ဗတို့၏ ထိခိုက်မှုဒဏ်ချက်ကြောင့် ဖြစ်ပေါ်ကြကုန်၏။

အရေ၏အတွင်း ခြေတစ်ခုလုံးပေါ်၌ရှိသော ဖဿတရား၊ ဝေဒနာတရားတို့သည် မူကား အတွင်းဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယပသာဒတို့၏ ထိခိုက်မှုဒဏ်ချက်ကြောင့် ဖြစ်ပေါ်ကြကုန်၏။

ဤအရာမျိုး၌ "သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဟူသော ပဋိစ္စသမုပ္ပါဒ် အချက်ကြီးကိုလည်းကောင်း၊ "ဝိပ္ပယုတ္တပစ္စယော" ဟူသော ပဋ္ဌာန်းအချက်ကြီးကိုလည်းကောင်း ကသိဏ်းကွက်အသွင် ထင်မြင်ကြကုန်ရာ၏။

ရေ၌ မီးရောင်တို့၏ဖြစ်ပေါ်မှု၊ တည်နေမှု၊ ချုပ်ကွယ်မှုတို့သည် ရေနှင့်ရောယှက်ခြင်း မရှိကြကုန်သကဲ့သို့လည်းကောင်း၊ ရေ၌ထင်သောမျက်နှာရိပ်၊ မှန်၌ထင်သော မျက်နှာရိပ်တို့၏ဖြစ်ပေါ်မှု၊ တည်နေမှု၊ ချုပ်ကွယ်မှုတို့သည် ရေ၊ မှန်တို့နှင့် ရောယှက်ခြင်း မရှိကုန်သကဲ့သို့လည်းကောင်း၊ ခြေ၌ဖြစ်ပေါ်သော နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်ပေါ်မှု၊ တည်ရှိနေမှု၊ ချုပ်သေပျောက်ကွယ်မှုတို့သည်လည်း ရူပက္ခန္ဓာနှင့် ရောယှက်ခြင်းမရှိကြကုန်။

"သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာဝေဒနာ" ဟူသော ပါဠိတော်တစ်ရပ်၊ "ဝိပ္ပယုတ္တပစ္စယော" ဟူသော ပါဠိတော်တစ်ရပ်၊ ဤပါဠိတော်နှစ်ရပ်ကို စိတ်၌ အမြဲစွဲထားကြလေကုန်။

နာမ်ဟူသော ဝေဒနာထင်ရှားရာ၌ သိမှုဟူသောဝိညာဏ်သည် မထင်ရှားလုပြီ။

ဖဿဖြစ်ပေါ်မှု၌ကား

၁။ ကာယာယတန တစ်ပါး၊

၂။ ဖောဋ္ဌဗ္ဗာယတနတစ်ပါး၊

၃။ ကာယဝိညာဏ်ဟူသော မနာယတနတစ်ပါး၊

ဤအာယတနသုံးပါး ပေါင်းဆုံလုံးထွေးမှုကြောင့် ကာယသမ္ဖဿ ဖြစ်ပေါ်၏။ ကာယသမ္ဖဿ ဖြစ်ပေါ်မှုကြောင့် ကာယသမ္ဖဿဇာ ဒုက္ခဝေဒနာဟူသော နာကျင်မှု ဖြစ်ပေါ်၏။

"ကာယဉ္စ ပဋိစ္စဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"[1] ဟူသော ပဋိစ္စသမုပ္ပါဒ်ပါဠိတော် အချက်ကိုမြော်လေ။

---

၁။ နိဒါနသံယုတ်၊ ဒုက္ခသုတ်၊ နှာ - ၃၀၀။

ကာယဥ္စ၊ ကာယပသာဒ ရုပ်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေစ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ဖောဋ္ဌဗ္ဗ ဓာတ်ကြီးတို့ကိုလည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍။ ကာယဝိညာဏံ၊ ကာယ ဝိညာဏ် သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။

တိဏ္ဏံ၊ ကာယ၊ ဖောဋ္ဌဗ္ဗ၊ ကာယဝိညာဏ်ဟူသော အာယတန ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းထွေးမှုသည်။ ဖဿော၊ ဖဿမည်၏။

ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ နာမှု၊ ကျင်မှုစသော ဝေဒနာ တရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။

ဤကားအနက်။

**ကာယဝိညာဏ်**

ကာယဝိညာဏ်ဆိုသည်ကား လူတို့စွဲလမ်းချက်အလို အားဖြင့် ထို ကိုယ်အင်္ဂါတို့၏ သိမှုတည်း။ အရေတို့၏သိမှု၊ အသားတို့၏သိမှု၊ အကြော တို့၏သိမှု၊ အရိုးတို့၏ သိမှု စသည်တည်း။ ခြေနာသည်၊ ခြေကျင်သည်၊ ခြေညောင်းသည်၊ လက်နာသည်၊ လက်ကျင်သည်၊ လက်ညောင်းသည်၊ ခေါင်းကိုက်သည်၊ ခေါင်းခဲသည်၊ မျက်စိနာသည်၊ နားနာသည်၊ လျှာနာသည်၊ သွားနာ သည်၊ သွားကိုက်သည်၊ မေးရိုးကိုက်သည်၊ လက်ချောင်းနာသည်၊ ပခုံးနာသည်၊ ရင်ပတ် နာသည် အစရှိသည်တို့ကို ဆိုသတည်း။

**ကာဝိညာဏ်သိနှင့် မနောဝိညာဏ်သိ**

အပြင်းအထန်ဖျားနေရာ၌ အတွင်းအပတစ်ကိုယ်လုံးပင် ဒုက္ခသဟဂုတ် နာမက္ခန္ဓာ ၄-ပါးတို့ဖြင့် ပြည့်သကဲ့သို့ ရှိ၏။ အဖျားကျငြိမ်း၍ သွားပြန်လျှင် အကုန်လုံး ချုပ်ကွယ် ကြလေကုန်၏။ ဤကာယဝိညာဏ် သိမှုသည်ကား လောက၌ သိမှုဟူ၍ မထင်ရှား။ ခြေနာသည်၊ ခြေကျင်သည်၊ ခြေညောင်းသည်၊ လက်နာသည်၊ လက်ကျင်သည်၊ လက် ညောင်းသည် အစရှိသည်တို့၌ ပါဝင်၍ နေ၏။ ခြေသည် တစ်စုံ တာ်ခုထိခိုက်လာလျှင် နာတတ်၏၊ ကျင်တတ်၏ဟူ၍ကား သိကြကုန်၏။ ထိခိုက်သည်ကို ခြေသိတတ်၏ဟု မထင်ကြကုန်။ မနောနှလုံးကသာ သိတတ်သည်ဟု ထင်၍နေကြကုန်၏။

အဘယ်ကြောင့်နည်းဆိုသော် မနောနှလုံးသိဖြစ်ပေါ်မှသာ ပုဂ္ဂိုလ်သိပေါ်လေသော ကြောင့်တည်း။ ခြေဖဝါး၌ ထိခိုက်မှုသည် မနောနှလုံးတိုင်အောင် ခိုက်မြဲတည်း။ အခိုက် နှစ်ချက်ဖြစ်၏။ ခြေသိ၊ မနောနှလုံးသိဟူ၍ အသိနှစ်ချက်ဖြစ်၏။ ခြေသိကို ကာယ ဝိညာဏ် ခေါ်သည်။ မနောနှလုံးသိကို မနောဝိညာဏ်ခေါ်သည်။ ရှေ့သွားနောက်လိုက် ၂-ပါးအစုံတည်း။

**ပုဂ္ဂိုလ်သိ**

ထိုတွင် နောက်လိုက်ဖြစ်သော မနောနှလုံးသိပေါ်လာမှ ငါ၏ခြေ၌ ထိသည်ဟု ပုဂ္ဂိုလ်သိ ပေါ်လာသည်။ ပုဂ္ဂိုလ်သိကိုသာ လောက၌ အသိဟုမှတ်ထင်ကြသည် ဟူလို။

ဤကား ကိုယ်၏သိမှု၊ ခြေလက်စသော ကိုယ်အင်္ဂါတို့၏သိမှု၊ အရေစသော ကောဋ္ဌာသ တို့၏သိမှုဟု ဆိုအပ်သော ကာယဝိညာဏ်သည် ပရမတ္ထဓမ္မတို့တွင် အလွန်ထင်ရှားသော ဝိညာဏ်တစ်ပါးဖြစ်ပါလျက် လောက၌ သူတို့ အသိဉာဏ်တွင် မထင်မရှားရှိနေကြသည်ဖြစ်၍ ထင်ရှားစေခြင်းငှာ အဖန်တလဲလဲပြဆိုလိုက်သည်။

ဧကန်ဟုတ်မှန်သော ပရမတ္ထအလိုအားဖြင့်မူကား ပုဂ္ဂိုလ်ဟူ၍လည်းမရှိ။ ပုဂ္ဂိုလ်၏ အင်္ဂါဖြစ်သော ခြေဟူ၍လည်း မရှိ။ အရေစသော ကောဋ္ဌာသဟူ၍လည်းမရှိ။ ခန္ဓာငါးပါးသာ အမှန်ရှိ၏။

**သိမှုသည် ဝိညာဏက္ခန္ဓာမျိုး**

သိမှုဟူသမျှသည် ရူပက္ခန္ဓာမျိုးမဟုတ်၊ ဝိညာဏက္ခန္ဓာမျိုးသာ ဖြစ်၏။ ခြေ စသည်တို့၌ အခိုက်အတိုက်ရှိရာမှ ဖြစ်ပေါ်၏။ ထိုသိမှုဖြစ်ပေါ်ရာတိုင်းမှာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ တိုသည်လည်း လက္ခဏာ[၁] မကွဲအမြဲ ဖြစ်ကုန်ကြကုန်၏။

ဤကာယဝိညာဏ်နာမက္ခန္ဓာ ၄-ပါးတို့သည် တစ်ကိုယ်လုံးမှာ ဘယ်နေရာ၌ အမြဲရှိနေကြသည်ဟူ၍ မရှိကြကုန်။ အတွင်းဖောဋ္ဌဗ္ဗ၊ အပဖောဋ္ဌဗ္ဗတို့ထိခိုက်ရာ ထိခိုက်ရာ အတွင်းအပ ကိုယ်ခန္ဓာတို့၌ ခဏခဏဖြစ်ပေါ်ကြကုန်၏။ ထိခိုက်မှုဒဏ် ပျောက်လျှင် ခဏခဏချုပ်ပျောက်ကြကုန်၏။

လောက၌လည်း ဘယ်နေရာက ယခုညောင်း၍လာသည်၊ အညောင်းပျောက်ပြီ။ နာ၍လာသည်၊ အနာပျောက်ပြီ။ ကိုက်ခဲ၍ ထုံ၍ ကျင်၍လာသည်၊ အကိုက်ပျောက်ပြီ၊ အထုံပျောက်ပြီ၊ အကျင်ပျောက်ပြီ။ ဘယ်နေရာက ပူ၍လာသည်။ နွေး၍လာသည်။ အေး၍လာသည်။ ချမ်း၍လာသည်။ အပူပျောက်ပြီ၊ အနွေးပျောက်ပြီ၊ အအေးပျောက်ပြီ၊ အချမ်းပျောက်ပြီ စသည်ဖြင့် ဖြစ်ပေါ်မှု ချုပ်ပျောက်မှု အာဂန္တုအခြင်းအရာသည် သိမြင်ထင်ရှားကြလျက်ဖြစ်၏။ နာမက္ခန္ဓာကြီး ၄-ပါးတို့ အမှုဟူ၍သာ မသိကြကုန်သည်။

**စိတ်၏ လှည့်စားပုံ**

ထိုသို့ မသိကြကုန်သည့် အတွက်ကြောင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာမကွဲကြကုန်သည်ဖြစ်၍ မျက်လှည့်သည် ဝိညာဏ်လှည့်စားမှုလုလု ရသဖြင့် ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ ပုဂ္ဂိုလ်၏အင်္ဂါဟူ၍ နာတတ်သည်၊ ကျင်တတ်သည်၊ နာမှန်း သိတတ်သည်၊ ကျင်မှန်းသိတတ်သည်ဟူ၍၊ ခြေကိုပင် အသက်

---

၁။ လက္ခဏာ = မှတ်ကြောင်းတရား (ဝါ) အမှတ်အသား။

ဟူ၍ အရှင်ဟူ၍၊ လက်ကိုပင် အသက်ရှိသည်ဟူ၍ အရှင်ဟူ၍၊ ထိုထိုအင်္ဂါကိုပင် အသက်ရှိသည်ဟူ၍ အရှင်ဟူ၍ မဟုတ်မမှန် ဖောက်ပြန် စွဲလမ်း၍ နေကြကုန်၏။

အလွန် ခက်ခဲနက်နဲလှသော အရာဖြစ်၍ ကောင်းစွာ ထင်ရှားအောင် အနည်းနည်း ဖော်ပြလိုက်သည်။ အဖန်တလဲလဲဟု အပြစ်မတင်ကြကုန်လင့်။

ဤကား ခြေအင်္ဂါ၌ နာမက္ခန္ဓာ ၄-ပါးကို ဖော်ပြခန်းတည်း။

--------

## ခြေကျဉ်းဝတ်စသည်၌ နာမက္ခန္ဓာ ၄-ပါး ဖြစ်ပျက်မှု

ဤသို့လျှင် ခြေအင်္ဂါ၌ ဖော်ပြခန်းအတိုင်း ခြေကျဉ်းဝတ် အင်္ဂါအရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်း၌လည်းကောင်း၊

ခြေသလုံးအင်္ဂါ၊ ဒူးပုဆစ်အင်္ဂါ၊ ပေါင်အင်္ဂါ၊ ခါးအင်္ဂါ၊ ဝမ်းအင်္ဂါ၊ အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်း၊ အအူပေါ် အအူတွင်းတို့၌လည်းကောင်း၊

ရင်အင်္ဂါ၊ ကျောက်ကုန်းအင်္ဂါ၊ အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်း၊ အသည်းပေါ် အသည်းတွင်း၊ အဆုတ်ပေါ် အဆုတ်တွင်း၊ နှလုံးတွင်းတို့၌ လည်းကောင်း၊

လည်ပင်းအင်္ဂါ၊ ဦးခေါင်းအင်္ဂါ၊ ဦးနှောက်အင်္ဂါ၊ မျက်လုံးအင်္ဂါ၊ နားအင်္ဂါ၊ နှာခေါင်းအင်္ဂါ၊ ခံတွင်းအင်္ဂါ၊ လျှာအင်္ဂါ၊ အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်းတို့၌လည်းကောင်း၊

လက်ရုံးအင်္ဂါ၊ လက်မောင်းအင်္ဂါ၊ အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်းတို့၌လည်းကောင်း၊ ညောင်းမှု၊ ညာမှု၊ နာမှု၊ နင့်မှု၊ ထုံမှု၊ ကျင်မှု၊ ကိုက်မှုခဲမှု၊ ပင်မှု ပန်းမှု နွမ်းမှု၊ ပူမှု အေးမှု အစရှိသော အလုံးစုံသော ဒုက္ခသဟဂုတ်နာမက္ခန္ဓာ၊ ၄-ပါးတို့၏ ဖြစ်ပေါ်မှု ချုပ်ပျက်သေဆုံးမှုတို့ကို သိကြလေကုန်။

ဤတွင် ရွေ့ကား တစ်ကိုယ်လုံး၌ ဒုက္ခသဟဂုတ် ကာယဝိညာဏ်နာမက္ခန္ဓာ ၄-ပါးတို့ကို ဖော်ပြခန်းပြီး၏။

## သုခသဟဂုတ် ကာယဝိညာဏ် ၄-ပါးကို ပြဆိုခန်း

ယခုအခါ သုခသဟဂုတ်ကာယဝိညာဏ်နာမက္ခန္ဓာ ၄-ပါးတို့ကို ပြဆိုပေအံ့။

**ခြေဖဝါး၌ ရုပ်နာမ်ခွဲပုံ** ပူလှတုန်းအခါ အေးမြလှစွာသော ရေ၏ထိခြင်း၊ ချမ်းလှတုန်းအခါ၌ ပူနွေးသော မီးရှိန်၏ ထိခြင်းတို့ဖြင့် ခြေဖဝါးအပြင်၌ ခံ၍ ကောင်းလှ

သော သုခဝေဒနာနှင့်တကွ နာမက္ခန္ဓာ ၄-ပါးဖြစ်ပေ၏။ ခြေဖဝါး အရေ၌ရှိသော ခက်မာမှုစသည်တို့ကား ရူပက္ခန္ဓာတည်း။ သိမှု ခံ၍ ကောင်းမှုတို့ကား နာမက္ခန္ဓာတို့တည်း။

ရူပက္ခန္ဓာနှင့် နာမက္ခန္ဓာတို့သည် ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်ဖြစ်ကြကုန်၏။

ပိန်းကြာဖက်အပြင်၌ ကျရောက် တင်နေကုန်သော မိုးရေပေါက်တို့သည် ပိန်းကြာဖက်နှင့် ရောနှောခြင်းမရှိကြသကဲ့သို့ ရုပ်နာမ်နှစ်ပါး ရောနှောခြင်းမရှိကြကုန်။ အရေ၌ ခက်မာမှု ဖွဲ့စေးမှု အေးမှု နွေးမှု တောင့်တင်းမှု အဆင်းအနံ့ အရသာတို့ကား တခြား၊ သိမှု ခံ၍ ကောင်းမှုတို့ကား တခြားတို့သာတည်း။

**ဒိဋ္ဌိသိ** ထိုသို့ ဖြစ်ရာ၌ ရုပ်ဓမ္မကို မသိကြကုန်သော ဗာလပုထုဇဉ်တို့သည်ကား ခြေဖဝါးနွေးသည်၊ ခြေဖဝါးအေးသည်ဟု သိကြကုန်၏။ ဤသို့ သိခြင်းကား ဒိဋ္ဌိသိပေတည်း။

**ဉာဏ်သိ** ပညာရှိတို့သည်ကား စင်စစ်အားဖြင့် ခြေဖဝါးဟူ၍မရှိ၊ ရုပ်နာမ်ခန္ဓာတို့သာ ရှိကုန်၏။ ထိုတွင် ရုပ်ခန္ဓာတို့ သိခြင်း ကိစ္စမရှိကြကုန်။ ထိုသိခြင်းခံ၍ ကောင်းခြင်းတို့ကား နာမ်ခန္ဓာတို့သာတည်းဟု သိကြကုန်၏။ ဤသို့ သိခြင်းကား ဉာဏ်သိပေတည်း။

**ပညာရှိတို့၏သိမှု ၂-မျိုး** ပညာရှိတို့၏ သိမှု၌လည်း-

၁။ သုတမယဉာဏ်သိ

၂။ စိန္တာမယဉာဏ်သိ ဟူ၍ ၂-ပါးရှိ၏။

**သုတမယဉာဏ်သိ** အဘိဓမ္မာကျမ်းဂန်တို့ကို ကောင်းစွာ တတ်လှ၍ သဘောသကန် ကျေလည်ချောမောအောင် ပြောတတ်ဟောတတ် ချတတ် ပို့တတ် ဆုံးဖြတ်တတ်မှု သိမှုကား သုတမယဉာဏ်သာတည်း။ ဤသိမှုကား ဝိပဿနာဉာဏ်မျိုး မဟုတ်၊ ပရိယတ္တိဉာဏ်မျှသာတည်း။

**စိန္တာမယဉာဏ်သိ** ထို ပရိယတ္တိဉာဏ်၌ တည်၍ ထိုဉာဏ်ဖြင့် သိသည့်အတိုင်း ရှုကြည့်ဖန် များလတ်သော် ထိုခြေဖဝါးပူနွေးမှု အေးချမ်းမှုတို့၌ မျက်စိဖြင့် မြင်ဘိသကဲ့သို့ ရုပ်ခန္ဓာတခြား၊ နာမ်ခန္ဓာတခြား ကွဲကွဲပြားပြား ထင်မြင်မှုသည်ကား စိန္တာမယဉာဏ်[1] သိဉာဏ်မည်၏။ ဘာဝနာမယဉာဏ်လည်း ဆိုရ၏။ ဤသိမှု မြင်မှုသည်လျှင် ဝိပဿနာဉာဏ်မည်၏။

---

၁။ **စိန္တာမယဉာဏ်ဟူသည်** အနုလောမဉာဏ်အထိ တိုင်ရုံသာ ဆိုလိုသည်။ (အနုလောမဉာဏ်အထိမှာ ယောဂီ ဘာဝနာမယဉာဏ် ဖြစ်သည်) ဝိဘင်း၊ နှာ-၃၃၃။

ဤဘာဝနာ အရာ၌ ဤသို့သော စိန္တာမယဉာဏ် အသိအမြင်ကိုသာ လိုအပ်၏။ ဤ စိန္တာမယဉာဏ် အသိအမြင်သည်သာလျှင် ဒိဋ္ဌိကို ပယ်သတ်နိုင်၏။ သုတမယဉာဏ်၊ ဝိပဿနာဉာဏ် ၂-ပါး ခြားနားချက်တည်း။

**ဒိဋ္ဌိအမြင်** ထို ဗာလပုထုဇဉ်တို့ သိမှု၊ ပညာရှိတို့ သိမှု ၂-ပါးတို့တွင် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟု မသိမူ၍ ခြေဖဝါးအပြင် ပူသည်၊ နွေးသည်၊ အေးသည်၊ ချမ်းသာသည်ဟု သိမြင်မှုကား . . .

ဒိဋ္ဌိသိမျိုး၊ ဒိဋ္ဌိမြင်မျိုးသာဖြစ်၏။ နိစ္စသိမျိုး၊ နိစ္စမြင်မျိုး မည်၏။

သုခသိမျိုး၊ သုခမြင်မျိုး မည်၏။ အတ္တသိမျိုး အတ္တမြင်မျိုးမည်၏။

ပရမတ္ထ အလိုအားဖြင့် ဖောက်ပြန်မှောက်မှားသော အသိမျိုး အမြင်မျိုး မည်၏။

**သမ္မာဒိဋ္ဌိအမြင်** ခြေဖဝါးအပြင်ဟူသော နိမိတ္တဓမ္မကြီးကို ပယ်ရှား၍ ရုပ်ခန္ဓာ နာမ်ခန္ဓာကို ခြားနား၍ သိမှုမြင်မှုသည်ကား . . . သမ္မာဒိဋ္ဌိဉာဏ်သိမျိုး၊ ဉာဏ်မြင်မျိုး မည်၏။ အနိစ္စသိမျိုး၊ အနိစ္စမြင်မျိုးမည်၏။ ဒုက္ခသိမျိုး၊ ဒုက္ခမြင်မျိုး မည်၏။ အနတ္တသိမျိုး၊ အနတ္တမြင်မျိုး မည်၏။

လောကအလို ပရမတ္ထအလို နှစ်ပါးအားဖြင့် ဖြောင့်မတ်ဟုတ်မှန်သော အသိမျိုး၊ အမြင်မျိုးမည်၏။

လောကအလိုအားဖြင့် ဖြောင့်မတ် ဟုတ်မှန်ပုံကား ခက်မာမှုသည် သိမှုမဟုတ်။ သိမှုသည် ခက်မာမှုမဟုတ်။ ခက်မာမှုကား အမှုတခြား၊ သိမှုကား အမှုတခြား။ ခက်မာမှုကား ရုပ်မှုတည်း။ စိတ်ဝိဉာဏ်မှုမဟုတ်။

သိမှုကား စိတ်ဝိညာဏ်မှုတည်း။ ရုပ်မှုမဟုတ်ဟု ပြောဆိုခဲ့လျှင် လောက၌ အမှုတစ်မျိုးစီ မဟုတ်ဟု မငြင်းဆန်နိုင်ကြကုန်လတ္တံ့။

**နိစ္စသိစသည်၌ ရှင်းလင်းချက်** ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ဤကား ရုပ်ခန္ဓာ၊ ဤကား နာမ်ခန္ဓာဟု မသိမူ၍ ၂-ပါးစုံကို ခြေဖဝါးပြုလုပ်၍ သိခြင်းသည် အဘယ်သို့လျှင် နိစ္စသိ၊ သုခသိ၊ အတ္တသိဖြစ်လေသနည်း ဟူမူကား- ခြေဖဝါးမည်သည် နိမိတ္တ ဓမ္မမျိုး ဖြစ်၍ တစ်သက်လုံး ခိုင်မြဲသော နိစ္စဓမ္မမျိုးတည်း။ သုသာန်သို့ ရောက်မှ ပျက်ဆုံး၏။

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ၂-ပါးကို ခြေဖဝါးပြုလုပ်၍ သိမှုသည် ရုပ်ခန္ဓာ နာမ်ခန္ဓာ ၂-ပါးကို တစ်သက်လုံး ခိုင်မြဲသော နိစ္စမျိုးဟု သိလျက်ရှိ၏။

နိစ္စဟူသည် သတ္တဝါတို့၏ အလိုရှိအပ်သော သုခမျိုးဖြစ်၍ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို သုခဟု သိလျက်ရှိ၏။

နိစ္စဟူသည် တစ်သက်လုံး ခိုင်မြဲသော အနှစ်သာရမျိုးဖြစ်၍ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို ခြေဖဝါး၏ အသားအနှစ် အတ္တသာရ^၁ဟု သိလျက်ရှိကြ၏။

**အနိစ္စသိ စသည်၌ ရှင်းချက်** ခြေဖဝါးကို ပယ်ရှား၍ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို ခွဲခြမ်း၍ သိမှုသည် အဘယ်သို့လျှင် အနိစ္စသိမှု၊ ဒုက္ခသိမှု၊ အနတ္တသိမှု ဖြစ်လေသနည်း မူကား . . . .

ခက်မာမှုကို ရုပ်ခန္ဓာဟု သိခဲ့လျှင် အလှုပ်အလှက်မခံ ပျက်တတ်ပြောင်းလဲတတ်သော အနိစ္စမျိုးဟု သိတော့သည်။ ပူမှန်းသိခြင်း၊ နွေးမှန်းသိခြင်း၊ အေးမှန်းသိခြင်းကို နာမ်ခန္ဓာဟု သိခဲ့လျှင် သူ့အကြောင်း ဆိုက်တိုက်ရာ ဖြစ်ချည်ပျက်ချည် အတည်မရ အနိစ္စမျိုးဟု ထင်ရှားတော့သည်။

အနိစ္စသိသည် မရဏမျိုး စင်စစ်ဖြစ်၍ ကြောက်ရလန့်ရသော ဒုက္ခမျိုးဟု သိခြင်းဖြစ်တော့သည်။

အနိစ္စသိသည် အခိုင်အမာ အနှစ်သာရမျိုး မဟုတ်သည်ဖြစ်၍ ခြေဖဝါးကဲ့သို့ တစ်သက်လုံး ပျက်ခြင်းပြောင်းလဲခြင်းမရှိဘဲ ပကတိအနေနှင့် တည်နေနိုင်သော အနှစ်သာရ အတ္တဇီဝမျိုး မဟုတ်ဟု သိမြင်နိုင်တော့သည်။

ဤမှ နောက်၌ ဒုက္ခသဟဂုတ်၌ ပြဆိုခဲ့သမျှသော အလုံးစုံကို အကုန်ဆက်၍ သိကြလေ။

## ခဏိကမရဏ စသည် ၁၃ ပါး

ဒုက္ခသဟဂုတ်၌ ပြဆိုခဲ့သော အချက်ကြွင်းစု ဆိုသည်ကား . . .

၁။ ခဏိကမရဏ၊ သန္တတိမရဏ၊ ဘဝဆုံး မရဏသုံးပါးသည် ကြောက်လန့်ဖွယ်သော ဒုက္ခမျိုးချည်းဖြစ်သည်ဟု ပြဆိုချက်။

၂။ ရုပ်၊ နာမ်ကို မြင်မှု၌ ပုဂ္ဂိုလ်၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရှင်ခြင်း၊ သေခြင်းဟူ၍ မရှိ။ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရှင်ခြင်း၊ သေခြင်းသည်သာ အမှန်ရှိသည်ဟု မြင်မှုကို ပြဆိုချက်။

၃။ ပကတိလူတို့သည် ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ ခဏခဏဖြစ်မှုပျက်မှုကို ကြောင်ကြောင်သိမြင်ပြောဆို၍ နေကြကုန်ပါလျက် ထိုဖြစ်မှု ပျက်မှုတို့ကို ဇာတိဓမ္မကြီး၊ မရဏဓမ္မကြီးဟူ၍ မသိကြသည်ကို ဖြေဆိုချက်။

၄။ သုခ၏ ပျက်မှုကိုသာ ဒုက္ခဘေးဘယ ဆိုသင့်ပါသည်။ ဒုက္ခ၏ ပျက်မှုသည်ကား 'ဒုက္ခာဝေဒနာ ဌိတိဒုက္ခာ ဝိပရိဏာမသုခါ' [၂] ဟူသော ပါဠိနှင့်အညီ သုခမျိုးသာ ဖြစ်သင့်ပါသည်ဟူသော စောဒနာကို ဖြေဆိုချက်။

---

၁။ ကဝိများမှန်မူ၊ ဟံသာဝတီမူတို့၌ အတ္တသာရဟု ခေါ်သည်။
၂။ မူလ ပဏ္ဏာသပါဠိတော်၊ စူဠဝေဒလ္လသုတ်၊ နှာ-၃၇၇။

၅။ ခြေတစ်ခုလုံး၌ ဖောဋ္ဌဗ္ဗဓာတ်ကြီး ၃-ပါးတို့ ထိခိုက်နှံ့ပြားတိုင်း ဖဿဖြစ်ပေါ်မှု နှံ့ပြားကြောင်း၊ ဖဿဖြစ်ပေါ်မှု နှံ့ပြားတိုင်း ဝေဒနာက္ခန္ဓာ ဖြစ်ပေါ်မှု နှံ့ပြားကြောင်းကို ပြဆိုချက်။

၆။ ခြေအတွင်း၌ နာမက္ခန္ဓာတို့ ဖြစ်ပေါ်၍ နေကြကုန်သော်လည်း ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတို့ ရောယှက်ခြင်းမရှိကြောင်းကို ပြဆိုချက်။

၇။ "သင္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရကို ရှင်းလင်း၍ ပြဆိုချက်။

၈။ ဝိပ္ပယုတ္တပစ္စည်းကို ပြဆိုချက်။

၉။ "ကာယဉ္စ ပဋိစ္စဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" အစရှိသော သုတ္တန်ပါဠိ၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်းပြဆိုချက်။

၁၀။ ကာယဝိညာဏ်၏ ဖြစ်မှုကို ကျယ်ဝန်းစွာ ပြဆိုချက်။

၁၁။ ကာယဝိညာဏ်သိ၊ မနောနှလုံး၌ဖြစ်သော မနောဝိညာဏ်သိ၊ ပုဂ္ဂိုလ်သိတို့ကို ပြဆိုချက်။

၁၂။ သတ္တဝါတို့၏ ကိုယ်ခန္ဓာ၌ ဤကာယဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့သည် ဘယ်နေရာမှာမှ အမြဲရှိနေသည်မဟုတ်။ အာဂန္တုလမ်းလျှောက်တို့သာ ဖြစ်ကြသည်ကို ပြဆိုချက်။

၁၃။ ရုပ် နာမ်ကို မမြင်နိုင်သည့်အတွက်ကြောင့် ခြေ လက်စသော ကိုယ်အင်္ဂါတို့ကို အသက်ရှိသည်၊ အရှင်ဖြစ်သည်ဟု ထင်မှတ်မှုကို ပြဆိုချက်။

ဤ ၁၃ ချက်ကို ဒုက္ခသဟဂုတ်၌ ပြဆိုခဲ့သော အချက်ကြွင်းစု ဆိုသတည်း။

**ခြေအင်္ဂါစသည်၌ နာမက္ခန္ဓာ ၄-ပါးဖြစ်ပျက်မှု**

ထိုမှတစ်ပါး ခြေကို သာယာစွာ ပွတ်မှု၊ နှိပ်မှု၊ သပ်မှု၊ နယ်မှု၊ ကိုင်မှု၊ ထိမှု၊ ချောမွေ့ညံ့သက်သော အဝတ်အရုံ ထိမှု၊ ဖျာရိုင် သင်းဖြူးအခင်းအနီးထိမှု၊ ချောမွေ့ညံ့သက် အေးချမ်းသော လမ်းမြေ သဲမြေ ရွှံ့မြေထိမှုစသည်တို့၌လည်း ခံသာမှု၊ ခံ၍ ကောင်းမှုဟု ဆိုအပ်သော ခြေအရသာတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုခြေအရသာတို့သည် သုခသဟဂုတ် နာမက္ခန္ဓာ ၄-ပါးတို့ပေတည်း။

ခြေအင်္ဂါ အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်း အလုံးစုံတို့၌ ဏ္ဍဖြစ်ကုန်သော အပဖောဋ္ဌဗ္ဗ၊ အတွင်းဖောဋ္ဌဗ္ဗတို့၏ ထိတွေ့မှုကြောင့် ထင်ရှား၊ မထင်ရှားသော ခြေအရသာဖြစ်ပေါ်မှု၊ ချုပ်ပျက်မှုတို့ကို အကုန်အစင် သိမြင်ကြလေကုန်။

ထိုနည်းအတူ ခြေကျင်းဝတ်အင်္ဂါအရေအသား အကြောအရိုးအလုံးစုံတို့၌ သုခ သဟဂုတ် နာမက္ခန္ဓာဟူသော အရသာပေါ်မှု၊ ခြေသလုံးအင်္ဂါ၊ ပုဆစ်အင်္ဂါ၊ ပေါင်အင်္ဂါ ခါးအင်္ဂါ၊ အရေ၊ အသား၊ အကြော၊ အရိုးအလုံးစုံတို့၌ သုခသဟဂုတ် နာမက္ခန္ဓာဟူ သော အရသာပေါ်မှု၊ ဝမ်းအင်္ဂါ၊ ရင်အင်္ဂါ၊ ကျောက်ကုန်းအင်္ဂါ၊ အအူတွင်း၊ အသည်း တွင်း၊ အဆုတ်တွင်း၊ နှလုံးတွင်းတို့၌ သုခသဟဂုတ် နာမက္ခန္ဓာဟူသော အရသာပေါ် မှု၊ ဦးခေါင်းအင်္ဂါ၊ မျက်နှာ၊ ခံတွင်း၊ အရေ၊ အသား အကြော၊ အရိုး၌ အလုံးစုံတို့၏ သုခ သဟဂုတ် နာမက္ခန္ဓာဟူသော အရသာ ပေါ်မှု၊ ပျက်မှုတို့ကိုလည်း အကုန်မြင် ကြလေကုန်။

**ကာမတဏှာကြောင့် အပုပ်ကောင်ကို ခင်မင်ပုံ**

လောက၌ ခွေး၊ ကျီး၊ လင်းတတို့သည် မိမိတို့ ကိုယ်တွင်း၌ မကောင်းသောဝဋ် ဝိပါက် အမြဲတိုက်တွန်းမှုကြောင့် အလွန်စက်ဆုတ်ဖွယ်ရှိသော လူသေပုပ်၊ နွားသေပုပ်၊ ခွေးသေပုပ်တို့ကိုပင် အလွန်ခင်မင်စုံမက် မြိန်ရှက်မြတ်နိုးကြကုန်၏။

ထို့အတူ သတ္တဝါအပေါင်းတို့သည် ထိုကိုယ်အင်္ဂါအရသာကြီးကို အလွန် ခင်မင်စုံမက် မြိန်ရှက်လှသော ကာမတဏှာဟူသော အကုသိုလ်ဝဋ်ဆိုးကြီး အမြဲ တိုက် တွန်းမှုကြောင့် အပုပ်ကောင်၊ အညှီကောင်၊ အနံ့အစော်ကောင်ကြီးမှန်း ကြောင်ကြောင် သိမြင်ပါကုန်လျက် အချင်းချင်း အလွန်ခင်မင်မြိန်ရှက်ကြလေကုန်၏။

**နှုနာပမာ ကာမတဏှာ**

တစ်ကိုယ်လုံး ရွှဲရွှဲစို ကျိုက်ကျိုက်ဆူ နှုနာကြီး ရှိသော သူတို့အား–

၁။ တစ်ကိုယ်လုံး၌ ပိုးတွေကိုက်၍ အမြဲ ယားယံမှု ဒုက္ခကြီးတစ်ပါး။

၂။ ပိုးစာ ပိုးချေး သွေးပုပ်ပြည်ပုပ်တို့အတွက် အမြဲ ချမ်းအေးမှု ဒုက္ခကြီးတစ်ပါး။

ဤဒုက္ခကြီး ၂–ပါး အမြဲရှိနေ၏။

အလွန်ပူလှ၊ အိုက်လှသော ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်အခါတို့၌ပင် ရဲရဲငြိသော ရှားမီးကြီး မီးအိုးခင်းကြီးကို မလွှတ်နိုင်။ ကိုယ်တွင်းအသည်းနှလုံးတွင်းတို့ မှ ပိုးတွေ လှုပ်ကြွသဖြင့် အလွန်ယားယံမှု၊ ခိုက်ခိုက်တုန် ချမ်းအေးမှုဖြစ်လာတိုင်း ဖြစ်လာတိုင်း ရှားမီးကျီး မီးအိုးခင်းကြီးသို့ ချဉ်းကပ်၍ မီးအိုးခင်းကြီးနှင့် လုံးထွေးမိမှ အယားအယံ အတုန်အချမ်းပြေ၍ နေသာထိုင်သာ ချမ်းသာသုခကို ရလေ၏။

ထို့အတူ ဤသတ္တဝါအပေါင်းတို့သည်လည်း ထိုအင်္ဂါအရသာကြီး အနမတဂ္ဂ သံသရာ၌ ဘဝအဆက်ဆက် ရွဲရွဲစို ကျိုက်ကျိုက်ဆူ ပွားစီး၍ လာခဲ့သော ကာမတဏှာ နူနာစိုကြီးသည် ရှိနေကြ၏။

ပြဆိုခဲ့ပြီးသော ကိုယ်အင်္ဂါအရသာကြီးသည်မူကား ထိုတဏှာနူနာကို လွန်စွာ ပွားစီးစေနိုင်သော အစာအာဟာရကြီးပေတည်း။

**ကာမတဏှာ၏ အားထားရာ ကာမဝတ္ထု**

ထိုနူနာရောဂါကြီးသည် ရှားမီးကြီး မီးအိုးခင်းကြီးကို အမြဲ ကိုးကွယ်ရာပြု၍ နေဘိသကဲ့သို့ ကာမတဏှာ နူနာရောဂါသည်ကြီးတွေ ဖြစ်နေကြကုန်သော သတ္တဝါတို့သည်လည်း ကာမဝတ္ထု ကာမအထည်ကြီးတွေ အမြဲ ကိုးကွယ်ရာပြု၍ ထားကြရကုန်၏။

**ကာမတဏှာကို ဖြစ်ပွားစေသော ကာမဝတ္ထု**

နွေလအခါ၌ ရှားမီးကျီးမည်သည် မြင်ရုံမျှနှင့်ပင် အလွန်ပူခြင်း၊ အိုက်ခြင်း၊ ဒုက္ခကိုသာ ပွားစေတတ်၏။ အေးချမ်းခြင်းသုခကို မဖြစ်စေတတ်။ ထို့အတူ ထိုအင်္ဂါအရသာ ခံစံဖက်ဖြစ်သော ကာမဝတ္ထုကို ကာမအထည်တို့မည်သည် မြင်ရုံမျှနှင့်ပင် ကာမတဏှာ ကိလေသာအပူအအိုက်ကို ဖြစ်ပွားစေနိုင်ကုန်၏။ ကာမတဏှာ ကိလေသာ အပူ၏ အေးငြိမ်းခြင်းကို မဖြစ်စေတတ်ကုန်။

**ဘဝကို နံချာစေသော ကာမဝတ္ထု**

ရှားမီးကျီးမည်သည် ပေါင်းဖက်ရောယှက်လာသော ဝတ္ထုမျိုးတို့ကို အကျိုးမဲ့ကြီး အချည်းနှီးစစ် ပြာမှုန့်ဖြစ်အောင် အကုန်အပြောင် လောင်ကျွမ်းစေတတ်၏။ ထို့အတူ ထိုကိုယ်အင်္ဂါ အရသာကို ခံစံဖက် ဖြစ်ကုန်သော ကာမဝတ္ထု ကာမအထည်တို့သည်လည်း ပေါင်းဖက်ရော ယှက်မိသော သူတို့ကို ယခုဘဝတွင် အလွန် မြင့်မြတ်လှစွာကုန်သော သီလဂုဏ်၊ သိက္ခာဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးတို့မှ အပဖြစ်၍ သေသည်၏ အခြားမဲ့၌ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ သန်း၊ ကြမ်းပိုး၊ ပိုးလောက်၊ ပိုးမွှားစသော သေးနုပ်စုတ်ဖွဲ့လှသော ဘဝသို့ ရောက်လေအောင် အကုန်အပြောင် လောင်ကျွမ်းစေတတ်ကုန်၏။

ဤကား ကာမဝတ္ထု ကာမအထည်တို့နှင့် ရောယှက်မိသောအခါ ကိုယ်အင်္ဂါတွင်း၌ လျှပ်စစ်ပျက်သကဲ့သို့ ခဏခဏဖြစ်ပေါ်ကြကုန်သော သုခသဟဂုတ်နာမက္ခန္ဓ ၄-ပါးဟု ဆိုအပ်ကုန်သော ကိုယ်အင်္ဂါအရသာကြီးတို့၏ အပြစ်ဒေါသ အပြွက်မျှ ပြဆိုချက်တည်း။

ကာယဝိညာဏ် နာမက္ခန္ဓ ၄-ပါးကို ဖော်ပြခန်း ပြီး၏။

# ဓိဝှာဝိညာဏ် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပျက်ပုံ

**ဓိဝှာဝိညာဏ် နာမန္ခက္ခာ ၄–ပါး၏ ဖြစ်ရာဋ္ဌာန**

ယခုအခါ လျှာ၏ သိခြင်း၊ လျှာ၏သိမှု၊ လျှာ၏ အသိဟု ဆိုအပ်သော ဓိဝှာဝိညာဏ် နာမက္ခန္ဓာ ၄–ပါးကို ပြဆိုပေအံ့။

ချဉ်လှစွာသော အရသာတစ်ခုဖြင့် လျှာတစ်ပြင်လုံးကို တို့၍ စမ်းကြည့်သည် ရှိသော် ချဉ်မှန်းသိမှု ဖြစ်ပေါ်လာရာ လျှာအရပ်စုသည် ဓိဝှာဝိညာဏ်နှင့်တကွသော နာမက္ခန္ဓာ ၄–ပါးတို့၏ ဖြစ်ရာဋ္ဌာနပေတည်း။

**ဓိဝှာဝိညာဏ်**

ဓိဝှာဝိညာဏ်ဆိုသည်ကား လောကအသိအားဖြင့် လျှာ၏ သိမှုဆိုလိုသည်။ အဘိဓမ္မာ အလိုအားဖြင့် ဓိဝှာ၌ ဖြစ်ပေါ်သော သိမှုဆိုလိုသည်။ ပုဂ္ဂိုလ်၏ သိမှုကား မဟုတ်သေး။ ထိုလျှာ၏ သိမှုဖြစ်ပေါ်သည်မှာ နောက်၌ မနောနှလုံး၏ သိမှုကြီးသည် ဆက်လက်၍ ဖြစ်ပေါ်၏။ ဤမနောနှလုံး၏ သိမှုကြီးဖြစ်ပေါ် သောအခါမှ ပုဂ္ဂိုလ်သိဖြစ်လာ၍ ချဉ်သည်၊ ချိုသည်ဟု ပုဂ္ဂိုလ်သိ သိ၏။

# လျှာ၏ သိမှု ၂–မျိုး

“ယောက်မသည် အသက်ထက်ဆုံး ဟင်းအိုးကိုမွှေ၍ နေသော်လည်း ဟင်း၏ အရသာကို ချိုသည်၊ ချဉ်သည်ဟူ၍ မသိတတ်။ လျှာသည် တစ်ကြိမ် တစ်ခါမျှပင် ဟင်းနှင့် ပေါင်းမိသော်လည်း ဟင်းအရသာကို ချိုသည် ချဉ်သည်ဟု သိတတ်၏” ဟူ၍ လာသော ဥပမာစကား၌ လျှာသည် အချိုအချဉ်စသော အရသာမျိုးကို သိတတ်၏ ဟု ဟောတော်မူ၏။ ဤလျှာ၏ သိမှုသည် လျက်မှု၌ အတွင်းဝင်လျက် ရှိ၏။

**အရသာမျိုး သိမှု**

ဤ လျှာအပြင်၌ ထမင်းပူ ထမင်းအေး၊ ဟင်းပူ၊ ဟင်းအေး၊ ရေပူ ရေအေးစသည်ကို သိသော ကာယဝိညာဏ်သည်လည်း ဖြစ်ပေါ်၏။ အရသာမျိုးကို သိသည်ကား ဓိဝှာဝိညာဏ် နာမက္ခန္ဓာ ၄–ပါးတည်း။

**ဖောဋ္ဌဗ္ဗ သိမှု**

လျှာပေါ်၌ ရောက်လာသော ဝတ္ထုတို့ကို နူးညံ့သည်၊ ကြမ်းတမ်းသည်၊ ပူသည်၊ အေးသည်၊ ရွသည်၊ ပွသည်၊ လှုပ်သည်၊ ရှားသည်၊ အစရှိသော လျှာနာမှု၊ သိမှု၊ လျှာယားမှု၊ လျှာချမ်းသာမှု၊ လျှာမချမ်းသာမှု စသည်တို့ကား ကာယဝိညာဏ် နာမက္ခန္ဓာ ၄–ပါးတည်း။ ဤသို့ သိမှုသာ ကွဲသည်။ ဖြစ်ရာဋ္ဌာကား မကွဲကြ။

ဤသို့လျှင် လျှာသည် နာမက္ခန္ဓာ ၄–ပါးနှစ်စုတို့၏ ဖြစ်ပေါ်ရာဌာန ဖြစ်ပေ သောကြောင့် လျှာသည် အချို၊ အချဉ်စသော အရသာမျိုးတို့ကိုလည်း သိတတ်၏။ အနု၊ အကြမ်းစသော ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏ဟု ပြောဆိုရာ၏။

## အရသာသိမှု ဖြစ်ပျက်ပုံ

ပရမတ္ထအားဖြင့် လျှာဟူ၍ပင် မရှိ။ ခန္ဓာ ၅–ပါးသာရှိ၏။

၁။ ခက်မာမှုသည်ရှိ၏။

၂။ ဖွဲ့စေးမှုသည် ရှိ၏။

၃။ ပူနွေးမှုသည်ရှိ၏။

၄။ တောင့်တင်းမှု၊ လှုပ်ရှားမှုသည်ရှိ၏။

၅။ အဆင်းဓာတ်ရှိ၏။

၆။ အနံ့ဓာတ်ရှိ၏။

၇။ အရသာဓာတ်ရှိ၏။

ဤအမှု ဤဓာတ်စုသည် ရူပက္ခန္ဓာမည်၏။ ဤရူပက္ခန္ဓာစု၏ ကိစ္စကား အသီး အခြားတည်း။

ထိုနာမက္ခန္ဓာတို့၏ကိစ္စတို့ကား အသီးအခြားတို့တည်း။ အရသာမျိုးကို သိမှု သည် ထိုထို အချိုမျိုး၊ အချဉ်မျိုးစသော အဟာရဝတ္ထုတို့ကို လျှာပေါ်သို့ တင်သော အခါမှ ဖြစ်ပေါ်လာကြကုန်၏။ လျှာပေါ်၌ ထိုဝတ္ထုမျိုးတို့ မရှိပြန်လျှင် ချုပ်ပျောက် ကြကုန်၏။ ဖောဋ္ဌဗ္ဗသိမှုတို့လည်း ထို့အတူတည်း။

**ဒိဋ္ဌိအမြင်** ထိုသို့ ဖြစ်ရာ၌ ရုပ်ခန္ဓာမှန်း နာမ်ခန္ဓာမှန်း မသိကြကုန်သော ဗာလပုထုဇဉ်တို့သည်ကား ရုပ်ခန္ဓာစုကို လျှာဟု တစ်ခုတည်းပြု၍ ထိုသိမှုကို နာမ်ခန္ဓာဟု မခြားနားဘဲ လျှာ၏ ကိစ္စပြု၍ လျှာသိသည် ဟု မြင်ကြကုန်၏။ ဤအမြင်ကား ဒိဋ္ဌိတည်း။ နိစ္စအမြင်၊ သုခအမြင်၊ အတ္တအမြင်၊ ဇီဝအမြင်တည်း။

**ဉာဏ်အမြင်** လျှာဟူသော အသိကိုပယ်ရှား၍ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ခြားနား၍ သိမှုကား ဉာဏ်သိ ဉာဏ်မြင်ပေတည်း။ အနိစ္စမြင်၊ ဒုက္ခမြင်၊ အနတ္တမြင် နိဇ္ဇီဝ[1] နိဿတ္တ[2] အမြင်ပေတည်း။

အကြောင်းယုတ္တိကိုကား ကာယဝိညာဏ်နှစ်ပါး၌ ပြဆိုခဲ့ပြီ။

---

၁။ နိဇ္ဇီဝ (နိ = မဟုတ်၊ ဇီဝ – အသက်) အသက်မဟုတ်။

၂။ နိဿတ္တ (နိ = မဟုတ် + သတ္တ = သတ္တဝါ) သတ္တဝါမဟုတ်။

ဤမှ နောက်၌ ၁၃ ရပ်သော အဆစ်အပိုင်းတို့ကိုလည်း ကာယဝိညာဏ်နည်းတူ သိလေ။

**လျှာအရသာ ၂-မျိုး** ဤ၌ လျှာအရသာသည်-

၁။ သုခသဟဂုတ် ကာယဝိညာဏ် နာမက္ခန္ဓာ ဟူသော အရသာတစ်မျိုး၊

၂။ ဇိဝှာဝိညာဏ် နာမက္ခန္ဓာဟူသော အရသာတစ်မျိုး ဟူ၍ ၂ မျိုးရှိ၏။

ထိုတွင် ကာယဝိညာဏ်နာမက္ခန္ဓာဟူသော လျှာအရသာသည်ကား ကိုယ်အင်္ဂါအရသာကြီး၌ ပါဝင်လေပြီ။ ဇိဝှာဝိညာဏ်နာမက္ခန္ဓာဟူသော လျှာအရသာကြီးကား ကျန်ရှိ၏။

ဤအရသာကြီးကိုလည်း သတ္တဝါတို့သည် လွန်စွာ လိုက်စားကြကုန်၏။ ဆေးအပြတ်မခံနိုင်၊ ကွမ်းအပြတ်မခံနိုင်ရှိကြကုန်၏။ ရသတဏှာကို ဝဠ်ဆိုးကြီး၊ နွားနာကြီးပြု၍ ထိုက်သည် အားလျော်စွာ ဥပမာ ဥပမေယျနှစ်ရပ်တို့ကိုလည်း သိကြလေ။

ဇိဝှာဝိညာဏ်ပြီး၏။

---------

## ဃာနဝိညာဏ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပျက်ပုံ

**ဃာနဝိညာဏ်နာမက္ခန္ဓာ၏ ဖြစ်ရာဌာန** နှာခေါင်း၏ သိခြင်း၊ နှာခေါင်း၏ သိမှု၊ နှာခေါင်း၏ အသိဟု ဆိုအပ်သော ဃာနဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၌ နှာခေါင်း၏ အတွင်းရပ်သည် ဃာနဝိညာဏ်နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ပေါ်ရာဌာနတည်း။

**နာမက္ခန္ဓာ ၄-ပါး ၂-ပါးစုံ ဖြစ်ပုံ** ဤ၌လည်း ကာယဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၊ ဃာနဝိညာဏ် နာမက္ခန္ဓာ ၄-ပါးနှစ်စုံရ၏။ အကြမ်းအနု၊ အပူအအေး၊ အလှုပ်အရှားတို့နှင့် နှာခေါင်းလေတို့၏ တွေ့ထိမှုတို့ကြောင့် ကာယဝိညာဏ်နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်၏။ အတွင်းမှ ဖြစ်သော အနံ့၊ အပမှဖြစ်သော အနံ့တို့၏ ထိခိုက်မှုတို့ကြောင့် ဃာနဝိညာဏ် နာမက္ခန္ဓာ ၄-ပါးဖြစ်ကုန်၏။

**နှာခေါင်း၏ သိမှု ၂-မျိုး** ဃာနဝိညာဏ်၏ သိမှုကိုကား နံ့သည် မွှေးသည်ဟု ခေါ်၏။ ဤသို့ နှာခေါင်းသည် နာမက္ခန္ဓာ ၄-ပါးနှစ်စုံတို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့် နှာခေါင်းသည် အနံ့အမျိုးမျိုးကိုလည်း နံ့တတ်၏။ အနုအကြမ်းစသော ဖောဋ္ဌဗ္ဗမျိုးကိုလည်း သိတတ်၏ဟု ပြောဆိုရာ၏။

ပရမတ္ထအားဖြင့် နားခေါင်းဟူ၍ပင်မရှိ။ ထိုနေရာ၌ဖြစ်သော ခန္ဓာ ၅-ပါးသာရှိ၏။

ဓိတ္တဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့၌ကဲ့သို့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာခွဲနည်း၊ ဒိဋ္ဌိသိ ဉာဏ်သိ ခွဲနည်း၊ နိစ္စ သုခ အတ္တ၊ အနိစ္စ ဒုက္ခ အနတ္တခွဲနည်းတို့ကို ခွဲခြမ်း၍သိကြလေ။ ၁၃-ရုပ်သော အဆစ်အပိုင်း၊ နားခေါင်းအရသာ ၂-မျိုး၊ တဏှာ ၂-မျိုး၊ ဥပမာ ၂-မျိုး တို့ကိုလည်း ဓိတ္တဝိညာဏ်နည်းတူ သိကြလေ။

ဃာနဝိညာဏ်ပြီး၏။

---

## သောတဝိညာဏ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပျက်ပုံ

**သောတဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာန**

နား၏ သိခြင်း၊ နား၏သိမှု၊ နား၏အသိဟူသော သောတဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့၌ နား၏ အတွင်းအရပ်သည် ဤနာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာနတည်း။ ကာယဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၏ဖြစ်ရာဌာနလည်းဖြစ်၏။ နာမက္ခန္ဓာ ၄-ပါးနှစ်စုရ၏။ နားသည် ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏။ အသံ တစ်မျိုးမျိုးတို့ကိုလည်း ကြားတတ်၏ဟု ပြောဆိုရာ၏။ သောတဝိညာဏ်သိကို ကြား သည်ဟူ၍ခေါ်၏။

ထိုထို အသံကိုကြား၍ သိကြရာ၌ နားသိ၊ မနောနလုံးသိ၊ ပုဂ္ဂိုလ်သိခွဲမြဲခွဲလေ။

ပရမတ္ထအားဖြင့်မူကား နားဒြပ်ဟူ၍ပင် မရှိ။ ထိုနေရာ၌ဖြစ်သော ခန္ဓာ ၅-ပါးသာ ရှိ၏။ ရုပ်ခန္ဓာ နာမ်ခန္ဓာခွဲလေ။

**ရုပ်နာမ် ဖြစ်ပျက်ပုံ**

ရုပ်ခန္ဓာကား ထိုနေရာ၌ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်၍ နေ၏။ နာမ်ခန္ဓာ ၄-ပါးတို့ကား ထိုထိုအသံမျိုး ထိခိုက်ဆဲအခါ၌သာ ဖြစ်ပေါ်ကြကုန်၏။ ထိုထို အသံပြတ်စဲပြန်လျှင် ထိုနေရာ၌ပင်လျှင်

နာမ်၏ သေဆုံးခြင်းဖြင့် သေဆုံးချုပ်ပျက်ကြလေကုန်၏။ ဓာတ်၏ သေဆုံးခြင်း၊ ဓမ္မ၏ သေဆုံးခြင်းဖြင့် သေဆုံး ချုပ်ပျက်ကြလေကုန်၏။

**အသံ ဖြစ်ပျက်ပုံ**

တစ်နာရီအတွင်းမှာ အသံအမျိုးမျိုးကို အခါခါကြားရာ၌ သူ့နာမက္ခန္ဓာစု အခါခါဖြစ်ပေါ်၍ အခါခါပျက်ဆုံးကြကုန်၏။ စကားပြောဆိုသံကို ကြားနာရာ၌ စကားမည်သည့်အက္ခရာ တစ်လုံးစီတစ်လုံးစီ စဉ်၍ ပြောရာ၏။ အက္ခရာတို့သည် အစဉ်အတိုင်းချုပ်ပျောက်ကုန်၏။ နောက်နောက်အက္ခရာ ပေါ်လာလျှင် ရှေးရှေး အက္ခရာမရှိပြီ။

နားထောင်သူတို့၏နား၌ သောတဝိညာဏ် နာမက္ခန္ဓာ ၄–ပါးတို့သည် သူ့အက္ခရာနှင့်သူ အစဉ်အတိုင်းဖြစ်ပေါ်၍ အစဉ်အတိုင်းချုပ်ဆုံးကြကုန်၏။ "နမော တဿ" ဟူသော ရွက်ဆိုသံကို ကြားနာရာ၌ "န" ဟူသော အသံအက္ခရာသည် နားတွင်း၌ ထိခိုက်၏။ ထိခိုက်မှုဒဏ်ဟုန်ကြောင့် သောတဝိညာဏ် နာမက္ခန္ဓာ ၄–ပါးဖြစ်ပေါ်ရ၏။ "န" ဟူသော အသံကိုစွဲ၍ ဖြစ်ပေါ်သော နာမက္ခန္ဓာသည် ထိုအသံချုပ်ဆုံးလျှင် ချုပ်ဆုံးမြဲ ဖြစ်၏။ အသံချုပ်ဆုံးလျှင် "န" အသံကို ကြားမှုလည်း ပျောက်ကွယ်သည်ဟု လောက၌လည်း ထင်ရှားပါ၏။ လောက၌နား၏ကိစ္စ အခွင့်မည်သည် အလွန်ကြီးကျယ်၏။ နား၌ ပုဂ္ဂိုလ်သတ္တဝါ၊ အတ္တ၊ ဇီဝ၊ သုခ စွဲလမ်းချက် အလွန်သန်၏။

**ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းပုံ**

စောဒနာရန်ရှိ၏။ နားကိုပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍စွဲလမ်းမှုမရှိပါ။ ပုဂ္ဂိုလ်၏အင်္ဂါ၊ သတ္တဝါ၏ အင်္ဂါဟူ၍ သာ စွဲလမ်းပါသည်ဟု ဆိုရန်ရှိ၏။

ငါကြားသည်ဟုစွဲလမ်းမှု၊ နားသည်ကြားတတ်သည်ဟု စွဲလမ်းမှုသည် သည်နားကို ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း။

ထို့အတူ ခြေသန်း၊ လက်သန်း၌ ထိခိုက်၍နာသည်ရှိသော် ငါနာသည်ဟုစွဲလမ်းမှုသည် ခြေသန်းလက်သန်းကို ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း။

ယုတ်စွအဆုံး မုတ်ဆိတ် ကျင်စွယ်ဟူသော မွေးညင်းကို နုတ်ပယ်ရာ၌ မွေးညင်း၏ အရင်းအဖို့သည် ကာယပသာဒရုပ်ရှိ၏။ နာတတ်၏။ ထိုနာမှုကို ငါနာသည်ဟု စွဲလမ်းမှုသည် တစ်ခု တစ်ခုသော မွေးညင်းကို ပုဂ္ဂိုလ်ဟူ၍ စွဲလမ်းမှုပင်တည်း။

မွေးညင်းပေါင်း ကိုးသောင်းကိုးထောင်ရှိသည်ဟူရကား မွေးညင်းအရေအတွက် ပုဂ္ဂိုလ် သတ္တဝါ စွဲလမ်းချက်ကိုးသောင်းကိုးထောင် ရှိ၏။ မိမိ စွဲလမ်း၍နေမှုကိုပင် မိမိမရေလည်၍ စောဒနာခြင်းသာ ဖြစ်သည်ဟုဖြေလေ။

**လောကအသုံးအနှုန်းအလို ပုဂ္ဂိုလ်ဖြစ်ခြင်း** ပုဂ္ဂိုလ်၏ အင်္ဂါဖြစ်၍ ပုဂ္ဂိုလ်မဟုတ်ဟု အစိတ်စိတ် နုတ်ပယ်ထားခဲ့လျှင် တစ်ကိုယ်လုံးအင်္ဂါချည်းဖြစ်၍ ကုန်ရာ၏။ ပုဂ္ဂိုလ် သတ္တဝါပင် မရှိရာပြီ။

ထိုကြောင့် ထိုထိုဝိညာဏ်၏ ဖြစ်ရာဌာန၊ သိတတ်ရာဌာန၊ အသက်ရှိသည် အရှင် ဖြစ်သည်ဟု မှတ်ယူရာဌာန အလုံးစုံသည် ပုဂ္ဂိုလ်လည်းဟုတ်၏။ ပုဂ္ဂိုလ်၏ အင်္ဂါလည်း ဟုတ်၏။ သတ္တဝါလည်း ဟုတ်၏။ သတ္တဝါ၏အင်္ဂါလည်း ဟုတ်၏။ အတ္တလည်း ဟုတ်၏။ ဇီဝလည်းရှိ၏ဟု လောကအလိုကိုသိအပ်၏။

**ဒိဋ္ဌိသိ** ပုဂ္ဂိုလ်သတ္တဝါဟု စွဲလမ်းမှုသည် နိစ္စ၊ သုခ၊ အတ္တ၊ ဇီဝဟု စွဲလမ်းမှုပင်တည်း။ တဏှာ မာန ဒိဋ္ဌိ သုံးပါးတို့၏ အမှုချည်းသာ တည်း။ ကြားတတ်သော နားဒြပ် နားသဏ္ဌာန်ဟူ၍ မရှိ။

**ဉာဏ်သိ** ထိုနေရာ၌ အစဉ်ဖြစ်ပွား၍နေသော ခက်မာမှုစသည်ကား ရူပက္ခန္ဓာ သာတည်း။ ထိုရူပက္ခန္ဓာသည်ကြားတတ် သိတတ်သော တရားမျိုး မဟုတ်။ ကြားမှုသည်ကား ထိုနေရာ၌ အသံထိခိုက်ဆဲအခါ ဖြစ်ပေါ်လာသော နာမက္ခန္ဓာ ၄-ပါးသာ တည်း။ နား၌ ခန္ဓာ ၅-ပါးသာရှိ၏ဟု သိမှု မြင်မှုသည်ကား ဉာဏ်သိဖြစ်၏။ အနိစ္စသိ၊ ဒုက္ခသိ၊ အနတ္တသိ၊ နိဿတ္တ၊ နိဇ္ဇီဝ သိဖြစ်၏။

အကြောင်း ယုတ္တိကိုမူကား ကာယဝိညာဏ်၌ ပြဆိုခဲ့ပြီ။ ဤမှနောက်၌ ၁၃ရပ်သော အဆစ်အပိုင်းတို့ကိုလည်း ကာယဝိညာဏ်နည်းတူသိလေ။

**နားအရသာ ၂-မျိုး** နားအရသာသည်လည်း နှစ်မျိုးရှိ၏။ ထိုတွင် သုခသဟဂုတ် နာမက္ခန္ဓာ ၄-ပါး ဟူသော အရသာသည် ကိုယ်အင်္ဂါအရသာကြီး၌ ပါဝင် လေပြီ။ သာယာသောအသံကိုလည်းကောင်း၊ မိမိအလိုရှိသော စကားများကို လည်းကောင်း၊ ကြားသောအခါ၌ ခံစားရသော နားအရသာသည်ကား သောတဝိညာဏ် နာမက္ခန္ဓာ ၄-ပါးပေတည်း။ ဤ နားအရသာကိုလည်း သတ္တဝါတို့ သည် လွန်စွာ လိုက်စားကြကုန်၏။

စကားပြောဖော် စကားပြောဖက်နှင့်ကင်း၍ ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်ရေ တစ်ကာယ နေထိုင်ခြင်းငှာပင် မတတ်နိုင်ရှိကြကုန်၏။ အဖော်နှင့်ကင်း၍ နားဆိတ်ဆိတ်နေရလျှင် ငြီးတောက်ခြင်း၊ ငြီးငွေ့ခြင်း ဖြစ်ကြကုန်၏။ ရောက်မိရောက်ရာ စပ်မိစပ်ရာ သမ္ဖပ္ပလာပ[၁] စကားမျိုးကိုပင် ကြားနာ၍နေရမှ အငြီးပြေကြကုန်၏။ ဤသောတအရသာကြီးသည် လောက၌ အငြီးပြေ ခံစားဖွယ်ကြီး တစ်ပါးပင်တည်း။

ခွေး၊ ကျီး၊ လင်းတ ဥပမာ၊ နူနာရောဂါသည်ကြီး ဥပမာတို့ကိုလည်း ဤ၌ထိုက်သည်အားလျော်စွာ သိကြလေ။

သောတဝိညာဏ် ပြီး၏။

## စက္ခုဝိညာဏ်နာမက္ခန္ဓာ ၄-ပါး

**စက္ခုဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာနစသည်**

စက္ခုဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၌ မျက်လုံးအရပ်သည် စက္ခုဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာနပေတည်း။ ကာယဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာနလည်း ဟုတ်၏။ ဤမျက်စိ၌လည်း နာမက္ခန္ဓာ ၄-ပါး နှစ်စုံရ၏။ မျက်စိသည် အပူအအေး စသော ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏။ နာတတ်၏။ ကျင်တတ်၏။ ကျိန်းတတ်၏။ စပ်တတ်၏။ အဆင်းအမျိုးမျိုးကိုလည်း မြင်တတ်၏။ ပုဂ္ဂိုလ်မျိုး၊ သတ္တဝါမျိုး အမှန်ဖြစ်၏ဟု ဆိုရာ၏။ စက္ခုဝိညာဏ်သိကို မြင်သည် ဟူ၍ ခေါ်၏။

ထိုထိုသက်ရှိ သက်မဲ့ဝတ္ထုတို့ကိုမြင်၍ ဘယ်သင်း ဘယ်ဟာဟု သိကြရာ၌ မျက်စိသိ မနောနှလုံးသိ ပုဂ္ဂိုလ်သိဟု ခွဲမြဲခွဲလေ။

**ရုပ်နာမ် ဖြစ်ပျက်ပုံ**

ပရမတ္ထအားဖြင့်မူကား မျက်စိဒြပ်ဟူ၍ပင် မရှိ။ ထိုနေရာ၌ဖြစ်သော ခန္ဓာ ၅-ပါးသာရှိ၏။ ထိုတွင် ရူပက္ခန္ဓာတစ်ပါးသာ ထိုနေရာ၌ အစဉ်မြဲ၏။ နာမက္ခန္ဓာ ၄-ပါးတို့သည်ကား ထိုထို အဆင်းအာရုံကို ကြည့်ရှု၍ နေဆဲအခါ၌ သာဖြစ်ပေါ်ကုန်၏။ အိပ်ပျော်၍ နေဆဲအခါ မှောင်မိုက်တွင်း၌

---

၁။ သမ္ဖပ္ပလာပ - အချည်းနှီးသောစကား၊ အကျိုးမဲ့ ပြိန်ဖျင်းသောစကား။

နေဆဲအခါ မျက်စိကို မှိတ်၍နေဆဲအခါတို့၌ ထိုနေရာမှာ ချုပ်ကွယ်၍ နေကြကုန်၏။ ကြည့်ရှု၍ နေဆဲအခါမှာလည်း မျက်တောင် ခတ်တိုင်း ခတ်တိုင်း ခဏခဏ ချုပ်ကွယ်ကြရကုန်၏။ အာရုံပြောင်းတိုင်း ပြောင်းတိုင်း ချုပ်ကွယ်ကြရကုန်၏။

**စိတ် လျင်မြန်ပုံ** မန်ကျည်းပင် အစရှိသော အရွက်စိပ် သစ်ပင်မျိုးတို့ကို မော်၍ကြည့်ကြရာ၌ အရွက်တစ်ခုတစ်ခုလျှင် နာမက္ခန္ဓာ ၄-ပါး အသီးသီးဖြစ်၍ အသီးသီး ချုပ်ကွယ်ကြကုန်၏။ အရွက်တစ်ခုကို မြင်မှု သိမှုနှင့် ထို့ပြင် အရွက်တစ်ခု မြင်မှု သိမှုတို့သည် အသီးသီးတို့သာတည်း။ တစ်ခုပြီးမှ တစ်ခုဖြစ်ကြမြဲပေတည်း။ နှစ်ခုပြိုင်၍ ဖြစ်မြဲမဟုတ်။ စိတ်မည်သည် အလွန်လျင်မြန်လှ၍ တစ်ပင်လုံးကိုပင် တစ်ပြိုင်နက် မြင်သည်ဟု ထင်၍နေရကုန်၏။

**အသိ ၃-မျိုး** အရွက်တစ်ခုတစ်ခု၌ပင် မျက်စိသိ၊ မနောနှလုံးသိ၊ ပုဂ္ဂိုလ်သိ အသီးသီးစီ ဖြစ်ကြ၏။

**မျက်စိ၊ မနောနှလုံးသိနှင့် ပုဂ္ဂိုလ်သိ** ထိုတွင် စက္ခုသိ ဆိုသည်ကား အဆင်းသက်သက်ကို မြင်မှုမျှသာတည်း။ အကြီး၊ အငယ်၊ အဝန်း၊ အလျား စသော သဏ္ဌာန်ကို သိသည်မဟုတ်။ မနောနှလုံးသိသို့ ရောက်မှ ထိုသဏ္ဌာန်တို့ အသီးသီးပေါ်၏။ ဤမနောနှလုံးသိကိုပင် ပုဂ္ဂိုလ်သိ ဆိုရမည်။

မန်ကျည်းပင်ကြီးကို မော့၍ကြည့်ရာ၌ အရွက်တွေကို အသီးသီးမြင်မှုနှင့် အရွက်သဏ္ဌာန်တွေကို အသီးသီးသိမှုသည် တစ်ပြိုင်နက်ပင် မှတ်ထင်ကြရကုန်၏။ စိတ်၏ ဖြစ်မှု၊ ပျက်မှု၊ ပြောင်းလဲမှု မြန်ပုံကို ရိပ်မိရုံ ပြဆိုလိုက်သည်။

လောက၌ ဤမျက်စိ၏ အခွင့်မည်သည် အလွန်ကြီးကျယ်၏။ နား၏ အခွင့်ထက်ပင် သာလွန်၏။ မျက်စိ၌ ပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ နိစ္စသုခ စွဲလမ်းမှု အလွန်ထက်သန်၏။

ဤစကား၌ စောဒနာချက် ဖြေဆိုချက်တို့ကို သောတ၌ ဆိုခဲ့တိုင်းသိလေ။ ဤမှ နောက်၌ စက္ခု၌ ဒိဋ္ဌိသိ ဉာဏ်သိခွဲခန်း ၁၃-ပါးသော အဆစ်အပိုင်းတို့ကိုလည်း ဤစက္ခု၌ အကုန်အစင်မြင်ကြလေကုန်၏။

**မျက်စိ၌ အရသာ ၂–မျိုး**

အရသာနှင့် တဏှာအစွမ်းကို ပြဆိုနည်း၌ ဤမျက်စိမှာလည်း အရသာနှစ်မျိုးရှိ၏။ ထိုတွင် သုခသဟဂုတ်ကာယဝိညာဏ် နာမက္ခန္ဓာ ၄–ပါး ဟူသော အရသာသည် ကိုယ်အင်္ဂါအရသာကြီး တွင် ပါဝင်လေပြီ။လှပတင့်တယ်သော အဆင်းသဏ္ဌာန်မျိုး၊ မိမိအလိုရှိသော ဝတ္ထုမျိုး၊ မတွေ့ဖူး၊ မမြင်စဖူးသော အာရုံဝတ္ထုမျိုးတို့ကို မြင်ကြသောအခါ၌ ခံစားရသော မျက်စိ အရသာ သည်ကား စက္ခုဝိညာဏ်နာမက္ခန္ဓာ ၄–ပါးပေတည်း။ ဤစကားမျိုး၌ မနော နှလုံးအမှု တို့ကိုလည်း အပါအဝင်ပြု၍ ယူကြလေကုန်။

**အရသာ၌ ရှင်းချက်**

ပီတိ[1] သုခ[2] သောမနဿ[3] တို့ကို အရသာဆိုလိုရင်းဖြစ်ငြား သော်လည်း ခန္ဓာ ၄–ပါးတို့၏ ဖြစ်မှုအလား ထင်ရှားစေ ခြင်းငှာ ခန္ဓာ ၄–ပါး ဟူ၍ပင် ဆိုလိုက်သည်။

တစ်နည်းကား ဥပေက္ခာဝေဒနာသည်လည်း ပီတိ၊ သုခ၊ သောမနဿကို မရသော ရာ၌ အငြိးပြေအရသာမျိုးပင် ဖြစ်၏။ မျက်စိမည်သည် ကောင်းသည်ကိုမှသာ ကြည့် လိုသည်မဟုတ်။ ကြည့်ခွင့်ရှိပါလျက် မကြည့်ရလျှင် သက်သက်မနေနိုင်မှုမျိုးတည်း။ တစ်သက်လုံး တစ်နေ့ တစ်နေ့လျှင် အခါခါမြင်၍နေရသော ဝတ္ထုမျိုးပင်ဖြစ်သော်လည်း မက်ဂဏ ဝတ္ထုတစ်ပါး ရှိခဲ့လျှင် ထိုအာရုံကိုပင် တမော့မော့နေရ၏။ မကြည့်ဘဲမနေနိုင်။ မကြည့်ဘဲ စက္ခုန္ဒြေကို ချုပ်တည်း၍ နေရမည်ဆိုလျှင် ခဏချင်း ငြီးတောက်၏။ စိတ် ကျဉ်းကြပ်၏။ မျက်စိဥပစာတဆုံး ဖွင့်လှစ်၍ထားမှ အကြိုက်ကျ၏။ အရသာကောင်း တွေ့သကဲ့သို့ အငြီးအတောက် ပြေပျောက်၏။

ထို့ကြောင့် မကောင်းသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကြည့်မြင်ရမှုသည် လည်း အငြီးတောက် ပြေပျောက်စေတတ်သော အဖျော်အဖြေအရသာကြီး တစ်မျိုးပင် ဖြစ်သတည်း။ ကြွင်းသော သောတ၊ ဃာန စသည်တို့၌လည်း ဤနည်းတူသိလေ။

ထို့ကြောင့် ဥပေက္ခာဝေဒနာကိုလည်း အရသာဆိုသင့်၏။

နာမက္ခန္ဓာ ၄–ပါးလုံးကိုလည်း အရသာဆိုသင့်၏ဟူ၍ မှတ်လေ။

---

၁။ ပီတိ = နှစ်သက်ခြင်း။

၂။ သုခ = ချမ်းသာခြင်း။

၃။ သောမနဿ = ဝမ်းမြောက်ခြင်း။

တစ်သက်လုံး မြင်၍နေရသော အာရုံမျိုး အလယ်၌ပင် စက္ခုဖြေကို ချုပ်ထိန်း၍ မရ။ မျက်စိမျက်နှာ ဦးတည်မိရာ မျက်စိဉပစာဒ၌ မိုးကိုမျှော်လိုက်ရ၏။ တိမ်ကိုမျှော်လိုက်ရ၏။ မြေအပြင်ကို မျှော်လိုက်ရ၏။ ရေအပြင်ကို မျှော်လိုက်ရ၏။ တောတစ်ခွင်ကို မျှော်လိုက်ရ၏။ တောင်တစ်ခွင်ကို မျှော်လိုက်ရ၏။ လူကို၊ နွားကို၊ ခွေးကို၊ ဝက်ကို၊ အိမ်ကို၊ ယာကို မျှော်လိုက်ရ၏။ မျှော်ရမှ စိတ်ချောင်၏။ စိတ်ချမ်းသာ၏။ အရသာကြီးတစ်ပါးပင် ဖြစ်၏။ ကိုယ်တွေ့ဒိဋ္ဌဖြစ်ကြ၏။

ဤမှ နောက်၌ ဤစက္ခုအရသာ၌ သာယာသော တဏှာဝဋ်ဆိုးကြီး၊ တဏှာနုနှာကြီးတို့ကို ကာယဝိညာဏ်၌ ပြဆိုခဲ့ပြီးသော နည်းကို အစဉ်မှီး၍ သိကြလေ။

စက္ခုဝိညာဏ်ပြီး၏။

– – – – –

## မနောဝိညာဏ် နာမက္ခန္ဓာ ၄–ပါးဖြစ်ပျက်ပုံ

မနောနှလုံးသိ ပုဂ္ဂိုလ်သိခေါ်သော မနောနှလုံး၏သိခြင်း၊ မနောနှလုံး၏ သိမှု၊ မနောနှလုံး၏ အသိဟု ဆိုအပ်သော မနောဝိညာဏ် နာမမက္ခန္ဓာ ၄–ပါးကို ပြဆိုပေအံ့။

**မနောဝိညာဏ် ဖြစ်ရာဌာန** ရင်တွင်း၌ရှိသော နှလုံးသွေးအတွင်း၌ ဤမနောဝိညာဏ်သည် ဖြစ်၏။ နှလုံးအိမ်သည်သာ အသားစိုင်အသားခဲဖြစ်၍ ကာယဝိညာဏ် နာမက္ခန္ဓာ ၄–ပါး၏ ဖြစ်ရာဌာနဖြစ်၏။ နှလုံးသွေးသည်မူကား ကာယဝိညာဏ်၏ ဖြစ်ရာဌာန မဆိုသာ။

**မနောဝိညာဏ် အမျိုးမျိုး** နှလုံးသွေး၏ အတွင်း၌ဖြစ်သော ထိုမနောဝိညာဏ် နာမက္ခန္ဓာ ၄–ပါးသည်ကား အလွန် အထွေအပြား များပြား၏။ အကုသိုလ်ဟု ဆိုအပ်သော မကောင်းသော အကြံမျိုးသည်လည်း မနောနှလုံးမှဖြစ်၏။ ကုသိုလ်ဟုဆိုအပ်သော ကောင်းသော အကြံမျိုးလည်း မနောနှလုံးမှဖြစ်၏။

အိပ်ပျော်သောဘဝင် အဗျာကတ ဝိညာဏ်မျိုးသည်လည်း မနောနှလုံးမှဖြစ်၏။ ကိုယ်အင်္ဂါကြီးငယ်တို့ကို ပြုပြင်ခြင်းဟု ဆိုအပ်သော ကာယကံမှုမျိုး၊ စကားပြောဆိုအပ်သော ဝစီကံမှုမျိုး၊ စိတ်နှလုံးထဲတွင် တရှိန်ရှိန် ထ၍နေသော မနောကံမှုမျိုးတို့သည်လည်း မနောနှလုံးမှ ဖြစ်ကုန်၏။ ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် ထိုမနောနှလုံးမှ ဖြစ်ကုန်၏။

**ဇောစိတ်** ဇောဆိုသည်ကား အလွန်ပြင်းထန်သော အဟုန်ရှိသော စိတ်မျိုးတည်း။

**မီးရထားပမာ ကိုယ်ခန္ဓာ** ဤကိုယ်ခန္ဓာကြီးသည် မီးရထား၊ မီးသင်္ဘောနှင့်တူ၏။ နှလုံးအိမ်သည် မီးအိုး၊ ရေနွေးအိုးကြီးနှင့် တူကုန်၏။ ဘဝင်စိတ်မျိုး သည် ရေနွေးအိုး၌ရှိသော ပကတိ ရေနွေးနှင့်တူ၏။

မနသိကာရ အာဝဇ္ဇန်းသည် မီးအိုး၌ရှိသော ပြင်းထန်သော မီးနှင့်တူ၏။

လောဘဇော၊ ဒေါသဇော အစရှိသော အမျိုးမျိုးသော ဇောစုသည် ရေနွေးအိုးမှ တစ်ဟုန်တည်းဆူထသော ရေလှိုင်းပွက်တွေနှင့်တူ၏။

ဇောအမျိုးမျိုးမှဖြစ်သော စိတ္တဇဝါယော[၁] တို့သည် ရေလှိုင်းပွက်တို့မှ ပန်း၍ထွက်သော အဟုန်ပြင်းထန်သော အခိုးတို့နှင့် တူ၏။

ကိုးရာသောအကြောတို့သည် အခိုးလျှောက်သွားရာ အခိုးကြောင်းနှင့် တူကုန်၏။

အင်္ဂါကြီးငယ်တို့သည် စက်ကိရိယာတို့နှင့် တူကုန်၏။

ပုဂ္ဂိုလ် သတ္တဝါတို့သည်လည်းကောင်း၊ အဆင်းသဏ္ဌာန် အစရှိသော အာရုံ ၆-ပါးတို့သည်လည်းကောင်း ရထား၏ စက်အိုးတို့နှင့် တူကုန်၏။

တဏှာ ၆-ပါးတို့သည် ရထား အစိုးရကြီးတို့နှင့် တူ၏။

**ရေနံကြမ်း မီးတောက်အသွင် စိတ်ဘဝင်** ဘဝင်စိတ် မည်သည် အလွန်နုံလှသော စိတ်မျိုးတည်း။ ဤနုံလှသော ဘဝင်စိတ်မျိုးမည်သည် ပင်လျှင် အလွန်ပျံ့နှံ့သော အရှိန်အဝါရှိ၏။ ညဉ့်အခါ တိုက်ခန်းအတွင်း၌ ထွန်းအပ်သော ရေနံကြမ်းမီးတောက်နှင့်တူ၏။

တူပုံကားထိုမီးတောက်မှ အလွန်လျှင်မြန်သောလေသည် ထွက်၏။ ထိုလေသည် မီးတောက်မှထွက်သော မီးရောင်တို့ကို မီးတောက်သည်နှင့် တစ်ပြိုင်နက် တိုက်ခန်း တစ်ခုလုံး ပြည့်အောင် ဖြန့်ဖြူး၏။ မီးတောက်မှထွက်သော အခိုးကြမ်းတို့ကိုလည်း ဝမ်းအဖို့ ရင်အဖို့တို့ကို ပြည့်စေ၏။

ထို့အတူ ဘဝင်စိတ်၏ အဟုန်ကြောင့်ဖြစ်သော စိတ္တဇလေသည် အလွန်လျှင်မြန်၏။ ထိုလေသည် စိတ္တဇရုပ်ကလာပ်တို့ကို ဘဝင်စိတ် ဥပါဒ်သည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံးပြည့်အောင် ဖြန့်ဖြူး၏။ ထွက်သက် ဝင်သက်တည်းဟူသော စိတ္တဇလေကြမ်းတို့ကို ရင်၊ ဝမ်းနှင့် အပြည့် ဖြစ်စေ၏။

---

၁။ စိတ္တဇဝါယော = (စိတ္တ = စိတ်ကြောင့် + ဇ = ဖြစ်သော + ဝါယော = လေဓာတ်) စိတ်ကြောင့်ဖြစ်သော လေဓာတ်။

တစ်ကိုယ်လုံးပြည့်အောင် ဖြန့်ဖြူး၏။ ထွက်သက် ဝင်သက်တည်းဟူသော စိတ္တဇလေကြမ်းတို့ကို ရင်၊ ဝမ်းနှင့် အပြည့် ဖြစ်စေ၏။

အိပ်ပျော်၍ နေဆဲအခါ၌ပင်လျှင် ကိုယ်ခန္ဓာအလယ်ပိုင်း တစ်ခုလုံးကို ရေလှိုင်ထသကဲ့သို့ ကြွချီလှုပ်ရှားစေလျက် ပြင်းထန်သော ရှူခြင်း၊ ရှိုက်ခြင်းကို ဖြစ်စေ၏။ ဘဝင်စိတ်ဟူသော နံ့လုစွာသော ကြံမှု အရှိန်အဝါသည်ပင်လျှင် ဤမျှလောက်ထက်သန်၏။

ပြင်းထန်လှစွာသော အဟုန်နှင့်တကွ ယမ်းမီးပုံကျ ဖြစ်ပေါ်၍ထသော ဇောဟူသော အကြံဓာတ်ကြီး အရှိန်အဝါသည် ဆိုဖွယ်ရာမရှိပြီ၊ အကြံမှု အကြံဓာတ် အရှိန်အဝါမျိုး မည်သည် ဤကဲ့သို့ပြင်းထန်၏။

**ဇောစိတ်၏**
**အရှိန်အဟုန်ပြင်းထန်ပုံ**

မီးရထား မီးသင်္ဘောတို့၌ ထိုထို စက်ခလုတ်တို့ကို ပြုပြင်၍ ပေးလိုက်သည်ရှိသော် ရေအခိုးတို့သည် မိုးကြိုးအဟုန်ကဲ့သို့ ထိုထို အခိုးကြောင်းတို့ကို ခဏချင်း။ ပြည့်ဖြိုးတွန်းဇော့ တိုက်ခိုက်ကာ ထွက်ကြကုန်သကဲ့သို့ ဤ ကိုယ်ခန္ဓာ၌လည်း ပြုလိုသော အမှုအားလျော်စွာ စိတ္တဇဝါယော လေမုန်တိုင်းတို့သည် ထိုထို အကြောကြီး အကြောငယ်တို့ကို အဟုန်နှင့်တကွ ခဏချင်း ပြည့်ဖြိုးစေကြကုန်၏။

အားခွန်ဗလ သန်မြန်လှသော မြွေနဂါးကြီးငယ်တွေ ကခုန်မြူးထူးကြသကဲ့သို့ ၆၁-သော အကြောကြီး၊ ၉၀၀ သော အကြောငယ်တို့သည် ခဏချင်း အဟုန်နှင့်တကွ အင်္ဂါကြီးငယ်တို့ကို ချီကြွ၍ ထကြွကွန့်မြူးကြရကုန်၏။ ထိုအကြောကြီးအကြောငယ်တို့၏ မြူးထူးချက်ဖြင့် ဤကိုယ်ခန္ဓာ ဤကိုယ်အင်္ဂါတို့၏ အဟုန်နှင့်တကွ ထကြွလှုပ်ရှားသွားခြင်း၊ လာခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း အစရှိသည်တို့သည် ဖြစ်ကြကုန်၏။

မီးရထား၊ မီးသင်္ဘောတို့၌ အသံ၏ ဆိုင်ရာအပေါက်ကို ဖွင့်လှစ်လိုက်သည်ရှိသော် ထိုဆူပွက်သော ရေအဟုန်တို့မှ အသံနှင့်တကွ ပြင်းထန်သောအခိုး၏ တိုးဇော့ထွက်သွားခြင်းဖြင့် ဥဩသံမြည်သည်ဖြစ်သကဲ့သို့ စကားစမြည် ပြောဆိုမည်ဟု ဇောစိတ်အကြံ ဓာတ်မျိုးဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် စကားပြောမှု၏ဆိုင်ရာ စိတ္တဇလေတို့လည်းကောင်း၊ လည်ပင်းကြော၊ မေးကြော၊ လျှာကြောတို့သည်လည်းကောင်း မြွေနဂါးတွေ မြူးကြကုန်သကဲ့သို့ တစ်ပြိုင်နက် လွန့်လက်မြူးကြွ ထကြရကုန်၏။

ရယ်ဓာဖြစ်ပေါ်ခဲ့လျှင် မျက်နှာပြင်၌ ခဏချင်း ရုပ်ရွှင် ရုပ်ကြည်တွေ အပြည့် ဖြစ်ပေါ်မှု၊ ငိုဓာဖြစ်ပေါ်ခဲ့လျှင် မျက်နှာအပြင်၌ ခဏချင်း ရုပ်ညှိုး ရုပ်နောက်တွေ အပြည့် ဖြစ်ပေါ်မှုတို့၌ကား ညဥ့်အခါ မီးထွန်းသော ဥပမာနှင့် တိုက်ဆိုင်၍သိလေ၊ မျက်နှာအပြင်၌ ရယ်ရုပ် ငိုရုပ်တွေ ခဏချင်းအပြည့် ဖြစ်ပေါ်မှုတို့ကို မြင်သဖြင့် ဝမ်းတွင်း ရင်တွင်း လည်ပင်း ဦးခေါင်းတွင်း တစ်ခွင်လုံးတို့၌လည်း ထိုရုပ်တို့ပြည့် မှုကို သိကြလေ။

**အာရုံပြုမှု လျှင်မြန်ပုံ**

အာရုံပြုမှု၏ အလွန်လျင်မြန်စွာ ပျံ့နှံ့ခြင်း၌လည်း ဆိုင်းသံ စည်သံ အမြောက်သံ မိုးကြိုးသံတို့သည် ဖြစ်ရာ အရပ်မှ အလွန်ဝေးစွာသော အရပ်မျက်နှာတို့ကို ခဏချင်း ပျံ့နှံ့ ကြကုန်ဘိသကဲ့သို့ လည်းကောင်း၊ တိမ်တိုက်မှ ထွက်သော လျှပ်ရောင်၊ နေဝန်းမှ ထွက်သောနေရောင်၊ လဝန်းမှထွက်သော လရောင်တို့သည် လျင်မြန်လှသော လေဟုန်၏ အစွမ်းဖြင့် ထွက်ရာအရပ်မှ ခဏချင်း ကောင်းကင် မြေပြင် တစ်ခွင်လုံး ပျံ့နှံ့သကဲ့သို့ လည်းကောင်း စိတ်ခေါ်သော အကြံဓာတ် အစည်ဓာတ် မျိုးတို့သည် နေ၊ လ၊ နက္ခတ်၊ တာရာတို့နှင့်တကွ မိုးတစ်ပြင်လုံးမြေတစ်ပြင်လုံး တောတစ်ခွင်လုံးတို့ကိုလည်းကောင်း ခဏချင်း ပျံ့နှံ့၍ ယူနိုင်၏။ မနောဝိညာဏ် ချည်းဖြစ်ခဲ့အံ့။ အသက်ထက်ဆုံး တွေ့ကြုံ ဆက်ဆံ၍လာခဲ့သော အရပ်ဒေသဌာန မြို့ရွာအာရုံ ဝတ္ထုတို့ကိုလည်းကောင်း ခဏချင်း ပျံ့နှံ့၍ယူနိုင်၏။

အကြံဟူသော ပကတိစိတ်ဓာတ်ကြီး၏ အရှိန်ဟုန်ကြီးပုံ အချက်ကို အမြွက်မျှ ပြဆိုလိုက်သည်။ ဘာဝနာကိစ္စဖြင့် ပွားစီးကြီးကျယ်ခြင်းသို့ ရောက်သော တန် ခိုးဣဒ္ဓိ ဟူသော အကြံဓာတ်မျိုး၌ ဆိုဖွယ်မရှိပြီ။

ဤအချက်ကိုမူကား ဓာတ်တို့၏ အစွမ်းကိုနှံ့ပြားစွာ မမြင်နိုင်ကြကုန်သည်ရှိသော် သတ္တဝါတို့၌ ဖြစ်၍နေကြသော အမှုတို့ကို ဓာတ်တို့နှင့် အကုန်နေရာမချနိုင်ကြကုန် ရာသောကြောင့် ရိပ်မိရုံ ပြဆိုလိုက်သည်။

**မနောနှလုံး ကိစ္စ**

လောကဓမ္မတို့၌ ဤမနောနှလုံး၏အခွင့်သည် အလွန်တရာ ကြီးကျယ်လှ၏။ ခပ်သိမ်းသော အလိမ္မာဟူသမျှတို့သည်လည်း ကောင်း၊ ခပ်သိမ်းသော အမိုက်အမဲ ဟူသမျှတို့သည်လည်းကောင်း ဤမနောနှလုံးမှ ဖြစ်ကုန်၏။

**လောကအလို ပုဂ္ဂိုလ်သတ္တဝါကိစ္စဖြစ်ပုံ**

လောကအလိုအားဖြင့် ဤမနောနှလုံးသည် ဣရိယာပုတ် ၄-ပါးကို ဆောင်တတ်၏။ သွားတတ်၏။ ရပ်တတ်၏။ ထိုင်တတ်၏။ လျောင်းတတ်၏။ ပြောတတ်၏။ ဆိုတတ်၏။

ငိုတတ်၏။ ရယ်တတ် ၏။ သူ့အသက်ကို သတ်တတ်၏။ သူ့ဥစ္စာကို ခိုးယူတတ်၏။

ဤသို့ အစရှိသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါတို့၏ ကိစ္စဟူသမျှသည် မနောနလုံး၏ ကိစ္စချည်းသာတည်း။

## မနောနလုံးသည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်

စောဒနာရန် ရှိပြန်၏–

သက်သက်သော မနောကံကိစ္စမျိုးကိုသာ မနောနလုံးပြုတတ်ပါသည်။ ကာယကံကိစ္စမျိုး၊ ဝစီကံကိစ္စမျိုးတို့သည်ကား မနောနလုံးသက်သက်နှင့် ပြီးစီးကြသည် မဟုတ်ကုန်။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ပါရှိမှ ပြီးစီးကုန်၏။ ထို့ကြောင့် ကာယကံကိစ္စမျိုး၊ ဝစီကံကိစ္စမျိုး တို့ကို မူကား မနောနလုံးသည် မပြုတတ်၊ ပုဂ္ဂိုလ်သတ္တဝါသည်သာ ပြုတတ်ပါသည်ဟု ဆိုရန်ရှိ၏။

ကိုယ်အင်္ဂါ နှုတ်အင်္ဂါစုသည် သိတတ် ကြံတတ်အားထုတ်တတ်သလောဟု ပြန်၍ မေးရာ၏။ ကိုယ်အင်္ဂါစုသည် မသိတတ် မကြံတတ် အားမထုတ်တတ်ပါ၊ မနောနလုံးသည်သာ သိတတ် ကြံတတ် အားထုတ် တတ်ပါသည်ဟု ဆိုပေလတ္တံ့။

ပုဂ္ဂိုလ်သတ္တဝါဆိုသည်ကား သိတတ် ကြံတတ် အားထုတ်တတ်သည်ကို ဆိုသလော၊ မသိတတ် မကြံတတ် အားမထုတ်တတ်သည်ကို ဆိုသလောဟု မေးမြန်းရာ၏။

သိတတ် ကြံတတ်အားထုတ်တတ်သည် ဆိုပါသည်ဟု ဆိုပေလတ္တံ့။

ထိုအခါ မနောနလုံးသည် ပုဂ္ဂိုလ်သတ္တဝါအစစ်ဖြစ်ကြောင်းသည် ထင်ရှားပေါ်၍ လာ၏။ မနောနလုံးသည်သာ သွားတတ် လာတတ် ပြောတတ် ဆိုတတ် ကြံတတ် သိတတ် သတ်တတ် ခိုးတတ်ကြောင်းသည် ထင်ရှားပေါ်၍လာ၏။

တစ်နည်းသော်ကား သတ်မှု၊ ခိုးမှု မည်သည်မနောနလုံး၏ သိမှု ကြံမှုသက်သက်နှင့်ပြီးစီးသည်မဟုတ်၊ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့၏ လှုပ်ရှားမှုပယောဂလည်း ပါရှိမှပြီးစီးသည် ဖြစ်၍ မနောနလုံးသည်လည်း သတ်တတ်၏။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါသည်လည်း သတ်တတ်၏။ မနောနလုံးသည်လည်း ခိုးတတ်၏။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါသည်လည်း

လည်း ခိုးတတ်၏။ မနောနှလုံးသည်လည်း ပုဂ္ဂိုလ်သတ္တဝါတည်း။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါသည်လည်း ပုဂ္ဂိုလ်သတ္တဝါပင်တည်း။

လက်ဖြင့် သတ်ရာ၌ မနောနှလုံးသည်လည်း သတ်တတ်သော ပုဂ္ဂိုလ်သတ္တဝါပင်တည်း။ လက်သည်လည်း သတ်တတ်သော ပုဂ္ဂိုလ်သတ္တဝါပင်တည်း။ ဤအရာ၌မူကား မနောနှလုံးကို ပြဆိုရာဖြစ်၍ မနောနှလုံးသည် သတ်တတ်၏၊ ခိုးတတ်၏ဟု ဆိုပေသတည်း။

ရှေးနည်းကား မနောနှလုံးကိုသာ ပုဂ္ဂိုလ်သတ္တဝါအစစ်ဟု မှတ်ထင်သူတို့၏ အလိုပေတည်း။

နောက်နည်းကား တစ်ကိုယ်လုံးကိုပင် ပုဂ္ဂိုလ်သတ္တဝါဟု မှတ်ထင်သူတို့၏ အလိုပေတည်း။

အချို့သူတို့ကား စိတ်ကိုသာ ပုဂ္ဂိုလ်သတ္တဝါအစစ်ဟု ယူကုန်၏။

အချို့သူတို့ကား ခန္ဓာငါးပါးကိုပင် ပုဂ္ဂိုလ်သတ္တဝါအစစ်ဟု ယူကုန်၏။ အယူနှစ်မျိုးရှိ၏။ ဤကား လောကအလိုတည်း။

**ပရမတ်အလို ခန္ဓာ ၅–ပါး** ပရမတ္ထ အလိုအားဖြင့်မူကား ပုဂ္ဂိုလ်, သတ္တဝါဟူ၍လည်း မရှိ။ နှလုံးသွေးဟူ၍လည်းမရှိ။ ထိုနေရာဌာနအကြောင်းအားလျော်စွာ ဖြစ်ကြသော ခန္ဓာငါးပါးသာရှိ၏။

## ဖြစ်၊ပျက်၊ ပြောင်းရွှေ့မှု လျင်မြန်ပုံ

**နာမ်ခန္ဓာများ** ထိုခန္ဓာ ၅ – ပါးတို့တွင် ခက်မာမှု နူးညံ့မှု ဖွဲ့စေးမှု ယိုစီးမှု နွေးမှု စသော ရူပက္ခန္ဓာစုသည်သာ ထိုနေရာ၌ ဖြစ်ချည်၊ ပျက်ချည် အစဉ်အမြဲ တည်နေ၏။

နာမက္ခန္ဓာ၊ ၄–ပါးတို့သည်ကား ထိုနေရာ၌ ဖြစ်ပေါ်ခိုက်၌သာရှိကုန်၏။ ထိုနှလုံးဌာနမှတစ်ပါး တစ်ကိုယ်လုံးမှာ ထိုထိုနေရာတွင်ဖြစ်ပေါ်၍နေခိုက်၌ နှလုံးမှာ မရှိကြကုန်။

အရေတစ်ခွင်လုံးမှာ ထိုထိုနေရာ၌ မာန၊ တို့ဖြစ်ပေါ်၍နေခိုက် နှလုံးမှာ ရူပက္ခန္ဓာတစ်ပါးသာ ရှိ၏။

သားတစ် ကိုးရာတို့တွင် ထိုသားတစ်မှာ ဖြစ်ပေါ်၍နေခိုက် နှလုံးမှာ ရူပက္ခန္ဓာတစ်ပါးသာရှိ၏။ အကြောကိုးရာတို့တွင် ထိုထိုအကြောမှာ၊ အရိုးသုံးရာတို့တွင်

ထိုထိုအရိုးမှာ၊ ၂–ကုဋေ ၄ သန်းသော ဆံပင်တို့တွင် ထိုထိုဆံပင်မြစ်မှာ၊ ၉–သောင်း ၉–ထောင်သော မွေးညင်းတို့တွင် ထိုထို မွေးညင်းမြစ်မှာ ဖြစ်ပေါ်၍နေခိုက် နှလုံး၌ ရူပက္ခန္ဓာ တစ်ပါးသာရှိ၏။

ထိုသို့ ဖြစ်ပေါ်သော်လည်း နာမက္ခန္ဓာ ၄–ပါးတို့၏ ဖြစ်မှုပျက်မှုဖြစ်ရာဌာန ရွေ့မှု ပြောင်းမှုမည်သည် အလွန်တရာ မြန်လှသည်ဖြစ်၍ ရှေး၌ ပြဆိုခဲ့ပြီးသော မီးရောင် နေရောင် လရောင် ဆိုင်းသံ စည်သံ အမြောက်သံ သေနတ်သံ မိုးသံ မိုးကြိုးသံတို့ကဲ့ သို့ ခြေဖဝါးတစ်ပြင်လုံး၌ အလွန်နာကျင်၍ နေဆဲမှာပင် ထိုနာကျင်မှုကို မနောနှလုံးက လည်း အမြဲသိ၍နေသည်ဟု မှတ်ထင်ကြရကုန်၏။

ခြေဖဝါးတစ်ပြင်လုံးတွင်လည်း တစ်သုတ်တစ်သုတ် ဖြစ်ပေါ်နေသော နာမက္ခန္ဓာ ဟူသော နာမှု၏ဖြစ်ရာဌာနသည် အဏုမြူမျှ ပမာဏကျယ်သည်မဟုတ်။ တစ်သုတ် ချုပ်ကွယ်ပြီးမှ တစ်သုတ် ဖြစ်ပေါ်မြဲ ဓမ္မတာတည်း။ တစ်သုတ် တစ်သုတ်၏ အကြား အကြား၌လည်း နာမှန်းကျင်မှန်းသိသော မနောနှလုံးသိ အသီးသီးညှပ်ကာညှပ်ကာ ဖြစ်မြဲဓမ္မတာတည်း။

မညှပ်ခဲ့လျှင် ထိုတစ်သုတ်နာမှုကိုနာသည်ဟု ပုဂ္ဂိုလ်သိ ဖြစ်နိုင်သည်မဟုတ်။ ခြေဖဝါးကနာမှု၊ မနောနှလုံးကသိမှု၊ အစုံစုံတို့၏ အကြားကြား၌လည်း ဘဝင်မနော တစ်သုတ်တစ်သုတ် ခြားမြဲ ဓမ္မတာတည်း။ ဤသို့ဖြစ်ပါလျက် ခြေဖဝါးတစ်ပြင်လုံး သည် တစ်ပြိုင်နက်ပင် နာ၍ နေသည်၊ နာမှုတစ်ပြင်လုံးတစ်ခုတည်းဖြစ်၍ နေသည်ဟု မှတ်ထင်ကြရကုန်၏။ မနောနှလုံးကလည်း နာမှုနှင့်အပြိုင်သိ၍ နေသည်ဟု မှတ်ထင် ကြရကုန်၏။

ခြားနားရှင်းလင်းစွာ သိခြင်း မြင်ခြင်းငှာ ထိုက်လှသော အချက်ကြီး တစ်ခုပေတည်း၊ တစ်ကိုယ်လုံးရှိ ထိုထိုအင်္ဂါတို့ကို တစ်ဖက်၊ မနောနှလုံးကို တစ်ဖက်ထား၍ ဤနည်း အတိုင်း အကုန်သိကြလေ။

## မြင်မှု၊သိမှုစသည်ကို တစ်ပြိုင်တည်း မှတ်ထင်ကြခြင်း

မြင်မှုနှင့် သိမှုမှာလည်း တစ်နာရီကြည့်ရှု၍ နေရာ၌ အစအဆုံးတိုင် မြင်မှုလည်း တစ်ခုတည်း၊ မျက်စိက မြင်မှုနှင့် မနောနှလုံးက သိမှုလည်း တစ်ပြိုင်တည်း မှတ်ထင်ကြရ ကုန်၏။

ကြားမှုသိမှုအစုံ၊ နံမှုသိမှုအစုံ၊ လျက်မှုသိမှုအစုံတို့၌လည်း ထိုနည်းအတူ သိကြလေ။

မြင်မှုနှင့် ကြားမှု၊ မြင်မှုနှင့်နံမှု၊ မြင်မှုနှင့်လျက်မှု၊ မြင်မှုနှင့်တွေ့ထိမှု၊ ကြားမှုနှင့်နံမှု၊ ကြားမှုနှင့် လျက်မှု၊ ကြားမှုနှင့်တွေ့ထိမှုစသည်တို့၌လည်း ပြိုင်သည်ဟု ထင်မှတ်ကြရကုန်၏။

မနောနှလုံးသိ သက်သက်၌လည်း ဝတ္ထုအာရုံအမျိုးမျိုးတို့ကိုပင် တစ်ပြိုင်တည်း သိနိုင်သည်ဟု မှတ်ထင်ကြရကုန်၏။ စကားပြောဆိုကြရာ၌ အက္ခရာတစ်လုံးတစ်လုံးလျှင် ဇောစိတ် ၇ – ကြိမ် ၇ – ကြိမ် တစ်သုတ်တစ်သုတ်စီ ဖြစ်ရ၏။ အက္ခရာချင်းလည်း ရှေ့နောက်မရောမယှက် အာကာသပရိစ္ဆေဒ ခြားလျက်ရှိကြ၏။ ဇောအသုတ်ချင်းလည်း ရှေ့နောက် မရောမယှက် ဘဝင်စိတ်ခြားလျက်ရှိ၏။ သို့ဖြစ်ပါသော်လည်း စကားလုံး တစ်သောင်း တစ်သိန်းကိုပင် ဇောစိတ်တစ်ခုနှင့် ပြောဆို၍နေသည်ဟု မှတ်ထင်ကြကုန်၏။

## ဣရိယာပုထ် ၄–ပါး၌ ဗျာပါရ မတူကြခြင်း

စင်စစ်မှာမူကား – ဣရိယာပုတ် ၄ ပါးတို့တွင်

၁။ သွားမှုဥဿာဟ[၁] ဗျာပါရ[၂] ခေါ်သော ဇော အခြင်းအရာကား တစ်မျိုး၊

၂။ ရပ်မှု ဥဿာဟဗျာပါရခေါ်သော ဇော အခြင်းအရာကားတစ်မျိုး၊

၃။ ထိုင်မှု ဥဿာဟ ဗျာပါရခေါ်သော ဇော အခြင်းအရာကား တစ်မျိုး၊

၄။ လျောင်းမှု ဥဿာဟ ဗျာပါရခေါ်သော ဇော အခြင်းအရာကားတစ်မျိုး၊ အသီးသီးဖြစ်ကြ၏။

ဥဿာဟ ဗျာပါရ မတူကြသည်ဖြစ်၍ စိတ္တဇလေတို့၏ ထပုံ ကြွပုံချင်းမတူကြ။ စိတ္တဇလေ တို့၏ ထပုံကြွပုံချင်းမတူကြသည်ဖြစ်၍ အကြောကြီး အကြောငယ်တို့၏ ထပုံ ကြွပုံချင်းလည်း မတူကြ။ အကြောကြီး အကြောငယ်တို့၏ ထပုံ ကြွပုံချင်း မတူကြသည်ဖြစ်၍ ကိုယ်အင်္ဂါကြီးငယ်တို့၏ သယ်ပုံ ပိုးပုံ လှုပ်ရှားပုံချင်းလည်း မတူကြ။ သူ့ဥဿာဟ ဗျာပါရနှင့် သူ့ကြိယာ အသီးသီးဖြစ်ကြ၏။ နှစ်ခုပြိုင်၍ မရကောင်း။

---

၁။ ဥဿာဟ– အားထုတ်မှု။ ၂။ ဗျာပါရ – ကြောင့်ကြစိုက်မှု။

ထို့အတူ သွားမှု၌လည်း ခြေတစ်လှမ်းတစ်လှမ်းလျှင် မနောနှလုံး၌ ဇောဥဿာဟ တစ်သုတ် တစ်သုတ်စီ ဖြစ်ကြ၏။ ကြွင်းသော ဣရိယာပုတ်တို့၌လည်းကောင်း၊ ထိုဣရိယာပုတ်တွင်းမှာ ထိုထို ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌လည်းကောင်း အကြံ ဥဿာဟ ဗျာပါရ အသီးသီးဖြစ်ရမှုကိုလည်း သိကြလေ။

## မနော နှလုံး၌ဖြစ်ပေါ်မှု ၃- မျိုး

ထိုမှ တစ်ပါး-

၁။ မနောနှလုံး၌ အကုသိုလ် အကြံအစည် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်မှု တစ်မျိုး၊

၂။ ကုသိုလ် အကြံအစည် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်မှု တစ်မျိုး၊

၃။ ဘဝင်နာမက္ခန္ဓာ ၄- ပါး ဖြစ်ပေါ်မှု သုံးမျိုးရှိ၏။

## နာမက္ခန္ဓာအလိုက် နှလုံးသွေးဖြစ်ပုံ

ဘဝင်နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်ဆဲအခါ၌ နှလုံးသွေးသည် ပကတိနီမြန်းသော အဆင်းအတိုင်းပင် တည်ရှိ၏။ အကုသိုလ် နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်လာလျှင် နှလုံးသွေးတစ်မျိုး ပြောင်းလဲ၏။ ကုသိုလ်နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်လာလျှင် နှလုံးသွေး တစ်မျိုးပြောင်းလဲရ၏။ ကုသိုလ်ဖြစ်ပေါ်ခိုက်မှာ နှလုံးသွေးသည် ပကတိထက် ကြည်ကုန်၏။ အကုသိုလ်ဖြစ်ပေါ်လာခိုက်မှာ ပကတိထက် နောက်ကျ၏။

ကုသိုလ်ဇောတို့တွင်လည်း သဒ္ဓါလွန်ကဲသော ဝါ၍ကြည်၏။

ပညာလွန်ကဲသော အလှည့်မှာ အရောင်အလက်နှင့်တကွ ကြည်၏။

မေတ္တာ[၁] လွန်ကဲသော အလှည့်မှာ အလွန်ချမ်းမြ၍ ကြည်၏။

လောဘလွန်ကဲသော အလှည့်မှာ ပကတိထက်နီလျက် နောက်ကျ၏။

ဒေါသလွန်ကဲသော အလှည့်မှာ ညိုလျက်မည်းနက်လျက် နောက်ကျ၏။

မောဟလွန်ကဲသော အလှည့်မှာ သားဆေးရည်ကဲ့သို့ နီပြေပြေ နောက်ကျ၏။

ဝိတက်[၂] လွန်ကဲသော အလှည့်မှာ ကုလားပဲပြုတ်ရည်ကဲ့သို့ ဖျော့တော့သော အဆင်းရှိ၍ နောက်ကျ၏။

---

၁။ မေတ္တာ = အကျိုးစီးပွားလိုလားချစ်ခင်ခြင်း။

၂။ ဝိတက် ဝိတက္က (ပါဠိ) ကြံစည်တွေးတောခြင်း။

ပီတိ သောမနဿ[၁] လွှန်ကဲသောအလှည့်မှာ ရွှင်သောအဆင်းရှိ၏။

ဒေါမနဿ [၂] လွှန်ကဲသော အလှည့်မှာ ညှိုးခြောက်သော အဆင်းရှိလျက် နောက်ကျူ၏။

သောက[၃] ပရိဒေဝ[၄] လွှန်ကဲသော အလှည့်မှာ အလွန်ပူလောင်မည်းညစ်၏။

ကြောက်ခြင်း၊ ရွံခြင်း၊ ထိတ်လန့်ခြင်းစသောအလှည့်မှာ အလွန်အေးချမ်း၍ခဲ၏။

ဤကဲ့သို့ ဇောစိတ္တုပ္ပါဒ် နာမက္ခန္ဓာ အမျိုးမျိုးတို့ အလှည့်အလည်အားဖြင့် ဖြစ်ပေါ်လာသောအခါ နှလုံးသွေးအမျိုးမျိုး အသစ်အဟောင်း ပြောင်းလဲ၏။

**စိတ်၌ နိစ္စအစွဲ ဖြစ်တတ်ခြင်း** ကိုယ်တွင်းသန္တာန်၌ အထူးထူးအထွေထွေဖြစ်၍နေကြသော ခန္ဓာ ၅-ပါးတို့၏ အထွေထွေအလာလာ အမူသွားတို့ကိုမြင်နိုင်သော ဉာဏ်မျက်စိ မရှိကြကုန်မူ၍ အပေါ်ယံပြင်ပ အပေါင်းမျှကိုသာ သိမြင်နေကြကုန်သော သူတို့မူကား စိတ်ဝိညာဏ်ဟူသည် တစ်သက်လုံး အမြဲတည်ရှိ၍နေသည်ဟု မှတ်ကြကုန်၏။

ထို့ကြောင့် တစ်ကိုယ်လုံး၌ နာမက္ခန္ဓာတို့၏ ဖြစ်ရာဌာနပေါ်ကိုလည်းကောင်း၊ ဖြစ်ဆဲအခိုက် အလှည့်တွေကိုလည်းကောင်း အထွေထွေအလာလာများစွာ ဝေဖန်၍ ပြဆိုလိုက်သည်။

# မနောဝိညာဏ် နာမက္ခန္ဓာ၌ ဒိဋ္ဌိသိနှင့် ဉာဏ်သိခွဲပုံ

ဤမနောဝိညာဏ် နာမက္ခန္ဓာ ၄-ပါး၌ ဒိဋ္ဌိသိ ဉာဏ်သိ ခွဲပုံကို ဆိုပေအံ့။

ဤ၌ ဒိဋ္ဌိမြင်မှုသည် အလွန်များပြားလှ၏။ အကျဉ်းမျှကို ပြဆိုပေအံ့။

**ဒိဋ္ဌိသိ** သတ္တဝါအပေါင်းတို့အား မျက်စိဖြင့်မြင်၍ ထွေထွေလာလာသိကြရာ၌လည်း ပုဂ္ဂိုလ် မြင်မှု၊ သတ္တဝါမြင်မှု၊ ပုဂ္ဂိုလ်သိမှု၊ သတ္တဝါသိမှုဟုထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးသည် ရှိနေကြ၏။

---

၁။ ပီတိသောမနဿ = ပီတိ -နှစ်သက်ခြင်း၊သောမနဿ=ဝမ်းမြောက်ခြင်း။နှစ်သက်ဝမ်းမြောက်ခြင်း။

၂။ ဒေါမနဿ = စိတ်နှလုံးမချမ်းသာခြင်း။

၃။ သောက = စိုးရိမ်ကြောင့်ကြခြင်း။

၄။ ပရိဒေဝ = ငိုကြွေးမြည်တမ်းခြင်း။

နားဖြင့်ကြား၍၊ နှာခေါင်းဖြင့်နံ၍၊ လျှာဖြင့်လျက်၍၊ ကိုယ်အင်္ဂါဖြင့် တွေ့၍ ထွေထွေလာလာ သိကြရာ၌ ပုဂ္ဂိုလ်တွေ့မှု၊ ပုဂ္ဂိုလ်သိမှု၊ သတ္တဝါသိမှုဟု ထင်မြင်စွဲယူသောသက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးသည် ရှိနေကြ၏။

မနောနှလုံးသက်သက်ဖြင့် ထွေထွေလာလာ ကြံကြ သိကြရာ၌ ပုဂ္ဂိုလ်ကြံမှု သိမှု၊ သတ္တဝါကြံမှု သိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးသည် ရှိနေကြ၏။ သတ္တဝါတစ်ကောင်လုံးသည် ဒိဋ္ဌိတုံးကြီး၊ ဒိဋ္ဌိခဲကြီး၊ ဒိဋ္ဌိပဒေသာပင်ကြီးဖြစ်၍ နေကြ၏။

ထို ၆ ချက်တို့တွင် ရှေ့ ၅– ချက်တို့သည် ပဉ္စဝိညာဏ်[၁] နာမက္ခန္ဓာတို့၏ အခန်း၌ ပါဝင်လေကုန်ပြီ။ နောက်ဆုံးအချက်သည်ကား ဤမနောဝိညာဏ် နာမက္ခန္ဓာသက်သက်တို့ကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ထင်မြင်စွဲယူမှုပေတည်း။ မနောဝိညာဏ် နာမက္ခန္ဓာ ၄ ပါးတို့ကို နိစ္စဟူ၍၊ သုခဟူ၍၊ အတ္တဟူ၍ စွဲလမ်းမှုပေတည်း။

**မနောဝိညာဏ် နာမက္ခန္ဓာကို နိစ္စသည်ဟူ၍ စွဲလမ်းပုံ**

စွဲလမ်းပုံကား ပုဂ္ဂိုလ်သတ္တဝါဟူသည် ဖြစ်စရာ ပျက်စရာ သဘာဝအသားမရှိသော နိမိတ္တဓမ္မကြီးဖြစ်၍ နိစ္စမျိုး ဓုဝမျိုးပေတည်း။

တစ်ဘဝ၊ တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါပျက်သာ ရှိသည်ဖြစ်၍ တစ်သက်ပတ်သက် ခိုင်မြဲသော နိစ္စ ဓုဝမျိုးပေတည်း။

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ သူတစ်ပါးဟူ၍၊ ယောကျ်ား၊ မိန်းမဟူ၍၊ ထင်မြင်စွဲလမ်းမှုသည် ထိုရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို နိစ္စမျိုး၊ ဓုဝမျိုးဟူ၍ ထင်မြင်စွဲလမ်းမှု ဖြစ်လေ၏။

နိစ္စဓုဝဟူသည် ဣဋ္ဌမျိုး၊ သုခမျိုး၊ သုဘမျိုးပေတည်း။ အနှစ်သာရ အတ္တမျိုးပေတည်း။

**မနောဝိညာဏ် နာမက္ခန္ဓာကို အနိစ္စသည်ဟူ၍ သိမြင်ပုံ**

ကြံတတ်သိတတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ။ ခန္ဓာ ၅ပါး ရုပ်၊ နာမ်တရားသာရှိ၏။ ထိုနှစ်ပါးတို့တွင် နှလုံးသွေး၌ရှိသော နှုးညံ့မှုကြိယာ၊ ဖွဲ့စေးယိုစီးမှု ကြိယာ၊ ပူနွေးမှု ကြိယာ၊ ပွရွလှုပ်ရှားမှုကြိယာ၊ အဆင်းအနံ့ အရသာ ဩဇာတို့ကား ရုပ်ခန္ဓာတို့တည်း။ ထိုခန္ဓာတို့သည် ကြံမှုမျိုး၊ သိမှုမျိုး မဟုတ်ကုန်။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကုန်။

---

၁။ ပဉ္စဝိညာဏ် = (ပဉ္စဝိညာဏ = ပဉ္စ = ငါးခု + ဝိညာဏ = ဝိညာဏ်)
စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ = ဝိညာဏ်ငါးပါး။

ဗဟိဒ္ဓအာရုံ ခိုက်တိုက်လာသည်ရှိသော် ထိုနှလုံးအတွင်း၌ ရံခါရံခါ မနော ဝိညာဏ် နာမက္ခန္ဓာ ၄–ပါးတို့သည် တစ်သုတ်တစ်သုတ် ဖြစ်ပေါ်ကုန်၏။ ထိုနာမ က္ခန္ဓာတို့ကို ကြံမှုသိမှုဟု ဆိုသတည်း။

နှလုံးသွေး၌ ထိုနာမက္ခန္ဓာတို့၏ဖြစ်ပေါ်ရာဌာနသည် တစ်ရာမက တစ်ထောင် မက များပြား၏။ အကြောင်းအခွင့် အထူးသင့်ရာ ဤနေရာ၌ တစ်သုတ်၊ ထိုနေရာ၌ တစ်သုတ် ဖြစ်ပေါ်ကုန်၏။ တစ်နာရီအတွင်းမှာပင် ဖြစ်ရာဌာနပေါင်း တစ်ရာ တစ် ထောင်မက ပြောင်းလဲ၏။ အသုတ်ပေါင်း တစ်ရာတစ်ထောင်မက များပြား၏။

**စိတ် ၂–ခု တစ်ချိန်တည်း ပြိုင်တူဖြစ်ရိုး မရှိခြင်း**

တစ်သုတ်တစ်သုတ်၏အကြားအကြား၌ ဘဝင်မနော အသီးသီးဖြစ်ပေါ်၍ ခြား၏။ အသုတ်နှစ်ခု ပြိုင်ရိုးမရှိ။ ဘဝင်မနောနှင့်လည်း ပြိုင်ရိုးမရှိ။ တစ်သုတ်ချုပ်ဆုံးမှ ဘဝင်တစ်သုတ် ဖြစ်ပေါ်၏။ ဘဝင်ချုပ်ဆုံးမှ နောက်တစ်သုတ်ဖြစ်ပေါ်၏။

နှလုံးသွေးမှတစ်ပါး စက္ခု၊ သောတ စသော တစ်ကိုယ်လုံးမှာ ထိုထိုနေရာ၌ နာမက္ခန္ဓာ ၄–ပါးတို့ဖြစ်ပေါ်၍နေခိုက်တို့၌လည်း နှလုံးသွေးမှာ ဘဝင်ဝိညာဏ်၊ မနော ဝိညာဏ် နာမက္ခန္ဓာ ၄–ပါးတို့ အကုန်တိတိကင်း၍ နေကုန်၏။ ရူပက္ခန္ဓာသက်သက် သာ ရှိနေ၏။

**အနိစ္စနှင့် မရဏဘေး**

တစ်သုတ်တစ်သုတ် ချုပ်မှုပျက်မှု ကုန်ဆုံးမှုတို့ကား အနိစ္စ လက္ခဏာ အစစ်ပေတည်း။ အနိစ္စလက္ခဏာအမြဲပါရှိ၍ နေကုန်သော ထိုနာမက္ခန္ဓာ ၄–ပါးတို့သည် အနိစ္စမျိုး အစင်စစ်တို့သာတည်း။ အနိစ္စလက္ခဏာဟူ သည် မရဏဘေးကြီးအစစ်တည်း။

**ဒုက္ခမျိုး**

မရဏဘေးကြီး ခဏမစဲ အမြဲကပ်တိုက်၍ နေကုန်သော ထိုထို နာမက္ခန္ဓာ ၄–ပါးတို့ကို ငါဟူ၍လည်းကောင်း၊ငါ၏ဥစ္စာဟူ၍လည်းကောင်း သိမ်းပိုက် ဝံ့စရာမရှိ။ ကြောက်မက်ဖွယ်အတိဖြစ်သော ဒုက္ခမျိုး စင်စစ်တို့သာတည်း။

**အနတ္တမျိုး**

မျက်တောင်တစ်ခတ်မျှ ခိုင်မြဲ၏ဟု စိတ်ချရသော အနှစ်သာရမျိုး မဟုတ်ကြကုန်သောကြောင့် ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံအနှစ်သာရ အတ္တ မဟုတ်သော အနတ္တမျိုးစစ်စစ်တို့သာတည်း။ ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်သာရ မှန်ခဲ့လျှင် ပုဂ္ဂိုလ် သတ္တဝါ အသက်ရှည်သမျှ ခိုင်မြဲရမည်၊ တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသာ ရှိရမည်။ ထိုသို့ကား ဟုတ်။ နာမက္ခန္ဓာ ၄–ပါးတို့သည်ကား တစ်နာရီ အတွင်းမှာပင် အခါတစ်ရာမက သေဆုံးကြကုန်၏။ ပုဂ္ဂိုလ်နှင့် တစ်လမ်းစီနေကြကုန်၏။

ထို့ကြောင့် နာမက္ခန္ဓာ ၄–ပါးတို့သည် ပုဂ္ဂိုလ်သတ္တဝါ၏ အထည်ခံအမာခံဟူသော အတ္တ မဟုတ်ကုန်။ ပုဂ္ဂိုလ်၏ ကိုယ်မဟုတ်။ သတ္တဝါ၏ ကိုယ်မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ၏ ကိုယ်ဟုတ်ခဲ့လျှင် ပုဂ္ဂိုလ်သတ္တဝါ သေဆုံးမှ သေဆုံးကြရလိမ့်မည် ဟူလိုသည်။

ဤသို့သော သိခြင်း မြင်ခြင်းသည်ကား ထိုနာမက္ခန္ဓာ ၄–ပါးတို့ကို အနိစ္စဟူ၍, ဒုက္ခဟူ၍၊ အနတ္တဟူ၍ သိခြင်း မြင်ခြင်းပေတည်း။

ဤမှနောက်၌ ၁၃– ရပ်သော အဆစ်အပိုင်းတို့ကို ဆက်လက်၍ သိကြလေ။

**စိတ်အရသာကြီးကျယ်ပုံ**

အရသာ၌ စိတ်အရသာ မနောအရသာမည်သည် အလွန်တရာကြီးကျယ်၏။ ဇောစိတ် ဇောမနော ဇောညာဏ်တို့၏ အရသာကို မဆိုထားဘိဦး၊ အိပ်ပျော်မှုဟူသော ဘဝင်မနော၏ အရသာသည်ပင်လျှင် အလွန်သာယာဖွယ် ခံစားဖွယ်ကြီးတစ်ပါး ဖြစ်၏။

**နိဒ္ဒါရာမတာ တဏှာ**

စားသောက်၍ မမြိန်မရှက်ရှိခဲ့လျှင် စိတ်စက်မကြည်မချမ်းရှိကြကုန်၏။ စားသောက်၍ မမြိန်မရှက်ရှိခဲ့လျှင် စိတ်စက်မကြည်မချမ်းရှိသကဲ့သို့ အိပ်စက်၍ မခြိုက်မမြိုက်ရှိခဲ့လျှင် စိတ်စက် မကြည်မချမ်းရှိကုန်၏။ အအိပ်ပျက်မည်၊ အစားအသောက်ပျက်မည်ကို အလိုမရှိကြ။ အအိပ်ပျက်မခံနိုင်ကြ၊ အစားပျက်မခံနိုင် ရှိနေကြ၏။ အိပ်စက်မှုဟူသော ဘဝင်မနော အရသာ၌ သာယာသော တဏှာသည် နိဒ္ဒါရာမတာ တဏှာမည်၏။

**ဓမ္မအန္တရာယ်ကြီး**

ဤသာသနာတော်၌ ဗောဓိပက္ခိယဓမ္မ အစီးအပွားသည် အထွက်အမြတ်ဖြစ်၏။ သတ္တဝါတို့ အိပ်ကြရာ ဆိတ်ငြိမ်သော ညဥ့်နာရီစုသည် ဗောဓိပက္ခိယ ဘာဝနာစီးပွားကို အားထုတ်ကြရာ မြို့အလယ် ရွာအလယ်၌ပင် တောအသွင်ကဲ့သို့ အထူးသင့်လျော်လှသောအခါ ဖြစ်၏။

ယခုအခါ သာသနာကိုဏ်းဝင် လူရှင်အပေါင်းတို့အား နိဒ္ဒါရာမတာအပေါက်ရှိနေကြသည့်အတွက် ထိုအချိန်နာရီတွေကို အိပ်မှုနှင့် ဖြုန်း၍ပစ်ကြကုန်၏။ ဓမ္မအန္တရာယ်ကြီး တစ်ပါး ဖြစ်၏။ ဇောမနောအရသာကို အမြဲလိုက်စားကြကုန်၏။ မိမိ၊ မိမိတို့ စိတ်ပျော်ရာ အာရုံဝတ္ထု အမှုကိစ္စနှင့် နေရမှ နေနိုင်ကြကုန်၏။

# ဓာတ်စိတ်အရသာ၌ သာယာသော တဏှာအမျိုးမျိုး

ဓောမနော့အရသာတို့၌ သာယာသော တဏှာသည်ကား ကမ္မာရာမတာ တဏှာ၊ ဘဿာရာမတာတဏှာ၊ သင်္ဂဏိကာရာမတာ တဏှာ စသည်ဖြင့် အလွန်များ၏။

**ကမ္မာရာမတာ တဏှာ** ပရိယတ္တိ ပဋိပတ္တိ ဗောဓိပက္ခိယစီးပွားတို့မှအပဖြစ်သော လုပ်ကြံမှုတို့ကို မစွန့်နိုင်သော တဏှာသည် ကမ္မာရာမတာ မည်၏။

**ဘဿာရာမတာ တဏှာ** အပေါင်းအဖော်တို့နှင့် မစွန့်နိုင်သော တဏှာသည် ဘဿာရာမတာ မည်၏။

**သင်္ဂဏိကာရာမတာ တဏှာ** အဖော်နှင့်ကင်း၍ ဆိတ်ငြိမ်ရာဌာန၌ တစ်ကိုယ်ရေတစ်ကာယ မနေနိုင်သော တဏှာသည် သင်္ဂဏိကာရာမတာ မည်၏။

ဗောဓိပက္ခိယစီးပွားကို လွန်စွာဖျက်ဆီးနိုင်သော ဓမ္မအန္တရာယ်ကြီးတို့ပေတည်း။ ခွေး၊ ကျီး၊ လင်းတ ဥပမာ၊ နွားကြီးဥပမာကိုလည်း ထိုက်သည်အားလျော်စွာ သိကြလေ။

ဖြစ်မှုပျက်မှုနှင့်တကွ မနောဝိညာဏ်နာမက္ခန္ဓာ ၄–ပါးတို့ကို ပြဆိုခန်းပြီး၏။
ဒိဋ္ဌိသိနှင့် ဉာဏ်သိခွဲပုံ ပြီး၏။

# ဝိညာဏ် ၆-ဖြာ နာမက္ခန္ဓာ ၄-ပါးတို့ ကိုယ်ခန္ဓာ၌ ဖြစ်၍နေပုံကို ဥပမာဖြင့် ထင်သာမြင်သာအောင် ပြဆိုခန်း

ယခုအခါ ဝိညာဏ် ၆-ဖြာ နာမက္ခန္ဓာ ၄-ပါးတို့၏ ကိုယ်ခန္ဓာ၌ ဖြစ်၍နေပုံကို ဥပမာဖြင့် ထင်သာ မြင်သာအောင် ပြဆိုဦးအံ့။

**မီးဓာတ်ရပ်ကြီး ဥပမာ**

လောကဓာတ်ပညာဖြင့် လုပ်ကြံ၍ ထားအပ်သော မီးဓာတ်ရပ်ကြီးတစ်ခုသည် ရှိရာ၏။ လူ၏အဆင်း၊ လူ၏သဏ္ဌာန်နှင့် အလုံးစုံအကုန်တူ၏။ ဖန်မှန်ကဲ့သို့ အလွန်ကြည်လင်၏၊ အတွင်း အပြင် အကုန်မြင်ရ၏။လေသလပ်သည်ရှိသော် လေထိရာ အရပ်၌ မီးဖြစ်ပေါ်၏။ မီးတောက်မဟုတ်၊ ဓာတ်ဆေးသားနှင့် ဖွဲ့သော မီးခဲမျိုးပေတည်း။

လေပြတ်စဲပြန်လျှင် ဖြစ်ပေါ်သော မီးလည်း သေပျောက်၏။ ခြေဖဝါးတစ်ပြင်လုံး လေသလပ်ခဲ့လျှင် ခြေဖဝါးတစ်ပြင်လုံး မီးအပြည့် ဖြစ်ပေါ်၏။ လေပြတ်ခဲ့လျှင် မီးအားလုံး သေပျောက်၏။ တစ်ကောင်လုံး လေအကုန်သလပ်ခဲ့လျှင် တစ်ကောင်လုံး အပြည့် တစ်ပြိုင်နက် မီးဖြစ်ပေါ်၏။ တစ်ကောင်လုံးမီးခဲကြီး ထင်မြင်ရ၏။ လေပြတ်စဲခဲ့လျှင် ပြတ်စဲသည်နှင့် တစ်ပြိုင်နက် ကွယ်ပျောက်၏။ ဆေးသား ပကတိအတိုင်း ကျန်ရှိ၏။ ဆေးသားကား မီးကျွမ်းနိုင်သော အသားမဟုတ်။

ရေထဲ မှန်ထဲ၌ပေါ်သော နေဝန်း လဝန်းရိပ်သည် ရေနှင့်မှန်နှင့် ဖြစ်အတူပျက်အတူ ရောယှက်ခြင်း မရှိသကဲ့သို့ ဆေးသားပေါ် ဆေးသားတွင်း၌ ဖြစ်ပေါ်သော မီးသည်လည်း ဆေးသားနှင့် ဖြစ်အတူ ပျက်အတူ ရောယှက်ခြင်းမရှိ။ ထိုမီးအဆင်းကား အလွန်စင်ကြယ်သော ပြဒါးအဆင်းကဲ့သို့ တလက်လက်ရှိ၏။ ကျောက်ကုန်း တစ်ပြင်လုံး လေသလပ်ခဲ့လျှင် ကျောက်ကုန်းတစ်ပြင်လုံး တစ်ပြိုင်နက် အဖြူဖြစ်၍သွား၏။ လေပြတ်စဲပြန်လျှင် မီးကွယ်ပျောက်၍ ဆေးသား ပကတိအတိုင်း ရှိပြန်၏။

ထိုဓာတ်ရပ်ကြီးကို ထိနိုက်၍ အတွင်းတစ်ခွင်လုံး ထင်ရှားပြန်လျှင် အတွင်း ဓာတ်သားချင်း ထိနိုက်ကြ၍ လှုပ်ရှားသမျှ ဌာနအကုန်လုံး မီးအပြည့်ဖြစ်ပေါ်၏။ တိမ်တိုက်တွင်းမှာ လျှပ်ရောင်တဝင်းဝင်း တလက်လက်တရှိန်ရှိန် ထသကဲ့သို့ ဓာတ်ရပ်ကြီးအတွင်းမှာ ထိုမီး တဝင်းဝင်းတလက်လက် တရှိန်ရှိန် ဖြစ်ပေါ်၏။ လှုပ်ရှားမှု ပြေပျောက်ငြိမ်းပြန်လျှင် ထိုမီးကွယ်ပျောက်ပြန်၏။

နှလုံးသွေးနေရာ၌ကား မီးသည် ထိုထိုနေရာ၌ တလက်လက်မစဲဖြစ်ပေါ်၍နေ၏။ ဖြစ်ပေါ်ချည် မြုပ်ကွယ်ချည် အစဉ်မပြတ်နေသည်ကို တလက်လက်ဆိုသည်။ တခြားတစ်ပါးသော နေရာတို့၌ မီးဖြစ်ပေါ်၍နေဆဲအခါမှာ နှလုံးသွေးနေရာ၌ မီးပြတ်စဲ၏။

သတ္တဝါတို့၏ ကိုယ်ခန္ဓာတစ်ခုလုံး၌ အရေပေါ် အရေတွင်း၊ အသားပေါ် အသားတွင်း၊ အကြောပေါ် အကြောတွင်း၊ အရိုးပေါ် အရိုးတွင်း၊ ဦးနှောက်တွင်း၊ အအူတွင်း၊ အသည်းတွင်း၊ နှလုံးတွင်း၊ အဆုတ်တွင်းတို့၌ နာမက္ခန္ဓာ ၄-ပါး အလှည့်အလည်အားဖြင့် မပြတ်မစဲ အမြဲဖြစ်ပေါ်၍နေပုံ၊ ဖြစ်ရာဖြစ်ရာ ဌာန၌ပင် ချုပ်ပျက်ကွယ်ပျောက်၍နေပုံကို ထင်သာမြင်သာရှိအောင် ကြံဆောင်၍ပြလိုက်သော ဥပမာပေတည်း။

အပ အာရုံ ဖပါးသည် အပ၌ ထလတ်သော အရှေ့လေ အနောက်လေ တောင်လေ မြောက်လေ အရပ်လေးခုနှင့် တူ၏။

လှုပ်ရှားမှု ညောင်းမှုညာမှု၊ စသည်ဖြစ်သောအခါ၌ အတွင်းဖောဋ္ဌဗ္ဗထိခိုက်မှုသည် အတွင်းဆေးသားချင်း ထိခိုက်မှုနှင့်တူ၏။

ဤသို့ ကိုယ်ခန္ဓာအတွင်းမှာ ဘယ်နေရာက လှုပ်ရှားသည်ဟု သိရလျှင်ပင် ထိုနေရာ၌ နာမက္ခန္ဓာ ၄-ပါးဖြစ်ပေါ်ပြီဟု မှတ်။ နာမက္ခန္ဓာ မပေါ်ခဲ့လျှင် ထိုနေရာတစ်ခုလုံး ပြတ်ကြွေ၍ပင် သွားသော်လည်း ထိုအခါ မသိနိုင်။ ဦးခေါင်းတစ်လုံး လှုပ်၍သွားသည်ဟု သိလိုက်သောအခါ၌ ဦးခေါင်းတစ်ခုလုံး၊ နာမက္ခန္ဓာတွေ အပြည့်ဖြစ်ပေါ်၍သွားသည်ဟုမှတ်။

ရင်တစ်ခုလုံး လှုပ်၍သွားသည်ဟု သိလိုက်သောအခါ၌ ရင်တစ်ခုလုံး လျှပ်စစ်ပျက်သကဲ့သို့ နာမက္ခန္ဓာတွေ အပြည့်ဖြစ်ပေါ်၍ သွားသည်ဟုမှတ်။ တစ်ကိုယ်လုံးလှုပ်သည်ဟု သိလိုက်သောအခါ၌ အတွင်းအပတစ်ကိုယ်လုံးမှာ လျှပ်စစ်ပြက်သကဲ့သို့ နာမက္ခန္ဓာတွေ အပြည့်ဖြစ်ပေါ်၍ သွားသည်ဟု မှတ်လေ။

**စိတ်အသီးသီးသည် နှစ်ဌာန၌ ပြိုင်၍ ဖြစ်ရိုးမရှိခြင်း**

တစ်ကိုယ်လုံးမှာ ထိုထိုနေရာတို့၌ နာမက္ခန္ဓာ ၄-ပါးတို့ ဖြစ်ပေါ်၍ နေဆဲအခါမှာ နှလုံးသွေး၌ မနောဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့ ပြတ်စဲကွယ်ပျောက်၍ နေမြဲဓမ္မတာတည်း။

တစ်ကိုယ်လုံးမှာ ထိုထိုနေရာတို့၌ နာမက္ခန္ဓာ ၄-ပါးတို့ တစ်သုတ် တစ်သုတ် အချုပ်အဆုံးတွင် နှလုံး၌ နာမက္ခန္ဓာ ၄-ပါး ညှပ်ကာညှပ်ကာ ဖြစ်ပေါ်မြဲ ဓမ္မတာပေတည်း။

တစ်ယောက်သော သတ္တဝါ၏ခန္ဓာ၌ နာမက္ခန္ဓာတို့ မည်သည် နှစ်ဌာနပြိုင်၍ ဖြစ်ရိုးမရှိ။ တစ်ဌာနချုပ်ပြီးမှ တစ်ဌာန၌ ဖြစ်ပေါ်မြဲတည်း။

**ကိုယ်ခန္ဓာ၌ ၂၄-ပစ္စည်း တပ်ပြပုံ**

၂၄-ပစ္စည်းတွင် "အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော"ဟူသော လေးပါးသော ပစ္စည်းတို့သည် တစ်ယောက်သော သတ္တဝါတွင် နာမ်တရားတို့ နှစ်ဌာနပြိုင်၍ ဖြစ်ခြင်း မရှိသည်ကို ဆိုခဲ့သော ပစ္စည်းတို့တည်း။

**ဝိပ္ပယုတ္တပစ္စည်း**

နာမက္ခန္ဓာ ၄-ပါးတို့တွင် အရေတွင်း အသားတွင်း အကြောတွင်း အရိုးတွင်း ဦးနှောက်တွင်း အဆုတ်တွင်း အသည်းတွင်း နှလုံးသားတွင်း နှလုံးသွေးတွင်းတို့၌ တဝင်းဝင်း တလက်လက် မစဲဖြစ်ပေါ်၍ နေကြကုန်သော်လည်း ရုပ်ခန္ဓာတို့နှင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်သည်ကို "ဝိပ္ပယုတ္တပစ္စည်း"ဆိုသတည်း။

**အာရမ္မဏပစ္စည်း**

ဓာတ်ရုပ်ကြီးမှာ အပ၌ လေသလပ်မှု၊ အတွင်း၌ ဓာတ်သားချင်း ကြိတ်မှုရှိမှသာလျှင် ဓာတ်မီးဖြစ်ပေါ်နိုင်သကဲ့သို့ အာရုံ ၆-ပါး ထိခိုက်မှုရှိမှသာ ထိခိုက်ရာဌာန ဝိညာဏ် ၆-ပါး၊ နာမက္ခန္ဓာ ၄-ပါးတို့ ဖြစ်ပေါ်နိုင်ကြသည်ကို "အာရမ္မဏပစ္စည်း"ဆိုသတည်း။

**အဓိပတိပစ္စည်း ဟေတုပစ္စည်း**

အထူးအားဖြင့် ခင်မင်ကြသော အာရုံမျိုးကို "အဓိပတိပစ္စည်း"ဆိုသတည်း။

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟတို့၏ ရုပ်နာမ်ခန္ဓာတို့အား အမြစ်မူလ ကိစ္စဖြင့် ကျေးဇူးပြုမှုကို "ဟေတုပစ္စည်း"ဟု ဆိုသတည်း။

**သဟဇာတ အညမညပစ္စည်း**

ခက်မာမှု ဖွဲ့စေးမှု ပူမှု အေးမှု အစရှိသော ရုပ်ခန္ဓာလျှင် ရုပ်ခန္ဓာချင်း၊ သိမှု ခံစားမှု မှတ်မှု စေ့ဆော်မှု အစရှိသော နာမ်ခန္ဓာလျှင် နာမ်ခန္ဓာချင်း ပြိုင်းခနဲ ပြိုင်းခနဲ အတူတကွ ဖြစ်ပေါ်ကြသည်ကို " သဟဇာတပစ္စည်း အညမညပစ္စည်း" ဆိုသတည်း။

**နိဿယပစ္စည်း**

ရုပ်လျှင် ရုပ်ချင်း၊ နာမ်လျှင် နာမ်ချင်း မှီကြရသည်ကိုလည်းကောင်း၊ နာမက္ခန္ဓာတို့သည် ရုပ်ခန္ဓာတို့၌ မှီကြရသည်ကိုလည်းကောင်း "နိဿယပစ္စည်း"ဆိုသတည်း။

**ဥပနိဿယပစ္စည်း**

အမိကျေးဇူး၊ အဖကျေးဇူး၊ သားကျေးဇူး၊ သမီးကျေးဇူး၊ အိမ်ကျေးဇူး၊ ယာကျေးဇူး၊ နွားကျေးဇူး၊ ကျွဲကျေးဇူး၊ မြေကျေးဇူး၊ ရေကျေးဇူး၊ မီးကျေးဇူး၊ ထင်းကျေးဇူး၊ မိုးကျေးဇူး၊ လေကျေးဇူး၊ တောကျေးဇူး၊ တောင်ကျေးဇူး၊ ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူး၊ ဆရာသမားကျေးဇူး အစရှိသော လောကဉာဏ်ရှိသမျှ သိမြင်ကြရသော လောက၌

ကျေးဇူးကြီး၊ငယ် အနန္တတို့ကို "ဥပနိဿယပစ္စည်း"ဆိုသတည်း။

**ပုရေဇာတပစ္စည်း** နှလုံးသွေး၌ ဖြစ်ပေါ်ကြသော နာမက္ခန္ဓာ ၄-ပါးတို့သည်ကား အတိတ်အနာဂတ်ဖြစ်သော ရှေးရှေးနှောင်းနှောင်း အာရုံတို့ကိုလည်းကောင်း၊ မိမိတို့နှင့် အပြိုင်ဖြစ်ပေါ်သော အာရုံတို့ကိုလည်းကောင်း အစွဲပြု၍ ဖြစ်ပေါ်နိုင်ကြကုန်၏။

နှလုံးသွေးမှတစ်ပါး စက္ခုသောတ အစရှိသော တစ်ကိုယ်လုံး တစ်ကောင်လုံး၌ ဖြစ်ပေါ်ကြကုန်သော နာမ်ခန္ဓာ ၄-ပါးတို့သည်မူကား ထိုသို့ မဟုတ်ကြကုန်။ စက္ခု၊ သောတ အစရှိသော ကိုယ်အင်္ဂါတို့၌ အဆင်း၊ အသံအစရှိသော ပစ္စုပ္ပန်အာရုံတို့၏ ခိုက်မှု၊ တိုက်မှုကို အစွဲပြု၍သာ ဖြစ်ပေါ်ကြကုန်၏။ ခိုက်တိုက်လာသော ပစ္စုပ္ပန်အာရုံတို့ကိုသာ အာရုံပြုနိုင်ကြကုန်၏။ အာရုံတို့က ဖြစ်ပေါ်မှု အတန်ငယ် ရှေ့ကျလျက် အလျင်တင်ကူး၍ လှူ့ဆော်ကြရကုန်၏။ ဤသို့သော ကျေးဇူးကို "ပုရေဇာတ ပစ္စည်း" ဆိုသတည်း။

**ပစ္ဆာဇာတပစ္စည်း** ရှေးရှေးတင်ကူး၍ ပေါက်ရောက်ပြီးသော မြက်သစ်ပင်တို့အား ကြီးပွားခြင်းငှာ နောက်နောက် ရွာသွန်းသော မိုးရေသည် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးတင်ကူး၍ ဖြစ်ပေါ်နှင့်ကြကုန်သော ရုပ်ခန္ဓာတို့အား ထက်သန်ကြစေခြင်းငှာ နောက်နောက်၌ တစ်သုတ်တစ်သုတ် ဖြစ်ပေါ်ကြကုန်သော နာမက္ခန္ဓာ ၄-ပါးတို့သည် ကျေးဇူးပြုကြပေကုန်၏။ ဤသို့သော ကျေးဇူးကို "ပစ္ဆာဇာတပစ္စည်း" ဆိုသတည်း။

**အာသေဝနပစ္စည်း** စက်ကိရိယာတို့သည် အဆင့်ဆင့် အားပေးကြကုန်သကဲ့သို့ နောက်နောက်သော ဇောနာမက္ခန္ဓာတို့အား ရှေးရှေးသော ဇောနာမက္ခန္ဓာတို့သည် အဆင့်ဆင့် အားပေးကြကုန်၏။ ဤသို့သော အားပေးမှုကို "အာသေဝနပစ္စည်း"ဆိုသတည်း။

**ကမ္မပစ္စည်း** ရှေး၌ သင်္ခါရက္ခန္ဓာအခန်းတွင် ပြဆိုခဲ့ပြီးသော စေတနာ၏ စိတ်ကို ရပ်တည်မရအောင် စေ့ဆော်မှု၊ လှူ့ဆော်မှု၊ အပူအပြင်း တိုက်တွန်းမှုကို "ကမ္မပစ္စည်း"ဆိုသတည်း။

သုဂတိဘုံဘဝသို့ ရောက်၍ လူဖြစ်ရမှု၊ နတ်ဖြစ်ရမှု၊ ဗြဟ္မာဖြစ်ရမှု ချမ်းသာသုံးပါးကို ခံစား စံစားကြရမှု၊ ဒုဂ္ဂတိသို့ ရောက်၍ အပါယ်သတ္တဝါဖြစ်ရမှု၊ အပါယ်ဒုက္ခ ၄-ပါး

ကို စံစားကြရမှုကိုလည်း "ကမ္မပစ္စည်း"ဆိုသတည်း။

**ဝိပါကပစ္စည်း** — အိပ်ပျော်၍ နေစဉ်အခါ၌ ဘဝင်မနောတို့၏ ငြိမ်သက်မှုကို "ဝိပါကပစ္စည်း"ဆိုသတည်း။

**အာဟာရပစ္စည်း** — နေ့စဉ်မျိုအပ်သော ထမင်းအစာတို့၏ တစ်ဘဝ တစ်ဘဝ၌ ရုပ်ခန္ဓာကြီး ခိုင်မြဲအောင် ထောက်ပံ့မှု၊ စိတ်ဖဿစေတနာတို့၏ အနမတဂ္ဂသံသရာ၌ နာမ်ခန္ဓာအစဉ်ကို ခိုင်မြဲအောင် ထောက်ပံ့မှုသည် "အာဟာရပစ္စည်း"မည်၏။

**ဣန္ဒြိယပစ္စည်း** — စက္ခုရုပ်သည် စက္ခုဝိညာဏ် နာမက္ခန္ဓာ ၄-ပါးတို့ကို အစိုးရ၏။ ထိုခန္ဓာ ၄-ပါးတို့သည် စက္ခုရုပ် နုံ့နေးလျှင် နုံ့နေးရကုန်၏။ မျက်စိအမြင် မကြည်မလင်ဖြစ်ရ၏။ စက္ခုရုပ် ထက်သန်လျှင် ထက်သန်ကြရကုန်၏။ မျက်စိအမြင် ကြည်လင်၏။ လူတို့၏ စက္ခုရုပ် ထက်သန်သည်ထက် နတ်တို့၏ စက္ခုရုပ်သည် ထက်သန်၏။ ထို့ကြောင့် အမြင်ခန္ဓာတို့သည် သစ်ပင်၊ တော၊ တောင်၊ မြေ၊ ရေကို ဖောက်ထွင်း၍ မြင်ကြရကုန်၏။

သောတရုပ်၊ ဃာနရုပ်၊ ဇိဝှါရုပ်၊ ကာယရုပ်တို့၌လည်း သူ့ဝိညာဏ်နှင့်သူ ဆိုလေ။

ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့သည် နာမက္ခန္ဓာ ၄-ပါးတို့ကို အသီးသီး အစိုးရကုန်၏။ မိမိတို့ ကိစ္စ၌ မိမိတို့ နုံ့လျှင် နုံ့ကြရကုန်၏။ ထက်လျှင် ထက်ကြရကုန်၏။

ရုပ်ဇီဝိတသည် ကမ္မဇရုပ်တို့ကို အစိုးရ၏။ ဇီဝိတနုံ့လျှင် နုံ့ကြရကုန်၏။ အသက်တို၏။ ဇီဝိတထက်သန်လျှင် ထက်သန်ကြကုန်၏။ အသက်ရှည်၏။ ဤသို့သော အစိုးရမှုကို "ဣန္ဒြိယပစ္စည်း"ဆိုသတည်း။

**ဈာနပစ္စည်း** — ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ ဧကဂ္ဂတာတို့၏ နာမက္ခန္ဓာတို့ကို အာရုံ၌ ရှုးရှုးစိုက်စိုက် နေနိုင်ကြအောင် ကျေးရှုးပြုမှုသည် "ဈာနပစ္စည်း"မည်၏။

သေနတ်ဖြင့် ငှက်ကို ပစ်ရာ၌ ဤဈာနပစ္စည်း မပါလျှင် ရွယ်ပင် မရွယ်နိုင်။

**မဂ္ဂပစ္စည်း** ပညာ၊ ဝိတက်၊ ဝိရတီသုံးခု၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိတို့၏ နာမက္ခန္ဓာ ၄-ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံ မြောက်ကြောင်း ဒုဂ္ဂတိ သုဂ္ဂတိ နိဗ္ဗာန်သို့ ပေါက်ရောက်ကြောင်း အဖြစ်ဖြင့် ကျေးဇူး ပြုမှုသည် "မဂ္ဂပစ္စည်း" မည်၏။

**သမ္ပယုတ္တပစ္စည်း** နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်အတူ ပျက်အတူ ယှဉ်ဖက်မှုသည် "သမ္ပယုတ္တပစ္စည်း"မည်၏။ ဝိပ္ပယုတ္တတပစ္စည်းကို ပြဆိုခဲ့ပြီ။

**အတ္ထိ အဝိဂတပစ္စည်း** ပြဆိုခဲ့ပြီးသော ပစ္စည်းအပေါင်းတို့တွင် အကျိုးဖြစ်သော ပစ္စုပ္ပန်တရားတို့နှင့် ခဏပစ္စုပ္ပန် အပြိုင်ရကောင်းသော သဟဇာတပစ္စည်း၊ ပုရေဇာတပစ္စည်း စသည်ကိုပင် "အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း" ဆိုသည်။

**အနိစ္စာ နုပဿနာဉာဏ်ပြီး၏။**

----------

# လက္ခဏာရေး ၃–ပါး

## နိစ္စ၊ နိမိတ်၊ အနိစ္စလက္ခဏာ– အနိစ္စဝိပဿနာ သုံးပါးကို ပြဆိုခန်း

၁။ (က) နိစ္စနိမိတ်
(ခ) အနိစ္စလက္ခဏာ
(ဂ) အနိစ္စဝိပဿနာ

၂။ (က) သုခနိမိတ်၏
(ခ) ဒုက္ခလက္ခဏာ
(ဂ) ဒုက္ခဝိပဿနာ

၃။ (က) အနတ္တနိမိတ်
(ခ) အနတ္တလက္ခဏာ
(ဂ) အနတ္တဝိပဿနာ

### နိစ္စနိမိတ်ကို ပြဆိုချက်

"နိစ္စ နိမိတ်၊ အနိစ္စ လက္ခဏာ၊ အနိစ္စ ဝိပဿနာ"ဟူသော ပထမသုံးချက်၌–

**နိစ္စနိမိတ်** အနိစ္စနိမိတ်ဆိုသည်ကား ခန္ဓာ ၅–ပါးတို့၏ နိစ္စ အရိပ်အယောင်ကြီးပေတည်း။ အနိစ္စအချက်ကို ဉာဏ်အမြင် မပေါက်ကုန်သော သူတို့သည် အရိပ်အယောင်ကြီးကို အစွဲပြု၍ ခန္ဓာ ၅–ပါး ရုပ်နာမ် တရားတို့ကို နိစ္စဟု မှတ်ထင်စွဲလမ်းကြကုန်၏။

### နိမိတ် ၂–ပါး

ထိုအရိပ်အယောင်ကြီးသည် သဏ္ဌာန နိမိတ်၊ သန္တတိ နိမိတ်ဟူ၍ နှစ်ပါး ရှိ၏။

**သဏ္ဌာန နိမိတ်** ပရမာဏုမြူ အဏုမြူတို့မှစ၍ မြင်းမိုရ်တောင် ပမာဏတိုင်အောင် လောက၌ အကြီးအငယ် အရှည်အတို အဝန်း အလျား အပါးအထူ အစရှိသည်ဖြင့် ထင်မြင်၍နေကြသော အထည်ဝတ္ထု ဒြပ်သဏ္ဌာန် ဟူသမျှသည် သဏ္ဌာနနိမိတ်မည်၏။

## သန္တတိ နိမိတ် ၂-မျိုး

သန္တတိသည် - ကာလသန္တတိ၊ ဌာနသန္တတိ ဟူ၍ နှစ်ပါးရှိ၏။

**ကာလသန္တတိ နိမိတ်** အဏုမြူစသော ဝတ္ထုဒြဗ်သည် မကွယ်မပျက်မူ၍ ခဏများစွာတည်နေ၏ဟု ထင်မြင်ကြသည်ကား ကာလသန္တတိတည်း။

**ဌာနသန္တတိနိမိတ်** ဤဝတ္ထုသည် လှုပ်၏၊ ရှား၏၊ ရွေ့၏၊ ပြောင်း၏၊ ဤနေရာမှ ထိုနေရာသို့ ရောက်၏။ ထိုနေရာမှ ဤနေရာသို့ ရောက်၏ဟု ထင်မြင်ကြရသည်ကား ဌာနသန္တတိတည်း။

ဤ သဏ္ဌာနနိမိတ် သန္တတိနိမိတ်နှစ်ပါးသည် နိစ္စနိမိတ်မည်၏။

**သဏ္ဌာနနိမိတ်မှ နိစ္စနိမိတ်အမျိုးမျိုးဖြစ်ပုံ** ဤနိစ္စနိမိတ်နှစ်ပါးတို့မှ ပွားသော နိစ္စနိမိတ်တို့သည်ကား ပုဂ္ဂိုလ်သတ္တဝါဟူသော နိစ္စနိမိတ်၊ ငါ သူတစ်ပါး ယောကျ်ားမိန်းမဟူသော နိစ္စ နိမိတ်၊ ပုဂ္ဂိုလ်သတ္တဝါ၏ အင်္ဂါကြီးငယ်ဟူသော နိစ္စနိမိတ်၊ ဤနိမိတ်တို့ကား သဏ္ဌာနနိမိတ်မှ ပွားကုန်၏။

**သန္တတိနိမိတ်မှ ဖြစ်ပွားသော နိစ္စနိမိတ်** ပုဂ္ဂိုလ်သတ္တဝါ အင်္ဂါကြီးငယ်တို့၏ ခဏများစွာ တည်နေမှု၊ လှုပ်ခြင်း ရှားခြင်း၊ သွားခြင်း လာခြင်း၊ ပြောခြင်း ဆိုခြင်း၊ ကြံခြင်း သိခြင်း၊ ကြည့်ခြင်း ရှုခြင်း၊ အစရှိကုန်သော ကိရိယာဗျာပါရ နိစ္စနိမိတ်တို့သည်ကား သန္တတိနိမိတ်မှ ဖြစ်ပွားကုန်၏။

ဤစကား၌ လှုပ်ခြင်း ရှားခြင်းဆိုသည်ကား လောက၌ သိမြင်ခေါ်ဝေါ်၍ နေကြသော လှုပ်ခြင်း ရှားခြင်းကို ဆိုသည်။

ကြံခြင်း သိခြင်း ကြည့်ခြင်း ရှုခြင်း စသည်တို့၌လည်း-

သူကြံသည် ငါကြံသည်၊ သူသိသည် ငါသိသည်ဟု ထင်မြင်ပြောဆို၍ နေကြသော ကြံမှု သိမှု စသည်တို့သည်လည်း အရာအထောင်မကသော ရုပ်အဆက်ဆက် နာမ်အဆက်ဆက်တို့ကို တစ်ခုတစ်ခုပြု၍ သိမြင်ခေါ်ဝေါ်မှု ဖြစ်သောကြောင့် သန္တတိနိမိတ်တို့ပင်တည်း။

**နိစ္စနိမိတ်မှ ပွားပုံ** လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ဗြဟ္မာအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ ပြိတ္တာအမျိုးမျိုး အစရှိကုန်သော နိစ္စနိမိတ်မျိုး အနန္တတို့ကား ပုဂ္ဂိုလ်သတ္တဝါဟူသော နိစ္စနိမိတ်မှ ပွားကုန်၏။

ကိုယ်အင်္ဂါ၊ ဦးခေါင်းအင်္ဂါ၊ ခြေအင်္ဂါ၊ လက်အင်္ဂါ ဟူသော အင်္ဂါကြီး၊ ဦးထိပ်အင်္ဂါ၊ နဖူးအင်္ဂါ၊ မျက်လုံးအင်္ဂါ၊ နားအင်္ဂါ၊ နှာခေါင်းအင်္ဂါ၊ ခံတွင်းအင်္ဂါ အစရှိသော အင်္ဂါလတ် အင်္ဂါငယ်တို့သည်လည်းကောင်း၊ ဆံပင် မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး အစရှိကုန်သော ကောဋ္ဌာသ အင်္ဂါတို့သည်လည်းကောင်း ပုဂ္ဂိုလ်သတ္တဝါ၏ အင်္ဂါဟူသော နိစ္စနိမိတ်မှ ပွားကုန်၏။

**သန္တတိနိမိတ်မှ ပွားပုံ**

ခပ်သိမ်းသော ကိရိယာအမူအရာ အခြင်းအရာသည် သန္တတိနိမိတ်မှ ပွားကုန်၏။ မျက်တောင်ခတ်ခြင်း အသက်ရှူခြင်း အင်္ဂါကြီးငယ်တို့၏ လှုပ်ရှားခြင်းဟူသော ကိုယ်အင်္ဂါအမူအရာတို့သည်လည်းကောင်း၊ မေးလှုပ်ခြင်း၊ နှုတ်ခမ်းလှုပ်ခြင်း၊ လျှာလှုပ်ခြင်း၊ ပြောခြင်း၊ ဆိုခြင်း၊ ပြုံးရယ်ခြင်း အစရှိသော နှုတ်အင်္ဂါအမူအရာတို့သည်လည်းကောင်း၊ တူရူကြည့်ခြင်း၊ စောင်းငဲ့၍ကြည့်ခြင်း အစရှိကုန်သော အမူအရာတို့သည်လည်းကောင်း သန္တတိနိမိတ်မှ ပွားကုန်၏။

ဤစကား၌ ပုဂ္ဂိုလ်သတ္တဝါ အမူအရာကိရိယာ ဟူသမျှသည် ဒြဗ်အမျိုးမျိုးမဟုတ်၊ ရွေ့လျားမှုမျိုးဖြစ်၍ သန္တတိနိမိတ်ဆိုသတည်း။

ဤကား နိစ္စနိမိတ် ပြဆိုချက်တည်း။

---

## အနိစ္စလက္ခဏာကို ပြဆိုချက်

**အနိစ္စမည်ပုံ**

အနိစ္စလက္ခဏာ ဟူရာ၌ အနိစ္စ၊ အနိစ္စလက္ခဏာ နှစ်ပါးကို သိရာ၏။ အနိစ္စဆိုသည်ကား ခက်မာမှု ကိရိယာ၊ ဖွဲ့စေးမှု ကိရိယာ အစရှိသော ရုပ်ခန္ဓာ၊ မျက်စိ၏ မြင်မှု၊ နား၏ ကြားမှု၊ နှာခေါင်း၏နံမှု၊ လျှာ၏ လျက်မှု၊ ခြေဖဝါးစသော ကိုယ်အင်္ဂါ၏ တွေ့မှု၊ မနောနှလုံး၏ သိမှု၊ ခံစားမှု၊ မှတ်မှု၊ စေ့ဆော်မှု ဟူသော နာမ်ခန္ဓာ၊ ဤရုပ်ခန္ဓာ၊ နာမ်ခန္ဓာတရားတို့သည် မမြဲတတ် သောကြောင့် အနိစ္စမည်ကုန်၏။

**အနိစ္စ လက္ခဏာ**

အနိစ္စလက္ခဏာဆိုသည်ကား ထိုရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ခဏမစဲဖြစ်ပေါ်ခြင်း ခဏမစဲပျက်ဆုံးခြင်းဟူသော မမြဲခြင်း ကိရိယာတို့သည် ထိုရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ဤတရားတို့ကား အနိစ္စစင်စစ်တို့တည်းဟူ၍ မုချ ဆုံးဖြတ်ကြောင်းဖြစ်သောကြောင့် အနိစ္စလက္ခဏာ မည်ကုန်၏။ ဖြစ်ပေါ်ခြင်း၊ ပျက်ဆုံးခြင်း နှစ်ပါးတို့တွင် ပျက်ဆုံးခြင်းသာ အနိစ္စလက္ခဏာအစစ်တည်း၊ ခက်မာခြင်း

ကိရိယာ၏ ခဏမစဲ ပျက်ဆုံးခြင်း ကိရိယာကို မြင်သဖြင့် ခက်မာခြင်း ကိရိယာသည် အနိစ္စမျိုး စင်စစ်ဟု မုချ သိနိုင် ဆုံးဖြတ်နိုင်၏ ဟူလိုသည်။

**သဏ္ဍာနနိမိတ် ကွယ်ပျောက်ပုံ** ထိုတွင် ခက်မာခြင်း ကိရိယာအစရှိသော မမြဲတတ်သော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို အမြင်ပေါက်ခဲ့သည်ရှိသော် သဏ္ဍာနနိမိတ် နိစ္စ အသိုက်အအုံတို့သည် ဉာဏ်၌ ကွယ်ပျောက်ရကုန်၏။

**ရုပ်ခန္ဓာ၌ သဏ္ဍာနနိမိတ် ကွယ်ပျောက်အောင်ရှုပုံ** ဤသည်ကား အဏုမြူတစ်ခုပေတည်းဟု ဧကန်ရှိ မှတ်ထင်၍ နေရာ၌ ထိုအဏုမြူ သဏ္ဍာန်အတွင်းမှာ ခက်မာမှု ကိရိယာအများ ဖွဲ့စေးမှု ကိရိယာအများ ပူမှုအေးမှု ကိရိယာအများ၊ တောင့်တင်းမှု ကိရိယာအများတို့ကို မြင်၍လာသည်ရှိသော် အဏုမြူလည်းမဟုတ်၊ အစုလည်း မဟုတ်၊ ရုပ်ခန္ဓာ အစုအခဲ အပေါင်းအစည်းတစ်ခုသာ အမှန်ဖြစ်သည်ဟု သိမြင်၍လာ၏။

မြင်းမိုရ်တောင်ကြီးတစ်ခု ဧကန်ရှိ မှတ်ထင်၍ နေရာ၌ ထိုမြင်းမိုရ်တောင်ကြီးမှာ ခက်မာမှုတွေ အသချေ်ာ အသချေ်ာ၊ ဖွဲ့စေးမှုတွေ အသချေ်ာ အသချေ်ာ စသည်တို့ကို အမြင်ပေါက်ခဲ့သည်ရှိသော် မြင်းမိုရ်တောင်လည်း မဟုတ်၊ အစုလည်း မဟုတ်၊ ရုပ်စု ရုပ်ခဲတွေ အသချေ်ာ အသချေ်ာ ပေါင်းစု၍နေသော ရုပ်တုံး ရုပ်ခဲကြီးတစ်ခုသာ အမှန်ဖြစ်သည်ဟု သိမြင်၍လာ၏။

ခပ်သိမ်းသော လူသဏ္ဍာန်၊ နတ်သဏ္ဍာန်၊ ဗြဟ္မာသဏ္ဍာန် စသည်တို့၌လည်းကောင်း၊ ကိုယ်သဏ္ဍာန်၊ ဦးခေါင်းခြေလက်သဏ္ဍာန်၊ ဆံပင်သဏ္ဍာန်၊ မွေးညင်းသဏ္ဍာန် စသည်တို့၌လည်းကောင်း ထိုနည်းတူ သိလေ မြင်လေ၏။

ဤသို့ အမြင်ပေါက်ခဲ့သည်ရှိသော် လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့၌ ရှိနေသမျှကုန်သော သက်ရှိ သက်မဲ့ ဝတ္ထု ဒြဗ်သဏ္ဍာန်တို့သည် မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးခုသာ ဖြစ်၏။ အဆင်းအသံ အစရှိသော ဥပါဒါရုပ်[၁] သေးစုကို ဓာတ်ကြီး ၄-ခု၌ အတွင်းဝင်ပြ၍ ဆိုသည်။ လူအမျိုးမျိုး နတ်အမျိုးမျိုး ဗြဟ္မာအမျိုးမျိုး အင်္ဂါကြီးငယ်အမျိုးမျိုးတို့သည် ဉာဏ်၌ အကုန်ကွယ်ပျောက်ကြလေကုန်၏။ ဥပါဒါ ရုပ်သေးစုကို ဓာတ်ကြီး ၄-ခု၌ အတွင်းဝင်ပြသတည်း။

---

၁။ ဥပါဒါရုပ် - ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးကိုမှီ၍ ဖြစ်ရသော ရုပ် ၂၄-ပါး။

ဤကား ရုပ်ခန္ဓာဟူသော အနိစ္စဓမ္မတို့ကို အမြင်ပေါက်ခဲ့သည်ရှိသော် သဏ္ဌာနနိမိတ် အနန္တတို့ ကွယ်ပျောက်ပုံတည်း။

ခက်မာမှု ဖွဲ့စည်းမှု ပူမှု အေးမှု တောင့်တင်းမှုဟူသော ရုပ်ခန္ဓာတို့ကို ဉာဏ်အမြင် ရှင်းလင်းခဲ့သည်ရှိသော် ထိုရုပ်ခန္ဓာတို့နှင့် ရောယှက်ခြင်းမရှိကြကုန်မူ၍ ထိုရုပ်ခန္ဓာတို့၏ အတွင်း၌ အာရုံ ထိခိုက်ရာဌာနတို့၌ တဖွားဖွားဖြစ်ပေါ်၍ နေကြကုန်သော မြင်မှုကြားမှုအစရှိသော ရုပ်နာမ်ခန္ဓာတို့ကိုလည်း အသီးအခြားပြု၍ မြင်နိုင်ကြကုန်လတ္တံ့။

**နိစ္စနိမိတ် ကွယ်ပျောက်ပုံ**

"ဝိပ္ပယုတ္တပစ္စယော" ဟူသော ပါဠိတော်နှင့်အညီ ရုပ်ခန္ဓာ နာမ်ခန္ဓာ ခြားနား၍ မြင်ကြကုန်သည်ရှိသော် ပုဂ္ဂိုလ်မြင်သည် သတ္တဝါမြင်သည်၊ ပုဂ္ဂိုလ်ကြားသည်၊ သတ္တဝါကြားသည်၊ ပုဂ္ဂိုလ်နံသည်၊ သတ္တဝါနံသည်၊ ပုဂ္ဂိုလ်လျက်သည်၊ သတ္တဝါလျက်သည်၊ ပုဂ္ဂိုလ်တွေ့သည် သတ္တဝါတွေ့သည်၊ ပုဂ္ဂိုလ်ကြံသည် သိသည်၊ သတ္တဝါကြံသည် သိသည်၊ ပုဂ္ဂိုလ်ကျင်နာသည် သတ္တဝါကျင်နာသည် ဟူသော ရုပ်ခန္ဓာ နာမ်ခန္ဓာနှစ်ခုကို တစ်ခုတည်းပြု၍ ဖြစ်သော နိစ္စနိမိတ်မျိုး။

မျက်စိသည်မြင်တတ်သည်၊ နားသည် ကြားတတ်သည်၊ နှာခေါင်းသည် နံတတ်သည်၊ လျှာသည် လျက်တတ်သည်၊ ကိုယ်အင်္ဂါတို့သည် နာတတ်ကုန်သည်၊ ကျင်တတ်ကုန်သည်၊ မနောနှလုံးသည် ကြံတတ်သည်၊ သိတတ်သည်ဟူသော ရုပ်ခန္ဓာ နာမ်ခန္ဓာနှစ်ခုကို တစ်ခုတည်းပြု၍ဖြစ်သော နိစ္စနိမိတ်မျိုးတို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်လတ္တံ့။

ဤကား– ရုပ်ခန္ဓာ နာမ်ခန္ဓာဟူသော အနိစ္စဓမ္မတို့ကို ဉာဏ်အမြင် ပေါက်ခဲ့သည်ရှိသော် ဉာဏ်၌ အချို့သော နိစ္စနိမိတ်တို့၏ ကွယ်ပျောက်မှုကို ပြဆိုချက်တည်း။

**သင်္ခတိနိမိတ် ကွယ်ပျောက်ပုံ**

ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ ခဏမစဲ ဖြစ်ပေါ်ခြင်း ခဏမစဲချုပ်ဆုံးခြင်း ဟူသော အနိစ္စလက္ခဏာကို ဉာဏ်အမြင်ပေါက်ခဲ့သည်ရှိသော် ခပ်သိမ်းသော သင်္ခတိနိမိတ်တို့သည် ဉာဏ်၌ ကွယ်ပျောက်ကုန်၏။

အဘယ်သို့ ကွယ်ပျောက်ကုန်သနည်းဟူမူ–

မျက်တောင်တစ်ကြိမ် ခတ်သည်ကို မျက်တောင်ခတ်မှုတစ်ခုဟု လောက၌ ယူ၏။ မျက်တောင်၌ရှိသော ရုပ်ခန္ဓာစုသည် မျက်တောင်တစ်ခတ် အစအဆုံးတည်နေသည်

မရှိ၊ ရုပ်ခန္ဓာအပေါင်း တစ်ရာမက ဆက်လက်မှ မျက်တောင်တစ်ခတ်ဖြစ်၏။ ထို့အတူ မျက်တောင်ခတ်မှုကို ဖြစ်စေသော နာမက္ခန္ဓာတို့ တစ်ရာမက ဆက်လက်မှ မျက်တောင် တစ်ခတ်ဖြစ်၏။

အကြိမ်ပါင်း အသုတ်ပေါင်း တစ်ရာမက ဆက်လက်ကြကုန်သော ရုပ်ခန္ဓာ အစုတို့သည်လည်း မိမိတို့ ဖြစ်ရာဌာနမှ ဘစ်တံခြမ်းမျှ ရွေ့နိုင်ကြကုန်သည် မဟုတ်၊ ဖြစ်ရာဌာန၌သာ ချုပ်ဆုံးကြရကုန်၏။ ခက်မာမှုလည်း အလှုပ်အရှားခံ၍ တည်နေနိုင် သည်မဟုတ်၊ ဖွဲ့စေးမှုလည်း အလှုပ်အရှားခံ၍ တည်နေနိုင်သည်မဟုတ်၊ ခက်မာမှု လည်း လှုပ်ရှားခြင်းမရှိ ဖွဲ့စည်းမှုလည်း လှုပ်ရှားခြင်းမရှိ၊ မိမိတို့ ဖြစ်ရာဌာန၌သာ ချုပ်ဆုံးကြကုန်၏။

**မျက်တောင်ခတ်မှု**

မျက်တောင်ခတ်မှုဆိုသည်ကား တစ်ခုသော မျက်တောင် ၏ လှုပ်ရှားမှုကြီးကို ဆို၏။ မျက်တောင်လည်းမရှိ၊ လှုပ်ရှားမှုလည်း မရှိ၊ မျက်တောင်ကား သဏ္ဌာနနိမိတ်ကြီးတစ်ခုသာ ဖြစ်၏။ ခတ်မှု ကား ရုပ်ခန္ဓာအစဉ်ကို မီသော သန္တတိနိမိတ်ကြီးတစ်ခုသာ ဖြစ်၏။ နိမိတ်ကြီးနှစ်ခု ခတ်၍ မျက်တောင်ခတ်မှုဟု စိတ်တွင် ထင်မြင်ရ၏။

**နိမိတ် ကွယ်ပျောက်မှု**

ဤသို့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ အမှုသွားကို သီးသန့် ခြားနားအမြင် ပေါက်၍ နိမိတ်နှစ်ပါးတို့ကို အဟုတ်ရှိမျိုး မဟုတ်၊ စိတ်ထဲတွင် ထင်ပေါ်၍နေသော ဝေါဟာရပညတ်မျိုးမျှ ဖြစ်ကုန်သည်ဟု ဉာဏ်၌ ရှင်းလင်းစွာ ထင်မြင်မှုကို နိမိတ်ကွယ်ပျောက်မှုဆိုသတည်း၊ အသက်ရှူမှု အစရှိသော ခပ်သိမ်းသော လောကမျက်မြင်မှုတို့ကို ဤနည်းချည်း သိလေ မြင်လေ။

## အနိစ္စဝိပဿနာကို ပြဆိုချက်

**အနိစ္စ ဝိပဿနာ**

အနိစ္စဝိပဿနာဆိုသည်ကား – သံသရာဘဝအဆက်ဆက်တို့၌ နိစ္စနိမိတ် မျိုးတို့ကိုသာလျှင် ထင်မြင်တွေ့ရှိ၍ လာခဲ့ကြရကုန်၏။ ပုဂ္ဂိုလ်သတ္တဝါ အင်္ဂါကြီးငယ်ဟူသော နိစ္စနိမိတ်မျိုးတို့နှင့်သာ ဘဝအဆက်ဆက် ပြီးခဲ့ကြ ရကုန်၏။ နိစ္စနိမိတ်မျိုးတို့ကို အဟုတ်ရှိမျိုး မဟုတ်၊ တကယ်ရှိမျိုးမဟုတ်၊ ကောင်းကင် ကို ရေပြင် ထင်ရသော သူရူး၏ အလားကဲ့သို့ ဝိညာဏ်လှည့်စား၍ ထင်မြင်ရသော အထည်ဝတ္ထု အမှုကိရိယာတို့သာ အမှန်ရှိဖြစ်ကုန်၏ဟု အိပ်မက်မျှ မမက်ဖူးကြရကုန်။

သာသနာအတွင်း၌ ကြုံကြိုက်၍ ဝိပဿနာဖြင့် နိစ္စနိမိတ်မျိုးတို့ကို မဟုတ်မှန်း အကုန်သိ၍ အနိစ္စဓမ္မ အနိစ္စလက္ခဏာတို့ကိုသာ အဟုတ်အမှန်ရှိဟု ယခုမှ အသိဉာဏ်၌ အဟုတ်အမှန်ကို အထူးတွေ့မြင်ကြရကုန်၏။ ဤသို့ တွေ့မြင်သော ဉာဏ်ကို အနိစ္စ ဝိပဿနာဆိုသတည်း။

**ဤကား အနိစ္စလက္ခဏာ အနိစ္စဝိပဿနာကို ပြဆိုချက်တည်း။**

-----------

## သုခနိမိတ်၊ ဒုက္ခလက္ခဏာ၊ ဒုက္ခဝိပဿနာ သုံးပါးကို ပြဆိုခန်း

"သုခနိမိတ်၊ ဒုက္ခလက္ခဏာ၊ ဒုက္ခဝိပဿနာ"ဟူရာ၌–

**သုခနိမိတ်** သုခနိမိတ်ဆိုသည်ကား ပြဆိုခဲ့ပြီးသော ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ, ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ, ဦးခေါင်း, ခြေလက်, ဆံပင်, မွေးညင်း, ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို သုခဟူ၍ စွဲလမ်း ကြရကုန်၏။

**သာယာဖွယ် ချမ်းသာသုခများ** အဘယ်သို့လျှင် နိစ္စနိမိတ်မျိုးတို့သည် သုခနိမိတ်မျိုး မည်ကုန်သနည်း ဟူမူကား – ပုဂ္ဂိုလ်သတ္တဝါဟူသော နိမိတ်သည် လောက၌ ကြောက်မက်ဖွယ်မျိုး မဟုတ်၊ သာယာဖွယ်၊ တောင့်တဖွယ်မျိုးသာဖြစ်၏။ ပုဂ္ဂိုလ် သတ္တဝါမျိုးတွင်းမှာလည်း လူထက်လူ၊ နတ်ထက်နတ်၊ ဗြဟ္မာထက်ဗြဟ္မာ အဆင့်ဆင့် သာယာဖွယ် ကြီးကျယ်များပြားလျက်ရှိ၏။

ထို့အတူ ဦးခေါင်း ခြေလက် အစရှိသော ပြဆိုခဲ့ပြီးသော အလုံးစုံသော အင်္ဂါကြီးမျိုး၊ အင်္ဂါလတ်မျိုး၊ အင်္ဂါငယ်မျိုး ဆံပင်မွေးညင်းစသော အဇ္ဈတ္တကောဋ္ဌာသအင်္ဂါမျိုးတို့သည် လောက၌ ကြောက်ဖွယ် လန့်ဖွယ်မျိုး မဟုတ်၊ သာယာဖွယ်တောင့်တဖွယ်တို့သာတည်း။

ထို့အတူ သန္တတိအဖို့၌လည်း ခဏများစွာ ကာလများစွာ တည်နေခြင်း ကိုယ်အင်္ဂါ လှုပ်ခြင်းရှားခြင်း၊ နှုတ်အင်္ဂါလှုပ်ခြင်းရှားခြင်း၊ ပြောဆိုခြင်း၊ ပြုံးခြင်းရွှင်ခြင်း၊ ရှေ့သို့ကြည့်ခြင်း၊ နောက်သို့ကြည့်ခြင်း၊ အစရှိကုန်သော လှုပ်ရှားမှု အမူအရာ ကိရိယာတို့သည်လည်းကောင်း၊ ထိုတွင်လည်း အသက်ရှည်ခြင်း၊ အရွယ်နုပျိုခြင်း၊ အမူအရာကြီးငယ် အထူးတင့်တယ်ခြင်း အလုံးစုံတို့သည် ကြောက်ဖွယ် လန့်ဖွယ်မျိုး မဟုတ်

ကုန်၊ သာယာဖွယ် တောင့်တဖွယ်မျိုးတို့သာတည်း။ ထို့ကြောင့် ခပ်သိမ်းသော နိစ္စ နိမိတ်မျိုးတို့ကို သုခနိမိတ်မျိုးဟူ၍ ဆိုအပ်ကုန်သတည်း။

ဤကား သုခနိမိတ်အရကို ပြဆိုချက်တည်း။

---

# ဒုက္ခလက္ခဏာ ပထမခန်းကို ပြဆိုချက် ဖြစ်မှု ပျက်မှုတို့ နှိပ်စက်၍ ဆင်းရဲရပုံ

## ဒုက္ခလက္ခဏာ၌ ခန္ဓာငါးပါးတို့ ဒုက္ခလက္ခဏာ ပြဆိုသော ပထမခန်း

**ဆင်းရဲမှု ဒုက္ခလက္ခဏာ**

ဒုက္ခလက္ခဏာဟူရာ၌ ဒုက္ခ၊ ဒုက္ခလက္ခဏာနှစ်ပါးကို သိရာဝယ်- အနိစ္စမျိုး စင်စစ်ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခမျိုးစစ်စစ် ဖြစ်ကုန်၏။ အနိစ္စလက္ခဏာ စင်စစ်ဖြစ်ကုန်သော ခဏမစဲဖြစ်ပေါ်မှု ခဏမစဲ ချုပ်ပျက်မှုတို့သည် ဒုက္ခလက္ခဏာ စင်စစ်ဖြစ်ကုန်၏။

ခက်မာမှု၊ ဖွဲ့စေးမှု၊ သိမှု၊ မြင်မှုအစရှိသည်တို့သည် ဖြစ်မှု ပျက်မှု နှစ်ပါးနှင့် အမြဲ ယှဉ်ကြကုန်၏။ ဖြစ်ချည်ပျက်ချည် နေကြကုန်၏။ ဖြစ်မှု ပျက်မှုကို မြင်သဖြင့် ခက်မာမှု၊ ဖွဲ့စေးမှု၊ သိမှု မြင်မှု စသည်တို့ကို ဤတရားတို့ကား ဒုက္ခတို့တည်းဟု သိနိုင်ဆုံးဖြတ်နိုင်ကုန်၏။ ထို့ကြောင့် ဖြစ်မှု ပျက်မှုကို ဒုက္ခလက္ခဏာဆိုသတည်း။

**ရုပ်နာမ်ခန္ဓာသည် ဒုက္ခမျိုး**

ခက်မာမှုသည် ပဋိသန္ဓေအခါ၌ တစ်ကြိမ်ဖြစ်ပေါ်ပြီးနောက် အနှစ်တရာပြည့်၍ ထိုဘဝဆုံးသောအခါမှ တစ်ကြိမ်သာ ချုပ်ပျက်မှုရှိပါမူကား အလွန်ကောင်းလေရာ၏။ ထိုသို့ကားမဟုတ်၊ တစ်နာရီအတွင်းမှာပင် အခါတစ်ထောင်မက အသစ်သစ် ဖြစ်ရ၏။ အခါ တစ်ထောင်မက ချုပ်ပျက်ရ၏။

ထို့ကြောင့် ခက်မာမှုဟူသော ပထဝီဓာတ်ကြီးသည် တစ်နာရီ တစ်ခဏမျှ ငြိမ်သက်စွာ တည်နေရသော သန္တိသုခမျိုး[၁] မဟုတ်၊ တစ်နာရီအတွင်းမှာပင် အခါ တစ်ထောင်မက ဖြစ်ပျက်မှုတို့ အနှောင့်အယှက်ကြောင့် ရုပ်တည်မရ ဖောက်လွဲ ဖောက်ပြန် လှုပ်ရှားရ၏။ သန္တိသုခမှ အချင်းခပ်သိမ်းကင်းသော တရားဖြစ်၍ ဒုက္ခမျိုးသာ စင်စစ်ဖြစ်၏။

---

၁။ သန္တိသုခ - ပြုပြင်စီရင်မှု သင်္ခါရဒုက္ခမှ ငြိမ်းအေးချမ်းသာခြင်း။

ဖွဲ့စေးမှု အစရှိသော ရုပ်ခန္ဓာ၊ သိမှု အစရှိသာ နာမ်ခန္ဓာတို့ကိုလည်း အသီးသီး ဉာဏ်နည်းတူ သိလေ။

**တစ်ခဏမျှ သန္တိသုခ မရပုံ**

သတ္တဝါတို့၏ ကိုယ်ခန္ဓာတစ်ခုလုံး၌ တစ်နာရီမျှ ငြိမ်သက်ချမ်းမြေ့စွာ တည်နေနိုင်သော သန္တိသုခမျိုးဟူ၍ အဏုမြူမျှ မရှိ၊ ဖြစ်မှု ပျက်မှု နှောင့်ယှက်ချက်ကြောင့် တစ်ကိုယ်လုံး တစ်ကောင်လုံး ခဏမစဲ ရုပ်ရော နာမ်ရော ရုပ်တည်ရာမရ ပွက်ပွက်ဆူ ကြွက်ကြွက်ရိုက် ဖောက်လွဲဖောက်ပြန် ပူပန်ပင်ပန်း၍ နေရသော ဒုက္ခတရားချည်းသာတည်း။

တစ်နာရီ တစ်ခဏမျှ သန္တိသုခ မရှိသော ရုပ်တရား, နာမ်တရားတို့သည် တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ တစ်သက်၊ တစ်ဘဝတို့မှာ ဆိုဖွယ်ရာမရှိ၊ သန္တိသုခနှင့် အဝေးကြီး ဝေးကြကုန်တော့သည်သာတည်း။ ထို့ကြောင့် သတ္တဝါအပေါင်းတို့သည် တစ်နာရီမျှ ငြိမ်းချမ်းသာယာ တည်ကြည်စွာ မနေနိုင်ကြကုန်၊ ဒေါသတလှုပ်လှုပ် နေကြကုန်၏။

## လောက်ကိုက်သော ခွေးနှာပမာ ရုပ်နာမ်ခန္ဓာ

အတွင်း၌ ပိုးလောက်တို့ဖြင့် ပြည့်နေသော အနာပုပ်ကြီးရှိသော ခွေးနာကြီးသည် အတွင်း၌ ပိုးလောက်တွေ ကိုက်မှုကြောင့်လည်း ရုပ်တည်မရ၊ အပ၌ ယင်ကြီးယင်ငယ်တွေ ဝိုင်းမှု၊ အုံမှု၊ ထိုးမှုတို့ကြောင့်လည်း ရုပ်တည်မရ၊ ငြိမ်းချမ်းသာယာ တည်ကြည်စွာ နေခွင့်မရမှု၍ ပြေးတဲ့ချည် ဝင်တဲ့ချည် ခေါင်းလည်း အငြိမ်မနေရ၊ ကိုယ်လည်း အငြိမ်မနေရ၊ ခြေလည်း အငြိမ်မနေရ၊ လက်လည်း အငြိမ်မနေရ၊ တလှုပ်လှုပ် တကြွကြွနေရဘိသကဲ့သို့-

ထို့အတူ သတ္တဝါအပေါင်းတို့သည်လည်း ကိုယ်တွင်း၌ သန္တာပတေဇောတို့၏ ထကြွမှု၊ ကိုယ်ပ၌ ခြင်၊ မှက်၊ လေ၊ နေပူစသည်တို့၏ ဝိုင်းအုံထိပါးမှုတို့ဖြင့် ရုပ်ခန္ဓာတို့ မငြိမ်သက်သည့်အတွက်ကြောင့် ယားမှု၊ ယံမှု၊ ညောင်းမှု၊ ညာမှု၊ ထုံမှု၊ ကျင်မှု၊ ပူမှု၊ အိုက်မှုတို့နှင့် ဣရိယာပုတ် ပြောင်းလဲမှု ကိုယ်တလှုပ်လှုပ်၊ လက်တလှုပ်လှုပ်၊ ခြေတလှုပ်လှုပ် နေကြရကုန်၏။

နာမ်ခန္ဓာတို့ မငြိမ်မသက်သည့်အတွက် ကိုယ်တွင်းကိလေသာတို့ ကိုက်ခဲမှုကြောင့်လည်းကောင်း အပအာရုံတို့ ဝိုင်းအုံမှုကြောင့်လည်းကောင်း ထိုထို အာရုံသို့ စိတ်၊ ဝိတက် ရုပ်တည်မရ ပြေးရခြင်း မိမိစိတ်ကိုပင် မိမိ မထိန်းနိုင် မသိမ်းနိုင်ရှိနေရခြင်း မမြင်ချင်သည်ကို မြင်ရခြင်း၊ မကြားချင်သည်ကို ကြားရခြင်း၊ မနံချင်သည်ကို နံရခြင်း မတွေ့ချင်သည်ကို တွေ့ရခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ဖြင့် ဝိတက် ဝိစာရ

တလှုပ်လှုပ်, လောဘ တလှုပ်လှုပ်, ဒေါသတလှုပ်လှုပ်, မာနတလှုပ်လှုပ် နေကြရကုန်သည်။

လောက်ကိုက်သော ခွေးနာနှင့် အလားတူစွာ ရုပ်ခန္ဓာတလှုပ်လှုပ် နာမ်ခန္ဓာတလှုပ်လှုပ် နေကြရကုန်၏။ ထိုခွေးသည် ကိုယ်တွင်း၌ ပိုးလောက်တို့၏ ကိုက်ခဲခြင်း ကိုယ်ပ၌ ယင်ကြီး ယင်ငယ်တို့၏ ဝိုင်းအုံခြင်းတို့ကြောင့် မျက်တောင်တစ်ခတ်မျှ ငြိမ်းချမ်းသာယာ တည်ကြည်စွာ နေခွင့်မရဘိသကဲ့သို့၊

ထို့အတူ ဤသတ္တဝါတို့သည်လည်း ကိုယ်တွင်း၌ ဣရိယာပထ သန္တာပ တေဇောမီး အမြဲထကြွမှု၊ ကိုယ်ပ၌ ခြင်၊ မှက်၊ သန်း၊ ကြမ်းပိုး၊ လေ၊ နေပူစသည်တို့၏ ထိပါးခြင်းဖြင့် ရုပ်ခန္ဓာကိုယ်အင်္ဂါတလှုပ်လှုပ်နေကြရကုန်၏။

ကိုယ်တွင်း၌ ၁၅၀၀ ကိလေသာတို့၏ကိုက်ခဲမှု၊ ကိုယ်ပ၌ အာရုံ ၆ ပါးတို့၏ ဝိုင်းအုံမှုတို့ဖြင့် နာမ်ခန္ဓာ စိတ်အင်္ဂါ တလှုပ်လှုပ် နေကြရကုန်၏။ မိမိတို့၏ စိတ်ကိုပင် ထိန်းသိမ်းမရ ပေါက်လွှတ်ထားကြရကုန်၏။ ဤအမှုတို့သည် သန္တိသုခ၏ ဆန့်ကျင်ဖက်ဖြစ်သော ဒုက္ခမျိုးတို့သာတည်း။

ဤကား ဖြစ်မှုပျက်မှုတို့ ခဏမစဲ အမြဲနှောင့်ယှက် နှိပ်စက်ညှဉ်းပန်းမှုကြောင့် မျက်တောင်တစ်ခတ်မျှ သန္တိသုခကို မရမှုမျိုးကို ပြဆိုချက်တည်း။

**ယခုအခါ ကြီးမားစွာသော ဒုက္ခတို့ကို ဥပမာနှင့်တကွ ပြဆိုပေအံ့။**

## ဒုက္ခလက္ခဏာ၌ ခန္ဓာငါးပါးတို့၏ ဒုက္ခလက္ခဏာကို ပြဆိုသော ပထမခန်း

**ခန္ဓာ ၅ ပါး ဒုက္ခမျိုးတရား**

တေဘူမကဓမ္မ[၁] မျိုးဖြစ်ကုန်သော ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတို့ မည်သည် ဖြစ်မှုပျက်မှုတို့၏ နှောင့်ယှက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းတို့ကို ခဏမစဲ အမြဲခံကြရကြကုန်သော တရားတို့သာတည်း။

ထို့ကြောင့် မိမိ မိမိတို့၏ ကိုယ်ခန္ဓာ၌ အမာခံကြီးဖြစ်သော ခက်မာမှုဟူသော ပထဝီဓာတ်ကြီးသည် အနမတဂ္ဂသံသရာ၌ မျက်တောင်တစ်ခတ်မျှ ငြိမ်းချမ်းသာယာ တည်ကြည်စွာ နေနိုင်သော သန္တိသုခမျိုး မဟုတ်၊ ဖြစ်မှုပျက်မှုနှင့် အမြဲယှဉ်သော ဒုက္ခမျိုး စင်စစ်သာတည်း။

---

၁။ တေဘူမကဓမ္မ = ကာမ, ရူပ, အရူပဟူသော ဘုံသုံးပါး၌ ဖြစ်သောတရား။

## ပထဝိ၌ ဒုက္ခလက္ခဏာ

**အဖို့ ၂ ပါး** အဘယ်သို့ ဒုက္ခမျိုး စင်စစ် ဖြစ်လေသနည်းဟူမူကား– ဤခက်မာမှုသည် သုခအဖို့ ၂ ပါးရှိ၏။

**သုခအဖို့** သုခအဖို့ ဆိုသည်ကား – အာယု[၁]၊ ဝဏ္ဏ[၂]၊ သုခ[၃]၊ ဗလ[၄] ဟူသော ကောင်းကျိုးချမ်းသာမျိုးတို့တည်း။

**ဒုက္ခအဖို့** ဒုက္ခအဖို့ဆိုသည်ကား – အာယုကို ဖျက်ဆီး၍ မြန်မြန်ကြီး သတ်နိုင်သော ပထဝီမျိုး၊ အနာကြီး အနာငယ် ရောဂါကြီး ရောဂါငယ်တို့ကို ဖြစ်စေ၍ ဝဏ္ဏ၊ သုခ၊ ဗလတို့ကို ဖျက်ဆီး၍ ဒုက္ခငယ်တို့ကို ပေးနိုင်သော ပထဝီမျိုးတည်း၊ ထိုတွင် သုခအဖို့မျိုးကား ပြုပြင်နိုင်မှ ဖြစ်၏။ တည်၏။ ဒုက္ခအဖို့မျိုးကား နဂိုပကတိမျိုးပေတည်း။

အမြဲ ငြိမ်းချမ်းသော သန္တိသုခမျိုး မဟုတ်၊ ဖြစ်မှုမစဲ၊ ပျက်မှုမစဲ၊ အမြဲ ရှုးနောက်သော ဓာတ်ကောက်၊ ဓာတ်ကျစ်၊ ဓာတ်ညစ် ဓာတ်ဆိုးမျိုး ဖြစ်သောကြောင့် သုခအဖို့ ဒုက္ခအဖို့ ခဏချင်း ပြောင်းလဲနိုင်၏။

## အနာ ၃ မျိုး

အနာမျိုးသည် –

၁။ ရောဂအနာမျိုး

၂။ ဂဏ္ဍာအနာမျိုး

၃။ အာဗာဓ အနာမျိုး ဟူ၍ ၃ မျိုးရှိ၏။

ထို ၃ မျိုးတွင်–

**ရောဂအနာ** ၁။ ဓာတ် ၄ ပါး ဖောက်ပြန်ခြင်းကြောင့် ကိုယ်တွင်း၌ ဖြစ်သော ဖျားမှု၊ လေနာမှု၊ ရင်နာမှု အစရှိသော အနာမျိုးသည် 'ရောဂ' အနာမျိုးမည်၏။

**ဂဏ္ဍာအနာ** ၂။ ကျောက်၊ ဝက်သက်၊ ဝက်ခြံ၊ ဘင်နာ၊ သွေးစုနာ အစရှိသော အဖုအလုံး ပေါ်ပေါက်၍ ဖြစ်သော အနာမျိုးသည် 'ဂဏ္ဍာ' အနာမျိုးမည်၏။

---

၁။ အာယု – အသက်ရှည်မြင့်ခြင်း။   ၂။ ဝဏ္ဏ – အဆင်းလှခြင်း

၃။ သုခ – ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း။   ၄။ ဗလ – ကိုယ်အား ဉာဏ်အားကြီးခြင်း။

**အာဗာဓအနာ** ၃။ ဓားထိ၍၊ လှံထိ၍၊ မြားထိ၍၊ ဆူးငြောင့်ခလုတ်ထိ၍ ဖြစ်သော အနာမျိုး၊ စူး၍ ရှ၍၊ ခိုက်မိ၍ တိုက်မိ၍၊ မီးလောင် ယမ်းလောင်၍ဖြစ်သော အနာမျိုး၊ ခြေကျိုးမှု၊ လက်ကျိုးမှု၊ ထိုထိုဒဏ်ထိ၍ ပေါက်မှု ပြတ်မှု၊ ဦးခေါင်းကွဲမှု၊ မျက်လုံးပျက်မှု၊ နားပျက်မှု အစရှိသော ဒဏ်ရာမျိုးသည် 'အာဗာဓ' အနာမျိုးမည်၏။

**အနာအမျိုးမျိုး** မိုးကြိုးပစ်၍ သေနတ်မှန်၍၊ အမြောက်မှန်၍၊ အမြင့်မှကျ၍၊ မြွေကိုက်၍၊ ကျားကိုက်၍၊ ဆင်နင်း၍ ဖြစ် သော အနာမျိုး၊ နူနာမျိုး၊ ပန်းနာမျိုး၊ ရူးနာမျိုး၊ သွပ်နာမျိုး စသည် အလွန်များပြား၏။

ခဏချက်ချင်း လတ်တလော သေစေတတ်သောအနာ၊ တစ်နာရီအတွင်း သေစေတတ်သောအနာ၊ တစ်ရက်အတွင်း သေစေတတ်သော အနာ၊ တစ်သက်လုံး လူစဉ်မမီအောင် အရုပ်ပျက်သောအနာ၊ အဆင်းပျက်သောအနာ၊ မကြာမကြာ တွန့်တွန့်လူး ဖြတ်ဖြတ်လူးခံရသော အနာ စသည်ဖြင့်လည်း အလွန်များပြား၏။

ဖြစ်ခွင့်ဆိုက်လာသည်ရှိသော် တစ်ကိုယ်လုံး၌ရှိသော ခက်မာမှုတို့သည် ခဏချင်း ရောဂါအနာမျိုးလည်း ဖြစ်တတ်ကုန်၏။ တစ်ကိုယ်လုံးသည် ခဏချင်း ရောဂါကုံးကြီး ရောဂါခဲကြီးဖြစ်၏။

ခဏချင်း ဂဏ္ဍအနာမျိုးလည်း ဖြစ်တတ်ကုန်၏။ တစ်ကိုယ်လုံးသည် ခဏချင်း ဂဏ္ဍအနာတုံးကြီး ဂဏ္ဍအနာခဲကြီးဖြစ်၏။

ခဏချင်း အာဗာဓ အနာမျိုးလည်း ဖြစ်တတ်ကုန်၏။ တစ်ကိုယ်လုံးသည် ခဏချင်း အာဗာဓ အနာတုံးကြီး အာဗာဓ အနာခဲကြီး ဖြစ်၏။

ပထဝီဓာတ်ကြီးသည် ဤမျှလောက် ကောက်ကျစ်ဆိုးဝါး၏။ သန္တိသုခမျိုး မဟုတ်။ ဘယဒုက္ခမျိုးသာ အမှန်ဖြစ်၏။ အလယ်ကိုယ်အင်္ဂါတစ်ခုလုံးသည် ခဏချင်း အနာတုံး အနာခဲကြီး ဖြစ်နိုင်၏။ ဦးခေါင်းတစ်ခုလုံးသည် ဦးနှောက်တစ်ခုလုံးသည် အစရှိသည်ဖြင့် အစိတ်အစိတ် အကုန်မြင်လေ။ ပထဝီသည် ဤမျှလောက် ကောက်ကျစ်ဆိုးဝါး၏။ သန္တိသုခမျိုး မဟုတ်၊ ဘယသုခမျိုးသာ အမှန်ဖြစ်၏။

တစ်ကိုယ်လုံး၌လည်းကောင်း၊ ထိုထို ကိုယ်အင်္ဂါတို့၌လည်းကောင်း နိစ္စနိမိတ် သုခနိမိတ်တို့ကို အကုန်လွင့်ပျောက်၍ ကုန်အောင်ကြည့်လေ။

ဒုက္ခလက္ခဏာထင်လျှင် သုခနိမိတ်ပျောက်ခြင်း

အပဟုတ်ရှိ အမှန်ရှိဖြစ်သော ဓာတ်တို့အတွက် ဤကဲ့သို့သော အနိစ္စမှု ဒုက္ခမှု ဖြစ်လာခဲ့သည်ရှိသော် ပုဂ္ဂိုလ်သတ္တဝါ အင်္ဂါကြီးငယ်ဟူသော နိစ္စနိမိတ် သုခနိမိတ်တို့သည် နိစ္စအနေ သုခအနေနှင့် အနည်းငယ်မျှ ခုခံ၍ နေခြင်းငှာ မတတ်နိုင်ကုန်။

အဘယ်ကြောင့်နည်းဆိုသော် အပဟုတ်ရှိသည် မဟုတ်လေသောကြောင့်တည်း၊ သူရူးသည် ကောင်းကင်ကို ရေပြင်ကြီး အပဟုတ်ထင်၍နေရာ၌ မီးဘေးကြီးစွာ ဖြစ်လာသည်ရှိသော် ထိုရေပြင်ကြီးသည် မီးဘေးကို မခုခံနိုင်။

အဘယ်ကြောင့်နည်းဆိုသော် အပဟုတ်ရှိသည် မဟုတ်သောကြောင့်တည်း၊

သူရူးသည် ခြင်းခြင်းနီသော မီးခဲကြီးကို အလွန်အေးမြလှစွာသော စန္ဒကူးနီတုံးကြီးထင်၍နေရာ၌ ထိုဝတ္ထုမှာ ပူလောင်ခြင်းဟူသော မီးကိစ္စဖြစ်လာသည်ရှိသော် ထိုစန္ဒကူးသည် အေးမြမှုနှင့် ခုခံ၍မနေနိုင်၊ ဤဥပမာကဲ့သို့ ထင်မြင်၍ ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ်ဟူသော နိစ္စနိမိတ်မျိုး သုခနိမိတ်မျိုးတို့ကို အကုန် လွင့်ပျောက်စေကုန်ရာ၏။

ဤကား "ဘယဋ္ဌေန ဒုက္ခံ" ဟူသော ပါဠ်နှင့်အညီ ခဏမစဲ ဖြစ်မှု ပျက်မှု နှောင့်ယှက်ခြင်း ရှိနေသည့်အတွက် ပထဝီ၌ ကြောက်မက်ဖွယ်သော ဒုက္ခလက္ခဏာကို ပြဆိုခြင်းတည်း။

ပထဝီဓာတ်ကို ပြဆိုခဲ့သော်လည်း ပြဆိုခဲ့သမျှသော ရောဂါအဖြစ်၊ ဂဏ္ဍအဖြစ်၊ အာဗာဓ အဖြစ်စုသည် ခန္ဓာ ၅ ပါး တစ်လုံးတည်း ဖြစ်မြဲဓမ္မတာဖြစ်၍ အာပေါ၊ တေဇော၊ ဝါယော၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိညာဏ်တို့လည်း ပထဝီ၌ တစ်လုံးတည်း ပါဝင်လေကုန်၏။

အထူးမှုကား ပထဝီကို အရင်းခံ၍ ဖြစ်ရသော ဒုက္ခမျိုး၊ အာပေါကို အရင်းခံ၍ ဖြစ်ရသော ဒုက္ခမျိုး အစရှိသည်ဖြင့် အရင်းခံမျှသော အကွဲအပြားရှိကြ၏။

ဤကား ခန္ဓာ ၅ ပါးတို့၏ ဒုက္ခလက္ခဏာ ပထမခန်းတည်း။

# ဒုက္ခလက္ခဏာ၌ ခန္ဓာငါးပါးတို့၏ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ ဟူသော ဒုက္ခလက္ခဏာကို ပြဆိုသော ဒုတိယခန်း

## ပျက်မှုသာ ရုပ်နာမ်တို့၏ ပကတိသဘော

ရေ ဥပမာနှင့် ရုပ်နာမ်ပျက်မှု

ရေမည်သည် နိမ့်ရာသို့ စီးသွားမြဲ ဓမ္မတာဖြစ်၏။ တည်တံ့၍ နေစေလိုသော် နိမ့်ရာအရပ်ကို နိုင်လောက်အောင် ပိတ်ဆို့ကာဆီးရ၏။ နိုင်လောက်မှ နေသည်။ မနိုင်လောက်လျှင် တွန်းလှန်

ချိုးဖျက်၍ နိမ့်ရာသို့ စီးသွား၏။ အထက်သို့ ဆန်တက်စေလိုသော် အတင်းအကြပ် ပြုလုပ်ရ၏။ ပြုလုပ်နိုင်ပါလျှင် ပြုလုပ်မှု အစွမ်းအား အားလျော်စွာ ဆန်တက်၏။ ပြုလုပ်မှု အစွမ်းကုန်လျှင် နိမ့်ရာသို့ သွားမြဲသွား၏။ နိမ့်ရာသို့ လျှောကျမှုမှာ ရေ၏ ဓမ္မတာဖြစ်၍ ပြုပြင်ဖွယ်မရှိ၊ အကာအဆီးမရှိခဲ့လျှင် တစ်သွန်တည်းသွားတော့သည်။ တန့်ရပ်မှု ဆန်တက်မှုမည်သည် ရေ၏ဓမ္မတာ မဟုတ်၊ ရေ၏ပကတိသဘော မဟုတ်၊ ရေ၏ ပကတိသဘောနှင့် ဆန့်ကျင်ဖက်သာတည်း၊ ပြုပြင်မှု၏ အစွမ်းကြောင့်ဖြစ်သော အာဂန္တုမှုသာတည်း။

အလုံးစုံသော မြေစိုင်၊ အုတ်၊ ကျောက်၊ သစ်၊ ဝါး၊ တိုင် အစရှိသည်တို့လည်း ထိုနည်းအတူ အဆီးအတား မရှိခဲ့လျှင် နိမ့်ရာသို့ လျှောကျကုန်မြဲဖြစ်၏။

အောက်၌ မဟာပထဝီမြေကြီးကို ခံ၍နေသော လေးသိန်းရှစ်သောင်းအထုရှိသော ကမ္ဘာရေသည် အောက်၌ ကိုးသိန်းခြောက်သောင်းအထုရှိသော ကမ္ဘာလေ ခုခံ၍သာ အောက်ကောင်းကင်ကြီးသို့ မကျဘဲ ရပ်တည်၍ နေသည်၊ လေမခုခံနိုင်လျှင် မျက်တောင် တစ်ခတ်မျှ ရပ်တန့်၍မနေ၊ အောက်အဇဋ္ဋာကာသ[၁] အနန္တကောင်းကင်ကြီးသို့ လျှောကျလေအံ့။

ထို့အတူ ဤမဟာပထဝီမြေကြီးသည်လည်း အောက်၌ ထိုရေအပြင်ကြီး ခုခံ၍သာ ရပ်တည်၍နေသည်။ သမုဒ္ဒရာ၊ သီတာ၊ မြင်းမိုရ်တောင်၊ စကြဝဠာတောင် စသည်တို့သည်လည်း မဟာပထဝီမြေကြီး ခုခံ၍သာ တည်နေကြကုန်၏။ နေ၊ လ နက္ခတ်၊ တာရာ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့လည်း ကောင်းကင်လေထု ခံ၍သာ တည်နေကြကုန်သည်။

ထို့အတူ ခန္ဓာ ၅ ပါး ရုပ် နာမ်တရားတို့၏ ဖြစ်မှု ပျက်မှု နှစ်ပါးတို့တွင် ပျက်မှုသည်ကား ဓမ္မတာမှုတည်း၊ ရုပ် နာမ်တရားတို့၏ ပကတိသဘောတည်း။ ရေ၏ နိမ့်ရာသို့ လျှောကျမှုကဲ့သို့တည်း။

ရေ၏ လျှောကျမှု ဓမ္မတာမှာ ပြုပြင်လျှင် ရပ်တန့်သေး၏။ ဖြစ်ပေါ်ပြီးသော အနိစ္စဓမ္မမျိုးတို့ကို နိစ္စအနေနှင့် ရပ်တည်၍ နေလေအောင် ခုခံခြင်းငှာပင် မတတ်ကောင်း။ ဖြစ်မှု တည်မှုကား ရုပ် နာမ်တရားတို့၏ ဓမ္မတာမဟုတ်။ ပြုပြင်မှုနှင့်ကင်း၍ ဖြစ်နိုင်သော ပကတိသဘော မဟုတ်၊ ရုပ် နာမ်တရားတို့၏ ပကတိသဘောနှင့် ဆန့်ကျင်ဘက်သာတည်း။

---

၁။ အဇဋ္ဋာကာသ = (အဇဋ္ဋ + အာကာသ။ အဇဋ္ဋ = ရှုပ်ထွေးခြင်းမရှိသော။ အာကာသ = ရေးခြစ်၍ မရစကောင်းသော) ဟင်းလင်းကောင်းကင်ပြင်

အကယ်၍ ပကတိသဘော မြဲခဲ့ငြားအံ့၊ တစ်ယောက်သော သတ္တဝါ၏ ခန္ဓာအစဉ်သည် အနမတဂ္ဂသံသရာ၌ အစဉ်အမြဲဖြစ်၍သာ နေရာ၏။ လောက၌ ကိလေသပရိနိဗ္ဗာန်စံမှု၊ ခန္ဓပရိနိဗ္ဗာန်စံမှုဟူ၍ မရှိလေရာ၊ ကိလေသပရိနိဗ္ဗာန်စံမှု မရှိကလည်း ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာဟူ၍ မရှိလေရာ။

ဤစကား၌ စောဒနာရန်ရှိ၏။ "ဇာတိပစ္စယာ ဇရာမရဏံ"ဟူ၍ ဟောတော်မူသောကြောင့် ပျက်မှုသည်လည်း ဖြစ်မှုက ပြုပြင်၍ပေးမှ ရှိနိုင်သည်။ ဖြစ်မှုမရှိခဲ့လျှင် ပျက်မှုလည်း မရှိနိုင်၊ ထို့ကြောင့် ပျက်မှုကိုလည်း ပကတိဓမ္မတာဟူ၍ မဆိုသင့်ဟု စောဒနာရန်ရှိ၏။

မှန်၏။ ဤအရာ၌ ပျက်မှုကို ပကတိဓမ္မတာဆိုသည်မှာမူကား ဖြစ်မှုရှိခဲ့လျှင် ပျက်မှုရှိမြဲ အမှန်ဖြစ်၏။ ပျက်မှုရှိခဲ့လျှင် ဖြစ်မှုရှိမြဲကား ဓမ္မတာမဟုတ်၊ ထို့ကြောင့် ပျက်မှုကိုသာ ပကတိဓမ္မတာဆိုပေသတည်း။

**ဒုက္ခသာ ရုပ်နာမ်တို့၏ ပကတိသဘော**

ထို့အတူ ခန္ဓာ ၅-ပါး ရုပ် နာမ်တရားတို့၏ သုခအဖို့ ဒုက္ခအဖို့ နှစ်ပါးတို့တွင် ဒုက္ခအဖို့သည်ကား ဓမ္မတာမှုတည်း၊ ရုပ် နာမ်တရားတို့၏ ပကတိသဘောတည်း၊ ရေ၏ နိမ့်ရာသို့ လျှောကျမှုကဲ့သို့တည်း။

သုခအဖို့သည်မူကား ရုပ်နာမ်တရားတို့၏ ဓမ္မတာ မဟုတ်၊ ပြုပြင်မှုနှင့်ကင်း၍ ဖြစ်နိုင်သော ပကတိသဘော မဟုတ်၊ ရပ်တန့်မှု ဆန်တက်မှုသည် ရေ၏ ပကတိသဘောနှင့် ဆန့်ကျင်ဘက် ဖြစ်သကဲ့သို့ သုခအဖို့သည်လည်း ရုပ် နာမ်တရားတို့၏ ပကတိသဘောနှင့် ဆန့်ကျင်ဘက်သာတည်း။

ထင်ရှားအောင် ပြဆိုဦးအံ့-

**ခန္ဓာ ၅-ဖြာသည် ဒုက္ခစင်စစ်ဖြစ်ပုံ**

သတ္တဝါတို့၏ ခန္ဓာ ၅-ပါး ရုပ်, နာမ်တရားတို့သည် သုခမျိုးတို့လော၊ ဒုက္ခမျိုးတို့လောဟု သိလိုသည်ရှိသော် ခပ်သိမ်းသော ပြုပြင်မှုတို့ကို ဉာဏ်နှင့် ပယ်ရှား၍ သူတို့ အလားကို ကြည့်ရှုရာ၏။

**ပြုပြင်မှုကြောင့် သာယာဖွယ်ဖြစ်ခြင်း**

ထိုစကားမှန်၏၊ ပြုပြင်မှုရှိခဲ့သည်ရှိသော် လောက၌ ပကတိအချိုမျိုးသည် အချဉ်ဖြစ်ရာ၏။ ပကတိအချဉ်မျိုးသည် အချိုဖြစ်ရာ၏၊ စက်ဆုပ်ဖွယ် ရွံရှာဖွယ်သော ဝက်သား၊ ကြက်သား၊ ငါး၊ အမဲတို့သည် ဆီ ဆား စသည်ဖြင့် မွမ်းမံ၍ ချက်ပြုတ်ကြော်လှော်ပြုပြင်မှုကြောင့် အမွန်အမြတ် ဖြစ်ရကုန်၏။

အဖြူမျိုးသည် အနီဖြစ်ရ၏။ အနီမျိုးသည် အဖြူဖြစ်ရ၏။ ပကတိအရိုးအမျိုးသဘောကို လွန်စွာ ဖုံးလွှမ်းနိုင်၏။ လောက၌ ခပ်သိမ်းသော လိမ်လည်မှုဟူသမျှသည် ပြုပြင်မှုမှ ဖြစ်၏။ ပြုပြင်မှုကို ဉာဏ်နှင့် အကုန်အစင် ဆေးလျှော်၍ ကြည့်တတ်မှသာ ပကတိအရိုး အမျိုးမှန်တိုင်း ထင်ရှားပေါ်နိုင်၏။

ထို့ကြောင့် ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါတို့ကို ချမ်းသာအေးငြိမ်းစေတတ်သော သုခမျိုးတို့လော၊ ပုဂ္ဂိုလ်သတ္တဝါတို့ကို ဆင်းရဲပူပန်စေတတ်သော ဒုက္ခမျိုးတို့လောဟု ထင်ရှားပေါ်စေလိုသော လောကမျက်မြင်ဖြစ်သော ပြုပြင်မှုတို့ကို ဉာဏ်နှင့် အကုန် နုတ်ပယ်၍ သူ့ပကတိအတိုင်းထား၍ ကြည့်ရာ၏။

## ခန္ဓာငါးပါးတို့ သင်္ခါရဒုက္ခနှင့် ဝိပရိဏာမဒုက္ခ ဖြစ်ပုံ

**သုခ ဒုက္ခကို စိစစ်ကြည့်ရှုပုံ** အပြုအပြင်မရှိဘဲ သူ့ပတိအတိုင်းနေရမှ သူ့ဇာတိပေါ်မြဲ မွေတာတည်း၊ သုခအမျိုးမှန်ခဲ့လျှင် သုခဘက်သို့ တိုးတက်ကြီးပွားစည်ကား၍ သွားကုန်လတ္တံ့၊ ဒုက္ခအမျိုးမှန်ခဲ့လျှင် ဒုက္ခဘက်သို့ တသွန်တည်း ပိုင်းပိုင်းလဲ၍ သွားကုန်လတ္တံ့၊ သုခအမျိုးမှန်ခဲ့လျှင် ဒုက္ခဇာတ် ထွက်လတ္တံ့။

**ပြုပြင်မှုမရှိသော သူငယ်ပမာ ငါးခန္ဓာ** အဘယ်သို့ ကြည့်ရာသနည်းဟူမူကား – အမိဝမ်းမှ မွေးဖွားစအခါ၌ တစ်စုံတစ်ခုသော ပြုပြင်မှုကို မပြု၊ သူငယ်၏ ခန္ဓာ ၅–ပါးတို့ကို ပေါက်လွှတ်ထား၍ ကြည့်ရာ၏။ သုခမျိုး ဖြစ်ကုန်ငြားအံ့၊ သူငယ်၏ ခန္ဓာ ၅–ပါးတို့သည် တစ်ခဏတခြား ကြီးပွားရှင်လန်းချမ်းသာစည်ပင်၍ သွားကုန်လတ္တံ့။ ဒုက္ခမျိုးဖြစ်ကုန်ငြားအံ့၊ တစ်ခဏတခြား ဆုတ်ယုတ်ညှိုးနွမ်း ပင်ပန်းပျက်စီး၍ သွားကုန်လတ္တံ့။

ခန္ဓာ ၅–ပါးတို့သည်မူကား ဒုက္ခမျိုးတို့သာ အမှန်ဖြစ်ကုန်၏။ ထို့ကြောင့် ထိုအခါ၌ မပြုမပြင်ဘဲ ပေါက်လွှတ်ထားခဲ့သည်ရှိသော် လောလောပူသော မြေအပြင်၌ ချထားအပ်သော ပဒုမ္မာကြာပွင့်ကဲ့သို့ တစ်ခဏတခြား ဆုတ်ယုတ်ညှိုးနွမ်း ပင်ပန်းဆင်းရဲသော ဒုက္ခအဖို့သာ သွားကုန်လတ္တံ့။

နှစ်ရက် သုံးရက်အတွင်းမှာပင် သေဆုံး၍ သုသာန်သို့ ထုတ်ပို့စွန့်ပစ်ရကုန်လတ္တံ့၊ ပေါက်လွှတ်ထားသည့်အတွက် ကြီးပွားရှင်လန်းချမ်းသာစည်ပင်၍ လာကုန်သည်ဟု မရှိကုန်ရာပြီ၊ ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ မွေးဖွားသမျှသော သူငယ်ဟို့ကို ထိုသို့ထားခဲ့သော် တစ်စုံတစ်ယောက်မှ ချမ်းသာသူဟူ၍ မရှိကြကုန်လတ္တံ့၊ စကြဝဠာအနန္တနှင့်တကွ အနမတဂ္ဂ သံသရာတစ်ခုလုံး၌ မွေးဖွားသမျှသော သူငယ်တို့ကို အကုန်မျှော်လေ။

ထိုသို့သော အလားဏ်၏ ဒိဋ္ဌမျက်မြင်ကဲ့သို့ ထင်ရှားလျက်ရှိသောကြောင့် မွေးဖွားသည်မှ ကြီးပွား၍ လာကြရသော သုခအဖို့သည် ခန္ဓာ ၅-ပါး ရုပ်၊ နာမ် တရားတို့၏ ဇာတိအမှုမျိုး မဟုတ်၊ ပြုပြင်မှု အာဂန္တု၏ အစွမ်းသက်သက်သာတည်းဟု ထင်ရှားလေသတည်း။

မွေးဖွားသည်မှ နောက်၌လည်း တစ်ဘဝ တစ်ဘဝ အတွင်းတွင် ဘယ်နှစ်နာရီ မှာမဆို မွေးမြူမှု၊ ပြုပြင်မှု ခပ်သိမ်းတို့ကို နုတ်ပယ်၍ ပစ်ထားလျှင် ဤနည်းအတိုင်း ဒုက္ခအဖို့သို့ တစ်ဖက်သတ် တစ်လမ်းသွားသာ ရှိကြသည်ကို အနမတဂ္ဂသံသရာ ပေါက်အောင် တစ်လျှောက်လုံး မြင်ကြလေ။

**သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ**

ပြုပြင်မှုကား - အလွန်ကြီးကျယ်လှသော သင်္ခါရဒုက္ခကြီးတည်း။ ပေါက်လွှတ်ထားခဲ့လျှင် ပိုင်းပိုင်းလဲသွားမှုကား အလွန်ကြီးကျယ်လှသော ဝိပရိဏာမဒုက္ခကြီးတည်း။

ဤသတ္တဝါတို့သည် သင်္ခါရဒုက္ခကြီးကို မုန်းသည်ဟု လွှတ်ထားကြကုန်လျှင် ဝိပရိဏာမဒုက္ခဘက်သို့ ပိုင်းပိုင်းလဲသွားရကုန်၏။

ဝိပရိဏာမဒုက္ခကြီးကို ကြောက်သည်ဟု ရှောင်ကွင်းကြပြန်လျှင် သင်္ခါရ ဒုက္ခမှုကြီးသို့ ကြောင်ကြောင်တိုးဝင်ကြရကုန်၏။

ဘင်ပုပ်ငရဲကြီး၊ ပြာပူငရဲကြီး နှစ်ခုတို့၏ အကြားသို့ ရောက်ကြကုန်သော ငရဲသားတို့သည် ဘင်ပုပ်ငရဲကို အလွတ်ရှောင်လျှင် ပြာပူငရဲတွင်းသို့ ကျကုန်ကြ၏။ ပြာပူငရဲကို အလွတ်ရှောင်လျှင် ဘင်ပုပ်ငရဲတွင်းသို့ ကျကြကုန်သကဲ့သို့တည်း။

ဤကား ခန္ဓာ ၅-ပါးတို့၏ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခဟူသော ဒုက္ခလက္ခဏာ ဒုတိယခန်းတည်း။

# ဒုက္ခလက္ခဏာ၌ ခန္ဓာငါးပါးတို့၏ ကိလေသာ မီးတောက်မှုဟူသော ဒုက္ခလက္ခဏာကို ပြဆိုသော တတိယခန်း

**ဝိပရိဏာမ ဒုက္ခအမျိုးမျိုး**

ခန္ဓာ ၅-ပါး ရုပ်၊ နာမ်တရားတို့၏ ဝိပရိဏာမဒုက္ခမှုသည် ပဌမ ခန်း၌ ပြဆိုခဲ့ပြီးသော ကိုယ်တွင်းအန္တရာယ်၊ ကိုယ်ပအန္တရာယ်တို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော ဝိပရိဏာမဒုက္ခမျိုး၊ အနန္တပြုပြင်မှုချို့တဲ့ ချွတ်ယွင်း၍ ဖြစ်ရသော ဝိပရိဏာမဒုက္ခမျိုး။

အနန္တဘဝ အဆုံးသို့ကျ၍ အနိစ္စဓမ္မတာအားဖြင့် ဖြစ်ရသော ဝိပရိဏာမဒုက္ခ မျိုး အနန္တရှိ၏။

**ကိလေသာ အနန္တ ရှိခြင်း**

ထိုအလုံးစုံသော ဝိပရိဏာမဒုက္ခတို့မှ ဒေါသ၊ မောဟ အမျုးရှိကုန်သော ကိလေသာအနန္တတို့သည် ဖြစ်ပွားကုန်၏။ ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့အား နေ့ရှိသမျှ ကြောင့်ကြစိုက်ကြရသော အသက်မွေးမှု၊ အစာရှာမှု အစရှိသော သင်္ခါရဒုက္ခကြီးမှ လောဘ၊ မောဟ အမျုးရှိသော ကိလေသာ အနန္တတို့သည် ဖြစ်ပွားကုန်၏။

ထို့အတူ ခန္ဓာ ၅-ပါးတို့၏ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသော သုခအဖို့တို့မှ လောဘ မောဟ အမျုးရှိသော ကိလေသာ မီးအနန္တတို့သည် နေ့မစဲ ညမစဲ တဟုန်းဟုန်း တောက်ပွားကုန်၏။ အပါယ်လေးဘုံဟူသော ဒုက္ခအဖို့တို့မှ ဒေါသ မောဟ အမျုးရှိသော ကိလေသာမီးအနန္တတို့သည် နေ့မစဲ ညမစဲ တဟုန်းဟုန်း တောက်ပွားကုန်၏။

**ကိလေသာမီးကြောင့် အောက်အောက်ဘုံ၌ ဖြစ်ရခြင်း**

သုဂတိဘုံ၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဝိပရိဏာမ ဒုက္ခမျိုး၊ ဒုက္ခအဖို့မျိုးတို့မှ နေ့စဉ် ဖြစ်ပွားကုန်သော ဒေါသ မောဟ အမျုးရှိကုန်သော ကိလေသာမီး,

သင်္ခါရ ဒုက္ခမျိုး၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသော သုခအဖို့မျိုးတို့မှ ခဏမစဲ ဖြစ်ပွားကုန်သော လောဘ၊ မောဟ အမျုးရှိကုန်သော ကိလေသာမီး,

အပါယ်ဘုံတို့၌လည်း များသောအားဖြင့် ဒေါသ၊ မောဟ အမျုးရှိကုန်သော ကိလေသာမီးတို့၏ ခဏမစဲ အမြဲ တောက်လောင်မှုတို့ကြောင့် တစ်နေ့တခြား ခန်းခြောက်သော စိတ်သန္တာန်ရှိကြကုန်သည်ဖြစ်၍ တပို့တွဲ တပေါင်းတို့တွင် တောတစ်ခွင် တောင်တစ်ခွင်တို့၌ တစ်နေ့တခြား ခန်းခြောက်ကြကုန်သော သစ်ရွက်တို့သည် တန်ခူး လ ကဆုန်လတို့၌ လေသုတ်တိုင်း လေသုတ်တိုင်း မြေသို့ ကြွေကျလေကုန်သကဲ့သို့ မရဏ လေသုတ်တိုင်း လေသုတ်တိုင်း ထိုထိုဗြဟ္မာဘုံတစ်ခွင်, နတ်ဘုံ, လူ့ဘုံတစ်ခွင် တို့မှ နေ့မစဲ ညမစဲ အောက်ဘုံသို့ လျှောကျကြရကုန်၏။ အထက်အထက် အပါယ်ဘုံ တို့မှလည်း အောက်အောက်အပါယ်ဘုံသို့ လျှောကျကြကုန်၏။

ဤကား ခန္ဓာ ၅-ပါးတို့၏ ကိလေသာမီးတောက်မှုဟူသော ဒုက္ခလက္ခဏာ တတိယခန်းတည်း။

# ဒုက္ခလက္ခဏာ၌ ခန္ဓာငါးပါးတို့၏ ဒုစရိုက်ပွားများမှုဟူသော ဒုက္ခလက္ခဏာကို ပြဆိုသော စတုတ္ထခန်း

ကံအဟုန်ကုန်လျှင် တစ်ယောက်တစ်ယောက်သော သတ္တဝါအား ကိလေသာ အပါယ်ဘုံမှာသာ စုရခြင်း ဟောင်းတို့မှ ဖြစ်ပွားကုန်သော ဒုစရိုက်ကံဟောင်းအနန္တ။

ကိလေသာသစ်တို့မှ ဖြစ်ပွားကုန်သော ဒုစရိုက်ကံသစ် အနန္တရှိနေကြကုန် သည်ဖြစ်၍ ကောင်းကင်သို့ ပစ်လွှတ်အပ်ကုန်သော အုတ်၊ ကျောက်တို့သည် အဟုန် ကုန်ဆုံးသောအခါ မြေအပြင်မှာချည်း စုလာကြရကုန်သကဲ့သို့။

တစ်ခုတစ်ခုသော ကုသိုလ်အဟုန် ကုန်ဆုံးကြသောအခါ ဗြဟ္မာဘုံတစ်ခွင် တို့မှလည်း အပါယ် ၄-ဘုံ အပြင်မှာ စုလာကြရကုန်၏။ နတ်ပြည်တစ်ခွင်တို့မှလည်း အပါယ် ၄-ဘုံ အပြင်မှာ စုလာကြရကုန်၏။ လူ့ဘုံတစ်ခွင်မှလည်း အပါယ် ၄-ဘုံ အပြင်မှာ စုလာကြရကုန်၏။ အထက်အထက် အပါယ်ဘုံတစ်ခွင်တို့မှလည်း အောက် အောက်အပါယ်ဘုံ အပြင်မှာ စုလာကြရကုန်၏။

အပါယ် ၄-ဘုံမှာ သတ္တဝါအသိုက်အအုံ ကြီးကျယ်ပုံကို ရှေး၌ ပြဆိုခဲ့ပြီ။

ဤကား ခန္ဓာ ၅-ပါးတို့၏ ဒုစရိုက်ပွားမှုဟူသော ဒုက္ခလက္ခဏာ စတုတ္ထခန်းတည်း။

# ဒုက္ခလက္ခဏာ၌ ခန္ဓာငါးပါးတို့၏ အပါယ်ဒုက္ခ ကြီးကျယ်မှုဟူသော ဒုက္ခလက္ခဏာကို ပြဆိုသော ပဉ္စမခန်း

**လိပ်ကန်းဥပမာ သုဂတိခန္ဓာ** ထိုဒုစရိုက်ကံဟောင်း အနန္တ၊ ဒုစရိုက်ကံသစ် အနန္တတို့ကြောင့် အပါယ်ဘုံသို့ တစ်ကြိမ်တစ်ခေါက် ကျရောက်ကြကုန်သည်ရှိသော် လိပ်ကန်းဥပမာ ကဲ့သို့ အပါယ်ဘုံမှ ဘဝတစ်ရာနှင့်လည်း မလွတ် နိုင်ကြကုန်၊ ဘဝတစ်ထောင်နှင့်လည်း မလွတ်နိုင်ကြကုန်၊ ဘဝတစ်သောင်းနှင့်လည်း မလွတ်နိုင်ကြကုန်မူ၍ တစ်ဘဝထက် တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြကုန်သဖြင့် တစ်ယောက် တစ်ယောက်သော သတ္တဝါအား သံသရာ၌ အပါယ်ခန္ဓာ အပါယ်ဘဝတို့ သည်သာ အလွန်တရာ များပြားလှစွာကုန်၏။

၁။ ဤကျမ်း နှာ-၁၀ ပြန်ကြည့်

**လက်သည်းပေါ်** သုဂတိခန္ဓာ သုဂတိဘာဝတို့သည် မူကား အလွန်တရာ နည်းပါးကြ
**မြေမှုန့်ဥပမာ** ကုန်၏။ နခသိခသုတ္တန်[၁] ဒေသနာတော်ကြီးကို မျှော်ကြလေ။

ဤကား ခန္ဓာ ၅ ပါးတို့၏ အပါယဒုက္ခ ကြီးကျယ်မှုဟူသော
ဒုက္ခလက္ခဏာ ပဥ္စမခန်းတည်း။

## ငါးခန်းငါးရပ်တို့ဖြင့် ပြအပ်ကုန်သော ဒုက္ခလက္ခဏာတို့၏ အရင်းအမြစ်ကို ပြဆိုခန်း

ဤငါးခန်းငါးရပ်တို့ဖြင့် သိသာရုံမျှ ဖော်ပြကုန်သော ဒုက္ခလက္ခဏာတို့၏ အရင်းအမြစ်သည်မူကား မိမိတို့သန္တာန်၌ ရှိနေကုန်သော ခက်မာမှု၊ ဖွဲ့စေးမှု၊ ပူမှု၊ အေးမှု၊ တောင့်တင်းမှု၊ သိမှု၊ မြင်မှု၊ ကြားမှု၊ အစရှိကုန်သော ခန္ဓာ ၅ ပါးတို့၏ ခဏမစဲဖြစ်မှု၊ ခဏမစဲပျက်မှုသည် အရင်းအမြစ်ပေတည်း။

ထိုခဏမစဲဖြစ်မှု ခဏမစဲ ပျက်မှု နှောင့်ယှက်ညှင်းပန်းသည့်အတွက်ကြောင့် ခက်မာမှု အစရှိကုန်သော ခန္ဓာ ၅ ပါးတို့သည် အနမတဂ္ဂသံသရာ၌ တစ်နာရီမျှ ငြိမ်သက်ချမ်းကြည် တည်နေနိုင်သော သန္တိသုခနှင့် ဝေးကွာကြကုန်သည်ဖြစ်၍ သမုဒ္ဒရာလှိုင်းကြီး လှိုင်းငယ်တို့ကဲ့သို့ ရပ်တည်မရ လှုပ်ရှား၍ နေကြကုန်၏။ သခါရဒုက္ခကြီး ဝိပရိဏာမဒုက္ခကြီးတို့သည် ငရဲကြီး ၂ ရပ်ညှပ်၍ နေဘိသကဲ့သို့ အမြဲညှပ်၍ နေကြကုန်၏။

လူ့ခန္ဓာ၌ရှိသော ခက်မာမှု၊ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာတို့၌ ရှိသော ခက်မာမှု အစရှိသည်တို့သည် ဖြစ်ခြင်း ပျက်ခြင်း ကင်းလွတ်သော သန္တိသုခမျိုးဖြစ်ကြပါကုန်မူကား ထိုအလုံးစုံသော ဒုက္ခမျိုးတို့မှ ကင်းရှင်းကြရလေကုန်ရာ၏။ အောက် အောက်ဘုံသို့ လျှောကျခြင်းဟူ၍ မရှိကြလေကုန်ရာ၊ အပါယ်ဘုံ အပါယ်ဘဝဟူ၍ပင် မရှိကြလေကုန်ရာ၊ ဘဝတစ်ပါးပြောင်းလဲခြင်းဟူ၍ မရှိကြလေကုန်ရာ၊ သခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ နှစ်ပါးတို့မှ ကင်းရှင်းကြကုန်သဖြင့် လူ နတ် ဗြဟ္မာတို့သည် နိစ္စထာဝရ ချမ်းသာသုခ တူမျှသည်သာ ဖြစ်ကုန်ရာ၏။

ထို့ကြောင့် ထိုအလုံးစုံသော ဒုက္ခတို့သည် ခန္ဓာ ၅ ပါးတို့၏ ခဏမစဲဖြစ်မှု ပျက်မှုလျှင် အရင်းအမြစ် ရှိကုန်သည်ဟူ၍ ထင်ရှားလေသတည်း။

ဤဒုက္ခလက္ခဏာ မည်သည် အလွန်များပြားလှ၏။ ကြံ၍ မဆုံးနိုင် ပြောဟော၍ မဆုံးနိုင်ရှိ၏။ ယင်ရှားရာမျှကိုသာ ပြလိုက်သည်။

---

၁။ ကျမ်းကိုးကို ဤကျမ်း နှာ–၉ ပြန်ကြည့်ပါ။

ငါတို့စီရင်သော လက္ခဏာဒီပနီ၊ ဝိဇ္ဇာမဂ္ဂဒီပနီ၊ နိဗ္ဗာနဒီပနီ၊ အာဟာရဒီပနီ၊ အနတ္တဒီပနီ၊ ကမ္မဋ္ဌာနဒီပနီ၊ စတုသစ္စဒီပနီ၊ သစ္စတ္ထဒီပနီ၊ ပဋိစ္စသမုပ္ပါဒ်ဒီပနီ စာအုပ်ငယ်တို့၌လည်း ဒုက္ခအချက် အသီးသီး ပါရှိလေ၏။

**နာမ်တရားကို မပြုပြင်လျှင် အဝီစိက မတက်ရ**

ရုပ်တရားတို့၌ ပြုပြင်မှု ခပ်သိမ်းကို နှုတ်ပယ်၍ ကြည့်ခဲ့သော် ခန္ဓာ ၅-ပါးလုံး အဆိုးအဝါးကြီးဖြစ်၍ နေကုန်သဖြင့် ထိုနေ့၌ပင် မခံနိုင်မရပ်နိုင်ဖြစ်၍ သွားမည်ကိုလည်းကောင်း၊ သေဆုံး၍ သွားမည်ကိုလည်းကောင်း မြင်ရ၏။ ရုပ်တရားတို့ကိုသာ ပြုပြင်၍ နာမ်တရားတို့ကို မပြုပြင်ဘဲ လွှတ်ထားခဲ့သော် အနမတဂ္ဂသံသရာနှင့်အမျှ အဝီစိငရဲက မတက်ရသော စခန်းသို့ ဧကန်ဆိုက်မည်ကို မြင်ရ၏။

## နာမ်တရား၌ ပြုပြင်မှု

နာမ်တရားတို့၌ ပြုပြင်မှုဆိုသည်ကား -

၁။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည်ကို သိအောင် ပြုပြင်မှု၊

၂။ အမိ၊ အဖ စသည်ကို သိအောင်ပြုပြင်မှု၊

၃။ လောကအကျိုးအပြစ်၊ သံသရာအကျိုးအပြစ်တို့ကို သိအောင်ပြုပြင်မှု၊

၄။ သိသည်အားလျော်စွာ စိတ်သွားတိုင်း ကိုယ်မပါရအောင် ချုပ်တည်းမှု၊

၅။ စိတ်သွားတိုင်း နှုတ်မပါရအောင် ချုပ်တည်းမှု၊

၆။ စိတ်အလိုကို လွှတ်၍ မလိုက်မှု၊

၇။ လောဘအလိုကို လွှတ်၍ မလိုက်မှု၊

၈။ ဒေါသအလိုကို လွှတ်၍ မလိုက်မှု၊

၉။ မောဟအလိုကို လွှတ်၍ မလိုက်မှု၊

၁၀။ မနာအလို၊ ဒိဋ္ဌိအလို၊ဝိတက်အလို၊ ဝိစာရအလိုတို့ကို လွှတ်၍ မလိုက်မှုတည်း။

တိရစ္ဆာန် သတ္တဝါတို့ပင်သော်လည်း စိတ်အလိုကိုလွှတ်၍ မလိုက်ကြကုန်မူ၍ မိမိသိရှိသမျှ နေရာဌာနတို့၌ ရှောင်မှု ရှားမှု အသီးအသီး ရှိကြကုန်၏။ နာမက္ခန္ဓာတို့၏ ပကတိသဘောသည် အလွန်ကြီးကျယ်လှသော ဒုက္ခသဘောကြီးသာတည်း၊ ရိုပ်မိရုံမျှ ပြဆိုလိုက်သည်။

ဒုက္ခလက္ခဏာ အမြွက်ပြီး၏။

## ဒုက္ခဝိပဿနာ ပြဆိုခန်း

**ဒုက္ခ ဝိပဿနာ**

ဒုက္ခဝိပဿနာဆိုသည်ကား– မိမိသန္တာန်၌ အမာခံဖြစ်၍နေသော ပထဝီ ဟူသော ခက်မာမှုကြီးတစ်ခုကို အနမတဂ္ဂသံသရာ၌ ဖြန့်ခင်း၍ ကြည့်ရှု ရာ ငြိမ်းချမ်းသာယာသော သန္တိသုခရှိသော ဓာတ်မျိုးမဟုတ်၊ ခဏမစဲ ဖြစ်မှု ပျက်မှု၊ ပြောင်းလဲမှုရှိနေသည်ဖြစ်၍ ခဏချင်း သုခအဖို့သို့ ပြောင်းလဲနိုင်၏။ ပြဆိုခဲ့ပြီးသော ရောဂါမျိုး၊ အနာမျိုး စသည် ခဏချင်းဖြင့် ဖြစ်နိုင်၏။

ဤသို့ အစရှိသည်ဖြင့် ထိုခက်မာမှုတစ်ခု၌ ဒုက္ခလက္ခဏာကြီး ၅–ရပ်ကို အလင်းမြင်နိုင်သော ဉာဏ်သည် ဒုက္ခဝိပဿနာမည်၏။

ဖွဲ့စေးမှုအစရှိသော နာမ်ခန္ဓာစု, မှတ်သားမှု, စေ့ဆော်မှု, မြင်မှု, ကြားမှု အစရှိ သော နာမ်ခန္ဓာစု၌လည်း ဒုက္ခလက္ခဏာကြီး ၅–ရပ်ကို အလင်းမြင်သော ဉာဏ်သည် 'ဒုက္ခဝိပဿနာ'မည်၏။

**ဒုက္ခဝိပဿနာဉာဏ်ဖြင့် နိစ္စနိမိတ်စသည် ပျောက်ပုံ**

ဤဒုက္ခဝိပဿနာဉာဏ် အလင်းပေါက်ခဲ့သည်ရှိသော် ပုဂ္ဂိုလ်၊ သတ္တဝါ၊ နတ်၊ သိကြား၊ ဗြဟ္မာ အစရှိသော နိစ္စနိမိတ်ကြီး၊ သုခနိမိတ်ကြီးတို့ကို ဖြေဖျောက်နိုင်ကြ ကုန်၏။

ထို့အတူ ဦးခေါင်း၊ ခြေ၊ လက် အစရှိသော သုခနိမိတ်၊ ဦးထိပ်၊ နဖူး၊ မျက်နှာ မျက်လုံး၊ နား၊ နှာခေါင်း၊ ခံတွင်း၊ မေး၊ နှုတ်ခမ်း၊ လျှာ၊ သွား အစရှိသော သုခနိမိတ်၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းအစရှိသော သုခနိမိတ်တို့ကို ဖြေဖျောက်နိုင် ကြကုန်၏။

အမျိုး၏ မြတ်ခြင်း၊ အနွယ်၏ မြတ်ခြင်း၊ အဆင်းသဏ္ဌာန် ကြန်အင် လက္ခဏာတို့၏ ကောင်းခြင်း၊ ရွှန်းစိုနနယ် အရွယ်၏ ကောင်းခြင်း၊ ကိုယ်အင်္ဂါ အပြု အမူတို့၏ တင့်တယ်ခြင်း၊ နှုတ်အင်္ဂါအပြုအမူတို့၏ တင့်တယ်ခြင်း အစရှိသော လိမ် လည်ကောက်ကျစ် ဆိုးညစ်မှောက်မှားတတ်သော သုခနိမိတ်တို့ကိုလည်း ဉာဏ်၌ ပျောက်ဖျက်နိုင်ကုန်၏။

## ရုပ်နာမ်တို့၏ ထင်ရှားသော ဒုက္ခဘေးနှင့် သိမ်မွေ့နက်နဲသော ဒုက္ခဘေး

သုခအဖို့ဖြစ်သော ရုပ်နာမ်တရား၊ ဒုက္ခအဖို့ဖြစ်သော ရုပ်နာမ်တရား နှစ်ပါး တို့တွင်–

၁။　ဒုက္ခအဖို့ဖြစ်သော ရုပ်နာမ်တရားစုသည် နိစ္စနိမိတ်မျှသာပြ၍ သတ္တဝါတို့ကို မှောက်မှားစေတတ်၏။

၂။　သုခအဖို့ဖြစ်သော ရုပ်နာမ်တရားစုသည်မူကား နိစ္စနိမိတ်၊ သုခနိမိတ်၊ သုဘနိမိတ်တို့ကို ပြ၍ သတ္တဝါတို့ကို မှောက်မှားစေတတ်၏။

**ထင်ရှားသော ဒုက္ခဘေး**

ဒုက္ခအဖို့ဖြစ်သော ရုပ်နာမ်တရားတို့၏ ဒုက္ခလက္ခဏာသည် ပကတိအားဖြင့်ပင် ထင်ရှားပေါ်လွင်၍နေ၏။ ထို ရုပ်နာမ်တရားတို့ကို ဒုက္ခမျိုးဟူ၍ပင် သတ္တဝါတို့ သိကြကုန်၏။ တွေ့ကြုံရမည်ကိုပင် ကြောက်ကြကုန်၏။ လွတ်ကင်းအောင် ရှောင်ကြဉ်ကြကုန်၏။

ဥပမာကား ခြသေ့်၊ သစ်ကျားတို့၏ ဒုက္ခဘေးသည် အလွန်ထင်ရှား၏။ ထို့ကြောင့် လောက၌ ဒုက္ခအဖို့ဖြစ်သော ရုပ်နာမ်တရားတို့ကြောင့် ဖြစ်ရသော ဒုက္ခဘေးမည်သည် အလွန်နည်းပါး၏။

**နက်နဲသော ဒုက္ခဘေး**

သုခအဖို့ဖြစ်သော ရုပ်နာမ်တရားတို့၏ ဒုက္ခလက္ခဏာသည် နက်နဲ၏၊ သုခနိမိတ် သုဘနိမိတ်တို့သည် ဖုံးလွှမ်းလျက်ရှိကုန်၏၊ အကောင်းထက်အကောင်း၊ အမြတ်ထက်အမြတ်ဟု အဆင့်ဆင့် သမုတ်အပ်သော သက်ရှိသက်မဲ့ ဝတ္ထု၌ ဒုက္ခလက္ခဏာသည် နက်နဲသည်ထက် အဆင့်ဆင့် နက်နဲ၏။

ထိုရုပ်၊ နာမ်တရားတို့ကို ဒုက္ခမျိုးဟူ၍ပင် သတ္တဝါတို့ မသိနိုင်ကြကုန်၊ သုခမျိုးဟူ၍ စွဲလမ်းကြကုန်၏။ တွေ့ချင်ကြကုန်၏။ မြင်ချင်ကြကုန်၏။ လိုချင်ကြကုန်၏။ ရချင်ကြကုန်၏။ မိမိ၏ အပဥ္စာပြုလုပ်၍ သိမ်းပိုက်လိုကြကုန်၏။ မိမိကိုယ်အင်္ဂါ ပြုလုပ်လိုကြကုန်၏။ မရသေးသည်ကို ရအောင် ရှာမှီးကြကုန်၏။ ရပြီးသည်ကို မလွတ်ရအောင် သိမ်းပိုက်ကြကုန်၏။ ထိုဝတ္ထုနှင့် ခံစားကြကုန်၏။ ပျော်ပါးကြကုန်၏။

ထို့ကြောင့် လောက၌ သုခအဖို့ဖြစ်သော ရုပ် နာမ်တရားတို့ကြောင့် ဖြစ်ရသော ဒုက္ခဘေးကြီးသည် အလွန်ကြီးမားလှ၏။ တစ်လောကလုံး၌ ထိုဘေးကြီးသည် နေ့မစဲ ညမစဲ အမြဲကပ်တိုက်၍နေ၏။

ဥပမာကား ခြသေ့်၊ သစ်ကျားတို့၏ ဒုက္ခဘေးသည် ထင်ရှား၏၊ ရှောင်ကြဉ်ကြ၏။ ထို့ကြောင့် လောက၌ ကျားကိုက်၍ သေသောမသာသည် အလွန်နည်းပါး၏။

သရက်၊ ပိန္နဲ၊ ငါး၊ အမဲတို့၏ ဒုက္ခဘေးကား နက်နဲ၏။ မကြောက်နိုင်ရှိကြ၏။ ခင်ကြမက်ကြ၏။ ထို့ကြောင့် လောက၌ ထိုအာဟာရတို့၏ ဖျားမှု နာမှုနှင့် ပတ်သက်၍ သေသောမသာကား အလွန်ပေါများ၏။

ဝိရူပက္ခအစရှိသော အဆိပ်ထန်လှသော မြွေကြီး၏ ဒုက္ခဘေးကား – အလွန်ထင်ရှား၏။ ကြောက်ကြ၏။ ရှောင်ကြဉ်ကြ၏။ ထို့ကြောင့် လောက၌ ထိုမြွေကြီးတို့ကိုက်၍ သေရသော မသာသည် အလွန်ရှားပါး၏။

**ခတ်ကြီး ၄–ပါး ဖောက်ပြန်မှုကြောင့် သေရသူ များခြင်း**

မိမိကိုယ်ခန္ဓာ၌ ဖြစ်နေကြကုန်သော ဓာတ်ကြီး ၄–ပါးတို့၏ ဒုက္ခဘေးသည် အလွန်နက်နဲ၏။ မသိနိုင်၊ မကြောက်နိုင်၊ ရှိကြကုန်၏။ ခင်ကြမက်ကြကုန်၏။ အမြဲအားထုတ်၍ မွေးမြူ သိမ်းပိုက်ကြကုန်၏။

ထို့ကြောင့် လောက၌ ထိုဓာတ်ကြီးတို့၏ ဖောက်ပြန်မှုနှင့် သေရသော မသာသည်မှုကား အဘယ်အခါမှ ပြတ်လတ်သည်ဟူ၍ မရှိ၊ မြို့ရွာရှိတိုင်း သင်္ချိုင်းသုသာန်အပြီး ရှိနေကြကုန်၏။ မြို့ရွာ စည်ကားလေလေ သင်္ချိုင်းသုသာန် စည်ကားလေလေဖြစ်၏။

**ဒုက္ခကြောင့် အပါယ်လားသူ** ထို့အတူ လောက၌ ဒုက္ခအဖို့ကို လိုက်စား၍ ဒုစရိုက်တရားပွားများသဖြင့် အပါယ်သို့ ကျရောက်သော သူတို့ကား နည်းပါးကုန်၏။

**ချမ်းသာသုခကြောင့် အပါယ်လားပုံ**

သုခအဖို့ကို လိုက်စား၍ ဒုစရိုက်တရားပွားများသဖြင့် အပါယ်သို့ ကျရောက်သော သူတို့သည်မှုကား အလွန်များပြားကုန်၏။ မျက်စိအရသာကို လိုက်စားမှုနှင့် ကျရောက်သော သူတို့သည် အလွန်များပြားကုန်၏။

နားအရသာကို လိုက်စားမှုနှင့် နှာခေါင်းအရသာကို လိုက်စားမှု၊ ခံတွင်းအရသာ လျှာအရသာကို လိုက်စားမှု၊ ကိုယ်အင်္ဂါအရသာကို လိုက်စားမှု၊ လောကဂုဏ်ဟူသော မနောအရသာကို လိုက်စားမှုနှင့် ကျရောက်သော သူတို့သည် အလွန်များပြားကုန်၏။ အပါယ်ဘုံကြီးသည် အလွန်တရာ စည်ကား၏။

အပါယ်ဘုံနှင့် ထောက်စာသည်ရှိသော် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှာ သတ္တဝါရှိသည်ဟူ၍ပင် မပြောစလောက်ရှိ၏။ အပါယ်ကြီး စည်ကားသမျှသည် သုခအဖို့ကို လိုက်စားသူတို့ချည်းသာတည်း၊ ဒုက္ခအဖို့ကို လိုက်စားသူဟူ၍ အလွန်နည်းပါးရာ၏။

လောက၌ အရသာမကောင်းသော အသီးမျိုး၊ အသားမျိုး၊ အစားမှား၍ ရောဂါဥပါဒ်ဖြစ်သည်၊ သေခံသည် မရှိ၊ အရသာမကောင်းသည်ကို အစာ အာဟာရပင်မပြုကြ၊ အရသာကောင်းသော အသားမျိုး၊ အသီးမျိုးတို့ကို အစားမှား၍ ရောဂါဥပါဒ်ဖြစ်သည် သေဆုံးသည်ဟူ၍သာ ရှိသကဲ့သို့တည်း။

**တဏှာကြောင့် သံသရာဒုက္ခမှ မလွတ်နိုင်ပုံ**

လောက၌ ပကတိသော မြေစိုင်ခဲ ကျောက်ခဲ သလဲ စသည်တို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ မကျွတ်နိုင်သည် မလွတ်နိုင်သည်ဟူ၍ မရှိ၊ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား စသော ရတနာမျိုးတို့၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင် မလွတ်နိုင် ရှိနေကြ၏။

အသုံးမကျသော သစ်ပင်၊ သစ်တုံးစသည်တို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင်သည်ဟူ၍ မရှိ၊ ယောကျ်ား၊ မိန်းမအချင်းချင်း ငြိတွယ်ကြသော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင်ရှိနေကြ၏။

အပါယ်ဘုံ၊ အပါယ်ဘဝတို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင်သည်ဟူ၍ မရှိ၊ လူ့ဘုံ လူ့ဘဝ၊ နတ်ဘုံ နတ်ဘဝ၊ ဗြဟ္မာဘုံ ဗြဟ္မာဘဝတို့၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြ၏။

အပါယ်ဆင်းရဲတို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခမှ မကျွတ်နိုင်သည်၊ မလွတ်နိုင်သည်ဟူ၍ မရှိ၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခမှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြ၏။

လောက၌ အသုံးမကျသော မြေစိုင်ခဲ ရွှံ့ခဲတို့၌ ငြိတွယ်သော တဏှာကြောင့် သံသရာဒုက္ခ အပါယ်ဒုက္ခတို့မှ မကျွတ်နိုင်သည်၊ မလွတ်နိုင်သည်ဟူ၍မရှိ၊ မိမိတို့၏ စက္ခု၌ ငြိတွယ်သော တဏှာ၊ သောတ၌ ဃာန၌ ဇိဝှါ၌ ကာယ၌ မနော၌ ငြိတွယ်သော တဏှာကြောင့်သာ သံသရာဒုက္ခ အပါယ်ဒုက္ခတို့မှ မကျွတ်နိုင်၊ မလွတ်နိုင် ရှိနေကြရ လေသတည်း။

ဤမျှသော စကားရပ်တို့ဖြင့် ဒုက္ခအဖို့ ဖြစ်ကုန်သာ ခန္ဓာ ၅-ပါး ရုပ်နာမ် တရားတို့၏ ဒုက္ခဘေး၊ ဒုက္ခလက္ခဏာတို့ထက် သုခအဖို့ ဖြစ်ကုန်သော ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ ဒုက္ခဘေး ဒုက္ခလက္ခဏာတို့သည်သာ အလွန်ကြီးကျယ်ကုန်သည် ကို ရိပ်မိရုံမျှ အကျဉ်းအားဖြင့် ပြဆိုလိုက်သည်။

ဤတွင်ရွေ့ကား ဒုက္ခလက္ခဏာ ဒုက္ခဝိပဿနာတို့ကို ပြဆိုချက် ပြီး၏။

# အတ္တနိမိတ် အနတ္တလက္ခဏာ အနတ္တဝိပဿနာ ဘုံငါးပါးကိုပြဆိုခန်း

အတ္တနိမိတ်၊ အနတ္တလက္ခဏာ၊ အနတ္တဝိပဿနာ သုံးပါး၌–

**အတ္တနိမိတ်** အတ္တနိမိတ်ဆိုသည်ကား အနှစ်သာရရှိသော အရိပ်အရောင်တည်း၊ အနှစ်သာရဟူသည် အဘယ်နည်း၊ ခိုင်မြဲသော ဝတ္ထုမျိုးတည်း၊ ခိုင်မြဲသော အမှုမျိုးတည်း။ အမာခံ အထည်ခံဖြစ်သော ဝတ္ထုမျိုးတည်း။

ရုပ်နာမ်တရားတို့သည် ပုထုဇဉ်တို့၏ စိတ်၌ ပုဂ္ဂိုလ်၏ အနှစ်အသား အရိပ်အယောင် ထင်ကုန်၏။ သတ္တဝါ၏ အနှစ်အသား အရိပ်အယောင် ထင်ကုန်၏။ ဦးခေါင်း၌ရှိသော ရုပ်နာမ်တရားတို့သည် ဦးခေါင်း၏ အနှစ်အသား အရိပ်အယောင် ထင်ကုန်၏။

နိစ္စနိမိတ်၌ အကျယ်ဆိုခဲ့သည့်အတိုင်း သဏ္ဍာနအပြား သန္တတိအပြားတို့ကို အကုန် ဝေဖန်၍ ဆိုလေ။

ဆံပင်တစ်ခု၌ရှိသော ရုပ်တရားတို့သည် ပုထုဇဉ်တို့၏ စိတ်၌ ထိုဆံပင်၏ အနှစ်အသား အရိပ်အယောင် ထင်ကုန်၏။

မွေးညင်းတစ်ခု၌ရှိသော ရုပ်တရားတို့သည် ပုထုဇဉ်တို့၏စိတ်၌ ထိုမွေးညင်း၏ အနှစ်အသား အရိပ်အယောင် ထင်ကုန်၏။

အဏုမြူဂါဝ်ခု၌ရှိသော ရုပ်တရားတို့သည် ပုထုဇဉ်တို့၏ စိတ်၌ ထိုအဏုမြူ၏ အနှစ်အသား အရိပ်အယောင် ထင်ကုန်၏။

## အတ္တနိမိတ် အခြင်းအရာ

**ပုဂ္ဂိုလ်၏ အနှစ်အသားဥပမာ** ပုဂ္ဂိုလ်၏ အနှစ်အသားဆိုသည်ကား သံကို ပြုလုပ်သော အိုးခွက်၌ သံသည် ထိုအိုးခွက်၏ အနှစ်အသားတည်း၊ ထိုအိုးခွက်၏ ကိုယ်ပင်တည်း၊ အထည်ခံ အမာခံပင်တည်း၊ အိုးခွက်ဟူသော စကား၏ အနက်ကား အိုးသဏ္ဍာန်၊ ခွက်သဏ္ဍာန်မျှသာ ပဓာနဖြစ်၏။ ဘယ်ဟာကို ပြုလုပ်သော အိုးခွက်ဟု မပေါ်သေး၊ အိုးခွက်၏ အသားကို မသိသေး၊ အဘယ်ကို ပြုလုပ်သော အိုးခွက်နည်းဟု မေးရာ သံကို ပြုလုပ်သော အိုးခွက်တည်း၊ သံအိုး၊ သံခွက်တည်းဟု ပြေ-ဆိုသောအခါမှ ထိုအိုးခွက်၏ အနှစ်အသားကို သိရ၏။ ထိုအိုးခွက်ဟူသော သဏ္ဍာန်အထူး၏ အထည်ခံ အမာခံဟူသော ကိုယ်ကို သိရသည်။

ထို့ကြောင့် သံအိုးခွက်တို့၌ သံသည် ထိုအိုးခွက်တို့၏ အတ္တမည်၏။ အနှစ် အသားမည်၏။ ကိုယ်မည်၏။ သံအိုး၊ သံခွက်တို့၌ သံနှင့် အိုးခွက် တခြားစီ ခွဲမရပြီ၊ သံခိုင်မြဲသမျှ ထိုအိုးခွက် ခိုင်မြဲ၏။ သံအဖိုးတန်သမျှ ထိုအိုး ထိုခွက် အဖိုးတန်၏၊ ရွှေအိုး ရွှေခွက်၊ ငွေအိုး၊ ငွေခွက်၊ မြေအိုး၊ မြေခွက်၊ ကြေးအိုး၊ ကြေးခွက်စသည်တို့၌လည်း ဤနည်းအတူတည်း။

**ပုဂ္ဂိုလ်နှင့် ခန္ဓာငါးပါး**　ထို့အတူ ပုဂ္ဂိုလ်ဟူသော စကား၏ အနက်သည် သဏ္ဍာန ပညတ်မျှသာ ဖြစ်၏။ အသားမပါသေး၊ ကိုယ်ထည်မပါသေး၊ အဘယ်ဟာကို ပုဂ္ဂိုလ်ဆိုသနည်းဟု အသားကို မေးရာ ဤဟာကို ခေါ်သည်ဟု ခန္ဓာ ၅-ပါးကို ပုဂ္ဂိုလ်[1] ဖြစ်သည်ဟု ဖော်ထုတ်ပြဆိုပေလတ္တံ့။

ထို့ကြောင့် ခန္ဓာ ၅-ပါးတို့သည် ဤကဲ့သို့သော ထိုထို ဝတ္ထုဒြပ်၊ ထိုထို ကိရိယာတို့၏ သရုပ်သကောင်မျိုး၊ အမာခံမျိုး၊ အထည်ခံမျိုး၊ အနှစ်အသားမျိုး ဖြစ်သည်။ ၎င်းခန္ဓာ ၅-ပါးတို့ကို ထိုထိုဝတ္ထု၊ ထိုထိုကိရိယာတို့၏ အတ္တခေါ်သည်၊ ကိုယ်ခေါ်သည်၊ ထိုအတ္တနှင့် ဝတ္ထုကိရိယာ တခြားစီ ခွဲ၍ မရပြီ၊ မိမိတို့ အတ္တ ခိုင်မြဲသမျှ ထိုထို ဝတ္ထုကိရိယာတို့ ခိုင်မြဲကုန်၏။ မိမိတို့အတ္တ အဖိုးတန်သမျှ ထိုထို ဝတ္ထုကိရိယာတို့ အဖိုးတန်ကုန်၏။

ထို့အတူ ထိုထိုပုဂ္ဂိုလ်တို့၌ အသီးသီးရှိကြသော ခက်မာမှု၊ ဖွဲ့စေးမှု၊ ပူမှု၊ အေးမှု၊ လှုပ်ရှားမှု၊ တောင့်တင်းမှု၊ သိမှု၊ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှုတို့သည် ထိုထို ပုဂ္ဂိုလ်၏ အတ္တမည်ကုန်၏။ ခက်မာမှုစသည်တို့ ခိုင်မြဲကြကုန်သမျှ ထိုထို ပုဂ္ဂိုလ်တို့ ခိုင်မြဲကြကုန်၏။ အသက်ရှည်ကြကုန်၏။ ခက်မာမှု စသည်တို့သည် အနှစ်တစ်ရာ ခိုင်မြဲကြကုန်လျှင် ပုဂ္ဂိုလ်တို့သည် အနှစ်တစ်ရာ အသက်ရှည်ကြကုန်၏ ခက်မာမှုစသည်တို့သည် အနှစ် ကိုးဆယ် ခိုင်မြဲကြလျှင် ပုဂ္ဂိုလ်တို့သည် အနှစ်ကိုးဆယ် အသက်ရှည်ကြကုန်၏။

အနှစ်ရှစ်ဆယ်၊ အနှစ်ခုနစ်ဆယ်၊ အနှစ်ခြောက်ဆယ်၊ အနှစ်ငါးဆယ်စသည်တို့၌လည်း ထိုနည်းတူဆိုလေ။ ကြွင်းသော အင်္ဂါကြီးငယ်တို့၌လည်းကောင်း၊ ဆံပင်မွေးညင်းအစရှိသော ကောဋ္ဌာသတို့၌လည်းကောင်း သူ့အတ္တနှင့်သူ အသီးအသီး ဆိုလေ။ အနှစ်တစ်ရာ၊ အနှစ်ကိုးဆယ် စသည် ခိုင်မြဲမှုဆိုသည်ကား အနှစ်တစ်ရာ အနှစ်ကိုးဆယ် စသည်တို့၏ အတွင်း၌ ဖြစ်ခြင်း ပျက်ခြင်းဟူ၍ တစ်ကြိမ်တစ်ခါမျှမရှိ ဆိုလိုသည်။

ဤကားခက်မာမှု စသည်တို့ပင်လျှင် ငါ၏ ကိုယ်တည်းဟု ပုထုဇဉ်တို့၏ စိတ်၌ ထင်၍နေသော အတ္တနိမိတ်၏ အခြင်းအရာတည်း။

[1] ပုဂ္ဂိုလ်သည် ဖော်ထုတ်ပြဆိုပေလတ္တံ့ဟု ကဝိမျက်မှန်မှု၌ ရှိသည်။

**အလိုသို့ လိုက်သဃောင်**

အလိုသို့ လိုက်မှုသည်လည်း အတ္တနိမိတ်၏ အခြင်းအရာပင်တည်း၊ အလိုသို့ လိုက်မှုဆိုသည်ကား ထိုပုဂ္ဂိုလ်၌ရှိသော ခက်မာမှုသည် ထိုပုဂ္ဂိုလ်၏ အလိုသို့ လိုက်၏။ ပုဂ္ဂိုလ်သွားလိုလျှင် ခက်မာမှု သွား၏။ ပုဂ္ဂိုလ်ရပ်လိုလျှင် ခက်မာမှုရပ်၏။ ဤနည်းတူ ပုဂ္ဂိုလ်နှင့် ပြုပြင်သမျှသော ခပ်သိမ်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ ခက်မာမှုသည် ပုဂ္ဂိုလ်အလိုသို့ လိုက်၏။

ဖွဲ့စေးမှု စသည်တို့၌လည်း ဤနည်းတူ ဆိုလေ။

## မာန၏ စွဲလမ်းချက်

**အတ္တ အခြင်းအရာ**

အလိုသို့ လိုက်စေနိုင်မှုနှင့် အစိုးရမှုကား အတူတူပင်၊ ပုဂ္ဂိုလ်၏ အလိုကို မလွန်ဆန်လျှင် အစိုးရတော့သည်၊ အစိုးရလျှင် မလွန်ဆန်ပြီ၊ အလိုသို့ လိုက်ရတော့သည်။ ဤကား ငါ၌ရှိသော ခက်မာမှု စသည် ငါ၏ အလိုသို့ လိုက်၏။ ငါအလိုရှိတိုင်း ပြုနိုင်၏။ အစိုးရ၏ ငါ၏ အကွဲအပြား မရှိကြပြီဟု ပုထုဇဉ်တို့၏ စိတ်၌ အရိုးစိုက်ထင်ရှိ၍နေသော အတ္တအခြင်းအရာ တည်း။

**နိစ္စ၏ အခြင်းအရာ**

နိစ္စအခြင်းအရာနှင့် အတ္တအခြင်းအရာသည် များစွာ မကွဲကြ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို နိစ္စမျိုး ပြုလုပ်၍ ပုဂ္ဂိုလ်ရှိ၏။ သတ္တဝါရှိ၏။ ငါရှိ၏၊ မိန်းမယောကျ်ားရှိ၏။ ဦးခေါင်း၊ ခြေ လက်စသည်ရှိ၏ဟု ပြောဆိုမှုသည် နိစ္စအခြင်းအရာတည်း၊ မာန၏ စွဲလမ်းချက်တည်း။

## ဒိဋ္ဌိ၏ စွဲလမ်းချက်

၁။ ပုဂ္ဂိုလ်ဆိုသည်ကား ဘယ်ဟာကို ဆိုသနည်း။

၂။ သတ္တဝါဆိုသည်ကား ဘယ်ဟာကို ဆိုသနည်း။

၃။ ငါဆိုသည်ကား ဘယ်ဟာကို ဆိုသနည်း။

၄။ မိန်းမ ယောကျ်ားဆိုသည်ကား ဘယ်ဟာကို ဆိုသနည်း မေးခွင့်ဆိုက်ရာ၌–

ဤဟာကို ဆိုသတည်းဟု ခန္ဓာ ၅–ပါးကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျ်ား၊ မိန်းမ၊ ဦးခေါင်း၊ ခြေ၊ လက် စသည်ပြု၍ ပြောဆိုမှုသည် ဒိဋ္ဌိ၏ စွဲလမ်းချက်တည်း။

**အနိစ္စလက္ခဏာမြင်လျှင် နိစ္စ,အတ္တနိမိတ် ကွယ်ပျောက်ခြင်း**

ရှေး၌ ပြဆိုခဲ့ပြီးသော ဣရိယာပုတ်ပြောင်းလဲမှု၊ ခပ်သိမ်းသော ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ၊ စိတ်အင်္ဂါ လှုပ်ရှားမှုတို့၌ အလှုပ်မခံ အယှက်မခံ ချုပ်ပျက်၍နေသော ခန္ဓာ ၅–ပါးတို့၏ အနိစ္စ လက္ခဏာကို ဉာဏ်အမြင်ပေါက်ခဲ့သည် ရှိသော်

နိစ္စနိမိတ်သည် ကွယ်ပျောက်၏။ နိစ္စ နိမိတ် ကွယ်ပျောက်ခဲ့လျှင် အတ္တနိမိတ် ကွယ်ပျောက်တော့သည်။

**အလိုသို့ မလိုက်သော ခန္ဓာ ၅-ပါး**

ခဏမစဲ ချုပ်ပျက်၍ သေဆုံးနေသော ခက်မာမှုအစရှိသော ခန္ဓာ ၅-ပါးသည် အနှစ်တစ်ရာ အနှစ်ကိုးဆယ်စသည် ခိုင်မြဲနိုင်မည်။ အလွန်ဝေးလေစွ၊ တစ်မိနစ် တစ်နာရီမျှ ခိုင်မြဲသည်မဟုတ်၊ မသေမဆုံးဘဲ တစ်မိနစ် တစ်နာရီ အသက်ရှည်နိုင်သော ရုပ်ခန္ဓာ နာမ်ခန္ဓာဟူ၍ တစ်စုံတစ်ခုမျှ မရှိ၊ တစ်မိနစ် တစ်နာရီအတွင်းမှာပင် အခါများစွာ သေဆုံးကြကုန်၏။ ပုဂ္ဂိုလ်သတ္တဝါ မည်သည် တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသော အရိုးရှိ၏။ တစ်ဘဝတွင် အခါခါ ဖြစ်ပေါ်သည် အခါခါ သေဆုံးသည်ဟု အရိုးမရှိ။

ထိုသို့ဖြစ်၍ တစ်မိနစ်တွင် အခါခါဖြစ်- အခါခါသေ၍ နေရသော ရုပ်ခန္ဓာ နာမ်ခန္ဓာစုသည် တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသော အရိုးရှိသော ပုဂ္ဂိုလ်၏ အထည်ခံ အမာခံ အနှစ်သာရ အတ္တ အဘယ်မှာ ဖြစ်နိုင်လတ္တံ့နည်း၊ အနည်းငယ်မျှ အလှုပ်အယှက်မခံ ပျက်ဆုံး၍နေသော ခန္ဓာ ၅-ပါးသည် ပုဂ္ဂိုလ်သွားလိုလျှင် သွား၏။ ရပ်လိုလျှင် ရပ်၏ အစရှိသော အလိုလိုက်မှု ဟူ၍ အဏုမြူမျှ မရှိလေ။

ဤစကား၌ စောဒနာရန်ရှိ၏။

**စောဒနာ ,**

သတ္တဝါအများတို့သည် မိမိတို့ခန္ဓာ ၅-ပါးနှင့်ပင် သွားခြင်း၊ ရပ်ခြင်း၊ အစရှိသော အမှုတို့ကို အလိုရှိတိုင်းပြု၍ နေကြသည်ကား ကိုယ်တွေ့မျက်မြင် အထင်အရှား ဖြစ်ကြ၏။ ထိုသို့ ဖြစ်ပါလျက် ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်သွားလိုလျှင် သွား၏။ ရပ်လိုလျှင် ရပ်၏ အစရှိသော အလို လိုက်မှုမရှိဟု အဘယ်ကြောင့် ဆိုပါသနည်း မေးရန်ရှိ၏။

**အဖြေ**

တစ်ခုသော ခက်မာမှုသည် မချုပ်မပျက်မူ၍ ပုဂ္ဂိုလ်သွားလိုလျှင် သွား၏၊ ရပ်လိုလျှင် ရပ်၏ အစရှိသော အလိုလိုက်မှု မရှိသည်ကို ဆိုပေသတည်း။

**သန္တတိအမှုမျှသာ**

လောက၌ ခန္ဓာ ၅-ပါးနှင့်ပင် သွားခြင်း ရပ်ခြင်း အစရှိသော အမှုတို့ကို အလိုရှိတိုင်း ပြု၍နေကြသည်မှာမူကား ခက်မာမှု အသစ် အသစ်ကို အဆက်ဆက် စီစဉ်၍ မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်သန္တတိ၏ အမှုသာတည်း။ စိတ်၌ ပုဂ္ဂိုလ် အဟုတ်ရှိ၍နေသော သူမှသာလျှင် ပုဂ္ဂိုလ်၏သွားခြင်း၊ ပုဂ္ဂိုလ်၏ ရပ်ခြင်း စသည်ရှိနေ၏။

ပုဂ္ဂိုလ်ဟူ၍ အဟုတ်မရှိ ခက်မာမှုစသည်သာ ရှိသောသူမှာ ပုဂ္ဂိုလ်၏ သွားခြင်း ပုဂ္ဂိုလ်၏ ရပ်ခြင်းစသည်ပင် မရှိ၊ ထိုခက်မာမှု စသည်သာလျှင် အလှုပ်အယှက်မခံ ပျက်ဆုံး၍ နေကြသော တရားစုဖြစ်၍ လောကမျက်မြင်ဖြစ်သော သွားမှု ရပ်မှုကို ပြု၍ နေနိုင်သော တရားဟူ၍ တစ်စုံတစ်ခုမျှမရှိ၊ သန္တတိမှုမျှသာ ရှိသတည်း။

**ပြုပြင်မှု၏ သတ္တိ** ထိုသို့ သန္တတိအားဖြင့် အလိုလိုက်မှု ရှိနေသည်မှာလည်း ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏ ပကတိသဘောမဟုတ်၊ မြစ်ရေကို အလိုရှိရာသို့ ဆန်တက်၍ ပါလေအောင် ပြုပြင်မှုကဲ့သို့ လက်ပူးလက်ကြပ် ပြုပြင်၍ ယူရသော အာဂန္တုကမှုသာတည်း။

ထိုစကားမှန်၏၊ မွေးဖွားစအခါကပင် မပြုမပြင်ဘဲ ပေါက်လွှတ်ထားခဲ့သော် နှစ်ရက် သုံးရက်အတွင်းမှာ သုသာန်သို့ထုတ်၍ စွန့်ပစ်ရလတ္တံ့သည်ကား မုချမလွဲ တည်း။

ထိုအခါမှနောက်၌ နာရီစဉ်များစွာ နေ့စဉ်များစွာ လစဉ် နှစ်စဉ်များစွာ တည်ရှိ၍ လာကြသည်ကား အစာအာဟာရ ထောက်ပံ့မှု အစရှိသော ပြုပြင်မှုတို့၏ မစွမ်း သက်သက်သာတည်း။

ဟုတ်သည် မဟုတ်သည်ကို ဉာဏ်၌ ထင်ရှားစေလိုသော် ထိုပြုပြင်မှုတို့ကို အကုန်နုတ်ပယ်၍ကြည့်၊ ကိုယ်တွင်း၌ အာဟာရ အလျှင်းပြတ်သည်နှင့် တစ်ပြိုင်နက် ပိုင်းပိုင်းလဲ၍ သေဆုံးသည်ကို ဉာဏ်၌ မြင်လိမ့်မည်။

## အစိုးမရသော ခန္ဓာ ၅-ပါး

စောဒနာရန် ရှိပြန်၏-

**စောဒနာ** ထိုသို့ ပြုပြင်၍ ရမှုသည်ပင်လျှင် အစိုးရမှု တစ်မျိုး မဟုတ်ပါလောဟု မေးရန်ရှိ၏။

**ပရိဟာရ** ပြုပြင်၍ ရမှုဆိုသော်လည်း ပုဂ္ဂိုလ်အလိုရှိတိုင်း ရသည်မဟုတ်၊ ပုဂ္ဂိုလ်၏ စိတ်အလိုများပြားပုံနှင့် ထောက်စာသော် ပြုပြင်၍ ရရှိသော အရာသည် အနည်းငယ်မျှသာ ဖြစ်၏။

ထိုအနည်းငယ်မျှကိုပင် အသက်ထက်ဆုံး အလွန်ကျပ်တည်းစွာ ပြုပြင်ကြရ၏။ ပြုပြင်တိုင်း ရခဲ့လျှင် လောက၌ အရွယ်မရောက်မီအတွင်းမှာ ဖျားခြင်း၊ နာခြင်း၊ သေခြင်း၊ ပျောက်ခြင်း ဟူ၍ မရှိလေရာ။

**စေဒနာ**

အနည်းငယ်မျှ ပြုပြင်၍ ရမှုသည်ပင်လျှင် အစိုးရမှုတစ်ခု ဆိုသင့်ပါသည် မဟုတ်လောဟု မေးရန်ရှိ၏။

**ပရိဟာရ**

ပြုပြင်မှု ဆိုကတည်းကပင် အစိုးရမှု မဟုတ်ပြီ၊ မိမိ အလိုသို့ ပါစေခြင်းငှာ မိမိက ရှေးဦးစွာ တင်ကူး၍ သူ့ကျွန်ခံရမှုသာတည်း။

**ခန္ဓာငါးပါး၏ ကျွန်**

ယနေ့၌ အစာရေစာ ထောက်ပံ့မွေးမြူမှုနှင့် သူ့ကျွန်ခံနိုင်ပါလျှင် အန္တရာယ်မရှိခဲ့သော် ယနေ့ တစ်ရက် မတ်မတ်မားမား နေနိုင်၏။ နက်ဖြန်၌ သူ့ကျွန်မခံနိုင်လျှင် နက်ဖြန်၌ ပိုင်းပိုင်းလဲ၏။ ဒီလ၌ သူ့ကျွန်ခံနိုင်ပါလျှင် ဒီလ၌ နေရာ၏။ နောက်လ၌ ပိုင်းပိုင်းလဲ၏။ ဒီနှစ်၌ သူ့ကျွန်ခံနိုင်ပါလျှင် ဒီနှစ်၌ နေရာ၏။ နောက်နှစ်၌ ပိုင်းပိုင်းလဲ၏။

ဒီဘဝ၌ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ကျပ်တည်းစွာ စောင့်ချုပ်မှု လှူမှု တန်းမှုတို့နှင့် သူ့ကျွန်ခံနိုင်ပါလျှင် နောက်ဘဝ၌ လူဖြစ်၏။ နတ်ဖြစ်၏။ ကျွန်မခံနိုင်လျှင် အပါယ်လေးပါးသို့ ပိုင်းပိုင်းလဲ၏။

**ပြုပြင်မှုသည် သင်္ခါရဒုက္ခ**

ဤသို့လျှင် ပြုပြင်မှုသည် သင်္ခါရဒုက္ခနှင့် သူ့ကျွန်ခံမှုသက်သက်သာတည်း၊ ပြုပြင်မှုမည်သည် လောက၌ လာဘ်စားမှုကဲ့သို့တည်း၊ လာဘ်စားမှုဆိုသည်ကား သူ့ကိစ္စကို ငါက ဆောင်လျှင် ငါ့ကိစ္စကို သူဆောင်မြဲတည်း၊ အစိုးရမှု မဟုတ်။

တစ်ဦးသောသူက ကြေးငွေပေးခဲ့လျှင် တစ်ယောက်သောသူက ထိုကြေးငွေနှင့် တန်သလောက်သော ထိုသူ၏ အမှုကို လုပ်ဆောင်ရ၏။ ကြေးငွေပေးသောသူက ကြေးကျွန်၊ ငွေကျွန်၊ လူကျွန်ခံမှုတည်း၊ လုပ်ဆောင်သူက လူ့ကျွန်ခံမှုတည်း၊ အစိုးရမှု မဟုတ်။

ဤပြုပြင်မှုအတွက်နှင့် အသက်ရှည်သမျှ တည်နေ၍ ကာယကံ၊ ဝစီကံ၊ မနောကံမှုတို့ကို အလိုရှိရာ တရှုရှု တကြွကြွ ဆောင်ရွက်၍ နေကြရကုန်၏။ အစိုးရမှုဟူ၍ အဏုမြူမျှ မရှိကြကုန်။ ပြုပြင်မှု ခပ်သိမ်းတို့၏ အစွမ်းသက်သက်သာတည်း၊ ခပ်သိမ်းသော ဒုစရိုက် အမိုက်အမှား အနန္တတို့သည် ခန္ဓာတို့ကို ပြုပြင်မှုတို့မှ ဖြစ်ပွားကုန်၏။ ကုန်းသတ္တဝါ၊ ရေသတ္တဝါတို့ကို အကုန်မြော်လေ။

**သင်္ခါရဒုက္ခ နက်နဲပုံ**

အသက်မွေးမှု အစာအာဟာရမှုနှင့် တစ်လောကလုံး ဒုစရိုက်လောကကြီးဖြစ်နေပုံကို မြင်ရလိမ့်မည်။ ပြုပြင်မှုကြီး အမြဲဖုံးလွှမ်း၍နေသည့်အတွက်ကြောင့် ခန္ဓာ ၅-ပါးတို့၏ အစိုးရမှုကြီးသည် အလွန်နက်နဲ၍နေ၏။ မြင်းမိုရ်တောင်ကြီး ဖုံးလွှမ်း၍နေသော မှန်ညင်းစေ့ကဲ့သို့ အလားတူ၏။

ပညာရှိတို့ ရိပ်မိရုံမျှ ပြဆိုလိုက်သည်၊ ပြုပြင်မှုတွေကို အစေ့အစပ်မြင်တတ်မှ ရိပ်မိကြမည်။

ပဋ္ဌာန်း ၂၄ ပစ္စည်းသည် ပြုပြင်မှု အသိုက်အအုံကို ကမ်းကုန် လမ်းကုန် ဝေဖန်သော အစီအရင်ပေတည်း၊ နက်နဲလေစွ။

အစိုးမရသော အလိုသို့ မလိုက်သော ခန္ဓာ ၅–ပါးတို့ကို အစိုးရသည်၊ အလိုသို့ လိုက်သည်ဟု ထင်နေကြရာ၌ အကြောင်းရင်းကြီးတစ်ခု ပြဆိုဦးအံ့။

## အလို ၂–မျိုး

အလိုသည် –

၁။ ပုဂ္ဂိုလ်၏အလို

၂။ ဓမ္မ၏အလို–ဟူ၍ နှစ်မျိုးရှိ၏။

**ပုဂ္ဂိုလ်၏ အလို** ပုဂ္ဂိုလ်၏ အလိုဆိုသည်ကား – ခပ်သိမ်းသော သတ္တဝါတို့သည် ပကတိသော သဘောအားဖြင့် အနမတဂ္ဂသံသရာ၌ ချမ်းသာကိုသာ အစဉ်ထာဝရ အလိုရှိကြကုန်၏[၁]၊ တစ်ရံတစ်ဆစ်မျှ ဆင်းရဲကို အလိုမရှိကြကုန်၊ ကောင်းမြတ်သည်ကိုသာ အစဉ်ထာဝရ အလိုရှိကြကုန်၏။ ယုတ်ညံ့သည်ကို တစ်ရံတစ်ခါမျှ အလိုမရှိကြကုန်။

ဤကား ပုဂ္ဂိုလ်၏ အလိုတည်း၊ ပုဂ္ဂိုလ်၏ အကြိုက်တည်း။

**ဓမ္မအလို** ဓမ္မအလိုဟူရာ၌ ခပ်သိမ်းသော သင်္ခါရဓမ္မတို့သည် ပြုပြင်မှုကို အမြဲအလိုရှိကုန်၏။ အပြုအပြင် အလွန်ကြိုက်ကုန်၏။

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ[၂]–

ဟူသော ပါဠိတော်မြတ်နှင့်အညီ မိမိ၊ မိမိတို့ ကြိုက်ရာ ကြိုက်ရာ အကြောင်းတရားတည်းဟူသော အစာအာဟာရကို အမြဲ နိစ္စ အလိုရှိကြကုန်၏။ အစာအာဟာရနှင့် ကင်းခဲ့လျှင် မျက်တောင် တစ်ခတ်မျှ မနေနိုင်ကြကုန်၊ ချုပ်ကွယ်၍သာ သွားကြကုန်၏။ အစာအာဟာရပြည့်စုံလျှင် ပြည့်စုံသည့်အလျှောက် ကြီးပွားစည်ကားကြကုန်၏။ အစာ

၁။ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ သက္ကသဥ္စသုတ်၊ နှာ – ၂၂၀။
၂။ ခုဒ္ဒကပါဌပါဠိတော်၊ ကုမာရပဥှာသုတ် နှာ–၃။

အာဟာရ လျှော့ပါးလျှင် လျှော့ပါးသည့်အလျောက် ဆုတ်ယုတ်ကြကုန်၏။ ထင်းမီးစာနှင့် မီးကဲ့သို့တည်း။

ဤကား ရုပ်နာမ်နှစ်ပါးတို့၏ ဆက်ဆံသော ဓမ္မအလိုတည်း။

------

## လူနာရောဂါနှင့် ဓာတ်ကြိုက်ဓာတ်စာ ဥပမာ

ဤ၌ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ ဓာတ်ကြိုက်ကို ဓမ္မ အလိုဆိုသည်။ လောကဌ် မကျန်းမမာရှိကြရာ၌ ဓာတ်ကြိုက်သော အစာ၊ ဓာတ်မကြိုက်သောအစာဟူ၍ ရွေးချယ်ကြရ၏။ သူနာ၏ အလိုအကြိုက်ကို မလိုက်မူ၍ အဇ္ဈတ္တဓာတ်တို့၏ အလိုဓာတ်တို့၏ အကြိုက်ကို ပညာဖြင့် ဆင်ခြင်၍ ဓာတ်အလိုရှိသော အစာ၊ ဓာတ်ကြိုက်သော အစာ၊ ဓာတ်တောင်းသော အစာကို ပေးမှ ရောဂါပျောက်ငြိမ်းသည်၊ ဓာတ်အလိုမရှိသောအစာ၊ ဓာတ်မကြိုက်သောအစာ၊ ဓာတ်မတောင်းသောအစာကို ပေးခဲ့လျှင် ဆေးအတွက် ဥပဒ်ဖြစ်တတ်သည်။

ပထဝီလွန်ကဲ၍ ဖြစ်သော အနာ၌ ပထဝီဓာတ်ကြိုက်ကို ပေးမိပြန်လျှင် ရောဂါတိုး၏။ ပထဝီဓာတ် မကြိုက်သော အစာကို ပေးရာ၏။ ပထဝီနံ့၍ ဖြစ်သော အနာ၌ ပထဝီဓာတ်ကြိုက်သော အစာကို ပေးရာ၏။ ပထဝီဓာတ်မကြိုက်သော အစာကို ရှောင်ရာ၏။

ထို့အတူ အာပေါနာစသည်တို့၌လည်း အလွန် အနံ့သိ၍ အာပေါဓာတ်ကြိုက်သော အစာ၊ အာပေါဓာတ် မကြိုက်သော အစာ၊ တေဇောကြိုက်သောအစာ၊ တေဇောမကြိုက်သော အစာ၊ ဝါယောကြိုက်သော အစာ၊ ဝါယောမကြိုက်သောအစာ၊ သည်းခြေဓာတ် ကြိုက်မကြိုက်သော အစာ၊ သလိပ်ကြိုက်မကြိုက်သော အစာတို့ကို ရွေးချယ်၍ ပေးရသည်။

## အကြိုက် ၃-မျိုး

၁။ သူနာဖြစ်သူ ပုဂ္ဂိုလ်က အကြိုက်တစ်မျိုး၊

၂။ ရောဂါက အကြိုက်တစ်မျိုး၊

၃။ အဇ္ဈတ္တဓာတ်တို့၏ အကြိုက်တစ်မျိုးဟူ၍ ၃-မျိုးရှိသည်။

၁။ ပုဂ္ဂိုလ်အကြိုက်ကို ပုဂ္ဂိုလ်က တောင်းတတ်၏။

၂။ ရောဂါအကြိုက်ကို ရောဂါဟူသော ဝိသမ[1]ဓာတ်ဆိုးဓာတ်ဝါးတို့က တောင်းတတ်ကုန်၏။

၃။ အဇ္ဈတ္တဓာတ်တို့၏ အကြိုက်ကို အဇ္ဈတ္တဓာတ်တို့က တောင်းတတ်ကုန်၏။

ဤအဇ္ဈတ္တဓာတ်တို့၏ အကြိုက်ကို လိုက်ရာ၏။ ပုဂ္ဂိုလ်အကြိုက် ရောဂါအကြိုက်တို့ကို မလိုက်ရာ၊ ပုဂ္ဂိုလ်အကြိုက် ရောဂါအကြိုက်ကို လိုက်မိလျှင် မှားတတ်၏။ ရောဂါတိုးတတ်၏။ သေတတ်၏။ အဇ္ဈတ္တဓာတ်အကြိုက်နှင့် ပုဂ္ဂိုလ်အကြိုက် ထပ်တူကျသောအခါ၌ သင့်လျော်၏၊ သူနာဖြစ်သူက ဘယ်ဟာကို အလိုရှိသည်ဆိုရာ၌ အကြိုက်သုံးမျိုး ထွေး၍ နေတတ်၏။ အလိုလိုက် မှားတတ်သည်။

**ပုဂ္ဂိုလ်၏ အကြိုက်**

ဤစကား၌ ပုဂ္ဂိုလ်အကြိုက်ဆိုသော်လည်း ရှေး၌ ပြဆိုခဲ့သော ပကတိသဘာဝ အကြိုက်မဟုတ်သေး၊ ထိုမှ တစ်ပါးလည်း လောက၌ ဈေးရုံတို့၌ ရှိကုန်သော ကောင်းသော အရသာရှိသော အမြစ်၊ အရွက်၊ အပွင့်၊ အသီး၊ စားဖွယ်၊ သောက်ဖွယ်၊ ခဲဖွယ်၊ လျက်ဖွယ် ဟူသမျှတို့သည် ပုဂ္ဂိုလ်၏ အကြိုက်တို့တည်း။

**ဓာတ်၏ အကြိုက်**

တောချုံတို့၌ ရှိကုန်သော ခါးစပ်နံစော်သော အရသာရှိကုန်သော အမြစ်အရွက်အပွင့်အသီးတို့သည်လည်းကောင်း၊ ဗိန္ဓောဆေးပေါင်းတို့သည်လည်းကောင်း၊ အစိုးရဆေးရုံတို့၌ရှိကုန်သော ခါးစပ်နံစော်သော ဆေးတို့သည်လည်းကောင်း ဓာတ်အကြိုက်တည်း။

ပုဂ္ဂိုလ်အကြိုက်တို့သည် အနာရောဂါတို့ကို ဖြစ်စေတတ်ကုန်၏။ အသက်ခန္ဓာတို့ကို ဆုံးပါးစေတတ်ကုန်၏။ ဓာတ်အကြိုက်တို့သည် အနာရောဂါတို့ကို ပျောက်ငြိမ်းစေတတ်ကုန်၏။ အသက်ခန္ဓာတို့ကို ရှည်စေတတ်ကုန်၏။

**ပုဂ္ဂိုလ်အကြိုက် အစိပ္ပာယ်**

ဤ၌လည်း ပုဂ္ဂိုလ်အကြိုက်ဆိုသည်ကား တဏှာအကြိုက်ကို ဆိုသတည်း။ ရှေး၌ပြဆိုခဲ့သော ပကတိသဘာဝအကြိုက် မဟုတ်သေး။

**အကြိုက်နှစ်လမ်း**

ဤသို့လျှင် လောက၌လည်း ပုဂ္ဂိုလ်အကြိုက် တစ်လမ်း၊ ပုဂ္ဂိုလ်သန္တာန်၌ ရှိနေကုန်သော အတ္တဘော၏ အစောင့်အရှောက်ဖြစ်ကုန်သော မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ် လေဓာတ်၊ သလိပ်ဓာတ်၊ သည်းခြေဓာတ်

---

၁။ ဝိသမ = (ဝိ = ကင်းသော + သမ = ညီမျှခြင်း၊ ညီညွတ်ခြင်း) မညီမညွတ်သော။

အစရှိကုန်သော သမဓာတ်တို့၏ အကြိုက်တစ်လမ်းဟူ၍ အကြိုက်နှစ်လမ်း ထင်ရှားရှိသည်ဟုသိအပ်၏။

## စိတ်ဝမ္မအလိုကို ပြဆိုချက်

တရားကျမ်းဂန်တို့၌လည်း –

စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဝဂူ။

ပါဠိတော်

လောကော၊ လူအပေါင်းကို။ စိတ္တေန၊ စိတ်သည်။ နိယျတိ၊ အမိုက်လမ်းအမှားလမ်းသို့ ဆောင်ပို့၏။

လောကော၊ လူအပေါင်းကို။ စိတ္တေန၊ စိတ်သည်။ ပရိကဿတိ၊ အမိုက်လမ်းအမှားလမ်းသို့ အတင်းဆွဲငင်၏။

သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော သတ္တဝါအပေါင်းတို့သည်။ ဧကဓမ္မဿ၊ ပြုပြင်ခြင်းမရှိ ပကတိအလိုအားဖြင့် အမိုက်အမှားသို့ ဆောင်ခြင်းသဘောတစ်လမ်းသာရှိသော။ စိတ္တဿ၊ စိတ်၏။ ဝသံ၊ အလိုသို့။ မန္ဝဂူ၊ အစဉ်လိုက်၍ နေကြကုန်၏။

ဤပါဠိတော်ဖြင့် –

ပုဂ္ဂိုလ်အလိုကား တစ်လမ်း၊ စိတ်အလိုကား တစ်လမ်းဟု ထင်ရှားလှ၏။

ယခု လောက၌ ပြုလုပ်၍နေကြကုန်သည်ကား ပကတိသော ပုဂ္ဂိုလ်အလိုမဟုတ်၊ စိတ်အလိုသက်သက် ဖြစ်သည်ဟူ၍ ထင်ရှားလှ၏။

ထိုမှတစ်ပါး တရားကျမ်းဂန်တို့၌ လောဘအလိုသို့ မလိုက်ရာ၊ တဏှာအလိုသို့ မလိုက်ရာ၊ ဒေါသအလိုသို့ မလိုက်ရာ၊ မာနအလိုသို့ မလိုက်ရာ၊ ဒိဋ္ဌိအလိုသို့ မလိုက်ရာ၊ ဣဿာ[2] မစ္ဆရိယ[3] အလိုသို့ မလိုက်ရာ၊ ဝိတက် ဝိစာရအလိုသို့ မလိုက်ရာ အစရှိသည်ဖြင့် လာသောကြောင့် ခပ်သိမ်းသော နာမက္ခန္ဓာတရားတို့သည် အလိုအသီးသီး ဓာတ်ကြိုက်အသီးသီး ဖြစ်ကြကုန်၏ဟု ထင်ရှားလှ၏။ ထိုမှတစ်ပါး

၁။　သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ အဋ္ဌဝဂ်၊ စိတ္တသုတ်၊ နှာ-၃၆။

၂။　ဣဿာ - သူတစ်ပါးတို့၏ ပစ္စည်း ဂုဏ်သိရ်စသည်တို့ကို မကြည့်နိုင် မရှုနိုင် ငြူစူမနာလိုသော သဘော။

၃။　မစ္ဆရိယ = မိမိ၏ လာဘ်ပစ္စည်း အမျိုးအနွယ် အဆောက်အဦ စသည်တို့ကို သူတစ်ပါးတို့နှင့် ဆက်ဆံမှု သက်ဆိုင်မှု မပြုနိုင်သော ဝန်တိုမှု သဘော။

## ဓမ္မအလို ၆–ပါးကို ပြဆိုချက်

၁။ စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ။

၂။ သောတံ ခေါ မာဂဏ္ဍိယ သဒ္ဒါရာမံ သဒ္ဒရတံ သဒ္ဒသမ္မုဒိတံ။

၃။ ဃာနံ ခေါ မာဂဏ္ဍိယ ဂန္ဓာရာမံ ဂန္ဓရတံ ဂန္ဓသမ္မုဒိတံ။

၄။ ဇိဝှါ ခေါ မာဂဏ္ဍိယ ရသာရာမာ ရသရတာ ရသသမ္မုဒိတာ။

၅။ ကာယော ခေါ မာဂဏ္ဍိယ ဖောဋ္ဌဗ္ဗာရာမော ဖောဋ္ဌဗ္ဗရတော ဖောဋ္ဌဗ္ဗသမ္မုဒိတော။

၆။ မနော ခေါ မာဂဏ္ဍိယ ဓမ္မာရာမော ဓမ္မရတော ဓမ္မသမ္မုဒိတော။

မာဂဏ္ဍိယသုတ် ပါဠိတော်[၁]

**စက္ခုအကြိုက် ၁** မာဂဏ္ဍိယ၊ မာဂဏ္ဍိပရိဗိုဇ်ရဟန်း။ စက္ခုံ၊ မျက်စိသည်။ ရူပရာမံ၊ အဆင်းအမျိုးမျိုးပါလျှင် မွေ့လျော်ရာရှိ၏။ ရူပရတံ၊ အဆင်းအမျိုးမျိုး၌ မွေ့လျော်တတ်၏။ ရူပသမ္မုဒိတံ၊ အဆင်းအမျိုးမျိုး၌ ပျော်မြူးတတ်၏။

**သောတအကြိုက် ၂** မာဂဏ္ဍိယ၊ မာဂဏ္ဍိပရိဗိုဇ်ရဟန်း။ သောတံ၊ နားသည်။ သဒ္ဒါရာမံ၊ အသံအမျိုးမျိုးလျှင် မွေ့လျော်ရာရှိ၏။ သဒ္ဒရတံ၊ အသံအမျိုးမျိုး၌ မွေ့လျော်တတ်၏။ သဒ္ဒသမ္မုဒိတံ၊ အသံအမျိုးမျိုး၌ ပျော်မြူးတတ်၏။

**ဃာနအကြိုက် ၃** မာဂဏ္ဍိယ၊ မာဂဏ္ဍိပရိဗိုဇ်ရဟန်း။ ဃာနံ၊ နှာခေါင်းသည်။ ဂန္ဓာရာမံ၊ အနံ့အမျိုးမျိုးလျှင် မွေ့လျော်ရာရှိ၏။ ဂန္ဓရတံ၊ အနံ့ အမျိုးမျိုး၌ မွေ့လျော်တတ်၏။ ဂန္ဓသမ္မုဒိတံ၊ အနံ့အမျိုးမျိုး၌ ပျော်မြူးတတ်၏။

**ဇိဝှါအကြိုက် ၄** မာဂဏ္ဍိယ၊ မာဂဏ္ဍိပရိဗိုဇ်ရဟန်း။ ဇိဝှါ၊ လျှာသည် ရသာရာမာ၊ အရသာအမျိုးမျိုးလျှင် မွေ့လျော်ရာရှိ၏။ ရသရတာ၊ အရသာအမျိုးမျိုး၌ မွေ့လျော်တတ်၏။ ရသသမ္မုဒိတာ၊ အရသာအမျိုးမျိုး၌ ပျော်မြူးတတ်၏။

**ကာယအကြိုက် ၅** မာဂဏ္ဍိယ၊ မာဂဏ္ဍိပရိဗိုဇ်ရဟန်း။ ကာယော၊ ကိုယ်သည်၊ ဖောဋ္ဌဗ္ဗာရာမော၊ အတွေ့အထိ အမျိုးမျိုးလျှင် မွေ့လျော်ရာရှိ၏။ ဖောဋ္ဌဗ္ဗရတော၊ အတွေ့အထိ အမျိုးမျိုး၌ မွေ့လျော်တတ်၏။ ဖောဋ္ဌဗ္ဗသမ္မုဒိတော၊ အတွေ့အထိအမျိုးမျိုး၌ ပျော်မြူးတတ်၏။

---

၁။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ မာဂဏ္ဍိယသုတ်၊ နှာ– ၁၇၁။

**မနောအကြိုက် ၆** 　မာဂဏ္ဍိယ၊ မာဂဏ္ဍိပရိဗ္ဗိဇ်ရဟန်း။ မနော၊ စိတ်သည်။ ဝမ္မာရာ မော၊ ဂုဏ်စသော ဝမ္မာရုံ အမျိုးမျိုးလျှင် မွေ့လျော်ရာရှိ၏။ ဝမ္မရတော၊ ဂုဏ်စသော ဝမ္မာရုံအမျိုးမျိုး၌ မွေ့လျော်တတ်၏။ ဝမ္မသမ္မုဒိတော၊ ဂုဏ်စသော ဝမ္မာရုံ အမျိုးမျိုး၌ ပျော်မြူးတတ်၏။

ဤပါဠိတော်မြတ် နည်းအားဖြင့် တစ်ယောက် တစ်ယောက်သောသူ၏ ခန္ဓာကိုယ်၌ စက္ခုအကြိုက်၊ သောတအကြိုက်၊ ဃာနအကြိုက်၊ ဇိဝှါအကြိုက်၊ ကာယအကြိုက်၊ မနောအကြိုက်ဟူ၍ ဝမ္မအလို ခြောက်ပါးရ၏။

**စက္ခုအလိုစသည်** 　စက္ခုဒွါရ၌ဖြစ်သော ဝမ္မခပ်သိမ်းတို့၏ အလိုကိုစက္ခုအလို ဆိုသည်။

နောက်ငါးပါးတို့၌လည်း ဤနည်းတူသိလေ။

ထိုခြောက်ပါးတို့တွင် -

**စက္ခုဝမ္မအလို** ၁။ 　အဆင်းကောင်း၊ သဏ္ဌာန်ကောင်းကြိုက်မှုသည် စက္ခုအမှုးရှိသော ဝမ္မတို့၏ အလိုတည်း။

**သောတဝမ္မအလို** ၂။ 　အသံကောင်းကြိုက်မှုသည် သောတအမှုးရှိသော ဝမ္မတို့၏ အလိုတည်း။

**ဃာနဝမ္မအလို** ၃။ 　အနံ့ကောင်းကြိုက်မှုသည် ဃာနအမှုးရှိသော ဝမ္မတို့၏ အလိုတည်း။

**ဇိဝှါဝမ္မအလို** ၄။ 　ထမင်းကောင်း၊ ဟင်းကောင်းကြိုက်မှု၊ အရသာကောင်းကြိုက်မှုသည် ဇိဝှါအမှုးရှိသော ဝမ္မတို့၏ အလိုတည်း။

**ကာယဝမ္မအလို** ၅။ 　ချောမွေ့သော အခင်းကောင်း အရုံကောင်းကြိုက်မှု၊ ကိုယ်အင်္ကျီချင်း အတွေ့ကောင်း၊ အထိကောင်းကြိုက်မှု၊ ကာယအမှုးရှိသော ဝမ္မတို့၏ အလိုတည်း။

**မနောဝမ္မအလို** ၆။ 　အမျိုးဂုဏ်ကို သာယာမှု၊ အနွယ်ဂုဏ်ကိုသာယာမှု၊ ဥစ္စာဓနဂုဏ်ကို သာယာမှု၊ ဣဿရိယအစိုးရဂုဏ်ကို သာယာမှု၊ မိုက်ဂုဏ်ကို သာယာမှု၊ လောက၌ လိမ္မာမှုကို သာယာမှု၊ လှချီးမွမ်းသည့်ကို

သာယာမှု, ရှင်ချီးမွမ်းသည်ကို သာယာမှု၊ ဒုစရိုက်တို့၌ မွေ့လျော်မှု၊ မိစ္ဆာအယူတို့၌ မွေ့လျော်မှု အစရှိသည်တို့မှာ မနောအမှုရှိသော ဓမ္မတို့၏ အလိုတို့တည်း။

ဤသို့လျှင် ဒေသနာတော်၌ ခပ်သိမ်းသော ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ အသီးသီးသော အလိုတို့မည်သည် ထင်ရှားစွာ ရှိလာကုန်၏။

ဤသို့လျှင် ပကတိသော ပုဂ္ဂိုလ်သတ္တဝါတို့၏ အကြိုက်တစ်မျိုး၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ရှိကြကုန်သော ခပ်သိမ်းသော ဓာတ်၊ ခပ်သိမ်းသော ဓမ္မတို့၏ အသီးအသီးသော ဓမ္မအလို ဓမ္မအကြိုက်တစ်မျိုးဟူ၍ အလိုအကြိုက် နှစ်မျိုးတို့သည် လောကအားဖြင့်လည်းကောင်း၊ တရားကျမ်းဂန်အားဖြင့်လည်းကောင်း၊ ထင်ရှားလျက် ရှိကုန်၏။

ဤကား အလိုနှစ်ပါး ခွဲခန်းတည်း။

## ပုဂ္ဂိုလ်အလိုနှင့် ဓမ္မအလို ဆန့်ကျင်ပုံ

**ပုဂ္ဂိုလ်အလို** အကြင်သတ္တဝါတို့သည် ဓာတ်ရှုး ဓာတ်နောက်တို့၏ နှောင့်ယှက်ခြင်းမှ ကင်း၍ လူ့ပကတိ၊ နတ်ပကတိ ကြည်လင်ခြင်း ရှိကြကုန်၏။ ထိုသတ္တဝါတို့ကို သမ္ပတ္တိ၊ ဝိပ္ပတ္တိ နှစ်ပါးရှိသည်တွင် သမ္ပတ္တိကို အလိုရှိကြကုန်သလော၊ ဝိပ္ပတ္တိကို အလိုရှိကြကုန်သလောဟု မေးသည်ရှိသော် သမ္ပတ္တိကို အလိုရှိသည်။ ဝိပ္ပတ္တိကို အလိုမရှိဟု ပြောဆိုကြကုန်လတ္တံ့။

**သမ္ပတ္တိ** သမ္ပတ္တိဆိုသည်ကား – မြင့်မြတ်သော ဂုဏ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသောဂုဏ်၊ ဤဂုဏ်နှစ်ပါးတည်း။

**ဝိပ္ပတ္တိ** ဝိပ္ပတ္တိဆိုသည်ကား – ယုတ်ညံ့သော ဒုက္ခ၊ ကိုယ်စိတ်နှစ်ဖြာ မချမ်းသာသော ဒုက္ခတည်း။

သမ္ပတ္တိကို အလိုရှိကြသည်ဆိုသော် – အခိုက်အတန့်မျှကို အလိုရှိကြကုန်သလော၊ အစဉ်ထာဝရကို အလိုရှိကြကုန်သလောဟု မေးသည်ရှိသော် – အနမတဂ္ဂ သံသရာနှင့်အမျှ အစဉ်ထာဝရ မြင့်မြတ်ချမ်းသာသည်ကို အလိုရှိပါကုန်သည်ဟု ပြောဆိုကြကုန်လတ္တံ့။

ဓာတ်ရှုး၊ ဓာတ်နောက်တို့၏ နှောင့်ယှက်ခြင်းကြောင့် ပကတိသော သတ္တဝါတို့၏ အလိုနှင့် ကင်းကွာခိုက်၊ ကြုံခိုက်သော သူတို့၏ အလိုသည်မှုကား – သတ္တဝါတို့၏ ပကတိအလိုမဟုတ်၊ မိစ္ဆာဓမ္မ[1] ပါပဓမ္မ[2]တို့၏ အလိုသာတည်း။

၁။ မိစ္ဆာဓမ္မ – မှားယွင်းသော တရား။

၂။ ပါပဓမ္မ – ယုတ်မာသောတရား။

**ဓမ္မအလို** ဓမ္မတို့၏ အလို၌လည်း လောကမျက်မြင် ပြုပြင်မှုတို့မှ ကင်းသော ပကတိအလိုကိုသာ ပဓာနပြုရာ၏။ ပြုပြင်မှု ကြောင့်ဖြစ်သော အာဂန္တုအလို ကို ပဓာနမပြုရာ။

## ပုဂ္ဂိုလ်အလိုနှင့် စက္ခုအလို ဆန့်ကျင်ပုံ

ပုဂ္ဂိုလ်တို့၏ ပကတိအလိုနှင့် စက္ခု၏ ပကတိအလို ဆန့်ကျင်ဖက်ဖြစ်ပုံကို ပြဆိုအံ့။

**စက္ခုအလို** စက္ခု၏ အလိုဆိုလျှင် မျက်စိမြင်မှုလျှင် အရင်းရှိကုန်သော အလုံးစုံသော ဓမ္မတို့၏ အလိုကို ယူလေ။

**ပုဂ္ဂိုလ်အလို** ဤသတ္တဝါတို့သည် လွန်လေပြီးသော အနမတဂ္ဂသံသရာ၌ စက္ခုကို အထွတ်အမြတ်ဖြစ်သော မိမိတို့ကိုယ်အင်္ဂါ ပြုလုပ်၍လာကြကုန်သော်လည်း သတ္တဝါတို့သည် ပကတိအလိုအားဖြင့် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် သမ္ပတ္တိဟူသော တက်လမ်း ဆန်လမ်းကိုသာ အမြဲအလိုရှိကြကုန်၏။ ဝိပတ္တိဟူသော အောက်သို့ စုန်လမ်း မျောလမ်း လျှောကျလမ်းကို အလိုမရှိကြကုန်။

**စက္ခုအလို** မိမိတို့၏ စက္ခုတို့မူသည်ကား - အဆင်းသဏ္ဌာန်အမျိုးမျိုး၌ သာယာခြင်းလျှင် အရင်းရှိသော လောဘ မောဟအမှုးရှိသော ကိလေသာအနန္တ၊ ဒေါသ၊ မောဟ အမှုးရှိသော ကိလေသာအနန္တ၊ ဒိဋ္ဌိအမှုးရှိသော ကိလေသာအနန္တ၊ မာနအမှုးရှိသော ကိလေသာအနန္တ၊ ဣဿာမစ္ဆရိယ အမှုးရှိသော ကိလေသာအနန္တတို့ကို ဖြစ်ရာဘဝ အားလျော်စွာ နေ့စဉ်ပွားများစေကုန်၍ သတ္တဝါတို့ကို ဝိပတ္တိဟူသော စုန်လမ်း မျောလမ်း လျှောကျလမ်းသို့ ရှေးရှုသည်ကို့ကိုသာ ပြုကြကုန်၏။

သတ္တဝါတို့သည် မိမိတို့၏ စက္ခုအတွက် တစ်ခုတစ်ခုသော ဘဝအတွင်း၌ များစွာသော ကိလေသာမှု၊ များစွာသော ဒုစရိုက်မှုတို့ဖြင့် ပြည့်ကြရကုန်၏။ သေသည်၏ အခြားမဲ့၊ အခြားမဲ့တို့၌ စက္ခုတို့သည် ရေ၏ ပကတိသဘောကဲ့သို့ အောက် အောက် အဖို့သို့ လျှောကျကြကုန်၏။

ဗြဟ္မာ့စက္ခုပျောက်ကွယ်၍ နတ်စက္ခု၊ လူ့စက္ခု ဖြစ်လာကြကုန်၏။ နတ်စက္ခု

---

၁။ အာဂန္တုအလို = (အာဂန္တု - ဧည့်သည်) ဧည့်သည်ကဲ့သို့ ခေတ္တအခိုက်အတန့်ဖြစ်သော အလို။

ပျောက်ကွယ်၍ လူ့စက္ခု၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ခြင်၊ မှက်၊ ပိုးလောက် အစရှိသော အပါယ်စက္ခုဖြစ်လာကြကုန်၏။ လူ့စက္ခုပျောက်ကွယ်၍ အပါယ်စက္ခုဖြစ်လာကြကုန်၏။ အပါယ်စက္ခု တစ်ကြိမ်ဖြစ်လာသည့်နောက် အပါယ်စက္ခုအဆက်ပေါင်း ဘဝတစ်သိန်း ဘဝတစ်သန်း စသည် ကျင်လည်ရှည်လျား၍ သွားကြကုန်၏။

ကာဏကစ္ဆပေါပမ သုတ္တန်ဒေသနာ¹ တော်ကို မြော်ကြလေ။

**စက္ခုဩ အတ္တအစွဲ**

သတ္တဝါတို့သည်မူကား မိမိတို့ စက္ခုကို မိမိတို့ အတ္တဟု စွဲလမ်းမှုရှိနေကြကုန်သည်ဖြစ်၍ စက္ခုတို့ သွားရာသို့ ဘဝမကွာ ထက်ကြပ် ပါကြရလေကုန်၏။ စွဲလမ်းကြသည့်အတိုင်း စက္ခုတို့သည် သတ္တဝါတို့၏ အလိုကို လိုက်ကုန်သည်ဖြစ်ငြားအံ့၊ သတ္တဝါတို့အလိုရှိရာ ဆန်လမ်း တက်လမ်းဘက်သို့သာ ဘဝမကွာ ထက်ကြပ်ပါ ကြကုန်ရာ၏။ သေသည်၏ နောက်၌ အထက်အထက် စက္ခုတို့သာ ဖြစ်ပေါ်၍ လိုက်ကုန်ရာ၏ ဆိုလိုသည်။

ထိုသို့ကားမဟုတ်၊ သတ္တဝါတို့ကသာ စက္ခုတို့၏ အလိုသို့ စက္ခုတို့၏ အလားသို့ ငါ့ကိုယ် ငါ့ကိုယ်ဟု အမှန်ပြု၍ အစဉ်တစ်စိုက် အမြဲလိုက်ကြကုန်သည်ဖြစ်၍ စက္ခုတို့ သွားရာသို့ ဘဝမကွာ ထက်ကြပ်ပါလျက် နေကြရကုန်၏။ အပါယ်မှ လွတ်ကြပြန်လျှင် လူ့စက္ခု၊ နတ်စက္ခုဖြစ်၍ လာကြပြန်ကုန်၏။ တစ်ဖန် လူ့စက္ခုမှ နတ်စက္ခု၊ ဗြဟ္မာ့စက္ခုဖြစ်၍ လာကြပြန်ကုန်၏။

ထိုသို့ ဖြစ်လာမှုသည်ကား စက္ခုတို့၏ ပကတိသဘောမဟုတ်။ ပယောဂအစွမ်းကြောင့် မြစ်ရေသည် အညာသို့ အတန်ငယ် ဆန်တက်သကဲ့သို့ သူတော်ကောင်းတရားတို့နှင့် ကြပ်တည်းစွာ ပြုပြင်မှုအတွက်ကြောင့် ဆန်တက်မှုသာဖြစ်သတည်း။ ပယောဂကြောင့် ဆန်တက်မှုမည်သည် မိမိပကတိသဘောမျိုး မဟုတ်ရကား ပယောဂအရှိန်ရှိသမျှသာ ဆန်တက်၏။ အောက်သို့ စုန်မှုမည်သည် စက္ခုတို့၌လည်းကောင်း၊ မြစ်ရေတို့၌လည်းကောင်း၊ မိမိတို့ ပကတိသဘော ဖြစ်ရကား ပယောဂအရှိန်ကုန်လျှင် အောက်သို့သာ ကျမြဲဓမ္မတာတည်း၊ ပယောဂမကူဘဲ ယူဇနာအနန္တတိုင်အောင် စုန်ဆင်းရသော်လည်း စုန်ဆင်းနိုင်တော့သည်။

သောတ၊ ဃာန ဇိဝှါ၊ ကာယ၊ မနောတို့ကိုလည်း ဤစက္ခုအတိုင်း မြင်လေ၊ မိမိတို့ ကျင်လည်၍ လာခဲ့ကြသော သံသရာတစ်လျှောက်လုံး အထက်အောက် စုန်မှု ဆန်မှုတို့ကို ဘယ်လိုနေလိမ့်မည်ဟု မြော်ကြလေကုန်။

---

၁။ ကျမ်းကိုးကို ဤကျမ်း နှာ – ၈ ပြန်ကြည့်ပါ။

လူ့ဘဝ၏ တန်ဖိုး

အထက်သို့ ဆန်တက်ရန် ပြုပြင်မှုမည်သည် လူ့ဘဝကို ရသောအခါ၌သာ အခွင့်ရ၏။ လူ့ဘဝကိုပင် ရပါသော်လည်း သူတော်ကောင်းတရားနှင့် ပြည့်ပြည့်စုံစုံ ဖြစ်ရသောဘဝ၌သာ အခွင့်ရ၏။ လူ့ဘဝကို ရမှုသည်ပင်လျှင် ဘယ်မျှလောက် ခဲယဉ်းသည်ဟု လိပ်ကန်းဥပမာများနှင့် ဆင်ခြင်ကြလေ။

စက္ကူစသော ဓမ္မအလိုကြောင့် ထိုထိုဘဝသို့ ရောက်ခြင်း

သတ္တဝါတို့မည်သည် အပါယ်လေးဘုံဟူသော ဝိပ္ပတ္တိဌာနသို့ ရောက်လိုသည်ဟူ၍ မရှိကြကုန်၊ ထိုသို့ မရှိကြပါကုန်ပဲလျက် ယခုအခါ အပါယ်လေးဘုံတို့၌ သတ္တဝါအသိုက်အအုံ ကြီးကျယ်လှလေ၏။ အပါယ်လေးဘုံ၌ သတ္တဝါပေါများပုံနှင့် ထောက်ဆသော် သုဂတိဘုံတို့မှာ သတ္တဝါရှိသည်ဟု မပြောစလောက်ရှိ၏။ ထိုမျှလောက် အသိုက်အအုံ ကြီးကျယ်လှသော အပါယ်ရှိ သတ္တဝါအပေါင်းတို့တွင် တစ်စုံတစ်ယောက်သော သတ္တဝါမျှ မိမိအလိုနှင့် ရောက်ရသည်မဟုတ်၊ စက္ကူသောတစသော ခြောက်ဒွါရ, ခြောက်ဌာန ဓမ္မတို့၏ အလိုသက်သက်နှင့် ရောက်ကြရကုန်၏။

## ခန္ဓာငါးဝ အနတ္တ

ထို့ကြောင့် - "ပဉ္စက္ခန္ဓာ အဝသဝတ္တန ဋ္ဌေန အနတ္တာ[၁]"ဟူ၍ ဆိုပေသတည်း။

ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်။ အဝသဝတ္တနဋ္ဌေန၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုသို့ မလိုက်သော ပကတိသဘောကြောင့်။ အနတ္တာ၊ ပုဂ္ဂိုလ် သတ္တဝါတို့၏ အတ္တမဟုတ်ကုန်၊ နက်နဲစွ။

အတ္တအစွဲ

ဤခြောက်ပါးသော ဓမ္မတို့မည်သည် အထက်ကို ဘဝဂ်အောက်ကို အဝီစိတိုင်အောင် စုန်ချည် ဆန်ချည် ကျင်လည်၍ နေကြကုန်သော သံသရာဓမ္မ တို့ပေတည်း။ ထို့ကြောင့် အကြင်သတ္တဝါတို့သည် ထိုတရားတို့ကို မိမိတို့ အတ္တပြု၍ စွဲလမ်းကြကုန်၏။ ထိုတရားတို့၏ အလိုကို မိမိတို့ အလိုပြု၍ ထိုတရားတို့၏ အလားကို အလွတ်လိုက်စားကြကုန်၏။ ထိုသတ္တဝါတို့သည် ထိုတရားတို့ သွားရာ ကျင်လည်ရာ ဘဝမဂ္ဂ ထက်ကြပ်ပါ၍ နေကြကုန်မြဲတည်း၊ မဟာသမုဒ္ဒရာ၌ စုန်ဆန်လူးလာ သွားလာကျင်လည်၍နေသော မိချောင်းတို့ကို ငါ၏ကိုယ်ဟုတွယ်တာ၍ လိုက်ကြကုန်မှုကား မိချောင်းတို့ ကျင်လည်ရာ မဟာသမုဒ္ဒရာတစ်ခွင်သို့ အစဉ်လိုက်ပါ၍ နေကြရတော့မည် အပြီးဖြစ်လေသကဲ့သို့တည်း။

---

၁။　ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ - ၂၆၃။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုတရားတို့ကို အတ္တဟူ၍ လိုက်စားခြင်းမှ ပြတ်ကင်းကြစေခြင်း အကျိုးငှာ အနတ္တဒေသနာကို ဟောတော်မူပေသတည်း။

အကြင်သူတို့သည် ထိုတရားတို့ကို "မိမိတို့အတ္တမဟုတ်၊ မိမိတို့ အလိုသို့ မဟုတ်၊ သူတို့အလိုနှင့် သူတို့ အသီးအခြားသော ဓာတ်တွေ ဓမ္မတာတွေသာ ဖြစ်ကြကုန်၏"ဟု ဉာဏ်အမြင် ပေါက်ကြကုန်၏။ ထိုသူတို့သည် ထိုအခါမှစ၍ ဓမ္မတို့၏ အလိုဖြစ်သော ဝိပ္ပတ္တိလမ်းသို့ မလိုက်ကြရကုန်ပြီ။ ဓမ္မတို့ကသာ မိမိတို့ အလိုရှိရာ သမ္ပတ္တိလမ်းသို့ တစ်ဖြောင့်တည်းလိုက်ကြရကုန်၏။ သောတာပန်တို့ အလားကို မြော်လေ။ ထို့ကြောင့် သောတာပန် အရိယာတို့ကို –

"အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော[1]"

ဟူ၍ ဟောတော်မူပေသည်။

အဝိနိပါတဓမ္မော၊ မိမိတို့ အလိုမရှိသော ဝိပ္ပတ္တိလမ်းသို့ ကျရောက်ခြင်းမရှိ။ နိယတော၊ ဘဝအဆက်ဆက်မြဲသော သမ္ပတ္တိရှိ၏။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် အထက်ဖိုလ်လျှင် အလိုရှိခါ လွယ်စွာ ရောက်ကြောင်း လဲလျောင်းရာရှိ၏။ အနက်။

**စက္ခုစသည့် ဓမ္မကို ပိုင်ပိုင်နိုင်နိုင် မြင်လျှင် သံသရာမှ ကျွတ်လွတ်နိုင်ခြင်း**

ထိုခြောက်ပါးသော ဓမ္မတို့ကို ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်(ငါမဟုတ်) သူမဟုတ်ဟူ၍လည်းကောင်း ထိုခြောက်ပါးသော ဓမ္မတို့၏ အလိုတို့ကို ပုဂ္ဂိုလ်အလိုမဟုတ်၊ သတ္တဝါအလိုမဟုတ်၊ ငါ့အလိုမဟုတ်၊ သူ့အလိုမဟုတ်၊ ဓမ္မတို့၏ အလိုသာဖြစ်သည်ဟူ၍လည်းကောင်း၊ ပိုင်ပိုင်နိုင်နိုင် ပိုင်းပိုင်းခြားခြား မြင်နိုင်ကြကုန်သော သူတို့သည် သံသရာမှ ကျွတ်လွတ်ကြလေကုန်၏။ အဘယ်ကြောင့် နည်းဟူမူ –

သံသရာတရားတို့ကို လွှတ်၍ ပစ်ကြပေကုန်သောကြောင့်တည်း။

အနမတဂ္ဂ သံသရာ၌ ဂင်္ဂါသဲလုံးမျှမက ပွင့်တော်မူကြလေကုန်ပြီးသော ဘုရားတို့ကိုလည်းကောင်း၊ ထိုထက် အသိန်းအသန်းအကုဋေမက ကျွတ်လွတ်တော်မူကြကုန်ပြီးသော ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း၊ တစ်ဆူတစ်ဆူသော ဘုရားရှင် သာသနာတော်၌ပင်လျှင် အသင်္ချေများစွာ ကျွတ်လွတ်ကြလေကုန်ပြီးသော လူ၊ နတ် ဗြဟ္မာ၊ အရိယာတို့ကိုလည်းကောင်း အကုန်မြော်လေ။

**ဆွေမျိုး မတော်ဖူးသည်မရှိ**

ယခုရှိနေကြကုန်သော သတ္တဝါတို့သည်လည်း မကျွတ်ကြမီအခါတို့၌ ခပ်သိမ်းသောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတို့နှင့် အတူတကွပင် သံသရာ၌ ကျင်လည်ဖူးကြ

---

[1] မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ထပတိသုတ်၊ နှာ – ၃၀၆။

ကုန်သည်ချည်းသာတည်း။ အမိတော်ဖူး၊ အဖတော်ဖူး၊ ဆွေတော်ဖူး၊ မျိုးတော်ဖူးခဲ့ကြကုန်သည်ချည်းသာတည်း[၁]။

ထိုသို့ဖြစ်ကြပါလျက် သံသရာဝဋ္ဋ ၆-ဌာနတို့ကို မလွတ်နိုင်ကြကုန်သည့်အတွက် ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတို့ သွားရာသို့ မပါကြကုန်မူ၍ ဝဋ္ဋတို့ သွား ရာသံသရာသို့သာပါ၍ နေကြကုန်သဖြင့် ယနေ့ထက်တိုင် ကျွံလွန်ရှည်မျော၍ လာကြကုန်၏။ ယခု ဘုရားသာသနာ၌လည်း မလွတ်ကြဘဲ အစွဲတန်းလန်းနှင့်ပင် သေလွန်ကြကုန်ပြန်လျှင် သံသရာဝဋ္ဋတို့သွားရာသို့ ပါမြဲပါ၊ မျောမြဲမျော၍ မြုပ်မြဲ နစ်မြဲတလဲလဲပင် ရှိကြကုန်လတ္တံ့သတည်း။

## အနတ္တကို အတ္တထင်ရာ၌ ရှင်းချက်

အဘယ်ကြောင့် သတ္တဝါတို့သည် အစိုးမရသော ဝဋ္ဋတို့ကိုပင် အစိုးရသည်ဟု ထင်မှတ်၍ နေကြပါကုန်သနည်းဟူသော အမေးကို ယခုအခါ ဖြေဆိုအံ့။

**ဒိဋ္ဌိအမှားကြီး တည်ထောင်**

အကြင်သူတို့အား မိမိတို့သန္တာန်၌ ရှိနေကြကုန်သော စက္ခု၊ သောတ အစရှိကုန်သော ဝဋ္ဋတို့ကို အဝိဇ္ဇာမှောင်ကြီးသည် ဖုံးလွှမ်းလျက်ရှိ၏။ သဏ္ဌာနနိမိတ် သန္တတိနိမိတ်ဟူသော နိစ္စအရိပ်ကြီးတို့ကို အဟုတ်ရှိ အမှန်ရှိ မှတ်ထင်လျက် ရှိကြကုန်၏။ အသီးအသီးသော ဝဋ္ဋတို့ကိုလည်းကောင်း၊ ဝဋ္ဋတို့၏ ခဏမစဲ ဖြစ်မှုပျက်မှုတို့ကိုလည်းကောင်း၊ ဉာဏ်အမြင်မပေါက်ကြကုန်၊ ထိုသူတို့အား ပရာမာသ[၂]မည်သော ဒိဋ္ဌိအမှောက်အမှားကြီးသည် တည်ထောင်လျက်ရှိနေ၏။

**မင်းကိစ္စဆောင်ရွက်သော သူဆင်းရဲအလား ဒိဋ္ဌိတရား**

ပရာမာသဒိဋ္ဌိတို့သည်ကား ဝဋ္ဋတို့၏ အလိုသို့ မိမိတို့က လိုက်ကြရကုန်သည်ကို ဝဋ္ဋတို့က မိမိတို့ အလိုသို့ လိုက်ကြကုန်သည်ဟု ပြောင်းပြန်ထင်မြင်၍ နေခြင်းတည်း၊ အနိစ္စဝဋ္ဋတို့ကို နိစ္စဟူ၍ အနတ္တဝဋ္ဋတို့ကို အတ္တဟူ၍ ပြောင်းပြန်ထင်မြင်၍ နေကြခြင်းတည်း၊ ထိုသူတို့သည် အစိုးမရသော ဝဋ္ဋတို့ကိုပင် အစိုးရသည်ဟု ထင်မှတ်စွဲလမ်း၍ နေကြကုန်၏။

ဥပမာကား - ဆွေမဲ့ မျိုးမဲ့ ဝတ်ရာမဲ့ စားရာမဲ့ ခိုရာမဲ့ဖြစ်၍ မင်းဧကရာဇ်၏ တစ်ခုသော ကိစ္စကို လွန်မင်းစွာ ရွက်ဆောင်၏။ မင်းဧကရာဇ်သည် ထိုသူ၏ ဝီရိယာကို မြင်တော်မူလတ်သော် အားရခြင်းဖြစ်၍ အပါးတော်၌ ခစားစေ၏။ ခစားမှု၌

၁။ ဝဋ္ဋပဒ အဋ္ဌကထာ၊ ဒုတိယတွဲ၊ ဗုဒ္ဓဝိတ ဗြဟ္မာဏဝတ္ထု၊ နှာ - ၂၀၅။
သုတ္တနိပါတ် အဋ္ဌကထာ၊ ဒုတိယတွဲ အဋ္ဌကဝဂ်၊ ဇရာသုတ်၊ နှာ - ၂၄၆-၇။

၂။ ပရာမာသ = မှားသောအားဖြင့် သုံးသပ်တတ်သောတရား (ဒိဋ္ဌိ)

လွန်စွာ စွဲမြဲသည်ကို မြင်တော်မူသဖြင့် အားရခြင်း ဖြစ်တော်မူပြန်၍ တစ်ဖန် သက်တော်သက်စောင့်အရာ၌ ထားတော်မူ၏။

ထိုအခါမှစ၍ ထိုသူဆင်းရဲသည် မိမိအလိုကို လုံးလုံးစွန့်ပစ်၍ မင်းကေရာဇ်အလို တစ်လမ်းကိုသာ ကြည့်၍ အားထုတ်၏။ မင်းကေရာဇ်အလိုနှင့် သူ့အလိုတစ်ထပ်တည်းကျ၏။ မင်းကေရာဇ်နှင့် နှစ်ကိုယ့်တစ်စိတ် ဖြစ်လေ၏။ မင်းကေရာဇ်လည်း ထိုသူကို လွန်စွာ အခွင့်ပေး၏။ ကာလကြာညောင်းလတ်သော် မင်းဘုန်းမင်းလာဘ်နှင့် မာန်ယစ်ခြင်းဖြစ်သဖြင့် မင်းကေရာဇ်ကို သူက အစိုးရသည်ဟု ပြောင်းပြန်ထင်မှတ်၍ နေ၏။ သူ့အလိုကို မင်းကေရာဇ်က လိုက်ရသည်ဟု ထင်မှတ်၍နေ၏။ ဤဥပမာကဲ့သို့တည်း။

လောက၌ အမျိုးမျိုးသော အသက်မွေးမှု ဥစ္စာစီးပွားကို အားထုတ်မှုဆိုသည် ဓမ္မတို့၏ ကိစ္စကို လွန်စွာ ဆောင်မှုတို့သာတည်း၊ ထို့ကြောင့် ထိုသူဆင်းရဲ၏ မင်းကေရာဇ်ကိစ္စကို လွန်စွာ အားထုတ်မှုနှင့် တူလှ၏။

**အဝိဇ္ဇာမှောင်ပျောက်မှ သမ္မတ္တိလမ်း ရောက်မည်**

မိမိတို့သန္တာန်၌ ပြအပ်ခဲ့ပြီးသော အဝိဇ္ဇာမှောင်ကြီး၊ ပရာမာသဒိဋ္ဌိကြီး ရှိနေသည့်အတွက်ကြောင့် မိမိတို့ အလိုရှိကြသော သမ္မတ္တိမြဲမှုကြီးကို မရနိုင်ကြကုန်မူ၍ မိမိတို့ အလိုမရှိကြသော ဝိပ္ပတ္တိလမ်းသို့သာ တလဲလဲ လိုက်ပါမြုပ်မျော၍ နေကြရကုန်၏။

အဝိဇ္ဇာမှောင်ကြီး၊ ပရာမာဒိဋ္ဌိကြီး ပျောက်ကင်းကြကုန်မှသာလျှင် ဝိပ္ပတ္တိလမ်းလုံးလုံးပြတ်၍ သမ္မတ္တိမြဲမှုကြီးကို ရနိုင်ကြကုန်၏။

**ရန်သူ၏ အစီးအပွား**

ထို့ကြောင့် ဤသတ္တဝါတို့မှာ ဝိဇ္ဇာသည် မိမိတို့သန္တာန်၌ အမြစ်စိုက်၍နေသော အဝိဇ္ဇာဒိဋ္ဌိတို့ကို အပြီးတိုင် ပယ်ဖြတ်ခြင်းကိစ္စ တစ်ခုသည်သာလျှင် မိမိတို့၏ ပကတိအလိုသို့ ရောက်နိုင်သော ကိုယ့်ကျိုးကိုယ်စီးပွား အမှန် ဖြစ်၏။ အလုံးစုံသော လောကီစီးပွားမှုသည် ကိုယ့်ကျိုးကိုယ့်စီးပွားမဟုတ်၊ ဓမ္မတို့၏ အကျိုးစီးပွားမှု သက်သက်သာဖြစ်၏။ စက္ခုသောတ အစရှိသော ရန်သူတို့၏ အကျိုး စီးပွားသက်သက်သာ ဖြစ်၏။

လောက၌ သမ္မတ္တိလမ်းကို ပိတ်ဆို့၍ ဝိပ္ပတ္တိလမ်းကို ဖွင့်မှုသည် ရန်သူ၏ကိစ္စတည်း။ စက္ခုစသည်တို့သည် ထိုကိစ္စကို အမြဲဆောင်ကုန်၏။ ထို့ကြောင့် နိစ္စရန်သူတို့သာတည်း။

လောကစီးပွားမှုတို့သည် ရန်သူတို့၏ စီးပွားမှုတို့သာတည်း၊ ထိုသို့ ဖြစ်ပါလျက် သတ္တဝါတို့သည် ကိုယ့်အလို ပြည့်စုံရန် ကိုယ့်အကျိုး ကိုယ့်စီးပွား အမှန်ရှိသေးသည်ဟူ၍ပင် မသိကြကုန်မူ၍ စက္ခု၊ သောတစသော ရန်သူဓမ္မတို့ကို မိမိတို့ကိုယ်ပြု၍ ရန်သူဓမ္မတို့၏ အလိုကို ကိုယ့်အလိုပြု၍ ရန်သူဓမ္မတို့၏ အစီးအပွားကို ကိုယ့်အစီးအပွားပြုလုပ်၍ မိမိတို့၏ အစီးအပွားဟု စွဲလမ်းအားကျ၍ နေကြကုန်၏။ ထိုသူဆင်းရဲသည် မိမိအလို မိမိအကျိုးစီးပွားဟူ၍ မရှိဘဲ မင်း၏အလို မင်း၏ အကျိုးစီးပွားကိုသာ အားထုတ်သကဲ့သို့တည်း။

အစဉ်အမြဲ အားထုတ်ပြုပြင်နိုင်ကြသည်ဖြစ်၍ ရန်သူဓမ္မတို့၏ အကျိုးဆက်ကိုလည်း ရံဖန်ရံခါ ခံစံကြရကုန်၏။ မျက်စိအရသာကို ခံစံကြရကုန်၏။ နားအရသာ၊ နှာခေါင်းအရသာ၊ လျှာအရသာ၊ ကိုယ်အင်္ဂါအရသာ၊ မနောအရသာတို့ကို ခံစံကြရကုန်၏ဟူလိုသည်၊ ရံဖန်ရံခါ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို ခံစံကြရကုန်၏။ ထိုသူဆင်းရဲသည် မင်း၏ ကိစ္စကို လွန်စွာ အားထုတ်နိုင်သည့်အတွက် မင်းဘုန်းမင်းလာဘ်ကို ခံစံရသကဲ့သို့တည်း။

ရန်သူဓမ္မတို့၏ အလိုကိစ္စကိုသာ အမြဲဆောင်ရွက်၍ နေကြရကုန်သဖြင့် မိမိတို့သည် ရန်သူဓမ္မတို့၏ကျွန် ရန်သူဓမ္မတို့၏ သပေါက်ဖြစ်၍ နေကြရသည်ဖြစ်ပါကုန်လျက် ရန်သူဓမ္မတို့၏ အကျိုးဆက်ကို ရံဖန်ရံခါ ခံစံကြသည့်အတွက် မာန်ယစ်ခြင်း ဖြစ်ကြသဖြင့် စက္ခု၊ သောတစသော ဓမ္မတို့က အမြဲလိုက်ရကုန်သည်ဟု အထင်အစွဲ အလွဲပြောင်းပြန် ဖြစ်၍ နေကြကုန်၏။

## သမာဓိအန္တရာယ် တည်ထောင်မှု

| | |
|---|---|
| ငါး၊ လိပ်၊ ဥပမာ | ဖြစ်ပုံကား စက္ခု ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပ |
| ရုပ်နာမ်ခန္ဓာ | သမ္မုဒိတံ ဟူသော ပါဠိတော်မြတ်[၁] နှင့်အညီ – |

ငါး၊ လိပ်၊ မိကျောင်း အစရှိကုန်သော ရေသတ္တဝါတို့သည် ရေနှင့် ကင်းကွာခဲ့လျှင် မနေတတ် မနေနိုင်၊ ရေရှိရာသို့သာလျှင် အတွင်ပြေးသွားကုန်ကြ၍ ရေနှင့်နေကြရမှ ပျော်မွေ့ကြကုန်သကဲ့သို့ စက္ခုအမှုးရှိသော ခန္ဓာ ၅–ပါး ရုပ်နာမ်တရားတို့သည် မျက်စိ ဥပစာ၌ ရှိနေသမျှသော ကောင်း၊ မကောင်းသော အဆင်းအာရုံတို့ကို ကြည့်ကာ ရှုကာ မျှော်ကာ မော့ကာ နေရမှ နေတတ် နေနိုင်ကြကုန်၏။ မကြည့်ရဘဲ

၁။　　မဇ္ဈိမပဏ္ဏာသပါဠိတော်။ မာဂဏ္ဍိယသုတ်၊ နှာ – ၁၇၁။

ချုပ်တည်း၍ ထားခဲ့လျှင် မနေတတ် မနေနိုင် ရှိကြကုန်၏။ အာရုံရှိရာသို့သာလျှင် အတင်းရုန်းထွက်၍ သွားသော အခြင်းအရာသို့ ရောက်ကြကုန်၏။

ထို့ကြောင့် အဋ္ဌကထာ၌ [၁] - "စက္ခု ရူပေသု အာဝိဉ္ဆနရသံ"ဟူ၍ ဆိုပေ၏။

စက္ခု၊ စက္ခုသည်။ ရူပေသု၊ အဆင်းရှိရာတို့သို့၊ အာဝိဉ္ဆနရသံ၊ ပုဂ္ဂိုလ်ကို အတင်းဆွဲငင်ခြင်း ကိစ္စရှိ၏။ အနက်။

ပုဂ္ဂိုလ်၏ မျက်နှာကို အာရုံရှိရာသို့ မော့လေအောင် ဆွဲကြိုး ငင်ကြိုးကိစ္စကို ပြု၏ ဟူလိုသည်။

ဤကား စက္ခုအမှုးရှိသော ဓမ္မတို့၏ အလိုတည်း၊ ပုဂ္ဂိုလ်၏ အလိုမဟုတ်၊ ထိုကြည့်မှုသည် ဝိပ္ပတ္တိလမ်းကို ဖွင့်မှုသာ ဖြစ်၏။ ကိလေသာတို့ ကွန့်မြူးဖို့သာဖြစ်၏။ အဘိဇ္ဈာ[၂] ဗျာပါဒ [၃] စသော ဒုစရိုက်တို့၏ အပေါက်အလမ်းသာဖြစ်၏။ ယုတ်စွအဆုံး ဥဒ္ဒစ္စဟူသော မငြိမ်မသက် ဂယောက်ဂယက်တရားကို ပွားများစေမှုသာ ပြီး၏။ ဣန္ဒြိယသံဝရသီလ[၄] နှင့် ဘဝအဆက်ဆက် ဝေးဖို့သာ ဖြစ်၏။ သမာဓိ၏ အန္တရာယ်ကို တည်ထောင်မှုသာ ဖြစ်၏။ သမ္ပတ္တိလမ်းကို ပိတ်ဆို့မှုကြီးတစ်ခုပေတည်း။

**ဒိဋ္ဌိအမြင်** ထိုသို့ဖြစ်ပါလျက် စက္ခုကို ငါဟူ၍ စွဲလမ်းလျက်ရှိနေသောကြောင့် စက္ခုအလိုကို ငါ့အလိုဟု အရိုးစိုက်၍ နေကြကုန်၏။ ထိုအရိုးစိုက်မှုအပေါ်၌ ဒိဋ္ဌိက အမှောက်အလန် ပြောင်းပြန်ထပ်ဆင့်၍ ငါ့စက္ခုကို ငါအစိုးရ၏။ ငါ့စက္ခုသည် ငါအလိုရှိတိုင်းပါ၏။ ငါကြည့်လိုရာကို မြင်၍ပေး၏ဟု သတ္တဝါတို့ အထင်အမြင် မှောက်မှား၍ နေကြကုန်၏။

**မာန** ဤ၌စက္ခုကို ငါဟု ထင်မှုကား မာနတည်း၊ အထင်မှားမှု ဆိုလိုသည်။

**တဏှာ** စက္ခုကို ငါ၏စက္ခုဟု သိမ်းပိုက်မှုကား တဏှာတည်း၊ အတွယ်မှားမှု ဆိုလိုသည်။

**ဒိဋ္ဌိ** စက္ခုကို ငါ၏ကိုယ် ငါ၏အတ္တ ငါအစိုးရသည်ဟု မြင်မှုကား ဒိဋ္ဌိတည်း၊ မိမိအလိုကို လွှတ်ထား၏။ စက္ခုအလိုသို့ လုံးလုံးလိုက်၍ စက္ခု၏ကျွန် စက္ခု၏ သပေါက်ဖြစ်၍နေသည် အမှန်ဖြစ်ပါလျက် ငါ့စက္ခုကို ငါအစိုးရသည်ဟု မိမိတို့ စိတ်တွင် ကြောင်ကြောင်ကြီး တွေ့မြင်၍ နေကြမှု ဆိုလိုသည်။

---

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ နှာ -၁၄၉

၂။ အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ကို မိမိစည်းစိမ်ဖြစ်စေလိုသော ရှေးရှုကြံစည်မှုလောဘ။

၃။ ဗျာပါဒ - သူတစ်ပါးစီးပွားချမ်းသာကို ပျက်စီးစေလိုသော ဒေါသ။

၄။ ဣန္ဒြိယ သံဝရသီလ = စက္ခုစသော ၆-ဒွါရမှ လောဘ၊ ဒေါသတရားတို့ကို မဖြစ်ပွားလာစေရန် သတိဖြင့် စောင့်စည်းသော အလေ့အကျင့်။

## ပယောဂ စွဲကပ်သူအသွင် ဒိဋ္ဌိအမြင်

ဥပမာတစ်ခုကို ဆိုအံ့-

လူ့အလို

လောက၌ ပယောဂစွဲကပ်သောသူသည် လူ့အလို မကွယ်သေးမီ မိမိ၌ ပယောဂကပ်မှန်း သိသေး၏။ ပယောဂအလိုနှင့် က,မိ ခုန်မိ ရှိသည့်နောက် သူ့အလိုနှင့် ရှက်သေး၏။ ထိုအခါ ဆေးကုခွင့် ရသေး၏။ ဆေးကုသမှုကို တောင့်တ၏။

ပယောဂအလို

အကြင်အခါ၌ ပယောဂ၏ တန်ခိုးအားဖြင့် လူ့အလိုလုံးလုံး ကွယ်ပျောက်၏။ ပယောဂအလိုသို့ လုံးလုံးပါ၏။ ပယောဂအလိုကို မိမိအလိုဟု ဖောက်ပြန်၏။ ထိုအခါမှစ၍ ဆေးကုခွင့် မရပြီ၊ ပယောဂကပ်မှန်း မသိပြီ၊ ပယောဂစကား ဆေးစကားကို ကြားမှ မကြားလိုပြီ၊ ဟိရီဩတ္တပ္ပ[1] မရှိပြီ၊ ပယောဂ အလိုအတိုင်းပြု၍ နေရမှ ချမ်းသာတော့သည်၊ ဤသူသည်လည်း ပယောဂအလိုနှင့် ကရ ခုန်ရသည်ကို မိမိအလိုနှင့် ကသည် ခုန်သည်ဟု သူ့စိတ်တွင် ကြောင်ကြောင် ထင်မြင်လျက်ရှိ၏။

ဤဥပမာအတိုင်း တစ်လောကလုံး ဖြစ်နေကြပုံကို အကုန်မြော်လေ။

သတ္တဝါတို့၏ ပကတိအလိုနှင့် စပ်ဆိုင်သော အရာမဟုတ်ဘဲလျက် မျက်စိအလိုသို့ လိုက်မှုနှင့် ကြည့်ရှုမျှော်မော့ရသော အရာတို့၌ ငါ့အလိုနှင့်ကြည့်သည် ရှုသည် မျှော်သည် မော့သည်ဟု မိမိတို့ စိတ်တွင် ကြောင်ကြောင်ကြီးမြင်၍ နေမှုကို ဒိဋ္ဌိအမြင် ဆိုသတည်း။

သောတ, ဃာန, ဇိဝှါ, ကာယ, မနောတို့၌လည်း ဤနည်းအတိုင်း သိလေ။

ပယောဂဥပမာ၌ - လူ့အလို, ပယောဂအလို ကွဲပြားသေးသောအခါ၌ ပယောဂသည် သောင်းကျန်းလိုတိုင်း သောင်းကျန်းခွင့် မရသေး၊ လူ့အလို ကွယ်ပျောက်၍ ပယောဂအလို လုံးလုံး ရောက်သောအခါ၌မူကား သောင်းကျန်းလိုတိုင်း သောင်းကျန်းနိုင်တော့သည်၊ ဆရာ အစွမ်းကောင်းနှင့် တွေ့၍ လူ့အလိုပေါ်လာမှ အသောင်းကျန်း လျော့ပေတော့မည်။

---

၁။ ဟိရီ = မကောင်းမှု ဒုစရိုက်မှ ရှက်ခြင်းသဘော၊ ဩတ္တပ္ပ = မကောင်းမှု ဒုစရိုက်မှ ကြောက်လန့်ခြင်းသဘောဖြစ်သည်၊ ဤ၌ကား သာမည ရှက်ခြင်း ကြောက်ခြင်းကိုလည်း ယူရမည်။

**ဉာဏ်အမြင်ဖောက်ပြန်တတ်ပုံ**

ထို့အတူ အနမတဂ္ဂသံသရာ၌ ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့မှာလည်း အကြင်မျှလောက်သော သံသရာကာလပတ်လုံး မိမိတို့ သန္တာန်၌ရှိနေသော ဓမ္မတို့ကိုလည်းကောင်း၊ ဓမ္မတို့၏ အလိုတို့ကိုလည်းကောင်း၊ ဉာဏ်အမြင် မပေါက်ကြကုန်သေး။ ဓမ္မတို့၏ အသီးသီးသော အလိုတို့ကို မိမိအလိုပြု၍ လိုက်ကြကုန်သေး၏။ ထိုမျှလောက်သော သံသရာကာလပတ်လုံး ဓမ္မတို့သည် သောင်းကျန်းလိုတိုင်း သောင်းကျန်းခွင့် ရကြကုန်၏။

အဘယ်ကြောင့်နည်းဆိုသော် အလိုမည်သည် ခပ်သိမ်းသော သတ္တဝါတို့ကို လွန်စွာ ဆောင်နိုင်၏။ တောင်ပေါ်မှ အဟုန်နှင့်တကွ စီးဆင်း၍ လာသော မြစ်ရေအလျင်နှင့်တူ၏။ သတ္တဝါတို့သည် ထိုမြစ်ရေအလျင်၌ မျော၍ ပါကုန်သော ဘော့မှိုက်၊ ဘော့တိုက်တို့နှင့် တူကုန်၏။

**ကိလေသာသောင်းကျန်ပုံ**

လောက၌ ခပ်သိမ်းသော သတ္တဝါတို့၏ အမှုသည် အသီးသီး မိမိတို့ အလိုရှိရာကို အစွမ်းရှိသမျှ ဖြည့်စွမ်းမှုတစ်ခုသာတည်း၊ ဓမ္မတို့၏ အလိုကို မိမိတို့အလို ထင်မှတ်ကြကုန်သော သတ္တဝါတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိကုန်သော ဓမ္မတို့ကို အလိုရှိတိုင်း လွှတ်၍ ပေးကြကုန်၍ ဓမ္မတို့သည် သောင်းကျန်းလိုတိုင်း အခွင့်ရကြကုန်၏။ အခွင့်ရတိုင်းလည်း သောင်းကျန်းကြကုန်၏။

**လောဘသောင်းကျန်းပုံ**

အနမတဂ္ဂ သံသရာ၌ လောဘသည် မိမိအလိုသို့ လိုက်ကြသူ လူ နတ် ဗြဟ္မာသတ္တဝါတို့ကို တောင်ပေါ်ကျ မြစ်ရေကဲ့သို့ အပါယ်လေးပါးသို့ အတွင်မျှောမှုနှင့် သောင်းကျန်း၏။

**ဒေါသသောင်းကျန်းပုံ**

ထို့အတူ ဒေါသသည်လည်း အတွင်မျှော၏။ အပါယ်သို့ ကျရောက်လာကုန်သော သတ္တဝါတို့ကို အပါယ်မှ ထွက်ပေါက် လွတ်ပေါက် မရှိသည်ကို ပြု၍ မျှော၏။ အပါယ်တစ်ခွင်၌သာ ကျင်လည်မြုပ်မျော၍ နေစေ၏။

**မာနသောင်းကျန်းပုံ**

တပေါင်း၊ တန်ခူးအခါ၌ လာကုန်သော လေတို့သည် တောတောင်တစ်ခွင်တို့၌ ရင့်ရော်ကြကုန်သော သစ်ရွက်တို့ကို အောက်မြေအပြင်သို့ အကုန်ခြွေချကုန်သကဲ့သို့ မာနသည် အထက်ထက်သော နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ အသက်တမ်း ရင့်ရော်ကြကုန်သော နတ်, ဗြဟ္မာတို့ကို အောက်မြေအပြင်သို့ အတွင် ခြွေချ၏။

**ဒိဋ္ဌိ သောင်းကျန်းပုံ**

သမုဒ္ဒရာ ပင်လယ်စောင့်နတ်တို့၏ အမျက်ထွက်မှုနှင့် တိုးတက်ဆူဝေသော ပင်လယ်ရေသည် ကျွန်းအလုံး နိုင်ငံအလုံးကို လွှမ်းမိုး၍ သမုဒ္ဒရာ ပင်လယ်သို့ချည်း အကုန်မျှောချသကဲ့သို့ အသာကြီးတစ်မျိုး တစ်မျိုးအနေနှင့် သောင်းကျန်းသော ဒိဋ္ဌိသည် မိမိထွန်းကား၍ နေသမျှကာလပတ်လုံး ထိုကျွန်း ထိုနိုင်ငံတို့ကို အပါယ်သို့ချည်း အကုန်မျှောလေ၏။

**မောဟ သောင်းကျန်းပုံ**

အပါယ်သို့ ရောက်လာသမျှတို့ကို ထွက်ပေါက် လွတ်ပေါက်မရှိအောင် အလုံပိတ်မှုသည်ကား မောဟ၏ တာပေတည်း၊ နာခသိခသုတ်၊ ကာဏကစ္ဆပေါပမသုတ် ဒေသနာတို့နှင့်တကွ အပါယ်လေးဘုံတို့မှ သတ္တဝါ အသိုက်အအုံ ကြီးကျယ်ပုံကို မြော်လေ၊ ကြွင်းသောတစ်ထောင့်ငါးရာကိလေသာဓမ္မတို့၏ သောင်းကျန်းမှုတို့ကိုလည်း ဤနည်းတူ သိလေ။

ဗုဒ္ဓဘာသာ သာသနာမှအပ ဖြစ်ကြကုန်သော ကမ္ဘာမြေပေါ်ရှိ လူသတ္တဝါတို့နှင့်တကွ ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့ကို အကုန်မြော်မိကြပါလျှင်လည်း ကမ္ဘာ ဆူဝေလုမျှ အကုသိုလ် ဓမ္မတို့၏ သောင်းကျန်းမှု ကြီးကျယ်ပုံကို မြင်နိုင်ကြကုန်ရာ၏။ ဤနည်းအတိုင်း အနမတဂ္ဂ သံသရာတစ်ခွင်လုံး မြင်ကြလေကုန်။

ဤအလုံးစုံသော သတ္တဝါတို့သည် မိမိတို့၏ ပကတိအလို ကွယ်ပျောက်၍ ဓမ္မတို့၏ အလို တစ်လမ်းသာ ရှိနေကြကုန်၏။

**အနိစ္စဉာဏ်၊ အနတ္တဉာဏ် ရခွင့်ကာလ**

ထိုသတ္တဝါတို့သည် အကြင်အခါ၌ ဘုရားသာသနာနှင့်တွေ့ကြုံကြကုန်၍ အနိစ္စဉာဏ်၊ အနတ္တဉာဏ် အမြင်ပေါက်ခွင့်ကို ရကြကုန်၏။ ထိုအခါမှစ၍ ဓမ္မတို့သည်မသောင်းကျန်းနိုင်ကြကုန်ပြီ၊ ထိုသတ္တဝါတို့၏ အလိုသို့သာ လိုက်ပါကြရကုန်၏။ ဝိပ္ပလ္လာသလမ်းကို အလုံပိတ်၍ ထိုသတ္တဝါတို့ အလိုရှိရာ သမ္မတ္တလမ်းကိုသာ ဖွင့်ကြလေကုန်၏။ ထိုသတ္တဝါတို့သည် ဘဝများစွာ ကမ္ဘာအဆက်ဆက်တို့၌ အစဉ်မြဲသော သမ္မတ္တသုခကို ရကြလေကုန်၏။ ဝိပ္ပလ္လာသဒုက္ခကို တစ်ရံတစ်ဆစ်မျှ မတွေ့ကြုံကြကုန်ပြီ။

“ထိုသတ္တဝါတို့၏ အလိုသို့သာ လိုက်ပါကြရကုန်၏” ဟူသော စကား၌ သတ္တဝါတို့၏ ပကတိအလို ပကတိအကြိုက်ဖြစ်သော သမ္မတ္တလမ်းသို့ လိုက်ပါကြမှုကို ဆိုသည်၊ အတ္တအဖြစ်သို့ ရောက်ကြကုန်၍ အချင်းခပ်သိမ်း လိုက်ပါမှုကို ဆိုသည် မဟုတ်။

**အနတ္တအနက် နက်နဲပုံ**

ဤအစိုးမရ အလိုသို့ မလိုက်ဟူသော အနတ္တအနက်သည်လည်း ကြံဖွယ်၊ သိဖွယ်၊ ပြောဖွယ်၊ ဟောဖွယ် အလွန်ကျယ်ဝန်းလှ၏။ နက်နဲလည်း နက်နဲလှ၏။

နက်နဲလှသည်ဆိုသည်ကား – အမှုသွားမှာ ထင်ရှားပေါ်လျက်ပင် ဖြစ်၏။ သို့သော်လည်း သတ္တဝါတို့ စိတ်တွင် အစိုးရသည် အလိုသို့ လိုက်သည်ဟု အရိုးစိုက်၍ နေသော ဒိဋ္ဌိကြောင်ကြောင် မြင်မှုကြီး တောင်ကြီးကဲ့သို့ ခုခံ၍ နေမှုကို မဖျောက်နိုင်ကြသည့်အတွက် အလွန်ပင် နက်နဲ၍နေလျက် ရှိသတည်း။

**ဓာတ်ကြီး ၆–ပါး** မိမိတို့ ကိုယ်ခန္ဓာတစ်ခုလုံး၌ ပထဝီ၊ အာပေါတေဇော၊ ဝါယောအာကာသဝိညာဏဟူသော ဓာတ်ကြီး ၆–ပါးတို့ကို ဉာဏ်အမြင် လင်းကြလှမှ ထိုဒိဋ္ဌိအမြင်ကြီးကို ဖျောက်နိုင်ကြကုန်၏။ ပြုပြင်မှု အာဂန္တုအတွက်နှင့် ဖုံးလွှမ်းချက်ကြီးတွေကိုလည်း မြင်တတ်ကြစေရမည်။

## အနတ္တအနက် ၂–မျိုး

ရှေးဆိုခဲ့ပြီးသော အရာ၌–

၁။ အနိစ္စလက္ခဏာနှင့် ဖက်တွဲ၍ ပြခဲ့သော အနတ္တကား အသာရကဋ္ဌေန အနတ္တ ပေတည်း။

၂။ ဤအစိုးရမှုဟူသော အနတ္တကား အသာမိကဋ္ဌေန အနတ္တ, အဝသဝတ္တနဋ္ဌေန အနတ္တတည်း။

ထိုနှစ်ပါးတို့တွင်–

၁။ အနိစ္စလက္ခဏာကို ပိုင်နိုင်စွာ မြင်ခဲ့လျှင် အသာရကဋ္ဌေန အနတ္တအမြင်ကိစ္စ ပြီးစီးတော့သည်၊ အသာရကဋ္ဌေန အနတ္တအမြင် ကိစ္စပြီးစီးလျှင်လည်း အနတ္တဘာဝနာ ကိစ္စ ပြီးစီးနိုင်တော့သည်။

၂။ ဤအစိုးမရမှု၊ အလိုသို့ မလိုက်မှုဟူသော နောက်အနတ္တကိုမူကား ပညာရှိတစ်ဆူပြုလုပ်သူတို့ အကြံဉာဏ်ကွန့်မြူးကြရန် ထင်ရှားရာ အချက်စုကို ဖော်ပြလိုက်သည်။

အနတ္တလက္ခဏာ ဒုတိယခန်း ပြီး၏။

ဤတွင်ရွေ့ကား လက္ခဏာရေး ၃–ပါး ပြဆိုခန်း ပြီး၏။

# ဘာဝနာ ၄၀– အဓိပ္ပါယ် အကျယ်

## အနိစ္စလက္ခဏာ ၁၀ ပါး

ယခုအခါ ဘာဝနာ ၄၀–တို့၏ အကျယ် အဓိပ္ပါယ်ကို ဆိုပေအံ့။

ဣမေ ပဉ္စက္ခန္ဓာ အနိစ္စာ၊ အဓုဝါ၊ အသာရာ၊ စလာ၊ ပလောကဓမ္မာ၊ ဝိပရိဏာမဓမ္မော၊ မရဏဓမ္မာ၊ ဝိဘဝဓမ္မာ၊ သင်္ခတာ၊ ပဘင်္ဂုနော။

အနိစ္စလက္ခဏာ ၁၀ ပါး။

**ဦးခေါင်း၌ဖြစ်သော ရူပက္ခန္ဓာ၏ ဖြစ်ပျက်ရှုပုံ**

ဤ အနိစ္စလက္ခဏာ ၁၀–ပါးတို့ကို ကိုယ်ခန္ဓာတို့၌ ဦးခေါင်း အင်္ဂါတွင် ခက်မာမှုကို အစပြု၍ ရှုရာ၏။ ဣရိယာပုတ် လေးပါးတို့တွင် သွားခြင်း ဣရိယာပုတ်၌ လှုပ်ရှားမှု ထင်ရှား၏။

ထို့ကြောင့် သွား၍ နေကြဆဲအခါ၌ ခြေတစ်လှမ်းနှင့်တစ်လှမ်း အကူးအပြောင်းတွင် ဦးခေါင်း အင်္ဂါတို့၌ ရှိနေသော ခက်မာမှုတွေကို ဉာဏ်နှင့် သန့်ခြား၍ အရေ၌ရှိသော ခက်မာမှု၊ အသားတို့၌ရှိသော ခက်မာမှု၊ အရိုးတို့၌ရှိသော ခက်မာမှု၊ ဦးနှောက်တို့၌ရှိသော ခက်မာမှုတို့၏ တစ်လှမ်းတစ်လှမ်းတွင် တစ်ခါတစ်ခါ အခြေအနေပျက်ပုံကို ဉာဏ်စိုက်၍ ကြည့်ရှုရာ၏။

ဦးနှောက်ခန့်ရှိသော ရေမြုပ်ခဲတွေကို ယမ်းတောင့်သွတ်၍ ခွဲသကဲ့သို့ ထောင်းခနဲ ထောင်းခနဲ ပျက်သည်ကို မြင်ရလတ္တံ့။

ခက်မာမှု ပျက်သည်ကို မြင်လျှင် ထိုထိုခက်မာမှုတို့၌ မှီတွယ်ကြကုန်သော ဖွဲ့စေးမှု၊ ပူမှု၊ နွေးမှု၊ လှုပ်ကြွမှုတို့၏ သူ့ခက်မာမှုနှင့်သူ အတူဖြစ်၊ အတူပျက်တို့ကိုလည်း မြင်ရလတ္တံ့။

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့ကိုလည်း တစ်ခုတစ်ခုစီ သန့်ခြား၍ ရုံခါရုံခါ ကြည့် ရှုရာ၏။

မျက်လုံးအင်္ဂါ၊ နားအင်္ဂါ၊ နှာခေါင်းအင်္ဂါ၊ လျှာအင်္ဂါတို့ကိုလည်း ယမ်းတောင့် သွတ်၍ ခွဲသကဲ့သို့ ရုတ်ခနဲ ရုတ်ခနဲ ပျက်ဆုံးမည်တို့ကို အထူးကွက်ခြား၍ ကြည့် ရှုကြလေ။

ခက်မာမှု၌ ဉာဏ်အမြင် ရှင်းလင်းမှ ကြွင်းသောရုပ်တို့ကို ရှုရမည်၊ ဉာဏ် အမြင် မရှင်းခဲ့လျှင် တစ်လ နှစ်လ စသည်တိုင်အောင်ပင် ခက်မာမှု တစ်ခုကို စွဲမြဲ၍ ရှုရမည်။

ဦးခေါင်း၌ ရူပက္ခန္ဓာကို ဉာဏ်အမြင်ပေါက်သောအခါ ဦးခေါင်း၌ ဖြစ်ကြကုန်သော နာမက္ခန္ဓာတို့ကို ရှုရာ၏။

**ဦးခေါင်း၌ဖြစ်သော နာမက္ခန္ဓာ ၄–ပါး**

ဦးခေါင်း၌ဖြစ်သော နာမက္ခန္ဓာဆိုသည်ကား– စက္ခုဋ္ဌ ဖြစ်ပေါ်တတ်သော နာမက္ခန္ဓာ ၄–ပါး၊ သောတဋ္ဌဖြစ်ပေါ်တတ်သော နာမက္ခန္ဓာ ၄–ပါး၊ ဃာနဋ္ဌ ဖြစ်ပေါ်တတ်သော နာမက္ခန္ဓာ ၄–ပါး၊ ဇိဝှါဋ္ဌ ဖြစ်ပေါ်တတ်သော နာမက္ခန္ဓာ ၄–ပါး၊ အတွင်းအပဖြစ်သော ဦးခေါင်းတစ်ခုလုံး၌ ဖြစ်ပေါ်တတ်သော နာမက္ခန္ဓာ ၄–ပါး၊ ဤ ၄–ပါး ၅–လီတို့ကို ဦးခေါင်းတစ်လုံး၌ ဖြစ်ပေါ်ကြသော နာမက္ခန္ဓာ ၄–ပါးဆိုသည်၊ လောကဋ္ဌကား –

၁။ စက္ခုဋ္ဌ ဖြစ်ပေါ်သော နာမက္ခန္ဓာ ၄–ပါးတို့ကို နာမက္ခန္ဓာဟူ၍ မသိကြ မခေါ်ကြကုန်၊ မြင်မှုဟူ၍ သိကြ ခေါ်ကြကုန်သည်။

၂။ ထို့အတူ နားနှစ်ဖက်အတွင်း၌ ဖြစ်ပေါ်သော နာမက္ခန္ဓာ ၄–ပါးတို့ကို လောကဋ္ဌ ကြားမှုဟူ၍ သိကြသည်။

၃။ နှာခေါင်းတွင်း၌ဖြစ်သော နာမက္ခန္ဓာ ၄–ပါးတို့ကို လောကဋ္ဌ နံမှုဟူ၍ သိကြခေါ်ကြသည်။

၄။ လျှာအပြင်၌ဖြစ်သော နာမက္ခန္ဓာ ၄–ပါးတို့ကို လောကဋ္ဌ လျက်မှုဟူ၍ သိကြခေါ်ကြသည်။

ထို့အပြင် ဦးခေါင်းတစ်ခုလုံး၌ဖြစ်သော နာမက္ခန္ဓာ ၄–ပါးတို့ကို လောကဋ္ဌ ဦးခေါင်းနာသည်၊ ဦးခေါင်းကိုက်သည်၊ ဦးခေါင်းခဲသည်၊ ယားသည်၊ ယံသည်၊ ကျိန်းသည်၊ စပ်သည်၊ ပူသည်၊ အေးသည် အစရှိသည်ဖြင့်လည်းကောင်း မျက်စိနာသည်၊ မျက်စိကျိန်းသည်၊ မျက်စိစပ်သည်၊ အောင့်သည်, နင့်သည်, စူးသည်, မျက်စိဖန်သည်, ယားသည်၊ ယံသည် အစရှိသည်ဖြင့်လည်းကောင်း၊ နားနာသည်၊ နားကိုက်သည်၊ နားယားသည်၊ နှာခေါင်းယားသည်၊ နှာခေါင်းစပ်သည်၊ လျှာနာသည်၊ လျှာယားသည် အစရှိသည်ဖြင့်လည်းကောင်း၊ သွားနာသည်၊ သွားကိုက်သည် အစရှိသည်ဖြင့်လည်းကောင်း သိကြခေါ်ကြသည်။

**နာမက္ခန္ဓာ ဖြစ်သည်ကို သိနည်း**

နာမှု ကျင်မှုသည် မထင်ရှားမူ၍ အတွင်းအပဖြစ်သော ဦးခေါင်းတစ်ခုလုံးတွင် ထိုထိုနေရာ၌ ထိမှန်းသိသည်၊ တို့မှန်းသိသည်၊ လှုပ်မှန်းသိသည်ဟု ဖြစ်ခဲ့လျှင် ထိုနေရာတို့၌ နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်ပြီဟူ၍မှတ်၊ နာမက္ခန္ဓာ ၄–ပါး မဖြစ်ပေါ်ခဲ့လျှင် ဘယ်နေရာက ဘာဖြစ်သည် ဟူ၍ မသိ။

အရေပေါ်၌ဖြစ်သော နာမက္ခန္ဓာ ၄-ပါး။

အရေတွင်း၌ဖြစ်သော နာမက္ခန္ဓာ ၄-ပါး။

အသားပေါ် အသားတွင်း အရိုးပေါ် အရိုးတွင်း ဦးနှောက်ပေါ် ဦးနှောက်တွင်း တို့၌ ဖြစ်ပေါ်သော နာမက္ခန္ဓာ ၄-ပါး။

၎င်းတို့ကို နာသည်၊ ကျင်သည်၊ ယားသည်၊ ယံသည် အစရှိသည်ဖြင့် လောက၌ သိကြခေါ်ကြသည်။ လောက၌ သိကြခေါ်ကြသည့်အတိုင်း အမြင်၊ အကြား၊ အနံ၊ အလျက်၊ အနာ၊ အကျင်စသည်တို့ကို ရုပ်ခန္ဓာတို့မှ အသီးအခြား ကွက်ခြား၍ ရှုကြလေကုန်၊ ခန္ဓာ ၅-ပါးတို့၏ ဥပါဒ်စွန်း၊ ဘင်စွန်း အာကာသပရိစ္ဆေဒ အပိုင်းအခြားတို့နှင့်တကွ ကြည့်ပုံ ရှုပုံ ထင်ပုံ မြင်ပုံ အလုံးစုံတို့ကို ဥပမာ အမျိုးမျိုးတို့နှင့်တကွ ရှေး၌ အသေအချာ အကျယ် ဝိတ္ထာရ ဖော်ပြခဲ့ပြီ၊ ရှေး၌ ဖော်ပြခဲ့ပြီးသော အချက်တို့ကို ဤအရာ၌ အကုန်ပေါ်စေရမည်။

ကြည့်စ ရှုစ၌ သွား၍နေသော ဣရိယာပုတ်ကို စိတ်ကူးလိုက်လျှင် ဦးခေါင်း၌ ဖြစ်သော ခန္ဓာ ၅-ပါးတို့၏ ခြေတစ်လှမ်းတစ်လှမ်းတွင် တစ်ကြိမ် တစ်ကြိမ် အကုန်အကုန် ချုပ်ကွယ်မှု၊ အသစ်အသစ် ဖြစ်ပေါ်မှုတို့ကို မျက်စိဖြင့် မြင်သကဲ့သို့ တရှုရှု တမှုမှု ဒိဋ္ဌထင်မြင်အောင် အားထုတ်ကြလေ။

**ရုပ်တွေ သဲကမ်းပြိုမှု ပျက်ပုံ**

တစ်လှမ်း တစ်လှမ်းတွင် မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ သိမှုတို့နှင့်တကွ ဦးခေါင်းတစ်လုံးတစ်လုံး ပျက်ဆုံး ကွယ်ပျောက်မှုကို မြင်သည့်နောက် ခြေတစ်လှမ်း တစ်လှမ်း အတွင်း၌ ဦးခေါင်းတစ်ခုလုံးနှင့် နှစ်ကြိမ်ပျက်ဆုံးမှု၊ သုံးကြိမ်ပျက်ဆုံးမှု၊ လေးကြိမ်ပျက်ဆုံးမှု၊ ငါးကြိမ်ပျက်ဆုံးမှု၊ ခဏ မစဲတသဲသဲလျှင် သဲကမ်းပြိုသကဲ့သို့ ပျက်ဆုံးမှုတို့ကိုလည်း တစ်စတစ်စ ထင်မြင်နိုင်ကြကုန်လတ္တံ့။

သဏ္ဌာနနိမိတ်၊ သန္တတိနိမိတ် အရိပ်အရောင်ကြီးနှစ်ပါးတို့ ဉာဏ်၌ ကွယ်ပျောက်ကုန်သဖြင့် ဦးခေါင်းဟူ၍ အဟုတ်မရှိမှု၊ အရေဟူ၍ အဟုတ်မရှိမှု၊ အသားဟူ၍၊ အကြောဟူ၍၊ အရိုးဟူ၍၊ ဦးနှောက်ဟူ၍၊ အဟုတ်မရှိမှု၊ ဆံပင်မွေးညင်းဟူ၍ အဟုတ်မရှိမှုကို ဉာဏ်၌ ပစ္စက္ခဒိဋ္ဌ မြင်ရသည်တိုင်အောင် အားထုတ်ရမည်။

**ရိတ္တ တုစ္ဆ သုည**

ဉာဏ်၌ ထိုအလုံးစုံ ကွယ်ပျောက်ခဲ့လျှင် နိစ္စနိမိတ်မျိုး အတ္တနိမိတ်မျိုးအကုန်ကွယ်ပျောက်၍ သက်သက်သော ရုပ်အစု ရုပ်အခဲ၊ နာမ်အစု၊ နာမ်

အပေါင်းမျှသာ အမှန်ရှိသည်ဟု ပစ္စက္ခဒိဋ္ဌမြင်ရလိမ့်မည်၊ ဉာဏ်၌ နိစ္စနိမိတ် စသည်တို့ ကွယ်ပျောက်၍ ရုပ်အစု နာမ်အစု သက်သက်မျှဖြစ်သည်ကို ရိတ္တဟူ၍၊ တုစ္ဆဟူ၍၊ သုညဟူ၍ ဆိုသတည်း။

**အနိစ္စ ဝိပဿနာ**

ဉာဏ်၌ နိစ္စနိမိတ် ကွယ်ပျောက်ခဲ့လျှင် အနိစ္စ ဝိပဿနာ အလုပ်ထမြောက်ပြီ၊ နိစ္စနိမိတ် ကွယ်ပျောက်ခဲ့လျှင်လည်း အတ္တသာရနိမိတ် ကွယ်ပျောက်တော့သည်၊ အတ္တသာရ နိမိတ် ကွယ်ပျောက်ခဲ့လျှင် အနတ္တဝိပဿနာ အလုပ်ထမြောက်ပြီ။

သုခနိမိတ်သည်မူကား အရဟတ္တမဂ်သို့ ရောက်မှ အကုန်ပျောက်ကွယ်သည်၊ သုခနိမိတ် ကျန်ရှိသည့်အတွက်ကြောင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့၌ တဏှာ၊ မာနစသော ကိလေသာ ကျန်ကြွင်းလျက် ရှိလေသည်။

**မိုရာ ရုပ်ပျက်တိုင်း နာမ်ပျက်ခြင်းကို ဥပမာဖြင့် ပြခြင်း**

ရုပ်တို့၏ ပျက်မှုကို မြင်ခဲ့လျှင် ထိုထို ရုပ်တို့၌ အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်သော နာမက္ခန္ဓာ ၄-ပါးတို့၏ သူ့ရုပ်နှင့် သူ့နာမက္ခန္ဓာ ပျက်ဆုံး၍ ပါလေသည်ကိုလည်း မြင်နိုင်သည်ဟူ၍ ကျမ်းဂန်တို့၌ ဆိုပေ၏။ မြင်ပုံကား - ရေအပြင်ကိုမှီ၍ ရေ၌ ပေါ်ကုန်သော နေဝန်းသဏ္ဍာန်၊ လဝန်းသဏ္ဍာန်၊ မျက်နှာသဏ္ဍာန် အစရှိကုန်သော အရိပ်တို့သည် မှီရာဖြစ်သော ရေ အခြေအနေ ပျက်အောင် လှုပ်ရှားခဲ့လျှင် ပျက်ဆုံး ကွယ်ပျောက်ကြကုန်သကဲ့သို့။

ထို့အတူ ခြေတစ်လှမ်း တစ်လှမ်းအတွင်း၌ မြေကိုမြင်မှု၊ ရေကိုမြင်မှု၊ သစ်ပင် ချုံမြက်တို့ကို မြင်မှု၊ အစရှိကုန်သော နာမက္ခန္ဓာ ၄-ပါးတို့သည် မှီရာဖြစ်သော မျက်လုံးခေါ်သော ရုပ်စုရုပ်ခဲ အခြေအနေ ပျက်တိုင်းပျက်တိုင်း ချုပ်ပျက်ကြလေကုန်၏။ ခြေတစ်လှမ်း တစ်လှမ်းအတွင်း၌ ထိုထိုအသံကို ကြားမှုဟု ဆိုအပ်ကုန်သော နာမက္ခန္ဓာ ၄-ပါးတို့သည် မှီရာဖြစ်သော နားခေါ်သော ရုပ်စုရုပ်ခဲအခြေအနေ ပျက်တိုင်းပျက်တိုင်း ချုပ်ပျက်ကြကုန်၏။

ခြေတစ်လှမ်း တစ်လှမ်းအတွင်း၌ ထိုထို အနံ့ကိုနံမှု၊ လျှာပေါ်၌ ထိုထိုအရသာကို ခံစားမှုဟု ဆိုအပ်ကုန်သော နာမက္ခန္ဓာ ၄ ပါးတို့သည် မှီရာဖြစ်သော နှာခေါင်းခေါ်သော၊ လျှာခေါ်သော ရုပ်စုရုပ်ခဲ အခြေအနေ ပျက်တိုင်း ပျက်တိုင်း ချုပ်ပျက်ကြကုန်၏။

ခြေတစ်လှမ်း တစ်လှမ်းအတွင်းမှာ ထိုထိုဦးခေါင်း အတွင်းအပ၌ အရေပူသည်၊ အရေအေးသည်၊ ဘယ်နေရာ ဘယ်ဌာန၌ လေခတ်သည်၊ ဘယ်နေရာ ဘယ်ဌာန၌ နာသည်၊ ကျင်သည်၊ လှုပ်ရှားမှန်းသိသည်၊ ထိမှန်းသိသည်ဟု ဆိုအပ်ကုန်သော နာမက္ခန္ဓာ ၄-ပါးတို့သည် မှီရာဖြစ်သော အရေစသည်ခေါ်သော ခက်မာမှု အစရှိသော ရုပ်စု ရုပ်ခဲ အခြေအနေ ပျက်တိုင်း ပျက်တိုင်း ချုပ်ပျက်ကြကုန်၏။

သူ့မှီရာ ရုပ်စု ရုပ်ခဲ သူ့နာမက္ခန္ဓာ အသီးအသီး မြင်ကြစေ။

## အနိစ္စဘာဝနာ ၁၀ ပါး

ပြဆိုခဲ့ပြီးသော အတိုင်း အလုံးစုံကို ထင်မြင်ကြသောအခါ၌-

ဣမေ ပဥ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်-

၁။　အနိစ္စာ၊ မြဲခြင်းသဘော မရှိကုန်။

၂။　အဓုဝါ၊ ခိုင်မာခြင်းသဘော မရှိကုန်။

၃။　အသာရာ၊ အနှစ်သာရ မရှိကုန်။

၄။　စလာ၊ ရွေ့ရှားတတ်ကုန်၏။

၅။　ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်၏။

၆။　ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

၇။　မရဏဓမ္မာ၊ သေဆုံးခြင်းသဘော ရှိကုန်၏။

၈။　ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်းသဘော ရှိကုန်၏။

၉။　သင်္ခတာ၊ အဖန်ဖန် ပြုပြင်အပ်ကုန်၏။

၁၀။　ပဘင်္ဂုနော၊ ဖရိဖရဲ ပြိုကွဲခြင်းသဘော ရှိကုန်၏၊

ဟူသော အနိစ္စလက္ခဏာ ၁၀-ပါးတို့သည် တစ်လုံးတစ်စည်းတည်း ဉာဏ်အမြင်၌ ပါဝင်ကြလေကုန်၏။

**စလသဘော** ။ ။ "စလာ၊ လှုပ်ရှားခြင်းသဘောရှိကုန်၏" ဆိုသည်ကား - ယခုပင် သုခအဖို့၊ ယခုပင် ဒုက္ခအဖို့ ဖြစ်ခြင်းသဘောကို ဆိုသတည်း။

**ဝိဘဝသဘော** ။ ။ "ဂိဘဝါ၊ ဆုံးရှုံးခြင်းသဘော ရှိကုန်၏" ဆိုသည်ကား "သဗ္ဗသမ္ပတ္တိ၊ အလုံးစုံသော အပေါင့်အဟယ် အဖွယ်အရာ မင်္ဂလာကျက်သရေ ဟူသမျှသည်။ ဝိပ္ပတ္တိပရိယောသာနာ၊ ပျက်ပြန်းဆုံးရှုံးခြင်းလျှင် အဆုံးရှိ၏" ဟူသည်နှင့်အညီ ခန္ဓာ ၅-ပါးနှင့်စပ်သော အကောင်း

အမြတ်ဟူသမျှသည် အဆုံးအဆုံး၌ ပျက်ပြုန်းကုန်ဆုံးခြင်း အုပ်ချုပ်လျက်ရှိ၏ ဆိုလိုသည်၊ အကြွင်းစု သိသာပြီ။

**ခန္ဓာအစဉ်၌ အနိစ္စလက္ခဏာ ၁၀-ပါး အမြဲရှိခြင်း**

ဤအနိစ္စလက္ခဏာ ၁၀-ပါးတို့သည်ကား အနမတဂ္ဂသံသရာ၌ တစ်ယောက်တစ်ယောက်သော သတ္တဝါ၏ ခန္ဓာအစဉ်၌ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ ကင်းကွာကြသည်ဟူ၍ မရှိကုန်ပြီ၊

အဟုတ်ရှိမျိုး အမှန်ရှိမျိုး မဟုတ်သော ပုဂ္ဂိုလ်သတ္တဝါ၏ သေခြင်းကိုသာ သိမြင်ကြ၍ အဟုတ်ရှိမျိုး အမှန်ရှိမျိုးဖြစ်သော ဓာတ်တို့၏ ခဏမစဲသေခြင်း၊ ဓမ္မတို့၏ ခဏမစဲသေခြင်း၊ ခက်မာမှု၊ ဖွဲ့စေးမှု စသော ရုပ်ခန္ဓာတို့၏ ခဏမစဲသေခြင်း၊ မြင်မှု၊ ကြားမှု အစရှိသော နာမက္ခန္ဓာတို့၏ ခဏမစဲ သေခြင်းတို့ကို မမြင်ကြကုန်သော သတ္တဝါအပေါင်းတို့သည်ကား ထိုအနိစ္စလက္ခဏာ ၁၀-ပါးတို့ကို ဘဝအဆုံး အဆုံးမှာမှ တစ်ဘဝလျှင် တစ်ခါသာ တွေ့ကြုံကြရကုန်သည်ဟူ၍ မှတ်ထင်မြင်မှား၍ နေကြကုန်၏။

**အနိစ္စာနုပဿနာဉာဏ်**

ဘဝအဆုံး အဆုံးမှာမှ တစ်ဘဝလျှင် တစ်ခါသာ တွေ့ကြုံကြရကုန်သည်ဟု မှတ်ထင်၍ နေကြကုန်သော ဤအနိစ္စလက္ခဏာ ၁၀-ပါးတို့သည်မူကား အနမတဂ္ဂ သံသရာ၌ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ ခန္ဓာအစဉ်၌ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ ကွက်လပ်မရှိဘဲ အမြဲကပ်တိုက်၍ နေကုန်၏ဟု ထင်မှု မြင်မှု အမြင်ဉာဏ်ပေါက်မှုကို အနိစ္စာနုပဿနာဉာဏ် ဆိုသည်။

ဘဝအဆုံး အဆုံးမှာမှ သတ္တဝါသေသည် မည်သူသေရာသည် မည်ဝါသေရာသည်ဟူ၍ သိမြင်မှုကို အနိစ္စ နုပဿနာဉာဏ်မဆိုရ။

အဘယ်ကြောင့်တည်းဆိုသော်-

ထိုသိမြင်မှုသည် ရုပ်တရား နာမ်တရားတို့ကို ထုတ်ဖော်၍ သိသော အသိမျိုးလည်း မဟုတ်၊ တရားမရှိသော အရိုင်းအစိုင်းဖြစ်ကုန်သော သူတို့လည်း ထိုသမ္မုတိမရဏကိုမူကား သိကြမြင်ကြလျက်ပင် ဖြစ်ကုန်သောကြောင့်တည်း။

ဤကား သွားခြင်း ဣရိယာပုတ်၌ ဦးခေါင်း၌ ခန္ဓာ ၅-ပါးတို့၏ အနိစ္စလက္ခဏာအနိစ္စဘာဝနာ ၁၀-ပါးကို အမြွက်မျှ ပြဆိုချက်တည်း။

# သွားဆဲအခါ၌ အနိစ္စလက္ခဏာ ၁၀–ပါးပွားပုံ

ဤနည်းအတိုင်း သွားဆဲအခါ၌–

၁။ လည်ပင်းအဖို့၌လည်းကောင်း၊

၂။ အဆုတ် အသည်း နှလုံး ကျောက်ကပ်နှင့်တကွသော ရင်အဖို့ ကျောအဖို့တို့၌လည်းကောင်း။

၃။ အူသိမ် အူမနှင့်တကွသော ဆီးဝမ်းအဖို့ တင်ပါးအဖို့တို့၌လည်းကောင်း။

၄။ ပေါင်နှစ်ဖက်အဖို့တို့၌လည်းကောင်း၊

၅။ ခြေသလုံးအဖို့တို့၌လည်းကောင်း၊

၆။ ခြေဖဝါးအဆုံးရှိသော ခြေဖမိုးတို့၌လည်းကောင်း၊

ခြေတစ်လှမ်း တစ်လှမ်းအတွင်း၌ အလုံးစုံသော ခက်မာမှု ဖွဲ့စည်းမှု အစရှိသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ဖြစ်မှု ပျက်မှုဟူသော အနိစ္စအချက်တို့ကို ဉာဏ်နိုင်နှ ပိုင်း၍ ပိုင်း၍ ကြည့်လေ။

တစ်ကိုယ်လုံး စပ်မိသောအခါ၌မူကား ခြေတစ်လှမ်း တစ်လှမ်းအတွင်း၌ တစ်ကိုယ်လုံး တစ်ကိုယ်လုံး အကုန် အကုန် ပျက်ဆုံးမှုကို ရှေး၌ မှန်အပြင်၌ထင်သော သူယောင်ကြီးကို စံပြု၍ ခက်မာမှု ဓာတ်သူယောင်ကြီး၊ ဖွဲ့စေးမှု ဓာတ်သူယောင်ကြီး၊ ပူနွေးမှု ဓာတ်သူယောင်ကြီး၊ လှုပ်ကြွမှု ဓာတ်သူယောင်ကြီး၊ အဆင်းဓာတ် သူယောင်ကြီး စသည်ပြု၍ ကြည့်ရှုလေ၊ ဉာဏ်နိုင်လျှင် အလိုရှိတိုင်း ကြဲဖန်၍ ကြည့်နိုင်တော့သည်။

ထိုထိုနေရာတို့၌ လှုပ်မှန်းသိမှု ထိမှန်းသိမှု နာမှု ကျင်မှု အစရှိသော ကာယ ဝိညာဏ် နာမ်ခန္ဓာတို့၏ မှီရာဖြစ်သော အရေရုပ်စု အသားရုပ်စု အကြောရုပ်စု အရိုး ရုပ်စုတို့နှင့်တကွ တစ်သုတ်တစ်သုတ် ချုပ်ပျက်၍ ပါမှုတို့ကိုလည်း ကြည့်ရှုလေ။

နှလုံးသွေးအတွင်း၌ဖြစ်သော ဘဝင်မနော၊ ဇောမနောတို့ကိုမူကား ရှေး၌ ပြဆိုခဲ့ပြီးသောအတိုင်း အသီးကွက်ခြား၍ အထူးအားထုတ်လေ။

ဦးခေါင်း၌ကဲ့သို့ တစ်ကိုယ်လုံး၌ ခန္ဓာ ၅–ပါးတို့၏ ဖြစ်မှု ပျက်မှုကို နိုင်နင်းစွာ ထင်မြင်၍ ထိုထိုသဏ္ဌာနနိမိတ်ကြီးငယ်၊ သန္တတိနိမိတ်ကြီးငယ်တို့ ကွယ်ပျောက်သဖြင့် နိစ္စနိမိတ်၊ အတ္တနိမိတ်တို့ ဉာဏ်၌ ကွယ်ပျောက်သောအခါ–

ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်–

၁။ အနိစ္စာ၊ မြဲခြင်းသဘော မရှိကုန်။

၂။ အဓုဝါ၊ ခိုင်မာခြင်းသဘော မရှိကုန်။

၃။ အသာရာ၊ အနှစ်သာရ မရှိကုန်။

၄။ စလာ၊ ရွေ့ရှားတတ်ကုန်၏။

၅။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်၏။

၆။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

၇။ မရဏဓမ္မာ၊ သေဆုံးခြင်းသဘော ရှိကုန်၏။

၈။ ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်းသဘော ရှိကုန်၏။

၉။ သင်္ခတာ၊ အဖန်ဖန် ပြုပြင်အပ်ကုန်၏။

၁၀။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘော ရှိကုန်၏။

ဟူသော အနိစ္စလက္ခဏာ ၁၀–ပါးတို့သည် တစ်လုံးတစ်စည်းတည်း ဉာဏ်အမြင်၌ ပါဝင်ကြလေကုန်၏။ ရှေး၌ ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ တမ်းရမ်းမိရုံသာ ပြဆိုတော့သည်။

သွားခြင်းဣရိယာပုတ် ပြီး၏။

---

**ရပ်စဉ် စသည်၌ ခန္ဓာ ၅–ပါး ဖြစ်ပျက်ရှုပုံ**

ရပ်ခြင်းဣရိယာပုတ်၊ ထိုင်ခြင်းဣရိယာပုတ်၊ လျောင်းခြင်း ဣရိယာပုတ်တို့၌လည်း အသီးအသီး ခန္ဓာ ၅–ပါးတို့၏ ဖြစ်ပုံ ပျက်ပုံတို့ကို ဣရိယာပထ သန္တာပတေဇောမီး၏ အမြဲထမှု လောင်မှုတို့ကို သူယောင်ရုပ်ကြီး ဥပမာနှင့်တကွ အမြဲထူထောင်၍ ကြည့်ရှုလေ။

## အနိစ္စဝိပဿနာ

**အနိစ္စ ဝိပဿနာ**

အနိစ္စဝိပဿနာ မည်သည် ပုဂ္ဂိုလ်သတ္တဝါအင်္ဂါကြီးငယ်၊ ထိုထိုကောဋ္ဌာသဟူသော နိစ္စနိမိတ်ကြီးငယ်၊ အတ္တသာရ နိမိတ်ကြီးငယ်တို့ ကွယ်ပျောက်ကုန်၍ ခန္ဓာ ၅–ပါးတည်းဟူသော ရိတ္တဓမ္မခဲ၊ တုစ္ဆဓမ္မခဲ၊ သုညဓမ္မခဲတွေတို့သာ ဉာဏ်၌ ကျန်ရှိကုန်၍ ခဏမစဲဖြစ်မှု ပျက်မှုကို အကုန် အလင်း ပေါ်အောင်အားထုတ်ရသော အမှုဖြစ်သည်။

ဣရိယာပုတ်လေးပါး အကုန်စပ်မိသောအခါ၌ အနိစ္စဝိပဿနာ အလုပ်ထူထောင်မှု ထမြောက်လေ၏။ သတ္တဝါတစ်ခု ခန္ဓာကိုယ်တစ်ခု၌ ပေါက်ရောက်ထမြောက်လျှင် အနမတဂ္ဂ သံသရာ၌ ရှိသမျှသော သတ္တဝါခန္ဓာတို့၌ ထမြောက်လေတော့သည်။

**သက်မဲ့ဝတ္ထု၌ အနိစ္စလက္ခဏာ ၁၀-ပါး**

အသက်မဲ့ဖြစ်သော အလုံးစုံသော ရုပ်စု ရုပ်ခဲတို့၌လည်း ခက်မာမှု ဖွဲ့စေးမှု စသည်တို့ကို ခွဲခြား၍ သဏ္ဍာနနိမိတ် သန္တတိနိမိတ်တို့ကို ကွယ်ပျောက်စေ၍ ရုပ်စု၊ ရုပ်ခဲ အနိစ္စစု အနိစ္စခဲ၊ ရိတ္တဓမ္မခဲ၊ တုစ္ဆဓမ္မစု တုစ္ဆဓမ္မခဲ၊ သုညဓမ္မစု သုညဓမ္မခဲတို့မှ တစ်ပါးဉာဏ်၌ ဘယ်သင်း ဘယ်ဟာ တစ်ခုမျှ ရှာကြံ၍ မရသည်တိုင်အောင် ကြည့်ရှုအားထုတ်ရာ၏။

ဤအသက်မဲ့ ဝတ္ထုတို့၌လည်း အနိစ္စလက္ခဏာ ၁၀-ပါး အသီးအသီး ရှိကြကုန်သည်သာတည်း၊ မြင်းမိုရ်တောင်ကြီး မဟာပထဝီမြေကြီးပင် ဖြစ်သော်လည်း ဤအနိစ္စလက္ခဏာ ၁၀ ပါးတို့နှင့် ခဏမစဲ အမြဲပြည့်စုံ၍ နေကြကုန်သည်သာတည်း။

ဤအသက်မဲ့ ဝတ္ထုတို့၌ အနိစ္စလက္ခဏာတို့ကို ရှုမှုသည်ကား ထိုဝတ္ထုတို့၏ ဒုက္ခသစ္စာအဖြစ်ကို ထင်ရှားထုတ်ဖော်ရန် အကျိုးငှာသာတည်း၊ ထို့ကြောင့် လူတို့ သာယာတွယ်တာကြသော လူ့အသုံးအဆောင်မျိုး၊ နတ်အသုံးအဆောင်မျိုးတို့၌သာ လိုရင်းတည်း၊ ထိုဝတ္ထုတို့၌ကား ဒုက္ခလက္ခဏာ ထင်မြင်မှုသည်သာ လိုရင်းပဓာနတည်း၊ အနိစ္စဝိပဿနာအလုပ် ထူထောင်မိသည်ရှိသော် ဒုက္ခဝိပဿနာအလုပ် အနတ္တဝိပဿနာအလုပ်တို့လည်း ထူထောင်မိကုန်တော့သည်။

**အနတ္တ** ထို့ကြောင့် မြတ်စွာဘုရားသည်-

၁။ စက္ခုံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မာပညာ ယ ဒဋ္ဌဗ္ဗံ။

၂။ သောတံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ။

၃။ ဃာနံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယ ဒုက္ခံ တဒနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ။

၄။ ဇိဝှါ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ။

၅။ ကာယော ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ။

၆။ မနော ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ နေတံ မမ နေသောဟ မသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ[၁]။

ဟူ၍ ဟောတော်မူသည်၊ စက္ခုသည် အနိစ္စသာ ဖြစ်၏။ အနိစ္စမှန်လျှင် ဒုက္ခသာ ဖြစ်၏။ အနိစ္စ ဒုက္ခမှန်လျှင် အနတ္တသာ ဖြစ်၏ ဟူလိုသည်။

ဗုဒ္ဓရာဟု လောဝါဒသုတ်[၂] စသည်တို့၌လည်း–
စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ တိ။
အနိစ္စံ ဘန္တေ။
ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ။
ဒုက္ခံ ဘန္တေ။
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ။
နော ဟေတံ ဘန္တေ။

အစရှိသည်ဖြင့် ဟောတော်မူသည်။ ယခင် ဒေသနာတော်နှင့် အကျဉ်းအကျယ်မျှသာ ထူးကြသည်။

## လူမိုက်လည်းသမားနှင့် ပညာရှိလည်းသမားတို့ မေးဖြေပုံ

**၄က်ပျောတုံးပမာ ရုပ်နာမ်ခန္ဓာ**

ဥပမာကား – အလွန်ရှည်လှသော ကန္တာရ ခရီးခဲသို့ သွားကြကုန်သော လှည်းသမားတို့တွင် တစ်ယောက်သောသူက တစ်ယောက်သောသူကို ဆိုရာ၏။

---

၁။ ခန္ဓဝဂ္ဂသံယုတ်၊ ယဒနိစ္စသုတ်၊ နှာ – ၁၉၊ သဠာယတနဝဂ္ဂသံယုတ်၊ အဇ္ဈတ္တာတိတယဒနိစ္စသုတ်၊ နှာ –၃၆၃၊ (အနည်းငယ်မတူ)။

၂။ ဥပရိပဏ္ဏာသပါဠိတော်၊ နှာ – ၃၂၄။

မိမိတို့ လှည်းတို့၌ ငှက်ပျောတုံးကို လှည်းဝင်ရိုး လှည်းထမ်းပိုး ပြုရသော် သင့်လျော်မည်လောဟု မေးလေရာ၏။

မသင့်လျော်ဟု ဖြေပေရာ၏။
အဘယ့်ကြောင့် မသင့်လျော်သနည်းဟု မေးပြန်ရာ၏။
ဒုက္ခများစွာ ဖြစ်လိမ့်မည်ဟု ဖြေပေရာ၏။

ပြုပြင်မှု ဒုက္ခ မစဲရာပြီ၊ ခရီးခဲကို လွန်မြောက်တော့မည် မဟုတ်ပြီ၊ ခရီးခဲ၌ ဝေတ်မွတ်ခြင်း ဘေးကြီးမှုလည်းကောင်း၊ ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲ၊ ဘီလူးတို့ ဘေးမှုလည်းကောင်း၊ လွတ်နိုင်တော့မည် မဟုတ်ပြီ၊ မိမိတို့ အလိုရှိကြသော ဥစ္စာ စီးပွားစခန်းသို့ ရောက်နိုင်တော့မည် မဟုတ်ပြီ၊ ဤသို့ ဒုက္ခများစွာ ဖြစ်လိမ့်မည်ဟု ဖြေပေရာ၏။

အဘယ်ကြောင့် ဤသို့ ဒုက္ခများစွာ ဖြစ်ရသနည်းဟု မေးပြန်ရာ၏။

ငှက်ပျောတုံးမည်သည် အနှစ်ကို ဝေးစွ အကာအမာမျှရှိသော ဝတ္ထုမျိုးမဟုတ်၊ လှည်းဝင်ရိုး၊ လှည်းထမ်းပိုး ပြုလုပ်ခဲ့သော် လှည်းတစ်ချက် အလှုပ်အလှုပ်မခံ၊ ခဏ မစဲ ကျိုးပျက်သောကြောင့် ဒုက္ခများစွာ ဖြစ်ရာသည်ဟု ဖြေဆိုပေရာ၏။

ထိုအခါမှ ငှက်ပျောတုံးကို လှည်းဝင်ရိုး လှည်းထမ်းပိုး ပြုလုပ်ခဲ့သော် ထို လှည်းရှင်သည် ကန္တာရခရီးခဲ၌ ငှက်ပျောတုံး နှိပ်စက်ခွင့်တွေကို အကုန်သိမြင်လေ၍ ငှက်ပျောတုံးကို လှည်းအင်္ဂါ၌ အသုံးပြုရန် အာလယ ပြတ်ကင်းလေရာ၏။

## ဥပမာ ဥပမေယျ စပ်ဟပ်ပြချက်

သံသရာခရီးသည်ကြီးသည် ထိုကန္တာရခရီးခဲကြီးနှင့် တူ၏။

ပုထုဇဉ် သတ္တဝါသည် ငှက်ပျောတုံး ချောမွေ့သည်ကိုသာ မြင်သော လှည်း သမားလူနမ်းနှင့် တူ၏။

မြတ်စွာဘုရားသည် ငှက်ပျောတုံး မခိုင်မှု အနိစ္စကို လည်းကောင်း၊ လှည်း ရှင်အား ငှက်ပျောတုံး နှိပ်စက်ခွင့် ဒုက္ခတွေကိုလည်းကောင်း သိမြင်သော ပညာရှိ ယောကျ်ားနှင့်တူ၏။

ရုပ်ခန္ဓာ နာမ်ခန္ဓာစုသည် ငှက်ပျောတုံးနှင့် တူ၏။

လှည်းတစ်ချက် အလှုပ်အယှက်မျှ မခံ ခဏမစဲ ကျိုးပျက်သဖြင့် ပြုပြင်မှု ဒုက္ခကြီးမှစ၍ ထိုခရီးခဲ၌ ပြဆိုခဲ့ပြီးသော ဘေးတို့မှ လွတ်ခွင့်မရှိခြင်း၊ အလိုရှိရာ ဥစ္စာစီးပွားစခန်းသို့ မရောက်ရခြင်းဟူသော ငှက်ပျောတုံး၏ နှိပ်စက်မှုကဲ့သို့ အလှုပ်တစ်ချက်မျှ လှုလှုမခံ ခဏမစဲ ချုပ်ပျက်ခြင်း အနိစ္စသဘောကြောင့် အသက်မွေးမှု ဒုက္ခကြီး၊ အင်္ဂါသဲမျှမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့နှင့် တလွဲတည်းလွဲ၍ လာခဲ့ရခြင်းဟူသော ဤခန္ဓာတို့၏ နှိပ်စက်မှုကြီးတွေ အနန္တကို သိအပ်၏။

## ဥပမာဖြင့် ပြအပ်သော အဓိပ္ပါယ်

ဤဥပမာဖြင့် -

၁။ ထိုငှက်ပျောတုံးသည် လှည်းအင်္ဂါအမှု၌ အနိစ္စတုံး ဒုက္ခတုံးကြီးဖြစ်၍ ဝင်ရိုးထမ်းပိုးစသော လှည်း၏ အင်္ဂါပြုခြင်းငှာ သက်သက်မထိုက်သကဲ့သို့ သံသရာ ခရီးခဲကြီး၌ ခန္ဓာ ၅-ပါးတို့သည် အနိစ္စမျိုးသာ ဖြစ်ကုန်၏။

၂။ အနိစ္စမျိုး ဖြစ်သည့်အတွက်ကြောင့် ပြဆိုခဲ့ပြီးသော နှိပ်စက်မှုကြီးတွေ အနန္တတို့နှင့် အမြဲနှိပ်စက်တတ်ကုန်သည်ဖြစ်၍ ဒုက္ခမျိုးသာ ဖြစ်ကုန်၏။

၃။ ဤကဲ့သို့သော အနိစ္စတုံးကြီး၊ ဒုက္ခအနန္တတုံးကြီးတွေကို မိမိတို့၏ ကိုယ်ပြုလုပ်၍ မလွတ်နိုင်ဘဲ စွဲလမ်းခြင်းငှာ မထိုက်ကုန်၊ စွန့်ပစ်ခြင်းငှာသာ ထိုက်ကုန်သည်ဟူသော အနက်ကို ပြလိုရင်းတည်း။

## ခန္ဓာ ၅-ပါးကို အတ္တဟု စွဲလမ်းပုံ

တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်-

၁။ ငါ၏ စက္ခုတည်း။

၂။ ငါ၏ မြင်မှုတည်း။

၃။ စက္ခုသည်ပင်လျှင် ငါတည်း။

၄။ မြင်မှုသည်ပင်လျှင် ငါတည်း။

၅။ စက္ခုသည် ငါ၏ အတ္တတည်း၊ ငါ၏ ကိုယ်တည်း၊

ဟု အခိုင်အမြဲ စွဲလမ်း၍ နေကြမှုသည် မိမိတို့၏ ကိုယ်ပြုမှု၊ ကိုယ်အင်္ဂါပြုမှုမည်၏။ ထိုအစွဲအလမ်းကို ဉာဏ်ဖြင့် ပယ်ဖျက်မှုသည် စက္ခုစသည်ကို မိမိတို့၏ ကိုယ်အဖြစ် ကိုယ်အင်္ဂါအဖြစ်မှ စွန့်ပစ်ခြင်း မည်၏။

သူဌေးသူကြွယ်ဖြစ်ကြရန် မဟာသမုဒ္ဒရာကို ကူး၍ ဥစ္စာစီးပွားပြုလုပ်မည်ရှိကြရာ ငှက်ပျောတုံးတွေကို ဖောင်လုပ်ရသော် သင့်လျော်မည်လော၊ ငှက်ပျောတုံးတွေကို ဆက်၍ ရွက်တိုင်စသည် လုပ်ရသော် သင့်လျော်မည်လော အစရှိသည်ဖြင့်လည်း မေးခန်း ဖြေခန်း ထုတ်၍ ဥပမာပြဆိုရန် ပေါ်များလှ၏။

**ငှက်ပျောတုံးဖောင်နှင့်တူသော အတ္တသဘော**

လောက၌ ငှက်ပျောတုံးကို ဖောင်လုပ်မှုဆိုသည်ကား ငှက်ပျောတုံးကို ဖောင်အတ္တလုပ်မှုပင်တည်း၊ ငှက်ပျောတုံးကို ဖောင်၏ကိုယ် ဖောင်၏ အတ္တပြုလုပ်၍ ထိုငှက်ပျောတုံးဖြင့် မဟာသမုဒ္ဒရာသို့ ကူးခဲ့သော် ထိုဖောင်ရှင်တို့သည် ဒုက္ခကြီးစွာ ရောက်၍ ခဏချင်း နစ်မြုပ်ကြကုန်လတ္တံ့၊ အဘယ်ကြောင့်နည်းဆိုသော် လှိုင်းလေ တစ်ချက်မျှ အလှုပ်အယှက်မခံ ပျက်စီးလွယ်လှသော အနိစ္စ ဝတ္ထုမျိုးကို ဖောင်၏ အတ္တပြုလုပ်မိသောကြောင့်တည်း။

## ဥပမာ – ဥပမေယျ စပ်ဟပ်ပြချက်

ဤဥပမာ၌–

၁။ အနမတဂ္ဂ သံသရာကြီးသည် မဟာသမုဒ္ဒရာနှင့် တူ၏။

၂။ ကိလေသာတို့သည်လည်းကောင်း၊ ဇရာမရဏတို့သည်လည်းကောင်း၊ မဟာသမုဒ္ဒရာအပြင်၌ အမြဲဖြစ်နေသော လေကြမ်း လှိုင်းကြမ်းတို့နှင့် တူကုန်၏။

၃။ သတ္တဝါတို့သည် ဖောင်ရှင်တို့နှင့် တူကုန်၏။

၄။ အတ္တဘောတို့သည် ဖောင်နှင့် တူကုန်၏။

၅။ စက္ခု၊ သောတ အစရှိသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သည် ငှက်ပျောတုံးတို့နှင့် တူကုန်၏။

၆။ ထိုဖောင်ရှင်တို့သည် ခဏချင်း နစ်မြုပ်ကြကုန်သကဲ့သို့ အနမတဂ္ဂ သံသရာ၌ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့သည် အပါယ်လေးပါးသို့ အဖန်တလဲလဲကျ၍ နေကြရကုန်၏။

အဘယ်ကြောင့်နည်းဆိုသော် အနိုင်အမြဲမျိုးမဟုတ်သော စက္ခု သောတအစ ရှိသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို အတ္တပြုမှား၍ နေကြသောကြောင့်တည်း။

**အတ္တပြုမှု**

အတ္တပြုမှုဆိုသည်ကား – ရှိရှိ၍နေသော စက္ခုစသည်ကို ငါ့အတ္တဟု ငါ့ကိုယ်ဟု ငါမြင်သည် ငါကြားသည်၊ ငါကြံသည်ဟု သာယာခြင်းသည်လည်း အတ္တပြုမှု မည်၏။

နောက်နောက်ဘဝတို့၌ စက္ခု၏ ပြည့်စုံခြင်း၊ သောတ၏ ပြည့်စုံခြင်း၊ ဃာန၏ ပြည့်စုံခြင်း၊ ဇိဝှါ၏ ပြည့်စုံခြင်း၊ ကာယ၏ ပြည့်စုံခြင်း၊ မနော၏ပြည့်စုံခြင်းကို အမြဲ တောင့်တ၍ ရှေးရှေးဘဝတို့က ကုသိုလ်ဒါနတို့ကို ပြုခြင်းများသည် စက္ခုစသည်တို့ကို အမြဲ အတ္တပြုမှုမည်၏။

**အသင်္ခတ နိစ္စဓာတ်ကြီး** ယခုဘဝ၌ အနတ္တဉာဏ်အမြင် ပေါ်ပေါက်အောင် အားထုတ်၍ ထိုဉာဏ်အမြင် ပေါ်ပေါက်ခဲ့သည်ရှိသော် အတ္တပြုလုပ်မှု ကျွတ်လွတ်ကြကုန်၏။ ထိုကျွတ်လွတ်မှုဟူသော ဓာတ်ကြီးသည် အသင်္ခတဓာတ်ကြီးပေတည်း၊ အနမတဂ္ဂ သံသရာ၌ အစဉ် ခိုင်မြဲသော နိစ္စဓာတ်ကြီးပေတည်း။

ထို့ကြောင့် ငါတို့ ဘုရားသာသနာ၌ ကျွတ်ကြသူအပေါင်းတို့တွင် အညံ့ဆုံး အများဆုံး ဖြစ်ကြကုန်သော လူဘုံစဉ်စံ အနန္တ၊ ဗြဟ္မာဘုံစဉ်စံ အနန္တတို့သည် အနိစ္စမျိုးဖြစ်ကုန်သော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို အတ္တပြု၍ မှီတွယ်မှုမှ ကျွတ်လွတ်ကြကုန်၍ ထိုအသင်္ခတနိစ္စဓာတ်ကြီးကို အပြီးမှီတွယ်ကြကုန်သည်ဖြစ်၍ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ ကျင်လည်၍ သွားကြကုန်သော်လည်း အထက်သို့ ဆန်တက်သမားတို့သာတည်း။

သံသရာဝဋ္ဋဒုက္ခ၌ မြုပ်သမား၊ မျောသမား၊ မဟုတ်ကြကုန်ပြီ၊ နစ်သမား၊ မွန်းသမား မဟုတ်ကြပေကုန်ပြီ၊ ပုထုဇဉ်ဘုံသား၊ လောကီဘုံသား၊ သံသရာဘုံသားမျိုး မဟုတ်ကြပေကုန်ပြီ၊ အရိယာဘုံသား၊ လောကုတ္တရာဘုံသား၊ သဉပါဒိသေသ ပထမ နိဗ္ဗာန်ဘုံသားတို့ပေတည်း။

**ငှက်ပျောဖောင် ဥပမာ** ဥပမာကား -ငှက်ပျောဖောင်နှင့် မဟာသမုဒ္ဒရာကို ကူးကြကုန်သည်ရှိသော် လှိုင်းလေ တစ်ချက် အတန်ငယ် လှုပ်ခဲ့လျှင်ပင် ဖောင်ပျက်၍ ခဏချင်း မြုပ်ကြကုန်ပြန်ရာ၏။ တစ်ဖန် ငှက်ပျောဖောင်လုပ်၍ ကူးပြန်လျှင် တစ်ဖန် ခဏချင်း မြုပ်ကြကုန်ပြန်ရာ၏၊ အကြိမ်တစ်ရာလုပ်၍ ကူးလျှင် အကြိမ်တစ်ရာပင် ခဏချင်း မြုပ်ကြကုန်ပြန်ရာ၏။ အကြိမ်တစ်ထောင်လုပ်၍ ကူးလျှင် အကြိမ်တစ်ထောင်ပင် ခဏချင်းမြုပ်ကြကုန်ရာ၏။ အကြိမ်ပေါင်းအနန္တ ငှက်ပျောဖောင်လုပ်၍ ကူးလျှင် အကြိမ်ပေါင်း အနန္တခဏချင်း မြုပ်ကြကုန်ရာ၏။

မဟာသမုဒ္ဒရာ လေ၊ မဟာသမုဒ္ဒရာ လှိုင်းမည်သည် အလွန်လည်း ကြီးကျယ်၏၊ ဘယ်အခါမှ ပြတ်လပ်သည်ဟူ၍မရှိ၊ ထိုသူတို့မှာ မဟာသမုဒ္ဒရာထက် ကြီးကျယ်လှသော ဘောကြီးမည်သည် မရှိ၊ ကူးတိုင်း ကူးတိုင်း ခဏချင်းမြုပ် ခဏချင်း မျောချည်း ဖြစ်ကြကုန်ရာ၏။

အဘယ်ကြောင့်နည်းဆိုသော် – ငှက်ပျောဖောင်၏ ပျက်လွယ်မှုကြောင့်လည်းကောင်း၊ မိမိတို့ကလည်း ငှက်ပျောဖောင်မှတစ်ပါး မှီတွယ်ရန်မရှိ၊ ငှက်ပျောဖောင်ကိုသာ မှီတွယ်ရလျက် ရှိလေသောကြောင့်လည်းကောင်းတည်း။

လူ့ဘဝကို တစ်ကြိမ်ရပြန်ဘိ၊ အပါယ်ဘုံသို့ မြုပ်ပြန်ဘိ၊ နတ်ဘဝကို တစ်ကြိမ်ရပြန်ဘိ၊ အပါယ်ဘုံသို့ မြုပ်ပြန်ဘိ၊ ဗြဟ္မာ့ဘဝကို တစ်ကြိမ်ရပြန်ဘိ၊ အပါယ်ဘုံသို့ မြုပ်ပြန်ဘိ၊ တစ်ကြိမ် မြုပ်ပြန်လျှင်လည်း အပါယ်တစ်ခွင် တက်တက်စင်အောင် မျောချင်တိုင်း မျော၍ နေတော့သည်၊ ဘဝပေါင်း အသိန်းအသောင်းမက ကြာညောင်းလှမှ ပြန်ရတော့သည်၊ အနမတဂ္ဂသံသရာ တစ်လျှောက်ကြီး မျှော်ကြလေ။

**နိဗ္ဗာန်သင်္ဘောစီးသူ ဖြစ်ခြင်း**

သိကြားဖန်ဆင်းသော မဟာပစ္စရိသင်္ဘောကြီးဖြင့် မဟာသမုဒ္ဒရာကို ကူးကြကုန်သော သူတို့အားကား တစ်စုံတစ်ခုသော ဘေးအန္တရာယ်မရှိ၊ လောက၌ မဟာသမုဒ္ဒရာကြီးထက် အဆန်းတကြယ် အကြီးအကျယ် အံ့ဩဖွယ်ကောင်းသော အရာမရှိ၊ ထို့ကြောင့် ထိုသူတို့အား မဟာသမုဒ္ဒရာကြီးသည် အလွန်ပျော်မွေ့ဖွယ်ကြီးဖြစ်၏။ ကမ်းသို့ပင် မတက်ချင် ရှိကြကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် ဘယ်အန္တရာယ်မှ မလှုပ်ရှားနိုင်သော သိကြားမင်း ဖောင်ကြီးကို မှီတွယ်ကြရလေသောကြောင့်တည်း။

ပထဝီအစရှိသော ဓာတ်ကြီး ၆–ပါး[၁] တို့ကို ဉာဏ်အမြင် မပေါ်ကြကုန်မူ၍ စက္ခု၊ သောတစသည်တို့ကိုသာလျှင် အတ္တပြုလုပ် မှီတွယ်၍ နေကြရကုန်သော ပုထုဇဉ်သတ္တဝါတို့မှာ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည် အလွန်ကြီးကျယ်သော အန္တရာယ်ကြီးတို့သာတည်း၊ သည်ထက် ကြီးကျယ်သော အန္တရာယ်မရှိ၊ အဘယ်ကြောင့်နည်းဆိုသော် –

ထိုချမ်းသာတို့နှင့် တစ်ကြိမ်တစ်ခါ တွေ့ကြုံကြရကုန်သည်ရှိသော် မိမိတို့အတ္တဟု ပေါက်လွှတ်အလိုလိုက်၍ ထားကြကုန်သော ကိလေသာတည်း ဟူသော လေကြမ်း လှိုင်းကြမ်းတို့သည် အပြင်းအထန် ထကြွ၍ ထိုသူတို့ကို ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်တရိုးသို့ အတွင်သာ ထိုး၍ထိုး၍ ချကြလေကုန်သောကြောင့်တည်း။

---

၁။　ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ၊ ဝိညာဏဓာတ်။

ခာတ်ကြီး ၆–ပါးတို့ကို ဉာဏ်အမြင်ပေါက်ကြကုန်၍ အတ္တစွဲလမ်းမှု ကျွတ်လွတ်ကြကုန်သဖြင့် သဉပါဒိသေသ ပထမနိဗ္ဗာန်ကြီးကိုသာ မှီတွယ်ကြပေကုန်သော ဘုံစဉ်စံ သောတာပန် အနန္တတို့မှာမူကား အလုံးစုံသော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည် အလွန်ကြီးကျယ်သော မွေ့လျော်ဖွယ်ကြီးတို့သာ ဖြစ်၏။ တစ်စုံတစ်ခုသော ဝိပ္ပတ္တိကို မပြုကြလေကုန်။

အဘယ်ကြောင့်နည်းဆိုသော် – နိစ္စထာဝရဖြစ်၍ မပျက်မစီးနိုင်သော အသင်္ခတ ပထမနိဗ္ဗာန်ကြီးကို မှီတွယ်ကြလေကုန်သောကြောင့်တည်း။

**အသင်္ခတနိဗ္ဗာန်ကြီး**

အတ္တဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်းမှု၊ ဒုစရိုက်ခပ်သိမ်း ချုပ်ငြိမ်းမှု၊ အပါယ်ဘဝတို့မှ အပြီးချုပ်ငြိမ်းမှုကြီးကို ထိုဘုံစဉ်စံ အရိယာတို့၏ တည်နေရာ အသင်္ခတနိဗ္ဗာန်ကြီး ဆိုသတည်း။

**သဉပါဒိသေသ အဓိပ္ပါယ်**

သဉပါဒိသေသ ဆိုသည်ကား – ထိုသူတို့၌ ဘုံစဉ်စံဆိုသည်နှင့်အညီ ဘဝများစွာ ကမ္ဘာများစွာ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့ကို အစဉ်ခံစား စံစား၍ မွေ့မွေ့လျော်လျော် ပျော်ပျော်ပါးပါး အထက်နိဗ္ဗာန်ကြီးသို့ သွားကြရန် ကိလေသာကြွင်း ဘဝကြွင်း၊ ဓာတ်ကြွင်း၊ ဇရာကြွင်း မရဏကြွင်း ရှိသေးသောကြောင့် သဉပါဒိသေသ ဆိုပေသတည်း။

ပြဆိုလိုရင်းကား – မဟာသမုဒ္ဒရာကြီး တစ်ခုတည်းသည်ပင်လျှင် ငှက်ပျောဖောင်ရှင်တို့မှာ အလွန်ကြောက်မက်ဖွယ်သော ဘေးအန္တရာယ်ကြီးဖြစ်၏။

မဟာပစ္စရိ အမည်ရှိသော ရတနာသင်္ဘောကြီးရှင်တို့မှာ အလွန်ဘေးကင်း၍ မွေ့လျော်ပျော်ပါးဖွယ်ကောင်းလှသော ဣဋ္ဌသမ္ပတ္တိကြီး ဖြစ်၏။ ဤသို့ နှစ်ခွဖြစ်ရသည်ကို ထောက်၍–

**ငှက်ပျောဖောင်ရှင်**

ငှက်ပျောဖောင်ရှင်ကြီးတို့မှာလည်း – မဟာသမုဒ္ဒရာကြီးသည် ဘေးအန္တရာယ် အမှန်မဟုတ်၊ မိမိတို့ မှီတွယ်ရာ ရတနာသင်္ဘောဖောင်ကြီး၏ နိစ္စမှုသည်သာ ဣဋ္ဌသမ္ပတ္တိ အမှန် အစစ် ဖြစ်ပေသည်ဟု သိအပ်၏။ ထို့အတူ တေဘူမက ဓမ္မမျိုးဖြစ်ကုန်သော လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တို့သည်လည်း–

**အတ္တဒိဋ္ဌိရှိသူ**　　အတ္တဒိဋ္ဌိရှိသော သူတို့မှာ – မီးတဟုန်းဟုန်း လောင်၍နေသော နှောင်အိမ်ကြီးကဲ့သို့ အလွန်ကြောက်မက်ဖွယ်သော ဘေးအန္တရာယ်ကြီးဖြစ်၏။

**အတ္တဒိဋ္ဌိကင်းသူ**　　အတ္တဒိဋ္ဌိကင်းငြိမ်းပြီးသော သူတို့မှာ– သိကြားမင်း၏ ဝေဇယန္တာနန်း ပြာသာဒ်ကဲ့သို့ အလွန်မွေ့လျော်ဖွယ်သော သုခသမ္ပတ္တိကြီးဖြစ်၏။

**အတ္တဒိဋ္ဌိရှင်**　　အတ္တဒိဋ္ဌိရှင်တို့မှာလည်း – ချမ်းသာကြီး သုံးပါးသည် ဘေးအန္တရာယ် အစစ်မဟုတ်၊ မိမိတို့ မှီတွယ်ရာ ခန္ဓာတို့၏ အနိစ္စမှုသည်သာ ဘေးအန္တရာယ် အစစ်အမှန်ဖြစ်၏။

**နိဗ္ဗာန်ရှင်**　　နိဗ္ဗာန်ရှင်တို့မှာလည်း – ချမ်းသာကြီးသုံးပါးသည် သုခသမ္ပတ္တိ အမှန်မဟုတ်၊ မိမိတို့ တည်နေရာ နိဗ္ဗာန်ကြီး၏ နိစ္စမှုသည်သာ သုခသမ္ပတ္တိ အစစ်အမှန် ဖြစ်ပေ၏ဟု သိအပ်လေသတည်း။

**အနိစ္စမှ ဒုက္ခ အနတ္တ ဖြစ်ခြင်း**　　ဤသို့ သိရသဖြင့် အနမတဂ္ဂ သံသရာ၌ အဝိစိငရဲဘေးနှင့်တကွ ရှိသမျှသော ဒုက္ခဘေး၊ ဒုက္ခဒဏ်၊ ဒုက္ခရန်၊ ဒုက္ခအန္တရာယ်ဟူသမျှတို့သည်သာ အနိစ္စလက္ခဏာတို့မှချည်း ဖြစ်ပွားကုန်၏။ ပြဆိုလတ္တံ့သော ဒုက္ခလက္ခဏာ ၂၅ ပါးတို့သည်လည်း အနိစ္စလက္ခဏာ ၁၀–ပါးတို့မှချည်း ဖြစ်ပွားကုန်၏ဟု ထင်ရှားလေကုန်သတည်း။

ဤသည်ကား ဒုက္ခ၊ အနတ္တတို့သည် အနိစ္စမှ ဖြစ်ပွားကြကုန်သည်ဟု ဟောတော်မူသော ယခင်ပါဠိတော်ကြီးများ၏ အနက်အဓိပ္ပါယ်သည် အလွန်နက်နဲလှသည်ဖြစ်၍ ပညာရှိတို့ သိမြင်နိုင်ရန် အတန်ငယ်ချဲ့၍ ပြဆိုခန်းတည်း။

အနိစ္စလက္ခဏာ ၁၀–ပါးပြီး၏။

# အနတ္တလက္ခဏာ ၅-ပါးကို ပြဆိုခန်း

## အနတ္တပုဒ်၏ အဓိပ္ပါယ်

အနတ္တာ၊ ပရေ၊ ရိတ္တာ၊ တုစ္ဆာ၊ သုညာ ဟူသော အနတ္တလက္ခဏာ ၅-ပါး တို့သည်ကား ပြဆိုခဲ့ပြီးသော အနိစ္စလက္ခဏာတို့၏ အတွင်း၌ ထင်လင်းစွာ ပါဝင်လေပြီးဖြစ်၍လည်းကောင်း၊ အနတ္တသဘောကို ပြဆိုခန်း၌ ထင်ရှားခဲ့လေပြီဖြစ်သောကြောင့်လည်းကောင်း၊ အကျယ်ပြဆိုဖွယ် မရှိကြကုန်ပြီ။

## ပရေပုဒ်၏ အဓိပ္ပါယ်

"ပရေ၊ အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့သာတည်း" ဟူရာ၌-

**အကျွမ်းဝင်မှု** အကျွမ်းဝင်မှုဆိုသည်ကား တဏှာဖြင့် ငါ့ဟာဟူ၍ သိမ်းပိုက်မှု၊ မာနဖြင့် ငါ-ငါဟူ၍ ထင်ရှားမှု၊ ဒိဋ္ဌိဖြင့် ငါ၏အတ္တ ငါ၏ ကိုယ် အစိုးရသည် ငါ၏ အလိုသို့ လိုက်သည်ဟု ကြောင်ကြောင်ကြီး အမြင်မှားမှုကို အကျွမ်းဝင်မှုဆိုသည်။

၁။ လူဖြစ်သူတို့အား သားမယား ပစ္စည်းဥစ္စာတို့ကို သာယာမှု၊ လောကဂုဏ်ကျက်သရေတို့ကို သာယာမှု၊

၂။ ရဟန်းဖြစ်သူတို့အား ဆွမ်းကောင်း၊ သင်္ကန်းကောင်း၊ ကျောင်းကောင်း၊ ထောပတ်ဆီများစသော ဆေးကောင်းတို့ကို သာယာမှု ခင်မင်မှု၊ တပည့်ပရိသတ်၊ ဒကာပရိသတ်တို့ကို သာယာတွယ်တာမှု၊

၃။ ရဟန်းဖြစ်သူ လူဖြစ်သူတို့အား စက္ခုအလိုကို လိုက်စားမှု၊ သောတ အလိုကို လိုက်စားမှု၊ ဃာနအလိုကို လိုက်စားမှု၊ ဇိဝှါအလိုကို လိုက်စားမှု၊ ကာယ အလိုကို လိုက်စားမှု၊ စိတ်မနောအလိုကို လိုက်စားမှု အလုံးစုံတို့သည် အကျွမ်းဝင်မှု ချည်းပင်တည်း။

သူစိမ်းပြင်ပဆို ့သဉ်လည်း ဥပေက္ခာ သူစိမ်းပြင်ပမျိုးမဟုတ်၊ သတ္တဝါတို့၏ ပကတိအလိုဖြစ်သော သမ္ပတ္တိလမ်းကို ပိတ်ဆို့၍ သတ္တဝါတို့၏ အကျိုးမဲ့ကြီးဖြစ်သော ဝိပ္ပတ္တိလမ်းကိုသာ အတွင်ဖွင့်ကြကုန်သော ရန်သူကြီးတို့ဖြစ်ကြကြောင်းကို ပုဂ္ဂိုလ် အလို ဓမ္မတို့အလို ခွဲခန်း၌ ပြဆိုထင်ရှားစေခဲ့ပြီ။

**ရိတ္တ တုစ္ဆသုညတို့၏ အဓိပ္ပါယ်** ၁။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဦးခေါင်း၊ ခြေလက် အစရှိသော သဏ္ဌာန နိစ္စမျိုး။

၂။ သူသွားသည် ငါသွားသည် အစရှိသော လက်လှုပ်သည်၊ ခြေလှုပ်သည်၊ သူမြင်သည်၊ ငါမြင်သည်၊ သူကြားသည်၊ ငါကြားသည် အစရှိသော သန္တတိနိစ္စမျိုး။

၃။ ကောင်းသည် မြတ်သည် တင့်တယ်သည် ဖွယ်ရာသည် အဖိုးထိုက်သည် ဂုဏ်ရှိသည် ကျက်သရေရှိသည် အစရှိသော သုခမျိုး။

၄။ အစိုးရသည် အလိုလိုက်သည် ငါပိုင်သည် သူပိုင်သည် ငါဆိုင်သည် သူဆိုင်သည် အစရှိသော အတ္တမျိုး။

အလုံးစုံတို့မှ ဆိတ်ကင်း၍ ဓမ္မအစု၊ ဓာတ်အစု၊ ရုပ်အစု၊ နာမ်အစု၊ အနိစ္စအစု သက်သက်မျှသာ ဖြစ်သည်ကို "ရိတ္တ၊ တုစ္ဆ၊ သုည" ဆိုသတည်း။ သဏ္ဌာနနိမိတ်မျိုး၊ သန္တတိနိမိတ်မျိုး၊ နိစ္စနိမိတ်မျိုး၊ သုခနိမိတ်မျိုး၊ အတ္တနိမိတ်မျိုးတို့သည် ခန္ဓာတို့၏ ရိတ္တ တုစ္ဆ သုညသဘောကို အလွန်လုံခြုံစွာ ဖုံးလွှမ်းကုန်၏။ ဓာတ်တွေကို ဉာဏ်နှင့် ထင်လင်းစွာ ကြည့်ဖော်၍ ထိုဖုံးလွှမ်းမှုတို့ ပြယ်ပျောက်မှ ပေါ်နိုင်မည်။

**ပြုပြင်မှု သခါရ** ပြုပြင်မှုကြီးသည် ထိုနိမိတ်တို့ကို လွန်စွာ ကျေးဇူးပြု၏။ မွေးဖွားစမှစ၍ ပြုပြင်မှုတို့ကို ဉာဏ်နှင့်အကုန် ပယ်ရှား၍ ကြည့်မှု၊ သတ္တဝါတို့၏ ပကတိအလိုဓာတ်တို့၏ ပကတိ အလိုတို့ကို သီးသန့်ခြား၍ ကြည့်မှု၊ ပြဆိုခဲ့ပြီးသော သမ္ပတ္တိ စီးပွားလမ်း ဝိပ္ပတ္တိစီးပွားလမ်းတို့ကို ခြားနား၍ ကြည့်ရှုမှုတို့သည် ရိတ္တ တုစ္ဆ သုည အမြင်ထင်ရှားရန် အချက်တို့ပင်တည်း။

**တုစ္ဆစီးပွားမျိုး** လောကဉ် စက္ခုအလိုကို လိုက်မှုနှင့် မျှတရုံထက် ပိုမို၍ လိုက်စားဖြစ်ပွားကြသော လောကီစီးပွားဟူသမျှသည် ဝိပ္ပတ္တိ စီးပွားလမ်းဖြစ်၍ တုစ္ဆစီးပွားမျိုးသာတည်း။

၁။ လောဘအလိုကို လိုက်စားမှုနှင့် ဖြစ်ထွန်းကြသော လောကီစီးပွားမျိုး။

၂။ ဒေါသ၊ မာန၊ ဒိဋ္ဌိတို့၏ အလိုကို လိုက်စားမှုနှင့် ဖြစ်ထွန်းကြသော စီးပွားမျိုး။

၃။ စက္ခုအရသာကို လိုက်စားမှုနှင့် အားထုတ်လုပ်ဆောင်ကြသော ဗာလုသုက္က[၁] မျိုး။

---

၁။ ဗာလုသုက္က = ဗာလ × ဥဿုက္က = လူမိုက်တို့၏ အားထုတ်မှု။

၄။ သောတအလိုကို လိုက်စားမှု၊ ဃာနအလိုကို လိုက်စားမှု၊ ဇိဝှါ အလိုကို လိုက်စားမှု၊ ကိုယ်အင်္ဂါအလိုကို လိုက်စားမှု၊ စိတ်အလိုကို လိုက်စားမှုနှင့် အားထုတ်လုပ်ဆောင်ကြသော ဗာလုသုက္ကမျိုးဟူသမျှတို့သည် တုစ္ဆမျိုး သုညမျိုးတို့သာတည်း။

၄က်ပျောဖောင်ကို အခါခါ ထူထောင်သကဲ့သို့ လူဖြစ်ရန်၊ နတ်ဖြစ်ရန် ဗြဟ္မာဖြစ်ရန် အားထုတ်လုပ်ဆောင်ကြသော ပုညာဘိသင်္ခါရ[၁] အာနေဥ္စာဘိသင်္ခါရ[၂] အမှုမျိုးတို့သည်လည်း တုစ္ဆ သုညမျိုးတို့သာတည်း၊ ထိုအမှုတို့၏ အကျိုးဖြစ်သော မနုဿဒေဝ၊ ဗြဟ္မသမ္ပတ္တိတို့သည်လည်း တုစ္ဆ သုညမျိုးတို့သာတည်း။

**စီးပွားအစစ်မှာ ဗောဓိပက္ခိယလမ်းသာ**

ဗောဓိပက္ခိယလမ်း တစ်ခုသည်သာလျှင် သတ္တဝါတို့၏ ပကတိအလိုနှင့် ဖြောင့်စွာလိုက်သည်ဖြစ်၍ သတ္တဝါတို့၏ အကျိုး၊ သတ္တဝါတို့၏ စီးပွားအစစ်ဖြစ်သတည်း။

## လောကီစီးပွားမှန်သမျှ အချည်းနှီး

ယဉှိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။

ဓမ္မပဒ[၃]

ယံ ကိစ္စံ၊ အကြင်မိမိတို့၏ စီးပွားလမ်းအစစ်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကိုယ်ကျိုး ကိုယ့်စီးပွားအစစ်ကို။ အပဝိဒ္ဓံ၊ လုံးလုံးစွန့်ပစ်၍ ထားကြ၏။ အကိစ္စံ ပန၊ ကိုယ့်ကျိုး ကိုယ့်စီးပွားမဟုတ် ဝိပ္ပတ္တိလမ်း သက်သက်ဖြစ်၍ မပြုရမည့် အရာကို။ ကရီယတိ၊ ကြိုးစားအားထုတ် ပြုလုပ်အားကျ၍ နေ၏။

ဥန္နဠာနံ၊ အသားအနှစ်ကား မရှိ အတွင်း၌ အခေါင်းအပ၌ အခွံအတိသာဖြစ်ကုန်သော ကျူပြင် ကျူတောတို့နှင့် အလားတူ ကုန်သည်ဖြစ်၍။ ပမတ္တာနံ၊

---

၁။ ပုညာဘိသင်္ခါရ – ကာမသုဂတိ ၇–ဘုံ၊ ရူပဗြဟ္မာ ၁၆ ဘုံတို့၌ ပဋိသန္ဓေ အကျိုးပေးနိုင်သော မဟာကုသိုလ်နှင့် ရူပကုသိုလ်စေတနာ ၁၃ ပါး။

၂။ အာနေဥ္စာဘိသင်္ခါရ –အရူပ ၄–ဘုံ၌ ပဋိသန္ဓေ အကျိုးပေးနိုင်သော အရူပကုသိုလ်စေတနာ ၄–ပါး။

၃။ ဓမ္မပဒ ပါဠိတော်၊ နှာ–၅၅၊ ဂါထာနံပါတ် ၂၉၂။

သာသနာတော်နှင့် ကြုံကြိုက်ပါကုန်လျက် ကိုယ့်ကျိုး ကိုယ့်စီးပွားမှ ပလပ်မေ့လျော့၍ နေကြကုန်သော။ တေသံ၊ ထိုသတ္တဝါတို့အား၊ အာသဝါ၊ ဝိပ္ပတ္တိ စီးပွား အာသဝေါ တရားတို့သည်သာလျှင်။ ဝဍ္ဎန္တိ၊ နေ့ရှိသမျှ တိုးပွား၍ နေကြကုန်၏။

ဤကား လောက၌ ကိုယ့်ကျိုး ကိုယ့်စီးပွားဟု လိုက်စားအားကျ၍ နေကြကုန်သော အမှုခပ်သိမ်း အကျိုးစီးပွားခပ်သိမ်း ဓနသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊ ဣဿရိယသမ္ပတ္တိ ခပ်သိမ်းတို့၏ ရိတ္တ တုစ္ဆ သုညအဖြစ်ကို ရိပ်မိရုံမျှ ပြဆိုလိုက်သော အချက်တည်း။

**အနတ္တလက္ခဏာ ၅-ပါး ပြီး၏။**

# ဒုက္ခလက္ခဏာ ၂၅-ပါး

## သုခ ဒုက္ခ ခွဲခြားပုံ

**ဒုက္ခလက္ခဏာ** ဒုက္ခလက္ခဏာ ၂၅ ပါး၌ သုခအပြား၊ ဒုက္ခအပြားကို ရှေးဦးစွာ ပြဆိုရာ၏။

**သုခ ၂-ပါး** သုခအပြား ဆိုသည်ကား - သုခအပြားသည် ဝေဒယိတ သုခ၊ သန္တိသုခဟူ၍ နှစ်ပါးရှိ၏။

**ဝေဒယိတသုခ** ထိုတွင် ဣဋ္ဌအာရုံမျိုး သမ္ဘတ္တိအာရုံမျိုးကို ရ၍ ခံစားမှု စံစားမှုသည် ဝေဒယိတသုခ မည်၏။

**သန္တိသုခ** ပူပန်စရာမရှိ ပင်ပန်းစရာမရှိ ငြိမ်းချမ်းမှုသည် သန္တိသုခမည်၏။

**ဝေဒယိတသုခ** ထိုတွင်-
ပစ္စည်းဥစ္စာနှင့်ပြည့်စုံ၍ ရပ်အလယ် ရွာအလယ်၌ တင့်တယ်စွာ နေရသော လူတို့၏ သုခသည် ဝေဒယိတသုခ မည်၏။

**သန္တိသုခ** ပစ္စည်းဥစ္စာတို့မှ ကင်းရှင်း၍ တောအလယ် ချုံအလယ်၌ ငြိမ်းချမ်းစွာ နေရသော ရဟန်းတို့၏ သုခသည် သန္တိသုခမည်၏။

**စက္ခုအာရုံစသည်၌ သုခဒုက္ခခွဲပုံ** စက္ခုအာရုံ၌ အပြစ်ကို မမြင်မူ၍ စက္ခုအာရုံကို အလိုရှိကုန်သော သူတို့အား စက္ခုအာရုံကို တွေ့ရခြင်းသည် သုခမည်၏။ မတွေ့ရခြင်းသည် ဒုက္ခမည်၏။ စက္ခုအာရုံ၌ အပြစ်ကို မြင်၍ စက္ခုအာရုံမှ ကင်းခြင်းကို အလိုရှိကုန်သော သူတို့အား စက္ခုအာရုံကို မတွေ့ရခြင်းသည် သုခမည်၏။ တွေ့ရခြင်းသည် ဒုက္ခမည်၏။

သောတအာရုံ၌ အပြစ်ကို မမြင်မူ၍ သောတအာရုံကို အလိုရှိကုန်သော သူတို့အား သောတအာရုံကို တွေ့ရခြင်းသည် သုခ၊ မတွေ့ရခြင်းသည် ဒုက္ခ၊ သောတအာရုံ၌ အပြစ်ကို မြင်၍ သောတအာရုံမှ ကင်းခြင်းကို အလိုရှိကုန်သော သူတို့အား သောတအာရုံကို မတွေ့ရခြင်းသည် သုခ တွေ့ရခြင်းသည် ဒုက္ခမည်၏။

ဃာနအာရုံ။ ပ။ ဇိဝှါအာရုံ။ ပ။ ကာယအာရုံ။ ပ ။

မနောအာရုံ၌ အပြစ်ကို မမြင်မူ၍ မနောအာရုံကို အလိုရှိကုန်သော သူတို့အား မနောအာရုံကို တွေ့ရခြင်းသည် သုခ မတွေ့ရခြင်းသည် ဒုက္ခ၊ မနောအာရုံ၌ အပြစ်ကို မြင်၍ မနောအာရုံမှ ကင်းခြင်းကို အလိုရှိကုန်သော သူတို့အား မနောအာရုံကို မတွေ့ရခြင်းသည် သုခ တွေ့ရခြင်းသည် ဒုက္ခမည်၏။

တွေ့ရခြင်းကို အလိုရှိကုန်သောသူတို့၌ တွေ့ရမှုသည် ဝေဒယိတသုခမည်၏။ မတွေ့ရခြင်းကို အလိုရှိကုန်သော သူတို့၌ မတွေ့ရမှုသည် သန္တိသုခမည်၏။

## လောဘငြိမ်းသူ၏ သုခနှင့် လောဘရှိသူတို့၏ သုခ

**သုခဒုက္ခဖြစ်ပုံ** ထို့အတူ ထိုထို အာရုံကို အလိုရှိကုန်သော သူတို့အား အလိုရှိရာ အာရုံကိုတွေ့လျှင် သုခဖြစ်၏။ မတွေ့လျှင် ဒုက္ခဖြစ်၏။ ရလျှင် သုခဖြစ်၏။ မရလျှင် ဒုက္ခဖြစ်၏။ အလိုနှင့် ပြည့်စုံလျှင် သုခဖြစ်၏။ မပြည့်စုံလျှင် ဒုက္ခဖြစ်၏။

တဏှာလောဘငြိမ်းချမ်းသဖြင့် အလိုခပ်သိမ်းတို့မှ ကင်းရှင်းကုန်ပြီးသော သူတို့အား တစ်စုံတစ်ခုမျှ မတွေ့ရခြင်းသည် သုခမည်၏။ တွေ့ရခြင်းသည် ဒုက္ခမည်၏။

မစင်ခွေးကောင်ပုပ်ကို လူကောင်ပုပ်ကို အလိုရှိကုန်သော ကျီး၊ လင်းတတို့အား မစင်ခွေးကောင်ပုပ် လူကောင်ပုပ်ကိုတွေ့လျှင် သုခဖြစ်၏။ မတွေ့လျှင် ဒုက္ခဖြစ်၏။

ပြည်တန်ပတ္တမြား ရတနာကြီးကို မတွေ့လိုကုန်သော သူတို့အား ပြည်တန်ပတ္တမြား ရတနာကြီးကို မတွေ့ရခြင်းသည် သုခဖြစ်၏။ တွေ့ရခြင်းသည် ဒုက္ခဖြစ်၏။ ခပ်သိမ်းသော် သတ္တဝါတို့၌ အလိုသည် အချုပ်အခြာဖြစ်၏။

## လမ်း ၂-သွယ်

**အလိုဆိုးကောင်း ၂-မျိုး** ။ ။ ခပ်သိမ်းသော အလိုတို့မှာလည်း

၁။ အပြစ်ကို မမြင်သော အဝိဇ္ဇာ အမိုက်အမဲတို့နှင့်။

၂။ အပြစ်ကို မြင်သော ပညာအလင်းမှာ နှစ်ပါးသည် အရင်းမူလဖြစ်၏။

**ဝေဒယိတသုခလမ်း** အပြစ်ကိုမမြင်သော အဝိဇ္ဇာ အမိုက်အမဲ ဟူသော မောဟ ဓာတ်ကြီး ပွားစီးတိုင်း ပွားစီးတိုင်း ဝတ္ထုအာရုံကာမဂုဏ်တို့ကို တွေ့လိုမှု ရလိုမှု ပြည့်စုံလိုမှုဟူသော မည်းညစ်လူးလဲသော တဏှာဓာတ်ကြီး ပွားစီးရ၏။ တဏှာဓာတ် ပုပ်ကြီး လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း သတ္တဝါတို့သည် အာရုံကို အမှတ်ရကြကုန်၏။ အာရုံသို့ စိတ်ရောက်ကြရကုန်၏။ စိတ်သွားတိုင်း ကိုယ်ပါ၍ နေကြကုန်၏။

ဤကား ဝေဒယိတ သုခလမ်းတည်း။

**သန္တိသုခလမ်း** အပြစ်ကို မြင်သော ပညာ အလိမ္မာဟူသော အမောဟစာတ်ကြီး ပွားစီးတိုင်း ပွားစီးတိုင်း ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့် ကင်းဝေးလိုမှု ကင်းကွာလိုမှု ဟူသော သန့်ရှင်းစင်ကြယ်သော အလောဘ ဓာတ်ကြည်ကြီးပွားစီးရ၏။ အလောဘ ဓာတ်ကြည်ကြီး လှုံ့ဆော်တိုင်း လှုံ့ဆော်တိုင်း ပညာရှိတို့သည် အာရုံနှင့် လွတ်ကင်းရာကို အမှတ်ရကြကုန်၏။ အာရုံနှင့် စိတ်လွတ်ရာသို့ စိတ်ရောက်ကြရကုန် ၏။ စိတ်သွားရာ ကိုယ်ပါကြကုန်၏။

ဤကား သန္တိသုခလမ်းတည်း။

**ပုထုဇဉ်တို့ သွားရာလမ်း** ထိုနှစ်လမ်းတို့တွင် ဝေဒယိတသုခလမ်းသည်ကား - အနမတဂ္ဂ သံသရာ၌ ယနေ့ထက်တိုင် မြုပ်မျော၍ နေကြကုန်သော ပုထုဇဉ် သတ္တဝါတို့၏ လမ်းပေတည်း။

**အရိယာတို့ သွားရာလမ်း** သန္တိသုခလမ်းသည် မဟာသမုဒ္ဒရာ၌ သဲလုံးအရေအတွက်မျှမက ကျွတ်လွတ်တော်မူကြကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသူမြတ်တို့၏ လမ်းပေတည်း။

## ခွေးရူးပြန်သူ ယင်မမဲရိုင်း ပကတိလူ ပျားပိတုန်း ဥပမာများ

၁။ ထိုတွင် အဝိဇ္ဇာတဏှာ ဓာတ်မည်း ဓာတ်ပုပ်ကြီး ပွားစီးအုပ်စိုး၍ နေသော သတ္တဝါတို့သည် ဝေဒယိတသုခကိုသာ သုခဟု ထင်မြင်နိုင်ကြကုန်၏။ သန္တိသုခကို သုခဟူ၍ မထင်နိုင် မမြင်နိုင်ကြကုန်၊ ဒုက္ခဟု ထင်ကြ မြင်ကြကုန်၏။ ခွေးရူးပြန်သော သူသည် အေးမြလှစွာသော ရေကို ကြောက်သကဲ့သို့တည်း၊ ဝေဒယိတသုခကိုသာ ရှာကြံလိုက်စားကြကုန်၏။ သန္တိသုခကို အလိုပင် မရှိကြကုန်၊ ယင်မမဲရိုင်းတို့သည် အညှီအပုပ်ကိုသာ ရှာကြကုန်သကဲ့သို့တည်း။

၂။ ပညာ၊ အလောဘ ဓာတ်ကြည်ကြီးနှစ်ပါး ပွားစီးအုပ်စိုးသော သူတို့သည်မူကား သန္တိသုခကိုသာ သုခဟု ထင်မြင်ကြကုန်၏။ ဝေဒယိတသုခကို ဒုက္ခဟု ထင်မြင်ကြကုန်၏။ ရေမွတ်သိပ်သော ပကတိလူသည် အေးမြလှစွာသော ရေကို ခင်မင်သကဲ့သို့တည်း၊ သန္တိသုခကိုသာ ရှာကြံလိုက်စားကုန်၏။ ဝေဒယိတသုခကို ရှောင်ရှားကြကုန်၏။ ပျားပိတုန်းတို့သည် မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့ကိုသာ ရှာကြံကြကုန်သကဲ့သို့တည်း။ ထို့အတူ -

၁။ အဝိဇ္ဇာ၊ တဏှာဟူသော စိတ်ညစ်စိတ်ပုပ် အုပ်စိုးလျက် ရှိနေကုန်သော သတ္တဝါအပေါင်းတို့သည် ဝေဒယိတသုခ အာရုံရှိရာတို့၌ တရုန်းရုန်း တအုန်းအုန်း နေကြကုန်၏။ ယင်ကောင်တို့သည် အညှီအပုပ် ရှိရာတို့၌ တရုန်းရုန်း တအုန်းအုန်း နေကြကုန်သကဲ့သို့တည်း။

၂။ ပညာ အလောဘဟူသော စိတ်ကြည် စိတ်လင်း အုပ်စိုးသောသူအပေါင်းတို့သည် သန္တိသုခကို ရရာဌာနတို့၌ တရုန်းရုန်း တအုန်းအုန်း နေကြကုန်၏။ ပျားပိတုန်းတို့သည် မွှေးကြိုင် သင်းပျံ့သော အပွင့်နှင့် ပြည့်စုံသော သစ်ပင်၊ တောချုံ၊ ပဒုမ္မာကြာအိုင်တို့၌ တရုန်းရုန်း တအုန်းအုန်း နေကြသကဲ့သို့တည်း။

## ပညာမျက်စိ ရှိသူနှင့် မရှိသူအမြင်

ထို့ကြောင့် မြတ်စွာဘုရားသည် -

ယံ ပရေ သုခတော အာဟု၊ တဒရိယာဟု ဒုက္ခတော။
ယံ ပရေ ဒုက္ခတော အာဟု အရိယာ သုခတော ဝိဒူ။
ပဿနိက မိဒံ ဟောတိ၊ ပဏ္ဍိတေတဲ အပဿတံ[၁]။

ဟူ၍ ဟောတော်မူပေ၏။

ယံ၊ အကြင်ဝေဒယိတသုခကို။ ပရ၊ စိတ်ညစ် စိတ်ပုပ် အုပ်စိုးသူအပေါင်းတို့သည်။ သုခတော၊ သုခဟူ၍။ အာဟု၊ ပြောဆိုသမုတ် အားထုတ်ရှာမှီးကြကုန်၏။ တံ၊ ထိုဝေဒယိတသုခကို။ အရိယာ၊ စိတ်ကြည် စိတ်ဖြူ အုပ်စိုးသူတို့သည်။ ဒုက္ခတော၊ ဒုက္ခဟူ၍။ အာဟု၊ ပြောဆိုသမုတ် အားထုတ်ရှောင်ရှားကြကုန်၏။

ယံ၊ အကြင်သန္တိသုခကို။ ပရေ၊ စိတ်ညစ် စိတ်ပုပ် အုပ်စိုးသူအပေါင်းတို့သည်။ ဒုက္ခတော၊ ဒုက္ခဟူ၍။ အာဟု၊ ပြောဆိုသမုတ် မလုပ်မကြံ လွှတ်ထားကြကုန်၏။ တံ၊ ထိုသန္တိသုခကို။ အရိယာ၊ စိတ်ကြည် စိတ်ဖြူ အုပ်စိုးသူတို့သည်။ သုခတော၊ သုခဟူ၍။ ဝိဒူ၊ သိမြင်လိုက်စား အားထုတ်ရှာကြံကြကုန်၏။

ပဏ္ဍိတေဟိ၊ ပညာရှိမျက်စိ အမြင်ရှိကုန်သော သူတို့နှင့်။ အပဿတံ၊ ပညာမျက်စိ အမြင်မရှိကြကုန်သော သူတို့အား။ ဣဒံ ပဿနိကံ၊ ဤသို့သော အမြင်နှစ်ဖက် ဆန့်ကျင်ဘက်နေသည်။ ဟောတိ၊ ဖြစ်၏။

---

၁။ သုတ္တနိပါတပါဠိတော်၊ နှာ -၃၉၇၊ ဂါထာနံပါတ်-၇၆၇။

ဤသို့လျှင် လောက၌ သုခ ဒုက္ခ အပြန်အလှန်ဖြစ်၍ နေကြမှုသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အမှုမဟုတ်၊ စင်စစ်သော်ကား မိုက်မဲလူးလဲသော ဓာတ်၊ ကြည်လင်ဖြူစင်သောဓာတ်တို့၏ အမှုသာတည်း။

**ပညာမျက်စိမရှိသူတို့အဖို့ အပါယ်ဘုံ**

လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ လူ့ကာမဂုဏ်၊ နတ်ကာမဂုဏ်တို့၌ ၂၅ ပါးသော ဒုက္ခအပြစ်တို့သည် ရှိနေကုန်၏။ အကြင်သတ္တဝါတို့သည် ခန္ဓာကာမဂုဏ် အသိုက်အအုံတို့ကို မြင်တတ်သော ပကတိမျက်စိ တစ်ဖက်သာ ရှိကြကုန်၏။ ၂၅-ပါးသော အပြစ်တို့ကို မြင်တတ်သော ပညာမျက်စိကား မရှိကြကုန်။ ထိုသတ္တဝါတို့သည် ပြဆိုခဲ့ပြီးသော ယင်ကောင် သတ္တဝါတို့ကဲ့သို့ လူ့စည်းစိမ် လူ့ချမ်းသာ၊ နတ်စည်းစိမ် နတ်ချမ်းသာတို့၌သာ တထွေးလုံးလုံး တရုန်းရုန်း နေကြကုန်၏။ ထိုသတ္တဝါအတွက် အနမတဂ္ဂသံသရာ၌ တစ်မွှာအသစ် တည်ထောင်တိုင်း တည်ထောင်တိုင်း အပါယ်လေးဘုံကြီးတို့သည်လည်း အပြီးတည်ထောင်ကြရကုန်၏။

အစိုးရမင်းတို့သည် တိုင်းပြည်မြို့ရွာကို တည်ထောင်ပြုစုကြသောအခါ မကောင်းသော သူတို့ကို ထားဖို့ရာ ထောင်ကြီး၊ အရှုးထောင်၊ တိရစ္ဆာန်ထောင်တို့ကို တည်ထောင်ကြကုန်သကဲ့သို့တည်း။

အပါယ်လေးဘုံသည် ထိုသတ္တဝါတို့၏ ထာဝရနေရပ်တည်း၊ ထိုသတ္တဝါတို့သည် အပါယ်ဇာတိ အမျိုးအရိုးတို့တည်း၊ လူ့ဘုံနတ်ဘုံတို့ တစ်လှည့်တစ်ခါ ပေါ်လာကြကုန်၏။ လိပ်ကန်းဥပမာ ဒေသနာတော်ကို ထောက်မြော်လေ။

**နိဗ္ဗာန်ဘုံကြီး ၅-ဆင့်**

အကြင်သတ္တဝါတို့သည် ခန္ဓာကာမဂုဏ် အသိုက်အအုံတို့၌ ၂၅ ပါးသော ဒုက္ခလက္ခဏာတို့ကို မြင်တတ်သော ပညာမျက်စိ ပေါက်ရောက်ကြကုန်၏။

ထိုသတ္တဝါတို့သည် ပြဆိုခဲ့ပြီးသော ပျားပိတုံးတို့ကဲ့သို့ သန္တိသုခအနံ့ အရသာရှိသော ပင်လုံးကျွတ်ပွင့်သော ဗောဓိပက္ခိယ အင်ကြင်းတောကြီး၌သာလျှင် နေ့တရုန်းရုန်း ညဉ့်တရုန်းရုန်း နေကြကုန်၏။

ထိုသတ္တဝါတို့အတွက် အနမတဂ္ဂသံသရာနှင့်အမျှ အစဉ်ထာဝရ အသခ်တဓာတ် အမြတ်နိဗ္ဗာန် ဘုံကြီးငါးဆင့်တို့သည် အမြဲ တည်ထောင်လျက် ရှိကြကုန်၏။

ငါးဆင့်ဆိုသည်ကား -

၁။ သောတာပတ္တိမဂ်ခဏမှစ၍ ဆိုက်ကြရသော ပဌမနိဗ္ဗာန်ဘုံကြီး တစ်ဆင့်၊

၂။ သကဒါဂါမိမဂ်ခဏမှစ၍ ဆိုက်ကြရသော ဒုတိယနိဗ္ဗာန်ဘုံကြီးတစ်ဆင့်၊

၃။ အနာဂါမိမဂ်ခဏမှစ၍ ဆိုက်ကြရသော တတိယနိဗ္ဗာန်ဘုံကြီးတစ်ဆင့်၊
၄။ အရဟတ္တမဂ်ခဏမှစ၍ ဆိုက်ကြရသော စတုတ္ထနိဗ္ဗာန်ဘုံကြီးတစ်ဆင့်၊
ဤလေးဆင့်ကို ကိလေသနိဗ္ဗာန်[၁]လည်း ခေါ်သည်၊ သဥပါဒိသေသ နိဗ္ဗာန်[၂] လည်း ခေါ်သည်။
၅။ အဆုံးစွန် ပရိနိဗ္ဗာန်စံရာ ခဏမှစ၍ ဆိုက်ကြရသော ပဥ္စမနိဗ္ဗာန်ဘုံကြီးတစ်ဆင့်၊

ဤနိဗ္ဗာန်ကို ခန္ဓာပရိနိဗ္ဗာန် ခေါ်သည်၊ အနုပါဒိသေသနိဗ္ဗာန်[၃]လည်း ခေါ်သည်။

သမုဒ္ဒရာကြီးတစ်ဆက်တည်း၊ တစ်ပြင်တည်း၊ တစ်ခုတည်းဖြစ်လျက် ဘင်္ဂလားနှင့်နီးစပ်ရာ ဘင်္ဂလားပင်လယ်၊ မဒရပ်နှင့်နီးစပ်ရာ မဒရပ်ပင်လယ် စသည် ခေါ်သကဲ့သို့ မှတ်လေ။

## ဘုရားတစ်ဆူ တစ်ဆူ သာသနာ၌ သောတာပန် အများဆုံး

တစ်ဆူ တစ်ဆူသော ဘုရားသာသနာတို့၌ ပထမနိဗ္ဗာန်ဘုံသား[၄] အဖြစ်သို့ ရောက်ကြကုန်သော သတ္တဝါတို့သည်သာလျှင် အများဆုံး ဖြစ်ကြကုန်၏။ ထိုတွင်လည်း ဘုံစဉ်စံမျိုးတို့သည်သာ အများဆုံး ဖြစ်ကြကုန်၏။

ငါတို့ ဘုရားလက်ထက်၌ ကျွတ်ကြကုန်သော လူ့ဘုံစဉ်စံ အနန္တ၊ နတ်ဘုံစဉ်စံ အနန္တ၊ ဗြဟ္မာဘုံစဉ်စံ အနန္တတို့သည် ယခုအခါ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ အပြည့်ရှိကြကုန်၏။

ထိုသူတို့သည် ဒိဋ္ဌိခပ်သိမ်းတို့၏ ချုပ်ငြိမ်းခြင်း၊ ဒုစရိုက် ခပ်သိမ်းတို့၏ ချုပ်ငြိမ်းခြင်း၊ အပါယ်သံသရာကြီး၏ ချုပ်ငြိမ်းခြင်းတည်းဟူသော မိမိတို့ ဆိုက်ရောက်တည်နေရာ ပထမနိဗ္ဗာန် သန္တိသုခကြီးနှင့်တကွ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့ကို အဆင့်ဆင့် ခံစားခံစား၍ မြင့်သည်ထက်မြင့်ရာ၊ မြတ်သည်ထက် မြတ်ရာ၊ သမ္ဗောဓိလမ်းကြီးသို့ တစ်ဖြောင့်တည်း ကျင်လည်၍ သွားကြလေကုန်၏။

---

၁။ ကိလေသနိဗ္ဗာန် = လောဘစသော ကိလေသာ အပူမီးတို့၏ ငြိမ်းအေးခြင်း။
၂။ သဥပါဒိသေသနိဗ္ဗာန် = ကိလေသာတို့ အကြွင်းမဲ့ ချုပ်ငြိမ်းပြီးသော်လည်း ကိလေသာ တရားတို့၏ အာရုံဖြစ်သော ခန္ဓာကမ္မဇရုပ်တို့ အကြွင်းအကျန် ရှိသေးခြင်း။
၃။ အနုပါဒိသေသနိဗ္ဗာန် = ကိလေသာတို့ စွဲယူအာရုံပြုအပ်သော ခန္ဓာကမ္မဇရုပ်တို့ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း။
၄။ ပထမနိဗ္ဗာန်ဘုံသား = သောတာပန် ပုဂ္ဂိုလ်။

အနမတဂ္ဂသံသရာ၌ သတ္တဝါခပ်သိမ်းတို့သည် ဘုရားသာသနာကို မြော်ကြရသည်ကား ဤသမ္မတ္တိလမ်းကြီးကို အရအမိ ယူလိုရလိုကြကုန်၍ မြော်ကြရကုန်သည်၊ ဤသမ္မတ္တိလမ်းကြီးသည် ခပ်သိမ်းသော သတ္တဝါတို့၏ ပကတိအလိုကျ လမ်းကြီး အမှန်ဖြစ်သတည်း။

## သုခ ၂-မျိုး

ဤသို့လျှင် သုခသည်-

**ဝေဒယိတသုခ** ။ ။ အပါယ်အမျိုးအရိုးတို့၏ အားကိုးမှီတွယ်ရာ ဖြစ်သော ဝေဒယိတသုခ တစ်မျိုး။

**သန္တိသုခ** ။ ။ နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်သားတို့၏ အားကိုးမှီတွယ်ရာဖြစ်သော သန္တိသုခတစ်မျိုး ဟူ၍ သုခနှစ်မျိုးရှိသတည်း။

**ဝေဒယိတသုခသည် ဒုက္ခမျိုး**

ထိုနှစ်မျိုးတို့တွင် ခတ်ညစ် ခတ်ပုပ် အုပ်စိုးလွှမ်းမိုး လျက်ရှိသော သတ္တဝါတို့၏ အားကိုးမှီတွယ်ရာဖြစ်သော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ စက္ကြာအရသာ၊ သောတ အရသာ၊ စသည်ဟု ဆိုအပ်သော ဝေဒယိတသုခမျိုးသည် ပြဆိုလတ္တံ့သော ၂၅ ပါးသော ဒုက္ခလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ပညာရှိတို့၌ ဒုက္ခသာ အမှန်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

"ယံကိဉ္စိ ဝေဒယိတံ တံ ဒုက္ခသ္မိံ "

ဟူ၍ ဟောတော်မူပေသည်။

ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတံ၊ ဝေဒယိတသုခသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ဝေဒယိတသုခ ဟူသမျှသည်။ ဒုက္ခသ္မိံ၊ ဒုက္ခထဲက ချည်းသာတည်း။ ဒုက္ခချည်းသာ ဆိုလိုသည်။

**သန္တိသုခသာ သုခအစစ်**

နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်ဘုံသားတို့၏ အားကိုးမှီတွယ်ရာဖြစ်သော ဒိဋ္ဌိ ခပ်သိမ်းတို့၏ ချုပ်ငြိမ်းခြင်း၊ ဒုစရိုက်ခပ်သိမ်းတို့၏ ချုပ်ငြိမ်းခြင်း အစရှိသော သန္တိသုခသည်မူကား ပြဆိုလတ္တံ့သော ဒုက္ခလက္ခဏာ ၂၅-ပါးတို့မှ ကင်းလွတ်သည်ဖြစ်၍ ပညာရှိတို့၌ သုခ အစစ်အမှန် ဖြစ်ပေ၏။

အဘယ်ကြောင့် သန္တိသုခသည်သာ သုခ အမှန်အစစ် ဖြစ်လေသနည်းဟူမူ ကား:-

ငှက်ပျောဖောင်ကြီးဥပမာ၌ – စိပ်တောင်း၊ ခွဲတောင်း၊ တင်းတောင်း ပမာဏရှိကုန်သော ကျောက်လုံးတို့သည်လည်း အပြည့်တင်ထားလျက် ရှိကုန်ရာ၏။ ထိုငှက်ပျောဖောင်ကြီးကို ထောက်ပံ့သော ဘော့ဟူ၍လည်း တစ်စုံတစ်ခုမျှ မပါလေရာ၊ အနီးအပါး၌ တွယ်တာရန် လှေသမ္ဗန်ဟူ၍လည်း မရှိလေရာ၊ ဤကဲ့သို့သော ငှက်ပျောဖောင်ကြီးသည် ပျက်သည်ရှိသော် ဖောင်ပေါ်ရှိ လူအပေါင်းတို့နှင့်တကွ ထိုနေရာ၌ပင် လျှင် သမုဒ္ဒရာ သဲအပြင်သို့ ဆိုက်အောင် နစ်မြုပ်လေရာ၏။

သို့တည်းမဟုတ် – ကျောက်လုံးဝန်းတို့ကိုလည်း တစ်ခုမကျန် ပယ်ရှားခဲ့ရာ၏။ ရန်ကုန်မြစ်၌ ထားအပ်သော သံဘော့ကြီးကဲ့သို့ အလွန်ကြီး ခိုင်ခံ့လုံလောက်စွာသော သံဘော့ကြီးလုံးရေ ၃၇ လုံးတို့သည် ပါရှိကုန်ရာ၏။ သိကြားမင်း ဖန်ဆင်းလာသော မဟာပစ္စရိရတနာ ဖောင်ကြီး၌လည်း သံကြိုးသံလွန်တို့ဖြင့် မှီတွယ်ရာ၏။

ထိုဖောင်ကြီးသည် လေဟုန် လှိုင်းဟုန်တို့ဖြင့် အခြေအနေပျက်သော်လည်း ရေပေါ် လှိုင်းပေါ်၌ ပေါလောသာ နေရာ၏။ နစ်မြုပ်ခြင်း မျောပါခြင်း မရှိလေရာ၊ ဖောင်ပေါ်၌ ပါရှိသော သူတို့လည်း ဥပါဒ်မရှိကြလေကုန်ရာ။

## ဥပမာ ဥပမေယျနှီးနှောပြချက်

ဤဥပမာ၌–

၁။ ပုထုဇဉ်သတ္တဝါတို့၌ အနမတဂ္ဂသံသရာတွင် အစဉ်ပါရှိ၍ နေကုန်သော ဒိဋ္ဌိဝိစိကိစ္ဆာတရား၊ ဒုစရိုက်တရားတို့သည် ကျောက်လုံးဝန်းနှင့် တူကုန်၏။

၂။ အနမတဂ္ဂသံသရာ၌ သတ္တဝါတို့၏ ခန္ဓာ ၅–ပါးတို့ကို ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ်ဟူသော နိစ္စမျိုး ထင်မှတ်စွဲလမ်းနေကြမှုသည် ငှက်ပျောဖောင် ငှက်ပျောတုံး ငှက်ပျောခွံတို့ကို ရတနာဖောင်ကြီး ရတနာအင်္ဂါတွေ ထင်မှတ်စွဲလမ်းသော သူနမ်းတို့၏ အမှုနှင့်တူ၏။

၃။ ငါ–ငါဟူ၍ ငါ၏ကိုယ် ငါ၏ကိုယ်ဟူ၍ အမြဲစွဲလမ်းဆည်းပူးမှု၊ ဒုစရိုက် ဒုရာဇီဝတရားတို့ကို ကိုယ့်ကျိုးကိုယ့်စီးပွား ပြုလုပ်ဆည်းပူးမှုတို့သည် ကျောက်လုံး ကျောက်ခဲတို့ကို ပတ္တမြားရတနာ ထင်မှတ်၍ ဖောင်ပေါ်သို့ချည်း တင်ယူဆည်းပူးမှုနှင့် တူကုန်၏။

၄။ နိစ္စမျိုး မဟုတ်သည့်အတွက်ကြောင့် ခြေတစ်လှမ်း တစ်လှမ်းအတွင်း မှာပင် အခါခါ ပျက်စီးမှု၊ နာရီစဉ်ပျက်စီးမှု၊ ဗဟိုစဉ်ပျက်စီးမှု၊ နေ့စဉ်ရက်ဆက် ပျက်စီးမှု၊ ဥတုစဉ် လစဉ် နှစ်စဉ် ပျက်စီးမှု၊ ဘဝအဆုံး အဆုံး၌ အမြဲပျက်စီးမှုသည် ငှက်ပျောဖောင်ပျက်မှုနှင့် တူ၏။

၅။ ပစ္စုပ္ပန်ခန္ဓာကို တွယ်တာ၍ အသက်မွေးမှု အစရှိသော အမျိုးမျိုးသော ပြုပြင်မှု၊ အာရုံအရသာကို လိုက်စားမှု၊ လောကီစီးပွားကို အားထုတ်မှု၊ နောက်ဘဝ အကျိုးငှာ ကုသိုလ်ကောင်းမှု ဆည်းပူးမှု အလုံးစုံတို့သည် ငှက်ပျောဖောင် ငှက်ပျောတုံးတို့ကိုသာ အသစ်အသစ် ရှာမှီးထူထောင်မှုနှင့် တူကုန်၏။

၆။ ဒိဋ္ဌိဝန် ဒုစရိုက်ဝန်တို့၏ မဆန့်တင်ကဲ အမြဲလေး၍ နေမှုကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးတို့ချည်း နစ်မြုပ်၍ နေကြမှုသည် ကျောက်ဝန်လေးမှုကြောင့် ငှက်ပျောဖောင် ပျက်တိုင်းပျက်တိုင်း သမုဒ္ဒရာသဲအပြင်သို့ ဆိုက်အောင် အိုးတည်နစ် နစ်၍ချည်း နေသည်နှင့် တူ၏။

၇။ ဘုံစဉ်စံ အရိယာတို့အား ထိုဝိစိကိစ္ဆာတရား ဒုစရိုက်တရားတို့ကို အကုန်အစင် ပယ်ရှားမှုသည် ကျောက်လုံးဝန်တို့ကို တစ်ခုမကျန် ပယ်ရှားမှုနှင့် တူ၏။

၈။ ဘုံစဉ်စံ အရိယာတို့အား ဘဝများစွာ ကမ္ဘာအဆက်ဆက် အမြဲပါရှိ၍ နေကုန်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့သည် အလွန်ကြီးခံ့ခိုင်လုံလောက်လှကုန်သော သံဘော‌ကြီးတို့နှင့် တူကုန်၏။

၉။ ဒိဋ္ဌိဝိစိကိစ္ဆာတရား ဒုစရိုက်တရားတို့၏ လည်းကောင်း၊ အပါယ်သံသရာကြီး၏လည်းကောင်း အချင်းခပ်သိမ်း ကင်းငြိမ်းချမ်းသာမှုဟူသော သန္တိသုခကြီးသည် မှီတွယ်ရာ ရတနာသင်္ဘောကြီးနှင့်တူ၏။

ထိုအရိယာတို့၏ ခန္ဓာတို့သည် တစ်ခု တစ်ခုသော ဘုံမှ စုတေကုန်သည်ရှိသော် ထိုဘုံ၌သော်လည်း ထပ်၍ ဖြစ်ပေါ်ကုန်၏။ အထက်ဘုံမှာသော်လည်း ဖြစ်ပေါ်ကုန်၏။ အောက်ဘုံသို့ လျောကျခြင်း၊ အပါယ်သို့ နစ်မြုပ်ခြင်းဟူ၍ မရှိကုန်ပြီ၊ ကြွင်းသော ဉပမာ ဉပမေယျ နှီးနှောရန် အချက်စုမှာ သိသာထင်ရှားလှပြီ။

**ဒုက္ခအရကောက်နှင့် အဓိပ္ပါယ်**

ဤမျှသော စကားရပ်တို့ဖြင့် – “ယံကိဉ္စိ ဝေဒယိတံ၊ တံ ဒုက္ခသ္မိံ” ဟူသော ပါဠိတော်မြတ်နှင့်အညီ ဤဒုက္ခဝိပဿနာအရာ၌ ဒုက္ခဆိုသည်ကား ဒုက္ခလက္ခဏာ ၂၅ ပါးနှင့် ပြည့်စုံသော ဝေဒယိတသုခ အဆောက်အအုံတို့ကို ဆိုသတည်း။

အဘယ်ကြောင့်နည်းဆိုသော် –

“ဘယဋ္ဌေန ဒုက္ခံ”ဟူသည်နှင့်အညီ သန္တိသုခမှ ကင်းရှင်းကြကုန်သော ပုထုဇဉ်သတ္တဝါတို့အား အနမတဂ္ဂသံသရာ၌ ကြီးကျယ်လှစွာသော အပါယဒုက္ခဘေးကို အဖန်တလဲလဲ မစဲ ဖြစ်စေတတ်သောကြောင့်တည်း – ဟူသောအနက်အဓိပ္ပါယ်ကို ပြဆိုသတည်း။

သစ္စာ ၄-ပါးတွင် ပါရှိသော ဒုက္ခနှင့် ဤဝိပဿနာတွင် ပါရှိသော ဒုက္ခသည် တူကြ၏။ ဘယဋ္ဌ ဒုက္ခမျိုးတည်း။

**ဘယဋ္ဌဒုက္ခ**

ဘယဋ္ဌဒုက္ခဆိုသည်ကား အကြင်တရားကို အကြောင်းပြု၍ ယခုဘဝ၌သော်လည်းကောင်း၊ နောက်နောက်ဘဝ နောက်နောက်ကမ္ဘာတို့၌ဟူသော ဒုက္ခဘေးသည် ဖြစ်လေရာ၏။ ထိုတရားသည် နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးတို့၏ အသက်ခန္ဓာ စည်းစိမ်ပင်ဖြစ်သော်လည်း ဘယဋ္ဌဒုက္ခ မည်၏။

**ဝေဒနာတိက်၌ပါသော ဒုက္ခဝေဒနာ**

သစ္စာ ၄-ပါးအရာ၊ ဤဝိပဿနာ အရာတို့၌ ဝေဒနာတိတ်ကဲ့သို့ ဒုက္ခဝေဒနာသည် လိုရင်းမဟုတ်၊ ထို ဒုက္ခဝေဒနာသည်ကား "အသတဋ္ဌ၊ အနဘိဝနဋ္ဌ ဒုက္ခ" ပေတည်း၊ ခံစားဆဲခဏ၌ မချမ်းသာမှုပေတည်း။

သစ္စာ ၄ ပါးအရာ၊ ဤဝိပဿနာ အရာတို့၌ကား-

**လောကီချမ်းသာဟူသမျှ ဒုက္ခဖြစ်ပုံ**

နတ်မင်း သိကြားမင်းတို့ ခံစံကြရသော အလွန်ကောင်း· မြတ်လှသော သုခဝေဒနာကြီးပင် ဖြစ်ငြားသော်လည်း· ဖြစ်ခြင်းပျက်ခြင်းဘေး၊ အဖန်ဖန် ပြုပြင်ရသော ဒုက္ခဘေး၊ ကိလေသာဘေးတို့ကို ဖြစ်ပွားစေသဖြင့် ယုတ်ညံ့ခြင်းသို့ ရောက်စေတတ်သော ဒုက္ခဘေးအစရှိသော အပြစ် ဒေါသ အာဒီနဝ ရှိနေသောကြောင့် ဒုက္ခသာ အမှန်ဖြစ်သတည်း။

သန္တိသုခ တစ်ခုကိုသာ ဤအရာ၌ သုခဆိုရသည်။

သန္တိသုခ မဟုတ်သော ဝေဒယိတသုခမျိုး မှန်ခဲ့လျှင် အပြစ်ဒေါသ ခပ်သိမ်းတို့မှ ကင်းရှင်းမှု မရှိလေသောကြောင့် ဤအရာ၌ ဒုက္ခဟူ၍ ဟောတော်မူပေသတည်း။

ဒုက္ခလက္ခဏာ ၂၅ ပါး၌ သုခ ဒုက္ခ ခွဲခန်းပြီး၏။

# ဒုက္ခအချက်ကို ပြဆိုခန်း

## ဒုက္ခအဓိပ္ပါယ်

၁။ ‌ ့ လောက၌ အနာဆိုး ရောဂါဆိုး အမျိုးမျိုးတို့သည် နှိပ်စက်တတ်သောကြောင့် ကြောက်မက်ဖွယ်ဟူသော အနက်အားဖြင့် ဒုက္ခမည်ကုန်၏။

၂။ အနာဆိုး ရောဂါဆိုး အမျိုးမျိုးနှင့် ပြည့်စုံကုန်သော အနာသည် ရောဂါသည်အား အနာဆိုး ရောဂါဆိုးတို့၏ အနှိပ်အစက်ကို ခံရသောကြောင့် ကြောက်မက်ဖွယ်ဟူသော အနက်အားဖြင့် ဒုက္ခမည်ကုန်၏။

၃။ တစ်ဖန် ထိုအနာသည် ရောဂါသည်တို့သည်ပင်လျှင် မိဘ သားသမီး စသော နီးစပ်လှသော သူတို့ကို ကြောင့်ကြပူပန်မှုကို ဖြစ်ပွားစေခြင်း၊ ပြုစုမှု ဒုက္ခကို ဖြစ်ပွားစေခြင်း၊ အလုပ်အကြံ စီးပွားပျက်ပြားမှုကို ဖြစ်စေခြင်း၊ ဆေးခ ဝါးခ ကုန်ဆုံးရသော ဒုက္ခကို ဖြစ်ပွားစေခြင်းတို့ဖြင့် အမြဲနှိပ်စက်တတ်သောကြောင့် ကြောက်မက်ဖွယ်ဟူသော အနက်အားဖြင့် ဒုက္ခ မည်ပြန်ကုန်၏။

၄။ ထိုနီးစပ်သော သူတို့သည်လည်း ထိုအနာသည် ရောဂါသည်တို့၏ အနှိပ်အစက်ကို ခံရသောကြောင့် ကြောက်မက်ဖွယ်ဟူသော အနက်အားဖြင့် ဒုက္ခမည်ကုန်၏။

လောက၌ ကြီးစွာသော မင်းပြစ် မင်းဒဏ်မှုကြီးဖြင့် မင်းပြစ် မင်းဒဏ်သင့်သောသူ၊ ထိုသူနှင့်စပ်သော မိဘ သားသမီး စသည်တို့၌ ဤနည်းအတူ သိလေ။

ထို့အတူ အနမတဂ္ဂ သံသရာကြီး၌လည်း–

၁။ ၂၅ ပါးသော အပြစ်ဒေါသ အာဒီနဝတရားတို့သည် နှိပ်စက်တတ်သောကြောင့် ကြောက်မက်ဖွယ်ဟူသော ဘယဋ္ဌအားဖြင့် ဒုက္ခမည်ကုန်၏။

၂။ ထိုတရားတို့နှင့် အမြဲယှဉ်ကုန်သော ခန္ဓာ ၅ ပါး ရုပ်နာမ်တရားတို့သည် ထိုတရားတို့၏ နှိပ်စက်မှုကို အမြဲခံရသောကြောင့် ဒုက္ခမည်ကုန်၏။

၃။ နှိပ်စက်မှုကို အမြဲခံရသဖြင့် အလွန်မကောင်းလှသော ဒုက္ခတရား ခန္ဓာ ၅ ပါးတို့ကို အမြဲလျှင် မိမိတို့ ကိုယ်ပြု၍ ကိုယ်အင်္ဂါပြု၍ နေကြကုန်သော သတ္တဝါအပေါင်းတို့ကို ထိုခန္ဓာ ၅ ပါးတို့သည် အမြဲ နှိပ်စက်တတ်သောကြောင့် ကြောက်မက်ဖွယ်ဟူသော အနက်အားဖြင့် ဒုက္ခ မည်ကုန်၏။

**ငါဟူသော အတ္တအစွဲ**

အမြဲ ကိုယ်ပြုမှု၊ ကိုယ်အင်္ဂါပြုမှုဆိုသည်ကား – ပစ္စုပ္ပန်ဖြစ်သော ခန္ဓာ ၅ ပါးတို့ကို အမြဲ ငါပြု၍ စွဲလမ်းမှု၊ ငါ၏ ပိုင်ဆိုင်ရာ အင်္ဂါ ပြု၍ စွဲလမ်းမှု၊ ငါ၏ အနှစ်သာရ အတ္တပြု၍ စွဲလမ်းမှု၊ ထိုစွဲလမ်းမှုတို့အတိုင်း ခန္ဓာ ၅ ပါးတို့၏ စီးပွားကို အမြဲကိုယ့်ကျိုး ကိုယ့်စီးပွားပြုလုပ်၍ နေကြမှု၊

နောက်နောက် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တို့၌လည်း ထိုခန္ဓာ ၅ပါးတို့ကိုပင်လျှင် အဆက်ဆက် မိမိတို့ အတ္တပြုလုပ်၍ သွားကြရန် ရှေးရှေးဘဝတို့က တင်ကူး၍ ကုသိုလ် ကောင်းမှု ပြုလုပ်ထူထောင်၍ နေကြသည်တို့ကို ဆိုသတည်း။

ထို့ကြောင့် ၂၅ ပါးသော အပြစ်ဒေါသ အာဒီနဝတရားတို့နှင့် အမြဲယှဉ်သော ခန္ဓာ ၅ ပါး ရုပ်နာမ်တရားတို့သည် ခပ်သိမ်းသော သံသရာ ဒုက္ခ အပါယဒုက္ခတို့၏ အချုပ်အခြာ ဖြစ်ပေသတည်း။

ဤကား ဒုက္ခအချက်ကို ပြဆိုချက်တည်း။

## နှစ်ဆယ့်ငါးပါးသော အပြစ်ဒေါသ အာဒီနဝတို့တွင် ဒုက္ခကို ပြဆိုခန်း

၂၅ ပါးသော အပြစ်ဒေါသ အာဒီနဝဆိုသည်ကား –

ဒုက္ခ၊ ဘယ၊ ဤတိ၊ ဥပဒ္ဒဝ၊ ဥပသဂ္ဂ၊
သလ္လ၊ ရောဂ၊ အာဗာဓ၊ ဂဏ္ဍ၊ အဃ၊
အတာဏ၊ အလေဏ၊ အသရဏ၊ အာဒီနဝ၊ အဃမူလ၊
ဝဓက၊ သာသဝ၊ မာရာမိသ၊ ဇာတိ၊ ဇရာ၊
ဗျာဓိ၊ သောက၊ ပရိဒေဝ၊ ဥပါယာသ၊ သံကိလေသိက၊

ဤ ၂၅ ပါးတို့ကို ဆိုသည်။

### ၁။ ဒုက္ခအပြစ်

**အနိစ္စလက္ခဏာရှုပုံ** မိမိတို့သန္တာန်၌ ရှိနေသော ခက်မာမှုတစ်ခုကို အနမတဂ္ဂသံသရာ၌ ဉာဏ်နှင့် အစဉ်တန်း၍ထား၊ တစ်ခု တစ်ခုသော ဘဝ အဆုံးအဆုံး၌ ကုန်ခန်းပျက်ဆုံးမှု နောက်နောက်ဘဝ၌ အသစ် အသစ် ဖြစ်ပေါ်ပွားစီးမှုကို လည်းကောင်း၊ တစ်ခု တစ်ခုသော ဘဝအတွင်း၌ ဣရိယာပုတ်လေးပါး ပြောင်းလဲရာ၌ အပိုင်းအပိုင်း ပျက်ဆုံးမှု အသစ်အသစ်ဖြစ်ပေါ်မှုကိုလည်းကောင်း၊ တစ်ခု တစ်ခုသော ဣရိယာပုတ်အတွင်း၌ ရှေး၌ ပြဆိုခဲ့ပြီးသောနည်းအားဖြင့် အထူးထူး အထွေထွေသော အကြောင်းတို့ကြောင့် အဟောင်းအဟောင်း ပျက်ဆုံးမှု အသစ်အသစ် ဖြစ်ပေါ်မှုတို့ကိုလည်းကောင်း မြင်အောင်ရှု။

ထို့အတူ မိမိသန္တာန်၌ရှိသော ဖွဲ့စေးမှု ပူမှု အေးမှု တောင့်တင်းမှုတို့ကို လည်းကောင်း၊ မြင်မှု ကြားမှု အစရှိသော နာမ်ခန္ဓာတို့ကိုလည်းကောင်း၊ အနမတဂ္ဂ သံသရာ၌ ဉာဏ်နှင့် အသီးအသီး တန်း၍ ထားပြီးမှ ဘဝအပိုင်းအခြား တစ်ခုတစ်ခု သော ဘဝ၌ ဣရိယာပထ အပိုင်းအခြား အစရှိသော အစီအရင်ဖြင့် ဖြစ်ပေါ်မှု ပျက်ဆုံးမှုတို့ကို မြင်အောင်ကြည့်လေ။

အနမတဂ္ဂ သံသရာ၌ အစဉ်တန်း၍ထား – ဆိုရာ၌ ခက်မာမှု စသော သဘောကို လက်ကိုင်ပြု၍ ဉာဏ်နှင့် ကြံမြော်ရမည် ဆိုလိုသည်၊ ယခု ပစ္စုပ္ပန်ဘဝ၌ နေရာတကျ မြင်ခဲ့လျှင် သံသရာတစ်ခုလုံးအတွင်း ဝင်လာလေတော့သည်။

အဆင်း အသံ အနံ့ အရသာ စသည်တို့ကိုလည်း ထိုနည်းတူ ရှုကြရပါ၏။

ဤကား ခန္ဓာ ၅ ပါးတို့၏ အနိစ္စအမြွက်တည်း။

**ဒုက္ခလက္ခဏာ ရှုပုံ**

ဤသို့ အနိစ္စလက္ခဏာကို ရှေးဦးစွာ ဖော်ပြပြီးမှ ဒုက္ခလက္ခဏာကို ရှုရမည်၊ ရှုပုံကား ဤကဲ့သို့ အနိစ္စမျိုးဖြစ်ကုန်သော ဤခန္ဓာ ၅ ပါးတို့သည် အနမတဂ္ဂသံသရာတွင် တစ်နာရီမျှ ငြိမ်သက်ချမ်းကြည် တည်နေခွင့်ရှိသော သန္တိဓာတ်မျိုး မဟုတ်ကုန်၊ ဖြစ်ခြင်း ပျက်ခြင်းဟူသော ဓာတ်ဆိုး ဓာတ်ဝါး နှစ်ပါးအမြဲ နှောင့်ယှက်သဖြင့် သွက်သွက်လည် ဖောက်ပြန်၍ နေကုန်သော ဓာတ်ရူးမျိုး ဓာတ်နှောက်မျိုးတို့သာတည်း၊ ယခုပင် လူ့ခန္ဓာ၊ ယခုပင် ခွေးခန္ဓာ၊ ယခုပင် နတ်ခန္ဓာ၊ ယခုပင် သိကြားခန္ဓာ၊ ဗြဟ္မာ့ခန္ဓာ၊ ယခုပင် သုဂတိခန္ဓာ၊ ယခုပင် ဒုဂ္ဂတိ အဝီစိခန္ဓာဖြစ်၍ နေကြကုန်သော ဓာတ်ရူးမျိုး ဓာတ်နှောက်မျိုးတို့သာတည်းဟု မိမိခန္ဓာအစဉ်၏ ဖြစ်လမ်းပျက်လမ်းကို သံသရာတစ်လျှောက်လုံး မြင်ရမည်။

ထို့အတူ တစ်ခုတစ်ခုသော ဖြစ်ရာဘဝအတွင်း၌လည်း အဖြစ်အပျက် နှောင့်ယှက်မှုကြောင့် ယခုပင် သုခအဖို့ ယခုပင် ဒုက္ခအဖို့ ဖောက်ပြန်ပြောင်းလဲမှုရှိသော ဓာတ်ရူးမျိုး ဓာတ်နှောက်မျိုးတို့သာတည်း၊ အပါယ်သို့ ကျသည့်တိုင်အောင် သုခအဖို့ ဒုက္ခအဖို့ ပြောင်းလဲမှုလျှင် အရင်းရှိသော ဒုက္ခစက်ကြီး အဆင့်ဆင့်လည်၍ သွားပုံကို ရှေး၌ ပြဆိုခဲ့ပြီးသော ဒုက္ခလက္ခဏာခန်း၌ ပြဆိုခဲ့သမျှကို ဤနေရာ၌ အကုန်ပေါ်စေရမည်။

ထို့ကြောင့် –

"ဣမေ၊ ဤခန္ဓာ ၅ ပါးတို့သည်။ ဒုက္ခာ၊ ယုတ်မာညစ်ဆိုး ဆင်းရဲမျိုးတို့သာတည်း" ဟူ၍ ဆိုပေသည်။

**ဒုက္ခ ပြီး၏။**

------

## ၂။ ဘယကို ပြဆိုခန်း

**ခန္ဓာ ၅ ပါးသည် ဘေးဖြစ်ပုံ**

"ဘယ၊ ကြောက်ဖွယ်ညစ်ဆိုး ဒုက္ခမျိုး" ဆိုသည်ကား အနမတဂ္ဂ သံသရာ၌ ခန္ဓာ ၅ ပါးတို့၏ ခဏမစဲ ဖြစ်ခြင်း ပျက်ခြင်း အနိစ္စလျှင် အရင်းရှိသော ဒုက္ခစက်ကြီးတို့သည် အဝီစိသို့ ဆိုက်အောင် အဖန်တလဲလဲ အဆင့်ဆင့် လည်၍ လည်၍ နေကြကုန်၏။ ထို့ကြောင့် သမုဒ္ဒရာ

ခရီး၌ ငှက်ပျောဖောင်ကြီးကို တက်စီး၍ သွားရမည်ဆိုသော် ထိုသူတို့အား ထို ငှက်ပျောဖောင်ကြီးသည် ကြောက်ဖွယ်ညစ်ဆိုး ဒုက္ခအိုးကြီးသာ အမှန်ဖြစ်၏သို့-

ထို့အတူ အနမတဂ္ဂသံသရာခရီး၌ ခန္ဓာ ငါးပါးတို့ကို မိမိတို့ကိုယ်ပြု၍ မိမိတို့ ကိုယ်အင်္ဂါပြု၍ ရှေ့သို့ ကျင်လည်ရမည်ဆိုသော် ထိုသတ္တဝါတို့အား မိမိ မိမိတို့၏ ခန္ဓာ ၅ ပါးတို့သည် ကြောက်ဖွယ်ယုတ်ဆိုး ဒုက္ခအိုးတို့သာ အမှန်ဖြစ်ကုန်၏။

အနော်တတ်အိုင်မှ ကမ္ဘာတန်ဆာဖြစ်၍ မဟာသမုဒ္ဒရာသို့ အမြဲစီးသွား၍ နေကြကုန်သော မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ချောင်းမြောင်းများစွာတို့သည် ဟိမဝန္တာ၌ အမြဲတည်ရှိသော အနဝတတ်အိုင်ကြီးမှ ထွက်ကုန်၏။

ထို့အတူ အနမတဂ္ဂသံသရာ တန်ဆာဖြစ်၍ မဟာအဝီစိတိုင်အောင် အမြဲ အဆင့်ဆင့်လည်၍ နေကြကုန်သော ဒုက္ခစက်ကြီး ငါးဖြာ ဒုက္ခစက်ငယ်များစွာတို့သည် ခန္ဓာ ၅ ပါးတို့၌ အမြဲ တည်ရှိနေသော ဖြစ်မှု၊ ပျက်မှု ဥဒယဗ္ဗယ မှုကြီးမှ ထွက်ကုန်၏။

ထို့ကြောင့် ခန္ဓာ ၅ ပါးတို့ကို ဒုက္ခအိုးကြီး၊ ဒုက္ခတွင်းကြီး၊ ဒုက္ခအင်းကြီး၊ ဒုက္ခအိုင်ကြီးဟူ၍ ဆိုအပ်ကုန်သတည်း။

ထိုကဲ့သို့ ဒုက္ခအိုးကြီးတို့ကို မိမိ မိမိတို့၏ ကိုယ်အင်္ဂါပြု၍ ဦးခေါင်းအင်္ဂါပြု၍ ခြေအင်္ဂါ လက်အင်္ဂါ မျက်စိအင်္ဂါ နားအင်္ဂါပြု၍ အသည်းအင်္ဂါ အဆုတ်အင်္ဂါစသော အတွင်းအင်္ဂါပြု၍ ကျင်လည်ခြင်းငှာ ကြောက်လန့်ဖွယ် အလွန်ကောင်းလှလေသတည်း။

ထို့ကြောင့် "ဘယာ၊ ကြောက်ဖွယ်ညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း"ဟု ဆိုပေသည်။

ဘယ ပြီး၏။

------

## ၃။ ဉာတိကို ပြဆိုခန်း

**ခန္ဓာ ၅ ပါးသည် အန္တရာယ်မျိုး**

သမ္ပတ္တိနံ အန္တရာ ဧတိ အာဂစ္ဆတီတိ ဉာတိ၊ အန္တရာယော။ သမ္ပတ္တိနံ။ သမ္ပတ္တိတို့၏။ အန္တရာ၊ အကြား၌။ ဧတိ အာဂစ္ဆတိ၊ လာတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဉာတိ၊ ဉာတိမည်၏။ အန္တရာယော၊ အန္တာရာယ် ဆိုလိုသည်။

သတ္တဝါတို့သည် အမြဲအလိုရှိအပ်သော သုခ သမ္ပတ္တိတို့၏ အကြား၌ မကြာ မကြာ ကျရောက်၍ လာတတ်၏ ဟူလိုသည်။

၁။　ဥဒယဗ္ဗယ = (ဥဒယ =ဖြစ်ခြင်း + ဝယ = ပျက်ခြင်း) ဖြစ်ခြင်း ပျက်ခြင်း။

လူ့ခန္ဓာဖြစ်၍ တစ်ကြိမ်လာသည်နောက် အပါယ်ခန္ဓာ အကြိမ်တစ်ရာမက အကြိမ်တစ်ထောင်မက ကြားညှပ်ပြန်၏။ နတ်ခန္ဓာဖြစ်၍ တစ်ကြိမ်လာသည်နောက် အပါယ်ခန္ဓာ တစ်ရာမက တစ်ထောင်မက ကြားညှပ်မိပြန်၏။ ဗြဟ္မာ့ခန္ဓာဖြစ်၍ တစ်ကြိမ်လာသည်နောက် အပါယ်ခန္ဓာ တစ်သိန်း တစ်သန်းမက ကြားညှပ်ပြန်၏။ ဤသို့ ဘဝအားဖြင့် သမ္ပတ္တိဘဝ၏ အကြား အကြား၌ ဝိပ္ပတ္တိ ဘဝများစွာ ကြားညှပ်၏။

တစ်ခု တစ်ခုသော သမ္ပတ္တိဘဝအတွင်း၌လည်း–

ဂဗ္ဘသေယျက[1] ပုဂ္ဂိုလ်တို့အား အမိဝမ်း၌ ညစ်ညမ်းဆိုးဝါးသော ပဋိသန္ဓေကိန်းနေမှု ဝိပ္ပတ္တိဒုက္ခမှစ၍ ဣရိယာပထ သန္တာပ မီးအတွက်ဖြစ်ရသော ညောင်းမှု ညာမှုစသော ဒုက္ခမျိုး၊ ဥတုရာသီသို့လိုက်၍ ပူမှု အိုက်မှု ခြင်မှက်ကိုက်မှု ချမ်းအေးမှု ဒုက္ခမျိုး၊ အသက်မွေးမှုအတွက် ထိုထိုအတတ်ပညာ သင်ကြားမှုအတွက် အပန်းအနွမ်း အချမ်းအပူခံရသော ဒုက္ခမျိုး၊ ရံခါ ရံခါ ထိုထိုရောဂါမျိုး အနာမျိုးတို့နှင့် တွေ့ကြုံရသော ဒုက္ခမျိုး၊ ရံခါ ရံခါကပ်သုံးပါးနှင့် တွေ့ကြုံရသော ဒုက္ခမျိုး၊ ရန်သူမျိုးငါးပါးနှင့် တွေ့ကြုံရသော ဒုက္ခမျိုးအစရှိသည်ဖြင့် ကိုယ်စိတ်နှစ်ပြင် ကြည်လင်ချမ်းမြသော သမ္ပတ္တိခန္ဓာ၏ အကြား အကြား၌ ဝိပ္ပတ္တိခန္ဓာတို့သည် များစွာ များစွာ ကြားညှပ်ကုန်၏။

စေ့စေ့စုံစုံ မြော်မြင်တတ်ပါလျှင် တစ်ဘဝလုံး၌ သမ္ပတ္တိ အခွင့်ပင် မရှိသလောက်ဖြစ်၏။ အဝိဇ္ဇာ တဏှာဟူသော ဓာတ်ညစ်ကြီး ဓာတ်ပုပ်ကြီးတို့၏ အလိုနှင့်သာ ပျော်နိုင်ကြရကုန်၏။ နာမ်ခန္ဓာတို့သည်လည်း ကုသိုလ်ဟူသော သမ္ပတ္တိခန္ဓာတို့၏ အခွင့်သည် အလွန်နည်းပါး၏၊ ကုသိုလ်အလှည့်၏ အကြားအကြား၌ အကုသိုလ်အလှည့် ဒုစရိုက်အလှည့်တို့သည် အလွန်များစွာ များစွာ ညှပ်ကုန်၏။ စေ့စေ့စုံစုံ မြော်မြင်တတ်ကြပါကုန်မူကား ကုသိုလ်အခွင့်ပင် မရှိသလောက်ဖြစ်ပေ၏။ ထို့ကြောင့်

"ဤတိ၊ ထိတ်လန့်သဖွယ် အန္တရာယ်မျိုးတို့သာတည်း"ဟု ဆိုပေသည်။

ဤမှ နောက်၌ အကျဉ်းမျှကိုသာ ပြဆိုအံ့။

**ဤတိ ပြီး၏။**

------

၁။ ဂဗ္ဘသေယျက = (ဂဗ္ဘ = ဝမ်းတိုက်၌ + သေယျက = ကိန်းအောင်းသူ) အမိဝမ်းတိုက်၌ ပဋိသန္ဓေကိန်းအောင်းသူ။

## ၄။ ဥပဒ္ဒဝကို ပြဆိုခန်း

**နိပ်စက်တတ်သော ခန္ဓာငါးပါး**

ဥပဂန္တွာ ဒဝတီတိ ဥပဒ္ဒဝေါ။
ဥပဂန္တွာ၊ ကပ်ရောက်၍။ ဒဝတိ၊ ပူပန်ပင်ပန်းစေတတ်၏။
ဣတိ၊ ထို့ကြောင့်။ ဥပဒ္ဒဝေါ၊ ဥပဒ္ဒဝ မည်၏။

ဦးခေါင်း၌ မိုးကြိုးကျခြင်း၊ လောင်မီးကျခြင်း၊ အဆိပ်ထန်သော မြွေခဲခြင်း၊ ကင်းခဲခြင်း၊ ဆင်နင်းခြင်း၊ ကျားခဲခြင်း၊ သစ်ပင်မှကျခြင်း၊ ကာလနာ၊ ဘေးထိုးနာ အစရှိသော ရုတ်တရက်ဖြစ်၍ အပြင်းအထန်ခံရသော ရောဂါဆိုး အနာဆိုး ကပ်ရောက်ခြင်း အစရှိသော အကြောင်းတို့ကြောင့် သုခအဖို့မှ ခဏခြင်း ပြောင်းလဲ ဖောက်ပြန်၍ ပြင်းထန်စွာ ပင်ပန်းသော ဒုက္ခအဖို့သို့ ရောက်သော ခန္ဓာ ၅ ပါးကို "ဥပဒ္ဒဝ" ဆိုသတည်း။

ဤဘာဝနာအရာ၌မူကား ခန္ဓာတို့၏ ပကတိသဘောကို ထုတ်ဖော်၍ ရှုရသည်။ ပကတိသဘောဖြင့်သာ အရိုးအမျိုး ဆိုလိုက်သည်။

**ခန္ဓာ ၅ ပါး၏ နိပ်စက်မှုကို ရှုပုံ**

ရှုပုံကား ငါ၏ ခန္ဓာ ၅ ပါးသည် ဘယ်အခါမဆို မိုးကြိုးမှန်ခဲ့သော် ဘယ်အနေလောက် ဒုက္ခအဖို့သို့ ခဏခြင်း ရောက်၍ သွားလိမ့်မည်နည်း အစရှိသည်ဖြင့် ကြံဖန်၍ ကြည့်ခဲ့သည်ရှိသော် အလွန်ပြင်းထန်စွာ ပင်ပန်းစွာ ဒုက္ခတုံးကြီး ဒုက္ခခဲကြီး ဖြစ်၍နေသည်ကို မြင်လိမ့်မည်။

အမိမှ မွေးဖွားသည်မှစ၍ တစ်ဘဝလုံးတွင် ဘယ်နာရီမဆို ထိုကဲ့သို့သော ဥပါဒ်ကြီး ဆိုက်လာခဲ့လျှင် ထိုကဲ့သို့ ဖြစ်တတ်သော ပကတိသဘောသည် မိမိခန္ဓာတို့၌ အနမတဂ္ဂသံသရာမှာ အမြဲပါရှိ၍နေသည်ကိုလည်း မြင်ရလိမ့်မည်။

အပါယ် ၄–ဘုံတွင် မီးငရဲတို့၌လည်းကောင်း၊ မီးကျီးမိုးရွာ၍နေသော ငရဲတို့၌လည်းကောင်း၊ ကြေးပူရည် သံပူရည်ပြည့်သော မြစ်တို့၌လည်းကောင်း၊ ဓားမိုး လှံမိုးရွာ၍နေသော ထက်ပံတော ငရဲ၊ အသိပတ္တ ငရဲတို့၌လည်းကောင်း၊ ၃၂–ပါးသော ကံကြမ္မာတို့ကို ပြုရာဌာနတို့၌လည်းကောင်း၊ ကျရောက်၍သွားသောအခါ၌ ကျရောက်သည့်ခဏမှစ၍ အနှစ်တစ်သိန်း၊ အနှစ်တစ်သန်းစသည် တည်နေသမျှ ကာလအတွင်း၌ အသက်တစ်ရှူမျှ ချောမောစွာ ရှူခွင့်မရဘဲ အလိုက်အထုံ ဆင်းရဲပင်ပန်းသော ဒုက္ခအဖို့သို့ ရောက်သောအခါတို့၌ ဤခန္ဓာတို့သည် အဘယ်သို့ဖြစ်၍ နေကြကုန်လိမ့်မည်နည်းဟု ကြံဖန်၍ကြည့်ခဲ့သည်ရှိသော် မိုးကြိုးထောင်မီးကျသော ဒုက္ခတို့ထက် အဆအသိန်းအသန်းမက ပင်ပန်းလှသော ဒုက္ခတုံးကြီး ဒုက္ခခဲကြီးတွေဖြစ်၍ နေကြသည်ကို မြင်ရလိမ့်မည်။

ဤကား အနမတဂ္ဂသံသရာ၌ ခန္ဓာတို့၏အတွင်းမှာ အစဉ်အမြဲ ပါရှိ၍နေသော ပကတိဥပဒ်ကြီး ဥပဒ္ဒဝေါကြီးတို့ပေတည်း။

ခန္ဓာတို့ကား ဤကဲ့သို့သော ဥပဒ်အိုးကြီး ဒုက္ခအမျိုးအရိုးကြီးတို့ကို မိမိ ကိုယ်ပြု၍ အတွင်းအင်္ဂါ အပအင်္ဂါပြု၍ အတ္တသာရပြု၍ သံသရာ၌ ကျင်လည်၍သွားခဲ့သော် ဘယ်မျှလောက် ဆင်းရဲတွင်းကြီး နက်ရာသည်ဟု ရှုမြော်လေ။

**ဥပဒ္ဒဝ အဓိပ္ပာယ်**

ထို့ကြောင့်–“ ဥပဒ္ဒဝါ၊ လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း” ဟုဆိုပေသည်။ ဤဘာဝနာ အရာမည်သည် အမျိုးအရိုးကို လိုက်ရသော အရာဖြစ်၍ ပြုပြင်မှုအတွက်နှင့် သုခသမ္ပတ္တိအဖို့၌ တည်ဆဲဖြစ်သော သိကြားမင်း၏ခန္ဓာ ၅–ပါးသည်လည်း အမျိုးအရိုးအားဖြင့် ဥပဒ္ဒဝေါမျိုးသာ အမှန်ဖြစ်သည် ဟုမှတ်။

ထို့ကြောင် သိကြားမင်း၏ ခန္ဓာ ၅–ပါးတို့သည်လည်း ပြုပြင်မှုဟူသော ရေးကံ၏ အာနုဘော်ကုန်ဆုံးခဲ့လျှင် ဝိပ္ပတ္တိသို့ ပြန်ရောက်ရပြန်သတည်း၊ အရာတိုင်း၌ ဤပကတိ သဘောကို ပဓာနပြုလေ။

**ဥပဒ္ဒဝ ပြီး၏။**

# ၅-ဥပသဂ္ဂကို ပြဆိုခန်း

**ဥပသဂ္ဂ**

ဥပဂန္တွာ သဇ္ဇတီတိ ဥပသဂ္ဂေါ။
ဥပဂန္တွာ၊ ကပ်ရောက်၍။ သဇ္ဇတိ၊ တွယ်ငြိကပ်စွဲ၍ နေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဥပသဂ္ဂေါ၊ ဥပသဂ္ဂ မည်၏။

**ခန္ဓာ ၅ - ပါးသည် နုနာမျိုး**

ကိုယ်ခန္ဓာ၌ ကပ်ရောက်ပြီးနောက် ကင်းပျောက်စေခြင်းငှာ မရနိုင်သော နုနာမျိုး၊ ထွတ်မြင်းနာမျိုး၊ ပန်းနာမျိုး၊ ချောင်းဆိုးနာမျိုး၊ လေနာမျိုး၊ ရင်နာမျိုး၊ ဝက်ရူးနာမျိုး၊ သည်းခြေရူးနာမျိုး၊ ဦးယဉ်ခေါင်းခဲနာမျိုး အစရှိသည်တို့တည်း။

နာမက္ခန္ဓာတို့၌မူကား- လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယ အစရှိကုန်သော အနာမျိုး၊ ရောဂါမျိုး၊ ဥပဒ်မျိုးတို့သည် အနမတဂ္ဂ သံသရာ၌ ယနေ့ထက်တိုင် ကပ်စွဲလျက် ရှိနေကြကုန်၏၊ မဂ်သို့ရောက်မှ ပျောက်ကင်းကြတော့သည်။

ဤခန္ဓာ ၅-ပါးတို့သည် အကြောင်းဆိုက်တိုက်လာသည်ရှိသော် ပဋိသန္ဓေမှစ၍ တစ်ဘဝလုံးတွင် ဘယ်အခါ၌မဆို နုနာကြီးတွေဖြစ်၍ တစ်သက်လုံးသွားနိုင်၏၊ အကြွင်းကို ဥပဒ္ဒဝအတိုင်း ဆိုလေ။

ထို့ကြောင့်-

"ဥပသဂ္ဂေါ၊ တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း" ဟု ဆိုပေသည်။

**ဥပသဂ္ဂ ပြီး၏။**

------

# ၆-၉ သလ္လ၊ ရောဂ၊ အာဗာဓ၊ ဂဏ္ဍတို့ကို ပြဆိုခန်း

**ခန္ဓာ ၅-ပါးသည် မြားငြောင့် 'သလ္လ'**

သလတိ ဝိဇ္ဈတီတိ သလ္လံ။
သလတိ ဝိဇ္ဈတိ၊ စူးမြုပ်၍ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သလ္လံ၊ သလ္လမည်၏။

ပယ်ရှားကုစားခြင်းငှာ လွယ်လုစွာသော အပေါ်ယံပြင်ပတွင် အာဂန္တုက အနေနှင့် ကပ်ရောက်သည်မဟုတ်၊ ပယ်နုတ်ခြင်းငှာ မတတ်ကောင်းအောင် စူးဝင်နစ်မြုပ်တတ်သည် ဟူလို။

ပြဆိုပြီးသော ဥပဒ္ဒဝ, ဥပသဂ္ဂတို့ကိုပင် ယူ။

၁။ အရေအတွင်း၌ဖြစ်သော ဥပဒ်
၂။ အပမှဖြစ်၍ အရေအတွင်းတိုင်အောင် စူးဝင်သော ဥပဒ်
၃။ ကိုးရာသော အသားတို့၏ အတွင်း၌ဖြစ်ပွားသော ဥပဒ်
၄။ အပမှဖြစ်၍ အသားတို့သို့ ပေါက်ရောက်၍သွားသော ဥပဒ်
၅။ အကြောတွင်း အရိုးတွင်းတို့၌ ဖြစ်သော ဥပဒ်
၆။ အပမှဖြစ်၍ အကြောတွင်း အရိုးတွင်းတို့သို့ ပေါက်ရောက်သော ဥပဒ်
၇။ ဦးနှောက်တွင်း၌ ဖြစ်သော ဥပဒ်
၈။ အဆုတ်တွင်း၌ ဖြစ်သော ဥပဒ်
၉။ အသည်းတွင်း နှလုံးတွင်း၌ ဖြစ်သော ဥပဒ်
၁၀။ အပမှဖြစ်၍ ဦးနှောက်တွင်း၊ အဆုတ်တွင်း၊ အသည်းတွင်း၊ နှလုံးတွင်းတို့သို့ ပေါက်ရောက်သော ဥပဒ်တို့ကို ယူလေ။

အပမှ မြားမှန်သည် မြားစူးသည်၊ သေနတ်မှန်သည်၊ စိန်မှန်သည်၊ ဗုံးမှန်သည်၊ ဓားစူးသည်၊ လှံစူးသည်၊ ဆူးစူးသည်၊ ငြောင့်စူးသည် ဟူရာတို့၌–

အဇ္ဈတ္တခန္ဓာတို့ အခြေအနေ မပျက်ခဲ့လျှင် ဝရဇိန် လက်နက်ပင် ဖြစ်သော်လည်း ဥပဒ်မပြုနိုင်။ မြားငြောင့် စသည့်တို့ကို ခဏချင်းနုတ်ပယ်၍ပစ်သဖြင့် မြားငြောင့် မရှိသော်လည်း နာမှု၊ ကျင်မှု၊ ဖောက်ပြန်မှုဟူသော အဇ္ဈတ္တခန္ဓာတို့၏ အမှုသည်ကား တစ်ရက်နှင့်မငြိမ်း၊ တစ်လနှင့်မငြိမ်း၊ တစ်နှစ်နှင့်မငြိမ်း ပြင်းထန်စွာ ခံရ၍နေကြရ၏။

ထို့ကြောင့် မြားမှန်မှု၊ မြားစူးမှု စသည်တို့မှာလည်း အဇ္ဈတ္တခန္ဓာ ၅–ပါး တို့ကိုသာ မြားဟူ၍ ဆိုထိုက်သတည်း။

နာမက္ခန္ဓာတို့၌ ရာဂသလ္လ၊ ဒေါသသလ္လ၊ မောဟသလ္လ၊ ဒိဋ္ဌိသလ္လ အစရှိသည်ဖြင့် လာ၏၊ အနမတဂ္ဂသံသရာနှင့်အမျှ ထာဝရစူးဝင်၍နေသော ရာဂမြား၊ ရာဂငြောင့်၊ ဒေါသမြား၊ ဒေါသငြောင့်၊ မောဟငြောင့်၊ ဒိဋ္ဌိငြောင့်၊ ဝိစိကိစ္ဆာငြောင့် စသည်တို့ကား သဗ္ဗညုဘုရားတို့မှသော်လည်း နုတ်ပယ်ခြင်းငှာ မတတ်ကောင်းကုန်သည်ဖြစ်၍ ယခုငုတ်တုတ် စူးဝင်လျက်ပင် ရှိကြကုန်သတည်း။

ပြုခဲ့ဖူးသော ပါဏာတိပါတ အစရှိသော ကံဟောင်းတို့သည်လည်း တစ်ယောက် တစ်ယောက်သော သတ္တဝါသန္တာန်၌ အဝိစိသို့ချရန် အသင်္ချေ အနန္တ, သဃ်တ(ငရဲ) သို့ချရန် အသင်္ချေ အနန္တ စသည်ပါရှိ၍ နေကြကုန်၏။ အနတ္တဘာဝနာ အလုပ်မထမြောက် သမျှ ကာလပတ်လုံး ဘယ်လိုနည်းလမ်းနှင့်မျှ နုတ်ပယ်ခြင်းငှာ မတတ်ကောင်းကုန်၊ ထို့ကြောင့်–

"သလ္လာ၊ စူးဝင်ညစ်ဆိုး ဒုက္ခမျိုးသာတည်း" ဟု ဆိုပေ၏။
ရောဂမျိုး, အာဗာဓမျိုး, ဂဏ္ဍမျိုးဖြစ်ကြောင်းကို ရှေး၌ ပြဆိုခဲ့ပြီ။

**သလ္လ, ရောဂ, အာဗာဓ, ဂဏ္ဍ ပြီး၏။**

-----------

## ၁၀–အဃကို ပြဆိုခန်း

**ခန္ဓာ ၅–ပါးသည် အကျိုးမဲ့ခြင်း**

မလေဟိ ဘုသော ဟညတေတိ အဃံ။
မလေဟိ၊ အညစ်အကြေးတို့သည်။ ဘုသော၊ လွန်စွာ။ ဟညတေ၊ နှိပ်စက်ဖျက်ဆီးအပ်၏။ ဣတိ၊ ထို့ကြောင့်။ အဃံ၊ အဃ မည်၏။ အာ–ကို အရသဿပြု။

**အဃ အဓိပ္ပာယ်**

လောက၌ အသုံးမကျသော၊ အနှစ်သာရမရှိ အညစ်အကြေး ဘေးရန်အစုမျှသာဖြစ်၍ ကဲ့ရဲ့အပ် စွန့်ပစ်အပ်သော သက်ရှိ သက်မဲ့ ဝတ္ထုမျိုးကို အဃဟူ၍ ဆိုအပ်၏။

**အလဃားဟူသော ဝေါဟာရ**

ဤ လူကား အလဃားလူတည်း၊ ဤ ဝတ္ထုကား အလဃားဝတ္ထု တည်းဟု ဆိုကြရာ၌ ဤ အဃ သဒ္ဒါရင်းပင်တည်း။ ဤအရာ၌ ဇာတိအမျိုးအရိုးအားဖြင့် ဒုက္ခမျိုး ဘယမျိုး ဤတိမျိုး ဥပဒ္ဒဝမျိုး ဥပသဂ္ဂမျိုး သလ္လမျိုး ရောဂမျိုး အာဗာဓမျိုး ဂဏ္ဍမျိုးအစစ်ဖြစ်ကုန်သော ခန္ဓာ ၅–ပါးတည်းဟူသော ဝိပ္ပတ္တိဓမ္မမျိုးတို့ကို "အဃ" ဟူ၍ ဆိုသတည်း။

## ပြုပြင်မှု မပြိုပုံ

၁။ ထင်းခြောက်တို့မည်သည် ပကတိဇာတိအားဖြင့် မတင့်တယ်သော ဝတ္ထုမျိုး ဖြစ်ပါကုန်လျက် ပြုပြင်မှု၏ အစွမ်းကြောင့် ရွှလုံးကြီးငယ်ဖြစ်၍ ပတ္တမြားလုံးသဏ္ဌာန်၊ နေဝန်းသဏ္ဌာန်၊ လဝန်းသဏ္ဌာန်၊ ကြယ်နက္ခတ် ကြီးငယ်သဏ္ဌာန်ကဲ့သို့ ဖြစ်၍အထွတ် အမြတ်ဖြစ်သော ကျက်သရေမင်္ဂလာဌာနတို့၌ အသုံးပြုကြကုန်၏။

၂။ ဇာတိအားဖြင့် အမှိုက် မီးစာမျိုးဖြစ်ကုန်သော သစ်ခွံ သစ်ခေါက်တို့ကို ပြုပြင်၍ စက္ကူနီ၊ စက္ကူဝါ၊ စက္ကူစိမ်း စသည်ဖြစ်၍ အတင့်အတယ်အရာ၌ အသုံးပြုကြကုန်၏။

၃။ ပကတိ ဇာတိအားဖြင့် အမှိုက် မီးစာမျိုးဖြစ်သော လဲဝါမျိုး၊ လျှော်မျိုးတို့ကို ပြုပြင်၍ ပုဆိုးကောင်း၊ အဝတ်ကောင်း၊ အခင်းကောင်း၊ အခြုံကောင်း၊ ဖဲကတ္တီပါ၊ ကော်ဇော၊ ကမ္ဗလာ စသည်ပြု၍ အတင့်အတယ် အရာ၌ အသုံးပြုကြကုန်၏။

၄။ ပကတိ ဇာတိအားဖြင့် အမှိုက် မီးစာမျိုးဖြစ်သော ဝါး၊ သစ်သားတို့ကို ပြုပြင်၍

များစွာသောလူတို့ အသုံးအဆောင်မျိုး၊ ကျောင်း၊ အိမ်၊ ဇရပ်၊ ပြာသာဒ်၊ ဘုံနန်းစသည်ပြုလုပ်ကြကုန်၏၊ ပြုပြင်မှုသည် အာဂန္တု မျှသာဖြစ်၍ အမြဲတည်ခြင်း မရှိသဖြင့် ထိုအလုံးစုံတို့သည် အဆုံး၌ အမှိုက် မီးစာအဖြစ်သို့ ပြန်၍ ကျမြဲ ရောက်မြဲ ဓမ္မတာဖြစ်ကြကုန်၏၊ ထိုမှတစ်ပါး–

ပကတိအားဖြင့် မြေဓာတ်မျိုး ဖြစ်ကြကုန်သော မြက်ပင်၊ နွယ်ပင်၊ ချုံပင်၊ သစ်ပင် ဝါးပင် အလုံးစုံတို့သည် မြေ ရေ ဥတု ပြုပြင်မှုကြောင့် ဩကာသလောက[1] ကို တန်ဆာ ဆင်ကြကုန်ဘိသကဲ့သို့ ဖြစ်ပွားကြကုန်သော်လည်း အဆုံး၌ ပကတိဓာတ်သို့ ပြန်မြဲ ပြန်၍ မြေကြီး၏ အစီးအပွား၌ အတည်ကျကြကုန်၏။

သတ္တဝါတို့၏ ခန္ဓာကိုယ်တို့သည်လည်း ပကတိ ဓာတ်အားဖြင့် အပုပ်မျိုး၊ ရွံဖွယ် မျိုး၊ စက်ဆုပ်ဖွယ်မျိုး၊ မြေဓာတ်မျိုး အစစ်ဖြစ်ကြကုန်၍ ပြုပြင်မှု လွတ်ကင်းလျှင် ရွံဖွယ် စက်ဆုပ်ဖွယ်ဓာတ် ခဏချင်းဖြစ်ပေါ်၏၊ အဆုံး၌ ရွံဖွယ် စက်ဆုပ်ဖွယ် မြေကြီး အစဉ်အတိုင်း ပြန်၍ အဆုံးသတ်ကြကုန်၏။

လေတံခွန် မီးအိမ်ပျံတို့သည် ပြုပြင်မှုအတွက် ကောင်းကင်သို့ ပျံတက်ကြကုန် သော်လည်း အောက်သို့ကျ၍ အဆုံးတိုင်မြဲ ဖြစ်ကြကုန်သကဲ့သို့ နတ်ပြည်ခြောက်ထပ်၌ နတ်သိကြားတို့၏ ခန္ဓာအစဉ်၊ ဗြဟ္မာတို့၏ ခန္ဓာအစဉ်တို့သည်လည်း အောက်ကျမြဲ ဓမ္မတာသာ ဖြစ်ကြကုန်၏။

လောကဓာတ်တစ်ခုလုံး၌ ပြုပြင်မှု မျက်လှည့် အာဂန္တုနှင့် နဂိုဓာတ် ပကတိ အရှိးမှုတို့ကို ခြားနား၍ မြင်တတ်ကြစေကုန်။

နာမ်တရားတို့သည်လည်း ကိလေသာ ဒုစရိုက်၊ အမိုက်မှု၊ အမဲမှု၊ အမှားမှု၊ အမှောက်မှု၊ အယုတ်မှု၊ အညံ့မှု၊ အဖျင်းမှု၊ အသိမ်မှုတို့ကား နာမက္ခန္ဓာတို့၏ ပကတိ ဓာတ်မှုတို့တည်း၊ ပြုပြင်မှု ထက်လွတ်ခဲ့လျှင် ပကတိ ဓာတ်သို့ ခဏချင်း ပြန်မြဲတည်း။

ခပ်သိမ်းသော ရုပ်တရား၊ နာမ်တရားတို့သည် ပြုပြင်မှုမရှိဘဲ ပေါက်လွှတ်ထားခဲ့ လျှင် ကောင်းမြတ်သောဘက်သို့ အလိုအလျောက် တိုးတက်၍သွားသည်ဟု တစ်စုံ တစ်ခုမျှမရှိ၊ မကောင်းယုတ်မာဘက်သို့သာ ပိုင်းပိုင်းထဲ၍သွားမြဲဓမ္မတာ ဖြစ်သတည်း။ အနမတဂ္ဂ တစ်ချောက်လုံး မြော်လေ။

---

၁။ ဩကာသလောက = သတ္တဝါတို့၏ တည်ရာဌာနဖြစ်သော ၃၁–ဘုံ။

ထို့ကြောင့်–
"အဃာ၊ အကျိုးယုတ် အကျိုးမဲ့မျိုးသာတည်း" ဆိုပေသည်။
အဃ ပြီး၏။

----

## ၁၁ – အတာဃကို ပြဆိုခန်း

**တာဏ** တာယတိရက္ခတီတိ တာဏံ။ တာယတိ=ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တာဏံ၊ တာဏ မည်၏။ ငါ့အား တစ်စုံတစ်ခုသော အန္တရာယ် ဖြစ်လာလျှင် နိုင်အောင် တားမြစ်လိမ့်မည်ဟု စိတ်ချရသော အစောင့်အရှောက်ကြီးမျိုးကို "တာဏ" ဆိုသည်။

ထိုကဲ့သို့ စိတ်ချရသော တရားကိုသာလျှင် မိမိတို့ ကိုယ်ခန္ဓာပြု၍ ကိုယ်ခန္ဓာ၏ အတွင်းအင်္ဂါ အပအင်္ဂါပြု၍ ဤသံသရာကြီး၌ ကျင်လည်ခြင်းငှာ သင့်၏။

**မစောင့်ရှောက်တတ်သော ခန္ဓာ၅–ပါး** ဤခန္ဓာ ၅–ပါးတို့သည်ကား ထိုကဲ့သို့သော စောင့်ရှောက်တတ်သော တရားမျိုး မဟုတ်ကုန်၊ စင်စစ်မူကား မဟာသမုဒ္ဒရာအလယ်၌ ငှက်ပျောဖောင်ကြီးကဲ့ သို့ သံသရာ၌ ဆိုက်လာသမျှသော ဘေးတို့ကို အကုန်လုံးဖွင့်လှစ်၍ ပေးကုန်၏၊ ဆိုက်လာသမျှသော ဘေးတို့၏ အသင်းအပင်း အတွင်းမိးကျီးတွေသာ ဖြစ်ကုန်၏၊ အနမတဂ္ဂသံသရာ၌ သတ္တဝါအပေါင်းတို့သည် အပါယ်ဘေးကို ကြောက်ကြလှကုန်သည်ဖြစ်၍ ဒါန၊ သီလ၊ ဘာဝနာမှုတို့ဖြင့် လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာ၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာ အသစ်သစ်တည်ထောင်၍ ကိုယ်ပြုကြကုန်၏၊ ကိုယ်အင်္ဂါ ပြုကြကုန်၏။

**အတွင်းမိး** ကိုယ်ခန္ဓာတို့၌ အတွင်းအင်္ဂါအဖြစ်နှင့် အနမတဂ္ဂသံသရာတွင် အစဉ်ပါရှိ၍ နေကုန်သော လောဘခန္ဓာ၊ ဒေါသခန္ဓာ၊ မောဟခန္ဓာ၊ မာနခန္ဓာ၊ ဒိဋ္ဌိခန္ဓာ၊ ဒုစရိုက်ခန္ဓာတို့သည်ကား လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ရှိသမျှသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို တစ်ယောက်မကျန် အပါယ်သို့ချည်း ယူဆောင်မည်ဟု ရှိနေကြကုန်သော အတွင်းမိးတို့တည်း။

ထိုအတွင်းမိးတို့သည် အနိစ္စတရားနှင့် တစ်ချက်တည်း တွဲဖက်ကြကုန်၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို အပါယ်သို့ချည်း အတွင်ချကုန်၏၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်ကား မသေမီကာလ၌ ထိုအတွင်းမိးတို့ကိုပင်လျှင် အာရုံ ၆–ပါးတည်းဟူသော အစာရေစာနှင့် ကောင်းမွန်စွာ မွေးမြူကြရကုန်၏၊ သေလျှင် အပါယ်သို့သာ ပါကြရလေကုန်၏၊ အနမတဂ္ဂ သံသရာ တစ်လျှောက်လုံး မြော်ကြလေ၊ ထို့ကြောင့်–

"ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာ ၅–ပါးတို့သည်။ အတာဏ၊ စောင့်ရှောက်မဲ့လျှင်းဘေး၏ အသင်းတို့သာတည်း" ဟုဆိုသည်။

**စောင့်ရှောက်တတ်သော နိဗ္ဗာန်** နိဗ္ဗာန် တရားသည်သာလျှင် တာဏ အစစ်အမှန်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်–

တာဏဉ္စ ဘိက္ခဝေ ဒေသိဿာမိ တာဏဂါမိနိ ပဋိပဒဉ္စ၊
ကတမဉ္စဘိက္ခဝေ တာဏံ၊ ရာဂက္ခယော ဒေါသက္ခယော
မောဟက္ခယော, ဣဒံ ဝုစ္စတိ ဘိက္ခဝေ) တာဏံ။
ကတမာ စ ဘိက္ခဝေ တာဏဂါမိနိ ပဋိပဒါ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ တာဏဂါမိနိ ပဋိပဒါ" ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တာဏဉ္စ၊ ဘေးရန်အများ စောင့်ရှောက်ထားသည့် နိဗ္ဗာန်တရားကိုလည်းကောင်း။ တာဏဂါမိနိ ပဋိပဒဉ္စ၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားကို လည်းကောင်း။ အဟံ၊ ငါ ဘုရားသည်။ ဒေသိဿာမိ၊ ဟောကြားပေအံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်တရားသည်လျှင်။ တာဏံ၊ ဘေးရန်အများ စောင့်ရှောက်ထားသည့် နိဗ္ဗာန်တရား မည်သနည်း။

ရာဂက္ခယော၊ ယောဘအမှုးရှိသော ကိလေသာတို့၏ ကုန်ခြင်းသည်လည်းကောင်း။ ဒေါသက္ခယော၊ ဒေါသအမှုးရှိသော ကိလေသာတို့၏ ကုန်ခြင်းသည်လည်း [illegible]င်း။ မောဟက္ခယော၊ မောဟအမှုးရှိသော ကိလေသာတို့၏ ကုန်ခြင်းသည်လည်း ကောင်းတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤရာဂက္ခယ စသည်ကို။ တာဏံ၊ ဘေးရန်အများ စောင့်ရှောက်ထားသည် နိဗ္ဗာန်တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာ စ၊ အဘယ်တရားသည်လျှင်။ တာဏဂါမိနီ ပဋိပဒါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားမည်သနည်း။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်ပင်တည်း။

ဣဒံ၊ ဤမဂ်သည်။ သေယျထား၊ အဘယ်နည်းဟူမူ၊ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်လည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ သမာကမ္မန္တော၊ သမ္မာကမ္မန္တသည်လည်းကောင်း။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်လည်းကောင်း။ သမ္မာဝါယာမော၊ သမ္မာဝါယာမ

သည်လည်းကောင်း။ သမ္မာသတိ၊ သမ္မာသတိသည်လည်းကောင်း။ သမ္မာသမာဓိ၊ သမ္မာသမ္မာဓိသည်လည်းကောင်းတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤမဂ္ဂင်ရှစ်ပါးကို။ တာဏဂါမိနီ ပဋိပဒါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ဘုံစဉ်စံ အရိယာတို့၏ တာဏ**

ဘုံစဉ်စံအရိယာတို့၌ကား ဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏နောင်ကြွင်းမရှိ ကုန်ငြိမ်းမှု၊ ဒုစ္စရိုက်ဟောင်း ဒုစ္စရိုက်သစ်တို့၏ နောင်ကြွင်းမရှိကုန်ငြိမ်းမှုဟူသော သဥပါဒိသေသ ပဌမ နိဗ္ဗာန်သည် တာဏမည်၏။

ကုန်ငြိမ်းခြင်းသို့ရောက်သော ခဏမှစ၍ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ လူ နတ် ဗြဟ္မာ ချမ်းသာသုံးပါးကို အစဉ်ခံစား စံစား၍ သွားကြလေကုန်ရာ ထိုငြိမ်းမှုသည် ထိုသူတို့ကို အပါယ်ဘေးမှ အမြဲစောင့်ရှောက်ကာ အစဉ်ပါလေတော့သည် ထိုငြိမ်းမှု ကုန်ဆုံးသည်ဟူ၍ အနမတဂ္ဂသံသရာနှင့်အမျှ မရှိပြီ။

ထိုသူ၏သန္တာန်၌ ဒိဋ္ဌိပေါ်လာပြန်သည်၊ ဒုစရိုက်ပေါ်လာပြန်သည်၊ အပါယ်ဘေးကို ကြောက်ရပြန်သည်ဟု မရှိပြီ ဆိုလိုသည်။

**အတာဏ ပြီး၏။**

------

# ၁၂ - အလေဏကို ပြဆိုခန်း

**လေဏ။**　　။　　လီယန္တိ ဧတ္ထာတိ လေဏံ။

ဧတ္ထ၊ ဤအရပ်၌။ လီယန္တိ၊ ခိုလှုံပုန်းအောင်းကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ လေဏံ၊ လေဏမည်၏။

ဘေးအန္တရာယ်တို့ကို ကာကွယ်ဆီးတားရာဌာန၊ ဘေးအန္တရာယ်တို့မှ လုံခြုံရာဌာန ဆိုလိုသည်။

**မလုံခြုံသော ခန္ဓာ၅-ပါး**

ခန္ဓာ ၅-ပါးတို့သည် အပါယ်ဘေးသံသရာဘေးတို့မှ လုံးခြုံရာဌာန မဟုတ်ကုန်၊ စင်စစ်မူကား ခပ်သိမ်းသော အပါယ်ဘေး၊ သံသရာဘေး ဟူသမျှတို့သည် ခန္ဓာ၅-ပါးတို့၏ အတတ်သာတည်း။

သတ္တဝါတို့သည်ကား အပါယ်ဘေးကြီးမှ လွတ်ခြင်းငှာ လူ့ဘဝကို အားကိုးကြကုန်၏၊ နတ်ဘဝ ဗြဟ္မာ့ဘဝကို အားကိုးကြကုန်၏၊ ဒါန၊ သီလ ဘာဝနာကိုပြု၍

လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့ကို အသစ်အသစ်တည်ထောင်၍ မိမိ မိမိတို့ အတ္တ ပြုလုပ် ခိုလှုံကြကုန်၏။

တောခရီး၌ ခရီးသွားယောကျ်ား သုံးယောက်တို့သည် တောဆင်ရိုင်းနှင့် တွေ့ဆုံမိကြ၍ ဆင်ဘေးမှ ကြောက်ကြသဖြင့် လုံခြုံခြင်းငှာ အနီး၌ရှိသော ကျောက်ဂူကြီးသုံးခုသို့ ဝင်ပြေးကြလေရာ ကျားတွေနေသော ကျောက်ဂူတွင်းသို့ ဝင်မိလျက်ငြားကြသဖြင့် ကျားတို့၏ အစာ ဖြစ်ကြလေကုန်သကဲ့သို့တည်း၊ သံသရာကြီးတစ်လျှောက်လုံးပေါက်အောင် မြော်ကြလေ။

ထို့ကြောင့် "အလေဏ" ဟုဆိုပေသည်။

နိဗ္ဗာန်သည်သာလျှင် ခိုလှုံပုန်းအောင်ရာဌာန အမှန်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်–

"လောကဉ္စ ဘိက္ခဝေ ဒေသိဿာမိ လေဏဂါမိနိ ပဋိပဒဉ္စ"[၁] အစရှိသည်ဖြင့် ဟောတော်မူပေသည်၊ အလုံးစုံသည် အတာဏပုဒ်နှင့် တူပြီ။

**အလေဏ ပြီး၏။**

------

## ၁၃ – အသရဏကို ပြဆိုခန်း

**သရဏ။** ။ အဟိတေ ဓမ္မေ သရတိ ဟိံသတီတိ သရဏံ။

အဟိတေ၊ အကျိုးမဲ့ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ သရတိ ဟိံသတိ၊ တွန်းလှန်ပယ်ရှားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သရဏံ၊ သရဏ မည်၏။ ကိုးကွယ်ရာကြီး ဟူလိုသည်။

**ကိုးကွယ်ရာမဟုတ်သော ခန္ဓာ ၅–ပါး**

ခန္ဓာ ၅–ပါးတို့သည် ထိုကဲ့သို့ ကိုးကွယ်ရာ မဟုတ်ကုန်၊ ထို့ကြောင့်– "ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာ ၅–ပါးတို့သည်။ အသရဏာ၊ ကိုးရာမဲ့လျှင် ဘေး၏အသင်းတို့သာတည်း" ဟု ဆိုပေသည်။

**အသရဏ ပြီး၏။**

-----

၁။ သံယုတ်ပါဠိတော်၊ သဠာယတနဝဂ္ဂသံယုတ်၊ အနာသဝါဒိသုတ်၊ နှာ – ၅၄၂။

# ၁၄- အာဒီနဝကို ပြဆိုခန်း

**အဒီနဝ။** ။ ဘုသော ဒိန် ဝဟတီတိ အာဒီနဝေါ။

ဘုသော၊ လွန်စွာ။ ဒိန်၊ ပင်ပန်းခြင်းကို၊ ဝဟတိ၊ ရွက်ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ အာဒီနဝေါ၊ အာဒီနဝ မည်၏။

ဉာဏ်ပညာရှိသော သူတို့အား သိထိုက်မြင်ထိုက်သော အပြစ်ခပ်သိမ်းကို အာဒီနဝ ဆိုသတည်း။

**ခန္ဓာ ၅-ပါးသည် အပြစ်ဖြစ်ခြင်း** ခန္ဓာ ၅-ပါးတို့၌ ခဏမစဲ ဖြစ်မှုပျက်မှုမှစ၍ မဟာအဝီစိငရဲဘေးကြီးသို့ ဆိုက်သည့်တိုင်အောင် အဆင့်ဆင့်လည်၍ သွားကုန်သော ရှေး၌ ပြဆိုခဲ့ပြီးသော ဒုက္ခစက်ကြီးတို့သည် အပြစ်ဒေါသ အာဒီနဝတို့ ပင်တည်း။

တစ်နည်းကား- အကျဉ်းအားဖြင့် ၁၁-ပါးသော မီးတို့၏ ဖြစ်ပွားမှုသည် ခန္ဓာတို့၏ အာဒီနဝပင်တည်း။

**မီး ၁၁-ပါး** ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ဒေါမနဿမီး၊ ဥပါယာသမီး၊ ဤကား မီး ၁၁-ပါးတည်း။

အကျယ်အားဖြင့်မူကား- ထို ၁၁-ပါးသော မီးတို့မှ အသီးအသီးပွားများသော အပြစ်တို့သည် လောက၌ မရေမတွက်နိုင်အောင် များပြားကုန်၏။

**ရာဂမီး၏ အပြစ် အနန္တ စသည်** အပါယ် ၄-ဘုံ အသိုက်အအုံကြီးကျယ်ပုံကိုလည်းကောင်း သုဂတိ၌ ခန္ဓာဝန်ကြီးကျယ်ပုံ ကိလေသာဝန် ကြီးကျယ်ပုံ သံသရာဝန်ကြီးကျယ်ပုံတို့ကိုလည်းကောင်း မြော်မြင်မိကြကုန်သည်ရှိသော် တဏှာဟူသော ရာဂမီးတို့၏ အပြစ်တို့သည်ပင်လျှင် အသင်္ချေယျ အနန္တ များပြားကုန်၏။

ထို့အတူ ဒေါသမီးတို့၏ အပြစ်တို့သည်လည်း အသင်္ချေ့ယျ အနန္တများပြားကုန်၏၊ အဝိဇ္ဇာဟု ဆိုအပ်ကုန်သော သံသရာဝဋ်မြစ်ကြီး၏ အပြစ်တို့ကား ဆိုဖွယ်မရှိပြီ၊ ဇာတိ ဇရာ မရဏတို့၏ အပြစ်တို့သည်လည်း အသီးအသီး အသင်္ချေ့ယျ အနန္တ များပြား ကုန်၏၊ သောကစသည်တို့၏ အပြစ်တို့သည်လည်း အလွန်များပြားကုန်၏၊ ထိုအပြစ် အလုံးစုံတို့သည် ခန္ဓာ၅–ပါးတို့မှ ဖြစ်ကုန်၏၊ ထို့ကြောင့် –

"ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာ ၅–ပါးတို့သည်။ အာဒီနဝါ၊ ဆိုးဝါးညစ်ကျူ အပြစ်စု တို့သာတည်း" ဟုဆိုပေသည်။

**အာဒီနဝ ပြီး၏။**

## ၁၅– အဃမူလကို ပြဆိုခန်း

**ဆင်းရဲခြင်း၏ မူလဖြစ်သော ခန္ဓာ ၅–ပါး**

အကျိုးယုတ် အကျိုးမဲ့ ခပ်သိမ်းတို့ကို 'အဃ' ဟူ၍ဆိုအပ်ကုန်၏၊ ထိုအကျိုးယုတ် အကျိုးမဲ့ ခပ်သိမ်းတို့သည် ခန္ဓာ ၅–ပါးလျှင် တည်ရာရှိကြကုန်၏၊ ခန္ဓာ ၅–ပါးတို့မှချည်း ဖြစ်ရကုန်၏၊ ထို့ကြောင့် –

"ဣမေ ပဉ္စက္ခခန္ဓာ၊ ဤခန္ဓာ ၅–ပါးတို့သည်။ အဃမူလာ၊ ကျိုးမဲ့ခပင်းဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း" ဟုဆိုပေသည်။

**အဃမူလ ပြီး၏။**

## ၁၆–ဝဓကကို ပြဆိုခန်း

**သူသတ်သမား ခန္ဓာ ငါးပါး**

ဝဓေန္တိ ဝဓကာ။

ဝဓေန္တိ၊ သတ္တဝါတို့ကို အစဉ်ထာဝရ သတ်တတ်သော သူသတ်သမား ဖြစ်ကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝဓကာ၊ ဝဓက မည်ကုန်၏။

**ခဏိကမရဏ**

အနမတဂ္ဂသံသရာ၌ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ ခန္ဓာအစဉ်၌ ခက်မာမှု အစရှိကုန်သော ရုပ်တရားတို့၏ ခဏမစဲချုပ်ပျက်မှု၊ နာမ်တရားတို့၏ ခဏမစဲချုပ်ပျက်မှုသည် အစဉ်ထာဝရ ပါရှိ၍နေ၏။

ထိုချုပ်ပျက်မှုသည် ရုပ်၏မရဏ၊ နာမ်၏မရဏပေတည်း ရုပ်ဓာတ်တို့၏ သေဆုံးခြင်း၊ နာမ်ဓာတ်တို့၏ သေဆုံးခြင်းပေတည်း၊ သေမင်းဟူသည် ထိုရုပ်သေမှု၊ နာမ်သေမှုကို ဆိုသတည်း၊ ခဏိက မရဏ ဆိုလိုသည်။

ခပ်သိမ်းသောဘဝတို့၌ ပဋိသန္ဓေနေသည်မှစ၍ ထိုရုပ်၏မရဏ၊ နာမ်၏မရဏ ဟူသော ရုပ်သေမှု၊ နာမ်သေမှုကြီးသည် တစ်ခဏမျှ ပြတ်စဲသည်ဟူ၍ မရှိပြီ၊ အတွင်းအပ တစ်ကိုယ်လုံး အုပ်ခြုံလျက် ပါရှိ၏၊ တစ်ကိုယ်လုံးသည် မရဏတုံးကြီး၊ မရဏခဲကြီးပင် ဖြစ်၏။

**သန္တတိမရဏ** အနိစ္စလက္ခဏာတွင် ခြေတစ်လှမ်း၊ ခြေတစ်လှမ်း စသည်ဖြင့် ပိုင်းခြား၍ပြခဲ့သော အနိစ္စမှုသည်ကား သန္တတိမရဏမည်၏၊ ထို သန္တတိ မရဏဟူသမျှသည် ခဏမစဲချုပ်ပျက်မှုဟု ဆိုအပ်သော အသိန်းအသန်းမက များစွာသော ခဏိကမရဏအချက်တို့တွင် အလွန်ထင်ရှားလှသော မရဏအချက်ကို ရှာကြံ၍ရှုရသော မရဏစုပေတည်း။

**သာမည လောကသားတို့သိသော သမ္မုတိ မရဏ** ဘဝ အဆုံး အဆုံး၌ လူအများတို့ သိမြင်ကြရသော သမ္မုတိမရဏကြီးသည်ကား ထိုဘဝတွင် အဆုံးသတ်ကြသော ခဏိက မရဏပေတည်း။

ဤသို့လျှင် ပဋိသန္ဓေနေသည်မှစ၍ မျက်တောင် တစ်ခတ်မျှ မပြတ်မစဲ အမြဲသေဆုံး၍ လာခဲ့သော သေမှုတို့တွင် အဆုံးစွန်သော သေမှုတစ်ချက်ကိုသာ လောက၌ သိကြကုန်၏၊

တစ်ဘဝလုံး၌ မျက်တောင်တစ်ခတ်မျှ မပြတ်မစဲသော သေမှုတို့ကိုကား ပုဂ္ဂိုလ်၊ သတ္တဝါ၊ သတ္တ၊ ဇီဝ ဟူသော နိစ္စနိမိတ် မှောင်အရိပ်တို့သည် ဖုံးလွှမ်း၍ ထားအပ်ကုန်၏။

ထိုသေမှုတို့တွင် ရုပ်တို့၏ သေမှုသည် ရူပက္ခန္ဓာ တစ်ပါးပင်တည်း၊ နာမ်တို့၏ သေမှုသည် နာမက္ခန္ဓာ တစ်ပါးပင်တည်း၊ သင်္ခါရက္ခန္ဓာတစ်ပါး ဆိုလိုသည်။

ထို့ကြောင့် အဘိဓမ္မာ ဓာတုကထာ ပါဠိတော်၌–

"ဇရာမရဏံ ဒွီဟိ ခန္ဓေဟိ သင်္ဂဟိတံ[၁]"

ဟူ၍ ဟောတော်မူပေ၏။

ဤကား သေဆုံးမှုဟူသော မရဏဓာတ်ကြီးသည် ရူပက္ခန္ဓာတစ်ပါး၊ နာမက္ခန္ဓာ တစ်ပါး၏ အဖြစ်ဖြင့် ခန္ဓာ ၅–ပါးတွင် အမြဲပါဝင်၍ နေပုံတည်း။

၁။ ဓာတုကထာ ပါဠိတော် (အဘိ၊ဓ) ၊ နှာ – ၁၃။

**မရဏ အမြဲရှိနေခြင်း**

ခက်မာမှုသည် ရူပက္ခန္ဓာ တစ်ပါး၊ ဖွဲ့စေးမှုစသည်သည် ရူပက္ခန္ဓာ တစ်ပါး၊ တစ်ပါးစီ အသီးသီးဖြစ်ကြသကဲ့သို့ ခက်မာမှု၏ ခဏမစဲ ပျက်ဆုံးခြင်းဟူသော မရဏဓာတ်ကြီးသည် ရူပက္ခန္ဓာ တစ်ပါး၊ ဖွဲ့စေးမှု၏ ခဏမစဲ ပျက်ဆုံးခြင်းဟူသော မရဏဓာတ်ကြီးသည် ရူပက္ခန္ဓာတစ်ပါး စသည်ဖြင့် ဆိုလေ။

နာမက္ခန္ဓာတို့၌လည်း ဝေဒနာ၏ ခဏမစဲ ပျက်ဆုံးခြင်းဟူသော မရဏဓာတ်ကြီးသည် နာမက္ခန္ဓာတစ်ပါး၊ သညာ၏ ခန္ဓာမစဲ ပျက်ဆုံးခြင်းဟူသော မရဏဓာတ်ကြီးသည် နာမက္ခန္ဓာတစ်ပါး စသည်ဖြင့်ဆိုလေ၊ ရူပက္ခန္ဓာ နာမက္ခန္ဓာဆိုလျှင် ဤ မရဏ ဓာတ်ကြီးသည် အမြဲပါလေတော့သည်။

ဤကား မရဏအစစ်ကို ပြဆိုခန်းတည်း၊ ဤမှတစ်ပါး မရဏဟူ၍ မရှိပြီ။

**မိမိတို့ ခန္ဓာကိုယ်၌ရှိသော မရဏဓာတ်ဖြင့်သာ သေကြေရခြင်း**

မိမိတို့ခန္ဓာကိုယ်၌ရှိသော အနမတဂ္ဂသံသရာ၌သေဆုံးကြသမျှတို့သည် မရဏဓာတ်ဖြင့်သာ သေကြေရခြင်း၊ မိမိတို့၏ ခန္ဓာ၌ ပဋိသန္ဓေမှစ၍ အစဉ်အမြဲပါရှိ၍နေသော သေဆုံးကြသမျှတို့သည် မရဏဓာတ်ဖြင့်သာ သေဆုံးကြရကုန်၏။ သူတစ်ပါးတို့၏ ခန္ဓာ၌ပါရှိသော မရဏဓာတ်နှင့် သေဆုံးသူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိ၊ မိမိတို့ခန္ဓာ၌ ထိုမရဏဓာတ်ကြီးမပါ မရှိကြပါမူကား မိုးကြိုးတစ်ရာပင် မှန်သော်လည်း မွေးညင်းတစ်ပင်မျှ လှုပ်ရှားဖွယ် မရှိ။

ထို့ကြောင့် ခပ်သိမ်းသော သတ္တဝါတို့၏ သေဆုံးမှုမှာ မိမိတို့၏ ခန္ဓာ ၅–ပါးတို့သည်သာလျှင် သူသတ်လက်သည် အမှန်ဖြစ်ကုန်၏။

အပဉ္စဖြစ်ကုန်သော ဓားဘေး၊ လှံဘေး အစရှိသည်တို့ကား မိမိတို့ခန္ဓာတွင် အစဉ်ပါရှိ၍နေသော မရဏဓာတ်ကြီးတို့၏ နှိုးသမား၊ လှုံ့ဆော်သမားတို့သာတည်း။ ထို့ကြောင့် –

“ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာ ၅–ပါးတို့သည်။ ဝဓကော၊ လူနတ်ဗြဟ္မာ သတ္တဝါကို နာရီမလပ်အတွင် သတ်သည့် လူသတ်မျိုးရိုးတို့သာတည်း” ဟု ဆိုပေသည်။

## လူသတ်ကောင် အမျိုးမျိုး

တစ်နည်းကား–

ပထဝီသည် ပထဝီပျက်နာ အမျိုးမျိုးတို့ ဖြစ်စေ၍ သတ်တတ်၏။

အာပေါသည် အာပေါပျက်နာ အမျိုးမျိုးတို့ကို ဖြစ်စေ၍ သတ်တတ်၏။

တေဇောသည် တေဇောပျက်နာ အမျိုးမျိုးတို့ကို ဖြစ်စေ၍ သတ်တတ်၏။

ဝါယောသည် ဝါယောပျက်နာ အမျိုးမျိုးတို့ကို ဖြစ်စေ၍ သတ်တတ်၏။

ဦးခေါင်းသည် ဦးခေါင်းပျက်နာ အမျိုးမျိုးတို့ကို ဖြစ်စေ၍ သတ်တတ်၏။

အဆုတ်သည် အဆုတ်နာ အမျိုးမျိုးတို့ကို ဖြစ်စေ၍ သတ်တတ်၏။

အသည်းသည် အသည်းနာ အမျိုးမျိုးတို့ကို ဖြစ်စေ၍ သတ်တတ်၏– စသည် ပြင့်ဆိုလေ။

မိမိ၏ အဆင်းကြောင့် သေကြရာ၌ မိမိအဆင်းသတ်မှုတည်း။

အသံကြောင့် သေကြရာ၌ အသံသတ်မှုတည်း။

အနံ့ကြောင့် သေကြရာ၌ အနံ့သတ်မှုတည်း။

အသား၏ အရသာကြောင့် သေကြရသော ကြက်, ဝက်, သား, ငါးတို့၌ အရသာ သတ်မှုတည်း။

မိမိလောဘကြောင့် သေကြရာ၌ မိမိလောဘ သတ်မှုတည်း။

ဒေါသကြောင့်၊ မောဟကြောင့်၊ မာနကြောင့်၊ ဒိဋ္ဌိကြောင့်၊ ဣဿာ၊ မစ္ဆရိယ ကြောင့်၊ ရှေးကံကြောင့် သေကြရာ၌ မိမိရှေးကံသတ်မှုတည်း။

ခိုးမှုကြောင့် သေကြရာ၌ မိမိခိုးမှုသည် သတ်၏။

တိုက်မှုကြောင့် သေကြရာ၌ သားမယား သတ်မှုတည်း။

ဥစ္စာကြောင့် သေကြရာ၌ ဥစ္စာသတ်မှုတည်း။ ဘဝဆုံး၍ သေကြရာ၌ကား မိမိ တို့ ခန္ဓာသတ်မှုသည် အရိုးအစဉ်အားဖြင့် ထင်ရှား၏။ ထို့ကြောင့် –

"ဣမေ'ပဥ္စက္ခန္ဓာ၊ ဤခန္ဓာ ၅–ပါးတို့သည်၊ ဝဓကော၊ လူနတ်၊ ဗြဟ္မာသတ္တဝါ ကို နာရီမလပ် အတွင်သတ်သည့် သုသတ်မျိုးရိုးတို့သာတည်း" ဟူ၍ ဆိုပေသတည်း။

အစွယ်ကို လိုသောသူနှင့် တွေ့ခဲ့လျှင် ဆင်သည် အစွယ်ကြောင့် သေရ၏။ အစွယ်သတ်၏။

ကြက်၊ ဝက်၊ သား၊ ငါးအစရှိသည်တို့သည် အသားကြောင့် အမြဲသေရကုန် ၏။ ထိုသတ္တဝါတို့၏ အသားသည် ထိုသတ္တဝါတို့ကို အမြဲသတ်၏။ အသားသည် ထိုသတ္တဝါတို့၏ သုသတ်ယောကျ်ားအမြဲဖြစ်၏။

ထို့အတူ အမွေးကြောင့် အမြဲသေရသော သတ္တဝါမျိုး၊ အရေကြောင့် အမြဲသေရ သော သတ္တဝါမျိုး၊ အသွေးကြောင့် အမြဲသေရသော သတ္တဝါမျိုး၊ အသားကြောင့် အမြဲ သေရသော သတ္တဝါမျိုး၊ အသည်း၊ အဆုတ်၊ နှလုံးသည်းပွတ်ကြောင့် အမြဲသေရသော သတ္တဝါမျိုး၊ အရိုးကြောင့် အမြဲသေရသော သတ္တဝါမျိုးတို့၌လည်း အမွေးအစရှိသည် တို့သာလျှင် သုသတ်ယောကျ်ား အမြဲဖြစ်၏။

ထို့အတူ ခိုးမှုတိုက်မှုကြောင့် သေကြရာတို့၌ ခိုးမှုဟူသော ခန္ဓာ ၅–ပါးတို့သည် ခိုးသူတို့ကို သတ်ကြကုန်၏။

တိုက်မှုဟူသော ခန္ဓာ ၅–ပါးတို့သည် တိုက်သူတို့ကို သတ်ကုန်၏။

လူသတ်မှုနှင့် သေကြရာတို့၌ လူသတ်မှုဟူသော ခန္ဓာ ၅–ပါးသည် လူသတ်ယောကျ်ားကို သတ်၏။ လူသည် တောဆင်ရိုင်းနှင့်တွေ့ရာ၌ လူ၏ အဆင်းသည် တောဆင်ရိုင်း၏ မျက်စိ၌ အလင်းပြ၏၊ ပြေးသော်လည်း မလွတ်ရာပြီ၊ သေရ၏။ အဆင်းသတ်၏။

တစ်ဦးလျှင်တစ်ဦး ရာကြွလိုက်လံ ချောင်းမြောင်းပစ်ခတ် ဖမ်းယူကိုက်သတ်၍ သေဆုံးကြရာတို့၌ သေသူတို့၏ အဆင်းသဏ္ဍာန်တို့သည်သာလျှင် သူသတ်ယောကျ်ား အစစ်တို့ပေတည်း။

ထို့အတူ လောဘကြောင့် သေကြသူ၊ ဒေါသကြောင့် သေကြသူ၊ မောဟကြောင့် သေကြသူ၊ မာနကြောင့် သေကြသူ၊ ဒိဋ္ဌိကြောင့် သေကြသူတို့၌လည်း လောဘအစရှိသည်တို့သည်သာ သူသတ်ယောကျ်ား အမှန်ဖြစ်ကြကုန်၏။

အသက်တမ်းမစေ့မီ ဥပစ္ဆေဒကကံ[၁]ကြောင့် သေကြသူတို့၌ ဥပစ္ဆေဒကကံဟောင်းဟုဆိုအပ်သော မိမိတို့၏ ခန္ဓာသည်သာလျှင် သူသတ်ယောကျ်ားအစစ် ဖြစ်ကုန်၏။

အသက်အတိုင်းနေ၍ သေကြရာတို့၌ကား မိမိတို့၏ ခန္ဓာ ၅–ပါးတို့၏ သတ်မှုသက်သက်ဖြစ်သည်ကား ထင်ရှား၏။

ပကတိအလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါတို့မည်သည် သေခြင်းကို အလွန်ကြောက်ကြကုန်၏၊ ကြောက်ကြကုန်လျှင်ပင် ခန္ဓာသေလျှင် သေကြရကုန်တော့သည်။

ပဋိသန္ဓေတည်နေသည်မှစ၍ ပထမနာရီအတွင်းမှာ သေခဲ့ကြသော ဘဝတို့သည်လည်း အသင်္ချေအနန္တရှိခဲ့လှကုန်လေပြီ။

ဒုတိယနာရီအတွင်းမှာ သေခဲ့ကြသော ဘဝတို့သည်လည်း အသင်္ချေအနန္တ ရှိခဲ့ကြလေကုန်ပြီ။

ဤနည်းအတူ အနမတဂ္ဂသံသရာတစ်လျှောက်လုံးပေါက်အောင် နာရီစဉ်နှင့် မှန်း၍ မျှော်ကြလေကုန်။

---

၁။ ဥပစ္ဆေဒကကံ– အသက်တမ်းနှင့် ကံမကုန်မီ ရှေးဇနကကံ၏ အကျိုးကို ကပ်၍ ဖြတ်တတ်သောကံ။

ပုဂ္ဂိုလ် သတ္တဝါတို့သည် သေလိုမှ သေကြကုန်သည် ဖြစ်အံ့၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့မှာ သေသူဟူ၍ပင် မရှိရာပြီ၊ စင်စစ်မူကား ဤကမ္ဘာတွင်ပင် ကမ္ဘာတည် ထောင်သော နေ့မှစ၍ ကမ္ဘာပျက်သည်တိုင်အောင် ကမ္ဘာပေါ်၌ သေသူကို မျှော်လိုက် သည်ရှိသော် နွေရာသီထိးထိး၌ အလွန်သွေ့ခြောက်၍နေသော ယူဇနာတစ်ထောင်မက သော ကျူတော၊ ကိုင်းတော၊ မြက်တောကြီးကို လေဟုန်နှင့်တကွသော တောမိးကြီး လောင်၍ သွားသကဲ့သို့ ထင်ရ၏။ ပုဂ္ဂိုလ်သတ္တဝါတို့ကို မိမိခန္ဓာတို့ သတ်မှုသည် အလွန်ထင်ရှား၏။

ထို့ကြောင့်–

"ဣမေ ပဉ္စက္ခန္ဓာ၊ ဤ ခန္ဓ ၅–ပါးတို့သည်။ ဝဓကော၊ လူ နတ်ဗြဟ္မာ သတ္တဝါ ကို နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးရိုးတို့သာတည်း" ဟု ဆိုပေသည်။

ဝဓက ပြီး၏

------

## ၁၇ – အာသဝကို ပြဆိုခန်း

**အာသဝတို့၏ အစီးအပွား ခန္ဓာ ၅–ပါး**

ဘုသော သဝန္တီတိ အာသဝါ။ သတ္တာနံ ဒုက္ခံ ဘုသော သာဝေန္တိ ပသာဝေန္တီ 'တိ အာသဝါ။ ဘုသော၊ လွန်စွာ။ သဝန္တိ၊ ပွားစီးတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာသဝါ၊ အာသဝ မည်ကုန်၏။ သတ္တာနံ၊ သတ္တဝါတို့အား။ ဒုက္ခံ၊ ဒုက္ခကို။ ဘုသော၊ လွန်စွာ။ သာဝေန္တိ ပသာဝေန္တိ၊ ပွားစီးစေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာသဝါ။ အာသဝ မည်ကုန်၏။ လောဘ၊ ဒိဋ္ဌိ၊ မောဟ တို့ပေတည်း။

**အာသဝမိး** လောက၌ မိးတို့သည် အလွန်လည်း ပွားစီးတတ်ကုန်၏၊ မိမိတို့ ပွားစီး တိုင်း သတ္တဝါတို့အား ဒုက္ခကိုလည်း လွန်စွာ ပွားစီးစေတတ်ကုန်၏[1]။

မြို့ရွာ၌လည်းကောင်း၊ ခြောက်သွေ့စွာသော တောတောင်၌လည်း အမှိုက်တစ်ခု ၌ အနည်းငယ်မျှ ကျရောက်သော မိးပေါက်မိးပွားတို့သည် နေ့ချင်း ညချင်း ထိုမြို့ ထိုရွာ ထိုတော ထိုတောင်တို့ကို အကုန်နံ့ပြားအောင် ပွားနိုင် လောင်နိုင်ကုန်၏။

---

၁။ ကဝိမျက်မှန်မှု၌ သဝန္တိ ပသဝန္တိဟု ရှိ၏။

၂။ ကဝိမျက်မှန်မှု၌ ပွားစီးတတ်ကုန်၏ဟု ရှိသည်။

ထိုမီးတို့ပွားတိုင်းလည်း ထိုမြို့ရွာ တောတောင်ရှိ သတ္တဝါအပေါင်းတို့သည် ဒုက္ခကြီးစွာ ဖြစ်ပွားကြရကုန်၏။ ထိုမြို့ရွာ တောတောင်တို့၌ ရှိနေသော မီးစာ ဝတ္ထုတို့သည်ကား ထိုမီးတို့ကို လွန်စွာပွားစီးအောင် ချီးမြှင့် မြှောက်စားနိုင်ကြကုန်၏။ မီးတို့သည် မီးစာကင်း၍ ဖြစ်ခြင်းမှာပင် မတတ်နိုင်ကြကုန်။ စီးပွားမှုကိစ္စ၌ ဆိုဖွယ်မရှိ။

## ဥပမာ – ဥပမေယျ နှီးနှောပြချက်

ဤဥပမာ၌ –

အာသဝတရားတို့သည် မီးတို့နှင့် တူကုန်၏။

သံသရာကြီးသည် ထိုမီးလောင်ရာ မြို့ရွာတောတောင်နှင့် တူ၏။ သန္တိသုခမှ ကင်းရှင်းသော ခန္ဓာငါးပါးတို့သည် ထိုမြို့ရွာတောတောင်ရှိ အိမ်ယာဝင်းခြံ ဘုံနန်း ပြာသာဒ် ခြောက်သွေ့သော သစ်ပင်တောချုံတို့နှင့် တူကုန်၏။

ဤလူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့သည် ထိုမီးလောင်ရာ မြို့ရွာတောတောင်နေ သတ္တဝါအပေါင်းတို့နှင့် တူကုန်၏။

အာသဝတရားတို့သည် ခန္ဓာငါးပါးလျှင် တည်ရာမှီရာ ကိုးကွယ်ရာ ရှိကြကုန်၏။ ခန္ဓာ ငါးပါးတို့သည် အာသဝတရားတို့ကို လွန်စွာပွားစီးအောင် ချီးမြှောက်နိုင်ကုန်၏။ အပါယ်လေးဘုံ အသိုက်အအုံကြီးကိုလည်းကောင်း၊ မျက်မြင်လောက၌ ဆင်းရဲ ဒုက္ခရောက်၍နေကြသော သတ္တဝါတို့ကိုလည်းကောင်း မြော်မြင်မိကြကုန်သည်ရှိသော် အနမတဂ္ဂသံသရာ၌ အာသဝတရားတို့၏ သတ္တဝါအပေါင်းတို့အား ဒုက္ခတရားပွားစီး စေမှုသည် အဘယ်မျှလောက် ကြီးကျယ်သည်ဟု မြော်မြင်ကြရကုန်၏။

ထို့ကြောင့် –

ဣမေ ပဉ္စက္ခန္ဓာ၊ ဤငါးပါးတို့သည်။ အာသဝါ၊ အာသဝေါတရားလေးပါးတို့၏ အစီးအပွားတို့သာတည်း" ဟုဆိုပေသည်။

**အာသဝ ပြီး၏။**

## ၁၈-မာရာမိသကို ပြဆိုခန်း

**မာန် ၄-ပါး**

သတ္တေ မာရေန္တီတိ မာရာ။ မာရာနံ အာမိသာတိ မာရာမိသာ။ သတ္တေ၊ သတ္တဝါတို့ကို မာရေန္တိ၊ သတ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ မာရာ၊ မာရ်မည်ကုန်၏။ ကိလေသ၊ ခန္ဓ၊ အဘိသင်္ခါရ၊ မစ္စု ဟူသော မာရ်လေးပါး တို့ကို ရကုန်၏။

မာရာနံ၊ သူ သတ်ယောက်ျား မာရ်ငါးပါးတို့၏။ အာမိသာ၊ အစာ ထမင်း မှီတင်းနေရပ် စားဖတ် ဝါဖတ် သုံးသပ် နင်းနယ်ရာတို့တည်း။ ဣတိ၊ ထို့ကြောင့်။ မာရာမိသာ၊ မာရာမိသ မည်ကုန်၏။

**ဒေဝပုတ္တမာရ်**

ဒေဝပုတ္တမာရ်သည်ကား သတ္တဝါတိုင်းနှင့် အမြဲတွေ့ကြုံသည် မဟုတ်၊ ပြဆိုခဲ့ပြီးသော မာရ်လေးပါးတို့သည်သာလျှင် အနမတဂ္ဂ သံသရာ၌ သတ္တဝါခပ်သိမ်းတို့ကို အစဉ်တစိုက် လိုက်ပါသတ်ဖြတ်၍ နေကြကုန်၏၊ ထို့ကြောင့် ထိုလေးပါးတို့ကိုသာ ပြဆိုလိုက်သည်။

**အဘိသင်္ခါရမာရ်**

အဘိသင်္ခါရမာရ် ဆိုသည်ကား လောကီ ကုသိုလ်၊ အကုသိုလ် တို့ကို ဆိုသတည်း။

**မစ္စုမာရ်**

မစ္စုမာရ်ဆိုသည်ကား မရဏစေတ်ကြီးကို ဆိုသတည်း။

ဒေဝပုတ္တမာရ်နှင့်တကွ ထိုမာရ်ငါးပါးတို့၏ သတ္တဝါတို့၌ သတ်ပုံကိုမူကား ငါတို့စီရင်သော " ဥတ္တမပုရိသ ဓမ္မပဒေသာ" အမည်ရှိသော စာအုပ်ငယ်မှာ အကျယ်ကြီးပါရှိလေ၏။

**မာရ် ၄-ပါးသတ်မှု**

လိုရင်းအဓိပ္ပာယ်မျှကို ပြဆိုဦးအံ့- ဤသတ္တဝါအပေါင်းတို့သည် အနမတဂ္ဂသံသရာ၌ ရံဖန်ရံခါ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ တို့ကို ရကြပါကုန်သော်လည်း ဖြစ်ရာဘဝတို့၌ အတည်တကျ မနေကြရကုန်၊ အောက်သို့သာ လျှောကျလာကြရကုန်သည်ကား သစ်သီးတွေကို ရိုက်ခြွေ၍ ချဘိသကဲ့သို့ မာရ် ၄-ပါးသို့ ရိုက်ခြွေ၍ ချမှုပေတည်း။

ရိုက်ခြွေပုံကား- ထိုဘဝတို့၌ ဖြစ်ပွားကုန်သော ကိလေသာတို့သည် ထိုဘုံ၌ ထပ်၍ ဖြစ်ကြောင်းဖြစ်သော ကုသိုလ်လမ်းကို ပိတ်ဆို့၍ ခံစားမှု ပျော်ပါးမှု တွေဝေမိုက်မဲမှုတို့ကို နေ့စဉ် ပွားများစေ၍ အောက်သို့ရေးရှုသည်ကိုသာ ပြုကြကုန်၏။

ခန္ဓမာရ်တို့သည် ကိလေသာတို့ကို လွန်စွာချီးမြှောက် ထောက်ပံ့ကုန်၏။

မစ္စုမာရ်သည် ထိုဘုံ ထိုဘဝ အစဉ်ကို ဖြတ်၏၊ အဘိသင်္ခါရမာရ်တို့သည် အောက်သို့ ပစ်ချကုန်၏။ ဤကား ရိုက်ခြွေ၍ ချုပ်တည်း။

အနမတဂ္ဂ သံသရာတစ်လျှောက်လုံး၌ အောက်သို့ဖောက်ထိုး ကျွမ်းပြန်တကျ တည်းကျ၍ နေခဲ့ကြသည်ကို အကုန်မျှော်လေ။

ဤကား မာရ်လေးပါးသတ်မှု အကျဉ်းတည်း။

"ဤ ခန္ဓာငါးပါးသည် အဘယ်သို့လျှင် ထိုမာရ်လေးပါးတို့၏ အစာ ထမင်း မှီတင်းနေရပ် စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာ ဖြစ်ကုန်သနည်း" ဟူမူကား

မီးတို့သည် ထင်းမီးစာတို့ကို အစာ ထမင်းမှီတင်းနေရပ်ပြု၍ ပွားစီးကြကုန် သကဲ့သို့ ကိလေသ, အဘိသင်္ခါရ, မစ္စုတို့သည် မှီရာ ခန္ဓာကိုယ်ပင်လျှင် အစာထမင်း မှီတင်းနေရပ်ပြု၍ ဖြစ်ပွားကြကုန်၏။

**ကိလေသမာရ်၏ စားဖတ်**

ကိလေသာတို့သည်ကား မိမိတို့ မှီရာ ခန္ဓာမှ တခြားတစ်ပါး သော သက်ရှိ သက်မဲ့ ဝတ္ထုခန္ဓာတို့ကိုလည်း အစာထမင်း ပြုလုပ်၊ စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာ ပြုလုပ်ကြကုန်၏။

တစ်ယောက် တစ်ယောက်သောသူ၏ ခန္ဓာကိုယ်ကြီးသည် ခွေးတစ်ရာ ခွေးတစ် ထောင်တို့၏ စားဖတ် ဝါးဖတ် အန်ဖတ် ခဲဖတ်ကြီးဖြစ်သကဲ့သို့ မိမိကိလေသာတို့၏ စားဖတ် ဝါးဖတ် အန်ဖတ်၊ မိမိခန္ဓာကို မြင်သမျှ သိသမျှ ကြားသမျှသော တခြား တစ်ပါးသောသူတို့ ကိလေသာတို့၏ စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာဖြစ်၏။

မြတ်စွာဘုရား ခန္ဓာတော်ကြီးကိုပင်လျှင် မာဂဏ္ဍီ စိဉ္စမာန အစရှိသောသူတို့၏ ကိလေသာတို့သည် သာယာသော အခြင်းအရာအားဖြင့် သုံးသပ်ကုန်၏၊ ဒေဝဒတ်၊ မာရ်နတ်၊ အာဠဝက ဘီလူး၊ ပုရာဏကဿပ အစရှိသော သူတို့၏ ကိလေသာ တို့သည် မုန်းသော အခြင်းအရာ ငြိုးသောအခြင်းအရာ ပြစ်မှားသော အခြင်းအရာတို့ ဖြင့် သုံးသပ်ကုန်၏။

လောက၌ လူ႔ ဉ်တို့၏ တစ်ဦးသည် တစ်ဦးအား ချစ်ခြင်း မုန်းခြင်း ကိုယ်နှုတ် စိတ်တို့ဖြင့် ကောင်းအောင်ပြုကျင့်ခြင်း မကောင်းအောင်ပြုကျင့်ခြင်း အချီးမွမ်း ခံရခြင်း အကဲ့ရဲ့ခံရခြင်း အဆိုခံရခြင်း အဆဲခံရခြင်း စသည်တို့သည် သူတစ်ပါး ကိလေသာတို့ ၏ စာဖတ် ဝါးဖတ် သုံးသပ်နင်းနယ်မှုကို ခံရခြင်းတို့ပေတည်း။

**ခန္ဓမာရ်၏ အစာ** ခန္ဓာမာရ်၌ကား– ချစ်ခင်သဖြင့် ထိပါးရောယှက်ခြင်း၊ မုန်းသဖြင့် ပုတ်ခတ်ရိုက်နှက် ထောင်းထုနှိပ်စက်ခြင်း၊ အပူနှိပ်စက်ခြင်း အအေးနှိပ်စက်ခြင်း ထိုထို သတ္တဝါ တစ်ပါးတို့၏ ကိုက်ခြင်း၊ခဲခြင်း၊ နေပူခြင်း၊ မိုးစွတ်ခြင်း စူးခြင်း ရှခြင်း၊ ကိုယ်တွင်းဥပဒ် ကိုယ်ဥပဒ် ကပ်ရောက်ထိပါးခြင်း အစရှိသည်တို့ကိုသိလေ။

**အဘိသင်္ခါရမာရ်၏ အစာ** အဘိသင်္ခါရမာရ်တို့၌– သုစရိုက်မှု ဒုစရိုက်မှုတို့နှင့် အပူအပန် အပင်အပန်းခံရခြင်း စသည်တို့ကိုသိလေ။ မစ္စုမာရ်ကားထင်ရှားပြီ။

ထို့ကြောင့် –

"ဣမေ ပဥ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ မာရာမိသာ၊ ကိလေသမာရ် မစ္စုရ်တို့၏ စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာတို့သာတည်း" ဟုဆိုပေသည်။

မာရာမိသ ပြီး၏။

-----

## ၁၉–ဓာတိဓမ္မကို ပြဆိုခန်း

**ဓာတိဓမ္မ** "ဓာတိဓမ္မ" ဆိုသည်ကား ပုဂ္ဂိုလ်တို့၏ ပကတိအလိုကို ငဲ့ခြင်းမရှိမူ၍ ဓမ္မအလို သက်သက်နှင့် ပေါက်သောက်လျောက်လျား ဖြစ်ပေါ်ခြင်း အလေ့သဘော ရှိကုန်၏။

ဤအရာ၌ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ဟူ၍ ခန္ဓာငါးပါးတို့ကို သုံးပုံခွဲ၍ ဥပမာနှင့်တကွ ပြဆိုရာ၏။

**ကိလေသာ ယမ်းထုပ်ကြီး** ဥပမာဆိုသည်ကား– တစ်ခုသော တောအရပ်ဌာနကြီး၌ မီးပေါက် မီးပွားတို့သည် မိုးကြိုးရွာသကဲ့သို့ အမြဲကျရောက်ဖြစ်ပွား၍နေရာ၏၊ တစ်ယောက်သောသူသည် ကြီးစွာသော ယမ်းထုပ်ကို ပွေ့ပိုက်၍ ထိုတောအလယ်သို့ သွားရာ၏၊ ထိုသူအား မချွတ်လွဲလျှင် ဒုက္ခကြီးစွာ ဖြစ်လေရာ၏။

အဘယ်ကြောင့်နည်းဆိုသော် မီးနှင့်တွေ့ခဲ့လျှင် ထိုသူ၏အလိုကို မငဲ့ဘဲ ယမ်း၏ ပကတိ အလိုအားဖြင့် မီးတောက်၍ ထိုသူကိုပင် လောင်ရာသောကြောင့်တည်း။

# ဥပမာ ဥပမေယျ နှီးနှောပြချက်

ဤဥပမာ၌–

လောကကြီး ၃–ပါးသည် ကိလေသာမီးတို့ကို လွန်စွာဖြစ်ပွားစေနိုင်သော ဥပါဒါနိယ တရားတို့၏ အနမတဂ္ဂသံသရာနှင့်အမျှ အမြဲဖြစ်ထွန်းရာဌာနဖြစ်၍ မီးပေါက် မီးပွား မိုးကြီး အမြဲရွာ၍နေသော တောအရပ်ကြီးနှင့်တူ၏။ တစ်ယောက် တစ်ယောက်သော သတ္တဝါတို့၌ အစဉ်ပါရှိ၍နေသော တစ်ထောင့်ငါးရာ ကိလေသာ အစုအခဲကြီးသည် ထိုသူ၌ ရင်ခွင်ပိုက်၍ အစဉ်ပါရှိသော ယမ်းထုပ်ကြီးနှင့် တူ၏။

ထိုစကားမှန်၏၊ လောကကြီး သုံးပါးသည် လောဘမီးကို ယမ်းပုံမီးကျတောက် ထအောင် လှုံ့ဆော်နိုင်သော အာရုံတောကြီးအတိ ဖြစ်နိုင်၏၊ လောဘတရား၏ ဖြစ်ပေါ်မှုသည် သူတော်ကောင်းတရား အချုပ်အထိန်း မရှိက အကြောင်းအာရုံလှုံ့ဆော် တိုင်း ယမ်းမီးပုံကျ ပေါက်လွှတ်လျောက်လျား ဖြစ်ချင်တတ်တိုင်း ဖြစ်တော့သည်သာ တည်း။

**သူတော်ကောင်းတရား ကြားနာခွင့်ရရန် ခဲယဉ်းပုံ**

သူတော်ကောင်းတရားမည်သည် ဘဝတစ်ရာမှာ တစ်ခါမတွေ့လို၊ ဘဝတစ်ထောင်မှာ တစ်ခါမတွေ့လို၊ အလွန်တွေ့ကြုံခဲလှ၏၊ သတ္တဝါတို့သည်လည်း မိမိတို့၏ ပကတိအလိုဟူ၍ မရကြကုန်မူ၍ လောကဓမ္မ၏ အလိုကို မိမိတို့အလို ပြုလုပ်ကြ၍ ပေါက်လွှတ်လိုက်စားကြကုန်၏။

ရေသတ္တဝါ၊ ကုန်းသတ္တဝါ လူ့လောက အကုန်မြော်ကြလေ။

ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိကုန်သော ပါပဓမ္မတို့၏ ဇာတိတို့ကိုလည်း အင်္ဂါအသီး ဤနည်းတူချည်း သိကြလေ၊ သူတော်ကောင်းတရားနှင့် တွေ့ကြုံ၍ ကိလေသာမှုတို့၏ အကျိုးအပြစ်ကို ကြောင်ကြောင်သိ၍ နေကြသော ဗုဒ္ဓဘာသာ လူမျိုး တို့၏ အလယ်၌ပင်လျှင် ကိလေသာအမိုက်တရား၏ ဖြစ်ပွားမှုသည် အဘယ်မျှ ကြီးကျယ်သည်ဟု မြော်ကြလေ။

တစ်နိုင်ငံလုံး ကိလေသာတောကြီး ဖြစ်နေကြ၏၊ လောက၌ ဘယ်လူမဆို ဘယ်တိရစ္ဆာန်မဆို အမိုက်အမဲတွေကို တွေ့မြင် ကြားသိကြကုန်သည်ရှိသော် မည်သည့် သတ္တဝါ မည်သူ မည်ဝါဟု ပုဂ္ဂိုလ်သတ္တဝါကို မစွပ်စွဲကြကုန်လင့်၊ ကိလေသာ ဇာတိ သောင်းကျန်းမှုချည်း ဖြစ်သတည်း။

---

၁။ ကဝိမျက်မှန်မူ၊ ဟံသာဝတီမူတို့၌ ကိလေသာကြီးဟုရှိသည်။

ထိုကဲ့သို့သော အမိုက်အမဲတို့ကို တွေမြင်ကြားသိရသောအခါ မိမိတို့ သန္တာန်၌ ရှိသော ကိလေသာတို့အတွက် ကြောက်ခြင်း ထိတ်လန့်ခြင်းကိုသာ ဖြစ်ကြလေကုန်၏။

**ကိလေသာဓာတိ**

ကိလေသာဓာတိ ဆိုသည်ကား လောကအလယ်၌ ကိလေသာတို့၏ ဓာတ်ထွက်မှုတည်း၊ ငရဲ ပြိတ္တာ အသုရကာယ်ဘုံတို့၌ ဒေါသ၊ ဒေါမနဿ ဓာတ်ထွက်မှု ကြီးကျယ်လှ၏။

ရေတိရစ္ဆာန် ကုန်းတိရစ္ဆာန်ဘုံတို့၌ မောဟဓာတ်ထွက်မှု ကြီးကျယ်လှ၏။

လူ့ဘုံ၌ ဓာတ်အလွန်ရှုပ်၏၊ အောက် စတုမဟာရာဇ်ဘုံ၌လည်း ဓာတ်အလွန်ရှုပ်၏၊ အထက်နတ်ပြည်တို့၌ လောဘဓာတ်ထွက်မှု အလွန်ကြီးကျယ်လှ၏၊ ဗြဟ္မာ့ပြည်တို့၌ မာန၊ ဒိဋ္ဌိဓာတ် အလွန်ကြီးကျယ်လှ၏။

ဤကား ကိလေသာ ဓာတိဘေးကြီး၏ ကြောက်မက်ဖွယ်အချက်ကို အရိပ်အမြွက်မျှ ပြဆိုခန်းတည်း။

**ဒုစရိုက်မျိုး**

ဒုစရိုက်တို့၏ ဓာတိသည်လည်း အလွန်သောင်းကျန်း၏၊ ပါဏာတိ ပါတစေတနာ စသည်တို့သည် တစ်ယောက် တစ်ယောက်သော သတ္တဝါ သန္တာန်၌ ဖြစ်ပေါ်ခွင့်ဆိုက်ခဲ့လျှင် အဘယ်အခါမဆို ပါဏာတိပါတကိစ္စနှင့် လှုံ့ဆော် ၍ ထွက်၏၊ ထိုပုဂ္ဂိုလ်သည် ထိုစေတနာ လှုံ့ဆော်တိုင်း ထိုပါဏာတိပါတအလုပ်ကို လုပ်ရ၏။

အဒိန္နာဒါန် စသည်တို့၌လည်း ဤနည်းအတူတည်း။

လူတို့၏ အရိုင်းအစိုင်း လူမျိုးတို့မှာ ပါဏာတိပါတဓာတ် ကြီးကျယ်၏၊ တိရစ္ဆာန်တို့၌လည်း ကြီးကျယ်၏။ ယခုအခါ ဥရောပတိုက် အမေရိကတိုက်တို့၌ မိစ္ဆာဒိဋ္ဌိ ဒုစရိုက်နှင့်တကွ ပါဏာတိပါတ ဒုစရိုက် သုရာပါနဒုစရိုက် ဓာတ်ထွက်မှု ကြီးကျယ်လှ၏။

ဤကား ဒုစရိုက်ဓမ္မတို့၏ ဓာတိဘေး ကြီးကျယ်ပုံကို သိသာရုံမျှ ပြဆိုခန်းတည်း။

**ပဋိသန္ဓေ ဝိပါက်ခန္ဓာ**

ဝိပါက်ခန္ဓာတို့၏ ဓာတိသည်လည်း သေသည်၏ အခြားမဲ့၌ ပုဂ္ဂိုလ်အလိုကိုငဲ့ခြင်းမရှိမူ၍ ကံပစ်ချရာ၌ ပေါက်လွှတ်လျှောက်လျား ဖြစ်ချင်တိုင်း ဖြစ်ပေါ်၏။

---

၁။　ပါဏာတိပါတစေတနာ = သူတစ်ပါးအသက်ကို လျင်မြန်စွာ ချကြောင်း သတ်ဖြတ်ကြောင်း ဖြစ်သော စေတနာ။

၂။　ဤ "ယခုအခါ" ဟုလယ်တီဆရာတော်ကြီး ရေးသားစဉ်က ၁၂၆၆-ခုနှစ်၊ (၁၉၀၄) ခုနှစ်က ဖြစ်သည်။ ယခု ၁၉၉၅-ခု၌ အဏုမြူဗုံးတွေ ပြည့်နက်နေပြီ။

၃။　သုရာပါန ဒုစရိုက် = အရက်သေစာကို သောက်စားသော အကျင့်ဆိုး။

လူ့ပြည်မှ စုတေလျှင် တိရစ္ဆာန်မျိုးတွင် ဘယ်တိရစ္ဆာန်မျိုးကား မဖြစ်ဟု အထိမ်းအမှတ်မရှိ၊ ခွေးဇာတိ ဝက်ဇာတိ စသည့်အချက်မရွေး ထွက်ချင်တိုင်းထွက်၏၊ ပြိတ္တာမျိုးကား မဖြစ်ဟုမရှိ၊ အသူရကာယ်မျိုးတွင် ဘယ်အသူရကာယ်မျိုးကား မဖြစ်ဟုမရှိ။

ငရဲကြီး ရှစ်ထပ်တို့တွင်လည်း လူ့ပြည်မှ စုတေလျှင် ဘယ်ငရဲကြီး၌ မဖြစ်ဟုမရှိ၊ အနမတဂ္ဂ သံသရာ၌ သတ္တဝါအပေါင်းတို့သည် စုတေသည်မှ နောက်၌ ကမ္ဘာသကာကံချရာဟု မိမိတို့ကိုယ်ခန္ဓာကို အစဉ်ထာဝရ ပေါက်လွှတ်ပစ်ထားကြရကုန်၏၊ နတ်ပြည် ဗြဟ္မာ့ပြည်မှ စုတေကြရာတို့၌လည်း ဤနည်းအတူတည်း။

ဝိပါက်ခန္ဓာတို့၏ ဇာတိဘေးကြီးသည် အဘယ်မျှလောက် သောင်းကျန်းရမ်းကားမှု ကြီးကျယ်သနည်းဟု သိလိုသော် အပါယ်လေးဘုံ အသိုက်အအုံ ကြီးကျယ်ပုံ၊ ငရဲ ပြိတ္တာ အသူရကာယ်တို့၌ အသက်ရှည်ပုံ၊ ခဏမစဲ အမြဲခံနေကြရသော ဒုက္ခဝေဒနာတို့၏ ပြင်းထန်ပုံတို့ကို အကုန်မြော်လေ။

လူ့ပြည်တို့၌ ဥတုလိုက် ရာသီလိုက် အိုက်မှု ပူမှု အေးမှု ချမ်းမှု ဣရိယာပထဒုက္ခမီးတို့မှစ၍ ကိုယ်တွင်းဥပဒ် ကိုယ်ပဥပဒ် အရပ်ရပ်သော ဝိပါက်ခန္ဓာတို့၏ ဇာတိမှုကိုလည်း သိကြလေ၊ ဤကား ဝိပါက်ခန္ဓာတို့၏ ဇာတိဘေး ကြီးကျယ်ပုံကို သိသာရုံမျှ ပြဆိုချက်တည်း။

ထို့ကြောင့် ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ ဇာတိဓမ္မာ၊ သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တတ်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏" ဟုဆိုပေသည်။

ဇာတိဓမ္မ ပြီး၏။

----

## ၂၀– ဇရာဓမ္မပြဆိုခန်း

**ဇရာ ၃–မျိုး**

"ဇရာဓမ္မ" ဟူသောပုဒ်၌ ဇရာသည် ခဏိကဇရာ၊ သန္တတိဇရာ၊ သမ္မုတိဇရာဟူ၍ သုံးမျိုးရှိ၏၊ ဝဓကပုဒ်၌ ပြဆိုခဲ့ပြီးသော မရဏ သုံးမျိုးသည်။ ဤဇရာသုံးမျိုးလျှင် ရှေ့သွားရှိ၏။

**ခဏိကဇရာနှင့် ခဏိကမရဏ**

ပဋိသန္ဓေ အခါမှစ၍ ခဏမစဲ ရုပ်နာမ်တို့၏ ချုပ်ပျက်မှု သေဆုံးမှုဟူသော ခဏိက မရဏသည် ခဏိက ဇရာကြောင့် ဖြစ်ရ၏။

**သန္တတိဇရာနှင့် သန္တတိမရဏ** အနိစ္စလက္ခဏာ၌ ပြဆိုခဲ့ပြီးသော ဣရိယာပြောင်းလဲခြင်း၊ ဣရိယာပထ သန္တာ တေဇောမီး၏ တောက်လောင်ခြင်း စသည်တို့ကြောင့် ပထဝီကာယ အာပေါကာယ စသည်တို့၏ တစ်သုတ်တစ်သုတ် ချုပ်ပျက်မှု သေဆုံးမှု ဟူသော သန္တတိမရဏသည် သန္တတိဇရာကြောင့် ဖြစ်ရ၏။

**သမ္မုတိဇရာ** ခပ်သိမ်းသော သတ္တဝါတို့၏ သေဆုံးမှုဟူသော သမ္မုတိမရဏကြီးသည် သမ္မုတိဇရာကြောင့် ဖြစ်ရ၏။ ထိုစကား မှန်၏။

**ဇရာ အဓိပ္ပာယ်** ဇရာ ဆိုသည်ကား- ပကတိအနေမှ အခြေပျက်မှု, အနေပျက်မှု ပေတည်း။ အသစ် လတ်လတ်ဆတ်ဆတ် ရွှန်းရွှန်းစက်စက်၏ အခြေပျက်မှု၊ အနေပျက်မှု၊ ရင့်ရော်မှု၊ ဆုတ်ယုတ်မှု၊ ညှိုးနွမ်းမှု ပေတည်း။ ချုပ်ပျက် သေဆုံးခြင်း ဟူသမျှသည် ရင့်ရော်ခြင်း၊ ဆုတ်ယုတ်ညှိုးနွမ်းခြင်းလျှင် ရှေ့သွားရှိမြဲ ဓမ္မတာတည်း၊ မဆုတ်ယုတ်လျှင် ချုပ်ပျက်ခြင်း မဖြစ်နိုင်၊ မြေ၌စိုက်၍ တည်နေကြသော သစ်ပင် တောတောင် စသည်တို့၏ မြေ၌ လဲပြိုခြင်းသည် ညွတ်ကိုင်းခြင်းလျှင် ရှေ့သွားရှိသကဲ့သို့တည်း။

**ဇရာနှင့် မရဏ ။** ။ ထို့ကြောင့် မရဏဟူသမျှသည် ဇရာကြောင့်သာဖြစ်၏၊ ဇရာမရှိလျှင် မရဏဟူ၍ပင် မရှိရာ၊ နိဗ္ဗာန်သည် ဇရာမရှိသောကြောင့် မရဏ မရှိသည်။

**ဇရာ၏အမှု ။** ။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အသီး အသီး အသက်တမ်းဟူ၍ ရှိကြခြင်းသည် ဇရာ၏အမှုပေတည်း။

# သုသာန် ၂-မျိုး

သတ္တဝါတို့၏ ခန္ဓာပစ်ချရာဖြစ်သော သုသာန်သင်္ချိုင်း မည်သည် နှစ်မျိုးရှိ၏။

၁။ သုသာန်မြေ အရပ်သည်လည်း သုသာန်သင်္ချိုင်း တစ်ပါး။

၂။ အသက်တမ်းသည်လည်း သုသာန်သင်္ချိုင်း တစ်ပါး။

ထိုတွင်-

လူတို့၌ သင်္ချိုင်း နှစ်ပါးရှိ၏။ နတ်ဗြဟ္မာတို့၌ အသက်တမ်းဟူသော သင်္ချိုင်း သုသာန် တစ်မျိုးသာရှိ၏။

လူတို့၏ ဇရာမီးသည် အကြင်အခါ၌ လူတို့၏ ခန္ဓာကိုယ်ကို အနှစ်အသချေ့ရှိမှ ကျွမ်းအောင်လောင်၏၊ ထိုအခါ၌ (အနှစ်အသချေ့) အသက်တမ်း ဖြစ်ရ၏၊ အကြင်အခါ၌ အနှစ်တစ်သိန်းနှင့် ကျွမ်းအောင်လောင်၏၊ ထိုအခါအနှစ်တစ်သိန်းတမ်းဖြစ်ရ၏။

ဤနည်းအတိုင်း လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ အသက်တမ်းအလုံးစုံကို အကုန် မျှော်လေ။

**ဇရာအမှုကြီး** ကမ္ဘာကြီးတို့၏ အစဉ်အဆက် ပျက်ဆုံးမှု အပိုင်းအခြား၊ အသင်္ချေယျ ကပ်တို့၏ အပိုင်းအခြား၊ အန္တရကပ်တို့၏ အပိုင်းအခြား၊ အာယုကပ်တို့၏ အပိုင်းအခြား၊ သတ္တဝါတို့၏ အရွယ်သုံးပါး အရွယ် ဆယ်ပါးတို့၏ အပိုင်းအခြား၊ နှစ်တို့၏ အပိုင်းအခြား၊ ဥတုရတုတို့၏ အပိုင်းအခြား၊ လတို့၏ အပိုင်းအခြား နေ့ရက် နာရီတို့၏ အပိုင်းအခြား ဟူသော ခပ်သိမ်းသော သုသာန်ကြီး၊ သုသာန်ငယ် သင်္ချိုင်းကြီး၊ သင်္ချိုင်းငယ်တို့မှာလည်း ဇရာ အမှုကြီးမှတ်လေ။

ကမ္ဘာ၌မှီသော ဇရာကြောင့် ကမ္ဘာတို့၏ ပျက်ခြင်း၊ ဆုံးခြင်းမည်သည် ဖြစ်ရ၏၊ ဇရာမရှိသည်ရှိသော် ကမ္ဘာပျက်ဆုံးခြင်း ဟူ၍မရှိရာ။

ထို့အတူ အသက်တမ်းဟူ၍လည်း မရှိကုန်၊ အရွယ်၏ကုန်ဆုံးခြင်း၊ နှစ်၏ကုန်ဆုံးခြင်း၊ ဥတုရတု တို့၏ ကုန်ဆုံးခြင်း၊ နေ့ရက်တို့၏ ကုန်ဆုံးခြင်းဟူ၍ မရှိရာ။

သက်ရှိ သက်မဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ကုန်ဆုံးရာဖြစ်သော သုသာန်ကြီးငယ်တို့ကို အစွဲပြု၍ ကမ္ဘာကြီးငယ် အပိုင်းအခြား၊ အရွယ်အပိုင်းအခြား၊ နှစ်အပိုင်းအခြား၊ ဥတု ရတု အပိုင်းအခြား၊ လ အပိုင်းအခြား၊ နေ့ညဥ့်အပိုင်းအခြား၊ နာရီအပိုင်းအခြားတို့သည် ထင်မြင်ကြကုန်သည်၊ စေ့စုံစွာမြင်အောင် မျှော်လေ။

အနမတဂ္ဂ သံသရာကြီးသည် သုသာန်သင်္ချိုင်း အပြင်ကြီးအထိ ထင်မြင်ကြကုန်ထတ္တံ့၊ ထိုမျှသောက် ကြီးကျယ်စွာသော ဇရာမီးသည် ခန္ဓာငါးပါးတို့၌တည်၍ ခန္ဓာငါးပါးတို့ကို အစာပြု၍ အစဉ်ထာဝရပွားစီး၍ နေကုန်၏၊ ပဋိသန္ဓေ တည်နေသည်မှစ၍ သတ္တဝါတို့၏ သန္တာန်၌လည်းကောင်း၊ သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက် စသည်တို့၌လည်းကောင်း အစဉ်လောင်၍နေ၏။

**ခဏိက ဇရာနှင့် ခဏိက မရဏ။** ။ ခဏိကဇရာသည် ခန္ဓာငါးပါးတို့ကို ခဏိက မရဏ သချိုင်းသို့ အမြဲပို့ချ၏။

**သန္တတိ ဇရာနှင့် သန္တတိမရဏ။** ။ သန္တတိ ဇရာသည် (ခန္ဓာ ၅-ပါး) တို့ကို သန္တ တိမရဏ သချိုင်းသို့ အမြဲပို့ချ၏။

**သမ္မုတိဇရာနှင့် သမ္မုတိမရဏ။** ။ သမ္မုတိဇရာသည် (ခန္ဓာ ၅-ပါး) တို့ကို သမ္မုတိ မရဏ သချိုင်းသို့ အမြဲပို့ချ၏။

ထိုတွင် ပဋိသန္ဓေတည်နေသည်မှစ၍ အစဉ်ပါရှိ၍ နေကုန်သော ခဏိကဇရာမီး၊ ခဏိက မရဏမီးတို့သည် ကြီးစွာသော အမှိုက်စုဌ်ကျ၍ တငွေ့ငွေ့ရှိနေသော မီးပေါက် မီးပွားတို့နှင့် တူကုန်၏။

ထိုမီးပေါက် မီးပွားတို့သည် လေလှုံ့ဆော်၍ ပေးခဲ့သော် ခဏချင်းတောက်ထ၍ ထိုအမှိုက်စုကိုလည်းကောင်း၊ အနီးအစပ်ရှိသော မီးစာတို့ကိုလည်းကောင်း ခဏချင်း ပြာဖြစ်အောင် လောင်နိုင်ကြကုန်၏။

ထို့အတူ ခဏိကဇရာမီး မရဏမီးတို့သည်လည်း အကြောင်းအခွင့်ကို ရခဲ့ သည်ရှိသော် ပဋိသန္ဓေအခါမှစ၍ ဘယ်အခါမှာမဆို သန္တတိဇရာ သန္တတိမရဏအနေ နှင့်လည်းကောင်း တောက်ထနိုင်ကုန်၏၊ သမ္မုတိဇရာ သမ္မုတိမရဏအနေနှင့်လည်း တောက်ထနိုင်ကုန်၏။

ထို့ကြောင့် ဤသတ္တဝါတို့သည် နာဘေးနှင့်တွေ့ရမည်ကို အမြဲကြောက်ကြရကုန် ၏၊ သေဘေးနှင့် တွေ့ရမည်ကို အမြဲကြောက်ကြရကုန်၏။ ပဋိသန္ဓေကစ၍ အနှစ် တစ်ရာ၊ အနှစ်တစ်ထောင်၊ အနှစ်တစ်သောင်း၊ အနှစ်တစ်သိန်း၏အတွင်း နာဘေး သေဘေး ဆိုက်တိုက်လာသော်လည်း အနာခိုင်၊ မသေနိုင်သော နာရီဟူ၍ တစ်နာရီမျှ မရှိ၊ ဤသတ္တဝါအပေါင်းတို့သည် အမြဲထာဝရလျှင် ဓားအောက်လည်ခံဖြစ်၍ နေကြ ရကုန်၏။

ထို့ကြောင့် -

"ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓ ငါးပါးတို့သည်။ ဇရာဓမ္မ၊ ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိကုန်၏" ဟု ဆိုပေသည်။

ဇရာဓမ္မ ပြီး၏။

## ၂၁ - ဗျာဓိဓမ္မ အပြစ်

**ဗျာဓိ ။** ။ "ဗျာဓိဓမ္မ" ဟူသော ပုဒ်၌ "ဗျာဓတိ ဟိံသတီတိ ဗျာဓိ' ဗျာဓတိ ဟိံသတိ၊ ညှဉ်းပန်းတတ်၏၊ ဣတိ၊ ထို့ကြောင့်၊ ဗျာဓိ၊ ဗျာဓိမည်၏။ အထက်၌ထာပြီးသော ရောဂမျိုး၊ ဂဏ္ဍမျိုး၊ အာဗာဓမျိုးတို့ပင်တည်း[၁]။

**နာခြင်းသဘောရှိသော ခန္ဓာငါးပါး** ခန္ဓာငါးပါးတို့သည် မိမိတို့ ပကတိ သဘောအားဖြင့် (ဗျာဓိဓမ္မမျိုးတို့သာတည်း)၊ နတ်သိကြား ဗြဟ္မာတို့၏ ခန္ဓာတို့သည်လည်း ဗျာဓိဓမ္မမျိုးတို့သာတည်း။

နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့၌ ဣဋ္ဌ သုခ သမ္ပတ္တိဖြစ်၍ နေကြကုန်သည်မှာ မိမိတို့ ပကတိသဘောနှင့် နေကြကုန်သည်မဟုတ်၊ ကံကိုပြုပြင်မှုဟူသော အစွမ်းကြောင့် အထက်၌ပြဆိုခဲ့သော ထမင်းခြောက်ပုလဲ၊ ထမင်းခြောက်ရွှလုံးကြီးကဲ့သို့ အခိုက်အတန့်အားဖြင့်သာ ဝင်းဝင်းတောက်ဖြစ်၍ နေကြကုန်၏။

ရွှလုံးကြီးတို့သည် ပြုပြင်မှုပြယ်ပျောက်လျှင် အမှိုက်ဓာတ်သို့ ပြန်ရောက်မြဲ ရောက်ကြကုန်သကဲ့သို့ နတ် သိကြား ဗြဟ္မာတို့၏ ခန္ဓာအစဉ်တို့သည်လည်း ပြုပြင်မှုကံကုန်လျှင် အနာတော၊ ရောဂါတော၊ ဒုက္ခတောသို့ ကျရောက်မြဲ ကျရောက်ကြရကုန်၏။

**နတ်ဗြဟ္မာ မဖြစ်ဖူးသူမရှိ** ယခု အပါယ်လေးဘုံ၌ ရှိနေကြရသော သတ္တဝါတို့သည်လည်းကောင်း၊ လူ့ပြည်၌ အနာဆိုး၊ ရောဂါဆိုး နှိပ်စက်၍ နေကြကုန်သော သူတို့သည်လည်းကောင်း နတ်သိကြား ဗြဟ္မာ ဖြစ်ဖူးကြကုန်သော သူတို့ချည်းသာတည်း။

လူတို့၌ ခန္ဓာငါးပါး၏ ဗျာဓိသဘောသည်ကား အလွန်ထင်ရှား၏၊ ပဋိသန္ဓေ တည်ရှိသည်မှစ၍ တစ်ဘဝလုံး၌ နာဘေးဆိုက်လာလျှင် မနာနိုင်သောအခါဟူ၍ တစ်နာရီမျှမရှိ၊ အိုဘေး၊ သေဘေးနှင့်အတူ အမြဲကြောက်ကြရကုန်၏။ ထို့ကြောင့် "ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ ဗျာဓိဓမ္မာ၊ နာခြင်းသဘော ရှိကုန်၏" ဟုဆို ပေသည်။

ဗျာဓိဓမ္မပြီး၏။

-----

## ၂၂ - သောကဓမ္မကို ပြဆိုခန်း

"သောကဓမ္မ" ဟူသောပုဒ်၌ မိမိတို့၏ ခန္ဓာငါးပါးတို့သည် မိမိတို့၌လည်းကောင်း၊ သူတစ်ပါးတို့၌လည်းကောင်း သောကဒုက္ခတို့ကို ဖြစ်ပွားစေနိုင်ကုန်၏။

---

၁။ ကျမ်းကိုးကို ဤကျမ်း၊ နှာ - ၁၄၅ ပြန်ကြည့်ပါ။

သူတစ်ပါးတို့၏ ခန္ဓာငါးပါးတို့သည် သူတစ်ပါးတို့၌လည်းကောင်း၊ မိမိ၌လည်းကောင်း သောက ဒုက္ခကို ဖြစ်ပွားစေနိုင်ကုန်၏။

မိးဘေး ရေဘေး အစရှိသော ဗဟိဒ္ဓခန္ဓာတို့သည် သတ္တဝါတို့၌ သောက ဒုက္ခတို့ကို ဖြစ်ပွားစေနိုင်ကုန်၏။

မိမိ၏ပိုင်ရာဆိုင်ရာဟူ၍ သိမ်းပိုက်အပ်ကုန်သော ခပ်သိမ်းသော တိုင်းပြည်မြို့ရွာ၊ အိမ်ယာ၊ ဝင်းခြံ၊ အဝတ်အစား၊ စပါးဆန်ရေ၊ ရွှေ ငွေ ရတနာ လယ်ယာကိုင်းကျွန်း သစ်ပင် ဥယျာဉ် အစရှိကုန်သော အလုံးစုံသော ကာမဝတ္ထု အဆောက်အအုံတို့သည် သိမ်းပိုက်တွယ်တာသော သူတို့အား အမျိုးမျိုးသော သောကဒုက္ခကို ဖြစ်ပွားစေနိုင်ကုန်၏။

ငရဲဘုံတစ်ခွင်လုံး၊ ပြိတ္တာဘုံတစ်ခွင်လုံး၊ အသုရကာယ်ဘုံ တစ်ခွင်လုံးတို့သည် သောကဘုံကြီး လုံးလုံးသာတည်း၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့သည်လည်း ထိုအမျိုးအရိုးတို့သာတည်း။

ထို့ကြောင့် -

"ဣမေ ပဥ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ သောကဓမ္မာ၊ စိုရိမ်းပူပန်ရခြင်း သဘောရှိကုန်၏" ဟုဆိုပေသည်။

သောကဓမ္မ ပြီး၏။

-------

## ၂၃ - ၂၄ ပရိဒေဝ ဓမ္မနှင့် ဥပါယာသ ဓမ္မကို ပြဆိုခန်း

ပရိဒေဝဓမ္မ, ဥပါယာသဓမ္မ ပုဒ်တို့သည် သောကဓမ္မပုဒ်တို့နှင့် တူကြလေကုန်၏။

ပရိဒေဝဓမ္မ, ဥပါယာသဓမ္မ ပြီး၏။

----------

## ၂၅ - သံကိလေသိကကို ပြဆိုခန်း

"သံကိလေသာနံ ဟိတာကိ သံကိလေသိကာ"

သံကိလေသာနံ၊ တဏှာသံကိလေသ၊ ဒိဋ္ဌိသံကိလေသ၊ ဒုစ္စရိတ သံကိလေသ တို့၏။ ဟိတာ၊ အစီးအပွားတို့တည်း။ ဣတိ၊ ထို့ကြောင့်။ သံကိလေသိကာ၊ သံကိလေသိက မည်ကုန်၏။

အဓိပ္ပာယ်အကျယ်မှာ သာသဝဓမ္မဟူသော ပုဒ်နှင့် တူပြီ။

သံကိလေသိကဓမ္မ ပြီး၏။

# လူနတ်ဗြဟ္မာ စည်းစိမ်ချမ်းသာဟူသော တေဘူမက ဓမ္မတို့၏ အပြစ်ဒေါသအာဒီနဝ ကြီးကျယ်ပုံကို ပြဆိုခန်း

ဤအရာ၌–

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ ဓမ္မာ အနတ္တာ၊

ဟူသော ပုဒ်တို့၏ အဓိပ္ပာယ်ကိုလည်း အတန်ငယ် ပြဆိုရာ၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ပြုပြင်အပ်သော တရားတို့မည်သည်။ အနိစ္စာ၊ အနိစ္စတို့သာတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ပြုပြင်အပ်သော တရားတို့မည်သည်။ ဒုက္ခာ၊ ဒုက္ခတို့သာတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ လောကီ လောကုတ္တရာ နိဗ္ဗာန် ပညတ် တရားတို့သည်။ အနတ္တာ၊ အနတ္တတို့သာတည်း။

ဤဒေသနာတို့၌ ပြောရိုးဆိုရိုး အဓိပ္ပာယ်ကား ထင်ရှားပြီ။ တေဘူမကတရား၏ အထူးသိသာရန် အဓိပ္ပာယ်ကို ပြဆိုပေအံ့။

အမည်များ–

အပါယ်လေးဘုံနှင့်တကွသော ခပ်သိမ်းသော လူ့ခန္ဓာ လူ့ချမ်းသာ၊ နတ်ခန္ဓာ နတ်ချမ်းသာ၊ ဗြဟ္မာ့ခန္ဓာ ဗြဟ္မာ့ချမ်းသာဟု ဆိုအပ်ကုန်သော ခန္ဓာငါးပါး တေဘူမက တရားတို့ကို အဘိဓမ္မာ၌–

(၁) သာသဝါ၊ အာသဝေါတရားတို့နှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း။
(၂) သံယောဇနိယာ၊ သံယောဇဉ်တရားတို့ကို ပွားစီးစေတတ်ကုန်၏ဟူ၍လည်းကောင်း။
(၃) ဂန္ထနိယာ၊ ဂန္ထတရားတို့ကို ပွားစီးစေတတ်ကုန်၏ ဟူ၍လည်းကောင်း။
(၄) ဩဃနိယာ၊ ဩဃ တရားတို့ကို ဖြစ်ပွားစေကုန်၏ ဟူ၍လည်းကောင်း။
(၅) ယောဂနိယာ၊ ယောဂတရားတို့ကို ဖြစ်ပွားစေတတ်ကုန်၏ ဟူ၍လည်းကောင်း။
(၆) နီဝရဏိယာ၊ နီဝရဏတရားတို့ကို ဖြစ်ပွားစေတတ်ကုန်၏ ဟူ၍ လည်းကောင်း။
(၇) ပရာမဋ္ဌာ၊ မိစ္ဆာဒိဋ္ဌိ တရားတို့သည် အဖောက်အမှား သုံးသပ်အပ်ကုန်၏ ဟူ၍ လည်းကောင်း။
(၈) ဥပါဒါနိယာ၊ ဥပါဒါန် တရားတို့ကို ဖြစ်ပွားစေတတ်ကုန်၏ ဟူ၍ လည်းကောင်း။
(၉) သံကိလေသိကာ၊ ခပ်သိမ်းသော တဏှာ သံကိလေသတရား၊ ဒိဋ္ဌိ သံကိလေသ တရား၊ ဒုစ္စရိုက် သံကိလေသတရားတို့ကို ပွားစီးစေတတ်ကုန်၏ ဟူ၍ လည်းကောင်း

ဟောတော်မူသောကြောင့် ခပ်သိမ်းသော တေဘူမကတရားတို့သည် မိမိတို့လည်း ကိလေသာတို့မှ ဖြစ်ပွားကြကုန်၏၊ ကိလေသာမီးတို့ကိုလည်း လွန်စွာ ပွားများစေတတ်ကြကုန်၏၊ ဘုံသုံးပါးကြီးသည် ကိလေသာတောကြီး အတိဖြစ်၏၊ အကုသိုလ်တောကြီး အတိဖြစ်၏ဟု သိအပ်၏။

## ဘုံ ၃-ပါး၏ ဥပမာ

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌[၁]

(၁) ဘုံသုံးပါးကြီးသည် သားရဲတို့ဖြင့်ပြည့်သော တောအုပ်ကြီးနှင့် တူ၏။

(၂) ကျားတို့နေရာဖြစ်သော လိုဏ်ဂူနှင့် တူ၏။

(၃) မိချောင်းတို့ဖြင့်လည်းကောင်း၊ ရေဘီလူးတို့ဖြင့်လည်းကောင်း၊ ပြည့်သော ရေအိုင်ကြီးနှင့် တူ၏။

(၄) အဆိပ်နှင့်ရောသော ဘောဇဉ်နှင့် တူ၏။

(၅) ခိုးသူ ဓားပြတို့၏ နေရာဖြစ်သော ခရီးနှင့် တူ၏။

(၆) မီးလောင်၍နေသော အိမ်နှင့် တူ၏။

(၇) စစ်သည်နှစ်ဖက် ချီတက်တိုက်ခိုက်၍နေသော စစ်မြေပြင်နှင့် တူ၏ဟူ၍ မိန့်ဆိုပေ၏။

လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့သည် အလွန်ကောင်းသော အဆင်းအနံ့ အရသာတို့နှင့် ပြည့်စုံသော အပွင့်အသီးတို့ကို အခါခပ်သိမ်း ဆောင်ကုန်သော အဆိပ်ပင်တောကြီးနှင့်လည်း တူကုန်၏။

**အဆိပ်ဆေးနှင့်တူသော အကုသိုလ်**

အာသဝ[၂] သံယောဇန[၃] ဂန္ထ[၄] ဩဃ[၅] ယောဂ[၆] ကုန်သော အကုသိုလ်တရားတို့သည် အဆိပ်ပွင့် အဆိပ်သီးတို့၌ တည်ရှိကုန်သော အဆိပ်ဆေးတို့နှင့် တူကုန်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ၊ ဒုတွဲ၊ နှာ - ၂၈၄။

၂။ အာသဝ = သတ္တဝါတို့ သန္တာန်၌ ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော တရား။

၃။ သံယောဇန = သတ္တဝါတို့ကို သံသရာ၌ ယှဉ်တွဲချည်နှောင်တတ်သော တရား။

၄။ ဂန္ထ = သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ရစ်ပတ်ထုံးဖွဲ့တတ်သော တရား။

၅။ ဩဃ = သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ် လွှမ်းမိုး၍ သတ်တတ်သော တရား။

၆။ ယောဂ = သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဒုက္ခနှင့် ယှဉ်ကပ်တွယ်စေတတ်သော တရား။

**အဆိပ်သီးစားငှက် ဥပမာ** လူ နတ် ဗြဟ္မာ အပေါင်းတို့သည် အဆိပ်ပွင့် အဆိပ်သီးတို့ကို စားသောက်၍ နေကြကုန်သော အသိန်းအသောင်း ငှက်အပေါင်းတို့နှင့် တူကုန်၏။

ထိုငှက်အပေါင်းတို့သည် အဆိပ်လောင်သဖြင့် အစဉ်အတိုင်း ကုန်ခန်းသော အသွေး အသားရှိကြကုန်သည်ဖြစ်၍ မကြာမီ မကြာမီ အောက်မြေအဖို့သို့ ကျရောက်သေဆုံး၍ မြေကြီးအစီးအပွား ဖြစ်ကြကုန်သကဲ့သို့ လူ နတ် ဗြဟ္မာတို့သည် လူ့စည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ၊ ဗြဟ္မာ့စည်းစိမ်ချမ်းသာ ခန္ဓာငါးပါးတို့၌ ပွားစီး၍ နေကြကုန်သော ထိုအကုသိုလ် အဆိပ်တို့၏ အစဉ်အမြဲလောင်မှုကြောင့် အနမတဂ္ဂ သံသရာ၌ အပါယ်ဘုံသို့သာ စုလာကြကုန်၍ အပါယ်လေးပါး အစီးအပွားချည်း အစဉ်ဖြစ်၍ နေကြကုန်၏။

ဤကား လူ နတ် ဗြဟ္မာ စည်းစိမ်ချမ်းသာဟူသော တေဘူမက ဓမ္မတို့၏ အပြစ်ဒေါသ အာဒီနဝ ကြီးကျယ်ပုံတည်း။

တေဘူမကဓမ္မတို့၏ အပြစ် ပြီး၏။

---

## စိတ်ဟူသော အချုပ်အခြာ ပဓာနတရားကြီး၏ အလားကို ပြဆိုခန်း

ယခုအခါ၌ စိတ်ဟူသော အချုပ်အခြာ ပဓာနတရားကြီး၏ အလားကို ပြဆိုပေအံ့။

**စိတ်၏အလား ၂–မျိုး** အာရုံကိုသိခြင်း လက္ခဏာရှိသော ဤစိတ်၏ အလားသည်။

၁။ ပကတိသော ဇာတိအလား၊

၂။ ပြုပြင်မှုကြောင့်ဖြစ်သော အာဂန္တုအလားဟူ၍ နှစ်ပါးရှိ၏။

**စိတ်၏ ပကတိအလား။** ။ ထိုတို့တွင်–

"ပါပသ္မိံ ရမတေ မနော"[၁]။

"မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌သာလျှင်။ ရမတေ၊ မွေ့လျော်မြဲတည်း"။

ဟူ၍ ဟောတော်မူသည်နှင့်အညီ– မကောင်းမှုတို့၌သာ အမြဲမွေ့လျော်ခြင်း သဘောသည် စိတ်၏ ပကတိသော ဇာတိအလားတည်း။

---

၁။ ဓမ္မပဒ။ နှာ– ၃၀၊ ဂါထာနံပါတ် – ၁၁၆။

**စိတ်၏ အာဂန္တုအလား**

ကုသိုလ်ကောင်းမှုကိစ္စနှင့် ဖြစ်ခြင်းသည် ပြုပြင်မှုကြောင့်ဖြစ်သောစိတ်၏ အာဂန္တုအလားတည်း၊ ဒုစရိုက်ဟူသမျှသည် စိတ်၏ ပကတိဇာတိအလားတည်း၊ ပကတိဇာတိအလိုတည်း။

သုစရိုက်ဟူသမျှသည် စိတ်၏ အာဂန္တု အလားတည်း၊ အာဂန္တု အလိုတည်း။

အကုသိုလ်စိတ် ၁၂-ပါးသည် စိတ်၏ ပကတိဇာတိအလားအားဖြင့် ပြီး၏။ ကာမကုသိုလ် ရှစ်ခုသည် ပြုပြင်မှု၏ အစွမ်းကြောင့် ဖြစ်ရ၏။

ဥပမာကား- သံကြေးခဲတို့ မည်းညစ်ခြင်းအမှုသည် ပကတိဇာတိအလားတည်း၊ သံကြေးခဲတို့၏ ဖြူစင်ခြင်းအမှုသည် ပြုပြင်မှုရှိမှ ဖြစ်နိုင်သော အာဂန္တုအလားတည်း။ ထိုနှစ်ပါးသော အလားတို့တွင်-

ပကတိဇာတိအလားမည်သည် ရေတို့၏နိမ့်ရာအရပ်သို့ စီးသွားမှုကဲ့သို့ ပြုပြင်မှုမလို နဂိုဇာတိနှင့် ပြီးသည်ဖြစ်၍ စည်းမရှိ ကမ်းမရှိ ပေါက်လွှတ်လျောက်လျား သွားမြဲတည်း။

အာဂန္တုအလားမည်သည် ရေတို့၏အထက်သို့ ဆန်တက်မှုကဲ့သို့ ပြုပြင်မှုရှိပါမှ ပြုပြင်မှု၏ အစွမ်းရှိသမျှသာ သွား၏၊ ပြုပြင်မှု အစွမ်းကုန်လျှင် ပကတိဇာတိ အလားသို့သာ ထဲမြဲတည်း၊ ပကတိဇာတိအလားသို့ ရောက်လျှင် စည်းကမ်းမရှိပြီ၊ ဆီးမရ တားမရ သွားချင်တိုင်း သွားတော့သည်၊ လောက၌ မျက်မြင်ကိုယ်တွေ့ ထင်ရှား၍ နေကြသော အမှုတည်း။

**သုစရိုက်ဖြစ်ကြောင်း**

စိတ်ကို သုစရိုက်၊ မဟာကုသိုလ်စိတ် ဖြစ်စေခြင်းငှာ ပြုပြင်မှု မည်သည် ပဋိရူပဒေသဝါသ၊ သပ္ပုရိသူပနိဿယ၊ သဒ္ဓမ္မ ဿဝန အစရှိသော အကြောင်းကြီး အခွင့်ကြီးတို့နှင့် တွေ့ကြုံသောအခါ၌သာ ဖြစ်နိုင်၏။

အနမတဂ္ဂသံသရာ၌ ကျင်လည်၍နေကြကုန်သော သတ္တဝါတို့အား လူ့ဘဝကို ရမှုသည်ပင်လျှင် အလွန်ခဲယဉ်းလှ၏၊ ပဋိရူပဒေသဝါသ အစရှိသော အကြောင်းကြီး အခွင့်ကြီးတို့နှင့် တွေ့ကြုံရန်အရေးမှုကား ထို့ထက်အလွန် ခဲယဉ်းတော့သည်။

ယခုအခါ ဇမ္ဗူဒိပါကျွန်းကြီးအပြင်မှာ ရှိနေကြကုန်သော လူအမျိုးမျိုးတို့တွင် သုစရိုက်ဆယ်ပါးရှိကြသော လူမျိုး အဘယ်မျှလောက် နည်းပါးသည်ဟု မျှော်လေ။

ဤသို့သော ယုတ္တိဖြင့် အပါယ်လေးဘုံကြီးသည် စိတ်၏ ပကတိအလားတည်း၊ လူ့ဘုံ နတ်ဘုံသည် စိတ်၏ အာဂန္တုအလားတည်းဟု ထင်ရှား၏၊ လူ့ဘုံ နတ်ဘုံတို့၌ သတ္တဝါနည်းပါးမှု၊ အပါယ်လေးဘုံကြီး၌ သတ္တဝါ အသိုက်အအုံ ကြီးကျယ်မှုနှင့်လည်း ထင်ရှား၏။

**မဟာကုသိုလ်ထက် အပ္ပနာကုသိုလ်ဖြစ်ရန် ခဲယဉ်းပုံ**

မဟာကုသိုလ်ဖြစ်ရန် ပြုပြင်မှုထက် ရူပါဝစရ ဈာန်ကုသိုလ် အရူပါဝစရ ဈာန်ကုသိုလ်ဖြစ်ရန် ပြုပြင်မှုတို့သည် အလွန်ခဲယဉ်းလှကုန်တော့သည်။

လောကုတ္တရာ ကုသိုလ်တို့၌မူကား–

၁။ မြတ်စွာဘုရားတို့၏ မဂ်ဉာဏ်ကုသိုလ်သည် လေးသင်္ချေ ရှစ်သင်္ချေ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပြုပြင်ရ၏၊

၂။ ပစ္စေကဗောဓိမှာ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊

၃။ အဂ္ဂသာဝကဗောဓိမှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊

၄။ မဟာသာဝကဗောဓိမှာ ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် စသည်ဖြင့် ပြုပြင်ရ၏။

ဤမျှလောက် စကားရပ်တို့ဖြင့် စိတ်ဟူသော အချုပ်အခြာ ပဓာနတရားကြီး၏ ကုသိုလ်ဖြစ်မှု အလားမည်သည် ပြုပြင်မှုကြောင့် ဖြစ်ရသော အာဂန္တုအလားသာ ဖြစ်၏၊ အကုသိုလ်ဖြစ်မှုသည်သာလျှင် စိတ်၏ ပကတိဇာတိအလား ဖြစ်၏ဟူသော အနက်၊ သံသရာ၌ ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့မှာလည်း သုဂတိဘဝသို့ ရောက်မှုသည်အာဂန္တုအလားမျှသာ ဖြစ်၏၊ ဒုဂ္ဂတိဘဝ၌ ကျင်လည်မှုသည်သာလျှင် အစဉ်ထာဝရအလားဖြစ်၏ ဟူသော အနက်သည် ပြီးသတည်း။

စိတ်ဟူသော ပဓာနတရား ပြီး၏။

– – – – – – –

ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့၏ အလွန်ကြောက်လန့်ဖွယ်ကောင်းလှသော နဂို ဇာတိ ပကတိသဘောရင်းကို ထင်လင်းစွာသိကြစေခြင်းငှာ–

# အနိစ္စ တစ်မျိုးကို ပြဆိုခန်း

**ခန္ဓာငါးပါးသည် အကုသိုလ်၏ အစီးအပွား**

အဘယ်ကြောင့် အကုသိုလ်ဖြစ်မှုသည်သာလျှင် စိတ်၏ ပကတိ ဇာတိအလား ဖြစ်လေသနည်းဟူမူကား– တေဘူမကဓမ္မဟု ဆိုအပ်သော လူ နတ် ဗြဟ္မာ စည်းစိမ်ချမ်းသာ ခန္ဓာငါးပါးတို့သည် အကုသိုလ်၏ အစီးအပွားတို့သည်သာ ဖြစ်ကုန်၏ဟု ပြဆိုခဲ့ပြီးသော အဘိဓမ္မာပါဠိတော်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အဆိပ်ပင်တောကြီး ဥပမာ တို့နှင့် ဖြေလေ။

ထို လူ နတ် ဗြဟ္မာ စည်းစိမ်ချမ်းသာ ခန္ဓာငါးပါးတို့နှင့် ရောနှောဆက်ဆံမှုသည် အကုသိုလ်ဖြစ်ခန်း၊ စွန့်လွှတ်ကြဉ်ရှောင်မှုသည် ကုသိုလ်ဖြစ်ခန်း ဟူ၍လည်း လောကဋ္ဌ ထင်ရှား၏။

**ကုသိုလ်စိတ်ဖြစ်ရန် ခက်ခဲပုံ**

ဤသို့လျှင် သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့၏ အချုပ်အခြာ ပဓာနကြီးဖြစ်သော စိတ်သည် အကုသိုလ်အဖြစ်၌သာ ပကတိ ဓာတိသဘောဖြစ်၍ အစဉ် ထာဝရ မြဲသော သဘောရှိ၏၊ ကုသိုလ်အဖြစ်၌ မိမိ၏ ပကတိသဘောမဟုတ်၊ ပြုပြင်မှု၏ အစွမ်းသက်သက်မျှသာဖြစ်၍ ဘဝတစ်ရာမှ တစ်ခါသာဖြစ်နိုင်၏၊ ဘဝ တစ်ထောင်မှ တစ်ခါသာဖြစ်နိုင်၏၊ အစဉ်အမြဲ ဖြစ်နိုင်သော သဘောမရှိ။

**စိတ်သည် အနိစ္စမျိုး**

ပြုပြင်မှု၏ အစွမ်းဖြင့် ကုသိုလ်အဖြစ်နှင့် ဖြစ်သောအခါလည်း ပြုပြင်မှုအစွမ်းကင်းခဲ့လျှင် ခဏချင်း ခဏချင်း ကွယ်ပျောက်၍ အကုသိုလ် ဘက်သို့သာ လဲမြဲ လဲ၏၊ ပြုပြင်မှု ရှိစဉ်၌လည်း တစ်စုံတစ်ခု ဆန့်ကျင် ဘက်တရား ထိပါးခဲ့ပြန်လျှင် ခဏချင်း ကွယ်ပျက်၍ အကုသိုလ်ဘက်သို့ လဲ မြဲလဲ၏။

ထို့ကြောင့်–

"ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ" ဟူ၍ ဟောတော်မူ၏။

စိတ္တံ၊ စိတ်သည်။ ဖန္ဒနံ၊ တုန်လှုပ်၏။ စပလံ၊ လျှပ်ပေါ်၏။ ဒုရက္ခံ၊ စောင့်ရှောက် ခြင်းငှာ ခက်ခဲ၏။ ဒုန္နိဝါရယံ၊ မကောင်းသောအလားကို တားမြစ်ခြင်းငှာ ခက်ခဲလှ၏။

ဤကား စိတ်၏ ကောင်းရာသို့ ပါရလေအောင် ပြုပြင်အပ်သော သင်္ခါရမျိုး ဖြစ်၍ ကောင်းသောအဖို့၌ အနိစ္စဖြစ်ပုံတည်း။

**စိတ်သည် ဒုက္ခမျိုး**

ဤသို့ မကောင်းသောအဖို့၌ ပြုပြင်အပ်သော အနိစ္စမျိုးဖြစ်၍ မကောင်း သော အဖို့၌ ပကတိဓာတိအနေအားဖြင့် မြဲသော သဘောရှိသောကြောင့် ဤစိတ်ကို သတ္တဝါတို့၏ အချုပ်အခြာ ပဓာနအင်္ဂါပြု၍ သံသရာ၌ ကျင်လည်ခြင်းငှာ အလွန်ကြောက်လန့်ဖွယ်ကောင်းလှသောကြောင့် ဧကန်စင်စစ် ဒုက္ခ မျိုးသာ ဖြစ်၏။

ဤကား စိတ်၏ ပကတိဓာတိအားဖြင့် ဒုက္ခမျိုးစင်စစ် ဖြစ်ပုံတည်း။

---

၁။ ဓမ္မပဒ၊ နှာ – ၁၈၊ ဂါထာနံပါတ် – ၃၃။

**စိတ်သည် အနတ္တဖြစ်ပုံ**

သတ္တဝါတို့၏ ပကတိဓာတ် အလိုကား အစဉ်ထာဝရ ကောင်း မြတ်ချမ်းသာသည်ကိုသာ အလိုရှိ၏၊ စိတ်၏ပကတိ ဓာတ်အလို ကား မကောင်းယုတ်မာ ဆင်းရဲရာသို့သာ အစဉ်ထာဝရဆောင် ခြင်း သဘောရှိ၏။ သတ္တဝါတို့၏ ပကတိအလိုနှင့် စိတ်၏ ပကတိအလိုသည် အစုန် အဆန် ဆန့်ကျင်ဘက်ဖြစ်နေကြ၏၊ သတ္တဝါတို့၏ ပကတိအလိုနှင့် စိတ်၏ပကတိ အလိုသည် အနမတဂ္ဂ သံသရာ၌ တစ်ရံတစ်ခါမျှ မရောမိကြ။

ထို့ကြောင့် စိတ်သည် သတ္တဝါ၏ပိုင်ရာ နိုင်ရာမဟုတ်၊ သတ္တဝါမဟုတ် သတ္တဝါ တခြား စိတ်တခြားဟု ထင်ရှား၏၊ သတ္တဝါဟူ၍ကား မရှိ။

ဤကား စိတ်သည် သတ္တဝါ၏ အတ္တသာရ မဟုတ်ပုံတည်း။

စိတ်၏ အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုးဖြစ်ပုံ ပြီး၏။

**စေတသိက်၌ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ**

အလုံးစုံသော စေတသိက်တို့သည်လည်း စိတ်၏ နောက် လိုက်နောက်ပါမျှသာ ဖြစ်ကြကုန်၍ မကောင်းရာ၌သာ အစဉ်မြဲသော ပကတိဓာတ်သဘော ရှိကြကုန်၏၊ စိတ်၌ ပြဆိုခဲ့ပြီးသောအတိုင်း အလုံးစုံ အကုန်တူ၏။

နာမက္ခန္ဓာ လေးပါးတို့၏ အနိစ္စမျိုး ဒုက္ခမျိုး အတ္တမျိုးဖြစ်ပုံ ပြီး၏။

**ရုပ်၌ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံ**

သံသရာ၌ တစ်ဘဝမှ တစ်ဘဝ ပြောင်းသွားရာ၌ နာမက္ခန္ဓာတို့ သွားရာသို့ ရူပက္ခန္ဓာသည် အစဉ်ပါရ၏၊ ထို့ကြောင့် နာမက္ခန္ဓာတို့ကဲ့သို့ပင် ရူပက္ခန္ဓာသည်လည်း ပကတိ သဘောအားဖြင့် မကောင်းဆိုးရွားမျိုးသာ စင်စစ်ဖြစ်၏၊ ရံဖန်ရံခါ လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ် အနေဖြင့် ဖြစ်ပေါ်လာမှုသည် ကံပြုပြင်မှု၏ အစွမ်းသက်သက် သာတည်း။

တစ်ဘဝ တစ်ဘဝ၌ ဖွားမြင်စ အခါကာလမှစ၍ တစ်စုံတစ်ခုသော ပြုပြင်မှုမရှိ ဘဲ သုဂတိဓာတ်အတိုင်း ပေါက်ထွက်ထားခဲ့သည်ရှိသော် ထင်ရှားစွာဖြစ်၍ သွားရာ သော ခန္ဓာငါးပါးတို့၏ အနိစ္စအလား၊ ဒုက္ခအလား အနတ္တအလားကိုကား ရှေ့၌ ပြဆို ခဲ့ပြီ။

ထိုသို့ပြဆိုခဲ့ပြီးသောအတိုင်း ကောက်စပါး မြက်သစ်ပင်တို့၏ စိမ်းရှင်စည်ကား ၍ နေ့ရက်အရှည် တည်နေမှု, အရွက် အပွင့် အသီးကို ဆောင်မှုသည် မြေဥတု၊ ရေဥတု ပြုပြင်မှု အစွမ်းသက်သက် ဖြစ်သကဲ့သို့ သတ္တဝါတို့၌လည်း စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဟူသော ပဓာနအင်္ဂါ အတွင်း အာယတန ခြောက်ပါးတို့၏ နေ့ရှည် ရက်ရှည်တည်နေမှု၊ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ ထိခြင်း၊ သိခြင်းတို့ကို ဆောင်ရွက်မှု၏သည် ရှေးရှေးနေ့တို့၌ တင်ကျွေး၍ ပြုအပ်သော အစာအာဟာရပြုပြင်မှု ၏ အစွမ်းသက်သက်မျှသာတည်း။

ပြဆိုအပ်ခဲ့ပြီးသော ခန္ဓာငါးပါးတို့၏ ပကတိ ဇာတိအလားကို မဟာအဝိစိ ငရဲကြီးသို့ ဆိုက်အောင် တသွန်တည်းလဲ၍ သွားပုံနှင့်တကွ အနမတဂ္ဂသံသရာ တစ်ခုလုံး အကုန် မြော်မြင်လေ။

ယူဇနာငါးရာမြင့်သော ဟိမဝန္တာတောင်ပေါ်မှ စီးဆင်းကုန်သော မြစ်ကြီး မြစ်ငယ် တို့သည် မဟာသမုဒ္ဒရာသို့ချည်း တသွန်တည်း လဲကြကုန်သကဲ့သို့ အနမတဂ္ဂ သံသရာ၌ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၌ ရှိကြကုန်သော ခန္ဓာကိုယ်ကောင် ကြီးငယ်တို့၏ ပကတိဇာတိအလားကို မဟာအဝိစိသို့ချည်း ဆိုက်အောင် မြော်မြင်ကြလေ။

**သုစရိုက်ဖြစ်ရန် ခဲယဉ်းပုံ**

မနုဿတ္တ ဒုလ္လဘ တရားတော်များနှင့် ထောက်မြော်၍ ကြည့် ကြကုန်သည်ရှိသော် သုစရိုက်ဆယ်ပါး အလိမ္မာတရားနှင့် ပြည့် စုံသောအဖြစ်ကို ဆယ်ဘဝ ကိုးဘဝ ဆက်လက်၍ ရနိုင်ရန် အလွန်ခဲယဉ်းလှ၏။

ဒုစရိုက်ဆယ်ပါး အမိုက်တရားနှင့်ပြည့်စုံသော အဖြစ်ကိုမူကား တစ်ဘဝရောက် ပေါက်မိသည်ရှိသော် နိမ့်ရာသို့စီးဆင်းသော မြစ်ရေကဲ့သို့ ဘဝပေါင်း အထောင် အသောင်းမက မြုပ်လေ မျောလေတော့သည်။ လိပ်ကန်းဥပမာ ဒေသနာတော်များကို မြော်လေ။

ဤကား စိတ်အစရှိကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အလွန်ကြောက် လန့်ဖွယ် ကောင်းလှသော နဂိုဇာတိ ပကတိ သဘောရင်းကို ထင်လင်းစွာ သိစေခြင်း ငှာ အနိစ္စတစ်မျိုးကို ပြဆိုခန်းတည်း။

ခန္ဓာငါးပါး အနိစ္စတရား ပြီး၏။

# ငရဲကြီး ရှစ်ထပ်

## သရုပ်နှင့် သဉ္ဇိုင်းငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း

**ပဋိသန္ဓေ အကြိမ်များဆုံးဖြစ်ရာ ကာမဘုံ**

သမစိတ္တသုတ်[1] တွင် အဇ္ဈတ္တ သံယောဇနပုဒ်၊ ဗဟိဒ္ဓ သံယောဇနပုဒ်တို့၏ အဖွင့်၌ ခပ်သိမ်းသော သတ္တဝါတို့အား ကာမဘုံ၌ ပဋိသန္ဓေအကြိမ် အလွန်များ၏၊ ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေ အကြိမ် အလွန်များ၏၊

ထို့ကြောင့် ဤကာမဘုံသည်သာလျှင် ခပ်သိမ်းသော သတ္တဝါတို့၏ ထာဝရ နေရင်း အတွင်းအရပ်မည်၏၊ ဗြဟ္မာ့ဘုံသည် ရံဖန်ရံခါသာ လှည့်လည်ရောက်ပေါက်ရာ အပ္ပဓာန မည်၏ဟု အဋ္ဌကထာ၌ ဖွင့်ဆိုပေ၏။

**သံသရာ၌ အပါယ်ဘုံသားများခြင်း**

ဤသို့အဋ္ဌကထာ၌ ဖွင့်ဆိုကြသော နည်းအတိုင်းဖြင့် ကာမဘုံတွင် ပဋိသန္ဓေ အကြိမ်အများဆုံးကို ရွေးကောက် ပြန်သည်ရှိသော် အပါယ်လေးဘုံ၌ အများဆုံးဖြစ်၏၊ တစ်ရာတွင် တစ်ဘဝ, တစ်ထောင်တွင် တစ်ဘဝမျှသော်လည်း လူ့ဘုံ နတ်ဘုံရပ်သို့ အလှည့်မကျနိုင်ကြ၏။

ထို့ကြောင့် အနမတဂ္ဂသံသရာ၌ ခပ်သိမ်းသော သတ္တဝါတို့၏ ထာဝရနေရပ် ဌာနကား–အပါယ်လေးဘုံသာတည်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် သံသရာ၌ အမျိုး အရိုးအားဖြင့် အပါယ်လေးဘုံသူ အပါယ်လေးဘုံသားတို့ချည်းသာတည်း။

## ငရဲကြီး ရှစ်ထပ်

ထို့ကြောင့် အနမတဂ္ဂသံသရာ၌ ခပ်သိမ်းသော သတ္တဝါတို့၏ အစဉ်ထာဝရ ကျင်လည်ကြရာဖြစ်သော အပါယ်လေးဘုံ၏ အခြင်းအရာကို အနည်းငယ်ပြဆိုလိုက် အံ့။

ဤလူ့ပြည်မှ အောက်ယူဇနာ ငါးသောင်း၊ ငါးထောင်စီ ကွာခြားသော အရပ်မှ စ၍ အောက်၌ ယူဇနာ ငါးသောင်း ငါးထောင်စီ ကွာခြားလျက် အစဉ်အတိုင်း တည်ရှိကြ ကုန်သော ငရဲကြီးရှစ်ပြည်ထောင်တို့သည်ကား–

၁။ သဉ္ဇိုင်း ငရဲကြီး

၂။ ကာဠသုတ် ငရဲကြီး

---

[1] ၁။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဒုတိယတွဲ၊ သမစိတ္တသုတ်၊ နှာ – ၃၅။

၃။ သဃာ်တ ငရဲကြီး
၄။ ရောရုဝ ငရဲကြီး
၅။ မဟာရောရုဝ ငရဲကြီး
၆။ တာပန ငရဲကြီး
၇။ မဟာတာပန ငရဲကြီး
၈။ မဟာအဝိစိ ငရဲကြီး
ဟူ၍ ရှစ်ထပ်ရှိကုန်၏။

# ၁– သဠိုင်း ငရဲ

## သဠိုင်းငရဲ မည်ပုံ

အဘယ်ကြောင့် သဠိုင်းငရဲ ခေါ်သနည်း။

"သံ= ပုနပ္ပုနံ ဇိဝန္တိ ဧတ္ထ နိဗ္ဗတ္တာ သတ္တာတိ သဉ္စီဝေါ"

ဧတ္ထ၊ ဤငရဲ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါ အနန္တတို့သည်။ သံ=ပုနပ္ပုနံ၊ အဖန်ဖန်။ ဇိဝန္တိ၊ အသက်ရှင်ကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ သဉ္စီဝေါ၊ သဠိုင်း မည်၏။

**သဠိုင်းငရဲ အကျယ်အဝန်းနှင့် ခံရပုံ**

ဤ သဠိုင်းငရဲကြီးသည် ဇမ္ဗူဒိပါကျွန်းကြီး၏ အောက် အနက် ယူဇနာတစ်ရာ၊ အလျား အနံ ယူဇနာ တစ်သောင်း ကျယ်သော မြေဥမင်ကြီး၌တည်၏၊ အလျှံပြောင်ပြောင် တောက်လောင်သော သံမြေ အပြင် ရှိ၏၊ အသရေ်ယျ အနန္တမျှသော ငရဲသူသတ္တဝါတို့ ဖြင့် ပြည့်၏။

ငရဲထိန်းတို့သည် ထန်းလုံးခန့် ပမာဏရှိကုန်သော အလျှံပြောင်ပြောင် တောက်လောင်ကုန်သော အလွန်တရာ ထက်လှစွာကုန်သော အထူးထူး အပြားပြားကုန်သော လက်နက်လုံတံတို့ဖြင့် ပစ်ခတ်ထိုးသတ် ရိုက်ပုတ်ကြကုန်၍ ထိုငရဲသူ သတ္တဝါတို့ကို ဦးခေါင်းအပိုင်းပိုင်း ပြတ်သည်တို့ကို ပြုကုန်၏၊ လည်ပင်းအပိုင်းပိုင်း ပြတ်သည်တို့ကို ပြုကြကုန်၏၊ ကိုယ်အပိုင်းပိုင်း ပြတ်သည်တို့ကို ပြုကြကုန်၏၊ ခြေအပိုင်းပိုင်းပြတ်သည်တို့ကို ပြုကြကုန်၏၊ သံမြေအပြင်၌ လဲကြကုန်သော ငရဲသူ သတ္တဝါတို့ကို အလျှံပြောင်ပြောင် တောက်လောင်ကုန်သော ကြီးစွာသော သံတင်းပုတ်တို့ဖြင့် ထုကြကုန်၏၊ အရေ၊ အသား၊ အရိုးတို့သည် ကြေမွကုန်၏၊ သွေးတို့သည် ချောင်းကဲ့သို့ စီးကုန်၏။

ထိုအလုံးစုံတို့ကို သံမြေမှထသော မီးတို့သည် ခဏချင်း လောင်ကျွမ်းစေကုန်၍ ပြာမှုန့်မျှ အကြွင်းအကျန်မရှိသည်တို့ကို ပြုကြကုန်၏၊ ငရဲသတ္တဝါတို့သည်ကား ဥပပါတ်ဓာတိ[၁] အားဖြင့် ပကတိဖြစ်မြဲ ဖြစ်ကြရကုန်၏။

အကြင်မျှလောက် မိမိပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ နှစ်အသင်္ချေပင် ရှည်ကြကုန်သော်လည်း အဖန်ဖန် ဖြစ်မြဲဖြစ်၍သာ နေကြရကုန်၏။

ဤသို့ဖြစ်၍ နေကြကုန်သည်တို့ကို "အဖန်ဖန် အသက်ရှင်သည်"ဟု ဆိုအပ်ကုန်၏။

ဇမ္ဗူဒီပါကဲ့သို့သော ယူဇနာ တစ်သောင်းကျယ်သော ထိုငရဲအပြင်ကြီးသည် အသင်္ချေအနန္တ များပြားလှသော သူပုန်ရန်သူတို့ကို တစ်ပြိုင်နက် သတ်ဖြတ်ခုတ်စင်းရာ သုသာန်သင်္ချိုင်း အပြင်ကြီးကဲ့သို့ အမြဲထင်၏။

သဥ္စိုင်းငရဲကြီး၏အခြင်းအရာကို ပြဆိုခန်းအမြွက် ပြီး၏။

---

# ၂– ကာဠသုတ်ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း

## ကာဠသုတ် ငရဲ မည်ပုံ

အဘယ်ကြောင့် ကာဠသုတ်ငရဲ ခေါ်သနည်း။

"ကာဠသုတ္တာနိ ပါတေတွာ ဝါသိပရသုကုဒါရီဟိ တစ္ဆန္တိ ဧတ္ထ နိဗ္ဗတ္တေ သတ္တေတိ ကာဠသုတ္တော"။

ဧတ္ထ၊ ဤငရဲ၌။ နိဗ္ဗတ္တေ၊ ဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါအနန္တတို့ကို။ ကာဠသုတ္တာနိ၊ မည်းနက်သော မျဉ်းကြိုးတို့ကို။ ပါတေတွာ၊ ချ၍။ ဝါသိပရသုကုဒါရီဟိ၊ ပဲခွပ်၊ ပုဆိန်၊ ဓားမတို့ဖြင့်။ တစ္ဆန္တိ၊ ရွေကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ ကာဠသုတ္တော၊ ကာထသုတ် ငရဲမည်၏။

**ကာဠသုတ်ငရဲပမာဏနှင့် ခံစားရပုံ**

ဤငရဲကြီးသည်လည်း သဥ္စိုင်းငရဲကြီး၏ အောက်၌ အစောက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်၏၊ အထွေပြောင်ပြောင် တောက်လောင်သော သံမြေအပြင်ရှိ၏၊ အသင်္ချေယျ အနန္တများပြားလှစွာသော ငရဲသူ သတ္တဝါတို့ဖြင့် ပြည့်၏။

---

၁။ ဥပပါတ်ဓာတိ = ပဋိသန္ဓေစိတ် ဖြစ်သည်နှင့် တစ်ပြိုင်နက် ၁၆–နှစ်ခန့် အရွယ်ရောက်ပြီးသူတို့၏ ခန္ဓာကိုယ်အနေအားဖြင့် ထင်ရှားစွာ ဖြစ်လာခြင်း။

ငရဲထိန်းတို့သည် ထန်းလုံးပမာဏရှိကုန်သော အလျှံပြောင်ပြောင် တောက်လောင်ကုန်သော အလွန်တစ်ရာ ထက်လှစွာကုန်သော အထူးထူး အပြားပြားကုန်သော လက်နက်လုံတံတို့ဖြင့် ပစ်ခတ်ခုတ်ဖြတ် ထိုးသတ်ရိုက်ပုတ်ကြကုန်၍ ထိုငရဲသူ သတ္တဝါတို့ကို အလျှံပြောင်ပြောင် တောက်လောင်သော သံမြေအပြင်၌ လဲစေကုန်၏။

ငရဲထိန်းတို့သည် သံမြေ၌လဲကုန်သော ငရဲသတ္တဝါတို့ကို ထန်းလုံးပမာဏရှိကုန်သော သံတံသင်းတို့ဖြင့် သံမြေ၌နက်၍ မလှုပ်မယှက်နိုင်သည်တို့ကို ပြုပြီးလျှင် သံဖြင့်ပြီးသော မည်းနက်သော အဆင်းရှိကုန်သော မျဉ်းကြိုးတို့ဖြင့် အစင်းစင်းမျဉ်းကြောင်းများစွာ ချကုန်လျက် အိမ်မိုးတစ်ခြမ်း ပမာဏရှိကုန်သော ပဲခွပ်သွား, ပုဆိန်သွား၊ ဓားမသွားတို့ဖြင့် ရှစ်မြှောင့် တစ်ဆယ့်ခြောက်မြှောင့် စသည်ပြု၍ အလွှာလွှာရွေ၍ ချကြကုန်၏၊ အရိုးမကျန် ရှိသည်ကို ပြုကြကုန်၏။

သွေးတို့သည် ချောင်းကဲ့သို့ စီးကုန်၏၊ သံမြေမှထသော မီးတို့သည် အလုံးစုံကို အကုန် ခဏချင်းလောင်ကျွမ်းစေကုန်၍ ပြာမှုန့်မျှ အကြွင်းအကျန် မရှိသည်တို့ကို ပြုကုန်၏၊ ငရဲသူ သတ္တဝါတို့သည်ကား ဥပပါတ် ဇာတိအားဖြင့် ပကတိဖြစ်မြဲ ဖြစ်ကြရကုန်၏။

အကြင်မျှလောက် မိမိတို့ပြုအပ်သောကံတို့သည် ကုန်ခြင်းသို့ မရောက်ကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာကြကုန်သော်လည်း အဖန်ဖန် ဖြစ်မြဲဖြစ်၍သာ နေကြရကုန်၏။

ဇမ္ဗူဒိပါကဲ့သို့ ယူဇနာ တစ်သောင်းကျယ်သော ထိုငရဲပြင်ကြီးသည် အသင်္ချေ အနန္တ များပြားလှကုန်သော သူပုန်ရန်သူတို့ကို တစ်ပြိုင်နက် သတ်ဖြတ်ခုတ်ရွေရာ သုသာန်သချိုင်းပြင်ကြီးကဲ့သို့ အမြဲထင်၏။

ကာဠသုတ်ငရဲကြီး၏ အခြင်းအရာကို ပြခန်းအမြွက် ပြီး၏။

-----------

## ၃ – သင်္ဃာတ ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း

### သင်္ဃာတငရဲမည်ပုံ

အဘယ်ကြောင့် သင်္ဃာတငရဲ ခေါ်သနည်း။

မဟန္တာ ဇထိတာ အယောပဗ္ဗတာ သင်္ဃာတေန္တိ စုဏ္ဏာဝိစုဏ္ဏံ ကရောန္တိ ဧတ္ထ နိဗ္ဗတ္တေ သတ္တေတိ သင်္ဃာတော။

ဇတ္တ၊ ဤငရဲ၌။ နိဗ္ဗတ္တော၊ ဖြစ်ကုန်သော။ သတ္တေ၊ ငရဲသူသတ္တဝါအနန္တတို့ကို။ မဟန္တာ၊ ကြီးကျယ်ကုန်သော။ ဇလိတာ၊ အလျှံထိန်ထိန် တောက်ထောင်ကုန်သော။ အယောပဗ္ဗတာ၊ သံတောင်ကြီးတို့သည်။ သင်္ဃာတေန္တိ၊ အဖန်တလဲလဲ အမြဲကြိတ်ဝါးကုန်၏။ စုဏ္ဏဝိစုဏ္ဏံ၊ မှုန့်မှုန့် ညက်ညက် ကြေသည်ကို။ ကရောန္တိ၊ ပြုကုန်၏။ ဣတိ၊ ထို့ကြောင့်။ သင်္ဃာတော၊ သင်္ဃာ ငရဲမည်ဖြစ်၏။

**သင်္ဃာတငရဲပမာဏနှင့် ခံစားရပုံ**

ဤငရဲကြီးသည်လည်း ကာဠသုတ်ငရဲကြီး၏ အောက်၌ အစောက်ယူဇနာတစ်ရာ၊ အလျား အနံ ယူဇနာ တစ်သောင်း ကျယ်သော မြေဥမင်ကြီး၌ တည်၏၊ အလျှံပြောင်ပြောင် တောက်လောင် သော သံမြေအပြင်ရှိ၏။ အသင်္ချေယျ အနန္တ များပြားလှစွာကုန်သော ငရဲသူ သတ္တဝါတို့ဖြင့် ပြည့်၏။

ထိုငရဲသူ သတ္တဝါတို့သည် သုံးဂါဝုတ်မျှလောက်သော ကိုယ်ရှိကြကုန်၏။ အောက်သံမြေအတွင်း၌ ခါးသို့ဆိုက်အောင် မြုပ်၍ ထန်းတောကြီး ပေတောကြီးကဲ့သို့ အထက်အဖို့ဖြင့် မတ်တတ်ရပ်ဆိုက်လျက် နေကြရကုန်၏။ အရပ်လေးမျက်နှာတို့မှ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော သံတောင်ကြီးလေးလုံးတို့သည် အလှည့်အလည်အားဖြင့် အမြဲထကုန်၍ ထိုငရဲသူ သတ္တဝါတို့ကို ဖိနင်းကြိတ်ဝါးကုန်၏။

အလျှံပြောင်ပြောင် တောက်လောင်သော သံတောင်ကြီးတို့သည် အလွန်ပြင်းထန်သော အသံတို့ကို မြည်ကုန်လျက် အရှေ့အရပ်မှ ထကုန်၍ ငရဲသူသတ္တဝါတို့ကို တစ်ဟုန်တည်း ဖိနင်းကြိတ်ဝါး၍ အနောက်အရပ်သို့ သွားလေကုန်၏။ ဤနည်းအတူ ကြွင်းသောအရပ်တို့မှလည်း အသီးသီးထကြကုန်၍ ဖိနင်းကြိတ်ဝါး၍ သွားကြကုန်၏။

ထိုငရဲသူ သတ္တဝါတို့သည် မုန့်မုန့်ညက်ညက် ကြေကြလေကုန်၏။ သွေးတို့သည် အသီးသီး ချောင်းစီးသကဲ့သို့ဖြစ်၍ မီး၏အဟုန်အားဖြင့် ခဏချင်း ကုန်ပျောက်ကြကုန်၏။ ငရဲသူ သတ္တဝါတို့သည်ကား ဥပပါတ် ဇာတိအားဖြင့် ပကတိဖြစ်မြဲဖြစ်ကြကုန်၏။ အကြင်မျှလောက် မိမိပြုအပ်သောကံတို့သည် ကုန်ခြင်းသို့မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ် အသင်္ချေပင် ရှည်ကြာကြသော်လည်း တစ်ဖန်ဖြစ်မြဲဖြစ်၍သာ နေကြရကုန်၏။

ဇမ္ဗူဒီပါကဲ့သို့ ယူဇနာတစ်သောင်းကျယ်သော ထိုငရဲအပြင်ကြီးသည် အသင်္ချေအနန္တများပြားကုန်သော သူပုန်ရန်သူတို့ကို တစ်ပြိုင်နက် ဆင်တို့ဖြင့် နင်းသတ်ရာ သုသာန်သင်္ချိုင်း အပြင်ကြီးကဲ့သို့ အမြဲထင်၏။

သင်္ဃာတငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်းအမြွက် ပြီး၏။

# ၄- ရောရုဝ ငရဲ
# ရောရုဝငရဲကြီး မဟာရောရုဝငရဲကြီး နှစ်ထပ်တို့၏ အခြင်းအရာကို ပြဆိုခန်း

**ရောရုဝ ငရဲ မည်ပုံ။**　　။ (အဘယ်ကြောင့် ရောရုဝငရဲ ခေါ်သနည်း။)

မဟာန္တေဟိ သဒ္ဒေဟိ နိစ္စကာလံ ရုဝန္တိ ဧတ္ထ နိဗ္ဗတ္တာ သတ္တာတိ ရောရုဝေါ။ ဧတ္ထ၊ ဤငရဲ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မဟန္တေဟိ၊ ကြီးစွာကုန်သော၊ သဒ္ဒေဟိ၊ အသံတို့ဖြင့်။ နိစ္စကာလံ၊ အခါခပ်သိမ်း။ ရုဝန္တိ၊ အော်ညာဟစ်ကြွေး မြည်တမ်းကြကုန်၏၊ ဣတိ၊ ထို့ကြောင့်။ ရောရုဝေါ၊ ရောရုဝ ငရဲမည်၏။

## ရောရုဝ ငရဲ ၂-မျိုး-

ထိုရောရုဝငရဲသည်

၁။ ဓုမရောရုဝငရဲ

၂။ ဇာလရောရုဝငရဲ ဟူ၍ နှစ်ပါး အပြားရှိ၏။

**ဓုမရောရုဝ ငရဲ**　　ဓုမရောရုဝ ဆိုသည်ကား-ကမ္ဘာပတ်လုံး တည်သော အလွန်ငန်သည်ဖြစ်၍ အလွန်ပူလောင်သော အခိုးတို့ဖြင့် အမြဲပြည့်သော ငရဲတည်း။

ဤ ငရဲကြီးသည်လည်း သင်္ဃာတငရဲကြီး၏ အောက်၌ အစောက်ယူဇနာ တစ်ရာ၊ အလျားအနံ ယူဇနာ တစ်သောင်း ကျယ်သော မြေဥမင်ကြီး၌ တည်၏၊ အလျှံပြောင်ပြောင် တောက်လောင်သော သံမြေအပြင် ရှိ၏။ အသချေ်ယျ အနန္တ များလှစွာသော သတ္တဝါတို့ဖြင့် ပြည့်၏။

ထိုငရဲသူ သတ္တဝါတို့သည်လည်း သုံးဂါဝုတ်မျှလောက်သော ကိုယ်ရှိ၏၊ တောင်၏အတွင်းသို့ စီးဝင်သော ချောင်းမြောင်းတို့ကဲ့သို့ ထိုအခိုးတို့သည် ငရဲသူ သတ္တဝါတို့၏ ကိုယ်တွင်းသို့ ဒွါရကိုးပေါက်တို့ဖြင့် အမြဲဝင်ကုန်၏၊ အကုန်ငန်သည့် အတွက်ကြောင့် တစ်ကိုယ်လုံးသည် အနာတို့ကို ဆားရေတို့ဖြင့် လောင်းဘိသကဲ့သို့ မခံမရပ်နိုင်သော ကျိန်းစပ်ကျင်နာခြင်းနှင့် အမြဲယှဉ်၏။

အလွန်ပူလောင်သည့် အတွက်ကြောင့်လည်း တစ်ကိုယ်လုံးသည် အိုး၌ထည့်၍ ရှားမီးကျီးစု၏ အပေါ်၌ နှိပ်၍ထားသော အသားတုံးကဲ့သို့ဖြစ်၍ ဒုက္ခပြင်းထန်စွာ ဖြစ်၏၊ ပြင်းထန်သောအသံတို့ဖြင့် အမြဲလျှင် ဟစ်အော်ငိုကြွေး၍ နေကြကုန်၏။

အကြင်မျှလောက် မိမိတို့ပြုအပ်သော အကုသိုလ်ကံတို့သည် မကုန်ကြကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာကြကုန်သော်လည်း ထိုဒုက္ခမှ မကျွတ်မလွတ်ကြရကုန်။

ဇမ္ဗူဒီပါကဲ့သို့ ယူဇနာ တစ်သောင်းကျယ်သော ထိုငရဲအပြင်ကြီးသည် အသင်္ချေ အနန္တ များပြား လှကုန်သော သူပုန် ရန်သူတို့ကို ယမ်းမီး ရှူးအိုး မီးလောင်တိုက်သဖြင့် ဖုတ်မြိုက်သုတ်သင်ရာ သုသာန်သချိုင်းကြီးကဲ့သို့ အမြဲထင်၏။

ရောရုဝ ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း အမြွက် ပြီး၏။

---

## ၅ – မဟာရောရုဝ ငရဲ

### ဇာလရောရုဝငရဲ

ဇာလရောရုဝ ငရဲကြီးကို မဟာ ရောရုဝ ဆိုသည်၊ ထိုငရဲကြီး၌ကား– တောင်၏ အတွင်းသို့ စီးဝင်လာသော ချောင်းမြောင်းတို့ကဲ့သို့ ထိုငရဲ၌ ဖြစ်ကြကုန်သော ငရဲသူ သတ္တဝါတို့၏ ကိုယ်ခန္ဓာတွင်းသို့ ဒွါရ ကိုးပေါက်တို့မှ မီးတောက် မီးလျှံတို့သာသွ် အမြဲဝင်၍ တစ်ကိုယ်လုံးကို လောင်ကုန်၏ ဟူ၍ ဆိုရုံမျှသာ ထူးတော့သည်၊ အကြွင်း ဆိုဖွယ်ရာ ခုမရောရုဝအတိုင်း ဆိုလေ။

မဟာ ရောရုဝငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း အမြွက် ပြီး၏။

---

## ၆ – တာပန ငရဲ

### တာပနမည်ပုံ

အဘယ်ကြောင့် တာပနငရဲ ခေါ်သနည်း။

နိစ္စလေ သတ္တေ တာပေတီတိ တာပနော။

နိစ္စလေ၊ လှုပ်ရှားခြင်း မရှိကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ တာပေတိ၊ ပူလောင်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ တာပနော၊ တာပန ငရဲ မည်၏။

ဤတာပန ငရဲကြီးလည်း မဟာရောရုဝ ငရဲကြီး၏ အောက်၌ အစောက် ယူဇနာ တစ်ရာ၊ အလျား အနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ တည်၏။

အလျှံ ပြောင်ပြောင် တောက်လောင်သော သံမြေအပြင် ရှိ၏။ အသင်္ချေယျ အနန္တ များလှစွာကုန်သော ငရဲသူ သတ္တဝါတို့ဖြင့် ပြည့်၏။

ထိုငရဲသူသတ္တဝါတို့သည် ကိုယ်အင်္ဂါတို့၌ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော သံတံကျင် တင်လျှိုလျက် ဖြစ်ကြကုန်သည်ဖြစ်၍ တစ်စုံတစ်ခုသော ကိုယ်အင်္ဂါ လှုပ်ရှားခြင်းကိုမျှ ပြုခြင်းငှာ မတတ်နိုင်ကြကုန်၊ အောက်သံမြေမှလည်းကောင်း၊ သံသံကျင်တို့မှလည်းကောင်း မီးတောက်မီးလျှံတို့သည် ထကုန်၍ ထိုငရဲသူ သတ္တဝါတို့ကို အမြဲလျှင် လောင်မြိုက်ကုန်၏။

အကြင်မျှလောက် မိမိတို့ ပြုအပ်သော အကုသိုလ်ကံတို့သည် ကုန်ခြင်းသို့ မရောက်ကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာကြကုန်သော်လည်း ထိုဒုက္ခမှ မကျွတ်မလွတ်ကြကုန်။

ဇမ္ဗူဒိပါကဲ့သို့ ယူဇနာတစ်သောင်းကျယ်သော ထိုငရဲအပြင်ကြီးသည် အသင်္ချေ အနန္တ များပြားလှကုန်သော သူပုန် ရန်သူတို့ကို ယမ်းမီး ရှူးအိုး မီးလောင်တိုက်ဖြင့် ဖုတ်မြိုက်သုတ်သင်ရာ သုသာန်သချိုင်းကြီးကဲ့သို့ အမြဲထင်၏။

တာပန ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း အမြွက် ပြီး၏။

----------

## ၇ – မဟာတာပန ငရဲကြီး၏ အခြင်းအရာကိုပြဆိုခန်း

### မဟာတာပန မည်ပုံ

အဘယ်ကြောင့် မဟာတာပနငရဲခေါ်သနည်း။

မဟန္တော တာပနော မဟာတာပနော။

မဟန္တော၊ ပထမ တာပနငရဲကြီးထက် ဒုက္ခအဖို့အားဖြင့် ပြင်းထန်ကြီးကျယ်လှသော။ တာပနော၊ ဒုတိယ တာပနငရဲကြီးသည်။ မဟာတာပနော၊ မဟာတာပန ငရဲမည်၏။

ဤငရဲကြီးသည်လည်း တာပနငရဲကြီး၏ အောက်၌ အစောက် ယူဇနာတစ်ရာ၊ အလျား အနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီးမှာ တည်၏၊ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော သံမြေအပြင်ရှိ၏၊ အသင်္ချေယျ အနန္တ များပြားလှစွာသော ငရဲသူ သတ္တဝါတို့ဖြင့် ပြည့်၏။

ဤငရဲကြီး၌ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော အလွန်ကြီးမားလှစွာကုန်သော သံတောင်ကြီးတို့သည် ရှိကုန်၏၊ သံတောင်ကြီးတို့၏ ပတ်လည်ဝန်းကျင် သံမြေအပြင်တို့၌ ထန်းတောကြီးသဏ္ဌာန်၊ ပေတောကြီးသဏ္ဌာန်တို့ကဲ့သို့ သံမြေမှ ထကုန်သော အလွန်ထက်သော အဖျားရှိကုန်သော အလျှံပြောင်ပြောင် တောက်လောင်ကုန်သော သံတံစို့၊ သံတံကျင်၊ သံချွန်ကြီး၊ သံတိုင်ကြီးတို့သည် စိုက်ထူလျက် ရှိကြကုန်၏။

ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်လောင်သော လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကုန်လျက် ငရဲဟူသတ္တဝါတို့ကို သံတောင်ကြီးတို့၏အပေါ်သို့ တက်ပြေးစေကြကုန်၏၊ ငရဲသူသတ္တဝါတို့သည် မခံမရပ်နိုင်ကြကုန်သည်ဖြစ်၍ အလျှံပြောင်ပြောင် တောက်လောင်သော သံတောင်ကြီးတို့သို့ တက်ရောက်ကြရကုန်၏။

တောင်ထိပ်သို့ ကျရောက်ကြကုန်သောအခါ ပြင်းထန်စွာ လာကုန်သော လေတို့သည် ထိုငရဲသူ သတ္တဝါတို့ကို တိုက်ထွင့်ကုန်၏၊ ငရဲသတ္တဝါတို့သည် လွင့်ပါကြကုန်၍ တောင်ခြေတို့၌ စိုက်ထူလျက်ရှိကြကုန်သော သံတံကျင်တို့၏အပေါ်သို့ ဦးခေါင်းဖောက်ထိုးကျကြလေကုန်၏၊ တံခွန်တိုင်ကို အဖျား၌စွပ်၍ ထားအပ်ကုန်သော ဂဠုန်ရုပ်၊ နဂါးရုပ်၊ ဟင်္သာရုပ်တို့ကဲ့သို့ သံတံကျင်တို့၏ အထက်၌ စွပ်လျက် မမြင်ပုံမရှုဝံ့တလွန့်လွန့် တလက်လက်တွေဖြစ်၍ နေကြကုန်၏။

တစ်ဖန် ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်လောင်သော သံလှံတံတို့ဖြင့်ထိုး၍ အောက်သံမြေအပြင်သို့ ကျရောက်စေကြကုန်၍ အထူးထူး အပြားပြားသော လက်နက်တို့ဖြင့် ရိုက်နက်ပုတ်ခတ်ပြီးလျှင် အလျှံတပြောင်ပြောင် တောက်လောင်သော မီးအတိပြီးသော သံတောင်ကြီးတို့သို့ တက်စေကြကုန်၏၊ တောင်ထိပ်သို့ရောက်ကြကုန်ပြန်လျှင် ပြင်းစွာသော လေတို့ တိုက်ထွင့်ခြင်းတို့ဖြင့် သံတံစို့ကြီးတို့၏အပေါ်သို့ ကျကြရကုန်၏။

ဤသို့လျှင် အကြင်မျှလောက်သော ကာလပတ်လုံး မိမိတို့ပြုအပ်သော မကောင်းမှုကံတို့သည် ကုန်ခြင်းသို့ မရောက်ကုန်သေး၊ ထိုမျှလောက်သောကာလပတ်လုံး ပြဆိုခဲ့ပြီးသော နည်းအတိုင်းအားဖြင့်သာ အပြန်ပြန်အလှန်လှန် ခံနေကြရကုန်၏၊ အနှစ်တစ်သိန်း၊ အနှစ် တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေပင် ကြာကြာကုန်သော်လည်း ထိုဒုက္ခမှ မလွတ်မကျွတ်ကြရကုန်။

## မိန်းမတို့၌ မီး ၇–ပါး

"လင်ကိုနိုင်တတ်သော မိန်းမတို့သည် ဤငရဲကြီး၌ ကျရောက်ကြကုန်သည်" ဟူ၍ သံကိစ္စဇာတ်[၁] ၌ ဟောတော်မူ၏၊

အင်္ဂုတ္တိုရ် ပါဠိတော်[၂] ၌လည်း–

မိန်းမတို့၌ အတွင်းမီးသုံးပါး၊ အပမီး လေးပါးရှိသည်ဟုရှိသည်ဟူ၍ ဟောတော်မူ၏။

## အတွင်းမီး ၃–ပါး

လောဘ၊ ဒေါသ၊ မောဟ ဟူသော အတွင်းမီးသုံးပါး ထင်ရှားပြီ။

---

၁။ ဇာတကပါဠိ၊ သဋ္ဌိနိပါတ်၊ သံကိစ္စဇာတ်၊ နှာ–၆၄။

၂။ သတ္တကနိပါတ်၊ ဒုတိယအဂ္ဂိသုတ်၊ နှာ–၄၂၈–၄၃၂။

## အပမီး ၄-ပါး

၁။ အမိသည် မီးတစ်ပါး၊

၂။ အဘသည် မီးတစ်ပါး၊

၃။ လင်သည် မီးတစ်ပါး၊

၄။ မြတ်သော အလှူခံပုဂ္ဂိုလ်သည် မီးတစ်ပါး၊

ဟူသော အပမီး လေးပါးဖြစ်၏။

လောက၌ ပကတိမီးသည် ရှိသေသဖြင့် နေရာတကျ သုံးစွဲတတ်ကြပါကုန်မူ ကား- အသက်ရှည်ခြင်း၏ အဆောက်အအုံကြီးတစ်ပါး ဖြစ်၏၊ မရှိမသေပြုခဲ့ကြကုန် မူကား- အသက်ခန္ဓာကိုပင် ခဏချင်း ဆုံးရှုံးစေနိုင်ကုန်၏။

ထို့အတူ မိန်းမဖြစ်သူတို့မှာလည်း ထိုအပမီး လေးပါးတို့ကို ရှိသေစွာ ပြုနိုင်ကြပါ မူကား-သုဂတိဘုံ၌ အသက်ရှည်၍ လူ့ပြည်စုန်ဆန် နတ်ပြည်စုန်ဆန် နေကြရကုန်၏၊ အပမီးလေးပါးတို့ကို မရှိသေ မထိလေးစား ပြုကြကုန်မူကား သုဂတိဘုံသက် ဘဝသက်ပျက်ဆုံး၍ ဤမဟာတာပန ငရဲကြီး၌ နေကြရကုန်၏။

**လင်ကိုရှိသေခြင်း အကျိုး**

မဟာနာရဒဇာတ်[၁] ၌မူကား- လင်ကို ရှိသေလေ့ရှိသော မိန်းမ တို့သည် အလိုရှိသည်ရှိသော် ယောကျ်ားဘဝကို အမြန်ရနိုင်ကုန် ၏၊ လင်ကို ရှိသေလေ့မရှိသော မိန်းမတို့သည်ကား- ယောကျ်ား ဘဝကို မရနိုင်ကြကုန်ပြီဟူ၍ ဟောတော်မူ၏။

ဤသို့ ဟောတော်မူသော ပါဠိတော်ကြီး သုံးပါးကို ကြားသိကြရကုန်သော ဒါယိကာမအပေါင်းတို့သည် ထာဝရဆက်ဆံကြကုန်သော အပမီးကြီးလေးပါးတို့၏ ကြီးကျယ်စွာသော ဘေးဘယ ဒုက္ခတို့ကို အမြဲသတိရှိကြစေကုန်ရာ၏၊ လွန်ခဲ့ပြီးသော အပြစ်တို့ကို ရှိသေခယ တောင်းပန် ကန်တော့ကြကုန်၍ နောက်၌ အသက်ရှည်ကြာ သမျှ ကာပတ်လုံး ရှိသေလေ့ ပြုကြကုန်သည်ရှိသော လွန်ခဲ့သမျှသော အပြစ်တို့သည် ပပျောက်ကုန်၏။

မဟာတာပန ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း အမြွက်ပြီး၏။

---------

## ၈- မဟာအဝိစိ ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း
## အဝိစိ မည်ပုံ

ယခုအခါ အောက်ဆုံးဖြစ်သော မဟာအဝိစိငရဲကြီးကို ပြဆိုရာ၏။

(အဘယ့်ကြောင့် မဟာအဝိစိငရဲ မည်သနည်း။)

---

၁။ ဇာတကပါဠိ၊ မဟာနိပါတ်၊ မဟာနာရဒဇာတ်၊ နှာ- ၂၆၈။

အဂ္ဂိဇာလာနံ ဝါ သတ္တာနံ ဝါ ဝေဒနာနံ ဝါ နတ္ထိ ဝီစိ အန္တရံ ဧတ္တာတိ အဝီစိ။

ဧတ္ထ၊ ဤငရဲ၌။ အဂ္ဂိဇာလာနံ ဝါ၊ မီးတောက်မီးလျှံတို့၏ လည်းကောင်း။ သတ္တာနံ ဝါ၊ ငရဲသူသတ္တဝါတို့၏လည်းကောင်း။ ဝေဒနာနံ ဝါ၊ ခံရသော ဒုက္ခဝေဒနာတို့၏ လည်းကောင်း။ ဝီစိ အန္တရံ၊ အကြားအလပ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အဝီစိ၊ အဝီစိငရဲ မည်၏။

**အဝီစိ တည်နေပုံ** ဤ ငရဲကြီးသည်လည်း မဟာတာပနငရဲကြီး၏ အောက်၌ အစောက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာ တစ်သောင်းကျယ်သော မြေဥမင်ကြီး၌ သိလာပထဝီ၏ အပေါ်မှာတည်၏၊ အလယ်၌ ငရဲကြီး၏ လေးထောင့်ညီမျှသော အတွင်းအရပ်သည် အရှေ့အနောက် ယူဇနာတစ်ရာ၊ တောင်မြောက် ယူဇနာတစ်ရာ၊ အထက်အောက် ယူဇနာတစ်ရာစီရှိ၏၊ အလျားယူဇနာ တစ်ရာ၊ အမြင့်ယူဇနာတစ်ရာ၊ အထု ကိုးယူဇနာစီရှိသော သံတံတိုင်းကြီးတို့သည် အရပ်လေးမျက်နှာတို့၌ ကာရံလျက်ရှိကုန်၏၊ အလျားယူဇနာတစ်ရာ၊ အနံယူဇနာ တစ်ရာ၊ အထု ကိုးယူဇနာရှိသော သံပြားကြီးနှစ်ခုတို့သည် အထက် အောက် ပိတ်ဆို့လျက် ရှိကုန်၏။

**ငရဲ၌ မီးလျှံ အဆက်မပြတ် ဖြစ်ပုံ** လေးမျက်နှာတို့၌ တံခါးလေးရပ်တို့သည်လည်း ရှိကုန်၏၊ အောက်သံမြေမှလည်းကောင်း၊ အထက်သံမြေမှလည်းကောင်း၊ သံတံတိုင်း လေးခုတို့မှလည်းကောင်း ထွက်ကုန်သော မီးတောက် မီးလျှံတို့သည်တို့သည် အတွင်းသို့လည်းကောင်း၊ အပသို့လည်းကောင်း ယူဇနာ တစ်ရာစီ အမြဲ ပျံ့နှံ့ကြကုန်၏၊ အရှေ့အနောက်ယူဇနာ သုံးရာတစ်ဆယ့်ရှစ်၊ တောင်မြောက် သုံးရာတစ်ဆယ့်ရှစ်၊ အထက်အောက် သုံးရာတစ်ဆယ့်ရှစ်အားဖြင့် ယူဇနာ ကိုးရာ့ငါးဆယ့်လေးရှိသော အရပ်အတွင်း၌ မီးတောက် မီးလျှံ မရှိသော နေရာ ဌာနဟူ၍ ထက်တစ်သစ်မျှ ကွက်ထပ်မရှိ။

ဤကား ထိုငရဲ၌ မီးတောက်မီးလျှံတို့၏ အကြားအလပ် မရှိပုံတည်း။

**ငရဲ၌ သတ္တဝါချင်း ဆက်နေပုံ** တံတိုင်းလေးခုတို့၏ ဆင်းရဲခံနေရကုန်သော သတ္တဝါတို့သည် သံသေတ္တာကြီး အတွင်း၌ မုန်ညင်းစေ့တို့ကို သိပ်နှက်ထားအပ်ကုန်သကဲ့သို့ အသိပ်အနှက် အမြဲ ပြည့်လျက်ရှိကုန်၏။

ဤကား– ထိုငရဲ၌ သတ္တဝါတို့၏ အကြားအလပ် မရှိပုံတည်း။

**ငရဲ၌ ဒုက္ခဝေဒနာ အဆက်မပြတ် ဖြစ်နေပုံ**

ထိုသတ္တဝါတို့၏ အတွင်းအပ ကိုယ်ခန္ဓာတစ်ခုလုံးတို့၌ လည်းကောင်း၊ ထိုငရဲသို့ ကျရောက်သော ခဏမှစ၍ အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်အကုဋေ၊ အနှစ်အသင်္ချေ အသက်ရှည်နေသမျှ ကာလအတွင်း၌လည်းကောင်း အလွန်ပြင်းထန်သော ဒုက္ခ၊ ဒေါမနဿတို့မှ လစ်လပ်သော အခွင့်ဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိ။

ဤကား- ထိုငရဲ၌ ဒုက္ခ ဝေဒနာတို့၏ အကြားအလပ်မရှိပုံတည်း။

ကံ၏အစွမ်းဥပပတ်ခန္ဓာတို့၏ အစွမ်းဖြစ်ကြကုန်၍လည်း နေ့စဉ်အတိုင်း ထိုမျှ လောက်မက ကျရောက်၍ နေကုန်သော်လည်း မဆန့်သည်ဟူ၍ မရှိ။

မဟာအဝီစိ ငရဲကြီး၏ အခြင်းအရာကို ပြဆိုခန်း အမြွက်ပြီး၏။

ငရဲကြီးရှစ်ထပ်ပြီး၏။

-----

## ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ဝံတောငရဲ၊ သန်လျက်ရွက်ငရဲ၊ ကြိမ်ဝိုက်ချောင်းငရဲ ဟူသော ဥဿဒငရဲကြီး ငါးထပ်ကို ပြဆိုခန်း

### ၁- ဘင်ပုပ်ငရဲ

ငရဲမကြီးမှ ထွက်သော မီးတောက်မီးလျှံတို့၏ အဆုံး၌ အနက် အနံ ယူဇနာတစ်ရာရှိသော ဘင်ပုပ်ငရဲသည် ထိုငရဲမကြီးကို ရှစ်မျက်နှာမှ ပတ်ဝိုက်၍ တည်၏၊ ကမ္ဘာနှင့်အမျှတည်သော မစင်ဘင်ပုပ် ပင်လယ်ကြီးတည်း၊ ထိုဘင်ပုပ်ငရဲ၏အနံ့သည် အတွင်းသို့လည်းကောင်း၊ အပြင်သို့လည်းကောင်း ယူဇနာတစ်ရာစီပျံ့နှံ့၏၊ ထိုအနံ့သည် အပယူဇနာ တစ်ရာ၌ရှိနေသော ပကတိလူကို ရင်ကွဲ၍ သေလေအောင် နှိပ်စက်နိုင်၏၊ ထိုမစင်ဘင်ပုပ်ငရဲသည် အလွန်ထက်သော သံနှုတ်သီး ရှိကြကုန်သော ပိုးလောက်တို့ဖြင့် ပြည့်၏၊ ထိုပိုးလောက်တို့သည် အချို့ကား ဆင်၏ လည်ပင်းခန့် ရှိကြကုန်၏၊ အချို့ကား လုံးထွင်းလှေခန့် ရှိကြကုန်၏။

### ၂- ပြာပူငရဲ

ဘင်ပုပ်ငရဲမှ ထွက်သော အနံ့တို့၏ ပျံ့နှံ့ရာ ယူဇနာတစ်ရာ၏ အဆုံး၌ အနက် အနံ ယူဇနာ တစ်ရာရှိသော ပြာပူငရဲသည် ထိုဘင်ပုပ်ငရဲ၏ ပြင်ပ၌ အရပ်ရှစ်မျက်နှာ ပတ်ဝိုက်၍ တည်၏၊ ကမ္ဘာပတ်လုံးတည်သော ရဲရဲငြိသော ပြာပူပင်လယ်ကြီးတည်း၊ ထိုပြာပူငရဲမှထွက်သော အပူရှိန်တို့သည် အတွင်းအပတို့၌ ယူဇနာတစ်ရာ ပျံ့နှံ့ကုန်၏၊ ယူဇနာတစ်ရာ၌နေသော ပကတိလူကို ခဏချင်း လောင်ကျွမ်းစေနိုင်ကုန်၏။

## ၃– လက်ပံတော ငရဲ

ထိုပြာပူငရဲမှထွက်သော အပူရှိန်တို့၏ပျံ့နှံ့ရာ အဆုံး၌ အနံယူဇနာတစ်ရာ, အမြင့်ယူဇနာတစ်ရာရှိသော လက်ပံတောကြီးသည် ထိုပြာပူငရဲကို အရပ်ရှစ်မျက်နှာတို့၌ ပတ်ဝိုဏ်လျက် တည်၏၊ လက်ပံပင်တို့သည် သံဖြင့်ပြီးသော အလွန်ထက်လှစွာသော အဆူးတို့ဖြင့် ပြည့်ကုန်၏၊ ဓား၊ သန်လျက်တို့ဖြင့်ပြီးသော အရွက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ အောက်၌မူကား သင်တုန်းသွားတို့ဖြင့် စီအပ်သော မြေအပြင်ရှိ၏၊ ဆင်ကောင်ကြီးငယ် ပမာဏရှိကုန်သော ခွေး၊ ကျီး၊ ငှင်းတတို့၏ နေရာဌာနဖြစ်၏။

## ၄– သန်လျက်ရွက် ငရဲ

ထိုလက်ပံတောငရဲ၏ ပြင်ပ၌ လက်ပံတောကြီးနှင့် အလားတူစွာ အနံယူဇနာတစ်ရာ၊ အမြင့်ယူဇနာတစ်ရာရှိသော အသိပတ္တမည်သော သစ်ပင်တောကြီးသည် ထိုလက်ပံတောကြီးကို အရပ်ရှစ်မျက်နှာတို့၌ ပတ်ဝိုက်၍ တည်၏၊ ထိုသစ်ပင်တို့၏ အရွက်တို့သည်ကား သန်လျက်နှင့်တူသော သဏ္ဌာန်ရှိကုန်၏၊ သရက်ရွက်သဏ္ဌာန်ဆိုလိုသည်။ အကြွင်းမှာ လက်ပံတောငရဲနှင့် အလုံးစုံတူ၏။

## ၅– ကြိမ်ပိုက်ချောင်း ငရဲ

အသိပတ္တတောကြီး၏ အပြင်ပ၌ အလွန်ငန်သော ရေရှိသော ဝေတရဏီမည်သော မြစ်ကြီးသည် ထို အသိပတ္တတောကြီးကို အရပ်ရှစ်မျက်နှာတို့၌ ပတ်ဝိုက်လျက်တည်၏၊ ထိုမြစ်ကြီး၏ အထက်အပြင်၌ အလွန်ထက်သော သံစူးသံရွက်တို့ဖြင့် ပိုက်ကွန်တို့ကို ဖြန့်ကျက်ဘိသကဲ့သို့ မြွေးယှက်လျက် တည်ကုန်၏။

ငှင်းကြိမ်နွယ်တို့၏အောက်၌ ထန်းလုံးကြီး ပေပင်လုံးကြီး ပမာဏရှိကုန်သော အလွန်ထက်သော အဖျားရှိကုန်သော သံတံကျင်တို့သည် မြစ်ပြင်တစ်ခုလုံး၌ စိုက်လျက်ရှိကုန်၏။

ငှင်းသံတံကျင်တို့၏အောက်၌ ရေအပြင်ကိုဖုံးလွှမ်းလျက် သင်တုန်းသွားတို့ကဲ့သို့ ထက်သော သံဆူးသံရွက်တို့ဖြင့် ပြည့်သော ကြာရိုးကြာရွက်တို့သည် မြစ်ပြင်တစ်ခုလုံး၌ တည်ကုန်၏။

ငှင်းကြာရိုးကြာရွက်တို့၏အောက်၌ အလွန်ငန်လှစွာသော မြစ်ရေသည် စီးသွားလျက်ရှိ၏၊ ငှင်းဝေတရဏီမြစ်ကြီး၏ ဝဲ–ယာ ကမ်းတစ်လျှောက်၌ သံချွန်သံစူးတို့ကို စိုက်၍ ထားဘိသကဲ့သို့ အထွန်ငယ်သော အဖျားရှိကုန်သော အညှောက်တို့ဖြင့် ပြည့်ကုန်သော သမန်းမြက်တော၊ ပေါင်းကားမြက်တော ကြိမ်တောတို့သည် တည်ရှိကုန်၏။

“ ဘင်၊ ပြာ၊ လက်၊ သန်၊ မြစ်အရံ၊ ငါးတန် ဥဿဒ ါ” ဟူ၍ ဆိုအပ်သော ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သန်လျက်တောငရဲ၊ ကြိမ်ပိုက်ချောင်းငရဲ ဟူသော ဥဿဒငရဲကြီး ငါးရပ်တည်း။

လူတို့ရွာတွင် မင်းနေပြည်ဖြစ်သော မြို့မကြီး၌ လေးထောင့်စပ်စပ် ကျုံးကြီး ငါးထပ် ဝန်းရံပတ်သကဲ့သို့ အလယ်ငရဲမကြီးကို ပတ်ကုန်သော ဥဿဒငရဲကြီး ငါးထပ်တို့တည်း။

ဥဿဒ ငရဲကြီး ငါးထပ် ပြီး၏။

---------

## ငရဲသူ သတ္တဝါတို့ ဒုက္ခခံရပုံ

**ငရဲသူ သတ္တဝါတို့ ဒုက္ခခံရပုံကို အနည်းငယ် ပြဆိုဦးအံ့-**

ဤလူ့ပြည် နတ်ပြည်တို့မှ တစ်ခုသောကံဖြင့် မဟာအဝီစိ ငရဲမကြီးအတွင်းသို့ ရောက်ကြကုန်သော သူတို့သည် အနှစ်တစ်သိန်း စသည်ဖြင့် မဟာအဝီစိဒုက္ခကို ခံကြ၍-

**ဘင်ပုပ်ငရဲ၌ ခံရပုံ ၁။** အကြင်အခါ ဥဿဒငရဲဒုက္ခကို ခံလှည့်ဆိုက်ကုန်၏၊ ထိုအခါ ထိုသူတို့သည် မဟာအဝီစိ တံခါးကြီးမှ ထွက်ခွင့်ရကြကုန်၍ မီးတောက်မီးလျှံတို့မှ လွတ်ခြင်းငှာ ပြေးလာကြကုန်ရာ ဘင်ပုပ်ငရဲတွင်းသို့ ကျရောက်ကြကုန်၏။

ကျရောက်ကာလမျှ၌ ပြဆိုခဲ့ပြီးသော ပိုးလောက်တို့သည် ဝိုင်းမိကုန်၏၊ အရေစု၊ အသားစု၊ မျက်လုံး၊ ဦးနှောက်၊ အဆုတ်၊ အသည်း အစရှိသည်တို့ကို အကုန်ထိုးဆွ၍ စားသောက်ကြကုန်ပြီးလျှင် အရိုးတို့ကိုဖောက်ခွဲ၍ ရိုးတွင်းခြင်ဆီတို့ကို စားသောက်ပြီးမှ စွန့်လွှတ်ကြကုန်၏။

**ပြာပူငရဲ၌ ခံရပုံ ၂။** ငရဲသူသတ္တဝါတို့သည် ထိုနေရာ၌ပင်လျှင် ပကတိဖြစ်မြဲ ဖြစ်ကြပြန်ကုန်၏။ ဤသို့သောနည်းအားဖြင့် နှစ်ပေါင်း အသောင်းများစွာ၊ အသိန်းများစွာ ခံကြကုန်ပြီး၍ ဘင်ပုပ်ငရဲကြီးမှ ထွက်ခွင့်ရကြကုန်သောအခါ ပိုးတို့၏ ဒုက္ခ၊ ဘင်ပုပ်ဒုက္ခတို့မှ လွတ်ခြင်းငှာ ပြေးလာကြကုန်ရာ ပြာပူငရဲတွင်း၌ ကျရောက် ကြကုန်၏။

ကျရောက်ကာမျှတွင် ပြာပူ၌ချအပ်သော မုန်ညှင်းစေ့တို့ကဲ့သို့ဖြစ်ဖြစ် ဖြစ်ဖြစ်မည်ကုန်၍ ပျားဖယောင်းခဲတို့ကဲ့သို့ အရိုးအသားအားလုံး အကုန်ကြေမွလေကုန်၏၊ ထိုနေရာ၌ ပကတိဖြစ်မြဲ ဖြစ်ကြပြန်ကုန်၏။

**လက်ပံတောငရဲ၌ ခံရပုံ ၃။** ဤကဲ့သို့သော နည်းဖြင့် နှစ်ပေါင်းအသောင်းများစွာ၊ အသိန်းများစွာ ခံကြကုန်ပြီး၍ ပြာပူငရဲကြီးမှာ ထွက်ခွင့်ရကြကုန်သော အခါ ပြာပူဒုက္ခမှ လွတ်ခြင်းငှာ ပြေးလာကြကုန်ရာ လက်ပံတောငရဲတွင်းသို့ ဆိုက်ရောက်လာကြကုန်၏။

ဆိုက်ရောက်ကာမျှ၌ လက်ပံရွက်တို့သည် ထိုသူတို့၏ ဦးခေါင်းထက်၌ ဓားမိုးလှံမိုးကြီး ရွာသကဲ့သို့ ကြွေကျကြလေကုန်၏၊ ကိုယ်ခန္ဓာတို့သည် သွေးခဲ သွေးတုံးကြီးအတိဖြစ်ကြလေကုန်၏၊ ပြဆိုခဲ့ပြီးသော ခွေး၊ ကျီး၊ ငှင်းတတို့သည် စားခြင်းငှာ အတင်းဝိုင်းကြကုန်၏၊ သင်တုန်းဓားသွားအတိပြည့်သော မြေ၌ ပြေးသွားကြကုန်၏၊ သင်ခုန်းသွားတို့၏ စူးရှမှုဒုက္ခကြောင့် မြေ၌ လဲကျကုန်သောသူတို့ကို ခွေး၊ ကျီး၊ ငှင်းတတို့သည် အရိုးမျှ ကျန်သည်ကိုပြု၍ စားသောက်ကြကုန်၏။

အချို့သောသူတို့သည် လက်ပံပင်သို့ တက်ကြကုန်၏၊ လက်ပံဆူးတို့သည် အောက်သို့ လှည့်၍ ခုခံကြကုန်၏၊ တစ်ကိုယ်လုံး၌ စူးရကုန်လျက်ပင် တက်ကြရကုန်၏၊ အခွသို့ ရောက်ကြလေကုန်၏၊ အခွသို့ ရောက်ကြကာမျှ၌ လက်ပံရွက်တို့သည် ဦးခေါင်းထက်၌လည်းကောင်း၊ ထိုထို ကိုယ်အင်္ဂါထက်သို့လည်းကောင်း ဓားမိုးလှံမိုး ရွာသကဲ့သို့ ကြွေကျကုန်၍ တစ်ကိုယ်လုံး၌ အပေါက်ပြတ်တို့ဖြင့် ပြည့်သည်တို့ကို ပြုကုန်၏၊ ငရဲသူသတ္တဝါတို့သည် လက်ပံရွက်ဒုက္ခကို မခံမရပ်နိုင်ကြကုန်သဖြင့် တစ်ဖန်ဆင်းလာကြကုန်၏၊ လက်ပံဆူးတို့သည် အထက်သို့လှည့်၍ ခုခံကြကုန်၏၊ တစ်ကိုယ်လုံး၌ စူးရကုန်လျက်ပင် ဆင်းလာကြရကုန်၏၊ မြေသို့ ရောက်ကြလေကုန်၏၊ မြေသို့ရောက်ကြကာမျှ၌ ခွေးတို့သည် စားခြင်းငှာ အတင်းဝိုင်းကြကုန်၍ အရိုးမျှ ကျန်ကုန်သည်ကိုပြု၍ စားသောက်ကြကုန်၏၊ တစ်ဖန် ဖြစ်မြဲ ဖြစ်ကြရပြန်ကုန်၏။

**သန်လျက်တော ငရဲ၌ ခံရပုံ ၄။** ဤသို့သောနည်းဖြင့် နှစ်ပေါင်း အသောင်းများစွာ၊ အသိန်းများစွာ ခံကြရကုန်ပြီး၍ ထိုငရဲမှ ထွက်ခွင့်ရကြကုန်သော သူတို့သည် သန်လျက်တောငရဲသို့ ဝင်ရောက်ကြရလေကုန်၏။

ဤသန်လျက်တောငရဲ၌ ဒုက္ခခံကြပုံမှာ လက်ပံတောငရဲနှင့် မထူးလှကြကုန်ပြီ၊ အပင်၌ ဆူးရှိမရှိမျှသာ ထူးကြကုန်၏။

**ကြိမ်ပိုက်ချောင်းငရဲ၌ ခံရပုံ ၅။**

ဤသို့သောနည်းဖြင့် နှစ်ပေါင်းအသောင်းများစွာ၊ အသိန်းများစွာ ဒုက္ခခံကြရကုန်ပြီး၍ သန်လျက်တောငရဲမှ လွတ်ခွင့်ရကြကုန်သောအခါ ထိုငရဲဒုက္ခမှ လွတ်ခြင်းငှာ ပြေးလာကြကုန်ရာ ဝေတရဏီမြစ်အနီးသို့ ဆိုက်ရောက်လာကုန်၏။

အဆူးရှိသော မြက်တော ကြိမ်တောတို့ကိုမြင်၍ မတိုးဝံ့ကြ ရှိနေကြကုန်ရာ ငရဲထိန်းတို့သည် တုတ်၊ လှံတံတို့ဖြင့် ပစ်ခတ်ကြကုန်၍ အဆူးရှိသော မြက်တော ကြိမ်တောတို့သို့ ပြေးစေကြကုန်၏။ ခြေဖဝါးမှ ခါးတိုင်အောင် စူးရှပြတ်သတ်ခြင်း ဒုက္ခကို ရောက်ကြကုန်၍ မသွားနိုင် ရှိနေကြကုန်ရာ ငရဲထိန်းတို့သည် တုတ် လှံတံတို့ဖြင့် ပစ်ခတ်ကြကုန်၍ ဝေတရဏီမြစ်အတွင်းသို့ ဆင်းစေကုန်၏၊ ဆင်းကြကာမျှဖြင့် အလျှံပြောင်ပြောင် တောက်လောင်သော ကြိမ်နွယ်၊ ကြိမ်ရွက်၊ ကြိမ်ဆူးတို့၏ အပေါ်၌ ကျရောက်ကြကုန်၍ တစ်ကိုယ်လုံး စူးရှပြတ်သတ်သော ဒုက္ခဖြင့် မထနိုင်ကြကုန်မူ၍ တလွန့်လက်လက် နေကြကုန်လေ၏။

တစ်ဖန် ကြိမ်နွယ်တို့မှ အောက်သို့ လျှောကျကုန်သည်ရှိသော် အောက်၌ရှိ နေသော သံတံကျင်တို့၏အပေါ်သို့ ကျရောက်ကြကုန်၍ ငါးတို့ကို ဝါးတံစို့ဖြင့် ထိုးသီ၍ထားဘိသကဲ့သို့ သံတံကျင်တို့၌ တလွန့်လွန့် တလက်လက် နေကြရကုန်၏၊ တစ်ဖန် သံတံကျင်တို့မှ အောက်သို့ လျှောကျကြကုန်သည်ရှိသော် အောင်၌ရှိနေသော ကြာရွက်အပြင်သို့ ကျရောက်ကြကုန်၍ ကြာရိုးကြာရွက်တို့၏ စူးရှပြတ်သတ်ခြင်းတို့ဖြင့် ကိုယ်ခန္ဓာတို့သည် ဓားလှံလက်နက်တို့ဖြင့် လှီးဖြတ်တောက်မွှန်း၍ ထားအပ်ကုန်ဘိသကဲ့သို့ နီနီရဲရဲ သွေးတုံး သွေးခဲ၊ အသားတုံး အသားခဲ၊ အနာတုံး အနာခဲအတိဖြစ်၍ တည်ကြလေကုန်၏။

တစ်ဖန် ထိုမှအောက်သို့ လျှောကျကုန်သည်ရှိသော် အလွန် ခါးငန်လှစွာသော မြစ်ရေ၌ ကျရောက်ကြလေကုန်၍ အလွန်ပြင်းထန်သော ဒုက္ခဝေဒနာတို့ဖြင့် လူးလာစုန်ဆန်နစ်မွန်းမျောပါ၍ နေကြရကုန်၏။

ရှည်စွာသော နှစ်ကာလတို့ကို လွန်သည်ရှိသော် ထိုငရဲသူ သတ္တဝါတို့ကို ငရဲထိန်းတို့သည် သံချိတ်တို့ဖြင့် ချိတ်ငင်၍ ပြင်္ကကမ်းထိပ်သို့ တင်ပြီးလျှင် အဘယ်ကို အလိုရှိကြကုန်သနည်းဟု မေးကြကုန်၏၊ ထမင်းကို အလိုရှိပါသည်၊ ရေကို အလိုရှိပါသည်ဟု အသီးသီး ပြောကြကုန်၏။

ထိုအခါ ရဲရဲတောက်သော သံသွေးခဲတို့ကို ထမင်းဟူ၍ ရဲရဲတောက်သော သံရည်ပူတို့ကို ရေဟူ၍ ပေးကြကုန်၏၊ မစားဝံ့ မသောက်ဝံ့ ရှိနေကြကုန်ရာ သံတံကျင်တို့ဖြင့် ခံတွင်းတို့ကို အတင်းဖွင့်စေကြကုန်၍ ထိုသံခဲ သံရည်ပူတို့ကို ခံတွင်းတို့သို့ လောင်းကြလေကုန်၏၊ ထိုသံသွေးခဲ သံရည်ပူတို့သည် ငရဲသတ္တဝါတို့၏ နှုတ်ခမ်း

ခံတွင်း လည်းချောင်း အသည်းအအူတို့ကို အလွန်လောင်ကျွမ်းလျက် အောက်ဒွါရမှ ထွက်သွားကုန်၏။

တစ်ဖန် ငရဲ၌ ကံမကုန်သေးသူတို့ကို ငရဲထိန်းတို့သည် ခြေကိုကိုင်၍ အလယ်ငရဲ မကြီးအတွင်းသို့ ပစ်ချကြကုန်၏၊ ငရဲမကြီးအတွင်း၌ အနှစ်တစ်သိန်း စသည်ဖြင့် ကံမကုန်သမျှ ခံနေမြဲ ခံနေကြရကုန်၏။

ငရဲမကြီးမှထွက်၍ ပြဆိုခဲ့ပြီးသော နည်းအားဖြင့် ဥဿဒငရဲငါးထပ်တို့သို့ အစဉ်အတိုင်း ရောက်ကြရကုန်၏၊ ကံမကုန်ခဲ့လျှင် အပြန်တစ်ရာပင် ရှိကြကုန် သော်လည်း လွတ်ခွင့်မရကြလေကုန်။

**ကာမေသုမိစ္ဆာစာရကံကြောင့် အဝီစိငရဲ၌ ဖြစ်ရပုံ**

အချို့သော သူတို့သည်ကား ငရဲမကြီးအတွင်း၌ ကျရောက်၍ အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ် အကုဋေ၊ အနှစ်အသင်္ချေ စသည်ဖြင့် ခံနေကြရကုန်၍ ကံကုန်သဖြင့် ငရဲမကြီးမှလွတ်၍ လူ့ပြည် နတ်ပြည်၌ ဖြစ်လာကြကုန်၏၊ ဘုရားလက်ထက်တော်၌ သာဝတ္ထိပြည်ကြီးရှင် ဘုရင်ကောသလမင်းကြီး၏ မလ္လိကာ မိဖုရားကြီးကဲ့သို့တည်း။

**မလ္လိကာမိဖုရား ဥပမာ**

ထိုမိဖုရားကြီးသည် အလွန် သဒ္ဓါ ပညာ အလိမ္မာတရားနှင့် ပြည့်စုံ၏၊ ကောသလမင်းကြီးနှင့် အတူတကွတစ်ဆူ တစ်ဆူသောဘုရားလက်ထက်တွင် တစ်ကြိမ်သာ ရှိမြဲ ဖြစ်သော မဟာအသဒိသအလှူကြီးကို ပေးလှူ၏၊ အသက်ထက်ဆုံး ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာ့ကိစ္စတို့နှင့်သာ နေ့ရက်တို့ကို ကုန်စေ၏၊ ထိုသို့ဖြစ်ပါသော်လည်း ပုထုဇဉ်စိတ်ဖြစ်လျက် ရှိချေသောကြောင့် တစ်သက်လုံးတွင် တစ်ကြိမ်တစ်ခါမျှ ကာမေသုမိစ္ဆာစာရအမှု၌ သာယာစိတ်ဖြစ်မိ၏၊ ကောသလဘုရင်မင်းကြီးအားလည်း မိမိအပြစ်ကို ကွယ်ခြင်းငှာ မဟုတ်မမှန်သောစကားကို ပြောဆိုမိ၏။

သေသောအခါ၌ ထိုမျှလောက်သော ကုသိုလ်အထုတို့သည် မကယ်နိုင်ကြကုန်မူ၍ ထိုအနည်းငယ်မျှသော ကာမေသုမိစ္ဆာစာရ၌ သာယာမိသောကံသည် မဟာအသဒိသ ဒါနကြီးရှင်ဖြစ်သော မလ္လိကာ မိဖုရားကြီးကို မဟာအဝီစိငရဲကြီး၌ ပစ်ချလေ၏။

သို့သော်လည်း မိမိအလိုနှင့် ဖြစ်ရသောကံမဟုတ်၊ သူတစ်ပါးပယောဂနှင့် ဖြစ်ရသည်ကို အနည်းငယ် သာယာစိတ်ပါရှိသည့်အတွက်မျှဖြစ်၍ ခုနစ်ရက်မြောက်တွင် မဟာအဝီစိငရဲမှ လွတ်၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

မိန်းမတို့၌ မိမိလင်မှတစ်ပါး အခြားကို ကျူးလွန်မှုမည်သည် ဤမျှလောက် အပြစ် ကြီးကျယ်လှ၏၊ ပုထုဇဉ်စိတ်ဖြစ်၍ မလွတ်ကင်းရှိခဲ့လျှင် “ ကာမေသုမိစ္ဆာစာရ

တစ်နေ့လျှင် ပုတီးစိပ်သကဲ့သို့ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း အခါများစွာ ဆောက်တည်၍ တစ်ကိုယ်လုံး ထုံခဲ့သည်ရှိသော် လေးလျှင်လည်း ပေါ့တတ်၏၊ ပေါ့လျှင်လည်း ပပျောက်တတ်၏၊ သတိမူကြကုန်။

လူ့ပြည် နတ်ပြည်တို့မှ ထိုထိုဥဿဒငရဲ၌ ကျရောက်ကုန်သော အချို့သော သူတို့သည်လည်း ကံကုန်ခဲ့သည်ရှိသော် ကျရာဥဿဒငရဲမှ လွတ်လျှင် လူ့ပြည်နတ်ပြည်၌ ဖြစ်ရကုန်၏၊ တေမိမင်းကဲ့သို့တည်း။

**ကံကုန်ခြင်း၏ အဓိပ္ပာယ်**

ကံကုန်ဆိုသည်ကား–အကြင်သူအား မလ္လိကာမိဖုရားကြီးကဲ့သို့ ထိုငရဲသို့ ပစ်ချသော ကံမှတစ်ပါး ထိုဘဝ၌များစွာသော ကုသိုလ်အဆောက်အဦးရှိ၏၊ ထိုသူအား ထိုအကုသိုလ်ကံကုန်လျှင် ကုသိုလ်ကံတို့၏အခွင့် နီးစပ်လျက်ရှိသောကြောင့် ငရဲ၌ အကုသိုလ်ကံတစ်ပါး ဆက်လက်ခွင့် မရသည်ကို ကံကုန်သည်ဟုဆိုသတည်း၊ အကုသိုလ်တို့သာ အားကြီးစွာ ရှိကုန်၍ အနီးအပါးဖြစ်သောဘဝ၌ ပြုအပ်သော ကုသိုလ်ကံ အလွန်နည်းပါးကြကုန်သော သူတို့အား ကံကုန်ခွင့် အလွန်ဝေး၏။

ကမ္ဘာပျက်မှပင် မဟာအဝီစိမှ လွတ်ခွင့်ရှိကြကုန်သော သတ္တဝါတို့သည် အသင်္ချေယျ အနန္တရှိကြကုန်၏ဟု အဋ္ဌကထာတို့၌ ဆိုပေ၏၊ လိပ်ကန်းဥပမာ ဒေသနာများကိုလည်း ထောက်၍ သိအပ်၏။

ဤအရာတွင်–

**ဥဿဒငရဲ ၁၆–ထပ် ၂၀–ထပ်**

သံကိစ္စဇာတ်၌ ဥဒဿငရဲတစ်ဆယ့်ခြောက်ထပ်ဟုလာ၏၊ ငရဲကြီးတစ်မျက်နှာလျှင် လေးထပ်၊ လေးမျက်နှာလျှင် တစ်ဆယ့်ခြောက်ထပ်ဟူ၏၊ ဒေဝဒူတသုတ်၌ကား ဝေတရဏီငရဲနှင့်တစ်ကွ တစ်မျက်နှာ၌ ငါးထပ်၊ လေးမျက်နှာ၌ နှစ်ဆယ်ဟု လာ၏။

ဝေတရဏီငရဲကို အသိပတ္တ၌ အပါအဝင်ပြု၍ ယူခဲ့သော် တစ်ဆယ့်ခြောက်ထပ်ဖြစ်၏။

အချို့ကျမ်း၌ လက်ပံတောငရဲသည် အပဖြစ်သော ငရဲတို့၌ လာ၏။

**ငရဲအမျိုးမျိုး**

ငါတို့မြန်မာနိုင်ငံ၌ အရံဖြစ်သော ရှမ်းပြည်အမျိုးမျိုး၊ ချင်းပြည်အမျိုးမျိုး ကရင်၊ ကချင်ပြည်အမျိုးမျိုး ရှိကြကုန်သကဲ့သို့ ထိုဥဿဒငရဲကြီး ငါးထပ်တို့၏ ပြင်ဘက်၌လည်း အဝီစိနယ် ယူဇနာတစ်သောင်းအတွင်း၌ အငထောင်အသောင်းမက များစွာသော ငရဲမျိုးတို့သည်လည်း ရှိကြကုန်သေး၏။

များစွာသောငရဲမျိုးတို့ ဆိုသည်ကား–

၁။ လောဟကုမ္ဘီငရဲ

၂။ ပဟာသငရဲ

၃။ အဗ္ဗုဒငရဲ

၄။ နိရဗ္ဗုငရဲ–စသည်တို့တည်း။

**ယမမင်း ကယ်ဆယ်ပုံ**

အကြားအကြား၌ တောလပ်မြေလပ်တို့လည်း ရှိကြကုန်၏၊ ယမမင်းကြီးတို့သည် ထိုအရပ်တို့၌ ရုံးစိုက်၍ ထာဝရ ရုံးထိုင်ကြကုန်၏၊ ဤလူ့ပြည်၌ သူတော်ကောင်းမျိုး ဖြစ်ကြပါလျက် သေခါနီးအခါ၌ အလွန်သေးငယ်လှသော အကုသိုလ်ကံအခွင့်ရ၍ ကျရောက်ကုန်သောသူတို့သည် ထိုတောလပ် မြေလပ်တို့၌ ဖြစ်ကြလေကုန်၏၊ ငရဲထိန်းတို့သည် ငရဲမှ တက်၍ ထိုသူတို့ကို လိုက်လံရှာဖွေ ဖမ်းယူကြကုန်၏။

ယမမင်းတို့၏ ရုံးထိုင်မှုကား ထိုသူတို့ကို ကယ်ဆယ်ဖို့သက်သက်ပေတည်း၊ ကယ်ဆယ်ပုံကား– ထိုကဲ့သို့သော သူတို့ကို တွေ့ရှိရမိကြကုန်သည်ရှိသော် တစ်စုံတစ်ခုသော နှိပ်စက်ညှဉ်းပန်းခြင်းကို မပြုကြကုန်မူ၍ ငါတို့ရုံးတော်သို့ ပို့လာကြရကုန်မည်ဟု ငရဲထိန်းတို့၌ အမိန့်ထုတ်ပြန်၍ ထားကြပေကုန်၏၊ ငရဲထိန်းတို့သည် လိုက်လံရှာဖွေ တွေ့ရှိရမိသောသူတို့ကို ရုံးတော်သို့ချည်း ပို့ကြရကုန်၏။

ယမမင်းကြီးတို့သည် 'ဒေဝဒူတ[၁] စစ်တမ်းကြီး' ငါးချက်နှင့်တကွ အမျိုးမျိုးသော အခွင့်တို့ဖြင့် ထိုသူတို့အား ရှေးဘဝ၌ပြုဖူးခဲ့သော ကုသိုလ်ကို အမှတ်သတိပေါ်ရှိကြလေအောင် အားထုတ်စစ်ဆေး မေးမြန်းကြပေကုန်၏၊ တစ်ချက်တစ်ချက်၌ပေါ်လေ့ရှိကုန်သောသူတို့သည် ကုသိုလ်ကို သတိရကြကုန်သည်နှင့် တစ်ပြိုင်နက် ထိုငရဲဘဝမှ ကျွတ်လွတ်၍ လူ့ပြည်နတ်ပြည်၌ ဖြစ်လာကြကုန်၏။

ကုသိုလ်ကို သတိမရနိုင်ကုန်သော သူတို့ကိုမူကား ကမ္မသကာ ဖြစ်ကြချေပြီဟု ယမမင်းတို့သည် မျက်နှာလွှဲ၍ နေကြကုန်၏၊ ထိုအခါ ငရဲထိန်းတို့သည် ထိုသူတို့ကို ယူဆောင်၍ ၃၂–ပါးသော ကမ္မကရဏာတို့ကို ပြု၍ ပျော်ပါးကြလေကုန်၏။

## ဒေဝဒူတ စစ်တမ်းကြီး ၅ ချက်

ယမမင်းက သူ့ထံရောက်လာသူကို–

၁။ ပဋိသန္ဓေနေရခြင်း ဇာတိသဘောတရား၊

၂။ ယိုယွင်း အိုမင်းရခြင်း ဇရာသဘောတရား၊

၃။ နာဖျားရခြင်း ဗျာဓိသဘောတရား၊

---

၁။ ဒေဝဒူတ = ဒေဝ = သေမင်း။ ဝါ၊ နတ်။ ဒူတ= တမန်၊ သေမင်း၏ တမန်။ ဝါ၊ နတ်တမန်။

၄။ မင်းဒဏ်သင့်သော ခိုးသူပမာ မကောင်းကျိုး သဘောတရား၊

၅။ သေဆုံးခြင်း မရဏသဘောတရား၊

ဤ ၅ ချက်သော ဒေဝဒူတစစ်တမ်းကြီးဖြင့် စစ်ဆေးမေးမြန်းသည်၊ မေးမြန်းပုံကား- အိုယောကျ်ား၊ သင်သည် 'ငါသည် မုချ ပဋိသန္ဓေနေရမည်၊ အိုမင်းရမည်၊ နာဖျားရမည်၊ မင်းပြစ်မင်းဒဏ်သင့်သော ခိုးသူပမာ မကောင်းမှုကို ပြုခဲ့လျှင် မကောင်းကျိုးကို လောကသံသရာ နှစ်ဖြာလုံးမှာ ခံစားရမည်၊ သေဆုံးရမည်၊ ယခု ငါသည် ကုသိုလ်ကောင်းမှုကို ပြုအံ့' ဟုစဉ်းစားမိရဲ့လား၊ သင်သည် ကုသိုလ်ကောင်းမှုကို ပြုခဲ့ရဲ့လားဟု စစ်ဆေးမေးမြန်းသည်။

မေ့လျော့နေ၍ ပဋိသန္ဓေနေရခြင်း ဇာတိသဘော စသည်ကို မအောက်မေ့ နှလုံးမသွင်းမိသဖြင့် ကုသိုလ်ကောင်းမှု အစုစုကို မပြုခဲ့ပါဟု ဖြေဆိုသည်။

သို့ဖြစ်လျှင် ဘယ်သူမပြု မိမိမှုဆိုသည့်အတိုင်း ကုသိုလ်ကောင်းမှု မပြုခဲ့သည့်အတွက် သင့်အပြစ် သင်သာခံချေဟု ဆိုပြီး သက်ဆိုင်ငရဲသို့ ကျစေလေသည်၊ အကျယ်ကို ကျမ်းရင်း[၁]၌ ရှုပါ။

ငရဲသူ သတ္တဝါတို့၏ ဒုက္ခ ပြီး၏။

----------

## ၃၂-ပါးသော ကမ္မကရဏ[၂]

## ကံကြမ္မာ ၃၂-ပါး

၃၂-ပါးသော ကမ္မမရဏ[၃] ဆိုသည်ကား-

၁။ ကသာဟိပိ၊ အဆူးရှိသော ကြိမ်လုံးတို့ဖြစ်လည်း။ တာငြေန္တိ၊ ရိုက်နှက်ကုန်၏။

၂။ ဝေတ္တေဟိပိ၊ အဆူးမရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာငြေန္တိ၊ ရိုက်နှက်ကုန်၏။

၃။ အဍ္ဎဒဏ္ဍကေဟိပိ၊ နှစ်တောင် ပမာဏရှိသော တုတ်တို့ဖြင့်လည်း။ တာငြေန္တိ၊ ရိုက်နှက်ကုန်၏။

---

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒူတသုတ်၊ နှာ- ၂၁၆- ၂၅၅။

၂။ ဥပရိပဏ္ဏာသပါဠိတော်၊ ဗာလပဏ္ဍိတသုတ်၊ နှာ- ၂၀၂-၅။ ဓင်းပါဠိတော်၊ ဒေဝဒူတသုတ်၊ နှာ-၂၁၉-၂၂၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ၊ ဒုကနိပါတ၊ ဝဇ္ဇသုတ်၊ နှာ-၄၉-၅၀။ ဓင်းပထမတွဲ၊ တိကနိပါတ၊ ဒေဝဒူတသုတ်၊ နှာ-၁၃၉-၁၄၀။ အဋ္ဌဒဏ္ဍသုတ်။ နှာ- ၃၁၆-၇။

၃။ ဆဋ္ဌမူ၌ ကမ္မကာရဏဟု ရှိသည်။

၄။ ဟတ္ထံပိ၊ လက်နှစ်ဖက်ကိုလည်း။ ဆိန္နတ္တိ၊ ဖြတ်ကုန်၏။
၅။ ပါဒံပိ၊ ခြေနှစ်ဖက်ကိုလည်း။ ဆိန္နတ္တိ၊ ဖြတ်ကုန်၏။
၆။ ကဏ္ဏံပိ၊ နားရွက်နှစ်ဖက်ကိုလည်း။ ဆိန္နတ္တိ၊ ဖြတ်ကုန်၏။
၇။ နာသံပိ၊ နှာခေါင်းကိုလည်း။ ဆိန္နတ္တိ၊ ဖြတ်ကုန်၏။
၈–၉။ ကဏ္ဏနာသံပိ၊ နား၊ နှာခေါင်းကိုလည်း။ ဆိန္နတ္တိ၊ ဖြတ်ကုန်၏။
၁၀။ ဇိဝှါပိ၊ လျှာကိုလည်း။ ဆိန္နတ္တိ၊ ဖြတ်ကုန်၏။
၁၁။ ဗိလင်္ဂထာလိကံပိ၊ ပုန်းရည်အိုးခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၂။ သင်္ခမုဏ္ဍိကံပိ၊ ခရုသင်း ဦးပြည်းခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၃။ ရာဟုမုခံပိ၊ ရာဟုခံတွင်းခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၄။ ဇောတိမာလိကံ၊ မီးပန်းပဒေသာခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၅။ ဟတ္ထပဇ္ဇောတိကံပိ၊ လက်မီးတောက်ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၆။ ဧရကပတ္တိကံပိ၊ ပိန်းမြက်ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ။ ပြုကုန်၏။
၁၇။ စီရကဝါသိကံပိ၊ သင်တိုင်းဝတ်ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၈။ ဧဏေယျကံပိ၊ ဧဏီမြိုက်ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၁၉။ ဗလိသမံသိကံပိ၊ မြားချိတ်သားလွှာခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏
၂၀။ ကဟာပဏကံပိ၊ တစ်ကျပ်သားလွှာဟူသော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၂၁။ ခါရာပဋိစ္ဆကံပိ၊ လုံထိုး ဆားမံ ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၂၂။ ပလိဃ ပရိဝတ္တကံပိ၊ တံခါးကျည်လှည့်ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။
၂၃။ ပလာလ ပီဌကံပိ၊ ကောက်ရိုးအင်းပျဉ်ခေါ်သော ညှဉ်းဆဲမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။

၂၄။ တတ္တေန၊ ပူလောင်စွာသော။ တေလေနာပိ၊ ဆီဖြင့်လည်း။ ဩသိဥ္စန္တိ၊ လောင်းကုန်၏။

၂၅။ သုနခေဟိပိ၊ ကြမ်းလှစွာသော ခွေးတို့ကိုလည်း။ ခါဒါပေန္တိ၊ ကိုက်စားစေကုန်၏။

၂၆။ ဇီဝန္တံပိ၊ အရှင်လတ်လတ်ကိုလည်း။ သူလေ၊ သံတံကျင်၌ ဥတ္တာသေန္တိ၊ လျှိုကုန်၏။

၂၇။ အသိနာပိ၊ သန်လျက်ဖြင့်လည်း။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။

၂၈။ တတ္တံ၊ ရဲရဲတောက်သော။ အယောခိလံ၊ သံတံတင်းကို။ ဟတ္ထေ၊ လက်တစ်ဖက်၌။ ကမေန္တိ၊ စိုက်နှက်ကုန်၏။

၂၉။ တတ္တံ၊ ရဲရဲတောက်သော။ အယောခိလံ၊ သံတံတင်းကို။ ဒုတိယေဟတ္ထေ လက်၌။ ကမေန္တိ၊ စိုက်နှက်ကုန်၏။

၃၀။ တတ္တံ၊ ရဲရဲတောက်သော။ အယောခိလံ၊ သံတံတင်းကို။ ပါဒေ ခြေတစ်ဖက်၌။ ကမေန္တိ၊ စိုက်နှက်ကုန်၏။

၃၁။ တတ္တံ၊ ရဲရဲတောက်သော။ အယောခိလံ၊ သံတံတင်းကို။ ဒုတိယေ ပါဒေ၊ ဒုတိယခြေ၌။ ကမေန္တိ၊ စိုက်နှက်ကုန်၏။

၃၂။ တတ္တံ၊ ရဲရဲတောက်သော။ အယောခိလံ၊ သံတံတင်းကို။ မဇ္ဈေဥရသ္မိံ၊ ရင်လယ်၌။ ကမေန္တိ၊ စိုက်နှက်ကုန်၏။

ဤကား လူ့ပြည်၌လည်းကောင်း၊ ငရဲပြည်တို့၌လည်းကောင်း၊ ထင်သော ၃၂- ပါးသော ကမ္မကရဏတို့တည်း၊ အလွန်များပြားစွာ ရှိကုန်သေး၏။ ထို၃၂- ပါးတို့တွင်

“ဗိလင်္ဂ ထာလိက” အစရှိကုန်သော ၁၃-ပါးတို့၌ အဓိပ္ပာယ်ကား-

**ဗိလင်္ဂထာလိက ကံကြမ္မာ ၁။** ဦးခေါင်းကို အလယ်၌ နှစ်ပိုင်းဖြတ်ပြီးလျှင် ရဲရဲငြိသော သံတွေခဲတို့ကို ဦးနှောက်တွင်း၌ ထည့်ကုန်၏၊ ပုန်းရည်အိုးပွက်ပွက် ဆူသကဲ့သို့ ဦးနှောက်တို့သည် ပွက်ပွက်ဆူကုန်၏၊ ဤကား “ဗိလင်္ဂထာလိက” တည်း။

**သခ်မုဏ္ဍိက ကံကြမ္မာ ၂။** ဦးခေါင်းရေကို အောက်အဖို့၌ ဓား သန်လျက်ဖြင့် ရစ်လှီး၍ ဆံပင်တို့ကို တပေါင်းတည်း လုံတံ၌ ရစ်ပတ်၍ ဆွဲငင်သည် ရှိသော် အရေနှင့်တကွ ကျွတ်၍ပါကုန်၏၊ ထိုအခါ ကြမ်းတမ်း လှစွာသော ကျောက်စရစ် အိုးခြမ်းတို့ဖြင့် ပြင်းထန်စွာ ပွတ်တိုက်၍ ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူသော ဦးပြည်းမှု ကို ပြုကြကုန်၏။ ဤကား- “သခ်မုဏ္ဍိက” တည်း။

**ရာဟုမုခ ကံကြမ္မာ ၃။** သံတံသင်းဖြင့် ခံတွင်းပေါက်ကိုထောက်၍ ခံတွင်း၏အတွင်း၌ မီးတို့ကို ထွန်းညှိ၍ ထားကြကုန်၏၊ မျက်နှာတစ်ပြင်လုံး၌ ဆောက်တို့ဖြင့် ထွင်းဖောက်၍ သွေးတို့ကို ခံတွင်း၌ စုသည် တို့ကို ပြုကြကုန်၏၊ နေ ဗိမာန်ငုံ၍ ထားသော ရာဟုခံတွင်းနှင့် အလားတူစွာ ဖြစ်၏၊ ဤကား- "ရာဟုမုခ" တည်း။

**ဇောတိမာလိက ကံကြမ္မာ ၄။** တစ်ကိုယ်လုံးကို ဆီ ရေနံစိမ်အပ်သော အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပဒေသာကဲ့သို့ ပြုကြကုန်၏၊ ဤကား "ဇောတိမာလိက" တည်း။

**ဟတ္ထပဇ္ဇောတိက ကံကြမ္မာ ၅။** လက်နှစ်ဖက်ကိုသာ ထို့အတူ ရစ်ပတ်၍ မီးရှူးထွန်းသကဲ့သို့ပြုသည်ကား "ဟတ္ထပဇ္ဇောတိက" တည်း။

**ဧရကပတ္တိက ကံကြမ္မာ ၆။** ခါးမှစ၍ အရေလွှာတိုကို ပိန်းမြက်ရွက်ကဲ့သို့ ခြေမျက်စိသို့ရောက်အောင် ခွါချကုန်၍ မြေ၌ စုပုံစေကုန်ပြီးလျှင် လက်စသည်တို့၌ ကြိုးတို့ဖြင့် ဖွဲ့ချည်၍ ထိုမှ ဤမှ ဆွဲငင်၍ ပြေးကြကုန်၏၊ မိမိတို့အရေ၌ နင်း၍ အဖန်ဖန်လဲကြကုန်၏၊ ဤကား- "ဧရကပတ္တိက" တည်း။

**စီရကဝါသိက ကံကြမ္မာ ၇။** ထို့အတူ လည်ပင်းမှစ၍ ခါးသို့ရောက်အောင် အရေလွှာတို့ကို အကုန်ခွါ၍ လျှော်တေဝတ်သကဲ့သို့ ပြုကြကုန်၏။ ဤကား- "စီရကဝါသိက" တည်း။

**ဧဏေယျက ကံကြမ္မာ ၈။** တံတောင်ဆစ်နှစ်ဖက် ပုဆစ်ဒူးနှစ်ဖက်တို့၌ သံကွင်း၊ သံခြေကျင်းတို့ဖြင့် လျှိုခတ်၍ သံချောင်းနက်ပြီးသော် ဧဏိမည်သော သားကောင်ကဲ့သို့ လေးဖက်တွား၍ နေစေပြီးမှ မီးတို့ကို ပတ်လည်၌ ထည့်၍ မြိုက်ကုန် ၏၊ ဤကား-" ဧဏေယျက" တည်း။

**ဗလိသမံသိက ကံကြမ္မာ ၉။** သဘော်သီး သခွါးသီးတို့ကို စဉ်းကော စဉ်းခြစ်သကဲ့သို့ သံမြားချိတ်တို့ဖြင့် တစ်ကိုယ်လုံး၌ အရေအသားတို့ကို အမျှင်မျှင် ချိတ်ငင်ခြစ်ယူကုန်၍ အရိုးမျှ ကျန်ရှိသည်ကို ပြုကုန်၏၊ ဤကား- "ဗလိသမံသိက" တည်း။

**ကဟာပဏိက ကံကြမ္မာ ၁၀။** ထက်လှစွာသော ဓား၊ ပဲခွပ် တို့ဖြင့် ခြေဖမိုးမှစ၍ တစ်ကိုယ်လုံး၌ အသားတို့ကို တစ်ကျပ်သား တစ်ကျပ်သား လှီးဖြတ်၍ ချကုန်၏၊ ဤကား- " ကဟာပဏိက "တည်း။

**ခါရပဋိစ္ဆက ကံကြမ္မာ ၁၁။** တစ်ကိုယ်လုံး၌ လှံတို့ဖြင့် ထိုးဆွ၍ ဆား ဆပ်ပြာတို့ဖြင့် မံကုန်၏၊ ဤကား- "ခါရပဋိစ္ဆက" တည်း။

**ပလိဃပရိဝတ္တိက ကံကြမ္မာ ၁၂။** စောင်းလျက် အိပ်စေ၍ အထက်နားပေါက်မှ အောင်နားပေါက်ကို ဖောက်ထွင်း၍ မြေသို့ဝင်ရောက်အောင် သံတံကျင်ကို စိုက်နက်ပြီးလျှင် တံခါးကျည်ကို လှည့်လည်စေသကဲ့သို့ လည်း ကောင်း၊ ဆီဆုံလည်သကဲ့သို့ လည်းကောင်း ခြေနှစ်ချောင်းကို ကိုယ်ဆွဲ၍ ပတ်ပတ်လည် လှည့်ကြကုန်၏၊ ဤကား- "ပလိဃပရိဝတ္တိက" တည်း။

**ပလာလပိဋက ကံကြမ္မာ ၁၃။** အသားအရေကို မစုတ်မပဲ့စေမူ၍ တစ်ကိုယ်လုံး၌ရှိသော အရိုးတို့ကို အကုန်ကြေမွသည်ကို ပြု၍ ကျောက်တို့ဖြင့် ထုကုန်ပြီးမှ ဆံပင်တို့ကိုကိုင်၍ ခါတွက်သဖြင့် အရိုးတို့ကို အကုန်ထွက်စေ၍ အသားစုသက်သက် ကျန်ရှိအောင်လုပ်ပြီးမှ ကောက်ရိုး အင်းပျဉ်ကဲ့သို့ ပြုကြကုန်၏၊ ဤကား- " ပလာလပိဋက" တည်း။

## ကံကြမ္မာ ၃၂-ပါး ဆောင်ပုဒ်

အရိုက်သုံးရပ်၊ အဖြတ်ရှစ်မျိုး၊ ပုန်းရည်အိုးနည်း၊ ဦးပြည်းရာဟု၊ နှစ်ခု မီးချက်၊ ပိန်းမြက်လျှော်တေ၊ ဧကေမြိုက်ခြင်း၊ စဉ်းကောစဉ်းလတ်၊ တစ်ကျပ်လှီး၊ ဆားလုံထိုးနှင့် ကောက်ရိုးအင်းပျဉ်၊ ဆီလျှင်လောင်းရေး၊ ခွေးကျွေးတံကျင်၊ ငါးအင အဖွဲ့၊ ပြုတုံခဲ့သည်။　　။ သုံးဆယ့်နှစ်လီ- ညှဉ်းပန်းတည်း။

**ဆောင်ပုဒ်၌ ရှင်းလင်းချက်** နောက်၌လာသော ဦးခေါင်းဖြတ်ကို ရှေ့၌ပေါင်း၍ အဖြတ်ရှစ်မျိုး ဆိုသည်၊ ဆီစိမ်သော အဝတ်တို့ဖြင့် တစ်ကိုယ်လုံးကို ရစ်ပတ်၍ မီးကိုက်ချက်၊ လက်နှစ်ဖက်တွင်ရွှေ့ရစ်ပတ်၍ မီးတိုက်ချက်ဝဲ့ကို နှစ်ခုမီးချက်ဆိုသည်။

ဤ ၃၂-ပါးတို့ကား ရှေးအခါကပင် လူ့ပြည်၌လည်း ထင်ရှားလျက် ရှိကုန်၏၊ ထို့ကြောင့် "ဒွတ္တိံသ ကမ္မကရဏ" ဟုဆိုသည်။

နောက်ကာလ၌မူကား- လူ့ပြည်၌လည်း မျက်လုံးကိုဖောက်ခြင်း၊ ရင်ကိုခွဲခြင်း၊ ခါးကိုပိုင်းခြင်း အစရှိသည်တို့ဖြင့် စိတ်ထင်တိုင်းညှဉ်းပန်းနည်း များပြား၍လာ၏။

ငရဲ၌မူကား- ထို၃၂-ပါးအပြင် ငရဲထိန်းတို့၏ ညှဉ်းပန်းနည်းတို့သည် သဉ္ဇိုင်းငရဲ ကြီး၌ ပြုလုပ်နည်းအမျိုးမျိုး ကာဠသုတ် ငရဲကြီး၌ ပြုလုပ်နည်း အမျိုးမျိုး အစရှိသည်ဖြင့် အထောင်မက များပြားကုန်၏။

ပြိတ္တာတို့ဘုံ၌ ငရဲထိန်းတို့၏ ညှဉ်းပန်းမှုတို့သည် ရှိကုန်၏။

# ငရဲခန်း အမျိုးမျိုး
## ဒေဝဒူတသုတ်[၁]လာ ငရဲခန်းအမျိုးမျိုး

ဒေဝဒူတသုတ်၌ကား–

၁။ ယမမင်းကြီးတို့ကိုယ်တိုင် အကြိမ်ကြိမ် စစ်မေးပါသော်လည်း ရှေးဘဝ၌ တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို ရှာကြံမရရှိကြကုန်သော ငရဲသူအပေါင်းတို့ကို ငရဲထိန်းတို့သည် ယူဆောင်ကြကုန်၍ ရဲရဲငြိသောသံမြေ၌ ပက်လက်အိပ်စက်စေကုန်၍ လက်ဖဝါးနှစ်ဖက် ခြေဖဝါးနှစ်ဖက် ရင်လယ်အရပ်တို့၌ ထန်းလုံးခန့်ပမာဏရှိ ကုန်သော ငါးခုသော သံတံသင်းတို့ကို စိုက်နှက်ကားကျက်၍ ထားခြင်း။

၂။ အလျှံပြောင်ပြောင်တောက်သော သံမြေ၌ အိပ်စေ၍ သုံးဂါဝုတ်မျှရှိသော အတ္တဘောတို့ကို အိမ်မိုးတစ်ခြမ်းခန့် အရွက်ရှိကုန်သော ဓားမတို့ဖြင့် ရွေခြင်း။

၃။ ဦးခေါင်းဇောက်ထိုး ခြေမိုးမျှော်ထားပြီးလျှင် ပဲခွပ်ကြီးတို့ဖြင့် အသားတို့ကို ရွေချခြင်း။

၄။ အလျှံပြောင်ပြောင် တောက်သော ရထား၌ ကကုန်၍ အလျှံပြောင်ပြောင် တောက်သော သံမြေ၌ စိုင်းနှင်ခြင်း။

၅။ လက်နက်လှံတံတို့ဖြင့် ပစ်ခတ်ရိုက်နှိုက်၍ မီးအတိပြီးသော သံတောင်ကြီး အပေါ်သို့ တက်စေခြင်း။

၆။ ထို့နောက် အနက် အကျယ် ယူဇနာ ၆၀–ရှိသော သံပူရည်ပင်လယ်ကြီးနှင့် အလားတူသော လောဟကုမ္ဘီခေါ်သော သံဒယ်အိုးကြီး၌ ပစ်ချခြင်း။

၇။ ထိုလောဟကုမ္ဘီငရဲ၌ အနှစ်များစွာ ကြာမြင့်ပြီးသော သူတို့ကို ယူငင်၍ မဟာအဝီစိ ငရဲကြီးအကွင်း ပစ်ချခြင်း။

၈။ မဟာအဝီစိငရဲမကြီးအတွင်း၌ နှစ်ပေါင်းအသိန်းများစွာ ခံကြကုန်ပြီး၍ ရှေး၌ပြဆိုခဲ့သော အစဉ်အားဖြင့် ဥဿဒငရဲကြီး ငါးရပ်တို့သို့ ကျရောက်ရခြင်း၊ ဤသို့သောအစဉ်သည် လာရှိ၏။

---

၁။ ကျမ်းကိုးကို ဤကျမ်း နှာ – ၂၇၅ ပြန်ကြည့်။

ဤမှတစ်ပါး နေမိဇာတ်၌လာသော ငရဲခန်းအမျိုးမျိုး[၁]

နာရဒဇာတ်တော်၌လာသော ငရဲခန်းအမျိုးမျိုး[၂]

သရဘင်္ဂဇာတ်တော်၌လာသော ငရဲခန်းအမျိုးမျိုး[၃]

ကောကာလိကသုတ်၌လာသော ငရဲခန်းအမျိုးမျိုး[၄]

မိတ္တဝိန္ဒကဇာတ်တော်၌လာသော သင်တုန်းစက် ငရဲခန်းအမျိုးမျိုး[၅]

မာရတဇ္ဇနိယသုတ်၌လာသော ငရဲခန်းအမျိုးမျိုး[၆]

အစရှိသည်ဖြင့် ငရဲခန်းတို့သည် မဆုံးနိုင်ဖွယ် အလွန်များပြားလျက်ရှိကြကုန်၏။

မြတ်စွာဘုရားသည်လည်း ငရဲဘုံ၌ ခံကြကုန်သော ဒုက္ခအမျိုးမျိုးတွေကို ဒေသနာ အစဉ်အားဖြင့် ငါဘုရားသော်မှလည်း ဆုံးခန်းရောက်အောင် ဟောခြင်းငှာ မတတ်နိုင်ဟု ဟောတော်မူရချေ၏။

၃၂-ပါးသော ကမ္မကရဏ ပြီး၏။

## ငရဲကြီးရှစ်ထပ်တို့၏ အသက်တမ်း[၁]

လူတို့၌ အနှစ်ကိုးသန်းသည် (၉၀၀၀၀၀၀)သည် သဉ္ဇီဝငရဲကြီး၌ တစ်ရက် ဖြစ်၏။

၎င်း အနှစ်ကိုးသန်းကို လေးဆတက်သည်ရှိသော် သုံးကုဋေခြောက်သန်း (၃၆၀၀၀၀၀၀) ဖြစ်၏၊ ၎င်းနှစ်ပေါင်း သုံးကုဋေ ခြောက်သန်း (၃၆၀၀၀၀၀၀) သည် ကာဠသုတ်ငရဲကြီး၌ တစ်ရက် ဖြစ်၏။

---

၁။ ဇာတကပါဠိ၊ ဒုတွဲ၊ မဟာနိပါတ၊ နေမိဇာတ်၊ နှာ-၁၈၇-၁၉၅။
ဇာတ်အဋ္ဌကထာ၊ ဆဋ္ဌတွဲ၊ နှာ ၁၃၀-၁၄၆။

၂။ ဇာတကပါဠိ၊ ဒုတွဲ၊ မဟာနိပါတ၊ နာရဒဇာတ်၊ နှာ ၂၇၀-၂။
ဇာတ်အဋ္ဌကထာ၊ သတ္တမတွဲ၊ နှာ ၁၃၉- ၃၄၃။

၃။ ဇာတကပါဠိ။ ဒုတိယတွဲ၊ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်၊ နှာ ၈-၉။
ဂါထာနံပါတ် ၆၉-၇၄။ ဇာတ်အဋ္ဌကထာ၊ ပဉ္စမတွဲ၊ နှာ ၁၅၀-၄။

၄။ သဂါထာဝဂ္ဂ၊ ဗြဟ္မာသံယုတ်၊ ကောကာလိကသုတ်၊ နှာ ၁၅၃-၄။
အင်္ဂုတ္တိုရ်ပါဠိတော်၊ တတိယတွဲ၊ ကောကာလိကသုတ်၊ နှာ-၃၉၅။
သုတ္တနိပါတပါဠိတော်၊ ကောကာလိကသုတ်၊ နှာ-၃၈၁-၅။

၅။ ဇာတ်ပါဠိတော်၊ ပထမတွဲ၊ မိတ္တဝိန္ဒကဇာတ်၊ နှာ-၂၄။ ၎င်းစတုဒ္ဒါရဇာတ်၊ နှာ-၂၀၁။ ဇာတ်အဋ္ဌကထာ၊ ပထမတွဲ၊ မိတ္တဝိန္ဒကဇာတ်။ နှာ ၃၈၄-၅။

၆။ မူလပဏ္ဏာသပါဠိတော်၊ မာရတဇ္ဇနီယသုတ်၊ နှာ- ၄၀၇- ၄၁၅။

ဤနည်းတူ အစဉ်အတိုင်း လေးဆတက်သည်ကို ပြု၍ တာပနငရဲကြီးတိုင်အောင် ငရဲကြီးတို့၌ ၁–ရက် အရေအတွက်ကို သိရာ၏။

၁။ မိမိတို့ရက်ဖြင့် အရက် ၃၀– သည် မိမိတို့ လဖြစ်၏၊ မိမိတို့လဖြင့် ၁၂– လသည် မိမိတို့ ၁–နှစ်ဖြစ်၏၊ မိမိတို့နှစ်ဖြင့် အနှစ်ငါးရာ (၅၀၀) သည် သဉ္ဇိုဝ်း အသက်တမ်းဖြစ်၏။

၂။ အနှစ်တစ်ထောင် (၁၀၀၀) သည် ကာဠသုတ်၌ အသက်တမ်းဖြစ်၏။

၃။ အနှစ်နှစ်ထောင် (၂၀၀၀) သည် သံဃာတ၌ အသက်တမ်းဖြစ်၏။

၄။ အနှစ်လေးထောင် (၄၀၀၀) သည် ရောရုဝ၌ အသက်တမ်းဖြစ်၏။

၅။ အနှစ်ရှစ်ထောင် (၈၀၀၀) သည် မဟာရောရုဝ၌ အသက်တမ်းဖြစ်၏။

၆။ အနှစ်တစ်သောင်းခြောက်ထောင် (၁၆၀၀၀)သည် တာပန၌ အသက်တမ်း ဖြစ်၏။

၇။ အန္တရကပ် ထက်ဝက်သည် မဟာတာပန၌ အသက်တမ်းဖြစ်၏။

၈။ အန္တရကပ် တစ်ကပ်သည် အဝီစိ၌ အသက်တမ်းဖြစ်၏။

## ငရဲပြည် သက်တမ်း စိစစ်ချက်

အန္တရကပ် တစ်ကပ်၏ ပမာဏကား မဟာပထဝီမြေကြီးသည် အထက်သို့ တစ် ယူဇနာခန့် တက်သည်နှင့်အမျှ ကြာမြင့်၏။

ဤသို့ ငရဲကြီးရှစ်ထပ်တို့၏ အသက်တမ်းကို "ဝိနာလင်္ကာရ" စသောကျမ်းဂန်[1] တို့၌ လာ၏။

အပါယ်လေးဘုံတို့၌ အသက်တမ်းဟူ၍ မရှိ၊ ကံသည် ပမာဏဖြစ်၏ဟူသော အဘိဓမ္မာ ကျမ်းဂန်[1] စကားများနှင့် ဆန့်ကျင်သည်မဟုတ်လော ဆိုငြားအံ့။

လူတို့၌ တစ်ရာတမ်းဆိုလျှင် ထိုအခါ နှစ်ရာနေရသူ မရှိ၊ နှစ်ရာတမ်းဆိုလျှင် ထိုအခါ၊ သုံးရာနေရသူ မရှိ၊ ဤသို့အထက်ဖြစ်သော သက်တမ်းတစ်ခုနှင့် ရောယှက် ခြင်းမရှိသည်ကို အသက်တမ်းဆို၏။

ငရဲတို့၌ကား ထိုကဲ့သို့ ရောယှက်ခြင်း မရှိသည်မဟုတ်၊ သဉ္ဇိုဝ်း၌ ငါးရာ ဆိုသော်လည်း ကံမကုန်ခဲ့လျှင် တစ်ထောင်လည်း နေရ၏၊ နှစ်ထောင်လည်း နေရ၏၊ သုံးထောင် လေးထောင် စသည်လည်း နေရ၏၊ အထက်ဖြစ်သောတမ်းတို့နှင့် ကူးယှက် ၏ ။

---

၁။ ဝိနာလင်္ကာရဋီကာ၊ နှာ – ၈၃။

ထို့ကြောင့် အပါယ်လေးဘုံတို့၌ အသက်တမ်းဟူ၍ မရှိဟု အဘိဓမ္မာကျမ်းဂန်[၂] တို့၌ ဆိုပေသည်။

ယေဘုယျအားဖြင့် သဋ္ဌိဝဝ်း၌ ငါးရာ နေရသူများ၏။ ဤသို့ များရာကို အစွဲပြု ၍ သဋ္ဌိဝဝ်း၌ ငါးရာဟု ဆိုပေသည်။ ဤသို့ယူလျှင် မဆန့်ကျင်။

ထို့ကြောင့် မြတ်စွာဘုရားသည်လည်း အဘိဓမ္မာ၌ အပါယ်လေးဘုံတို့မှာ အသက်တမ်းကို မဟောမူ၍ "ဒေဝဒူတသုတ်[၃]" တို့၌လည်း ကံသာ ပမာဏဟု ဟောတော်မူပြီး၍ မဟာ အဝီစိ ငရဲကြီး၏ အရံဖြစ်သော အဗ္ဗုဒငရဲပြည် အစရှိသော ဆယ်ပြည်ထောင်သော ငရဲတို့၌ အသက်တမ်းကို ဟောတော်မူပြန်သတည်း။

## ဆယ်ပြည်ထောင် ငရဲသက်တမ်း

ဆယ်ပြည်ထောင် ဆိုသည်ကား-

၁။ အဗ္ဗုဒငရဲ

၂။ နိရဗ္ဗုဒငရဲ

၃။ အဗဗငရဲ

၄။ အဟဟငရဲ

၅။ အဋ္ဋဋငရဲ

၆။ ကုမုဒငရဲ

၇။ သောဂန္ဓိကငရဲ

၈။ ဥပ္ပလငရဲ

၉။ ပုဏ္ဍရီကငရဲ

၁၀။ ပဒုမငရဲ

ဤ ၁၀-ပါးတို့တည်း။

ထိုဆယ်ပါးတို့၏ အသက်တမ်းကို ဤသို့ ဟောတော်မူ၏။

---

၁-၂။ ဋီကာကျော်၊ နှာ-၁၆၆၊ သမ္မောဟ အဋ္ဌကထာ၊ နှာ-၅၀၄။

၃။ ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒူတ သုတ်၊ နှာ-၂၂၀။ အင်္ဂုတ္တိုရ်၊ ပထမတွဲ၊ တိကနိပါတ်၊ ဒေဝဒူတသုတ်၊ နှာ-၁၃၉။

**အဗ္ဗုဒ ငရဲ သက်တမ်း စသည်**

နှမ်းအတင်း ရှစ်ဆယ်ပုံမှ အနှစ်တစ်ရာလျှင် နှမ်းတစ်စေ့ကျ ယူ၍ ပစ်သည်ရှိသော် နှမ်းအတင်းရှစ်ဆယ်ပုံသည် အလျှင်အမြန် ကုန်လေရာ၏၊ အဗ္ဗုဒငရဲ၏ အသက်မူကား မကုန်လေရာ၊ ဤကား အဗ္ဗုဒငရဲ၏ အသက်တမ်းတည်း။

**နှမ်းတစ်တင်း၌ရှိ နှမ်းစေ့အရေအတွက်**

နှမ်းတစ်တင်း၌ နှမ်းစေ့ပေါင်း ကုဋေလေးရာနှင့် ကိုးကုဋေ ခြောက်သိန်းရှိ၏၊ ထိုအဗ္ဗုဒငရဲ၏ အသက်တမ်းမှာ အဆင့်ဆင့်အားဖြင့် အဆနှစ်ဆယ်စီ တိုးပွား၍ သွားကုန်သည်ရှိသော် နိရဗ္ဗုဒ အစရှိသော ကိုးဘုံသောငရဲတို့၏ အသီးသီးသော အသက်တမ်းဖြစ်၏၊ ဤသို့ ဟောတော်မူ၏။[၁]

ငရဲခန်းအမြွက် ပြီး၏။

------

## ပြိတ္တာ အသုရကာယ်တို့ သက်တမ်း

ပြဆိုခဲ့ပြီးသော နည်းအားဖြင့် ငရဲဘုံတို့၌ ယေဘုယျအသက်တမ်း ထင်သေး၏။ ပြိတ္တာတို့ဘုံ အသုရကာယ်တို့ဘုံ၌မူကား ယေဘုယျ အသက်တမ်းဟူ၍ပင် မရှိပြီ။

**ရှစ်သောင်းလေးထောင်သော ပြိတ္တာ**

မရှိပုံကား ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ၉၂– ကမ္ဘာမြောက်၌ ဖုဿမြတ်စွာဘုရား လက်ထက်၌ အတူတကွ တစ်ကြိမ်ပြုကြသော အကုသိုလ်ကံကြောင့် ထိုဘဝမှစ၍ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ငရဲ၌ အဖန်ဖန် ကျရောက်၍ နေကြကုန်သော ရှစ်သောင်းလေးထောင်မျှလောက်ကုန်သော ပြိတ္တာတို့သည် ဤကမ္ဘာ၌လည်း ကမ္ဘာဦးမှစ၍ ငါတို့မြတ်စွာဘုရား လက်ထက်တိုင် အောင် အစာ ရေစာဟူ၍ အဏုမြူမျှ မတွေ့ရဘဲ အမြဲငတ်မွတ် ဆာလောင်သော ကိုယ် ရှိကြကုန်သည်ဖြစ်၍ ကြီးစွာသော ဒုက္ခကို ခံနေကြရကုန်၏။ ငါတို့မြတ်စွာဘုရား လက်ထက်မှာမှ ကျွတ်လွတ်ကြကုန်၏။

**စပါးကြီးမြွေ ပြိတ္တာ**

အရှင်ပစ္စေကဗုဒ္ဓါ၏ ကျောင်းကို မီးတိုက်မှုကြောင့် အဝီစိငရဲ၌ အန္တရ ကပ်ပတ်လုံးခံရပြီး ဂိဇ္ဈကုဋ်တောင်၌ ဖြစ်၍နေသော စပါးကြီး မြွေပြိတ္တာ သည်ရှိ၏။

---

၁။ သဂါထာဝဂ္ဂ၊ ဗြာဟ္မဏသံသုတ်၊ ကောကာလိကသုတ်၊ နှာ–၁၅၃–၄။
အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ်၊ ကောကာလိကသုတ်၊ နှာ–၃၉၅။
သုတ္တနိပါတပါဠိတော်၊ ကောကာလိကသုတ်၊ နှ –၃၈၁။

ထိုပြိတ္တာ၏ကိုယ်သည် ၂၅-ယူဇနာရှိ၏၊ ဦးခေါင်းကား လူ၏ဦးခေါင်းတည်း၊ မီးတောက်မီးလျှံတို့သည် ဦးခေါင်းမှထ၍ အမြီးဖျားတိုင်အောင် လောင်ကုန်၏၊ အမြီးမှထ၍ ဦးခေါင်းတိုင်အောင် လောင်ကုန်၏၊ ဦးခေါင်းအမြီး နှစ်ဌာနမှစ၍ အလယ်၌ ပေါင်းဆုံကြကုန်၏၊ အလယ်မှထ၍ ဦးခေါင်းအမြီးတိုင်အောင် လောင်ကုန်၏၊ နွေရာသီ၌ တောင်ရိုးကြီးတစ်လျှောက်လုံးကို မီးလောင်၍ နေသကဲ့သို့ ထင်၏၊ ပကတိမျက်စိအားဖြင့် ကား မြင်ကောင်းသည်မဟုတ်၊ ဒိဗ္ဗစက္ခုမျက်စိဖြင့်သာ မြင်ကောင်း၏၊ ဤပြိတ္တာသည် လည်း အဘယ်အခါမှ ကျွတ်လွတ်မည်ဟု အပိုင်းအခြား မရှိ[၁]။

**ကျီး ပြိတ္တာ** ထို့အတူ ၂၅-ယူဇနာရှိသော ကျီး ပြိတ္တာသည်လည်း ရှိ၏၊ ထိုပြိတ္တာအားလည်း ကျွတ်လွတ်ရာသော နှစ်အပိုင်းအခြား မရှိသေး[၂]။

**သန္တိကုဋ္ဋပြိတ္တာ** ထိုအတူ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော ခြောက် သောင်းမျှလောက်ကုန်သော သံတူ သံတင်းပုတ်တို့ သည် ဦးခေါင်း၌ အမြဲ ထတုံ ကျတုံဖြစ်၍ နေကုန်သဖြင့် ဦးခေါင်းသည် အမြဲကွဲချည်ပကတိဖြစ်ချည် ဖြစ်၍နေသော သန္တိကုဋ္ဋပြိတ္တာသည် လည်းရှိ၏၊ ဤပြိတ္တာသည်လည်း ကျွတ်လွတ်ရာသော အပိုင်းအခြား မရှိသေး[၃]။

ဤသို့အစရှိသည်ဖြင့် ပြိတ္တာမျိုးတို့သည် အသင်္ချေယျ အနန္တ များပြားကုန်၏၊ ကျမ်းဂန်တို့၌လည်း ပြိတ္တာတို့ကို ပြဆိုသောအရာသည် ငရဲတို့ကို ပြဆိုသောအရာထက် ကျယ်ဝန်း၏၊ "များပြား၏" "ပေတဝတ္ထုကျမ်း" ဟူ၍ ပါဠိတော်တစ်ကျမ်း အသီးထွက် ၏၊ "လက္ခဏသံယုတ်" ဟူ၍ သံယုတ်တစ်ပါး အသီးထွက်၏၊ ကျယ်အံ့စိုး၍ ဤစာအုပ်၌ မထုတ်လိုက်ပြီ။

## အသူရကာယ် အမျိုးမျိုး

အသူရကာယ်မျိုးသည်လည်း

၁။ ဝိနိပါတိက အသူရကာယ်မျိုး

၂။ ကာလကဉ္စိက အသူရကာယ်မျိုး

၃။ လောကန္တရိက် အသူရကာယ်မျိုး- စသည်ဖြင့် များပြား၏။

ထိုအသူရကာယ်မျိုးတို့တွင်-

---

၁-၂။ ဓမ္မပဒအဋ္ဌကထာ၊ ၃-တွဲ၊ အဟိပေတ ဝတ္ထု၊ နှာ-၃၂၀-၁။

၃။ ဓမ္မပဒအဋ္ဌကထာ၊ ၃-တွဲ၊ သန္တိကုဋ္ဋပေတ ဝတ္ထု၊ နှာ-၃၂၃-၄။

**ဝိနိပါတိက အသူရကာယ်မျိုး** ဝိနိပါတိက အသူရကာယ်မျိုးဆိုသည်ကား လောကဌ် ဘီလူး သဘက် အစိမ်း သရဲ တစ္ဆေ မြေဖုတ်အစရှိသည်ဖြင့် ခေါ်ဝေါ်ကြကုန်သော နတ်ယုတ် နတ်ညံ့တို့ကို ဆိုသတည်း။

ထိုသူတို့သည်လည်း နေရာဘုံဗိမာန်ဟူ၍ မရှိကြကုန်မူ၍ သစ်ပင်တော ချုံအစရှိသည်တို့ကို အမှီပြု၍ နေကြကုန်၏၊ လူတို့စွန့်ပစ်ပစ်အပ်သော ထမင်းသိုး၊ ဟင်းသိုး၊ နပ်၊ တံတွေး၊ ကိုယ်ဝန်အညစ်အကြေး စသည်တို့ကို ရှာကြံ၍ စားသောက်ကြကုန်၏၊ အလွန်ကြံ့လိုသော ကိုယ်ရှိကြကုန်၏၊ ထိုသူတို့လည်း အသက်အပိုင်းအခြား မရှိကြကုန်၊ ဓာတုမဟာရာဇ်ဘုံ၌ အကျုံးဝင်ကုန်၏၊ မြေအပြင်၌ အသချေ်ယျ အနန္တ များပြားကုန်၏[၁]။

**ကာလကဥ္စိက အသူရကာယ်မျိုး** ကာလကဥ္စိက အသူရကာယ်မျိုးဆိုသည်ကား – သုံးဂါဝုတ်မျှ လောက်သော အတ္တဘောရှိ၏၊ အလွန်နည်းသော အသား အသွေးရှိသည်ဖြစ်၍ အရိုးအရေမျှသာ ရှိရကား– သစ်ရွက်ခြောက်နှင့်တူသော အလား ရှိ၏၊ ပုစွန်တို့၏ မျက်စိကဲ့သို့ မျက်လုံးအိမ်မှ ထွက်ကုန်၍ ဦးခေါင်းထိပ်၌တည်သော မျက်စိရှိကုန်၏၊ ခံတွင်းပေါက်သည်လည်း ဦးခေါင်းထပ်၌ ပေါက်၏၊ အပ်နဖားပေါက်မျှသာရှိ၏၊ ဤကဲ့သို့သော ပြိတ္တာမျိုးတို့ကို ကာလကဥ္စိက အသူရကာယ်မျိုး ခေါ်သည်၊ ထိုအသူရကာယ်မျိုးသည်လည်း အသချေ်ယျ အနန္တ များပြားကုန်၏[၂]။

**လောကန္တရိက် အသူရကာယ်မျိုး** လောကန္တရိက် အသူရကာယ်မျိုးဆိုသည်ကား– လောကန္တရိက် ငရဲသူတို့ကို ဆိုသတည်း၊ သုံးဂါဝုတ်မျှသော အတ္တဘောရှိကုန်၏၊ စကြဝဠာသုံးခုတို့၏ ပေါင်းဆုံရာ၌ အကျယ်အားဖြင့် ယူဇနာ ရှစ်ထောင်ရှိသော လောကဓာတ်အပေါက်ကြီးသည် ရှိ၏၊ အောက်၌ ကမ္ဘာကို ခံသောရေသို့ ဆိုက်၏၊ အခါခပ်သိမ်း အမှောင်အတိမိုက်၏၊ ထိုလောကဓာတ် အပေါက်တို့၌ စကြဝဠာတံတိုင်းတို့၌ ထိုသတ္တဝါတို့သည် လင်းနို့တို့ကဲ့သို့ တွဲရရွဲဆွဲ၍ နေကြရကုန်၏။

အချင်းချင်း ထိခိုက်ကြသဖြင့် လည်းကောင်း၊ အလွန်အေးမြလှစွာသော လေတို့၏ တိုက်ခြင်းဖြင့်လည်းကောင်း အညာမှ ပြုတ်ကြွေကုန်သော သစ်သီးတို့ကဲ့သို့ စကြဝဠာတံတိုင်းမှ လွတ်ကြွေ၍ ကမ္ဘာကိုခံသောရေ၌ ကျလေကုန်၏၊ ကျကာမတ္တမျှ ဖြစ်ကုန်၍သာလျှင် အလွန်ငန်မှု အေးမှုတို့ကြောင့် ရေ၌ကျကုန်သော ဆားခဲတို့ကဲ့သို့

---

၁။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ နှာ–၁၀၀။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ တတွဲ၊ သတ္တက နိပါတ်၊ နှာ–၁၆၃။

၂။ ဒီဃနိကာယ်၊ ပါထိကဝဂ် အဋ္ဌကထာ၊ နှာ–၅။

မြေမြေကြေမွကုန်၍ စကြဝဠာတတ်တိုင်း၌ ဖြစ်မြဲတိုင်း အဖန်တလဲလဲ ဖြစ်ကြရကုန်၏၊ အသချေ်ယျ အနန္တ များပြားကုန်၏၊ အသက်တမ်းဟူ၍ မရှိကုန်[၁]။

တိရစ္ဆာန်တို့ကား ထင်ရှားကုန်ပြီ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ကို အမြွက်မျှ ပြဆိုချက်ပြီး၏။

----------

## အပါယ်ဘုံတို့သည် ပုထုစဉ်သတ္တဝါတို့၏စိတ်မှ ဖြစ်ပုံ

အမြွက်အားဖြင့် ပြဆိုအပ်ကုန်ပြီးသော ငရဲကြီး ရှစ်ပြည်ထောင်တို့မှစ၍ လောကန္တရိက် အသူရကာယ် အဆုံးရှိကုန်သော အလုံးစုံသော အပါယ်ဘုံအနန္တတို့သည် အဘယ်မှာ ဖြစ်ပွားကုန်သနည်း ဟူမူကား-

ဇမ္ဗူဒီပါကျွန်းအပြင်၌ ခပ်သိမ်းသော မြစ်ကြီးမြစ်ငယ်တို့သည် ဟိမဝန္တာမှ ထွက်ကုန်သကဲ့သို့ သတ္တဝါအပေါင်းတို့၏စိတ်မှ ဖြစ်ပွားကုန်၏။

နိယာမအဖြစ်သို့ဆိုက်အောင် ပြုပြင်၍ထားအပ်သော အရိယာပုဂ္ဂိုလ်တို့၏ စိတ်ကို ချန်လှပ်၍ ခပ်သိမ်းသော လူ နတ် ဗြဟ္မာ သတ္တဝါတို့စိတ်မှ ဖြစ်ပွားကုန်၏ ဟူလို။

ထို လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့တွင် တစ်ယောက်တစ်ယောက်သော သတ္တဝါ၏ စိတ်သည် ထိုအလုံးစုံသော အပါယ်ဘုံအနန္တတို့နှင့် အခြားမရှိ တစ်ပြင်တည်း တစပ်တည်း ဆက်နွယ်လျက်တည်၏၊ မကောင်းမှု၌ မွေ့လျော်ခြင်းသည် ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်၏ ပကတိသဘောတည်း။

ထို့ကြောင့် သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့အား ဒိဋ္ဌိအမှောက် အမှား၊ ဒုစ္စရိုက်အမိုက်အမဲတို့ကို အသက်ထက်ဆုံး လိုက်စား၍ ကုန်ခဲ့ရသော ဘဝ တို့သည်သာ အလွန်များပြားကုန်၏။

**ပြုခဲ့သည် ဒုစ္စရိုက် အနန္တ**

ပြဆိုခဲ့ပြီးသော အပါယ်ဘုံ အနန္တတို့သို့ ပစ်ချရန် ဒုစ္စရိုက် ကံဟောင်းတို့သည် တစ်ယောက်တစ်ယောက်သော သတ္တဂါ၏ စိတ်သန္တာန်တွင် အနန္တပါရှိလျက် နေကြကုန်၏။

**အချိန်မရွေး သေနိုင်ခြင်း**

သေခြင်းသဘောမည်သည်လည်း ခပ်သိမ်းသောဘဝတို့၌ ပဋိသန္ဓေနေသည်မှစ၍ အစဉ်အမြဲပါရှိ၍ နေ၏၊ ဘယ်နာရီမှာ မဆို သေနိုင်၏၊ မသေနိုင်သော နာရီဟူ၍ မရှိ၊ သေခဲ့လျှင်လည်း ထိုကံဟောင်းတို့အတွက် ပြဆိုခဲ့ပြီးသော အပါယ်ဘုံအနန္တတို့တွင် ဘယ်အပါယ်ဘုံမှာမဆို ခဏချင်း ကျရောက်နိုင်ကြကုန်၏၊ မကျရောက်နိုင်သော အပါယ်ဘုံဟူ၍ တစ်စုံတစ်ခုမျှ မရှိ။

---

၁။ ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၊ နှာ-၂၆။

ဤသို့လျှင် ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်သည် ပြဆိုခဲ့ပြီးသော အပါယ်ဘုံ အနန္တတို့နှင့် အခြားမရှိ ဟစ်ပြင်တည်း၊ တစ်စပ်တည်း ဆက်နွယ်၍နေကြပုံကို သိအပ်၏။

**ပစ်မြှောက်လိုက်သော အုတ်ကျောက်ဥပမာ** ကောင်းကင်၌ ပစ်မြှောက်ကုန်သော အသိန်းမကသော အုတ် ကျောက် လုံတံတို့သည်လည်းကောင်း၊ လေဟုန်ဖြင့် မြှောက်တင်အပ်ကုန်သော အသိန်းမကသော သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တို့သည်လည်းကောင်း အောက်မြေအပြင်တို့နှင့် အခြား မရှိ တစ်ပြင်တည်း တစ်စပ်တည်း ဆက်နွယ်လျက် နေကြကုန်၊ ပစ်မြှောက်မှုဟူသော ပြုပြင်မှုအဟုန် လေအဟုန် ကုန်သည်နှင့် တစ်ပြိုင်နက် မြေအပြင်မှာချည်းကျရောက်လာကြရကုန်၏။

## ဥပမာ ဥပမေယျ နှီးနှောပြချက်

၁။ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသည် ကောင်းကင်နှင့် တူ၏။
၂။ အပါယ်လေးဘုံကြီးသည် မြေပြင်ကြီးနှင့် တူ၏။
၃။ လူ့ခန္ဓာတို့သည် ပစ်မြှောက်အပ်ကုန်သော အုတ်ကျောက်လုံတံ တို့နှင့် တူကုန်၏။
၄။ ဒါန၊ သီလမှု အစရှိသော ပြုပြင်မှု အဟုန်သည် ပစ်မြှောက်သော လက်အဟုန် နှင့် တူ၏။
၅။ ဗြဟ္မာ့ခန္ဓာတို့သည် သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တို့နှင့် တူ၏။
၆။ ဈာနဘာဝနာ[၁] ဟူသော ပြုပြင်မှုအဟုန်သည် လေဟုန်နှင့် တူ၏။

ဤဥပမာအတိုင်း အနမတဂ္ဂ သံသရာတစ်လျှောက်ကြီး မြင်လေ။

## ဥပမာ ဥပမေယျတို့ကို စိစစ်ဝေဖန်ချက်

အဘယ်ကြောင့် ထိုဝတ္ထု၏ ကောင်းကင်၌ အမြဲ မနေနိုင်ကြကုန်သနည်း ဟူမူကား–

ကောင်းကင်သို့ တက်မှုနေမှုသည် ထိုဝတ္ထု၏ ပကတိ သဘောမဟုတ်၊ ထိုဝတ္ထုတို့၏ ပကတိအစွမ်းမဟုတ်၊ ထိုဝတ္ထုတို့မှာ ကောင်းကင်သို့ ပျံတက်နိုင်သော အစွမ်းဟူ၍ မြူမျှမရှိ၊ ကောင်းကင်သို့ ပျံတက်နိုင်သော အစွမ်းသတ္တိမှ ဆိတ်ကင်းကြကုန်၏။ ကောင်းကင်၌ တည်နေနိုင်သော အစွမ်းသတ္တိမှ ဆိတ်ကင်းကြကုန်၏။ လက်ဟုန်၊ လေဟုန်တို့၏ အစွမ်းကြောင့်သာ ကောင်းကင်သို့ တက်ကြလေကုန်၏၊ အောက်သို့ကျမှု၊ မြေ၌စုမှုသည်သာလျှင် ထိုဝတ္ထုတို့၏ ပကတိသဘောဖြစ်၏။

---

၁။ ဈာနဘာဝနာ = ပထဝီကသိုဏ်းစသော အာရုံမျိုးတို့၌ စိတ်ကို တည်ကြည်ငြိမ်သက်စွာထား၍ ရှုမှု။ ဝါ၊ စူးစူးစိုက်စိုက် ရှုမှု။

ထို့ကြောင့် လက်ဟုန် လေဟုန်ကုန်လျှင် ထိုဝတ္ထုတို့သည် ကောင်းကင်၌ မျက်တောင် တစ်ခတ်မျှ မတည်တံ့နိုင်ကြကုန်မူ၍ မိမိတို့ဇာတိသဘော အရင်းအတိုင်း အလျင်အမြန် ကျလျှောကြကုန်၍ မြေအပြင်၌ အသက်ရှည်သမျှ တည်နေကြကုန်၏။

ဤဥပမာအတိုင်း အနမတဂ္ဂသံသရာ၌ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့၏ သင်္ခါရမျိုးဖြစ်ပုံ၊ အနိစ္စမျိုးဖြစ်ပုံ၊ ဒုက္ခမျိုးဖြစ်ပုံ၊ အနတ္တမျိုးဖြစ်ပုံကို ထင်လေမြင်လေ။

ယခုအခါ၌ "နိယာမအဖြစ်သို့ရောက်အောင် ပြုပြင်၍ ထားအပ်သော အရိယာ တို့၏ စိတ်ကို ချန်လှပ်၍" ဟူသော စကား၌-

**သင်္ခါရ ၂-မျိုး** သင်္ခါရဆိုသည်ကား စိတ်ကို ပြုပြင်မှုတည်း၊ ထိုစိတ်ကို ပြုပြင် မှုသည်-

၁။ အနိုက်အတန့် တဒင်္ဂ တစ်နပ်စာ အနေနှင့် ပြုပြင်မှု၊

၂။ နိယာမအဖြစ်သို့ ရောက်အောင် ပြုပြင်မှုဟူ၍ ၂-ပါးရှိ၏။

**စိတ်၏အရည်အရောင် ၃-ပါး** စိတ်ကို ဖြူစင်စေတတ်သော အရည်အရောင်သည် သီလ၊ သမာဓိ၊ ပညာဟူ၍ သုံးပါးရှိ၏။

**စိတ်၏အညစ်အကြေး ၃-ပါး** စိတ်ကို ညစ်နွမ်းစေတတ်သော အညစ်အကြေးသည် ဒိဋ္ဌိ၊ ကာမ၊ အဝိဇ္ဇာဟူ၍ သုံးပါးရှိ၏။

**ဘုံ ၃-ဆင့်။** ။ ထိုသုံးပါးတို့တွင်လည်း တစ်ပါးတစ်ပါး၌-

၁။ အနုသယဘုံ

၂။ ပရိယုဋ္ဌာနဘုံ

၃။ ဝီတိက္ကမဘုံ- ဟူ၍ ဘုံသုံးဆင့်ရှိ၏။

**အနုသယဘုံ ၁** စိတ်သန္တာန်၌ အစဉ်အမြဲ ကိန်းဝပ်၍နေသော အညစ်အကြေး သုံးပါးသည် အနုသယဘုံ မည်၏။

**ပရိယုဋ္ဌာနဘုံ ၂** အာရုံစိုက်မှုရှိသောအခါ၌ မနောကံကိစ္စနှင့် ထကြွ၍လာသော အညစ်အကြေးကြီး၃-ပါးသည် ပရိယုဋ္ဌာနဘုံမည်၏။

**ဝီတိက္ကမဘုံ ၃** ထို့ထက် ခက်ထန်သောင်းကျန်းခြင်းသို့ ရောက်သဖြင့် ဝစီကံ ကိစ္စ၊ ကာယကံကိစ္စတို့နှင့် ထကြွလှုပ်ရှား၍လာသော အညစ် အကြေးကြီးသုံးပါးသည် ဝီတိက္ကမဘုံ မည်၏။

ဒိဋ္ဌိဘုံ သုံးဆင့်၊ ကာမဘုံ သုံးဆင့်၊ အဝိဇ္ဇာဘုံ သုံးဆင့်ဖြစ်၏။

ဒိဋ္ဌိနု၊ ဒိဋ္ဌိလတ်၊ ဒိဋ္ဌိကြမ်း၊ ကာမနု၊ ကာမလတ်၊ ကာမကြမ်း၊ အဝိဇ္ဇာနု၊ အဝိဇ္ဇာလတ်၊ အဝိဇ္ဇာကြမ်း ဟူလိုသည်။

ထိုသုံးပါးတို့တွင်–

ကာယကံ ဝစီကံ ဟူသော အကြမ်းသည် မနောကံဟူသော အလတ်မှ ဖြစ်ပွား၏။ မနောကံဟူသော အလတ်သည် စိတ်သန္တာန်၌ အစဉ်အမြဲ ကိန်းဝပ်၍နေသော အနုမျိုးမှ ဖြစ်ပွား၏။

အလတ်အကြမ်းတို့ကို ပယ်ရှားသော်လည်း အနုမျိုးမပြတ်က တဒင်္ဂတစ်နပ်စာမျှသာ ပယ်ရှားနိုင်၏၊ မကြာမီ အလတ်အကြမ်း ဖြစ်ပွား၍လာ၏၊ အနုမျိုးကို အကုန်အစင် နုတ်ပယ်၍ ပစ်ခဲ့သည်ရှိသော် အလတ်အကြမ်းတို့သည် တစ်ရံတစ်ဆစ်မျှ မဖြစ်လာကြကုန်ပြီ။

**စိတ်ကိုပြုပြင်မှု**

သတ္တဝါတို့၌ စိတ်ကိုပြုပြင်မှုဆိုသည်ကား စိတ်၌ရှိသော ဒိဋ္ဌိ ကာမအဝိဇ္ဇာဟူသော အညစ်အကြေးကြီးသုံးပါးကို ပယ်သတ်၍ စိတ်၌ သီလ၊ သမာဓိ၊ ပညာဟူသော အရည်အရောင်ကြီးသုံးပါးကို တည်ထောင်မှုပေတည်း။

**သီလအရောင် တည်ထောင်မှု**

ထိုသုံးပါးတို့တွင်–

၁။ ဒိဋ္ဌိကို စိတ်သန္တာန်တွင် အကုန်အစင် မျိုးပြတ်အောင် ပယ်သတ်နိုင်မှ သီလသည် စိတ်သန္တန်၌ နိစ္စနိယာမအဖြစ်ဖြင့် တည်နိုင်၏။

ဒိဋ္ဌိကို အကုန်အစင်မျိုးပြတ်အောင် မပယ်မသတ်မူ၍ ရသေ့သူတော်ကောင်း၊ ရဟန်းသူတော်ကောင်း ပြုလုပ်၍နေသော်လည်း တဒင်္ဂသီလ၊ တစ်နပ်စာသီလမျှသာ ဖြစ်နိုင်၏၊ ယခုဘဝ၌သော်လည်းကောင်း၊ နောက်နောက် ဘဝ၌သော်လည်းကောင်း တံငါ မုဆိုးဓားပြ ပါပ အလဇ္ဇီအဖြစ်သို့ မချွတ်ရောက်မြဲ ရောက်ရပြန်၏။

**သမာဓိအရောင် တည်ထောင်မှု**

၂။ ကာမကို စိတ်သန္တာန်တွင် အကုန်အစင် မျိုးပြတ်အောင် ပယ်သတ်နိုင်မှ သမာဓိသည် စိတ်သန္တာန်၌ နိစ္စနိယာမ အဖြစ်ဖြင့် တည်နိုင်၏။

ကာမကို အကုန်အစင်ပြတ်တဲ့အောင် မပယ်မသတ်မူ၍ ရသေ့ ဈာန်ကြီး၊ ရဟန်း ဈာန်ကြီး၊ ဈာန်ပုဂ္ဂိုလ်ကြီးပြုလုပ်၍နေသော်လည်း တဒင်္ဂတစ်နပ်စာ သမာဓိ မျှသာဖြစ်

နိုင်၏၊ ယခုဘဝ၌သော်လည်းကောင်း နောက်နောက်ဘဝ၌သော်လည်းကောင်း၊ သားမယားအာရုံ ကာမဂုဏ်အိုးကြီးအဖြစ်သို့ မချွတ်ရောက်မြဲ ရောက်ပြန်၏။

**ပညာအရောင် တည်ထောင်မှု**

၃။ အဝိဇ္ဇာကို စိတ်သန္တာန်တွင် အကုန်အစင်မျိုးပြတ်အောင် ပယ်သတ်နိုင်မှ ပညာသည် စိတ်သန္တာန်၌ နိစ္စနိယာမအဖြစ်ဖြင့် တည်နိုင်၏။

**အဝိဇ္ဇာမပယ်က အန္တဗာလ ဖြစ်ရပြန်ခြင်း**

အဝိဇ္ဇာကို အကုန်အစင် မျိုးပြတ်အောင် မပယ်မသတ်မူ၍ ရသေ့ပညာရှိ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ နတ်ပညာရှိ ပဏ္ဍိတအမော် တိုင်းကျော်ပြည်ကျော် ပြုလုပ်၍နေသော်လည်း တဒင်္ဂတစ်နပ်စာမျှသာ ဖြစ်နိုင်၏၊ ယခုဘဝ၌သော်လည်းကောင်း၊ နောက်နောက်ဘဝ၌သော်လည်းကောင်း၊ အရှေ့ အနောက် တောင် မြောက်ကိုမျှ မသိတတ်သော အန္တဗာလအဖြစ်သို့ မချွတ် ရောက်မြဲ ရောက်ရပြန်၏။

ဤအရာတွင် ဒိဋ္ဌိကို မျိုးပြတ်အောင် ပယ်သတ်နိုင်ပေလျှင် ဒိဋ္ဌိနှင့်ယှဉ်သော ကာမအဝိဇ္ဇာတို့သည်လည်း မျိုးပြတ်တော့သည်။

ကာမကို ပြတ်အောင် ပယ်နိုင်ပေလျှင် ကာမနှင့်ယှဉ်သော အဝိဇ္ဇာလည်း မျိုးပြတ်တော့သည်။

ဒိဋ္ဌိမျိုးပြတ်ခဲ့လျှင် သစ္စာလေးပါးတို့၌ တွေဝေသော အဝိဇ္ဇာပင် မရှိပေပြီ၊ အနည်းငယ် ဖုံးလွှမ်းခြင်း မကင်းရုံမျှသာ ကျန်ရှိလေသည်ဟူ၍မှတ်။

**ဘုရားရှင်တို့ ဉာဏ်တော်အရာသာ**

ဤသတ္တဝါ အပေါင်းတို့သည်ကားပကတိသဘောအားဖြင့် မကောင်းမှုဒုစရိုက် အမိုက်အမဲတို့၌ အမြဲမွေ့လျော်ခြင်း အလေ့ရှိသော မိမိတို့၏စိတ်ကို သီလ သမာဓိ ပညာတို့၌ နိစ္စနိယာမအဖြစ်သို့ ရောက်လေအောင် ဘယ်လိုကျင့်၍ ဘယ်တရားကို ပယ်ရားရသည်ဟူ၍ပင် မသိနိုင်ကြကုန်၊ ထို့ကြောင့် သတ္တဝါတို့၏ စိတ်ကို ကောင်းမြတ်သော အဖို့၌ နိစ္စနိယာမဖြစ်၍ အစဉ် ထာဝရ တည်လေအောင် ပြုလုပ်မှုသည် မြတ်စွာဘုရားတို့၏ ဉာဏ်တော်အရာသာ ဖြစ်၏။

**ဘုရားရှင်တို့၏ သာသနာ**

လောက၌ မြတ်စွာဘုရားတို့၏ ပွင့်မှုမည်သည် ဤနိစ္စနိယာမ လမ်းကို ပွင့်ခြင်းငှာ ပွင့်ရ၏၊ ထို့ကြောင့် မြတ်စွာဘုရားတို့၏ သာသနာဆိုသည်ကား သံသရာ၌ သူသူ ငါငါ သတ္တဝါတို့ သန္တာန်ဝယ် အဖန်ဖန် ဖြစ်ခဲ့ဖူးကြသော သီလ၊ သမာဓိ၊ ပညာမျိုးကို ဆိုသည်မဟုတ်၊ ယခုဘဝမှစ၍ နောက်ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် တစ်ရံတစ်ဆစ်မျှ ပျက်ကွက်ခြင်း မရှိဘဲ နိစ္စနိယာမအဖြစ်သို့ရောက်သော သီလ၊ သမာဓိ၊ ပညာကိုသာလျှင် မြတ်စွာဘုရားတို့၏ သာသနာဟူ၍ ဆိုအပ်သည်။

**အာဇီဝဋ္ဌမက သီလ ၂–မျိုး**

အာဇီဝဋ္ဌမကသီလသည် ယခုဘဝ၌ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်းသို့ မဆိုက်သော အာဇီဝဋ္ဌမက သီလ၊ ယခုဘဝ၌ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်းသို့ဆိုက်သော အာဇီဝဋ္ဌမက သီလဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင်–

၁။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်းသို့ မဆိုက်သော အာဇီဝဋ္ဌမကသီလသည် တဒင်္ဂ သီလသာ ဖြစ်၏၊ တစ်နပ်စာ သီလသာ ဖြစ်၏၊ မြတ်စွာဘုရားတို့၏ သာသနာ အစစ်မဟုတ်။

၂။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်းသို့ဆိုက်သော (အာဇီဝဋ္ဌမက) သီလသည်သာလျှင် မြတ်စွာဘုရားတို့၏ သာသနာအစစ်ဖြစ်၏၊ ဤသို့ စသည်ဖြင့် ခွဲ၍သိလေ။

**လက္ခဏာရေး ၃–ပါးကို အားထုတ်ရခြင်း**

မြတ်စွာဘုရား သာသနာတော်တွင်း၌ ကြုံကြိုက်ကြရကုန်သောသူတို့သည်ကား နိစ္စနိယာမအဖြစ်သို့ ရောက်၍ မြတ်စွာဘုရားတို့၏ သာသနာအစစ်ဖြစ်သော သီလ သမာဓိ ပညာကို ရကြခြင်း အကျိုးငှာ သက္ကာယဒိဋ္ဌိကို ပယ်သတ်မှုဟု ဆိုအပ်သော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးတို့ကို အားထုတ်ကြရကုန်၏။

# သာသနာကွယ်သောဘဝ မရှိသူ

ထိုလက္ခဏာရေးသုံးပါးတို့တွင်လည်း-

၁။ အနိစ္စလက္ခဏာသည် လိုရင်းပဓာနဖြစ်၏။

၂။ အနိစ္စလက္ခဏာ ကောင်းစွာထင်မြင်ခဲ့လျှင် အနတ္တလက္ခဏာထင်မြင်တော့သည်။

၃။ အနတ္တလက္ခဏာ ကောင်းစွာထင်မြင်ခဲ့လျှင် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းတော့သည်။

၄။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခဲ့လျှင် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ထိုသူတို့လည်း ပုထုဇဉ်အဖြစ်မှ ကျွတ်လွတ်ကြကုန်၍ အရိယာသူမြတ်အဖြစ်သို့ ရောက်ကြလေကုန်၏။

၅။ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်ကြကုန်၍ လောကုတ္တရာဘုံသားအဖြစ်သို့ရောက်ကြလေကုန်၏။

၆။ သဥပါဒိသေသ ပဌမနိဗ္ဗာန်ဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။

၇။ အာဇီဝဋ္ဌမက သီလသည်လည်း ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်နိုင်သော နိစ္စနိယာမအဖြစ်သို့ ရောက်လေ၏။

၈။ ကုသိုလ် ကောင်းမှုတို့၌လည်းကောင်း၊ သတိပဋ္ဌာန် အမှုတို့၌လည်းကောင်း၊ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တို့၌လည်းကောင်း စိတ်၏တည်ကြည်ခြင်းဟူသော သမာဓိသည်လည်း နိစ္စနိယာမအဖြစ်သို့ ရောက်လေ၏။

၉။ လက္ခဏာရေးသုံးပါးတို့၌လည်းကောင်း၊ သစ္စာလေးပါးတရားတို့၌လည်းကောင်း၊ ထင်လင်းသောပညာသည်လည်း နိစ္စနိယာမအဖြစ်သို့ ရောက်လေ၏။

၁၀။ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံ အရိယာမျိုးဖြစ်ကြကုန်၍ ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍ သွားကြကုန်သော်လည်း ထိုသီလ၊ သမာဓိ၊ ပညာ၊ သာသနာတော်မြတ်ကြီးသုံးပါးတို့သည် တစ်ဘဝထက် တစ်ဘဝ တစ်ကမ္ဘာထက် တစ်ကမ္ဘာ ပွင့်လင်းစည်ကား ကြီးပွားတိုးတက်၍သာ သွားကြကုန် တော့သည်။

ထိုသူတို့မှာ အနမတဂ္ဂသံသရာ၌ သာသနာကွယ်သောဘဝ၊ သာသနာပသော ကမ္ဘာဟူ၍ မရှိကြကုန်ပြီ။

**သဥပါဒိသေသ နိဗ္ဗာန်ရောက်ပုံ ၁၁။** အနုပါဒိသေသ ဒုတိယနိဗ္ဗာန်သို့ မကူးကြမီအတွင်း သဥပါဒိသေသ ပဌမနိဗ္ဗာန်ကြီး၌ အမြဲတည်ကြကုန်ပြီး၍ အထွတ်အမြတ်ဖြစ်သော လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို အစဉ်ခံစား စံစား၍သာ နေကြရကုန်၏။

**အနုပါဒိသေသ နိဗ္ဗာန်ရောက်ပုံ ၁၂။**

လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို ဘဝများစွာ ကမ္ဘာများစွာ ခံစား စံစားကြရကုန်၍ အားရကြကုန်သော အခါ၊ ငြီးငွေ့ကြကုန်သောအခါ၊ စက်ဆုပ်ကြကုန်သော အခါမှ ခန္ဓာငါးပါးတို့ကို စွန့်ပစ်၍ (အနုပါဒိသေသ) ဒုတိယနိဗ္ဗာန်သို့ ကူးကြကုန်၏။

သတ္တဝါတို့၏စိတ်ကို ပြုပြင်မှုတို့တွင် ဤကဲ့သို့ ကောင်းမြတ်သောအဖို့၌ နိစ္စနိယာမ အဖြစ်သို့ရောက်အောင် ပြုပြင်မှုကိုကား သင်္ခါရဒုက္ခဟူ၍ မဆိုအပ်။

ဤမှတစ်ပါးသော သီလအလုပ်၊ သမာဓိအလုပ်၊ ပညာအလုပ်ဟူသမျှတို့သည် ကား သင်္ခါရဒုက္ခမှုတို့သာတည်း။

အဘယ့်ကြောင့်နည်းဆိုသော်–

ဘဝတွေ ကမ္ဘာတွေသာ အနမတဂ္ဂ ကုန်မျော၍ အပါယ်လေးဘုံကပင် ထရသော လမ်းမျိုး မဟုတ်သောကြောင့်တည်း။

ဤတွင်ရွေကား ဘာဝနာလေးဆယ် အဓိပ္ပါယ်ကို
အကျယ် ပြဆိုခန်း ပြီး၏။

# နိဂုံး ၃ – ဂါထာ

၁။ နဂရေ ပျဉ်းမနား နာမ၊ အရညေ ပဗ္ဗတန္တရေ။
တံနိဝါသီဟိ သာရူဟိ၊ ဓမ္မကာမေဟိ ကာရိတော။

၂။ သဥ္ဆန္နေ သာရရုက္ခေဟိ၊ စန္ဒနောဒက သီတလေ။
စင်္ကမေ သာလမဏ္ဍမှိ။ ဝသန္တေန မယာ ကထာ။

၃။ ဝိပုလတ္တံ ဒီပယန္တိ၊ ဧသာ ဘာဝနာဒီပနီ။
ဣစ္ဆေဝ သန္တာ ဗုဇ္ဈန္တု၊ ဘာဝေတွာ ဘာဝနာ ဣမာတိ။

**ကျမ်းပြုရာဌာန** ၁။ ပျဉ်းမနား နာမေ၊ ပဋိရူပ အနေလှလျက် ဒေသသီးခြား ပျဉ်းမနားဟု ထင်ရှားသော အမည်ရှိထသော။ နဂရေ၊ မြို့၌။ အရညေ၊ ကုပ်လုပ်လေးတာ ငါးရာမက ကွာဝေးလှ၍ အရည အင်္ဂါနှင့်လည်း ပြည့်စုံစွာထသော။ ပဗ္ဗတန္တရေ၊ ဝဲယာမြောင်ယှက် တောင်နှစ်ဖက်တို့၏ အတွင်း၌။ ဓမ္မကာမေဟိ၊ တရားဓမ္မ နှစ်သာရကို ဒိဋ္ဌထင်လင်း သိမြင်ခြင်းငှာ အလိုရှိကြကုန်သော။ တံနိဝါသီဟိ သာရူဟိ၊ ထိုပျဉ်းမနား မြို့နေ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့သည်။ ကာရိတော၊ မြန်မာ သက္ကရာဇ် ၁၂၆၆–ခု၊ ဒုတိယဝါဆိုလ အတွင်းတွင် အလျင်အမြန် ဆောက်လုပ်စေအပ်ထသော။

**ကျမ်းပြုပုဂ္ဂိုလ်** ၂။ သာရရုက္ခေဟိ၊ ချောသွယ်မြင့်ဖြူး စွင့်စွင့်မြူးလျက် အထူး ကြည်လင် အနှစ်ယှဉ်ကုန်သောသစ်ပင်ပျိုပင်အပေါင်းတို့သည်။ သဥ္ဆန္နေ၊ အကိုင်းအခက် ဗိတာန်ကြက်သို့ ကူးယှက်စီထပ် ဖုံးလွှမ်းအပ်ထသော။ စန္ဒ နောဒကသီတလေ၊ စမ်းရေစိမ့်ရေ တတွေတွေလျှင် မြေတွင်အထူး ရေရှင် မြူး၍ လွန်ချမ်းမြေ့ရာလည်း ဖြစ်ထသော။ သာလမဏ္ဍမှိ၊ မွေးပျံ့သင်ကြိုင် အင်ကြင်းမြိုင် အမည်ရှိထသော။ စင်္ကမေ၊ အမည်မတိမ် မထေရ်မဟိန်လျှင် ထိန်တဖုန်းဝေ သုံးပစေဟု ဒေဝါနံပိယ ဒီပသေဋ္ဌနင်း ဆောက်လှူနှင်းသည့် စင်္ကြံအလား အလျားအတောင်ခြောက် ဆယ် စားစားကယ်သည် ရှည်သွယ်ပြေညောင်း စင်္ကြံကျောင်း၌။ ဝသန္တေန၊ သီတင်းဝါကပ်ဆို နေထိုင်သော။ မယာ၊ မုံရွာမြို့ လယ်တီတောကျောင်းဆရာငါသည်။

**ကျမ်းပြီးကာလ** ၃။ ဝိပုလတ္ထံ၊ ဘာဝနာ လေးဆယ်တို့၏ ကျယ်ဝန်းပြန့်ပြူးသော အနက်အဓိပ္ပာယ်ကို။ ဒီပယန္တိ၊ ထင်လင်းစွာ ပြထွန်းနိုင်သော။ ဧသာ ဘာဝနာဒီပနီ၊ ဘာဝနာဒီပနီ အမည်ရှိသော ဤကျမ်းသစ်ကို။ ကတာ၊ သီတင်းကျွတ်လဆန်းဇွင် စီရင်အပ် အပြီးသတ်သတည်း။

သန္တာ၊ စိတ်နှလုံး လိမ္မာကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ ဣမာ ဘာဝနာ၊ ဤလေးဆယ်သော ဘာဝနာတရားတို့ကို။ ဘာဝေတွာ၊ ပွားများအားထုတ်ကြကုန်၍။ ဣဓေဝ၊ ဤဘုရားသာသနာ၌ပင်လျှင်။ ဗုဇ္ဈန္တု၊ ဘုံစဉ်စံညောင်း ဗောဓိနှောင်းနှင့် အကြောင်းသင့်၍ ပွင့်ကြပါစေကုန်သတည်း။

"ဘုံစဉ်စံညောင်း ဗောဓိနှောင်း" ဟူသော စကား၏အဓိပ္ပာယ်ကို ငါတို့စီရင်သော ဗောဓိပက္ခိယဒီပနီ စာအုပ်အဆုံးတွင် ပြဆိုလျက်ပါရှိလေသည်။

ဘာဝနာဒီပနီ ပြီးပြီ။

# ဝိဇ္ဇာမဂ္ဂဒီပနီ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

# ဝိဇ္ဇာအပြားနှင့် ပဓာနိယင် ၅-ပါး

## ဝိဇ္ဇာ ၅-မျိုး ရှင်းပြချက်

**ဝိဇ္ဇာ ၅-မျိုး** ဝိဇ္ဇာသည် ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကိယဝိဇ္ဇာ၊ အရိယဝိဇ္ဇာဟူ၍ ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် -

**ဝေဒ ဝိဇ္ဇာ** ၁။ သာမဗေဒင်၊ ယဇုဗေဒင်၊ ဣရုဗေဒင်၊ အထဗ္ဗနဗေဒင် ဟူသော ဗေဒင်လေးမျိုးသည် ဝေဒဝိဇ္ဇာမည်၏။

**မန္တ ဝိဇ္ဇာ** ၂။ အမျိုးမျိုးသော လက္ခဏာကျမ်း၊ အမျိုးမျိုးသော နိမိတ်ကျမ်း၊ အမျိုးမျိုးသော နက္ခတ်ကျမ်း၊ အမျိုးမျိုးသော ဂါထာမန္တရားကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း အစရှိသော လောကီပညာဟူ၍ ယခုလောက၌ ခေါ်ဝေါ်ကြသော အတတ်မျိုး၊ ပညာမျိုး ဟူသမျှသည် မန္တဝိဇ္ဇာမည်၏။

ဤဝိဇ္ဇာနှစ်ပါးကို ကမ္မာယတန၊ သိပ္ပါယတန၊ ဝိဇ္ဇာဋ္ဌာနေသု ဟူသော ဉာဏဝိဘင်း ပါဠိတော်[၁]များ၌ သိရသည်။

**ဂန္ဓာရီ ဝိဇ္ဇာ** ၃။ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူ၍ ဝိဇ္ဇာရေကျမ်းများ၌လာသော ဓနသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊

---

၁။ ဝိဘင်းပါဠိတော်၊ နှာ- ၃၃၇။

အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ်သိကြားတို့၏ အသိဉာဏ် တန်ခိုးတို့နှင့် အလားတူ တတ်နိုင်စွမ်းသော ဝိဇ္ဇာမျိုးဟူသမျှသည် ဂန္ဓာရီ ဝိဇ္ဇာမည်၏။

ဤဂန္ဓာရီ ဝိဇ္ဇာသည်ကား –

တတ္ထ ကတမာ စိန္တာမယာ ဣဒ္ဓိ၊ ဝိဇ္ဇာဓရာ ဝိဇ္ဇံ ပရိဇပ္ပေတွာ အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိ ဒဿေန္တိ၊ အဿမ္ပိ ဒဿေန္တိ၊ ရထမ္ပိ ဒဿေန္တိ၊ ပတ္တိမ္ပိ ဒဿေန္တိ၊ ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေန္တိ၊ အယံ စိန္တမယာ ဣဒ္ဓိ –

ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်[၁]၌ လာသည်။

**စိန္တာမယဣဒ္ဓိ မည်ပုံ**

တတ္ထ–ထိုဆယ်ပါးကုန်သော တန်ခိုးတို့တွင်၊ ကတမာ–အဘယ် မည်သောတန်ခိုးသည်၊ စိန္တာမယာဣဒ္ဓိ–စိန္တာမယ တန်ခိုးမည် သနည်း၊ ဝိဇ္ဇာဓရာ–ဝိဇ္ဇာဓိုရ်တို့သည်၊ ဝိဇ္ဇံ–အတတ်ပညာကို၊ ပရိဇပ္ပေတွာ–စိပ်၍၊ ဝါန္တိုး၍၊ အန္တလိက္ခေ–ရေးခြစ် မထင်သော၊ အာကာသေ–မိုးကောင်းကင်၌၊ ဟတ္ထိမ္ပိ–ဆင်တပ်ကိုလည်း၊ ဒဿေန္တိ–ဖန်ဆင်း၍ ပြနိုင်ကုန်၏။ အဿမ္ပိ–မြင်းတပ်ကိုလည်း၊ ဒဿေန္တိ–ဖန်ဆင်း၍ ပြနိုင်ကုန်၏။ ရထမ္ပိ–ရထားတပ် ကိုလည်း၊ ဒဿေန္တိ–ဖန်ဆင်း၍ ပြနိုင်ကုန်၏။ ပတ္တိမ္ပိ–လက်နက်ကိုင် ခြေသည် သူရဲ တပ်ကိုလည်း၊ ဒဿေန္တိ–ဖန်ဆင်း၍ပြနိုင်ကုန်၏။ ဝိဝိဓံ–အထူးထူး အပြားပြားသော၊ သေနာဗျူဟမ္ပိ–စစ်သည် ဗိုလ်ထု အစုအရုံး အလုံးအရင်းကိုလည်း၊ ဒဿေန္တိ–ဖန်ဆင်း ၍ ပြနိုင်ကုန်၏။ အယံ–ဤသည်လျှင်၊ စိန္တမယာဣဒ္ဓိ–ကြံစည်တိုင်း ပြီးစေနိုင်သော စိန္တာမယ တန်ခိုးမည်၏။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ–၃၉၁။ ယင်းပါဠိတော်၌ "ကတမာ ဝိဇ္ဇာမယာ ဣဒ္ဓိ။ ပ။ အယံ ဝိဇ္ဇာမယာ ဣဒ္ဓိ" ဟု ရှိသည်။ ယင်းဖြင့် ဝိဇ္ဇာမယိဒ္ဓိကို ပြသည်။ ဣဒ္ဓိ (တန်ခိုး) ၁၀–ပါးတွင်လည်း စိန္တာမယိဒ္ဓိ မပါဝင်။ ယင်းပါဠိတော်၌ စိန္တာမယာ ဣဒ္ဓိအစား ဝိဇ္ဇာမယာ ဣဒ္ဓိဟု ရှိမှသာ သင့်သည်။

ဤကျမ်းစာမျက်နှာ ၃၊ ကြောင်းရေ ၉ ၌လည်း "ဤဂန္ဓာရီဝိဇ္ဇာသည် ဝိဇ္ဇာမယိဒ္ဓိ တန်ခိုး မျိုးဖြစ်ခဲ့၍" ဟု ဆိုသောကြောင့် ဆရာတော်ကြီးအလိုမှု ဝိဇ္ဇာမယာဣဒ္ဓိရှိမည်ဟု ယူဆပါသည်။

'စိန္တာမယ သိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့်' ဟူသော (ဤကျမ်း နှာ–၂၉၉) ၌ ဆိုသော စကားကို ကြည့်ရှု၍ "စိန္တာမယာ ဣဒ္ဓိ" ဟု နောက်မှ အချို့ဆရာတို့က ပြင်ရေးဟန်တူသည်။ ဆင်ခြင် စဉ်းစားပါလေ။

ဤပါဠိတော်၌ စိန္တာမယ ဉာဏ်ကို ပြတော်မူသဖြင့် အောက်ဖြစ်သော အာယုသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိခနေသိဒ္ဓိ အစရှိသော သိဒ္ဓိမျိုးစုသည် ထိုပါဠိတော် တွင် အတွင်းဝင်၍ ပါလေ၏ဟု သိအပ်၏။

**ဂန္ဓာရီ ဝိဇ္ဇာဖြစ်နည်း:** ယခုအခါတွင် ဤဂန္ဓာရီ ဝိဇ္ဇာလမ်းကို လုပ်ကြံလိုသောသူသည် ရတနာသုံးပါးဂုဏ်ကို မိမိကိုယ်၌ အမြဲထုံစေ၍ တန်ခိုးကြီးသော ဟောစောင့်နတ်၊ တောင်စောင့်နတ်၊ ရက္ခ၌ ဘူမ၌ ပဗ္ဗတ၌ နင် တို့ကိုလည်းကောင်း၊ မန္တရား အင်းအိုင်မျိုးကို အုပ်စိုးသော ဝိဇ္ဇာဒေဝနတ်တို့ကိုလည်းကောင်း၊ သိုက်သမိုင်းဝင် ဆေးပင်မျိုး ကျောက်ဓာတ်မျိုးတို့ကို အုပ်စိုးသော ဩသဓိဒေဝနတ်တို့ကိုလည်းကောင်း၊ ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင်ကျွမ်းကျင်လေးမြတ်အောင် မိတ်သဟာယ ပြုလုပ်ကြမှ ထမြောက်နိုင်ရာ၏။ ဤဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကဇိဒ္ဓိ တန်ခိုးကိုပင် လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယိဒ္ဓိ တန်ခိုးမျိုးဖြစ်ခဲ့၍ နတ်တို့ မနာလိုရှိတတ်သည်။ မနာလိုရှိသည့်အတွက် အသက်အန္တရာယ်၊ ဆေးဝါး၏အန္တရာယ် ဖြစ်တတ်သည်။

**လောကီယဝိဇ္ဇာ** ၄။ လောကီယဝိဇ္ဇာဆိုသည်ကား သာသနာပ အခါ၌ သရဘင်၊ သုနေတ္တ၊ အရက အစရှိသော ရသေ့ဆရာကြီးတို့သည် ကသိဏ်းရှာင်တို့ကို ရရှိပြီး နိုင်နင်းပြီးနောက် အားထုတ်၍ ရအပ်သော ဣဒ္ဓိဝိဓအဘိညာ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မုပဂ၊ အနာဂတံသ အဘိညာ ဟူသော အဘိညာဝိဇ္ဇာတို့ကို ဆိုသတည်း။

ထိုဝိဇ္ဇာတို့သည်ကား ဇာတ်တော် နိပါတ်တော်တို့၌ ထင်ရှားလှကုန်ပြီ။

ဤလောကီအဘိညာ ဝိဇ္ဇာတို့သည်ကား ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ရအပ် ရောက်အပ်သော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးတို့၌ အတွင်းဝင်ကုန်၏။

**အရိယဝိဇ္ဇာ** ၅။ အရိယဝိဇ္ဇာဆိုသည်ကား အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာတို့ကို ဆိုသတည်း။ စတုသစ္စဉာဏ်လေးပါးကို ဆိုသည်ဟူ၍လည်း ဆိုရပါ၏။

**သာသနာခေတ်၌သာ အရိယဝိဇ္ဇာ ဖြစ်နိုင်ခြင်း:** ဤ အရိယဝိဇ္ဇာကိုကား သာသနာတော်အတွင်း၌သာ ထမြောက် ပေါက်ရောက်အောင် ကြံဆောင်နိုင်သည်။ သာသနာပအခါ၌ကား ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ချန်ထား၍ တစ်ပါးသော လူ၊ နတ်၊ ဗြဟ္မာတို့ ထမြောက်ပေါက်ရောက်အောင် ကြံဆောင်အားထုတ်နိုင်သော အခွင့်မရှိ။

## အရိယဝိဇ္ဇာခေတ်

**သာသနာ ငါးထောင်ခေတ်** သာသနာငါးထောင် ဆိုသော ခေတ် သမယသည်ကား အရိယ ဝိဇ္ဇာ၏ ခေတ် သမယချည်းပေတည်း။

**အရိယာ ဖြစ်ထိုက်သူ** ဤအရိယာဝိဇ္ဇာလမ်းကို ပေါက်ရောက် ထမြောက်အောင် ကြံဆောင် အားထုတ်နိုင်သော သူမှသာလျှင် ဘုရားကို တွေ့မြင် ဖူးမြော်ရသော သူ ဘုရားသာသနာကို တွေ့ကြုံရသောသူ ဟူ၍ ဆိုထိုက်ချေသည်။

ဓမ္မံ ဟိ သော ဘိက္ခဝေ ဘိက္ခု န ပဿတိ၊
ဓမ္မံ အပဿန္တော မံ န ပဿတိ။
ဓမ္မံ ဟိ သော ဘိက္ခဝေ ဘိက္ခု ပဿတိ၊
ဓမ္မံ ပဿန္တော မံ ပဿတိ။ ။ ဣတိဝုတ်ပါဠိတော်[၁] ။

ဟိ–ထို ငါဘုရား၏ သင်္ကန်းစွန်းကို စွဲကိုင်၍ ဖဝါးခြေထပ် လိုက်ပါလျက် ငါဘုရားနှင့် ဝေးကွာလှ၏ဟု ဆိုသောစကားသည် မှန်၏။ ဘိက္ခဝေ–ရဟန်းတို့၊ သောဘိက္ခု–ထို ငါဘုရား၏ သင်္ကန်းစွန်းကိုစွဲလျက် ဖဝါးခြေထပ် လိုက်သောရဟန်းသည်၊ ဓမ္မံ–သစ္စာလေးပါး တရားကို၊ န ပဿတိ–မသိမြင်၊ ဓမ္မံ–သစ္စာလေးပါး တရားကို၊ အပဿန္တော–မသိမြင်ရသော ရဟန်းသည်၊ မံ–ငါဘုရားကို၊ န ပဿတိ– မဖူးမြင်ရ။

ဟိ–ထို ငါဘုရားနှင့် ယူဇနာတစ်ရာ ကွာခြား၍နေသော်ငြားလည်း ငါဘုရား နှင့် နီးလှ၏ဟု ဆိုသောစကားသည် မှန်၏၊ ဘိက္ခဝေ–ရဟန်းတို့၊ သော ဘိက္ခု–ထို ငါဘုရားနှင့် ယူဇနာတစ်ရာ ကွာခြားသော အရပ်ဌာန၌နေသော ရဟန်းသည်၊ ဓမ္မံ– သစ္စာလေးပါး တရားကို၊ ပဿတိ–သိမြင်၏၊ မံ–ငါဘုရားကို၊ ပဿတိ–ဖူးမြင်ရ၏။

ဘုရား တရား နှစ်ပါးကို မတွေ့မမြင်ရလျှင် သံဃာကိုလည်း မတွေ့မမြင်ရ သည်သာ ဖြစ်သတည်း။

## အရိယဝိဇ္ဇာ ဖြစ်နိုင်သည့် ပဓာနိယင် အင်္ဂါ ၅–ပါး

ယခုသာသနာတော်အတွင်း၌ ဤအရိယဝိဇ္ဇာကို ပေါက်ရောက်ထမြောက်အောင် အဘယ်သို့သောသူသည် လုပ်ကြံနိုင်သနည်း။

အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ပေါက်ရောက်ထမြောက်အောင် လုပ်ကြံ နိုင်၏ဟု ဟောတော်မူသည်။

---

၁။ ဣတိဝုတ်ပါဠိတော်၊ သင်္ဃာဋိကဏ္ဏသုတ်။ နှာ –၂၅၆။

၁။ ဘုရား၌ ယုံကြည်ခြင်းသည် အင်္ဂါတစ်ပါး။
၂။ ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းသည် အင်္ဂါတစ်ပါး။
၃။ ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်းသည် အင်္ဂါတစ်ပါး။
၄။ ဝီရိယ ထက်သန်ခြင်းသည် အင်္ဂါတစ်ပါး။
၅။ ရုပ်၊ နာမ်၊ ခန္ဓာတို့၏ ဖြစ်ပွားမှု၊ ချုပ်ကွယ်မှုတို့၌ ဉာဏ်၏စူးရှခြင်းသည် အင်္ဂါတစ်ပါး။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် အရိယဝိဇ္ဇာလမ်းကို ယခု မျက်မှောက်ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ပဋ္ဌာဂုံတွာရပါဠိတော် [၁] စသည်၌ ဟောတော်မူသည်။

## ပထမအင်္ဂါ

ဟောဟန်ကား -

သဒ္ဓေါ ဟောတိ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ။

**ဘုရား၌ ယုံကြည်ခြင်း** သဒ္ဓေါ-ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏။ တထာဂတဿ-ငါဘုရား၏၊ ဗောဓိံ-အဟုတ်အမှန် ထိုးထွင်းသောဉာဏ်တော်ကို၊ သဒ္ဒဟတိ-ယုံကြည်၏။

ပထမ အင်္ဂါ ပြီး၏။

---------

## ဒုတိယအင်္ဂါ

အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော၊ သမဝေပါကိနိယာ ပဟဏိယာ သမန္နာဂတော နာတိသီတာယ နစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ။

**အနာရောဂါ ကင်းခြင်း** အပ္ပဗာဓော-အနာကင်းသည်၊ အပ္ပတင်္ကော-ရောဂါကင်းသည်၊ ဟောတိ-ဖြစ်၏။ နာတိသီတာယ-အလွန်မအေးလွန်းသော၊ နစ္စုဏှာယ-အလွန်မပူလွန်းသော၊ မဇ္ဈိမာယ-အခါခပ်သိမ်း မျှတညီညွတ်စွာသော၊ ပဓာနက္ခမာယ-ကမ္မဋ္ဌာန်းတည်းဟူသော လုပ်ရပ်လမ်းကို ကြိုးပမ်းအားထုတ် တွင်တွင်လုပ်ခြင်း၌ ခံ့လှစွာသော၊ သမဝေပါကိနိယာ-မျှမျှသမျှ အာဟာရတို့ကို အညီအညွတ် ကြေညက်ခြင်း၌ စွမ်းနိုင်ထသော၊ ဂဟဏိယာ-ပါစကဓာတ်မီးနှင့်၊ သမန္နာဂတော-ပြည့်စုံ၏။

ယခု ဝိပ္ပတ္တိကာလအတွင်း၌ ဤဒုတိယအင်္ဂါ ပြည့်စုံခဲလှ၏။

---

၁။ အံ၊ ၂။ နှာ - ၅၇ (ပဋ္ဌကနိပါတ်)။

**ပါစကတေဇောဓာတ်ဖောက်ပြန်ပုံ**

ယခုလူတို့၏ ပကတိသောဝမ်းမီးသည် ကောက်ရိုးမီး၊ မြက်မှိုက်မီး၊ သစ်ရွက်မှိုက်မီးတို့နှင့် အလားတူ၏။ ဤမီးစုသည် အခွင့်ဆိုက်လျှင် ရတ်တရက် တစ်ဟုန်တည်းထ၍ တောက်၍ အနီးအစပ်တွင် ရှိရှိသမျှသော ဝတ္ထုစုကို ခဏချင်း လောင်ကျွမ်းစေတတ်၏။ သေခွင့်ဆိုက်လျှင်လည်း ခဏချင်း အငြိမ်းသေ၏။ ဤ ပါစကဓာတ်မီး ထလွယ် သေလွယ် သောင်းကျန်းသည့် အတွက်ကြောင့် ယခုကာလ မကျန်းမာလွယ်၊ မမာလွယ်၊ အိုလွယ်၊ သေလွယ် ဖြစ်ကြသည်။ အရပ်ဒေသကိုရွေးရ၊ အစာအာဟာရကို ရွေးရ၊ ရေမြေဥတုကို ရွေးရ၊ လုံ့လ ပယောဂမှုကို တိုင်းထွာညှာတာရသည်။ ဤပါစကဓာတ်မီး မလိမ္မာသည့် အတွက်ကြောင့် ရူပကာယခန္ဓာသည် မကြည်လင်ခြင်း များရသည်။ ရူပကာယခန္ဓာ မကြည်လင်ခြင်းများသည့်အတွက်ကြောင့် စိတ်မကြည်၊ ဉာဏ်မကြည် ရှိကြသည်။ ဥပမာပြခဲ့သော ကောက်ရိုးမီး၊ မြက်မှိုက်မီး၊ သစ်ရွက်မှိုက်မီးတို့၏ ထလွယ်၊ တောက် လွယ်မှု၊ သေလွယ်ပျောက်လွယ်မှုတို့မှာလည်း မီး၏စွဲလမ်းရာ ကောက်ရိုးမှိုက်၊ မြက်မှိုက်၊ သစ်ရွက်မှိုက်တို့က အနှစ်အမာ မရှိသည့်အတွက်ကြောင့် ထလွယ် သေလွယ် သောင်းကျန်းရလေသည်။

**ကာလသမ္ပတ္တိအခါ၌ ပါစကတေဇောဓာတ်တောင်းခြင်း**

ပြဆိုခဲ့ပြီးသော ပါဠိတော်၌လာသော ဤ မဇ္ဈိမဓာတ်မီးနှင့် ပြည့်စုံသောသူမှာမူကား အရပ်ဒေသကို ရွေးချယ်ဖွယ်မရှိလှ။ အစာအာဟာရကို ရွေးချယ်ဖွယ်မရှိလှ။ ရေဥတု၊ မြေဥတု၊ လေဥတုတို့ကို ရွေးချယ်ဖွယ်မရှိလှပြီ၊ မအီမသာ ရောဂါ ဥပဒ်ဖြစ်လောက်အောင် ထကြွသောင်းကျန်းမှု၊ ယုတ်ညံ့နုံ့နှေးမှုဟူ၍ မရှိ။ အခါခပ်သိမ်း ညီညွတ်မျှတ၍ ရူပကာယခန္ဓာကို ကြည်လင်စွာ စောင့်ရှောက်ပေးသော ဓာတ်မီးပေတည်း။ ထိုကဲ့သို့သော မဇ္ဈိမဓာတ်မီးသည်ကား ကာလသမ္ပတ္တိအခါ၌ သတ္တဝါများမှာပင် ရှိကြ၏။

ယခု ဝိပ္ပတ္တိအခါ၌ကား အလွန်တရာ ရှေးဘုန်းရှေးကံကြီးလှသော ပုရိသဝိသေသတို့၌သာ ရထိုက်၏။ ရှေးဘုန်းရှေးကံနည်းသော သူတို့၌ကား ပကတိအားဖြင့် မရနိုင်။ ဆေးကောင်း ဝါးကောင်းတို့ဖြင့် ပြုပြင်၍ယူမှ ရနိုင်သည်။

သက္ကတေ၀ ဇရာယ ပဋိကမ္မံ ကာတုံ။ နေတ္တိပါဠိတော်။ (နှာ–၂၁)

ဇရာယ–အချိန်အရွယ်ကျလျှင် အိုရခြင်း ဇရာတရား၏၊ ပဋိကမ္မံ–မအိုရအောင် ကြံဆောင်တားမြစ်မှုကို၊ ကာတုံ–ပြုခြင်းငှာ၊ သက္ကတေ၀–တတ်နိုင်ကောင်းသည်သာလျှင်တည်း။

ဤပါဠိတော်၌ မအိုရအောင် တတ်နိုင်ကောင်း၏ဟု ဟောတော်မူသဖြင့် မနာရအောင် တတ်နိုင်ကောင်း၏ ဟူသော အနက်သည်လည်း တစ်ချက်တည်း ပါလေ၏။

ရသာယနဘေသဇ္ဇံ ပန သုစိရမ္ပိ ကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကော
**တိယေဝ** ။ ။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ (ပ၊ နှာ-၆၄။ အနည်းငယ်မတူ)။

ရသာယန ဘေသဇ္ဇံ ပန-ရသာယန ဆေးမျိုးသည်ကား၊ သုစိရမ္ပိ ကာလံ-အနှစ်တစ်ရာတမ်းမှာ ငါးရာ တစ်ထောင်မကသော နှစ်ကာလပတ်လုံးလည်း၊ ဇီဝိတံ-အသက်ကို၊ ပဝတ္တေတုံ-တည်စေခြင်းငှာ၊ သက္ကောတိယေဝ-စွမ်းနိုင်သည်သာလျှင် တည်း။

**ရသာယန အဓိပ္ပာယ်။** ။ ရသာယန ဟူသောပုဒ်၌ -

ရသာ အာယန္တိ ဝဍ္ဎန္တိ ဧတေနာတိ ရသာယနံ ဟု ဝိဂ္ဂြဟ်ပြု။

ဧတေန-ဤဓာတ်ဆေးမျိုးဖြင့်၊ ဝါ၊ ဓာတ်ဆေးမျိုးကြောင့်၊ ရသာ-ရက် လ နှစ်ပေါင်း ထောင်သောင်းမက ခိုင်မြဲလှသော အသွေးအသား အစရှိသော ရသဓာတ်တို့သည်။ အာယန္တိ ဝဍ္ဎန္တိ-အစဉ်တိုးပွား၍ နေကုန်၏၊ ဣတိ-ဤသို့သော အကြောင်းကြောင့်၊ တံ-ထိုဓာတ်ဆေးမျိုးသည်၊ ရသာယနံ-ရသာယနဆေးမည်၏၊ အာယုဝဍ္ဎန ဓာတ်မျိုး ဆိုလိုသည်။

**အသက်ရှည်၍ ချမ်းသာမှားနည်း** ရှေးဘုန်းရှေးကံပင် နည်းငြားသော်လည်း ဉာဏ်စွမ်း ဝီရိယစွမ်းရှိလှ၍ ဤ ရသာယန ဆေးမျိုးနှင့် မိမိရူပကာယခန္ဓာကို ရုပ်ပြောင်း၍ သွားအောင် တတ်နိုင်ပါမူ တစ်ရာတမ်းမှာပင် တစ်ထောင်မက တစ်သောင်းမက နေရသော သဘောနည်းလမ်းအမှန် ဖြစ်၏ဟု ဆိုလိုသည်။

## ဘုရားရှင်၏ အဆုံးအမ အသက်ရှည်နည်း

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုမာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ [၁] -

ဟူ၍ ထားတော်မူခဲ့သော မြတ်စွာဘုရား၏ အာယုဝဍ္ဎန ဆေးတော်ကြီးကိုလည်း အမြဲမှီဝဲရလိမ့်မည်။

---

၁။ ဓမ္မပဒ၊ နှာ-၂၉။ အဘိဝါဒန သီလိဿ-ရှိခိုးထိုက်သူကို ရိုသေစွာ ရှိခိုးလေ့ရှိသော၊ နိစ္စံ-အမြဲမပြတ်၊ ဝုမာပစာယိနော-မိမိထက် အသက်၊ ဂုဏ်အားဖြင့် ကြီးသူကို ရိုသေလေ့ရှိသော ပုဂ္ဂိုလ်အား၊ အာယု-အသက်ရှည်ခြင်းသည်လည်းကောင်း၊ ဝဏ္ဏော အဆင်းလှခြင်းသည် လည်းကောင်း၊ သုခံ- ကိုယ်စိတ်ချမ်းသာခြင်းသည်လည်းကောင်း၊ ဗလံ-ကိုယ်အား ဉာဏ်အား ကြီးခြင်းသည်လည်းကောင်း၊ စတ္တာရော-လေးပါးကုန်သော၊ ဓမ္မာ-အကျိုးတရားတို့သည်၊ ဝဍ္ဎန္တိ တစ်နေ့တခြား တိုးပွားကုန်၏။

**အသက်ရှည်ရန် အားထုတ်သင့် မသင့်**

အချို့သော ဆရာတို့ကား အာယုဝဍ္ဍနကို အမှုစိုက်မှုသည် ခန္ဓာ၌ တွယ်တာသော ဥပါဒါန်မှု ဖြစ်၏။ "အသက်ခန္ဓာကို မညှာရဘူး" ဟူသော မြတ်စွာဘုရား၏ ဩဝါဒတော်နှင့်လည်း ဆန့်ကျင်၏ဟု အယူရှိကြကုန်၍ အသက်ခန္ဓာကို မညှာငဲ့ဘဲ အစားအစာကို ခြိုးခြံမှု၊ အဝတ်အရုံကို ခြိုးခြံမှု၊ အရိပ်အာဝါသကို ခြိုးခြံမှုတို့ကို အားထုတ်ကြကုန်၏။ ထိုသို့ အားထုတ်ကြသော ခြိုးခြံမှုများသည် ထိုဥပါဒါန်ကို တဒင်္ဂပဟာန်ဖြင့် ပယ်မှုမျှသာဖြစ်၏။ ထိုဥပါဒါန်ကို လွန်မြောက်နိုင်သော အလုပ်မျိုးပင် မဟုတ်။ သစ်ပင် တောချုံထူထပ်လှစွာသောနေရာ၌ ယခုနှစ် မြေပေါ်တွင် ခုတ်ထွင်ရှင်းလင်းမှုသည် နောက်နှစ်၌ ထိုနေရာတွင် သစ်ပင်တောချုံ စည်ကားရုံမျှ ဖြစ်သကဲ့သို့ နောက်ဘဝ၌ ထိုဥပါဒါန်တရား စည်ကားရန်ဖို့ ပြုသကဲ့သို့သာ ရှိ၏။

**ဝိပဿနာဉာဏ်ဖြင့် ဥပါဒါန်ကို ဖြတ်ပုံ**

ထိုဥပါဒါန်ကို လွန်မြောက်နိုင်သော အလုပ်မှာမူကား ဝိပဿနာဉာဏ်တည်းဟူသော မြမြထက်သော ပေါက်တူးဖြင့် မိမိကိုယ်ခန္ဓာ သူတစ်ပါးကိုယ်ခန္ဓာ၊ ယခု ပစ္စုပ္ပန်ခန္ဓာ၊ နောက် အနာဂတ်ခန္ဓာတို့ကို မှန်မှန်ညက်ညက် တူးဖြိုမှုသည်သာလျှင် အသက်ခန္ဓာ၌ တွယ်တာသော ဥပါဒါန်ကို လွန်မြောက်နိုင်သော အမှုမှန် ဖြစ်ပေသတည်း။ ထိုသို့သော တူးဖြိုမှုကို ပြုလုပ်အားထုတ် ပေါက်ရောက်ထမြောက်နိုင်ရာသော အင်္ဂါစုတွင် အနာရောဂါ ကင်းရှင်းခြင်းဟူသော ဤ ဒုတိယအင်္ဂါသည် ပါရှိသည်ဖြစ်၍ ထိုဥပါဒါန်ကို လွန်မြောက်ခြင်းငှာ အရိယဝိဇ္ဇာလမ်းကို ကြိုးပမ်းအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အရိယဝိဇ္ဇာလမ်း ဆုံးကမ်းတိုင်ရောက် ထမြောက်သည်တိုင်အောင် အနာရောဂါ ကင်းရှင်းခြင်းဟူသော ဤ ဒုတိယအင်္ဂါကို ကောင်းစွာ အားထုတ်အပ်သတည်း။

ဒုတိယ အင်္ဂါ ပြီး၏။

---

## တတိယအင်္ဂါ

အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မစာရီသု။

**စိတ်နှလုံးဖြောင့်မတ်စင်ကြယ်ခြင်း**

အသဌော–မစဉ်းလဲသည်၊ အမာယာဝီ–လှည့်ပတ်ခြင်း မရှိသည်၊ ဟောတိ–ဖြစ်၏။ သတ္ထရိ ဝါ–ငါဘုရား၌သော်လည်းကောင်း၊ ဝိညူသု–မိမိထက် တရားကျမ်းဂန် အမြင်သန်ကုန်သော၊ သဗြဟ္မစာရီသု ဝါ–အတူနေ သီတင်းသုံးဖော်တို့၌သော်လည်းကောင်း၊

အတ္တာနံ-မိမိကိုယ်ကို၊ ယထာဘူတံ-ဟုတ်မှန်သောအတိုင်း၊ အာဝိကတ္တာ-ထင်ရှား ပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

မိမိ၏ စိတ်သန္တာန်၌ရှိသော အမှုအရာ အကြံအစည် ဝါသနာ စရိုက်တို့ကို မထိမ်မချန် ဖြောင့်မှန်စွာ လင်းရမည်။ မသိဘဲနှင့် အသိလုပ်ချင်မှု၊ မမြင်ဘဲနှင့် အမြင် လုပ်ချင်မှု၊ အနည်းငယ်မျှ သိသည် မြင်သည်ကို အများလုပ်ချင်မှု၊ အသိဉာဏ် မပါး ဘဲကို အပါးလုပ်ချင်မှု။ ဤကဲ့သို့သော ကောက်ကျစ်မှုများကို အနည်းငယ်မျှ မရှိစေရ၊ ဖြောင့်စင်းဖြူစင်သော စိတ်နှလုံး ရှိစေရမည် ဆိုလိုသည်။

တတိယ အင်္ဂါ ပြီး၏။

---------

## စတုတ္ထအင်္ဂါ

အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

**ဝီရိယ ထက်သန်ခြင်း**

အကုသလာနံ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-ယုတ်မာသောတရား တို့ကို၊ ပဟာနာယ-ပယ်ဖျောက်ခြင်းငှာ၊ ကုသလာနံ-ကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာနံ-စင်ကြယ်ကောင်းမြတ်သော တရားတို့ကို၊ ဥပသမ္ပဒါယ-ပြည့်စုံခြင်းငှာ၊ အာရဒ္ဓဝီရိယော-အမြဲမပြတ် အားထုတ်အပ်သော ဝီရိယ ရှိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏။ ထာမဝါ-ထက်သန်သော စိတ်စွမ်း ကိုယ်စွမ်း ရှိ၏။ ဒဠှပရက္ကမော-အပြင်းအထန် အလွန်သန်သော လုံ့လရှိ၏။ ကုသလေသု ဓမ္မေသု-ကုသိုလ်လေးပါး မြတ်တရားတို့၌၊ အနိက္ခိတ္တဓုရော-အခါခပ်သိမ်း မချသော ဝန်ရှိ၏။

မိမိသန္တာန်၌ရှိသမျှသော အဝိဇ္ဇာ တဏှာ အစရှိသော အကုသိုလ်တရားတို့ကို ယခုဘဝ နေ့ချင်းညချင်း သမုစ္ဆေဒပဟာန်ဖြင့် အကုန်အစင်ပယ်ဖြတ်ခြင်းငှာ၊ ကာမ ကုသိုလ်၊ မဟဂ္ဂုတ် ကုသိုလ်၊ လောကုတ္တရာကုသိုလ်တို့ကို ရပြီးရောက်ပြီး ဖြစ်စေခြင်း ငှာ စိတ်စွမ်း ကိုယ်စွမ်း ဝီရိယအစွမ်း အလွန်ထက်သန်၏။

**မြွေဆိပ်တက်နေသူ ဥပမာနှင့် ကာမဂုဏ် ကိလေသာအဆိပ်**

မြွေဆိုးကိုက်၍ မြွေဆိပ်မွန်း၍ မလှုပ်မယှက် မျက်စိမမြင် ထွက်သက် ဝင်သက် ချုပ်၍နေ သောသူသည် ဆေးအနည်းငယ်တွေ့၍ ထွက်သက် ဝင်သက်ရကာမျှနှင့်လည်း မအေးသာသေး၊ ဘယ်ပြောင်း ညာပြန် လှုပ်ရှားနိုင်ရုံမျှနှင့်

လည်း မအေးသာသေး၊ မျက်စိမြင်ရုံ မျှနှင့်လည်း မအေးသာသေး၊ ဦးခေါင်းမှ အောက်သို့ မြွေဆိပ် လျှောကာမျှနှင့်လည်း မအေးသာသေး၊ ခါးမှ အောက်သို့ လျှောကာမျှနှင့်လည်း မအေးသာသေး၊ ဒူးမှ အောက်သို့ လျှောကာမျှနှင့်လည်း မအေးသာသေး၊ ကိုက်ရာ အနာဝမှ အကုန်အစင် လျှောကျသော အခါမှ စိတ်အေးရသကဲ့သို့ ထိုအတူ –

**ကိလေသာအဆိပ်မှ ထွက်မြောက်ပုံအဆင့်ဆင့်**

လူအဖြစ်၌ ကာမဂုဏ်အဆိပ်၊ နီဝရဏ အဆိပ် မွှန်း၍ နေသောသူသည် ရသေ့ ရဟန်းအဖြစ်သို့ ရောက်သောအခါ အနည်းငယ်မျှ ဆေးတွေ့၍ ထွက်သက် ဝင်သက်ရသော သူနာနှင့် တူ၏။ သီလဝိသုဒ္ဓိကို ရကာမျှနှင့် အေးခွင့် မရှိသေး ဆိုလိုသည်။

ရသေ့ ရဟန်းအဖြစ်သို့ ရောက်ပြီးသော သူသည် ဓုတင်တေရသကိုဆောင်၍ ခြိုးခြံသော ပဋိပတ်၌ တည်သောအခါ ဘယ်ပြောင်း ညာပြန် လှုပ်ရှားနိုင်သော သူနာ နှင့်တူ၏။

သီလဓုတင် ပဋိပတ်တို့၌တည်၍ ဝိပဿနာလမ်းကို ပြနိုင်သောဆရာကို ကောင်းစွာ ခစားလျက် ဝိပဿနာလမ်းကို လက်ထပ်ရအောင် သင်ယူ၍ ဆိတ်ငြိမ်းရာ အရပ်၌ ဝိပဿနာ လုပ်ရပ်ကို ကျပ်ကျပ်တည်းတည်း အားထုတ်သဖြင့် မိမိကိုယ်ခန္ဓာ အတွင်း၌ ရုပ်အသိုက်အအုံ၊ နာမ်အသိုက်အအုံ၊ ရုပ်တို့၏ အဖြစ်အပျက်၊ နာမ်တို့၏ အဖြစ်အပျက်တို့ကို လင်းလင်းချင်းချင်း မြင်ရသောအခါ မျက်စိမြင်၍လာသော သူနာ နှင့်တူ၏။

မျက်စိမြင်ရုံမျှနှင့်လည်း အဆိပ်ရောဂါ သက်သာသည် မဆိုလောက်သေး။ ယခုကာလ အထက်နိုင်ငံ အောက်နိုင်ငံမှာ တောတောင်ဝင်၍ ကျင့်ကြသောသူများကား မျက်စိမြင်သော စခန်းသို့ပင် မရောက်နိုင်ကြသေး။ ဝိပဿနာ၌ ဉာဏ်အမြင်သန်၍ သောတာပန်အဖြစ်သို့ ရောက်သောအခါ ဦးခေါင်း၌ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏။

သကဒါဂါမ်အဖြစ်သို့ ရောက်သောအခါ ခါးမှ အထက်၌ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏။

အနာဂါမ်အဖြစ်သို့ ရောက်သောအခါ ဒူးမှ အထက်၌ အဆိပ်ရောဂါ ပျောက် ငြိမ်းသော သူနာနှင့်တူ၏။

ရဟန္တာအဖြစ်သို့ ရောက်သောအခါ မြွေကိုက်ရာ အနာဝမှ အကုန်အစင် အဆိပ် လျှောကျ၍ အနာရောဂါ အချင်းခပ်သိမ်း ကင်းငြိမ်း စင်ကြယ်ပြီးသော သူနှင့် တူ၏။

ထိုထို အနာရောဂါ အချင်းခပ်သိမ်း စင်ကြယ်သောစခန်းသို့ မဆိုက်သမျှ ကာလပတ်လုံး ထိုသူနာသည် မိမိ၌ ကပ်ရောက် ညှဉ်းပန်း၍နေသော မြွေဆိပ်ရောဂါ ပျောက်ငြိမ်းရန် အလုပ်မှတစ်ပါး တခြားသော ကိစ္စတို့ကို အရှင်းပယ်ဖြတ်၍ ထိုမြွေဆိပ်ရောဂါ ပျောက်ငြိမ်းရန် အလုပ်ကိုသာ နေ့နေ့ညည မနေမနား ကြိုးစားအားထုတ်ရသကဲ့သို့ တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အဆိပ်ရောဂါ မွှန်း၍နေကြသော သူတို့မှာလည်း ဘုရားတည်းဟူသော အရိယဝိဇ္ဇာဓိုရ်ကြီး၊ ဝိပဿနာပညာ၊ မဂ်ပညာ တည်းဟူသော ဝိဇ္ဇာမယိဒ္ဓိဆေးတို့နှင့် ယခုတစ်ဘဝ တွေ့ကြရသောအခါ၌ ထိုကိလေသာ အဆိပ်မကင်း အချင်းခပ်သိမ်း မငြိမ်းသမျှကာလပတ်လုံး၊ သမာပတ်ရှစ်ပါး ဝိပဿနာ ဉာဏ်ဆယ်ပါးသို့ ရောက်ပြီး ရပြီးပင်ဖြစ်သော်လည်း မဂ်စခန်း၊ ဖိုလ်စခန်းသို့ မဆိုက်ရောက်သမျှ ကာလပတ်လုံး မလျှော့သောလုံ့လ မလျှော့သောဝီရိယနှင့် ပြည့်စုံရမည် ဟူလိုသည်။

စတုတ္ထ အင်္ဂါ ပြီး၏။

---------

## ပဉ္စမ အင်္ဂါ

ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

**ဝိပဿနာ ပညာရှိခြင်း**

ပညဝါ-ပညာရှိသည်၊ ဟောတိ-ဖြစ်၏။ ဥဒယတ္ထဂါမိနိယာ-မိမိ ခန္ဓာ သူတစ်ပါးခန္ဓာတို့၌ ရုပ်တရား နာမ်တရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်၍နေမှု ခဏမစဲ တသဲသဲ ချုပ်ကွယ်၍နေမှုတို့ကို အမိလိုက်နိုင်စွာထသော၊ အရိယာယ-ပုထုဇ္ဇန်သာမန် လူသာမန် နတ်သာမန်တို့နှင့် မတန်မရာ မွန်မြတ်စွာထသော၊ နိဗ္ဗေဓိကာယ-ကျောက်အတိပြီးသော တောင်အထွက် တောင်အထုတို့ကို မှုန့်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သော ဝရဇိန် မိုးကြိုး၏ အလားကဲ့သို့ ရုပ်ခဲ၊ နာမ်ခဲ၊ ခန္ဓာခဲတို့ကို ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သော အစွမ်းလည်း ရှိထသော၊ သမ္မာ-မချွတ်မယွင်း၊ ဒုက္ခက္ခယဂါမိနိယာ-ဝဋ်ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မထောင့်မကွေ့ ချမ်းမြေ့ပိုင်ပိုင် ဆိုက်စေနိုင်ထ သော၊ ပညာယ-ဉာဏ်ပညာအထူးနှင့်၊ သမန္နာဂတော-ပြည့်စုံ၏။

**တိဟိတ်ပုဂ္ဂိုလ်သာ ရထိုက်သော အင်္ဂါ**

ဤပဉ္စမအင်္ဂါသည်ကား တိဟိတ်ပုဂ္ဂိုလ်တို့၌သာ ရထိုက်သော အင်္ဂါပေတည်း။ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့နှင့် ထိုက်တန်သော အင်္ဂါ မဟုတ်။ ဤအင်္ဂါနှင့် ပြည့်စုံ

သောသူကို တိဟိတ်ပုဂ္ဂိုလ်ပေဟု အမှန်မုချ သိရသည်။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ယခုဘဝ၌ပင်လျှင် အရိယဝိဇ္ဇာလမ်းကို ပေါက်ရောက်ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ဟောတော်မူအပ်သော ပဓာနိယင်္ဂငါးပါး ပြီး၏။

ပဌမ အင်္ဂါ ပြီး၏။

---------

## ပဓာနမည်သော ဝီရိယ၏အင်္ဂါ ၄-ပါး

**ပဓာနနှင့် ပဓာနိယင်္ဂ၏ အဓိပ္ပာယ်**

ပဓာနိယင်္ဂဆိုသည်ကား– (၁) အရိုးကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရေကြွင်းစေ၊ (၄) အသားအသွေး အကုန်ခြောက်ခန်း၍ ကုန်လေစေ မပေါက်သမျှ ငါမလျှော့ဟု ဖြစ်သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယသည် ပဓာနမည်၏။

ထိုပဓာနမှုကို ပြုသောသူသည် ပဓာနိယ မည်၏။

ထိုပုဂ္ဂိုလ်အား ထိုက်တန်သော ပြဆိုခဲ့ပြီးသော အင်္ဂါငါးပါးသည် ပဓာနိယင်္ဂ တရား ငါးပါးမည်၏။

ဤတွင်ရွေ့ကား ပဓာနိယင်္ဂတရား ငါးပါးနှင့်တကွ ဝိဇ္ဇာငါးရပ်ကို အကျဉ်းသရုပ် ပြဆိုချက် ပြီး၏။

# အရိယ ဝိဇ္ဇာ ဖြစ်ရန် နည်းလမ်း

## အကျဉ်းချုပ် မာတိကာ ၁၀-ပါး

ယခုအခါ၌ ဤဝိဇ္ဇာငါးရပ်တို့တွင် အရိယဝိဇ္ဇာလမ်းကို ပေါက်ရောက်ထမြောက်အောင် လုပ်ကြံလိုသော ယောဂီပုဂ္ဂိုလ်တို့၏ အကျိုးငှာ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ ပေါက်လမ်း ဖွင့်လမ်းတို့ကို အကျဉ်းမျှ ပြဆိုပေအံ့။

**မဟာဘုတ် ၄-ပါး ၁။** အယံကာယော-ဤကိုယ်ခန္ဓာသည်၊ စာတုမဟာဘူတိကော-အထည်ခံ၊ အမာခံဖြစ်သော လေးပါးသော မဟာဘုတ်လျှင် အရင်းခံ ရှိ၏။

**ပသာဒရုပ် ၆-ပါး ၂။** ဆပ္ပသာဒ မဏ္ဍော-ခြောက်မျိုးသော မှန်ကြည် မှန်လင်း ကိုယ်တွင် အပြည့် ခြယ်လှယ်လျက်ရှိ၏။

**တေဇောဓာတ်မီး ၁၀-ပါး ၃။** ဥတုနံ-ဆယ်မျိုးသော ဓာတ်မီးတို့၏၊ ဥဒယော-အပွားအစီးသာ ဖြစ်၏။

**အာဟာရဓာတ် အဆီ ၁၀-ပါး ၄။** အာဟာရေတိ-ဆယ်မျိုးသော ဓာတ်ဆီတို့သည်၊ ထမ္ဘိတော-အမြဲ မပြတ် ထောက်ပံ့အပ်၏။

**ဇာတိဓမ္မ ၅။** ဇာတိဓမ္မော-အသစ်အသစ်မစဲ ဖြစ်ခြင်းသဘောရှိ၏။

**ဇရာဓမ္မ ၆။** ဇရာဓမ္မော-ခဏချင်း ခဏချင်း အိုမင်း ရင့်ရော်ခြင်းသဘော ရှိ၏။

**မရဏဓမ္မ ၇။** မရဏဓမ္မော-ခဏမစဲ အမြဲပျက်ဆုံးခြင်းသဘော ရှိ၏။

**အနိစ္စလက္ခဏ ၈။** အနိစ္စော-ခိုင်မြဲသောသဘော မရှိ။

**ဒုက္ခလက္ခဏာ ၉။** ဒုက္ခော-ချမ်းသာမဖက် သက်သက်ဒုက္ခ အစုသာတည်း။

**အနတ္တလက္ခဏာ ၁၀။** အနတ္တာ-ကိုယ်မဟုတ်။

ဣတိအယံ-ဤသည်ကား၊ မာတိကာ-ခေါင်းစဉ် မာတိကာတည်း။

## ၁-ပထမ မာတိကာ မဟာဘုတ် ၄-ပါး လက္ခဏာ

စာတုမဟာဘူတိကောတိ ဧတ္ထ-စာတုမဟာဘူတိကော ဟူသော ဤမာတိကာပုဒ်၌၊ စတ္တာရော-လေးပါးကုန်သော၊ မဟာဘူတာ-မဟာဘုတ်တို့ဟူသည်ကား၊ ပထဝီ-မြေလည်းတစ်ပါး၊ အာပေါ-ရေလည်းတစ်ပါး၊ တေဇော-မီးလည်း တစ်ပါး၊ ဝါယော-လေလည်းတစ်ပါး။ ဣမေ-ဤလေးပါးတို့ပေတည်း။

**ပထဝီ ၁။** တတ္ထ–ထိုလေးပါးတို့တွင်၊ ကက္ခဠဘာဝေါ–ခက်မာသော သဘော သည်လည်းကောင်း၊ မုဒုဘာဝေါ–နူးညံ့သော သဘောသည် လည်းကောင်း၊ ပထဝီ– ပရမတ်နှစ် မြေအစစ်ပေတည်း။

**အာပေါ ၂။** အာဗန္ဓနံ–ဖွဲ့စည်းမှုသည်လည်းကောင်း၊ ပဂ္ဃရဏံ–ယိုစီးမှုသည် လည်းကောင်း၊ အာပေါ–ပရမတ်နှစ် ရေအစစ်ပေတည်း။

**တေဇော ၃။** ဥဏှဘာဝေါ–ပူသောအဖြစ်သည်လည်းကောင်း၊ သီတဘာဝေါ– အေးသောအဖြစ်သည်လည်းကောင်း၊ တေဇော–ပရမတ်နှစ် မီးအစစ် ပေတည်း။

**ဝါယော ၄။** ဝိတ္ထမ္ဘနံ–ထောက်ကန် တောင့်တင်းမှုသည်လည်းကောင်း၊ သမုဒီ ရဏံ–လှုပ်ကြွရွေ့လျားမှုသည်လည်းကောင်း၊ ဝါယော–ပရမတ်နှစ် လေအစစ်ပေတည်း။

ဤကား ဆောင်ပုဒ်တည်း။ ကြေကြေမွမွ နှုတ်တက်ရအောင် ကျက်၍ ဆောင်လေ။

အရိယဝိဇ္ဇာဉာဏ်ပေါက်အောက် မဟာဘုတ် ၄–ပါးကို ဝိပဿနာရှုပွားပုံ

ယခုအခါ ထိုဆောင်ပုဒ်၌ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကို အသီးသီး ဝိဇ္ဇာဉာဏ်ပေါက်အောင် ဖွင့်ပြပေအံ့။

**ပထဝီဓာတ်ကို ဝိပဿနာရှုပွားပုံ** ပရမတ်နှစ် မြေအစစ်ဆိုသည်ကား ခက်မာသော အမူအရာ အခြင်း အရာ ကြိယာမျှသာတည်း၊ အဏုမြူမြူကို အစိတ်တစ်သိန်း စိတ်၍ တစ်စိတ်စာမျှ အခဲ၊ အကျိတ်၊ အဆံ၊ အမာအထည် ဒြပ်ဟူ၍မရှိ၊ အလွန်ကြည်လင်လှစွာသော မြစ်ရေ၊ ချောင်းရေ၊ စိမ့်ရေ၊ စမ်းရေတို့၌လည်းကောင်း၊ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ မီးရောင်၊ ပတ္တမြားရောင်တို့၌လည်းကောင်း၊ အနီး အဝေး ပျံ့နှံ့၍သွားသော ခေါင်းလောင်းသံ၊ ကြေးစည်သံ စသည်တို့၌လည်းကောင်း၊ လေပြေ၊ လေညင်း၊ လေပြင်း မုန်တိုင်းတို့၌လည်းကောင်း၊ အဝေးအနီး ပျံ့နှံ့လွင့်ပါး၍ သွားသော အမွှေးနံ့ အပုပ်နံ့ တို့၌လည်းကောင်း ထိုပရမတ် ဓာတ်မြေသည် အပြည့် ပါရှိ၏။

**ပထဝီဓာတ်၏ အမာခံ သတ္တိ အာဂမယုတ္တိ** သတ္တိကား– ဓာတ်ကြီးလေးပါးတို့၏ တစ်ပါးနှင့် တစ်ပါး အချင်းချင်း အဝိနိဗ္ဘောဂဝုတ္တိ [၁] ဖြစ်ကြသည်ကို ထောက်၍ လည်းကောင်း၊

---

၁။ အဝိနိဗ္ဘောဂဝုတ္တိ– ဓာတ်ကြီးလေးပါးတို့ တစ်ပါးစီခွဲ၍ မရကောင်း၊ တပေါင်းတည်း ဖြစ်ခြင်း။

"ဓကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာ ဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာ ဘူတာ [၁]"

ဟူ၍ ဟောတော်မူသည်ကို ထောက်၍လည်းကောင်း၊

ပထဝီ–မြေဓာတ်သည်၊ သမ္ပိဏ္ဍနရသာ–ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်တို့ကို ခံခြင်းကိစ္စရှိ၏ဟူ၍ အဋ္ဌကထာ [၂] တို့၌ မိန့်ဆိုသည်နှင့်အညီ အမာခံဖြစ်သော မြေဓာတ် အခံမရှိလျှင် ရေဓာတ်လည်းမရှိနိုင်၊ မီးဓာတ်လည်းမရှိနိုင်၊ လေဓာတ်လည်း မရှိနိုင်သော သဘောကိုထောက်၍လည်းကောင်း ဆိုခဲ့ပြီးသော ရေ စသည်တို့၌ မြေဓာတ် အပြည့် ပါရှိကြောင်းကို ဆိုအပ်သတည်း။ ဤကား ကျမ်းဂန် ယုတ္တိတည်း။

**ပထဝီနှင့် ဝါယောတို့၏ ဆောင်ရွက်ချက် သဘာဝယုတ္တိ**

လက္ခဏာယုတ္တိကား တစ်လုံးတစ်ခဲတည်း ဖြစ်ကြသော ရေတို့၌လည်းကောင်း၊ လေတို့၌ လည်းကောင်း အထက် အထက်နေသော ရေ၊ လေတို့ကို အောက် အောက်နေသော ရေ၊ လေတို့က အဆင့်ဆင့် ခုခံ၍ နေမှုသည် ထင်ရှား၏။

ထိုခုခံမှုသည် အာပေါလည်းမဟုတ်၊ ကပ်တွယ်ဖွဲ့စည်းမှုသည်သာ အာပေါ ပေတည်း။

ထိုခုခံမှုသည် တေဇောလည်းမဟုတ်၊ ပူမှု အေးမှုသည်သာ တေဇော ပေတည်း။

ထိုခုခံမှုသည် ပထဝီမှု၊ ဝါယောမှု နှစ်ချက်နှင့်ဆိုင်၏။ ထိုခုခံမှု၌ ခက်မာ ခံ့ကျန်းမှုတစ်ခု၊ ထောက်ကန် တောင့်တင်းမှုတစ်ခု ဤနှစ်ခု ဖက်စပ်မှ ခုခံမှုဖြစ်နိုင် သည်။

ထိုနှစ်ခုတို့တွင် ခက်မာ ခံ့ကျန်းမှုကိုပင် ပရမတ်မြေဆိုသည်။ ထောက်ကန် တောင့်တင်းမှုကိုပင် ပရမတ်လေဆိုသည်။

ထိုနှစ်မှုတို့တွင် ထောက်ကန်တောင့်တင်းမှုဟူသော လေဓာတ်သည် ခက်မာ ခံ့ကျန်းမှု ဟူသော မြေဓာတ်ကို မှီရသည်။ မြေဓာတ်ကိုလွတ်၍ မိမိအလိုအလျောက် ဖြစ်နိုင်သည်မဟုတ်။ ခက်မာခံ့ကျန်းမှုနှင့် ထောက်ကန်တောင့်တင်းမှုကို ခြားနားအောင် ကြည့်လေ။

---

၁။ ပဋ္ဌာန၊ ၁၊ နှာ– ၂၂။

၂။ အဘိ၊ ဋ္ဌ ၁၊ နှာ– ၃၆၈။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁။ နှာ– ၃၆၂။

(ယင်း အဋ္ဌကထာတို့၌ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာဟု ရှိသည်။ ရေဓာတ် လေဓာတ် မီးဓာတ်တို့ကို ခံသောအားဖြင့် ထင်ခြင်းရှိ၏ဟု အဓိပ္ပာယ်သိပါလေ။)

ဤသို့လျှင် ထို ဆိုအပ်ခဲ့ပြီးသော ရေ၊ လေတို့၌ ခက်မာခံ့ကျန်းမှုဟူသော ပရမတ်မြေ ထင်ရှားရှိကြောင်းကို ထိုလေ ရေတို့၌ ရေအားလျော်စွာ၊ လေအားလျော်စွာ ကက္ခဠလက္ခဏာ ရှိသည်ကို မြင်၍ သိအပ်သတည်း။

**ပထဝီဓာတ်၏ ခက်မာခံ့ကျန်းမှု သဘောအဆင့်ဆင့်**

ထို ဆိုအပ်ခဲ့ပြီးသော နေရောင် စသည်၊ ခေါင်းလောင်းသံ စသည်၊ အမွှေးနံ့သာစသည်တို့၌ကား ထိုအားလျော်စွာ ခက်မာခံ့ကျန်းမှု အသီးသီး ပါကြငြားသော်လည်း အလွန်တရာ အားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့် မပြသာချေ။ ကျမ်းဂန်ယုတ္တိနှင့်သာ ပြသာချေသည်။

ဤကြည်လှစွာသော ရေ၊ လေ၊ လရောင်၊ အသံ၊ အနံ့တို့ကို ပြဆိုလိုက်သည်မှာ ကက္ခဠကြိယာ ခက်မာခံ့ကျန်းမှုဟူသော အမှုအရာသက်သက်သည်သာလျှင် ပရမတ်မြေ အစစ်အမှန်ဖြစ်ကြောင်း၊ ပရမတ်မြေ အစစ်မည်သည် အဏုမြူကို အစိတ်တစ်သိန်း စိပ်သော်လည်း တစ်စိတ်စာမျှ အဆံ အမာ အထည် ဝတ္ထု မရှိကြောင်းကို ထင်လင်း စေခြင်းငှာ ပြဆိုလိုက်သည်။ အထည် ဝတ္ထုဟူ၍ မရှိ၊ ခက်မာသော အမှုအရာ သက်သက်မျှသာဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နန့်သော ခက်မာမှုကို နူးညံ့သည်ဟု ဆိုရသည်။

ထို့ကြောင့် ဝရဇိန် ကျောက်သွား၌ရှိသော ခက်မာမှုကို အလွန်အဆုံးထား၍၊ လရောင်ကလာပ်၌ရှိသော ခက်မာမှုကို အနန့်ဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့်၊ နူးညံ့မှု အဆင့်ဆင့် ဖြစ်၍နေသော ထိုမြေဓာတ်၏ အလားကို သိရမည်။

**ပထဝီဓာတ်ကို ပရမတ် သဘောဖြင့် ရှုကြည့်ပုံ**

ဤမြေဓာတ်၌ ခက်မာခြင်း လက္ခဏာဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်။ ပကတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ။ ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင် စသည်တို့ ၌ ခက်မာသော အမှုကို မတွေ့နိုင် ရှိလိမ့်မည်။

**ဝတ္ထုအထည်ဒြပ် ဖြစ်လာပုံ အဆင့်ဆင့်**

ထိုခက်မာသော အခြင်းအရာ ကြိယာသဘော သက်သက်မျှသာဖြစ်သော ပရမတ်မြေဓာတ်သည် အာပေါဟူသော ပရမတ်စေးဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋေသိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် အဏုမြူတစ်ခုဟူသော ဝတ္ထုအထည်ဒြပ်ဖြစ်၏။

အဏုမြူပေါင်း ကုဋေသိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် သန်း ကြမ်းပိုးဖြစ်၏။ ထိုမှ အဆင့်ဆင့်ပွား၍ သတ္တဝါတွင် ယူဇနာ လေးထောင့်ရှစ်ရာရှိသော အသုရိန်

နတ်ကြီးတိုင်အောင်၊ ဗဟိဒ္ဓသဏ္ဍာန်တွင် ယူဇနာရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီး၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးတိုင်အောင် သိလေ။

**မြေဓာတ်၏ ကိစ္စကြီးကျယ်ပုံ** သန်း အစရှိသော အဏုမြူအစရှိသော သက်ရှိ သက်မဲ့ ရုပ်စု ရုပ်ခဲ ဟူသမျှတို့၌ ခက်မာခြင်းဟူသော ဤမြေဓာတ်သည် အထည်ခံ အမာခံဖြစ်သတည်း။ ဤမြေဓာတ်မှတစ်ပါး အထည်ဝတ္ထု ရကောင်းသော ဓာတ်မရှိ၊ ရေဓာတ် မီးဓာတ် လေဓာတ်တို့သည်လည်း မြေဓာတ်၌ တွယ်ကြရကုန်သည်။ ဤသို့ မြေဓာတ်၏ ကိစ္စကြီးကျယ်ပုံကို သိရမည်။

**သဏ္ဍာနပညတ် ပယ်နိုင်ရန် သတိပြု** မြင်းမိုရ်တောင်ကြီးတစ်ခုလုံး၌လည်းကောင်း၊ မဟာပထဝီမြေကြီး တစ်ခုလုံး၌လည်းကောင်း၊ ပရမတ်မြေဓာတ် သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမှု အထည်ဒြပ်မရှိ၊ ခက်မာသော အခြင်းအရာ ကြိယာသဘောသက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဏုမြူမှု အထည်ဒြပ်မရှိဘဲ မှန်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့၊ ရေထဲ၌ထင်သော အရိပ်ကြီးကဲ့သို့ မြင်လိမ့်မည်။ အဏုမြူမှုလောက် အရှည်အတို အကြီးအငယ် အခဲအမာ ထင်၍လာလျှင် ပရမတ် မြေအစစ် မဟုတ်ပြီ။ သဏ္ဍာနပညတ် ဒြပ်အထည်နှင့်ရောပြီ။ သဏ္ဍာနပညတ် ဒြပ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှု ပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။

**ရှင်အာနန္ဒာ သောတာပန်ဖြစ်သည့် ကမ္မဋ္ဌာန်းနည်း သာဓကေယုတ္တိ** ဤဓာတ်ကမ္မဋ္ဌာန်း၌ ရှင်အာနန္ဒာကို အရှင်ပုဏ္ဏမထေရ် ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်။ ဤမှန်ရိပ်ဥပမာနှင့် ရှင်အာနန္ဒာ သောတာပန် ဖြစ်လေသည် [၁]။

**မြေဓာတ်ကိုရှုပုံ** မြင်းမိုရ်တောင် မဟာပထဝီမြေကြီးတို့ကို အကုန်ခြုံ၍ကြည့်သော အခါပင် အခဲအကျိတ် အထည်ဝတ္ထု အဏုမြူမှု မရောယှက်ဘဲ ပရမတ်စစ် အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ်သက်သက်ကို ထင်မြင်အောင် ရှုနိုင်သောသူအား ထို့အောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင် ရှုမှု အလွန်လွယ်လှတော့သည်။

မှန်၌ထင်သော အရိပ်၊ ရေ၌ထင်သော အရိပ်၊ သစ်ပင်ရိပ် တောင်ရိပ် အစရှိသော အရိပ်တို့သည် မြင်းမိုရ်တောင်မျှပင် ကြီးစွာထင်မြင်ရငြားသော်လည်း အဏုမြူမှု

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ထေရဝဂ်၊ အာနန္ဒာသုတ်၊ နှာ- ၈၆။

အထည်ဒြပ် မရှိသည့်အတွက်ကြောင့် ပျောက်ခွင့် ပျက်ခွင့် ဆိုက်ခဲ့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်နိုင် ပျက်နိုင်သကဲ့သို့ ထို့အတူ ထိုမြင်းမိုရ်တောင်နှင့်အမျှ ပုံ့နှံ့ကြီးကျယ်၍နေသော ထိုပရမတ် မြေဓာတ်သည်လည်း တစ်ခုတည်းသော ပရမတ်ဆံ ပရမတ်ခဲဟူ၍ အဏုမြူမျှမရှိသည့်အတွက် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်ပျက်ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်နိုင်လိမ့်မည်။

မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော မြေဓာတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ဉာဏ်ငုံနိုင်လောက်ရုံ ဉာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ ပိုင်း၍ကြည့်၊ ဦးခေါင်းကို ပိုင်း၍ ကြည့်သောအခါ အတွင်းအပြင် မခြားမနား ထုတ်ချင်းပေါက်အောင်ကြည့်။

မြေဓာတ်မဟုတ်သော အဆင်းဓာတ် ခုခံ၍ နေတတ်သည်။ သဏ္ဌာနပညတ်ဒြပ်အထည်ကြီးလည်း ခုခံ၍နေတတ်သည်။ ဉာဏ်ကိုကြပ်ကြပ်လှုပ်၍ ပေးလေ။ ခြေဖဝါးတိုင်အောင် အောက်အဖို့စုကိုလည်း ဉာဏ်နိုင်ရုံ နိုင်ရုံ ပိုင်း၍ကြည့်။ တစ်ကိုယ်လုံးစပ်မိသောအခါ ဉာဏ်ကို ဦးထိပ်ကနေ၍ ရွက်လိုက်လျှင် ခြေဖဝါးတိုင်အောင် ထုတ်ချင်းပေါက် ထွင်း၍ သွားလိမ့်မည်။ မိမိကိုယ်ခန္ဓာ တစ်ခု၌ ဓာတ်ပေါက်အောင် မြင်ခဲ့လျှင် စကြဝဠာအနန္တ ကမ္ဘာအနန္တတို့၌ ရှိသမျှသော သတ္တဝါခန္ဓာစု အကုန်လုံး ဓာတ်ပေါက်ပြီး ဖြစ်တော့သည်။ ဤပရမတ်မြေဓာတ်တစ်ခု ပေါက်၍သွားလျှင် ကြွင်းသော ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ စက္ခု သောတ စသော အဇ္ဈတ္တိကဓာတ်၊ ရူပ သဒ္ဒ စသော ဗာဟိရ ဓာတ်စု၊ ရှုနည်း ဖောက်နည်း အလွန် လွယ်ကုန်တော့သည်။

ဤတွင် ရွေ့ကား ပထဝီဟူသော မြေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်း အမြွက် ပြီး၏။

---

# အာပေါဓာတ် လက္ခဏာကို စိစစ်ရှုဆင်ခြင်ပုံ

**အာပေါဓာတ်** ပရမတ်နှစ် ရေအစစ်ကား တွယ်မှု ကပ်မှု ဖွဲ့စည်းမှုသည်သာလျှင် ပရမတ် ရေဓာတ် အစစ်တည်း။

**အာပေါဓာတ်၏ ဖွဲ့စည်းမှု နှင့် ယိုစီးမှု သတ္တိ** ထို တွယ်မှု ကပ်မှု ဖွဲ့စည်းမှုဟူသော ပရမတ် ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း ယိုစီးခြင်းဟူသော ပဋ္ဌရဏရေဓာတ် ဖြစ်လေ၏။

ထိုတွယ်မှု ကပ်မှု ဖွဲ့စည်းမှုဟူသော အာဗန္ဓနကြိယာ သက်သက်မျှသာဖြစ်သော ပရမတ် ရေအစစ်သည်လည်း အဏုမြူကို အစိတ်တစ်သိန်း စိပ်သော်လည်း တစ်စိတ်စာမျှ အခဲအကျိတ် အဆံအမာ အထည်ဒြပ်ဟူ၍ မရှိ။ တွယ်ကပ် ဖွဲ့စည်းခြင်း ကြိယာ အမူအရာ သက်သက်မျှသာတည်း။ ထိုတွယ်ကပ် ဖွဲ့စည်းမှုဟူသော ပရမတ် ရေဓာတ်သည် မြေဓာတ်၊ မီးဓာတ်၊ လေဓာတ် သုံးပါးတို့ကို တစ်ခုတည်း တစ်သားတည်း ကဲ့သို့နေအောင် ဖွဲ့နှောင်စည်းကြပ်ပေးသည်ဖြစ်၍ ကလာပ်တူ မဟာဘုတ် တို့သည် တစ်ပါးကိုတစ်ပါး အားပြုရကြကုန်သည်။ တစ်ပါးကိုတစ်ပါး ထောက်ပံ့ခွင့် ရကြကုန်သည်။ ဖွဲ့နှောင်စည်းကြပ် ချုပ်ထိန်း၍နေသော ရေဓာတ် ချုပ်ကွယ် ပျောက်ပျက်ခဲ့သည်ရှိသော် ထိုဓာတ်ကြီးသုံးပါးတို့သည် အစေးပြေပျက်၍ ခဏချင်း ပျောက်ပျက် ကွယ်ဆုံးကြရလေကုန်၏။

ဤကား ကလာပ်တစ်ခုတည်း၌ ရေဓာတ်၏ ကျေးဇူးကိုဆိုသော စကားရပ်တည်း။

**ရေဓာတ် အာပေါဓာတ်၏ ဖွဲ့စည်းမှုကျေးဇူး**

လောက၌ ပရမာဏုမြူမှစ၍ သတ္တဝါ၌ အသုရိန်နတ်ကြီးဟုဆိုအပ်သော ရုပ်တုံး ရုပ်ခဲကြီးတိုင်အောင်၊ ဗဟိဒ္ဓ၌ မြင်းမိုရ်တောင်ကြီး စကြဝဠာတောင်ကြီး မဟာပထဝီ မြေကြီးတိုင်အောင် သဏ္ဌာန်ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားတို့ကို အကျိတ် အခဲ အတုံးအခဲဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူးပင်တည်း။

ဤရေဓာတ်မှတစ်ပါး အကျိတ်အခဲဖြစ်အောင် ဖွဲ့စည်းသော ဓာတ်ဟူ၍ မရှိပြီ။

ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခု ခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့။ ထိုမြင်းမိုရ်တောင်ကြီးသည် ယခု ခဏချင်း ကွယ်ပျောက်ရာ၏။ ရှစ်သောင်းနှစ်ထောင် နှစ်ပြန်ဆောင်သော စကြဝဠာတောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခု ခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့။ ထိုစကြဝဠာတောင်ကြီးသည် ယခု ခဏချင်း ကွယ်ပျောက်ရာ၏။ မဟာပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခု ခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့။ ဤ မဟာပထဝီ မြေကြီးသည် ယခု ခဏချင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။

အဘယ်ကြောင့်နည်းဟူမူ ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် မြင်းမိုရ်တောင် စကြဝဠာတောင် သီလာပထဝီဖြစ်၍နေသော တစ်ခဲနက်သော ပရမတ်မြေ ပရမတ်မီး ပရမတ်လေတို့သည် တစ်ပါးကို တစ်ပါးထောက်ပံ့မှု မှီတွယ်မှု အစည်းအရုံး ခဏချင်း ကင်းလွတ်ကြလေကုန်၏။ နိဗ္ဗာန်မှတစ်ပါးသော သင်္ခတ လက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ပံ့မှု မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောမည်သည် မရှိလေကုန်။ မြင်းမိုရ်တောင်

ကြီး စကြဝဠာတောင်ကြီး မဟာပထဝီမြေကြီးတို့၌ ပရမတ်ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှုဟူသော မြေဓာတ်နှင့် မရောစေမူ၍ ဖွဲ့စည်းမှုဟူသော ရေဓာတ်သက်သက်ကို ကွက်ခြား၍ကြည့်ရသည်။ အဆင်းသဏ္ဌာန် အထည်ဒြပ်စုလည်း ခုခံ၍နေတတ်သည်။

**ရေဓာတ်၌ ဝိပဿနာ ဉာဏ် ဖြစ်အောင်ရှုပုံ**

ကြည့်ရှုသော ဓမ္မဝိစယဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြပ်စု ခုခံ၍နေခဲ့လျှင် နောက်၌ဖြစ်မှု ပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲနေတတ်သည်။ ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ်ကို မြင်နိုင်သည်။

မြေဓာတ်၌ ဆိုပြီးခဲ့သောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟု ဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သောအခါ မြင်းမိုရ်၊ မဟာပထဝီတစ်ခုလုံး၌ အကျိတ်အခဲ အဆံအမာ မရှိသည့်အတွက် မှန်ထဲ ရေထဲမှာ ထင်မြင်ရသော မိုးရိပ် တိမ်ရိပ် နေဝန်း လဝန်းအရိပ် သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲ့စည်းမှုဟူသော အာပေါလက္ခဏာ ကြီး ထင်မြင်လိမ့်မည်။ မြင်းမိုရ်တောင်ကြီး၊ မဟာပထဝီတို့၌ ထင်မြင်နိုင်သောအခါ လူ နတ် ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှု မြင်မှု အလွန်လွယ်လှတော့သည်။ သတ္တဝါသဏ္ဌာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်။ မြင်းမိုရ်၊ မဟာပထဝီတို့က ချီ၍ ပြလိုက်သည်မှာ သတ္တဝါသဏ္ဌာန်၌ ထင်လွယ် မြင်လွယ်အောင် ချီလိုက်သည်။ မိမိသဏ္ဌာန်၌ ဦးခေါင်း ခြေဖဝါး ထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတစ်ပါး သဏ္ဌာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

ဤတွင်ဈွေ့ကား အာပေါဟူသော ရေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်း အမြွက်ပြီး၏။

---

# တေဇောဓာတ်ကို စိစစ် ရှုဆင်ခြင်ပုံ

**တေဇောဓာတ်**

ပူမှု အေးမှုဟူသော အမူအရာ ကြီယာမှု သက်သက်သည် ပရမတ်နှစ် မီးအစစ်မည်၏။

**တေဇောဓာတ်၏ ကိစ္စနှင့် ကြက်မ ဥပမာ**

ပူမှု အေးမှု ဟူသည်လည်း ကလာပ်တူ မဟာဘုတ် သုံးပါးတို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနွေးမှုပေတည်း။ အပူစွမ်း အအေးစွမ်း နှစ်ပါးစုံသည်ပင်လျှင် ကလာပ်တူ

မဟာဘုတ်တို့ကို ရင့်မာအောင် ထက်သန်အောင် အသီး အသီး အစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွေးမှု ရှိသည်ချည်းဖြစ်၏။

အမိဝမ်းမှ ဥ၍ မြဲ့၌တည်ရှိသော ကြက်ဥတို့သည် အမိဖြစ်သူ ကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်။ အမိကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ။ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့ အကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။

ဤအတူ တေဇောဟူသော ဤမီးဓာတ်သည် အမိကြက်မနှင့် တူသည်။ အတူတကွဖြစ်သော မြေဓာတ်၊ လေဓာတ်၊ ရေဓာတ် ဤဓာတ်ကြီးသုံးပါးတို့သည် ကြက်ဥနှစ်တို့နှင့် တူကြကုန်သည်။ မီးဓာတ်နှင့်အတူ တွဲဖက်ရမှ မြေဓာတ်ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်။ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ လေဓာတ်ဟူသော အဝန်အဝါမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။

**သီတတေဇောဓာတ်၏ အစီးအပွား**

မဟာသမုဒ္ဒရာရေ၊ သီတာရေ၊ ကမ္ဘာကိုခံသောရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း။ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက်ဖြစ်ပွားကာ နေကြရကုန်သည်။ မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ သိလာပထဝီမြေကြီးတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း။

**တေဇောဓာတ်၌ ဝိပဿနာဉာဏ် ဖြစ်အောင်ရှုပုံ**

တစ်ပါးသော ဓာတ်တို့နှင့် မရောနှောစေဘဲ မီးဓာတ်သက်သက်ကို ရှုသောအခါ အေးသောဝတ္ထုတို့၌ အေးမှုသက်သက်ကို ရှုရမည်။ ပူသောဝတ္ထုတို့၌ ပူမှုသက်သက်ကို ရှုရမည်။ အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်နှင့်ရော၍ မနေစေနှင့်။ ပူမှု အေးမှုဟူသော ဤပရမတ်မီးဓာတ်၏ အဏုမြူမှု အဆံအမာ အထည်ဝတ္ထုမရှိကြောင်းကား ထင်ရှားပါ၏။ အဆံအမာ အထည်ဝတ္ထုဟူ၍ အဏုမြူမှု မရှိသည့် အတွက်ကြောင့် ဤမီးဓာတ်ကို အမြင် စင်ကြယ်သောအခါလည်း ရေကြည် မှန်ကြည် စသည်တို့၌ နေဝန်း လဝန်းအရိပ်၊ တိမ်ရိပ်၊ မိုးရိပ်တို့ကဲ့သို့ ဉာဏ်အမြင်မှာသာ ကြီးကျယ်၍ အထည်ဒြပ်မရှိကြောင်း ထင်ရှားလိမ့်မည်။ မိမိကိုယ်ကိုရှုသောအခါ ဉာဏ်နိုင်ရုံ ပိုင်း၍ ပိုင်း၍ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင်နိုင်လျှင် သတ္တဝါအနန္တမှာပင် ထင်တော့သည်။

ဤတွင်ရွေ့ကား တေဇောဟူသော မီးဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

# ဝါယောဓာတ်ကို စိစစ် ရှုဆင်ခြင်နည်း

**တေဇောဓာတ်ကို ဝါယော ဓာတ်က ထောက်ပံ့ပုံ**

မီးတောက်မီးခိုး၏ အတွင်း၌ မီးဓာတ်၏ အာနုဘော်ကြောင့် မီးဓာတ်ကိုပင် အစဉ်ဖြစ်ပွား၍ သွားနိုင်အောင် လှုံ့ဆော်ချီးပင့်မှုဟူသော ဝါယောသည် ပါရှိ၏။ ထိုဝါယောအတွက်ကြောင့် မီး၏ပြန့်ပွားခြင်း၊ မီးရှိန်၏ ပြန့်ပွားခြင်း၊ မီးရောင်၏ပြန့်ပွားခြင်း၊ မီးထောက်၏ တလူလူတက်ပွားခြင်း၊ အခိုးထွက်ခြင်း၊ အဆင့်ဆင့် မီးကူးခြင်း အစရှိသော မီးဓာတ်၏ ပြန့်ပွားစည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏သို့ ထို့အတူ ဝါယောမည်သော ဤလေဓာတ်သည် ပူမှု အေးမှု ဟူသော မီးဓာတ်၏ အရှိန်အဝှန်ပေတည်း။ မီးစာရှိရာ၌ အနည်းငယ်ချထားသော မီးသည် ထိုအရှိန်အဝှန်ကြောင့် မီးစာရှိသမျှ အကုန်ပြန့်ပွားနိုင်သည်။ မီး၌ အတွင်း အရှိန်အဝှန် ညံ့၍ မပွားတဲ့နိုင်၊ မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့်ခတ်၍ ပြောင်းနှင့်မှုတ်၍ အပက အရှိန်အဝှန် ကူရသေးသည်။

ပူမှုရှိလျှင် ပူရှိန် ပူဟုန်ရှိမြဲ၊ အေးမှုရှိလျှင် အေးရှိန် အေးဟုန်ရှိမြဲ၊ ပူမှု အေးမှုကား တခြား၊ အရှိန်အဝှန်ကား တခြား။ ပူမှု အေးမှုကား ပရမတ်မီးဓာတ်တည်း။ အရှိန်အဝှန်ကား ပရမတ်လေဓာတ်တည်း။

**ဝါယောဓာတ်သည် ကြွင်းမဟာဘုတ် ၃-ပါး၏ အင်အားမည်ခြင်း**

ထိုအရှိန်အဝှန်ဟူသော လေဓာတ်သည် ကလာပ်တူဖြစ်သော မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်တို့၏ အားခွန်ဗလလည်းမည်၏။ ထို အဟုန်အဝှန်ပွားရာ ကလာပ်တူ မဟာဘုတ် ရုပ်ကလာပ်တို့သည် ဖြစ်ပေါ်၍ လိုက်ရကုန်၏။ ထိုအဟုန်အဝှန်သည် အလွန်ထက်သန်သည်ရှိသော် လေပြင်းမုန်တိုင်းဖြစ်လေ၏။

**ဝါယောဓာတ်၏ ထောက်ကန် ချီးပင့်မှုသဘော**

ထိုအဟုန်အဝှန်သည် လေမွှေ့ရာ လေခေါင်းအုံး စသည်တို့ကဲ့သို့ ထောက်ကန်တောင့်တင်းမှု၊ ချီးပင့်ထမ်းဆောင်မှုဖြစ်၍ ဝိတ္ထမ္ဘန လက္ခဏာဟု ကျမ်းဂန်တို့၌ ဆိုပေသည်။ မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ သိလာပထဝီ စသည်တို့၌ရှိသော သီတဓာတ်မီးသည် ထိုအဟုန်အဝှန်ဟူသော လေဓာတ်၏ အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဘာပျက်သည်တိုင်အောင် ရုပ်ကလာပ် အဆက်ဆက်တို့ကို ပွားများစေနိုင်သည်။ မြင်အောင်ကြည့်။

**ဝါယောဓာတ်က ပြန့်ပွားအောင် ထောက်ပံ့ပုံ**

ဟဒယဝတ္ထု၌ ဖြစ်ပေါ်သော တစ်ခုခုသော စိတ်ကြောင့် ခဏချင်း၊ ခဏချင်း တစ်ကိုယ်လုံး

စိတ္တဇရုပ်ကလာပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဥတုဇရုပ် ကလာပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု၊ ဝမ်းထဲ ရောက်သောအခါ အစာတစ်ကိုယ်လုံး အနှံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု၊ ကလလရေကြည် မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကား မှု၊ အညွန့်အညှောက် ပေါ်ပေါက် သည်မှစ၍ သစ်ပင်ချုံမြက်တို့ အစဉ်အတိုင်း တိုးပွား စည်ကားမှုတို့သည်လည်း ဝါယော လှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း။ မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ မဟာပထဝီမြေကြီးမှစ၍ သက်ရှိ သက်မဲ့ အလုံးစုံတို့ကို ရှု ရှု ထင်အောင်ကြည့် လေ။ မိမိကိုယ်မှစ၍ အကုန်လုံးနှံ့အောင်ကြည့်။ ဦးထိပ်မှစ၍ ခြေဖဝါး အလင်းပေါက် အောင်ကြည့်။ ဤဓာတ်လည်း ဆိုခဲ့ပြီးသော ဓာတ်တို့ နည်းတူ အဆံအမာဟူ၍ အဏုမြူ မျှ မရှိသည့်အတွက်ကြောင့် ရေထဲ မှန်ထဲ၌ထင်သော လူရိပ်စသည်ကဲ့သို့ ထင်မြင်လိမ့် မည်။ မျက်စိတွင် မြင်နေကျဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်ကြီး ခုခံ၍ နေတတ်သည်။ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်ပစ်လေ။

ဤတွင်ရွေ့ကား ဝါယောဟူသော လေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်း အမြွက် ပြီး၏။

-------

## ပထဝီစသည် ဓာတ်ကြီး ၄-ပါး၏ အချင်းချင်း မှီတွယ်ကြ ကျေးဇူးပြုကြပုံ

**မဟာဘုတ် လက္ခဏာ လေးပါး**

ခက်မာမှု၊ ဖွဲ့စည်းမှု၊ ပေါင်းနွေးမှု၊ အရှိန်အဟုန်မှု-ဤ လေးခုသော အခြင်းအရာ၊ အမှုအရာ၊ ကြိယာကြီးတို့သည် သဘောလက္ခဏာအားဖြင့် အသီးသီး ထင်ရှားကြကုန်၏။

တည်ရာဌာနအားဖြင့် ခက်မာမှုကို တည်ရာပြု၍ တစ်ခုတည်းကဲ့သို့ တည်ကြ ကုန်၏။ ဖြစ်အတူ၊ ပျက်အတူ၊ တည်အတူ တို့သည်သာတည်း။

ခက်မာမှုဟူသော မြေဓာတ်ပျက်ဆုံးလျှင် တည်ရာမရှိသည်ဖြစ်၍ ကြွင်းသော ဓာတ်သုံးပါးလည်း ပျက်ဆုံးရတော့သည်။

ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓာတ် ပျက်ဆုံးလျှင်လည်း အဖွဲ့အစည်းပျက် သဖြင့် တစ်ပါးနှင့်တစ်ပါး ထောက်ပံ့မှုကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်။

ပေါင်းနွေး၍ထက်သန်အောင် ပြုမှုဟူသော မီးဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်း သော ဓာတ်သုံးပါးတို့သည် မိမိတို့သဘောအတိုင်း ပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန် လုံး ပျက်ဆုံးကြတော့သည်။

ကြံ့ခိုင်တောင့်တင်းမှုဟူသော လေဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသောဓာတ် တို့သည် အားပြတ်၍ ပျက်ဆုံးကြကုန်တော့သည်။

**တေဇောနှင့် ဝါယောတို့ တွဲဖက်**

မီးဟူသော ပူမှု အေးမှုသည် လှုံ့ဆော်ထထူ တလူလူ ဆောင်ရွက်ခြင်းဟူသော လေဓာတ်နှင့်တွဲရမှ ဖြစ်နိုင်သည်။ လေဓာတ်မရှိလျှင် အားပြတ်၍ ခဏချင်း ကွယ်ဆုံးလေ၏။

**လေဓာတ်က ပထဝီစသော ဓာတ်တို့ကို ထောက်ပံ့ခြင်း**

ထို့အတူ ခက်မာမှုဟူသော မြေဓာတ်သည်လည်း ခက်မာခြင်း ကြီယာကို ကြံ့ရန့်တင်းရင်းအောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်လေဆုံးလေ၏။ ဖွဲ့စည်းခြင်းဟူသော ရေဓာတ်သည်လည်း ဖွဲ့တွယ်ခြင်း ကြိယာကို ကြံ့ရန့်တင်းရင်းအောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

ဤကား အခြင်းအရာကြီးလေးပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ၊ တစ်ပါးပျက်လျှင် အားလုံးပျက်ပုံကို ပြဆိုလိုက်သော အချက်တည်း။

-------

## မဟာဘုတ် ဓာတ်ကြီးလေးပါးတို့၏ တန်ခိုးကြီးမားပုံ

ထိုဓာတ်ကြီးလေးပါးတို့၏ သက်ရှိသက်မဲ့ သဏ္ဌာန်နှစ်ပါးတို့၌ ဖြစ်ပုံ ဆန်းကြယ်မှုသည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ် မကြံရာ ကြီးကျယ်လှစွာ၏။ ထို ဓာတ်လေးပါးတို့၏ တန်ခိုးဣဒ္ဓိပါဒ်သည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ် မကြံရာ ကြီးကျယ်လှစွာ၏။

**လမ်းသုံးသွယ်**

ဤဓာတ်လေးပါးကို ဘုရား၏နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကုတ္တရာ အရိယဝိဇ္ဇာလမ်း ပေါက်၏။ ဝိဇ္ဇာတို့၏ နည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကီဂန္ဓာရီ ဝိဇ္ဇာလမ်း ပေါက်၏။ အလတ်သော လောကီနည်းလမ်းနှင့် ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် ဆေးလမ်း ဓာတ်လမ်း စက်ကြိယာလမ်း ပေါက်၏။

**တေဇောဓာတ် အချုပ်အခြာ ဖြစ်ပုံ**

ထိုဓာတ်လေးပါးတို့၌ အချုပ်အခြာ ဦးစီးဦးကိုင်ကား တေဇောပေတည်း။ စကြဝဠာ ကမ္ဘာရေမြေနှင့်တကွ ရုပ်သဏ္ဌာန်နှင့်စပ်သော သက်ရှိသက်မဲ့ အလုံးစုံသည် တေဇော၏ အစီးအပွားချည်းတည်း။ ဓာတ်မီး၏ အစီးအပွားချည်းတည်း။ တေဇော ဟူသော ဓာတ်မီး၏ ဣဒ္ဓိပါဒ် တန်ခိုး အကျိုးသွားကို ဘုရား သဗ္ဗညုတို့၏ ဉာဏ်တော်သည်သာ မှီနိုင်ရာသတည်း။

ဤတွင်ရွေ့ကား ဓာတုမဟာဘူတိကောဟူသော မာတိကာပုဒ်၏ အဓိပ္ပာယ် အကျယ် ပြီး၏။

----------

## ၂-ဒုတိယမာတိကာ ဒွါရ ၆-မျိုးနှင့် အကြည်ဓာတ် ၆-ပါး

ဆပ္ပသာဒမဏ္ဍော ခြောက်မျိုးသော ဓာတ်ကြည် ဓာတ်လင်း မှန်ကြည် မှန်လင်း ကိုယ်တွင်းအပြည့် ခြယ်လှယ်လျက်ရှိ၏ ဟူသော ဒုတိယမာတိကာပုဒ်၌ ပသာဒေါ၊ အကြည်။ မဏ္ဍော၊ အကြည်။ အဏ္ဍော၊ အကြည်။ အကြည်ဟော သဒ္ဒါစု။

**မှန်ဟူသော စကား ဖြစ်ပေါ်လာပုံ** ထိုသဒ္ဒါတို့တွင် မဏ္ဍသဒ္ဒါ၏ နာမသတ် အနက်ကိုယူ၍ မဏ်ဖလ်ဟူသော စကား၌ မဏ်ဟူ၍ဆိုသည်။ ထိုမဏ် ကိုပင် ယခုကာလ မှန်ဟူ၍ ဆိုကြသည်။

**ဓာတ်မှန် ၂-မျိုး** ထိုမှန်သည် ဥတုဇဓာတ်မှန်၊ ကမ္မဇဓာတ်မှန် ဟူ၍ နှစ်မျိုး ရှိ၏။

ရန်ကုန်မြို့၊ မန္တလေးမြို့တို့၌ မှန်တန်းမှာ လုပ်အပ်သော မျက်မှန် မှန်စု၊ မှန်ပြောင်း မှန်စုသည် ဥတုဇဓာတ်မှန်စုပေတည်း။

**ဓာတ်မှန် ၆-မျိုး** သတ္တဝါတို့၏ အဇ္ဈတ္တသဏ္ဍာန်အတွင်း၌ ဖြစ်သော မှန်စုသည် ကမ္မဇဓာတ်မှန်စုပေတည်း။ ထိုကမ္မဇဓာတ်မှန်သည် စက္ခု ခေါ်သော ဓာတ်မှန်တစ်မျိုး၊ သောတ ခေါ်သော ဓာတ်မှန်တစ်မျိုး၊ ဃာန ခေါ်သော ဓာတ်မှန်တစ်မျိုး၊ ဇိဝှါခေါ်သော ဓာတ်မှန်တစ်မျိုး၊ ကာယခေါ်သော ဓာတ်မှန် တစ်မျိုး၊ မနောခေါ်သော ဓာတ်မှန်တစ်မျိုးဟူ၍ ခြောက်မျိုးအပြားရှိ၏။

**ဓာတ်မှန် ၆-ပါး၏ တည်ရာနှင့် ဒွါရမည်ပုံ** စက္ခုဓာတ်မှန်သည် မျက်လုံးအိမ်တွင်း၌ တည်၏။ သောတဓာတ်မှန်သည် နားတွင်း၌ တည်၏။ ဃာနဓာတ်မှန်သည် နှာခေါင်းတွင်း၌ တည်၏။ ဇိဝှါဓာတ်မှန်သည် လျှာအပြင်၌ တည်၏။ ကာယဓာတ်မှန်သည် တစ်ကိုယ်လုံး အပြည့်အနှံ့ တည်၏။ မနောဓာတ်မှန်သည် နှလုံးအိမ်၌ တည်၏။

ဤအကြည်ဓာတ် ခြောက်မျိုးကို ရှု၍ ထင်မြင်သော ယောဂီပုဂ္ဂိုလ်အား ဤခန္ဓာကိုယ်ကြီးသည် အလွန်ကြည်လှစွာသော ဖန်တုံး ဖန်တိုင်ကြီး၊ မှန်လုံး မှန်တိုင် ကြီးနှင့် အလွန်တူလှ၏။ ဤအကြည်ဓာတ် ခြောက်မျိုးကိုပင် သဂြိုဟ်ဒွါရသင်္ဂဟ၌ ဒွါရဟု ခေါ်သည်။

**ဒွါရအဓိပ္ပာယ်** ဒွါရဆိုသည်ကား အပေါက်ဟင်းလင်းကို ဆိုလိုသတည်း။

**ဒွါရ ၂–မျိုး** ထိုဒွါရသည်လည်း အာကာသဒွါရ, မဏ္ဍာဒွါရဟူ၍ နှစ်မျိုးအပြား ရှိ၏။

**အာကာသဒွါရ** ဘုန်းရှိသော သူတို့၏ အိမ်၌ တံခါးနှစ်မျိုးရှိ၏။ အိမ်တွင်း အိမ်ပြင် ထွက်ဝင်ရန် အပေါက်တံခါး၊ လေဝင်ရန် လေသာပြတင်းပေါက် တံခါးဟူ၍ အပေါက်တံခါးတစ်မျိုး။

**မဏ္ဍာဒွါရ** အပေါက်ကား မရှိ။ မှန်ချပ်တပ်၍ထားသော အကြည်တံခါး၊ အလင်းတံခါးတစ်မျိုး။

**မဏ္ဍာဒွါရကိစ္စ** ထိုနှစ်မျိုးတို့တွင် မှန်ချပ်တပ်၍ထားသော အကြည်တံခါး အလင်းတံခါး၏ ကိစ္စမှုကား ထိုမှန်ချပ် မျက်နှာစာ၌ အဝေးအနီးတွင် ရှိရှိသမျှသော နေလ နက္ခတ်တာရာ တိမ်တိုက် ကောင်းကင် မြေပြင် ရေပြင် တောတောင် သစ်ပင် အိမ်ရာ ကျောင်းကန်ဘုရား စေတီစသော အဆောက်အဦတို့သည် မိမိတို့ သဏ္ဍာန်အတိုင်း ထိုမှန်ချပ်အပြင်မှာ ထင်လာရကုန်၏။ အိမ်တွင်း၌ နေကြကုန်သော အိမ်သူ အိမ်သားတို့သည် အိမ်တွင်း၌နေလျက်ပင် ထိုမှန်ချပ်မှာ ထင်လာသမျှသော နေဝန်းသဏ္ဍာန် လဝန်းသဏ္ဍာန် နေရောင် လရောင် အစရှိသော အလုံးစုံတို့ကို အကုန်အစင် မြင်ရကုန်၏။ အိမ်ပြင်ကနေ၍ ထိုမှန်တံခါးဖြင့် အိမ်တွင်းသို့ ကြည့်ပြန်လျှင်လည်း အိမ်တွင်း၌ ရှိရှိသမျှ အကုန်မြင်ရ၏။ ထိုမှန်တံခါးမှာ နေရောင် လရောင် မီးရောင်တို့သည် မှန်၏ အဖော်သဟဲတို့ပေတည်း။

ထိုတံခါးနှစ်မျိုး အပြည့်ရှိသော အိမ်ကြီးနှင့် အလားတူ ဤတစ်ခုတစ်ခုသော လူ့ခန္ဓာ နတ်ခန္ဓာ နွား ကျွဲ ဆင် မြင်း ကြက် ငှက် စသော ခန္ဓာစုမှာလည်း အာကာသ တံခါးမျိုး၊ မဏ္ဍာတံခါးမျိုးဟူ၍ နှစ်မျိုးစီ ရှိကြသည်။

---

## အကြည်ဓာတ် ၆–ပါးကို ဥပမာဖြင့် ရှုနည်း

**အာကာသတံခါး** အာကာသတံခါးဆိုသည်ကား ခံတွင်းပေါက်၊ လည်ချောင်းပေါက်၊ နှာရည်ထွက်သော၊ နှာခေါင်းပေါက်၊ မျက်ရည်ထွက်သော မျက်စိပေါက် အစရှိသော ဒွါရကိုးပေါက်ဟူ၍ ဆိုအပ်သော အပေါက်စု၊ ကိုးသောင်းကိုးထောင်သော မွေးညင်းအပေါက်စုသည် အာကာသ တံခါးမျိုးစုတည်း။

**ကမ္မဇဓာတ်မှန်အကြည် မဏ္ဍာတံခါးခြောက်ပေါက်**

ဆိုခဲ့ပြီးသော စက္ခုအကြည်၊ သောတအကြည်၊ ဃာန အကြည်၊ ဇိဝှါအကြည်၊ ကာယအကြည်၊ မနောအကြည် တည်းဟူသော အဇ္ဈတ္တကမ္မဇ ဓာတ်မှန်မျိုးတို့သည်ကား အာကာသတံခါးပေါက်မဟုတ်၊ မှန်ချပ်တွေနှင့် အလားတူသော မှန်ပေါက် အကြည်ပေါက် အလင်းပေါက်တို့ပေတည်း။

**ဓာတ်မှန် ၆-မျိုး ကိစ္စ ဥပမာ**

ထိုကမ္မဇ ဓာတ်မှန် ခြောက်မျိုးတို့၏ ကိစ္စမှုကား- အမိုး၊ အကာ၊ လေသာပြတင်း အလုံးစုံ ဖန်မှန်အတိပြီးသော နန်းအိမ်သည် ရှိ၏။ အလယ်၌ အတုမရှိ အလွန်ကြည်သော ဖန်လုံး မှန်လုံးတစ်ခုလည်း ရှိ၏။ ထိုအိမ်မှာ အထက်ကောင်းကင်တစ်ခွင်လုံး၌ ရှိနေကုန်သော တိမ်တိုက် တိမ်လွှာ နေလ နက္ခတ်တာရာ အပေါင်းတို့သည် လည်းကောင်း၊ ကောင်းကင်၌ ပျံသွားသော ငှက်တို့သည်လည်းကောင်း အထက်အမိုးရှိ မှန်ချပ်တို့မှ ဝင်၍ အိမ်တွင်းရှိ မှန်လုံးမှာ အကုန်ပေါ်ကြကုန်၏။ အထက်အမိုး မှန်ချပ်စုမှာ နေဝန်း လဝန်း တစ်ခုစီ၊ အိမ်တွင်းရှိ မှန်လုံးမှာ နေဝန်းတစ်ခု လဝန်းတစ်ခု ပေါ်၏။ ထို့အတူ အထက်ကောင်းကင်၌ ရှိသမျှသော ဝတ္ထုတို့သည် အမိုးမှန်ချပ်တို့၌ လည်းကောင်း၊ အိမ်တွင်း မှန်လုံး၌လည်းကောင်း တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်ကြကုန်၏။

**ခန္ဓာအိမ်တွင်း မနောဓာတ် အကြည်ကို ပြခြင်း**

ထို့အတူ အရှေ့အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်အရှေ့နံရံပြတင်းမှန်ချပ်တို့၌လည်းကောင်း၊ အိမ်တွင်းရှိ မှန်လုံး၌လည်းကောင်း တစ်ပြိုင်နက် ပေါ်ကုန်၏။ အနောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်လည်းကောင်း၊ တောင်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်လည်းကောင်း၊ မြောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် လည်းကောင်း ထို့အတူ ပေါ်ကုန်၏။ အောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အောက်ကြမ်းပြင် မှန်ချပ်စု၌လည်းကောင်း၊ အိမ်လယ်ရှိ မှန်လုံးတစ်ခု၌လည်းကောင်း တစ်ပြိုင်နက် ပေါ်ကြကုန်၏။

ဤအိမ်ကြီးအလားတူ ဤခန္ဓာကိုယ်၌လည်း မနောဟူသော အကြည်ဓာတ်မှန်လုံးကြီးသည် နှလုံးအိမ်တွင်း၌ တည်၏။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ -

ဟူ၍ ဇောဂုတ္တရပါဠိတော် (နှာ-၉) ၌ ဟောတော်မူသောကြောင့် ထိုမနောဟူသော အကြည်သည် တလျှမ်းလျှမ်း တလက်လက် ပြိုးပြိုးပြက် တောက်ထွန်း၏။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဒံ စိတ္တံ-ဤစိတ်ဟူသော ဓာတ်သည်၊ ပဘဿရံ-တထိန်ထိန် အလက်လက် ပြိုးပြိုးပြက်ပြက်ရှိ၏။

**စိတ်ကြည်လင်ပုံ အဆင့်ဆင့်**

အဟိတ်စိတ်ပင် ဖြစ်သော်လည်း အသက်ထက်ဆုံး တွေ့ဖူးသမျှ ကြုံဖူးသမျှကို အောက်မေ့လို၍ ရှေးရှုပြုလိုက်လျှင် အလိုရှိရာ အာရုံဝတ္ထု အမှုကိစ္စစုသည် ထိုစိတ်အကြည်မှာ ထင်လာ ပေါ်လာရသည်။ အဟိတ်စိတ်ဟူသော မနောအကြည်ထက် ဒွိဟိတ်မနော သာလွန်၍ ကြည်သည်။ ဒွိဟိတ်မနော အကြည်ထက် တိဟိတ်မနော သာလွန်၍ ကြည်သည်။

ဘုံအားဖြင့် လူတိဟိတ်မနောထက် ဘုမ္မဇိုဝ်းမနော သာလွန်၍ ကြည်သည်။ ထို့ထက် တာဝတိံသာမနော၊ ထို့ထက် ယာမာမနော စသည်ဖြင့် ဘဝဂ်တိုင်အောင် အဆင့်ဆင့် သိလေ။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် သာမန်ထက် ပကတိသာဝကဗောဓိအလောင်း မနော၊ ထို့ထက် မဟာသာဝကဗောဓိအလောင်း မနော၊ ထို့ထက် အဂ္ဂသာဝကဗောဓိအလောင်း မနော၊ ထို့ထက် ပစ္စေကဗောဓိအလောင်း မနော၊ ထို့ထက် သဗ္ဗညုတဗောဓိအလောင်း တော်ကြီးများ မနော သာလွန်၍ ကြည်သည်။

**သဗ္ဗညုမနော အကြည်ဓာတ်**

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော မနော အကြည်သည် အထွတ်အထိပ်သို့ ရောက်၏။ ထို့ထက် တိုးတက်ဖွယ်ကိစ္စ မရှိပြီ။ စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တ၊ သင်္ခါရအနန္တ၊ ပညတ်အနန္တ၊ နိဗ္ဗာန်ဇေက ဤ အလုံးစုံသော တရားစုသည် သဗ္ဗညုမနော အကြည်တွင် မထင်သည်ဟူ၍ မရှိပေ။ အလုံးစုံ အကုန်ထင်ကြရပေ၏။ ဤ မနောအကြည်သည် အိမ်လယ်၌ စိုက်ထားသော မှန်လုံးကြီးနှင့် တူ၏။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟူသော အကြည်ငါးမျိုးတို့သည် အိမ်မှာ ခြောက်မျက်နှာရှိ မှန်ချပ်တို့နှင့် တူကုန်၏။

**ပဉ္စာရုံသည် ပသာဒရုပ်ဒွါရနှင့် မနောဒွါရ ၂-ပါးတို့၌ တစ်ပြိုင်နက် ထင်ခြင်း**

မျက်စိဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန် အထည်ဝတ္ထု ဟူဟူသမျှသည် စက္ခုအကြည်၊ မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အသံဟူသမျှသည် သောတအကြည်၊ မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အနံ့ဟူသမျှသည် ဃာနအကြည်၊ မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အရသာဟူသမျှသည် ဇိဝှါအကြည်၊ မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။

တွေ့၍ ထိ၍ သိကောင်းသော အပူ အချမ်း အကြမ်း အနုဟူသမျှသည် တစ်ကိုယ်လုံးရှိ ကာယအကြည်နှင့် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။

ကြွင်းသော ဓမ္မာရုံဟူသမျှသည် မနောအကြည်သက်သက်၌ ဆိုက်ရသည်။

မျက်စိဖြင့် လကိုကြည့်သောအခါ မျက်စိအကြည်မှာလည်း လဝန်းသဏ္ဌာန် တစ်ခု၊ နှလုံးအိမ် မနောအကြည်မှာလည်း လဝန်းသဏ္ဌာန်တစ်ခု ရောင်ခြည်ရွှန်းရွှန်း ထိန်ထိန်ထွန်းသော လဝန်းသဏ္ဌာန်နှစ်ခုတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ထိုနှစ်ဌာနမှာ ပေါ်ရကုန်၏။

---

## စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဉ်ဓာတ် ၃-ပါးရှုနည်း

**ပသာဒအကြည်နှင့် မနောဓာတ်အကြည်တို့၌ အာရုံ တစ်ပြိုင်နက် ထင်ပုံ ဥပမာ**

မရှေးမနှောင်း တစ်ပြိုင်နက် ကျပ်ပုံကား ငှက်နှင့် ငှက်ရိပ်၊ သစ်ကိုင်းနှင့် သစ်ကိုင်းရိပ် မှာ မရှေးအနှောင်း တစ်ပြိုင်နက် နားဘိသကဲ့သို့လည်းကောင်း၊ မှန်ကြည့်သောအခါ လူနှင့် လူရိပ် တစ်ပြိုင်နက် ပြုံးခြင်း စသည်တို့ကဲ့သို့လည်းကောင်း မှတ်ရမည်။

အရှေ့လောကဓာတ်မှ ထွက်ပေါ်၍လာသော နေဝန်း၏ အရိပ်သဏ္ဌာန်ကြီး သည် အိမ်မှာ အရှေ့နံရံရှိ မှန်ကြည်ပေါက်မှ အိမ်လယ်ရှိ မှန်လုံးတိုင်အောင် ထိုးဝင်၍ မှန်လုံးထဲမှ ထိန်ထိန်ရွှန်းရွှန်း နေဝန်းသဏ္ဌာန်ကြီး ထင်လေ၏။ အရှေ့အရပ်မျက်နှာ ကို မကြည့်ဘဲ ထိုမှန်လုံးကို ကြည့်၍ပင် နေဝန်းသဏ္ဌာန်ကြီးကို မြင်နိုင်၏။

ဤအတူ မျက်စိဖြင့် လကိုကြည့်လေရာ လ၏ ရွှန်းရွှန်းဖိတ်ဖိတ် အရိပ် သဏ္ဌာန်ကြီးသည် စက္ခုဟူသော ကမ္ဘဇဓာတ်မှန် အကြည်ပေါက်မှ နှလုံးအိမ်တွင်းရှိ မနောဟူသော ကမ္ဘဇဓာတ်မှန်တိုင်အောင် ထိုးဝင်၍ နှလုံးအိမ်အတွင်းမှာ ထိန်ထိန် ရွှန်းရွှန်း လဝန်းသဏ္ဌာန်တစ်ခု ပေါ်လေသည်။ စက္ခုအကြည်မှာ ပေါ်သည်နှင့် နှလုံး အိမ်တွင်းမှာ ပေါ်မှုသည် မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်းသာတည်း။

**အာရုံ ကွယ်ပျောက်ခြင်း၌ ဓာတ်ပေါက်အောင်ရှုပုံ**

ကွယ်ပျောက်မှုမှာမူကား စက္ခုအကြည်မှာ လဝန်း သဏ္ဌာန် ကွယ်ပျောက်သော်လည်း မနော အကြည်မှာ ပျောက်တဲ့နိုင်သည်မဟုတ်။ မြင် အောင်ကြည့်ပါလေ။ သည်တစ်ချက် ကောင်းကောင်းမြင်လျှင် အကြည်ခြောက်မျိုး အကုန် ဓာတ်ပေါက်အောင် မြင်နိုင်လိမ့်မည်။

ထိုလဝန်းသဏ္ဌာန်အရိပ်ကြီး၏ စက္ခုမှန်ကြည်မှာ ထင်မှု၊ နှလုံးအိမ်တွင်း မနော မှန်ကြည်မှာ ထင်ပေါ်မှုသည် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်၏။ ထို့အတူ နေဝန်း ကို ကြည့်ရှုရာ၌လည်း မျက်စိဟူသော စက္ခုအကြည်မှာ နေဝန်းသဏ္ဌာန် အရိပ်ကြီး တစ်ခု၊ မနောအကြည်မှာ နေဝန်းသဏ္ဌာန် အရိပ်ကြီးတစ်ခု မရှေးမနှောင်း တစ်ပြိုင်နက်

တစ်ချက်တည်း ထင်ပေါ်သည်။ သစ်ပင်ကို ကြည့်ရာ၌ စက္ခုမှာ သစ်ပင် သဏ္ဌာန် အရိပ်တစ်ခု၊ မနောမှာ သစ်ပင်သဏ္ဌာန် အရိပ်တစ်ခု တစ်ပြိုင်နက် ပေါ်သည်။

**စက္ခုနှင့် မနောတို့၌ အရိပ်ပြိုင်တူ ထင်ပုံ**

လူကိုကြည့်ရာ၌ စက္ခုမှာ လူသဏ္ဌာန် အရိပ်တစ်ခု၊ မနောမှာ လူသဏ္ဌာန် အရိပ်တစ်ခု တစ်ပြိုင်နက် ပေါ်သည်။ ထိုပေါ်မှုသည် မိုးကြိုးကြီး ကျသကဲ့သို့ ပြင်းထန်သည်။ မျက်စိနှင့် မြင်မြင်သမျှ ခပ်သိမ်းတို့သည် ဤနည်းအတူချည်း သိလေ။

တိမ်တိုက်ချင်းချင်း ခွပ်ကြသောအခါ လျှပ်ရောင် ဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊ လေချင်းချင်း တိုက်ကြသောအခါ ကြယ်ပျံသည်ဟု ခေါ်ကြသော ဥက္ကာလုံး ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း၊ ခက်မာသော ဝတ္ထုတစ်ခုနှင့် ခက်မာသော ဝတ္ထု တစ်ခု ထိခိုက်ကြသောအခါ အသံဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း၊ သံမီးခတ်နှင့် အနှစ်အဆီရှိသောကျောက် ထိခိုက်ကြသောအခါ မီးပွင့်မီးပွား ဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊ ထို့အတူ လဝန်းသဏ္ဌာန်စသော အရိပ်သည် စက္ခုအကြည်မှာ ထိခိုက်သောအခါ မိုးကြိုးကျသကဲ့သို့ ပြင်းထန်သော ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် စက္ခုအကြည်ပေါ်မှာ ဝိညာဉ်စိတ် တဖွားဖွား ဖြစ်ပေါ်လေသည်။ ထိုဝိညာဉ်စိတ်ကို စက္ခုပေါ်မှာဖြစ်ခြင်းကြောင့် စက္ခုဝိညာဉ်စိတ်ခေါ်သည်။ ထိခိုက်ချက် စဲပြန်လျှင် မီးပွားသေပျောက်သကဲ့သို့ ထိုဝိညာဉ် သေပျောက်ပြန်၏။ မနောအကြည်မှာ ထိခိုက်ချက် ဒဏ်အဟုန်ကြောင့်လည်း ထိုလဝန်းသဏ္ဌာန်ကို သိသော ဝီထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်လေသည်။ ခေါင်းလောင်း ကြေးစည်တို့ကို တုတ်တံနှင့် တစ်ချက် နှက်လိုက်လျှင် နှက်လိုက်သော ဒဏ်အဟုန်ကြောင့် အသံကလာပ်တွေ တဖွားဖွားပေါ်၍နေသကဲ့သို့ တည်း။ ထိုဒဏ်ငြိမ်းပြန်လျှင် အသံ ပျောက်ဆုံးပြန်သကဲ့သို့ လဝန်းသဏ္ဌာန် ထိခိုက်ချက် ဒဏ်ဟုန်ငြိမ်းပြန်လျှင် ထိုဝီထိစိတ်အစဉ်သည် သေပျောက်ပျက်ဆုံးပြန်လေ၏။ မျက်စိဖြင့် မြင်သမျှမှာ ဤနည်းအတူချည်း သိလေ။

၁-စက္ခုအကြည်၊ ၂-ရူပါရုံ၊ ၃-စက္ခုဝိညာဏ်စိတ် ဓာတ်သုံးပါး တစ်ချက်တည်း ဓာတ်ပေါက်အောင်ရှုနည်း ပြီး၏။

---

## သောတပသာဒ၊ သဒ္ဒါရုံ၊ သောတဝိညာဏ်တို့ကို ရှုဆင်ခြင်ပုံ

**ဒွါရနှစ်ခု၌ သဒ္ဒါရုံ တစ်ပြိုင်နက် ထင်ပုံ**

မိုးသံလုံး၊ ရေသံလုံး၊ လေသံလုံး၊ စည်းသံလုံး၊ ခေါင်းလောင်းသံလုံး၊ လူသံ၊ ခွေးသံ၊ ကြက်သံ၊ ငှက်သံ အစရှိသော အသံစုသည် နားခေါ်သော သောတဓာတ်မှန်၌

လည်းကောင်း၊ နလုံးအိမ်တွင်းရှိ မနောဓာတ်မှန်၌လည်းကောင်း ဤအကြည်ဓာတ်မှန်နှစ်ခု၌ မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်သည်ခိုက်သည်။ ထို ထိခိုက်မှုသည်လည်း မိုးကြိုးကျသကဲ့သို့ ပြင်းထန်သည်။

သောတအကြည်မှာ အသံလုံး ပေါ်ချက် ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် သောတအကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွား ဖြစ်ပေါ်သည်။ ထိုဝိညာဏ်စိတ်ကို သောတအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် သောတဝိညာဏ်စိတ် ခေါ်သည်။ အသံစဲပြန်လျှင် ထိုသောတဝိညာဏ်စိတ်သည် သေပျောက်ကွယ်ဆုံးပြန်၏။ မနောအကြည်မှာ ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် ထိုအသံကို သိသော ဝိထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်သည်။ အောက်က ပြဆိုခဲ့ပြီးသော ခေါင်းလောင်းသံ ဥပမာကဲ့သို့၊ ထိုအသံခိုက်ဒဏ်ငြိမ်းပြန်လျှင် ထိုဝိထိစိတ်အစဉ် သေပျောက်ကွယ်ဆုံးပြန်၏။ နားနှင့် ကြားကြားသမျှ ဤနည်းချည်း သိလေ။

၁-သောတအကြည်၊ ၂-သဒ္ဒါရုံ၊ ၃-သောတဝိညာဏ်စိတ် ဓာတ်သုံးပါးကို တစ်ချက်တည်း ဓာတ်ပေါက်အောင် ရှုနည်း ပြီး၏။

--------

## ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဃာနဝိညာဏ်တို့ကို ရှုပွားပုံ

၁-နှာခေါင်းရှိ ဃာနအကြည်၊ ၂-အနံ့အမျိုးမျိုးဟူသော ဂန္ဓာရုံ၊ ၃-ထိုနှာခေါင်းအကြည်မှာ ဖြစ်ပေါ်သော ဃာနဝိညာဏ်စိတ်။ ဤဓာတ်သုံးပါးတို့ကို လည်းကောင်း။

၁-လျှာအပြင်ရှိ ဇိဝှါအကြည်၊ ၂-အချိုအချဉ် အစရှိသော ရသာရုံ၊ ၃-လျှာအကြည်ပေါ်မှာ ဖြစ်ပေါ်သော ဇိဝှါဝိညာဏ်စိတ်၊ ဤဓာတ်သုံးပါးတို့ကိုလည်းကောင်း၊ ဖြစ်မှု ပျက်မှုနှင့်တကွ စက္ခုသောတတို့၌ ဆိုခဲ့ပြီးသောအတိုင်း ဓာတ်ပေါက်အောင် ရှုလေ။

## ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ်တို့ကို ရှုပုံ

**ကာယပသာဒ တည်နေရာ**

ကာယဟူသော မှန်အကြည်သည်ကား ဦးခေါင်း ဦးထိပ်မှစ၍ ခြေဖဝါး အပြင်တိုင်အောင် ကိုယ်တွင်း ကိုယ်ပ အသားအသွေးရှိသမျှ အလုံးစုံကို အကုန်နှံ့ပြား၍ တည်၏။ မြမြထက်သော အပ်သွားနှင့်ထိုး၍ စမ်းလျှင် နာမှန်းသိရာ အရပ်စုသည် ကာယဓာတ်ကြည် ရှိသည်ချည်းတည်း။

**ကာယအကြည်နှင့် မနောအကြည် ၂-ခုတို့၌ မရှေးမနှောင်း တစ်ပြိုင်နက် အာရုံထင်ပုံ**

ပထဝီကြမ်း ပထဝီနု အမျိုးမျိုး၊ အပူ အအေး ဟူသော တေဇောအမျိုးမျိုး၊ အဟုန်ကြမ်း အဟုန်နု ဟူသော ဝါယောအမျိုးမျိုးစုသည် ကာယအကြည်မှာချည်း ဆိုက်ရသည်။ ခြေဖဝါးအပြင်ကို မီးနှင့်ကင်၍ ပူမှန်းသိရာ၊ ရေနှင့်ဆေး၍ ဆေးမှန်းသိရာတို့၌ ထိုပူမှု အေးမှုတို့သည် ခြေဖဝါးအပြင်ရှိ ကာယဓာတ်အကြည်စုမှာ တစ်ချက်၊ နှလုံးအိမ်တွင်းရှိ မနောအကြည်ကြီးမှာ တစ်ချက် တစ်ပြိုင်နက် ပေါ်လေ၏၊ ခိုက်လေ၏၊ တိုက်လေ၏။ ထိုထိခိုက်မှု တိုက်မှုသည် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်၏။ ပြင်းသော ဒဏ်ချက်ကြောင့် ခြေဖဝါးအပြင် တစ်ခုလုံးမှာ ကာယဝိညာဏ်စိတ် အပြည့်ပေါ်လေ၏။ နှလုံးအိမ်အတွင်းမှာ ထို အပူအအေးကို သိသော ဝီထိစိတ်အစဉ် အတွေတွေ ဖြစ်ပေါ်လေ၏။ ထိုအပူ ထိုအအေး ပျောက်စဲလျှင် ထိုဝိညာဏ်စု၊ ထိုဝီထိစိတ်အစဉ်စု ပျောက်ပျက်သေဆုံးလေ၏။ အတွင်းအပြင် တစ်ကိုယ်လုံး၌ ပူမှန်း သိရာဌာန၊ အေးမှန်း သိရာဌာန၊ နာမှန်း သိရာဌာန၊ ကျင်မှန်း သိရာဌာန၊ ကိုက်မှန်း ခဲမှန်း ညောင်းမှန်း ထုံမှန်း ကျင်မှန်း အောင့်မှန်း အင့်မှန်း လှုပ်မှန်း သိရာဌာန စသည်တို့မှာ ဤနည်းချည်း ကာယဝိညာဏ်ဓာတ်ပေါ်မှုကို သိလေ။

၁-ကာယဓာတ်မှန်၊ ၂-ဖောဋ္ဌဗ္ဗာရုံ၊ ၃-ကာယဝိညာဏ်စိတ် ဓာတ်သုံးမျိုးကို ဓာတ်ပေါက်အောင် ရှုနည်းပြီး၏။

---

## မနောဓာတ်၊ ဓမ္မာရုံ၊ မနောဝိညာဉ်တို့ကို ရှုဆင်ခြင်ပုံ

**မနောအကြည်သည် ဘဝင်စိတ်**

နှလုံးအိမ်တွင်း၌ စမ်းရေပွက်သကဲ့သို့ တလက်လက် တလင်းလင်း တဖွားဖွား မပြတ်မစဲ အမြဲ ဖြစ်ပေါ်၍နေသော ဘဝင်စိတ်ကို မနောအကြည် ဆိုသည်။

**ဘဝင်စိတ်၏အာရုံ**

ထိုဘဝင်စိတ်ဟု ဆိုအပ်သော မနောအကြည်သည် ရှေးဘဝဟောင်းနှင့်စပ်သော အာရုံကိုသာ အာရုံပြုသည်ဖြစ်၍လည်းကောင်း၊ ထိုသို့ပြုသော်လည်း ထင်လင်းသောပြုခြင်း မဟုတ်၊ မထင်မရှားသော ပြုခြင်းသာ ဖြစ်၍လည်းကောင်း အဘယ်ကို အာရုံပြုသည်ဟု ပုဂ္ဂိုလ်သဏ္ဍာန်မှာ ပေါ်တော့သည်မဟုတ်။ တစ်ညဉ့်လုံး အိပ်၍နေရာအိပ်မက်မှုကို လွတ်၍ ဘဝင်စိတ် အာရုံပြုချက်နှင့် ငါသည် ဘယ်အာရုံကို တွေ့မြင်ရသည်ဟု မရှိလေ။ ထို ဘဝင်ဟူသော

မနောအကြည်လည်း မြစ်ရေအလျဉ်ကဲ့သို့ဖြစ်၍နေစဉ်အခါ ထိုပုဂ္ဂိုလ်သည် သေငယ်သေ၍ နေသတည်း။

အကြင်အခါ နေဝန်း လဝန်း စသော အာရုံနိမိတ်သည် စက္ခုအကြည်စသော အကြည်ငါးမျိုးတို့မှဝင်၍ ထိုဘဝင်ဟူသော မနောအကြည်မှာ ပေါ်၏၊ ခိုက်၏။ ထိုအခါ ထိုဘဝင်အကြည်သည် တုတ် လုံ ဒဏ်ထိသော မြွေကဲ့သို့လည်းကောင်း တီကဲ့သို့လည်းကောင်း ဆတ်ဆတ်ခါ ထကြွ၍ ပြတ်စဲပြီးလျှင် ထိုနေရာမှာ ကြယ်ဥက္ကာလုံးတွေ ပေါ်ထွက်သကဲ့သို့ ပေါ်ထိခိုက်လာသော အာရုံကိုသိသော ဝီထိစိတ်တွေ ပေါ်ထွက်လေ၏။ ထိုအခိုက်အတိုက် ပြယ်ပျောက်ပြန်လျှင် ကြယ်ဥက္ကာလုံးတွေ ကွယ်ပျောက်ပျက်ဆုံးသကဲ့သို့ သေပျောက် ပျက်ဆုံးလေ၏။

အကြင်အခါ၌ မြင်မှု ကြားမှု နံမှု လျက်မှု ကိုယ်မှာ တွေ့ထိမှုတို့မှ အလွတ်ဖြစ်၍ ကြောက်ပါးသော အာရုံတို့သည် မနောအကြည် သက်သက်မှာသာ ဝင်၍ ထင်လာ ခိုက်လာကုန်၏။ ထိုအခါမှာလည်း ထိုဘဝင်ဟူသော မနောအကြည်သည် ဆတ်ဆတ်ခါ လှုပ်ကြွ၍ ပြတ်စဲပြီးလျှင် အာဝဇ္ဇန်းဇောတို့သည် ဖြစ်ပေါ်၍ ထိုအာရုံငတ္တုအမှုကိစ္စတို့ကို ကြံဖန်ကုန်၏။ အထင်အခိုက် စဲပြန်လျှင်လည်း ထိုအာဝဇ္ဇန်းဇောတို့သည် ပေါ်ထွက်သော ကြယ်ဥက္ကာလုံးတို့ ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ်သေဆုံးကြလေကုန်၏။

၁-ဘဝင်ဟူသော မနောအကြည်ဓာတ်၊ ၂-ဓမ္မာရုံ၊ ၃-မနောဝိညာဏ်စိတ်ဓာတ်သုံးပါးကို ဓာတ်ပေါက်အောင် ရှုနည်း ပြီး၏။

ဤတွင်ရွေ့ကား ဆပ္ပသာဒမဏ္ဍော ဟူသော ဒုတိယမာတိကာပုဒ်၏ အဓိပ္ပာယ် ပြီး၏။

---

## ၃-တတိယ မာတိကာ
## ဥတု တေဇောဓာတ်၏ သဘောကို ရှုဆင်ခြင်ပုံ

အယံ ကာယော-ဤကိုယ်ကောင်ကြီးသည်၊ ဥတုနံ-ဆယ်ပါးသော ဓာတ်မီးတို့၏၊ ဥဒယော-အပွားအစီးသာတည်းဟူသော တတိယမာတိကာပုဒ်၌-

**ဥတုအဓိပ္ပာယ်** အရတိ ပဝတ္တတီတိ ဥတု။

အရတိ ပဝတ္တတီကိ-မပြတ်မလပ် ဖြစ်ပွားတတ်၏၊ ဣတိ-

ဤသို့သော အကြောင်းကြောင့်၊ ဥတု-ဥတုမည်၏။ ဤကား ကျမ်းဂန်တို့၌ လာသော ဝိဂ္ဂြဟ်။

ဥဒတိ ပသဝတီတိ ဥတု။

ဥဒ္ဒန္တိ ပသဝန္တိ ဧတေန သြကာသ သတ္တ သင်္ခါရလောကာတိ ဥတု။

ဥဒတိ ပသဝတိ-ပွားတတ်၏၊ ဣတိ-ဤသို့သောအကြောင်းကြောင့်၊ ဥတု-ဥတုမည်၏။ ဧတေန-ဤဓာတ်မီးကြောင့်၊ သြကာသ သတ္တ သင်္ခါရလောကာ-သြကာသ လောက သတ္တလောက သင်္ခါရလောကတို့သည်၊ ဥဒ္ဒန္တိ ပသဝန္တိ-သံသရာ၌ ကမ္ဘာ အဆက်ဆက် ဖြစ်ပွား၍နေကြကုန်၏။ ဣတိ-ဤသို့ လောကသုံးပါးတို့၏ ဖြစ်ပွားရန် အကြောင်းဖြစ်သော သတ္တိကြောင့်၊ ဥတု-ဥတုမည်၏။ ဤကား အသင့်ကြံဖန်၍ပြုသော ဝိဂ္ဂြဟ်။

**ဥတုသည် တေဇောဓာတ် ဖြစ်ခြင်း**

ဥတုဆိုသည်ကား အောက်က ပြဆိုခဲ့ပြီးသော တေဇောဟုဆိုသော ဓာတ်မီးကိုပင် ဆိုသတည်း။

**သြကာသလောကကို တေဇောဓာတ် ဥတုက ဖန်တီးခြင်း**

အနမတဂ္ဂ သံသရာ၌ ကမ္ဘာအဆက်ဆက်တို့ကို တည်ထောင်ဖန်ဆင်းပေးသည်လည်း ဤဓာတ်မီးပင်တည်း။ စကြဝဠာအနန္တတို့ကို ဖန်ဆင်းပေးသည်လည်း ဤဓာတ်မီးတည်း။ အနန္တစကြဝဠာတွင် တစ်ခုခုသော စကြဝဠာ၌ စကြဝဠာကိုခံသော ယူဇနာကိုးသိန်းခြောက်သောင်း အထုရှိသော လေပြင်ကြီး၊ ထိုလေပြင်ကြီးပေါ်မှာတည်သော ယူဇနာလေးသိန်းရှစ်သောင်း အထုရှိသော ရေပြင်ကြီး၊ ထိုရေပြင်ကြီးပေါ်မှာ တည်သော ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော သိလာပံသုမြေပြင်ကြီး၊ ထိုမြေပြင်၌ ပေါက်ရောက်သော မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ သတ္တရဘ္ဘန်တောင်၊ ဟိမဝန္တာတောင်၊ အိုင်ကြီးခုနစ်အိုင်၊ မဟာသမုဒ္ဒရာလေးစင်း၊ သီတာခုနစ်တန်၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ် နှစ်ထောင်၊ အလုံးစုံသော မြေအစု၊ ရေအစု၊ တောအစု၊ တောင်အစု၊ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ် အကနိဋ္ဌတိုင်အောင်သော ဗြဟ္မာ့ဘုံစု။ ဤအလုံးစုံသော သြကာသလောကသည်လည်း ထိုဓာတ်မီး တည်ထောင် ဖန်ဆင်းချက်သာတည်း။

သတ္တသူရိယောပမသုတ်၊ အဂ္ဂသုတ်၊ ၎င်းသုတ်တို့၏ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်တို့၌ အကျယ်လာသော ကမ္ဘာပျက်မှု ကမ္ဘာတည်ထောင်မှုတို့ကို ရှု၍ ဓာတ်မီး၏အစွမ်းကို သိအပ်၏။

**တေဇော၏ ဆောင်ရွက်ချက်သတ္တိ**

မီး၊ ရေ၊ လေ ဟူသော အဖျက်သုံးမျိုးတို့တွင် မီးဟူသည်ကား ဥဏှဓာတ်မီးပင်တည်း။

ရေဖျက်သည်ဟူရာ၌ကား ရေဟူသော အာပေါကို လိုရင်းမဟုတ်။ ထိုအာပေါနှင့်ယှဉ်သော သီတဓာတ်ကိုသာ လိုရင်းတည်း။ သီတဓာတ်မီး ဖျက်သည်ကို ရေဖျက်သည်ဟု မှတ်ရသည်။

လေဖျက်သော ကမ္ဘာ၌လည်း ထိုလေကို တည်ထောင်ဖန်ဆင်းသောသူကား ဥဏှဓာတ်မီးပေတည်း။ ထို့ကြောင့် ကမ္ဘာကိုဖျက်သည်လည်း ဓာတ်မီးပင်တည်း။ ကမ္ဘာကို တည်ထောင်ဖန်ဆင်းပေးသည်လည်း ဓာတ်မီးပင်တည်း။ ဤကား ဩကာသလောက တည်ထောင်မှုတည်း။

သတ္တလောကမှာလည်း အလွန်သေးငယ်လှ၍ ပကတိစက္ခုဖြင့် မမြင်ကောင်းသော သတ္တဝါမှစ၍ အကနိဋ္ဌဗြဟ္မာမင်းကြီး၏ ခန္ဓာကိုယ်တိုင်အောင် ရုပ်တို့၏ ဖြစ်မှုကိုမြင်၍ ဓာတ်မီး၏အစွမ်းကို သိအပ်၏။

**မီးဓာတ်က သက်တမ်းကို ပြုပြင်ပုံ**

သိပုံကား ရုပ်ရှိသော သတ္တဝါတို့၏ ပဋိသန္ဓေခဏ၌ ရှေးဦးစွာ ဖြစ်ပေါ်သော ရုပ်ကလာပ်တို့သည် ရှေးကံဟောင်း ထူထောင်ဖန်ဆင်း၍ ဖြစ်ပေါ်ကြရကုန်၏။

ပဋိသန္ဓေ၏ ဌီခဏမှစ၍ အစဉ်အတိုင်း ရုပ်စု ရုပ်ခဲ ဖြစ်မှု တည်မှု တိုးမှု ပွားမှု အင်္ဂါကြီးငယ် တည်ထောင်မှုတို့သည်ကား ဓာတ်မီး၏ အမှုတို့ပေတည်း။ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့သည်ကား ဓာတ်မီးတည်ထောင်၍ပေးသော ကိုယ်အင်္ဂါတို့ကို အစဉ်လိုက်၍ ဖြစ်ကြရကုန်၏။ ရေအိုင်၌ ရေနယ်ကျယ်၍ သွားရာမှာ ကြာလိုက်၍ ပေါက်ပွားသကဲ့သို့တည်း။ တိရစ္ဆာန်မျိုးတို့နှင့်တကွ ရုပ်ရှိသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အသက်တမ်း အတို အရှည် ရှိသည်မှာလည်း ဤဓာတ်မီး အချက်ပင်တည်း။

**အသက်တမ်း ရှည်မှု တိုမှု**

ဓာတ်မီး ငြိမ်သက်မှု၊ ဓာတ်မီး၏တည်ရာ ကရဇကာယရုပ် သိမ်မွေ့မှု အဆင့်ဆင့်ရှိ၍ အသက်တမ်းရှည်မှု အဆင့်ဆင့် ရှိပေသည်။ ဓာတ်မီး၏ မငြိမ်သက်မှု၊ ထိုဓာတ်မီး၏ တည်ရာ ကရဇကာယရုပ် ကြမ်းတမ်းမှု အဆင့်ဆင့်ရှိ၍ အသက်တမ်းတိုမှု အဆင့်ဆင့် ရှိပေသည်။

**ဇာတိနိယာမ**

ဂဗ္ဘသေယျက သတ္တဝါတို့၌ ပဋိသန္ဓေအခါ အမိအဖတို့၏ နိသန္ဒဝတ္ထု၌ ရောနှောဖက်စပ်၍ ဖြစ်သော ဥတုဟူသော ထိုဓာတ်မီးသည် အမိမျိုး အဖမျိုးသို့ အစဉ်လိုက်၏။ သစ်ပင်တို့၌ ဗီဇနိယာမရုပ်ကဲ့သို့ သတ္တဝါတို့၏ ဇာတိနိယာမရုပ်ပေတည်း။ ထိုဇာတိနိယာမကြောင့် အဆင်းသဏ္ဍာန်စသော အလုံးစုံသည် အမိမျိုး အဖမျိုး အတိုင်းသာ ဖြစ်မြဲ။

နဂါးနှင့်လူ ကိန္နရာနှင့်လူ စသည်ဖြင့် ဇာတ်မတူသောသူတို့ချည်း ပေါင်းဖက်ရာ၌ကား ကရဇရုပ် ဩဇာထက်သန်ရာသို့ ဇာတိရုပ်လိုက်သည်ဟု ယူဖွယ်ရှိ၏။ ဤကား သတ္တလောက တည်ထောင်မှုတည်း။

**သင်္ခါရလောကနှင့် တေဇောဓာတ်**

သစ်ပင်ချုံနွယ်စသော သင်္ခါရလောကသည်ကား ဓာတ်မီး၏ အစီးအပွား သက်သက်ပေတည်း။ အလုံးစုံသော သစ်ပင် ချုံနွယ် စသည်တို့ကို အဥအမျိုးမျိုး၊ အညှောက်အမျိုးမျိုး၊ အညွန့်အမျိုးမျိုး၊ ပင်စည်အမျိုးမျိုး၊ အကိုင်းအမျိုးမျိုး၊ အခက်၊ အရွက်၊ အပွင့်၊ အသီး အရသာအမျိုးမျိုးတို့နှင့်တကွ ကမ္ဘာပျက်သည်တိုင်အောင် ဓာတ်မီး တည်ထောင်ဖန်ဆင်းပေ၏။ ထိုဓာတ်မီးသည် တည်ထောင်ဖန်ဆင်းသော အပင်အရွက် အသီးအပွင့်တို့ကို တူအောင် ထုလုပ်ရေးသား ချယ်လှယ်နိုင်သော ပန်းပုဆရာ ပန်းချီဆရာတို့ကို လောက၌ ချီးမွမ်းကြရကုန်၏။

သတ္တဝါတို့၌ ဇာတိနိယာမရှိသကဲ့သို့ ဤသင်္ခါရတို့၌လည်း ဗီဇနိယာမရှိ၏။

နေ လ နက္ခတ်၊ တာရာကြီး တာရာငယ်၊ ဂြိုဟ်ကြီး ဂြိုဟ်ငယ် စသော ယောဂ အဆောက်အဦစု၊ ရွှေ ငွေ ပုလဲ ပတ္တမြား အစရှိသော ရတနာမျိုး သံမျိုး ကြေးမျိုး ပြဒါးမျိုး အစရှိသော ဓာတ်မျိုး အလုံးစုံသည်လည်း ဓာတ်မီး၏ အစီးအပွားသာတည်း။ ဤကား သင်္ခါရလောက တည်ဆောက်ချက်တည်း။

ဤသို့လျှင် –

"ဥဒ္ဒတ္တိ ပသဝတ္တိ ဧတေန ဩကာသသတ္တသင်္ခါရလောကာတိ ဥတု" ဟူသော ဝစနတ္ထနှင့်အညီ လောကသုံးပါးတို့၏ ဖြစ်ပေါ်ကြောင်း ပွားစီးကြောင်းဖြစ်၍ ရုပ်နှင့်စပ်သော လောကသုံးမျိုးကို တည်ထောင်ဖန်ဆင်းပေးတတ်သောကြောင့် ဓာတ်မီးကို ဥတုဟူ၍ ဆိုသတည်း။

---------

## တေဇောဓာတ်မီး အမျိုးမျိုး

**တေဇော ၂–မျိုး** ထိုဓာတ်မီးသည် အဇ္ဈတ္တဓာတ်မီး၊ ဗဟိဒ္ဓဓာတ်မီးဟူ၍ နှစ်ပါးအပြားရှိ၏။

**အဇ္ဈတ္တဓာတ်မီး ၄–ပါး**

ထိုနှစ်ပါးတို့တွင် အဇ္ဈတ္တဓာတ်မီးသည် ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇဟူ၍ လေးပါးရှိ၏။ အဝီစိငရဲသူ သဏ္ဌာန်မှစ၍ အကနိဋ္ဌ ဗြဟ္မာ့သဏ္ဌာန်တိုင်အောင် ဇာတ်အမျိုးမျိုး၊ အကြမ်း အနု အမျိုးမျိုးအားဖြင့် ထိုဓာတ်မီးသည် အနန္တများပြား၏။

ဗဟိဒ္ဓဓာတ်မီးသည် သီတဓာတ်မီး၊ ဥဏှဓာတ်မီးဟူ၍ အကျဉ်းအားဖြင့် နှစ်ပါး ဖြစ်၏။

ဂိမှဓာတ်မီး၊ ဝဿာနဓာတ်မီး၊ ဟေမန္တဓာတ်မီးဟူ၍ ဥတုအလိုအားဖြင့် သုံးပါး ဖြစ်၏။

**တေဇော ဓာတ်မီးနှင့်ရတု**

ထို့အတူ ရတုခြောက်ပါးဆိုသည်လည်း ဓာတ်မီးခြောက်မျိုးပင် ဆိုသည်။ တစ်ဆယ့်နှစ်ရာသီဆိုသည်လည်း ဓာတ်မီး တစ်ဆယ့်နှစ်မျိုးပင်တည်း။ တစ်ရာ့ရှစ်နဝင်းဆိုသည်လည်း နေဓာတ်မီးနှင့် နက္ခတ်ဓာတ်မီး ဖက်စပ်၍ အထူးအထွေပွားသော ဓာတ်မီးမျိုး တစ်ရာ့ရှစ်မျိုးပင်တည်း။ တနင်္ဂနွေ၊ တနင်္လာ စသော ဂြိုဟ်ကြီးရှစ်ပါး ကိုးပါးဟူသည်လည်း ဓာတ်မီးအပြားပင်တည်း။ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ နိမိတ်ကျမ်း စသည်တို့၌ ဆိုသမျှသော လောကီဝေါဟာရ အပြားစုသည် ဓာတ်မီး၏ အမှုချည်းသာတည်း။

ဓာတ်အမျိုးမျိုး အကြမ်း အနု အမျိုးမျိုးအားဖြင့် ထို ဗဟိဒ္ဓဓာတ်မီးသည် အနန္တ များပြား၏။

**ဓာတ်မီး ၁၀-မျိုး**

မာတိကာပုဒ်၌ ဓာတ်မီးဆယ်မျိုး ဆိုသည်ကား အဇ္ဈတ္တ ဓာတ်မီးလေးပါးကို သီတ၊ ဥဏှ နှစ်ပါးနှင့်မြှောက်၊ အဇ္ဈတ္တ ဓာတ်မီး ရှစ်ပါးဖြစ်၏။ ဗဟိဒ္ဓဓာတ်မီးသည် သီတ၊ ဥဏှ နှစ်ပါးရှိ၏။ နှစ်ရပ်ကိုပေါင်းသော် ဓာတမီးဆယ်ပါးဖြစ်၏။

**ရုပ်အစုအခဲတို့၌ ဖြစ်ပျက်ရှုပုံ**

သက်ရှိ သက်မဲ့ အလုံးစုံ ရုပ်စု ရုပ်ခဲဟူသမျှသည် ဓာတ်မီးစု ဓာတ်မီးခဲသာ ဖြစ်၏။ ပူမှု အေးမှုဟူသော ထိုဓာတ်မီးသည် အမြဲလျှင် ထွန်းတောက်ခြင်းအမှု ဖြစ်လေရကား အလုံးစုံသော သက်ရှိ သက်မဲ့ ရုပ်တုံး ရုပ်ခဲစုသည် အမြဲလျှင် တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် တောက်ထွန်းပွားစီး၍ နေ၏။ မိမိကိုယ်၌ ဦးနှောက်ခဲ မျက်လုံးခဲစုမှ စ၍ ခြေဖဝါးထိ ဓာတ်ပေါက်အောင် ကြည့်လေ။ တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် ထင်မြင်သော အရာမျိုး၌ ကိုယ်ခန္ဓာနှင့် အပြည့်ရှိသော ဓာတ်မီးသည် အသစ် အသစ်သော ရုပ်တို့ကိုလည်း ကိုယ်ခန္ဓာနှင့် အပြည့်ပင် ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်သမျှကိုလည်း ခဏချင်းလောင်၍ ကွယ်ပျောက်စေ၏။ ဤသို့ အဟောင်းကွယ်ပျောက်မှုနှင့် အသစ်ဖြစ်ပေါ်မှုအတွက် တသိမ့်သိမ့် ထင်ရလေသည်။

**ဖြစ်ပျက်ဆင်ခြင်ရာ၌ အနှောင့်အယှက်**

ပရမတ္ထဓမ္မတို့၌ မျက်စိဖြင့် မြင်ကောင်းလောက်အောင် လှုပ်ရှားသောတရားဟူ၍ တစ်ခုမျှမရှိ။ အသစ် အသစ် ဖြစ်ပေါ်မှုနှင့် အဟောင်း အဟောင်း ကွယ်ပျောက်မှု ရောယှက်၍နေသော အရာစုမှာ မျက်မြင်အားဖြင့် လှုပ်သည်ဟု ထင်ရသည်၊ ထသည်ဟု ကြွသည်ဟု ကျသည်ဟု သွားသည်ဟု လာသည်ဟု ထင်ရသည်။ အစိတ်စိတ် ခွာတ် ပေါက်အောင် မြင်သော ဉာဏ်ရှိမှ ထိုအထင်ကို ပယ်ဖျောက်နိုင်သည်။ ထိုဉာဏ်သည် လည်း အားမရှိသေးသောအခါ၌ ထိုဉာဏ်ကိုပင် ထိုအထင်လိုက်၍ ဖျက်တတ်သေးသည်။ မိမိကိုယ်ခန္ဓာအတွင်း၌ ဉာဏ်ကိုသွင်း၍ ဓာတ်သဘာဝ သက်သက်ကို ကြည့်မည်ဟု ကြည့်သောအခါ ထိုအထင်လိုက်၍ ဖျက်သည်ရှိသော် ဓာတ်သဘာဝသက်သက် ကိုဆိုက်အောင် မစူးဘဲ သမူဟသဏ္ဌာနပညတ်တို့က ခုခံ၍ နေတတ်သည်။

**သမူဟနှင့် သဏ္ဌာနပညတ်**

သမူဟ၊ သဏ္ဌာန ပညတ်ဟူသည်ကား အထည်ဓာတ်တည်း။ ရှုသောဉာဏ်သည် အထည်ဒြပ်နှင့် တိုက်၍ နေလျှင် ပရမတ်အစစ်သို့ မဆိုက်နိုင်ပြီ။

**သန္တတိပညတ်စသည်နှင့် ပရမတ်ကို ကွဲအောင်ရှုပုံ**

သန္တတိပညတ်ဆိုသည်ကား နိဗ္ဗာန်မှ တစ်ပါးသော ပရမတ်စစ်တို့မည်သည် မျက်တောင်တစ်ခတ်မျှ အသက်ရှည်သော တရားဟူ၍ တစ်ခုမျှမရှိ။ဖြစ်ပျက် ဖြစ်ပျက်တို့ချည်းသာတည်း။ ထိုသို့ဖြစ်ပါလျက် ပျက်မှု ဖြစ်မှု ရောယှက်၍နေသောအခါ ပျက်ဆုံးလေသော အဟောင်းစုနှင့် နောက်ဖြစ်အသစ်စုကို တစ်ခုတည်း မှတ်ယူ၍ တစ်ခုတည်း ထင်၍နေသော ပညတ်သည် သန္တတိပညတ်မည်၏။ ဉာဏ်၌ ဤသန္တတိပညတ်ဝင်၍ ဖျက်သောအခါ တစ်ခုသောတရားသည်ပင် သည်လို ဖြစ်ပြန်သည်၊ ဟိုလိုဖြစ်ပြန်သည်၊ သည်သို့ ရောက်ပြန်သည်၊ ဟိုသို့ ရောက်ပြန်သည်၊ လှုပ်သည် ကြွသည် ထသည် စသည်ဖြင့် ထင်ရလေသတည်း။ ထို့ကြောင့် ထိုသမူဟပညတ် သဏ္ဌာန ပညတ် သန္တတိပညတ်စုနှင့် ပရမတ်အစစ်ကို ကွဲအောင် ခွဲ၍ရှုလေ။

ဤကား တသိမ့်သိမ့် တအိမ့်အိမ့် တလှုပ်လှုပ် တလှက်လှက် ထင်သမျှ၌ ပညတ်မှု ထွေးယှက်ချက်ကို ပြဆိုသော စကားစုတည်း။

**ဥတုနှင့် တေဇော သဘောထပ်တူဖြစ်ခြင်း**

ကျမ်းဂန်တို့၌ ဥတုဟူ၍ ခေါ်ဆိုသော ဤ ဓာတ်မီး၏ အခြင်းအရာ တန်ခိုးအာနုဘော်ကို တေဇောဓာတ်အခန်းက လည်း အတန်ငယ် ဆိုခဲ့ပြီ။ ထိုအခန်း၌ဆိုခဲ့သော အရာစု

နှင့် ဤဥတုအရာ၌ အနည်းငယ် ပြဆိုလိုက်သော အရာစုကို အကုန်မြင်လျှင်ပင် ဥတု ဟူသော ဤ ဓာတ်မီး၏ ကြီးကျယ် ဆန်းကြယ်မှု၊ ဆိုခဲ့ပြီးသော လောကသုံးပါး၌ ဤ ဓာတ်မီးသည်သာ အချုပ်အခြာဖြစ်ကြောင်း၊ လောကသုံးပါးသည် ဓာတ်မီး၏ အစီးအပွားသာ ဖြစ်ကြောင်းတို့ကို ဓာတ်ပေါက်အောင် မြင်လိမ့်မည်။

ဤတွင်ရွေ့ကား ဤကိုယ်ကြီးသည် ဓာတ်မီး၏ အစီးအပွားသာ ဖြစ်၏ဟူသော တတိယ မာတိကာပုဒ်၏ အဓိပ္ပာယ်ပြီး၏။

----------

## ၄–စတုတ္ထမာတိကာ အာဟာရသြဇာဓာတ်ဆီ

အယံ ကာယော–ဤကိုယ်ကောင်ကြီးကို၊ အာဟာရေဟိ–ဆယ်မျိုးသော ဓာတ်ဆီတို့သည်၊ ထမ္ဘိတော–အမြဲမပြတ် ထောက်ပံ့အပ်၏ဟူသော စတုတ္ထ မာတိကာ ပုဒ်၌ ကျမ်းဂန်တို့၌ သြဇာဟူ၍လည်းကောင်း၊ အာဟာရ ဟူ၍လည်းကောင်း ခေါ်ဆို အပ်သော ပရမတ်ရုပ်ဆီသည် ရှိ၏။ ထိုရုပ်ဆီကို ဓာတ်ဆီဆိုသတည်း။

**သြဇာမည်ပုံနှင့် အာဟာရမည်ပုံ** ထိုဓာတ်ဆီသည် "ဥဒယာနန္တရံ ရူပံ ဇနေတီတိ သြဇာ၊ သြဇဋ္ဌမကံ ရူပံ အာဟရတီတိ အာဟာရော" ဟူသော ဝိဂြိုဟ်နှစ်ရပ်ကြောင့် သြဇာမည်၏။ အာဟာရလည်း မည်၏။

ဥဒယာနန္တရံ–မိမိ ဥပါဒ်သည်၏ အခြားမဲ့၌၊ ရူပံ–ရုပ်ကို၊ ဇနေတိ–ဖြစ်ပွားစေ တတ်၏။ ဣတိ–ဤသို့သော အကြောင်းကြောင့်၊ သြဇာ–သြဇာမည်၏။

သြဇဋ္ဌမကံ–သြဇာလျှင် ရှစ်ခုမြောက်ရှိသော၊ ရူပံ–အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုကို၊ အာဟရတိ–လွန်စွာ ဆောင်တတ် ဖြစ်ပွားစေတတ်၏။ ဣတိ–ဤသို့သော အကြောင်းကြောင့်၊ အာဟာရော–အာဟာရမည်၏။ (ကျမ်းဂန်တို့၌ ပြဆိုသော ဝိဂြိုဟ်နှစ်ရပ်)

**သြဇာဓာတ်ဆီ ၂–ပါး** ထိုဓာတ်ဆီသည် အဇ္ဈတ္တဓာတ်ဆီ၊ ဗဟိဒ္ဓဓာတ်ဆီ ဟူ၍ နှစ်ပါးရှိ၏။

**သြဇာဓာတ်ဆီ ၁၀–ပါး** အဇ္ဈတ္တဓာတ်မီးရှစ်ပါး၊ ဗဟိဒ္ဓဓာတ်မီး နှစ်ပါးဟူ၍ ဓာတ်မီးဆယ်ပါး ပြားရကား ထိုဓာတ်မီး၏ အဖက်ဖြစ်သော ဓာတ်ဆီလည်း ဆယ်ပါးပင် ပြား၏။

**ဖြစ်စေခြင်း ကိစ္စ** ထိုဓာတ်ဆီသည် အာဟာရဇရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စ၊ ကာမဘုံသားတို့၏ စတုသမုဋ္ဌာနိက ရုပ်ခန္ဓာကို ထောက်ပံ့မှုကိစ္စတို့တွင် မေဒေါ–အဆီပြင် အဆီခဲ၊ ဝသာ–အဆီကြည်၊ ဤအဆီနှစ်မျိုး တို့ကို ဖြစ်ပွားစေခြင်းအမှုသည် အာဟာရဇ ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စမည်၏။

**အသက်မွေးမှုဝမ်းရေး ကြီးကျယ်ပုံ**

ကာမဘုံသားတို့၏ ရုပ်ခန္ဓာသည် အစာအာဟာရနှင့်ကင်း၍ မျက်တောင်တစ်ခတ်မျှ မတည်နိုင်။ ထိုသို့ မတည်နိုင်သောကြောင့်ပင်လျှင် လောက၌ အသက်မွေးမှုဟူသော ကိစ္စသည် အကြီးအကျယ်ဆုံးသော ကိစ္စဖြစ်သတည်း။ ကုန်းသတ္တဝါ ရေသတ္တဝါ အပေါင်းတို့၏ အသက်ရှည်သမျှ နေ့နေ့ ညည လှုပ်လှုပ်ရွရွ အားထုတ်ကြရသော အမှုတွေကို အနှံ့အပြား မြင်နိုင်ပါလျှင် အသက်မွေးမှု ကြီးကျယ်ကြောင်းကို မြင်လိမ့်မည်။ အသက်မွေးမှု ကြီးကျယ်ကြောင်းကို မြင်နိုင်ပါလျှင် အစာ အာဟာရမှု ကြီးကျယ်ကြောင်းကို မြင်လိမ့်မည်။ အစာအာဟာရမှု ကြီးကျယ်ကြောင်းကို မြင်လျှင် ဤဓာတ်ဆီ၏ ထောက်ပံ့မှု ကြီးကျယ်ကြောင်းကိုလည်းကောင်း၊ အဇ္ဈတ္တ၊ ရုပ်ခန္ဓာတို့၏ မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ ဗဟိဒ္ဓဓာတ်ဆီ ထောက်ပံ့မှုနှင့် ကင်း၍ မတည်နိုင်ကြောင်းကိုလည်းကောင်း မြင်နိုင်လိမ့်မည်။

ဥပမာကား– ဤခန္ဓာကိုယ်၌ရှိသော ခက်မာမှု နူးညံ့မှုဟူသော မြေဓာတ်၊ ဖွဲ့စည်းမှု ယိုစီးမှုဟူသော ရေဓာတ်၊ ပူမှု အေးမှုဟူသော မီးဓာတ်၊ တောင့်တင်းစွာ ထောက်ကန်မှု လျော့ရဲစွာ ထောက်ကန်မှုဟူသော လေဓာတ်၊ ဤဓာတ်ကြီးလေးပါးသည် မှန်ထဲ၌ထင်သော လူရိပ်၊ ရေထဲ၌ထင်သော နေရိပ် လရိပ် တိမ်ရိပ် မိုးရိပ်နှင့်တူသည် ဟူသော အောက်က ပြဆိုခဲ့ပြီးသောအရာကို နှလုံးသွင်း၍ထား။

**စို့သက်တံဥပမာနှင့် ဖြစ်ပျက်ရှုပုံ**

ကောင်းကင်၌ စို့သက်တံမည်သည်ရှိ၏။ ထွန်ကိုင်းဟူ၍လည်းကောင်း၊ သိကြားမင်း၏ ပုဆိုးဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ၏။ ထိုစို့သက်တံဟူသော သဏ္ဌာန်ဒြပ်သည် အရှေ့က နေရောင်၊ အနောက်က မိုးတိမ်တိုက်ရှိလျှင် အနောက်မိုးတိမ်တိုက်အပြင်မှာ ထင်ပေါ်၏။ အနောက်က နေရောင်၊ အရှေ့က မိုးတိမ်တိုက်ရှိလျှင် အရှေ့မိုးတိမ်တိုက်အပြင်မှာ ထင်ပေါ်၏။ နေမှ ဖြစ်သည်ဖြစ်၍ နေပျောက်လျှင် ပျောက်ကွယ်၏။ မိုးတိမ်တိုက်ကို မှီရမှ ဖြစ်နိုင်သည်ဖြစ်၍ မိုးတိမ်တိုက် ပျောက်ပျက်လျှင် ပျောက်ကွယ်၏။ နေဝန်းသည် ထိုသဏ္ဌာန်ကို ဖြစ်ပေါ်စေမှုဖြင့် ကျေးဇူးပြု၏။ မိုးတိမ်တိုက်သည် ထိုသဏ္ဌာန်ကို ထောက်ပံ့မှုဖြင့် ကျေးဇူးပြု၏။ အကြင်အရပ်အစိတ်၌ နေရောင် ပျောက်၏။ ထိုအရပ်အစိတ်၌ ထိုသဏ္ဌာန်သည် အပိုင်းပိုင်းပြတ်၍ ကွယ်ပျောက်၏။ နေရောင် လုံးလုံး ကွယ်ပျောက်လျှင် လုံးလုံး ကွယ်ပျောက်၏။ အကြင်အရပ်စိတ်၌ တိမ်တိုက် ပျောက်ပျက်၏။ ထိုအရပ်စိတ်၌ ထိုသဏ္ဌာန်သည် အပိုင်းပိုင်းပြတ်၍ ပျောက်ကွယ်၏။ တိမ်တိုက်ပါးရားသောနေရာ၌ ပါးရား၍ သွား၏။ နေရောင်ပင် ထင်ရှားရှိသော်လည်း ထောက်ပံ့သော တိမ်တိုက်ကွယ်ပျောက်လျှင် ခဏချင်း ကွယ်ပျောက်လေ၏။

# ဥပမာနှင့် ဥပမေယျ ဟပ်ပြပုံ

ဤ ဥပမာ၌– နေဝန်းသဏ္ဍာန်နှင့် ရေးကံဟောင်း တူသည်။

ထိုနေဝန်းမှထွက်သော နေရောင်ခြည်နှင့် တစ်ကိုယ်လုံးရှိ ကမ္မဇ ဓာတ်မီး သည်လည်းကောင်း၊ ထိုကမ္မဇဓာတ်မီးနှင့် စပ်သော စိတ္တဇဓာတ်မီး ဥတုဇဓာတ်မီး အာဟာရဇဓာတ်မီးသည်လည်းကောင်း တူသည်။

ကောင်းကင်တစ်ခွင်လုံး ပျံ့နှံ့၍ တည်သော မိုးတိမ်တိုက် အပြင်ကြီးနှင့် တစ်ကိုယ်လုံးရှိ ဓာတ်ဆီစု တူသည်။

စို့သက်တံသဏ္ဍာန်ကြီးနှင့် ခန္ဓာကိုယ်၌ ဆိုခဲ့ပြီးသော မဟာဘုတ်ဓာတ်ကြီး လေးပါး တူသည်။

တိမ်တိုက်နှင့် ဓာတ်ဆီစု တူသည် ဟူသော စကားမှာ ထောက်ပံ့မှု တူသည် ကို ဆိုလိုရင်းတည်း။

**ခန္ဓာကြီးချုပ်ပျက်ပုံ**

ကံသည်လည်းကောင်း၊ ကမ္မဇဓာတ်မီးသည်လည်းကောင်း ကုန်ခဲ့သည်ရှိသော် ဓာတ်ဆီထင်ရှားရှိသော်လည်း ကိုယ်ခန္ဓာ မဟာဘုတ်ခဲကြီးသည် ပျက်ဆုံးတော့သည်။

ကံပင် ထင်ရှားရှိသော်လည်း အစာရေစာပြတ်၍ ဇဟိဒ္ဓဓာတ်ဆီ အလျင်းပြတ် ခဲ့သည်ရှိသော် အဇ္ဈတ္တဓာတ်ဆီတို့သည် အားကုန်၍ ထိုခဏမှာ ကိုယ်ခန္ဓာ မဟာဘုတ် ခဲကြီး ပျက်စီးရတော့သည်။

စို့သက်တံကြီးမှာ ဆိုခဲ့သမျှနှင့် အကုန်လုံး စုံအောင် စပ်၍ သိလေ။

ဓာတ်ကြီးလေးပါးခန်း၌ မှန်၌ထင်သော အရိပ်ဥပမာ၊ ရေ၌ထင်သော အရိပ် ဥပမာ၊ လူမျက်နှာ နေဝန်း လဝန်း တိမ်တိုက်တို့နှင့် ကံသည်လည်းကောင်း၊ ဓာတ်မီး စုသည်လည်းကောင်း တူ၏။

မှန်အပြင် ရေအပြင်နှင့် ဓာတ်ဆီစု တူ၏။

မှန်အပြင် ရေအပြင်၌ ထင်သော လူရိပ် မျက်နှာရိပ်၊ နေဝန်းသဏ္ဍာန် လဝန်း သဏ္ဍာန် တိမ်တိုက်ကြီးသဏ္ဍာန်စုနှင့် ကိုယ်ခန္ဓာ ဖြစ်၍နေသော ဓာတ်ကြီးလေးပါး တူ၏။

ဤ ဥပမာ၌လည်း· ထောက်ပံ့ ခံမှု တူသည်ကို ယူ။

ဤမျှသော ဥပမာတို့ဖြင့် ဓာတ်ကြီးလေးပါး၊ ဓာတ်ကြည် ခြောက်ပါးတို့၏ အစုအခဲဖြစ်သော ဤခန္ဓာကိုယ်သည် ဇဟိဒ္ဓဓာတ်ဆီ ထောက်ပံ့မှုနှင့် တည်နေရသည်။ ဇဟိဒ္ဓဓာတ်ဆီ ယောက်ပံ့မှုကင်းလျှင် ခဏချင်း ပျက်ဆုံးရတော့သည်ဟု ပြလိုက်သည်။

**ဩဇာဓာတ်ဆီက ခန္ဓာကိုယ်ကို ထောက်ပံ့ပုံ**

ယခုအခါ ထောက်ပံ့ပုံကို ဆိုအံ့။လောက၌ အဆီနှင့် မီးသည် အဖက်ပေတည်း။ အဆီဟူသမျှတို့သည် မီးနှင့် ပေါင်းဖက်မှ ပွားများနိုင်ကုန်၏။ မီးတို့သည် လည်း အဆီနှင့် ပေါင်းဖက်ရမှ ပွားများနိုင်ကုန်၏၊ တည်နေနိုင်ကုန်၏။ မြေဆီဟုဆို အပ်သော ရေနံချေး၊ ရေနံဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ အုန်းဆီ၊ ပဲဆီ၊ သတ္တဝါမှဖြစ်သော ထောပတ်ဆီ အစရှိသော အဆီမျိုးတို့သည် မီးကို ပွားစီးစေတတ်ကုန်၏။ မီးသည် ထိုအဆီနှင့်နေရမှ ပွားစီးနိုင်သည်။ ဤကား ထင်ရှားသော ဆီအစုကို ဆိုလိုက်သော စကားတည်း။

**ရုပ်ကလာပ်တိုင်း၌ ဩဇာပါပုံ**

ဩဇာဟုဆိုအပ်သော ထိုရုပ်ဆီသည် ခပ်သိမ်းသော ရုပ်ကလာပ်စုမှာပင် ပါရှိသတည်း။ ခပ်သိမ်းသော ဝတ္ထုမျိုး၌ပင်လျှင် ဓာတ်ဆီရှိ၏။ အဝတ် ပုဆိုး မြက် သစ်ရွက် ထင်း သစ်သား စသော ထိုထိုဝတ္ထုတို့ကို မီးလောင်ရာ၌ ထိုထို ဝတ္ထုတို့၌ရှိသော ဓာတ်ဆီသည်သာ မီး၏ အစာပေတည်း။ မီးသည် ဓာတ်ဆီကို အစဉ်လိုက်၍ ပွားများ၍ သွားလေရာ ထိုဓာတ်ဆီနှင့်တကွ ဖြစ်သောရုပ်တို့ကို လောင်၍ သွားတော့သည်သာ တည်း။ မြင်အောင်ကြည့်။

**မီးစာတိုင်ဥပမာဖြင့် ခန္ဓာကိုယ်၌ ဖြစ်ပျက်ရှုပုံ**

ညအခါ ဓာတ်သဘင်ခံရာ၌ အလယ်၌ ကြီးစွာသော မီးစာတိုင်ကြီးကို လုပ်၍ အိုးခင်းကြီးစွာနှင့် ထားပြီးလျှင် ဆီ ရေနံ လောင်း၍ မီးထွန်းကြ၏။ ထိုသို့ ထွန်းရာ၌ မီးတောက်၏။ အသက်သည် ရေနံဆီမှာ နေ၏။ ရေနံဆီ အားကြီးလျှင် မီးတောက်အားကြီး၏။ ရေနံဆီလျော့ပါးလျှင် မီးတောက်လျော့ပါး၏။ ရေနံကုန်ခဲ့လျှင် မီးတောက် ကွယ်ပျောက်လေ၏။

ထို့အတူ ဤကိုယ်ခန္ဓာဖြစ်၍နေသော မြေဓာတ်ကြီး ရေဓာတ်ကြီး လေဓာတ်ကြီး အကြည်ဓာတ် ခြောက်ပါး အလုံးစုံသည် မီးစာတိုင်ကြီးနှင့် တူ၏။ ကိုယ်နှင့် အပြည့်ရှိနေသော အဇ္ဈတ္တဓာတ်ဆီစုသည် မီးစာတိုင်ကြီးအတွင်းမှာ ရှိနှင့်ရင်း ဓာတ်ဆီစုနှင့် တူ၏။ တစ်ကိုယ်လုံးနှင့် အပြည့်ရှိနေသော အဇ္ဈတ္တဓာတ်မီးစုသည် ထိုမီးစာတိုင်ကြီးမှာ အတွင်းအပြင်အနှံ့ စွဲကပ်၍ တောက်နေသော မီးတောက်နှင့် တူ၏။ သတ္တဝါတို့၌ နေ့စဉ်စားအပ် သောက်မျိုအပ်သော အစာတွင်ပါသော ဗဟိဒ္ဓဓာတ်ဆီစုသည် ထိုမီးတိုင်ကြီးမှာ မပြတ်မပြတ် ထပ်မနား လောင်းရသော ရေနံဆီနှင့် တူ၏။

အထက် သက်တံရေးဥပမာဖြင့် ဓာတ်ဆီ ထောက်ပံ့မှု ကြီးကျယ်ကြောင်းကို ပြသည်။ နောက် မီးစာတိုင်ကြီး ဥပမာဖြင့် ဓာတ်ဆီ၏ ရုပ်ကလာပ်တို့ကို ဖြစ်စေမှုနှင့် တကွ ထောက်ပံ့မှုကိုပင် ပြသည်။

**ရုပ်ဟူသမျှ၌ သြဇာဓာတ်ဆီပါခြင်း**

ထင်ရှားစေဦးအံ့ ဝမ်း၌ မျိုသမျှသော အစာရေစာမည်သည် အဌကလာပ်၊ ရုပ်စု ရုပ်ခဲသာတည်း။ ကလာပ်တိုင်း ကလာပ်တိုင်းမှာလည်း မဟာဘုတ်ကြီးလေးပါးကို ထောက်ပံ့သော သြဇာဟူသော ဓာတ်ဆီသည်ပါမြဲဓမ္မတာပေတည်း။ ထို့ကြောင့် ထမင်းအစာ တစ်ပြည်သားရှိလျှင် သြဇာဟူသော ဓာတ်ဆီလည်း တစ်ပြည်သားပင်ရှိသည်ဟု ပရိယာယ်အားဖြင့် ဆိုထိုက်၏။

**အိမ်အိုနှင့် ထောက်တိုင်ဥပမာ**

တိုင်မြေဝင်ဆွေးမြည့်၍ လဲလုလု ပြိုလုလုရှိနေသောအိမ်အိုကြီးကို ခိုင်ခံ့သော ထောက်တိုင်သစ်တို့ ထောက်ကူ ထမ်းဆောင်နေသကဲ့သို့ မျိုမျိုသမျှသော အာဟာရဓာတ်ဆီတို့သည် အစာသစ်အိမ်၌ တည်သည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံးရှိ အဇ္ဈတ္တရုပ်တို့ကို ထောက်ပံ့ ထမ်းဆောင်ပေကုန်၏။ အိမ်အိုကြီးမှာ ထောက်တိုင်စု ယိမ်းယိုင်လျော့ရဲလျှင် တစ်အိမ်လုံး ယိမ်းယိုင် လျော့ရဲသကဲ့သို့လည်းကောင်း၊ ထောက်တိုင်စု ပြိုလဲလျှင် တစ်အိမ်လုံး ပြိုလဲသကဲ့သို့လည်းကောင်း၊ ထိုအစာသစ်တို့သည် ခြောက်နာရီ၊ ခုနစ်နာရီမျှ သစ်သစ်လတ်လတ် တည်နေလျက် ထောက်ပံ့ထမ်းဆောင်၍ ခြောက်နာရီ၊ ခုနစ် နာရီ ကျော်သည်မှစ၍ တရွေ့ရွေ့ ပုပ်သိုးယိမ်းယိုင် လျော့ပါးသောအခါ တစ်ကိုယ်လုံးရှိ အဇ္ဈတ္တရုပ်နှ ဓာတ်နှ ကလာပ်နှတို့သည် တရွေ့ရွေ့ ယိမ်းယိုင် လျော့ရဲ ပြိုပျက်ပျောက်ဆုံးကြလေကုန်၏။ အစာသစ်အိမ်၌ အစာသက်ကုန်လျှင် အတွင်းဓာတ်နှစုအကုန် ပျက်ဆုံးလေ၏။ မတကဠေဝရ[၁] ဟု ဆိုအပ်သော ဥတုဇဓာတ်ကြမ်းစုသာ ကျန်လေ၏။

**အာဟာရသြဇာ လိုအပ်ပုံ**

အစာသစ်အိမ်၌ အစာသစ်အလျဉ် မပြတ်မီ စောစောက တင်ကူး၍ တစ်နေ့လျှင် တစ်ထပ် တစ်ထပ်ကျသော်လည်းကောင်း၊ နှစ်ထပ် နှစ်ထပ်ကျသော်လည်းကောင်း မျိုသွင်းခြင်းကို ပြုကြရကုန်၏။ လူတို့ကား ထမင်းဆာ၍ အားခွန်ဗလ လျော့ရဲသည် ဟူ၍သာ သိကြကုန်၏။ အစာသစ် အိမ်မှာ အစာလျော့ပါးသည်မှစ၍ အတွင်းရုပ်ခဲ၊ ဓာတ်ခဲ၊ ကလာပ်ခဲ၊ အသက်ခဲ၊ အားခဲ၊ အင်ခဲတို့ တရွေ့ရွေ့ ပြိုပျက်ကွယ်ဆုံး၍ သွားသည်ကိုမူကား မသိရှာကြလေကုန်။

---

၁။ မတ + ကဠေဝရ။ (မတ–သူသေ၊ ကဠေဝရ–ခန္ဓာကိုယ်အတ္တဘော)
သူသေကောင် = အလောင်းကောင်

**ရုပ်ခန္ဓာပျက်ပုံနှင့် ဥပမာများ**

စို့သက်တံဥပမာ၌ အခံတိမ်တိုက် အခြေအနေပျက်လျှင် စို့သက်တံသဏ္ဍာန်ကြီး အခြေအနေပျက်သကဲ့သို့ အစာသစ်အိမ်ရှိ အစာဓာတ်ဆီ နှမ်းနယ်လျော့ပါး၍ သွားလျှင် တစ်ကိုယ်လုံးရှိ မာမှုဟူသော အခြင်းအရာကြီး တရွေ့ရွေ့ လျော့ပါးပြိုပျက်၍ လိုက်မှု၊ ဖွဲ့စည်းမှုဟူသော ရေဓာတ်ပြိုပျက်၍ လိုက်မှု၊ ပူမှု အေးမှုဟူသော မီးဓာတ် ပြိုပျက်၍ လိုက်မှု၊ တောင့်တင်းခိုင်မာမှုဟူသော လေဓာတ် ပြိုပျက်၍ လိုက်မှု၊ စက္ခု ဟူသော အကြည်ဓာတ်၊ သောတဟူသော အကြည်ဓာတ်၊ ဃာနဟူသော အကြည်ဓာတ်၊ ဇိဝှါ ဟူသော အကြည်ဓာတ်၊ ကာယဟူသော အကြည်ဓာတ်၊ မနောဟူသော အကြည် ဓာတ်တို့ ပြိုပျက်၍ လိုက်မှု၊ ဦးခေါင်းအတွင်း၌ရှိသော ဓာတ်နုစု၊ ရင်တွင်း၌ရှိသော ဓာတ်နုစု၊ ဝမ်းတွင်း၌ရှိသော ဓာတ်နုစု၊ ခါးတွင်း ပေါင်တွင်း သားလုံးတွင်း ခြေဖဝါး တွင်း၌ရှိသော ရုပ်နု ဓာတ်နု ကလာပ်နုစုတို့သည် ရေမြှုပ်ကြီးတွေ ဖြုတ်ဖြုတ် ဖြုတ် ဖြုတ် ကြေပျက်ဘိသကဲ့သို့ ကြေပျက်ကြမှုကို အတတ်မြင်အောင် ကြည့်လေ။

ထောက်တိုင်စုကြီး ယိုင်လျှင် တစ်အိမ်လုံး စင်းလုံး ယိုင်သကဲ့သို့ အစာသစ် အိမ်ရှိ အစာဓာတ်ဆီ ယိုင်လျှင် တစ်ကိုယ်လုံးရှိ အတွင်းဓာတ်နုစု စင်းလုံးယိုင်မှုကို လည်း မြင်အောင် ကြည့်လေ။

**ရုပ်ခဲတွေပျက်ပုံ**

ထမင်းဆာ၍ အားအင်လျော့ပါးသည်ဟု ဆိုသောအခါ ကိုယ်တွင်း၌ အားဟု ဆိုအပ်သော ကလာပ်ခဲ ဓာတ်ခဲ ရုပ်ခဲတို့သည် ဆီးနှင်းခဲ ကြေသကဲ့သို့ ကြေပျောက် လျော့ ပါးမှုပေတည်း။ ထမင်းဆာသူမှာ မျက်နှာ မျက်လုံး စသည်တို့ နှမ်းနယ်လျော့ပါး၍ နေသည်ကို မျက်မြင်နှင့်ပင် သိသာ၏။ ထိုသို့ ပြင်ပသဏ္ဍာန်မှာ လျော့လျော့ပါးပါး ထင်မြင်ရသောအခါ အတွင်းသဏ္ဍာန်တစ်ခွင်လုံးမှာ ရုပ်ခဲ ဓာတ်ခဲ ကလာပ်ခဲတွေ ကြေပျောက် ပျက်ဆုံးခြင်း အားကြီးလှ၍ အကျန်ဓာတ်စု လျော့ပါးမှုကို ထိုးထွင်း၍ သိရသည်။

**ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ပျက်ပုံ**

မာမှုအဆင့်ဆင့် ပြောင်းလဲ၍ သွားသည်ကို ပရမတ္ထအရာ၌ ပထဝီဓာတ် အဆင့်ဆင့် ချုပ်ပျောက် ကွယ်ဆုံးမှုဆိုသည်။ ဖွဲ့စည်းမှုအဆင့်ဆင့် ရွေ့ပြောင်းသည်ကို အာပေါ ဓာတ်အဆင့်ဆင့် ချုပ်ပျက်မှုဆိုသည်။ ကြွင်းသောဓာတ်တို့ ချုပ်ပျက်မှုကိုလည်း ဤ နည်းတူချည်း မှတ်။ လျော့ပါး ပျက်ပြုန်းပုံ ပြီး၏။

**အာဟာရ၏ ထောက်ပံ့မှု**

ထိုသို့ လျော့ပါး၍သွားသောအခါ အလွန်ကြီး မလျော့ပါးမီ ထိုထမင်းအစာကို မျိုကြရသည်။ မျို၍ အစာအိမ်၌ ထမင်း အစာတည်သည်နှင့် တစ်ပြိုင်နက် ယိမ်းယိုင်ယိုယွင်း၍

နေသော အိမ်အိုကြီးကို ခဏချင်း ပင့်ချီမြှောက်ကြွ၍ ထောက်လိုက်သောအခါကဲ့သို့ တစ်ကိုယ်လုံးရှိ ဓာတ်ကြီးလေးပါးတို့သည် ခဏချင်း တောင့်တင်းပြည့်ဖြိုး၍ ကုန်ပြန်၏။ အားခဲ အင်ခဲ အသက်ခဲတို့သည် ခဏချင်း ပြည့်မြဲပြည့်ပြန်၏။ ကိုယ်တွေ့ မျက်မြင်မှာလည်း ထင်ရှားပါ၏။ အတွင်းကို ပေါက်အောင်ကြည့်လျှင် မိုးကြီးရွာ၍ ခဏချင်း အင်းကွက် အိုင်ကွက် ချောင်းကွက် မြောင်းကွက် ရေတွေ ပြည့်သကဲ့သို့ အတွင်း သဏ္ဍာန်ကြီးငယ်စု ခဏချင်း ရုပ်ကလာပ် ပြည့်၍ ကုန်သည်ကို မြင်နိုင်လတ္တံ့။

**ဤကား တစ်ကိုယ်လုံးကို ဓာတ်ဆီ ထောက်ပံ့ပုံတည်း။**

--------

## ဝမ်းမီးကျိုချက်မှုကို ပြခြင်း

**ပါစကတေဇောတည်ရာ တကျည်းဟုခေါ်သော အကြောဆုံ ဓာတ်မီးအိုး**

အစာသစ်အိမ်ဟု ဆိုအပ်သော အူမကြီးသည် အလွန်ကျဲရဲရှိသော ပုဆိုးကြမ်း ဖျင်ကြမ်း ပိတ်ကြမ်းအလား ရှိ၏။ ထိုအစာသစ်အိမ်၏ အောက်က ပါစကဓာတ်မီးအိုး တည်၏။ လောက၌ "တကျည်း"ဟူ၍ ခေါ်ကြသော အကြောဆုံကြီးကို "ဓာတ်မီးအိုး" ဆိုသည်။ ထိုဓာတ်မီးအိုး၌ ပါစကခေါ်သော ကမ္မဇဓာတ်မီးသည် တည်၏။

**ဥသ္မာတေဇော**

တစ်ကိုယ်လုံးကို စောင့်ရှောက်ပေသော "ဥသ္မာ" ခေါ်သော ပကတိ ကိုယ်ငွေ့ကြီးဟု ဆိုအပ်သော ကမ္မဇဓာတ်မီးကြီးသည်လည်း ထိုပါစကဓာတ်မီး၏ အစီးအပွားပင်တည်း။

**ပါစကတေဇောခေါ် ဝမ်းမီးကျိုချက်မှုကြောင့် ရုပ်ဝတ္ထု ၄-မျိုးဖြစ်ခြင်း**

အစာသစ်အိမ်၌ ရောက်သမျှသော အစာသစ်တို့ကို ဓာတ်မီးအိုးမှာ ဓာတ်မီးသည် ထ၍ ကျိုချက်ပေ၏။ ကျိုချက်ဆိုသည်ကား လောက၌ နွားနို့ ဆိတ်နို့ စသည်တို့ကို ဆီဦးထောပတ်ဖြစ်အောင် ကျိုချက်သကဲ့သို့တည်း။ ထိုသို့ ကျိုချက်ရာ၌ အဖတ်န အဖတ်ကြမ်း၊ အရည်န အရည်ကြမ်းဟူ၍ လေးပုံထွက်၏။ သြဇာနည်းလှသော အဖတ်ကြမ်း အရည်ကြမ်းစုသည် အောက်သို့ကျလေ၏။ သြဇာရှိသော အဆီအစေးစုသည် အထက်သို့တက်၏။ ထို့အတူ အစာသစ်အိမ်၌ ရောက်သမျှသော အရည်အဖတ်တို့ကို အကြမ်းအန ခြားနား၍ သွားအောင် ကျိုချက်၍ စစ်မှုကို ဝမ်းမီး ကျိုချက်မှု ဆိုသည်။

**ကျင်ကြီး ကျယ်ငယ်အစု**

အဖတ်ကြမ်းစုသည် ကျင်ကြီးဖြစ်၍ အစာဟောင်းအိမ်သို့ လျှောကျလေ၏။ အရည်ကြမ်းစုသည် ကျင်ငယ်ဖြစ်၍ ဆီးအိမ်သို့ လျှောဝင်လေ၏။

**သြဇာဓာတ်ပျံ့နှံ့ပုံ**

အစာ၌ပါသမျှသော အဆီအနှစ်စုသည် ပါစကဓာတ်မီး ဥသ္မာဓာတ်မီးတို့၏ အဟုန်ဖြင့် ဆူဝေ၍ ရသဟရဏီ ကြော တစ်ထောင်သို့ အစဉ်လျှောက်သဖြင့် တစ်ကိုယ်လုံး ပျံ့နှံ့လေ၏။ ထိုသို့ ပျံ့နှံ့သောအခါ ရောက်ရာ ရောက်ရာဌာန၌ တစ်ကိုယ်လုံးရှိ ဓာတ်မီးနှင့် ပေါင်းမိကြလေ၏။ ထိုသို့ ပေါင်းမိသောအခါ လောက၌ မီးနှင့်ကင်ရာ မီးနှင့်ချက်ရာ အဆီဟူသမျှသည် ပွားစီးသကဲ့သို့ ကိုယ်စောင့် ဓာတ်မီးတို့နှင့် ပေါင်းမိရာ၌ ဓာတ်ဆီသည် ရုပ်ကလာပ်တို့ကို ပွားများစေ၏။ အဆီပြင် အဆီခဲ အဆီကြည်တို့ကို ပွားစေ၏။ လောက၌ အဆီနှင့် ပေါင်းမိသောအခါ မီးတို့သည် လျှမ်းလျှမ်းတောက် ပွားစီးကုန်သကဲ့သို့ ထိုဓာတ်ဆီနှင့် ပေါင်းမိသောအခါ တစ်ကိုယ်လုံးရှိ ဓာတ်မီးတို့သည် လျှမ်းလျှမ်းတောက် ပွားများကုန်၏။

**ပါကစဓာတ်မီးနှင့် ကျန်းမာရေး**

လောက၌ ထိုထိုဝတ္ထုတို့ကို မီးနှင့်ကျိုချက်၍ အဆီအနှစ် ထုတ်ယူကြရာ၌ မီးအားနည်းပြန်လျှင် အဆီအရနည်း၍ အဖတ်အကြမ်းသာ များတတ်၏။ ထို့အတူ ဝမ်းမီးဟုဆိုအပ်သော ထိုပါစက ဓာတ်မီး အားနည်းခဲ့လျှင် စားသမျှအစာသည် အသုံးမကျသော ကျင်ကြီး ကျယ်ငယ် လေ သလိပ်ဘက်သို့သာ လဲလေ၏။ ရသဓာတ်ဟူ၍ လောကီကျမ်းတို့၌ ခေါ်ကြသော အဆီအနှစ်ဘက်သို့ အနည်းငယ်မျှသာ လိုက်တော့သည်။

**ပါစကတေဇောမီး၏ သတ္တိကြောင့် အသက်တို ရှည်ဖြစ်ရပုံ**

ပါစက ဓာတ်မီး အလွန်အားကြီးပြန်လျှင် လောင်ကျွမ်း၍ သွားသည်သာ များ၏။ အဆီအနှစ် အရနည်း၏။ ဓာတ်မီးအိုးကြီးကို လေ သလိပ် ဖုံးလွှမ်း မြေးယှက်ပိတ်ပင်၍ နေပြန်လျှင် ဓာတ်မီး၏ အလွန်နန့်ခြင်း မညီညွတ်ခြင်း စသည်ဖြစ်၍ အစာမနူးမနပ်မကြေ၍ ရောဂါဥပဒ်ဖြစ်တတ်သည်။ ပကတိ အစာအာဟာရစုသည် အနှစ်သြဇာ မရှိလှ၍ ပါစက ဓာတ်မီး၊ ဥသ္မာဓာတ်မီး နှစ်ပါး သောင်းကျန်းသည့်အတွက် လူတို့မှာ ရောဂါဥပဒ် များကြကြောင်း၊ သေလွယ် ပျောက်လွယ်ကြကြောင်း၊ သံ, ပြဒါး စသော အနှစ်ဓာတ်ဆီမျိုးတို့ကို အစိမ်း ဇာတိ ပြောင်းအောင် စီရင်၍ အဇ္ဈတ္တဓာတ်နတို့နှင့် မိဿကဖြစ်နိုင်သော ရသာယနဓာတ်ဆေး ဓာတ်ဆီများကို မျိုသောသူမှာ ဓာတ်မီးနှစ်ပါး ငြိမ်သက်ယဉ်ကျေး လှသည်ဖြစ်၍ ရောဂါဥပဒ် ကင်းရှင်းကြောင်း၊ အသက်တစ်ရာတမ်းမှာပင် နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာ၊ တစ်ထောင်မက အသက်ရှည်နိုင်ကြောင်းများကို ပဓာနိယင်္ဂ ဒုတိယအင်္ဂါတွင် ဆိုခဲ့ပြီ။

ဤတွင်ရွေ့ကား ဤကိုယ်ကြီးကို ဆယ်မျိုးသော ဓာတ်ဆီတို့သည် အမြဲမပြတ် ထောက်ပံ့အပ်၏ဟူသော စတုတ္ထ မာတိကာပုဒ်၏ အဓိပ္ပာယ်ပြီး၏။

# ၅–ပဉ္စမ မာတိကာ
# အသစ်အသစ်မစဲ ဖြစ်ခြင်းဟူသော ဓာတ်ဝမ္ဘ

အယံ ကာယော–ဤကိုယ်ခန္ဓာသည်၊ ဓာတုဝမ္ဘော–အသစ်အသစ်မစဲ ဖြစ်ခြင်း သဘောရှိ၏ ဟူသော ပဉ္စမ မာတိကာပုဒ်၌ –

**အဟောင်းကွယ်ပျောက်ပြီး အသစ်ပေါ်လာပုံ**

ဓာတ်ကြီးလေးပါးတို့ကို မှန်၍ထင်သော အရိပ်ဥပမာ၊ စို့သက်တံဥပမာ၊ ဓာတ်မီး ဓာတ်ဆီတို့ ပြပြင်ရာ ဖြစ်ကာပျက်ကာနေသော အချက်စုကို စေ့စုံစွာ မြင်နိုင်ပါလျှင် ဤခန္ဓာကြီးမှာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသစ်အသစ် ဖြစ်ပေါ်ခြင်းမှ ကင်းသောအကွက်မရှိ။ ဖြစ်ပေါ်ရာတိုင်း၌ အဟောင်း အဟောင်း ကွယ်ပျောက်ပျက်ဆုံးခြင်းမှ ကင်းသော အကွက်လည်း မရှိ။ ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကြီးအတွင်း၌ ဆူဆူတက် ဖြစ်ပေါ်မှု ပျက်ကွယ်မှု ထွေးယှက်၍ နေကြကုန်သော ရေပွက်ခဲတွေကဲ့သို့ တစ်ကိုယ်လုံး ဓာတ်မီး ဓာတ်ဆီတို့အတွက် ဖြစ်မှု ပျက်မှုတွေ ပွက်ပွက်ဆူနေကြပုံကို မြင်လိမ့်မည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် တစ်ကိုယ်လုံး၌ မာမှုဟူသော ပထဝီသည် ဖြစ်ပေါ်၏။ ထိုပထဝီသည် အဆံအမာ အကြိတ်အခဲဟူ၍ အဏုမြူမျှ ရှိသည်မဟုတ်။ အခြင်းအရာ ကြိယာသက်သက်မျှသာ ဖြစ်၏။ ထို့ကြောင့် ထိုမာမှုစုသည် ဓာတ်မီး၏ အဟုန်ကြောင့် ခဏချင်း ပျက်ဆုံးရ၏။ မျက်တောင်တစ်ခတ်မျှ အသက်ရှည်၍ တည်နေနိုင်သည်မဟုတ်။ ပထဝီပျက်ဆုံးလျှင်လည်း ထိုပထဝီမှာ တွယ်တာရသော ဖွဲ့စည်းမှု ပူမှု အေးမှု တောင့်တင်းကြွရွမှုစုသည်လည်း အတူပါရလေ၏။ ထိုပထဝီမှာ မှီရသော အကြည်ခြောက်ပါးတို့သည်လည်း ပါရလေကုန်၏။ တစ်ကိုယ်လုံး နံ့အောင် ကြည့်လေ။

**ဖြစ်မှု ပျက်မှု ဉာဏ်ဖြင့်ရှု**

ပျက်ဆုံးသမျှနေရာမှာလည်း အစားစိုက်ထူသောအားဖြင့် အပြည့်အပြည့် ဖြစ်ပေါ်ရ၏။ ဤသို့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် ပျက်မှု ဖြစ်မှု အဆက်အလက် တစ်ရာတစ်ထောင်မက ပြောင်းလဲသည်။ ထိုဖြစ်မှု ပျက်မှုများကို မျက်စိနှင့် ကြည့်၍ မြင်နိုင်ကောင်းသည်မဟုတ်။ အထက်က ပြဆိုခဲ့ပြီးသော သဘာဝ အရင်းစုနှင့် ကြည့်ရှုမှ ဉာဏ်နှင့်သာ မြင်ကောင်းသော အမှုစုပေတည်း။ လှုပ်လှုပ်ရွရွ ထင်သမျှသည် အဟောင်းပျက်မှု အသစ်ပေါ်မှုချည်းသာဖြစ်၏။ မျက်စိအမြင်မှာမူကား တစ်ခုတည်းသော အဆင်းသည်ပင် လှုပ်သည် ရွသည်ဟု ထင်မြင်၍နေ၏။ မျက်မြင်ကို အဟုတ် ထင်လျှင် ပရမတ်သဘောကို ဉာဏ်မစူးနိုင်ပြီ။ သတိကြပ်ကြပ်ပြုလေ။

**တေဇောဓာတ်မီးကြောင့် ရုပ်တွေ ပျက်ပုံ**

လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှသော မာမှု ဖွဲ့စည်းမှု စသော ပရမတ် ဓာတ်မြေ ဓာတ်ရေ စသည်တို့သည် အတူတကွ ဖြစ်ပေါ်သော ဓာတ်မီး၏ အဟုန်ကြောင့် ခဏချင်း ခဏချင်း ပျက်ဆုံးကွယ်ပျောက်ရကုန်သည် ဟူသော စကား၌–

လောက၌ မီးတို့မည်သည် အကြင်ဝတ္ထုကို မှီတွယ်၍ ဖြစ်ပွား၏။ ထိုဝတ္ထုကို လောင်မြဲ ဓမ္မတာ ဖြစ်သည်နှင့်အညီ ထိုပရမတ် ဓာတ်မီးသည်လည်း မိမိနှင့်အတူ ဖြစ်ပေါ်သော မာမှု ဖွဲ့စည်းမှု တင်းရင်းမှုဟူသော ဓာတ်ကြီးသုံးပါးနှင့်တကွ အကြည်ဓာတ်တို့သည်လည်း ခဏချင်း ခဏချင်း ကွယ်ဆုံးအောင် လောင်သည်သာ ဖြစ်၏။

**မီးကြောင့် ပျက်ပုံဥပမာ**

အမှိုက်မှ ဖြစ်သော မီးသည် ထိုအမှိုက်ကို ခဏချင်း ကုန်အောင် စား၏။ ဆီမှထသော မီးသည် ထိုဆီကို စား၏။ ရေနံမှ ထသောမီးသည် ထိုရေနံကို စား၏။ ထိုထိုအဆီမှ ထသော မီးသည် ထိုထိုအဆီ ကို ခဏချင်း ကုန်အောင် စား၏။ ထို့အတူ သတ္တဝါတို့၏ ကိုယ်၌ ကိုယ်နှင့်အပြည့် တရှိန်ရှိန် မပြတ်မစဲ ထ၍နေသော ဓာတ်မီးသည်လည်း အတူတကွ ဖြစ်ပေါ်သော ဓာတ်တို့ကို ခဏချင်း ခဏချင်း ကုန်အောင် စားသည်သာ လျှင်ဖြစ်၏။ အထူးအားဖြင့် ဓာတ်ဆီဟူသမျှကို ခဏချင်း ကုန်အောင် စား၏။

**အပျက်မြင်မှ အသစ်ဖြစ်မှုကို မြင်နိုင်ခြင်း**

ထို့ကြောင့် ဖြစ်ပေါ်သမျှသော ခပ်သိမ်းသော ပရမတ် မြေ ရေ စသော ဓာတ်တို့သည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သည် မရှိကြကုန်။ မျက်တောင်တစ်ခတ်အတွင်းမှာပင် အကြိမ်တစ်ရာ တစ်ထောင်မက တစ်ကိုယ်လုံး အကျွတ်ကွယ်ဆုံး၏။ ထိုသို့ ကွယ်ဆုံးသော်လည်း အသစ် အသစ် အစားစေ့အောင် ထုထောင် ဖန်ဆင်းကြသော အကြောင်းတရားစု အလွန်များပြားလှ၍ ငယ်ရွယ်စဉ်အခါ၌ ခဏတိုင်း ခဏတိုင်း တိုးတက်ကြီးပွား၍ပင် လာနိုင်ပြန်သတည်း။ မိမိကိုယ်တစ်ကိုယ်လုံး ခဏမစဲ ကျေပျက်ကွယ်ဆုံးမှုကိုလည်း မြင်အောင်ကြည့်။ ကွယ်ဆုံးကျေပျက်မှုကို စိပ်စိပ်မြင်လျှင် တစ်ကိုယ်လုံးနှင့် အပြည့် အပြည့် အသစ် အသစ် ဆက်လက် ဖြစ်ပေါ်မှုဟူသော ဇာတိအချက်တို့ကိုလည်း စိပ်စိပ်ကြီး မြင်လိမ့်မည်။

**ဆီမီးတောက်လောင်ပုံ ဥပမာ**

ရေနံဆီ တစ်ပိဿာ၌ တောက်သောမီးသည် ထိုရေနံဆီကို အတွင်ကုန်အောင် စား၏။ ရေနံဆီကို မလျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှ ကာလပတ်လုံး ရေနံဆီလည်း လျော့သည် မထင်ရ၊ မီးလည်း လျော့သည် မထင်ရ၊ မထင်ရသော်လည်း နှစ်ပါးစလုံးပင် ခဏစဉ်အတိုင်း ကုန်ကြဆုံးကြသည်သာဖြစ်၏။

အကယ်၍ မကုန်မဆုံးကြသည် ဖြစ်ခဲ့အံ့၊ ရေနံဆီအသစ် လောင်းဖွယ်ကိစ္စ မရှိရာပြီ။ တစ်ညလုံးမှာ အခါခါ လောင်းရသည့်အတွက် အချိန်အခွက် ငါးဆယ်ကုန်လျှင် မီးစာ၏ အခွက်ငါးဆယ်ကုန်ကြောင်း ထင်ရှား၏။ စေ့စေ့ကြည့်၍ နေလျှင်လည်း သူ့ဆီနှင့် သူ့မီး ခဏချင်း ခဏချင်း ကုန်ဆုံး၍သွားသည်ကို မြင်ရပါ၏။ မီးရောမီးတောက်ရော လျော့ပါး၍ လျော့ပါး၍ သွားသည်ကိုလည်း မြင်သာပါ၏။ တစ်ညထွန်းလျှင် ရေနံဆီ အချိန်များစွာ ကုန်သည်ဟုလည်း သိကြပါ၏။

**အသက်မွေးမှုအလုပ်ကြီး ပေါ်ပေါက်လာရပုံ**

ဤအတူ တစ်ကြိမ်စားသော အစာအာဟာရအတွက် နာရီပေါင်း မည်ရွေ့ မည်မျှသာ ဤကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည်၊ အစာအာဟာရ လျော့ပါး၍သွားလျှင် ဤခန္ဓာ လျော့ပါး၍သွားသည်၊ အစာအာဟာရ ပြတ်၍သွားလျှင် ဤခန္ဓာ မတည်နိုင်ပြီ။ ဤကိုယ်ခန္ဓာတို့၏ ပျက်ဆုံးမှုမြန်လှအားကြီးလှသည့်အတွက်ကြောင့် ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်မှု မြန်လှအားကြီးလှ၏။ ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက် ထူထောင်မှု မြန်လှ အားကြီးလှသည့်အတွက်ကြောင့် လောက၌ အသက်မွေးမှုဟူသော အလုပ်ကြီးသည် အကြီးကျယ်ဆုံး အကျပ်တည်းဆုံး မလွဲသာဆုံး မနေသာဆုံး ဖြစ်လေသတည်း။

ဇမ္ဗူဒီပါမြေပြင်၌ တစ်နှစ်တစ်နှစ်တွင် ဖြစ်ပွားသော စပါးမျိုး ပြောင်း၊ ပဲ၊ လူး၊ ဆတ် အစရှိသော အစာအာဟာရမျိုးသည် မည်ရွေ့ မည်မျှ များပြားလိမ့်မည်၊ တစ်နှစ်အဖို့ တစ်လအဖို့ တစ်ရက်အဖို့ စားသောက်၍ မည်ရွေ့ မည်မျှ ကုန်လိမ့်မည်ဟု မျှော်လိုက်လျှင် ခန္ဓာသစ် ဆက်လက်တည်ထောင်မှု၊ အသက်သစ် ဆက်လက်တည်ထောင်မှု ကြီးကျယ်ပုံကို မြင်လိမ့်မည်။ နေ့စဉ်အတိုင်း အသက်သစ် ခန္ဓာသစ် အလျဉ်ဆက်လက်မှု၊ အသက်မွေးမှု ကြီးကျယ် ကျပ်တည်း၍ နေကြပုံကို မြင်နိုင်လျှင် ဤခန္ဓာ ဤအသက်စု ပျက်မှု ဆုံးမှု ပျောက်ကွယ်မှု မြန်ကြောင်း အားကြီးကြောင်းကိုလည်း မြင်လိမ့်မည်။

**ဝမ်းကျောင်းမှုကြီးကျယ်ပုံနှင့် ပကတိဇာတိ အသစ်ဖြစ်ပေါ်ပုံကို ရှုပုံ**

ရေသတ္တဝါ ကုန်းသတ္တဝါတို့ အသက်မွေးမှု အစာရေစာမှု ဥစ္စာစီးပွားမှုနှင့် နေ့နေ့ ညည ပုပု ရွရွ လုလု ယက်ယက် လုပ်ကြ ကိုင်ကြ ထမ်းကြ ပိုးကြ သွားကြ လာကြ ပြောကြ ဆိုကြ ကြံကြ စည်ကြ ကြောင့်ကြစိုက်ကြ အားထုတ်ကြ စိုးရိမ်ကြ ပူပန်ကြ စောင့်ရှောက်ကြ ထိန်းကျောင်းကြ ငြင်းခုံကြ ခိုက်ရန်ဖြစ်ကြသမျှ အလုံးစုံကို့ကို အရင်းသို့ ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤကိုယ်ခန္ဓာ အဟောင်းအသစ် အလျဉ်ဆက်လက်မှု၊ အသက်ဟောင်း အသက်သစ် အလျဉ်ဆက်လက်မှု ကျပ်တည်းလှသည့်အတွက်ကြောင့်ဟု မြင်လိမ့်မည်။ အသက်

အသစ် ဆက်လက်မှု ထုထောင်မှု ကျပ်တည်းပုံကို မြင်လျှင်လည်း အဟောင်း အဟောင်း ပျက်ဆုံး ပြောင်းလဲမှုမြန်ကြောင်း အနှစ်မရှိကြောင်း မြင်လိမ့်မည်။ ဤ ကိုယ်ခန္ဓာဓာတ်ကြီး ဓာတ်ငယ်တို့ ပျက်မှု ဖြစ်မှု မြန်လှသည့်အတွက်ကြောင့် လောက၌ ကြောင့်ကြ စိုက်ဖွယ် အနန္တဖြစ်ပွား၍ နေသည်ဟု ဆိုလိုပါသတည်း။ ဤကား ပကတိ ဓာတ်ကို မြင်ဖို့ အချက်စုတည်း။

ဤခန္ဓာကို တွယ်တာခင်မင်သည့်အတွက် အသက်တစ်ရာ အသက်တစ် ထောင် ရှည်ရှည် နေလို၍ အသစ် အသစ်သော ဓာတ်တို့ကို ခဏမစဲ အစဉ်စပ်မိအောင်၊ အလျဉ် ဆက်မိအောင် ထုထောင်မှုဟု ဆိုအပ်သော အသက်မွေးမှုအတွက်နှင့် ကိုယ် ခန္ဓာ၌ ပကတိဓာတ်မှ ခဏမစဲ အသစ်အသစ်ဖြစ်၍ နေချက်ကို မြင်နိုင်ပါလျှင် ဝိကတိ ဓာတ်ကိုလည်း မြင်နိုင်လတ္တံ့။

**ဝိကတိဓာတ်** ဝိကတိဓာတ်ဆိုသည်ကား အနာအမျိုးမျိုး ဖြစ်ပေါ်မှု၊ ရောဂါ အမျိုး မျိုး ဖြစ်ပေါ်မှု၊ ဘေးအမျိုးမျိုး ဖြစ်ပေါ်မှု၊ ရန်အမျိုးမျိုး ဖြစ်ပေါ်မှု၊ ဒဏ်အမျိုးမျိုး ဖြစ်ပေါ်မှု၊ ဥပဒ်အမျိုးမျိုး ဖြစ်ပေါ်မှုတို့ပေတည်း။ ခဏချင်း စပ်မိအောင် ဆက်မိအောင် အစဉ်မပြတ်အောင် အလျဉ်မပြတ်အောင် အသစ်အသစ် ဖြစ်ပေါ်၍နေ သော ဓာတ်မှု အမြဲရှိသည့်အတွက် ကိုယ်ခန္ဓာစုမှာ ဣဋ္ဌ အနိဋ္ဌ ပြောင်းလဲလိုလျှင် ခဏချင်း ပြောင်းလဲနိုင်သည်၊ ပျက်ကွယ်မှု မြန်သည့်အတွက်ကြောင့် ဣဋ္ဌ အနိဋ္ဌ သုခ ဒုက္ခ ပြောင်းလဲလိုလျှင် ခဏချင်း ပြောင်းလဲနိုင်သည်။ ဘယ်ခဏ၌ အနိစ္စဓာတ်မျိုး ဒုက္ခဓာတ်မျိုး မပေါ်နိုင်သော ခဏဟူ၍ မရှိ။

**ဓာတ်** ဓာတ်ဟူသည်ကား ဖြစ်ပေါ်မှုတည်း။ လောက၌ မျက်စိနာ ဖြစ် သည်၊ နားနာဖြစ်သည် အစရှိသည်ဖြင့် ခေါ်ဝေါ်ကြသော "ဖြစ်" ဟူသော အချက်စုသည် ဓာတ်ချည်းတည်း။ ဤခန္ဓာကိုယ်စု၌ အနိဋ္ဌဓာတ်မျိုး ဒုက္ခ ဓာတ်မျိုးတို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားစုသည် အတွင်းသဏ္ဍာန် ကလည်း အသချေ်ာ အနန္တ များပြား၏။ အပ သဏ္ဍာန်ကလည်း အသချေ်ာ အနန္တ များပြား၏။

**ကဋ္ဌမုခမြွေ ပထဝီဓာတ်** ဤကိုယ်ခန္ဓာ၌ တစ်ကိုယ်လုံး၏ အမာခံ အထည်ခံဖြစ် သော မာမှုဟူသော ပထဝီဓာတ်ကို 'ကဋ္ဌမုခမြွေ' ဟူ၍ ဟောတော်မူ၏။ ခြေဖျား၌ အဆိပ်ထန်သော မြွေကိုက်ရာ ဦးခေါင်းတိုင်အောင် ခဏချင်း အဆိပ်နှံ့၍ လူမှန်းမသိဖြစ်ရာ၌ တစ်ကိုယ်လုံး ခဏချင်း ရုပ်ပြောင်း၍ ကုန်၏။ ပကတိ နဂိုရုပ်စု အကုန်ကွယ်ပျောက်၏။ လောင်မီးအစုနှင့်တူသော ရုပ်စုသည် ခဏချင်း တည်ထောင်၏။ တစ်ကိုယ်လုံးမှာ နဂိုပကတိရုပ်ဟူ၍ အဏုမြူမျှ အကြွင်းအကျန် မရှိပြီ။ တစ်ကိုယ်လုံးသည် လောင်မီး အလားရှိသော ရုပ်သစ်အတိ ပြည့်၏။

**ယမ်းမီးဒုန်းဥပမာ**

ဥပမာကား– ချိန်ဝင်ပိသာ ငါးဆယ်ခန့်ရှိသော အလွန်ထက်လှစွာသော ယမ်းဖြင့်ပြည့်သော မီးဒုန်းကြီးကို စနက်ပေါက်မှ နမ်းစေ့ခန့်ရှိသော အနည်းငယ်သော မီးပေါက်မီးပွား ထိပါးခဲ့သည်ရှိသော် ချိန်ဝင်ပိသာ ငါးဆယ်ခန့်ရှိသော ယမ်းခဲကြီးသည် အကုန်လုံး ခဏချင်း မီးအတိ ဖြစ်လေသကဲ့သို့တည်း။

**ဇာတိသစ် ရုပ်သစ် ဖြစ်ပေါ်ခြင်းကိုရှုနည်း**

ဤမြွေကိုက်သော သူ၌ တစ်ကိုယ်လုံး ရုပ်သစ်ပြောင်းပုံ ရုပ်ဟောင်း ကွယ်ပျောက်ပုံကား ခြေဖဝါး အထည်ဒြပ်ဖြစ်၍နေသော နဂိုရုပ်စုကား သာယာချမ်းမြေ့သော ဣဋ္ဌရုပ်စု ဖြစ်ကြောင်းကို အများသူပင် သိ၏။ မြွေကိုက်၍ မြွေဆိပ် ပျံ့နှံ့သည့်အတွက် နဂိုကမရှိသော ပူမှု နာမှု အောင့်မှု အင့်မှု ထိုးကျင့်မှု ထုံကျင်မှု ကိုက်မှု ခဲမှု တောင့်မှု တင်းမှု စသော မချမ်းသာမှု မသက်သာမှုစုသည် ယခု မြွေကိုက်သည်နှင့် တစ်ပြိုင်နက် ယခုမှ ဖြစ်လာသည်ဟု ထင်ရှားပါ၏။ မေးမြန်းလျှင်လည်း ယခုမှ ဖြစ်လာသော အမှုစုပါဟု ပြောကြလတ္တံ့။ ထိုသို့ ပြောကြသော်လည်း ဇာတိသစ် ရုပ်သစ် ဓာတ်သစ် ကလာပ်သစ်ဟူ၍ကား ခြားနား၍ မသိကြရာလေ။ ကိုယ်အတွင်း၌ ယခု ဘာဖြစ်သည်၊ ဘယ်လိုဖြစ်သည်၊ ပေါက်လာသည်၊ ပေါ်လာသည်၊ ဘယ်ရောဂါဖြစ်သည်၊ ဘယ်အနာဖြစ်သည် စသည်ဖြင့် ဖြစ်လုံး ပေါ်လုံး ပေါက်လုံးနှင့် ပြောကြသမျှသော အမှုစုသည် ဇာတိသစ် ရုပ်သစ် ဓာတ်သစ် ကလာပ်သစ် ပရမတ်သစ် ချည်းသာတည်း။

**အသစ်ပေါ် အဟောင်းပျောက်**

မိမိ ကိုယ်ခန္ဓာတွင် တစ်စုံတစ်ခုသောနေရာ၌လည်းကောင်း၊ တစ်ကိုယ်လုံး၌လည်းကောင်း ယခု ပူ၍ လာသည်ဟု သိလျှင် ယခုမှပေါ်သော ဇာတိအသစ်ပေတည်း။ အသစ်ပေါ်လျှင် ထိုပေါ်ရာမှာ အဟောင်းပျောက်မြဲ။ တစ်ကိုယ်လုံးမှာ ယခု ပူ၍ လာသည်ဟု သိသာ ခြားနားရှိလျှင် တစ်ကိုယ်လုံးရှိ ရုပ်ဟောင်း ဓာတ်ဟောင်း ကလာပ်ဟောင်းစု ကွယ်ပျောက်၍ ကုန်ပြီဟု သိရသည်။ ပြောင်းလဲပုံ မြန်လှ၍ ပြောင်းလဲမှန်း မသိနိုင်ကြသည်။ ယခု အေး၍လာသည်၊ နာ၍လာသည်၊ ကျင်၍ ထုံ၍ ကိုက်၍ ခဲ၍ ညောင်း၍ ညာ၍ တောင့်၍ တင်း၍ အောင့်၍ အင့်၍ ယား၍ ယံ၍ လာသည်၊ ကျိန်း၍ စပ်၍ လာသည် စသည်ဖြင့် ကိုယ်သဏ္ဌာန်အတွင်းအပ၌ မခံသာသော အမှုခပ်သိမ်း ဖြစ်မှု ပေါ်ပေါက်မှု ဟူသမျှသည် ဖြစ်မှန်းသိသာရာ၊ ပေါ်ပေါက်မှန်း သိသာရာ ကိုယ်အင်္ဂါ တစ်ခုလုံး၌ ရုပ်ဟောင်း ကွယ်ဆုံး၍ ဇာတိသစ် ရုပ်သစ်ပေါ်မှုချည်း မှတ်လေ။

တုန်ဖျား ဖျားသောသူ၌ အချမ်းတက်မှု အချမ်းကျမှု အပူတက်မှု အပူကျမှု များ၌ တစ်ကိုယ်လုံးအကျွတ် အဟောင်းအသစ် လဲပြောင်းမှု ထင်ရှားလှ၏။ အစားမှား၍ ခဏချင်း အထူးဖြစ်လာမှု၊ ရေချိုး မိုးစွတ် မှား၍ဖြစ်လာမှု စသည်ဖြင့် ဤ ကိုယ်ခန္ဓာ အတွင်း၌ ထွေထွေလာလာ မခံသာ ဖြစ်ပေါ်မှုတို့သည် အသချေ အနန္တ များပြား လှ၏။

ဤကား ဝိကတိဇာတိ ဖြစ်ပေါ်မှုစုကို ဆိုသော စကားရပ်တည်း။

**ဝိကတိဇာတိဒုက္ခ**

ဤ ဝိကတိဇာတိဖြစ်ပေါ်မှု ထင်ရှားရှိနေသည့်အတွက် ကြောင့် စိတ်အလိုရှိတိုင်း မနေသာ မသွားသာ မလာသာ မပြုသာ မကျင့်သာ၊ ဘေးဖြစ်ရန်အခွင့်၊ ရန်ဖြစ်ရန်အခွင့်၊ ဒဏ်ဖြစ်ရန်အခွင့်၊ ကိုယ်တွင်း အန္တရာယ်ဖြစ်ရန်အခွင့်၊ ကိုယ်ပ အန္တရာယ်ဖြစ်ရန်အခွင့် အလုံးစုံမျိုးတို့ကို ကြောက်ရ ရွံ့ရ ထိတ်ရ လန့်ရ စိုးရိမ်ရ ကြောင့်ကြရ ပူရ ပန်ရ ရှောင်ရ ရှားရ ရပ်ရှာ ဖွဲ့စည်း၍နေရ အိမ်ရာ ဝင်းခြံ အဆီးအကာနှင့် နေရခြင်း စသည်ဖြင့် ကျပ်တည်း ကြရလေသည်။ ထိုသို့ ကျပ်တည်းသော အမှုခပ်သိမ်းကို မြင်လျှင် ကိုယ်ခန္ဓာ၏ ဝိကတိဇာတိ ဒုက္ခကို မြင်လတ္တံ့။

ဤကား မြွေကိုက်သောသူ ဥပမာ၊ ယမ်းမီးဒုန်းကြီး ဥပမာတို့ဖြင့် တစ်ကိုယ် လုံး၏ အမာခံဖြစ်သော ခက်မာမှုသော ကဋ္ဌမုခမြွေဟူ၍ ဟောတော်မူသော မြေဓာတ်၏ ခဏချင်း ဖောက်ပြန်မှု ပြောင်းလဲမှု ထကြွခက်ထန်မှု ပြိုပျက်မှု အလွန်မြန်လှကြောင်း ကို ဆိုသော စကားစုတည်း။

**ချိပ်ခဲ ဖယောင်းခဲ ဥပမာ**

အလွန်မာ၍နေသော လူပမာဏရှိသော ချိပ်ခဲ ကြီး ဖယောင်းခဲကြီး အဆီခဲကြီးများကို ခဏ ချင်း အတွင်းအပြင် နှံ့ပြားအောင် မီးရှိန်သင့်လေသောအခါ ခဏချင်း မာမှုအဆင့်ဆင့် ပြိုပျက်၍ ပျော့မှု အဆင့်ဆင့် တိုးတက်၍လာပုံ၊ မီးနှင့်ဝေး၍ အေးပြန်သောအခါ ပျော့မှု အဆင့်ဆင့် ကွယ်ပျောက်၍ မာမှုအဆင့်ဆင့် တိုးတက်၍ သွားပုံများနှင့် အလားတူ ပြင်အောင်ကြည့်လေ။

**အဘိဓမ္မာနည်းရှုပုံ**

မာမှုအဆင့်ဆင့် ပြိုပျက်ကွယ်ပျောက်၍ သွားသည်ကို အဘိဓမ္မာ၌ မြေဓာတ် အဆင့်ဆင့် ချုပ်မှု ဆုံးမှု ကွယ် ပျောက်မှု သေမှုဆိုသည်။ ၎င်းကိုပင် သုတ္တန်ဒေသနာ၊ အဘိဓမ္မာ ဒေသနာတို့၌ နိရောဓ၊ ဘင်္ဂ၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စ ဟူ၍ ဟောတော်မူသည်။ နိရောဓ–ချုပ်၊ ဘင်္ဂ–ကွဲ၊ ခယ–ကုန်၊ ဝယ–ပျက်၊ အတ္ထ–ကွယ်၊ မရဏ–သေ၊ အနိစ္စ–မမြဲ။

**အနိစ္စဝိဇ္ဇာဉာဏ်**

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခ မြင်အောင် ရှုကြရကုန်သည်။ ထိုအမှုကို မြင်သောဉာဏ်ကို အနိစ္စဝိဇ္ဇာဉာဏ်ဆိုသည်။

**မြွေလေးစင်းဥပမာ**

ကဋ္ဌမုခမြွေဟူ၍ ဆိုအပ်သော မြေဓာတ်၏ဇာတိကို မြင်နိုင်လျှင် ပူတိမုခမြွေဟူ၍ ဆိုအပ်သော ရေဓာတ်၊ အဂ္ဂိမုခမြွေဟူ၍ ဆိုအပ်သော မီးဓာတ်၊ သတ္ထမုခမြွေဟူ၍ ဆိုအပ်သော လေဓာတ်။ ဤဓာတ်ကြီး သုံးပါးတို့၏ ဖောက်ပြန် ပြိုပျက်မှု အသစ် အသစ် ဖြစ်ပေါ်ပြောင်းလဲမှုကိုလည်း မြင်နိုင်လတ္တံ့။

**ဝိပဿနာဉာဏ် အစစ်အမှန်**

ရေဓာတ်၌ ဖွဲ့စည်းမှုအဆင့်ဆင့် အားကြီး၍သွားမှု၊ အဆင့်ဆင့် လျော့ရဲကျေပျက်၍ သွားမှုသည် အဆင့်ဆင့် ချုပ်မှု နိရောဓ၊ ဘင်္ဂ၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စ ပေတည်း။ မီးဓာတ်၌ ပူမှုအဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်၊ အေးမှုအဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်သည် အဆင့်ဆင့်ချုပ်မှု နိရောဓ၊ ဘင်္ဂ၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စပေတည်း။ လေဓာတ်၌ တောင့်တင်း သန်မာမှုအဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်၊ လျော့ရဲမှုအဆင့်ဆင့် တိုးတက်ချက်၊ ဆုတ်ယုတ်ချက်စသည် အဆင့်ဆင့်ချုပ်မှု နိရောဓ၊ ဘင်္ဂ၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စ ပေတည်း။ ဤသို့သော အနိစ္စကိုမြင်မှ ဝိပဿနာဉာဏ် အမှန်ဖြစ်သည်။

လောက၌ သေချိန်ကျ သေရချေ့၊ အိုချိန်ကျ အိုရချေ့၊ ပျက်ချိန်ကျ ပျက်ရချေ့ဟု ရှုကြ မြင်ကြသော အရာသည် ဝိပဿနာဉာဏ်ပင် မဟုတ်။ ကုလား၊ တရုတ်၊ ချင်း၊ ကရင်တို့လည်း မြင်ကြသော အမှုပင် ဖြစ်သတည်း။ ဓာတ်ကြီးလေးပါးတို့ ချုပ်မှု ပျက်မှု အနိစ္စလက္ခဏာကို မြင်လျှင် အကြည်ခြောက်ပါး ဓာတ်မီး ဓာတ်ဆီတို့ကို အထူးအားထုတ်ဖွယ်မရှိ။ အလိုလိုမြင်နိုင် ထင်နိုင်လတ္တံ့။

ဤတွင်ရွှေကား ဤကိုယ်ခန္ဓာကြီးသည် အသစ်အသစ်မစဲ ဖြစ်ခြင်း သဘောရှိ၏ ဟူသော ပဌမ မာတိကာပုဒ်၏ အဓိပ္ပာယ်ပြီး၏။

---------

# ၆–ဆဋ္ဌမာတိကာ
# အိုမင်း ရင့်ဆွေးခြင်းသဘော ဇရာဓမ္မ

အယံ ကာယော–ဤကိုယ်ကြီးသည်၊ ဇရာဓမ္မော–အိုမင်းရင့်ဆွေးခြင်း သဘော ရှိ၏ဟူသော ဆဋ္ဌမာတိကာပုဒ်၌ ဇာတိအခန်း၌ ဆိုခဲ့ပြီးသောနည်းဖြင့် မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော တရားဟူ၍ အဏုမြူမျှ မရှိကြောင်းကို မြင်နိုင်ပေလျှင် ဤဇရာမှုကိုလည်း မြင်နိုင်လတ္တံ့။ လောက၌ ပျက်ဆုံး ကွယ်ပျောက်မှုဟူသမျှသည် ဆုတ်ယုတ်လျော့ပါးခြင်းမရှိဘဲ ပျောက်ဆုံးကွယ်ပျောက် သည်ဟူ၍ အဏုမြူမျှမရှိ။ ခပ်သိမ်းသော ဝတ္ထုတို့သည်ပင်လျှင် ပျက်ဆုံးကွယ်ပျောက် လိုသည်ရှိသော် ရွှင်ရွှင်လန်းလန်း သစ်သစ်လတ်လတ် အနေမှ ဆုတ်ယုတ်လျော့ပါး ပြီးလျှင် အချင်းခပ်သိမ်း ပျက်ဆုံး ကွယ်ပျောက်ကြလေကုန်သည်ကား ဓမ္မတာမျက်မြင် ပင်တည်း။

ထို့အတူ ပရမတ္ထဓမ္မတို့၌လည်း ပျက်ဆုံးကွယ်ပျောက်မှု ဟူသမျှသည် ဆုတ် ယုတ်လျော့ပါး ဟောင်းနွမ်းအိုမင်း ဆွေးမြေ့ခြင်း ရှေ့သွားရှိသည်သာလျှင် ဓမ္မတာ ဉာဏ်မြင်ပေတည်း။ သိသာလောက်လှပြီ။

**ဤတွင်ရွေ့ကား ဇရာဓမ္မကို ပြချက်ပြီး၏။**

--------

# ၇–သတ္တမ မာတိကာ
# သေပျောက် ချုပ်ပျက်ခြင်း မရဏဓမ္မ

အယံ ကာယော–ဤကိုယ်ကြီးသည်၊ မရဏဓမ္မော–သေပျောက်ကွယ်ဆုံးခြင်း သဘောရှိ၏ဟူသော သတ္တမ မာတိကာပုဒ်၌ ရှေး၌ ပြဆိုခဲ့ပြီးသော နိရောဓ၊ ဘင်္ဂ၊ ခယ၊ ဝယ၊ အတ္ထ၊ မရဏ၊ အနိစ္စမှုတို့ကိုပင် ပရမတ္ထဓမ္မတို့၏ မရဏခေါ်သည်။ ရှေး၌ ပြဆိုခဲ့ပြီးသောနည်းအတိုင်း မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်မှု တည် နေနိုင်မှု မရှိကြမူ၍ အနှစ်၊ အဆံ၊ အမာ မရှိသည့်အတွက် ဓာတ်မီးလောင်မှု ဇရာမီး လောင်မှု ဘေးသင့်၍ နေကြသည့်အတွက် ခဏချင်း ခဏချင်း ပျက်ဆုံး ကွယ် ပျောက်မှုကို မရဏဆိုသည်။

**မရဏသဘောနှင့်**
**ကြာရွက်ဥပမာ**

သုံ့မရဏမှုသည်ကား မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အတွင်းမှာပင် အကြိမ်တစ်ရာမက တစ်ကိုယ်ကောင်လုံး အကျွတ်အကျွတ် မရဏဘေးသင့်၍ ပျက်ဆုံးကွယ်

ပျောက်မှုပေတည်း။ အလွန် ရွှင်လန်း သန့်ပြန့်သော ပဒုမ္မာကြာပွင့်ကို ရေထဲမှ နုတ်ယူ၍ လောလောပူသော မြေအပြင်၌ ချထားကြရာ ၁–သန္တတိဇရာ၊ ၂–ခဏိကဇရာ၊ ၃–ခဏိကမရဏ ဤသုံးပါးသော ဘေးသင့်၍ ညှိုးနွမ်းခြောက်သွေ့ ပျက်ဆုံးသော အဖြစ်သို့ ရောက်လေ၏။ ရေတည်းဟူသော အထောက်အပံ့မှ ကင်းလွတ်ခြင်းတစ်ပါး၊ နေပူဟူသော ဓာတ်မီးရှိန်၊ မြေပူဟူသော ဓာတ်မီးရှိန်၊ ရေပူဟူသော ဓာတ်မီးရှိန်၊ ဤ အရှိန်သုံးပါး ဖိစီးနှိပ်စက်ခြင်းတစ်ပါး ဤအကြောင်းတို့ကြောင့် ထိုကြာပန်း၌ ကြည့် တွင်း မြင်တွင်း ထင်ရှားသော သန္တတိဇရာသည် ပေါ်လာ၏။

**သန္တတိဇရာ** သန္တတိဇရာဆိုသည်ကား မျက်မြင်နှင့် သိနိုင်သော ဆုတ်ယုတ်မှု လျော့ပါးမှု နွမ်းနယ်မှု ညှိုးချုံးမှုတည်း။ ထိုအမှုသည်ကား မျက်မြင် နှင့် သိနိုင်သောအမှုတည်း။ အဆုံးကျ၍ ပျက်ဆုံးမှုသည်လည်း မျက်မြင်နှင့် သိနိုင်သော အမှုပင်တည်း။

ထိုသန္တတိဇရာမှုကို (စက္ခုပသာဒရုပ်) မျက်စိနှင့် မြင်သောအခါ ခဏိကဇရာ၊ ခဏိကမရဏတို့ကို ဉာဏ်မျက်စိနှင့် အတပ် ဒိဋ္ဌ မြင်ခွင့် ထင်ရှားလေ၏။ ထိုခဏိက ဇရာ ခဏိကမရဏတို့ကား (စက္ခုပသာဒရုပ်) မျက်စိနှင့် မြင်ရသော တရားစု မဟုတ် ပေကုန်။

**ဉာဏ်မျက်စိဖြင့်မြင်ပုံ** အဘယ်ကဲ့သို့ ဉာဏ်မျက်စိနှင့် မြင်နိုင်ရာသနည်းဟူ မူကား ထိုပဒုမ္မာကြာပန်းကို ရေမှ နုတ်သည်နှင့် တစ်ပြိုင် နက် သန့်ပြန့်ခက်မာမှုဟူသော မြေဓာတ်သည် ခဏစဉ်အတိုင်း ပျော့နည်းသောဘက်သို့ ပြုလဲ၍လာ၏။ အစဉ်အတိုင်း သန့်ပြန့်မှုအဆင့်ဆင့် ပျက်ဆုံး၍ ပျော့နည်းသော ဓာတိ သစ် အဆင့်ဆင့် ပေါ်၍လာ၏။ သန့်ပြန့်သော ရေဓာတ်၊ အေးချမ်းသော မီးဓာတ် တောင့်တင်းစွာ ထမ်းဆောင်သော လေဓာတ်တို့သည်လည်း အစဉ့်အတိုင်း ချုပ်ကွယ်၍ လာကုန်၏။ အဆင်းဓာတ် အနံ့ဓာတ် အရသာဓာတ် ဩဇာဓာတ်တို့လည်း အစဉ် အတိုင်း ချုပ်ကွယ်၍လာကုန်၏။ ဉာဏ်နှင့် ကြည့်ခဲ့လျှင် နှင်းသီး နှင်းပေါက်ငယ်တို့ တဖြုတ်ဖြုတ် ပျက်ဆုံးသကဲ့သို့ ထင်လိမ့်မည်။ ထိုသို့ အဆင့်ဆင့် ပျက်ဆုံးပြုလဲ၍ လာမှု၊ အဟောင်းအသစ် အဆင့်ဆင့်လဲမှုသည် အဘယ်မျှလောက် လျင်မြန်သည်ဟု ပြောနိုင်သော အခွင့်မရှိ၊ ပြောစရာ ဥပမာမရှိ၊ ရှေ့အချက် နောက်အချက် ခြားနား၍ မြင်ခြင်းငှာ မရ၊ ပုထုဇဉ်တို့ ဉာဏ်မီအောင် လိုက်နိုင်သော အရာမဟုတ်။ မီသမျှကို ပိုင်းခြား၍ အမျှင်ဖြတ်၍ ယူကြရသည်။ "မြန်လှ၍ ဉာဏ်မီအောင် မလိုက်နိုင်ရာ" ဟူသမျှတို့၌ ရှေ့နောက် အခြားအနားမရှိ။ တစ်ခုတည်းပင်ဟု ထင်ကြရသည်။ လျင်မြန် ပုံလက္ခဏာကို ဉာဏ်မီသမျှ လိုက်၍ ကြည့်လေ။

---

၁။ သီတတေဇော–အေးချမ်းသော မီးဓာတ်။ ဥဏှတေဇော–ပူလောင်သောမီးဓာတ်။

အကယ်၍ ထိုထိုခဏစဉ်အတိုင်း ပျက်မှု ဖြစ်ပေါ်မှု မရှိခဲ့သည်ဖြစ်အံ့။ မျက်မြင်မှု ရိပ်ရိပ် ရိပ်ရိပ် ခဏထက်ခဏ ယိန္နမ်း သွေ့ခြောက်၍ လာမှု မရှိလေရာ။ ဉာဏ်သိမ်မွေ့လှစေ။

**ကြာပန်းပမာ ကိုယ်ခန္ဓာ**

ဤကြာပန်း ဥပမာအတူ– ခန္ဓာကိုယ်မှာလည်း ခဏမစဲ အနည်းနည်း ပြောင်းလဲဖောက်ပြန်မှုတို့သည် ကိုယ်တွေ့လည်း အနန္တ၊ မျက်မြင်လည်း အနန္တ၊ ဉာဏ်မြင်လည်း အနန္တ များပြားလှ၏။ ကိုယ်တွေ့အနန္တဆိုသည်ကား ဦးခေါင်းထဲမှာ ယခု ဘယ့်နှယ်ဖြစ်လာသည်၊ မျက်စိမှာ ဘယ့်နှယ်ဖြစ်လာသည်၊ မျက်နှာမှာ နှာခေါင်းမှာ နားမှာ ပါးစောင်မှာ နှုတ်ခမ်းမှာ ပါးစပ်မှာ လျှာမှာ လည်ချောင်းမှာ ရင်တွင်းမှာ ဝမ်းတွင်းမှာ ဘယ့်နှယ်ဖြစ်လာသည်ဟု သိသမျှ အနန္တကို ဆိုသတည်း။ ထိုအနန္တမှုတို့၌ ဇာတိအချက် ဇရာအချက် မရဏအချက်တို့ကို ဉာဏ်မှာထင်အောင် ကြည့်တတ်လျှင် မြင်သာလှတော့သည်။ ပကတိ ခဏိကမှုတို့ကိုကား ဉာဏ်လိုက် နိုင်ခဲလှ၏။

**အသစ်မဖြစ်သော ခဏ**
**အဟောင်းမပျက်သော ခဏဟူ၍ မရှိ**

လိုရင်းအဓိပ္ပာယ်ကား– ဤခန္ဓာ တစ်ကိုယ်လုံးမှာ အတွင်းသဏ္ဍာန်မှ ဖြစ်စေ၊ သန်း ကြမ်းပိုး ခြင် မှက် မြွေ ကင်း သန်း တုတ်ဘေး ဓားဘေး လက်နက်ဘေး မီးဘေး ရေဘေး အစရှိသော အပသဏ္ဍာန်မှဖြစ်စေ ဖောက်ပြန်လောက်အောင် အကြောင်းအခွင့် ဆိုက်တိုက်လာခဲ့သည်ရှိသော် မဖောက်ပြန်နိုင်သော ခဏငယ်ဟူ၍ တစ်ခုမျှ မရှိ။ အနိဋ္ဌဇာတိမပေါ်နိုင်သော ခဏငယ် ဟူ၍ မရှိ။ မပျက်နိုင်သော ခဏငယ်ဟူ၍ မရှိ။ မယိုယွင်းနိုင်သော ခဏငယ်ဟူ၍ တစ်ခုမျှ မရှိ။ ဆိုက်တိုက်လာသော အန္တရာယ်၏ ဒဏ်အားလျော်စွာ ဆိုက်တိုက်လာသော ခဏမှာပင် အထူးထင်မြင်လောက်အောင် ဖောက်ပြန်ပျက်ပြားပြောင်းလဲနိုင် သော ဇာတိသဘော ဇရာသဘော မရဏသဘော အမြဲရှိသော ခန္ဓာငါးပါး တရားစု ဖြစ်ချေ၍ ဇာတိဓမ္မော မရဏဓမ္မောဟူ၍ ဆိုသတည်း။

ဤတွင်ရွေ့ကား ဤခန္ဓာကိုယ်ကြီး၏ မရဏဓမ္မကို ပြဆိုသော အချက်ပြီး၏။

---

# ၈–အဋ္ဌမ မာတိကာ မမြဲမှု အနိစ္စဓမ္မ

အယံ ကာယော–ဤကိုယ်ကြီးသည်၊ အနိစ္စော–အရှည်ခိုင်ခံ့ တည်တံ့နိုင်သော တရားစု မဟုတ်ဟူသော အဋ္ဌမ မာတိကာပုဒ်၌ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်မျှ

အသက်ရှည်ကာ တည်နေနိုင်သော အခိုင်တရားစု မဟုတ်ကြောင်းကို အောက်က ပြဆိုခဲ့ပြီးသည်ကား များလှပြီ။ အကယ်၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့် အသက်ရှည်၍ တည်နေနိုင်သော အခိုင်တရား ဖြစ်ခဲ့ငြားအံ့။ မျက်တောင်တစ်ခတ် ကာလ လျှပ်တစ်ပြက်ကာလမည်သည် မျက်မြင်မှာပင် သိသာထင်ရှားသော ကာလ ဖြစ်ခဲ့၍ ဤခန္ဓာကိုယ်ကြီးကို မိုးကြိုးလောင်မီးပင် ကျသော်လည်း ထိုမျက်တောင် တစ်ခတ် လျှပ်တစ်ပြက် ကာလအတွင်း၌ ဖောက်ပြန်ခြင်း မရှိလေရာ။ မဖောက်မပြန် ပကတိအတိုင်းကိုသာ မြင်ရရာ၏။ ထိုသို့ကား မဟုတ်။ အားကြီးသော ဘေးဒဏ် ထိပါးခဲ့လျှင် ထိပါးသည်နှင့် တစ်ပြိုင်နက် ဖောက်ပြန်၏၊ ရွေ့ပြောင်း၏။ ဖောက်ပြန် သမျှ ရွေ့ပြောင်းသမျှသည် အဟောင်းပျက်ဆုံးမှု အသစ်လဲပြောင်းမှုချည်းသာတည်း။

**အနိစ္စကြောင့် ဒုက္ခဖြစ်ခြင်း**

လောက၌ ခပ်သိမ်းသော ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့ရှိသမျှ နာရီရှိသမျှ ပုပုရွရွ အားထုတ်ကြသမျှ ကြောင့်ကြစိုက်သမျှ ပူပန်ကြသမျှ ပင်ပန်းကြသမျှကို အရင်းသို့ ဆိုက်အောင် ကြည့်နိုင်ပါလျှင် အနိစ္စအတွက်ကြောင့်ဟု မြင်လတ္တံ့။ ဤ အနိစ္စအတွက်ကြောင့် ဒုက္ခဖြစ်ကြရသည်ကို မြင်လတ္တံ့။ ဤ အနိစ္စဘေး ကြီးကျယ်ကြောင်းကို မြင်လတ္တံ့။ အကယ်၍ နိစ္စဖြစ်ကုန်ငြားအံ့၊ ကြောင့်ကြစိုက်မှု ခပ်သိမ်းတို့သည် အနည်းငယ်မျှ မရှိကြကုန်ရာပြီ။ ဒါနမှု သီလမှု အစရှိသော ပုည ကြိယာမှုတို့ကို မပြုလို မနေသာ ပြုကြရကုန်သည်လည်း ဤအနိစ္စအတွက်ကြောင့်ပင်တည်း။ အနိစ္စအတွက်ကြောင့် ကြောင့်ကြစိုက်ကြရသော ဒုက္ခမှုစုပင်တည်း။ အနိစ္စမဟုတ်ဘဲ နိစ္စဖြစ်ခဲ့သည်ရှိသော် နောင်ရေးနှင့် ကြောင့်ကြစိုက်ဖွယ် မရှိရာပြီ။

**အနိစ္စလက္ခဏာ**

အနိစ္စလက္ခဏာဆိုသည်ကား– ခဏိကမရဏ ခဏိကဘင်္ဂကို ဆိုသတည်း။ ထိုအနိစ္စလက္ခဏာဟု ဆိုအပ်သော ခဏိကမရဏ ခဏိကဘင်္ဂ ခဏမစဲ အမြဲပါရှိ၍ နေသောကြောင့် ဆိုအပ်ခဲ့ပြီးသော ပစ္စုပ္ပန်ရေးနှင့် ကြောင့်ကြစိုက်မှုပေါင်း အနန္တ၊ သံသရာရေးနှင့် ကြောင့်ကြစိုက်မှုပေါင်း အနန္တ ဘေးသင့်၍ နေကြရကုန်သည်။ ဤအချက်တို့ကို အောက်က ပြဆိုခဲ့ပြီးသော အသက်ခန္ဓာ အလျှဉ်ဆက်လက်မှု၊ အသက်မွေးမြူမှု ဇာတိသစ် ပျိုးထောင်မှု၊ ကြီးကျယ်မှု ကျပ်တည်းမှုများနှင့် ဇမ်လုံးတည်း ရောနှော၍ ကြည့်လေ သိလေ မြင်လေ။

ဤတွင်ရွေ့ကား ဤခန္ဓကိုယ်ကြီး၏ အနိစ္စလက္ခဏာကို အမြွက်မျှ ပြဆိုချက် ပြီး၏။

# ၉–နဝမ မာတိကာ ဆင်းရဲမှု ဒုက္ခဝမ္မ

**ဒုက္ခ ၃–မျိုး**

အယံ ကာယော–ဤကိုယ်ခန္ဓာကြီးသည်၊ ဒုက္ခော–ဆင်းရဲပင်ပန်း ယိနွမ်း ညှိုးချုံး ဒုက္ခတုံးကြီးသာတည်း ဟူသော နဝမ မာတိကာ ပုဒ်၌ ဒုက္ခသည်–

(၁) ဒုက္ခဒုက္ခ၊
(၂) သင်္ခါရဒုက္ခ၊
(၃) ဝိပရိဏာမဒုက္ခ ဟူ၍ သုံးပါးရှိ၏။

**ဒုက္ခဒုက္ခ**

ကိုယ်၌ အနာမျိုး ကိုးဆယ့်ရှစ်ပါးစသော အဇ္ဈတ္တ ဘေးရန်ထိပါး၍ ပူလောင်မှု၊ ကျင်နာမှု၊ ကိုက်ခဲမှု၊ ညောင်းညာမှု၊ မီးဘေး၊ ရေဘေး၊ ဓားဘေး၊ လှံဘေး၊ ရန်သူဘေး၊ မြွေဘေး၊ ကင်းဘေး အစရှိသော ဗဟိဒ္ဓဘေးရန် ထိပါး၍ နာကျင် ပင်ပန်းမှု၊ အပါယ်ဘုံသားတို့ခံရသော ကာယိကဒုက္ခမှု စသည်သည် ဒုက္ခဒုက္ခ မည်၏။ စိုးရိမ်မှု ကြောင့်ကြမှု နှလုံးပူပန်မှု နှလုံးမသက်သာမှု စိတ်မချမ်းသာမှု အလုံးစုံသည်လည်း ဒုက္ခဒုက္ခ မည်၏။

တိရစ္ဆာန် သတ္တဝါတို့သည်ပင် ဤဒုက္ခဒုက္ခကို ဒုက္ခမှန်း သိကြ၏။ ထိုဒုက္ခ ဖြစ်ခွင့်ကို မြင်လျှင် ကြောက်ကြ ရွံ့ကြ ထိတ်လန့်ကြ ပြေးပုန်းကြ လျှိုးကြ၊ ခုခံနိုင်လောက်လျှင် ခုခံကြ၏။

**အနာဆိုးရှိသူ ညှော်ကြောက်သလို**

မိမိကိုယ်၌ အနာဆိုးရှိသော သူသည် ရေနံညှော် ဆီညှော် ကြက်သွန်ညှော် စသော ညှော်မျိုးကို ကြောက်ရ၏။ ဤကြောက်မှုမှာလည်း ညှော်ကို ကြောက်ရရင်း မဟုတ်။ မိမိကိုယ်ဟု ဆိုအပ်သော အနာထကြွမည်ကို ကြောက်ရရင်းတည်း။ အနာမရှိသောသူ မှာ ညှော်ကို ကြောက်ဖွယ် မရှိ။

**ခန္ဓာကိုယ်သည် အနာဆိုးနှင့်တူပုံ**

ဤခန္ဓာကိုယ်ကြီးသည် ကျိုက်ကျိုက်ဆူဆူ ပွက်ပွက်ဆူသော အနာခဲကြီး အတိဖြစ်၏။ အဇ္ဈတ္တ ဘေးရန်၊ ဗဟိဒ္ဓဘေးရန်တည်းဟူသော ညှော်တို့နှင့် တွေ့ကြုံ ထိပါးခဲ့လျှင် ဘယ်နေရာကမဆို ဘယ်အခါမဆို ဤဒုက္ခဒုက္ခ တည်းဟူသော ငန်းမန်း ထကြွသည်းထန်၍ ထွန့်ထွန့်လူး ဖျပ်ဖျပ်လူး ဖြစ်ရ၏။

**ကြောက်လန့်ဖွယ် ခန္ဓာကိုယ်**

လောက၌ ကြောင့်ကြမှု ရွံ့မှု ထိတ်လန့်မှု အလုံးစုံကို အရင်းသို့ ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤခန္ဓာကိုယ်ကြီးသို့ ဆိုက်လိမ့်မည်။ ဤခန္ဓာ

ကိုယ်ကြီးကို ကြောက်ရရင်း အမှန်ဖြစ်ကြောင်း၊ ဤဒုက္ခဒုက္ခ အတွက်ကြောင့် သတ္တဝါတို့၌ ကျပ်တည်း ကျဉ်းမြောင်းမှု အနန္တရှိနေကြောင်းများကို အသိဉာဏ်တွင် ထင်ရှားလိမ့်မည်။

**ဒုက္ခဒုက္ခ အမြွက် ပြချက်ပြီး၏။**

---------

**သင်္ခါရဒုက္ခ**

သင်္ခါရဒုက္ခဆိုသည်ကား မဖြစ်သေးသော ဝတ္ထုကို ဖြစ်လာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ၊ မရသေးသော ဝတ္ထုကို ရလာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသောဒုက္ခ၊ မရောက်လာသေးသော ဝတ္ထုကို ရောက်လာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ၊ ဤသို့ အစရှိသော ဒုက္ခစုသည် သင်္ခါရဒုက္ခ မည်၏။

**ဝိပရိဏာမဒုက္ခ**

ဝိပရိဏာမဒုက္ခဆိုသည်ကား သင်္ခါရဒုက္ခနှင့် တင်ကူး၍ ကြောင့်ကြ စိုက်ရသည့်အတွက်ကြောင့် ဖြစ်လာသော ဝတ္ထု၊ ရလာသော ဝတ္ထု၊ ရောက်လာသောဝတ္ထုတို့ကို မပျက်ပါစေလင့်ဟု ကြောင့်ကြစိုက်ရသော ဒုက္ခ၊ မပျောက်ပါစေလင့်ဟု ကြောင့်ကြစိုက်ရသောဒုက္ခ၊ မဆုတ်ပါစေလင့် မယုတ်ပါစေလင့် မလျော့ပါစေလင့် မဖောက်မပြန်ပါစေလင့် မသေပါစေလင့် ဘေးမထိပါစေလင့် ဒဏ်မထိပါစေလင့် ရန်မထိပါစေလင့်ဟု ကြောင့်ကြစိုက်ရသော ဒုက္ခစုသည် ဝိပရိဏာမဒုက္ခ မည်၏။ ထိုသို့ မပျက်ပါစေလင့် မပျောက်ပါစေလင့် မဆုတ်ယုတ်ပါစေလင့်ဟု ကြောင့်ကြစိုက်ပါလျက် ပျက်ရန် ပျောက်ရန် ဆုတ်ယုတ်ဆုံးရှုံးရန် အကြောင်းဆိုက် တိုက်လာ၍ ဆုတ်ယုတ်ပျက်စီး ကွယ်ပျောက်ဆုံးရှုံး ပြီးသောအခါ ဖြစ်ရသော ကာယိက ဒုက္ခ စေတသိကဒုက္ခစုသည်လည်း ဝိပရိဏာမဒုက္ခမည်၏။

ဥပမာအားဖြင့် ထင်ရှားအောင် ပြဦးအံ့ –

**ထမင်းက သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ**

နေ့စဉ် စား၍နေသော ထမင်းသည် ဒုက္ခသုံးမျိုးနှင့် ပြည့်စုံ၏။ ထိုထမင်းသည် ထမင်းနှင့် မကင်းနိုင်သောသူ ထမင်းကို လက်မလွှတ်နိုင်သောသူကို ဒုက္ခသုံးမျိုးနှင့် နှိပ်စက်၏။ အဘယ်သို့ နှိပ်စက်ပါသနည်းဟူမူ ထိုထမင်းဖြစ်လာရန် ရှေးရှေးနှစ်က မျိုးစပါးကို အားထုတ်ရသော အမှုစမှစ၍ နောက်နောက်နှစ်၌ ထမင်းဖြစ်အောင် ချက်မှု ပြုတ်မှုကို အားထုတ်ရသော အမှုတိုင်အောင် အကြားကာလ၌ အားထုတ်ရ ကြောင့်ကြစိုက်ရသော အမှုခပ်သိမ်းသည် ထိုထမင်း၏ သင်္ခါရမှု မည်၏။ ထမင်းကို မလွှတ်နိုင်သောသူသည် မလွှတ်နိုင်သမျှ ကာလပတ်လုံး ထိုသင်္ခါရမှု အပြီးစွပ်လျက်နေ၏။ ထမင်းကို လွှတ်သောအခါ ထိုသင်္ခါရမှု ကျွတ်လွတ်၏။

အဘယ့်ကြောင့်နည်းဟူမူ ထမင်းမည်သည် ထိုမျှလောက်သော သင်္ခါရမှုတို့ကို တင်ကူး၍ ကြောင့်ကြစိုက်နိုင်မှ ဖြစ်လာရသော သင်္ခါရဓမ္မမျိုး အစစ်ဖြစ်လာသောကြောင့်တည်း။ ဤကား ထမင်းကို မလွှတ်နိုင်သောသူကို ထိုထမင်းက သင်္ခါရဒုက္ခနှင့် နှိပ်စက်ပုံတည်း။

ဤပြဆိုခဲ့ပြီးသော သင်္ခါရမှုတို့ကား သန္တတိ သင်္ခါရမှုတို့သာတည်း။ ခဏိက သင်္ခါရကိုကား ပဌာန်း ၂၄–ပစ္စည်းနှင့် သိရမည်။

**ထမင်းက ဝိပရိဏာမ ဒုက္ခဖြင့် နှိပ်စက်ပုံ**

ထမင်းကို မလွှတ်နိုင်သောသူကို ထိုထမင်းသည် ဝိပရိဏာမ ဒုက္ခနှင့် အဘယ်သို့ နှိပ်စက်လေသနည်းဟူမူ ရှေးရှေးနှစ်၌ စပါးမျိုးကို ပြုပြင်မှုမှစ၍ ထိုထမင်းကို စားပြီးနောက် ကျင်ကြီး ကျင်ငယ်ကိစ္စ နှင့် ကြောင့်ကြစိုက်ရသော အမှုတိုင်အောင် အကြားကာလ၌ ထိုအလုပ်ပျက်ကွက်ရန် ဆုတ်ယုတ်ရန် ပျက်စီးရန် အခွင့်စုကို တင်ကူး၍ မျှော်ရှု၍ ကြောင့်ကြစိုက်ရသော အမှုစု၊ ထိန်းသိမ်းစောင့်ရှောက်ရသော အမှုစုသည် ထိုထမင်း၏ ဝိပရိဏာမမည်၏။ ထမင်းကို မလွှတ်နိုင်သောသူသည် ထိုထမင်း၏ ဝိပရိဏာမမှု အမြဲစွပ်လျက်နေ၏။ ထမင်းကို လွှတ်သောအခါ ထိုဝိပရိဏာမမှု ကျွတ်လွတ်၏။ အဘယ့်ကြောင့်နည်းဟူမူ ထိုထမင်း ဖြစ်လာရန် အဆောက်အဦဖြစ်သော အလုံးစုံသော ဝတ္ထုစု၊ အလုံးစုံသော အမှုစုသည် ပျက်စီးရန် အကြောင်းဆိုက်တိုက်လာလျှင် ပျက်စီးဖောက်ပြန်ခြင်း သဘောရှိလေသောကြောင့်တည်း။ ဤကား ထမင်းကို မလွှတ်နိုင်သောသူကို ထိုထမင်းက ဝိပရိဏာမဒုက္ခနှင့် အမြဲနှိပ်စက်ပုံတည်း။

**ထမင်းက ဒုက္ခဒုက္ခဖြင့် နှိပ်စက်ပုံ**

ထိုထမင်းကို စားရန် မျိုရန်အတွက်နှင့် ထိုသင်္ခါရမှု ဝိပရိဏာမမှုကို ကြောင့်ကြပြုရ အားထုတ်လုပ်ဆောင်ရသော အခါ၌ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှု အလုံးစုံသည် ထိုထမင်း၏ ဒုက္ခဒုက္ခမှု မည်၏။ ထမင်းသည် ဒုက္ခဒုက္ခမှုနှင့်လည်း ထိုသူကို အမြဲ နှိပ်စက်၏။

**ဝိပရိဏာမဒုက္ခကို မြင်အောင်ရှုပုံ**

ပျက်ကွက်ရန် အကြောင်းဆိုက်တိုက်၍ ပျက်ကွယ်ဆုံးပါး၍ သွားသောအခါ ထိုပျက်ဆုံးမှုကြောင့် ဖြစ်ရသော ပူပန်မှု ပင်ပန်းမှုတို့သည်ကား ထမင်းအဖြစ်သို့ ချောမောစွာ မရောက်ဘဲ ဖောက်ပြန်ပျက်ပြားသော ဝိပရိဏာမဒုက္ခပေတည်း။ ထိုထမင်းသည် စားပြီး မျိုပြီးနောက် အစာမကြေမှုနှင့်စပ်၍ သေလောက် ကျေလောက်အောင် ဖြစ်သော ဝိပရိဏာမဒုက္ခမှု၊ အနာရောဂါအမျိုးမျိုးနှင့် တွေ့ကြုံရသော ဝိပရိဏာမဒုက္ခမှု၊ အစာကောင်းစွာကြေကျက်၍ ကျင်ကြီး ကျင်ငယ်ကိစ္စနှင့် စပ်သော ဝိပရိဏာမဒုက္ခမှုတို့သည်ကား ရှေးအဖို့က ချောမောခဲ့၍ ထမင်းဖြစ်ပြီးနောက်မှ ခံရသော ထမင်း၏ ဝိပရိဏာမဒုက္ခစု ပေတည်း။

**သန္တတိဝိပရိဏာမ**

အများပြောရိုး ဆိုရိုး၌ကား ထိုထမင်းသည် ခံတွင်းသို့ ရောက်၍ အဆင်းသဏ္ဌာန် အနံ့ အရသာ အကုန်လုံး ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်လေ၏။ ထိုသို့ ဖောက်ပြန်မှုကိုသာ ဝိပရိဏာမဟု ပြောဆိုကြကုန်၏။ ဤသို့ ပြဆိုခဲ့ပြီးသော ဝိပရိဏာမ စကားစုသည် သန္တတိ စကားစုပေတည်း။

**ခဏိက ဝိပရိဏာမ**

ခဏိက အားဖြင့်ကား အသီးသီးသော ဥပဒ်ဖြင့် သဏ္ဌာန်၌ ဖြစ်ပေါ်ခြင်းသို့ ရောက်ကြကုန်သော မြေဓာတ် ရေဓာတ် အစရှိသော ပရမတ္ထဓမ္မတို့သည် မျက်တောင်တစ်ခတ်မျှ သစ်သစ်လတ်လတ် ဥပဒ်သော အတိုင်း မတည်နိုင်ကြကုန်မူ၍ ဇရာမီးလောင်သဖြင့် ခဏချင်း ရင့်ရော်ဆွေးမြည့်ကြကုန်၏။ မရဏမီးလောင်သဖြင့် ခဏချင်း ပျောက်ပျက်ကွယ်ဆုံးကြကုန်၏။

ထိုသို့ ဇရာဘေး မရဏဘေးတို့ကြောင့် ခဏချင်း ရင့်ရော်မှု၊ ခဏချင်း ပျက်ဆုံးမှုစုသည် ခဏိက ဝိပရိဏာမ မည်၏။ ထိုခဏိက ဝိပရိဏာမမှု အမြဲရောက်၍ နေကုန်သော ထိုမြေဓာတ် ရေဓာတ် အစရှိကုန်သော ပရမတ္ထဓမ္မတို့သည် ဇရာမီး၊ မရဏမီးတို့၏ လောင်စာသက်သက်မျှ ဖြစ်ကြကုန်ရကား သာယာချမ်းမြေ့သော တရားစု မဟုတ်ကြကုန်။ ခဏမစဲ အိုဘေး သေဘေး ထိ၍ မချိမဆံ့ ဖောက်ပြန်ပျက်ဆုံး ရသော ဝိပရိဏာမ ဒုက္ခတရားစုတို့သာတည်း။

**မီးလောင်တိုက် ဥပမာနှင့် ကိုယ်ခန္ဓာ**

ဉာဏ်နှင့် ကြည့်လိုက်သည်ရှိသော် အပေါ်ရေ ဖုံးလွှမ်း၍ နေကြကုန်သော ကိုယ်ခန္ဓာအကောင် ကြီးငယ်တို့သည် ပြည့်ရှင်မင်းကြီး၏ မီးလောင်တိုက်ကြီးနှင့် အသီးအသီး တူကြကုန်၏။ ထိုထို ခန္ဓာကိုယ်အတွင်း၌ ဖြစ်ဖြစ်သမျှသော မြေဓာတ် ရေဓာတ် အစရှိသော ရုပ်နာမ်တရားတို့သည် ရာဇဝတ်သင့်၍ မီးလောင်တိုက်သို့ ဝင်ကြရကုန်သော ရာဇဝတ်ကောင်တွေနှင့် တူကုန်၏။ ခဏမစဲ လောင်၍နေကုန်သော ဇရာမီး မရဏမီး တို့သည် ထိုမီးလောင်တိုက်တစ်ခုလုံးကို တစ်ဟုန်တည်းထ၍ လောင်ကျွမ်းကွယ်ဆုံး စေနိုင်သော အလွန်ထက်လှကြီးကျယ်လှစွာသော ယမ်းအိုး မီးရှူးအိုးတို့နှင့် တူကုန်၏။

**ထောင်မှုး ၄-ယောက် ဥပမာ**

တူကြပုန်ကား ဤကိုယ်ခန္ဓာကြီးအတွင်း၌ ရုပ်သစ် နာမ်သစ်တို့ကို ကိုယ်ခန္ဓာနှင့် အပြည့်အပြည့် ခဏခစဲ ဖြစ်ပေါ် အောင် ဖန်ဆင်းတည်ထောင် ပစ်ချကြကုန်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားကြီး လေးပါးတို့သည် မင်းပြစ် မင်းဒဏ် သင့်သော အမှုသည်တို့ကို မီးလောင်တိုက်ကြီးအတွင်းသို့ ခဏမစဲအောင် ပစ်ချသော ထောင်မှုးကြီးလေးယောက်တို့နှင့် တူကုန်၏။

**ယမ်းအိုး မီးရှူး ဥပမာ**

ပါဠိတော် [၁] ၌ကား ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါးဟူသော "မနောသဉ္စေတနာဟာရ" ကို မီးကျီးတွင်းသို့

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ပုတ္တမံသူပမသုတ်၊ နှာ- ၃၂၄။

လာလာသမျှသော သူတို့ကို ဆွဲငင်ပစ်ချသော ယောကျ်ားအားကောင်း နှစ်ယောက်တို့နှင့် တူသည်ဟု ဟောတော်မူသည်။ ကိုယ်ခန္ဓာနှင့် အပြည့်အပြည့် ခဏမစဲ အသစ်အသစ် ဖြစ်ပေါ်သော ရုပ်တရား နာမ်တရားတို့ကို ဖြစ်ပေါ်ပြီးသည်နှင့် တစ်ပြိုင်နက် ဇရာမီး မရဏမီးတို့က ပြာမှုန်မျှ မကျန်ရအောင် ဟုန်းခနဲ ဟုန်းခနဲ ထ၍ တသုတ်တသုတ် အပြောင်အပြောင် လောင်၍ ကုန်ဆုံးကွယ်ပျောက်ကြသည်နှင့် လောင်တိုက်မီးကြီးအတွင်း၌ ကျလာသမျှ ရောက်လာသမျှသော ရာဇဝတ်ကောင်တို့ကို ယမ်းအိုးမီးရှူးအိုးကြီး နှစ်လုံး နှစ်လုံးတို့က ပြာမှုန့်မျှ မကျန်ရအောင် ဟုန်းခနဲ ဟုန်းခနဲထ၍ တသုတ် တသုတ် အပြောင် အပြောင် လောင်၍ ကုန်ဆုံးကွယ်ပျောက်ကြမှုနှင့် တူသည်။

ဤကား ခဏိက ဝိပရိဏာမကို ပြဆိုလိုက်သော စကားရပ်တည်း။

---------

## ခန္ဓာကိုယ်ကြီး၏ ဒုက္ခများ

**သင်္ခါရ ဒုက္ခ** အထက် သန္တတိအချက်နှင့် ပြဆိုခဲ့သော ထမင်းဥပမာနှင့် ဤခန္ဓာစုတူပုံကို ပြဆိုဦးအံ့ – အရေးပါးဖြင့် ဖုံးလွှမ်းအပ်သော ဤခန္ဓာ ကိုယ်ကြီးငယ်တစ်ခုကို နပ်ပြီး ကျက်ပြီးသော ထမင်းအိုးကြီးပြု၍ထား၊ ဤဘဝတွင် ပဋိသန္ဓေမှစ၍ နေ့ရှိသမျှ ခဏမစဲ ရုပ်သစ် နာမ်သစ်တို့ကို ဖြစ်ပေါ်လာရန် ရှေးဘဝ၌ ဒါနသီလ စသော ကံကိုပြုလို၍ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စသည်ဖြင့် ဒါနဝတ္ထု ပစ္စည်းဝတ္ထုတို့ကို ရှာမှီး အားထုတ်ရသော ဒုက္ခမှု၊ ပေးကမ်းလှူဒါန်းရသော ဒုက္ခမှု၊ ဥပုသ်သီတင်းကျင့်သုံးရသော ဒုက္ခမှုတို့မှ စ၍ ဤဘဝ၌ အနှစ်တစ်ရာနေ၍ စုတိ ကမ္မဇရုပ်ချုပ်သည့်တိုင်အောင် ဤအကြောင်း၌ ဤကိုယ်ခန္ဓာကို အနှစ်တစ်ရာရှည်၍ ပါအောင် နေ့စဉ်ကြောင့်ကြစိုက်ရ အားထုတ်ရသော ဒုက္ခမှုစုသည် နေ့စဉ် အသစ် အသစ် ဖြစ်ပေါ်၍နေသော ဤခန္ဓာကြီး၏ သင်္ခါရဒုက္ခမှုစုပေတည်း။

ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့ရှိသမျှ ညရှိသမျှ အသက်မွေးမြူမှု ကြီးကျယ်ပုံကျပ်တည်းပုံကို မြင်နိုင်ပါလျှင် ဤခန္ဓာ၏ သင်္ခါရဒုက္ခမှု ကြီးကျယ်ပုံကို မြင်နိုင်လတ္တံ့။

ယခုဘဝ၌ အလှူဒါနမှုတစ်ခုအတွက် ပစ္စည်းဝတ္ထု စုဆောင်းရသော ဒုက္ခမှု၊ အလှူကိစ္စ ဆောင်ရွက်ရသော ဒုက္ခမှုတို့ကို ဒိဋ္ဌမျက်မြင်ရှိသဖြင့် ဤဘဝ ဤခန္ဓာအတွက်နှင့် ရှေးရှေး.၁ဝတို့က တင်ကူး၍ ဒုက္ခစိုက်ခဲ့ရသော ဤကိုယ်ခန္ဓာ၏ သင်္ခါရ ဒုက္ခမှုကိုလည်း မြင်နိုင်လတ္တံ့။

**ဝိပရိဏာမဒုက္ခ** ပဋိသန္ဓေတည်နေသည်မှစ၍ အဆုံးစုတိသို့ ဆိုက်သည်တိုင်အောင် အကြားဖြစ်သော အနှစ် တစ်ရာ တစ်ထောင် တစ်သိန်း တစ်ကုဋေ အသင်္ချေကာလအတွင်းမှာ နှစ်ပေါင်း လပေါင်း ပက္ခပေါင်း နေ့ရက်ပေါင်း နာရီပေါင်း ခဏပေါင်း အနန္တရှိသည်တွင် ပျက်ခွင့်ဆိုက်လျှင် မပျက်သော ခဏဟူ၍ မရှိ။ ဖောက်ပြန်ခွင့်ဆိုက်လျှင် မဖောက်ပြန်သောခဏဟူ၍ တစ်ခုမျှ မရှိ။ သေခွင့်ဆိုက်လျှင် မသေ

သောခဏဟူ၍ တစ်ခုမျှ မရှိ။ ဤသို့ ဖောက်ပြန်ခြင်းသဘော သေခြင်းသဘော အစဉ်ပါရှိ၍နေသည့်အတွက် လောကနှင့် အပြည့်ရှိနေသော ဖောက်ပြန်ရန်အခွင့်စု၊ သေကျေရန်အခွင့်စု ဆိုက်တိုက်လာမည်ကို မျှော်ခေါ်၍ ကြောင့်ကြစိုက်ရ အားထုတ်ရ ရှောင်ရှားရ ကြောက်ရ ရွံ့ရ ထိတ်လန့်ရ စိုးရိမ်ပူပန်ရသော ဒုက္ခမှု ဟူသမျှသည် ဤကိုယ်ခန္ဓာ၏ ဝိပရိဏာမဒုက္ခမှုချည်းသာတည်း။ ထိုသို့ ကြောင့်ကြစိုက်ပါလျက်လည်း အထူးအထူး အထွေထွေသော ဖောက်ပြန်မှု ပျက်ပြားမှု ဖျားမှု နာမှု ညှောင်းညာ ကိုက်ခဲမှု အစရှိသော ဝိပရိဏာမမှုတို့သည် ဖြစ်လာကုန်၏။ ဖြစ်တတ်မှန်း သိလျက်နှင့်ပင် မလွှဲသာ၍ သွားရ လာရ ပြုရ၍ ဖြစ်လာသော ဒုက္ခမှုစု၊ လောဘနိုင်ငံသို့ လိုက်မှုကြောင့် တွေ့ရသော ဒုက္ခမှုစု၊ ဒေါသနိုင်ငံသို့လိုက်မှု မာနနိုင်ငံသို့ လိုက်မှုကြောင့် တွေ့ရသော ဒုက္ခမှုစု၊ မိစ္ဆာဒိဋ္ဌိ နိုင်ငံသို့လိုက်၍ ဆောင်းအခါ ရေသို့ဆင်းခြင်း၊ နွေအခါ မီးကင်ခြင်း အစရှိသည်ကို တွေ့ရသော ဒုက္ခမှုစု၊ ပရိယတ်ကို အားထုတ်သည့်အတွက် ပဋိပတ်ကို အားထုတ်သည့်အတွက် တွေ့ကြုံရသော ဒုက္ခမှုစုသည်လည်း ဤခန္ဓာ၏ ဝိပရိဏာမ ဒုက္ခမှုစုချည်းပင်တည်း။

ခဏိက ဝိပရိဏာမဒုက္ခစုကိုကား ပြဆိုခဲ့ပြီ။

**သင်္ခါရဟူသမျှ ဒုက္ခချည်းသာ ဖြစ်ခြင်း**

လိုရင်းကား မိမိ အလိုရှိအပ်သော ဇာတိ ဖြစ်ပေါ်လာအောင် ရှေ့အဖို့ တစ်နာရီက တင်ကူး၍ တစ်ရက်က တင်ကူး၍ တစ်လက တင်ကူး၍ တစ်နှစ်က တင်ကူး၍ ရှေးရှေးဘဝက တင်ကူး၍ ရှေးရှေးကမ္ဘာက တင်ကူး၍ ပြုရသော ဒါနမှု သီလမှု ဘာဝနာမှု သုစရိုက်မှု ဒုစရိုက်မှု ရဟန်းပြုမှု ရသေ့ပြုမှု ကောင်းသော အသက်မွေးမှု မကောင်းသော အသက်မွေးမှု အစရှိသော အလုံးစုံသော ဒုက္ခမှုစုသည် ထိုအလိုရှိအပ် သော ဇာတိဝမ္မ၏ သင်္ခါရဒုက္ခမှု ချည်းပေတည်း။ ဤသို့သော သင်္ခါရဒုက္ခကို "သဗ္ဗေ သင်္ခါရ ဒုက္ခာ" ဟူ၍ ဟောတော်မူသည်။

ရှေး၌ တင်ကူး၍ ပြုခဲ့သည့်အတွက် နောက်အချိန်ကျ၍ ထိုထို ဇာတိ ဖြစ်ပေါ်လာသောအခါ၌လည်း ကာလမြင့်ရှည် တည်နိုင်ပါစေခြင်းငှာ အားထုတ်ကြရကုန်၏။ ထိုအားထုတ်မှုစုသည် သင်္ခါရဒုက္ခမှုစုပင်တည်း။ ရပြီးသော ကောင်းသော ဣဋ္ဌဇာတိ အစဉ်ပျက်ဆုံးရာသောအကြောင်းကို မျှော်၍၊ မကောင်းသော အနိဋ္ဌဇာတိ ဖြစ်ပေါ်လာရန်အကြောင်းကို မျှော်၍ စောစောက တင်ကူး၍ ပြုနှင့်ရသော ဒုက္ခမှုစုသည် ဖြစ်လတ္တံ့သော ဝိပရိဏာမဒုက္ခကို မျှော်၍ ပြုရသော အမျိုးဖြစ်သောကြောင့် ထိုခန္ဓာ၏ ဝိပရိဏာမဒုက္ခပင် မည်ပေသတည်း။

ဤတွင်ရွေ့ကား ဤခန္ဓာကိုယ်ကြီး၏ ဒုက္ခသဘော လက္ခဏာကို အမြွက်မျှ ပြဆိုချက် ပြီး၏။

-------

# ၁၀-ဒသမ မာတိကာ အနတ္တသဘော

**အတ္တ "ကိုယ်"၏ အဓိပ္ပါယ်**

အယံ ကာယော-ဤခန္ဓာငါးပါးအပေါင်းကြီးသည်၊ အတ္တာ-ကိုယ်မဟုတ်ဟူသော ဒသမ မာတိကာပုဒ်၌ အနတ္တပုဒ်၏ အရဖြစ်သော ကိုယ်ဟူသည် ကာယ၊ သရီရ၊ ဒေဟ၊ တနု၊ ဝပု၊ ဝတ္တ၊ ဗောန္ဒိသဒ္ဒါတို့ ဟောအပ်သော ရူပကာယ၊ ကိုယ်မဟုတ်၊ ကိုယ်မချိ အမိသော်မှ သားတော်ခဲသည်၊ အတ္တသမာ ပေမာ နတ္ထိ ကိုယ့်ထက် ချစ်အပ်သောသူ မရှိ၊ ကိုယ့်သား သူ့သား ကိုယ့်မယား သူ့မယား စသည်တို့ဖြင့် အတွင်းအပြင် သန့်ခြား ရာ ပြင်ပ သူတစ်ပါးမဟုတ်ဘဲ အတွင်းအနေ၌ ထားအပ်သော မိမိဟုဆိုအပ်သော ကိုယ်ပေတည်း။ ဤကိုယ်ကိုပင်လျှင် ငါဟူ၍ ခေါ်သည်။ ကိုယ် ငါ အတူတူ။

**အနတ္တကို သိပုံ**

ထို့ကြောင့် အောက်က ပြဆိုခဲ့ပြီးသော ကိုးပါးသော မာတိကာပုဒ်တို့၏အရ ဓမ္မသဘာဝတို့ကို ဤသို့ဆိုအပ်ခဲ့ပြီးသောအတိုင်း ဒိဋ္ဌထင်လင်း ထိုးထွင်းသိမြင်ပါလျှင် ငါဟူသော ကိုယ်ကောင် သတ္တဝါ အမာ အနှစ် ပျောက်၍ အနတ္တဝိဇ္ဇာလမ်း ပေါက်တော့သည်။

ဓာတ်ကြီးလေးပါး ဓာတ်ကြီးခြောက်ပါး ဝိညာဏဓာတ်ခြောက်ပါး ဤဓာတ်စုကို ဓာတ်ပေါက်အောင် မြင်လျှင် ငါဟူသော ကိုယ်ကောင် အတ္တ ပျောက်လတ္တံ့။

ထိုဓာတ်တို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကိုမြင်လျှင် ငါ၏ဥစ္စာ ငါ၏ ဟာဟူသော အတ္တနိယပျောက်၍ အရိယဝိဇ္ဇာလမ်း ဆုံးခန်းတိုင်ရောက် ထမြောက် ပြီးစီးလေတော့သည်။ ထိုအခါ ယောဂီအဖြစ်မှ လွတ်မြောက်၍ တေဝိဇ္ဇာ အဖြစ်သို့ ရောက်လေ၏။

-------

## နိဂုံး

ဤတွင်ရွှေကား ၁၂၆၀ ပြည့်နှစ် နတ်တော်လဆန်း ၄-ရက်၊ ၅-ရက်တွင် ဘီးလင်းမြို့ ကုသိနာရုံဘုရားကို အဖူးအမြော် ရောက်သောအခါ ၎င်းတောင်ပေါ် ဘုရားမှာနေသော ရသေ့ဆရာနှင့် တွေ့ကြရာ သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော အတ္တဝါဒုပါဒါန် ဖြုတ်ဖျက်ရာသော နည်းလမ်းကို ရသေ့ဆရာ လျှောက်ထားချက်နှင့် မုံရွာမြို့ လယ်ဟီတောရကျောင်းဆရာ ငါသည် အတ္တဝါဒုပါဒါန် ဖြုတ်ဖျက်ရန် ဝိပဿနာ ဝိဇ္ဇာ ပေါက်လမ်းကို ပြဆိုရေးသားလိုသော ဝိဇ္ဇာမဂ္ဂဒီပနီ ဤစာကျမ်းသစ်သည် ၁၂၆၀ ပြည့်နှစ် ပြာသိုလဆန်း ၁၂-ရက်နေ့တွင် အပြီးသို့ ရောက်သတည်း။

**ဝိဇ္ဇာမဂ္ဂဒီပနီ နိဋ္ဌိတာ။**

**နိဗ္ဗာန ပစ္စယော ဟောတု။**

(ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဤကျမ်းကို သက်တော် ၅၂-နှစ်တွင် စီရင်တော်မူသည်။)

# အာနာပါနဒီပနီ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အဘိယာစကနှင့် ပဋိညာဉ် [၁]

မြန်မာသက္ကရာဇ် ၁၂၆၅–ခု၊ တပေါင်းလဆုတ် ၁၁–ရက်နေ့တွင် လယ်ကိုင်းမြို့စား ဝန်ရှင်တော် ကင်းဝန်မင်းကြီးက တရားဓမ္မ သြဝါဒများကို နာခံလိုပါကြောင်းနှင့် အတန်တန် ပင့်ဖိတ် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍ မန္တလေးမြို့တော်သို့ ကြွရောက်၍ ၎င်းဝန်ရှင်တော်မင်းကြီး၏ အိမ်ဦး၌ ၃–ရက် ၃ ညဥ့် တည်းခိုနေထိုင်၍ ၎င်းဝန်ရှင်တော်မင်းကြီးနှင့်တကွ ၎င်းအိမ်ဦးသို့ တရားနာ လာရောက်ကြကုန်သော မှူးတော် မတ်တော် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား တရားဓမ္မ ပြသဟောပြ၍ နေစဉ်အခါ ဝန်ရှင်တော်မင်းကြီး၏ သားဖြစ်သူ ပုသိမ်မြို့အုပ်နှင့် မော်လမြိုင်မြို့ဇာတိ မန္တလေးအရေးပိုင်မင်းရုံးတော် စာရေးကြီး မောင်ခင်တို့သည် အသက်ထက်ဆုံး စွဲမြဲ အားထုတ်ရန် အာနာပါနကမ္မဋ္ဌာန်း အလုပ်များကို ထုတ်ဖော်ရေးသား သနားချီးမြှင့်ပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားကြသည်ဖြစ်၍ မုံရွာမြို့ လယ်တီတောကျောင်းဆရာငါသည် ဥပရိပဏ္ဏာသ အာနာပါနဿတိသုတ် ပါဠိတော်မြတ်ကို အနက် အဓိပ္ပာယ်နှင့်တကွ အကျဉ်းသခေ်ပအားဖြင့် ဖော်ပြပေအံ့သတည်း။

အဘိယာစကနှင့် ပဋိညာဉ် ပြီး၏။

-------

---

၁။ အဘိယာစက = တောင်းပန်သောသူ။ ပဋိညာဉ် = ဝန်ခံခြင်း။

# အာနာပါန ကမ္မဋ္ဌာန်း ပွားများသင့်ပုံ

## တိုက်တွန်းခြင်း ဥယျောဇဉ်

အကျိုးအကြောင်းတို့ကို ကောင်းစွာထင်ထင် သိမြင်နိုင်ကြကုန်သော ပညာရှိ အပေါင်း သူတော်ကောင်းတို့သည် –

တိဏ္ဏာ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော –
ဟူသော ဓမ္မပဒပါဠိတော်မြတ် (နှာ–၃၇)နှင့်အညီ အရွယ်သုံးပါးတို့တွင် ပထမအရွယ် မှစ၍ ဘောဂသမ္ပတ္တိ [၁] ကို စွန့်လွှတ်လိုက်ပြီးလျှင် ဘဝသမ္ပတ္တိ [၂] စီးပွားကို အားထုတ် ကြကုန်ရာ၏။

ပထမအရွယ်အတွင်းမှစ၍ မတတ်နိုင်ခဲ့လျှင် ဒုတိယအရွယ်အတွင်းမှစ၍ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ပြီးလျှင် ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြကုန်ရာ၏။

ဒုတိယအရွယ်တွင်းမှစ၍ မတတ်နိုင်ခဲ့ပါလျှင် တတိယအရွယ်သို့ အဆိုက် တွင် အားထုတ်ကြကုန်ရာ၏။

ပဏ္ဍိတော–ပညာရှိသူ မှန်ပေမူကား၊ တိဏ္ဏံ–အရွယ်သုံးပါးတို့တွင်၊ အညတရံ ယာမံ–တစ်ပါးပါးသော အရွယ်၌၊ ပဋိဇဂ္ဂေယျ–ဘဝသမ္ပတ္တိ စီးပွားကို အားထုတ် သုတ်သင်ရာ၏။ (ယခင် ပါဠိတော်အနက်)

အရွယ်သုံးပါးလုံးမှာပင် ဘောဂသမ္ပတ္တိ လက်ရှိတင်းလင်းနှင့်နေ၍ ဘဝ ပဒေသာပင်ကြီးကို ပိုင်းပိုင်းလဲ မခံအပ် ဟူလိုသည်။

ယခုအခါမူကား သေလွယ် ပျောက်လွယ်လှသော ဝိပ္ပတ္တိကာလဖြစ်ခဲ့၍ အသက် ၅၀ ကိုလည်းကောင်း၊ ၅၅–နှစ်ကိုလည်းကောင်း ဘောဂသမ္ပတ္တိနယ် အဆုံး ထားရာ၏။ ထိုမှ နောက်၌ ဘောဂသမ္ပတ္တိကို စွန့်လွှတ်၍ ဘဝသမ္ပတ္တိစီးပွား ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ အကျိုးများကို အားထုတ်ရာ၏။

**ဘဝသမ္ပတ္တိ အားထုတ်ခြင်း အမျိုးမျိုး** ဘောဂသမ္ပတ္တိကို စွန့်လွှတ်၍ ဘဝသမ္ပတ္တိ စီးပွားကို အားထုတ်ကြသော နည်းလမ်းသည် အမျိုးမျိုးရှိကြ၏။

---

၁။ ဘောဂသမ္ပတ္တိ = စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း။
၂။ ဘဝသမ္ပတ္တိ = ဘုရားသာသနာတွင်း၌ လူဖြစ်ရခြင်း။

(၁) ပထမအရွယ် ငယ်စဉ်အခါ၌ပင်လျှင် ထိးနန်းစည်းစိမ်ကို စွန့်လွှတ်၍ ရသေ့ရဟန်းအဖြစ်နှင့် တောထွက်ကြသော တေမိမင်း [၁] ဟတ္ထိပါလမင်း [၂] တို့၏ နည်းလမ်းတစ်မျိုး။

(၂) ပထမအရွယ် ဒုတိယအရွယ်၌ ထီးနန်းစည်းစိမ်ကို ခံစား စံစားပြီးမှ တတိယအရွယ်၌ ထီးနန်းစည်းစိမ်ကို သားကြီးရတနာအား လွှဲအပ်ပြီးလျှင် မင်းဥယျာဉ်၌ ချမ်းသာစွာ ဧကစာရ [၃] နေထိုင်၍ ဗြဟ္မဝိဟာရ ဘာဝနာတရားကို ပွားများအားထုတ်၍ ဈာန်သမာပတ်ကို ဖြစ်စေ၍ မင်းဥယျာဉ်၌ပင် အသက်ရှည်သမျှ ကာလပတ်လုံး ဈာန်သမာပတ်ချမ်းသာကို ခံစား စံစား၍နေကြသော မဃဒေဝမင်း [၄] အစ နေမိမင်း [၅] အဆုံး ရှိသော ရှစ်သောင်းလေးထောင်သော မင်းတို့၏ နည်းလမ်းတစ်မျိုး။

(၃) မင်းဥယျာဉ်သို့ပင် မထွက်မူ၍ သိကြားမင်းဖန်ဆင်းသော ဓမ္မပါသာဒ အမည်ရှိသော ရတနာအတိပြီးသော ရွှေနန်းပြာသာဒ်ကြီးအတွင်း၌ ဧကစာရနေတော်မူ၍ ဗြဟ္မဝိဟာရ ဈာန်သမာပတ်ကို ပွားများအားထုတ်၍ ဈာန်သမာပတ်ချမ်းသာကို ခံစား စံစား၍နေတော်မူသော မဟာသုဒဿန စကြာမင်းကြီး၏ နည်းလမ်းတစ်မျိုး [၆] ။

(၄) ရွှေပေတွင် ရေးသား၍ ရာဇဂြိုဟ်ဘုရင်က စေလွှတ်သော အာနာပါန ကမ္မဋ္ဌာန်း အစီအရင်ကို တွေ့မြင်ရာ ဘုံ ၇–ဆင့် ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ဧကစာရ နေတော်မူ၍ အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော်မူရာ အာနာပါန စတုတ္ထဈာန် တိုင်အောင် ပေါက်ရောက် ထမြောက်တော်မူပေသော တက္ကသိုလ်မင်း၏ နည်းလမ်း တစ်မျိုး [၇] ။

ဤသို့ အစရှိသည်ဖြင့် ရှေ့အဖို့၌ ဘောဂသမ္ဗုတ္တိ စီးပွားကို လိုက်စား ခံစားပြီး၍ နောက်အဖို့၌ ဘောဂသမ္ဗုတ္တိနှင့်စပ်သော ကြောင့်ကြစိုက်မှု၊ သမာဓိဘာဝနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော အဗြဟ္မစရိယမှု၊ အပေါင်းအဖော်နှင့် ရောယှက်ဆက်ဆံခြင်း အမှုများကို လွတ်ကင်းအောင် ကြဉ်ရှောင်၍ မိမိစိတ်ကြိုက်ရာ ပွဲတော်အစာအာဟာရကို နေ့စဉ်ပို့သ ဆက်သွင်းသောသူ လူယောကျ်ားတစ်ဦး တစ်ယောက်နှင့်သာ အတွေ့

---

၁။ ဇာ၊ ၎ ၆၊ နှာ–၁–၃၆။

၂။ ဇာ၊ ၎ ၄၊ နှာ–၄၇၈–၄၉၅။

၃။ တစ်ယောက်တည်း နေထိုင် ကျင့်ကြံခြင်း။

၄။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ နှာ–၂၆၂။ ဇာ၊ ၎ ၁၊ နှာ–၁၅၄။

၅။ ဇာ၊ ၎ ၆၊ နှာ–၁၁၉။

၆။ သုတ်မဟာဝါ ပါဠိတော်၊ နှာ–၁၄၆–၁၅၃။

၇။ ဥပရိပဏ္ဏာသ၊ ၎။ နှာ–၁၉၄–၂၁၇။

ခံတော်မူကြ၍ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြပေကုန်သော ပြဆိုခဲ့ပြီးသော အလောင်းလျာ ပညာရှိကြီးတို့၏ နည်းလမ်းအမျိုးမျိုးတို့တွင် ယခုအခါ ဗုဒ္ဓဘာသာဝင် လူပညာရှိတို့သည် မိမိတို့အခြေအနေနှင့် သင့်လျော်ရာနည်းလမ်းကို ရွေးကောက် အားကျ၍ ဘဝသမ္ပတ္တိအစီးအပွားကို အားထုတ်ကြကုန်ရာ၏။

တိုက်တွန်းခြင်း ဥယျောဇဉ် ပြီး၏။

---------

## စိတ်ကို အစိုးမရ၍ သံသရာ မျောရပုံ

**ဘဝသမ္ပတ္တိတိုးပွားမှု**

ယခုအခါ ဘဝသမ္ပတ္တိ အစီးအပွားဆိုသည်ကား ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနှင့်တကွ မနုဿတ္တဒုလ္လဘတည်းဟူသော ဘဝသမ္ပတ္တိကို ရရှိကြုံကြိုက်၍နေကြသည့်အခါ၌ ဂဟဋ္ဌ [၁] ဖြစ်သူ လူတို့မှာ အာဇီဝဋ္ဌမက သီလ၌ ကောင်းစွာတည်၍ ကာယဂတာသတိ အလုပ်၊ သမထကမ္မဋ္ဌာန်း အလုပ်၊ ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို စွဲစွဲမြဲမြဲ အားထုတ်မှုကို ဘဝသမ္ပတ္တိစီးပွားမှု ဆိုသတည်း။

**သတိပဋ္ဌာန် အလုပ်**

သမထမှု ဝိပဿနာမှု၏ ရှေ့အဖို့၌ ကာယဂတာသတိ အလုပ်ကို အားထုတ်ရသည်။ ကာယဂတာသတိအလုပ် ဆိုသည်ကား သတိပဋ္ဌာန်အလုပ်ကို ဆိုသတည်း။ ထို သတိပဋ္ဌာန် အလုပ်ကို ရှေးဦးစွာ တည်ထောင်အားထုတ်ခြင်း၏ အကြောင်းကို ဥပမာယုတ္တိနှင့်တကွ ပြဆိုဦးအံ့။

**စိတ်အစိုးမရသော သူရူး ဥပမာ**

လောက၌ မိမိစိတ်ကိုမိမိ အစိုးမရသော သူရူး သူနှမ်း မည်သည် တစ်စုံတစ်ခုသော အတ္တဟိတ [၂] စီးပွားမှု၊ ပရဟိတ [၃] စီးပွားမှုတို့၌ အသုံးမကျသူဖြစ်၏။ အဘယ့် ကြောင့်နည်းဆိုသော် ထိုသူ၏စိတ်သည် မိမိထမင်းစားမှု အလုပ်တစ်ခုမျှ၌ပင်လျှင် ပြီးစီးအောင်မနေ၊ ထိုသူသည် ထမင်းစားဆဲအခါ၌ပင် ထမင်းပွဲကို သွန်မှောက်၍ လွတ်ရာ အရပ်တစ်ပါးသို့ ထွက်သွား၏။ တခြားတစ်ပါးသော လူရေးလူရာတို့၌ ဆိုဖွယ်မရှိ၊ အသုံးမကျသူ သက်သက်ဖြစ်သတည်း။ ဆေးဝါးတို့ဖြင့် ကုသ၍ ပကတိ ပျောက်ငြိမ်းသောအခါ၌ စိတ်၏ တည်ကြည်ခြင်းကို ရ၍ ပကတိလူကောင်းဖြစ် လေ၏။ ထိုအခါမှ လူစဉ်မီ၍ ခပ်သိမ်းသော လူရေးလူရာတို့ကို အများနည်းတူ တည် ကြည်သောစိတ်ဖြင့် ပြီးစီးအောင် လုပ်ဆောင်နိုင်လေ၏။

---

၁။ ဂဟဋ္ဌ – အိမ်ရာထောင်သူ။ ၂။ အတ္တဟိတ – မိမိအကျိုးစီးပွား။
၃။ ပရဟိတ – သူတစ်ပါး အကျိုးစီးပွား။

**သူရူးနှင့်တူပုံ**

လောက၌ ပကတိစိတ်ကောင်း၊ နှလုံးကောင်းနှင့် ပြည့်စုံကြသော ပကတိလူကောင်း သူကောင်းတို့သည်လည်း သိမ်မွေ့လှစွာသော သမထ ဈာန်အလုပ်၊ ဝိပဿနာ ပညာအလုပ်တို့၌ကား မိမိစိတ်ကို မိမိ အစိုးမရသော သူရူး သူနှမ်းအရာ၌ တည်ကြရပြန်ကုန်၏။ တည်ပုံကား ဘုရားရှိခိုးရာ၌ ပကတိ လူတို့၏ စိတ်သည် "ဣတိပိသော" တစ်ပုဒ်ဆုံးသည်တိုင်အောင် ဘုရားဂုဏ်၌ စိုက်၍ မနေ၊ ဘုရားဂုဏ်ကိုလွှတ်၍ အာရုံတစ်ပါးသို့သာ ထွက်သွား၏။ အာရုံတစ်ပါးသို့ စိတ်ထွက်သွားတိုင်း အရွတ်အဆိုပျက်ကွက်ခဲ့ပါမူကား "ဣတိပိသော" တစ်ပုဒ်ကို တစ်ညဉ့်လုံး ရွတ်ဆိုသော်လည်း အဆုံးတိုင် ချောမောနိုင်ကြမည်မဟုတ်။ နဂိုက နှုတ်တက်ရပြီးဖြစ်၍သာ အရွတ်အဆို အစဉ်မပျက်ဘဲ အဆုံးတိုင် ချောမောနိုင်ကြလေသတည်း။

ခပ်သိမ်းသော ကမ္မဋ္ဌာန်းဘာဝနာ မနသိကာရ [1] မှုတို့၌ ဤနည်းချည်းမှတ်။

ဤကား ပကတိလူကောင်း သူကောင်းဆိုရသော သူတို့သည်လည်း သမာဓိဘာဝနာ ပညာဘာဝနာမှုတို့၌ မိမိစိတ်ကို မိမိ အစိုးမရကြသော သူရူး သူနှမ်းအရာ၌ တည်ကြပုံတည်း။

ဤကဲ့သို့ သူရူး သူနှမ်းအရာ၌ တည်လျက်ရှိကြကုန်သေးသော သူတို့သည် မဂ်ဖိုလ် နိဗ္ဗာန်ကို မဆိုထားဘိဦး။ ယခုဘဝ သေသည်၏ အခြားမဲ့၌ သုဂတိဘဝ [2] ကိုမျှ ရနိုင်ရန် အရေးသည်ပင်လျှင် အလွန်ခက်သေး၏။ သတိမူကြလေကုန်။

**စိတ်မနိုင်နင်းလျှင် အမှုမတွင်ကျယ်**

လောက၌ ခြေကို မနိုင်နင်းသောသူသည် ခြေဖြင့်ပြုရသော အမှုကို တွင်ကျယ်အောင် မပြုနိုင်။

လက်ကို မနိုင်နင်းသောသူသည် လက်ဖြင့်ပြုရသော အမှုကို တွင်ကျယ်အောင် မပြုနိုင်။

နှုတ်လျှာကို မနိုင်နင်းသောသူသည် နှုတ်လျှာဖြင့်ပြုရသော အမှုကို တွင်ကျယ်အောင် မပြုနိုင်။

စိတ်ကို မနိုင်နင်းသောသူသည် စိတ်ဖြင့်ပြုရသော အမှုကို တွင်ကျယ်အောင် မပြုနိုင်။

ဘာဝနာ မနသိကာရမှုမည်သည် စိတ်ဖြင့်ပြုအပ်သော အမှုသက်သက်ဖြစ်၏။ ထို့ကြောင့် မိမိစိတ်ကို မနိုင်နင်းကြ၊ မစိုးမရကြကုန်သော ပကတိလူရှင် ပုထုဇဉ်တို့

---

၁။ မနသိကာရ - နှလုံးသွင်းခြင်း။

၂။ သုဂတိဘဝ - ကောင်းသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ။

သည် ဘဝနာမနသိကာရမှုကို တွင်ကျယ်အောင် မပြုနိုင်ကြ။ အတုအပမျှသာ ပြုနိုင်ကြသည်။

**ပဲ့တက်မနိုင်နင်းသော လှေသူကြီး ဥပမာ**

ဥပမာကား– လှေကိုင် တက်ကိုင် မနိုင်နင်းသော လှေသူကြီးသည် ဝန်ပြည့်သော လှေကြီးဖြင့် အလွန်အလျဉ်ထန်စွာစီးသော မြစ်ကြီး၌ စုန်မျှော၍လာရာ ညဉ့်အခါ၌ မှောင်မိုက်သည့်အတွက်ကြောင့် ကမ်းစဉ်တစ်လျှောက် မြို့ရွာဆိပ်ကမ်းများကို မမြင်ရ။ နေ့အခါ၌ ကမ်းစဉ်တစ်လျှောက် မြို့ရွာ ဆိပ်ကမ်းများပါ မြင်ပါသော်လည်း လှေတက်ကို မနိုင်နင်းသည့်အတွက်ကြောင့် တစ်စုံတစ်ခုသော မြို့ရွာဆိပ်ကမ်းသို့ ကပ်ခြင်း ဆိုက်ခြင်းငှာ မတတ်နိုင်မူ၍ ကြည့်ကာ မျှော်ကာ ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေ၏။

**ဥပမာ ဥပမေယျ စပ်ဟပ်ပုံ**

(က) ဤဥပမာ၌ အလျဉ်ထန်စွာစီးသော မြစ်ကြီး၊ သမုဒ္ဒရာကြီးကဲ့သို့ ဩဃလေးဖြာ [၁] သံသရာကြီးကို မှတ်ရာ၏။

(ခ) ဝန်ပြည့်သော လှေကြီးကဲ့သို့ ထိုထိုသတ္တဝါတို့၏ ခန္ဓာကိုယ်ကို မှတ်ရာ၏။

(ဂ) လှေတက်ကို မနိုင်နင်းသော လှေသူကြီးကဲ့သို့ ပုထုဇဉ်သတ္တဝါကို မှတ်ရာ၏။

(ဃ) တောတောင်စခန်း၌ ဆိပ်ကမ်းမရှိသော မြစ်ပြင်ကြီးကဲ့သို့ သုည ကမ္ဘာ သံသရာခရီးကို မှတ်ရာ၏။

(င) မြို့ရွာ ဆိပ်ကမ်းရှိပါသော်လည်း ညဉ့်အခါ မှောင်မိုက်နှင့် ကြုံကြိုက်၍ မြို့ရွာ ဆိပ်ကမ်းကို မမြင်ဘဲ အတွင် စုန်မျှောရသကဲ့သို့ ဘုရားပွင့်ရာ ဗုဒ္ဓကမ္ဘာပင် ဖြစ်သော်လည်း အရပ်ပြစ်ရှစ်ဖြာ [၂] မိစ္ဆာမှောင်မိုက်နှင့် ကြုံကြိုက်၍ ဘုရားသာသနာ သိက္ခာသုံးတန် [၃] နိဗ္ဗာန် ဆိပ်ကမ်းကို သမ္မာဒိဋ္ဌိဉာဏ်မျက်စိဖြင့် မမြင်ဘဲ သံသရာ အလျဉ်သို့ အတွင်စုန်မျှောကြသော သာသနာပ လူမျိုးတို့ကို မှတ်ရာ၏။

---

၁။ ဩဃလေးဖြာ = ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ။
ဩဃ = သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ်သော တရား။

၂။ အရပ်ပြစ်ရှစ်ဖြာ – ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အရူပဘုံ၊ ပစ္စန္တရစ်၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်၊ ပဋိသန္ဓေမှ မျက်စိ၊ နား ချွတ်ယွင်းသူ၊ အသညသတ်ဘုံ။

၃။ သိက္ခာသုံးတန် = အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ (သီလ၊ သမာဓိ၊ ပညာ)

(စ) နေ့အခါ၌ ကမ်းစဉ်တစ်လျှောက် မြို့ရွာ ဆိပ်ကမ်းများကို မြင်ပါသော်လည်း လှေတက်ကို မနိုင်နင်းသည့်အတွက်ကြောင့် တစ်စုံတစ်ခုသော မြို့ရွာ ဆိပ်ကမ်းသို့ မကပ်နိုင် မဆိုက်နိုင်မှု၍ ကြည့်မျှော်ကာ ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေသကဲ့သို့ဘုရားပွင့်ရာ သာသနာ၌ ဗုဒ္ဓဘာသာ အမျိုးကောင်း စင်စစ်ဖြစ်ပါသော်လည်း ဘာဝနာအလုပ်ကို အားမထုတ်ကြဘဲ ပကတိသော စိတ်နှင့်သာနေသည့်အတွက် စိတ်ကို မစိုးမရသော အရှုံးအနှမ်းအရာ၌တည်နေကြသည်ဖြစ်၍ သမထစျာန်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ဆိပ်ကမ်းသို့ မကပ်နိုင်ကြ၊ မဆိုက်နိုင်ကြကုန်မူ၍ ရတနာသုံးပါးကို ကြည်ညိုကိုးကွယ် ဖူးမြော် ချီးမွမ်းကာ ဘုရားဒါယကာ၊ ဘုရားအမ၊ ကျောင်းဒါယကာ၊ ကျောင်းအမ၊ ပစ္စည်းလေးပါး ဒါယကာ၊ ပစ္စည်းလေးပါး အမ၊ သာမညရဟာန်း၊ ကျမ်းတတ်ဂန်တတ်အကျော် တံဆိပ်တော်ရ ဆရာတော်ဖြစ်ကာနှင့် သုညကမ္ဘာသံသရာပြင်ကြီးသို့ လွင့်ကာလွင့်ကာ လာကြသည်ကို မှတ်ရာ၏။

လွန်လေပြီးသောအခါ အနမတဂ္ဂ[၁] သံသရာမှ ယနေ့ထက်တိုင် မျော၍လာခဲ့ကြပုံတည်း။

စိတ်ကို အစိုးမရ၍ သံသရာမျောရပုံ ပြီး၏။

-------

# ကာယာဂတာသတိ ဘာဝနာ ဦးစွာ အားထုတ်ရပုံ

**စိတ်ကို မနိုင်ခြင်းအပြစ်** ယခုအခါ၌လည်း ဘုရားသာသနာ၌ ဗုဒ္ဓဘာသာ အမျိုးကောင်းစစ်စစ် ဖြစ်ကြကုန်လျက် ကာယဂတာသတိ ဘာဝနာများကို အားမထုတ်ကြဘဲ အစိုးမရသော ပကတိစိတ်အတိုင်းနှင့်သာ နေရ၍ သေလွန်ကြလျှင် အတိတ်သံသရာက လာခဲ့ကြသော လမ်းမ၊ လမ်းရိုးကြီးအတိုင်း သံသရာဒလဟောသို့ မျောမြဲ၊ မြုပ်မြဲ တလဲလဲ ဖြစ်ကြကုန်ရာသည်။

ပြခဲ့ပြီးသော ဥပမာဖြင့် စိတ်ကို အစိုးမရမှုသည် သံသရာဒလဟော၌ မျောလမ်းကြီး စစ်စစ်ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ သမထအလုပ်၊ ဝိပဿနာ အလုပ်သို့ မကပ်နိုင်ကြသောကြောင့်တည်း။

---

၁။ အနမတဂ္ဂ = အစမထင်သော။ (နာ = ပ+မတ = သိ+အဂ္ဂ = အစ)

**စိတ်ကိုနိုင်နင်းခြင်းအကျိုး**

စိတ်ကို အစိုးရမှုသည် နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီး စစ်စစ်ဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူ အလိုရှိသောအခါ သမထအလုပ်၊ ဝိပဿနာအလုပ်ကို လုပ်နိုင်သောကြောင့်တည်းဟူသော အနက်ကို ပြဆိုသည်။ ကာယဂတာသတိဘာဝနာသည် စိတ်ကို အစိုးရအောင်အား ထုတ်မှုပေတည်း။

**ကာယဂတာသတိနှင့် နိဗ္ဗာန်**

အထက်ဖြစ်သော သမထအလုပ်၊ ဝိပဿနာအလုပ်တို့ကို မလုပ်တည့်နိုင်လျှင် ရှိစေဦး။ မိမိစိတ်ကို မိမိကိုယ်သဏ္ဍာန်အတွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြလျှင်ပင် နိဗ္ဗာန်၏ အရသာကို ခံစံကြရသည်မည်ကြောင်းကို ဤသို့ ဟောတော်မူ၏။

> အမတံ တေသံ ဝိရဒ္ဓံ၊ ယေသံ ကာယဂတာသတိ ဝိရဒ္ဓါ။
> အမတံ တေသံ အဝိရဒ္ဓံ၊ ယေသံ ကာယဂတာသတိ အဝိရဒ္ဓါ။
> အမတံ တေသံ အပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။
> အမတံ တေသံ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။
> (အင်္ဂုတ္တိုရ်ပါဠိတော်[၁])

ယေသံ–အကြင်သူတို့အား၊ ကာယဂတာသတိ–ကာယဂတာသတိသည်၊ ဝိရဒ္ဓံ–ချော်ချွတ်လေ၏၊ တေသံ–ထိုသူတို့အား၊ အမတံ–အမြိုက်နိဗ္ဗာန်သည်၊ ဝိရဒ္ဓံ–ချော်ချွတ်လေ၏၊ ယေသံ–အကြင်သူတို့အား၊ ကာယဂတာသတိ–ကာယဂတာသတိသည်၊ အဝိရဒ္ဓါ–မချော်ချွတ်၊ တေသံ–ထိုသူတို့အား၊ အမတံ–အမြိုက်နိဗ္ဗာန်သည်၊ အဝိရဒ္ဓံ–မချော်ချွတ်နိုင်ပြီ။

ယေသံ–အကြင်သူတို့အား၊ ကာယာတာသတိ–ကာယဂတာသတိကို၊ အပရိဘုတ္တာ–မသုံးဆောင်ရ၊ တေသံ–ထိုသူတို့အား၊ အမတံ–အမြိုက်အရသာကို၊ အပရိဘုတ္တံ–သုံးဆောင်ရသည်မမည်၊ ယေသံ–အကြင်သူတို့အား၊ ကာယဂတာသတိ–ကာယဂတာသတိကို၊ ပရိဘုတ္တာ–သုံးဆောင်ရ၏၊ တေသံ–ထိုသူတို့အား၊ အမတံ–အမြိုက်အရသာကို၊ ပရိဘုတ္တံ–သုံးဆောင်ရသည်မည်၏။ (ငှင်းပါဠိတော်အနက်)

လိုရင်းအဓိပ္ပာယ်ကား– ကာယဂတာသတိ ဘာဝနာတည်၍ မိမိစိတ်ကို မိမိအစိုးရသောအဖြစ်၌ တည်ကြသောသူတို့အား သမထဝိပဿနာ အလုပ်ကို တွင်ကျယ်စွာ လုပ်နိုင်ကြတော့မည်ဖြစ်၍ ယခုဘဝဆိုက်တိုက်၍နေသော နိဗ္ဗာန်နှင့် လွဲနိုင်ရန်မရှိပြီ။ ကာယဂတာသတိ ဘာဝနာလက်မဲ့၍ မိမိစိတ်ကို မိမိအစိုးမရသော အရူးအနှမ်းအရာ၌ တည်မြဲတိုင်းနှင့် နေကြကုန်မူကား သမထဝိပဿနာအလုပ်ကို မကပ်နိုင်သဖြင့် နိဗ္ဗာန်နှင့် လွဲကြကုန်ရာ၏ ဟူလိုသည်။

---

၁။ အင်္ဂုတ္တရပါဠိတော်၊ ပထမတွဲ၊ ဧကကနိပါတ၊ အမတ ဝဂ္ဂ၊ နှာ–၄၇။

**စိတ် အစိုးရမှု အမျိုးမျိုး**

စိတ်ကို အစိုးရမှုသည် အမျိုးမျိုးရှိ၏။ အဘယ်သို့ အမျိုးမျိုး ရှိသနည်း ဟူမူကား - လောက၌ အရှုး အနှမ်း မဟုတ်မူ၍ ပကတိ တည်ကြည်သောစိတ်နှင့် ပြည့်စုံလျက် လူရေးလူရာ၌ နေရာတကျ ရှိသည်ကိုလည်း စိတ်ကို အစိုးရမှု ခေါ်၏။ သာသနာ၌မူကား ဣန္ဒြိယ သံဝရသီလ လုံခြုံမှုသည်လည်း အစိုးရမှု တစ်ပါးပင် ဖြစ်၏။ ခိုင်ခံ့သော အစိုးရမှုကား မဟုတ်သေး။ ကာယဂတာသတိဘာဝနာ တည်မှုသည်ကား သမထဝိပဿနာ၏ ပဒဋ္ဌာန် (နီးစွာသောအကြောင်း) ဖြစ်၍ ခိုင်ခံ့သော အစိုးရမှုမည်၏။ ထိုထက် ဥပစာရ သမာဓိမှုသည် ခိုင်ခံ့၏။ ထိုထက် အပ္ပနာသမာဓိမှုသည် ခိုင်ခံ့၏။ အပ္ပနာသမာပတ် ရှစ်ပါးတို့သည် တစ်ဆင့်ထက် တစ်ဆင့် ခိုင်ခံ့ကြကုန်၏။ အဘိညာဉ်မှုသည် သမထ ကိစ္စတွင် အထွတ်အထိပ်ဖြစ်သော အစိုးရမှု မည်၏။

**သမထ၊ ဝိပဿနာ ယာဉ် ၂-ပါး**

ဤကား ကာယဂတာသတိ ဘာဝနာမှုမှ သမထလမ်းသို့ တက်သော သမထယာနိကလမ်းတည်း။ ကာယဂတာ သတိ ဘာဝနာမှုမှ ဝိပဿနာသို့ တက်သည်ကိုကား ဝိပဿနာယာနိကလမ်း ခေါ်၏။

ဤတွင်ရွေ့ကား သမထအလုပ် ဝိပဿနာအလုပ်တို့၏ ရှေ့အဖို့၌ ကာယဂတာ သတိပဋ္ဌာန်အလုပ်ကို ရှေးဦးစွာ တည်ထောင် အားထုတ်ရခြင်း၏ အကြောင်းကို ဥပမာယုတ္တိနှင့်တကွ ပြဆိုလိုက်သော အခန်းတည်း။

ကာယဂတာသတိ ဘာဝနာ ဦးစွာ အားထုတ်ရပုံ ပြီး၏။

---

## အာနာပါန ကမ္မဋ္ဌာန်း ပွားသင့်ပုံ

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရှင်လူအပေါင်းတို့သည် မိမိစိတ်ကို မိမိ အစိုးမရ ရှိနေကြသည်ကို လွန်စွာ စက်ဆုပ်ထိတ်လန့်ကြကုန်၍ မိမိ စိတ်ကို မိမိ အစိုးရသောအဖြစ်၌ စောစောစီးစီး တည်ပြီးဖြစ်ကြစေခြင်းငှာ မဟာသတိ ပဋ္ဌာနသုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်ကြ ကုန်ရာ၏။

**ကာယဂတာသတိ အပြား ၁၈-ပါး**

ထိုကာယဂတာ သတိသည် ဥပရိပဏ္ဏာသပါဠိတော် ကာယဂတာ သတိသုတ်[1]၌ကား -

အာနာပါနပိုင်း

ဣရိယာပထ[2] ပိုင်း

---

[1] ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၁၃၀။

[2] ဣရိယာပထ (ဣရိယာ = မှုတခြင်း၏ + ပထ = လမ်းစဉ်) လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် လေးပါး။

သမ္ဘဇ္ဇပိုင်း
ပဋိကူလ [၁] ပိုင်း
ဓာတုဝဝတ္ထာန [၂] ပိုင်း
သိဝထိက [၃] ကိုးပါး

တို့နှင့်တကွ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ကာယဂတာ သတိအပြား ၁၈-ပါး လာ၏။

**ကိစ္စ ၄-ပါး ပြီးနိုင်ပုံ**

ငင်းပါဠိတော် အာနာပါနသုတ်[၄]၌ကား
အာနာပါန အလုပ်တစ်ခုနှင့်ပင် ကာယဂတာသတိ
ဘာဝနာကိစ္စ
အပ္ပနာဈာန် ၄-ပါး ဟူသော သမထ ဘာဝနာ ကိစ္စ
ဝိပဿနာ ဘာဝနာ ကိစ္စ
ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော မဂ္ဂဘာဝနာ ကိစ္စ
ဖလသစ္ဆိကိရိယာ [၅] ကိစ္စ
တို့သည် အပြီးတိုင် လာကုန်၏။

**ဘုရားရှင်တိုင်း၏ လက်စွဲ**

ခပ်သိမ်းသော မြတ်စွာဘုရားတို့လည်း အာနာပါနဿတိ၌ တည်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်မြဲ ဓမ္မတာဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်ကြကုန်ပြီးသောအခါ၌လည်း အာနာပါနဿတိကို အသက်ထက်ဆုံး မစွန့်ကြကုန်ပြီ။

သမထအရာ၌လည်း ကမ္မဋ္ဌာန်းလေးဆယ်ရှိသည်တွင် အာနာပါနကမ္မဋ္ဌာန်းသည် အစဉ် စွဲမြဲ ပွားများခြင်းငှာ အလွယ်ဆုံးဖြစ်၏။ မြတ်စွာဘုရားသည်လည်း တခြား သော သမထကမ္မဋ္ဌာန်းတို့ထက် ထွတ်မြတ်သော လွန်သော ဂုဏ်ပုဒ်တို့နှင့် များစွာ ချီးမွမ်းတော်မူ၏။ အဋ္ဌကထာ ဆရာမြတ်ကြီးတို့သည်လည်း မဟာပုရိသဘူမိ [၆] ဟု မိန့်တော်မူကြကုန်၏။

လူသာမန်၊ ရှင်သာမန်တို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းမဟုတ်။ လူပညာရှိကြီး၊ ရှင်ပညာရှိကြီးတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်သည်ဟူလို။

---

၁။ ပဋိကူလ = စက်ဆုပ်ရွံရှာဖွယ်။
၂။ ဓာတုဝဝတ္ထာန = ဓာတ်လေးပါးကို ပိုင်းခြားမှတ်သားခြင်း။
၃။ သိဝထိက = သုသာန် သင်္ချိုင်းမှ သူသေကောင်။
၄။ ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၁၂၂။
၅။ ဖလသစ္ဆိကိရိယာ = ဖိုလ်ကို မျက်မှောက်ပြုခြင်း။
၆။ မဟာပုရိသဘူမိ = ယောကျ်ားမြတ်တို့၏ တည်ရာဘုံ။

ထို့ကြောင့် ရှေ့၌ ပြဆိုခဲ့ပြီးသော အလောင်းအလျာ ပညာရှိကြီးတို့၏ နည်းလမ်းတို့တွင် ဘုံ ၇–ဆင့်ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ပကတိသော မင်းဧကရာဇ် အသွင်နှင့်ပင် ဆိတ်ငြိမ်စွာ စံနေတော်မူ၍ အာနာပါန အလုပ်ကို အားထုတ်တော်မူရာ ကာယဂတာသတိ ဘာဝနာ ကိစ္စမှစ၍ စတုတ္ထဈာန် သမာဓိ ဘာဝနာ ကိစ္စတိုင်အောင် ပြီးစီးထမြောက် ပေါက်ရောက်တော်မူသော ရောမနိုင်ငံ၏အနီး တက္ကသိုလ်ပြည်ကြီးကို ရွှေထီး ရွှေနန်း သိမ်းမြန်း စိုးစံတော်မူသော ပက္ကုသာတိမင်း၏ နည်းလမ်း ကို လိုက်စား အားကျ၍ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ၏ အကျိုးအာနိသံသနှင့်တကွ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြလိုကုန်သော ဗုဒ္ဓဘာသာ ရှင်လူပညာရှိကြီးတို့၏ အကျိုးငှာ အာနာပါန သတိ သုတ္တန်ပါဠိတော်ကြီးကို ပါဠိအနက် အဓိပ္ပာယ်နှင့်တကွ ထုတ်ပြ၍ အကျဉ်း သခေ်ပအားဖြင့် အာနာပါနကမ္မဋ္ဌာန်း အစီအရင်ကို ပြဆိုပေအံ့သတည်း။

အာနာပါနကမ္မဋ္ဌာန်း ပွားသင့်ပုံ ပြီး၏။

# အာနာပါနဿတိသုတ် အဖွင့်

## အာနာပါန အချီး

၁။ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

၂။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

၃။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

အာနာပါနဿတိသုတ်ပါဠိတော်[၁]။

၁။ ဘိက္ခဝေ-ရဟန်းတို့၊ အာနာပါနဿတိ-အာနာပါနဿတိ ကမ္မဋ္ဌာန်း အလုပ်သည်၊ ဘာဝိတာ-ပွားများစေအပ်သည်ရှိသော်၊ ဗဟုလီကတာ-နေ့ရက်များစွာ လေ့လာစွဲမြဲခြင်းကို ပြုအပ်သည်ရှိသော်၊ စတ္တာရော သတိပဋ္ဌာနေ-သတိပဋ္ဌာန် လေးပါးတို့ကို၊ ပရိပူရေန္တိ-ပြီးပြည့်စုံစေနိုင်ကုန်၏။

၂။ စတ္တာရော သတိပဋ္ဌာနာ-လေးပါးသော သတိပဋ္ဌာန်တရားတို့သည်၊ ဘာဝိတာ-ပွားများစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ-နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည်ရှိသော်၊ သတ္တ ဗောဇ္ဈင်္ဂေ-ဗောဇ္ဈင် ခုနစ်ပါးတို့ကို၊ ပရိပူရေန္တိ-ပြီးပြည့်စုံစေနိုင်ကုန်၏။

၃။ သတ္တ ဗောဇ္ဈင်္ဂါ-ဗောဇ္ဈင် ခုနစ်ပါးတို့သည်၊ ဘာဝိတာ-ပွားများစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကကာ-နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည်ရှိသော်၊ ဝိဇ္ဇာဝိမုတ္တိံ-လောကုတ္တရာ ဝိဇ္ဇာလေးပါး ဝိမုတ္တိလေးပါးကို၊ ပရိပူရေန္တိ-ပြီးပြည့်စုံ စေနိုင်ကုန်၏။ ၎င်းပါဠိအနက်။

**လောကုတ္တရာဝိဇ္ဇာ ၄-ပါး** မဂ်ဉာဏ်လေးပါးသည် လောကုတ္တရာ ဝိဇ္ဇာလေးပါး မည်၏။

**ဝိမုတ္တိ ၄-ပါး** ဖိုလ်ဉာဏ်လေးပါးသည် ဝိမုတ္တိလေးပါးမည်၏။

လိုရင်းအဓိပ္ပာယ်ကား -

---

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၁၂၄။

၁။ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို နေ့ရှည်ရက်များ ကြီးပွားထမြောက်အောင် လုပ်ဆောင်နိုင်ပါမှုကား သတိပဋ္ဌာန်လေးပါးကို ပွားများမှုကိစ္စလည်း အလိုလိုပြီးစီးတော့သည်။

၂။ ဗောဇ္ဈင် ၇-ပါးကို ပွားများမှုကိစ္စလည်း အလိုလို ပြီးစီးတော့သည်။

၃။ ဝိဇ္ဇာ၊ ဝိမုတ္တိ တရားနှစ်ပါးကို ပွားများမှုကိစ္စလည်း ပြီးစီးတော့သည် ဟူလိုသတည်း။

ဤပါဠိတော်၌ အလုံးစုံသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို သတိပဋ္ဌာန်၊ ဗောဇ္ဈင်၊ ဝိဇ္ဇာ၊ ဝိမုတ္တိတို့ဖြင့် သိမ်းကျုံး၍ ဟောတော်မူသည်။ ဗောဓိပက္ခိယတရား ၃၇-ပါးကို ပွားများမှု အကုန်ပြီးစီး၏ ဆိုလိုသည်။

အာနာပါနအချီး ပြီး၏။

--------

# ကမ္မဋ္ဌာန်း အလုပ်ခွင် တည်ခန်း

ဣဓ ပန ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာ ဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ ငင်းသုတ်ပါဠိတော်[၁]။

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ ပန-ဤသာသနာတော်တွင်း၌၊ ဘိက္ခု-သံသရာဘေးကို မြင်မြော်နိုင်သောသူသည်၊ အရညဂတော ဝါ-တောအရပ်၌ တည်၍သော်လည်းကောင်း၊ ရုက္ခမူလဂတော ဝါ-သစ်ပင်ရင်း၌ တည်၍သော်လည်းကောင်း၊ သုညာဂါရဂတော ဝါ-ဆိတ်ငြိမ်ရာ ကျောင်း၊ အိမ်၊ ဘုံနန်း၊ တိုက်ခန်းနေရာ၌ တည်၍သော်လည်းကောင်း၊ ပလ္လင်္ကံ-ထက်ဝယ် ပလ္လင်ကို၊ အာဘုဇိတွာ-ဖွဲ့ခွေနေထိုင်၍၊ ကာယံ-အထက်ကိုယ်ကို၊ ဥဇုံ-ဖြောင့်မတ်စွာ၊ ပဏိဓာယ-ထား၍၊ သတိံ-သတိကို၊ ပရိမုခံ-ကမ္မဋ္ဌာန်းအချက် ထွက်သက်ဝင်သက်သို့ ရှေးရှု၊ ဥပဋ္ဌပေတွာ-ခိုင်မြဲစွာ စိုက်ထား၍၊ နိသီဒတိ-နေ၏။

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေမှုသည် ကမ္မဋ္ဌာန်းအလုပ်နှင့် အထူးသင့်လျော်သောကြောင့် "ပလ္လင်္ကံ အာဘုဇိတွာ" ဟူ၍ ဟောတော်မူသည်။ စင်စစ်သော်ကား ဣရိယာပုတ်လေးပါး၌ပင် ဖွဲမြဲရမည်ဖြစ်၏။

ကမ္မဋ္ဌာန်းအလုပ်ခွင် တည်ခန်းပြီး၏။

-------

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ အာနာပါနသုတ်၊ နှာ-၁၂၄။

# အာနာပါနဿတိ ပဌမစတုက္က ပါဠိတော်နည်း

၁။ **ပဌမခန်း**: သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

၂။ **ဒုတိယခန်း**: ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

၃။ **တတိယခန်း**: သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၄။ **စတုတ္ထခန်း**: ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ငှင်းသုတ်ပါဠိတော် ပဌမစတုက္က [1] ။

၁။ သော–ထိုထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးသော ယောဂီသည်၊ သတောဝ–မလစ်စေမူ သတိပြု၍သာလျှင်၊ အဿသတိ–ထွက်သက်လွှတ်၏၊ သတောဝ–မလစ်စေမူ သတိပြု၍သာလျှင်၊ ပဿသတိ–ဝင်သက်ရှူ၏။

၂။ ဒီဃံ ဝါ–ရှည်စွာမူလည်း၊ အဿသန္တော–ထွက်သက်လွှတ်သည်ရှိသော်၊ ဒီဃံ–ရှည်စွာ၊ အဿသာမီတိ–ထွက်သက် ငါလွှတ်၏ဟူ၍၊ ပဇာနာတိ–သိ၏၊ ဒီဃံ ဝါ–ရှည်စွာမူလည်း၊ ပဿသန္တော–ဝင်သက်ရှူသည်ရှိသော်၊ ဒီဃံ–ရှည်စွာ၊ ပဿသာမီတိ–ဝင်သက် ငါရှူ၏ဟူ၍၊ ပဇာနာတိ–သိ၏၊ ရဿံ ဝါ–တိုစွာမူလည်း [2] ။ ရှေ့အတိုင်း အနက်ဆိုလေ။

၃။ သဗ္ဗကာယပ္ပဋိသံဝေဒီ–ထွက်သက်၏အစ၊ အလယ်၊ အဆုံး အကုန်လုံး ထင်လင်းသည်၊ ဟုတွာ–ဖြစ်၍၊ အဿသိဿာမိ–ထွက်သက်လွှတ်ပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏၊ သဗ္ဗကာယပ္ပဋိသံဝေဒီ–ဝင်သက်၏ အစ၊ အလယ်၊ အဆုံး အကုန်လုံးထင်လင်းသည်၊ ဟုတွာ–ဖြစ်၍၊ ပဿသိဿာမိ–ဝင်သက်ရှူပေအံ့။ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

---

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ နှာ–၁၂၅။

၂။ အဿသန္တော–ထွက်သက် လွှတ်သည်ရှိသော်၊ ရဿံ–တိုစွာ၊ အဿသာမီတိ–ထွက်သက် ငါလွှတ်၏ဟူ၍၊ ပဇာနာတိ–သိ၏၊ ရဿံ ဝါ–တိုစွာမူလည်း၊ ပဿသန္တော–ဝင်သက်ရှူသည်ရှိသော်၊ ရဿံ–တိုစွာ၊ ပဿသာမီတိ–ဝင်သက်ကို ငါရှူ၏ဟူ၍၊ ပဇာနာတိ–သိ၏ (ဟု အနက်ဖော်ပေး)။

၄။ ကာယသင်္ခါရ-ထွက်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ= ပဿမ္ဘယန္တော-အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ အဿသိဿမိ-ထွက်သက်လွှတ် ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏၊ ကာယသင်္ခါရံ-ဝင်သက် ဟူသော ကာယ သင်္ခါရကို ။ ။ တူပြီ။ (၄င်း ပထမ စတုက္ကအနက်။)

ဒဆောင်ပုဒ် — သတိမြဲရာ၊ ပထမာ၊ ဒု-မှာ ရှည်-တို သိ။
လုံးစုံလင်းရာ၊ တ-၌သာ၊ စ-မှာ ငြိမ်းစေဘိ။

၁။ ပထမခန်းမှာ ထွက်သက် ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။
၂။ ဒုတိယခန်းမှာ ထွက်သက် ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်ဟု၊ တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။
၃။ တတိယခန်းမှာ ထွက်သက် ဝင်သက်တို့ကို အစ၊ အလယ်၊ အဆုံး ထင်လင်း အောင် အားထုတ်ရသည်။
၄။ စတုတ္ထခန်းမှာ ရုန့်ရင်းသော ထွက်သက် ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ် ငြိမ်းစေ၍ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။

စတုက္ကလေးခု အဓိပ္ပာယ်အကျဉ်းပြီး၏။

---

# ပါဠိလျှောက် အဓိပ္ပာယ်

၁။ ပထမအခန်း အရှည်အတို စသည်တို့ကို နှလုံးမသွင်းနိုင်သေး။ နှာသီးဖျား၌သော်လည်းကောင်း၊ အထက်နှုတ်ခမ်း၌သော်လည်းကောင်း ထွက်သက် ဝင်သက်တို့၏ ထိမှု ခိုက်မှု ထင်ရှားရာ တစ်ခုခုသောဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား ၍ ထွက်တိုင်း ဝင်တိုင်း သိအောင် အားထုတ်ရသည်။ ။ တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည်နှောင်ထား ဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ ထွက်သမျှ ဝင်သမျှကို တစ်ခုမလွတ် သိမှုပိုင်နိုင်သည် တိုင်အောင် အားထုတ်ရသည်။ (ပထမခန်း ပြီး၏)

၂။ ဒုတိယအခန်းမှာ ထိုသို့ သိမှု ပိုင်နိုင်ပြီးနောက် မိမိရှုသော ထွက် သက် ဝင်သက်ကို ရှည်လျှင် ရှည်မှန်း သိစေရမည်။ တိုလျှင် တိုမှန်း သိစေရမည်။ တစ်ယောက်သောသူ၏ တစ်ထိုင်အတွင်းမှာပင် ရှည်သည့် အလှည့်၊ တိုသည့်အလှည့် ရှိ၏။ ရှည်မှု တိုမှုကို တစ်ခုမလွတ် သိအောင် အားထုတ်ရသည်။ ထွက်သက် ဝင်သက်

---

၁။ ပဿမ္ဘယံ-ပဿမ္ဘယန္တော-အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ-ပင်သက်ကို ရှုပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏ (ဟု အနက်ဖော်ပေး)။

အထွက်အဝင် နေးသည်ကို အရှည်ဆိုသည်။ လျင်မြန်သည်ကို အတိုဆိုသည်။ နေး လျှင် နေးမှု၊ မြန်လျှင် မြန်မှုကို သိစေရမည် ဆိုလိုသည်။ (ဒုတိယခန်း ပြီး၏)

၃။ တတိယအခန်းမှာ ထိုသို့ အရှည် အတို သိမှု ပိုင်နိုင်ပြီးနောက် နှာသီး ဖျားမှ ချက်တိုင်ကျအောင် ကိုယ်ကာယအတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ၊ အလယ်၊ အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာ မြင်ရအောင် အားထုတ်ရသည်။ (တတိယခန်း ပြီး၏)

၄။ စတုတ္ထအခန်းမှာ ထိုသို့ အစ၊ အလယ်၊ အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရှန့်ရင်းစွာသော ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍ သွားအောင်အားထုတ်ရသည်။ ငါ၌ ထွက်သက် ဝင်သက်ပျောက်၍ သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။ (စတုတ္ထခန်း ပြီး၏။)

ဤကား ပထမ စတုက္က ပါဠိတော်မြတ်၏ ပါဌ်လျှောက် အဓိပ္ပာယ်။

# အဋ္ဌကထာနည်း

ယခုအခါ ဤ ပဌမ စတုက္ကအရာမှာ အဋ္ဌကထာ[၁] တို့၌လာသော နည်းလမ်းကို ပြဆိုပေအံ့။

**ဂဏနာ** ။ ။ အနေး၊ အမြန်၊ အစဉ်မှန်၊ နစ်တန် ရေတွက်နည်း။

**အနုဗန္ဓနာ** ။ ။ အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန် ဖွဲ့ထားနည်း။

**ထပနာ** ။ ။ ငြိမ်ဝပ်ပြန့်ဖြူး၊ စိတ်စိုက်စူး၊ အထူး စိတ်ထားနည်း။

အဓိပ္ပာယ်အကျဉ်းကား ထွက်သက် ဝင်သက်တို့၏ ထိခိုက်ရာဌာနသည် နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျားဟူ၍ ၂-ပါးရှိ၏။ အချို့သော သူတို့အား အထက်နှုတ်ခမ်းဖျား၌ ထိခိုက်မှု ထင်ရှား၏၊ မိမိ၌ ထင်ရှားရာ တစ်ခုခုကို အစွဲပြုရာ -

အစ၌ ရေတွက်နည်းဖြင့် အားထုတ်ရာ၏။

အလယ်၌ အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏။

အဆုံး၌ ထွက်သက် ဝင်သက်တို့၌ အခိုင်အမြဲ စိတ်ထားနည်းဖြင့် အားထုတ်ရာ၏။

## ဂဏနာနည်းအကျယ်

**ဂဏနာနည်း** ထိုသုံးပါးတို့တွင် ရေတွက်နည်းသည် -
(၁) နှေးနှေး ရေတွက်နည်း၊ (၂) မြန်မြန် ရေတွက်နည်းဟူ၍ ၂-ပါးရှိ၏။

ထိုတွင် -

**နှေးနှေးရေတွက်နည်း** နှေးနှေးရေတွက်နည်းဆိုသည်ကား နှာသီးဖျား၊ အထက်နှုတ်ခမ်းဖျား ဌာနနှစ်ပါးတွင် တစ်ပါးပါး၌ စိတ်ကို စိုက်ထား၍ ထွက်သက် ဝင်သက် ၂-ပါးကို နှလုံးသွင်းသောအခါ အစ၌ စိတ်မငြိမ်သက် သေးသည့်အတွက်ကြောင့် ထွက်သက် ဝင်သက်တို့သည် အချက်တိုင်း အချက်တိုင်း စိတ်၌ ထင်ရှားကုန်သေးသည် မဟုတ်။ မထင်ရှားသော အချက်စုလည်း ပါရှိကုန်

---

၁။ ပါရာဇိကဏ်ကဋ္ဌကထာ ဒုတိယတွဲ အာနာပါနကထာ အဖွင့် နှာ-၉ မှ ၃၅ အထိ။
သုတ်မဟာဝါအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ် အာနာပါနပဗ္ဗအဖွင့်၊ နှာ-၃၅၂ မှ ၃၅၆ ထိ။
မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ် အာနာပါနပဗ္ဗအဖွင့်၊ နှာ-၂၅၁ မှ ၂၅၅ ထိ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အာနာပါနဿတိ ကမ္မဋ္ဌာနနိဒ္ဒေသ၊ နှာ-၂၅၈ မှ ၂၈၄ ထိ။

သေး၏။ ထို့ကြောင့် မထင်ရှားသော အချက်စုကို မရေမတွက်မူ၍ ထင်ရှားသော အချက်စုကိုသာ ရေတွက်ခြင်းကြောင့် နှေးသော ရေတွက်နည်း ဖြစ်လေသတည်း။

ရေတွက်ရာ၌လည်း . . . . .

၁။ တစ်မှစ၍ ငါးတွင် တစ်ဝါရ

၂။ တစ်မှစ၍ ခြောက်တွင် တစ်ဝါရ

၃။ တစ်မှစ၍ ခုနစ်တွင် တစ်ဝါရ

၄။ တစ်မှစ၍ ရှစ်တွင် တစ်ဝါရ

၅။ တစ်မှစ၍ ကိုးတွင် တစ်ဝါရ

၆။ တစ်မှစ၍ တစ်ဆယ်တွင် တစ်ဝါရ

ဤသို့ ၆–ဝါရတို့ဖြင့် ရေတွက်ရာ၏။

ပဌမဝါရ၊ ဒုတိယဝါရ၊ တတိယဝါရ၊ စတုတ္ထဝါရ၊ ပဥ္စမဝါရ၊ ဆဋ္ဌဝါရ ဟူ၍လည်း အစဉ်အတိုင်း ခေါ်ရ၏။ ဆဋ္ဌဝါရပြီးလျှင် ပဌမဝါရသို့ ပြန်လေ။ ၎င်း ၆–ဝါရလုံးကိုမှ တစ်ဝါရဟူ၍လည်း ခေါ်ကြ၏။

**ဂဏနာနည်း ရေတွက်ပုံ** ရှေးဦးစွာ စိတ်ကို နှာခေါင်းဝ၌ စိုက်ထား၍ ထွက်သက် ဝင်သက် ၂–ပါးတွင် ထင်ရှားရာ တစ်ခုခုကို တစ် ဟု ရေတွက်ရာ၏။ ၎င်းနောက် ထွက်သက် ဝင်သက် ၂–ပါးပင် ထင်ရှားသည်ချည်း ဖြစ်လာခဲ့လျှင် အစဉ်အတိုင်း နှစ်၊ သုံး၊ လေး ဟု ရေတွက်ရာ၏။ မထင်မရှားပါရှိခဲ့လျှင် ထိုမထင်ရှားသောအချက်ကို မရေတွက်မူ၍ ထင်ရှားသည့် အချက် မတွေ့သေးသမျှ ကာလပတ်လုံး တန့်ရပ်၍ တစ် တစ် စသည်ဖြင့် ရေတွက်ဆဲ အတိုင်းသာ ထပ်၍ နေရာ၏။ ထင်ရှားသော အချက်ပေါ်လာမှ နှစ် စသည်ဖြင့် အထက် ဂဏန်း သို့ တက်၍ ရေတွက်ရာ၏။ ငါးသို့ကျလျှင် တစ်က ပြန်ရာ၏။

ဤနည်းတူ ဒသဝါရတိုင်အောင် ၆–ဝါရတို့၌ မထင်ရှားသော ထွက်သက် ဝင်သက် အချက်တို့ကို မရေတွက်မူ၍ ထင်ရှားသော ထွက်သက် ဝင်သက်တို့ကိုသာ ရွေးကောက်၍ ရေတွက်သောကြောင့် နှေးသော ရေတွက်နည်း ဖြစ်လေသတည်း။

**မြန်မြန်ရေတွက်နည်း** မြန်မြန်ရေတွက်နည်းဆိုသည်ကား ရေတွက်ဖန် များလတ်သော် ထင်ရှားသောအချက် များ၍လာ လတ္တံ့။ တစ်၊ နှစ် စသော ဂဏန်းချက်လည်း စိပ်၍ စိပ်၍ လာလတ္တံ့။ ထွက်သက်

အချက် ဝင်သက်အချက် ထင်ရှားသည်ချည်း ဖြစ်သောအခါ၌ တစ်၊ နှစ် စသော ဂဏန်းချက်သည်လည်း မပြတ်မစဲ မြန်ရ၏။ တစ်ခုကိုမျှ သတိမလွတ်စေရ။ ထွက်သက် ဝင်သက် အစဉ်နှင့် ဂဏန်းအစဉ်သည် အခုန်အကျော် အလစ်အလပ်မရှိ အစဉ်မှန် ရေရမည်။

တစ်၊ နှစ် စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့် ရွတ်ဆိုဖွယ်မရှိ။ စိတ်ဖြင့် ရေတွက်လျှင် ပြီးတော့သည်။ အချို့သူတို့ကား နှုတ်ဖြင့် ရွတ်ဆိုကြကုန်၏။ အချို့သူတို့ကား ၆-ဝါရ အဆုံးအဆုံးတွင် ပုတီးစေ့ တစ်လုံး တစ်လုံးချ၍ တစ်နေ့ တစ်နေ့လျှင် ပုတီးပတ်ပေါင်း မည်မျှစိပ်မည်ဟု ပိုင်းခြား၍ စိပ်ကြကုန်၏။ အာရုံ မြန်မြန် ထင်နိုင်သည်သာ ပမာဏတည်း။

အကြင်အခါ၌ မရေတွက်သော်လည်း ရေတွက်သည်နှင့် ထပ်တူ ထွက်သက် ဝင်သက်တို့၏ ထိုဌာန၌ ထိတိုင်း ထိတိုင်း အသိမြဲစွဲ၏။ အလုပ်ခွင်သို့ ဝင်၍ နှလုံးသွင်းနေသမျှ ကာလပတ်လုံး တစ်ခုသော ထွက်သက်၊ တစ်ခုသော ဝင်သက်မျှ အမှတ်မဲ့ လွတ်၍သွားသည် မရှိပြီ။ ထိုအခါ၌ ရေတွက်မှုကို ရပ်သိမ်း၍ အနုဗန္ဓနာနည်းဖြင့် ရှုရာ၏။

အနေးအမြန်၊ အစဉ်မှန်၊ နှစ်တန် ရေတွက်နည်း ပြီး၏။

----------

## အနုဗန္ဓနာနည်း အကျယ်

**အနုဗန္ဓနာနည်း** အနုဗန္ဓနာနည်းဆိုသည်ကား ရေတွက်ခန်းတွင် အစဉ်မှန်ခဲ့သည့်အတိုင်း ထိရာဌာန၌ စိတ်ကို စိုက်ထား၍ ထွက်မှု ဝင်မှု အကြိမ်စဉ်အတိုင်း တစ်ကြိမ်တည်းမျှ မလွတ်စေရဘဲ ထွက်မှု၊ ဝင်မှု၊ အစဉ်နှလုံးသွင်းမှု၊ အစဉ်ဖွဲ့တွယ်၍နေအောင် အားထုတ်မှုသည် အနုဗန္ဓနာ မည်၏။ ရေတွက်မှုမရှိဘဲလျက် ရေတွက်နည်းမှာ သိမှုအစဉ် မှန်သည့်အတိုင်း သိမှုအစဉ် မှန်၍ နေအောင် တစ်ဖန် လိုက်စားအားထုတ်မှု ဆိုလိုသည်။

**အနုဗန္ဓနာနည်း ပွားရန်ခေတ်** အဘယ်မျှလောက် ကာလကြာမြင့်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာသနည်း ဟူမူကား ပဋိဘာဂ နိမိတ်ဖြစ်ပေါ်၍ လာသည်တိုင် အောင် အားထုတ်ရာ၏။

**ပဋိဘာဂနိမိတ်ထင်ပုံ** ပဋိဘာဂနိမိတ်ဆိုသည်ကား ပကတိသော ထွက်သက် ဝင်သက်လေအတိုင်း သာလွန်၍ အဆင်းသဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါဂွမ်းအစုကဲ့သို့ လေအယဉ်ကဲ့သို့ မိုးကြယ်ကဲ့

သို့၊ ပတ္တမြားလုံးကဲ့သို့၊ ပုလဲလုံးကဲ့သို့ အစရှိသည်ဖြင့် တစ်ခုခု ထင်ပေါ် ဖြစ်ထွန်း၍ လာသော ပညတ္တိဓမ္မ အထူးကို ပဋိဘာဂနိမိတ်ဆိုသည်။

ထိုပဋိဘာဂနိမိတ် ပညတ်အာရုံ အထူး အထင်အရှား စိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ် ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်။

ဂဏနာနည်း အနုဗန္ဓနာနည်း နှစ်ပါးမှာ ထိရာဌာနကို မလွှတ်ရသေး။

အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန် ဖွဲ့ထားနည်း ပြီး၏။

----------

## ထပနာနည်း အကျယ်

ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ထပနာနည်းဖြင့် အားထုတ်ရာ၏။

**ထပနာနည်း** ထပနာဆိုသည်ကား ပဋိဘာဂနိမိတ် မည်သည် ပညတ်အာရုံ အထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန်ထင်မြင်ရန် အမှုလည်း ခက်ခဲ၏။ ထို့ကြောင့် ထင်မြင်လာသော ထိုပဋိဘာဂနိမိတ်ကို မကွယ်ပျောက်မူ၍ တစ်နေ့တခြား ထင်ရှားပွင့်လင်း၍သွားအောင် ထိုအာရုံ၌ ရှူးရှူးစိုက်စိုက် အားထုတ် ဖိစီး၍ စိတ်ကို ထားခြင်းသည် ထပနာမည်၏။

ထပနာနည်းသို့ ရောက်သောအခါ၌မူကား အသပ္ပါယ ၇-ပါးကို ကြဉ်ရှောင်၍ သပ္ပါယ[1] ၇-ပါးကို မှီဝဲရာ၏။ အပ္ပနာကောသလ္လ[2] ဆယ်ပါးကို ပြည့်စုံစေရာ၏။

**အသပ္ပါယ ၇-ပါး** အသပ္ပါယ[3] ၇-ပါးဆိုသည်ကား-

၁။ ဘာဝနာ၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန

၂။ ဆွမ်းခံရွာ

၃။ စကားများမှု

၄။ အပေါင်းအဖော်

၅။ ဘောဇဉ်

၆။ ဥတု

၇။ ဣရိယာပုတ်

ဤ ၇-ပါးတည်း။

---

၁။ သပ္ပါယ = လျောက်ပတ် လျော်ကန်မှု။

၂။ အပ္ပနာကောသလ္လ - အပ္ပနာ၌ လိမ္မာ ကျွမ်းကျင်ကြောင်း။

၃။ အသပ္ပါယ = မလျောက်ပတ် မလျော်ကန်မှု။

**သပ္ပါယ ၇-ပါး** သပ္ပါယ ၇-ပါးဆိုသည်ကား ဘာဝနာမှု၏ တိုးပွားကြောင်းဖြစ်သော ထို ၇-ပါးပေတည်း။

**အပ္ပနာကောသလ္လ ၁၀-ပါး** အပ္ပနာကောသလ္လဆယ်ပါး ဆိုသည်ကား-

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ဝတ္ထုမျိုး သန့်ရှင်းမှု
၂။ ဣန္ဒြေငါးပါးကို ညီညွတ်အောင်ပြုမှု
၃။ ထွက်သက် ဝင်သက်ဟူသော အာရုံနိမိတ်၌ လိမ္မာမှု
၄။ တက်ကြွလွန်းသော စိတ်ကို နှိပ်မှု
၅။ ဆုတ်နစ်လွန်းသော စိတ်ကို ချီးပင့်မှု
၆။ ခြောက်သွေ့လွန်းသော စိတ်ကို ရွှင်စေမှု
၇။ ညီညွတ်သောစိတ်ကို လျစ်လျူရှုမှု
၈။ သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု
၉။ သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲမှု
၁၀။ အပ္ပနာစျာန်ကို ရခြင်းငှာ အမြဲညွတ်သောစိတ်ရှိမှု

ဤ ၁၀-ပါးတည်း။ ဤသို့သော အမှုတို့ကို ပြည့်စုံစွာ ပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီးမြဲလေအောင် နေ့ရှည်လများ ရှုသောအားဖြင့် ပွားများစေရာ၏။

**ထပနာခေတ်** အဘယ်မျှလောက် ကြာမြင့်အောင် ဤထပနာနည်းအားဖြင့် ပွားများအားထုတ်ရာသနည်း ဟူမူကား ရူပါဝစရ စတုတ္ထစျာန် တိုင်အောင်သည် ထပနာခေတ် ပေတည်း။

ငြိမ်ဝပ်ပြန့်ဖြူး၊ စိတ်စိုက်စူး၊ အထူး စိတ်ထားနည်း ပြီး၏။

---

# နိမိတ် ၃-ပါး၊ သမာဓိ ၃-ပါး ခွဲနည်း

ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ထပနာနည်းဟူသော နည်း ၃-ပါးတို့ဖြင့် အစဉ်အတိုင်း ပွားများဖြစ်ထွန်း၍ သွားရာ၌ နိမိတ် ၃-ပါး၊ ဘာဝနာသမာဓိ ၃-ပါး တို့ဖြင့် ခွဲရာ၏။

**နိမိတ် ၃-ပါး** နိမိတ် ၃-ပါး ခွဲနည်းကား –

**ပရိကမ္မနိမိတ်** ဂဏနာအခန်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက် အာရုံသည် ပရိကမ္မနိမိတ် မည်၏။

**ဥဂ္ဂဟနိမိတ်** အနုဗန္ဓနာအခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည်ပင်လျှင် ဥဂ္ဂဟ နိမိတ် မည်၏။

**ပဋိဘာဂနိမိတ်** ထပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂ နိမိတ် မည်၏။

ဤကား နိမိတ်သုံးပါး ခြားနားနည်းတည်း။

**သမာဓိ ၃-ပါး** ဘာဝနာသမာဓိ ၃-ပါး ခွဲနည်းကား –

**ပရိကမ္မဘာဝနာ သမာဓိ** ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာသမာဓိသည် ပရိကမ္မ ဘာဝနာသမာဓိ မည်၏။

**ဥပစာရသမာဓိ** ထပနာခေတ်တွင် အပ္ပနာဈာန်သို့ မရောက်မီ အကြား ပဋိ ဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိ သည် ဥပစာရဘာဝနာ သမာဓိမည်၏။

**အပ္ပနာသမာဓိ** စတုက္ကနည်းအားဖြင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယ ဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ရူပါဝစရဈာန်လေးပါး သည် အပ္ပနာဘာဝနာ သမာဓိ မည်၏။

**ဥပစာရသမာဓိနှင့် ဥပစာရဈာန်** အာနာပါန အလုပ်ကို အားထုတ်ရာ၌ ဂဏနာ အနုဗန္ဓနာ တို့အခန်းတွင် ထွက်သက် ဝင်သက်တည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် အဆင့်ဆင့် သိမ်မွေ့၍သွားသဖြင့် ပျောက်ကွယ်၍ သွားသကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကို ထိရာဌာန၌ ထားမြဲထား၍ အလွန်သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင် ရအောင်ယူရာ၏။ ရအောင် ယူနိုင်၍ ထိုအာရုံ ထင်ရှားပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂနိမိတ် ပေါ်လာလတ္တံ့။ ဥပစာရဈာန်သို့ ဆိုက်လတ္တံ့။ နီဝရဏတရားငါးပါး ကွာပြီးသော ကာမာဝစရဘာဝနာ ဥပစာရသမာဓိကို ဥပစာရဈာန် ဆိုသည်။

**သတိပေးချက်** ဤ ကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့် သိမ်မွေ့၍ ပျောက်ကွယ် မှုမှာ အဋ္ဌကထာနည်းလမ်း၌ သိမ်မွေ့၍သွားအောင် တမင် အားထုတ်မှုကို မဆို၊ သူ့အလိုအလျောက် အဆင့်ဆင့်

သိမ်မွေ့၍ သွားသည်ကို ဆို၏။ လောက၌လည်း ဤကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြရာ အဆင့်ဆင့် သိမ်မွေ့၍ သွားသဖြင့် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားသူများကို တွေ့မြင်ရဖူး၏။ ရှေ့၌ ထုတ်ပြခဲ့ပြီးသော ပါဠိတော်နောက်ဆုံး ဝါရ၌ကား –

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ [၁]။

ဟု ဟောတော်မူ၏။

ဤ ပါဠိတော်မြတ်အလိုကား အနုဗန္ဓနာအခန်းသို့ ရောက်သောအခါ၌ ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သွားလေအောင် တမင် အားထုတ်ရ မည်ပင်ဖြစ်၏။ ဤ အာရုံပျောက်ကွယ်ခန်းမှာ ကမ္မဋ္ဌာန်းအစီအရင်၌ မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားခဲ့ပြီဟု ထင်၏။ ကမ္မဋ္ဌာန်းအလုပ်ကို လွှတ်၍ ပစ်တတ်၏။ သတိမူကြလေ။

---------

## ပါဠိတော်နှင့် အဋ္ဌကထာနီးနှောပုံ

ထုတ်ပြခဲ့ပြီးသော ပါဠိတော်လေးဝါရ၏ အရဖြစ်သော
သတိမြဲရာ၊ ပထမာ၊ ဒု–မှာ ရှည် တိုသိ။
လုံးစုံလင်းရာ၊ တ–၌သာ စမှာ ငြိမ်းစေဘိ–

ဟူသော လေးချက်ကို ပြဆိုခဲ့ပြီးသော ဂဏနာ အစရှိသော အဋ္ဌကထာနည်းလမ်းနှင့် နီးနှောရာ၏။

**ဂဏနာနည်းနှင့် သတိမြဲစေပုံ**

နီးနှောပုံကား – ထိရာဌာန၌ စိတ်ကို စိုက်ထား၍ ဂဏနာ နည်းအားဖြင့် အစဉ်မှန်စွာ ရေတွက်မှုသည် သတိမြဲရာ ပထမာဖြစ်၏။ နာရီ အပိုင်းအခြားနှင့် ကမ္မဋ္ဌာန်း အလုပ်ခွင်သို့ဝင်၍ နလုံးသွင်းရာ အပသို့ ခဏခဏ ထွက်ပြေးသော စိတ်ဝိတက်ကို ချိုးဖျက်ခြင်းငှာ ဂဏနာနည်းကို ပြုလုပ်သည်ဖြစ်၍ ဂဏနာခန်း၌ အရှည်အတိုသိမှုကို တမင် အားထုတ်ဖွယ် မရှိသေး။

"သတော၀ အဿသတိ သတော၀ ပဿသတိ [၂] "

ဟူသော ပါဠိတော်မြတ်နှင့်အညီ ထွက်သက် ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏခဏ ထွက်သော စိတ်ဝိတက်ငြိမ်းမှုကိုသာ ကောင်းစွာ ငြိမ်းအောင် အားထုတ်ရာ၏။

---

၁။ အနက် ဤကျမ်း၊ နှာ–၃၈၀ ပြန်ကြည့်။

၂။ အနက် ဤကျမ်း၊ နှာ–၃၈၀ ပြန်ကြည့်။

ထို့ကြောင့် အဋ္ဌကထာ၌ –

ဗဟိ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာရမ္မဏေ သတိသံထပနတ္ထံယေဝ ဟိ ဂဏနာ[၁] –

ဟူ၍ မိန့်ပြီ။

ဂဏနာ–ရေတွက်ခန်းမည်သည်၊ ဗဟိ–မိမိကိုယ်အင်္ဂါမှ အပအလွတ်၌၊ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ–ဘဝအဆက်ဆက် ပျံ့နှံ့ပြေးသွား၍နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို၊ ကတွာ–ပြု၍၊ အဿာသ ပဿာသာရမ္မဏေ–မိမိကိုယ်အင်္ဂါမှဖြစ်သော ထွက်သက် ဝင်သက် အာရုံ၌၊ သတိ သံထပနတ္ထံယေဝ–သတိကို ခိုင်မြဲစွာ ထားခြင်းငှာသာလျှင်၊ ဟောတိ–ဖြစ်၏။ ။ အဓိပ္ပာယ်ပေါ်ပြီ။

**အနုဗန္ဓနာနည်း** ဂဏနာခန်းပြီး၍ အနုဗန္ဓနာခန်းသို့ ရောက်သောအခါ၌– ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ[၂]– အစရှိသော ဒုတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမှုနှင့်တကွ အရှည်အတို သိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။

**အရှည်အတိုကို သိပုံ** အရှည်အတို သိမှုကိုလည်း သတိပြုရာ၌ ထွက်သက် ဝင်သက်တို့ကို အစ အလယ် အဆုံး အစဉ်လိုက်၍ တမင် အာရုံပြုရသည် မဟုတ်။ စိတ်ကို ထိရာဌာန၌ ခိုင်မြဲစွာ ထားမြဲထား၍ အရှည်အတိုကိုလည်း အစဉ်မှန်စွာ သိအောင် ငါသတိပြုမည်ဟု ဉဿာဟတစ်ခုတိုး၍ ပြုရုံမျှသာတည်း။ ရှည်သောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာရှည်၏။ တိုသောအချိန်မှာ ထိခိုက်ရာဌာန၏ ထိခိုက်မှု တာတို၏။ ထိခိုက်ချက် တာရှည်မှု၊ တာတိုမှုကို သိ၍ အရှည် အတိုကို သိ၏။

စိတ်၏ ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိရှိသောကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍လာသော အလား၊ ဝင်၍ သွားသော အလားများသည်လည်း အလိုလို ထင်မြင်လာလတ္တံ့။

အရှည်အတိုသတိမှု စွဲမြဲသောအခါ၌ –

သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ[၃] –

ဟူသော တတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ အရှည်အတို သိမှုနှင့်တကွ ထွက်သက်ကို အစ အလယ် အဆုံး အကုန်လုံး

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပဌမတွဲ၊ နှာ–၂၇၁။ (သတိသဏ္ဌာပနတ္ထံ။ ဆဋ္ဌမူ)
၂–၃။ အနက် ဤကျမ်း နှာ–၃၈၀ ပြန်ရှု။

ထင်လင်းစေမှု၊ ဝင်သက်ကို အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏။ ထွက်သက် လွှတ်မည်ရှိခဲ့လျှင် အမှတ်မဲ့ မလွှတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ်သော အစမှ စ၍ ထိရာဌာနတိုင်အောင် ထွက်သက်သဏ္ဌာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ထွက်သက်လွှတ်မည်ဟု ဥဿာဟပြု၍ ပြု၍ လွှတ်ရမည်၊ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံးရာဌာနတိုင်အောင် ဝင်သက်သဏ္ဌာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ဝင်သက်ရှူမည်ဟု ဥဿာဟပြု၍ ပြု၍ ရှူရမည်။

**ထိရာ၌ စိတ်ကို လွှတ်မထားရ**

ထိုသို့ပြုရာ၌လည်း နှာသီးဖျားဟု ဆိုအပ်သော ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍သာ ဥဿာဟပြုရမည်။ ထိရာဌာန၌ စိတ်ထားမှုကို လွှတ်၍မလိုက်ရ။ ထိရာဌာနကို လွှတ်၍ မလိုက်သော်လည်း အစ အလယ် အဆုံး အကုန်လုံး ထင်ရှားစေမည်ဟူသော ဥဿာဟ နှင့်တကွ ထိရာဌာန၌ စိတ်ကိုစိုက်၍ ထားလျှင်ပင် တစ်စတစ်စအားဖြင့် ထွက်သက် တို့သည် အစ အလယ် အဆုံး အကုန်လုံးလိုလို ထင်ရှားလာကုန်လတ္တံ့။

အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သောအခါ၌ –
ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ [၁] –

ဟူသော စတုတ္ထဝါရပါဠိတော်မြတ်နှင့်အညီ အဆင့်ဆင့် ရန့်ရင်းမှု၏ ချုပ်ငြိမ်းခြင်း၊ အဆင့်ဆင့် သိမ်မွေ့ခြင်း၊ ကွယ်ပျောက်၍ သွားပြီထင်ရအောင် သိမ်မွေ့ခြင်းသို့ အလိုအလျောက် မရောက်ခဲ့သည်ရှိသော် ထိုသို့ သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်မည်ဟူသော ဥဿာဟကို ပြု၍ ပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေရမည်။ အမှတ်တမဲ့ မဖြစ်စေရာ။

**အထူးဖြစ်လာပုံ**

အဋ္ဌကထာနည်း၌ကား ဂဏနာခန်းမှစ၍ပင် အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍သွားမှု၊ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်မှုကို ပြဆိုပေ၏။ အလိုအလျောက် ကွယ်ပျောက်သူများကိုလည်း ငါတို့ တွေ့မြင်ဖူးရ၏။

ဂဏနာဝသေနေဝ ပန မနသိကာရကာလတော ပဘုတိ အနုက္ကမတော ဩဠာရိက အဿာသ ပဿာသနိရောဓဝသေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာ ကာရပ္ပတ္တံ ဝိယ ဟောတိ။ (အဋ္ဌကထာ) [၂] ။

---

၁။ အနက် ဤကျမ်း နှာ–၃၈ဝ ပြန်ရှု။
၂။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပထမတွဲ၊ နှာ–၂၇၄။

ပန–အထူးဖြစ်တတ်ပုံကို ပြဆိုပေအံ့၊ ဂဏနာဝသေနေဝ–ဂဏနာနည်း၏ အစွမ်းဖြင့်သာလျှင်၊ မနသိကာရကာလတော–နှလုံးသွင်းသောကာလမှ၊ ပဘုတိ–အစပြု၍၊ အနုက္ကမတော–အစဉ်အားဖြင့်၊ ဩဠာရိက အဿာသပဿာသ နိရောဓဝသေန–ရှန့်ရင်း ရှန့်ရင်းသော ထွက်သက် ဝင်သက်တို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသည်၏ အစွမ်းဖြင့်၊ ကာယဒရထေ–ကိုယ်တွင်းသဏ္ဍာန် ပူပန်ချောက်ချားမှုသည်၊ ပဋိပဿဒ္ဓေ– ငြိမ်းလတ်သော်၊ ကာယောပိ–ရူပကာယ တစ်ခုလုံးသည်လည်းကောင်း၊ စိတ္တံပိ–စိတ်သည်လည်းကောင်း၊ လဟုကံ–ပေါ့ပါးသည်၊ ဟောတိ–ဖြစ်၏၊ သရီရံ–ကိုယ်ကောင်သည်၊ အာကာသေ–ကောင်းကင်၌၊ လင်္ဃနာကာရပတ္တံ ဝိယ–ပျံတက်လွင့်ပါးတော့မည့် အခြင်းအရာကဲ့သို့ ရောက်သည်၊ ဟောတိ–ဖြစ်၏။

**ဥပစာရသမာဓိရပုံ** ထက်ဝယ်ဖွဲ့ခွေထိုင်နေရာမှ လက်လေးသစ်ခန့်ကွာအောင် ကောင်းကင်သို့ တက်ကြွ၍ နေသူများကို ကြားရဖူး၏။ ဤသို့ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်သောအခါ ထိရာဌာနၥ် စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တစ်ဖန် ပေါ်လွင်ထင်ရှား၍ လာသည် ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ ကြောက်ခြင်း လန့်ခြင်း အိပ်ခြင်း ပျင်းရိခြင်း စသော နီဝရဏ[၁] တရားတို့ ကျွတ်ကွာသဖြင့် ဥပစာရဈာန်[၂] ကို ရ၏။

ဤတွင်ရွေ့ကား ပထမ စတုက္ကပါဠိတော်နည်းနှင့် အဋ္ဌကထာနည်း နှီးနှော ခန်းပြီး၏။

**အာနာပါနကမ္မဋ္ဌာန်း ၇–ခန်း** အဋ္ဌကထာ၌ –
ဂဏနာ[၃] ။
အနုဗန္ဓနာ[၄] ။
ဖုသနာ[၅] ။
ဌပနာ[၆] ။

---

၁။ နီဝရဏ = ဈာန်၊ မဂ်၊ ဖိုလ်၊ ကုသိုလ်တရားတို့ကို တားမြစ်ပိတ်ပင်တတ်သော တရား။
၂။ ဥပစာရဈာန်ဆိုသည်မှာ တကယ့်ဈာန်ရရန် နီးစပ်လာသော သမာဓိ အခြေအနေကို ဆိုလိုသည်။
၃။ ဂဏနာ = ရေတွက်ခြင်း။ (အရေအတွက်)
၄။ အနုဗန္ဓနာ = အစဉ်လိုက်ခြင်း၊ အစဉ်ဖွဲ့ခြင်း။
၅။ ဖုသနာ = တွေ့ထိခြင်း။
၆။ ဌပနာ = အာရုံ၌ စူးစူးစိုက်စိုက် စိတ်ကိုထားခြင်း။

သလ္လက္ခဏာ[၁] ။
ဝိဝဋ္ဋနာ[၂] ။
ပါရိသုဒ္ဓိ[၃] –

ဟူ၍ လာသော အာနာပါနကမ္မဋ္ဌာန်း ၇–ခန်းတို့တွင် ဖုသနာ ဟူသော ထိရာဋ္ဌာနနှင့် တကွ ဂဏနာအခန်း၊ အနုဗန္ဓနာအခန်း၊ ဥပစာရဈာန်ဟု ဆိုအပ်သော ထပနာအခန်းများကို ပြဆိုမှုပြီး၏။

ဤ ပထမ စတုက္ကသည် လိုရင်းပဓာနတည်း။ ယခုအခါ၌ ဤ ပထမ စတုက္က အလုပ်ပြီးစီးလျှင်ပင် သမထ၊ ဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။

ပထမ စတုက္ကနည်း ပြီး၏။

----------

## ဒုတိယ စတုက္ကနည်း (ဈာန်အဆင့်ဆင့်ရပုံ)

ယခုအခါ အပ္ပနာဈာန်ဟု ဆိုအပ်သော ထပနာအခန်း၌ ကျင့်ရသော ဒုတိယ စတုက္ကနည်းကို ပြဆိုပေအံ့။

၁။ **ပထမခန်း** ပီတိပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
ပီတိပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၂။ **ဒုတိယခန်း** သုခပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သုခပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊

၃။ **တတိယခန်း** စိတ္တသင်္ခါရပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
စိတ္တသင်္ခါရပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊

၄။ **စတုတ္ထခန်း** ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ၊

(ဒုတိယ စတုက္က ပါဠိတော်)[၄] ။

၁။ ပီတိပ္ပဋိသံဝေဒီ–စိတ်နှစ်သက်ရွှင်လန်းခြင်း ပီတိကို ထင်ရှားစေ၍၊ အဿသိဿမ–ထွက်သက်လွှတ်ပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

---

၁။ သလ္လက္ခဏာ = ကောင်းစွာ မှတ်သားခြင်း။
၂။ ဝိဝဋ္ဋနာ = ဝဋ်ကင်းငြိမ်းခြင်း။
၃။ ပါရိသုဒ္ဓိ = ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း။
၄။ ဥပရိပဏ္ဏာသပါဠိတော်၊ အာနာပါနသတိသုတ်၊ နှာ–၁၅၂။

ပီတိပ္ပဋိသံဝေဒီ–စိတ်နှစ်သက်ရွှင်လန်းခြင်း ပီတိကို ထင်ရှားစေ၍၊ ပဿသိဿာမိ–ဝင်သက်ရှူပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

၂။ သုခပ္ပဋိသံဝေဒီ–စိတ်၏ ချမ်းအေးခြင်းသုခကို ထင်ရှားစေ၍၊ အဿသိဿာမိ–ထွက်သက်လွှတ်ပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

သုခပ္ပဋိသံဝေဒီ–စိတ်၏ ချမ်းအေးခြင်းသုခကို ထင်ရှားစေ၍၊ ပဿသိဿာမိ– ဝင်သက်ရှူပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

၃။ စိတ္တသင်္ခါရံ–ဝေဒနာ၊ သညာ ဟူသော စိတ္တသင်္ခါရကို၊ ပဋိသံဝေဒီ–ထင်ရှားစေ၍၊ အဿသိဿာမိ–ထွက်သက်လွှတ်ပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

စိတ္တသင်္ခါရံ–ဝေဒနာ၊ သညာ ဟူသော စိတ္တသင်္ခါရကို၊ ပဋိသံဝေဒီ–ထင်ရှားစေ၍၊ ပဿသိဿာမိ–ဝင်သက်ရှူပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

၄။ စိတ္တသင်္ခါရံ–ရုန့်ရင်းသော စိတ္တသင်္ခါရကို၊ ပဿမ္ဘယံ=ပဿမ္ဘယန္တော–အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ အဿသိဿာမိ–ထွက်သက်လွှတ်ပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

စိတ္တသင်္ခါရံ–ရုန့်ရင်းသော စိတ္တသင်္ခါရကို၊ ပဿမ္ဘယံ=ပဿမ္ဘယန္တော–အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ–ဝင်သက်ရှူပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

(ငင်း ဒုတိယ စတုက္ကအနက်)

အဓိပ္ပာယ်ကား –

၁။ ပဌမအခန်းမှာ – ထိုပဋိဘာဂ နိမိတ်အာရုံ၌ ပီတိလွှမ်းကဲသော ရူပါဝစရ ပဌမဈာန်၊ ဒုတိယဈာန် ဖြစ်စေမှုသည် ပီတိကို ထင်ရှားစေမှု မည်၏။

၂။ ဒုတိယအခန်းမှာ – ထိုပဋိဘာဂ နိမိတ်အာရုံ၌ သုခလွှမ်းကဲသော တတိယဈာန်ကို ဖြစ်စေမှုသည် သုခကို ထင်ရှားစေမှု မည်၏။

၃။ တတိယအခန်းမှာ – ထိုပဋိဘာဂ နိမိတ်အာရုံ၌ ဥပေက္ခာဝေဒနာ ဟူသော စိတ္တသင်္ခါရ ထင်ရှားသော စတုတ္ထဈာန်ကို ဖြစ်စေမှုသည် စိတ္တသင်္ခါရကို ထင်ရှားစေမှု မည်၏။

၄။ စတုတ္ထအခန်းမှာ – ရုန့်ရင်းသော ဝေဒနာ၊ သညာတို့ကို အဆင့်ဆင့် ချုပ်ငြိမ်းစေအံ့ဟု အားထုတ်မှုသည် စိတ္တသင်္ခါရကို ချုပ်ငြိမ်းစေမှု မည်၏။

ဤ စတုက္ကကို အဋ္ဌကထာတို့၌ အပ္ပနာဈာန်အရာ၌ ထား၍ ဖွင့်ကြကုန်၏။

ပဋိဘာဂနိမိတ် ခိုင်မြဲစွာ ရပြီးသောအခါမှစ၍ ဥပစာရရျာန် အရာ၌လည်း စိတ်နှစ်ခြိုက်မှု ထင်ရှားအောင် အားထုတ်မည်၊ စိတ်၏ အေးချမ်းမှု ထင်ရှားအောင် အားထုတ်မည် အစရှိသော အစီအရင်သည် ဖြစ်သင့်ရာပါ၏။

ဒုတိယ စတုက္ကနည်း ပြီး၏။

---------

# တတိယ စတုက္ကနည်း (ဈာန်ဝင်စားပုံ)

ယခုအခါ၌ ထိုအပ္ပနာဈာန်တို့ကို ဝင်စားမှု၌ ကျင့်ရာသော တတိယ စတုက္ကကို ထုတ်ပြပေအံ့။

၁။ **ပထမခန်း**　စိတ္တပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
စိတ္တပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၂။ **ဒုတိယခန်း**　အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

၃။ **တတိယခန်း**　သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

၄။ **စတုတ္ထခန်း**　ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

(တတိယ စတုက္က ပါဠိတော်[၁])။

၁။　စိတ္တပ္ပဋိသံဝေဒီ-စိတ်ကိုထင်ရှားစေ၍၊ အဿသိဿာမိ-ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

စိတ္တပ္ပဋိသံဝေဒီ-စိတ်ကိုထင်ရှားစေ၍၊ ပဿသိဿာမိ-ဝင်သက်ရှူပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

၂။　စိတ္တံ-စိတ်ကို၊ အဘိပ္ပမောဒယံ-အလွန်ရွှင်လန်းစေလျက်၊ အဿသိဿာမိ-ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

စိတ္တံ-စိတ်ကို၊ အဘိပ္ပမောဒယံ-အလွန်ရွှင်လန်းစေလျက်၊ ပဿသိဿာမိ-ဝင်သက်ရှူပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

၃။　စိတ္တံ-စိတ်ကို၊ သမာဒဟံ-ကောင်းစွာတည်ကြည်စေလျက်၊ အဿသိဿာမိ-ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

---

၁။ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသတိသုတ်၊ နှာ-၁၂၅။

စိတ္တံ–စိတ်ကို၊ သမာဒဟံ–ကောင်းစွာတည်ကြည်စေလျက်၊ ပဿသိဿာမိ–ဝင်သက်ရှူပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

၄။ စိတ္တံ–စိတ်ကို၊ ဝိမောစယံ–နီဝရဏစသော ရန့်ရင်းသော တရားတို့မှ ကျွတ်လွတ်စေလျက်၊ အဿသိဿာမိ–ထွက်သက်လွှတ်ပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

စိတ္တံ–စိတ်ကို၊ ဝိမောစယံ–နီဝရဏစသော ရန့်ရင်းသော တရားတို့မှ ကျွတ်လွတ်စေလျက်၊ ပဿသိဿာမိ–ဝင်သက်ရှူပေအံ့၊ ဣတိ–ဤသို့၊ သိက္ခတိ–အားထုတ်၏။

(၄င်း တတိယ စတုက္ကအနက်)

အဓိပ္ပာယ်ကား –

၁။ ပထမအခန်းမှာ – စိတ်၏ အထူးထင်ရှားခြင်းကို ဖြစ်စေခြင်းငှာ ထိုအာရုံ၌ ဈာန်လေးပါးကို အဖန်ဖန် ဝင်စားမှုသည် "စိတ္တပ္ပဋိသံဝေဒီ" မည်၏။

၂။ ဒုတိယအခန်းမှာ – စိတ်အထူး ထင်ရှားပြီးနောက် စိတ်ကို အထူး ရွှင်လန်းစေခြင်း၊ ပီတိနှင့်ယှဉ်သော ပထမဈာန် ဒုတိယဈာန်ကို ဝင်စားမှုသည် "အဘိပ္ပမောဒယံ စိတ္တံ" မည်၏။

၃။ တတိယအခန်းမှာ – စိတ်အထူးရွှင်လန်းပြီးနောက် အထူးတည်ကြည်စေခြင်းငှာ တတိယဈာန်ကို ဝင်စားမှုသည် "သမာဒဟံ စိတ္တံ" မည်၏။

၄။ စတုတ္ထအခန်းမှာ – စိတ်ကို ပဋိပက္ခတရားတို့မှ အထူးလွတ်ကင်းစေခြင်းငှာ ဈာန်လေးပါးကို အဖန်ဖန် ဝင်စားမှုသည် "ဝိမောစယံ စိတ္တံ" မည်၏။

ဤ စတုက္ကကိုလည်း အဋ္ဌကထာတို့၌ အပ္ပနာဈာန်တို့ကို ဝင်စားမှုမှာ ထား၍ ဖွင့်ကြကုန်၏။ ။ ဥပစာရဈာန်မှာလည်း ရသင့်ရာပါ၏။

တတိယ စတုက္ကနည်း ပြီး၏။

---

## စတုတ္ထ စတုက္ကနည်း (အာနာပါနမှ၊ ဝိပဿနာသို့ ကူးပုံ)

ယခုအခါ အာနာပါနမှ ဆက်၍ ဝိပဿနာ တက်နည်းဖြစ်သော စတုတ္ထ စတုက္ကကို ထုတ်ပြပေအံ့။

၁။ **ပထမခန်း** အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

၂။ **ဒုတိယခန်း**　ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။
၃။ **တတိယခန်း**　နိရောဓာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။
၄။ **စတုတ္ထခန်း**　ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။
(စတုတ္ထ စတုက္က ပါဠိတော်)[၁]။

၁။ အနိစ္စာနုပဿီ-အနိစ္စကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ-ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

အနိစ္စာနုပဿီ-အနိစ္စကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ-ဝင်သက်ရှူပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

၂။ ဝိရာဂါနုပဿီ-ပျောက်ကင်းမှုကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ-ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

ဝိရာဂါနုပဿီ-ပျောက်ကင်းမှုကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ-ဝင်သက်ရှူပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

၃။ နိရောဓာနုပဿီ-ချုပ်ကွယ်မှုကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ- ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

နိရောဓာနုပဿီ-ချုပ်ကွယ်မှုကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ-ဝင်သက်ရှူပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

၄။ ပဋိနိဿဂ္ဂါနုပဿီ-တစ်ဖန် စွန့်ပစ်မှုကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ-ထွက်သက်လွှတ်ပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။

ပဋိနိဿဂ္ဂါနုပဿီ-တစ်ဖန် စွန့်ပစ်မှုကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ-ဝင်သက်ရှူပေအံ့၊ ဣတိ-ဤသို့၊ သိက္ခတိ-အားထုတ်၏။ (၎င်း စတုတ္ထ စတုက္ကအနက်)

ဤ စတုတ္ထ စတုက္ကကား ဝိပဿနာ တက်နည်းတည်း။ ၎င်းအစီအရင်ကို နောက်မှ ဆိုအံ့။

စတုတ္ထ စတုက္ကနည်း ပြီး၏။

----------

၁။ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသုတ်၊ နှာ-၁၂၅။

## အာနာပါနကမ္မဋ္ဌာန်းဖြင့်
## သတိပဋ္ဌာန် ၄-ပါး ပွားများမှုကိစ္စ ပြီးပုံ

ယခုအခါ အာနာပါနအလုပ်ကို အားထုတ်စွဲမြဲသူတို့အား သတိပဋ္ဌာန်လေးပါး ပွားများမှုကိစ္စ ပြီးစီးပုံကို ဟောတော်မူ၏။ လိုရင်းအဓိပ္ပာယ်ကို ပြဆိုပေအံ့။

**ကာယာနုပဿနာ** ထုတ်ပြခဲ့ပြီးသော စတုက္ကလေးပါးတို့တွင် ဂဏနာ၊ အနုဗန္ဓနာ နှစ်နည်း အစီအရင်ဖြင့် ပြဆိုခဲ့ပြီးသော ပထမ စတုက္ကအလုပ်သည်ကား ကာယာနုပဿနာ သတိပဋ္ဌာန်အလုပ် သက်သက်ပေတည်း။ ထွက်သက် ဝင်သက်သည် ရူပကာယတစိတ်ဖြစ်၍ ကာယမည်၏။

ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဧတံ ဝဒါမိ ယဒိဒံ
အဿာသပဿာသာ။

(ၐင်း အာနာပါနသတိသုတ် ပါဠိတော်[၁])

ဘိက္ခဝေ-ရဟန်းတို့၊ ယဒိဒံ=ယေ ဣမေ အဿာသပဿာသာ-အကြင် ထွက်သက် ဝင်သက်တို့သည်၊ သန္တိ-ရှိကုန်၏၊ ဧတံ-ဤထွက်သက် ဝင်သက် နှစ်ပါး ပေါင်းကို၊ ကာယေသု-ပထဝီကာယ အာပေါကာယ အစရှိသော ကာယအများတို့တွင်၊ ကာယညတရံ-ဝါယောကာယ တစ်ပါးဟူ၍၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ-ဟောတော မူ၏။ (ၐင်းပါဠိ၏ အနက်)

**ဝေဒနာနုပဿနာ** ဒုတိယ စတုက္ကအလုပ်သည် ဝေဒနာနုပဿနာ သတိ ပဋ္ဌာန် အလုပ်ပေတည်း။

ဝေဒနာသု ဝေဒနာညတရာဟံ ဘိက္ခဝေ ဧတံ ဝဒါမိ ယဒိဒံ
အဿာသပဿာသာနံ သာဓုကံ မနသိကာရော။

(ၐင်း သုတ်ပါဠိတော်[၂])

ဘိက္ခဝေ-ရဟန်းတို့၊ အဿာသပဿာသာနံ-ထွက်သက် ဝင်သက်တို့ကို၊ သာဓုကံ-ကောင်းစွာ၊ ယဒိဒံ=ယော အယံ မနသိကာရော-အကြင် နှလုံးသွင်းခြင်း သည်၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤကောင်းစွာ နှလုံးသွင်းမှုကို၊ ဝေဒနာသု-ဝေဒနာအများ တို့တွင်၊ ဝါ၊ ခံစားခြင်း အများတို့တွင်၊ ဝေဒနာညတရံ-ဝေဒနာတစ်ပါးဟူ၍၊ ဝါ၊ ခံစားခြင်း တစ်ပါးဟူ၍၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ-ဟောတော်မူ၏။ (ၐင်း ပါဠိ၏အနက်)

(သာဓုကံ ဆိုသည်ကား ပီတိပဋိသံဝေဒီ အစရှိသော ဥဿာဟ အထူးဖြစ်ပွား မှုတည်း။)

---

၁-၂။ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသတိသုတ်၊ နှာ-၁၂၆။

ဤ၌ ထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ ဝေဒနာတရားလည်း အထူးထင်ရှားလျက်ရှိသောကြောင့် ဤ စတုက္ကအလုပ်ကို ဝေဒနာနုပဿနာ သတိပဋ္ဌာန် အလုပ်ဆိုသတည်း။

**စိတ္တာနုပဿနာ** တတိယ စတုက္ကအလုပ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန် အလုပ်တည်း။ ။ ဤ၌လည်း ထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ စိတ်တရားလည်း အထူးထင်ရှားလျက်ရှိသောကြောင့် ဤ စတုက္က အလုပ်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။

**ဓမ္မာနုပဿနာ** အနိစ္စာနုပဿီ အစရှိသော စတုတ္ထ စတုက္ကအလုပ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်တည်း။ ။ ဤ၌လည်း ထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ မိမိစိတ်မှာ အဘိဇ္ဈာ၊ ဒေါမနဿကို ပယ်ဖျောက်ခြင်းဟူသော ပဟာနဓမ္မသည်လည်း ထင်ရှားလျက်ရှိသောကြောင့် ဤ စတုက္က အလုပ်ကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။

သော ယံ တံ အဘိဇ္ဈာဒေါမနဿာနံ ပဟာနံ၊ တံ ပညာယ ဒိသွာ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ။ (ၚင်းပါဠိတော်)[၁]

သော–ထိုယောဂီပုဂ္ဂိုလ်သည်၊ အဘိဇ္ဈာဒေါမနဿနံ–အဘိဇ္ဈာဒေါမနဿ တို့ကို၊ ယံ တံ ပဟာနံ–အကြင်ပယ်ခြင်းသည်၊ အတ္ထိ–ရှိ၏၊ တံ–ထိုပယ်ခြင်းကို၊ ပညာယ–ပညာဖြင့်၊ ဒိသွာ–မြင်၍၊ သာဓုကံ–ကောင်းစွာ၊ အဇ္ဈုပေက္ခိတာ–လျစ်လျူရှုသည်၊ ဟောတိ–ဖြစ်၏။

ထွက်သက် ဝင်သက်နှင့်တကွ ဖက်တွဲလျက် အနိစ္စဓမ္မကိုလည်း ရှုသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်သည်ဟူ၍လည်း ဆိုသင့်၏။

သတိပဋ္ဌာန် ပွားများမှုကိစ္စ ပြီးပုံ ပြီး၏။

----------

## အာနာပါနအလုပ်ဖြင့် ဗောဇ္ဈင် ၇–ပါး ပွားများမှုကိစ္စ ပြီးပုံ

ယခုအခါ အာနာပါနအလုပ်ကို အားထုတ်စွဲမြဲသော သူတို့အား ဗောဇ္ဈင် ၇–ပါး ပွားများမှုကိစ္စ ပြီးစီးပုံကို ပြဆိုပေအံ့။

၁။ **သတိသမ္ဗောဇ္ဈင်** သတိပဋ္ဌာန် အလုပ်မျိုးဖြစ်ခဲ့၍ တစ်နေ့တခြား ထိုအာရုံ၌ သတိစွဲမြဲမှု၊ တိုးပွား၍ သွားမှုသည် သတိသမ္ဗောဇ္ဈင်တရား ပွားများမှုမည်၏။

---

၁။ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသတိသုတ်၊ နှာ–၁၂၇။

ယံသ္မိံ သမယေ ဘိက္ခုနော ဥပဋ္ဌိတာ သတိ ဟောတိ အသမ္မုဋ္ဌာ။
သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။
(၄င်း သုတ်ပါဠိတော် ၁)

နောက်၌ကား- ပါဠိတော်ကို မထုတ်ပြီ။ အဓိပ္ပာယ်မျှကိုသာ ပြဆိုအံ့။

ယသ္မိံ သမယေ—အကြင်အခါ၌၊ ဘိက္ခုနော—အာနာပါနအလုပ်ကို အားထုတ်သော ယောဂီရဟန်းအား၊ သတိ—အာနာပါနဿတိသည်၊ ဥပဋ္ဌိတာ—စွဲမြဲစွာတည် သည်၊ ဟောတိ—ဖြစ်၏၊ အသမ္မုဋ္ဌာ—သတိလွတ်သည် မရှိပြီ၊ တသ္မိံ သမယေ—ထိုအခါ၌၊ ဘိက္ခုနော—ရဟန်းအား၊ သတိသမ္ဗောဇ္ဈင်္ဂေါ—သတိသမ္ဗောဇ္ဈင်တရားသည်၊ အာရဒ္ဓေါ—ပြီးစီးသည်၊ ဟောတိ—ဖြစ်၏။

၂။ **ဓမ္မဝိစယသမ္ဗောဇ္ဈင်** ထို အာနာပါနအလုပ်ကို အားထုတ်သောသူတို့အား ထိုအလုပ်တွင် ပါဝင်သော ဓမ္မတို့၌ တစ် နေ့ တခြား အဆင်ခြင် အစဉ်းစား အလိမ္မာ ပွားများသွားမှုသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်တရား ပွားများမှုမည်၏။

၃။ **ဝီရိယသမ္ဗောဇ္ဈင်** ထိုအလုပ်၌ တစ်နေ့တခြား ဝီရိယတရား တိုးပွား၍ သွားမှုသည် ဝီရိယသမ္ဗောဇ္ဈင်တရား ပွားများမှု မည်၏။

၄။ **ပီတိသမ္ဗောဇ္ဈင်** ပီတိပ္ပဋိသံဝေဒီအဖြစ်သို့ ရောက်သဖြင့် ထိုအာရုံ ထိုအမှု၌ တစ်နေ့တခြား စိတ်ပျော်မွေ့ခြင်း ပွားစီး၍ သွားမှုသည် ပီတိသမ္ဗောဇ္ဈင်တရား ဖြစ်ပွားမှုမည်၏။

၅။ **ပဿဒ္ဓိသမ္ဗောဇ္ဈင်** ထိုအာရုံ ထိုအမှု၌ စိတ်ပျော်မွေ့ခြင်း ပီတိတရား ဖြစ်ပွားသောအခါမှစ၍ ထိုအလုပ်၌ ပျင်းရိခြင်း ငိုက်မျဉ်းခြင်း အစရှိသော ပူလောင်မှုတို့သည် အစဉ် အတိုင်း ငြိမ်းကုန်၏။ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင် တရား ပွားများရာ၏။

၆။ **သမာဓိသမ္ဗောဇ္ဈင်** ပဿဒ္ဓိတရား ပွားများသည်ရှိသော် ထိုအာရုံ၌ စိတ် ၏ ကောင်းစွာတည်ကြည်ခြင်းဟူသော သမာဓိ သမ္ဗောဇ္ဈင်တရားလည်း ဖြစ်ပွားတော့သည်။

၇။ **ဥပေက္ခာသမ္ဗောဇ္ဈင်** သမာဓိသမ္ဗောဇ္ဈင်တရား ဖြစ်ပွားသည်ရှိသော် စိတ် မငြိမ်သက်မှုအတွက်နှင့် ကြောင့်ကြစိုက်ဖွယ် မရှိ။ လျစ်လျူရှုသောအားဖြင့် ထိုအာရုံ၌ စိတ်ကိုလွှတ်၍ ထားရတော့သည်။ ထိုအခါ ဥပေက္ခာသမ္ဗောဇ္ဈင်တရား ပွားများရာ၏။

---

၁။ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ် နှာ-၁၂၇။

ပါဠိတော်၌ကား - ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန်တရား လေးပါးတို့တွင် တစ်ပါးပါး၌ သမ္ဗောဇ္ဈင်တရား ခုနစ်ပါး ခုနစ်ပါးစီ ရပုံကို အကျယ်ဟောတော်မူ၏။

ဗောဇ္ဈင်ပွားများမှုကိစ္စ ပြီးပုံ ပြီး၏။

----------

# အာနာပါနအလုပ်ဖြင့် မဂ်ဖိုလ်တည်းဟူသော ဝိဇ္ဇာ ဝိမုတ္တိသို့ ရောက်နိုင်ပုံ

**ဝိပဿနာတက်နည်း** ယခုအခါ အာနာပါနအလုပ်မှ ဆက်၍ ဝိပဿနာဝိဇ္ဇာလမ်း၊ မဂ္ဂဝိဇ္ဇာလမ်း၊ ဖိုလ် ဟူသော ဝိမုတ္တိလမ်း ဖွင့်နည်း တက်နည်းကို ပြတော်မူခြင်းငှာ -

၁။ "ကထံ ဘာဝိတာ စ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ကထံ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။

ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ ဧဝံ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တီတိ"။ (ငင်း သုတ်ပါဠိတော်[၁])

၁။ ဘိက္ခဝေ-ရဟန်းတို့၊ သတ္တ ဗောဇ္ဈင်္ဂါ - ၇ -ပါးသော ဗောဇ္ဈင်တရားတို့သည်၊ ကထံ ဘာဝိတာ-အဘယ်သို့ အထူးရည်ရွယ်၍ ပွားစေအပ်ကုန်သည်ရှိသော်၊

---

၁။ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသတိသုတ်၊ နှာ-၁၃၀။

ကထံ ဗဟုလီကတာ–အဘယ်သို့ အထူး ရည်ရွယ်၍ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိ သော်၊ ဝိဇ္ဇာဝိမုတ္တိံ–ဝိဇ္ဇာတရား ဝိမုတ္တိတရား[၁] ကို၊ ပရိပူရေန္တိ–ပြီးပြည့်စုံစေနိုင်ကုန် သနည်း ဟူမူကား –

ဘိက္ခဝေ–ရဟန်းတို့၊ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ သတိ သမ္ဗောဇ္ဈင်္ဂံ–သတိသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန် ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန် ကို မှီသည်ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို[၂]၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

၂။ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ– ဓမ္မ ဝိစယသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

၃။ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ ဝီရိယသမ္ဗောဇ္ဈင်္ဂံ– ဝီရိယ သမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည် ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည် ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

၄။ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ ပီတိသမ္ဗောဇ္ဈင်္ဂံ–ပီတိ သမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည် ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

---

၁။ ဝိဇ္ဇာတရား = မဂ်တရား။ ဝိမုတ္တိတရား = ဖိုလ်တရား။

၂။ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်သို့ ညွတ်သည်ကို။

ဒီ၊ ၌၊ ၁။ ၂၁၀။ မ၊ ၌၊ ၁။ ၈၈။

၅။ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂ–ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

၆။ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ သမာဓိသမ္ဗောဇ္ဈင်္ဂ–သမာဓိသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

၇။ ဣဓ–ဤသာသနာ၌၊ ဘိက္ခု–ရဟန်းသည်၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂ–ဥပေက္ခာသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ–ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝိရာဂနိဿိတံ–ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ နိရောဓနိဿိတံ–ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ–ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ–ပြု၍၊ ဘာဝေတိ–ပွားများစေ၏။

ဘိက္ခဝေ–ရဟန်းတို့၊ ဧဝံ–ဤသို့၊ ဘာဝိတာ–ပွားများစေအပ်ကုန်သော၊ ဧဝံ–ဤသို့၊ ဗဟုလီကတာ–အကြိမ်များစွာ ပြုအပ်ကုန်သော၊ သတ္တဗောဇ္ဈင်္ဂါ–၇–ပါးသော ဗောဇ္ဈင်တရားတို့သည်၊ ဝိဇ္ဇာဝိမုတ္တိံ–ဝိဇ္ဇာတရား ဝိမုတ္တိတရားကို၊ ပရိပူရေန္တိ–ပြီးပြည့်စုံစေကုန်၏။ (ငှင်း ပါဠိတော်အနက်)

**နိဗ္ဗာန်၏အမည်များ** ဝိဝေက၊ ဝိရာဂ၊ နိရောဓ၊ ဝေါဿဂ္ဂ ဟူသော အမည် လေးပါးသည် နိဗ္ဗာန်၏ အမည်ချည်းတည်း။

**ဝိဝေကနိဿိတ** ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ပေါက်ရောက်ဖို့ ရည်ရွယ်၍ ပွားများသည်ကို ဝိဝေကနိဿိတ ဆိုသတည်း။ (ဝိဝဋ္ဋနိဿိတ ဆိုလိုသည်။)

**ဝဋ္ဋနိဿိတ** ကုသိုလ်ရရုံမျှ ပွားများလျှင် ဝဋ္ဋနိဿိတ မည်၏။

ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဥပစာရဈာန်၊ အပ္ပနာဈာန် ဟူသော ထပနာနည်းတို့ဖြင့် အစဉ်အတိုင်း အားထုတ်ဖြစ်ပွား၍ လာသည်ရှိသော် သတိပဋ္ဌာန်လေးပါးနှင့်တကွ ဗောဇ္ဈင် ၇–ပါး ထူထောင်မိပြီ။

**ဝဋ်တရားဘက် ယိမ်းယိုင်တတ်ပုံ** ထိုသို့ ထူထောင်မိသော်လည်း သေသည်၏ အခြားမဲ့၌ နတ်အဖြစ် ဗြဟ္မာအဖြစ်ဟူသော ဝဋ်ဘက်သို့ ကိုင်းရှိုင်း၍ပေးပြန်လျှင် ဗောဇ္ဈင် ၇–ပါးတို့သည် ဝဋ္ဋနိဿိတမျိုးဖြစ်၍ သွားပြန်ကုန်၏။ ဥပစာရဈာန်၊ အပ္ပနာဈာန်၊ အနိစ္စာနုပဿနာ ဖြစ်ကာမျှဖြင့် အပြီးသတ်၍ ထားခဲ့သည်ရှိသော် ဝဋ်ဘက်သို့လဲ၍ သွားကုန်လတ္တံ့။

**ဝိဝဋ္ဋ** ထို့ကြောင့် ထိုမျှလောက်တွင် အပြီးသတ်၍ မထားဘဲ ယခုဘဝ၌ပင် ဝိဝဋ္ဋစခန်းသို့ ဆိုက်ရောက်သည်တိုင်အောင် ငါအားထုတ်မည်ဟု အကြံပြု၍ အားထုတ်သည်ကို ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ ဟူ၍ ဆိုသတည်း။

ထိုသို့ တိုးတက်၍သွားမှသာ ဝိဇ္ဇာဝိမုတ္တိသို့ [၁] ဆိုက်နိုင်သည်။ ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်မှသာ ဝိဝေက၊ ဝိရာဂ၊ နိရောဓ၊ ဝေါဿဂ္ဂ ဟူသော ဝိဝဋ္ဋဓမ္မသို့ ယခုဘဝ ပေါက်ရောက်နိုင်သည်။

---------

## ဗောဓိပက္ခိယ ပြီးစီးပုံ အဆင့်ဆင့်

**နိဗ္ဗာန်** ဝိဝဋ္ဋဆိုသည်ကား – နိဗ္ဗာန်ကို ဆိုသတည်း။ ။ ယခုအခါ သာသနာတော်အတွင်း၌ ကြုံကြိုက်ကြသူ လူရှင်အပေါင်းတို့မှာလည်း ယခုဘဝ၌ ဤ ဝိဝဋ္ဋဓမ္မတစ်ခုကိုသာ ကိုယ်ကျိုး ကိုယ်စီးပွားဟု ဂရုကြီးစိုက်ခွင့် ရှိချေသည်။

**မဂ်ဖိုလ်ရမှ နိဗ္ဗာန်ရခြင်း** ဤ ဝိဝဋ္ဋဓမ္မကို ရလိုသောကြောင့် ဝိဇ္ဇာဝိမုတ္တိနှစ်ပါး [၂] ကို ရအောင် အားထုတ်ရပြန်သည်။

**ဗောဇ္ဈင် ၇–ပါး ပြည့်စုံမှ မဂ်ဖိုလ်ရခြင်း** ဝိဇ္ဇာဝိမုတ္တိနှစ်ပါးကို ရခြင်းငှာ ဗောဇ္ဈင် ၇–ပါးကို ထူထောင်ရပြန်သည်။

**သတိပဋ္ဌာန် ၄–ပါးရှိမှ ဗောဇ္ဈင် ၇–ပါးနှင့် ပြည့်စုံခြင်း** ဗောဇ္ဈင် ၇–ပါးကို ထူထောင်ခြင်းငှာ သတိပဋ္ဌာန်လေးပါးကို ထူထောင်ရပြန်သည်။

**အာနာပါနအလုပ်လုပ်မှ သတိပဋ္ဌာန် ၄–ပါးရခြင်း** သတိပဋ္ဌာန်လေးပါးကို ထူထောင်ခြင်းငှာ ဤ အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရလေသည်။

---

၁–၂။ ဝိဇ္ဇာ၊ ဝိမုတ္တိ = မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်။ (ဝိဇ္ဇာ = သိခြင်း၊ မဂ်ဉာဏ်။ ဝိမုတ္တိ = လွတ်မြောက်ခြင်း၊ ဖိုလ်ဉာဏ်။ ဝဋ်ဆင်းရဲမှ လွတ်မြောက်သည့်ဉာဏ်)။

ဤ အာနာပါနအလုပ်ဖြင့် သတိပဋ္ဌာန်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဝိဇ္ဇာဝိမုတ္တိ နှစ်ပါး ပြီးစီးခဲ့သည်ရှိသော် အားလုံးသော ဗောဓိပက္ခိယတရား ၃၇–ပါးတို့သည် ပြီးစီးကြကုန်တော့သည်။

ဤကား အာနာပါနသုတ် ပါဠိတော်မြတ်၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်။

ဤ ဝိဇ္ဇာဝိမုတ္တိနှစ်ပါးသို့ အမြန် ပေါက်ရောက်စေနိုင်သော နည်းလမ်းဟူသည်လည်း အခြားတစ်ပါး မဟုတ်ပြီ။ "အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ" အစရှိသည်ဖြင့် ထုတ်ပြခဲ့ပြီးသော စတုတ္ထ စတုက္က အစီအရင်ပေတည်း။ ဗောဇ္ဈင်ခုနစ်ပါးကို ထမြောက်အောင် ထူထောင်၍ ထိုစတုက္က၏ အရဖြစ်သော အနိစ္စာနုပဿနာမှုကို ဝိဝေကနိဿိတပြု၍ အားထုတ်သည်ရှိသော် ရှေးဦးစွာ သောတာပတ္တိမဂ်ဖိုလ်တည်း ဟူသော ဝိဇ္ဇာဝိမုတ္တိသို့ ရောက်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဒုစရိုက်ခပ်သိမ်း၊ ဒုရာဇီဝခပ်သိမ်း၊ အပါယ်ဒုက္ခခပ်သိမ်းတို့၏ အပြီးလွတ်ငြိမ်းခြင်းဟူသော သဥပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော ဝိဝဋ္ဋ[၁] ဓမ္မကို ယခုဘဝတွင်ပင် ရနိုင်လေသတည်း။

ဝိဇ္ဇာဝိမုတ္တိသို့ ရောက်နိုင်ပုံ ပြီး၏။

---

# အာနာပါနသတိနှင့် ဝိသုဒ္ဓိ ၆–ပါး

## ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်

ယခုအခါ ထို "အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ" အစရှိသော စတုတ္ထ စတုက္က အစီအရင်ကို အမြွက်မျှ ပြဆိုပေအံ့။

**ဝိပဿနာသို့ တက်နိုင်သည့် လုပ်ငန်းအခြေခံများ**

ဤသုတ္တန်ပါဠိတော် အဋ္ဌကထာတို့၌ကား – အာနာပါန အပ္ပနာဈာန်လေးပါးကို ရပြီးမှ ဤစတုက္က အစီအရင်သို့ တက်၍ အားထုတ်မှုကို ပြဆိုကုန်၏။ ဤကဲ့သို့ တက်နိုင်ပါမူ အထွတ်အထိပ်ဖြစ်ပေ၏။ ဤကဲ့သို့ မတက်နိုင်ရှိခဲ့မူကား –

၁။ တတိယဈာန်မှလည်း ဝိပဿနာလမ်းသို့ တက်ရပါ၏။

၂။ ဒုတိယဈာန်မှလည်း တက်ရပါ၏။

---

၁။ ဝိဝဋ္ဋ = ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်။

၃။ ပထမဈာန်မှလည်း တက်ရပါ၏။

၄။ အပ္ပနာဈာန်သို့ပင် မဆိုက်မူ၍ ဥပစာရဈာန်မှလည်း တက်ရပါ၏။

၅။ အနုဗန္ဓနာအခန်းမှလည်း တက်ရပါ၏။

၆။ ထိုထို ဤဤ လှုပ်ရှားပြေးသွားသော စိတ်ဝိတက်၏ ငြိမ်းခြင်းကို ရောက်ပြီးသော ဂဏနာအခန်းမှလည်း ဝိပဿနာလမ်းသို့ တက်ရပါ၏။

**ဝိပဿနာတက်နည်း ၂-မျိုး** ဝိပဿနာလမ်းသို့ တက်သောအခါ၌လည်း-

၁။ ဤအာနာပါနအာရုံနှင့် ဖက်တွဲ၍ တက်နည်း၊

၂။ အာနာပါနရှုမှုကို ဥပစာရကိစ္စမျှ ပြုလုပ်၍ ခန္ဓာငါးပါး စသည်တို့တွင် အလိုရှိရာ သင်္ခါရဓမ္မကိုယူ၍ တက်နည်း

ဟူ၍ နှစ်ပါးရှိ၏။

ထိုတွင် ဤသုတ္တန်ပါဠိတော်၌ -

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ [၁]။

ဟူ၍ အာနာပါနအာရုံနှင့် ဖက်တွဲ၍ တက်နည်းသည် လာ၏။ ထိုပါဠိတော်၏ အဓိပ္ပာယ်ကား -

ထွက်သက်လွှတ်မည် ပြုသည်ရှိသော် အမှတ်တမဲ့ မလွှတ်မူ၍ အနိစ္စထင်အောင် ရှု၍ လွှတ်မည်ဟု လွှတ်တိုင်း လွှတ်တိုင်း အနိစ္စမနသိကာရ ရှေ့သွားမြဲစေရာ၏ ဟူလိုသည်။ ဝင်သက်၌လည်း ထိုနည်းတူ သိလေ။

ဤကား - ထိုပါဠိတော်၏ တိုက်ရိုက် အဓိပ္ပာယ်တည်း။

**ဝိပဿနာ ထူထောင်ပုံ ၂-မျိုး** ဝိပဿနာအလုပ် တည်ထောင်မှုသည် -

၁။ ရုပ်ကို အစပြု၍ တည်ထောင်မှု၊

၂။ နာမ်ကို အစပြု၍ တည်ထောင်မှု ဟူ၍ နှစ်ပါးရှိ၏။

**ရုပ်ဖြင့်စ၍ ဝိပဿနာ ထူထောင်ပုံ** ဝိပဿနာလမ်းသို့ တက်လိုမူကား - ထွက်သက် ဝင်သက် ဟူသော ရုပ်ကို အစပြု၍ ထူထောင်ရာ၏။ အဘယ့်ကြောင့်နည်းဆိုသော် ထိုအခန်း၌ ထွက်သက် ဝင်သက် ဟူသော ရုပ်သည်သာလျှင် ဉာဏ်၌ထင်ရှားသေးသောကြောင့်တည်း။

---

၁။ အနက် ဤကျမ်းစာမျက်နှာ ၃၉၆-၃၉၇ ပြန်ရှု။

အနုဗန္ဓနာအခန်းမှ တက်ရာ၌လည်း ထို့အတူပင်တည်း။

**နာမ်ဖြင့် စ၍ ဝိပဿနာ ထူထောင်ပုံ** ထပနာ နှစ်ခန်းတွင် ဥပစာရသမာဓိ အခန်းသည် -

၁။ ဝေဒနာနုပဿနာခန်း

၂။ စိတ္တာနုပဿနာခန်း ဟူ၍ နှစ်ပါးရှိ၏။

**ဝေဒနာနုပဿနာ** "ပီတိပ္ပဋိသံဝေဒီ၊ သုခပ္ပဋိသံဝေဒီ" ချီသော ဒုတိယ စတုက္ကသည် ဝေဒနာနုပဿနာခန်း မည်၏။

**စိတ္တာနုပဿနာ** "စိတ္တပ္ပဋိသံဝေဒီ" ချီသော တတိယ စတုက္ကသည် စိတ္တာနုပဿနာခန်း မည်၏။

ထို နှစ်ခန်းတို့တွင် -

ဝေဒနာနုပဿနာခန်းမှ ဝိပဿနာလမ်းသို့ တက်လိုသော် ဝေဒနာဟူသော နာမ်ကို အစပြု၍ တက်ရမည်။

စိတ္တာနုပဿနာခန်းမှ တက်လိုသော် စိတ် - ဟူသော နာမ်ကို အစပြု၍ တက်ရမည်။

အပ္ပနာသမာဓိမှ တက်ပုံကား - ဝေဒနာ၊ စိတ္တတို့ကိုသော်လည်းကောင်း၊ မိမိ ရအပ်ပြီးသော ဈာန်၌ပါရှိသော ဈာန်အင်္ဂါတို့ကိုသော်လည်းကောင်း အစပြု၍ တက်ရမည်။

--------

## ဂဏနာမှ ဝိပဿနာသို့ တက်ပုံ

ယခုအခါ၌ အစဆုံးသော ဂဏနာခန်းမှ ရုပ်ကို အစပြု၍ ဝိပဿနာလမ်း ဖွင့်နည်းကို အကျဉ်းမျှ ပြဆိုအံ့။

ရှေ့၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ဂဏနာခန်း ပြီးစီးသည့်နောက် အနုဗန္ဓနာခန်းသို့ တက်ခွင့် ဆိုက်နေသောအခါ ထိုအနုဗန္ဓနာခန်းသို့ မလိုက်မူ၍ "အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ" ဟူသော စတုတ္ထ စတုက္ကအရ အနိစ္စဝိပဿနာခန်းသို့ တက်ရာ၏။

ဂဏနာခန်း၌ ပြီးစီးသော ခဏိကသမာဓိကို ဥပစာရသမာဓိအရာ၌ အမြဲထား ရာ၏။

ထားပုံကား –

ဝိပဿနာအလုပ်ကို လုပ်သောသူသည် လူဖြစ်ခဲ့၍ တစ်နေ့လုံး တစ်ညဥ့်လုံး မလုပ်နိုင်ရှိသဖြင့် တစ်နေ့တစ်ညဥ့်အဖို့ ၂၄–နာရီ ရှိသည်တွင် ၄–နာရီတန်သည်၊ ၃–နာရီတန်သည် အချိန်အမှန်ထား၍ အားထုတ်ရမည်။

**ဝိပဿနာလုပ်ငန်း၌ အာနာပါနဿတိကို စတင်ပြုလုပ်ရခြင်း** အလုပ်ခွင်သို့ ဝင်တိုင်း ဝင်တိုင်း စိတ်ဝိတက်ကို သုတ်သင်ခြင်းငှာ ရှေးဦးစွာ အာနာပါနဿတိ ဝင်စားရမည်။ စိတ်ဝိတက် ငြိမ်သက်သောအခါမှ ဝိပဿနာ မနသိကာရကို အားထုတ်ရမည်။

ဝိပဿနာ မနသိကာရ ထမြောက်၍ မဂ်ဖိုလ်သို့ ရောက်ပြီးသည့်တိုင်အောင် ထို အာနာပါနဿတိကို မလွှတ်ရပြီ။ ဖိုလ်ကို ဝင်စားသောအခါ၌ပင် ထိုသတိကို ဥပစာရ သမာဓိအရာ၌ အမြဲထားရာ၏။

**ဝိဇ္ဇာဉာဏ် ၅–ပါး** ဝိပဿနာလမ်း၌ –

၁။ ဒိဋ္ဌိဝိသုဒ္ဓိ

၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

၃။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၄။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၅။ ဉာဏဒဿနဝိသုဒ္ဓိ

ဟူ၍ ဝိသုဒ္ဓိအစဉ် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်အပြား ငါးပါးရှိ၏။ ။ထိုငါးပါးတို့တွင် ထွက်သက် ဝင်သက်၌ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ကို ပြဆိုအံ့။

---

## ထွက်သက်ဝင်သက်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ

**ထွက်သက် ဝင်သက်၌ ဓာတ်ကြီး ၄–ပါး ထင်ရှားမှုကို ရှုပုံ** ထို ထွက်သက် ဝင်သက်၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ အဆင်းဓာတ်၊ အနံ့ဓာတ်၊ ရသဓာတ်၊ ဩဇာဓာတ် ဟူ၍ အမြဲအားဖြင့် ရုပ်ဓာတ် ရှစ်ပါးရှိ၏။ အသံဖြစ်သောအခါ သဒ္ဒဓာတ်နှင့်တကွ ရုပ်ဓာတ်ကိုးပါးဖြစ်၏။ ထိုတွင် မြေ၊ ရေ၊ လေ၊ မီး ဟူသော ဓာတ်ကြီးလေးပါးသည်သာ လိုရင်းပဓာနတည်း။

**ပထဝီဓာတ်** မြေဓာတ်ဆိုသည်ကား ခက်မာမှုကြီးယာတည်း။ ခက်မာမှုဆိုသည်ကား ခပ်သိမ်းသော ရုပ်အဆောက်အဦ ဟူသမျှတို့၌ အမာခံမှု ဆိုလိုသည်။ ထိုအမာခံမှုသည် လွန်ကဲ၍ ခက်မာသောအဖြစ်သို့ ရောက်သော ဝတ္ထုမျိုးတို့၌

လက်နှင့် စမ်းသပ်ထိပါးလျှင် မာသည်ဟု သိသာထင်ရှား၏။ နေရောင် လရောင် စသည်တို့၌ကဲ့သို့ အမာခံအနေမျှ၌ တည်မှုကား စမ်းသပ်၍မရ သိမ်မွေ့လှ၏။

ယုတ္တိအားဖြင့်မူကား ဉာဏ်၌ ထင်ရှားပါ၏။

ဖွဲ့စေးမှုဟူသော ရေဓာတ်သည် အမာခံဝတ္ထု မရှိခဲ့သော် အဘယ်ကို ဖွဲ့မည်နည်း။

ပူလောင်မှုဟူသော မီးဓာတ်သည် အမာခံမီးစာ မရှိခဲ့သော် အဘယ်ကို စွဲလောင်မည်နည်း။

မီးဓာတ်၏ အရှိန်အဟုန်ဖြစ်သော ကြွရွထောက်ကန်မှု ဟူသော လေဓာတ်သည် အမာခံ ထောက်ရာ ကန်ရာ မရှိခဲ့သော် အဘယ်သို့ ကြွနိုင် ရွနိုင်ပါမည်နည်း။

ဤကား ယုတ္တိအားဖြင့် ဉာဏ်၌ ထင်ရှားပုံတည်း။

**အာပေါဓာတ်** "အဿာသ ပဿာသကာယ" ဟု ကာယသဒ္ဒါနှင့် ဆိုရအောင် အစု အရုံး တစ်ခုဖြစ်မှုသည် ရေဓာတ်ဖွဲ့စေးမှုတည်း။

**တေဇောဓာတ်** ထွက်သက် ဝင်သက်၌ ပါရှိသော ပူမှု အေးမှုသည် မီးဓာတ်တည်း။

**ဝါယောဓာတ်** လှုပ်မှု ရှားမှုသည် လေဓာတ်တည်း။

ထွက်သက် ဝင်သက်၌ကား လေဓာတ် လွန်ကဲ၏။ ဤ ထွက်သက် ဝင်သက်၌ ဓာတ်လေးပါးရှိမှု ယုတ္တိကို သဘောကျနိုင်ပါလျှင် တစ်ကိုယ်လုံး၌ သဘောကျနိုင်တော့သည်။ သဘောကျသည့်အတိုင်း ထွက်သက် ဝင်သက်၌ ဓာတ်လေးပါးကို အသီးသီး မြင်နိုင်ပါလျှင် တစ်ကိုယ်လုံး၌ မြင်နိုင်တော့သည်။

**ပရမတ္ထဉာဏ်ဖြစ်ခြင်း** ထွက်သက် ဝင်သက်၌ ခက်မာမှု၊ ဖွဲ့စည်းမှု၊ ပူနွေးမှု၊ လှုပ်ရှားမှုဟူသော ကြိယာလေးချက်သည်သာ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၏။ အသီးအသီး ထိုလေးချက်တို့ကို ထိအောင် အာရုံပြုသော ဉာဏ်သည်သာ ပရမတ္ထသို့ ဆိုက်ရောက်သော ဉာဏ်မည်၏။

**သက္ကာယဒိဋ္ဌိဖြစ်ပုံ** ထိုလေးချက်ကို မသိမူ၍ အရှည်အတိုသဏ္ဌာန်အနေနှင့် ထွက်သက် ဝင်သက်ဟု သိမြင်မှတ်သားမှုသည် သက္ကာယ ဒိဋ္ဌိလမ်းတည်း။ ဤဒိဋ္ဌိလမ်း၌ကား ထွက်သက် ဝင်သက်၏ အစသည် ချက်တိုင်တည်း။ အဆုံးသည် နှာသီးဖျားတည်း။ အစ၌ တစ်ကြိမ်သာ ဖြစ်မှုရှိ၏။ အဆုံး၌ တစ်ကြိမ်သာ ပျက်မှုရှိ၏။ အလယ်၌မူကား အခါခါဖြစ်မှု၊ အခါခါပျက်မှု ဟူ၍ မရှိပြီ။ ဝင်သက်၌လည်း ထိုနည်းတူ ဝင်သက်၏အစသည် နှာသီးဖျားတည်း။ အဆုံးသည် ချက်တိုင်ရင်းတည်း ဟူ၍ ဆိုလေ။ ဤကား ပုထုဇဉ်တို့စိတ်၌ အရိုးစိုက်၍နေသော ဒိဋ္ဌိမှုတည်း။

ခပ်သိမ်းသော ကိုယ်အစုတို့၌ ဤကဲ့သို့သော ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိနေသည်ကို အကုန်မြင်မြော်မိစေ။

ထွက်သက် ဝင်သက်၌ ဤဒိဋ္ဌိအရိုးစိုက်ကြီး ပျောက်ကွယ်လေအောင် ထို ထွက်သက် ဝင်သက်၌ပင် သုတ်သင်ရာ၏။

**ရုပ်၌ သက္ကာယဒိဋ္ဌိ သုတ်သင်ပုံ** အဘယ်သို့ သုတ်သင်ရာသနည်း ဟူမူကား – အသီးအသီး ဓာတ်အမှုကြီးလေးပါးကို ဉာဏ် စိုက်မိ၍ ပရမတ္ထဓမ္မ အမြင်ပေါက်သောအခါ၌ အရှည် အတို သဏ္ဍာန်အနေနှင့် ထွက်သက် ဝင်သက်ဟု သိမြင် ထင်မှတ်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကို ဝင်စား၍ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ကွယ်ပျောက်လေ၏။ အရှည် အတို သဏ္ဍာန် ဟူ၍ မရှိ၊ ထွက်သက် ဝင်သက် ဟူ၍ပင် မရှိ၊ ဓာတ်အမှုကြီး လေးပါးသည်သာ ရှိ၏ဟု ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

ထွက်သက် ဝင်သက်မှ ကြွင်းသော ဆံပင်၊ မွေးညင်း အစရှိသော တစ်ကိုယ် လုံးမှာလည်း အတို အရှည် အစရှိသော ဒြပ်သဏ္ဍာန်အနေနှင့် ဤကား ဆံပင်တည်း၊ ဤကား မွေးညင်းတည်း အစရှိသည်ဖြင့် သိမြင်ထင်မှတ်၍နေကြသော ဒိဋ္ဌိအရိုးစိုက် ကြီး အသီးသီးရှိကြ၏။ ဓာတ်အမှုကြီး လေးပါးလည်း အသီးအသီး ရှိကြ၏။ ထိုဆံပင်၊ မွေးညင်း အစရှိသော တစ်ကိုယ်လုံးမှလည်း ဓာတ်အမှုကြီး လေးပါး ဉာဏ်အမြင် ပေါက်သည်ရှိသော် သဏ္ဍာန်အသီးအသီးနှင့် ဆံပင်၊ ဆံပင်ဟု သိမြင်ထင်မှတ်၍ နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကို ဝင်စား၍ နေသမျှ ကာလပတ်လုံး ကွယ် ပျောက်လတ္တံ့။ ဆံပင်ဟူ၍ မရှိမှု ထင်ရှားလတ္တံ့။ ထိုသို့ ထင်ရှားသောအခါ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

မွေးညင်းစသော တစ်ကိုယ်လုံး၌လည်း ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိကြပုံ၊ ဓာတ်အမှုကြီးလေးပါး အသီးအသီး အမြင်ပေါက်သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိ အသီးအသီး ဖြစ်ပုံကို ဆံပင်နည်းတူ သိလေ။

ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် ပြီး၏။

---------

## နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်

ထွက်သက် ဝင်သက်ကို အာရုံပြုသောစိတ်၊ ဓာတ်အမှုကြီးလေးပါးကို အာရုံပြု သောစိတ်၊ ထိုစိတ်တို့၌ပါရှိသော သတိ၊ ဝီရိယ၊ ဉာဏ်ပညာတို့သည် နာမ်မည်ကုန်၏။

အာရုံကို သိခြင်းအမှုသည် စိတ်တည်း။

အာရုံကို အထပ်ထပ် အမှတ်ရခြင်းအမှုသည် သတိတည်း။

ထိုအလုပ်၌ အားထုတ်ခြင်းအမှုသည် ဝီရိယတည်း။

ထိုအာရုံ ထိုအလုပ်တို့၌ လိမ္မာရန် အခွင့်ကို သိခြင်းအမှုသည် ဉာဏ်ပညာတည်း။

ထွက်သက် ဝင်သက်ကို ငါ အာရုံပြုမည်ဟု သိမြင် ထင်မှတ်မှုသည် စိတ်၌ ဒိဋ္ဌိအရိုးစိုက်ကြီးတည်း။ ဤဒိဋ္ဌိအရိုးစိုက်ကြီးကို ဉာဏ်၌ ပျောက်ကွယ်လေအောင် စိတ်၌ သုတ်သင်ရာ၏။

**နာမ်၌ သက္ကာယဒိဋ္ဌိ သုတ်သင်ပုံ**

အဘယ်သို့ သုတ်သင်ရာသနည်းဟူမူကား - ထွက်သက် ဝင်သက်ကို အာရုံပြုမှု ကြိယာသည် စိတ်ဓာတ်တစ်ခုတည်း။ နှလုံး၌ ထိုဓာတ်ဖြစ်ပေါ်၍နေဆဲအခါ ထွက်သက် ဝင်သက်ကို အာရုံပြုမှု ကြိယာ ပေါ်၍နေ၏။

ထိုအမှု၊ ထိုကြိယာသည် နာမ်၏ ကြိယာမတ္တသာတည်း။

ရုပ်ခန္ဓာလည်းမဟုတ်၊ ရုပ်ခန္ဓာ၏အမှုလည်း မဟုတ်။

ပုဂ္ဂိုလ်လည်း မဟုတ်၊ ပုဂ္ဂိုလ်၏အမှုလည်း မဟုတ်။

သတ္တဝါလည်း မဟုတ်၊ သတ္တဝါ၏အမှုလည်း မဟုတ်။

ငါလည်း မဟုတ်၊ ငါ၏အမှုလည်း မဟုတ်။

စိတ်ဟူ၍လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း၊ နာမ်ဟူ၍လည်းကောင်း အဘိဓမ္မာ၌ ဟောတော်မူသော ဓာတ်အမှုတစ်ခု အသီးအခြားသာတည်းဟု အမြင် ရှုရာ၏။

ရုပ်ခန္ဓာနှင့်လည်းကောင်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါတို့နှင့်လည်းကောင်း ရောယှက်ထွေးလုံး၍ မနေစေလင့်။ ရောယှက်ထွေးလုံးခြင်းမရှိဘဲ ထိုအာရုံပြုမှုကို ဉာဏ်စိုက်မိသောအခါ စိတ်ဟူသော နာမ်ဓာတ်တစ်ခု၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် အမြင်ပေါက်၏။ စိတ်ဓာတ်တစ်ခု၌ ဉာဏ်အမြင်ပေါက်ခဲ့လျှင် သတိ၊ ဝီရိယ၊ ဉာဏ်ပညာဟူသော နာမ်ဓာတ်တို့၌လည်း ဉာဏ်အမြင်ပေါက်နိုင်တော့သည်။ စိတ်ဓာတ်တစ်ခု၌သာ လိုရင်းတည်း။

နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်ပြီး၏။

ဒိဋ္ဌိဝိသုဒ္ဓိအမြွက် ပြီး၏။

# ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင်

တစ်ကိုယ်လုံးမှာ ရုပ်ဓာတ်အမှုကြီးလေးပါး[၁]၊ စိတ်ဓာတ်အမှုကြီးတစ်ပါးဟူ၍ ဓာတ်အမှုကြီးငါးခုကို အသီးအသီး ဉာဏ်အမြင်ပေါက်အောင် အားထုတ်ပြီးနောက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ကို ဖြစ်စေရာ၏။ အဘယ်သို့ ဖြစ်စေရာသနည်းဟူမူကား ပဋိစ္စသမုပ္ပါဒ်မှုကို ဉာဏ်အမြင်ပေါက်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်တော့သည်။

ကင်္ခါဆိုသည်ကား ဝိစိကိစ္ဆာတည်း။

အနမတဂ္ဂသံသရာ၌ ဓာတ်အမှုကြီး ငါးခုတို့၏ ဖြစ်နိုင်ရန်အကြောင်းကို လောက၌ အထွေထွေ အလာလာ ကြံဖန်စွဲယူကြသော မိစ္ဆာဝါဒများရှိ၏။ ရုပ်တရား၊ နာမ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ်မှုကို နေရာတကျ မသိသည့်အတွက်ကြောင့် ထိုမိစ္ဆာဝါဒများသို့လည်းကောင်း၊ နိစ္စအယူ၊ အတ္တအယူများသို့လည်းကောင်း။ စိတ်သဘော ကိုင်းရှိုင်းလျက်ရှိကြ၏။ ဤကား သာမညဝိစိကိစ္ဆာ[၂] တည်း။

"အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ" စသည်ကား ဝိသေသဝိစိကိစ္ဆာတည်း။

တစ်ကိုယ်လုံး၌ ရုပ်ဓာတ်မှုကြီး လေးပါးသည်-

၁။ ကံကြောင့်ဖြစ်သည့် လေးပါး

၂။ စိတ်ကြောင့်ဖြစ်သည့် လေးပါး

၃။ ဥတုကြောင့်ဖြစ်သည့် လေးပါး

၄။ အာဟာရကြောင့်ဖြစ်သည့် လေးပါး

ဟူ၍ အကြောင်းလေးပါးကို သိရာ၏။

၁။ ရှေးရှေး၌ ပြုခဲ့ပြီးသော ကံအဟောင်းကို အစွဲပြု၍ တစ်ကိုယ်လုံး၌ မြစ်ရေ အလျဉ်ကဲ့သို့ အစဉ်မပြတ် ခဏမစဲ တဘွားဘွား ဖြစ်ပေါ်နေသော ဓာတ်အမှုကြီး လေးပါးသည် ကံကြောင့်ဖြစ်သည့် လေးပါးမည်၏။

၂။ ထိုထိုခဏ၌ ဖြစ်ဆဲဖြစ်ဆဲသော ထိုထိုစိတ်ကို အစွဲပြု၍ သူ့စိတ်နှင့်သူ တဘွားဘွား ဖြစ်ပေါ်၍နေသော ဓာတ်အမှုကြီးလေးပါးသည် စိတ်ကြောင့် ဖြစ်သည့် လေးပါးမည်၏။

၃-၄။ ဥတု၊ အာဟာရတို့၌လည်း ဤနည်းတူ တစ်နေ့ တစ်နေ့ အဖို့တွင်

---

၁။ မဟာဘုတ် ရုပ်ဓာတ် ၄-ပါး။

၂။ ဝိစိကိစ္ဆာ = ယုံမှားခြင်း။

ကိုယ်အင်္ဂါတို့၌ အေးမှု ပူမှု ဟူသော ထိုထိုဥတု အခိုက်အလှည့်ကို စွဲ၍ သူ့ဥတုနှင့် သူ့ ဓာတ်အမှုကြီးလေးပါး တဘွားဘွားဖြစ်၍ နေမှုကိုလည်းကောင်း၊ သူ့အာဟာရဓာတ် ပွားခိုက်ကို အစွဲပြု၍ သူ့ဓာတ်ကြီးလေးပါး တဘွားဘွားဖြစ်၍ နေမှုကိုလည်းကောင်း ဝေဖန်၍ သိလေ။

စိတ်ဓာတ်၌မူကား ထွက်သက် ဝင်သက်ဟူသော အာရုံကိုလည်းကောင်း၊ မှီရာ ဝတ္ထုရုပ်ကိုလည်းကောင်း အစွဲပြု၍ သူ့ထွက်သက်နှင့် သူ့စိတ်၊ သူ့ဝင်သက်နှင့် သူ့စိတ် နေခြည်မျှင် တံလျှပ်မျှင်တို့ကဲ့သို့ အစဉ်ဖြစ်ပွား၍ နေသည်ကို သိလေ။

ဤကား ဓာတ်အမှုကြီးငါးပါးတို့၏ ပဋ္ဌိစ္စသမုပ္ပါဒ်အချက်တည်း။ ဤ ပဋ္ဌိစ္စ သမုပ္ပါဒ်အချက်ကို ဉာဏ်အမြင်ပေါက်ခဲ့လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီးစီးလေတော့ သည်။ နိစ္စ၊ အတ္တ အထင်ကို လွန်နိုင်တော့သည်။

ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင် ပြီး၏။

----------

# ဝိပဿနာလမ်းသို့ တက်နည်း

**ပဓာနဓာတ်ကြီးငါးပါး** မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ စိတ်ဓာတ်ဟူ၍ ပဓာနဓာတ်ကြီး ငါးပါး။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ ရုပ်၏ဖြစ်ကြောင်းတရား လေးပါး။

ဝတ္ထု၊ အာရုံဟူ၍ နာမ်၏ဖြစ်ကြောင်းတရား နှစ်ပါး။

ဤတရားအစုကို ရုပ်နာမ်နှစ်ပါးပြု၍ ထားပြီးလျှင် ထိုတရားတို့ကိုလည်း ကောင်း၊ ထိုတရားတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း ဉာဏ်ဖြင့် စေ့စေ့ရှု၍-

"ရူပံ အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန"

ဟူ၍ လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန် သုံးသပ်ခြင်းဟူသော ဝိပဿနာတရားတို့ကို အားထုတ်ရာ၏။ ဤကား "အနိစ္စာနုပဿီ အဿသိဿာမိတိ သိက္ခတိ" ဟူသော ဤပါဠိတော်နည်းအားဖြင့် ထွက်သက် ဝင်သက်နှင့် ဖက်တွဲ၍ ဝိပဿနာလမ်းသို့ တက်ပုံ အမြွက်တည်း။

တစ်နည်းမူကား ထွက်သက် ဝင်သက်ရှုမှုကို ဥပစာရကိစ္စပြု၍ မိမိ၌ သိရင်း ရှိနေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ထို့အတူ ဉာဏ်ဖြင့် စေ့စေ့ရှု၍လည်း သုံးသပ်ရာ၏။ ။ဥပစာရကိစ္စမှု ဆိုသည်ကား အချိန်နာရီထား၍ အားထုတ်သူတို့မှာ

အလုပ်ခွင်သို့ ဝင်သောအခါ ဝင်တိုင်း ဝင်တိုင်း စိတ်ကို ချုပ်တည်းခြင်းငှာ၊ တည်ငြိမ်စေခြင်းငှာ ရှေးဦးစွာ ထွက်သက် ဝင်သက်ကို ရှုမှတ်ရာ၏။ စိတ်တည်ငြိမ်သောအခါ အလိုရှိရာ ခန္ဓာကို ရှုရာ၏။

ဤကား ဂဏနာအခန်းမှ ဝိပဿနာလမ်းသို့ တက်ရာ၌ အမြွက်မျှ ပြဆိုချက်တည်း။ အပြည့်အစုံဖြစ်သော ဝိပဿနာလုပ်နည်း အစီအရင်ကိုမူကား အာဟာရဒီပနီ၊ အနတ္တဒီပနီ စာအုပ်တို့မှာ ကြည့်ရှု၍ ယူလေ။

ဂဏနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း အမြွက် ပြီး၏။

----------

## မှာထားချက်

၁။ အနုဗန္ဓနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း။

၂။ ဥပစာရသမာဓိဟူသော ထပနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း။

၃။ အပ္ပနာသမာဓိဟူသော ထပနာလေးရပ်တို့တွင် ပဌမဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၄။ ဒုတိယဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၅။ တတိယဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၆။ စတုတ္ထဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

ဟူ၍ ဂဏနာအခန်းမှ အထက်၌ ခြောက်ဆင့် ခြောက်လမ်းရှိသည်မှာလည်း ဂဏနာခန်းမှာ ပြဆိုခဲ့ပြီးသော နည်းလမ်းကို အစဉ်မှီး၍ သိကြလေ။

၁။ ကျန်ရှိသော ဝိသုဒ္ဓိသုံးပါးတို့၏ ဖြစ်ပုံ အစီအရင်။

၂။ ဝိပဿနာဉာဏ် ဆယ်ပါးတို့၏ ဖြစ်ပုံ အစီအရင်။

၃။ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော ဝိဇ္ဇာဝိမုတ္တိတို့၏ ဖြစ်ပုံ အစီအရင်ကို သံပေါက်လင်္ကာဖြင့် ငါတို့စီရင်သော သင်္ဂြိုဟ် ၉–ပိုင်း အချုပ် ပရမတ္ထသံခိပ်ကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာ ယူကြလေ။

ဤတွင်ရွေ့ကား အဋ္ဌကထာတို့၌ လာသော သုတ္တာနုလောမနည်းနှင့်တကွ အာနာပါနဿတိသုတ် ပါဠိတော်ကို အစဉ်မှီး၍ အကျဉ်းမျှ ပြဆိုလိုက်သော အာနာပါနကမ္မဋ္ဌာန်း အစီအရင် ပြီး၏။

အာနာပါနဒီပနီကျမ်း ပြီးပြီ။

# ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

# ဓာတုကမ္မဋ္ဌာန ပါဠိတော်

## ဥဒ္ဒေသ

အတ္ထိ ဣမသ္မိံ ကာယေ ပထဝီကာယာ၊ အာပေါကာယာ၊ တေဇောကာယာ၊ ဝါယောကာယာ၊ ဝိညာဏကာယာ။

**ပထဝီကာယ နိဒ္ဒေသ (ပထဝီ ကောဋ္ဌာသ- ၂၀)**

၁။ တတ္ထ ကတမေ ပထဝီကာယာ။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊
ဣမေ ဝုစ္စန္တိ ပထဝီကာယာ။

**အာပေါကာယ နိဒ္ဒေသ (အာပေါ ကောဋ္ဌာသ- ၁၂)**

၂။ တတ္ထ ကတမေ အာပေါကာယာ။

ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ၊
ဣမေ ဝုစ္စန္တိ အာပေါကာယာ။

### တေဇောကာယ နိဒ္ဒေသ (တေဇော ကောဋ္ဌာသ- ၄)

၃။ တတ္ထ ကတမေ တေဇောကာယာ။
သန္တာပေါ၊ ဒါဟော၊ ပါစကော၊ ဇီရဏံ၊
ဣမေ ဝုစ္စန္တိ တေဇောကာယာ။

### ဝါယောကာယ နိဒ္ဒေသ (ဝါယော ကောဋ္ဌာသ- ၆)

၄။ တတ္ထ ကတမေ ဝါယောကာယာ။
ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊
သယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊
အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အဿာသပဿာသာ ဝါတာ၊
ဣမေ ဝုစ္စန္တိ ဝါယောကာယာ။

### ဝိညာဏကာယ နိဒ္ဒေသ

၅။ တတ္ထ ကတမေ ဝိညာဏကာယာ။
စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊
ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊
ကာယဝိညာဏံ၊ မနောဝိညာဏံ၊
ဣမေ ဝုစ္စန္တိ ဝိညာဏကာယာ။

## ပထဝီကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၁။ ကေသကာယေ ကက္ခဠတ္တကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ တဒုပါဒါ၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

တထာ-လောမကာယေ၊ နခကာယေ၊ ဒန္တကာယေ၊ တစကာယေ၊ မံသ ကာယေ၊ နှာရုကာယေ၊ အဋ္ဌိကာယေ၊ အဋ္ဌိမိဉ္ဇကာယေ၊ ဝက္ကကာယေ၊ ဟဒယကာယေ၊ ယကနကာယေ၊ ကိလောမကကာယေ၊ ပိဟကကာယေ၊ ပပ္ဖါသကာယေ၊ အန္တကာယေ၊ အန္တဂုဏကာယေ၊ ဥဒရိယကာယေ၊ ကရီသကာယေ၊ မတ္ထလုင်္ဂကာယေတိ။

## အာပေါကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၂။ ပိတ္တကာယေ ကက္ခဠတ္တကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ တဒုပါဒါ၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊

ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

တထာ–သေမှကာယေ၊ ပုဗ္ဗကာယေ၊ လောဟိတကာယေ သေဒကာယေ၊ မေဒကာယေ၊ အဿုကာယေ၊ ဝသာကာယေ၊ ခေဠကာယေ၊ သိင်္ဃာဏိကာကာယေ၊ လသိကာကာယေ၊ မုတ္တကာယေတိ။

## တေဇောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၃။ သန္တာပကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ တဒုပါဒါ၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

တထာ–ဒါဟကာယေ၊ ပါစကကာယေ၊ ဇီရဏကာယေတိ။

## ဝါယောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၄။ ဥဒ္ဓင်္ဂမကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ တဒုပါဒါ၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

တထာ–အဓောဂမကာယေ၊ ကုစ္ဆိသယကာယေ၊ ကောဋ္ဌာသယကာယေ၊ အင်္ဂမင်္ဂါနုသာရီကာယေ၊ အဿာသ ပဿာ သကာယေတိ။

## ဝိညာဏကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၅။ စက္ခုဝိညာဏကာယေ စတ္တာရော ခန္ဓာ လဗ္ဘန္တိ၊ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ စေတနာ သင်္ခါရက္ခန္ဓော၊ ဝိညာဏံ ဝိညာဏက္ခန္ဓော၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသရကဋ္ဌေန အနတ္တာ။

တထာ သောတဝိညာဏကာယေ၊ ဃာနဝိညာဏကာယေ၊ ဇိဝှါဝိညာဏကာယေ၊ ကာယဝိညာဏကာယေ၊ မနောဝိညာဏကာယေတိ။

## နိဂမ

ဣတိ ဣမသ္မိံ မေ ကာယေ အဋ္ဌစတ္တာလီသ ပဘေဒါ၊ ဓာတုကာယာ၊ ဓမ္မကာယာ၊ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရ ကဋ္ဌေန အနတ္တာ။

ဓာတုကမ္မဋ္ဌာနံ နိဋ္ဌိတံ။

# ဥယျောဇဉ်

ဝတ်ကျောင်း၌ လူအများပေါင်း၍ ရွတ်ကြသောအခါ ဖော်ပြခဲ့ပြီးသော ပါဠိရှိတိုင်းသာ ရွတ်။ ဆိတ်ငြိမ်ရာ၌နေ၍ ပွားများသောအခါ ၄၈–ပါးသော ကာယတို့၌ အသီးအသီး အကျယ်ထုတ်ဖော်၍ ပွားများကြရမည်။

---------

# ဓာတ်ကမ္မဋ္ဌာန်းအနက်
# ဥဒ္ဒေသ

မေ–ငါ၏၊ ဣမသ္မိံ ကာယေ–တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌၊ ပထဝီကာယာ–မြေဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း၊ အာပေါကာယာ–ရေဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း၊ တေဇောကာယာ–မီးဓာတ်လွန် သော ကိုယ်အစုတို့သည်လည်းကောင်း၊ ဝါယောကာယာ–လေဓာတ်လွန်သော ကိုယ်အစုတို့သည်လည်းကောင်း၊ ဝိညာဏကာယာ–ကြံတတ် သိတတ်သော ကိုယ်အစုတို့သည်လည်းကောင်း၊ အတ္ထိ၊ သန္တိ၊ ရှိကုန်၏။

# ပထဝီကာယ နိဒ္ဒေသ

၁။ တတ္ထ–ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ ပထဝီကာယာ–မြေဓာတ်လွန်သော ကိုယ်အစုတို့သည် ဟူသည်၊ ကတမေ–အဘယ်သည်တို့နည်း ဟူမူကား –

ကေသာ–၂ ကုဋေ ၄ သန်းမျှသော ဆံပင်ဟူသော မြေအစုတို့လည်းကောင်း။
လောမာ–၉ သောင်း ၉ ထောင် မွေးညင်းဟူသော မြေအစုတို့လည်းကောင်း။
နခါ–၂၀ အရေအတွက်ရှိသော ခြေသည်း လက်သည်းဟူသော မြေအစုတို့လည်းကောင်း။
ဒန္တာ–၃၂ ချောင်း အရေအတွက်ရှိသော သွားဟူသော မြေအစုတို့ လည်းကောင်း။
တစော–အရေထူ အရေပါး ၂–မျိုးပြားသော အရေဟူသော မြေအစုတို့ လည်းကောင်း။
မံသံ–ကိုးရာမျှ အရေအတွက်ရှိသော အသားစိုင် အသားခဲ ဟူသော မြေအစုတို့ လည်းကောင်း။
နှာရု–ကိုးရာမျှ အရေအတွက်ရှိသော အကြောဟူသော မြေအစုတို့လည်းကောင်း။
အဋ္ဌိ–သုံးရာမျှ အရေအတွက်ရှိသော အရိုးဟူသော မြေအစုတို့လည်းကောင်း။
အဋ္ဌိမိဥ္ဇ–ရိုးတွင်းခြင်ဆီဟူသော မြေအစုတို့လည်းကောင်း။
ဝက္ကံ–ကျောက်ကပ်ခေါ်သော အညှို့ဟူသော မြေအစုတို့လည်းကောင်း။
ဟဒယံ–နှလုံးသားဟူသော မြေအစုတို့လည်းကောင်း။

ယကနံ–အသည်းဟူသော မြေအစုတို့လည်းကောင်း။
ကိလောမကံ–အမြှေးလွှာဟူသော မြေအစုတို့လည်းကောင်း။
ပိဟကံ–သရက်ရွက်ခေါ်သော အဖျဉ်းဟူသော မြေအစုတို့လည်းကောင်း။
ပပ္ဖါသံ–အဆုတ်ဟူသော မြေအစုတို့လည်းကောင်း။
အန္တံ–အူမကြီးဟူသော မြေအစုတို့လည်းကောင်း။
အန္တဂုဏံ–အူသိမ်အူသေးဟူသော မြေအစုတို့လည်းကောင်း။
ဥဒရိယံ–အစာသစ်ဟူသော မြေအစုတို့လည်းကောင်း။
ကရီသံ–အစာဟောင်းဟူသော မြေအစုတို့လည်းကောင်း။
မတ္ထလုင်္ဂံ–ဦးနှောက်ဟူသော မြေအစုတို့လည်းကောင်း။
ဣမေ–ဤနှစ်ဆယ်သော မြေအစုတို့ကို၊ ပထဝီကာယာ–မြေဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏။

## အာပေါကာယ နိဒ္ဒေသ

၂။ တတ္ထ–ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ အာပေါကာယာ–ရေဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်၊ ကတမေ–အဘယ်သည်တို့နည်းဟူမူကား –
ပိတ္တံ–သည်းခြေဟူသော ရေအစုလည်းကောင်း။
သေမှံ–သလိပ်ဟူသော ရေအစုလည်းကောင်း။
ပုဗ္ဗော–ပြည်ဟူသော ရေအစုလည်းကောင်း။
လောဟိတံ–သွေးဟူသော ရေအစုလည်းကောင်း။
သေဒေါ–ချွေးဟူသော ရေအစုလည်းကောင်း။
မေဒေါ–အဆီအပြင် အဆီခဲဟူသော ရေအစုလည်းကောင်း။
အဿု–မျက်ရည်ဟူသော ရေအစုလည်းကောင်း။
ဝသာ–ဆီကြည်ဟူသော ရေအစုလည်းကောင်း။
ခေဠော–လျှာရည် ကံတွေးဟူသော ရေအစုလည်းကောင်း။
သိင်္ဃာဏိကာ–နှပ်ရည် နှပ်စေးဟူသော ရေအစုလည်းကောင်း။
လသိကာ–အစေးပုပ်ဟူသော ရေအစုလည်းကောင်း။
မုတ္တံ–ကျင်ငယ်ဟူသော ရေအစုလည်းကောင်း။

ဣမေ–ဤ တစ်ဆယ့်နှစ်ပါးသော ရေအစုတို့ကို၊ အာပေါကာယာ–ရေဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏။

## တေဇောကာယ နိဒ္ဒေသ

၃။ တတ္ထ–ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ တေဇောကာယာ–မီးဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်၊ ကတမေ–အဘယ်သည်တို့နည်းဟူမူကား –

သန္တာပေါ–ရက်ဆက်ရက်ချန် ဖျားခြင်းစသော အလွန်ပူသော မီးအစုလည်းကောင်း။

ဒါဟော–ပေါက်နာ ကျောက်နာ စသော အသွေးအသားကို အကျက်လောင်သော မီးအစုလည်းကောင်း။

ပါစကော–အစာကို ကြေစေတတ်သော မီးအစုလည်းကောင်း။

ဇီရဏံ–ရင့်ရော် မှည့်ရွှမ်း ဟောင်းနွမ်း ဆွေးမြည့်စေတတ်သော မီးအစုလည်းကောင်း။

ဣမေ–ဤလေးပါးသော မီးအစုတို့ကို၊ တေဇောကာယာ–မီးဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍။ ဝုစ္စန္တိ–ဆိုအပ်ကုန်၏။

## ဝါယောကာယ နိဒ္ဒေသ

၄။ တတ္ထ–ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ ဝါယောကာယာ–လေဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်၊ ကတမေ–အဘယ်သည်တို့နည်း ဟူမူကား –

ဥဒ္ဓင်္ဂမာ ဝါတာ–အထက်သို့ ဆန်တက်သော လေအစုတို့လည်းကောင်း။

အဓောဂမာ ဝါတာ–အောက်သို့ စုန်ဆင်းသော လေအစုတို့လည်းကောင်း။

ကုစ္ဆိသယာ ဝါတာ–ဝမ်းခေါင်းတွင်း၌ ကိန်းသော လေအစုတို့လည်းကောင်း။

ကောဋ္ဌာသယာ ဝါတာ–အူမ အူသိမ်တွင်း၌ ကိန်းသော လေအစုတို့လည်းကောင်း။

အင်္ဂမင်္ဂါနုသာရိနော ဝါတာ–ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော လေအစုတို့လည်းကောင်း။

အဿာသပဿာသာ ဝါတာ–ထွက်သက် ဝင်သက် ဟူသော လေအစုတို့လည်းကောင်း။

ဣမေ–ဤခြောက်ပါးသော လေအစုတို့ကို၊ ဝါယောကာယာ–လေဓာတ်လွန်သော ကိုယ်အစုတို့ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏။

## ဝိညာဏကာယ နိဒ္ဒေသ

၅။ တတ္ထ–ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ ဝိညာဏကာယာ–ကြံတတ် သိတတ်သော ကိုယ်အစုတို့ဟူသည်၊ ကတမေ–အဘယ်သည်တို့နည်းဟူမူကား–

စက္ခုဝိညာဏံ–မျက်လုံးတွင်း၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။
သောတဝိညာဏံ–နားတွင်း၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။
ဃာနဝိညာဏံ–နှာခေါင်းတွင်း၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။
ဇိဝှါဝိညာဏံ–လျှာအပြင်၌ ဖြစ်ပေါ်သော သိမှုလည်းကောင်း။
ကာယဝိညာဏံ–တစ်ကိုယ်လုံးမှာ ထိုထိုအင်္ဂါ၌ ဖြစ်ပေါ်သော သိမှု လည်းကောင်း။
မနောဝိညာဏံ–နှလုံးတွင်း၌ ဖြစ်ပေါ်သော ထွေထွေလာလာ ကြံမှု သိမှု လည်းကောင်း။

ဣမေ–ဤခြောက်ပါးသော ကြံမှု သိမှုတို့ကို၊ ဝိညာဏကာယာ–ကြံတတ် သိတတ်သော ကိုယ်အစုတို့ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏။

တစ်ယောက် တစ်ယောက်သော သူ၏ ကိုယ်ခန္ဓာ၌ အစိတ်အစိတ် ဖြစ်ကုန်သော ၄၈–ပါးကုန်သော ကိုယ်ခန္ဓာတို့ကို ထုတ်ဆိုရာ နိဒ္ဒေသခန်းပြီး၏။

-------

# ပထဝီကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၁။ ကေသကာယေ–ဆံပင်ဟူသော ကိုယ်အစုအစု၌၊ ဝါ–ဆံပင်ဟူသော မြေအစု၌။

ယာ ကက္ခဠကိရိယာ–အကြင်ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏။ သာ–ထိုခက်မာမှု ကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင်ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ်မည်၏။

ယာ ဥဏှတ္တ ကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘန ကိရိယာ–အကြင် ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ထောက်ကန်မှု ကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ်မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်းကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ–ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထိုမြေ၊

ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာ တည်း။

သဗ္ဗေ-အလုံးစုံကုန်သော၊ ဓေတ ဓမ္မာ-ထိုဓာတ်ကြီးလေးသွယ်၊ ဓာတ်ငယ် လေးပါး ရုပ်တရားတို့သည် -

သင်္ခတာ-အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ-အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရား တို့သာတည်း။

နိဿတ္တာ-ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ-တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝ ရှိကြသော တရား မျိုး မဟုတ်ကုန်။

တုစ္ဆာ-ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ် သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ-နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ် ကုန်၏။

ခယဓမ္မာ-ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယဓမ္မာ-ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝိရာဂဓမ္မာ-ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။

နိရောဓဓမ္မာ-ခဏခဏ ချုပ် ရုပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ခယဋ္ဌေန-ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ-အနိစ္စမျိုးတို့သာ လျှင်တည်း။

ဘယဋ္ဌေန-ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသောအနက်ကြောင့်၊ ဒုက္ခာ-ဒုက္ခမျိုး တို့သာလျှင်တည်း။

အသာရကဋ္ဌေန-အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ-အနတ္တမျိုးတို့သာလျှင်တည်း။

ယထာ-ထိုကေသကာယနှင့်အတူ၊ လောမကာယေ-မွေးညင်းဟူသော ကိုယ် အစု၌လည်းကောင်း၊ နခကာယေ-ခြေသည်း လက်သည်းဟူသော ကိုယ်အစု၌ လည်းကောင်း၊ ဒန္တကာယေ-သွားဟူသော ကိုယ်အစု၌လည်းကောင်း၊ တစကာယေ- အရေဟူသော ကိုယ်အစု၌လည်းကောင်း၊ မံသကာယေ-အသားဟူသော ကိုယ်အစု၌ လည်းကောင်း၊နှာရုကာယေ-အကြောဟူသော ကိုယ်အစု၌လည်းကောင်း၊ အဋ္ဌိကာယေ- အရိုးဟူသော ကိုယ်အစု၌လည်းကောင်း၊ အဋ္ဌိမိဉ္ဇကာယေ-ရိုးတွင်း ခြင်ဆီဟူသော ကိုယ်အစု၌လည်းကောင်း၊ ဝက္ကကာယေ-အညို့ဟူသော ကိုယ်အစု၌ လည်းကောင်း၊ ဟဒယကာယေ-နှလုံးဟူသော ကိုယ်အစု၌လည်းကောင်း၊ ယကနကာယေ-အသည်း

ဟူသော ကိုယ်အစု၌လည်းကောင်း၊ ကိလောမကကာယေ-အမြေးဟူသော ကိုယ်အစု၌လည်းကောင်း၊ ပိဟကကာယေ-အဖျဉ်းဟူသော ကိုယ်အစု၌ လည်းကောင်း၊ ပပ္ဖါသကကာယေ-အဆုတ်ဟူသော ကိုယ်အစု၌လည်းကောင်း၊ အန္တ ကာယေ-အူမဟူသော ကိုယ်အစု၌လည်းကောင်း၊ အန္တဂုဏကာယေ-အူသိမ်ဟူသော ကိုယ်အစု၌လည်းကောင်း၊ ဥဒရိယကာယေ-အစာသစ်ဟူသော ကိုယ်အစု၌လည်းကောင်း၊ ကရီသကာယေ-အစာဟောင်းဟူသော ကိုယ်အစု၌လည်းကောင်း၊ မတ္ထလုင်္ဂကာယေ-ဦးနှောက်ဟူသော ကိုယ်အစု၌လည်းကောင်း။

ယာ ကက္ခဠကိရိယာ-အကြင်ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုခက်မာမှုကြိယာသည်၊ ပထဝီနာမ-ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓန ကိရိယာ-အကြင်ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုဖွဲ့စေးမှုကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ-ပရမတ်နှစ် ရေဓာတ်စစ်မည်၏ ။

ယာ ဥဏှတ္တ ကိရိယာ-အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုနွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ-ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘန ကိရိယာ-အကြင်ထောက်ကန်မှုဟူသော ကြိယာသည်။ အတ္ထိ-ရှိ၏၊ သာ- ထိုထောက်ကန်မှု ကြိယာသည်၊ ဝါယောနာမ-ပရမတ်နှစ်လေဓာတ်စစ်မည်၏။

ပဏ္ဏော-အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော-အနံ့ဓာတ်သည်လည်းကောင်း၊ ရသော-အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ-ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ-ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ-ထို မြေ၊ ရေ၊ မီး၊ လေဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ-အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ-ထိုဓာတ်ကြီး လေးသွယ်, ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် -

သင်္ခတာ-အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ-အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ-ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ-တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ-ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။
ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။
ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။
နိရောဓဓမ္မာ–ခဏခဏ ချုပ် ရုပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာလျှင်တည်း။
ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစု ဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။
အသာရကဋ္ဌေန–အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

ဣတိ–ဤသို့တွင် ပထဝီကာယ ၂၀ ပြီး၏။

------

## အာပေါကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၂။ ပိတ္တကာယေ–သည်းခြေဟူသော ကိုယ်အစု၌–

ယာ ကက္ခဠကိရိယာ–အကြင် ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ခက်မာမှုကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ်မည်၏။

ယာ ဥဏှတ္တကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘနကိရိယာ–အကြင် ထောက်ကန်မှု ဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ထောက်ကန်မှု ကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ်မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်းကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ–ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထို မြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ-အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ-ထိုဓာတ်ကြီး လေးသွယ်၊ ဓာတ်ငယ် လေးပါး ရုပ်တရားတို့သည် -

သခ်တာ-အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ-အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ-ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ-တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ-ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ် သကတ်နှင့် မစပ်မနီး အချည်းနီးတို့သာတည်း။

သုညာ-နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

ခယဓမ္မာ-ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယဓမ္မာ-ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝိရာဂဓမ္မာ-ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။

နိရောဓဓမ္မာ-ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ခယဋ္ဌေန-ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ-အနိစ္စမျိုးတို့သာလျှင်တည်း။-

ဘယဋ္ဌေန-ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ-ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန-အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ-အနတ္တမျိုးတို့သာလျှင်တည်း။

တထာ-ထိုပိတ္တကာယနှင့်အတူ၊ သေမှကာယေ-သလိပ်ဟူသော ကိုယ်အစု၌လည်းကောင်း၊ ပုဗ္ဗကာယေ-ပြည်ဟူသော ကိုယ်အစု၌လည်းကောင်း၊ လောဟိတကာယေ-သွေးဟူသော ကိုယ်အစု၌လည်းကောင်း၊ သေဒကာယေ-ချွေးဟူသော ကိုယ်အစု၌လည်းကောင်း၊ မေဒကာယေ-အဆီပြင်ခဲဟူသော ကိုယ်အစု၌ လည်းကောင်း၊ အဿုကာယေ-မျက်ရည်ဟူသော ကိုယ်အစု၌လည်းကောင်း၊ ဝသာကာယေ-ဆီကြည်ဟူသော ကိုယ်အစု၌လည်းကောင်း၊ ခေဠကာယေ-လျှာရည် တံတွေးဟူသော ကိုယ်အစု၌လည်းကောင်း၊ သိင်္ဃာဏိကာကာယေ-နှပ်ရည် နှပ်ချေးဟူသော ကိုယ်အစု၌ လည်းကောင်း၊ လသိကာကာယေ-အစေးအပုပ်ဟူသော ကိုယ်အစု၌လည်းကောင်း၊ မုတ္တကာယေ-ကျင်ငယ်ဟူသော ကိုယ်အစု၌လည်းကောင်း။

ယာ ကက္ခဠကိရိယာ-အကြင် ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ-ရှိ၏၊

သာ–ထို ခက်မာမှုကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ်မည်၏ ။

ယာ ဥဏှတ္တကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘနကိရိယာ–အကြင် ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ထောက်ကန်မှုကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ်မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်းကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ–ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထို မြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစု တို့သာတည်း။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေဓမ္မာ–ထိုဓာတ်ကြီး လေးသွယ်၊ ဓာတ်ငယ် လေးပါး ရုပ်တရားတို့သည် –

သခ်တာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။

နိရောဓဓမ္မာ–ခဏခဏ ချုပ် ရုပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာ

လျှင်တည်း။
ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။
အသာရကဋ္ဌေန–အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

ဣတိ–ဤတွင် အာပေါကာယ ၁၂–ပါး ပြီး၏။

------

## တေဇောကာယ ဘာဝနာ ပဋ္ဌိနိဒ္ဒေသ

၃။ သန္တာပကာယေ–သန္တာပတေဇောဟူသော ကိုယ်အစု၌ –

ယာ ကက္ခဠကိရိယာ–အကြင် ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ခက်မာမှုကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ်မည်၏ ။

ယာ ဥဏှတ္တကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘနကိရိယာ–အကြင် ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ထောက်ကန်မှုကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ်မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်းကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ–ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထို မြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ–ထိုဓာတ်ကြီး လေးသွယ်၊ ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

သခ်ိတာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။
နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။
တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။
သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။
ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။
နိရောဓဓမ္မာ–ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာလျှင်တည်း။
ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။
အသာရကဋ္ဌေန–အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

တထာ–ထို သန္တာပကာယနှင့်အတူ၊ ဒါဟကာယေ–ဒါဟတေဇောဟူသော ကိုယ်အစု၌လည်းကောင်း၊ ပါစကကာယေ–ပါစကဓာတ်မီးဟူသော ကိုယ်အစု၌လည်းကောင်း၊ ဇီရဏကာယေ–ဇီရဏတေဇောဟူသော ကိုယ်အစု၌လည်းကောင်း –

ယာ ကက္ခဠကိရိယာ–အကြင် ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ခက်မာမှုကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ်မည်၏။

ယာ ဥဏှတ္တကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘနကိရိယာ–အကြင် ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ထောက်ကန်မှုကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ်မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်းကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ သြဇာ–သြဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထိုမြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ–ထိုဓာတ်ကြီး လေးသွယ်၊ ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည် –

သင်္ခတာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။

နိရောဓဓမ္မာ–ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန–အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

ဣတိ–ဤတွင်၊ တေဇောကာယ ၄–ပါး ပြီး၏။

---------

# ဝါယောကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၄။ ဥဒ္ဓင်္ဂမကာယေ–ဥဒ္ဓင်္ဂမလေအစု၌ –

ယာ ကက္ခဠကိရိယာ–အကြင် ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ခက်မာမှုကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ်မည်၏။

ယာ ဥဏှတ္တကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘနကိရိယာ–အကြင် ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ထောက်ကန်မှုကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ်မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်းကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ–ဩဇာဟူသော အာဟာရဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထို မြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစုတို့သာတည်း။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ–ထိုဓာတ်ကြီး လေးသွယ်၊ ဓာတ်ငယ် လေးပါး ရုပ်တရားတို့သည် –

သင်္ခတာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယမေ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝိရာဂမေ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။
နိရောဓမေ္မာ–ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာ လျှင်တည်း။
ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ– ဒုက္ခမျိုးတို့သာလျှင်တည်း။
အသာရကဋ္ဌေန–အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

တထာ–ထို ဥဒ္ဓဂ်မကာယနှင့်အတူ၊ အဓောဂမကာယေ–အဓောဂမ လေအစု၌ လည်းကောင်း၊ ကုစ္ဆိသယကာယေ–ကုစ္ဆိသယ လေအစု၌လည်းကောင်း၊ ကောဋ္ဌာသယ ကာယေ–ကောဋ္ဌသယ လေအစု၌လည်းကောင်း၊ အင်္ဂမင်္ဂါနုသာရိကာယေ–အင်္ဂမင်္ဂါ နုသာရီ လေအစု၌လည်းကောင်း၊ အဿာသ ပဿာသကာယေ–ထွက်သက် ဝင်သက် လေအစု၌လည်းကောင်း –

ယာ ကက္ခဠကိရိယာ–အကြင် ခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို ခက်မာမှုကြိယာသည်၊ ပထဝီနာမ–ပရမတ်နှစ် မြေဓာတ်စစ်မည်၏။

ယာ အာဗန္ဓနကိရိယာ–အကြင် ဖွဲ့စေးကပ်တွယ်မှုဟူသော ကြိယာသည်၊ အတ္ထိ– ရှိ၏၊ သာ–ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊ အာပေါနာမ–ပရမတ်နှစ် ရေဓာတ်စစ် မည်၏။

ယာ ဥဏှတ္တကိရိယာ–အကြင် နွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ–ရှိ၏၊ သာ–ထို နွေးမှု ပူမှု ကြိယာသည်၊ တေဇောနာမ–ပရမတ်နှစ် မီးဓာတ်စစ်မည်၏။

ယာ ဝိတ္ထမ္ဘနကိရိယာ–အကြင် ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ– ရှိ၏၊ သာ–ထို ထောက်ကန်မှုကြိယာသည်၊ ဝါယောနာမ–ပရမတ်နှစ် လေဓာတ်စစ် မည်၏။

ဝဏ္ဏော–အဆင်းဓာတ်သည်လည်းကောင်း၊ ဂန္ဓော–အနံ့ဓာတ်သည် လည်း ကောင်း၊ ရသော–အရသာဓာတ်သည်လည်းကောင်း၊ ဩဇာ–ဩဇာဟူသော အာဟာရ ဓာတ်သည်လည်းကောင်း၊ ဣမေ–ဤလေးပါးသော ဓာတ်တို့သည်၊ တဒုပါဒါ– ထိုမြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးစု တို့သာတည်း။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ–ထိုဓာတ်ကြီး လေးသွယ်၊ ဓာတ်ငယ် လေးပါး ရုပ်တရားတို့သည် –

သင်္ခတာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။
ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။
နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။
နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။
တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။
သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။
ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။
နိရောဓဓမ္မာ–ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာလျှင်တည်း။
ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။
အသာရကဋ္ဌေန–အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

ဣတိ–ဤသို့တွင်၊ ဝါယောကာယ ၆–ပါး ပြီး၏။

------

## ဝိညာဏကာယ ဘာဝနာ ပဋိနိဒ္ဒေသ

၅။ စက္ခုဝိညာဏကာယေ–စက္ခုဝိညာဏ်တည်းဟူသော နာမကာယ၌၊ စတ္တာရော ခန္ဓာ–လေးပါးသောခန္ဓာတို့ကို၊ လဗ္ဘန္တိ–ရအပ်ကုန်၏။
ဝေဒနာ–အာရုံ၏ အရသာကို ခံစားမှုသည်၊ ဝေဒနာက္ခန္ဓော–ဝေဒနာက္ခန္ဓာ မည်၏။
သညာ–အာရုံကို မှတ်သားမှုသည်၊ သညာက္ခန္ဓော–သညာက္ခန္ဓာ မည်၏။
စေတနာ–စိတ်၏ စေ့ဆော်မှုသည်၊ သင်္ခါရက္ခန္ဓော–သင်္ခါရက္ခန္ဓာ မည်၏။
ဝိညာဏံ–အာရုံကို သိမှုသည်၊ ဝိညာဏက္ခန္ဓော–ဝိညာဏက္ခန္ဓာ မည်၏။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ–မျက်လုံးအတွင်းမှာ ရံခါရံခါ ဖြစ်ပေါ်ကြကုန်သော ခန္ဓာလေးပါး ဤ နာမ်တရားတို့သည် –

သင်္ခတာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။

နိရောဓဓမ္မာ–ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာလျှင်တည်း။

ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန–အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

တထာ–ထို စက္ခုဝိညာဏ်တည်းဟူသော နာမကာယနှင့်အတူ၊ သောတဝိညာဏကာယေ–သောတဝိညာဏ်တည်းဟူသော နာမကာယ၌လည်းကောင်း၊ ဃာနဝိညာဏကာယေ–ဃာနဝိညာဏ်တည်းဟူသော နာမကာယ၌လည်းကောင်း၊ ဇိဝှါဝိညာဏကာယေ–ဇိဝှါဝိညာဏ်တည်းဟူသော နာမကာယ၌လည်းကောင်း၊ ကာယဝိညာဏကာယေ–ကာယဝိညာဏ်တည်းဟူသော နာမကာယ၌လည်းကောင်း၊ မနောဝိညာဏကာယေ–မနောဝိညာဏ်တည်းဟူသော နာမကာယ၌လည်းကောင်း၊ စတ္တာရော ခန္ဓာ–လေးပါးသော ခန္ဓာတို့ကို၊ လဗ္ဘန္တိ–ရအပ်ကုန်၏။

ဝေဒနာ–အာရုံ၏အရသာကို ခံစားမှုသည်၊ ဝေဒနာက္ခန္ဓော–ဝေဒနာက္ခန္ဓာ မည်၏။

သညာ–အာရုံကို မှတ်သားမှုသည်၊ သညာက္ခန္ဓော–သညာက္ခန္ဓာ မည်၏။

စေတနာ–စိတ်၏ စေ့ဆော်မှုသည်၊ သင်္ခါရက္ခန္ဓော–သင်္ခါရက္ခန္ဓာ မည်၏။

ဝိညာဏံ–အာရုံကို သိမှုသည်၊ ဝိညာဏက္ခန္ဓော–ဝိညာဏက္ခန္ဓာ မည်၏။

သဗ္ဗေ–အလုံးစုံကုန်သော၊ ဧတေ ဓမ္မာ–နားစသည်တို့၏အတွင်းမှာ ရံခါရံခါ ဖြစ်ပေါ် ကြကုန်သော ခန္ဓာလေးပါး ဤ နာမ်တရားတို့သည် –

သင်္ခတာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။

ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။

နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။

နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။

တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။

သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။

ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။

နိရောဓဓမ္မာ–ခဏခဏ ချုပ် ရပ် ပျက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာ လျှင်တည်း။

ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။

အသာရကဋ္ဌေန–အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

ဣတိ–ဤတွင် ဝိညာဏကာယ ၆–ပါး ပြီး၏။

---

# နိဂုံး

ဣတိ–ဤသို့၊ မေ–ငါ၏၊ ဣမသ္မိံ ကာယေ–တစ်လံမျှလောက်သော ဤခန္ဓာ ကိုယ်၌၊ အဋ္ဌစတ္တာလီသ ပဘေဒါ–လေးဆယ့်ရှစ်ပါး အပြားရှိကုန်သော၊ ဓာတု ကာယာ–ဓာတ်အပေါင်း အစုတို့သည်၊ ဓမ္မကာယာ–ဓမ္မအပေါင်းအစုတို့သည် –

သခ်တာ–အဖန်ဖန် ပြုပြင်အပ်သော တရားတို့သာတည်း။
ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ တစ်ပေါင်းတစ်စုတည်း ဖြစ်ပေါ်သော တရားတို့သာတည်း။
နိဿတ္တာ–ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး မဟုတ်ကုန်။
နိဇ္ဇီဝါ–တစ်မိနစ် တစ်နာရီစသည် ရှည်သော အသက်ဇီဝရှိကြကုန်သော တရားမျိုး မဟုတ်ကုန်။
တုစ္ဆာ–ပုဂ္ဂိုလ် သတ္တဝါ အင်္ဂါကြီးငယ် သာယာဖွယ်သော အထည်ဒြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာတည်း။
သုညာ–နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တဂုဏ်၊ သာရဂုဏ်တို့မှ ဆိတ်ကုန်၏။
ခယဓမ္မာ–ခဏခဏ ကုန်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝယဓမ္မာ–ခဏခဏ ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ဝိရာဂဓမ္မာ–ခဏခဏ ပြယ်ပျောက်ခြင်း သဘောအလေ့ရှိကုန်၏။
နိရောဓဓမ္မာ–ခဏခဏ ချုပ် ရုပ် ပျက် ဆုံးခြင်း သဘောအလေ့ရှိကုန်၏။
ခယဋ္ဌေန–ခဏခဏ ကုန်ဆုံးခြင်းအနက်ကြောင့်၊ အနိစ္စာ–အနိစ္စမျိုးတို့သာလျှင်တည်း။
ဘယဋ္ဌေန–ကြောက်လန့်ဖွယ်မှု ဘေးအစုဟူသော အနက်ကြောင့်၊ ဒုက္ခာ–ဒုက္ခမျိုးတို့သာလျှင်တည်း။
အသာရကဋ္ဌေန–အခိုင်အမာ အနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အနတ္တမျိုးတို့သာလျှင်တည်း။

ဣတိ–ဤတွင်ရွေ့ ဓာတ်ကမ္မဋ္ဌာန်း ကျမ်းသစ် နိဿယပြီး၏

--------

# တိုက်တွန်းခြင်း ဥယျောဇဉ်

ဤအနက်ကိုမူကား – မိမိတို့အိမ်တွင် နေ့စဉ် သရဇ္ဈာယ်ကြရမည်။ ဆံပင်တစ်ခု၌ ခက်မာမှုဟူသော ပရမတ်စစ် မြေဓာတ်နှစ်ကို သဘောမိအောင် စွဲစွဲမြဲမြဲ ကြံကြရမည်။ ပညာရှိကြီးများထံ အဖန်ဖန် နာယူကြရမည်။ ဆံပင်တစ်ခု၌ ဖွဲ့စေးမှုဟူသော ပရမတ်ရေဓာတ်၊ ပူမှု အေးမှုဟူသော ပရမတ်မီးဓာတ်၊ ထောက်ကန်မှုဟူသော ပရမတ်လေဓာတ်တို့ကိုလည်း သဘောမိအောင် အားထုတ်ကြရမည်။ ဆံပင်တစ်ခု၌ သဘောပေါက်ခဲ့လျှင် အလုံးစုံတို့၌ ပေါက်တော့မည်။

သဘောပေါက်နိုင်ရန် အကျယ်ဖော်ပြသော အခန်းကိုမူကား – ငါတို့ စီရင်သော လက္ခဏာဒီပနီကျမ်း၊ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၊ အာဟာရဒီပနီကျမ်း၊ အနတ္တဒီပနီကျမ်း၊ ကမ္မဋ္ဌာနဒီပနီကျမ်း၊ ဘာဝနာဒီပနီကျမ်းတို့မှာ ယူကြလေ။ ဓာတ်ကို သဘောမမိဘဲနှင့် "သစ်္စာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ" စသည်ဖြင့် သုံးသပ်သော်လည်း ဝိပဿနာဉာဏ် အောင်အောင်မြင်မြင် မဖြစ်။ ကုသိုလ်ရကာမျှသာ ဖြစ်ကြမည်။

တိုက်တွန်းခြင်း ဥယျောဇဉ် ပြီး၏။

--------

## ဓာတ်ကြီးလေးပါး လက္ခဏာ ဆောင်ပုဒ်

၁။ နူးညံ့၊ ခက်မာ၊ ဤနှစ်ဖြာ၊ မှတ်ပါ မြေဓာတ်စစ်။
၂။ ဖွဲ့စေး၊ စီးယို၊ နှစ်ပါးကို၊ ခေါ်ဆို ရေဓာတ်စစ်။
၃။ အေးမှု၊ ပူမှု၊ ဤနှစ်ခု၊ ခေါ်မူ မီးဓာတ်စစ်။
၄။ ထောက်ကန်၊ လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ်ငြား လေဓာတ်စစ်။
၅။ ဆင်း၊ နံ့၊ ရသာ၊ ဆီဩဇာ၊ လေးဖြာ မီရုပ်သေး။

## ဆောင်ပုဒ်အဓိပ္ပာယ်

(၁) **ပထဝီဓာတ် လက္ခဏာ** ထိုထို သက်ရှိ၊ သက်မဲ့ဝတ္ထုမျိုးတို့၌ နူးညံ့မှုမည်သည် ရှိ၏။ ခက်မာကြမ်းတမ်းမှုမည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ရှိ၍နေကြသော အမှုပင်တည်း။ ထို နူးညံ့မှု၊ ခက်မာမှု နှစ်ပါးသည် အဘိဓမ္မာ၌လာသော ပထဝီဓာတ် အစစ်ပေတည်း။

**မှတ်ချက်** ကျမ်းဂန်တို့၌ ကက္ခဠလက္ခဏာဟု ခက်မာမှုတစ်ခုသောလာလျက် နူးညံ့မှု၊ ခက်မာမှု နှစ်မျိုးဆိုသည်မှာ လောက ဝေါဟာရသို့ လိုက်၍ ဆိုသည်။ နောက်ဓာတ်ကြီး သုံးပါးတို့၌လည်း ဤနည်းတူသိလေ။

(၂) **အာပေါဓာတ် လက္ခဏာ** ထိုထို သက်ရှိ၊ သက်မဲ့ဝတ္ထုမျိုးတို့၌ ဖွဲ့စေးမှုမည်သည် ရှိ၏။ အရည်ဝတ္ထုမျိုးတို့၌ ယိုစီးမှုမည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ရှိ၍နေကြသော အမှုပင်တည်း။ ထို ဖွဲ့စေးမှု၊ ယိုစီးမှုနှစ်ပါးသည် အဘိဓမ္မာ၌လာသော အာပေါဓာတ် အစစ်ပေတည်း။

(၃) **တေဇောဓာတ် လက္ခဏာ** ထိုထို သက်ရှိ၊ သက်မဲ့ဝတ္ထုမျိုးတို့၌ အေးမှုမည်သည် ရှိ၏။ ပူမှု၊ နွေးမှုမည်သည် ရှိ၏။ လူ

အများတို့ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ရှိ၍နေကြသော အမှုပင်တည်း။ ထို အေးမှု ပူမှု နှစ်ပါးသည် အဘိဓမ္မာ၌လာသော တေဇောဓာတ် အစစ်ပေတည်း။

(၄) **ဝါယောဓာတ် လက္ခဏာ** ထိုထို သက်ရှိ၊ သက်မဲ့ဝတ္ထုမျိုးတို့၌ ထောက်ကန်မှုဟူသော အေးရှိန် ပူရှိန်မည်သည် ရှိ၏။ လှုပ်ရှားမှုမည်သည် ရှိ၏။ လူအများတို့ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ရှိ၍နေကြသော အမှုပင်တည်း။ ထိုထောက်ကန်မှု လှုပ်ရှားမှု နှစ်ပါးသည် အဘိဓမ္မာ၌လာသော ဝါယောဓာတ် အစစ်ပေတည်း။

(၅) **ရုပ်ဓာတ် ၄-ပါး** ထိုထို သက်ရှိ၊ သက်မဲ့ဝတ္ထုမျိုးတို့၌ အဆင်းဓာတ် တစ်ပါး၊ အနံ့ဓာတ် တစ်ပါး၊ အရသာ ဓာတ် တစ်ပါး အဆီအစေးဟူသော ဩဇာဓာတ် တစ်ပါး၊ ဤဓာတ်လေးပါးသည် ရှိ၏။ အဆင်းဓာတ်ကို မျက်စိဖြင့် မြင်ကြ၏။ အနံ့ဓာတ်ကို နှာခေါင်းဖြင့် နံကြ၏။ အရသာဓာတ်ကို လျှာဖြင့် သိကြ၏။ ဩဇာဓာတ်သည်ကား ထိုထို အစာအာဟာရတို့ကို စားသောက်၍ ဝမ်းတွင်းသို့ ရောက်သည်ရှိသော် ရူပကာယခန္ဓာကိုယ်ကို စောင့်ရှောက် ထောက်ပံ့သော ဓာတ်အထူးပေတည်း။

(ဤရုပ်ဓာတ် ၄-ပါးသည်ကား မြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီး ၄-ပါးကို မှီတွယ်ရသော ရုပ်ငယ် ရုပ်သေးမျိုးပေတည်း)

ဆောင်ပုဒ် အဓိပ္ပာယ် ပြီး၏။

-----

## ပထဝီဓာတ်နှင့် အာပေါဓာတ် ၂-ပါး တွဲစပ်နေပုံ

အလွန်ညက်ညောလှစွာသော ထုံးမှုန့်မျိုး၊ ပြာမှုန့်မျိုးသည် ရေနှင့် မရောမီ အစေးအဖွဲ့ မရှိ။ တစ်မှုန်စီ နေ၏။ လေသုတ်ခဲ့လျှင် လွင့်၏။ ရေထည့်၍ ကြိတ်နယ်၊ အလုံးအခဲဖြစ်ခဲ့သော် ခွက်တောင်းခန့်၊ ပြည်တောင်းခန့်၊ စိတ်တောင်းခန့် ရှိသော်လည်း အဖွဲ့အစေးရှိ၏။ တစ်လုံးတည်း တစ်ခဲတည်းဖြစ်၏။ ထုနှက်၍ပင် ကွဲသည် ကြေသည် မရှိ။ ခက်မာ၏။

အဘိဓမ္မာ ပထဝီမြေဓာတ်သည် ဤဝတ္ထု၌ ထုံးမှုန့်ညက်၊ ပြာမှုန့်ညက်နှင့် အလားတူ၏။ အဘိဓမ္မာ အာပေါရေဓာတ်သည် ဤဝတ္ထု၌ ထည့်သောရေနှင့် အလားတူ၏။ ထိုရေဖွဲ့စေးမှုကြောင့် ထုံးမှုန့်၊ ပြာမှုန့်တို့သည် အချင်းချင်း ကပ်တွယ်ကြ ကုန်၍ တစ်လုံးတည်း တစ်ခဲတည်း ဖြစ်ကြကုန်၏။ ဤသည်ကား ပထဝီဓာတ်နှင့် အာပေါဓာတ်ကို သိသာခြားနားအောင် ပြဆိုသော ယုတ္တိတည်း။

ဆင်ကောင်သဏ္ဌာန်၊ မြင်းကောင်သဏ္ဌာန်၊ နွား ကျွဲ ခွေး ဝက် ကြက် ငှက်

လူကောင်သဏ္ဍာန် စသည်တို့၌လည်း ပထဝီအမှုန့်နှင့် အာပေါအစေး လုံးထွေးမှုကြောင့် သဏ္ဍာန်ကြီးငယ် အထည်ဒြပ် တစ်လုံးတစ်ခဲတည်း ဖြစ်၍နေပုံကို အကုန် မြင်၏။

(သစ်ပင် သစ်တုံး၊ ကျောက်လုံး ကျောက်ပြား၊ သံတုံး သံခဲ စသည်တို့၌လည်း ထိုနည်းအတူ မြင်လေ။)

ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အရိုး အစရှိသော ကောဋ္ဌာသ ကာယတို့၌လည်း ပထဝီအမှုန့်နှင့် အာပေါအစေး လုံးထွေးမှုကြောင့်ပင်လျှင် သဏ္ဍာန်ကြီးငယ် အထည်ဒြပ် အမျိုးမျိုးဖြစ်၍ နေကြကုန်သည့် အတွက် အချို့ကို ဆံပင်ဟူ၍ ခေါ်ကြရသည်။ အချို့ကို မွေးညင်းဟူ၍၊ အချို့ကို ခြေသည်းဟူ၍၊ လက်သည်းဟူ၍၊ သွားဟူ၍၊ အရေဟူ၍၊ အသားဟူ၍၊ အရိုးဟူ၍ ခေါ်ကြရသည်။

အဘိဓမ္မာအလိုအားဖြင့်မူကား – ဆံပင်ဟူ၍ မရှိ၊ ဓာတ်ကြီး ၄–ပါးနှင့် အမွှမ်းတင် ရုပ်ငယ် ရုပ်သေး ၄–ပါးသာ အမှန်ရှိသည်။ မွေးညင်းဟူ၍ မရှိ၊ ခြေသည်း လက်သည်းဟူ၍ မရှိ၊ အရေဟူ၍ မရှိ၊ အသားဟူ၍ မရှိ၊ အရိုးဟူ၍ မရှိ၊ ဓာတ်ကြီး ၄–ပါးနှင့် အမွှမ်းတင် ရုပ်ငယ် ရုပ်သေး ၄–ပါးသာ အမှန်ရှိသည်။

ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြေး စသည်တို့၌လည်း ထိုနည်း အတူ မြင်လေ။

ဓာတ် ၂–ပါး တွဲစပ်ပုံ ပြီး၏။

# ဆံပင်၌ ဓာတ် ၈-ပါး ခွဲနည်း

ဆံပင်၌ ဓာတ် ၈-ပါး ခွဲနည်းကား -

(၁) ဆံပင်ကို စမ်းသပ်လျှင် မာသည်ဟု တွေ့ရှိ၏။ ထိုမာမှုသည် ပထဝီဓာတ်တည်း။

(၂) လုံးပတ်သဏ္ဌာန် ဖြစ်နေသည်ကို မြင်၍ ဖွဲ့စေးမှုကို သိရ၏။ ထိုဖွဲ့စေးမှုသည် အာပေါဓာတ်တည်း။

(၃) ပူသောအခါ ပူမှု၊ နွေးသောအခါ နွေးမှု၊ အေးသောအခါ အေးမှုကို တွေ့ရှိ၏။ ထို ပူမှု နွေးမှု အေးမှုသည် တေဇောဓာတ်တည်း။

(၄) ပူရှိန်၊ နွေးရှိန်၊ အေးရှိန်ကို တွေ့ရှိ၏။ ထိုအရှိန်စုသည် ဝါယောဓာတ်တည်း။

(၅) မျက်စိဖြင့် ကြည့်ရှုလျှင် ဆံပင်၌ အဆင်းကိုမြင်၏။ ထိုအဆင်း သည် ဝဏ္ဏဓာတ်တည်း။

(၆) နှာခေါင်းဖြင့် နမ်းလျှင် ဆံပင်၌ အနံ့ကို နံ၏။ ထိုအနံ့သည် ဂန္ဓဓာတ်တည်း။

(၇) လျှာဖြင့် မြည်းလျှင် အရသာကို သိရ၏။ ထိုအရသာသည် ရသဓာတ်တည်း။

(၈) ဆံပင်ကိုစားသော သတ္တဝါတို့မှာ ရုပကာယကို စောင့်ရှောက်ထောက်ပံ့ခြင်း သဘောရှိသော အဆီအစေးမည်သည် ဆံပင်၌ ရှိ၏။ ထိုအဆီအစေးသည် ဩဇာခေါ်သော အာဟာရဓာတ်တည်း။

ဆံပင်၌ ဓာတ် ၈-ပါး ခွဲနည်း ပြီး၏။

---

# ကြွင်းသော ကောဋ္ဌာသတို့၌ ဓာတ် ၈-ပါး ခွဲနည်း

မွေးညင်း၌ ဓာတ် ၈-ပါး၊ ခြေသည်း လက်သည်းတို့၌ ဓာတ် ၈-ပါး၊ သွားတို့၌ ဓာတ် ၈-ပါး၊ အရေ၌ ဓာတ် ၈-ပါး၊ အသား၌ ဓာတ် ၈-ပါး၊ အကြော၌ ဓာတ် ၈-ပါး၊ အရိုး၌ ဓာတ် ၈-ပါး၊ ခြင်ဆီ၌ ဓာတ် ၈-ပါး၊ အညှို့၌ ဓာတ် ၈-ပါး၊ နှလုံး၌ ဓာတ် ၈-ပါး၊ အသည်း၌ ဓာတ် ၈-ပါး၊ အမြှေး၌ ဓာတ် ၈-ပါး၊ အဖျဉ်း၌ ဓာတ် ၈-ပါး၊ အဆုတ်၌ ဓာတ် ၈-ပါး၊ အူမ၌ ဓာတ် ၈-ပါး၊ အူသိမ်၌ ဓာတ် ၈-ပါး၊ ဤသို့ စသည်ဖြင့် ကျင်ငယ်၌ ဓာတ် ၈-ပါးတိုင်အောင် ခွဲခြမ်း၍ သိလေ၊ မြင်လေ။ ကြွင်းသော တေဇောကာယ ၄-ပါး၊ ဝါယောကာယ ၆-ပါးတို့၌လည်း ဓာတ် ၈-ပါးစီ ရှိကြ၏။

**အရင်းခံ ရုပ်ဓာတ် ၈-ပါး** ဤဓာတ် ၈-ပါးကား အဝိနိဗ္ဘောဂရုပ်စုဖြစ်၍ ခပ်သိမ်းသော ရုပ်အစုတို့မှာ အရင်းခံဖြစ်ကြ၏။ ဤဓာတ် ၈-ပါးကို ခွဲခြမ်း၍ မြင်နိုင်လျှင်ပင် ဉာဏ်၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝ၊ မိန်းမ၊ ယောကျ်ား၊ ဦးခေါင်း၊ ခြေ၊ လက် စသည်၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး စသည် ဉာဏ်မျက်စိ၌ အကုန်ကွယ်ပျောက်လတ္တံ့။ ဓာတ်စု၊ ဓာတ်ခဲကြီးငယ်မျှသာရှိသည်ဟု ဉာဏ်မျက်စိ၌ မြင်ရလတ္တံ့။

၄၂-ပါးသော ကောဋ္ဌာသကာယတို့၌ ဓာတ် ၈-ပါး ခွဲနည်း ပြီး၏။

---

## ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းချုပ်

**သခ်တ** ထို ဓာတ် ၈-ပါးတို့သည် သခ်တ တရားတို့သာတည်း။

သခ်တ ဆိုသည်ကား - လောက၌ နှစ်စဉ် ဖြစ်ပွားသော ကောက်စပါးတို့သည် အသစ် အသစ် ပြုလုပ်မှု ဒုက္ခနှင့် နှစ်စဉ်ပြုပြင်နိုင်မှ နှစ်စဉ် ဖြစ်ပွားကြကုန်၏။ မပြုပြင်နိုင်သောအခါ၌ မဖြစ်ပေါ်လာကြကုန်ပြီ။

ထို့အတူ လူ့ခန္ဓာဖြစ်သော ဤဓာတ် ၈-ပါးတို့သည် ကုသိုလ်ပြုလုပ်မှု ဒုက္ခနှင့် ဘဝတိုင်း ပြုပြင်နိုင်မှ လူ့ပြည်၌ ဖြစ်ပေါ်လာကြကုန်၏။ မပြုပြင်သော အခါ၌ လူ့ပြည်မှာ မဖြစ်ပေါ်လာကြကုန်ပြီ။ အပါယ်ငရဲ၌သာ ဖြစ်ပွား၍ နေကြကုန်တော့သည်။

တောင်သူအလုပ်မည်သည် မိုးရေရှိမှ လုပ်နိုင်၏။ မိုးရေမရှိလျှင် မလုပ်နိုင်။ ထို့အတူ ကုသိုလ်မှုမည်သည် သပ္ပုရိသူပနိဿယကို တွေ့ကြုံမှ ပြုလုပ်နိုင်၏၊ သပ္ပုရိသူပနိဿယမည်သည် ဘဝတစ်ထောင်မှာ တစ်ခါကြုံခဲ၏။

လူ့ခန္ဓာ၌ သခ်တဒုက္ခ အကြမ်းပြချက် ပြီး၏။

---

**ပဋိစ္စသမုပ္ပန္န** ထိုဓာတ် ၈-ပါးတို့သည် ပဋိစ္စသမုပ္ပန္နသဘောတို့သာတည်း။ ပဋိစ္စသမုပ္ပန္နဆိုသည်ကား - မျိုးစေ့၊ လယ်မြေ၊ မိုးရေ၊ တောင်သူယောကျ်ား၏ လုပ်ဆောင်မှုတို့ကို အစွဲပြု၍သာ ဖြစ်ပွားနိုင်ကုန်၏။ ထို ၄-ပါးတို့တွင် တစ်ပါးပါး ချို့တဲ့လျှင်ပင် မဖြစ်နိုင်ကြကုန်ပြီ။ ထို့အတူ ထိုလူ့ခန္ဓာဖြစ်သော ဓာတ် ၈-ပါးတို့သည်-

(၁) ပဗ္ဗေကတပုညတာစက်၊
(၂) ပတိရူပဒေသဝါသစက်၊
(၃) သပ္ပုရိသူပနိဿယစက်၊
(၄) အတ္တသမ္မာပဏိဓိစက်၊

ဤ စက်လေးပါးတည်းဟူသော ဥပနိဿယပစ္စည်းကို အစွဲအမှီပြုရမှ လူ့ပြည်၌ အသစ်အသစ် ဖြစ်ပေါ်နိုင်ကြကုန်၏။ ထိုအကြောင်း လေးပါးသည်လည်း ဘဝတစ်ထောင်မှာ တစ်ခါကြုံခဲ၏။ သိသာပြီ။

နိဿတ္တာ၊ နိဇ္ဇီဝ ဟူသော ပုဒ်တို့၏ အဓိပ္ပာယ်သည် ဓာတ် ၈-ပါးခွဲခန်းနှင့် ပင် ထင်ရှားပြီ။

ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ ဟူသော ပုဒ်တို့တွင် –

ခယ

ခယပုဒ်၏ အဓိပ္ပာယ်ကား – ရဲရဲညီသော သံပူပြားကြီးအပြင်၌ ကျရောက်ကုန်သော ရေပေါက်တို့သည် ခဏချင်း ခဏချင်း ကုန်ခန်းခြင်းသို့ ရောက်ကုန်သကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထို ဣရိယာပုတ်အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှု အမျိုးမျိုး တို့သည် မစဲ မစဲ အသစ်အသစ် ဖြစ်ပေါ်၍ ခဏချင်း ခဏချင်း ကုန်ဆုံးကြကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး ပူမှု အေးမှု အမျိုးမျိုး လှုပ်မှု ရှားမှု အမျိုးမျိုးတို့သည် လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်းအမျိုးမျိုး၊ အနံ့ အမျိုးမျိုး၊ အရသာ အမျိုးမျိုး၊ ဩဇာအမျိုးမျိုးတို့သည်လည်းကောင်း၊ မစဲမစဲ အသစ် အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏချင်း ခဏချင်း ကုန်ဆုံးကြကုန်၏။

ဤကား ကုန်ခန်းခြင်းအနက်ရှိသော ခယပုဒ်၏ အဓိပ္ပာယ်တည်း။

ဝယ

ဝယပုဒ်၏ အဓိပ္ပာယ်ကား – တောင်လေထသောအခါ ဧရာဝတီ မြစ်ပြင်ပေါ်၌ လှိုင်းဂယက်ငယ်တို့သည် မစဲမစဲ ဖြစ်ပေါ်ကုန်၏။ ခဏချင်း ခဏချင်း ကျ၍ ကွယ်ပျောက်ကုန်သကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထို ဣရိယာပုတ်အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှု အမျိုးမျိုးတို့သည် မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်၍ ခဏချင်း ခဏချင်း ကွယ်ပျောက်ကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး၊ ပူမှု အေးမှုအမျိုးမျိုး၊ လှုပ်ရှားမှု အမျိုးမျိုးတို့သည် လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်း အမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ ဩဇာအမျိုးမျိုးတို့သည်လည်းကောင်း မစဲမစဲ အသစ် အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏချင်း ခဏချင်း ကွယ်ပျောက်ကုန်၏။

ဤကား ပျက်စီးခြင်းအနက်ရှိသော ဝယပုဒ် အဓိပ္ပာယ်တည်း။

လျှပ်ရောင်တို့၏ ခဏချင်း ခဏချင်း ကွယ်ပျောက်မှုနှင့်လည်း ပြဆိုသင့်၏။

ဝိရာဂ

ဝိရာဂပုဒ်၏အဓိပ္ပာယ်ကား – ရေ၌ ရေးအပ်သော အရေးအကြောင်းသည် ခဏချင်း ခဏချင်း ပြယ်ပျောက်ကုန်သကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထို ဣရိယာပုတ်အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှုအမျိုးမျိုးတို့သည် မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်၍

ခဏချင်း ခဏချင်း ပြယ်ပျောက်ကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး၊ ပူမှု အေးမှု အမျိုးမျိုး၊ လှုပ်ရှားမှုအမျိုးမျိုးတို့သည်လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်းအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ ဩဇာအမျိုးမျိုးတို့သည်လည်းကောင်း၊ မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏချင်း ခဏချင်း ပြယ်ပျောက်ကုန်၏။

ဤကား ပြယ်ပျောက်ခြင်းအနက်ရှိသော ဝိရာဂပုဒ်၏ အဓိပ္ပာယ်တည်း။

**နိရောဓ**

နိရောဓပုဒ်၏ အဓိပ္ပာယ်ကား – မိုးတိမ်ဝမှ ထွက်မြူးသော လျှပ်ပန်းနွယ်တို့သည် ခဏချင်း ခဏချင်း ချုပ် ပျက် ရုပ်သိမ်းသကဲ့သို့ တစ်ကိုယ်လုံး၌ ထိုထို ကြိယာပုတ်အားလျော်စွာ အခိုက်အတန့်အားဖြင့် အထွေထွေ အလာလာ ဖြစ်ပေါ်ကြကုန်သော ခက်မာမှုအမျိုးမျိုးတို့သည် မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်၍ ခဏချင်း ခဏချင်း ချုပ်ပျက် ရုပ်သိမ်းကုန်၏။ ထို့အတူ ဖွဲ့စေးမှုအမျိုးမျိုး၊ ပူမှု အေးမှု အမျိုးမျိုး၊ လှုပ်ရှားမှုအမျိုးမျိုးတို့သည်လည်းကောင်း၊ ထိုအမှုတို့နှင့် အတူတကွ ပါရှိကြကုန်သော အဆင်းအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ ဩဇာအမျိုးမျိုးတို့သည်လည်းကောင်း မစဲမစဲ အသစ်အသစ် ဖြစ်ပေါ်ကြကုန်၍ ခဏချင်း ခဏချင်း ချုပ်ပျက်ရုပ်သိမ်းကုန်၏။

ဤကား ချုပ်ခြင်းအနက်ရှိသော နိရောဓပုဒ်၏ အနက်အဓိပ္ပာယ်တည်း။

**အနိစ္စ**

ခယဋ္ဌေန အနိစ္စာပုဒ်၏ အဓိပ္ပာယ်သည် ခယပုဒ်၊ ဝယပုဒ်၊ ဝိရာဂပုဒ်၊ နိရောဓပုဒ်တို့၏ အဓိပ္ပာယ်နှင့် အလုံးစုံ တူ၏။

**အနတ္တ**

အသာရကဋ္ဌေန အနတ္တာပုဒ်၏ အဓိပ္ပာယ်သည်လည်း ခယဋ္ဌေန အနိစ္စာပုဒ်၏ အဓိပ္ပာယ်နှင့်တူ၏။ တူပုံကား – ခယဋ္ဌေန–ခဏချင်း ခဏချင်း ကုန်ခန်းမှုဆိုသည်နှင့် အသာရကဋ္ဌေန–အနှစ်သာရ မရှိမှုဆိုသည်ကား အတူတူပင် ဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါမည်သည် တစ်သက်လုံးမှာ ပဋိသန္ဓေအခါ၌ တစ်ခါသာ ဖြစ်မြဲ၊ ဘဝအဆုံး၌ တစ်ခါသာ သေမြဲဟု သတ္တဝါအများတို့ ထင်မြင်စွဲလမ်းကြ၏။ ပြဆိုခဲ့ပြီးသော ဓာတ် ၈–ပါးတို့သည်မူကား တစ်နာရီအတွင်းမှာပင် အခါတစ်ရာမက အသစ်အဟောင်း ပြောင်းလဲ ကုန်ခန်းမြဲ ဓမ္မတာဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါ၏ ဖြစ်မှုပျက်မှုကား တစ်လမ်း၊ ဓာတ် ၈–ပါးတို့၏ ဖြစ်မှုပျက်မှုကား တစ်လမ်း၊ ထို့ကြောင့် ဓာတ် ၈–ပါးတို့သည် ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်သာရအတ္တ မဟုတ်ကုန်။ ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ အထည်ခံ မဟုတ်ကုန်။

အမာခံ အထည်ခံ ဆိုသည်ကား – သံသပိတ်၏ အမာခံ အထည်ခံကား သံတည်း။ မြေသပိတ်၏ အမာခံ အထည်ခံကား မြေတည်း။ ဝါချည်ပုဆိုးတို့၏ အမာခံ အထည်ခံကား ဂါချည်တည်း။ ပိုးချည်ပုဆိုး၏ အမာခံ အထည်ခံကား ပိုးချည်တည်း။

ဓာတ် ၈–ပါးတို့သည် ထိုကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ၏ အမာခံ အထည်ခံ ဖြစ်သော အတ္တသာရ မဟုတ်ကုန် ဆိုလိုသည်။ အကယ်၍ ဓာတ် ၈–ပါးတို့သည် ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ အထည်ခံ အတ္တသာရ ဟုတ်ကုန်ငြားအံ့။ ပုဂ္ဂိုလ်သတ္တဝါမှာ တစ်သက်တွင် ပဋိသန္ဓေအခါ၌ တစ်ခါသာ ဖြစ်မြဲ၊ ဘဝအဆုံး၌ တစ်ခါသာ ပျက်ဆုံးမြဲ ဖြစ်သကဲ့သို့ ဓာတ် ၈–ပါးတို့သည်လည်း တစ်သက်တွင် တစ်ခါသာ ဖြစ်မြဲ၊ တစ်ခါ သာ ပျက်ဆုံးမြဲ ဖြစ်ကြကုန်ရာ၏။ ထိုသို့ကား မဟုတ်ကုန်။

ဓာတ် ၈–ပါးတို့သည် တစ်နာရီမှာပင် အခါတစ်ရာမက အသစ်အသစ် ဖြစ်ကြကုန်၏။ အခါတစ်ရာမက အဟောင်းအဟောင်း ချုပ်ပျက်သေဆုံးကြကုန်၏။

ထို့ကြောင့် ဓာတ် ၈–ပါးတို့သည် ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တသာရ မဟုတ်ကုန်။ အမာခံ အထည်ခံ မဟုတ်ကုန်။ ဓာတ် ၈–ပါးတို့သည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကုန်။ ဓာတ် ၈–ပါးတို့ကို လွတ်၍လည်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိကုန်ဟူလိုသည်။

ဤကား အသာရကဋ္ဌေန အနတ္တာပုဒ်၏ အဓိပ္ပာယ်တည်း။

ဘယဋ္ဌေန ဒုက္ခာပုဒ်၏ အဓိပ္ပာယ်ကိုမူကား ကမ္မဋ္ဌာနဒီပနီ ဘာဝနာဒီပနီ စာအုပ်တို့မှာ ယူလေ။

ဝိညာဏကာယ ၆–ပါးတို့သည် ရုပ်ကာယတို့ကိုမှီ၍ ဖြစ်ပေါ်ကြကုန်၏။ ထိုထိုဝိညာဏ်၏ မှီရာဖြစ်သော ထိုထိုရုပ်ကာယ ပျက်ဆုံးသည်ရှိသော် ထိုထို ဝိညာဏ် သည်လည်း ပျက်ဆုံးတော့သည်။

ဥပမာကား မြစ်ပြင်၌ လှိုင်းဂယက်ငယ်တို့၏ အညွန့်၌မှီ၍ တလက်လက် တောက်ပကုန်သော နေရောင်တို့သည် သူ့လှိုင်းဂယက်ငယ်နှင့်သူ ပျောက်ကွယ်ကြ ကုန်သကဲ့သို့တည်း။

အကျယ်ကိုမူကား ကမ္မဋ္ဌာနဒီပနီ ဝိညာဏက္ခန္ဓာအခန်းမှာ ယူလေ။

ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းချုပ် ပြီး၏။

-------

# နိပ္ဖန္နရုပ် ၁၈–ပါး

## ကောဋ္ဌာသတို့၌ ရုပ်ကလာပ် ခွဲနည်း

## မဟာဘုတ် ၄–ပါး

၁။ ပထဝီ ၂၀။

၂။ အာပေါ ၁၂။

၃။ တေဇော ၄။

၄။ ဝါယော ၆။

ဤ ၄၂– ကောဋ္ဌာသတို့၌ ရအပ်သော ရုပ်ပေါင်း ကလာပ်ပေါင်းတို့ကို ပြဆိုပေအံ့။ (က) ပ၊ အာ၊ ဝါ၊ တေ၊ မြေ၊ ရေ၊ လေ၊ မီး၊ လွန်ပွားစီး၊ ဘုတ်ကြီး စတုက္က။

(ခ) ခက်မာ၊ ဖွဲ့စေး၊ ပူအေး၊ ထောက်ကန်၊ ဤလေးတန် မှတ်ရန် လက္ခဏာ။

(က) ပရမတ္ထသံခိပ်ကျမ်းလင်္ကာဖြစ်၍ ဝါ,တေ = လေ၊ မီးတို့၌ ရှေ့နောက်ပြန်သည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောကား ပါဠိခေါ်၊ မြေ၊ ရေ၊ မီး၊ လေကား မြန်မာအခေါ်၊ လွန်ပွားစီးကား ဘူတသဒ္ဒါ၏ အနက်တည်း။ ဘုတ်ကြီး စတုက္ကကား မဟုတ်ဘုတ် ၄–ပါး ဆိုလိုသည်။

(ခ) ခက်မာကား ပထဝီ၏ လက္ခဏာတည်း။ ဖွဲ့စေးကား အာပေါ၏ လက္ခဏာတည်း။ ပူအေးကား တေဇော၏ လက္ခဏာတည်း။ ထောက်ကန်ကား ဝါယော၏ လက္ခဏာတည်း။

## ပသာဒရုပ် ၅–ပါး

စက်, သော, ဃာ, ဇိ၊ ကာ ငါးလီ၊ အကြည် ပသာဒ (ငှင်းကျမ်း)

စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်၊ အကြည်ကား ပသာဒသဒ္ဒါ၏ အနက်တည်း။ နေရိပ်၊ လရိပ်၊ လူရိပ် စသည် ထင်ကောင်းသော ဆီကြည်၊ ရေကြည်၊ ဖန်ကြည်၊ မှန်ကြည်များကဲ့သို့ အဆင်း၊ သဏ္ဍာန်၊ အသံ စသည်တို့ ထင်ကောင်းသော အကြည်ဓာတ် ၅–ပါး ဟူလိုသည်။

## ဂေါစရရုပ် ၅–ပါး

ရူ၊ သဒ်၊ ဂန်၊ ရံ၊ ဖောဋ္ဌဗ္ဗ၊ ငါးတန် ဂေါစရ။ (ငှင်းကျမ်း)

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဂေါစရရုပ် ၅–ပါးတည်း။ ကျက်စားရာအာရုံကို ဂေါစရ ဆိုသည်။

ရူပါရုံသည် စက္ခု၏ ကျက်စားရာတည်း။

သဒ္ဒါရုံသည် သောတ၏ ကျက်စားရာတည်း။

ဂန္ဓာရုံသည် ဃာန၏ ကျက်စားရာတည်း။

ရသာရုံသည် ဇိဝှါ၏ ကျက်စားရာတည်း။

ပထဝီဖောဋ္ဌဗ္ဗ၊ တေဇောဖောဋ္ဌဗ္ဗ၊ ဝါယောဖောဋ္ဌဗ္ဗ ဟူသော ဖောဋ္ဌဗ္ဗ ၃-ပါးသည် ကာယ၏ ကျက်စားရာတည်း။

## ဘာဝ ဟဒယ ဇီဝ ဩဇာ

(က) ဣတ္ထိ, ပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တစ်ဖန် ဇီဝိတ။

(ခ) ကဗဠီကာ၊ ရုပ်ဩဇာ၊ သချာ ဆယ့်ရှစ်ရ။ (ငင်းကျမ်း)

(က) ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ ဩဇာခေါ်သော ကဗဠီကာရာဟာရရုပ်။

(ခ) မဟာဘုတ် ၄-ပါး၌ ပါဝင်ပြီးဖြစ်သော ဖောဋ္ဌဗ္ဗ ၃-ပါးကို ချန်လှပ်၍

- (၁) မဟာဘုတ် ၄-ပါး၊
- (၂) ပသာဒရုပ် ၅-ပါး၊
- (၃) ဂေါစရရုပ် ၄-ပါး၊
- (၄) ဘာဝရုပ် ၂-ပါး၊
- (၅) ဟဒယဝတ္ထုရုပ်၊
- (၆) ဇီဝိတရုပ်၊
- (၇) အာဟာရရုပ်

သချာ ၁၈ ဖြစ်၏။ နိပ္ဖန္နရုပ် ၁၈ ခေါ်သည်။

ဤသည်လျှင် နိပ္ဖန္နရုပ် ၁၈-ပါး ပြီး၏။

---------

## အနိပ္ဖန္နရုပ် ၁၀-ပါး

(က) ကလာပ်ခြားမျှ၊ အာကာသ၊ ပရိစ္ဆေဒရုပ်။

(ခ) ကာယ, ဝါစာ၊ မူအရာ၊ နှစ်ဖြာ ဝိညတ်ရုပ်။

(ဂ) ပေါ့ပါး လဟု၊ မုဒု နူးညံ့၊ ကျန်းခံ့ ကမ္မည၊ တာ သုံးဝ၊ ရုပ်ဝိကာရတည်း။

(ဃ) ဖြစ်ပေါ်ပွားမှု ဥပစယ၊ တည်ထ သန္တတိ၊ ရင့်ဘိ ဇရာ၊ ပျက်မှာ အနိစ္စ၊ မှတ်ကြောင်းမျှ၊ လက္ခဏာရုပ် ခေါ်သတည်း။ (ငင်းကျမ်း)

(က) ကလာပ်တို့၏ အခြားမျှသာဖြစ်သော အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။

(ခ) ကိုယ်အင်္ဂါကြီးငယ် လှုပ်ရှားမှု အမူအရာသည် ကာယဝိညတ်မည်၏။ စကားအက္ခရာ ပြုပြင်မှု အမူအရာသည် ဝစီဝိညတ်မည်၏။ (ဝိညတ်ရုပ် ၂-ပါး)

(ဂ) ရူပကာယ၏ ပေါ့ပါးမှုသည် လဟုတာမည်၏။ ရူပကာယ၏ နူးညံ့မှုသည် မုဒုတာ မည်၏။ ရူပကာယ၏ အမှုတိုင်း၌ ခံ့ကျန်းမှုသည် ကမ္မညတာမည်၏။ (ဝိကာရရုပ် ၃–ပါး)

(ဃ) ရုပ်သဏ္ဍာန်ကြီးငယ်တို့၏ ပေါ်ပေါက်မှု၊ ပွားစီးမှုသည် ဥပစယ မည်၏။ အစဉ်အားဖြင့် ဖြစ်တည်မှုသည် သန္တတိမည်၏။ ရင့်ရော် ဆွေးမြည့်မှုသည် ဇရာမည်၏။ ချုပ်ပျက်မှုသည် အနိစ္စတာမည်၏။ ဤတရားကား သင်္ခတတရားတည်းဟု မှတ်ကြောင်း၊ သိကြောင်း လက္ခဏာမျှဖြစ်၍ ဤရုပ်တရား ၄–ပါးကို လက္ခဏရုပ်ခေါ်သတည်း။

(၁) ပရိစ္ဆေဒရုပ် ၁၊
(၂) ဝိညတ်ရုပ် ၂၊
(၃) ဝိကာရရုပ် ၃၊
(၄) လက္ခဏာရုပ် ၄၊
အနိပ္ဖန္နရုပ် ၁၀ ဖြစ်၏။

နိပ္ဖန္နရုပ် ၁၈၊ အနိပ္ဖန္နရုပ် ၁၀ ပေါင်းသော် ရုပ် ၂၈–ခု ဖြစ်၏။

ဤသည်လျှင် ရုပ် ၂၈–ပါး ပြီး၏။

---------

# ရုပ် ၂၈–ပါး ကလာပ်ဖွဲ့ပုံ
# ကမ္မဇကလာပ် ၉–စည်း

(က) မဟာဘူတ၊ ဝဏ္ဏ, ဂန္ဓ၊ ရသ, ဩဇာ၊ ရုပ်ရှစ်ဖြာ၊ မကွာ ဝိနိဗ္ဘော။
(ခ) ဝိနိဗ်အဋ္ဌ၊ ဇီဝိတ၊ ဇီဝ နဝကာ။
(ဂ) ပ, ဘာ, ဟဒယ၊ လောင်းပြန်က၊ အဋ္ဌ ဒသကာ။
(ဃ) ကံကြောင့်ဖြစ်ရိုး၊ ကလာပ်ကိုး၊ အကျိုး ကမ္မဇာ။

(က) မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော ဥပါဒါရုပ်သေး ၄–ပါး၊ ဤ ၈–ပါးသည် အချင်းချင်း ကင်းကွာကြသည်ဟူ၍ မရှိသောကြောင့် အဝိနိဗ္ဘောဂရုပ် ၈–ခု မည်၏။ အဋ္ဌကလာပ်ခေါ်၏။

(ခ) ၎င်း အဋ္ဌကလာပ်တွင် ဇီဝိတထည့်–ဇီဝိတနဝက ကလာပ် ၁။

(ဂ) ၎င်း ဇီဝိတနဝက ကလာပ်တွင် ပသာဒရုပ် ၅–ခု၊ ဘာဝရုပ် ၂–ခု၊ ဟဒယဝတ္ထုရုပ် ၁–ခု၊ ဤ ၈–ခုကို အစဉ်အတိုင်းထည့် –

(၁) စက္ခုဒသက ကလာပ် ၁။
(၂) သောတဒသက ကလာပ် ၁။
(၃) ဃာနဒသက ကလာပ် ၁။
(၄) ဇိဝှါဒသက ကလာပ် ၁။
(၅) ကာယဒသက ကလာပ် ၁။
(၆) ဣတ္ထိဘာဝဒသက ကလာပ် ၁။
(၇) ပုမ္ဘာဝဒသက ကလာပ် ၁။
(၈) ဝတ္ထုဒသက ကလာပ် ၁။

ဟူ၍ ကမ္မဇကလာပ် ၉-စည်း ဖြစ်၏။

## စိတ္တဇကလာပ် ၈-စည်း

(က) အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုး သုဒ္ဓဋ္ဌာ။
(ခ) ထိုတွင်သဒ္ဒ၊ ဝိညတ်ဒွ၊ လောင်းက ရင်းလေးဖြာ။
(ဂ) ရင်းလေးခုဝယ်၊ တာ သုံးချယ်၊ ရှစ်သွယ် စိတ္တဇာ။

(က) အဝိနိဗ္ဘောဂရုပ် ၈-ခုသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။
၎င်းသုဒ္ဓဋ္ဌက ကလာပ် ၁။

(ခ) ၎င်းတွင် သဒ္ဒထည့်-သဒ္ဒနဝက ကလာပ် ၁။
ကာယဝိညတ်ထည့်-ကာယဝိညတ္တိနဝက ကလာပ် ၁။
သဒ္ဒနှင့် ဝစီဝိညတ်ထည့်-သဒ္ဒဝစီဝိညတ္တိဒသက ကလာပ် ၁။
ကလာပ်ရင်း ၄-စည်း ဖြစ်၏။

(ဂ) ၎င်းကလာပ်ရင်း ၄-ခုတွင် လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ဟူသောတာ ၃-ခုကို အစဉ်အတိုင်း လောင်းပြန်သော် ကလာပ်ပွား ၄-ခု ဖြစ်ပြန်၏။

၁။ သုဒ္ဓလဟုတာဒိ ဧကာဒသက ကလာပ် ၁။
၂။ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် ၁။
၃။ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ် ၁။
၄။ သဒ္ဒဝစီဝိညတ္တိလဟုတာဒိ တေရသက ကလာပ် ၁။

ဤကား ကလာပ်ပွား ၄-စည်းတည်း။

ကလာပ်ရင်း ၄-စည်း၊ ကလာပ်ပွား ၄-စည်း၊ စိတ္တဇကလာပ် ၈-စည်း ဖြစ်၏။

## ဥတုဇကလာပ် ၄–စည်း

(က) အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုး သုဒ္ဓဋ္ဌာ။
(ခ) ထိုတွင်သဒ္ဒ၊ လောင်းပြန်က၊ သဒ္ဒ နဝကာ။
(ဂ) အရင်း နှစ်ဝယ်၊ တာ သုံးချယ်၊ လေးသွယ် ဥတုဇာ။
(က) အဝိနိဗ္ဘောဂရုပ် ၈–ခုသည် သုဒ္ဓဋ္ဌက ကလာပ် မည်၏။
ငင်း သုဒ္ဓဋ္ဌက ကလာပ် ၁။
(ခ) ထိုတွင် သဒ္ဒထည့် သဒ္ဒနဝက ကလာပ် ၁။ ကလာပ်ရင်း ၂–စည်းဖြစ်၏။
(ဂ) ငင်း ကလာပ်ရင်း ၂–ခုတွင် တာ–သုံးခုကို လောင်းပြန်သော် ကလာပ်ပွား နှစ်ခု ဖြစ်ပြန်၏။
၁။ သုဒ္ဓ လဟုတာဒိဧကာဒသက ကလာပ် ၁။
၂။ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် ၁။
ဤကား ကလာပ်ပွား ၂–စည်းတည်း။
ကလာပ်ရင်း ၂–စည်း၊ ကလာပ်ပွား ၂–စည်း၊ ဥတုဇကလာပ် ၄–စည်းဖြစ်၏။
(အအေး အပူဟူသော တေဇောဓာတ် ၂–ပါးကို ဥတု ဆိုသည်။)

## အာဟာရဇကလာပ် ၂–စည်း

သုဒ္ဓဋ္ဌတစ်၊ အပွားတစ်၊ နှစ်အာဟာရဇာ။
သုဒ္ဓဋ္ဌကလာပ် ၁–စည်း။
ထိုတွင် တာ–သုံးခုလောင်း၍ သုဒ္ဓလဟုတာဒိဧကာဒသက ကလာပ်ပွား ၁–စည်း။
အာဟာရကြောင့်ဖြစ်သော အာဟာရဇကလာပ် ၂–စည်း။

## ကလာပ် ၂၃–စည်း

၁။ ကမ္မဇ ကလာပ် ၉–စည်း။
၂။ စိတ္တဇ ကလာပ် ၈–စည်း။
၃။ ဥတုဇ ကလာပ် ၄–စည်း။
၄။ အာဟာရဇ ကလာပ် ၂–စည်း။
ပေါင်း ကလာပ် ၂၃–စည်း။

ဥတုဇကလာပ် ၄–စည်းတွင် သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝကကလာပ်၊ ဤကလာပ် ၂–စည်းကို သက်ရှိသက်မဲ့ အလုံးစုံတို့၌ ရအပ်၏။ ကြွင်းသော ကလာပ် ၂၁–စည်းကို သက်ရှိသဏ္ဍာန်၌သာ ရအပ်၏။

ထိုတွင် စက္ခုဒသက ကလာပ်သည် မျက်စိအင်္ဂါ၌ ဖြစ်၏။
သောတဒသက ကလာပ်သည် နားတွင်း၌ ဖြစ်၏။
ဃာနဒသက ကလာပ်သည် နှာခေါင်းတွင်း၌ ဖြစ်၏။
ဇိဝှါဒသက ကလာပ်သည် လျှာပေါ်၌ ဖြစ်၏။
ကာယဒသက ကလာပ်သည် အတွင်းအပ တစ်ကိုယ်လုံး၌ ဖြစ်၏။
ဝတ္ထုဒသက ကလာပ်သည် ရင်တွင်း နှလုံးအိမ်တွင်း၌ ဖြစ်၏။
ဣတ္ထိဘာဝဒသက ကလာပ်သည် မိန်းမတို့၏ ကိုယ်သဏ္ဌာန်၌ ဖြစ်၏။
ပုမ္ဘာဝဒသက ကလာပ်သည် ယောကျ်ားတို့၏ ကိုယ်သဏ္ဌာန်၌ ဖြစ်၏။
ဇီဝိတနဝက ကလာပ်သည် မိန်းမ၊ ယောကျ်ားတို့၏ ကိုယ်သဏ္ဌာန်၌ ဖြစ်၏။
စိတ္တဇကလာပ် ၈-စည်းတို့တွင် ကာယဝိညတ်ပါရှိသော ကလာပ်စုကို ကိုယ်အင်္ဂါ လှုပ်ရှားမှု၌ ရအပ်၏။
ဝစီဝိညတ်ပါရှိသော ကလာပ်စုကို စကားပြောဆိုမှု၌ ရအပ်၏။
တာ-သုံးခုပါရှိသော ကလာပ်စုကို အနာကင်းရှင်း ကျန်းမာခြင်း၌ ရအပ်၏။

ရုပ် ၂၈-ပါး ကလာပ်ဖွဲ့နည်း အကျဉ်း ပြီး၏။

---

# ကောဋ္ဌာသတို့၌ သမုဋ္ဌာန်ခွဲနည်း

၄၂-ပါးသော ရုပ်ကာယတို့တွင် -

(က) အစာနှစ်မယ်၊ ပြည်၊ ကျင်ငယ်၊ လေးသွယ် ဥတုဇ။
(ခ) မီးပါစကာ၊ ကမ္မဇာ၊ သာသာ စိတ္တဇ။
(ဂ) မျက်ရည်နှင့်ချွေး၊ နှပ်တံတွေး၊ လေးခု စိတ်-ဥဇ။
(ဃ) ၃၂-ခု၊ အကြွင်းစု၊ စတု အကြောင်းရ။

(က) အစာသစ်၊ အစာဟောင်း၊ ပြည်၊ ကျင်ငယ် ဤကောဋ္ဌာသ ၄-ပါးသည် ဥတုကြောင့် ဖြစ်၏။

(ခ) ပါစကဝမ်းမီးသည် ကံကြောင့် ဖြစ်၏။ အဿာသ၊ ပဿာသ လေသည် စိတ်ကြောင့် ဖြစ်၏။ ။ ဧကဇကာယ ၆-ခုတည်း။

(ဂ) ချွေး၊ နှပ်၊ တံတွေး၊ မျက်ရည် ဤ ၄-ပါးသည် ရံခါစိတ်ကြောင့် ဖြစ်၏။ ရံခါ ဥတုကြောင့် ဖြစ်၏။ ။ ဒွိဇကာယ ၄-ခုတည်း။

(ဃ) ကြွင်းသော ကာယပေါင်း ၃၂-ခုသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း ၄-ပါးရ၏။ ။ စတုဇကာယ ၃၂-ခုတည်း။

ကောဋ္ဌသတို့၌ သမုဋ္ဌာန်ခွဲနည်း ပြီး၏။

# ရောဂါဆိုး အနာဆိုး ကပ်ဥပဒ်ဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်စေတတ်သော အန္တရာယ်ကင်းဂါထာ ပါဠိအနက် အသက်ထက်ဆုံး စွဲမြဲရန်

၁။ ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊ ဒေဝဗြဟ္မိသူသရော။
ဗုဒ္ဓံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
၂။ ဓမ္မော စ မင်္ဂလော လောကေ၊ သဗ္ဗပါပဝိနာသကော။
ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
၃။ သံဃော စ မင်္ဂလော လောကေ၊ ဘယဝေရဝိနောဒနော။
သံဃံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
၄။ ဧတံ ခေါ မင်္ဂလံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
ဧတံ မင်္ဂလမာဂမ္မ၊ သဗ္ဗပါပါ ပမုစ္စရေ။
၅။ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
၆။ ဧတံ ခေါ ရတနံ ခေမံ၊ ဧတံ ရတနမုတ္တမံ။
ဧတံ ရတနမာဂမ္မ၊ သဗ္ဗဒေါသာ ပမုစ္စရေ။

အိပ်ရာဝင်လျှင် နေ့စဉ် သက်စေ့ရွတ်။ သားငယ် သမီးငယ်ရှိသော မိဘများမှာ သားငယ် သမီးငယ်အတွက် ပိုမို၍ ရွတ်ပါ။

## အနက်ကား

၁။ လောကေ–လောကသုံးခွင် ဘုံအပြင်၌၊ ဗုဒ္ဓေါ စ–မြတ်စွာဘုရားသည် သာလျှင်၊ မင်္ဂလော–လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့တွင် အတုမရ အဘက် မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီး အစစ်ဖြစ်တော်မူပေ၏။ ဒေဝဗြဟ္မိသူသရော–ဘုန်းတန်ခိုး ဣဒ္ဓိပါဒ် လွန်ကြီးမြတ်သော နတ်မင်းအပေါင်း၊ သိကြားမင်းအပေါင်း၊ ဗြဟ္မာမင်းအပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံ သရဏံ–ဘုရားတည်း ဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ–ကိုးကွယ်သမှု အစွဲပြု၍၊ သတ္တာ–လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ–ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ–ကင်းလွတ်ကြရကုန်၏။

၂။ လောကေ–လောကသုံးခွင် ဘုံအပြင်၌၊ ဓမ္မောဝ–မဂ်လေးပါး, ဖိုလ်လေးပါး၊ နိဗ္ဗာန် တရားတော်မြတ်သည်သာလျှင်၊ မင်္ဂလော–တရားအပေါင်းတို့တွင် အတုမရ အဘက်မရ အလွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ သဗ္ဗပါပဝိနာသကော–ဆိုးဝါးညစ်ညမ်း ကြမ်းတမ်းယုတ်မာ မကောင်းလှစွာသော မိစ္ဆာဓမ္မ ဟူသမျှတို့ကို မြူမျှမကျန် ပယ်လှန်ဖျက်ဆီးတော်မူနိုင်ပေ၏။ ဓမ္မံ သရဏံ–တရားတည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ–ကိုးကွယ်သမှု အစွဲပြု၍၊ သတ္တာ–နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ–ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ–ကင်းလွတ်ကြရကုန်၏။

၃။ လောကေ–လောကသုံးခွင် ဘုံအပြင်၌၊ သံဃောဝ–မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်သည်သာလျှင်၊ မင်္ဂလော–အပေါင်းအများ တပည့်သား အစုတွင် အတုမရ အဘက်မရ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဘယဝေရ ဝိနောဒနော–ခပ်သိမ်းသောဘေး ခပ်သိမ်းသောရန် တို့ကို ပယ်လှန် ဖြေဖျောက်တော်မူနိုင်ပေ၏။ သံဃံ သရဏံ–သံဃာတည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ–ကိုးကွယ်သမှု အစွဲပြု၍၊ သတ္တာ–နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ–ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ–ကင်းလွတ် ကြရကုန်၏။

၄။ ခေါ–စင်စစ်၊ ဧတံ မင်္ဂလံ–ဤ ဘုရား၊ တရား၊ သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်၊ ခေမံ–ဘေးရန်ကင်းရာ မင်္ဂလာအစစ်ကြီး ဖြစ်တော်မူပေ၏။ ဧတံ မင်္ဂလံ–ဤဘုရား၊ တရား၊ သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်၊ ဥတ္တမံ–လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီး ဖြစ်တော်မူပေ၏။ ဧတံ မင်္ဂလံ–ဤ ဘုရား၊ တရား၊ သံဃာ မင်္ဂလာကို၊ အာဂမ္မ–ကိုးကွယ်သမှု အစွဲပြု၍၊ သတ္တာ–နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့သည်၊ သဗ္ဗပါပါ သဗ္ဗပါပေဟိ–ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာဓမ္မ ဟူသမျှတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ–ကင်းလွတ်ကြရကုန်၏။

၅။ ခေါ–စင်စစ်၊ ဧတံ သရဏံ–ဤ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာ သုံးပါးသည်သာလျှင်၊ ခေမံ–ဘေးရန်ကင်းရာ ကိုးကွယ်ရာအစစ်ကြီး ဖြစ်တော်မူပေ၏။ ဧတံ သရဏံ–ဤ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာသုံးပါးသည်သာလျှင်၊ ဥတ္တမံ–လောကအားလုံး၌ အမြတ်ဆုံးသော ကိုးကွယ်ရာကြီးဖြစ်တော်မူပေ၏။ ဧတံ သရဏံ–ဤ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာသုံးပါးကို၊ အာဂမ္မ–ကိုးကွယ်သမှု အစွဲပြု၍၊ သတ္တာ–နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ–ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ–ကင်းလွတ်ကြရကုန်၏။

၆။ ခေါ–စင်စစ်၊ ဧတံ ရတနံ–ဤ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးသည်သာလျှင်၊ ခေမံ–ဘေးရန်ကင်းရာ ရတနာအစစ်ကြီး ဖြစ်တော်မူပေ၏။ ဧတံ ရတနံ– ဤ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည်သာလျှင်၊ ဥတ္တမံ–လူ ရပ်၊ နတ်ရွာ ရတနာအားလုံးတို့ထက် အမြတ်ဆုံးသော ရတနာဖြစ်တော်မူပေ၏။ ဧတံ ရတနံ– ဤ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို၊ အာဂမ္မ–ကိုးကွယ်သမှု အစွဲပြု၍၊ သတ္တာ–နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့သည်၊ သဗ္ဗဒေါသာ သဗ္ဗဒေါသေဟိ–ခပ်သိမ်းသော အပြစ်ဒေါသ ဟူသမျှတို့မှ၊ ပမုစ္စရေ ပမုစ္စန္တိ–ကင်းလွတ်ကြရကုန်၏။

အန္တရာယ်ကင်း ၆–ဂါထာ ပါဌ်အနက် ပြီး၏။

ဤ ၆–ဂါထာတို့ကို အနုဿတိဘာဝနာကိစ္စနှင့် ကုသိုလ်ဖြစ် ရွတ်ဆိုသောအခါ၌ သာယာစွာ ရွတ်ဆိုရသည်။ အန္တရာယ်ရှိ၍ အန္တရာယ်ကင်းရန် ရွတ်ဆိုသောအခါ၌ စိတ်မာန်တင်းတင်းနှင့် ပြင်းထန်စွာ ရွတ်ဆိုရသည်။

ဤတွင် ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ် ပြီးပြီ။

# အနုတ္တဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# အဘိယာစကနှင့် ပဋိညာဉ်

အနမတဂ္ဂသံသရာ၌ ကျင်လည်ပြေးသွား မျောပါးနစ်မွန်း၍ နေကြရပါကုန်သော သတ္တဝါအပေါင်းတို့အား မဟာကမ္ဘာ အသင်္ချေ ကြာသော်လည်း တစ်ကြိမ် တစ်ခါမျှ မတွေ့ရနိုင် မကြုံကြိုက်ရနိုင်သည်ဖြစ်ပါ၍ အလွန်တွေ့ရခဲ ကြုံကြိုက်ရခဲ လှစွာသော ဗုဒ္ဓုပ္ပါဒခဏ၊ သဒ္ဓမ္မဿဝနခဏတို့နှင့် ယခုဆိုက်တိုက် ကြုံကြိုက်တွေ့ဆုံ၍ နေကြရပါကုန်သော သူအပေါင်းတို့အား ထိုတွေ့ကြုံခဲလှစွာသော ဗုဒ္ဓုပ္ပါဒခဏ၊ သဒ္ဓမ္မဿဝနခဏတို့၏ နှစ်ဆီသြဇာအရသာကို သုံးဆောင်ခံစံကြရန် တစ်စုံတစ်ခုသော ပဋိပတ်နည်းလမ်းကို ထုတ်ဖော်ညွှန်ပြပါမည့်အကြောင်းနှင့် အလုံမြို့မ "ရွှေကျောင်းတိုက်ဆရာ ရှင်ဉာဏဝံသ" လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ ၎င်းမြို့မ၏ တစ်ဘက် ရွှေတောင်ဦး တောင်ပေါ်ကျောက်ဂူ စကြံကျောင်းနေ လယ်တီဆရာ ငါသည် ကျမ်းဂန်တို့မှ လာရှိသည့်အတိုင်း အလွန်သိလွယ် ထင်လွယ် မြင်လွယ်လှစွာ ဝေဒနာ ကမ္မဋ္ဌာန်း ပဋိပတ်လမ်းကို ထုတ်ဖော်ပြညွှန်းပေအံ့သသည်။

အဘိယာစကနှင့် ပဋိညာဉ် ပြီး၏။

# ဥယျောဇဉ်

ဗုဒ္ဓုပ္ပါဒေါ သဒ္ဓမ္မော စ၊ လောကမှိ အတိဒုလ္လဘော။
ဇဟန္တော သုလဘေ ဓီရော၊ ဂစ္ဆေယျ အတိဒုလ္လဘံ။

ဗုဒ္ဓုပ္ပါဒေါ စ–ဘုရားပွင့်သောအခါသည်လည်းကောင်း၊ သဒ္ဓမ္မော စ– သာသနာတော်သည်လည်းကောင်း၊ လောကမှိ–သံသရာလောကကြီး၌၊ အတိဒုလ္လ ဘော–မဟာကမ္ဘာအသင်္ချေကြာသော်လည်း တစ်ခါတစ်ရံမျှ တွေ့ကြုံရခဲလှ၏။ တသ္မာ– ထို့ကြောင့်၊ (ထည့်) ဓီရော–ပညာရှိသည်၊ သုလဘေ–သံသရာလောကကြီး၌ ရလွယ် တွေ့လွယ်လှကုန်သော လူ့စီးပွား ရှင့်စီးပွားတွေကို၊ ဇဟန္တော–လွတ်လွတ်ခွာ စွန့်လျက်၊ အတိဒုလ္လဘံ–အလွန်တွေ့ကြုံရခဲလှစွာသော ဗုဒ္ဓုပ္ပါဒ၊ သဒ္ဓမ္မစီးပွားကို၊ ဂစ္ဆေယျ– အရယူထိုက်လှလေသတည်း။

ထိုခဏနှစ်ပါးနှင့် ထောက်စာသည်ရှိသော် လူ့အသက် လူ့ခန္ဓာ လူ့ဘဝသည်လည်း အလွန်ရလွယ်သော စီးပွားပင် ဖြစ်၏။ ထို့ကြောင့် ယခုဘဝ ရရှိ၍နေသော မိမိအသက် မိမိခန္ဓာ မိမိဘဝအတွက်နှင့်ပင် ငြိတွယ်နှောင့်နှေးခြင်းကို မဖြစ်စေမူ၍ ထိုခဏ ၂–ပါး၏ နှစ်ဆီသြဇာ အရသာကိုသာ အရအမိ ကြိုးကုတ်ထိုက်လေသတည်း။ (သတိပေးဂါထာ ပါဠိအနက်)

ဥယျောဇဉ် ပြီး၏။

-------

# ကာယဂတာသတိ

တစ်ခုခုသော ဝိပဿနာကမ္မဋ္ဌာန်းမှုကို ထင်မြင်အောင် အားထုတ်လိုသောသူသည် မိမိစိတ်ကို ကမ္မဋ္ဌာန်းအာရုံရှိရာ မိမိကိုယ်ခန္ဓာအတွင်းသို့ သွင်းတိုင်း သွင်းတိုင်း စိုက်စိုက်ငုံ့စူးဝင်၍ထားရာ အာရုံ၌ တည်ငြိမ်စွာ နေစေခြင်းငှာ ကာယ ဂတာသတိကို ရှေးဦးစွာ တည်ထောင်ရာ၏။

ကာယဂတာသတိဆိုသည်ကား အာနာပါနန၌ စွဲမြဲသော သတိ, ဣရိယာ ပထ, သမ္ပဇည၌ စွဲမြဲသောသတိ အစရှိသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်၌လာသော သတိ အစီအရင်စုကို ဆိုသတည်း။

ထို အစီအရင် နှစ်ပါးတို့တွင် အာနာပါန အစီအရင်သည် အာနာပါန ဒီပနီပိုင်းမှာ ထင်ရှားလာလတ္တံ့။

# ဣရိယာပထ သမ္ပဇဉ

စတုဣရိယာပထ သမ္ပဇဉ အစီအရင် ဆိုသည်ကား -

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ၊ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာနံ ပဇာနာတိ [၁] . . . . ဟူ၍ ဟောတော်မူသော အစီအရင်ပေတည်း။

ထွက်သက် ဝင်သက်ကို သိမ်မွေ့လှ၍ မရှုလိုလျှင် ဤ ဣရိယာပထ သမ္ပဇဉကို အားထုတ်ရမည်။

**သွားခြင်း၌ သတိပြုပုံ**

အားထုတ်ပုံကား သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဣရိယာပုတ် လေးပါးတွင် သွားခြင်း ဣရိယာပုတ်၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ငါသွား၏၊ ငါသွား၏ဟု ခြေ၌ တည်သော စိတ်ကို ဖြစ်စေ၍ သွားရမည်။ ခြေတစ်လှမ်းမျှ အမှတ်တမဲ့ မလှမ်း မိစေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။ ခြေလှမ်းတိုင်း လှမ်းတိုင်းမှာ အကြွ၊ အငင်၊ အချ သုံးချက်လုံး ထင်စွာသိ၍ လှမ်းနိုင်ပေမူ ကောင်းလှ၏။ အစ၌ သုံးချက်လုံး မထင် တည့်နိုင်လျှင် အချ အချကိုသာ အာရုံပြုလေ။ လွယ်သည်ဟု မထင်နှင့်။ လေလို လွင့်၍ နေသောစိတ်ကို ချုပ်တည်းမှု ဖြစ်သည်။ အလှမ်းများစွာ သွား၍စမ်းမှ ခက်မှန်း သိမည်။

**ရပ်ခြင်း၌ သတိပြုပုံ**

ရပ်ခြင်းအမှု၌ ရပ်မည်ပြုသောအခါ ငါရပ်မည်ဟု သိ၍ ရပ်။ အမှတ်တမဲ့ မရပ်မိစေနှင့်။ ရပ်၍နေစဉ်အခါ၌ မိမိ ကိုယ်ကို အာရုံပြု၍ ငါရပ်၏၊ ငါရပ်၏ဟု အမြဲ စိတ်ကိုဖြစ်စေ၍ နေရမည်။ အပသို့ စိတ်ထွက်၍ မသွားစေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

**ထိုင်ခြင်း၌ သတိပြုပုံ**

ထိုင်ခြင်းအမှု၌ ထိုင်မည်ပြုသောအခါ ငါထိုင်မည်ဟု မိမိ ခန္ဓာကိုယ်ကို အာရုံပြု၍ ထိုင်ရမည်။ အမှတ်တမဲ့ မထိုင်မိစေနှင့်။ ထိုင်၍ နေစဉ်အခါ၌ မိမိခန္ဓာကိုယ်ကို အာရုံပြု၍ ငါထိုင်မည်၊ ငါထိုင်မည်ဟု အမြဲစိတ်ကို ဖြစ်စေရမည်။ အပသို့ စိတ်မထွက်စေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

---

၁။ သုတ်မဟာဝါ ပါဠိတော်၊ နှာ-၂၃၂။

**အိပ်ခြင်း၌ သတိပြုပုံ** အိပ်ခြင်းအမှု၌ အိပ်မည်ပြုသောအခါ၌ ငါအိပ်မည်ဟု သိ၍အိပ်။ အမှတ်တမဲ့ မအိပ်မိစေနှင့်။ အိပ်၍နေစဉ်အခါ၌လည်း မိမိခန္ဓာကိုယ်ကို အာရုံပြု၍ ငါအိပ်သည်၊ ငါအိပ်သည်ဟု အမြဲစိတ်ကို ဖြစ်စေရမည်။ အပသို့ စိတ်မလွင့်စေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

**ဣန္ဒြိယသံဝရသီလ** ။ မျက်စိဥပစာ၊ နားဥပစာ၌ဖြစ်၍ မြင်လာ ကြားလာသည်ရှိသော် မြင်ကာမတ္တ ကြားကာမတ္တ၌ တည်စေရမည်။ ထိုအာရုံသို့ စိတ်ဝိတက် လိုက်စားခြင်းကို မပြုရ။ သည်ကို ရည်၍ –

> တသ္မာ တိဟ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ ဧဝဉှိ တေ ဗာဟိယ သိက္ခိတဗ္ဗံ။[၁]

ဟူ၍ ဣန္ဒြိယသံဝရ အစီအရင်ကို ဟောတော်မူသည်။

ဗာဟိယ–ဗာဟိယ၊ တသ္မာ–ထို့ကြောင့်လျှင်၊ (တိဟကား အနက်မရှိ) တေ–သင်အား၊ ဒိဋ္ဌေ–မျက်စိတွင် မြင်လာသောအာရုံ၌၊ ဒိဋ္ဌမတ္တံ–မြင်ရုံမျှသည်၊ ဘဝိဿတိ–ဖြစ်ရလတ္တံ့၊ သုတေ–နားတွင် ကြားလာသောအာရုံ၌၊ သုတမတ္တံ–ကြားရုံမျှသည်၊ ဘဝိဿတိ–ဖြစ်ရလတ္တံ့၊ မုတေ–နှာခေါင်း ခံတွင်း ကိုယ်အင်္ဂါတို့မှာ ရောက်လာ ထိလာသော အာရုံစု၌၊ မုတမတ္တံ–ရောက်ရုံမျှ ထိရုံမျှသည်၊ ဘဝိဿတိ–ဖြစ်ရလတ္တံ့၊ ဝိညာတေ–မနောတွင် ထင်လာ သိလာသော အာရုံစု၌၊ ဝိညာတမတ္တံ–သိရုံမျှသည်၊ ဘဝိဿတိ–ဖြစ်ရလတ္တံ့၊ ဗာဟိယ–ဗာဟိယ၊ ဧဝဉှိ–ဤသို့လျှင်၊ တေ–သင်သည်၊ သိက္ခိတဗ္ဗံ–ကျင့်အပ်အားထုတ်အပ်၏။

မိမိ၌ တည်ထောင်၍ လုပ်သောအာရုံမှတစ်ပါး ခြောက်ဒွါရ၌ ထင်လာ တွေ့ကြုံလာသော အာရုံစုမှာ ဝိတက်၊ ဝိစာရလိုက်စားခြင်းကို မပြုမူ၍ ရတ်တရက် မြင်၍ ကြား၍ တွေ့ကြုံ၍ ကွယ်လွန်စေရမည်ဟု ဣန္ဒြိယသံဝရသီလအစီအရင်ကို ဟောတော်မူသော ပါဠိတော်ပေတည်း။

---

၁။ ဥဒါနပါဠိတော် ဗာဟိယသုတ်၊ နှာ–၈၅။

**ကိုယ်အမူအရာအစုတိုင်း သတိပြု**

"ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ" ဟူသော ပါဠိဖြင့်ကား ပြဆိုခဲ့ပြီးသော ဣရိယာပုတ်ကြီးလေးပါးအတွင်း၌ဖြစ်သော ထိုထို ကိုယ်အင်္ဂါ အစိတ်အပေါင်း တို့၏ လှုပ်ခြင်း ရှားခြင်း ထားခြင်း သိုခြင်း ချီခြင်း ကြွခြင်း အစရှိသော ကိုယ်အမူ ကိုယ်အမူအရာစုကို ပြုသောအခါ၌လည်း ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုရာ။ မည်သို့ ပြုမည်ဟု ထိုကိုယ်အင်္ဂါကို အာရုံပြု၍သာ ပြုရမည်ဟူသော အစီအရင်ကို ပြတော်မူသည်။

လိုရင်းအချုပ်ကား – ကာယဂတာသတိဆိုသည်နှင့်အညီ မိမိခန္ဓာကိုယ်မှ လွတ်ရာ အပသို့ မိမိစိတ်ကို ထွက်၍ မလွင့်ပါးရအောင် သတိဖြင့် ချုပ်ထိန်းမှုပေတည်း။

**အသမ္မောဟသမ္ပဇည**

ဤသို့ ဣရိယာပုတ်ကြီး ဣရိယာပုတ်ငယ်တို့၌ ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုမိစေမူ၍ အလုံးစုံ အစေ့အင သိ၍ သိ၍ စိတ်ထဲတွင် ထင်မြင်၍ ထင်မြင်၍သာပြုမိသည်ကို အသမ္မောဟသမ္ပဇည ဆိုသတည်း။

**အဋ္ဌကထာလာ ဣရိယာပထ**

အဋ္ဌကထာတို့၌ ပြဆိုသော ဣရိယာပထ အစီအရင်၊ အသမ္မောဟသမ္ပဇည အစီအရင်တို့သည်ကား နက်နဲသော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်တို့နှင့်သာ သင့်လျော်သော အစီအရင်တို့ပေတည်း။

ပြဆိုခဲ့ပြီးသော ဣရိယာပထသမ္ပဇည အစီအရင်၊ အသမ္မောဟသမ္ပဇည အစီအရင်တို့ကား ယခုကာလ၌ရှိကြသော သူသူငါငါ အများတို့နှင့် သင့်လျော်သော အစီအရင်တို့ပေတည်း။ ယခုကာလ၌ ရှိကြသော သူတို့မှာမူကား ဣန္ဒြိယ သံဝရသီလ ပြည့်စုံရုံမျှမက ကာယဂတာသတိ တည်ရုံမျှပင်လျှင် အလွန်ခဲယဉ်းကြကုန်၏။ ငါသွားသည် ငါရပ်သည် အစရှိသည်တို့၌ ငါဟူသော သတ္တသညာ အတ္တသညာ ဇီဝသညာ ကွာပျောက်စေရန် အခွင့်နှင့် အလွန် ဝေးကွာကြကုန်၏။

**လိုရင်း သံဝရနှစ်ပါး**

စင်စစ်မူကား ဝိပဿနာကမ္မဋ္ဌာန်း၏ ဥပစာအကျိုးငှာ ရှေးဦးစွာ ကာယဂတာသတိတို့ကို မွေးမြူမှု အစီအရင် ဖြစ်သော "ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ" အစရှိသော ပုဗ္ဗဘာဂ အစီအရင်များ၌ သတ္တသညာ၊ အတ္တသညာ၊ ဇီဝသညာ ပျောက်ကင်းစေရန် အခွင့်သည် လိုရင်းပဓာန မဟုတ်သေး။ အစဉ်ထာဝရက လေလိုလွင့်ပါး၍ အုပ်မရ ချုပ်မရရှိနေသော မိမိစိတ်ကို မိမိကိုယ်ခန္ဓာ အစိတ်အပေါင်း၌ သတိနှင့် ချုပ်တည်းရသော သတိသံဝရ၊ ဣန္ဒြိယ သံဝရ၊ ကာယဂတာသတိမျှသာ လိုရင်းပဓာနတည်း။

သတ္တသညာ၊ အတ္တသညာ၊ ဇီဝသညာ ပျောက်ကင်းမှုမှာကား ထိုထို သတိ

ပဋ္ဌာန ပစ္စ၏ အဆုံး၌ "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" အစရှိသည်ဖြင့် ဥဒယဗ္ဗယဉာဏ် အစီအရင်မှာမူ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝသညာ ပျောက်ကင်းစေရန် အခွင့်လိုရင်း ပဓာနဖြစ်ပေသတည်း။

ဣရိယာပထသမ္ပဇဉ အမြွက် ပြီး၏။

"အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ" အစရှိသော နောက်နောက် သော သတိပဋ္ဌာနပစ္စတို့၌လည်း ဤနည်းတူ သိလေ။

ကာယဂတာသတိအစီအရင် အမြွက် ပြီး၏။

--------

# ပုဗ္ဗဘာဂသတိ

ဤစာအုပ်မှာ ဝေဒနာကမ္မဋ္ဌာန်း အစီအရင်ကို ပြဆိုလတ္တံ့. ဖြစ်သည်နှင့်အညီ ပုဗ္ဗဘာဂ ဖြစ်သော သတိပွားမှု အစီအရင်မှာလည်း -

"ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" [၁]။

အစရှိသည်ဖြင့် ဟောတော်မူသော ဝေဒနာသတိပဋ္ဌာန် အစီအရင်ကို ပြဆိုရန် အခွင့်ဖြစ်၏။ ထိုသို့ဖြစ်သော်လည်း ဣရိယာပုတ်လေးပါး၌ ခံစားဆဲဖြစ်သော ဝေဒနာ အမျိုးမျိုးကို ပိုင်းခြား၍ ပွားများရန် ခဲယဉ်းလိမ့်မည်ထင်ပေ၍ ထင်ရှားလှစွာသော ကာယဂတာသတိ အစီအရင်ကို ထုတ်ဆိုလိုက်ပေသည်။

မိမိ၌ ကောင်းစွာ တည်ပြီးသော ကာယဂတာသတိ အမှုကိုမူကား ဝိပဿနာ မှုကို အားထုတ်သောအခါ၌လည်း ကာယဂတာသတိတစ်ဖက်၊ ဝိပဿနာရှုမှုတစ်ဖက် အမြဲဖက်တွဲ၍ လိုက်ရသည်။ ဝိပဿနာရှုမှုက ဂေါစရသမ္ပဇဉပြု၍ ဝိပဿနာ အာရုံမှ စိတ်ကို ရုပ်သိမ်းဆဲအခါ၌ ထို ကာယဂတာသတိကို ဖြစ်စေ၍ နေရသည်။ ထိုကာယ ဂတာသတိကိုလည်း တစ်သက်လုံး မလွှတ်ရပြီ။

**ဝိပဿနာမှု** ဝိပဿာမှု မည်သည် ဉာဏ်ပညာမှ ဖြစ်၏။ ဉာဏ်ပညာ အဟုတ် အဟုတ် ထိုးထွင်း၍ ပေါက်ရောက်အောင် ထင်နိုင် မြင်နိုင်ပေလျှင် ကိစ္စပြီး၏။ ထို့ကြောင့် ဉာဏ်ပညာ ထက်သန်သော ပုဂ္ဂိုလ်တို့မှာ ထိုကာယဂတာသတိ ပွားများမှုကို အထူးအားမထုတ်သော်လည်း အနိစ္စ ဒုက္ခ အနတ္တ ကောင်းကောင်း ထင်မြင်၍သွားလျှင် ပြီးစီးပါ၏။ ထိုသို့ မထင်တည့်နိုင် မမြင်တည့်နိုင်သော ပုဂ္ဂိုလ်တို့ မှာမူကား ထိုကာယဂတာသတိကို ရှေးဦးစွာ ပွားများ၍ စိတ်တည်ကြည်ခွင့် ကောင်း

---

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၃၆။

ကောင်းရမှ ဝိပဿနာအမှုကို အားထုတ်ရာသတည်း။

ပုဗ္ဗဘာဂသတိ အစီအရင် ပြီး၏။

-------

# ဝေဒနာ ကမ္မဋ္ဌာန်း

ယခုအခါ၌ ဝေဒနာကမ္မဋ္ဌာန်း အစီအရင်ကို ပြဆိုပေအံ့ -

**ပရိညာသုံးပါး** ဤဝိပဿနာကမ္မဋ္ဌာန်းမှု၌ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာဟူသော ပရိညာ သုံးပါးကို သိအပ်၏။

ဉာတ၊ တီရဏ်၊ ပဟာန်၊ သုံးတန် ပရိညာ။ (သံပေါက်)

**ဉာတပရိညာ** ဉာတပရိညာဆိုသည်ကား - ဓမ္မဝဝတ္ထာနဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်တကွ ဝေဒနာ၏ ဒုက္ခသစ္စာ အချက်ကို ပိုင်ပိုင်သိခြင်းတည်း။

**တီရဏပရိညာ** တီရဏပရိညာဆိုသည်ကား - ဝေဒနာ၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကို ပိုင်ပိုင်သိခြင်းတည်း။

**ပဟာနပရိညာ** ပဟာနပရိညာဆိုသည်ကား - ဝေဒနာ၌ သာယာ တွယ်တာသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အမြစ်အရင်းနှင့်တကွ ပိုင်ပိုင်နိုင်နိုင် ပယ်ဖြတ်ခြင်းတည်း။ ဤ ပဟာနပရိညာ အပြီးတိုင်မှ ဝေဒနာကမ္မဋ္ဌာန်း အပြီးတိုင်သည်။ အရဟတ္တဖိုလ်သို့ကျမှ ဝေဒနာ၌ ပဟာနပရိညာ အပြီးတိုင်သည်။

သောတာပတ္တိမဂ်၌ကား ဝေဒနာ၌ နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိ၊ အတ္တသညာ၊ အတ္တစိတ္တ၊ အတ္တဒိဋ္ဌိကို အပြီးတိုင် ပယ်နိုင်၏။ သုခစိတ္တ၊ သုခဒိဋ္ဌိကိုလည်း အပြီးတိုင် ပယ်နိုင်၏။ သုခသညာကိုမူကား မပယ်နိုင်သေး။ သုခသညာကို အရဟတ္တမဂ်သို့ ရောက်မှ အပြီးတိုင် ပယ်နိုင်သည်။ အနိစ္စနှင့် အနတ္တကို သောတာပတ္တိမဂ်တိုင်လျှင် အပြီးတိုင် ထင်မြင်နိုင်၏။ ဒုက္ခကိုကား အရဟတ္တမဂ်သို့ကျမှ အပြီးတိုင် ထင်မြင်သည်။ အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့ ဒုက္ခကို အပြီးတိုင် မထင်မြင်နိုင်ကြကုန်သေး။ ဒုက္ခကို အပြီးတိုင် မထင်မြင်နိုင်ကြကုန်သေးသည့်အတွက်ကြောင့် အောက်အရိယာတို့သည် တဏှာနှင့် မာနကို မပယ်နိုင်ကြကုန်သေးသည်။

အောက်မဂ်တို့၌ သမုဒယသစ္စာကို ပယ်သည်မှာ နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိ၊ အတ္တသညာ၊ အတ္တစိတ္တ၊ အတ္တဒိဋ္ဌိ၊ သုခစိတ္တ၊ သုခဒိဋ္ဌိတို့နှင့် ယှဉ်သော သမုဒယသစ္စာကိုသာ အကြွင်းမဲ့ ပယ်နိုင်ကြကုန်သည်။ သုခသညာနှင့်ယှဉ်သော သမုဒယသစ္စာ၊ တဏှာ၊

မာနတို့ကို မပယ်နိုင်ကြကုန်သေး။

ထို့ကြောင့် ခုနစ်နှစ်အရွယ်က သောတာပန်ဖြစ်သော ဝိသာခါသည် သားယောက်ျား တစ်ကျိပ်၊ သမီးမိန်းမ တစ်ကျိပ်ရအောင်ပင် ကာမဂုဏ်မှုတို့၌ မွေ့လျော် ပျော်ပါး ခံစားလျက် ရှိသေးသည်။ ယခုလည်း နိမ္မာနရတိ နတ်ပြည်မှာ နတ်မင်းကြီး၏ နတ်မိဖုရားဖြစ်၍ ခံစားလျက်ပင် ရှိသေးသည်။ သောတာပန်ဖြစ်သော သိကြားမင်းသည် ယခု နတ်မိဖုရား သုံးကုဋေခြောက်သန်းနှင့် ခံစားလျက်ပင် ရှိလေသည်။ သောတာပန် ပုဂ္ဂိုလ်ဖြစ်ကာမျှနှင့် ဤသူကား အရိယာ ပုဂ္ဂိုလ်တည်းဟု အတူနေ အပေါင်း အဖော်တို့က သိနိုင်ကြကုန်သေးသည်မဟုတ်။ ဒုစရိုက်မှုမျိုးမှ တစ်ပါးသော ခံစားမှု စံစားမှု ပျော်ပါးမှု ပစ္စည်းဥစ္စာ ရှာဖွေထိန်းသိမ်းမှုတို့မှာ ပကတိ ပုထုဇဉ်တို့နှင့် မခြားမနားပင် ရှိသေးသည်။

ဤကား ပဟာနပရိညာ၌ သိထိုက်သော အထူးအပြားတည်း။ ။ တစ်ရပ်။

## မိစ္ဆာဝိပလ္လသတရား ၉–ပါး

ဝိပဿနာဉာဏ်ဖြင့် ပယ်ဖျောက်ရာသော ဝိပလ္လာသတရား သုံးပါးရှိ၏။ သညာဝိပလ္လာသတစ်ပါး၊ စိတ္တဝိပလ္လာသတစ်ပါး၊ ဒိဋ္ဌိဝိပလ္လာသတစ်ပါး။

**မိစ္ဆာသညာ ၃–ပါး**

ထိုသုံးပါးတို့တွင် သညာဝိပလ္လာသသည် အနိစ္စေ နိစ္စသညာ တစ်ပါး၊ ဒုက္ခေ သုခသညာတစ်ပါး၊ အနတ္တေအတ္တသညာ တစ်ပါးဟူ၍ မိစ္ဆာသညာ သုံးပါးရှိ၏။

**မိစ္ဆာစိတ္တ ၃–ပါး**

စိတ္တဝိပလ္လာသသည် အနိစ္စေ နိစ္စစိတ္တတစ်ပါး၊ ဒုက္ခေ သုခစိတ္တတစ်ပါး၊ အနတ္တေ အတ္တစိတ္တ တစ်ပါးဟူ၍ မိစ္ဆာ စိတ္တ သုံးပါး ရှိ၏။

**မိစ္ဆာဒိဋ္ဌိ ၃–ပါး**

ဒိဋ္ဌိဝိပလ္လာသသည်လည်း အနိစ္စေ နိစ္စဒိဋ္ဌိတစ်ပါး၊ ဒုက္ခေ သုခဒိဋ္ဌိတစ်ပါး၊ အနတ္တေ အတ္တဒိဋ္ဌိတစ်ပါး ဟူ၍ မိစ္ဆာဒိဋ္ဌိ သုံးပါးရှိ၏။ မိစ္ဆာဝိပလ္လာသတရား ကိုးပါးဖြစ်၏။

## မိစ္ဆာဝိပလ္လာသ ဓမ္မ ၃–ပါး ဖြစ်ပုံအထူး

**စိတ်အမြင်မှောက်မှားပုံ**

မိစ္ဆာသညာ၊ မိစ္ဆာစိတ္တ၊ မိစ္ဆာဒိဋ္ဌိ သုံးပါးတို့၏ဖြစ်ပုံအထူးကား – စိတ်မည်သည် ပရမတ်ဖြစ်သော ရုပ်တရား နာမ်တရားတို့ကို အစိတ်အစိတ် ပိုင်းခြား၍ မမြင်တတ်။ များစွာသော ရုပ်တရား နာမ်တရားတို့ကို တစ်ပေါင်းတည်း တစ်လုံးတည်း တစ်ခုတည်း ပြု၍ အပေါင်း သမူဟပညတ်ကိုသာ မြင်တတ်၏။ မြစ်ရေအလျဉ်ကိုလည်းကောင်း၊ မီးတောက်မီးလျှံကိုလည်းကောင်း၊ ကြည့်ရှု၍နေရာ၌ တစ်မြစ်လုံးသည် ရေလုံး ရေခဲ တစ်ခုတည်းဟု မြင်၏။ မီးတောက်ကြီး

တစ်ခုလုံးသည် အလုံးအခဲ တစ်ခုတည်းဟု မြင်၏။

ထို့အတူ စိတ်မည်သည် တစ်မျိုးသော တစ်မျိုးသော ရုပ်တရား နာမ်တရားတို့ကို ဥပါဒ်ခဏ ဘင်ခဏအားဖြင့် အပိုင်းအပိုင်းဖြတ်၍ မမြင်တတ်။ ဖြစ်မှု ချုပ်မှုနှင့် အပိုင်းအပိုင်းပြတ်၍ နေကုန်သော များစွာသော အတိုအနှောင်းတွေကို တစ်ပေါင်းတည်း တစ်လုံးတည်း တစ်ခုတည်းပြု၍ အစဉ်သန္တတိပညတ်ကိုသာ မြင်တတ်၏။ ကိုယ်တွင်းမှာဖြစ်၍နေသော စိတ်ကို တစ်သက်လုံးမှ တစ်စိတ်သာဟု မြင်၏။ မြစ်ရေအလျဉ်ကို မြင်၍နေရာ၌ အညာမှစီး၍လာသော မြစ်ရေသည် ပင်လယ်ဝသို့ ဝင်သည်တိုင်အောင် တစ်ခုတည်းသာဟု မြင်၏။ ညဉ့်ဦးယံကစ၍ သန်းခေါင်ယံတိုင်အောင် ထွန်း၍ထားသော မီးတောက်ကို မြင်ရာ၌ ညဉ့်ဦးယံက စ၍ သန်းခေါင်ယံတိုင်အောင် မီးတောက်တစ်ခုသာဟု မြင်၏။ ဤကား စိတ်အမြင်မှောက်မှားမှုတည်း။

**ဒိဋ္ဌိမှောက်မှားပုံ** ဒိဋ္ဌိဆိုသည်ကား ကိုယ်ခန္ဓာအတွင်းမှာ ဖြစ်၍နေသော စိတ်ကို တစ်သက်လုံးမှ တစ်စိတ်သည်သာ အမှန်ဖြစ်၏၊ ထိုစိတ်သည် သတ္တဝါ၏ အနှစ်သာရ အတ္တဖြစ်၏ဟု မြင်၏။ ဤကား ဒိဋ္ဌိအမြင် မှောက်မှားတတ်ပုံတည်း။

**သညာမှောက်မှားပုံ** သညာသည်မှုကား မိမိက ဘယ်သင်း ဘယ်ဟာဟု မြင်တတ်သော တရားမဟုတ်၊ စိတ်မြင်တိုင်း ဒိဋ္ဌိမြင်တိုင်းကို အဟုတ်အမှန်ပြု၍ အမြဲအစွဲ မှတ်မှုသာတည်း။ ဤကား သညာမှောက်မှားပုံတည်း။ ဤ သညာအမြဲအစွဲမှတ်မှုသည် ကာလကြာမြင့်လျှင် ကြာမြင့်သည့် အလျောက် အလွန်ခိုင်မြဲ၏။ ဖြေဖျောက် ပယ်ဖျောက်ခြင်းငှာ အလွန်ခဲယဉ်းလှ၏။

ဤကား မိစ္ဆာဝိပလ္လာသ ဓမ္မသုံးပါးတို့၏ ဖြစ်ပုံ အထူးအပြားတည်း။

မိစ္ဆာဝိပလ္လာသ တရား ကိုးပါး ပြီး၏။

--------

## ဝိပဿနာဆေးဖြင့် ပျောက်ငြိမ်းရာသော အနာများ

**မိစ္ဆာဂါဟ ၃-ပါး** အနိုင်အမြဲ တွယ်တာစွဲလမ်းသော မိစ္ဆာဂါဟတရား သုံးပါးရှိ၏။ တဏှာဂါဟတစ်ပါး၊ မာနဂါဟတစ်ပါး၊ ဒိဋ္ဌိဂါဟ တစ်ပါး။

**ဂါဟ** လောက၌ အတင်းအကြပ် ဖမ်းတတ်သည်ကို ဂါဟဟူ၍လည်းကောင်း၊ ဂဟ ဟူ၍လည်းကောင်း ခေါ်၏။ တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ် စသည်တည်း။ ဓမ္မတို့၌လည်း အတင်းအကြပ် အနိုင်အမြဲ စွဲလမ်းဖမ်းယူတတ်သော တရားသုံးပါးကို ဂါဟ ဆိုသတည်း။

ရုပ်နာမ်တရားတို့ကို တဏှာသည် ငါပိုင်ဥစ္စာဟု စွဲလမ်း၏။

မာနသည် ငါဟု စွဲလမ်း၏။ ငါနတ် ငါလူ ငါမင်း ငါသူဌေး ငါယောကျ်ား ငါမိန်းမ ငါ မည်သူ ငါမြင်သည် ငါကြားသည် ငါကြံသည် ငါသိသည် ငါပြောသည် ငါဆိုသည် ငါသွားသည် ငါလာသည် အစရှိသည်တည်း။

ဒိဋ္ဌိသည် ငါ၏အတ္တဟု စွဲလမ်း၏။ ငါ၌ မြင်တတ်သော အနှစ်သာရ အတ္တရှိ၏၊ ကြားတတ်သော အနှစ်သာရ အတ္တရှိ၏၊ ကြံတတ် သိတတ်သော အနှစ်သာရ အတ္တရှိ၏၊ ပြောတတ် ဆိုတတ် လှုပ်တတ် ရှားတတ် သွားတတ် လာတတ်သော အနှစ်သာရအတ္တရှိ၏ စသည်တည်း။ ရှေး၌ပြဆိုခဲ့သော မိစ္ဆာဝိပလ္လာသ အမှောက်အမှား သုံးပါးကြောင့် ဤ ဂါဟတရားသုံးပါး ဖြစ်ရ၏။

**မိစ္ဆာနှင့် ဂါဟ ပြယ်ပျောက်ပုံ** ရုပ်နာမ်ခန္ဓာတရားတို့၏ အနိစ္စအချက်ကို ပစ္စက္ခ ဒိဋ္ဌိအားဖြင့် ကောင်းစွာမြင်သောအခါ အနိစ္စ၌ နိစ္စဟူ၍ မှောက်မှားသော သညာ စိတ္တ ဒိဋ္ဌိ မိစ္ဆာတရားသုံးပါး ပြယ်ပျောက်၏။ ထိုသုံးပါး ပြယ်ပျောက်သည်ရှိသော် အနိစ္စ၌ နိစ္စဟူ၍ စွဲလမ်းတတ်သော တဏှာ မာန ဒိဋ္ဌိ ဂါဟ တရားသုံးပါးလည်း ပြယ်ပျောက်၏။

ဤနည်းအတူ ရုပ်နာမ်တရားတို့၏ ဒုက္ခအဖြစ်ကို ကောင်းစွာမြင်သောအခါ သုခဟူ၍ မှောက်မှားသော မိစ္ဆာတရားသုံးပါး၊ သုခဟူ၍ စွဲလမ်းသော ဂါဟတရား သုံးပါး ပြယ်ပျောက်မှုကိုလည်းကောင်း၊ ရုပ်နာမ်တရားတို့၏ အနတ္တအဖြစ်ကို ကောင်းစွာ မြင်သောအခါ အတ္တဟူ၍ မှောက်မှားသော မိစ္ဆာတရားသုံးပါး၊ အတ္တဟူ၍ စွဲလမ်းသော ဂါဟ တရားသုံးပါး ပြယ်ပျောက်မှုကိုလည်းကောင်း သိလေ။

ဤမိစ္ဆာတရားသုံးပါး၊ ဂါဟတရားသုံးပါးတို့ကို ပယ်ရှားပျောက်ကင်းစေခြင်း အကျိုးငှာ ဝိပဿနာအမှုကို အားထုတ်ရသည်။ ထိုမိစ္ဆာတရား ဂါဟတရားတို့ မိမိ စိတ်သန္တာန်မှာ အကျန်အကြွင်းမျှမရှိ ကွယ်ပျောက်ရှင်းလင်းသောအခါ ဝိပဿနာကိစ္စ ထမြောက်ပြီးစီးလေ၏။ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာဟု ဆိုအပ်သော သဗ္ဗညုသာသနာ ပရိညာသုံးပါး ထမြောက်ပြီးစီးလေ၏။

ဤကား ဝိပဿနာတည်းဟူသော ဆေးဖြင့် ပျောက်ငြိမ်းအောင် အားထုတ်ရာ သော အနာရောဂါမျိုးတို့ကို ပြဆိုသော အခန်းတည်း။

# ပရိညာ ၃-ပါး အစီအရင်
# ညာတပရိညာ အစီအရင်

ယခုအခါ ပရိညာ သုံးပါးတို့၏ အစီအရင်ကို အစဉ်အတိုင်း ပြဆိုပေအံ့။

**သိဖွယ် ၅-ပါး** ဉာတပရိညာအစီအရင်၌ သဘောလက္ခဏာအသီးသီးနှင့်တကွ ဝေဒနာ၏အပြားကို သိရာ၏။ ဝေဒနာဖြစ်ပေါ်ရန်အကြောင်းတရားနှင့်တကွ ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို သိရာ၏။ ဝေဒနာ၏ အဿာဒသဘောကို သိရာ၏။ ဝေဒနာ၏ အာဒီနဝသဘောကို သိရာ၏။ ဝေဒနာ၏ ဒုက္ခသစ္စာအခြင်းအရာကို သိရာ၏။

**ဝေဒနာအပြား ၅-ပါး** ထိုငါးပါးတို့တွင် သဘောလက္ခဏာ အသီးသီးနှင့်တကွ ဝေဒနာအပြားကို အဘယ်သို့ သိရာသနည်း ဟူမူကား - ဝေဒနာသည် ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာ၊ သုခဝေဒနာ၊ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ ငါးပါးအပြားရှိ၏။

**ဒုက္ခဝေဒနာ** ဒုက္ခဝေဒနာဆိုသည်ကား အကျဉ်းအားဖြင့် မခံသာမှုတည်း။ မချမ်းသာမှုတည်း။ နာမှုတည်း။ ညောင်းညာမှုတည်း။ ထုံကျဉ်မှု ကိုက်ခဲမှုတည်း။ အိုက်မှုတည်း။ ပူမှုတည်း။ ပူလောင်မှုတည်း။ မနေသာမှုတည်း။ မသက်သာမှုတည်း။ မခံသာအောင် အေးမှုတည်း။ မခံသာအောင် ချမ်းမှုတည်း။ မောမှုတည်း။ ပန်းမှုတည်း။ အောင့်မှုတည်း။ အင့်မှုတည်း။ ယားမှု ယံမှုတည်း။ မခံသာသောအမှု မခံချင်သောအမှု အခံခက်မှု အလုံးစုံတို့သည် ဒုက္ခဝေဒနာ ဟူသော ဒုက္ခဓာတ်၊ ဒုက္ခဓမ္မ၊ ဒုက္ခသဘောချည်းသာတည်း။

**ဒုက္ခသဘော ထင်ရှားခြင်း** လောက၌ အလွန်ထင်ရှားလှ၏။ ညည်းရ ညူရအောင် ထင်ရှား၏။ ငိုရအောင် ထင်ရှား၏။ အော်ရ ဟစ်ရအောင် ထင်ရှား၏။ မိမိကိုယ်သဏ္ဍာန်၌ ထိုဒုက္ခဓာတ် ဖြစ်ပေါ်၍လာမည်ကို ကြောက်ရ ထိတ်ရ လန့်ရ စိုးရိမ်ကြောင့်ကြရအောင်တောင် ထင်ရှား၏။

**ကြောက်ဖွယ်ဒုက္ခဓာတ်** မိမိကိုယ်သဏ္ဍာန်မှာ ထိုဝေဒနာဓာတ် ကပ်ရောက်ဖြစ်ပေါ်၍လာရန် အခွင့်အလမ်းစုကို လောက၌ ကြောက်ဖွယ် လန့်ဖွယ် ဘေးအန္တရာယ်ဟူ၍ သမုတ်ကြ၏။ ကိုးဆယ့်ခြောက်ပါးသော ရောဂါမျိုး အနာမျိုးတို့သည် မိမိကိုယ်သဏ္ဍာန်မှာ ထိုဒုက္ခဓာတ်ကို ဖြစ်ပေါ်အောင် ပြုတတ်ကုန်၏။ ထို့ကြောင့် မိမိကိုယ်သဏ္ဍာန်မှာ ထိုဒုက္ခဓာတ်ဖြစ်ပေါ်လာမည်ကို ကြောက်သည့်အတွက် ထို ကိုးဆယ့်ခြောက်ပါးသော ရောဂါမျိုး အနာမျိုးတို့ကို ကြောက်လန့်ကြရကုန်၏။ ဘေးဖြစ်တတ်သော

အစားအစာမျိုး၊ ဘေးဖြစ်တတ်သော အချမ်း အပူ ဥတုမျိုး၊ ဘေးဖြစ်တတ်သော အရပ်ဒေသဌာနမျိုး၊ ဘေးဖြစ်တတ်သော အသွားအလာ အနေအထိုင် ချော်မှု ချွတ်မှု စူးမှု ရှမှု ကျမှု လဲမှု ပြိုမှု တိမ်းမှု ပါးမှုမျိုးတို့ကို ကြောက်ကြရ စိုးရိမ်ကြရ ရှောင်ရှားကြရ သတိထားကြရသည်ကား မိမိတို့ ကိုယ်သဏ္ဍာန်မှ ဤဒုက္ခဓာတ် ဖြစ်ပေါ်မည်ကို ကြောက်ရ စိုးရိမ်ရရင်းသာတည်း။ အပါယ်လေးပါး ကပ်သုံးပါး ရန်သူမျိုးငါးပါး ကျားဘေး ဆင်ဘေး မြွေဘေး ကင်းဘေး ခြင်ဘေး မှက်ဘေး သန်းဘေး ကြမ်းပိုးဘေး ဘီလူးဘေး အသက်ဘေး စသည်တို့ကို ကြောက်ကြရသည်မှာလည်း ဤဒုက္ခဓာတ်ကို ကြောက်ကြရရင်းသာတည်း။

**ဒုက္ခဝေဒနာဖြစ်ရာဌာန**

ဤဒုက္ခဓာတ်ကား တစ်ကိုယ်လုံးမှာ ထိုထိုအနာရောဂါ စသော ဘေးထိရာအရပ် အဇ္ဈတ္တ ဗဟိဒ္ဓ အနှံ့အပြားဖြစ်ပေါ်နိုင်၏။

မိမိခန္ဓာကိုယ်ကို အတွင်း အပ အားလုံး၌ မြမြထက်သော အပ်သွားဖြင့် ဉာဏ်နှင့်ထိုး၍ စမ်းသည်ရှိသော် ခြေဖဝါးမှ စ၍ ဦးထိပ်အရေတိုင်အောင် အရေတွင်း အသားတွင်း အကြောတွင်း အရိုးတွင်း ရိုးတွင်းခြင်ဆီတွင်း အအူတွင်း အသည်းတွင်း အဆုတ်တွင်း ဦးနှောက်တွင်း ထိမှန်း သိသောနေရာ၊ နာမှန်း သိသောနေရာ ဟူသမျှသည် ဤဒုက္ခဓာတ်ဖြစ်နိုင်သော နေရာချည်းမှတ်လေ။

**ဒုက္ခဓာတ်မိမှ ဉာဏ်ဖြစ်နိုင်**

ဤဝေဒနာကမ္မဋ္ဌာန်းကို စွဲမြဲလို၍ ဒုက္ခဓာတ်ကို ဉာဏ်နှင့် အမိဖမ်းသော ယောဂီပုဂ္ဂိုလ်သည် မိမိသဏ္ဍာန်၌ တစ်သက်လုံး တွေ့ကြုံခဲ့ပြီး တွေ့ကြုံဆဲ တွေ့ကြုံလတ္တံ့၊ တွေ့ကြုံရာသော အခွင့်အလမ်းတို့ကို ကိုယ်ထဲမှာ အကုန်ဖော်၍ ကြည့်ရမည်။ အမိဖမ်းရမည်။ ဓာတ်ကို ဉာဏ်၌ လှလှမမိလျှင်ဝေဒနာ အနိစ္စာဟူ၍ လက္ခဏာရေး တင်သော်လည်း ဝိပဿနာဉာဏ်မဖြစ်။ ဓာတ်ကို လှလှမိ၍ တင်မှ ဝိပဿနာဉာဏ် အစစ်ဖြစ်သည်။

ဒုက္ခဝေဒနာ ပြီး၏။

**ဒေါမနဿဝေဒနာ**

ဒေါမနဿဝေဒနာဆိုသည်ကား စိတ်ညှိုးနွမ်းမှုတည်း။ စိတ်ပင်ပန်းမှုတည်း။ စိတ်နာမှုတည်း စိတ်နှလုံး မသက်သာမှုတည်း စိတ်နှလုံး မသာယာမှုတည်း စိတ်နှလုံးမချမ်းသာမှုတည်း စိတ်နှလုံး မကြည်မသာမှုတည်း စိတ်နှလုံး မကောင်းမှုတည်း စိတ်နှလုံး မအေးချမ်းမှုတည်း စိတ်နှလုံး ပူပန်မှုတည်း စိတ်နှလုံး ဝမ်းနည်းမှုတည်း စိတ်နှလုံး မနှစ်သက်မှုတည်း စိတ်အိုက်ခြင်း စိတ်ပူခြင်း စိတ်ဆွေးခြင်း စိတ်ပန်းခြင်း စိုးရိမ်ခြင်း ကြောင့်ကြခြင်း ကြောက်ခြင်း လန့်ခြင်း ထိတ်ခြင်း ငိုမဲ့ခြင်း အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း အစရှိသော ဒေါသနှင့် စပ်သမျှသော

စိတ်အမူအရာစုသည် ဒေါမနဿ ဝေဒနာနှင့် ယှဉ်သည်ချည်းတည်း။ မျက်စိနှင့် မြင်၍ စိတ်မကြည်သာမှု၊ နားနှင့်ကြား၍ စိတ်မကြည်သာမှု၊ နှာခေါင်း နှင့်နမ်း၍ စိတ်မကြည် သာမှု၊ လျှာ၌တွေ့၍ စိတ်မကြည်သာမှု၊ ကိုယ်မှာတွေ့၍ စိတ်မကြည်သာမှု၊ နှလုံးမှာထိရ၍ စိတ်မကြည်သာမှုစုသည် ဒေါမနဿဝေဒနာချည်းတည်း။

**ဒေါမနဿသဘော ထင်ရှားခြင်း**

လောက၌ အလွန်ထင်ရှားလှ၏။ ညည်းညူရအောင် ထင်ရှား၏။ ငိုယိုရအောင် ထင်ရှား၏။ အော်ဟစ်ရအောင် ထင်ရှား၏။ ဒေါသအမျက်ဖြစ်ရတိုင်း ဒေါမနဿဝေဒနာပါ၏။ လောကဓံတရားရှစ်ပါးတွင် အလာဘ၊ အယသ၊ နိန္ဒာ၊ ဒုက္ခ။ ဤ အနိဋ္ဌလောကဓံအစုနှင့် တွေ့ကြုံရသော ဗာလ ပုထုဇဉ်တို့အား ဒေါမနဿဖြစ်ရမြဲတည်း။

**ကြောက်ဖွယ် ဒေါမနဿ**

ဂုဏ်အသရေပျက်မည်ကို ကြောက်ရ၊ အရုပ် ပျက်မည်ကို ကြောက်ရ၊ လူဆိုမည်ကို ကြောက်ရ၊ လူကဲ့ရဲ့မည်ကို ကြောက်ရ၊ လူဆဲမည်ကို ကြောက်ရ။ ဤသို့စသော ကြောက်ရမှု ခပ်သိမ်းစုသည် မိမိစိတ်နှလုံးမှာ ဒေါမနဿဓာတ် ဖြစ်ပေါ်၍လာမည်ကို ကြောက်ရ ရင်းတည်း။ သားသမီးစသော၊ ရွှေငွေရတနာစသော ပိယဝတ္ထုတို့နှင့် ကွေကွင်းမည်ကို ကြောက်ရ၊ မချစ်မနှစ်လိုလှသော အပိယဝတ္ထုတို့နှင့် ပေါင်းဆုံမိမည်ကို ကြောက်ရ။ ဤသို့စသည်များသည် ဒေါမနဿ ဓာတ် ကပ်ရောက်၍လာမည်ကို ကြောက်ရရင်းတည်း။ ကြွင်းသော စကားရပ်စုကို ဒုက္ခ ဓာတ်မှာ ဆိုခဲ့တိုင်းသိလေ။ အပါယ်လေးဘုံတွင် ငရဲဘုံ ပြိတ္တာဘုံ အသုရကာယ်ဘုံတို့မှာ ဤဒုက္ခဓာတ် ဒေါမနဿဓာတ် နှစ်ပါးနှင့် နေကြရ၏။

ဒေါမနဿဝေဒနာ ပြီး၏။

--------

**သုခဝေဒနာ**

သုခဝေဒနာဆိုသည်ကား ကိုယ်ခန္ဓာ၏ ချမ်းသာမှုတည်း။ ကိုယ် တွင်း ကိုယ်ပ ကိုယ်အင်္ဂါမှာ ကောင်းသည်ဟု ခံစားမှုတည်း။ ပူအိုက် လှသောအခါ အေးမြစွာသောရေကို ချိုး၍ ယပ်လေခပ်သည်ကို ခံရ၍ တစ်ကိုယ်လုံးမှာ အေးချမ်းခြင်းတည်း။ အလွန်ချမ်းအေးလှ၍ ဒုက္ခဖြစ်ရာ ထူထဲစွာသော အခြုံအရုံကို ခြုံရုံရ၍ ကြီးစွာသော မီးစု မီးပုံကိုလှုံရ၍ တစ်ကိုယ်လုံး ပူပူနွေးနွေး ချမ်းသာမှုတည်း။ နေပူလှသောအခါ အရိပ်မှာနေရ၍ ချမ်းသာမှု၊ ချမ်းအေးလှသောအခါ နေပူမှာနေရ၍ ချမ်းသာမှု၊ သိမ်မွေ့နူးညံ့သော အခင်းအရုံ အခြုံအဝတ်အထည်တို့ကို သုံးဆောင်ရ၍ ကိုယ်တွေ့ ချမ်းသာမှု၊ ကာမဂုဏ်အရာမျိုးနှင့် စပ်လျဉ်း၍ အလွန်ကောင်းသည်ဟု ကိုယ်တွင်း သန္တာန်မှာ ဖြစ်ပေါ်လာသော ချမ်းသာမှု။ ဤသို့ အစရှိသည်ကား သုခဓာတ်ချည်းပင်တည်း။

**အလွန်ဆုံး သုခရသ** ထိုသုခအပေါင်းတို့တွင် ကာမဂုဏ်နှင့်စပ်သောသုခရသသည် အလွန်ဆုံးသော ရသတည်း။ ထိုရသသည်လည်း လူတို့၏ ကာမရသထက် အထက်စတုမဟာရာဇ်နတ်တို့၏ ကာမရသသည် အဆအသိန်းမက သာလွန်၏။ စတုမဟာရာဇ်နတ်တို့၏ ကာမရသထက် တာဝတိံသာနတ်တို့၏ ကာမရသသည် အဆအသိန်းမက သာလွန်၏။ ဣလိသိင်္ဂရသေ့သည် တာဝတိံသာသူ အလမ္ဗုသာနတ်သမီး၏ ကာမရသအတွေ့နှင့် တွေ့လေရာ သုံးနှစ်တိုင်တိုင် သတိမရဘဲ နတ်သမီး၏ ရင်ခွင်ထဲမှာ နေရ၏။ အထက်အထက် နတ်ပြည်တို့မှာလည်း ထိုနည်းအတူ အဆင့်ဆင့် သိလေ။

**သုခဓာတ်မိမှ ဉာဏ်ဖြစ်နိုင်** ဤသုခဓာတ်ကို ဉာဏ်၌ လှလှမိအောင် ဖမ်းသော ယောဂီပုဂ္ဂိုလ်သည် မိမိသန္တာန်မှာ တစ်သက်လုံး တွေ့ကြုံခဲ့ပြီး တွေ့ကြုံဆဲ တွေ့ကြုံလတ္တံ့ တွေ့ကြုံရာသော အခွင့်စုကို ထင်လင်းစွာ ထုတ်ဖော်၍ လှလှမိအောင် ဖမ်းလေ။ ဓာတ်ကို လှလှဉာဏ်၌မိမှသာလျှင် လက္ခဏာရေးတင်၍ ဝိပဿနာဉာဏ်ဖြစ်နိုင်သည်။ ဓာတ်ကို ဉာဏ်၌ လှလှမမိဘဲနှင့် ဝေဒနာ အနိစ္စာ၊ ဝေဒနာ ဒုက္ခာ၊ ဝေဒနာ အနတ္တာဟု လက္ခဏာရေး တင်သော်လည်း ဝိပဿနာဉာဏ် မဖြစ်။

သုခဝေဒနာ ပြီး၏။

**သောမနဿ ဝေဒနာ** သောမနဿဝေဒနာဆိုသည်ကား ဝမ်းသာမှုတည်း၊ ဝမ်းမြောက်မှုတည်း၊ စိတ်ရွှင်လန်းမှုတည်း၊ စိတ်နှစ်ခြိုက်မှုတည်း။ စိတ်နှစ်သက်မှုတည်း။ စိတ်နှလုံးသာယာမှုတည်း။ မျက်နှာရွှင်မှုတည်း။ မျက်နှာ ပွင့်လန်းမှုတည်း။ ပြုံးမှုတည်း။ ရယ်မှုတည်း။ အလိုရှိသော အာရုံကို မြင်ရ၍ စိတ်ရွှင်မှုတည်း။ စိတ်ကြည်မှုတည်း။ ကြား၍ နမ်းရ၍ စားသောက်ရ၍ ကိုယ်အင်္ဂါနှင့် တွေ့ထိရ၍ စိတ်ထဲမှာ အလိုရှိရာကို ထွေထွေလာလာ ကြံဖန်၍ စိတ်ရွှင်မှုတည်း။ စိတ်ပျော်မွေ့မှုတည်း။ အကြွင်းမှာ သုခနည်းဟု သိလေ။

သောမနဿဝေဒနာ ပြီး၏။

**ဥပေက္ခာ ဝေဒနာ** ဥပေက္ခာဝေဒနာဆိုသည်ကား သုခရသ၊ ဒုက္ခရသ၊ သောမနဿရသ၊ ဒေါမနဿရသတို့မှ အလွတ် ကွက်လပ်တို့၌ ကောင်းသည်ဟူ၍လည်း မထင်ရှား၊ မကောင်းဘူးဟူ၍လည်း မထင်ရှားသော ဝေဒနာမျိုးတည်း။ ခြောက်ဒွါရ ၌ ထင်လာသမျှသော အာရုံ ၆-ပါးတို့ကို စိတ်ဖြင့် အာရုံပြုသမျှမှာ စိတ်၏ ခံစားမှုဟူ သော ဝေဒနာမပါသည်ဟူ၍ မရှိ။ စိတ်ဖြစ်လျှင် ဝေဒနာ အမြဲပါတော့သည်။ ကောင်းသည် မကောင်းသည်ဟု ထင်ရှားသော အချက်မျိုးကား ကြိုးကြားကြိုးကြားသာ ရှိ၏။ လူ့ပြည်မှာ မထင်ရှားသော ဥပေက္ခာ ဝေဒနာများ၏။

ဥပေက္ခာဝေဒနာ ပြီး၏။

သဘောလက္ခဏာ အသီးသီးနှင့်တကွ ဝေဒနာအပြား ငါးပါးကို ပြဆိုခန်း ပြီး၏။

# အကြောင်းကြောင့် အကျိုးဖြစ်လာပုံ

ယခုအခါ ဝေဒနာတို့၏ ဖြစ်ပေါ်ရန် အကြောင်းတရားနှင့်တကွ ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပြဆိုအံ့။

**ဖဿကြောင့် ဝေဒနာဖြစ်ပုံ** ဖဿပစ္စယာ ဝေဒနာဟူ၍လည်းကောင်း၊ ဖဿသမုဒယာ ဝေဒနာသမုဒယောဟူ၍လည်းကောင်း ဟောတော်မူသည်နှင့်အညီ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါ သမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿဟူသော ဖဿ ၆-ပါးသည် ဝေဒနာတို့၏ ဖြစ်ပေါ်ရန် အကြောင်းတရားမည်၏။ ၆-ဒွါရ၌ ထိခိုက်လာ ဆိုက်တိုက်လာသော အာရုံ ၆-ပါးကို သိကာမျှ သိရုံမျှသောအမှု အမှုအရာသည် စိတ်တည်း။ ဝိညာဏ်တည်း။ သိကာမျှ သိရုံမျှထက် အပိုအမိုမဟုတ်။ သိကာမျှ သိရုံမျှ အမှုနှင့်လည်း ခံစားမှုဟူသော ဝေဒနာ ဖြစ်ပေါ်ခွင့် မရှိသေး။ ထိုသိမှုဟူသော စိတ်ဓာတ်ဖြစ်ပေါ်သည်ရှိသော် အာရုံ၏ ရသကို ဖိနှိပ်ကြိတ်ဝါး ထိပါး ထိခိုက်မှုဟူသော ဖဿဓာတ်သည် ထိုသိမှုနှင့် အတူတကွ ဖြစ်ပေါ်၏။ ထိုဖိနှိပ်ကြိတ်ဝါး ထိပါး ထိခိုက်မှုဟူသော ဖဿဓာတ်၏ အစွမ်းကြောင့် အာရုံ၏ ရသသည် ထင်ရှားပေါ်လေ၏။ ထိုရသကို ခံစားသော ဝေဒနာသည်လည်း ထိုသိမှု ထိမှုတို့နှင့် အတူတကွ ဖြစ်ပေါ်လာရလေ၏။

ဤကား ဖဿဓာတ်၏အစွမ်းကြောင့် ဝေဒနာဓာတ် ဖြစ်ပေါ်ပုံတည်း။ ခြားခြားနားနားကြီး သိအောင် မြင်အောင် ကြံလေ။

**ကြံရည်ပုံသို့** ဥပမာကား အရည်ပေါ်များလှစွာသော ကြံချောင်းတို့နှင့် အာရုံ ၆-ပါး တူ၏။ ထိုကြံချောင်းတို့ကို ထည့်၍ထားသော ကြိတ်ဆုံကြီးတို့နှင့် ဝိညာဏ် ၆-ပါး တူ၏။ ထိုကြံချောင်းတို့ကို အရည်ထွက်အောင် ဖိနှိပ်ကြိတ်ဝါးသော ကြံညှစ်ကျည်ပွေ့တို့နှင့် ဖဿ ၆-ပါး တူ၏။ ကြံရည်တို့နှင့် အာရုံ၏ ရသတူ၏။ ကြံရည်တို့ကို သောက်မျို သုံးဆောင်ခံစားကြသောသူတို့နှင့် ဝေဒနာခြောက်ပါး တူ၏။

ဤကား ဝိညာဏဓာတ်၊ ဖဿဓာတ်၊ ဝေဒနာဓာတ်သုံးမျိုး ခွဲနည်းတည်း။ ကွဲအောင် ကြံလေ။

**ဖဿ ၁၈-ပါး** အာရုံကိုကြိတ်နှိပ်မှုဟူသော ဖဿဓာတ်သည် သုခဝေဒနီယဖဿ ၆-ပါး၊ ဒုက္ခဝေဒနီယ ဖဿ ၆-ပါး၊ အဒုက္ခမသုခ ဝေဒနီယ ဖဿ ၆-ပါး ဟူ၍ ၁၈-ပါးရှိ၏။

မျက်စိအတွေ့ဟူ၍ ခေါ်ကြသော စက္ခုသမ္ဖဿဓာတ်သည် သုခဝေဒနီယ ဖဿ၊ ဒုက္ခဝေဒနီယဖဿ၊ အဒုက္ခမသုခဝေဒနီယဖဿဟူ၍ သုံးပါးရှိ၏။

နား‌အတွေ့ဟူ၍ ခေါ်ကြသော သောတသမ္ဖဿသည်လည်း ထို့အတူသုံးပါး။

နှာခေါင်းအတွေ့ဟူ၍ ခေါ်ကြသော ဃာနသမ္ဖဿ၊ လျှာအတွေ့ဟူ၍ ခေါ်ကြသော ဇိဝှါသမ္ဖဿ၊ ကိုယ်အင်္ဂါအတွေ့ဟူ၍ ခေါ်ကြသော ကာယသမ္ဖဿ၊ စိတ်မနော အတွေ့ဟူ၍ ခေါ်ကြသော မနောသမ္ဖဿတို့မှာလည်း သုံးပါး သုံးပါးစီ ပြား၏။ ပေါင်း ပြဆိုခဲ့ပြီးသော ဖဿ တစ်ဆယ့်ရှစ်ပါး ဖြစ်၏။

**ဖဿဝေဒနာ ၃-ပါးစီ** ထို တစ်ဆယ့်ရှစ်ပါးတို့တွင် မျက်စိအတွေ့ဟူ၍ ခေါ်ကြသော ဖဿသုံးပါး၌ ဣဋ္ဌဖြစ်သော အဆင်းသဏ္ဌာန်မျိုးကို မျက်စိနှင့် မြင်သောအခါ သုခဝေဒနီယဖဿ ဖြစ်ပေါ်၏။ သုခဝေဒနာကို ဖြစ်ပေါ်စေနိုင်သော ဖဿဆိုလိုသည်။ အနိဋ္ဌဖြစ်သော အဆင်းသဏ္ဌာန်မျိုးကို မြင်သောအခါ ဒုက္ခဝေဒနီယဖဿ ဖြစ်ပေါ်၏။ ဒုက္ခဝေဒနာကို ဖြစ်စေတတ်သော ဖဿကို ဒုက္ခ ဝေဒနီယ ဖဿဆိုသည်။ အဇ္ဈတ္တဖြစ်သော အဆင်းသဏ္ဌာန်မျိုးကို မြင်သောအခါ အဒုက္ခမသုခ ဝေဒနီယဖဿ ဖြစ်ပေါ်၏။ ဥပေက္ခာ ဝေဒနာကို ဖြစ်စေတတ်သော ဖဿကို အဒုက္ခမသုခ ဝေဒနီယဖဿ ဆိုသည်။ ကြွင်းသော ငါးဒွါရတို့၌လည်း ဤ နည်းတူ သုံးပါး သုံးပါးစီ ဝေဖန်လေ။

**ဖဿဝေဒနာ ၂-ပါးစီ** ထိုသုံးပါးသော ဖဿ၊ သုံးပါးသော ဝေဒနာတို့တွင် အဒုက္ခမသုခဝေဒနီယ ဖဿ၊ အဒုက္ခမသုခဝေဒနာတို့ကို သုခဝေဒနီယ ဖဿ၊ သုခဝေဒနာ၌ ပေါင်း၍ ဖဿနှစ်ပါး ဝေဒနာနှစ်ပါးသော်လည်း ဆိုရာ၏။ အနိဋ္ဌမဇ္ဈတ္တာရုံ၌ ဖြစ်သော ဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ၌ ပေါင်း၍ ဣဋ္ဌမဇ္ဈတ္တာရုံ၌ဖြစ်သော ဥပေက္ခာဝေဒနာကို သုခဝေဒနာ၌ပေါင်း၍ သုခဝေဒနာ၊ ဒုက္ခ ဝေဒနာနှစ်ပါးသော်လည်း ပြုရာ၏။

ဤကား ဖဿဟူသော အကြောင်းတရား အသီးအသီးနှင့်
သုခဝေဒနာ အကျိုးတရား အသီးအသီးကို
ခြားနားခန်းပေတည်း။

# ဝိညာဏ်ဟူသော အသိဓာတ် ပဋိစ္စသမုပ္ပါဒ်

**ပဋိစ္စသမုပ္ပါဒ်ဉာဏ်**

ယခုအခါ ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပြဆိုပေအံ့။ ဝေဒနာငါးပါးတို့တွင် ဒုက္ခဝေဒနာကို ရှေးဦးစွာ ပြဆိုပေအံ့၊ ခြေဖဝါးအပြင်၌ အလွန်မာလှစွာသော အုတ်ကျောက်စသည်ကို နင်းမိ၍ ကျင်နာခြင်း ဒုက္ခဓာတ်ဖြစ်ပေါ်၍ ခြေနာသည်ဟု သိကြရာ၌ နာသောနေရာမှာ စိတ်–၁၊ ဖဿ–၁၊ ဝေဒနာ–၁၊ ဓာတ်သုံးပါး တစ်ပြိုင်နက် ဖြစ်ပေါ်၏။ နာသောနေရာ၌ ရှိသော ကာယပသာဒရုပ်–၁၊ အုတ်ခဲ ကျောက်ခဲဟုဆိုအပ်သော ပထဝီဖောဋ္ဌဗ္ဗာရုပ်–၁ ဤနှစ်ပါးကား ရုပ်တည်း။

ကာယပသာဒရုပ်သည် ကာယာယတန မည်၏။ အုတ်ကျောက် ပထဝီသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ ကာယာယတနသည် အဇ္ဈတ္တိကာယတနတည်း။ အုတ် ကျောက် ပထဝီသည် ဗာဟိရာယတနတည်း။ အတွင်းအာယတန အပအာယတန ဆိုလိုသည်။

ထို အတွင်းအာယတနမှာ ပထဝီဟူသော အပအာယတန ထိခိုက်လာ၏။ ထိခိုက်မှုဒဏ်ကို အစွဲပြု၍ ထိခိုက်သည်ဟု သိမှုသည် ထိုနေရာ၌ ဖြစ်ပေါ်၏။ သိမှုကား ကာယဝိညာဏ်စိတ်ပေတည်း။

ဤကား ကာယဝိညာဏ်စိတ်၏ ပဋိစ္စသမုပ္ပါဒ်မှုကို ပြဆိုချက်တည်း။ အတွင်း ရုပ် အာယတနနှင့် အပရုပ် အာယတန နှစ်ပါးထိခိုက်ကြသော ဒဏ်ချက်ကို အစွဲပြု၍ စိတ်ဓာတ်ဖြစ်ပေါ်မှုကို ပဋိစ္စသမုပ္ပါဒ် ဆိုသည်။

ထိုကာယဝိညာဏ်စိတ်သည် မထိခိုက်မီ ရှေးအဖို့၌ ကိုယ်သန္တာန်တွင်းမှာ ရှိ၍ နေနှင့်သည်လည်း မဟုတ်။ လွတ်ရာ တခြားတစ်ပါးက လာ၍ ထိခိုက်ရာ၌ ပေါ်သည် လည်း မဟုတ်။ ယခု ထိခိုက်ဆဲ ခဏမှာမှ ထိခိုက်မှုဒဏ်ချက်ကို အစွဲပြု၍ ဖြစ်လာမှု သက်သက်သာတည်းဟု သိသောဉာဏ်ကို ပဋိစ္စသမုပ္ပါဒ်ဉာဏ်ခေါ်သည်။

**မီးခတ်ကျောက်နှင့် မီးပွင့်ဥပမာ**

ဥပမာကား မီးခတ်နှင့် ကျောက် ထိခိုက်သောအခါ မီးပွင့် ဖြစ်ရာ၌ ထိုမီးပွင့်သည် မီးခတ်ထဲမှာ ရှိ၍နေသည်လည်း မဟုတ်၊ ကျောက်ထဲမှာ ရှိ၍နေသည်လည်း မဟုတ်။ မီးခတ်နှင့် ကျောက် ထိခိုက်ဆဲခဏ မှာမှ ထိခိုက်မှုဒဏ်ချက်ကို အစွဲပြု၍ ဖြစ်ပေါ်သော အာဂန္တုမဓမ္မသက်သက်သာတည်း။

**အသံဓာတ်ဥပမာ**

ထိုထိုဝတ္ထုချင်း ထိခိုက်ကြ၍ အသံဓာတ် ဖြစ်ပေါ်ရာတို့၌ လည်း အသံဓာတ်သည် ထိခိုက်မှုဒဏ်ချက်ကို အစွဲပြု၍ ဖြစ်ပေါ်သော အာဂန္တု ဓာတ်သက်သက်သာတည်း။ ဤဥပမာအတိုင်း ထင်လေ မြင်လေ။

ဤကား အုတ်ကျောက် ထိခိုက်၍ ကျင်နာရာ၌ ကာယဝိညာဏဓာတ် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံ အခြင်းအရာတည်း။

ဝိညာဏ်ဟူသော အသိဓာတ် ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုချက်ပြီး၏။

------

## ဖဿဓာတ် ပဋိစ္စသမုပ္ပါဒ်

ဖဿ ဟူသော အတွေ့ဓာတ် အခိုက်ဓာတ် ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုပေအံ့။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

ကာယဉ္စ–ကာယာယတနကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗေစ–အပဖြစ်သော ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ–အစွဲပြု၍၊ ကာယဝိညာဏံ–ကာယဝိညာဏဓာတ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ပေါ်၏၊ တိဏ္ဏံ–ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏဓာတ် သုံးရပ်တို့၏၊ သင်္ဂတိ–ပေါင်းဆုံမှု စည်းဝေးမှု ထိခိုက်မှုသည်၊ ဖဿော–ဖဿ မည်၏။

**မန်ကျည်းသီးမှည့် ဥပမာ**

ဥပမာကား အတန်ငယ် ခြောက်သွေ့၍နေသော မန်ကျည်းသီးမှည့် စသည်ကို ဆုံ၌ထည့်၍ ကျည်ပွေ့နှင့် ထောင်းသောအခါ ထောင်းမိသည်နှင့် တစ်ပြိုင်နက် အစေးပေါက်၍ ဆုံ၊ ကျည်ပွေ့၊ မန်ကျည်း သီးမှည့် သုံးပါး ထွေးလုံးဖွဲ့စည်းကြသကဲ့သို့တည်း။ ဆုံနှင့် ကာယာယတန တူ၏။ ကျည်ပွေ့နှင့် ဖောဋ္ဌဗ္ဗာယတန တူ၏။ မန်ကျည်းသီးမှည့် စသော ဝတ္ထုနှင့် ကာယ ဝိညာဏဓာတ် တူ၏။ ပေါက်သော အစေးနှင့် ဖဿဓာတ် တူ၏။ ဤကား ဓာတ်သုံးပါးကို အစွဲပြု၍ ဖဿဓာတ် ဖြစ်ပေါ်ပုံတည်း။

ဤ ဖဿဓာတ်၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ဝိညာဏဓာတ်၌ ပြဆိုခဲ့သော မီးပွင့် ဥပမာ၊ အသံဓာတ် ဥပမာများအတိုင်း အာဂန္တု ဓမ္မသက်သက်အနေနှင့် သိလေမြင်လေ။

ဖဿဓာတ် ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုချက် ပြီး၏။

----------

## ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်

ဝေဒနာဟူသော ခံစားမှု ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုအံ့။

ဖဿဓာတ်ဟူသော ပေါင်းစည်းထိခိုက်မှုကြောင့် ပထဝီဖောဋ္ဌဗ္ဗ၏ ပြင်းထန်သောဒဏ်မှုသည် ထင်ရှားပေါ်လေရကား ထိုဒဏ်ကို ခံစားမှုဟူသော ကျင်နာမှု ဝေဒနာဓာတ်သည် ဖြစ်ပေါ်လေ၏။ ။ ဖဿပစ္စယာ ဝေဒနာဟူ၍ ဟောတော်မူပြီ။

ဤကား ဖဿဓာတ်ကို အစွဲပြု၍ ဝေဒနာဓာတ်ဖြစ်ပေါ်ပုံတည်း။

ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်မှာ ဥပမာများနှင့်တကွ ဝိညာဏ်၌ ပြဆိုခဲ့သည့်အတိုင်း သိလေ မြင်လေ။

ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုချက် ပြီး၏။

-----------

## ဒုက္ခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်

**ဝေဒနာချည်း လုပ်၍ရှု**

ဝေဒနာကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်မှာမူကား ဝိညာဏ်၊ ဖဿ၊ ဝေဒနာ သုံးပါးလုံးကို ဝေဒနာချည်း လုပ်၍ လက္ခဏာရေးတင်ရမည်။ လက္ခဏာရေးတင်သော အခါ၌ သုံးပါးကို အသီးအသီးခွဲ၍ မနေနှင့်တော့။ ဤအရာ၌ ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုခန်းဖြစ်၍ ခွဲလိုက်သည်။

**မိုးပေါ်ကျ ဒုက္ခဝေဒနာ**

ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုရသည်မှာလည်း ကျင်နာမှုဟူသော ဤဝေဒနာသည် အုတ်ကျောက်ထိခိုက်မှု ဒဏ်ချက်အဟုန်ကြောင့် ထိခိုက်ရာ ခြေဖဝါးအပြင်မှာ ကောင်းကင်ကျ မိုးပေါ်ကျကဲ့သို့ ယခုမှဖြစ်၍ လာသော အာဂန္တု၊ ဓမ္မသက်သက်တည်းဟု ဉာဏ်၌ ပိုင်ပိုင်နိုင်နိုင် သိမြင်စေခြင်းငှာ ပြဆိုရသတည်း။ ထိုသို့ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပိုင်ပိုင်မြင်နိုင်ပါမှ အနိစ္စလက္ခဏာ၊ အနတ္တလက္ခဏာကို ပိုင်ပိုင်ထင်မြင်နိုင်လေသည်။

ပဋိစ္စသမုပ္ပါဒ်အချက်ကို ပိုင်ပိုင်မမြင်နိုင်ကြသည့်အတွက် နိစ္စဟူ၍ အတ္တဟူ၍ မိစ္ဆာဓမ္မ သုံးပါး၊ ဂါဟဓမ္မသုံးပါး စွဲကပ်၍ နေကြကုန်သည်။

**မိစ္ဆာတရား ဂါဟတရား စွဲကပ်ပုံ**

စွဲကပ်ပုံကား ဤ အုတ်ကျောက်ထိခိုက်၍ ကျင်နာရာ၌ ငါနာသည်ဟူ၍ စွဲလမ်းမှုတည်း။ ငါနာသည်ဟု စွဲလမ်းမှုမှာ နိစ္စသညာ အတ္တသညာ နှစ်ပါး ပါဝင်၏။

**နိစ္စသညာ**

ကျင်နာတတ်သော ငါသည် ကိုယ်သဏ္ဍာန်မှာ နဂိုကပင် ထာဝရ ရှိ၍နေသည်ဟု ထင်မှတ်သည်ကား နိစ္စသညာတည်း။

**အတ္တသညာ**

ကျင်နာမှုသည်ကား ဝေဒနာတည်း။ ထိုဝေဒနာသည် ငါဟူသော သတ္တဝါ၏ အနှစ်သာရ အတ္တမျိုး စင်စစ်ဖြစ်၍ ပဋိသန္ဓေနေခဲ့ကတည်းက ငါနှင့် ထက်ကြပ်ပါရှိ၍ နေ၏။ ထိုထိုသော ဒွါရတို့၌ အာရုံဆိုက်တိုက်

လာသောအခါ ဆိုက်တိုက်ရာဌာနမှာ ထင်ရှားပေါ်၍လာ၏။ အာရုံဆိုက်တိုက်မှု မရှိသောအခါ ကိုယ်ခန္ဓာတွင်းမှာ အမြဲတည်၍နေ၏ဟု ထင်မှတ်သည်ကား အတ္တသညာတည်း။

**ဒုက္ခဝေဒနာ ပိုင်အောင်ကြည့်**

ဝေဒနာ၏ အာဂန္တုဓမ္မ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပိုင်ပိုင်မြင်နေသောအခါ နဂိုက ကိုယ်သဏ္ဌာန်မှာ ရှိ၍နေသော ဓမ္မမျိုးမဟုတ်။ ယခု အုတ်ကျောက်ခိုက်တိုက်ရာတွင်မှ ခိုက်တိုက်မှု ဒဏ်ချက်ကို အစွဲပြု၍ ဥပါဒ်ဇာတိနှင့်တကွ ကောင်းကင်ကျမိုးပေါ်ကျကဲ့သို့ ဖြစ်၍ လာသော အမှုကို ဉာဏ်၌ ဒိဋ္ဌပစ္စက္ခသိမြင်ရသဖြင့် ကိုယ်ခန္ဓာမှာ ထာဝရရှိ၍နေသော နိစ္စဓမ္မ အနှစ်သာရ အတ္တဓမ္မ မဟုတ်ကြောင်းသည် ထင်လင်းလေသတည်း။

ဤခြေဖဝါးအပြင်၌ ထိခိုက်မှု ဒဏ်ချက်ကြောင့် ယခုမှ ဖြစ်ပေါ်သော ကျင်နာမှုဟူသော ဒုက္ခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပိုင်ပိုင်သိမြင်သည်ရှိသော် မိမိကိုယ်ခန္ဓာအတွင်းအပသဏ္ဌာန် တစ်ကိုယ်လုံးမှာ ထိုထိုနေရာဌာန၌ ဤကဲ့သို့ အုတ်ကျောက်ထိခိုက်သည်ရှိသော် ဤကဲ့သို့ချည်း ဖြစ်ပေါ်ရာသော ဒုက္ခဝေဒနာ ပဋိစ္စသမုပ္ပါဒ်မှုတို့ကိုလည်း တစ်ကိုယ်လုံး အနှံ့အပြား ကြံ၍ ဖော်၍ ပိုင်ပိုင်မြင်အောင် ကြည့်လေ။

ကိုယ်ပ ကိုယ်တွင်းမှာ မခံသာသော ပူမှု အေးမှု ကိုက်မှု ခဲမှု နာမှု ကျင်မှု အစရှိသည်ဖြင့် ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံ၍နေကြသော ဒုက္ခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်မှုကိုလည်း အကုန်လုံး ပိုင်ပိုင်နိုင်နိုင် ထင်ထင်လင်းလင်း ထင်ထင်ရှားရှား မြင်အောင် ထင်အောင် လုပ်ကြံ၍ ကြည့်လေ။

ဒုက္ခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက် အမြွက် ပြီး၏။

----------

## သုခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်

သုခဝေဒနာ၌လည်း ဦးနှောက်တွင်း အသားတွင်း အဆုတ်တွင်း နှလုံးတွင်း အူအတွင်း ဦးခေါင်းအပြင် ကျောအပြင် ရင်အပြင် ဝမ်းအပြင် အစရှိသော ကိုယ်တွင်းဌာန ကိုယ်ပဌာနတို့၌ သာယာသော နူးညံ့သော ပထဝီဖောဋ္ဌဗ္ဗ၊ ချမ်းအေးမှု ပူနွေးမှုဟူသော တေဇောဖောဋ္ဌဗ္ဗ၊ လှုပ်ကြွမှု ရွေ့လျားမှုဟူသော ဝါယောဖောဋ္ဌဗ္ဗ။ ဤသို့လျှင် ကိုယ်တွင်းဖောဋ္ဌဗ္ဗ၊ ကိုယ်ပဖောဋ္ဌဗ္ဗတို့နှင့် ကာယပသာဒ ထိခိုက်ကြရာဌာနတို့၌ ကောင်းလေခြင်း၊ ကောင်းလေခြင်းဟု ခံစားမှု စံစားမှု သုခဝေဒနာ ဖြစ်ပေါ်ပုံကို ပြဆိုခဲ့သော ပဋိစ္စသမုပ္ပါဒ် အခြင်းအရာ ဥပမာများနှင့်တကွ ဒုက္ခဝေဒနာအတိုင်း သိလေမြင်လေ။

**သုခဝေဒနာ ဖြစ်ပုံ ချုပ်ပုံ**

ဝိသေသ အကွက်ဖော်၍ ကြည့်လိုက်သော် တစ်ကိုယ်လုံး အလွန်အိုက်လှ ပူလှသော ဒုက္ခဝေဒနာတွေ ဖြစ်၍နေဆဲအခါ၌ တစ်ခုခုသော ကိုယ်အင်္ဂါအစိတ်မှာ အေးမြလှစွာသော ရေအေးအတွေ့၊ အေးမြလှစွာသော ယပ်လေအတွေ့၊ အရှေ့အရပ် စသည်တို့မှလာသော အေးမြလှစွာသော လေပြည်လေညင်းအတွေ့တို့ကို ထုတ်ဖော်၍ ကြည့်သည်ရှိသော် ထိုဖောဋ္ဌဗ္ဗတို့၏ ထိခိုက်မှုကို အစွဲပြု၍ ထိခိုက်ရာဌာန၌ အလွန်ခံ၍ ကောင်းသည်ဟု သိရသော သုခဝေဒနာတွေ ဖြန်းခနဲ ပေါ်ကြကုန်လတ္တံ့။ ထိုဖောဋ္ဌဗ္ဗတို့ ရုပ်သိမ်းကွယ်ပပြန်လျှင် ထိုသုခဝေဒနာတို့ အကုန်ချုပ်ကွယ် သေဆုံး၍ အိုက်မြဲ အိုက်ပြန်လတ္တံ့။

တစ်ကိုယ်လုံး အလွန်ချမ်းလှသည် အလွန်အေးလှသည်ဟု ဆိုရသော ဒုက္ခဝေဒနာတွေ ဖြစ်နေဆဲအခါ၌ တစ်ခုခုသော ကိုယ်အင်္ဂါအစိတ်မှာ မီးပူအတွေ့ နေပူအတွေ့ အလွန်နွေးလှသော ခြုံထည်အတွေ့ ပွေ့သူပိုက်သူတို့၏ ကိုယ်ငွေ့အတွေ့ တို့ကို ထုတ်ဖော်၍ ကြည့်သည်ရှိသော် ထိုဖောဋ္ဌဗ္ဗတို့၏ ထိခိုက်မှုတို့ကို အစွဲပြု၍ ထိခိုက်ရာဌာန၌ အလွန်ကောင်းသည်ဟု သိရသော သုခဝေဒနာတွေ တထောင်းထောင်း ဖြစ်ပေါ်လတ္တံ့။ ထိုဖောဋ္ဌဗ္ဗတို့ ရုပ်သိမ်းပြန်လျှင်လည်း ထိုသုခဝေဒနာတို့ အကုန်လုံး ချုပ်ကွယ်သေဆုံး၍ အေးမြဲအေး၊ ချမ်းမြဲချမ်းပြန်လတ္တံ့။

ဤသို့ ကိုယ်ခန္ဓာမှာ အကွက် ဝိသေသ ကြံဖန် ထုတ်ဖော်၍ သုခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်မှုကို အတပ်ဒိဋ္ဌ မြင်အောင် ကြည့်လေ။

သုခဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်မှုကို ပြဆိုခန်း ပြီး၏။

----------

# သောမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်

**သောမနဿဇောစိတ်**

စိတ်နှလုံးရွှင်လန်း ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာခြင်းဟုဆိုအပ်သော သောမနဿဝေဒနာ၌ မိမိ နှစ်သက်သော အဆင်းသဏ္ဌာန်ကို တွေ့ရ မြင်ရ၍ စိတ်ရွှင်ခြင်း သောမနဿဖြစ်သောအခါ၌ ထိုမြင်ရသော အာရုံသည် မျက်စိ၌လည်းကောင်း၊ မနော၌လည်းကောင်း တစ်ပြိုင်နက် တစ်ချက်တည်း ထိခိုက်၏။ လဝန်းသဏ္ဌာန်ကိုမြင်ရာ မျက်စိ၌ လဝန်းသဏ္ဌာန် အရိပ်တစ်ခု၊ မနောနှလုံးအတွင်း၌ လဝန်းသဏ္ဌာန် အရိပ်တစ်ခု တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်၏။ ထိုအခါ နာရီစက်ကို သော့တံဖြင့် နှိုးလိုက်ဘိသကဲ့သို့ ဘဝင်မနော ဆတ်ဆတ် ခါလှုပ်ရှား၍ နှလုံးသွေးအပြင်၌ သောမနဿဇောစိတ်တို့သည် ထောင်းထောင်း ထောင်းထောင်း ဖြစ်ပေါ်ကုန်၏။ ဖွေးခနဲ ဖွေးခနဲ မစဲ ဖြစ်ပေါ်ကုန်၏။

ထိုဇောစိတ်တို့၏ အဟုန်ကြောင့် ထိုပုဂ္ဂိုလ်၏ မျက်နှာမှာ ရွှင်လန်းသော ရုပ်ကလာပ်တို့သည် မျက်နှာနှင့်အပြည့် ခဏချင်း ဖြစ်ပေါ်ကုန်၏။ အနီး၌ရှိ၍ မြင်ကြသော သူတို့က ထိုသူ၏ မျက်နှာရုပ်တို့ကို မြင်ကြသဖြင့် သူ့အကြိုက်ကိုတွေ့၍ သူဝမ်းမြောက်သည်၊ သူ့စိတ်တွေ့သည်၊ သူ့မနောတွေ့သည်၊ သူ့သဘောတွေ့သည်၊ သူ့အလိုတွေ့သည်၊ သူကြိုက်သည်၊ သူနှစ်ခြိုက်သည်ဟု ထိုသောမနဿဇောတွေ ဖြစ်သည်ကို သိကြ၏။ တွေ့ ဟူသော စကားသည် ဖဿဓာတ် တွေ့-ကို ပြောကြသော စကားတည်း။ နှစ်ခြိုက်သည်၊ ရွှင်လန်းသည်၊ ဝမ်းမြောက်သည်၊ ဝမ်းသာသည်ဟူသော စကားစုကား သောမနဿဝေဒနာတွေကို ပြောကြသော စကားတည်း။

**အသိမှောက်မှား** ထိုသို့ ပြောကြသော်လည်း ထိုဇောစိတ်၊ ဇောဖဿ၊ ဇောဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်မှုကိုမူကား မသိကြ မမြင်ကြလေကုန်။ “မိစ္ဆာဝိပလ္လာသ” တရားတို့နှင့်သာ သိကြ မြင်ကြကုန်သည်။ အဘယ်သို့ “မိစ္ဆာဝိပလ္လာသ” တရားတို့နှင့် အမှောက်အမှား သိကြ မြင်ကြကုန်သနည်းဟူမူကား အာဂန္တုဓာတ်သဘာဝကို မခွဲခြမ်းမူ၍ ထိုသူ သိသည်၊ ထိုသူ တွေ့သည်၊ ထိုသူ ဝမ်းမြောက်ဝမ်းသာသည်၊ ထိုသူ ရယ်သည်၊ ပြုံးသည် ဟူ၍ ပုဂ္ဂလ၊ သတ္တ၊ အတ္တအနေနှင့် အမှောက်အမှား သိကြ မြင်ကြကုန်၏။ ပဋိစ္စသမုပ္ပါဒ်သဘောနှင့် သိကြ မြင်ကြသည် မဟုတ်ကုန်။

**ပဋိစ္စသမုပ္ပါဒ်သဘောနှင့် သိမြင်ပုံ** ပဋိစ္စသမုပ္ပါဒ်အချက်နှင့် သိပုံ မြင်ပုံကား - မိမိ နှစ်သက်သော အဆင်းသဏ္ဌာန်ကို မြင်ရ၍ ထိုအဆင်းသဏ္ဌာန်၏ ခိုက်မှုဒဏ်ချက်ကြောင့် ထိုဒဏ်ချက်ကို အစွဲပြု၍ ကောင်းကင်မှ ကျလာသကဲ့သို့ ထိုသူ၏ နှလုံးသွေးအတွင်းမှာ ထိုအဆင်းသဏ္ဌာန်ကိုသိသော မနောဝိညာဏဓာတ်၊ တွေ့ထိသော မနောသမ္ဖဿဓာတ်၊ ခံစား စံစားသော မနောသမ္ဖဿဇာ သောမနဿဝေဒနာဓာတ်တို့သည် ဖြစ်ပေါ်၍ လာကုန်၏။ ထိုဓာတ်တို့၏ အဟုန်ကြောင့် ထိုသူ၏ မျက်နှာတစ်ပြင်လုံးမှာ ရွှင်လန်းသော စိတ္တဇရုပ်သစ် ကလာပ်သစ်တို့သည် ဖြစ်ပေါ်ကုန်၏ဟူ၍ သိခြင်းသည်သာလျှင် ဟုတ်မှန်တိုင်းသော ပဋိစ္စသမုပ္ပါဒ် အချက်နှင့် သိခြင်း မြင်ခြင်း မည်၏။

ပုဂ္ဂလ၊ သတ္တ၊ အတ္တအနေနှင့် သိကြ မြင်ကြရာ၌ ပုဂ္ဂိုလ် သတ္တဝါမည်သည် တစ်သက်လုံးမှာမှ တစ်ယောက်သာ ဖြစ်၏ဟု စွဲလမ်းရင်းတည်း။ ထို့ကြောင့် ထိုသူ သိသည်၊ ထိုသူ စိတ်မှာတွေ့သည်၊ ထိုသူ ဝမ်းသာသည်ဟု သိကြရာမှာ သိ ဟူသော တွေ့ ဟူသော ဝမ်းသာ ဟူသော ဝိညာဏ်၊ ဖဿ၊ သောမနဿတို့ကို ထိုသူပြု၍၊ ထိုသူနှင့် တစ်ခုတည်းပြု၍၊ ထိုသူကဲ့သို့ပင် တစ်သက်လုံးမှာ တစ်ခုတည်း ခိုင်မြဲ၍ ရှိနေကြကုန်သည်ဟု သိမှု မြင်မှုတို့သည်သာတည်း။

ထိုဓာတ်တို့ကား ထိုကဲ့သို့ရှိနေသော ဓာတ်စု မဟုတ်ကုန်။ ယခုမှ ထိုအာရုံ ထိခိုက်မှုကို အစွဲပြု၍ ဖြစ်ပေါ်လာကြကုန်သော ကောင်းကင်ကျ မိုးပေါ်ကျ အာဂန္တု ဓာတ်စုတို့သာတည်း။ ထို့ကြောင့် ထိုအများသူတို့ သိကြ မြင်ကြသောအရာသည် အမှောက်အမှား ဖြစ်ကြလေကုန်သတည်း။

ဤနည်းကိုမှီ၍ မိမိ စိတ်ကြိုက်သော အာရုံဝတ္ထု အမှုအခွင့်ကို မြင်တိုင်း မြင်တိုင်း၊ ကြားတိုင်း ကြားတိုင်း၊ နံတိုင်း နံတိုင်း၊ စားသောက်တိုင်း စားသောက်တိုင်း တို့၌ လည်းကောင်း၊ မိမိ စိတ်ကြိုက်ရာ အာရုံကို ကိုယ်အင်္ဂါနှင့် ခံစားတိုင်း ခံစားတိုင်း ၌လည်းကောင်း၊ မိမိအလိုရှိသော သက်ရှိသက်မဲ့ ပစ္စည်း ဝတ္ထု၊ အခွင့်အရေးတို့ကို အလို ပြည့်စုံစွာ ရတိုင်း ရတိုင်းတို့၌လည်းကောင်း၊ မိမိကို ချီးမွမ်းစကား ကောင်းစကားကို ကြားတိုင်း ကြားတိုင်းတို့၌လည်းကောင်း၊ မိမိအလိုဆန္ဒရှိရာ အမျိုးမျိုးသော အာရုံ ဝတ္ထု အမှုအခွင့်တို့ကို မနောနှင့် ထွေထွေလာလာ ကြံဖန်တိုင်း ကြံဖန်တိုင်းတို့၌ လည်းကောင်း၊ တစ်နေ့ တစ်နေ့ တစ်ရက် တစ်ရက်လျှင် အခါ တစ်သောင်း တစ်သောင်းမက ပြုံးကြ ရယ်ကြ ရွှင်ကြ မြူးကြ ဝမ်းမြောက်ကြ ဝမ်းသာကြရာတို့၌ သူ့အာရုံနှင့် သူ့သောမနဿ၊ သူ့ဝတ္ထု၊ သူ့အမှု၊ သူ့အခွင့်၊ သူ့အရေးနှင့် သူ့သောမနဿ ပဋိစ္စသမုပ္ပါဒ် အမှုတွေကို အကုန် သိလေ မြင်လေ။

သောမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် အချက်ကို ပြဆိုခန်း ပြီး၏။

---------

## ဒေါမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်

နှလုံး မသာခြင်း၊ နှလုံး ပူပန်ခြင်း၊ နှလုံး ဆင်းရဲခြင်း၊ နှလုံး ပင်ပန်းခြင်း၊ နှလုံး ညှိုးနွမ်းခြင်းဟူသော ဒေါမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်မှာ သောမနဿ ဝေဒနာ၌ ပြဆိုခဲ့ပြီးသောအတိုင်း သိလေ မြင်လေ။ မိမိနှစ်သက်သော အာရုံ ဝတ္ထု၊ အမှု အခွင့်၊ အရေးအရာ နေရာမှာ မိမိ မနှစ်သက်သော အာရုံ ဝတ္ထု၊ အမှု အခွင့်၊ အရေး အရာ ဆိုရုံမျှသာ ထူးသည်။

ဒေါမနဿဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပြဆိုခန်း ပြီး၏။

## ဥပေက္ခာဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်

ဥပေက္ခာဝေဒနာမှာ ရှေး၌ပြဆိုခဲ့ပြီးသောအတိုင်း သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿတို့၌ သင့်လျော်ရာသွင်း၍ သိလေ။ အာရုံမှာ စိတ်ရွှင်လောက်သော အာရုံမျိုးလည်း မဟုတ်။ စိတ်ညှိုးနွမ်းလောက်သော အာရုံမျိုးလည်း မဟုတ်။ မဇ္ဈတ္တဖြစ်သော သစ်ပင် ချုံ မြက် တုံးတိုင် အိမ်ရာ ဝင်းခြံမြေအဖို့ ရေအဖို့တို့ကို မစဲမြင်ကြရာ၊ ထိုထို အသံတို့ကို မစဲကြားကြရာ၊ ထိုထိုအနံ့တို့ကို မစဲနံကြရာ စသည်တို့၌ ဥပေက္ခာဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို သိလေ။

ဥပေက္ခာဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပြဆိုခန်းပြီး၏။

ဤတွင် ဝေဒနာငါးပါးတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်

အမြွက်ပြဆိုခန်း ပြီး၏။

---------

## ဝေဒနာ၏ အဿာဒနှင့် အာဒီနဝ

**သာယာမှု မသာယာမှု** ယခုအခါ ဝေဒနာတို့၏ အဿာဒ၊ အာဒီနဝကို ပြဆိုအံ့။ အဿာဒဆိုသည်ကား သာယာမှုတည်း။ အာဒီနဝဆိုသည်ကား မသာယာမှုတည်း။ သာယာမှုဆိုသည်ကား ပီတိသောမနဿ ပွားများမှုတည်း။ မသာယာမှုဆိုသည်ကား ဒုက္ခဒေါမနဿ ပွားများမှုတည်း။

**အဿာဒလောကဓံ** လာဘ၊ အလာဘ၊ ယသ၊ အယသ၊ နိန္ဒာ၊ ပသံသာ၊ သုခ၊ ဒုက္ခ ဟူသော လောကဓံတရား ရှစ်ပါးတို့တွင် လာဘ၊ ယသ၊ ပသံသာ၊ သုခ ဤ ဣဋ္ဌလောကဓံ လေးပါးကား အဿာဒ အဖို့တည်း။

**အာဒီနဝလောကဓံ** အလာဘ၊ အယသ၊ နိန္ဒာ၊ ဒုက္ခ ဤ အနိဋ္ဌလောကဓံ လေးပါးကား အာဒီနဝအဖို့တည်း။

**လောကဓံ ၈-ပါး** လာဘဆိုသည်ကား အလိုရှိသော ဝတ္ထုကို အလိုရှိတိုင်း ရခြင်းတည်း။ အလာဘ ဆိုသည်ကား မရခြင်းတည်း။ ယသ ဆိုသည်ကား အခြံအရံနှင့် ပြည့်စုံခြင်း၊ အကျော်အစော ဂုဏ်သတင်းနှင့် ပြည့်စုံခြင်းတည်း။ အယသ ဆိုသည်ကား အခြံအရံ အကျော်အစောနှင့် မပြည့်စုံခြင်းတည်း။ နိန္ဒာ ဆိုသည်ကား ကဲ့ရဲ့ပြစ်တင် ပြောမှုကို ခံရခြင်းတည်း။ ပသံသာ ဆိုသည်ကား အချီးအမွမ်းကို ခံရခြင်းတည်း။ သုခ ဆိုသည်ကား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတည်း။ ဒုက္ခ ဆိုသည်ကား ကိုယ်စိတ်ဆင်းရဲခြင်းတည်း။ လောကဓံ ရှစ်ပါးသရုပ်။

**လောကဓံနှင့် တွေ့ကြုံမြဲ** မိုးဦး လေဦးကျသော ကဆုန် နယုန်လရာသီတို့၌ လွင်တီးခေါင်မှာ နေသောသူအား တစ်ထိုင်တွင်းမှာပင် အရှေ့လေ တိုက်တဲ့ချည်၊ အနောက်လေ တိုက်တဲ့ချည်၊ တောင်လေ တိုက်တဲ့ချည်၊ မြောက်လေ တိုက်တဲ့ချည် လေအမျိုးမျိုး တိုက်သည်ကို ခံနေရသကဲ့သို့ တေဘူမက လောက၌ နေကြရကုန်သော သတ္တဝါတို့မှာ တစ်ထိုင်တွင်းမှာပင် ထိုဣဋ္ဌလောကဓံ အနိဋ္ဌလောကဓံ လေကောင်း လေဆိုးတို့သည် အမျိုးမျိုး တိုက်ဇော့ တွေ့ကြုံကြမြဲ ဓမ္မတာ ဖြစ်ကုန်၏။

ထိုရှစ်ပါးတို့တွင် ဣဋ္ဌလောကဓံ လေကောင်းတို့နှင့် တွေ့ကြုံခိုက်မှာ သုခဝေဒနာ သောမနဿဝေဒနာတို့ ဖြစ်ပေါ်ကုန်၏။ အနိဋ္ဌလောကဓံ လေဆိုးတို့နှင့် တွေ့ကြုံခိုက်မှာ ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာတို့ ဖြစ်ပေါ်ကုန်၏။

သုခ၊ သောမနဿတို့မှာ ဖြစ်ပေါ်ရှိနေဆဲအခါတို့၌ အဿာဒဖြစ်ရ၏။ ပီတိ၊ သောမနဿ ဖြစ်ရ၏ ဆိုလိုသည်။ ထိုသုခ၊ သောမနဿတို့ ချုပ်ကွယ် ပျက်ဆုံးသောအခါတို့၌ အာဒီနဝ ဖြစ်ရ၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဖြစ်ရ၏ ဆိုလိုသည်။

ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာတို့မှာ ဖြစ်ပေါ်ရှိနေဆဲ အခါတို့၌ အာဒီနဝ ဖြစ်ရ၏။ သောက၊ ပရိဒေဝ စသည်ဖြစ်ရ၏ ဆိုလိုသည်။ ထိုဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာတို့ ချုပ်ကွယ် ပျောက်ငြိမ်းသောအခါတို့၌ အဿာဒ ဖြစ်ရ၏။ ပီတိ၊ သောမနဿ ဖြစ်ရ၏ ဆိုလိုသည်။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ရှိကြသော လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟူသမျှတို့သည် တည်ရှိ၍နေဆဲအခါ ရှေ့အဖို့၌ အဿာဒဖြစ်ရ၏။ အဆုံး၌ကား အာဒီနဝ ချုပ်အုပ်၏။ ပျက်စီးရဦးမည် ဧကန္တ ဆိုလိုသည်။

အပါယ်ဘုံသားတို့မှာ ရှေးအဖို့၌ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော အာဒီနဝ တည်ရှိ၏။ အဆုံး၌ အပါယ်ဘုံမှ ကျွတ်လွတ်မှုဟူသော အဿာဒ ချုပ်အုပ်၏။

**ရှေ့နောက် အာဒီနဝ ညှပ်လျက်ရှိခြင်း** တစ်ခု တစ်ခုသော အဿာဒမှာ ရှေ့အဖို့ နောက်အဖို့၌ အာဒီနဝ နှစ်ချက် နှစ်ချက် ညှပ်လျက် ရှိနေမြဲ ဓမ္မတာဖြစ်၏။ အဘယ်သို့ ညှပ်သနည်းဟူမူ ဗြဟ္မာ့ ချမ်းသာ ဟူသော အဿာဒတစ်ခုမှာ ရှေးဘဝ၌ ထိုအဿာဒကို ရလို၍ ဈာန်တရားကို ပွားများအားထုတ်ရခြင်း တည်းဟူသော သင်္ခါရဒုက္ခ၊ ရပြီးသော ဈာန်တရားကို သေသည့် တိုင်အောင် စောင့်ထိန်းရခြင်းတည်းဟူသော သင်္ခါရဒုက္ခ။ ဤ ဒုက္ခကြီး နှစ်ပါးသည် ဗြဟ္မာချမ်းသာမှာ ရှေ့အဖို့၌ ညှပ်သော အာဒီနဝကြီးတည်း။ ဗြဟ္မာ့ ချမ်းသာကို ရပြီးသောအခါ သေဆုံးပျောက်ကွယ်ရသော ဒုက္ခသည်ကား ဗြဟ္မာချမ်းသာမှာ နောက်အဖို့၌ ညှပ်သော အာဒီနဝ

ကြီးတည်း။ ဗြဟ္မာဖြစ်လိုသော သူတို့ကို ထိုအာဒီနဝ ဒုက္ခ ကြီးနှစ်ပါးသည် သံတောင်ကြီး နှစ်လုံးနှင့် ကြိတ်ညှပ်သကဲ့သို့ အမြဲ ကြိတ်ညှပ်၏။ နှိပ်စက်ညှဉ်းပန်း၏။ လူ့ချမ်းသာ နတ်ချမ်းသာတို့မှာလည်း ရှေးရှေးဘဝတို့၌ တင်ကူး၍ ပုညကြိယာဝတ္ထုကို အားထုတ်မှုဟူသော သင်္ခါရဒုက္ခသည် ရှေ့အဖို့မှ ညှပ်သော အာဒီနဝတည်း။ ရပြီးသော လူ့ဘဝ နတ်ဘဝတို့၏ အနိစ္စရောက်မှု သေဆုံးပျက်ပြားမှုသည် နောက်အဖို့မှ ညှပ်သော အာဒီနဝ တည်း။

**ရှေ့နောက်**
**ဒုက္ခနှိပ်စက်ပုံ**

လူ့ဘဝ၌ ထိုထိုပစ္စည်းဥစ္စာကို ရလို၍ ထိုထို ကုန်သွယ်မှု လယ်လုပ်မှု စသည်ကို လုပ်ဆောင် ကြရသော ဒုက္ခသည် ပစ္စည်းဥစ္စာ ရှာမှီးသောသူ၏ ရှေ့အဖို့၌ ညှပ်သော အာဒီနဝ ဒုက္ခတည်း။ ထိုဒုက္ခကို ခံနိုင်၍ ရရှိလာသော ပစ္စည်းဥစ္စာ ချမ်းသာသုခမည်သည် အနိစ္စ ဓမ္မမျိုး ဖြစ်ခဲ့၍ ကုန်ဆုံးမှုဒုက္ခသည် နောက်အဖို့၌ ညှပ်သော အာဒီနဝ ဒုက္ခတည်း။

ထမင်းစားမှုသည် အဿာဒသုခတည်း။ ထမင်းချက်မှုဒုက္ခသည် ရှေ့အဖို့၌ ညှပ်သော အာဒီနဝတည်း။ ထမင်း ခံတွင်း၌ သွင်း၍ ဝါးလေရာ ခွေးအန်ဖတ်ကဲ့သို့ စက်ဆုပ်ဖွယ်ဖြစ်သည်မှစ၍ ကျင်ကြီးကိစ္စ၊ ကျင်ငယ်ကိစ္စ၊ နှပ်တံထွေး မျက်ချေး ချေးညှော်ကိစ္စ၊ ထို ထမင်းဘောဇဉ်ကြောင့် ဖြစ်ပွားသော ညောင်းမှု ညာမှု ရောဂါမှု ကိစ္စစုသည် နောက်အဖို့၌ညှပ်သော အာဒီနဝ ဒုက္ခတည်း။

သားမယားနှင့် ခံစား စံစားမှုသည် သားမယား၏ အဿာဒသုခတည်း။ ထို သားမယားကို မွေးမြူရန် ပစ္စည်းဥစ္စာ ရှာဖွေအားထုတ်မှု ထိန်းသိမ်းစောင့်ရှောက်မှု ဒုက္ခ၊ သားမယား အိမ်ရာရှိနေသည့်အတွက် မင်းမှု စိုးမှု ရပ်မှု ရွာမှုတို့နှင့် တွေ့ကြုံရ ကြောင့်ကြစိုက်ရသောဒုက္ခ၊ သားမယားကြောင့် နှလုံးမချမ်းသာ စိုးရိမ်ရ ကြောင့်ကြရသောဒုက္ခ၊ မိမိစကားကို နားမထောင်သော မိမိအလိုကို မသိတတ်သော သားမယား ဖြစ်၍ နှလုံးဆင်းရဲသောဒုက္ခ၊ သားမယား မကျန်းမမာရှိ၍ သေဆုံး၍ တွေ့ကြုံရသော ဒုက္ခ၊ သားမယားရှိနေသည့်အတွက် ကိလေသာပွားမှု ဒုစရိုက်ပွားမှု အပါယ်ငရဲသို့ကျမှု ဒုက္ခစုသည် သားမယား၏ အာဒီနဝဒုက္ခစုချည်းတည်း။

**ကမ္ဘာ၏ အဿာဒ**
**အာဒီနဝစသည်**

ထိုထိုကမ္ဘာ၌ ဖြစ်ကြသော လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာစု နှင့်တကွ ကမ္ဘာ စဉ်ဆက်အားဖြင့်လည်းကောင်း၊ ယခုကမ္ဘာ၌ အန္တရကပ် အစဉ်အားဖြင့်လည်းကောင်း၊ ဤ ယခု အန္တရကပ်၌ မဟာသမ္မတစသော မင်းစဉ် မင်းဆက်အားဖြင့်လည်းကောင်း၊ အနမတဂ္ဂသံသရာ၌ ပွင့်တော်မူကြ ကျွတ်လွတ်တော်မူကြသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့၏ အစဉ်အားဖြင့်လည်းကောင်း၊ အဿာဒ အာဒီနဝကို ပြဆိုဦးအံ့။

အနမတဂ္ဂသံသရာ၌ ဗြဟ္မာ့ပြည် နတ်ပြည် လူ့ပြည် မြင်းမိုရ် စကြဝဠာ မဟာပထဝီမြေကြီးနှင့်တကွ ဖြစ်ပေါ်သည်ကား ကမ္ဘာ၏ အဿာဒတည်း။ ဖြစ်ပေါ်သမျှ

အလုံးစုံသည် မြူမှုန့်မကျန် ပျက်ဆုံးကွယ်ပျောက်သည်ကား ကမ္ဘာ၏ အာဒီနဝတည်း။ ထိုထို ကမ္ဘာ၌ရှိကြသော လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာ၊ မြင်းမိုရ် စကြဝဠာ မဟာပထဝီ မြေကြီးနှင့်တကွ ပျက်ဆုံး ပျောက်ကွယ်ခဲ့သော ကမ္ဘာကြီးပေါင်း အနန္တအနမတဂ္ဂ ရှိခဲ့ပြီ။

ယခု ကမ္ဘာ၌ အန္တရကပ်ပေါင်း ၆၄–ကပ် ရှိသည်တွင် လွန်ခဲ့ပြီးသော အန္တရကပ်စုသည် ထိုကပ်မှာ မြေ ရေ ကောင်းကင် အပြည့်ရှိနေသော လူ နတ် ဗြဟ္မာ သတ္တဝါ ခန္ဓာအစုနှင့်တကွ အကုန် ပျက်ဆုံးကွယ်ပျောက်လေ၏။ ယခု ရောက်ဆဲဖြစ်သော အန္တရကပ်မှာလည်း မဟာသမ္မတမင်းကြီးမှစ၍ လေးကျွန်းသေဌ်နင်း စကြာမင်းအပေါင်း အစဉ်အဆက်များစွာ၊ ဧကရာဇ် မင်းပေါင်းအနန္တ၊ ပဒေသရာဇ်မင်းပေါင်း အနန္တ၊ ထိုထို စကြာမင်း ဧကရာဇ်မင်း ပဒေသရာဇ်မင်းတို့လက်ထက်မှာ ဇမ္ဗူဒီပါမြေနှင့် အပြည့်ရှိခဲ့ ကြသော မြို့ကြီးမြို့ငယ် ရွာကြီးရွာငယ်၊ ထိုထို မြို့ရွာနှင့် အပြည့်ရှိနေကြသော လူ့ ခန္ဓာ အနန္တစုသည် ယခု အဏုမြူမျှ မရှိကြလေပြီ။ ရှိကြဆဲအခါ အဿာဒ။ ပျောက်ကွယ် မှုကား အာဒီနဝ။

အနမတဂ္ဂသံသရာ၌ ပွင့်တော်မူကြသော ဘုရားအပေါင်းလည်း အနမတဂ္ဂ၊ ပစ္စေကဗုဒ္ဓါပေါင်း အနမတဂ္ဂ၊ သာဝကပေါင်း အနမတဂ္ဂ။ ထိုအလုံးစုံ၌လည်း ထင်ရှား ဆဲအခါ၌ အဿာဒ။ ပျောက်ဆုံးမှုကား အာဒီနဝ။

တဏှင်္ကရာ မြတ်စွာဘုရားမှစ၍ ငါတို့သခင် အရှင်ဂေါတမ ဘုရားတိုင် အောင် ၂၇–ဆူတို့မှာ ကျမ်းဂန်ရှိပေ၍ နာမည်ပညတ်မျှ ရှိသေး၏။ ခန္ဓာတော်တို့ကား မရှိပြီ။ အာဒီနဝ မီးလောင်၍ ကွယ်ဆုံးကြလေပြီ။

တဏှင်္ကရာဘုရားမှ ရှေး၌ ပွင့်တော်မူကြကုန်သော အသင်္ချေယျ အနန္တ အနမတဂ္ဂ ဘုရားသခင်တို့မူကား နာမည်ပညတ်မျှ အကြွင်းအကျန်မရှိ ပျောက်ဆုံးကြ လေကုန်ပြီ။ ကမ္ဘာတွေ အနမတဂ္ဂ၊ ထိုထိုကမ္ဘာတို့၌ ရှိကြသော ခန္ဓာတွေ အနမတဂ္ဂ၊ ဘုရား တွေ အနမတဂ္ဂ၊ ပစ္စေကဗုဒ္ဓါ သာဝကတွေ အနမတဂ္ဂ ပျက်ဆုံးကွယ်ပျောက်၍ ကုန်ကြ ပုံကို မြော်မြင်ကြသဖြင့် အာဒီနဝဟူသော ဝိပတ္တိမီးသည် အဘယ်မျှလောက် ကြီးကျယ် သည်ဟု မြော်မြင်နိုင်ရာလေသတည်း။

**အဿာဒမက်လျှင် အာဒီနဝ နိပ်စက်ခံရမြဲ**

ထိုအဿာဒ အာဒီနဝ ၂–ပါးတို့တွင် အဿာဒသည် သတ္တဝါတို့ကို အမိဖမ်း၍ ချည်တုပ်နှောင်ဖွဲ့သမားတည်း။ အာဒီနဝသည် သတ်ပုတ် ရိုက်နက် နိပ်စက် ညှဥ်းပန်း သမားတည်း။ ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာမှ မလွတ်နိုင်အောင် အဿာဒ တရားက ချည်တုပ်နှောင်ဖွဲ့၏။ အာဒီနဝက နိပ်စက်၏၊ အဿာဒကို မက်သောကြောင့် အာဒီနဝ အနိပ်စက်ကို ငုတ်တုတ်ခံနေကြ၏။

**သူသတ်ယောကျ်ား ဥပမာ**

ဥပမာကား – သူသတ်ယောကျ်ားကြီး ၂–ယောက် ရှိသတတ်။ လူသတ္တဝါ အနန္တ ဆံ့လောက်အောင် ဝင်းခြံကြီး ၃–ခု တိုက်ကြီး ၃–လုံးတည်၍ ထိုတိုက်ကြီးတို့၏ ရှေ့ဘေးမှာ အလွန်ပျော်မွေ့ဖွယ်သော ဥယျာဉ်ပန်းမန် ဘုံဗိမာန်တွေ များစွာလုပ်၍ ထား၏။ အလွန်ကောင်းမွန်သော အဝတ်ကာမဂုဏ်၊ အစားကာမဂုဏ်၊ ယောကျ်ားမိန်းမကာမဂုဏ်၊ ပွဲလမ်းသဘင်ကာမဂုဏ်၊ သေရည် သေရက် သောက်ဖွယ် စားဖွယ် ကစားမြူးတူးဖွယ် ကာမဂုဏ်တို့ကို စုံလှအောင် ခင်းကျင်း၍ထား၏။ လာလာသမျှ လူအပေါင်းတို့ကို အလိုရှိတိုင်း ခံစား စံစားစေ၏။ အရပ်ရှစ်မျက်နှာတို့ကိုလည်း အနံ့အပြား ကြော်ငြာစာလွှင့်၏။ ထိုအဝတ်အစား စသည်တို့၏ အတွင်းမှာ မူးယစ်မေ့လျော့စေနိုင်သော အဆိပ်အခိုးအထုံတို့ကို ထည့်သွင်း၍ ထား၏။ ထိုအခိုးအထုံတို့ကိုပင် သတ္တဝါတို့သည် အလွန်နှစ်သက်ကြကုန်၏။ ။ ဤကား တိုက်ကြီး ၃–တိုက်တို့၏ ရှေ့ဘက် ရှေ့ဘေး အခြင်းအရာတည်း။

ထိုတိုက်ကြီး ၃–တိုက်တို့၏ နောက်ဘက် နောက်ဖေး၌ကား ကြီးကျယ်လှစွာသော သတ်ခန်း ပုတ်ခန်း ရိုက်ခန်း နှက်ခန်း မီးနှင့်တိုက်ခန်း မီးကျီးတွင်း မစင်တွင်းတွေ အနန္တပြုလုပ်၍ ထား၏။ လူကို အရှင်လတ်လတ်စားသော ခွေး ကျီး လင်းတတွေ အပြည့်ရှိ၏။ လူအနန္တဆံ့၏။ ဘယ်မျှလောက် ဝင်လာသော်လည်း လူပြည့်သည်ဟူ၍ မရှိ။ ဤကား တိုက်ကြီး ၃–ခု၏ နောက်ဘက် နောက်ဘေးကြီး ၃–ခုတည်း။

ထို သူသတ်ယောကျ်ားကြီး နှစ်ယောက်တွင် တစ်ယောက်သော သူသတ်ယောကျ်ားကြီးသည် များလှစွာသော တပည့်လက်သားတို့နှင့်တကွ တိုက်ကြီးသုံးခု၏ ရှေ့ဘေး ရှေ့ဥပစာ၌ နေ၍ မြေပေါ်ရှိ သတ္တဝါတို့ကို ပြဆိုခဲ့ပြီးသော ကာမဂုဏ်တို့နှင့် ဖြားယောင်းဖွဲ့နှောင်၏။ ထိုကာမဂုဏ်တို့ကို သုံးဆောင်ကြ၍ မေ့လျော့ မူးယစ်၍ နေသူအပေါင်းတို့ကို တစ်ရာလုံး တစ်ထောင်လုံး ယူငင်၍ နောက်ဖေးသို့ သွင်းလိုက်၏။ တစ်ယောက်သော သူသတ်ယောကျ်ားသည်ကား တပည့်တပန်းများစွာနှင့် နောက်ဘေး နောက်ဥပစာ၌နေ၍ နောက်ဘေးသို့ ရောက်လာသမျှသော တစ်ရာလုံး တစ်ထောင်လုံး တစ်သောင်းလုံးတို့ကို သတ်၏။ ခြေကို ဖြတ်၏၊ လက်ကို ဖြတ်၏၊ ဦးခေါင်းကို ဖြတ်၏၊ မျက်လုံးကို ဖောက်၏၊ နား နှာခေါင်းကို ဖြတ်၏၊ လျှာကို ဖြတ်၏၊ မီးနှင့် တိုက်၏၊ မီးကျီးတွင်းသို့ ပစ်ချ၏၊ မစင်တွင်းသို့ ပစ်ချ၏၊ ခွေး ကျီး လင်းတတို့ကို အရှင် လတ်လတ် စားစေ၏။ ။ ကမ္ဘာတန်ဆာ မဟာတိုက်ကြီး သုံးခုတည်း။

**ရှေ့ဘေး နောက်ဘေး**

ရှေ့ဘေးသို့ ရောက်ပြီးသောသူတို့သည် အလွန်ပျော်မွေ့ကြကုန်၏။ တစ်နေ့ တစ်နေ့ တစ်သုတ် တစ်သုတ်လျှင် တစ်ရာလုံး၊ တစ်ထောင်လုံး၊ တစ်သောင်းလုံး ပျောက်ကွယ်၍ သွားသည်ကိုလည်း

ထိုထိုနေရာဌာနမှာ ခံစား စံစား ပျော်ပါး၍ နေကြသည်ဟု ထင်ကြ၏။ အလွန်ဝေးလှစွာသော အရပ်ရှစ်မျက်နှာတို့ကပင် စရိတ်ကြေးငွေ များစွာ အကုန်ခံ၍ လာကြ ရောက်ကြ၏။ လာသမျှ ရောက်သမျှသည် တစ်ယောက်မှ မလွတ်ရ။ နောက်ဘေးသို့ချည်း ရောက်ကြရ၏။

လူ့ဘုံ နတ်လုံ ဗြဟ္မာ့ဘုံသည် ဝိုက်ကြီး သုံးခု၏ ရှေ့ဘေးမည်၏။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ခေါ်ရသော သုခဝေဒနာစုသည် ရှေ့ဘေး၌လုပ်သော သူသတ်ယောကျ်ားကြီးမည်၏။ ကိလေသာစုသည် အဆိပ်အခိုး အထုံစု မည်၏။ အပါယ်လေးဘုံသည် နောက်ဘေးကြီး သုံးခုမည်၏။ အပါယ်၌ရှိသော အာဒီနဝဒုက္ခသည် နောက်ဘေး၌လုပ်သော သူသတ်ယောကျ်ားကြီးမည်၏။ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာကို ရရှိခံစား၍ နေကြသော သူတို့သည် ရှေ့ဘေး၌ လာရောက်ခံစား စံစား၍နေကြသော သူတို့မည်ကုန်၏။ လူ့ ကိလေသာ၊ နတ် ကိလေသာ၊ ဗြဟ္မာ့ ကိလေသာစုသည် အဆိပ် အခိုး အထုံစု မည်၏။ စတုမဟာရာဇ် နတ်ချမ်းသာ၊ တာဝတိံသာ နတ်ချမ်းသာ အစရှိသည်တို့ကို လိုလားတောင့်တ၍ ဒါနပြုသူ သီလ သီတင်း ကျင့်သုံးသူ ထိုထို ကုသိုလ်ကောင်းမှုကို ပြုကြသူတို့ကား သတင်းကြားသိ၍ စရိတ်ကြေးငွေ အကုန်ခံ၍ တိုက်ကြီးသို့ လာကြသော သူတို့မည် ကုန်၏။ အကြွင်း ဥပမာ ဥပမေယျ သိသာပြီ။

လူ့ဘုံမှလည်း အပါယ်သို့ ကျရောက်နိုင်သောကြောင့် လူ့ဘုံမှာလည်း အပါယ်နောက်ဘေးကြီးတစ်ခု ထားလေ။ နတ်ဘုံမှာလည်း အပါယ်သို့ ကျရောက်နိုင်သောကြောင့် နတ်ပြည် ၆-ထပ် နတ်ဘုံမှာလည်း အပါယ်နောက်ဘေး အသီးအသီးထား၍ သိလေ။ ဗြဟ္မာ့ဘုံမှာလည်း အပါယ်သို့ ကျရောက်နိုင်သောကြောင့် ဗြဟ္မာ့ဘုံမှာလည်း အပါယ်နောက်ဘေး အသီးအသီး ထား၍ သိလေ။ ဤသည်လည်း ဥပမာ တစ်ပုံတည်း။

ငါးမျှားဥပမာ

တဏှာနှင့်တကွသော အဿာဒသည် အလွန်မြဲမြံထက်သော ငါးမျှားချိတ်နှင့်တကွသော သားတစ်ခဲတွေနှင့် တူ၏။ အာဒီနဝသည် သားတစ်ကို မျို၍ အသည်းနှလုံးမှာ ငါးမျှားချိတ်စူးငြိ၍ အသီးသီး ကြိုးကြီးတန်းလန်းနှင့် ငါးမျှားတိုင် အနီးအပါးတွင် တလောက်လက်လက်နေကြသော ငါးတွေကို ကြိုးမှ ကိုင်ဆွဲ၍ ဖမ်းယူပြီးလျှင် အတွင်းသတ်သော တံငါသူကြီးနှင့် တူ၏။

ဘုံသုံးပါးသည် ငါးတွေပြည့်သော အင်းကြီး သုံးအင်းနှင့် တူ၏။

ဘုံဗိမာန် သားမယား စည်းစိမ်ချမ်းသာစုသည် အင်းကြီး သုံးအင်းအပြင်မှာ အပြည့် စိုက်ထားသော ငါးမျှားတိုင်ကြီးတွေနှင့် တူ၏။

လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် သားတစ်ကို မျိုကြ၍ အသည်းနှလုံးမှာ ငါးမျှားချိတ် စူးမြုပ်လျက် ကြိုးကြီးတန်းလန်းနှင့် တိုင်နားမှာ တဝဲလည်လည် နေကြ

သော ငါးတွေနှင့် တူကုန်၏။ အပါယ်လေးဘုံသည် ထိုငါးတို့ကို သတ်ရာ ဖြတ်ရာ တံငါသူကြီး ဝင်းခြံနှင့် တူ၏။ ဤသည်လည်း ဥပမာ တစ်နည်းတည်း။

**ဝဠ္ဍနာစွဲကပ်သူ ဥပမာ**

တစ်နည်းသော်ကား – တဏှာကြောင့် ဝေဒနာကို ခံစားရသည်၊ ဝေဒနာကြောင့် တဏှာ တိုးပွားရသည်၌ ဥပမာ ဆိုဦးအံ့။ တစ်ယောက်သောသူမှာ အလွန် ဆန်းကြယ်စွာသော ဝဠ္ဍနာရောဂါ စွဲကပ် သတတ်။ ထိုသူသည် တစ်ကိုယ်လုံးမှာ အလွန် ယားယံသော အနာစွဲကပ်၍နေ၏။ မိမိလက်နှင့် အယားဖျောက်သော်လည်း မငြိမ်းနိုင်။ သူတစ်ပါးတို့ ဝိုင်း၍ဖျောက်မှ နေနိုင်၏။ အယားပျောက်ငြိမ်းအောင် ပွတ်၍ သပ်၍နေလျှင် အလွန် ကောင်းသော အရသာကြီး ဖြစ်ပွား၍နေ၏။ ပွတ်မည့်သူ သပ်မည့်သူ မရှိပြန်လျှင် အလွန် ယားယံမြဲ ယားယံပြန်၏။ လူသူမရှိလျှင် ပွတ်သပ်ရန် တိုင်ရှိရာသို့ ပြေးရ၏၊ တုံးရှိရာသို့ ပြေးရ၏။ နံရံရှိရာသို့ ပြေးရ၏။ ပွတ်ပြန် သပ်ပြန်လျှင် ပွတ်ရာ သပ်ရာဌာနမှာ သွေးပုပ် ပြည်ပုပ် ပွားစီးပြန်၍ ငန်းမန်း ပွားစီးပြန်၏။

လူ နတ်တို့၏ စိတ်သန္တာန်မှာ ရှိနေကြသော တဏှာရာဂသည် ထိုဝဠ္ဍနာကြီး နှင့် တူ၏။ ထိုအနာ ငန်းထ၍ ယားတိုင်း ယားတိုင်း ပွတ်သပ်မည့်သူကို ချဉ်းကပ်ရ သကဲ့သို့ တုံးနား၊ တိုင်နား၊ နံရံနားသို့ ချဉ်းကပ်ရသကဲ့သို့ အဆင်းသဏ္ဌာန်ကို သာယာ သော ရူပတဏှာသည် သတ္တဝါတို့၏ စိတ်ကို အယားတိုက်၏။ စိတ်သည် မနေနိုင် မထိုင်နိုင် တရွရွ ယားယံ၏။ အဆင်းသဏ္ဌာန်ရှိရာသို့ ကပ်ရ၏။ စက္ခုဩ အဆင်း သဏ္ဌာန်ရှိသော ဝတ္ထုဖြင့် ပွတ်၍ သပ်၍ ပေးသောအခါ ချမ်းသာသော၊ အရသာကောင်း သော သုခ သောမနဿဝေဒနာ ဖြစ်ပေါ်၏။ ထိုဝေဒနာကို သာယာခံစားသော ရူပ တဏှာသာယာ၍ ငန်းမန်း ထပြန်၏။

သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့၌လည်း ဤနည်းတူ သိလေ။

**ဓမ္မတဏှာ**

ဓမ္မတဏှာဆိုသည်ကား ထိုတဏှာနှင့် ခံစားပြီးနောက် ထိုတဏှာ ထိုဝေဒနာတို့ကိုပင် အမှတ်ရ၍ အမှတ်ရ၍ သာယာပြန်သော တဏှာ သည်လည်းကောင်း၊ ထိုမှတစ်ပါး လောကဂုဏ်ကျက်သရေကို သာယာသော တဏှာ၊ မိမိ၏ ဒါနဂုဏ်ကို သာယာသော တဏှာ၊ သီလဂုဏ်ကို သာယာသော တဏှာ၊ ဘာဝနာ ဂုဏ်ကို သာယာသော တဏှာ၊ ပရိယတ်ဂုဏ်ကို သာယာသော တဏှာ၊ သဒ္ဓါကို သာယာ သော တဏှာ၊ ပညာကို သာယာသော တဏှာ၊ မိမိပြုသော ဒုစရိုက်မှုကို သာယာသော တဏှာ၊ သုစရိုက်မှုကို သာယာသော တဏှာ စသည်သည် ဓမ္မတဏှာ မည်၏။

လူပြည် နတ်ပြည်တို့သည် ကာမဘုံဖြစ်၍ ကာမတဏှာ ငန်းမန်းထကြွသဖြင့် စိတ်ယားယံတိုင်း ယားယံတိုင်း ကာမဝတ္ထုသို့ ချဉ်းကပ်ကြရကုန်၏။ ကာမဝတ္ထု

အမျိုးမျိုးတို့ကို လက်ရှိမကွာ သိမ်းပိုက်၍ ထားကြရကုန်၏။ ကာမဝတ္ထုတို့ကို မလွှတ်နိုင်ကြကုန်။ မလွှတ်နိုင်ကြကုန်သည့်အတွက် ဒုက္ခအမျိုးမျိုး ပွားများ၏။ ကိလေသာအမျိုးမျိုး ပွားများ၏။ ဒုစရိုက်အမျိုးမျိုး ပွားများ၏။ အပါယဒုက္ခ အမျိုးမျိုး ပွားများ၍ နေကြကုန်၏။ တဏှာ ဝေဒနာ ကာမဝတ္ထုစုသည် အဿာဒတည်း။ ဒုက္ခအမျိုးမျိုး စသည်သည် အာဒီနဝတည်း။

ဤတွင်ရွေ့ကား ဝေဒနာ၏ အဿာဒ၊ အာဒီနဝကို ပြဆိုခန်း ပြီး၏။

**အမှာ** – ဝေဒနာ၏ ပဋိစ္စသမုပ္ပါဒ် အခြင်းအရာကို ပြဆိုမှုသည် အနိစ္စအချက် အနတ္တအချက်တို့၌ လွန်စွာ ကျေးဇူးပြုလတ္တံ့။ အဿာဒ၊ အာဒီနဝကို ပြဆိုမှုသည် ဒုက္ခအချက်၌ လွန်စွာ ကျေးဇူးပြုလတ္တံ့။

အဿာဒ၊ အာဒီနဝ ပြီး၏။

--------

# ဝေဒနာ ငါးပါးတို့၏ ဒုက္ခသစ္စာ အခြင်းအရာ

ဝေဒနာတို့၏ ဒုက္ခသစ္စာ အခြင်းအရာကို ပြဆိုအံ့။

သစ္စာဆိုသည်ကား မှချဧကန် မချွတ်မှန်သည်ကို ဆိုသတည်း။ ထို့ကြောင့် ဝေဒနာ ငါးပါးလုံးသည် ဒုက္ခဧကန် မချွတ်မှန်၏ဟု ဆိုလိုသည်။

**စောဒနာ** ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာတို့သည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခချည်းဖြစ်ကြ၍ ဒုက္ခဧကန် မချွတ်မှန်၏၊ ဒုက္ခသစ္စာဖြစ်၏ဟု ဆိုတန်စေ။ သုခဝေဒနာ၊ သောမနဿဝေဒနာတို့သည် အဘယ်သို့ ဒုက္ခဧကန် မချွတ်မှန် ဟုတ်နိုင်ကုန်အံ့နည်း။ ဒုက္ခဧကန် မချွတ်အမှန် ဖြစ်ခဲ့သည်ရှိသော် သုခသဒ္ဒါ သောမနဿသဒ္ဒါတို့နှင့် သုခဝေဒနာ သောမနဿဝေဒနာဟူသော အဘိဓမ္မာဒေသနာဝေါဟာရသည် ပျက်ရာသည်မဟုတ်လောဟု စောဒနာရန် ရှိ၏။

**သောဒနာ** အဖြေကား အဘိဓမ္မာဝေဒနာတိက်မှ ထွက်သော လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟူ၍ ဆိုအပ်သော ကာယိကသုခ၊ စေတသိကသုခခေါ်သော သုခသည်ကား ခံစားခြင်း အနုဘဝနရသ အထူးအပြားကို ထောက်၍ အခိုက်အတန့်အားဖြင့် ထင်ရှားရှိသော အမှုမျှကိုဆိုသော သုခသာတည်း။ အချင်းခပ်သိမ်း ဒုက္ခငြိမ်းသည်ကို ဆိုလိုသော သုခမဟုတ်။

**ခံစားခြင်း ၃–မျိုး** ထိုစကားမှန်၏။ ခံစားခြင်း အနုဘဝနရသသည် သာယာသော ခံစားခြင်းရသ၊ မသာယာသော ခံစားခြင်းရသ၊ သာယာသည်လည်း မဟုတ်၊ မသာယာသည်လည်း မဟုတ်သော ခံစားခြင်းရသဟူ၍

သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် မသာယာသော ခံစားခြင်းရသကို ဒုက္ခဆိုသည်။ သာယာသော ခံစားခြင်းရသကို သုခဆိုသည်။ သာယာသည်လည်း မဟုတ်၊ မသာယာသည်လည်း မဟုတ်သော ခံစားခြင်းရသကို အဒုက္ခမသုခဆိုသည်။

ဤသို့ ခံစားခြင်း သုံးမျိုး ထင်ရှားရှိသည်ဖြစ်၍ ဒုက္ခရသ အဒုက္ခမသုခရသ နှစ်ပါးတို့မှ တစ်မျိုးဖြစ်သော သာယာသဖြင့် ခံစားခြင်းရသကို သုခဟူ၍ ဆိုသည်။ ထိုသုခမှာ အချင်းခပ်သိမ်း ဒုက္ခငြိမ်းသောကြောင့် သုခဆိုသည် မဟုတ်။ ထိုသုခမှာ ဒုက္ခအနန္တရောလျက် ရံလျက်ရှိ၏။ ထို့ကြောင့် ထိုသုခသည် သစ္စာဒေသနာတော် အလိုအားဖြင့် သုခမှန်၊ သုခစစ် မဟုတ်။ ထို သုခသည် ဒုက္ခသာ အမှန်အစစ် ဖြစ်သတည်း။

**သုခမှန် သုခစစ်**

သုခမှန် သုခစစ် ဆိုသည်ကား ခံစားခြင်း ရှိသည် မရှိသည် ပမာနမဟုတ်။ ဒုက္ခခပ်သိမ်း ငြိမ်းမှုသည်သာ ပမာန ဖြစ်သတည်း။ ထိုငြိမ်းမှုဟုဆိုအပ်သော သန္တိသဘောကိုသာ သုခမှန် သုခစစ် ဆိုလိုသတည်း။

**ခံစားခြင်းသုခသည် ဒုက္ခသာ**

ဤသန္တိသုခကို ထောက်သည်ရှိသော် ယခင် ခံစားခြင်းဟု ဆိုအပ်သော ဝေဒနာတိက်သုခသည် ဒုက္ခအနန္တနှင့် ရောလျက် ရံလျက် ရှိနေသောကြောင့် သုခမဟုတ်၊ ဒုက္ခသာ အမှန်ဖြစ်သတည်း။

**ခံစားခြင်း သုခမှာ ဒုက္ခရောယှက်နေပုံ**

အဘယ်သို့လျှင် ထိုသုခမှာ ဒုက္ခအနန္တ ရောလျက် ရံလျက် ရှိနေသနည်းဟူမူကား လူ့ချမ်းသာဆိုသော ထိုသုခ၌ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ သောကပရိ ဒေဝဒုက္ခ၊ ဒေါမနဿဥပါယာသဒုက္ခ၊ ၉၆–ပါးသော အနာရောဂါဒုက္ခ၊ ၃၂–ပါးသော ကမ္မကရဏဒုက္ခ၊ ခပ်သိမ်းသော ဗဟိဒ္ဓ အန္တရာယ်ဒုက္ခ၊ ခပ်သိမ်းသော အပါယဒုက္ခ၊ ခပ်သိမ်းသော ကိလေသာဒုက္ခတို့သည် ထိုသုခမှာ ရောလျက် ရံလျက် ရှိနေကုန်၏။ အကျဉ်းအားဖြင့် ဒုက္ခ ဒုက္ခ၊ သင်္ခါရ ဒုက္ခ၊ ဝိပရိဏာမ ဒုက္ခသုံးပါး ရောလျက် ရံလျက် ရှိနေ၏။

**လူ့ချမ်းသာမှာ ဒုက္ခရောယှက်နေပုံ**

ထို လူ့ချမ်းသာဟူသော သုခမှာ ဇာတိဒုက္ခ အဘယ်သို့ရောလျက် ရံလျက် ရှိနေသနည်း ဟူမူကား လူ့ချမ်းသာ ဆိုရသော ထိုသုခသောမနဿကို ခံစား စံစား၍ နေဆဲ အခါ၌ ထိုသုခအစဉ်ကို ဖြတ်၍ ဆိုက်တိုက်ရာ ကိုးဆယ့်ခြောက်ပါးသော ရောဂါဘေး အနာဘေး ဖြစ်လိုရာရာ ဖြစ်ပေါ်ခြင်း ဇာတိဒုက္ခ၊ သောကပရိဒေဝစသည် ဖြစ်လိုရာရာ ဖြစ်ပေါ်ခြင်း ဇာတိဒုက္ခ၊ ညှောင်းခြင်း ညာခြင်း ပူခြင်း အိုက်ခြင်း ချမ်းခြင်း အေးခြင်း ဖြစ်လိုရာရာ ဖြစ်ပေါ်ခြင်း ဇာတိဒုက္ခ၊ အနိဋ္ဌလောကဓံတို့နှင့် တွေ့ဆုံ၍ ကိုယ်၌လည်းကောင်း၊ စိတ်၌လည်းကောင်း ဖြစ်လိုရာရာ ဖြစ်ပေါ်ခြင်း ဇာတိဒုက္ခ။ ဤသို့ အစရှိသည်ဖြင့် ဇာတိဒုက္ခပေါင်း အနန္တ ရောလျက် ရံလျက် ရှိနေသတည်း။

**လူ့ချမ်းသာမှာ ဇရာဒုက္ခစသည် ရောယှက်နေပုံ**

အဘယ်သို့လျှင် ဇရာဒုက္ခ မရဏဒုက္ခတို့နှင့် ရောလျက် ရံလျက် ရှိနေသနည်း ဟူမူကား ဣဋ္ဌသမ္ဘတ္တိအာရုံတို့နှင့် တွေ့ဆုံ၍ ထိုသုခကို ခံစား၍ နေ့စဉ် အနိဋ္ဌလောကဓံ ဆိုက်တိုက်လာ၍ ယုတ်နွမ်းခြင်း ပျက်စီးခြင်း ခုတင်ခုတွေ့ ကြုံရ၏။ ထိုသုခ၏ အဆောက်အဦဖြစ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့၏ ဟောင်းခြင်း၊ နွမ်းခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ စားသောက်၍ ကုန်ခန်းခြင်း၊ သုံးဆောင်၍ ဟောင်းနွမ်းခြင်း ကုန်ခန်းခြင်း၊ မီးဘေးသင့်၍ ရေဘေးသင့်၍ ကုန်ခန်းခြင်း အစရှိသော ဇရာ မရဏဒုက္ခတို့သည် ရောလျက် ရံလျက် ရှိနေကုန်၏။

သောကစသည် ရောပုံ ရံပုံ သိသာပြီ။ ၉၆-ပါးသော အနာမျိုး ရောဂါမျိုး ရောပုံ ရံပုံလည်း သိသာပြီ။

၃၂-ပါးသော ကံကြမ္မာမျိုး အဘယ်သို့ ရောသနည်း ရံသနည်း ဟူမူကား မင်းဘေးသင့်၍ ခိုးသူ ဓားပြဘေးသင့်၍ ရန်သူဘေးသင့်၍ လက်ကို ဖြတ်ခြင်း၊ ခြေကို ဖြတ်ခြင်း၊ လက်ကို ဖြတ်ခြင်း စသော သုံးဆယ့်နှစ်မျိုးသော ကံကြမ္မာမှုတို့နှင့် ရောယှက်ခြင်းတည်း။

ဆင်ဘေး ကျားဘေး မြွေဘေး ကင်းဘေး ဘီလူးသဘက်ဘေး အစရှိသော ဗဟိဒ္ဓ အန္တရာယ်တို့နှင့် ရောယှက်ဆက်ဆံ၍နေပုံ သိသာပြီ။

**အပါယ်ဘေး ရောယှက်နေပုံ**

အပါယ်ဘေး ရောယှက် ဆက်ဆံနေပုံကား ရရှိ၍နေသော လူ့ချမ်းသာကို အကြောင်းပြု၍ ဒုစရိုက်တရား ဖြစ်ပွားရခြင်း၊ အသက်မွေးမှုအတွက်နှင့် ဒုစရိုက်မှုကို ပြုကျင့်ရခြင်း အစရှိသည်တည်း။ ဒုက္ခ ဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ သုံးပါးကို နောက် ဒုက္ခလက္ခဏာရေးသို့ကျမှ ဆိုလတ္တံ့။ အကြွင်း သိသာပြီ။

ဤသို့လျှင် လူ့ချမ်းသာဟူသော သုခဝေဒနာ၊ သောမနဿဝေဒနာတို့မှာ ဒုက္ခ အနန္တတို့ ရောယှက်ဆက်ဆံ ဝန်းရံ၍နေကုန်၏။ ထို့ကြောင့် ထိုလူ့ချမ်းသာဟူသော သုခသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းမှုဟူသော သုခအစစ်အမှန် မဟုတ်လေရကား သစ္စာဒေသနာတော် အလိုအားဖြင့် ဒုက္ခသာ အမှန်အစစ် ဖြစ်သတည်း။ ဒုက္ခသစ္စာသာ အမှန်အစစ် ဖြစ်သတည်း။

**နတ်ချမ်းသာမှာ ဒုက္ခရောယှက်နေပုံ**

နတ်ပြည်ခြောက်ထပ် နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ ခေါ်သော သုခတို့မှာလည်း ထိုက်သည်အားလျော်စွာ အနိဋ္ဌလောကဓံဒုက္ခ၊ ကိလေသာဒုက္ခ၊ အဆုံး၌ မလွဲနိုင်သော ဇရာမရဏဒုက္ခ၊ အပါယ်သို့ ကျရောက်ခြင်း အပါယဒုက္ခတို့နှင့် ရောယှက် ဆက်ဆံ ဝန်းရံလျက် ရှိကြကုန်သည်သာ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုနတ်ချမ်းသာ ဗြဟ္မာ့

ချမ်းသာစုတို့သည်လည်း ဒုက္ခသစ္စာသာ ဖြစ်ကုန်၏။ ဒုက္ခမျိုးသာ အမှန်အစစ် ဖြစ်ကုန်၏။

သုခအမှန်အစစ်ဆိုသည်ကား ခံစားမှု စံစားမှု သုခဝေဒနာမျိုး မဟုတ်။ ဒုက္ခ ခပ်သိမ်းတို့၏ ချုပ်ငြိမ်းမှု ကင်းငြိမ်းမှုသည်သာလျှင် သုခအစစ်အမှန် ဖြစ်သတည်း။

ဝေဒနာငါးပါးတို့၏ ဒုက္ခသစ္စာ အခြင်းအရာကို ပြဆိုခန်း ပြီး၏။

ဤတွင်ရွေ့ကား ပရိညာသုံးပါးတို့တွင် ရှေးဦးစွာ ပိုင်ပိုင်သိရသော ဉာတ ပရိညာ အစီအရင်ကို ပြဆိုခန်း ပြီး၏။

ဉာတပရိညာ အစီအရင်အမြွက်ပြီး၏။

------------

# တီရဏပရိညာသုံးပါး အစီအရင်
# အနိစ္စ ပရိညာ

ယခုအခါ တီရဏပရိညာကို ပြဆိုပေအံ့။ ထိုတီရဏပရိညာသည် အနိစ္စ ပရိညာ၊ ဒုက္ခပရိညာ၊ အနတ္တပရိညာ ဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် အနိစ္စပရိညာဆိုသည်ကား – ဝေဒနာတို့၌ နိစ္စသညာ၊ နိစ္စ စိတ္တ၊ နိစ္စဒိဋ္ဌိ တို့ကို ပယ်ဖျက်မှုတည်း။ ထိုမိစ္ဆာ သညာ၊ စိတ္တ၊ ဒိဋ္ဌိ ၃–ပါးကို အကြွင်း အကျန်မရှိ ပယ်နိုင်သောအခါ အနိစ္စပရိညာကိစ္စ ပြီးစီး၏။ ထိုမိစ္ဆာ ၃–ပါးကို ပယ်နိုင်လျှင် နိစ္စဟူ၍ ဖွဲလမ်းသော တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါး ချုပ်ငြိမ်းတော့သည်။ ထိုသုံးပါး ချုပ်ငြိမ်းမှ အနိစ္စပရိညာ အပြီးတိုင်လေသတည်း။

မိစ္ဆာသုံးပါးတွင် –

နိစ္စသညာဆိုသည်ကား – ကောင်းသည် မကောင်းသည်ကို ခံစား စံစားသော ဝေဒနာမည်သည် ကိုယ်ခန္ဓာတွင်းမှာ တစ်သက်လုံး အမြဲပါရှိနေ၏ဟု မှတ်ထင်၍ နေခြင်းသည် နိစ္စသညာ မည်၏။ ထိုအတိုင်း သိခြင်းသည် နိစ္စစိတ္တမည်၏။ ထိုအတိုင်း ဉာဏ်အမြင်ကဲ့သို့ မြင်၍နေခြင်းသည် နိစ္စဒိဋ္ဌိမည်၏။ ဤမိစ္ဆာသညာ၊ မိစ္ဆာစိတ္တ၊ မိစ္ဆာဒိဋ္ဌိ ၃–ပါးကို ပယ်ဖျက်ခြင်းငှာ အနိစ္စပရိညာကို အားထုတ်ရသတည်း။

အနိစ္စပရိညာဆိုသည်ကား – ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ပြဆိုခဲ့ ပြီးသောအတိုင်း ထိုထို ဆိုက်တိုက်လာရာ အာရုံတို့ကို အစွဲပြု၍ ခြောက်ဒွါရတို့၌ ဖြစ်ပေါ်မှု ပျက်ဆုံး ကွယ်ပျောက်မှုတို့ကို မျက်စိဖြင့် မြင်သကဲ့သို့ ဉာဏ်နှင့် ပစ္စက္ခဒိဋ္ဌ မြင်အောင် ရှုမှုသည် အနိစ္စပရိညာ မည်၏။

# ဒုက္ခဝေဒနာ၌ ရှုပုံ

**ခြေဖဝါး၌ ဝေဒနာဖြစ်ပျက်ရှု**

ရှုပုံကား – ပဋိစ္စသမုပ္ပါဒ်အချက်၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ကိုယ်အင်္ဂါအစိတ်တွင် အုတ် ကျောက်လုံးတုံးတို့ဖြင့် ထိခိုက်၍ အနာအကျဉ်ဖြစ်ရာဌာန၌ ဒုက္ခဝေဒနာကို ရှေးဦးစွာ ကြည့်ရှုရာ၏။ ဥပါဒ်စွန်း ဥဒယစွန်းကို ဒိဋ္ဌမြင်အောင် ကြည့်ရှုရာ၏။ ဘင်စွန်း ဝယစွန်းကို ဒိဋ္ဌမြင်အောင် ကြည့်ရှုရာ၏။

**ဓမ္မဝဝတ္ထာနညာဏ်**

လက်ယာခြေဖဝါးမှာ ထိခိုက်၍ အနာအကျဉ် ထင်ရှားဖြစ်ပေါ်လာရာ၌ ထိုနာမှု ကျင်မှုသည် ဒုက္ခဝေဒနာပင်တည်း။ ဒုက္ခစာတ်ပင်တည်း။ ခြေဖဝါးခေါ်သော ရုပ်တရားစုနှင့် ထို ဝေဒနာစာတ်ကို ညာဏ်၌ ကွဲအောင် ခွဲ၍ ထိုဒုက္ခဝေဒနာကို ညာဏ်နှင့် ဆုပ်ကိုင်မိအောင် ဖမ်းရမည်။ ညာဏ်၌ ဆုပ်ကိုင်မိသောအခါ ဓမ္မဝဝတ္ထာနညာဏ် ဖြစ်၏။ ဓမ္မပရိဂ္ဂဟာညာဏ်လည်း မည်၏။ နာမရူပပရိစ္ဆေဒညာဏ်လည်း မည်၏။ နာမ်ကခြား ရုပ်တခြား ပိုင်းခြား၍ သိမြင်နိုင်သောညာဏ် ဆိုလိုသည်။

**ပစ္စယပရိဂ္ဂဟာညာဏ်**

ထိုနောက်မှ ဤဝေဒနာသည် အဘယ်ကြောင့် ဖြစ်ပေါ်လေသနည်းဟု ဆင်ခြင်ရာ၏။ ဖဿပစ္စယာ ဝေဒနာဟူ၍ ဟောတော်မူသောကြောင့် အုတ်ကျောက် ထိခိုက်မှုဟူသော ဖဿကြောင့် ဖြစ်ပေါ်သည်ဟု မြင်လေရာ၏။ လောက၌လည်း ဘာကြောင့် နာသနည်းဟု မေးခဲ့လျှင် အုတ်ကျောက်နှင့် ခိုက်မိ၍ ထိခိုက်၍ နာသည်ဟူ၍ပင် ပြောကြလတ္တံ့။

ဤဝေဒနာ ဖြစ်ပေါ်လာရာ၌ အုတ်ကျောက် ထိခိုက်မှုဟူသော ဖဿဓမ္မသည် အကြောင်းတရားတည်း။ ထိုဖဿကြောင့် ဤဝေဒနာ ဖြစ်ပေါ်လာသည်၊ ထိုထိခိုက်မှုဟူသော ဖဿ မရှိသေးမီ ကိုယ်ခန္ဓာတွင်းမှာ ထိုဝေဒနာရှိ၍ နေသည်မဟုတ်ဟု မြင်လေရာ၏။ ထိုသို့ မြင်သော ညာဏ်သည် ပစ္စယပရိဂ္ဂဟာညာဏ် မည်၏။ ကင်္ခါဝိတရဏာညာဏ်လည်း မည်၏။ ဓမ္မဋ္ဌိတိညာဏ်လည်း မည်၏။ ပဋိစ္စသမုပ္ပါဒ်ညာဏ်လည်း မည်၏။ ယထာဘူတညာဏ်လည်း မည်၏။

**အနိစ္စလက္ခဏာ ထင်အောင်ရှု**

ဤသို့ ထိခိုက်မှု ဖဿဟူသော အကြောင်းတရားနှင့်တကွ နာမှု ကျင်မှုဟူသော ဒုက္ခဝေဒနာကို ညာဏ်၌ ဆုပ်ကိုင်မိသောအခါ၌ အနိစ္စလက္ခဏာကို ထင်လင်းအောင် ရှုရာ၏။

**အပြစ်မြင်၍ အနိစ္စ**

အနိစ္စလက္ခဏာဆိုသည်ကား – နာမှု ကျင်မှု ဟူသော ဤဒုက္ခဝေဒနာသည် ပဋိသန္ဓေ အခါမှစ၍ တစ်ဘဝလုံး

ငါ၏ကိုယ်ထဲမှာ အမြဲပါရှိ၍နေသော နိစ္စတရားမဟုတ်။ နိစ္စတရားဖြစ်ခဲ့ငြားအံ့၊ တစ်ဘဝတွင် ပဋိသန္ဓေအခါ၌ တစ်ခါသာ ဖြစ်ပေါ်မှု ရှိရာ၏။ ယခုမှ အသစ်ဖြစ်ပေါ်မှုဟူ၍ မရှိလေရာ။ ထိုသို့ကား မဟုတ်၊ ယခု ထိခိုက်မှု ဖဿကို အစွဲပြု၍ ယခု အသစ်ဖြစ်ပေါ်သော ဥပါဒ်စွန်းကို ပစ္စက္ခဒိဋ္ဌ မြင်ရ၏။

ထိုသို့ မြင်ရသောကြောင့် ခန္ဓာကိုယ်ထဲမှာ အမြဲပါရှိနေသော နိစ္စတရား မဟုတ်။ ထိခိုက်မှုဟူသော ဖဿ ဖြစ်ပေါ်ခိုက် အခါအခါမှာမှ ထိုထို ဖဿကို အစွဲပြု၍ ဖြစ်ပေါ်ကာ ဖြစ်ပေါ်ကာနေသော အနိစ္စတရားသည်သာတည်း။ အာဂန္တုတရားသာတည်း။ တိမ်တိုက်ချင်း ထိခိုက်ကြမှ ဖြစ်ပေါ်နိုင်သော လျှပ်ရောင်ကဲ့သို့ ကာယပသာဒ ရုပ်ဟူသော ခြေဖဝါးရှိ အတွင်းအာယတနရုပ်နှင့် အုတ်ကျောက် ဟူသော ပထဝီ ဖောဋ္ဌဗ္ဗ အပအာယတနရုပ် ထိခိုက်ကြရာ ကောင်းကင်ကျ မိုးပေါ်ကျကဲ့သို့ ယခုမှ အသစ် ဖြစ်ပေါ်လာသော တာဝကာလိကဓမ္မသာတည်းဟု ထင်လင်းစွာ သိမြင်ရာ၏။

ဤကား ပဋိစ္စသမုပ္ပါဒ် အချက်နှင့်တကွ ဥပါဒ်အစွန်းကို အတပ်ဒိဋ္ဌမြင်သဖြင့် သိရသော အနိစ္စအချက်တည်း။

**အပျက်မြင်၍ အနိစ္စ**

ထိုနေရာမှာ အုတ်ကျောက် ထိခိုက်မှု ဒဏ်ချက်နှင့်တကွ ဖဿဖြစ်ပေါ်မှု ပျောက်ငြိမ်း၍ သွားပြန်လျှင် နာကျင်မှုဟူသော ထိုဒုက္ခဝေဒနာသည် အစဉ်အတိုင်း ချုပ်ကွယ် ပျောက်ငြိမ်း၍ သွားပြန်၏။ အနာပျောက်ပေပြီဟု ဆိုကြကုန်၏။ ထိုချုပ်ပျောက်မှုဟူသော ဘင်စွန်းကိုလည်း ပစ္စက္ခဒိဋ္ဌ မြင်အောင်ကြည့်ရာ၏။ ဘင်စွန်းကို ပစ္စက္ခဒိဋ္ဌ မြင်သည်ရှိသော် ချုပ်ပျောက်မှုဟူသော ဘင်ခေါ်သော မရဏ အနိစ္စလက္ခဏာအစစ် ဖြစ်ပေရကား အနိစ္စလက္ခဏာကို ကောင်းစွာမြင်လေ၏။ ဤကား ဘင်စွန်းကို အတပ်ဒိဋ္ဌ မြင်ရသဖြင့် သိရသော အနိစ္စ အချက်တည်း။

လက်ယာခြေဖဝါး၌ ဒုက္ခဝေဒနာကို ဉာဏ်နှင့်ဖော်၍ ဓမ္မဝဝတ္ထာနဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့နှင့်တကွ အနိစ္စဝိပဿနာဉာဏ် အစီအရင်ပြီး၏။

**ခြေဖမိုးမှ ဦးခေါင်းတိုင် ဝေဒနာ ဖြစ်ပျက်ရှု**

ဤအချက်ကို လှလှထင်နိုင်မြင်နိုင်ပါလျှင် နောက်နောက်၌လည်း ထင်နိုင် မြင်နိုင်လတ္တံ့။ လက်ယာ ခြေဖဝါး၌ထင်နိုင် မြင်နိုင်ပြီးနောက် လက်ယာခြေဖမိုးမှာ အုတ်ကျောက်လုံတံ ထိခိုက်မှုဖဿကို ဖော်၍ ဝေဒနာဓမ္မ၊ ပစ္စယဓမ္မ၊ ဥဒယဗ္ဗယဓမ္မတို့နှင့်တကွ ဝေဒနာ၏ အနိစ္စအချက်ကို ထင်မြင်အောင်ကြည့်။

ဤနည်းတူ ခြေသလုံးမှာ၊ ပုဆစ်ဒူးမှာ၊ ပေါင်ဖျား၊ ပေါင်လယ်၊ ပေါင်ရင်းမှာ ဖော်၍ကြည့်။ ထိုနောက် လက်ဝဲခြေဖဝါးမှာ၊ ထို့နောက် လက်ဝဲခြေဖမိုးမှာ၊ ထို့နောက်

လက်ဝဲသားလုံး မြင်းခေါင်းမှာ၊ ထို့နောက် လက်ဝဲ ပုဆစ်ဒူးဝန်းမှာ၊ ထို့နောက် ပေါင်ဖျား ပေါင်လယ် ပေါင်ရင်းမှာ ဖော်၍ကြည့်။ ထို့နောက် တင်ပါးအပြင်မှာ၊ ထို့နောက် ခါးအပြင်မှာ၊ ထို့နောက် ကျောက်ကုန်းအပြင်တွင် ထိုထိုနေရာဌာနမှာ၊ ထို့နောက် လည်ကုပ်မှာ၊ ထို့နောက်ဦးခေါင်းတွင် ထိုထိုနေရာဌာနမှာ၊ ထို့နောက် မျက်နှာအပြင် ထိုထိုနေရာဌာနမှာ၊ ထို့နောက် လည်ပင်းမှာ၊ ထို့နောက် ရင်အပြင် ဝမ်းအပြင် ထိုထို နေရာဌာနမှာ ဖော်၍ကြည့်။

ထို့နောက် ဦးခေါင်းအတွင်း ဦးနှောက်အတွင်းမှာ ပူမှု အေးမှု ကိုက်မှု ခဲမှု အစရှိသော ဒုက္ခဝေဒနာစုကို ဖော်၍ကြည့်။ ရင်းတွင်း အဆုတ်တွင်း အသည်းတွင်း နှလုံးတွင်း ဝမ်းတွင်း အအူတွင်း ခါးတွင်း ပေါင်တွင်း တစ်လျှောက်တို့မှာ ဒုက္ခဝေဒနာ ဖြစ်ပေါ်ပုံကို ကြံဖန်၍ကြည့်။

ထိုထိုနေရာ၌ ကြည့်သောအခါ ရုပ်တရားနှင့် မထွေးရအောင် ဒုက္ခဝေဒနာကို အသီးအခြား မိအောင်ဖမ်း။ ဥပါဒ်စွန်းကို မိအောင်ဖမ်း။ ဘင်စွန်းကို မိအောင်ဖမ်း။ တစ်ကိုယ်လုံး အတွင်းအပ အနှံ့အပြား ထုတ်ဖော်၍ ကြည့်သဖြင့် နေရာတိုင်းမှာ ဥပါဒ်စွန်း ဘင်စွန်းကို ထင်ရှားစွာ မြင်နိုင်သောအခါ ဒုက္ခဝေဒနာ၏ အနိစ္စအချက်သည် လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ထင်ရှားစွာ ထင်မြင်၍ နေလတ္တံ့။

ဒုက္ခဝေဒနာ ပြီး၏။

------

# သုခဝေဒနာ၌ ရှုပုံ

သုခဝေဒနာကိုလည်း ထိုနည်းတူ လက်ယာခြေဖဝါးမှစ၍ တစ်ကိုယ်လုံး အနှံ့အပြား ဖော်၍ရှုလေ။ ဤ သုခဝေဒနာမှာ သာ၍ အနိစ္စထင်နိုင်မှ သင့်လျော်သည်။ ဖော်နည်းမှုကား ရှေးသုခဝေဒနာ၏ သဘာဝအခန်း၊ ပဋိစ္စသမုပ္ပါဒ်အခန်းတို့မှာ ပြဆိုခဲ့ပြီ။ ဤလက္ခဏာရေးအရာ၌ကား ဥပါဒ်စွန်းကို အတပ်မြင်မှု၊ ဘင်စွန်းကို အတပ်မြင်မှုသည် လိုရင်းပဓာနတည်း။

ဥပါဒ်စွန်း ဘင်စွန်းကို လုလုမမြင်နိုင်လျှင် နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိ ဟူသော မိစ္ဆာတရားသုံးပါး မပျောက်။ အနိစ္စဝိပဿနာဉာဏ်အလုပ်ကား ထိုမိစ္ဆာတရား သုံးပါးကို ပျောက်ကင်းအောင် လုပ်ရသော အလုပ်ပေတည်း။ မိမိ ရှုကြည့်ပွားများ အားထုတ်သော အနိစ္စဝိပဿနာဉာဏ်အချက် ကျ၊ မကျ၊ နေရာကျ၊ မကျကို သိလိုသည် ရှိသော် နာသည် ကျဉ်သည် ပူသည် အေးသည် ညောင်းသည် ညာသည် ကိုက်သည် ခဲသည် ခံ၍ ကောင်းသည် မကောင်းသည် ချမ်းသာသည် မချမ်းသာသည်ဟု ကိုယ်မှာ တွေ့ကြုံရာ

တို့၌ ငါနာသည်ဟု ထင်မှတ်သော မိစ္ဆာသညာ၊ ငါနာသည်ဟု သိသော မိစ္ဆာစိတ္တ၊ ငါနာသည်ဟုမြင်သော မိစ္ဆာဒိဋ္ဌိ ဤ မိစ္ဆာသုံးပါးတို့ နိစ္စအရိပ်အယောင် ထင်မြင်၍ နေချက်သည် မိမိစိတ်သန္တာန်မှာ ပြယ်ပျောက်၏လော၊ မပြယ်ပျောက်၏လောဟု ဆင်ခြင်၍ စမ်းလေ။ မပြယ်ပျောက်လျှင် အနိစ္စဝိပဿနာဉာဏ်ကိစ္စ မကုန်သေး။ ပြယ်ပျောက်လျှင် ကိစ္စကုန်ပြီမှတ်။

သုခဝေဒနာ ပြီး၏။

---------

# သောမနဿ ဝေဒနာ၌ရှုပုံ

**ဖြစ်ပျက်မြင်အောင်ရှု** သောမနဿဝေဒနာ၌ နှစ်သက်ဖွယ် ဝမ်းသာဖွယ်သော အဆင်းသဏ္ဌာန်မျိုးတို့ကို မျက်စိနှင့်မြင်သောအခါ ထို အဆင်းသဏ္ဌာန်မျိုးတို့သည် မျက်စိ၌လည်းကောင်း၊ စိတ်နှလုံး၌လည်းကောင်း နှစ်ဌာနတို့၌ တစ်ပြိုင်နက် တစ်ချက်တည်း ထိခိုက်ကုန်၏။ စိတ်နှလုံး၌ ထိခိုက်မှု ဟူသော ဖဿကြောင့် နှလုံးသွေးအပြင်မှာ သောမနဿဝေဒနာတို့သည် တဘွားဘွား ဖြစ်ပေါ်ကုန်၏။ နှလုံးသွေးသည် သောမနဿဝေဒနာ ဖြစ်ပေါ်သောအခါ အထူးပြောင်လက် ရွှန်းစိုလတ္တံ့၊ ထိုသူမျက်နှာမှာ ရွှင်လန်းပြုံးရယ် ရပ်ပေါ်၏။ ထို တဘွားဘွား ဖြစ်ပေါ်နေသော စိတ်၏ ရွှင်ခြင်းဟူသော သောမနဿဓာတ်ကို ဉာဏ်၌ လှလှ ဆုပ် ကိုင်မိအောင် ဖမ်း၍ ပေါ်စဟူသော ဥပါဒ်စွန်းကို လှလှမိအောင် ဖမ်း၍ရှု။

ထိုအာရုံ၌ နှလုံးထိခိုက်မှု ပြယ်ပျောက်ပြန်လျှင် ထိုတဘွားဘွား ဖြစ်ပေါ်သော သောမနဿဝေဒနာဓာတုစုလည်း တဖြည်းဖြည်း ချုပ်ပျောက်သေဆုံး၍ ကုန်ပြန်၏။ နှလုံးသွေး မွဲခြောက်မြဲ မွဲခြောက်ပြန်၏။ ထိုသူမျက်နှာ ပကတိအတိုင်း ရှိပြန်၏။ သောမနဿဓာတ်အစဉ်တို့၏ အဆုံးတိုင်ချုပ်မှု သေပျောက်မှုဟူသော ဘင်စွန်းကို လှလှ မြင်အောင် ရှုပါ။

တစ်ထိုင်တစ်ထိုင်တွင် အခါများစွာ ထိုအာရုံကို ကြည့်မြင်၍ အခါများစွာ ပြုံးမှု ရယ်မှုတို့၌ အခါများစွာ နှလုံးအိမ်တွင်း နှလုံးသွေးတွင်းမှာ သောမနဿဓာတ်တို့၏ အခါများစွာ ဖြစ်ပေါ်မှု ချုပ်ပျောက် သေဆုံးမှုတို့ကို ကြံဖန်ဖော်ထုတ် ကိန်းတွေ လုပ်၍ ရှုလေ။

အခါခါ ဖြစ်ပေါ်သော ဥပါဒ်စွန်းတွေ၊ အခါခါ ချုပ်ပျောက်သေဆုံးသော ဘင်စွန်းတွေ၊ နာမ်၏ မရဏမှုတွေကို ကွင်းကွင်းကွက်ကွက် လှလှထင်မြင်စေရမည်။ ဥပါဒ်စွန်း ဘင်စွန်းတွေကို လှလှထင်မြင်နိုင်မှ နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိ ဟူသော မိစ္ဆာဓမ္မ သုံးပါး ပျောက်ကွယ်မည်။ မိမိစိတ်မှာ ထိုမိစ္ဆာဓမ္မသုံးပါး လှလှပျောက်ကွယ်မှ အနိစ္စ ဘာဝနာကိစ္စ ကုန်မည်။

နှစ်သက်ဖွယ် ဝမ်းမြောက်ဖွယ်သော အသံစကားတို့ကို ကြားရ၍ ဝမ်းမြောက်ရာ ဝမ်းသာရာ စိတ်ရွှင်ရာတို့၌လည်းကောင်း၊ စိတ်ရွှင်ဖွယ်သော အနံ့ကို နံ၍ စိတ်ရွှင်ရာတို့၌လည်းကောင်း၊ မိမိ နှစ်ခြိုက်သောအရသာကို စားသုံးရ၍ စိတ်ရွှင်ရာတို့၌လည်းကောင်း၊ ကိုယ်အင်္ဂါတွင် အကောင်းတွေ့ရ၍ စိတ်ရွှင်ရာတို့၌လည်းကောင်း၊ မိမိအလိုရှိရာ အာရုံဝတ္ထု အမှုအရေးတို့ကို ကြံဖန်တွေးတော၍ စိတ်ရွှင်ရာတို့၌လည်းကောင်း ဤနည်းတူ သိလေ။

သောမနဿဝေဒနာ ပြီး၏။

----------

# ဒေါမနဿဝေဒနာ၌ ရှုပုံ

စိတ်နှလုံး မသာယာဖွယ်သော အာရုံကိုမြင်၍ စိတ်နှလုံး မသာခြင်း၊ မျက်နှာ မသာခြင်း ဖြစ်ကြရာတို့၌လည်း နှလုံးသွေးအပြင်မှာ မည်းညစ်စွာသော ဒေါမနဿဝေဒနာ တဘွားဘွား ဖြစ်ပေါ်မှု၊ ထိုအာရုံပြယ်ပျောက်ပြန်လျှင် ထိုဇောတွေ သေပျောက်ချုပ်ဆုံးမှုတို့မှာလည်း သောမနဿဝေဒနာ၌ ပြဆိုခဲ့တိုင်း သိလေ။

ဒေါမနဿဝေဒနာ ပြီး၏။

## ဥပေက္ခာဝေဒနာ၌ ရှုပုံ

**ဖြစ်ပျက်မြင်အောင်ရှု** ဥပေက္ခာဝေဒနာ၌ကား – သောမနဿ ဒေါမနဿဝေဒနာတို့၌ကဲ့သို့ ဖဿအမှုလည်း မထင်ရှား၊ ဝေဒနာ အမှုလည်း မထင်ရှား၊ အာရုံကို မြင်လိုက် ကြားလိုက် သိလိုက်သော စိတ်ဝိညာဏ်မှုကား ထင်ရှားသည်သာ များ၏။ ထို့ကြောင့် ခြောက်ဒွါရတို့၌ မြင်မှန်းသိရာ ကြားမှန်း သိရာ နံမှန်းသိရာ အရသာမှန်းသိရာ ကိုယ်အင်္ဂါတွင် ထိပါးမှန်းသိရာ စိတ်ထဲတွင် ထင်မှန်း သိမှန်း သိရာတို့၌ ထိုထို အာရုံနှင့် ထိုထိုစိတ်ကို အမိဖမ်း၍ ထိုစိတ်၌ ယှဉ်သော ဥပေက္ခာဝေဒနာ၏ ဥပါဒ်စွန်း ဘင်စွန်းကို မြင်အောင် ရှုလေ။

**ဝေဒနာ ၂–ပါး ပြိုင်မဖြစ်** ဝေဒနာငါးပါးတွင် ကိုယ်ခန္ဓာမှာ တစ်ပါးဖြစ်ပေါ်လျှင် တစ်ပါးချုပ်ကွယ်မြဲ ဓမ္မတာတည်း။ ဝေဒနာနှစ်ပါးပြိုင်၍ ဖြစ်သည်မရှိ။ ထို့ကြောင့် ကိုယ်ခန္ဓာမှာ ဥပေက္ခာမှ တစ်ပါးသော ဝေဒနာစု ဖြစ်ပေါ်သောအခါတို့၌ ဥပေက္ခာဝေဒနာ ချုပ်ပျောက် သေဆုံးမှု အနိစ္စအချက်ကို အနုမာနအားဖြင့် ပစ္စက္ခဒိဋ္ဌကဲ့သို့ ထင်မြင်အောင် ရှုလေ။

ဥပေက္ခာဝေဒနာ ပြီး၏။

-------

## အနိစ္စလက္ခဏာ ထင်မြင်နိုင်ရန် လိုလှပုံ

ဤဝေဒနာငါးပါးတို့၏ အနိစ္စလက္ခဏာကို ကောင်းကောင်းကြီး ထင်မြင်အောင် နှစ်ရှည် လများ စွဲမြဲ၍ ရှုရာ၏။ အနိစ္စအချက်ကို ကောင်းကောင်းကြီး ထင်မြင်နိုင်သည်ရှိသော် ဒုက္ခကိုလည်း ထင်မြင်နိုင်တော့သည်။ အနတ္တကိုလည်း ထင်မြင်နိုင်တော့သည်။ အနိစ္စကို ကောင်းကောင်းကြီး မထင်မြင်နိုင်လျှင် ဒုက္ခကိုလည်း ကောင်းကောင်း မထင်မြင်နိုင်။ အနတ္တကိုလည်း ကောင်းကောင်း မထင်မြင်နိုင်။

**အနိစ္စထင် ဒုက္ခမြင်** အဘယ်သို့လျှင် အနိစ္စကို ထင်မြင်နိုင်သည်ရှိသော် ဒုက္ခကိုလည်း ထင်မြင်နိုင်လေသနည်း ဟူမူကား – လောက၌ သင်စပင်ကို တက်သောသူသည် ကျိုးမည့်သစ်ကိုင်းကိုမြင်လျှင် ကျ၍ သေမည့်ဒုက္ခကို အပြီးမြင်လေသကဲ့သို့လည်းကောင်း၊ ကြိမ်နွယ် ကြိုးလွန်တို့ဖြင့် ချည်တုပ်၍ထားသော ကျောင်း၊ အိမ်၊ ထုပ်လျောက်၊ နံရံ စသည်ကို တက်သောသူသည် ဆွဲမိ နင်းမိလျှင် ပြုတ်မည် ပြတ်မည်ကိုမြင်လျှင် ကျ၍ သေမည် ကျိုးမည် အနာအကျင်ဒုက္ခဖြစ်မည်ကို အပြီးမြင်လေသကဲ့သို့လည်းကောင်း၊ လှည်း လှေ သင်္ဘောကို စီး၍သွားရာ၌ လှည်းပျက်မည် လှေပျက်မည် သင်္ဘောပျက်မည်ကိုမြင်လျှင် ဒုက္ခကြီး တွေ့မည်ကို အပြီး

**လောကစံနှင့် တွေ့ကြုံမြဲ** မိုးဦး လေဦးကျသော ကဆုန် နယုန်လရာသီတို့၌ လွင်တီးခေါင်မှာ နေသောသူအား တစ်ထိုင်တွင်းမှာပင် အရှေ့လေ တိုက်တဲ့ချည်၊ အနောက်လေ တိုက်တဲ့ချည်၊ တောင်လေ တိုက်တဲ့ချည်၊ မြောက်လေ တိုက်တဲ့ချည် လေအမျိုးမျိုး တိုက်သည်ကို ခံနေရသကဲ့သို့ တေဘူမက လောက၌ နေကြရကုန်သော သတ္တဝါတို့မှာ တစ်ထိုင်တွင်းမှာပင် ထိုဣဋ္ဌလောကစံ အနိဋ္ဌလောကစံ လေကောင်း လေဆိုးတို့သည် အမျိုးမျိုး တိုက်ဇော့ တွေ့ကြုံကြမြဲ ဓမ္မတာ ဖြစ်ကုန်၏။

ထိုရှစ်ပါးတို့တွင် ဣဋ္ဌလောကစံ လေကောင်းတို့နှင့် တွေ့ကြုံခိုက်မှာ သုခဝေဒနာ သောမနဿဝေဒနာတို့ ဖြစ်ပေါ်ကုန်၏။ အနိဋ္ဌလောကစံ လေဆိုးတို့နှင့် တွေ့ကြုံခိုက်မှာ ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာတို့ ဖြစ်ပေါ်ကုန်၏။

သုခ၊ သောမနဿတို့မှာ ဖြစ်ပေါ်ရှိနေဆဲအခါတို့၌ အဿာဒဖြစ်ရ၏။ ပီတိ၊ သောမနဿ ဖြစ်ရ၏ ဆိုလိုသည်။ ထိုသုခ၊ သောမနဿတို့ ချုပ်ကွယ် ပျက်ဆုံးသော အခါတို့၌ အာဒီနဝ ဖြစ်ရ၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဖြစ်ရ၏ ဆိုလိုသည်။

ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာတို့မှာ ဖြစ်ပေါ်ရှိနေဆဲ အခါတို့၌ အာဒီနဝ ဖြစ်ရ၏။ သောက၊ ပရိဒေဝ စသည်ဖြစ်ရ၏ ဆိုလိုသည်။ ထိုဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာတို့ ချုပ်ကွယ် ပျောက်ငြိမ်းသောအခါတို့၌ အဿာဒ ဖြစ်ရ၏။ ပီတိ၊ သောမနဿ ဖြစ်ရ၏ ဆိုလိုသည်။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ရှိကြသော လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟူသမျှတို့သည် တည်ရှိ၍နေဆဲအခါ ရှေ့အဖို့၌ အဿာဒဖြစ်ရ၏။ အဆုံး၌ကား အာဒီနဝ ချုပ်အုပ်၏။ ပျက်စီးရဦးမည် ဧကန္တ ဆိုလိုသည်။

အပါယ်ဘုံသားတို့မှာ ရှေးအဖို့၌ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော အာဒီနဝ တည်ရှိ၏။ အဆုံး၌ အပါယ်ဘုံမှ ကျွတ်လွတ်မှုဟူသော အဿာဒ ချုပ်အုပ်၏။

**ရှေ့နောက် အာဒီနဝ ညှပ်လျက်ရှိခြင်း** တစ်ခု တစ်ခုသော အဿာဒမှာ ရှေ့အဖို့ နောက်အဖို့၌ အာဒီနဝ နှစ်ချက် နှစ်ချက် ညှပ်လျက် ရှိနေမြဲ ဓမ္မတာဖြစ်၏။ အဘယ်သို့ ညှပ်သနည်းဟူမူ ဗြဟ္မာ့ ချမ်းသာ ဟူသော အဿာဒတစ်ခုမှာ ရှေးဘဝ၌ ထိုအဿာဒကို ရလို၍ ဈာန်တရားကို ပွားများအားထုတ်ရခြင်း တည်းဟူသော သင်္ခါရဒုက္ခ၊ ရပြီးသော ဈာန်တရားကို သေသည့် တိုင်အောင် စောင့်ထိန်းရခြင်းတည်းဟူသော သင်္ခါရဒုက္ခ။ ဤ ဒုက္ခကြီး နှစ်ပါးသည် ဗြဟ္မာချမ်းသာမှာ ရှေ့အဖို့၌ ညှပ်သော အာဒီနဝကြီးတည်း။ ဗြဟ္မာ့ ချမ်းသာကို ရပြီးသောအခါ သေဆုံးပျောက်ကွယ်ရသော ဒုက္ခသည်ကား ဗြဟ္မာချမ်းသာမှာ နောက်အဖို့၌ ညှပ်သော အာဒီနဝ

နာလန် ထူ၍ထူ၍ လာနိုင်ပြန်လေသတည်း။ ထို့ကြောင့် ထိုဝေဒနာတို့၏ အလိုသော် တစ်ထိုင် တွင်းမှာပင် အပါယ်ကျပေါက် အပါယ်တံခါး အကြိမ်တစ်ရာ တစ်ထောင်မက ဟင်းခနဲ ဟင်းခနဲ မစဲ ပွင့်၍နေသည်ကို သိအပ်၏။

**အသက်မွေးမှု**

လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ ခေါ်သော ထိုဝေဒနာတို့၏ အနိစ္စအချက် လျင်မြန်လှသည့်အတွက်ကြောင့် အသက်မွေးမှု ဒုက္ခ အကြီးအကျယ် ကျပ်တည်း ကျဉ်းကျပ်၍ နေကြ၏။ အသက်မွေးမှုဆိုသည်ကား အသက်ဟောင်းစု အချုပ်အချုပ်တွင် မချုပ်မီ တင်ကူး၍ အသက်အသစ် အလျဉ်ဆက်ပေးမှုပေတည်း။ အသက်ဟောင်း မချုပ်မီ တင်ကူး၍ အသက်အသစ် အလျဉ်မဆက်နိုင်လျှင် အသက်ဟောင်းအချုပ်တွင် ဘဝပြောင်းမြဲ ဓမ္မတာတည်း။ အသက်ဟောင်း မည်သည် တစ်ထိုင်တွင်းမှာ အခါတစ်ထောင်မက ချုပ်၏။ အသက်ဟောင်း အချုပ်အချုပ်တွင် အစာအာဟာရဟူသော အာယုသင်္ခါရဓမ္မ ကိုယ်ခန္ဓာတွင်းမှာ အခံရှိ၍ ရှိ၍နေခဲ့ပါလျှင် အသက် အသစ်အသစ် ဖြစ်ပေါ်ကာ ဖြစ်ပေါ်ကာ အသက်အလျဉ်ဆက်၍ လာ၏။ ထိုသို့ အသက်အလျဉ် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်၍ နေလေအောင် အာယုသင်္ခါရဝတ္ထုကို မပြတ်တင်ကူး၍ တင်ကူး၍ ကိုယ်ခန္ဓာတွင်း၌ သွင်းမှု မျိုးမှုကို အသက်မွေးမှု ဆိုသတည်း။

**အနိစ္စဓမ္မ ချုပ်ပျောက်မြဲ**

အသက်သစ်ကို ဖြစ်ပွားအောင် ကျေးဇူးပြုတတ်သောကြောင့် အာယုသင်္ခါရဓမ္မဟု ဆိုအပ်သော ထိုအစာထမင်းသည် ဝမ်းတွင်းသို့ မျိုပြီးသောနောက် မိမိလည်း အနိစ္စဓမ္မဖြစ်၍ ဝမ်းတွင်းမှာ မကြာမီ ကုန်ဆုံး ချုပ်ပျောက်လေ၏။ တစ်နပ်စာ ထမင်းမှ ဖြစ်ပွားသော အသက်အလျဉ်သည် ထိုတစ်နပ်စာထမင်း ကုန်ဆုံးလျှင် ကုန်ဆုံး သေပျောက်မြဲ ဓမ္မတာပေတည်း။ ထို့ကြောင့် တစ်နေ့ တစ်နေ့တွင် နေ့စဉ် အတိုင်း အသက်ဟောင်း အသက်သစ် ပြောင်းလဲမှု အမြဲ ဖြစ်၍နေ၏။ အာဟာရအတွက်နှင့် နေ့စဉ်အတိုင်း သေကိန်း သေပေါက် ဆိုက်ရောက်၏။ အပါယ်ကျ ဒုက္ခပေါက် နေ့တိုင်း ဆိုက်ရောက်၏။ အပါယ်တံခါး နေ့တိုင်း ဟင်းလင်းပွင့်လျက် ပွင့်လျက်နေ၏။ လောက၌ အသက်မွေးမှု ကြီးကျယ်ပုံ ကျပ်တည်းပုံကို မြင်ပါလျှင် ဝေဒနာတို့၏ အနိစ္စမှု၊ ဒုက္ခမှု အလွန်ကျပ်တည်းသည်ကို မြင်လတ္တံ့။

ဤကား လူ့ချမ်းသာဟု ဆိုအပ်သော အနိစ္စဝေဒနာတို့၏ မိမိကိုယ်ခန္ဓာဖြစ်၍ နေသည့်အတွက်ကြောင့် အသက်မွေးမှုဒုက္ခနှင့် သတ္တဝါအများ ပင်ပန်း၍ နေကြပုံကို ပစ္စက္ခဒိဋ္ဌ တွေ့မြင်ရသဖြင့် လူ့ချမ်းသာ ခေါ်ကြသော သုခ၊ သောမနဿ၊ ဥပေက္ခာ ဝေဒနာစုသည် လူ့ချမ်းသာ မဟုတ်။ လူ့ဒုက္ခ၊ လူ့ဆင်းရဲ၊ လူ့ငရဲမီးစုသာ အမှန်ဖြစ်သည်ကို ပြဆိုချက်တည်း။

**ဝေဒနာသည် အနိစ္စ ဝိပရိဏာမဓမ္မ**

ထိုမှတစ်ပါး လူချမ်းသာခေါ်ကြသော ထိုဝေဒနာစုသည် အနိစ္စဓမ္မမျိုး၊ ဝိပရိ ဏာမဓမ္မမျိုး၊ စင်စစ်ဖြစ်၍ တစ်ထိုင်တွင်းမှာပင် ဆိုက်တိုက်လာသော ထိုထို အကြောင်း အားလျော်စွာ သုခ ဒုက္ခ အခါတစ်ရာ တစ်ထောင်မက ပြောင်းလဲနိုင်၏။ အပြီးတိုင် သေဆုံးလောက်အောင် အကြောင်းအခွင့် ဆိုက်တိုက်လာလျှင် ခဏချင်း ခန္ဓာကိုယ်ပါ သေဆုံးနိုင်၏။ ထို့ကြောင့် မိမိကိုယ်ခန္ဓာမှာ လူ့ချမ်းသာခေါ်ကြသော သုခဝေဒနာ ချုပ်ပျောက် သေဆုံး၍ သွားမည်ကို ကြောက်လန့် စုံးရိမ်မှု၊ မခံသာသော ဒုက္ခဝေဒနာ ဖြစ်ပေါ်၍လာမည်ကို ကြောက်လန့်စိုးရိမ်မှု၊ အစ္စုတ္တဘေး ဗဟိဒ္ဓဘေးတို့နှင့် တွေ့ကြုံရမည်ကို ကြောက်လန့်စိုးရိန်မှုတို့သည် ဤ သတ္တဝါတို့မှာ အမြဲရှိ၍ နေကြရကုန်၏။ မကြာမကြာလည်း တွေ့ကြုံကြရကုန်၏။ ဤသို့ ဖြစ်ခြင်းသည်လည်း ဝေဒနာတို့၏ အနိစ္စလက္ခဏာမှထွက်သော ဒုက္ခလက္ခဏာပေတည်း။ ထိုမှတစ်ပါးလည်း အနိစ္စမှထွက်သော ဒုက္ခအစုသည် အလွန်များလေသေး၏။ ။ အနမတဂ္ဂဘဝ သံသရာနှင့် စကြဝဠာ အနန္တ သတ္တဝါအနန္တ အနံ့အပြား မြင်အောင်ကြည့်လေ။

ဤတွင်ရွေ့ကား ဝေဒနာတို့၏ အနိစ္စအချက်ကို ကောင်းကောင်းကြီး မြင်နိုင်ပါလျှင် ဝေဒနာတို့၏ ဒုက္ခအချက်ကိုလည်း မြင်နိုင်ရာ၍ အမြွက်မျှ ပြချက်တည်း။

**အနိစ္စထင် အနတ္တမြင်**

ဝေဒနာတို့၏ အနိစ္စအချက်ကို ကောင်းကောင်းမြင်သည်ရှိသော် အနတ္တကိုလည်း မြင်နိုင်တော့သည် ဟူရာ၌ မြင်နိုင်ပုံကား - ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမဟူသည် တစ်ဘဝမှာ တစ်ယောက်သာတည်း။ တစ်ဘဝမှာ အဖြစ်လည်း တစ်ခါဖြစ်သည်၊ အသေလည်း တစ်ခါသေသည်၊ အမိဝမ်း၌ ပဋိသန္ဓေနေစဉ်အခါ၌ တစ်ခါသာဖြစ်သည်၊ ပဋိသန္ဓေနေပြီး နောက် ထိုဘဝတွင် ထိုပုဂ္ဂိုလ် အသစ်အသစ် အခါခါဖြစ်သည်ဟူ၍ စွဲလမ်းမှုမရှိ။ အသေလည်း ဘဝအသစ် ပြောင်းရွှေ့ရန် စုတိကမ္မဇရုပ် ချုပ်သောအခါ၌ တစ်ခါသာ သေရသည်။ စုတိကမ္မဇရုပ် မချုပ်မီ ထိုဘဝ၌ ထိုပုဂ္ဂိုလ် အခါခါသေသည် ဟူ၍ စွဲလမ်းမှု မရှိ။

ဓိပုဂ္ဂိုလ်၏ အထည်ခံ အမာခံ အနှစ်သာရကို အတ္တဟူ၍ စွဲလမ်းသည်၊ ပုဂ္ဂိုလ်သည် တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသော ရှိသကဲ့သို့ ထိုအတ္တလည်း တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသော ရှိသည်ဟု စွဲလမ်းသည်။ ဤတစ်ခါဖြစ် တစ်ခါသေရှိ၏ဟု စွဲလမ်းမှုကား ဥစ္ဆေဒဒိဋ္ဌိမျိုးတည်း။

သဿတဒိဋ္ဌိမျိုးကား အတ္တဟူ၍ အနမတဂ္ဂသံသရာ၌ အစဉ်ထာဝရ မြဲ၏။ ထိုထိုဘဝတို့၌ ကိုယ်ခန္ဓာသည်သာ အသစ်အသစ် ဖြစ်သည်ဟူ၍ ရှိသည်။ တစ်ဘဝတွင် တစ်ခါတစ်ခါ သေသည်ဟူ၍ ရှိသည်။ အတ္တမူကား အသစ်အသစ် ဖြစ်သည်ဟူ၍လည်းမရှိ။ သေသည်ဟူ၍လည်း မရှိ။ ကိုယ်ခန္ဓာ သေပျောက်ပျက်ဆုံးလျှင် တစ်ဘုံတစ်ဘဝပြောင်း၍ ကံချထားရာ ကိုယ်ခန္ဓာအသစ်နှင့် နေပြန်သည်ဟူ၍ စွဲလမ်း၏။

အသက်ဇီဝ ဆိုသည်ကား ထိုအတ္တ၏ အမာခံ အထည်ခံဟု စွဲလမ်း၏။

တစ်ဘဝလျှင် တစ်သက်၊ တစ်ဘဝလျှင် တစ်သက်ဟု ယူသည်ကား ဥစ္ဆေဒဒိဋ္ဌိတည်း။ ပဋိသန္ဓေအခါ၌ တစ်ကြိမ် အသစ်ဖြစ်ပေါ်ပြီးနောက် မသေမီအကြား၌ ထိုအသက်ပျက်သည် ချုပ်သည် သေသည်ဟူ၍ မရှိပြီ။ စုတိကမ္မဇရုပ်ချုပ်မှုပင် ထိုအသက်ပျက်မှု ချုပ်မှု သေမှု ရှိတော့သည်ဟု ယူသည်ကား ဥစ္ဆေဒဒိဋ္ဌိတည်း။

အတ္တသည် အနမတဂ္ဂသံသရာ၌ အစဉ်ထာဝရမြဲသကဲ့သို့ ဇီဝလည်း အစဉ်ထာဝရမြဲ၏။ ကိုယ်ခန္ဓာတစ်ခု ပျက်စီးပြန်လျှင် ထိုကိုယ်ခန္ဓာမှ ထွက်သွားလေ၍ ကိုယ်ခန္ဓာအသစ်နှင့် နေပြန်၏ဟူ၍ ယူသည်ကား သဿတဒိဋ္ဌိတည်း။

လောကဝေါဟာရမှာ အသက်တမ်းဟူ၍ လူတို့၌လည်းကောင်း၊ နတ်တို့၌လည်းကောင်း၊ ဗြဟ္မာတို့၌လည်းကောင်း ရှိ၏။ ထို အသက်တမ်းစုသည် တစ်ဘဝတစ်ဘဝနှင့် တစ်ခု တစ်ခုသော ဇီဝ၏ အပိုင်းအခြားတည်းဟု ထင်မှတ်၏။ သင်သည် အသက်မည်မျှရှိပြီနည်းဟု မေးကြရာ ငါးနှစ်ရှိပြီ၊ ဆယ်နှစ်ရှိပြီ စသည်ဖြင့် ပြောရိုးဆိုရိုးရှိရာ၌ အသက်ဇီဝသည် ထာဝရအမြဲတည်၍ နေသည်ကား ငါးနှစ်ရှိပြီ ဆယ်နှစ်ရှိပြီဟု စွဲလမ်းခြင်းနှင့်တကွ ပြောဆိုကြသော မိစ္ဆာစကားမျိုးပင်တည်း။

ပဋိစ္စသမုပ္ပန္နတရားမျိုး ဖြစ်ခဲ့၍ ထိုထိုအာရုံတို့ ထိခိုက် ဆိုက်တိုက်မှုကို အစွဲပြု၍ တစ်ထိုင်တွင်းမှာပင် ဝေဒနာတို့၏ အခါခါ အသစ်အသစ် ဖြစ်ပေါ်မှု၊ အခါခါ ချုပ်ပျောက် သေဆုံးမှုဟူသော အနိစ္စလက္ခဏာကို ကောင်းစွာ မြင်သောအခါ၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝတို့ကား တစ်လမ်း၊ ဝေဒနာကား တစ်လမ်းနေကြမှု ထင်ရှားပေ၏။ ဝေဒနာသည် ပုဂ္ဂိုလ်မဟုတ်၊ ဝေဒနာသည် သတ္တဝါမဟုတ်၊ ဝေဒနာသည် ငါမဟုတ်၊ ဝေဒနာသည် သူမဟုတ်၊ မည်သူမှ မဟုတ်။ ဝေဒနာသည် မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်၊ ဝေဒနာသည် အတ္တလည်း မဟုတ်၊ ဇီဝလည်း မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမည်သည် တစ်ထိုင်တွင်းမှာပင် အခါခါ အသစ်အသစ် ဖြစ်သည်၊ အခါခါ သေဆုံးသည်ဟူ၍ မရှိ။ ဝေဒနာသည်ကား တစ်ထိုင်တွင်းမှာပင် အခါခါ အသစ်အသစ် ဖြစ်ပေါ်သည်၊ အခါခါ သေဆုံးသည်ဟူ၍ အထင်အရှား သိမြင်နိုင်၏။ ဝေဒနာတို့၌ စွဲလမ်းသော နိစ္စသညာ၊ အတ္တသညာ ကွယ်ပျောက်၏။

ဤကား ဝေဒနာတို့၏ အနိစ္စအချက်ကို ကောင်းကောင်းကြီး ထင်မြင်နိုင်ပါလျှင် ဝေဒနာတို့၏ အနတ္တအချက်ကိုလည်း ထင်နိုင်တော့သည်၊ မြင်နိုင်တော့သည်ဟူသော စကား၏ ယုတ္တိကို ပြဆိုချက်တည်း။

ထို့ကြောင့် လက္ခဏာရေးသုံးပါးတို့တွင် ဤအနိစ္စလက္ခဏာသည် ကောင်းကောင်းကြီး ထင်မြင်နိုင်အောင် အလွန်လိုလှ၏။

အနိစ္စလက္ခဏာ ထင်မြင်နိုင်ရန် လိုအပ်လှကြောင်း ပြဆိုချက်ပြီး၏။
အနိစ္စပရိညာ အစီအရင်ပြီး၏။

---------

# ဒုက္ခပရိညာ သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ

**ဝေဒနာမြင်အောင်ရှု**

ဒုက္ခပရိညာအစီအရင်ကို ပြဆိုပေအံ့။ ဝေဒနာငါးပါးတို့တွင် ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာတို့၏ ဒုက္ခအဖြစ်သည်ကား အလွန်ထင်ရှား၏။ ခပ်သိမ်းသော သတ္တဝါတို့သည် မိမိတို့ကိုယ်ခန္ဓာ၌ ထိုဒုက္ခဝေဒနာနှစ်ပါး ဖြစ်ပေါ်၍လာမည်ကို အလွန်ကြောက်လန့်ကြ၏။ တိရစ္ဆာန်သတ္တဝါတို့ပင်လျှင် ထိုဒုက္ခနှစ်ပါးတို့နှင့် တွေ့ကြုံရမည်ကို ကြောက်လန့်ကြကုန်၏။ အလွန်အေးမှုနှင့် တွေ့မည်ကို ကြောက်လန့်ကြကုန်၏။ အလွန်ပူမှုနှင့် တွေ့မည်ကို ကြောက်လန့်ကြကုန်၏။ ရန်သူတစ်ပါးနှင့် တွေ့မည်ကို ကြောက်လန့်ကြကုန်၏။ လက်နက်လေးမြား တုတ် ဓား လှံတံ သစ်ချွန်သန အုတ်ကျောက် စသည်တို့နှင့် ထိခိုက်မည်ကို ကြောက်လန့်ကြကုန်၏။ အပါယ်ဘေး ငရဲဘေး ပြိတ္တာဘေး အသူရ ကာယ်ဘေး ဆိုသည်လည်း ထိုဒုက္ခနှစ်ပါးကို ဆိုသတည်း။

ထိုဝေဒနာနှစ်ပါးကို အလွန်မြမြ ထက်လှစွာသော ငြောင့်တွေအနေ၊ မြားတွေအနေ ထင်မြင်အောင် ရှုရမည်ဟု ဟောတော်မူ၏။

အလွန်ထက်သော သနသစ်ချွန် ငြောင့်မျိုး၊ အဆိပ်စင်းသွားတပ်သော မြားမျိုးတို့မည်သည် ကိုယ်အင်္ဂါ၌ စူးဝင်သောအခါ အလွန်ကျပ်တည်းစွာ ကျင်နာ၏။ နုတ်၍ ပယ်ရှား၍ ပစ်ခြင်းငှာ အလွန်ခဲယဉ်း၏။ ထို့အတူ ကိုယ်အင်္ဂါအတွင်းမှာ အဇ္ဈတ္တဘေး ဗဟိဒ္ဓဘေး ထိပါးမှုနှင့် ဖြစ်ပေါ်လာသော နာမှု ကျင်မှု ကိုက်မှု ခဲမှု ပူလောင်မှု အစရှိသော ကာယိက ဒုက္ခဝေဒနာ၊ သားသမီး သေဆုံးခြင်း စသည်တို့ကြောင့် စိတ်နှလုံးတွင်းမှာ ဖြစ်ပေါ်လာသော ဒေါမနဿဝေဒနာ အလွန်ကြောက်မက်ဖွယ်သော ဒုက္ခတို့သည် ပြင်းထန်စွာ နှိပ်စက်ကုန်၏။ နုတ်ခြင်း ပယ်ခြင်းငှာ အလွန်ခဲယဉ်းကုန်၏။ ကိုယ်သန္တာန် စိတ်သန္တာန်မှာ ဒိဋ္ဌမြင်အောင် ထုတ်ဖော်လုပ်ကြံ၍ ရှုလေ။

**သင်္ဂါရဒုက္ခ မြင်အောင်ရှု** လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟူ၍ ဆိုရသော သုခဝေဒနာ၊ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ သုံးပါးသော ဝေဒနာတို့တွင် သုခဝေဒနာ သောမနဿဝေဒနာ နှစ်ပါးတို့၌ ဒုက္ခလက္ခဏာဆိုသည်ကား သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ နှစ်ပါးတည်း။ ထို့ကြောင့် သုခဝေဒနာမှာ သင်္ခါရဒုက္ခသဘော။ ဝိပရိဏာမဒုက္ခသဘောကို ထင်မြင်အောင် ရှုရမည်၊ သောမနဿဝေဒနာမှာလည်း သင်္ခါရဒုက္ခသဘော ဝိပရိဏာမဒုက္ခသဘောကို ထင်မြင်အောင် ရှုရမည်။

**သင်္ခါရ ဒုက္ခသဘော** သင်္ခါရဒုက္ခသဘော ဆိုသည်ကား ကူလီလုပ်မှ ရနိုင်သောငွေဒင်္ဂါးသည် ထိုငွေဒင်္ဂါးကို အလိုရှိကြသော သူတို့ကို ကူလီလုပ်မှုဟူသော သင်္ခါရ ဒုက္ခတို့ဖြင့် နှိပ်စက်ညှဉ်းပန်း၏။ ထို့ကြောင့် ထိုငွေဒင်္ဂါးသည် သင်္ခါရဒုက္ခသဘော ရှိ၏။ ကြောက်ဖွယ်လန့်ဖွယ်ဖြစ်၏။ အကြင်မျှလောက်သော နှစ်ကာလပတ်လုံး ထိုငွေဒင်္ဂါးကို တွယ်တာသော တဏှာသည် ထိုသူတို့အားရှိ၏။ ထိုမျှလောက်သော နှစ်ကာလပတ်လုံး ထိုသူတို့ကို ငွေဒင်္ဂါးသည် ကူလီဘဝက မလွတ်ရအောင်ပြု၍ ကူလီအလုပ်ဟူသော သင်္ခါရဒုက္ခဖြင့် အမြဲနှိပ်စက်ညှဉ်းပန်း၏။ အလွန်ကြောက်မက်ဖွယ်ကောင်းလှသော ဒုက္ခငွေဒင်္ဂါး စစ်စစ်တည်း။

လေ့ထိုးမှ ရနိုင်သော ငွေဒင်္ဂါးသည် မိမိကို သာယာသောသူတို့ကို လေ့ထိုးမှုဟူသော သင်္ခါရဒုက္ခဖြင့် အမြဲနှိပ်စက်၏။ ကြောက်မက်ဖွယ်သော ငွေဒင်္ဂါးသာတည်း။ လွှတိုက်မှ ရနိုင်သော ငွေဒင်္ဂါးသည်၊ သစ်ခုတ်မှရနိုင်သော ငွေဒင်္ဂါးသည် အစရှိသည်တို့ဖြင့် ဆိုလေ။

**လူ့ချမ်းသာ နှိပ်စက်ပုံ** ဤဥပမာနှင့်အတူ တစ်ခုတစ်ခုသော လူ့ဘဝ၊ လူ့ချမ်းသာသည် ရှေးရှေးဘဝတို့၌ ဒါနပြုမှု၊ သီလစောင့်ထိန်းမှု အစရှိသော ပုညကြိယာဝတ္ထုတို့ကို တင်ကူး၍ ပြုနိုင်မှ ရနိုင်၏။ စိတ်အလိုဆန္ဒသက်သက်နှင့် ရနိုင်သည် မဟုတ်။ နတ်သိကြား ဖန်ဆင်း၍ ပေးမှုနှင့် ရနိုင်သည် မဟုတ်။ ထို့ကြောင့် ကိုလူ့ချမ်းသာသည် အလိုရှိသောသူကို ဒါနပြုမှုဟူသော သင်္ခါရဒုက္ခဖြင့် အမြဲနှိပ်စက်၏။ သီလစောင့်ထိန်းမှုဟူသော သင်္ခါရဒုက္ခဖြင့် အမြဲနှိပ်စက်၏။ ကြွင်းသော ကုသိုလ် ပုညကြိယာသင်္ခါရဒုက္ခတို့ဖြင့် အမြဲနှိပ်စက်၏။ ထိုနည်းတူ ထိုလူ့ချမ်းသာသည် အလိုရှိသော သူကို ရသေ့အလုပ်ဟူသော သင်္ခါရဒုက္ခဖြင့်လည်း နှိပ်စက်၏။ ရဟန်းအလုပ်ဟူသော သင်္ခါရဒုက္ခဖြင့် နှိပ်စက်၏။

**ပုညကြိယာကို ဒုက္ခဆိုရခြင်းအကြောင်း**

ဤအရာ၌ ဒါန သီလ အစရှိသော ကုသိုလ် ပုညကြိယာမှု မျိုး၊ ရသေ့အလုပ် ရဟန်းအလုပ်ဟူသော သီလကုသိုလ်မှု၊ ဘာဝနာကုသိုလ်မှုတို့ကို အဘယ်ကြောင့် ဒုက္ခမှုဟူ၍ ဆိုပါ သနည်း။ ဘယဋ္ဌေန ဒုက္ခံဟူသော ပါဠိနှင့်အညီ ကြောက်မက်ဖွယ်ကောင်းသော အမှုသည် သာလျှင် ဒုက္ခမည်ရာ၏။ ထိုကုသိုလ်မှုတို့သည်ကား အလွန်ကောင်းမြတ်သော မင်္ဂလာမှု ကျက်သရေမှုတို့ပေတည်း။ ထို့ကြောင့် ထိုကုသိုလ်မှုတို့ကို ဒုက္ခဟူ၍ မဆိုသင့်။ (စောဒနာ)

ထိုကုသိုလ်မှုတို့သည် ကြောက်မက်ဖွယ် အလွန်ကောင်းသော အမှုတို့သာ တည်း။ ထိုအမှုတို့တွင် ရသေ့ပြုမှု ရဟန်းပြုမှုသည် ဧကန် ကြောက်မက်ဖွယ်ကောင်း လှ၏။ လူအများပင် ပြုရမည်ကို ကြောက်ကြ၏။ လူတစ်ထောင်တွင် တစ်ယောက်ကျ မျှ ပြုဝံ့သူ မရှိကြ။ တစ်သောင်းတွင် တစ်ယောက်ကျမျှ ပြုဝံ့သူ မရှိကြ။ အကယ်၍ သာယာဖွယ်သော အမှုဖြစ်ခဲ့အံ့။ ဤလူအပေါင်းတို့သည် ရသေ့ ရဟန်းချည်းဖြစ်၍ ကုန်ကြလတ္တံ့။

သီလမှု ဘာဝနာမှုစုသည်လည်း ဧကန် ကြောက်မက်ဖွယ်ကောင်းသော အမှု အစုသာတည်း။ အကယ်၍ သာယာဖွယ်သော အမှုဖြစ်ခဲ့အံ့။ ဤလူအပေါင်းတို့သည် သီလကို ခင်မင်ကြသော သူတို့ချည်း ဖြစ်ကုန်လတ္တံ့။ ဘာဝနာကို ခင်မင်ကြသော သူတို့ ချည်း ဖြစ်ကုန်လတ္တံ့။ ထိုသို့ကား မဟုတ်၊ တစ်ခုသော သိက္ခာပုဒ်ကိုပင် အသက်ထက် ဆုံး အမြဲအစွဲ ထိန်းရမည်ဆိုလျှင် ဝန်မခံဝံ့ကြ။ တစ်ခုသော ဘာဝနာကို အမြဲအစွဲ ပွားများရမည်ဆိုလျှင် ဝန်မခံဝံ့ကြ။ ထို့ကြောင့် ထို သီလမှု ဘာဝနာမှုစုသည်လည်း ကြောက်မက်ဖွယ်ကောင်းလှသော အမှုစုပင်ဖြစ်၍ ဘယဋ္ဌေနဒုက္ခ စင်စစ်ဖြစ်သတည်း။

**မင်္ဂလာကျက်သရေမှု**

ကောင်းမြတ်သော မင်္ဂလာမှု ကျက်သရေမှု ဆိုသည်မှာ မှုကား– ကြောက်မက်ဖွယ်ကောင်းလှသည်ဖြစ်၍ သူအများ တို့ မပြုတဲ့နိုင်အောင် ခဲယဉ်းလှသော ထိုအမှုစုကို တစ်ဦးတစ်ယောက် ထွက်၍ ပြုပေး သည့်အတွက် ယခုဘဝ၌လည်း အချီးမွမ်း အပူဇော်ခံရ၏။ နောက်နောက် ဘဝတို့၌လည်း သာယာဖွယ်ကောင်းသော ကောင်းကျိုးချမ်းသာကို ပေးနိုင်၏။ ဤသို့သော အကြောင်း ကြောင့် မင်္ဂလာမှု ကျက်သရေမှု ဆိုရလေသတည်း။

**မနေသာ၍ ပြုကြသမျှ ဒုက္ခစုသာ**

အကယ်၍ ထိုရသေ့လုပ်မှု၊ ရဟန်းလုပ်မှု၊ သီလစောင့်ထိန်းမှု၊ ဘာဝနာပွားများမှုတို့ကို မပြုမလုပ်ဘဲနှင့်ပင် မိမိတို့ အလိုရှိ တိုင်းသော လူ နတ် ဗြဟ္မာ ချမ်းသာသုခကို ရနိုင်ကြကုန် ငြားအံ့။ ဤလောက၌ ရသေ့လုပ်မည့်သူ တစ်ယောက်မျှ မရှိကြလတ္တံ့။ ရဟန်းလုပ်မည့်

သူ တစ်ယောက်မျှ မရှိကြလတ္တံ့။ သီလစောင့်ထိန်းမည့်သူ တစ်ယောက်မျှ မရှိကြလတ္တံ့။ ဘာဝနာပွားမည့်သူ တစ်ယောက်မျှ မရှိကြလတ္တံ့။ ထိုအတူ ဒါနကို မပြုဘဲနှင့် အလိုရှိရာ နတ်ချမ်းသာကို ရရှိနိုင်သည် ဖြစ်ခဲ့ငြားအံ့။ ဤလောက၌ ဒါနပြုမည့်သူ တစ်ယောက်မျှ မရှိကြလတ္တံ့။

ထိုသို့ကား မဟုတ်၊ ထိုရသေ့ ရဟန်း ဒါန သီလ ဘာဝနာတို့ကို မပြုခဲ့လျှင် ထိုချမ်းသာသုခတို့ကို မရသည့်ပြင် အပါယ်သို့သာ ကျရောက်လေအံ့။ ထို့ကြောင့် မပြုချင်လျှင် မနေသာမှုကြီးတွေ ဖြစ်ခဲ့၍ ပြုချင်ကြရသည်၊ ပြုကြရသည်။ ဤသို့ မပြုချင်လျှင် မနေသာမှုဖြစ်၍ ပြုကြရသော အမှုမည်သည် ဒုက္ခမှုချည်းသာတည်း။

ဤလောက၌ ရွှေ ငွေ ရတနာကို သာယာကြကုန်သော သူတို့အား ရွှေ ငွေ ရတနာကို ရစေတတ်သော အလုပ်ခပ်သိမ်းသည် မပြုချင်လျှင် မနေသာမှုချည်း ဖြစ်လေ၏။

တစ်စုံတစ်ခုသော အလုပ်ကိုမျှ မလုပ်ဘဲ ရွှေ ငွေ ရတနာကို စိတ်အလိုရှိတိုင်း ရနိုင်သည် ဖြစ်ခဲ့ငြားအံ့။ တစ်စုံတစ်ယောက်သောသူမျှ ရွှေ ငွေ ရတနာကို ရစေတတ်သော အလုပ်ခပ်သိမ်းကိုပင် လုပ်မည့်သူ မရှိကြလတ္တံ့။

ဤနည်းကိုမှီ၍ လောက၌ မနေသာလုပ် ဒုက္ခမှုတွေ အနန္တကို သိကြလေ။ ဤကား ဒါန သီလ ဘာဝနာစသော ပုညကြိယာမှုမျိုးတို့၏ သင်္ခါရဒုက္ခမှု စင်စစ်ဖြစ်ပုံကို ပြဆိုလိုက်သော အခန်းတည်း။

ဤတွင်ရွေ့ကား လူ့ချမ်းသာသည် အနမတဂ္ဂ သံသရာ၌ သတ္တဝါအပေါင်းတို့ကို ပုညကြိယာသင်္ခါရဒုက္ခဖြင့် အမြဲနှိပ်စက်ပုံတည်း။

## သုခ သောမနဿဝေဒနာတို့၏ သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ

ရှေးဘဝတို့၌ ပုညကြိယာ သင်္ခါရဒုက္ခကို ခံနိုင်၍ နောက်ဘဝ၌ လူ့ချမ်းသာကို ရကြသောအခါ၌ ထိုလူ့ချမ်းသာသည် အသက်မွေးမှု အစရှိသော သင်္ခါရမှုတို့ကို နေ့စဉ်မစဲ အမြဲအားထုတ်နိုင်ပါမှ အသက်တမ်းစေ့အောင် တည်နေလေသည်။ ထို့ကြောင့် ထိုလူ့ချမ်းသာသည် နေ့စဉ်မစဲ အမြဲအားထုတ်ရသော မနေသာမှု မလွဲသာမှုဟူသော သင်္ခါရဒုက္ခတို့ဖြင့်လည်း အမြဲနှိပ်စက်၏။

သားမယားအာရုံ ကာမဂုဏ်နှင့်စပ်သော သုခ သောမနဿ ဟူသော ချမ်းသာသည် ထိုချမ်းသာကို သာယာခင်တွယ်သော သူတို့ကို အသက်ထက်ဆုံး အိမ်ထောင်ခမ်းနား သားမယား မွေးမြူမှုနှင့်စပ်သော ဒုက္ခခပ်သိမ်းတို့ဖြင့် အမြဲနှိပ်စက်၏။

ဤနည်းကိုမှီ၍ လောက၌ ရှိသမျှသော မနေသာမှု မလွဲသာမှု သင်္ခါရဒုက္ခစုကို မြင်လေ။

ဤတွင်ရွှေ့ကား ဤ လူ့ချမ်းသာသည် အနမတဂ္ဂ သံသရာ၌ သတ္တဝါ အပေါင်းတို့ကို ပစ္စုပ္ပန်၌ဖြစ်သော သင်္ခါရဒုက္ခတို့ဖြင့် အမြဲနှိပ်စက်ပုံကို အမြွက်မျှ ပြဆိုလိုက်သော အခန်းတည်း။

**နတ်ပြဟ္မာချမ်းသာ သင်္ခါရဒုက္ခဖြင့် နှိပ်စက်ပုံ**

နတ်ချမ်းသာတို့၌လည်း ထိုက်သည့်အားလျော်စွာ သင်္ခါရဒုက္ခမျိုးကို သိလေ။ ပြဟ္မာချမ်းသာ၌ ရှေးဘဝ၌ ထင်ကူး၍ပြုရသော ဈာနဘာဝနာ ဟူသော သင်္ခါရဒုက္ခမှုသည် အလွန်ကြောက်မက်ဖွယ် ကောင်းလှသော သင်္ခါရဒုက္ခမှုကြီး တွေသာတည်း။

ယခုအခါ၌ ပထမဈာန် အစရှိသော ဈာန်များကိုရအောင် အားထုတ်နိုင်ကြပါလျှင် သေသည်၏ အခြားမဲ့၌ ပြဟ္မာ့ပြည်သို့ရောက်၍ တစ်ဘဝတည်းနှင့်ပင် မေတ္တေယျမြတ်စွာဘုရား သာသနာကို မမီနိုင်၏။ မေတ္တေယျမြတ်စွာဘုရား မပွင့်မီ အကြား၌လည်း အပါယ်လေးပါးအတွက် ကြောင့်ကြဖွယ်မရှိ။ အသက်မွေးမှု ဒုစရိုက် တရားပွားများမှု အတွက်လည်း ကြောင့်ကြဖွယ်မရှိ။ အန္တရကပ် တစ်ကပ်ပတ်လုံး ဈာန် သမာပတ်ချမ်းသာ တန်ခိုး ဣဒ္ဓိပါဒ် ချမ်းသာတို့ကို ခံစား၍နေနှင့်ပြီးလျှင် မေတ္တေယျ ဘုရားသာသနာ၌ ချမ်းသာစွာ ကျွတ်လွတ်ဖို့သာ ရှိတော့သည်ဟူသော အခွင့်ကြီးကို လူလူ ရှင်ရှင် မြင်ကြသိကြပါကုန်လျက်နှင့် ဈာန်သမာပတ်ကိုရအောင် အားထုတ်ရာ သော အခွင့်အလမ်းကြီးကို မတိုးဝံ့ကြ။ ကြောက်ရွံ့ကြသည့်အတွက်ကြောင့် ဈာန်ရ ပုဂ္ဂိုလ်ဟူ၍ မမြင်ကြရကုန်။

ဤသို့လျှင် ပြဟ္မာ့ချမ်းသာသည် အနမတဂ္ဂ သံသရာ၌ သတ္တဝါအပေါင်းတို့ကို ဈာနဘာဝနာမှုတည်းဟူသော ကြောက်မက်ဖွယ်သော သင်္ခါရဒုက္ခဖြင့် လွန်စွာ နှိပ်စက်၏။

**မဂ်ဖိုလ်သည် ဒုက္ခမဖြစ်ထိုက်**

စောဒနာရန်ရှိ၏။ မဂ်လေးပါးသည် ရှေးရှေးဘဝကမ္ဘာတို့၌ ပါရမီတရားတို့ကို ဖြည့်ကျင့်ရခြင်း တည်းဟူသော သင်္ခါရဒုက္ခ။ မဂ်ကို ရလတ္တံ့သောဘဝ၌လည်း သီလဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိ ဘာဝနာတရားတို့ကို အားထုတ်မှုဟူသော သင်္ခါရဒုက္ခ။ ဤ သင်္ခါရ ဒုက္ခကြီးနှစ်ပါးကို အားထုတ်နိုင်မှသာ ရနိုင်၏။ ထို့ကြောင့် မဂ်လေးပါး ဖိုလ်လေးပါးသည်လည်း ဒုက္ခ သစ္စာသာ အမှန်ဖြစ်၏ဟု ဆိုရန်ရှိ၏။

ပါရမီတရားတို့ကို ဖြည့်ရခြင်း၊ နောက်ဘဝ၌ ဝိသုဒ္ဓိဘာဝနာတရားတို့ကို ပွားများရခြင်းဟူသော အလွန်ကြီးကျယ်လှစွာသော သင်္ခါရဒုက္ခကြီးနှစ်မျိုးကို ခံနိုင်သော သူမှသာ မဂ်လေးပါး ဖိုလ်လေးပါးကို ရထိုက်သည်မှန်ပေ၏။

ထိုသို့ မှန်သော်လည်း မဂ်ဖိုလ်တို့မှာ ထိုသင်္ခါရဒုက္ခကြီးတို့ကို ခံနိုင်၍ တစ်ကြိမ် ရပြီးသည်နောက် အနမတဂ္ဂသံသရာမှာ ထိုသင်္ခါရ ဒုက္ခကြီးတို့ကိုလည်း တစ်ဖန်ကြုံတွေ့

ဖွယ်မရှိပြီ။ ထိုသင်္ခါရ ဒုက္ခကြီးတို့မှလည်း အပြီးလွတ်ငြိမ်းလေ၏။ ကြွင်းသော အပါယ် ဒုက္ခ တေဘူမကဒုက္ခ ခပ်သိမ်းတို့မှလည်း အပြီး လွတ်ငြိမ်းလေ၏။ မဂ်ဖိုလ်ကိုရပြီးနောက် အနမတဂ္ဂ ဒုက္ခနယ်ကြီး ငြိမ်းချမ်းမှုနှင့် ရှေးအဖို့မှာ ပါရမီ ဖြည့်မှုဒုက္ခ၊ ဝိသုဒ္ဓိ ဘာဝနာ ပွားများမှုဒုက္ခကို နှိုင်းယှဉ်သည်ရှိသော် မဟာပထဝီ မြေကြီးနှင့် အဏုမြူကဲ့သို့ ဖြစ်၏။ ထို့ကြောင့် အနမတဂ္ဂ ဒုက္ခနယ်ကြီးကို တစ်ခါတည်း ပြီးငြိမ်းစေနိုင်သော မဂ်တရား ဖိုလ်တရားသည် ရှေးအဖို့၌ အားထုတ်ရသော ပါရမီဖြည့်မှု၊ ဝိသုဒ္ဓိဘာဝနာပွားများမှု ဟူသော အနည်းငယ်မျှသော သင်္ခါရဒုက္ခမှု အတွက်နှင့် ဒုက္ခသစ္စာဖြစ်ခြင်းငှာ မထိုက်။

**သူဌေးဖြစ်ဥပမာ**

ဥပမာကား – တစ်ခုသော မြေအဖို့၌ ရှေးအခါက သူဌေးကြီးတစ်ဦး မြှုပ်၍ထားခဲ့သော အကုဋေများစွာသော အသာမိက ရွှေ ငွေ ရတနာတို့သည် ရှိကုန်ရာ၏။ ဒိဗ္ဗစက္ခုဉာဏ်အမြင်ကိုရသော တစ်ဦးသောသူက တစ်ယောက်သော သူဆင်းရဲကို ဆိုပေရာ၏။ 'သင်သည် ချမ်းသာ လိုလျှင် ဤနေရာ၌ ဆယ်တောင်ခန့် နက်အောင် တူးလော့။ ဆယ်တောင်ခန့် နက်သော အခါ ကျောက်ဖျာကြီးခြောက်ချပ် တွေ့လိမ့်မည်။ ၎င်းကျောက်ဖျာကြီး ခြောက်ချပ်ကို လှန်၍ အကုဋေများစွာသော အသာမိက ရွှေ ငွေ ရတနာတို့ကို ယူလော့' ဆိုပေ၏။ ထိုသူ ဆိုတိုင်း တူးလေ လှန်လေ၍ အကုဋေများစွာသော အသာမိက ရွှေ ငွေ ရတနာ တို့ကို အကုန်ရသဖြင့် ထိုသူဆင်းရဲသည် မိမိမှစ၍ သားစဉ်မြေးဆက် သူဌေးမျိုး ဖြစ်လေ၏။

ဤဥပမာ၌ မြေကို ဆယ်တောင်နက်အောင် တူးမှုနှင့် ရှေးရှေးဘဝတို့၌ ပါရမီ ဖြည့်ရမှု တူ၏။ ကျောက်ဖျာကြီးခြောက်ချပ်ကို လှန်မှုနှင့် နောက်ဘဝ၌ သီလဝိသုဒ္ဓိ အစရှိသော လောကီဝိသုဒ္ဓိခြောက်ပါးကို အစဉ်အတိုင်းပွားများမှု တူ၏။ အကုဋေ များစွာသော ရွှေ ငွေ ရတနာစုနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော ဉာဏဒဿနဝိသုဒ္ဓိ တူ၏။ ဒိဗ္ဗစက္ခုဆရာနှင့် မြတ်စွာဘုရား တူ၏။ သူဆင်းရဲနှင့် ဘုရားတပည့်သား တူ၏။ သူဌေးဖြစ်သည်နှင့် အရိယာအဖြစ် တူ၏။

ဤဥပမာ၌ တူးမှု သင်္ခါရဒုက္ခ၊ ကျောက်ဖျာကြီးခြောက်ချပ်ကိုလှန်မှု သင်္ခါရ ဒုက္ခနှစ်ပါးသည် ရယူခံစံရသော ရွှေ ငွေ ရတနာ ချမ်းသာသုခနှင့် နှိုင်းယှဉ် သည်ရှိသော် ဒုက္ခဟူ၍ မပြောစလောက်ပြီ။ ထိုသင်္ခါရဒုက္ခအတွက်နှင့် ထိုအကုဋေ များစွာသော ရွှေ ငွေ ရတနာတို့ကို ဒုက္ခဟူ၍ မဆိုလောက်ပြီ။

**တစ်နပ်စာကုသိုလ်နှင့် ချမ်းသာများ**

လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟူသော အကျိုး ကို ပေးကြသော ကာမကုသိုလ် ရူပကုသိုလ် အရူပ ကုသိုလ်တို့သည်မူကား တဒင်္ဂကုသိုလ်တို့သာတည်း။ တစ်နပ်စာ ကုသိုလ်တို့သာတည်း။ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့သည်

လည်း ချမ်းသာမှန် ချမ်းသာဖြောင့် မဟုတ်ကုန်။ ချမ်းသာလိမ်၊ ချမ်းသာကောက်၊ ချမ်းသာမှောက်၊ ချမ်းသာမှားတို့သာတည်း။

ချဲ့ဦးအံ့၊ အပါယ်ဒုက္ခကြီးကို ကြောက်လှ၍ ထိုအပါယ်ဒုက္ခကြီးမှ လွတ်ကင်းပါရခြင်း အကျိုးငှာ လူ့ချမ်းသာ နတ်ချမ်းသာကို အားကိုး၍ ဒါနအမျိုးမျိုးကို အားထုတ်၏။ ထိုဒါနကုသိုလ်ကြောင့် လူ့ချမ်းသာ နတ်ချမ်းသာကို ရပါသော်လည်း ထိုလူ့ ချမ်းသာ နတ်ချမ်းသာသည် အနိစ္စဓမ္မမျိုး ဖြစ်ချေ၍ ထိုသူသည် အပါယ်ဒုက္ခကြီးသို့ပင် ပြန်၍ ကျရပြန်၏။ အနမတဂ္ဂသံသရာ၌ သူသူငါငါ သတ္တဝါတို့သည် ထိုဒါန ကုသိုလ်ကို ပြုခဲ့ကြသည်လည်း အကြိမ်ပေါင်း အနမတဂ္ဂရှိကြလေပြီ။ ထိုဒါနကုသိုလ်ကြောင့် လူ့ချမ်းသာ နတ်ချမ်းသာကို ရခဲ့ကြသည်လည်း ဘဝပေါင်း အနမတဂ္ဂ ရှိကြလေပြီ။ ယခုလည်း အပါယ်တံခါး ဟင်းလင်းပွင့်လျက်အတိုင်းပင် ရှိနေကြ၏။ အပါယ်ဘေးကြီး တန်းလန်းပင် ရှိနေကြ၏။ ဤဘဝမှ နောက်အနာဂတ်သံသရာ၌လည်း ထိုနည်းတူပင် သွားလတ္တံ့။

ထို့ကြောင့် ထိုဒါနကုသိုလ် ထိုလူ့ချမ်းသာ နတ်ချမ်းသာ ခေါ်သော သုခသောမနဿဝေဒနာစုသည် သစ္စသဒ္ဒါနှင့် ခေါ်ထိုက်သော သုခမှန် သုခဖြောင့် မဟုတ်။ မျက်လှည့်ဆရာ လိမ်လည်၍ပြသော တဒင် ရွှေ ငွေ ရတနာကဲ့သို့ ချမ်းသာလိမ်၊ ချမ်းသာကောက်၊ ချမ်းသာမှောက်၊ ချမ်းသာမှားသာ ဖြစ်သတည်း။

**သုခမှန် သုခဖြောင့်**

သုခမှန် သုခဖြောင့်ဆိုသည်ကား အပါယ်ဒုက္ခကြီးကို ကြောက်လန့်၍ ထိုအပါယ်ဒုက္ခကြီးမှ လွတ်ကင်းခြင်းငှာ လူ့ချမ်းသာကို အားကိုး၍ နတ်ချမ်းသာကို အားကိုး၍ ဒါနအမျိုးမျိုးကို ပြုကြသောသူတို့အား ဒါနကုသိုလ် ထမြောက်၍ လူ့ချမ်းသာ နတ်ချမ်းသာကို ရသောအခါ ထိုချမ်းသာသည် ဘယ်အခါမှာမှ ပြောင်းရွေ့ခြင်းမရှိဘဲ အမြဲနိစ္စ တည်နေ၍ အပါယ်ဒုက္ခအပြီး ငြိမ်းလေမှသာလျှင် သုခမှန် သုခဖြောင့် ဆိုထိုက်သည်။

**တစ်နပ်စာ သုခ**

လူ့ချမ်းသာ နတ်ချမ်းသာခေါ်သော သုခသည်ကား ထိုကဲ့သို့ ဖြောင့်မှန်သော သုခ မဟုတ်။ ထိုသို့ မဟုတ်သည့်အတွက်ကြောင့် အနမတဂ္ဂသံသရာ၌ ထိုဒါနမှုကို ဘဝပေါင်းဘယ်မျှ၊ ကမ္ဘာပေါင်းဘယ်မျှကြာအောင် အခါခါ ပြုနိုင်ပါလျှင် နိစ္စဖြစ်သော လူ့သုခ နတ်သုခကို ရ၏။ အပါယ်ဒုက္ခ အပြီးငြိမ်း၏ဟု အားကိုးရန် စခန်းပင် မရှိ။ နောက်အနာဂတ် သံသရာ၌လည်း လာလာသမျှသော လူ့သုခ နတ်သုခဟူသမျှသည် အနိစ္စ သုခ၊ တဒင်သုခ၊ တစ်နပ်စာ သုခချည်းသာ လာလတ္တံ့။

**ဒုက္ခမမွမျိုး** ထိုကဲ့သို့ အားကိုးရန် အငြိမ်းစား စခန်းဟူ၍ လုံးလုံးမရှိသော အနိစ္စသုခမျိုးကို အားကိုး၍ ပြုကြသော ကုသိုလ်မှုဟူသမျှသည် သင်္ခါရဒုက္ခချည်းသာတည်း။ ထိုကုသိုလ်မှုကြောင့် ရောက်ကြရသော လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ချမ်းသာစုသည်လည်း သင်္ခါရဒုက္ခမျိုးချည်းသာတည်း။ ဤသတ္တဝါအပေါင်းတို့ကို ကုသိုလ်ပြုမှုဟူသော အဆုံးအစရှိသော သင်္ခါရဒုက္ခဘေး သင်္ခါရဒုက္ခဒဏ်နှင့် အမြဲနှိပ်စက်၍နေသော ဒုက္ခဓမ္မမျိုးချည်းသာတည်း။

**အငြိမ်းစားစခန်းဆိုက်** ယခုအခါဝယ် သာသနာအတွင်း၌ သီလဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိ ၇-ပါးကို ပွားများမှုဟူသော သင်္ခါရဒုက္ခကို ထမြောက်အောင် အားထုတ်နိုင်ပါလျှင် ယခုဘဝ၌ပင် အငြိမ်းစားစခန်းသို့ ဆိုက်လေ၏။ ထိုဝိသုဒ္ဓိ ၇-ပါး ပွားများမှုဟူသော သင်္ခါရဒုက္ခကြီးလည်း အပြီးလွတ်ငြိမ်းလေ၏။ နောင်ဝိသုဒ္ဓိ ၇-ပါးကို ပွားများမှုအတွက်နှင့် ပင်ပန်းဖွယ်မရှိပြီ။ ထိုမှ ကြွင်းသော အပါယဒုက္ခ စသည်တို့လည်း အပြီး လွတ်ငြိမ်းလေကုန်၏။

ဤကား လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာခေါ်ကြသော သုခဝေဒနာ သောမနဿဝေဒနာတို့၏ သင်္ခါရဒုက္ခအဖြစ်ကို အမြွက်မျှ ပြဆိုလိုက်သော အခန်းတည်း။

------

## ဝေဒနာတို့၏ ဝိပရိဏာမဒုက္ခ

**ဝိပရိဏာမ** ယခုအခါ ထိုဝေဒနာတို့၏ ဝိပရိဏာမ ဒုက္ခအခြင်းအရာကို ပြဆိုအံ့။ ဝိပရိဏာမဆိုသည်ကား ဇရာမရဏာပင်တည်း။ ဇရာဆိုသည်ကား ဟောင်းနွမ်းခြင်း၊ ရင့်ရော်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ နွမ်းပါးခြင်း၊ အိုမင်းခြင်း၊ ဆွေးမြည့်ခြင်းများသည် ဇရာဝိပရိဏာမတည်း။

မရဏာဆိုသည်ကား ကုန်ခန်းခြင်း၊ ပျက်ပြုန်းခြင်း၊ ကုန်ဆုံးခြင်း၊ ပျောက်ပျက်ခြင်း၊ ချုပ်ကွယ်ခြင်း၊ သေဆုံးခြင်းများသည် မရဏာဝိပရိဏာမ မည်၏။

**ဝိပရိဏာမ ၂-ပါး** ထိုဝိပရိဏာမသည် တစ်ခုတစ်ခုသော ဘဝအဆုံး၌ အမြဲလာသော ဝိပရိဏာမ၊ ပဋိသန္ဓေတည်နေသည်မှ စ၍ ဘဝဆုံးသို့ မရောက်မီအကြား၌ အမြဲလာသော ဝိပရိဏာမဟူ၍ ၂-ပါး။

**ခန္ဓာဟူသမျှ ဖောက်ပြန်မြဲ** ပဋိသန္ဓေတည်နေသည်မှ စ၍ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာစုသည် ဖောက်ပြန် ပျက်ဆုံးခြင်းဟူသော ဝိပရိဏာမသဘော အမြဲမကွာ ထပ်ကြပ်ပါရှိနေ၏။ ဖောက်ပြန်ပျက်ဆုံးရန် အကြောင်းအခွင့် ဆိုက်တိုက်လာလျှင် ဘယ်နာရီမှာမဆို ဖောက်ပြန်ပျက်ဆုံး၏။

ဖောက်ပြန်ပျက်ဆုံးရန် အကြောင်းအခွင့်မည်သည် လောကဓာတ်၌ အနန္တ များပြား၏။ အဇ္ဈတ္တအန္တရာယ် အနန္တ၊ ဗဟိဒ္ဓအန္တရာယ် အနန္တ များပြား၏။

ခပ်သိမ်းသော သတ္တဝါတို့သည်လည်း "ငါတို့၏ အသက်ခန္ဓာတို့သည် ဖောက်ပြန်ခွင့် ဆိုက်တိုက်လာလျှင် ဘယ်နာရီမှာမဆို ဖောက်ပြန်ကုန်၏" ဟု သိကြကုန်၏။ "ပျက်ဆုံးခွင့် ဆိုက်တိုက်လာလျှင် ဘယ်နာရီမှာမဆို ပျက်ဆုံးကုန်၏"ဟု သိကြကုန်၏။

ထို့ကြောင့် လောက၌ အဇ္ဈတ္တဘေးအနန္တတို့နှင့် တွေ့ကြုံမည်ကို အမြဲကြောက်လန့်ကြရကုန်၏။ ဗဟိဒ္ဓဘေးအနန္တတို့နှင့် တွေ့ကြုံမည်ကို အမြဲကြောက်လန့်ကြရကုန်၏။

အကယ်၍ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာစုလည်း ဝိပရိဏာမသဘော မရှိခဲ့သည်ဖြစ်ငြားအံ့။ လောက၌ ကြောက်စရာ လန့်စရာဟူ၍ တစ်စုံတစ်ခုမျှ မရှိလေရာ။ စိုးရိမ်စရာ ကြောင့်ကြစရာဟူ၍ တစ်စုံတစ်ခုမျှ မရှိလေရာ။

ထိုသို့ကား မဟုတ်၊ လောက၌ ကြောက်စရာ အနန္တ၊ လန့်စရာ အနန္တ၊ စိုးရိမ်စရာ အနန္တ၊ ကြောင့်ကြစရာ အနန္တ အစဉ်ထာဝရ ရှိနေကြ၏။

အဇ္ဈတ္တဘေးတို့ကို ကြောက်ရသောဒုက္ခ၊ ထိတ်လန့်ရသောဒုက္ခ၊ စိုးရိမ်ကြောင့်ကြရသော ဒုက္ခစုသည် မိမိခန္ဓာတို့၏ ဝိပရိဏာမသဘော ရှိနေသည့်အတွက်ကြောင့် ဖြစ်ရသော ဝိပရိဏာမ ဒုက္ခစုသာတည်း။

**ဝိပရိဏာမဒုက္ခ ထင်ရှားခြင်း** မိမိခန္ဓာတို့၏ ဝိပရိဏာမသဘော အမြဲပါရှိနေသည်ကို သိကြသည်ဖြစ်၍ မိမိအလိုအလျောက် ချမ်းသာရာ နေလိုရာ နေခွင့်မရကြကုန်။ မြို့ရွာ တည်ထောင်၍ နေကြရကုန်၏။ ဝင်းခြံ အိမ်ရာ အကာအရံ ပြုလုပ်၍ နေကြရကုန်၏။ သွားရာ လာရာ နေရာ ထိုင်ရာ ရောက်ရာ ဌာနတို့၌ ဘေးနှင့် တွေ့မည်ကို အမြဲသတိထားကြရကုန်၏။ ရန်နှင့် တွေ့မည်ကို၊ အန္တရာယ်နှင့်တွေ့မည်ကို အမြဲ သတိထားကြရကုန်၏။ ကြောင့်ကြစိုက်ကြရကုန်၏။ ဤအလုံးစုံသည် မိမိတို့ခန္ဓာတို့၏ ဝိပရိဏာမသဘော ရှိနေသည့်အတွက် ဖြစ်ရသော ဝိပရိဏာမ ဒုက္ခချည်းတည်း။ ထိုသို့ သတိထားကြပါလျက်၊ ကြောင့်ကြစိုက်ကြပါလျက် ဥစ္စာစည်းစိမ်ပျက်ပြားမှု၊ သားမယား ဆွေမျိုးဉာတကာ ပျက်ပြားမှု၊ အနာရောဂါ ဘေးဥပဒ်တို့နှင့် တွေ့ကြုံမှု၊ သေဆုံးမှုတို့နှင့် တွေ့ကြုံကြရသော ဝိပရိဏာမဒုက္ခသည် မူကား အလွန် ထင်ရှားလေပြီ။

**ဝိပရိဏာမ မီးအမှု** အနမတဂ္ဂသံသရာ၌ ကမ္ဘာကြီးတွေ အဆက်ဆက် ပျက်ဆုံးကွယ်ပ၍ ကုန်မှုသည်လည်း ဝိပရိဏာမမီး၏ အမှုပင်

တည်း။ လူ့ခန္ဓာတွေအနန္တ၊ နတ်ခန္ဓာတွေအနန္တ၊ ဗြဟ္မာ့ခန္ဓာတွေအနန္တ ပျက်ဆုံး ကွယ်လွန်၍ ကုန်ခဲ့မှုသည်လည်း ဝိပရိဏာမမီး၏ အမှုပင်တည်း။ ဂင်္ဂါသဲလုံးမျှမက ဘုရားတွေအနန္တ၊ ပစ္စေကဗုဒ္ဓါတွေအနန္တ၊ အရိယာသာဝကတွေအနန္တ ပျက်ဆုံး ကွယ်ပ၍ ကုန်ခဲ့မှုသည်လည်း ဝိပရိဏာမ မီး၏ အမှုပင်တည်း။

အနမတဂ္ဂသံသရာ၌ ဒါနမှု သီလမှု ဘာဝနာမှုတို့နှင့် ဖြစ်ပေါ်ခဲ့သမျှသော လူ့ခန္ဓာစုသည် ဝိပရိဏာမ မီးထဲမှာချည်း ဆုံးခဲ့၏။ နတ်ခန္ဓာစု ဗြဟ္မာ့ခန္ဓာစုသည်လည်း တစ်ခုမကျန် ဝိပရိဏာမ မီးထဲမှာချည်း ဆုံးခဲ့၏။ နောင်အနာဂတ် သံသရာ၌ ပေါ်လာလတ္တံ့သော လူ့ခန္ဓာဟူသမျှ၊ နတ်ခန္ဓာဟူသမျှ၊ ဗြဟ္မာ့ခန္ဓာဟူသမျှသည်လည်း ဝိပရိဏာမ မီးစာချည်းပင်တည်း။

လောက၌ မီးနှင့် မီးစာထင်းနှစ်ပါးမှာ ထင်းက နိုင်သည်ဟူ၍ မရှိ။ မီးကသာ နိုင်သည်။ ထင်းများလေလေ မီးအား ကြီးလေလေသာ ဖြစ်မြဲတည်း။ အဆုံးကျလျှင် ရှိသမျှထင်းတို့သည် မီးစာပြာဖြစ်၍ ကုန်မြဲတည်း။ ထို့အတူ ဒါန သီလမှု အစရှိသော သင်္ခါရမှုတို့နှင့် ပြုစုပျိုးထောင်၍ ဖြစ်လာကြသော လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ ဟူသမျှသည် ဝိပရိဏာမ မီးစာပြာဖြစ်၍ ကုန်မြဲတည်း။

**ဒုက္ခတန်းလန်းနှင့် သေဆုံးရ**

ဤသတ္တဝါအပေါင်းတို့သည် ရှေးရှေးသော အနမတဂ္ဂ သံသရာ ကမ္ဘာ အဆက်ဆက်တို့၌ ပြုခဲ့ကြသမျှသော ဒါနမှု သီလမှု ဘာဝနာမှု ပုညကြိယာမှု ရသေ့လုပ်မှု ရဟန်းလုပ်မှု အလုံးစုံတို့သည် ဝိပရိဏာမ မီးစာအကျိုးငှာချည်း လုပ်ခဲ့ကြသည်ဖြစ်၍ သူ့ဘဝနှင့် သူ့မီး အပြီးကုန်ဆုံး၍ လာခဲ့ကြသောကြောင့် ယခုလည်း ဒါနပြုမှု ဒုက္ခတန်းလန်း၊ သီလစောင့်ထိန်းမှု ဒုက္ခတန်းလန်း၊ ဘာဝနာပွားများမှု ဒုက္ခတန်းလန်း၊ ရသေ့ပြုလုပ်မှု ဒုက္ခတန်းလန်း၊ ရဟန်းပြုလုပ်မှု ဒုက္ခတန်းလန်းနှင့် နေကြ၏။ မပြုချင်လျှင် မနေသာမှု တန်းလန်းနှင့် နေကြ၏။ အပါယ်ဘေးကြီးတန်းလန်းနှင့် နေကြ၏။ နောက်နောက် ဘဝတို့၌လည်း ဤနည်းတူ သွားကြလတ္တံ့။

ယခုလောက၌ လယ်ယာကိုင်းကျွန်း လုပ်ကိုင်၍ အသက်မွေးကြသော သူတို့သည် အသက်ထက်ဆုံး နှစ်စဉ် လုပ်ကြရကုန်၏။ တစ်နှစ်လုပ်၍ ဖြစ်ပွားသော စပါး ပြောင်းနှမ်း စသည်တို့သည် ဝိပရိဏာမ မီးစာဖြစ်၍ ကုန်ဆုံးလေ၏။ ဝိပရိဏာမ မီးစာလမ်းကို လိုက်မိကြသည့်အတွက် အငြိမ်းစားစခန်းဟူ၍ မရှိကြကုန်ပြီ။ အသက်ထက်ဆုံး တောင်သူလယ်ယာလုပ်မှု သင်္ခါရဒုက္ခကြီးတန်းလန်းနှင့်သာ သေဆုံးကြရလေကုန်တော့သည်။

ဤနည်းအတူ ဤလောက၌ နေ့နေ့ ညည ပုပု ရွရွ အားထုတ် ပြုလုပ်ကြသော အမှုခပ်သိမ်းတို့ကိုလည်း အကုန်သိလေ။

**အငြိမ်းစားရသူ**

ဤလောက၌ ဝိပရိဏာမဟူ၍ မရှိခဲ့သည်ဖြစ်အံ့ ခပ်သိမ်းသော လုပ်ဆောင်မှုတို့မှာပင် တစ်ကြိမ်တစ်ခါ ထမြောက်ပြီးစီးအောင် လုပ်ဆောင်ပြီးနောက် အနမတဂ္ဂသံသရာတိုင်အောင် ထာဝရ အငြိမ်းစား ရရာ၏။ အခါခါ အထပ်ထပ် လုပ်ဆောင်မှု ဒုက္ခဟူ၍ မရှိလေရာ။

မဂ္ဂင်ရှစ်ပါးအလုပ်ကို လုပ်သောသူသည် ထိုအလုပ်ထမြောက်သည့်နောက် အနမတဂ္ဂသံသရာ၌ ထာဝရ အငြိမ်းစား ရလေ၏။ ထိုမဂ္ဂင်တရားကို ပွားများအားထုတ်မှုဟူသော သင်္ခါရ ဒုက္ခကိုပင် နောင်တစ်ဖန် လုပ်ရပြန်သည်ဟူ၍ မရှိပြီ။ မဂ္ဂင်တရား ပွားများမှုဒုက္ခကို တစ်ဖန် တွေ့ကြုံရပြန်သည်ဟူ၍ မရှိပြီ။

**ပုထုဇဉ်အမှု ဝိပရိဏာမ မီးစာဖြစ်**

ဘုရားပစ္စေကဗုဒ္ဓါ အရိယာအလောင်း ပညာရှိအပေါင်းတို့သည် ပြုလုပ် အားထုတ်၍ ထမြောက်လျှင် တစ်ခါတည်းပြီး အငြိမ်းစားရသော အလုပ်ကိုသာ ရှာကြံ ကြကုန်၏။

ဉာဏ်ပညာနည်းလှသော ဗာလပုထုဇဉ်တို့သည်ကား ထိုကဲ့သို့ မြော်မြင်ရှာကြံ၍ မလုပ်တတ်ကြကုန်။ အရပ်အလိုက် ဒေသအလိုက် မိရိုးဖလာအလိုက် အရိုးအစဉ်ဖြစ်သော ဗာလုဿုက္က အလုပ်အကိုင် အခွင့်အရေးတွေကို အဟုတ်အကောင်း မှတ်ထင်အားစိုက်လျက် နေ့ရက်၊ လ၊ နှစ်ကို ကုန်စေကြကုန်၏။ ထို့ကြောင့် ထို ဗာလပုထုဇဉ်တို့၏ အသက်ထက်ဆုံး ပင်ပန်းသမျှသည် ဝိပရိဏာမ မီးစာတို့ချည်းဖြစ်၍ ကုန်လေသတည်း။

ဤသည်ရွေ့ကား ဝေဒနာတို့၏ ဝိပရိဏာမဒုက္ခအချက်ကို<br>အမြွက်ပြလိုက်သော အခန်းပြီး၏။

---------

# ဒုက္ခလက္ခဏာ ထင်မြင်နိုင်ခဲ့ပုံ

**ရဟန္တာဖြစ်မှ ဒုက္ခအကုန်ထင်**

ထိုမှတစ်ပါး ရှေးဉာတပရိညာ အခန်းတွင် ဥပမာ အရပ်ရပ်တို့နှင့်တကွ ပြဆိုခဲ့ပြီးသော အဿဒ အာဒီနဝအခန်း၊ ဝေဒနာတို့၏ ဒုက္ခသစ္စာအခြင်းအရာ အနိစ္စပရိညာအခန်းတွင် အနိစ္စ အချက်ကို ကောင်းစွာထင်မြင်သဖြင့် အနိစ္စနှင့်စပ်၍ သိအပ်သော ဒုက္ခအချက်စုအလုံးစုံသည် ဒုက္ခလက္ခဏာရေးချည်းပင်တည်း။

ဤ ဒုက္ခလက္ခဏာ အခန်းသည် ပြောဖွယ် ဟောဖွယ် ကြံဖွယ် သိဖွယ် ထင်ဖွယ် မြင်ဖွယ် အလွန်ကျယ်ဝန်းလှ၏။ ကြောက်လောက် ထိတ်လောက်အောင်လည်း အလွန် ထင်နိုင်ခဲလှ၏။ အရဟတ္တမဂ်သို့ရောက်၍ ရဟန္တာဖြစ်မှ ဒုက္ခကို အစွမ်းကုန် ထင်နိုင်သည်။အနာဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်တို့ အစွမ်းကုန် မထင်နိုင်ကြကုန်သေး။

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံ ကာမနယ်မှာ ရှိသမျှသော ဒုက္ခကို ဒုက္ခဟု အစွမ်းကုန် ထင်နိုင်သည်။ ရူပဘုံ အရူပဘုံ၌ရှိသော ဒုက္ခကို ဒုက္ခဟု မထင်နိုင်သေး။ သုခဟု ထင်လျက်ပင် ရှိသေးသည်။ ရူပရာဂ၊ အရူပရာဂ၊ တင်းလင်းရှိသေးသည်။

သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဝိစိကိစ္ဆာ အရင်းရှိသော ဝိနိပါတနဒုက္ခ၊ အပါယဒုက္ခကိုသာ ဒုက္ခဟု အစွမ်းကုန် ထင်နိုင်ကြကုန်သည်။ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာစုကို ဒုက္ခဟု အစွမ်းကုန် မထင်နိုင်ကြကုန်သေး။ သုခသညာ ထင်ရှားရှိကြကုန်သေးသည်။ ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ တရားသုံးပါး ရှိကြကုန်သေးသည်။

ထို့ကြောင့် မဟုတ်လော – ဝိသာခါ ဒါယကာမကြီးသည် ခုနစ်နှစ်အရွယ်က ပင် သောတာပတ္တိဖိုလ်ကိုရ၍ သောတာပန်အရိယာဖြစ်ပါလျက် သားယောကျ်ား တစ်ကျိပ်၊ သမီးမိန်းမ တစ်ကျိပ် ရ၍ အသက်တစ်ရာ့နှစ်ဆယ်တိုင်အောင် ကြီးကျယ်လှ သော လူ့ချမ်းသာကို ခံစား စံစားလျက်ရှိလေသည်။ ယခုလည်း နိမ္မာနရတိနတ်ဘုံမှာ သုနိမ္မိတနတ်မင်း၏ နတ်မိဖုရားကြီးဖြစ်၍ ကြီးကျယ်လှစွာသော နတ်စည်းစိမ်ကို ခံစံ လျက်ပင် ရှိသည်။

သိကြားမင်းကြီးသည် သက္ကပဉှာသုတ္တန် ဒေသနာတော်ကို ကြားနာသည် အဆုံး၌ သောတာပန် အရိယာပုဂ္ဂိုလ်ကြီး ဖြစ်လေပြီးလျက် ယခုလည်း သုံးကုဋေ ခြောက်သန်းမျှလောက်သော နတ်သမီး နတ်မိဖုရားတို့နှင့် ကြီးကျယ်လှစွာသော သိကြား စည်းစိမ်ကို ခံစား စံစားလျက်ပင် ရှိလေသည်။

ကြွင်းသမျှသော လူသောတာပန် နတ်သောတာပန်တို့မှာလည်း ဤနည်းတူ သိလေ။

ဝိပဿနာအလုပ်ကို အားထုတ်သော ဝိပဿနာယောဂီပုဂ္ဂိုလ်သည်မူကား ဤ ဒုက္ခလက္ခဏာကို အဘယ်မှာ အစွမ်းကုန် ထင်နိုင်မြင်နိုင်အံ့နည်း။ အနတ္တလက္ခဏာ ထင်နိုင်လောက်ရုံရှိလျှင်ပင် ဤဒုက္ခလက္ခဏာမှာ ပြီးသေးတော့သည်။

ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုစ္စိတုကမျတာဉာဏ်စုသည် ဒုက္ခာ နုပဿနာ ဉာဏ်စုပင်တည်း။ ထိုဉာဏ်စုသည်လည်း အနတ္တလက္ခဏာ ထင်နိုင်လောက် အောင် ဘေးအားဖြင့် ထင်မြင်နိုင်လျှင် ပြီးသေးတော့သည်။

အနိစ္စလက္ခဏာ အနတ္တလက္ခဏာ ဤနှစ်ပါးကိုမူကား အစွမ်းကုန်ထင်နိုင်မှ သာလျှင် သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်နိုင်သည်။ သောတာပန်အဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်တို့အား တေဘူမက သင်္ခါရဓမ္မတို့၏ အနိစ္စအဖြစ် အနတ္တအဖြစ်သည် အစွမ်းကုန် ထင်မြင်ပြီးဖြစ်၍ တည်လေတော့သည်။

ဒုက္ခလက္ခဏာ ထင်မြင်နိုင်ခဲ့ပုံကို ပြဆိုချက်ပြီး၏။

ဤတွင် ဒုက္ခပရိညာ အစီအရင် ပြီး၏။

-----------

## အနတ္တပရိညာ
## အနိစ္စမြင်သဖြင့် အနတ္တလက္ခဏာ ထင်ရှားပုံ

ယခုအခါ အနတ္တပရိညာ အစီအရင်ကို ပြဆိုဦးအံ့။ အနတ္တလက္ခဏာ ထင်မြင်မှုသည် အနိစ္စအချက်ကို ကောင်းကောင်းမြင်သဖြင့်လည်း အနတ္တလက္ခဏာ ထင်ရှား၏။ ဒုက္ခအချက်ကို ကောင်းကောင်းမြင်သဖြင့်လည်း အနတ္တလက္ခဏာ ထင်ရှား၏။ ပဋိစ္စသမုပ္ပါဒ်အချက်ကို ကောင်းကောင်းမြင်သဖြင့်လည်း အနတ္တလက္ခဏာ ထင်ရှား၏။

အနတ္တာ၊ ကိုယ်မဟုတ်။

အနတ္တာ၊ မစိုးမရ။

အနတ္တာ၊ အလိုသို့မလိုက်။

ဤအနက် သုံးချက်အတိုင်း ဝေဒနာတို့ကို အလင်းထင်မြင်အောင် ရှုရမည်။

**ဝေဒနာ၏ အနတ္တသဘော ထင်ရှားခြင်း**

ဝေဒနာတို့၏ အနိစ္စ ဓမ္မအဖြစ်ကို ကောင်းစွာမြင်သဖြင့် "အနတ္တာ၊ ကိုယ် မဟုတ်" ဟူသော အနက်အတိုင်း ဝေဒနာတို့၏ ကိုယ်မဟုတ်ဟူသော အနတ္တသဘော သည် ထင်ရှား၏။ အဘယ်သို့ ထင်ရှားသနည်းဟူမူကား အနိစ္စပရိညာ အခန်း၌ ပြဆို ခဲ့ပြီးသောအတိုင်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ ဇီဝ ခွဲခြားရာ၌ ထင်ရှား၏။

ထင်ရှားပုံကား - "အတ္တာ၊ ကိုယ်ဟုတ်၏"၊ "အနတ္တာ၊ ကိုယ်မဟုတ်" ဟူသော စကားတို့၌ ကိုယ်ဟုတ်၏ ဆိုသည်ကား ဝေဒနာတရားသည် ပုဂ္ဂိုလ်၏ အထည်ခံ အမာခံ ဟုတ်၏။ ပုဂ္ဂိုလ်၏ ကိုယ်ထည်ဝတ္ထု ဟုတ်၏။ ပုဂ္ဂိုလ် ပုဂ္ဂိုလ်ဟူ၍ ဆိုကြရာ၌ ထိုပုဂ္ဂိုလ်၏ အရ ကိုယ်သရုပ်ဖော်၍ ပြစမ်းပါ ဆိုခဲ့လျှင် ပုဂ္ဂိုလ်ဆိုသည်ကား ဤဝေဒနာငါးပါးကိုပင် ဆိုသတည်းဟု ဝေဒနာငါးပါးကို ပုဂ္ဂိုလ်၏အရ သရုပ်ဖော်၍

ပြပေလတ္တံ့။ ဤကား ဝေဒနာငါးပါးကို ပုဂ္ဂိုလ်၏ကိုယ် ဟုတ်၏ဟု စွဲလမ်းမှောက်မှား ပုံ အခြင်းအရာတည်း။

သတ္တဝါ၏ကိုယ် ဟုတ်၏၊ ငါ၏ကိုယ် ဟုတ်၏၊ သူခပ်သိမ်း၏ကိုယ် ဟုတ်၏၊ ယောကျ်ား၏ကိုယ် ဟုတ်၏၊ မိန်းမ၏ကိုယ် ဟုတ်သည်ဟု စွဲလမ်းမှုတို့၌ လည်း ထိုနည်းတူ သိလေ။

**ဝေဒနာကို အတ္တဟု စွဲလမ်းပုံ**

ငါငါဟူ၍ ဆိုကြရာ၌ ငါ၏အထည်ခံ အမာခံကို ပြစမ်းပါ၊ အဘယ်ဟာကို ငါခေါ်ပါသလဲ၊ ငါ၏ အနှစ်သာရကို ပြစမ်းပါ၊ ငါ၏ ရောထည်ကို ပြစမ်းပါ၊ ငါ၏ သရုပ် သကောင်ကို ပြစမ်းပါဆိုခဲ့လျှင် ငါဟူသည်ကား ကောင်းသော အာရုံနှင့် တွေ့ကြုံလျှင် ကောင်းစွာ ခံစားခြင်းသည် ထင်ရှားရှိသည် မဟုတ်လော။ ထိုခံစားခြင်းသည် ငါ အစစ်ပင်တည်း၊ ငါ၏ ရောထည် အမာခံ အထည်ခံ ဝတ္ထုပင်တည်း၊ ငါ၏ ကိုယ် ထည်ပင်တည်းဟု သုခဝေဒနာကို ငါ၏သရုပ် ထုတ်ဖော်၍ ပြပေလတ္တံ့။ ဒုက္ခဝေဒနာ စသည်တို့ကိုလည်း ထို့အတူ ပြပေလတ္တံ့။ ဤကား ဝေဒနာကို ငါ၏ကိုယ်ဟု ငါ၏အတ္တဟု စွဲလမ်းပုံတည်း။

**ဝေဒနာကို အနတ္တထင်ပုံ**

ဝေဒနာတို့၏ အနိစ္စအချက်ကို ကောင်းကောင်းကြီး ထင်မြင်နိုင်သည် ရှိသော် ထိုဝေဒနာတို့၏ အနတ္တာ၊ ကိုယ်မဟုတ်သည်ကို ထင်မြင် ပုံကား – ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ တို့မှာကား တစ်ဘဝလုံးမှာမှ တစ်ယောက်သာတည်း။ ပဋိသန္ဓေ နေရာ၌ တစ်ခါသာ ဖြစ်ပေါ်မှုရှိကြသည်၊ တစ်ခုသောဘဝတွင် ပုဂ္ဂိုလ်အခါခါ ဖြစ်ပေါ်သည်ဟူ၍ မရှိကြ။ အသေမှာလည်း တစ်ဘဝမှာ တစ်ခါသာ သေကြရသည်၊ တစ်ဘဝအတွင်းမှာ အခါခါ သေသည်ဟူ၍ မရှိကြ။

ဝေဒနာတို့မှာကား တစ်ထိုင်တွင်းမှာပင် အခါခါဖြစ်ပေါ်မှုကို ပစ္စက္ခဒိဋ္ဌ မြင်ရ သည်။ တစ်ထိုင်တွင်းမှာပင် အခါခါ ချုပ်ပျက်သေဆုံးမှုကို ပစ္စက္ခဒိဋ္ဌမြင်ရသည်။ တစ်ထိုင်တွင်းမှာပင် အခါခါဖြစ်ပေါ်၍ အခါခါ သေဆုံးသော ဝေဒနာသည် ပုဂ္ဂိုလ်၏ ရောထည် အထည်ခံ အမာခံ ဖြစ်နိုင်မည်လော။ပုဂ္ဂိုလ်၏အတ္တ၊ ပုဂ္ဂိုလ်၏ဇီဝ၊ ပုဂ္ဂိုလ်၏ အနှစ်သာရ ဖြစ်နိုင်မည်လော။ ဖြစ်နိုင်ပါ၏ဆိုလျှင် ပုဂ္ဂိုလ်အသက်ရှည်သလောက် ထိုဝေဒနာသည်လည်း ရှည်ရလိမ့်မည်။ ထိုဝေဒနာသည်ကား မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော တရားမဟုတ်။ ထိုဝေဒနာကို ပုဂ္ဂိုလ်၏ အတ္တ၊ ပုဂ္ဂိုလ်၏ ဇီဝ၊ ပုဂ္ဂိုလ်၏ အနှစ်သာရဆိုခဲ့သည်ရှိသော် တစ်ထိုင်

တွင်းမှာ ဝေဒနာအခါခါ သေဆုံးလျှင် ပုဂ္ဂိုလ်ကိုလည်း တစ်ထိုင်တွင်းမှာပင် အခါခါ သေဆုံးမြဲ ဓမ္မတာဟု ဆိုရလိမ့်မည်။ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ တို့လည်း တစ်ထိုင်တွင်းမှာ အခါခါ သေဆုံးမြဲ ဓမ္မတာဟု ဆိုရလိမ့်မည်။

ဤမျှသော စစ်ချက်ဖြင့် ကောင်းသည်ဟု ခံစားမှု၊ မကောင်းသည်ဟု ခံစားမှု၊ စိတ်နှလုံး ရွှင်ပြုံးသာယာမှု၊ စိတ်နှလုံး မသာယာမှု ဟူသော ဝေဒနာသည် ပုဂ္ဂိုလ် မဟုတ်၊ ပုဂ္ဂိုလ်၏ အတ္တသာရမဟုတ်၊ ပုဂ္ဂိုလ်၏ ကိုယ်ထည်မဟုတ်ဟူသော အနက် သည် ထင်ရှားလှ၏။ ဤအနက်ကို "အနတ္တာ၊ ကိုယ်မဟုတ်" ဆိုသတည်း။

အနိစ္စပရိညာဖြင့် တစ်ထိုင်တွင်းမှာပင် ဝေဒနာတို့၏ အခါခါ ဖြစ်ပေါ်မှု ဟူသော ဥပါဒ်စွန်း၊ အခါခါ ချုပ်ပျက်သေဆုံးမှုဟူသော ဘင်စွန်း၊ မရဏစွန်းကို မျက်စိ ဖြင့် မြင်သကဲ့သို့ ထင်ထင်လင်းလင်း မြင်နိုင်သောသူအား ဝေဒနာတို့၏ အနတ္တာ၊ ပုဂ္ဂိုလ်၏ကိုယ်ထည် မဟုတ်၊ သတ္တဝါ၏ကိုယ် မဟုတ်၊ ငါ၏ကိုယ် မဟုတ်၊ သူခပ်သိမ်း ၏ကိုယ် မဟုတ်၊ ယောကျ်ား မိန်းမ၏ကိုယ် မဟုတ် ဟူသော အနတ္တ သဘောသည် ထင်ရှားလေတော့သတည်း။ အနိစ္စပရိညာအခန်းမှာလည်း အကျယ်ပြဆိုခဲ့ပြီ။

ဤကား အနိစ္စအချက်ကို ကောင်းကောင်းမြင်သဖြင့်
အနတ္တလက္ခဏာ ထင်ရှားပုံတည်း။

--------

## ဒုက္ခမြင်သဖြင့် အနတ္တလက္ခဏာ ထင်ရှားပုံ

**ဓေကန္တဒုက္ခ**

ဝေဒနာတို့၏ ဒုက္ခအချက်ကို ကောင်းကောင်းမြင်သဖြင့် အနတ္တ လက္ခဏာ ထင်ရှားပုံကို ဆိုအံ့။ ခပ်သိမ်းသော သတ္တဝါတို့၏ ဓမ္မတာ သဘောသည် ချမ်းသာကိုသာ အလိုရှိ၏။ အမြဲ နိစ္စ ထာဝရလျှင် ချမ်းသာသုခနှင့် ပြည့်စုံ၍ နေလိုကြကုန်၏။ ဆင်းရဲဒုက္ခကို တစ်ရံတစ်ဆစ်မျှ မတွေ့လိုကြကုန်။ သုခ သောမနဿဝေဒနာတို့သည် ပုဂ္ဂိုလ်၏ အတ္တသာရ၊ သတ္တဝါ၏ အတ္တသာရ ဖြစ်ကုန် ကြငြားအံ့။ ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုဆန္ဒနှင့် မပြားမကွဲ တစ်လုံးတစ်စည်းတည်း အမြဲတည်၍ နေကြကုန်ရာ၏။ ပျက်ခွင့်ဆိုက်လျှင် တစ်နာရီအတွင်းမှာပင် ပျက်ဆုံး သေပျောက်ခြင်းဟူသော ဝိပရိဏာမ ဒုက္ခဟူ၍ မရှိလေရာ။ ဝိပရိဏာမ ဒုက္ခမှု မရှိလျှင် လည်း ထိုဝေဒနာတို့ကို အဖန်ဖန်ပြုပြင်မှု သင်္ခါရဒုက္ခဟူ၍လည်း မရှိလေရာ။ ထိုသို့ ကား မရှိသည် မဟုတ်။ ဓေကန္တဒုက္ခနှစ်ပါး ရှိသည်သာဖြစ်၏။

**မီး၊ ရေ၊ ဥပမာ**

ရှိပုံကား - အလွန်အေးချမ်းလှသော ဆောင်းလရာသီ၌ မီးသည် သုခဝေဒနာကို ပေးနိုင်၏။ အလွန်ပူလှ အိုက်လှ သော နွေလရာသီ၌ အလွန်အေးမြသော ရေသည် သုခဝေဒနာကို ပေးနိုင်၏။ ချမ်း အေးမှု ဒုက္ခ နှိပ်စက်၍နေသော သူသည် မီးနှင့်ပေါင်းဖော်လျှင် ချမ်းသာသုခကို ရ၏၊ ပူမှု အိုက်မှုဒုက္ခ နှိပ်စက်၍နေသောသူသည် အေးမြသောရေနှင့် ပေါင်းဖော်လျှင် ချမ်းသာ

သုခကို ရ၏။ ထိုချမ်းသာသုခတို့သည် မီး ရေတို့နှင့် ကွာပြန်လျှင် ခဏချင်း ကွယ်ပျောက်သေဆုံး၍ ချမ်းသာမှုဒုက္ခ ပူအိုက်မှုဒုက္ခသို့ ပြောင်းရွှေ့ ဖောက်ပြန်လေကုန်၏။ ဒုက္ခရောက်မြဲ ရောက်ပြန်လေကုန်၏။ သုခကို အလိုရှိပြန်လျှင် မီးနှင့်ရေနှင့် ပေါင်းဖော်မြဲ ပေါင်းဖော်ရပြန်၏။ မီးနားရေနားသို့ ချဉ်းမြဲ ချဉ်းရပြန်၏။ မီးကို ပြုစုပျိုးထောင်မှု သင်္ခါရဒုက္ခ၊ ရေရှိရာသို့ သွားရမှု ရေကို ယူဆောင်ရမှု သင်္ခါရဒုက္ခ ရောက်မြဲ ရောက်ပြန်၏။

ဤဥပမာအတူ – လူ့ဌဖြစ်သော အာရုံ ၆–ပါးတို့သည် သုခဝေဒနာ၊ သောမနဿဝေဒနာတို့ကို ပေးနိုင်ကုန်၏။ ထို့ကြောင့် ထိုထို သုခ၊ ထိုထို သောမနဿကို အလိုရှိသော သူတို့သည် ထိုထိုအာရုံဝတ္ထုတို့နှင့် ပေါင်းဖော်မှ အလိုရှိသော သုခသောမနဿကို ရနိုင်ကုန်၏။ ထိုထို အာရုံဝတ္ထုတို့နှင့် ကွာပြန်လျှင် ခဏချင်း ကွယ်ပျောက်၍ ခြောက်သွေ့ငြိုးငွေ့ဖွယ်သော ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဘက်သို့ ပြောင်းလဲဖောက်ပြန်ကြလေကုန်၏။ ခြောက်သွေ့ ငြိုးငွေ့ဖွယ်သော ဝေဒနာအတွေ့ကို သည်းမခံလို၍ ထိုသုခသောမနဿကို အလိုရှိပြန်လျှင် ထိုအာရုံဝတ္ထုသို့ ချဉ်းကပ်ရပြန်၏။ အာရုံဝတ္ထုကို အမြဲ မွေးမြူ၍ ထားရ၏။ စောင့်ရှောက်၍ ထားရ၏။ ထိန်းသိမ်း၍ထားရ၏။ မရှိလျှင် ရှိအောင် ရှာကြံအားထုတ်ရ၏။ ထိုအာရုံဝတ္ထု အကျိုးငှာ ငွေကို ရှာရ၏။ ရွှေကို ရှာရ၏။ ဆန်စပါး စသည်ကို ရှာရ၏။ လောက၌ နေ့နေ့ညည ကြောင့်ကြစိုက်ကြ၊ အားထုတ်ကြ လုပ်ဆောင်ကြသော သင်္ခါရဒုက္ခ ဟူသမျှသည် သုခသောမနဿကို ပေးနိုင်သော အာရုံဝတ္ထုတို့ အကျိုးငှာ တပင်တပန်း ခံကြရသော ဒုက္ခမှုချည်းသာတည်း။

**ဒုက္ခတွင်းကြီးသို့ ဆင်းပြန်ရ**

ပုဂ္ဂိုလ်သတ္တဝါတို့သည်ကား မိမိတို့သန္တာန်၌ သုခသောမနဿဝေဒနာ စိုစိုရွှန်းရွှန်း ရွှင်ရွှင်လန်းလန်း ဖြစ်ပွား၍နေသည်ကို အလွန် အလိုရှိကြကုန်၏။ ထိုဝေဒနာ တို့ကား လူ့ဌာရုံနှင့်ကွာလျှင် ခဏချင်း ခန်းခြောက်၍ ကုန်ကြလေ၏။ ထိုခန်းခြောက်မှု ဝိပရိဏာမဒုက္ခသည် ထိုသတ္တဝါတို့ကို ခဏချင်း ကိုယ်ပူပန်အောင်၊ စိတ်ပူပန်အောင် ပြု၍ နှိပ်စက်၏။ အနမတဂ္ဂသံသရာနှင့်တကွ မဆုံးနိုင်သော သင်္ခါရဒုက္ခတွင်းကြီးသို့ မဆင်းချင် မနေသာအောင် အတင်း တွန်းလှဲချ၏။ မိမိတို့ သန္တာန်၌ သုခသောမနဿ ခန်းခြောက်၍ သွားပြန်သည်နှင့် တစ်ပြိုင်နက် ထို သုခသောမနဿကို ပေးနိုင်သော အာရုံဝတ္ထုရှိရာသို့ ချဉ်းကပ်ရမှု၊ ထိုအာရုံဝတ္ထုကို ရှာကြံရမှု အစရှိသော သင်္ခါရဒုက္ခတွင်းကြီးသို့ ဆင်းပြန်ရ ဝင်ပြန်ရ၏ ဆိုလိုသည်။

**လှူချမ်းသာ သုခဝေဒနာ နှိပ်စက်ပုံ**

ဤသို့လျှင် သုခသောမနဿဝေဒနာသည် ပုဂ္ဂိုလ်သတ္တဝါတို့ကို ဝိပရိဏာမ ဘေးဒုက္ခဒဏ်ဖြင့် အမြဲနှိပ်စက်၏။ သင်္ခါရဒုက္ခ ဘေးဒုက္ခဒဏ်ဖြင့် အမြဲနှိပ်စက်၏။ အကယ်၍ သုခ သောမနဿဝေဒနာသည် ပုဂ္ဂိုလ် သတ္တဝါတို့၏ အထည်ခံ အမာခံ အတ္တသာရ ဖြစ်ခဲ့ငြားအံ့။ ပုဂ္ဂိုလ် သတ္တဝါတို့ အလိုမရှိသော ဝိပရိဏာမ အဖြစ်သို့ တစ်ရံတစ်ဆစ်မျှ မရောက်လေရာ။ ပုဂ္ဂိုလ် သတ္တဝါတို့ကို ဝိပရိဏာမဒုက္ခအတွက်၊ သင်္ခါရဒုက္ခအတွက်နှင့် မပြတ်မစဲ အဖန်တလဲလဲ ဆင်းရဲ ပင်ပန်းအောင် မပြုရာ။

လှူချမ်းသာဟုဆိုအပ်သော သူဌေးသုခ သူကြွယ်သုခ ပဒေသရာဇ်မင်းသုခ ဧကရာဇ်မင်းသုခ စကြာမင်္ဂလာတ်မင်းသုခ ဝေဒနာစုသည် ထိုသူတို့၏ အတ္တသာရ အမှန်ဖြစ်ခဲ့ငြားအံ့။ ထိုသူတို့၏ စိတ်ဆန္ဒနှင့် တစ်လုံးတစ်စည်းတည်း အမြဲတည်၍သာ နေရာ၏။ ထိုသူတို့ အလိုမရှိသော ဇရာမရဏ ဝိပရိဏာမအဖို့သို့ မရောက်လေရာ။ ထိုသို့ကား မဟုတ်၊ အရွယ်သုံးပါးတွင် ဘယ်အခါမဆို ဝိပရိဏာမအဖို့သို့ရောက်၍ ထိုသူတို့ကို ထိုစည်းစိမ်ချမ်းသာ ခန္ဓာ အသက်တို့နှင့် ဖရိုဖရဲ ကွဲပြားအောင်ပြု၍ နှိပ်စက်လေ၏။ နတ်သုခ၊ သိကြားသုခ၊ ဗြဟ္မာသုခတို့၌လည်း ဤနည်းတူ သိလေ။

ဤကား သုခ သောမနဿဝေဒနာတို့၏ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ နှစ်ပါး တစ်လုံးတည်း တစ်သားတည်းဖြစ်ပုံကို ပြဆိုချက်တည်း။

**ဒုက္ခနှိပ်စက်ပုံဒေါမနဿဝေဒနာ အနတ္တဖြစ်ပုံ**

ဒုက္ခဒေါမနဿဝေဒနာတို့၏ ကိုယ်မဟုတ်သော အခြင်းအရာသည်ကား အလွန်ထင်ရှား၏။ အဖျားအနာကပ်ရောက်၍ နေဆဲအခါ သက်သာခွင့် သုခကို တောင့်တ၍ နေဆဲမှာ အပြင်းအထန် နှိပ်စက် တိုးပွားလာ၏။ ပုဂ္ဂိုလ်အလိုဆန္ဒကို ငဲ့မှုဟူ၍မရှိ။ ပုဂ္ဂိုလ်ကို ညှာတာမှုဟူ၍ မရှိ။ မခံမရပ်နိုင်လှ၍ ဟစ်ကြွေးအော်ငြားငိုယိုညည်းညူ လူးလဲ၍ပင်နေသော်လည်း ထိုဝေဒနာသည် သက်သာညှာတာ၍ပေးလိုက်မည်ဟု ညှာတာမှုမရှိ။ စင်းစင်းသေ၍သွားအောင် ဖိစီးနှိပ်စက်၏။ အဝီစိ ငရဲ၌ကျ၍ အနှစ်တစ်သိန်းခံရသောသူမှာ မိမိသန္တာန်၌ရှိသော ဒုက္ခဝေဒနာသည် အဝီစိငရဲ ဒုက္ခအစစ်တည်း။ ထို အဝီစိဒုက္ခ အစစ်ဖြစ်သော ထိုသူ၏ဝေဒနာသည် အနှစ်တစ်သိန်းအတွင်း မျက်တောင်တစ်ခတ်မျှလည်း သက်သာခွင့်ကို မပေးမူ၍ မျက်တောင်တစ်ခတ်မျှ ရပ်တည်မရ။ တွန့်တွန့်လူး ဖျပ်ဖျပ်လူး အော်ဟစ်ပြေးသွား၍ နေသော ထိုသူအား အဏုမြူမျှ ညှာတာမှုဟူ၍ မရှိဘဲ အမြဲထာဝရ အပြင်းအထန် နှိပ်စက်၏။ ကြွင်းသော အပါယ်ဒုက္ခတို့၌လည်း ထိုနည်းတူ သိလေ။

ဒုက္ခ၊ ဒေါမနဿဝေဒနာတို့၏ အနတ္တဖြစ်ပုံကို ပြဆိုချက်ပြီး၏။
ဤတွင်ရွေ့ကား ဝေဒနာတို့၌ ဒုက္ခအချက်ကို
ကောင်းကောင်းကြီး သိမြင်သဖြင့် သိရသော ဝေဒနာတို့၏
အနတ္တလက္ခဏာကို ပြဆိုချက် ပြီး၏။

---------

## ပဋိစ္စသမုပ္ပါဒ်မြင်သဖြင့် အနတ္တလက္ခဏာ ထင်မြင်ပုံ

ယခုအခါ ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို ကောင်းကောင်းကြီး မြင်သဖြင့် ထင်ရှားသော အနတ္တလက္ခဏာကို ပြဆိုအံ့။

**သစ်ပင်ရိပ် ဥပမာ**

ဉာတပရိညာအခန်း၌ ပြဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ် အစီအရင်ကို ဤနေရာ၌ ဆောင်၍သိလေ။ လိုရင်းအဓိပ္ပာယ်မှာ မြေပြင်၊ သစ်ပင်၊ နေရောင် သုံးခုတို့ကို အစွဲပြု၍ သစ်ပင်ရိပ်ဖြစ်ပေါ်ရာ၌ ထို သစ်ပင်ရိပ်သည် မြေ၏ ကိုယ်ထည်လည်း မဟုတ်။ မြေ၏ ကိုယ်ထည်မှန်ခဲ့လျှင် ထိုနေရာမှာ အမြဲရှိ၍ နေရမည်။ ထိုသို့ အမြဲရှိနေသည် မဟုတ်။ ထိုသစ်ပင်ရိပ်သည် သစ်ပင်၏ ကိုယ်ထည်လည်း မဟုတ်။ သစ်ပင်၏ ကိုယ်ထည်မှန်ခဲ့လျှင် သစ်ပင်မှာ တည်နေရမည်။ ထိုသို့ သစ်ပင်မှာ တည်နေသည် မဟုတ်။

ထိုသစ်ပင်ရိပ်သည် နေရောင်လည်း မဟုတ်။ နေရောင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ နေရောင် ရောက်လျှင် အရိပ်ကွယ်ပျောက်၏။ သဏ္ဌာန်အားဖြင့် သစ်ပင်သဏ္ဌာန် ထင်မြင်သောကြောင့် သစ်ပင်၏ အစီးအပွားသာ ဖြစ်၏။ ထို့ကြောင့် သစ်ပင်ရိပ် ဟူ၍ ခေါ်ရ၏။

ကျောက်ကုန်းအပြင် အစရှိသော ကိုယ်အင်္ဂါအစိတ်မှာ တုတ်၊ လှံတံ ပြင်းထန်စွာ ထိခိုက်၍ နာမှုဟူသော ဒုက္ခဝေဒနာ တဘွားဘွား ဖြစ်ပေါ်ရာ၌ ထိုသစ်ပင်ရိပ်နှင့် ဒုက္ခဝေဒနာ တူကြ၏။ မြေအပြင်နှင့် ကျောက်ကုန်းအပြင် တူကြ၏။ သစ်ပင်နှင့် တုတ်၊ လှံတံ တူကြ၏။ ထိုသစ်ပင်ရိပ်သည် မြေ၌မှီ၍ မြေပေါ်မှာ ပေါ်သော်လည်း မြေ၏ ကိုယ်ထည် မဟုတ်၊ မြေမျိုး မဟုတ်၊ မြေ၏ဆိုင်ရာ မဟုတ်သကဲ့သို့ ထိုဒုက္ခဝေဒနာသည် ကျောက်ကုန်းအပြင်၌ မှီ၍ ကျောက်ကုန်းအပြင်မှာ ဖြစ်ပေါ်သော်လည်း ကျောက်ကုန်းအပြင်ဟူသော ရုပ်တရားစု၏ အစိတ်အင်္ဂါ မဟုတ်။ ရုပ်မျိုးပင် မဟုတ်။

ပူသောဝတ္ထု ထိခိုက်လာလျှင် ပူသော ဒုက္ခဝေဒနာ ဖြစ်ပေါ်သည်။ အေးသော ဝတ္ထု ထိခိုက်လာလျှင် အေးသော ဒုက္ခဝေဒနာ ဖြစ်ပေါ်သည်။

ဤသို့ အစရှိသည်ဖြင့် ထိခိုက်လာသော ဝတ္ထုနှင့်သာ အသွင်အပြင် တူလေရကား၊ ထိုဝေဒနာသည် တုတ်၊ လှံတံ၏ အစီးအပွားသာတည်း။ တုတ်၊ လှံတံ၏

သားမြေးသာတည်း။ ထို့ကြောင့် တုတ် လှံတံ ထိခိုက်နာဟူ၍လည်းကောင်း၊ ဓားခုတ်မိလျှင် ဓားခုတ်နာဟူ၍လည်းကောင်း၊ မီးလောင်လျှင် မီးလောင်နာဟူ၍လည်းကောင်း ထိခိုက်လာသော ဝတ္ထုနှင့်စပ်၍ ထိုဝေဒနာကို ပြောဆိုကြရသည်။

ထိုမှတစ်ပါး လရောင် မီးရောင်တို့ကို အစွဲပြု၍ ထိုထိုနေရာမှာ တုံးရိပ် တိုင်ရိပ် သစ်ပင်ရိပ် လူရိပ် စသည်ပေါ်ရာတို့၌လည်း ဤနည်းတူ သိလေ။

ကြည်လှစွာသော မှန်အပြင် ဖန်အပြင် ရေအပြင်တို့မှာ နေဝန်းသဏ္ဌာန်၊ လဝန်းသဏ္ဌာန်အရိပ်၊ လူရိပ်၊ မျက်နှာရိပ်၊ သစ်ပင်ရိပ်၊ သစ်ကိုင်းရိပ် စသည်တို့ ပေါ်ကြရာ၌လည်း ဤအတူ သိလေ။

**မှန်မျက်နှာရိပ် ဥပမာ**

မှန်အပြင်မှာ လူမျက်နှာရိပ်ပေါ်ရာ၌ ထိုမျက်နှာရိပ်သည် မှန်၏ကိုယ်လည်း မဟုတ်။ မျက်နှာ၏ကိုယ်လည်း မဟုတ်၊ မှန်၏ ဘက်သားလည်း မဟုတ်။ အသွင်သဏ္ဌာန်ကို ထောက်သော် မျက်နှာနှင့်သာ တူလေရကား မျက်နှာ၏ ဘက်သား၊ မျက်နှာ၏ အစီးအပွား၊ မျက်နှာ၏ သားမြေးသာဖြစ်၍ မျက်နှာရိပ်ဟူ၍ ခေါ်ရ၏။ မျက်နှာရိပ်နှင့် ထိုဒုက္ခဝေဒနာ တူကြ၏။ မှန်အပြင်နှင့် ကျောက်ကုန်းအပြင် တူကြ၏။ မျက်နှာနှင့် တုတ် လှံ တူကြ၏။

**နာတာရှည်စွဲသူ ဥပမာ**

ထိုမှတစ်ပါး ဦးခေါင်းအတွင်း ရင်တွင်းအသည်းတွင်း အဆုတ်တွင်း ဝမ်းတွင်း အအူတွင်း အစရှိသော ကိုယ်တွင်း အင်္ဂါတို့မှာ အနာအို အနာမင်းဖြစ်ပွား၍နေရာ သံသေဒဇပိုးတို့သည် ကျရောက်ကုန်၍ ထိုအနာတွင်းမှာ ပွားများ၍ နေကြကုန်၏။ ဤ၌လည်း အနာသွေး အနာသား တခြား တစ်မျိုး၊ သံသေဒဇ ပိုးသတ္တဝါ တခြားတစ်မျိုး။ အနာအို အနာမင်းနှင့် ကျောက်ကုန်း အပြင် အစရှိသော ရုပ်ခန္ဓာကြီး တူကြ၏။ သံသေဒဇပိုးတို့နှင့် ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ နာမ်ခန္ဓာစု တူကြ၏။

**နှနာစွဲသူ ဥပမာ**

တစ်နည်းကား – ရွှဲရွှဲစို တစ်ကိုယ်လုံး နှနာရှိသောသူမှာ များစွာသောယင်တို့သည် တရုံးရုံး ဝိုင်းအုံ၍ ယင်ချေးဥမှု၊ လောက်ရှင်လွှတ်မှုကို ပြုကြကုန်၍ ထိုသူ့ ကိုယ်သန္တာန်မှာ ပိုးတွေအပြည့် တရွရွနေ ရာ၌ ထိုပိုးတို့သည် ထိုပုဂ္ဂိုလ်၏ အစိတ်အင်္ဂါ မဟုတ်ကုန်။ ယင်ကောင်တို့၏ သားမြေး တို့သာတည်း။ ဤဥပမာ၌ ပိုးလောက်တို့နှင့် ထိုဒုက္ခဝေဒနာ တူ၏။ ယင်းသတ္တဝါစုနှင့် တုတ် လှံတံ တူကြ၏။ ရွှဲရွှဲစိုသော နှနာကြီးတွေနှင့် ကျောက်ကုန်းအပြင် အစရှိသော ရူပက္ခန္ဓာကြီးတွေ တူကြ၏။

အရပ်ရပ်သော ဥပမာတို့ဖြင့် ထိုဝေဒနာငါးပါးတို့သည် မိမိကိုယ်အင်္ဂါအတွင်းမှာ ဖြစ်ပေါ်လာသော်လည်း မိမိဆိုင်ရာ မဟုတ်ကုန်ဟူသော အနက်ကို ပြလိုရင်းတည်း။ မိမိကိုယ်လည်း မဟုတ်ကုန်။ မိမိကိုယ်ပိုင်ဥစ္စာလည်း မဟုတ်ကုန်။ မိမိကိုယ်ခန္ဓာတွင်းမှာ အစဉ်ထာဝရ အမြဲရှိနေသော တရားစုလည်း မဟုတ်ကုန်ဟူသော အနက်ကို ပြလိုရင်းတည်း။

ထိုစကားမှန်၏။ မှန်အပြင် ဖန်အပြင် ရေအပြင်၌ပေါ်သော အရိပ်တို့မည်သည် မှန်ထဲ ဖန်ထဲ ရေထဲမှာ အမြဲရှိ၍ နေနိုင်ကြသည် မဟုတ်ကုန်။ နေဝန်း လဝန်း လူမျက်နှာ စသည်တို့နှင့် ဆုံမိကြဆဲအခါ၌သာ အခိုက်အတန့်အားဖြင့် ပေါ်လာကြကုန်၏။ နေဝန်းကွယ်ပြန်လျှင် နေဝန်းအရိပ် ပျောက်ကွယ်ပြန်၏။ လဝန်းကွယ်ပြန်လျှင် လဝန်းအရိပ် ပျောက်ကွယ်ပြန်၏။ လူမျက်နှာ ကွယ်ပြန်လျှင် မှန်ထဲ ဖန်ထဲ ရေထဲမှာ လူရိပ်မျက်နှာရိပ် ပျောက်ကွယ်ပြန်၏။

**အာရုံနှင့် ပေါင်းဆုံမှ ဝေဒနာပေါ်**

ထို့အတူ ထိုဝေဒနာတို့သည်လည်း ထိုထို အာရုံတို့နှင့် ပေါင်းဆုံတွေ့ထိ၍ နေဆဲအခါ၌သာလျှင် အခိုက်အတန့်အားဖြင့် ကိုယ်သန္တာန်တွင်းမှာ ဖြစ်ပေါ်လာကြကုန်၏။ ထိုထိုအာရုံတို့ ကွယ်ပြန်ကုန်လျှင် ကိုယ်သန္တာန်တွင်းမှာ ကွယ်ပျောက်ချုပ်ဆုံးကြလေကုန်၏။ ဖြစ်ပေါ်လာကြကုန်၏။ ဤသို့သော ဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ်အချက် ဆိုသတည်း။

**သူငယ်ရိပ် ဥပမာ**

ဥပမာကား - တစ်ယောက်သော သူရူးသည် မှန်အပြင်၌ ပေါ်သော သူငယ်ရိပ်ကို မိမိ၏ သားသမီးဟု စွဲလမ်းခြင်း ဖြစ်၍နေ၏။ မိမိလက်ရှိ မှန်အပြင်မှာ သူငယ်ရိပ်ကို ကြည့်ရှု၍ နေရမှ သုခသောမနဿ ဖြစ်၏။ သူငယ်ရိပ်ကွယ်၍သွားလျှင် မနေတတ် မထိုင်တတ် သောကဒုက္ခ ဖြစ်၏။

သူငယ်ရိပ်မည်သည်လည်း မှန်အပြင်နှင့် တစ်ယောက်သော သူငယ် ဆုံတွေ့၍ နေဆဲအခါ၌သာ မှန်အပြင်မှာ ပေါ်ရှိ၍နေ၏။ သူငယ်နှင့်မှန် မျက်နှာလွဲပြန်လျှင် ကွယ်ပျောက်ပြန်၏။ ထိုသူရူးသည် သူငယ်ရိပ်ကို မြင်လိုတိုင်း မြင်လိုတိုင်း သူငယ်ရှိရာသို့ မှန်ကိုယူ၍ တစ်နေ့ တစ်နေ့လျှင် အခါတစ်ရာမက ပြေးသွားရသော သင်္ခါရဒုက္ခ အမြဲရောက်လတ္တံ့။ သူငယ်ရိပ် ကွယ်ပျောက်တိုင်း ကွယ်ပျောက်တိုင်း စိတ်နှလုံး ငြိုငြင်ပူပန်တောင့်တရသော ဝိပရိဏာမဒုက္ခ အမြဲရောက်လတ္တံ့။

အဘယ်ကြောင့်နည်း။ မှန်အပြင်မှာ ထင်သော သူငယ်ရိပ်သည် ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်လေသောကြောင့်တည်း။ ပဋိစ္စသမုပ္ပါဒ်မျိုး ဆိုသည်ကား ထိုသူငယ်ရိပ်သည် မှန်တွင်းမှာ ပါရှိ၍နေသော တရားလည်း မဟုတ်။ သူငယ်နှင့် ဆုံမိဆဲအခါမှာမှ သူငယ်

ကို အစွဲပြု၍ မုန်အပြင်မှာ ပေါ်လာသော တရားမျိုးတည်း။ သူငယ်ကို အစွဲပြု၍ ပေါ်သော တရားမျိုး ဖြစ်သည့်အတွက်ကြောင့် အစွဲပြုရာသူငယ်နှင့် ကင်းကွာပြန်လျှင် အစွဲပြုရာ မရှိသည်နှင့် ခဏချင်း ကွယ်ပျောက်ပြန်၏။ ပေါ်စေလိုသော သူငယ်ရှိရာသို့ ချဉ်းကပ် ရပြန်၏။ ဤသို့ဖြစ်သည်ကို ပဋိစ္စသမုပ္ပါဒ် ဆိုသတည်း။ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာငါးပါးတို့သည် မုန်အပြင်မှာ တဒင်္ဂအားဖြင့် ပေါ်တတ် သော သူငယ်ရိပ်နှင့် တူ၏။ ထိုဝေဒနာတို့ကို ငါငါဟူ၍ ငါ့ကိုယ် ငါ့ကိုယ်ဟူ၍ စွဲလမ်း ကြသော ဗာလပုထုဇဉ်တို့သည် ထိုသူရူးယောကျ်ားနှင့် တူကုန်၏။ မိမိတို့၏ အဇ္ဈတ္တ ခန္ဓာတို့၌ ရှိနေသော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနဟူသော အကြည်ဓာတ် ခြောက်ပါးတို့သည် သူရူးလက်ရှိမှန်နှင့် တူကုန်၏။ ဗဟိဒ္ဓအာရုံခြောက်ပါးတို့သည် ပကတိသူငယ်နှင့် တူကုန်၏။ မိမိ အဇ္ဈတ္တ ကိုယ်ခန္ဓာမှာ သုခသောမနဿဝေဒနာ ဖြစ်ပေါ်ခြင်းကို အလိုရှိတိုင်း အလိုရှိတိုင်း ထိုဝေဒနာတို့ကို ပေးနိုင်သော အာရုံဝတ္ထု ရှိရာသို့ ချဉ်းကပ်ကြရကုန်သော ဗာလပုထုဇဉ်တို့သည် သူငယ်ရှိရာသို့ အခါခါ ချဉ်းကပ်ရသော ထိုသူရူးနှင့် တူကုန်၏။

> ဤသို့ ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အမှု၊ အာဂန္တုကအမှုကို ကောင်း ကောင်းထင်မြင်သည်ရှိသော် ဝေဒနာတို့၏ အနတ္တအချက်သည် ထင်ရှား၏။ ဤတွင်ရွေ့ကား ဝေဒနာတို့၏ အနတ္တဓမ္မမျိုး စင်စစ်ဖြစ်ကြောင်းကို ပဋိစ္စသမုပ္ပါဒ်အချက်နှင့် ပြဆိုသောအခန်း ပြီး၏။

**အနိစ္စနှင့် ပဋိစ္စသမုပ္ပါဒ် လိုရင်းပဓာန**

ထိုမှတစ်ပါး ဝေဒနာတို့၏ အနတ္တ ဓမ္မ ဖြစ်ကြောင်း ကို ပြဆိုရန်အချက် အလွန်များသေး၏။ လိုရင်း မှာမူကား ဝေဒနာတို့၏ အနိစ္စအချက်ကို လှလှ ထင်မြင်မှု၊ ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို လှလှထင်မြင်မှု ဤ နှစ်ချက်သည်သာ လိုရင်း ပဓာနတည်း။

အနိစ္စကို လှလှထင်မြင်နိုင်ပါလျှင် အနတ္တ ထင်မြင်နိုင်တော့မည် ဧကန်တည်း။ ဝေဒနာတို့၏ ပဋိစ္စသမုပ္ပါဒ်အချက်ကို လှလှထင်မြင်နိုင်ပါလျှင် အနတ္တ ထင်မြင်နိုင် တော့မည် ဧကန်တည်း။ ထို့ကြောင့် အနိစ္စအချက် ပဋိစ္စသမုပ္ပါဒ်အချက်ကိုသာ မိမိရရ လှလှကြီးထင်မြင်နိုင်အောင် နှစ်ရှည်လများ အားထုတ် ကြိုးပမ်းရာသတည်း။

ဤတွင်ရွေ့ကား ပဋိစ္စသမုပ္ပါဒ်အချက်ကို မြင်သဖြင့် ထင်ရှားသော
အနတ္တလက္ခဏာကို ပြဆိုချက် ပြီး၏။
အနတ္တပရိညာ အစီအရင် ပြီး၏။

# အနတ္တထင်မြင်ခြင်း၏ အကျိုး

**ဘ၀အမျိုးမျိုးဖြစ်ခဲ့ရ**

ယခုအခါ အနတ္တထင်မြင်နိုင်ခြင်း၏ အကျိုးအာနိသံသကို ပြဆိုဦးအံ့။ အနတ္တ ကောင်းကောင်း ထင်မြင်နိုင်လျှင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အကြွင်းမဲ့ချုပ်ငြိမ်းသော သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်၏။ သောတာပန် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်၏။

အနမတဂ္ဂသံသရာ၌ ကျင်လည်၍နေကြသော ခပ်သိမ်းသော သတ္တဝါတို့သည် ဘုရားသာသနာ အလွန်ကြုံကြိုက်ခဲကုန်၏။ ကမ္ဘာတစ်သိန်း လွန်၍မှလည်း တစ်ခါ မကြုံကြိုက်ရကုန်။ ကမ္ဘာအသင်္ချေလွန်၍မှလည်း တစ်ခါမကြုံကြိုက်ရကုန်။ အမိုက်အမျိုးမျိုး အမှောက်အမှား အမျိုးမျိုးတို့နှင့် ကုန်ခဲ့ကြသော ဘဝတွေ ကမ္ဘာတွေသာ များလှစွာကုန်၏။

ထို့ကြောင့် တစ်ယောက် တစ်ယောက်သော ဤသတ္တဝါတို့၏ စိတ်သန္တာန်အတွင်းမှာ အဝီစိငရဲသို့ကျရန် ကံပေါင်းအသင်္ချေအနန္တ အမြဲပါရှိ၍နေကုန်၏။ ထို့အတူ သိဉ္ဇိုးငရဲသို့ကျရန် ကံပေါင်း အသင်္ချေအနန္တ စသည်ဖြင့် ငရဲကြီးရှစ်ထပ်၊ ငရဲငယ်များစွာ၊ ပြိတ္တာအမျိုးမျိုး၊ အသူရကာယ်အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးတို့ကို အကုန်သိလေ။

**သက္ကာယဒိဋ္ဌိ မပြုတ်သမျှ**

ထိုသို့ ပါရှိနေကုန်သော အကုသိုလ် ကံဟောင်းတို့၏ ဦးခေါင်းမှုကား အတ္တဒိဋ္ဌိပေတည်း။ သက္ကာယဒိဋ္ဌိပေတည်း။ သတ္တဝါတို့၏ စိတ်သန္တာန်မှာ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး ထိုအကုသိုလ် ကံဟောင်းတို့သည် ဝင်းဝင်းတောက် ထက်သန်ကြ ကုန်၏။ နတ်ပြည်ခြောက်ထပ်မှာ နတ်မင်း သိကြားမင်း ဖြစ်၍ နေကြသော်လည်း အပါယ်လေးပါးသို့ ဦးခေါင်းငိုက်စိုက် ရှေ့ဦးတိုက်၍သာ နေကြရကုန်၏။ ထို့အတူ ရူပဗြဟ္မာ၊ အရူပဗြဟ္မာဖြစ်၍ နေကြကုန်သော်လည်း အပါယ်လေးပါးသို့ ဦးခေါင်းရှေးရှုကာ နေကြကုန်၏။

ထန်းတောကြီး၌ ထန်းသီးတို့သည် ထန်းပင်ပေါ်မှာ နေကြကုန်သော်လည်း အောက်မြေအဖို့သို့ ကျရောက်မှုကို ရှေ့ရှုချိန်ရွယ်ကာ နေကြကုန်၏။ အညှာခိုင်သေးသမျှသာ အပေါ်မှာ အသက်ရှိကြကုန်၏။ အညှာပြုတ်လျှင် မချွတ်မလွဲ မြေကြီးလျှင်လဲလျောင်းရာ ရှိကြကုန်၏။

ထို့အတူ ထိုအတ္တဒိဋ္ဌိ ရှိနေကြကုန်သော နတ်ဗြဟ္မာတို့သည် နတ်သက်ဗြဟ္မာသက် ဟူသော ဇီဝိတိန္ဒြေ အညှာမပြုတ်မီ အတွင်းမျှသာ နတ်ပြည် ဗြဟ္မာ့ပြည့်မှာ နေခွင့်ရှိကြကုန်၏။ ဇီဝိတိန္ဒြေ အညှာပြုတ်သည်ရှိသော် ထန်းသီးကဲ့သို့ တသဲသဲ အမြဲကြွေကြရကုန်၏။

ထိုစကားမှန်၏။ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ စိတ်သန္တာန်မှာ အစဉ်ပါရှိ၍နေသော သက္ကာယဒိဋ္ဌိတရားသည် အကုသိုလ်ကံ အနန္တတို့ကို လက်တွင်း သိမ်းပိုက်၍နေသော တရားဖြစ်သောကြောင့် မြင်းမိုရ်တောင်ကြီးမျှမက အလွန်ဝန်လေး လှသော တရားပေတည်း။

**ဗြဟ္မာကြီး အပါယ်ကျနိုင်**

ထို့ကြောင့် စိတ်သန္တာန်မှာ သက္ကာယဒိဋ္ဌိရှိနေသော သတ္တဝါတို့သည် ဘဝဂ်ဘုံမှာပင် နေကုန်သော်လည်း အပါယ်ရှိရာသို့ တဖြုန်းဖြုန်း ကျလာကြရကုန်၏။ အောက်အောက်သော ဗြဟ္မာ့ပြည် နတ်ပြည် လူ့ပြည်၌နေကြသောသူတို့မှာ ဆိုဖွယ်ရာမရှိပြီ။ ဗြဟ္မာမင်းကြီး နတ်မင်းကြီး သိကြားမင်း ကြီးဖြစ်၍ နေကြကုန်သော်လည်း စိတ်နှလုံးထဲမှာ ငရဲကြီး ရှစ်ထပ်အပြီး ပါရှိ၍နေကြ ကုန်၏။ ငရဲငယ်အနန္တ ပါရှိ၍နေကြကုန်၏။ ပြိတ္တာမျိုး အနန္တ ပါရှိ၍နေကြကုန်၏။ အသူရကာယ်မျိုးအနန္တ ပါရှိ၍နေကြကုန်၏။ တိရစ္ဆာန် ဘဝမျိုးအနန္တ ပါရှိ၍နေကြကုန်၏။ ထိုသို့ မိမိတို့ စိတ်နှလုံးထဲမှာ အမြဲမကွာ ပါရှိ၍ နေသည်ကို မသိကြသောကြောင့် ထိုဗြဟ္မာမင်းကြီး သိကြားနတ်မင်းတို့သည် ပျော်မွေ့ခြင်းရှိကြလေကုန်သည်။

**သက္ကာယဒိဋ္ဌိ ချုပ်ရကျိုး**

ထိုအနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက်တို့မှာ ပါရှိနေကြကုန်သော ထိုအကုသိုလ်ကံဟောင်း တို့သည် မိမိတို့၏ ဦးခေါင်းဖြစ်သော သက္ကာယဒိဋ္ဌိ ချုပ်ဆုံးခဲ့သည်ရှိသော် အကုန် ချုပ်ဆုံး ကွယ်ပျောက်ကြ လေကုန်၏။

ရှေးရှေးဘဝ ရှေးရှေးကမ္ဘာတို့က ပါရှိကြသော ကံဟောင်းတို့ကို မဆိုထား ဘိဦး။ ယခုဘဝတွင်ပြုသော ပါဏာတိပါတကံပေါင်း အနန္တ၊ အဒိန္နာဒါနကံပေါင်း အနန္တ စသည်ပင် ဖြစ်စေဦးတော့၊ ယခုနေ့ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခဲ့လျှင် ယခုအကုန်လုံး ကွယ်ပျောက်လေ၏။ မိမိကိုယ်မှာရှိသော သန်း ကြမ်းပိုးတို့ကို ကြောက်ဖွယ်ရှိသေး၏။ ထိုအကုသိုလ်ကံ အနန္တတို့ကို ကြောက်ဖွယ်မရှိပြီ။

စိတ်သန္တာန်မှာ ထိုသက္ကာယဒိဋ္ဌိ ကင်းငြိမ်းပြီးသော သူတို့သည် လူ့ဘုံမှာ နေကြကုန်သော်လည်း အထက်အထက် နတ်ဘုံ ဗြဟ္မာ့ဘုံသို့သာ ဦးခေါင်းရှေ့ရှု ချိန်ရွယ် ကာ နေကြကုန်၏။ အောက်အောက် နတ်ဘုံ ဗြဟ္မာ့ဘုံမှာ နေကြကုန်သော်လည်း အထက်အထက် နတ်ဘုံ ဗြဟ္မာ့ဘုံသို့သာ ဦးခေါင်းတချီချီ နေကြကုန်၏။

မိုးနှောင်းအခါတို့၌ ထိုထိုတောတောင်မှာ ထွက်၍ တက်လေသော အခိုးတို့ သည် အထက်သို့သာ ဆန်တက် လေကုန်သကဲ့သို့တည်း။

ဤကား အတိတ်ကံဟောင်းတို့နှင့်စပ်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းမှု အကျိုး အာနိသင် ကြီးကျယ်ပုံတည်း။

**သက္ကာယချုပ်ငြိမ်းက သာသနာမကွယ်**

စိတ်သန္တာန်မှာ သက္ကာယဒိဋ္ဌိ ရှိနေကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ယခုပင် သူတော်ကောင်းဖြစ်၍ နေကြကုန်သော်လည်း နက်ဖြန်၌သော်လည်းကောင်း၊ နောက်ရက် နောက်လ နောက်နှစ် နောက်ဘဝတို့၌သော်လည်းကောင်း၊ မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက အစရှိသော ပါဏာတိပါတကံမျိုးတို့ကိုလည်း အနန္တပြုကြကုန်လတ္တံ့။ အဒိန္နာဒါနကံမျိုးတို့ကိုလည်း အနန္တပြုကြကုန်လတ္တံ့။ ကြွင်းသော ဒုစရိုက်မျိုးတို့ကိုလည်း အနန္တပြုကြကုန်လတ္တံ့။ ယခုနေ့ မိမိသန္တာန်မှာ ဘုရားသာသနာကြီး လက်ရှိ ရှိနေကြ၏။ နောက်ရက် နောက်လ စသည်တို့၌ ဘုရားသာသနာကြီး လက်လွှတ်၍ ဘုရားသာသနာကြီးကို ဖျက်ဆီးသော ဒိဋ္ဌိမျိုးတို့ ရောက်ကြကုန်လတ္တံ့။

အနတ္တလက္ခဏာ ကောင်းကောင်းကြီးထင်မြင်၍ စိတ်သန္တာန်မှာ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော လူ နတ် ဗြဟ္မာတို့သည်မူကား သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသောနေ့မှ စ၍ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ ကျင်လည်ကြကုန်သော်လည်း အကုသိုလ် ဒုစရိုက်မှုတို့ကို အိပ်မက်တွင်မျှ မပြုမှားကြကုန်ပြီ။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော နေ့မှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် မြတ်စွာဘုရား သာသနာတော်ကြီးလည်း ဖြစ်လေရာရာ ကမ္ဘာအဆက်ဆက် စိတ်နှလုံးထဲမှာ အမြဲပါလေတော့သည်။ သာသနာ ကွယ်သောဘဝ သာသနာကွယ်သောကမ္ဘာဟူ၍ မရှိကြလေကုန်ပြီ။

ဤကား နောက်အနာဂတ်ကံမျိုးနှင့် စပ်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးခြင်း၏ အကျိုးအာနိသံသတည်း။

**ပုတီးကုံးဥပမာ**

သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခဲ့ပြီးလျှင် အတိတ်ဖြစ်သော အကုသိုလ်ကံ အနန္တတို့သည် အဘယ်သို့ အကုန်ကွယ်ပျောက်၍ ကုန်လေသနည်းဟူမူကား အစေ့ငယ်ပေါင်း အနန္တရှိသော တစ်ခုသော ပိုးချည်ကြိုးဖြင့် သီကုံး၍ ထားအပ်သော ရွဲပုတီးကြီး၌ ခိုင်စွာသော ပိုးချည်ကြိုးဖြင့် သီကုံးဖွဲ့စည်းခြင်းရှိနေသော အခါ ဘယ်အစေ့ကိုမဆို တစ်ခုသောအစေ့ကို ဆွဲငင်၍သွားလျှင် အစေ့အနန္တ အကုန်လုံး ပါလေ၏။ ပိုးချည်ကြိုးကို နတ်ယူပယ်ရှားပြီးသောအခါ၌မူကား အစေ့ချင်း အမျှင်အတွယ်မရှိကြပြီဖြစ်၍ တစ်ခုသော အစေ့ကို ဆွဲငင်၍သွားသော်လည်း တစ်ပါးသော အစေ့တို့ မပါကြကုန်ပြီ။

ဤဥပမာအတူ သက္ကာယဒိဋ္ဌိရှိသောသူမှာ ရှေးရှေးဘဝ ရှေးရှေးကမ္ဘာတို့၌ ဖြစ်လာခဲ့သော မိမိခန္ဓာအစဉ်ကိုပင် ငါပြု၍ စွဲလမ်း၏။ ငါသည် ရှေးရှေးဘဝ ရှေးရှေး ကမ္ဘာတို့၌ လူဖြစ်ခဲ့လုပြီ၊ နတ်ဖြစ်ခဲ့လုပြီ၊ ဗြဟ္မာဖြစ်ခဲ့လုပြီဟု သက္ကာယဒိဋ္ဌိ ကြီးတန်းလန်းရှိနေ၏။ ထို့ကြောင့် အတိတ်ဘဝ အတိတ်ကမ္ဘာတို့က ပြုခဲ့သော အကျိုး

မပေးရသေးသော အကုသိုလ်ကံဟောင်း အနန္တတို့သည် ထိုသူသွားရာ အစဉ်လိုက်ပါ၍ နေကြကုန်၏။ နိုင်မြဲစွာ မိုးချည်ကြိုးနှင့် သီကုံး၍ထားသော ရွှဲပုတီးကုံးကြီးကဲ့သို့တည်း။

**သီကြိုးနတ်ပယ်ပြီး ပုတီးဥပမာ**

အနတ္တလက္ခဏာ ကောင်းကောင်းကြီး ထင်မြင်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသော ပုဂ္ဂိုလ်တို့မှာ မူကား တစ်ထိုင်တွင်းမှာဖြစ်ကြသော ရုပ်နာမ်ခန္ဓာကိုပင် ဉာဏ်၌ အပိုင်းအပိုင်း အပြတ် အသတ်တွေ ထင်မြင်လေ၏။ ငါ၏ အတ္တဟူ၍ အမျှင်တန်းလျက်မရှိပြီ။ မိမိခန္ဓာအစဉ် သည် ကြိုးကို ပယ်နုတ်၍ထားအပ်သော ပုတီးစေ့တွေကဲ့သို့ ထင်၏။ ရှေးရှေး၌ ပြုခဲ့ သော အကုသိုလ်ကံတွေသည် ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါ မဟုတ်၊ ငါလည်း မဟုတ်၊ ငါ၏ကံလည်း မဟုတ်၊ ဖြစ်ရာ ခဏမှာ အပိုင်းအပိုင်းပြတ်၍ ပျက်ဆုံးကွယ်ပကြလေ သည်ဟု ကောင်းစွာ ထင်မြင်၏။

ထို့ကြောင့် ထိုအကုသိုလ်ကံဟောင်းတို့သည် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းရာတွင် အကုန်ငြိမ်းကြလေကုန်၏။ ကြိုးကို ပယ်နုတ်ပြီးသော ပုတီးစေ့ကဲ့သို့တည်း။ အကုသိုလ်ကံတို့သည်သာ ကွယ်ပျောက်ကြကုန်သည်၊ ရှေးရှေး၌ ပြုခဲ့သော ကုသိုလ်ကံတို့မူကား သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းကာမျှနှင့် မချုပ်ကြကုန်သေး။ အရဟတ္တမဂ်သို့ကျ၍ တဏှာ အကြွင်းမဲ့ချုပ်ငြိမ်းမှ ကုသိုလ်ကံတို့ ချုပ်ငြိမ်းကြကုန်သည်။

**မိုက်မဲလှ သက္ကာယဒိဋ္ဌိဆွဲငင်မှု**

သက္ကာယဒိဋ္ဌိဆိုသော တရားကား မိုက်ချက် မဲချက် နက်နဲလှ၏။ မာတုဃာတကကံကြီးကို ပြုမိပြီး၍ အဝီစိငရဲသို့ ကေန္တ ငါကျရောက်တော့မည်ဟု ပွက်ပွက်ဆူ စိတ်နှလုံး ပူပန်၍ နေသောသူသည် ထိုမာတုဃာတကကံကိုပင် မိမိ၏ အတ္တပြု၍ ငါပြုခဲ့မိလေခြင်း ငါမိုက်ခဲ့လေခြင်း ငါမှားခဲ့လေခြင်းဟု စွဲလမ်းလျက် ညည်းညူပူပန်၏။ အကယ်၍ အနတ္တပရိညာဉာဏ်ဖြင့် ကောင်းကောင်းကြီး ထင်မြင်၍ ငါပြုခဲ့မိလေခြင်းဟူသော အစွဲအလမ်းကို လွတ်နိုင်သည်ဖြစ်ခဲ့အံ့။ ထို မာတုဃာတကကံသည် ထိုသူ့သန္တာန်သို့ လိုက်၍ အကျိုးပေးခြင်းငှာ မစွမ်းနိုင်လတ္တံ့။ ထိုသို့ကား မဟုတ်၊ ထိုသူ့သန္တာန်သို့ မလိုက်ချင်သော်လည်း မနေရအောင် အကျိုးမပေးချင်သော်လည်း မနေရအောင် ငါပြုမိခဲ့သောကံ ငါ၏ကံဟု အတင်းဆွဲငင်၍ သိမ်းပိုက်လေ၏။ ထိုသို့ သိမ်းပိုက်ခြင်းကြောင့် ထိုကံသည် အကျိုးမပေးချင်သော်လည်း မနေသာ ပေးရလေ၏။ သက္ကာယဒိဋ္ဌိ ရှိနေကြသော ပုထုဇဉ်သတ္တဝါသည် ဤမျှလောက် မိုက်မဲ၏။ ကြွင်းသော အကုသိုလ်ကံ ဟူသမျှတို့၌လည်း ဤနည်းတူ သက္ကာယဒိဋ္ဌိ ဆွဲငင်သိမ်းပိုက်မှုကြောင့် သတ္တဝါတို့ ဖြစ်လေရာရာ အစဉ်ပါ၍နေကြပုံ အကျိုးပေး၍နေကြပုံကို သိလေ။

မိမိတို့ပြုသော မကောင်းမှုကံကြောင့် ငရဲ၌ကျ၍ နေကြရာ၌လည်း ထို မကောင်းမှုကံတို့ကို ငါပြုသော မကောင်းမှုကံဟု စွဲလမ်းသိမ်းပိုက်လျက်ပင် ရှိကြကုန်၏။ ထိုကံတို့ နှိပ်စက်၍ အလွန်ပင်ပန်းနေသောအခါမှာပင် ထိုကံတို့ကို မလွှတ်နိုင်ကြကုန်။ မစွန့်နိုင်ကြသည်အတွက်ကြောင့် ထိုအကုသိုလ်ကံတို့သည် အကျိုးမပေးချင်သော်လည်း မနေသာ။ ထိုသူတို့ကို အပါယ်မှ ဘဝအဆက်ဆက် မလွတ်ရအောင် အကျိုးပေးကြရတော့သည်။ သက္ကာယဒိဋ္ဌိသည် ဤမျှလောက် အနက်အနဲ မိုက်မဲလှ၏။

ထိုနည်းအတူ သတ္တဝါတို့သည် နာခြင်း၊ အိုခြင်း၊ သေခြင်းဘေးကို အလွန်ကြောက်လန့်ကြကုန်၏။ ထိုသို့ ကြောက်လန့်ကြပါကုန်လျက် ငါသည် ရှေးရှေးဘဝတို့၌လည်း နာလှလေပြီ၊ အိုလှလေပြီ၊ သေခဲ့လှလေပြီဟု အတိတ်ဖြစ်သော နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို ပြန်၍ စွဲလမ်းသိမ်းပိုက်ကြကုန်၏။ အလွန်ကြောက်လန့်ရသော တရားကိုပင် လွှတ်၍မပစ်နိုင်ကြ။ မလွှတ်သည့်အတွက်ကြောင့်လည်း ထိုနာမှု အိုမှု သေမှုတို့သည် ထိုသူတို့၏ သန္တာန်သို့ မလိုက်ချင်သော်လည်း မနေရ၊ ဖြစ်လေရာရာပါ၍ နေကြကုန်၏။ ထိုသူတို့ကို မနှိပ်စက်ချင်သော်လည်း မနေရ၊ နာမှုပေါ်ရတော့သည်။ အိုမှုပေါ်ရတော့သည်။ သေမှုပေါ်ရတော့သည်။ သက္ကာယဒိဋ္ဌိသည် ဤမျှလောက် နက်နက်နဲနဲ မိုက်မဲ၏။

ယခု ပစ္စုပ္ပန်ဘဝ၌ ကိုယ်တွင်းဥပဒ် ကိုယ်ပဥပဒ်နှင့် တွေ့ကြုံ၍ အနာရောဂါ ပြင်းထန်စွာ နှိပ်စက်၍ နေကြရာ၌လည်း နှိပ်စက်၍နေသော အနာရောဂါ ဝေဒနာတို့ကိုပင် ငါနာသည် ငါကျင်သည် ငါပူလောင်သည် အစရှိသည်ဖြင့် စွဲလမ်းသိမ်းပိုက်ကြကုန်၏။ ထိုသို့ စွဲလမ်းသိမ်းပိုက်မှုသည် နောက်နောက်ကိုလည်း ထိုအနာရောဂါ ဝေဒနာတို့နှင့် မကွဲကြရအောင် ဖွဲ့စည်းမှုကြီးပေတည်း။ ထိုသို့ သက္ကာယဒိဋ္ဌိ ဖွဲ့စည်းမှု ခိုင်မြဲသည့်အတွက်ကြောင့် အနမတဂ္ဂသံသရာမှာ ယနေ့ထက်တိုင် ထိုအနာရောဂါ ဝေဒနာတို့နှင့် မကွာမကွဲ တစ်လုံးတစ်စည်းတည်းဖြစ်၍ နေကြရကုန်၏။

ဤသို့ သက္ကာယဒိဋ္ဌိမည်သည် အပြင်းအထန် နှိပ်စက်၍ နေဆဲဖြစ်သော ဒုက္ခဘေးကြီးကိုပင်လျှင် ငါပြု၍စွဲလမ်း၏။ ငါ၏ကိုယ်ပြု၍ စွဲလမ်း၏။ သိမ်းပိုက်၏။

ထိုဒုက္ခဘေးကြီးသည် ထိုသူ့သန္တာန်သို့ အစဉ်မလိုက်ချင်သော်လည်း မနေရ။ သက္ကာယဒိဋ္ဌိ ဆွဲငင်ချက်နှင့် ဘဝဆက်တိုင်းပါ၍ နေရတော့သည်။ နောက်နောက်ဘဝတိုင်း၌လည်း ငါတို့သည် နာကြရကုန်လတ္တံ့၊ အိုကြရကုန်လတ္တံ့၊ သေကြရကုန်လတ္တံ့ဟု စွဲလမ်းကြရာ၌ အနာဂတ်ဖြစ်သော ဗျာဓိဓမ္မ၊ ဇရာဓမ္မ၊ မရဏဓမ္မတို့ကို ယခုကလှမ်း၍ သိမ်းပိုက်ဖွဲ့စည်းသော သက္ကာယဒိဋ္ဌိတည်း။ ထိုအဖွဲ့အစည်း မပျက်သမျှသည် ထိုဓမ္မတို့နှင့် ဧကန္တ တွေ့ကြုံကြရလတ္တံ့။ သက္ကာယဒိဋ္ဌိသည် ဤမျှလောက် နက်နက်နဲနဲ မိုက်မဲ၏။

ဤကား သက္ကာယဒိဋ္ဌိတရား မိုက်မဲချက် နက်နဲပုံကို အမြွက်မျှ ပြဆိုလိုက်သော အခန်းတည်း။

**တဏှာမာန စွဲလမ်းမှု**

တဏှာမာနတို့ စွဲလမ်းမှုကား အတ္တဟူ၍ စွဲလမ်းမှု မဟုတ်။ တောဘူမက ဓမ္မတို့ကို တဏှာသည် ငါ၏ဥစ္စာဟု စွဲလမ်း ၏။ မာနသည် ငါဟူ၍ စွဲလမ်း၏။ ထိုတဏှာမာနတို့သည်ကား သက္ကာယဒိဋ္ဌိရှိသော သူတို့မှာ သက္ကာယဒိဋ္ဌိ စွဲလမ်းလျက်သို့ အစဉ်လိုက်၍ စွဲလမ်းကုန်၏။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့မှာ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသတို့ကို အစဉ်လိုက်၍ စွဲလမ်းကုန်၏။ သညာ၊ စိတ္တတို့၏ စွဲလမ်းမှုကား တိမ်၏။ ဒိဋ္ဌိ၏ စွဲလမ်းမှုကား နက်နဲ၏။

ဤတွင်ရွေ့ကား သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးလျှင် အတိတ်ဖြစ်သော အကုသိုလ်ကံတို့ အကုန်ချုပ်ငြိမ်းပုံကို ပြဆိုသော အခန်းတည်း။

**ကျွတ်တမ်းဝင်ရာ လူနည်းပါး**

အနတ္တလက္ခဏာကို ကောင်းကောင်းကြီး ထင်မြင်ပြီးသော ပုဂ္ဂိုလ်တို့သည် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသောနေ့မှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ဘဝအဆက်ဆက် ကမ္ဘာအဆက်ခက်တို့၌ စိတ်သန္တာန်မှာ မြတ်စွာဘုရား သာသနာတော်ကြီး အမြဲပါရှိ၍ နေကြကုန်၏ဟူသော စကား၌ ငါတို့မြတ်စွာဘုရား လက်ထက်တော်ဝယ် ဓမ္မစကြာတရားကို ဟောတော်မူသောအခါ လူ ငါးဦးသားသာ ကျွတ်သည်၊ နတ်အသင်္ချေကျွတ်သည်၊ ဗြဟ္မာတစ်ဆယ့်ရှစ်ကုဋေကျွတ်သည်။ ထိုနည်းတူ ၄၅–ဝါကာလပတ်လုံး ထိုထို ဒေသနာတို့၌ အသင်္ချေကျွတ်သမျှသည် နတ်ဗြဟ္မာတို့ချည်းသာတည်း။ လူတို့မှာ တစ်သုတ်တစ်ခါတွင် လူအသင်္ချေကျွတ်သည်ဟူ၍ မရှိ။

**အရိယာဘုံကြီးတွေ**

တစ်ဆူတစ်ဆူသော ဘုရားလက်ထက် ကျွတ်တမ်းဝင်ကြသူ သတ္တဝါအပေါင်း ၂၄–သင်္ချေနှင့် ကုဋေခြောက်ဆယ်ဗိုလ်ခြေတစ်သိန်းဟူသော စကားမှာလည်း နှစ်ဆယ့်လေးသင်္ချေအရသည် နတ်ဗြဟ္မာအရေအတွက်သာ ဖြစ်သည်။ နတ်တို့မှာလည်း သောတာပန်အနေနှင့် ကျွတ်သူများကြသည်။ ထို့ကြောင့် ယခုအခါ၌ စတုမဟာရာဇ်နတ်ပြည်မှာ သောတာပန်အပြည့်၊ တာဝတိံသာအစရှိသော အထက်နတ်ပြည်တို့မှာလည်း သောတာပန်အရိယာအပြည့်၊ အထက်ဗြဟ္မာ့ပြည်တို့မှာမူကား သောတာပန်အပြည့် သကဒါဂါမ်အပြည့် အနာဂါမ်အပြည့် ရဟန္တာအပြည့်ရှိနေကြကုန်၏။ နတ်ပြည်ခြောက်ထပ်လုံးသည် ယခုအခါ အရိယာဘုံကြီးတွေ ဖြစ်၍နေ၏။ ဗြဟ္မာ့ပြည်တစ်ခွင်လုံးသည် ယခုအခါ အရိယာဘုံကြီးတွေ ဖြစ်၍နေ၏။

ယခုအခါ၌ စတုမဟာရာဇ်ဘုံရှိ အရိယာတို့သည် အနှစ် ၉–သန်းမျှ စတုမဟာရာဇ် နတ်စည်းစိမ်ကို ခံစား စံစားပြီးလျှင် အထက်အထက် နတ်ပြည် ဗြဟ္မာ့ပြည်တို့သို့ ဘုံစဉ်စံ၍ သွားကြကုန်လတ္တံ့။ အောက်သို့လည်းခွင့် မရှိကြကုန်ပြီ။ နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့ကို ဘဝများစွာ ကမ္ဘာများစွာ ခံစား စံစားပြီး၍ အကနိဋ္ဌဘုံသို့ ရောက်သောအခါ ပရိနိဗ္ဗာန် စံကြကုန်လတ္တံ့။

**သာသနာမကွယ်သည့် နတ်ဗြဟ္မာ**

ဘုရားလက်ထက်တော်၌ ထိုထိုဒေသနာကို ကြားနာ၍ သောတာပန်အရိယာအဖြစ်သို့ ရောက်သောနေ့မှစ၍ ကမ္ဘာများစွာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို အစဉ်ခံစား စံစားပြီးနောက် အကနိဋ္ဌဘုံသို့ရောက်၍ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် ထိုနတ်တို့၏ စိတ်သန္တာန်မှာ ငါတို့မြတ်စွာဘုရား သာသနာမြတ်ကြီးသည် အစဉ်အမြဲပါ၍ နေလေတော့သည်။ ထိုနတ်တို့မှာ သာသနာပသည် ဟူ၍ မရှိပြီ၊ သာသနာကွယ်သည်ဟူ၍ မရှိပြီ။ ဘုရားတရား သံဃာ ရတနာသုံးပါးသည် စိတ်နှလုံးမှာ ဘဝတိုင်း အမြဲပါလေတော့ သတည်း။

**နိဗ္ဗာန်ချမ်းသာကြီး**

နိဗ္ဗာန်ချမ်းသာကြီးလည်း စိတ်နှလုံးမှာ အမြဲပါလေတော့သည်။ သက္ကာယဒိဋ္ဌိ အမျိုးရှိသော ကိလေသာ အမိုက်အမဲကြီးတို့၏ ကင်းငြိမ်းခြင်း၊ ဒုစရိုက်အမိုက်အမဲကြီးတို့၏ ကင်းငြိမ်းခြင်း၊ အပါယ်လေးပါး ကပ်သုံးပါး အရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါးတို့၏ ကင်းငြိမ်းခြင်းကို နိဗ္ဗာန်ချမ်းသာကြီးဆိုသတည်း။ ထို နိဗ္ဗာန်ချမ်းသာကြီးသည် ထိုသူတို့ စိတ်သန္တာန်မှာ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်း အမြဲပါရှိလေတော့သည်။

**ချမ်းသာ ၂–ပါး ခံစားသူများ**

ဖြစ်လေရာရာ ဘဝတို့၌ လောကီချမ်းသာကို တစ်လှည့် နိဗ္ဗာန်ချမ်းသာကို တစ်လှည့်စီ ခံစား စံစား၍ သွားကြရကုန်၏။

အဘယ်သို့လျှင် ချမ်းသာနှစ်ပါးကို တစ်လှည့်စီ ခံစား စံစား၍ သွားကြရကုန်သနည်းဟူမူကား ယခုဘဝက အနတ္တလက္ခဏာ ကောင်းစွာ ထင်မြင်ပြီးသော သူတို့သည် နောက်နောက် ဘဝတို့၌ လူ့ပြည် လူ့ရွာမှာ ဖြစ်ကြကုန်သော်လည်း စည်းစိမ်ချမ်းသာ ကြီးကျယ်စွာသော သမ္မာဒိဋ္ဌိလူမျိုးတို့၌သာ ဖြစ်ကြရကုန်လတ္တံ့။ ထိုအခါ လူ၌ဖြစ်သော ကြီးကျယ်စွာသော လောကီ စည်းစိမ်ချမ်းသာကို ခံစား စံစားကြရကုန်၏။ မိမိတို့၏ စိတ်သန္တာန်၌ အတ္တဒိဋ္ဌိ၏ ကင်းငြိမ်းခြင်းသည် သဉပါဒိသေသ နိဗ္ဗာန်ချမ်းသာကြီးပေတည်း။ အပါယ်၌ ကျရောက်၍ နေကြကုန်သော ခွေး၊ ဝက်၊ ကြက်၊ ငှက် အစရှိသော အပါယ်ဘုံသားတို့ကိုလည်းကောင်း၊ သက္ကာယဒိဋ္ဌိ တန်းလန်းနှင့် အပါယ်နှုတ်ခမ်းမှာ တူလူ၊ တူလူ နေကြကုန်သော သတ္တဝါအပေါင်းတို့ကိုလည်းကောင်း

တွေ့မြင်ကြရကုန်လတ္တံ့။ တွေ့မြင်တိုင်း တွေ့မြင်တိုင်း ငါတို့မှာ ဤကဲ့သို့သော အဖြစ်မှ လွတ်ငြိမ်းကြပေပြီဟု အလွန်နှစ်သက် ဝမ်းမြောက်ခြင်း မစဲမစဲ ဖြစ်ကြရကုန်လတ္တံ့။ သဥပါဒိသေသ နိဗ္ဗာန်ချမ်းသာကြီးကို ခံစား စံစားကြရကုန်လတ္တံ့။

အမျိုးမျိုးသော မိစ္ဆာဒိဋ္ဌိလူမျိုးတို့ကို တွေ့ကြုံသောအခါတို့၌လည်းကောင်း၊ အမျိုးမျိုးသော ဒုစရိုက်လူမျိုးတို့ကို တွေ့ကြုံသောအခါတို့၌လည်းကောင်း၊ ကပ်သုံးပါး သင့်၍နေသော သူတို့ကို တွေ့ကြုံသောအခါတို့၌လည်းကောင်း၊ အရပ်ပြစ်ရှစ်ပါး၌ ရောက်၍နေသော သူတို့ကို တွေ့ကြုံသောအခါတို့၌လည်းကောင်း၊ ရန်သူမျိုးငါးပါး နှိပ်စက်၍နေသော သူတို့ကို တွေ့ကြုံကြသောအခါတို့၌လည်းကောင်း၊ ဝိပတ္တိတရား လေးပါး နှိပ်စက်၍နေသော သူတို့ကို တွေ့ကြုံကြသောအခါတို့၌လည်းကောင်း၊ ထို နည်းတူ မိမိ မိမိတို့၏ စိတ်သန္တာန်မှာ အမြဲပါရှိ၍နေသော သဥပါဒိသေသ နိဗ္ဗာန် ချမ်းသာကြီးကို အမှတ်ရ၍ ရ၍ အလွန်နှစ်သက် ဝမ်းမြောက်မှုဟူသော ခံစား စံစား ခြင်းကို ခံစား စံစားကြရကုန်လတ္တံ့။

**ချမ်းသာ ၂-ပါး ခံစားသည့် အရိယာနတ်**

ဤနည်းကို အမှီပြု၍ နတ်ပြည် ခြောက်ထပ်မှာ နတ်သိကြား ဖြစ်ကြသော ဘဝတို့၌လည်း လောကီ လောကုတ္တရာ ချမ်းသာကြီးနှစ်ပါးကို အလှည့် အလည် အားဖြင့် ခံစား စံစား၍ သွားကြရကုန်လတ္တံ့။ ပဌမစျာန်သုံးဘုံ ဒုတိယစျာန်သုံး ဘုံ အစရှိသော ဗြဟ္မာ့ဘုံတို့မှာ ဗြဟ္မာဖြစ်ကြသော ဘဝတို့၌လည်း လောကီ လောကုတ္တရာ ချမ်းသာကြီးနှစ်ပါးကို အလှည့်အလည်အားဖြင့် ခံစား စံစား၍ သွားကြရကုန်လတ္တံ့။

ဘဝများစွာ ကမ္ဘာများစွာ ကြာမြင့်ကြသဖြင့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ ချမ်းသာတို့ကို ခံစား စံစား၍ ငြီးငွေ့ကြသောအခါ၌ လောကီချမ်းသာကို စွန့်လွှတ်၍ အနုပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာချမ်းသာကြီးသို့ ရောက်ကြကုန် လတ္တံ့။

**နတ်ပြည်ရှိ သာသနာနှစ်**

ထိုနတ်တို့၏ အသက်နှင့် နှိုင်းယှဉ်သည်ရှိသော် ငါတို့ မြတ်စွာဘုရား ၏ သာသနာတော်သည် စတုမဟာရာဇ် နတ်ပြည်မှာ လူတို့၏ အရေအတွက် အနှစ်ကိုးသန်း တည်လတ္တံ့ဟု သိရ၏။

ဤကား စတုမဟာရာဇ်နတ်ဘုံရှိ အရိယာနတ်တို့၏ အလားကို ပြဆိုချက် တည်း။

တာဝတိံသာအစရှိသော အထက်အထက် နတ်ပြည်ရှိ အရိယာနတ်တို့၏ အလားကိုလည်း ထိုနည်းတူ သိလေ။

သာသနာတော်မှာလည်း တာဝတိံသာနတ်ပြည်မှာ လူတို့အရေအတွက် အနှစ် သုံးကုဋေ ခြောက်သန်း တည်ထွန်းလတ္တံ့။ ယာမာဘုံမှာ အနှစ် တစ်ဆယ့်လေးကုဋေ လေးသန်း တည်ထွန်းလတ္တံ့။ အထက်ဆုံးဖြစ်သော ဝသဝတ္တီနတ်ပြည်မှာ နှစ်ပေါင်း ကုဋေကိုးရာနှစ်ဆယ့်တစ်ကုဋေ ခြောက်သန်း တည်ထွန်းလတ္တံ့။ ပဌမဈာန်ဘုံမှာ ကမ္ဘာမပျက်မချင်း တည်ထွန်းလတ္တံ့။ ဒုတိယဈာန်ဘုံမှာ မဟာကမ္ဘာကြီး ရှစ်ကမ္ဘာ တိုင်အောင် တည်ထွန်းလတ္တံ့။ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံမှာ ငါတို့ မြတ်စွာ ဘုရား သာသနာတော်ကြီးသည် မဟာကမ္ဘာကြီး တစ်သောင်း ခြောက်ထောင်တိုင် အောင် တည်ထွန်းလတ္တံ့။

ဤစကားကိုလည်း လူ့ဘုံသက်နှင့် တိုင်းတာ၍ဆိုသော စကားသာတည်း။

**အနဂ္ဂတလက္ခဏာ ထင်မြင်ရကျိုး**

ဘုံစဉ်အတိုင်း စံစား၍ သွားကြကုန်သော အရိယာတို့၏ အဆင့်ဆင့် အလားဖြင့် ဆိုလိုမှုကား တာဝတိံသာမှနေ၍ အထက်နတ်ဘုံတို့မှာ သာသနာတော်အသက် များစွာ တိုးပွားခွင့်ရှိသေး၏။ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံမှာ ငါတို့ ဘုရားသာသနာသည် ကမ္ဘာနှစ်သောင်းမက တည်ထွန်းခွင့်ရှိသေး၏။

ဤသို့ ပရိနိဗ္ဗာန်စံကြသော ဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာများစွာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို ခံစား စံစား၍နေကြကုန်သော်လည်း ထိုနတ် ဗြဟ္မာ တို့၏ စိတ်သန္တာန်မှာ မြတ်စွာဘုရား သာသနာတော် အမြဲပါရှိ၍နေမှု၊ သာသနာကွယ် သည် သာသနာပသည်ဟူ၍ မရှိမှုတို့သည်ကား အနဂ္ဂတလက္ခဏာကို ကောင်းကောင်း ကြီး ထင်မြင်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခြင်း၏ အကျိုးအာနိသံသပေတည်း။

**ရဟန်းအဖြစ်နှင့် မင်္ဂဖိုလ်ရသူနည်းပါး**

ထိုမှတစ်ပါး ငါတို့ ဘုရားလက်ထက်တော်၌ ရဟန်းအဖြစ် နှင့် ကျွတ်ကြသူတို့ကား အနည်းငယ်မျှသာတည်း။ လူ အဖြစ်မှ သောတာပန်အဖြစ်နှင့် ကျွတ်ကြသူကား သာဝတ္ထိ ပြည်မှာပင် ကုဋေများစွာရှိ၏။ ရာဇဂြိုဟ်ပြည်မှာပင် ကုဋေများစွာရှိ၏။ ထို့အတူ ကပိလဝတ်ပြည် ဝေသာလီပြည် အစရှိသည်တို့၌လည်း ကုဋေများစွာ သိန်းများစွာ သန်းများစွာ ရှိကြ၏။ မဇ္ဈိမတိုက်တစ်ပြင်လုံးသည် အရိယာတို့ဖြင့် ပြည့်သကဲ့သို့ ရှိကြ၏။

ထိုသူတို့ ယခုအခါ၌ စတုမဟာရာဇ်နတ်ပြည်မှာ အပြည့်ရှိကြ၏။ တာဝတိံသာ နတ်ပြည်မှာ အပြည့်ရှိကြ၏။ ယာမာစသည်တို့မှာလည်း များစွာရှိနေကြကုန်၏။ နတ်အဖြစ်နှင့် ကျွတ်ကြကုန်သော နတ်အရိယာတို့နှင့် ဇာတ်ပေါင်းမိကြလေ၏။ ထို အရိယာတို့နှင့် အတူတကွ ဇာတ်ပေါင်းကြ၍ နတ်ချမ်းသာအဆင့်ဆင့် ဗြဟ္မာ့ချမ်းသာ အဆင့်ဆင့် ခံစား စံစား၍ အကနိဋ္ဌဘုံတိုင်အောင် သွားကြကုန်လတ္တံ့။ ထိုသူတို့၏

စိတ်သန္တာန်မှာလည်း ပရိနိဗ္ဗာန်စံကြသော ဘဝတိုင်အောင် ငါတို့ မြတ်စွာဘုရား သာသနာတော်ကြီး အစဉ်မြဲစွာ ပါလေတော့သည်။ ထိုသူတို့မှာ သာသနာကွယ်သည် ဟူ၍ မရှိကြပြီ။ သာသနာပသော ဘဝဟူ၍ မရှိကြပြီ။ သာသနာပသော ကမ္ဘာဟူ၍ မရှိကြပြီ။ ဤသို့ ဖြစ်ခြင်းသည် အနတ္တလက္ခဏာကို ကောင်းစွာ ထင်မြင်ရခြင်း၏ အကျိုးအာနိသံ သတည်း။

ထိုမှတစ်ပါး မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက် အနှစ်သုံးရာခန့် အတွင်း မဇ္ဈိမတိုက်အပြင်မှ အကျွတ်ရကြသော သောတာပန်ပေါင်း အကုဋေမက၊ သီဟိုဠ်သို့ သာသနာတော်ရောက်သည့်နောက် သီဟိုဠ်ကျွန်းမှ ကျွတ်ကြသော သောတာပန်ပေါင်း အကုဋေမကတို့သည်လည်း ယခုအခါ စတုမဟာရာဇ်ဘုံမှာ အပြည့် ရှိနေကြကုန်၏။ တာဝတိံသာဘုံမှာ အပြည့်ရှိနေကြကုန်၏။ ထိုသူတို့သည် နတ်ဇာတိနှင့် ကျွတ်ကြသောအရိယာ၊ ဘုရားလက်ထက်တော်မှာ မဇ္ဈိမတိုက်အပြင်မှာ ကျွတ်ကြသော အရိယာတို့နှင့် ဇာတ်ပေါင်းကြ၍ ပြဆိုခဲ့ပြီးသောအတိုင်း အကနိဋ္ဌဘုံသို့ကျအောင် ခံစား စံစား၍ သွားကြကုန်လတ္တံ့။ ထိုသူတို့၏ စိတ်သန္တာန်မှာလည်း ပရိနိဗ္ဗာန်စံရာ ဘဝတိုင်အောင် ငါတို့မြတ်စွာဘုရား သာသနာတော် အစဉ်အမြဲ တည်လေတော့သည်။

ဤသို့ဖြစ်ခြင်းသည် အနတ္တလက္ခဏာ ထင်မြင်ရခြင်း၏ အကျိုးအာနိသံသ ပေတည်း။

**သုဓမ္မာဇရပ်၌ ကျွတ်တန်းဝင်**

ယခုလည်း နတ်ပြည်ခြောက်ထပ်တို့၌ သုဓမ္မာဇရပ်အသီးသီး ရှိကြကုန်၏။ တစ်လ တစ်လလျှင် ရှစ်ကြိမ် ရှစ်ကြိမ် တရားနာ အစည်းအဝေး ပြုမြဲထုံးစံတည်း။ ရံခါ သိကြားမင်းကြီး နတ်မင်းကြီးတို့ တရားဟောကြကုန်၏။ ရံခါ တရားကျမ်းဂန် တတ်ကျွမ်းသော ဓမ္မကထိကနတ်သားတို့ တရားဟောကြ ကုန်၏။ ရံခါ ဗြဟ္မာ့ပြည်မှ ဗြဟ္မာမင်းတို့လာ၍ တရားဟောကြကုန်၏။ ရှေးအဖို့၌ အကျွတ်မရကြကုန်သေးသော နတ်တို့သည် ထို တရားနာရာ သုဓမ္မာအစည်းအဝေးမှာ အကျွတ်ရကြကုန်၏။ ထိုမှ အလွတ်ဖြစ်သော နေရာတို့၌လည်း အတူနေ အဖော်အပေါင်း ဖြစ်ကြကုန်သော အရိယာနတ်တို့၏ ပြောဟောမှုကို နာခံ၍ အကျွတ်ရကြကုန်၏။

**နတ်ပြည်မှာ သာသနာအမြဲရှိ**

ယခုအခါ နတ်ပြည် ဗြဟ္မာ့ပြည်တို့မှာ ကျွတ်ပွဲ လွတ်ပွဲ မစဲမဆိတ် ရှိနေတုန်း အခါပေတည်း။ ယခုမှ ကျွတ်လွတ်ကြသော နတ်ဗြဟ္မာတို့လည်း ရှေးကျွတ်ကြသော အရိယာတို့နှင့် ဇာတ်ပေါင်းမိကြကုန်၏။ စိတ်နှလုံး၌ မြတ်စွာဘုရား သာသနာတော်ကြီး အမြဲတည်ခွင့်ကို ရကြလေကုန်၏။

စတုမဟာရာဇ်နတ်ပြည်မှာ အနှစ်ကိုးသန်းတိုင်တိုင် မဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန်တံခါး ဟင်းလင်းပွင့်လျက်ရှိ၏။ တာဝတိံသာနတ်ပြည်မှာ အနှစ်သုံးကုဋေ ခြောက်သန်းတိုင်တိုင် မဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန်တံခါး ဟင်းလင်းပွင့်လျက်ရှိ၏။ အထက်အထက် နတ်ပြည် ဗြဟ္မာ့ပြည်တို့မှာလည်း ဤနည်းတူ သိလေ။

**ငါးထောင်သာသနာ လူ့ပြည်မှာ**

သာသနာတော် ငါးထောင်ဆိုသည်မှာ လူ့ပြည်ကို ရည်ရွယ်၍ ဆိုသတည်း။ လူ့ပြည်၌ အနှစ် ငါးထောင်မျှသာ အရိယာဖြစ်နိုင်သော ခေတ်ရှိသည်။ အနှစ်ငါးထောင်မှ နောက်၌ အရိယာဖြစ်နိုင်သော ခေတ်မရှိပြီ ဆိုလိုသည်။ ယခုအခါ၌ကား သာသနာတော် နှစ်ထောင်ကျော်လွန်၍သွားပြီ။ နှစ်ထောင်ကျော်မျှသာ ကျန်ရှိတော့သည်။

**နတ်ပြည်၌ မဂ်ဖိုလ်ရနိုင်သော ၃-ဌာန**

သာသနာတော်အတွင်း၌ လူအဖြစ်နှင့် မဂ်ဖိုလ်ကို မရကြမူ၍ နတ်ပြည်၌ ဖြစ်ကြလေကုန်သော သူတို့အား မိမိတို့ဖြစ်ရာ နတ်ပြည်၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိနိုင်ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်၌ သုံးဌာနပြ၍ ဟောတော်မူသည်။

သုံးဌာနဆိုသည်ကား . . . . .

လူ့ပြည်၌ တရားဓမ္မကို ကောင်းစွာအားထုတ်၍ ယခုဘဝတွင် မဂ်ဖိုလ်ကို မယူမူ၍ စုတေ၍ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ကြလေရာ ချမ်းသာသောဘုံဘဝဖြစ်၍ လူဖြစ်စဉ်အခါက လေ့လာအားထုတ်ခဲ့ဖူးကုန်သော တရားအစုတို့သည် ထိုသူ၏ ဉာဏ်မှာ လျှင်မြန်စွာ ထင်ပေါ်၍ လာကုန်လတ္တံ့။ ထိုအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြကုန်၏။ (တစ်ဌာန)

ထိုသို့ မိမိအလိုအလျောက် မပေါက်တည့်နိုင်ရှိခဲ့သော် အတူနေ အပေါင်းအဖော်ဖြစ်သော အရိယာနတ်တို့က ဆုံးမတိုက်တွန်း ပြညွှန်း ဟောပြောကြကုန်လတ္တံ့။ ထိုအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြကုန်၏။ (တစ်ဌာန)

ထိုသို့ မရပြန်ခဲ့သော် တစ်လတစ်လလျှင် ရှစ်ကြိမ်ရှစ်ကြိမ် သုဓမ္မာသို့ တရားနာလာကြကုန်လတ္တံ့။ ထိုအခါ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြကုန်၏။ (တစ်ဌာန)

ဤသို့ ယခုလူတို့ နတ်ပြည်သို့ရောက်ကြသောအခါ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ရာ သုံးဌာန ဟောတော်မူသည်။

**ဘုရား ၇-ဆူ၏ သားတော်များနှင့် တွေ့ဆုံရန်**

ဤသို့ ဟောတော်မူသည့်အတိုင်း ယခုအခါ လူ့ပြည်မှ နတ်ပြည်သို့ ရောက်ကြလေကုန်သော သူအပေါင်းတို့သည် ထိုသုံးဌာနတွင် တစ်ခုခု

သော ဌာနၶ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြကုန်သည်ရှိသော် ဘုရား ရှေ့လက်ထက်၌ သာဝတ္ထိပြည်သူ၊ ရာဇဂြိုဟ်ပြည်သူ၊ ဝေသာလီပြည်သူ၊ ကပိလဝတ်ပြည်သူ အစရှိသော ယခုနတ်ပြည်မှာ ရှိနေကြသော မြတ်စွာဘုရား၏ သားတော်ကြီး သမီးတော်ကြီး ဖြစ်ကြကုန်သော အရိယာသူမြတ် နတ်မင်းကြီး နတ်သမီး နတ်သားတို့နှင့် ဖာတ်ပေါင်းမိကြလေကုန်၏။ ထိုသူတို့နှင့် တစ်လုံးတစ်စည်းတည်း ဖာတ်ပေါင်း၍ အကနိဋ္ဌဘုံ တိုင်အောင် အတူတကွ ဘုံစဉ်စံစား၍ သွားကြကုန်လတ္တံ့။

ပထမဈာန် ဗြဟ္မာ့ပြည်သို့ ရောက်ကြသောအခါ၌ ကကုသန် မြတ်စွာဘုရား၊ ကောဏဂုံ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရားတို့၏ သားတော် သမီးတော်တွေနှင့်လည်း ဖာတ်ပေါင်းမိကြကုန်လတ္တံ့။ ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသဘုံသို့ ရောက်ကြသော အခါ ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရားတို့၏ သားတော် သမီးတော်တို့နှင့်လည်း ဖာတ်ပေါင်းမိကြကုန်လတ္တံ့။

ဤသို့ ဖြစ်ရခြင်းသည် အနတ္တလက္ခဏာ ထင်မြင်ရခြင်း၏ အကျိုး အာနိသံသပေတည်း။

**ရခွင့်ရလမ်း ကြိုးပမ်းသင့်ပြီ**

ထို့ကြောင့် ယခုအခါ သာသနာတော်တွင်း၌ လူ့အဖြစ် ရှင်အဖြစ်ကို ရရှိကြကုန်သော သူအပေါင်းတို့သည် လူ့ပြည်မှာ အနှစ် နှစ်ထောင်ကျော် ဟင်းလင်းပွင့်လျက်ရှိသေးသော မဂ်စခန်း၊ ဖိုလ်စခန်း၊ နိဗ္ဗာန်စခန်း။ စတုမဟာရာဇ်ဘုံမှာ အနှစ် ကိုးသန်းတိုင် အောင် ဟင်းလင်းပွင့်လျက် ရှိနေသော မဂ်စခန်း၊ ဖိုလ်စခန်း၊ နိဗ္ဗာန်စခန်း။ သာဝတိံသာဘုံမှာ အနှစ် သုံးကုဋေ ခြောက်သန်းတိုင်အောင် ဟင်းလင်းပွင့်လျက်ရှိနေသော မဂ်စခန်း၊ ဖိုလ်စခန်း၊ နိဗ္ဗာန်စခန်း အစရှိသည်များကို ကောင်းကောင်းကြီး အားပြုကြကုန်၍ ဝိပဿီ အစရှိသော ၇-ဆူသော မြတ်စွာဘုရား သားတော် သမီးတော်တို့နှင့် ဖာတ်ပေါင်း ရန် အခွင့်အလမ်းကိုသာ ကြိုးကြိုးပမ်းပမ်း အားထုတ်ကုန်ရာသတည်း။

**လမ်းကြောင်း ၂-ပါး**

ဖာတ်ပေါင်းရန် အခွင့်အလမ်းဆိုသည်ကား အာဒိဝဋ္ဋ မကာသီလကို အသက်ထက်ဆုံး စွဲမြဲမှုတစ်ပါး၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ လက္ခဏာရေးသုံးပါးကို သရုပ်သကောင် ထင်မြင်စွဲမြဲမှုတစ်ပါး။ ဤနှစ်ပါးသည် ဖာတ်ပေါင်းရန် အကြောင်းတရား ၂-ပါးပေတည်း။

အာဒိဝဋ္ဋမကာသီလစွဲမြဲမှ ဝိပဿနာလည်း စွဲမြဲနိုင်မည်။ အပါယ်သို့မကျဘဲ ပြဆိုခဲ့ပြီးဖြစ်သော နတ်ရွာသို့ ရောက်နိုင်မည်။

နတ်ရွာသို့ပင် ရောက်သော်လည်း ဝိပဿနာဝိဇ္ဇာဉာဏ် အခြေကောင်း အနေ ကောင်း မရှိပြန်က သုံးဌာနမှာ ကျွတ်လွတ်နိုင်ရာသော အခွင့်မရှိ။ ထို့ကြောင့် သုံး ဌာနမှာ ကျွတ်လွတ်နိုင်ရာသော အခြေကောင်း အနေကောင်း အပြီးပါရှိစေခြင်းငှာ

ဝိပဿနာ သုံးပါးကိုလည်း သရုပ်သကောင် ထင်မြင်ချက်နှင့်တကွ အသက်ထက်ဆုံး စွဲမြဲရမည်။

**အနတ္တဝိပဿနာ လိုရင်းကား**

ဝိပဿနာသုံးပါးတွင်လည်း သက္ကာယဒိဋ္ဌိဟူသော အပါယ်မျိုး အပါယ်မြစ် အပါယ်ကြော အပါယ်ကြိုး အပါယ်လွန်ကို ဖြတ်တိနိုင်အောင် အနတ္တ ဝိပဿနာသည် နေရာကျ အလိုဆုံးတည်း။ အနတ္တဝိပဿနာ ကောင်းစွာ ထင်မြင်နိုင်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်း ခြင်း၏ အကျိုးအာနိသံသကြီးတွေကို အထပ်ထပ် ပြဆိုခဲ့ပြီ။

အလိုဆုံးဖြစ်သော အနတ္တလက္ခဏာ နေရာကျ ထင်မြင်နိုင်ရန် အခွင့်မှာလည်း ဝေဒနာတို့၏ အနိစ္စအချက် ပဋိစ္စသမုပ္ပါဒ်အချက်တို့ကို မိမိရရ လုလုထင်မြင်နိုင်မှ ဝေဒနာတို့၏ အနတ္တလက္ခဏာကို နေရာကျကျ ထင်မြင်နိုင်မည်။

ဤ၌တွင်ရွေ့ကား အကျိုးအာနိသံသနှင့်တကွ အနတ္တပရိညာကို ပြဆိုသော အခန်း ပြီး၏။

တီရဏ ပရိညာသုံးပါး အစီအရင်ပြီး၏။

------

## ပဟာနပရိညာ အစီအရင်

**ပဟာနပရိညာ**

ယခုအခါ ပဟာနပရိညာကို အကျဉ်းမျှ ပြဆိုပေအံ့။ ပဟာနပရိညာဆိုသည်ကား ဝေဒနာတို့၌ စွဲလမ်းသော တဏှာ နသယ၊ မာနာနသယ၊ ဒိဋ္ဌာနသယဟူသော အနုသယတို့ကို အမြစ်နှင့်တကွ ကျွတ်လွတ်၍ ကျအောင် ပယ်ဖြတ်မှုကို ပဟာနပရိညာ ဆိုသတည်း။

**ဒိဋ္ဌာနုသယ ကျွတ်ရန်အားထုတ်**

ဝိသေသအားဖြင့်မူကား ရှေးဦးစွာ သက္ကာယဒိဋ္ဌိ၏ အမြစ်မူလဖြစ်သော ဒိဋ္ဌာနုသယကို မြန်မြန် ကြီး ကျွတ်လွတ်မှု လိုလှ၏။ တဏှာနုသယ၊ မာနနုသယတို့ပင် မကျွတ်လွတ် ကုန်သေးသော်လည်း ဒိဋ္ဌာနုသယ ကျွတ်လွတ်လျှင်ပင် အပါယ်မျိုးပြတ်ပေပြီ။ အပါယ်မြစ် ကျွတ်လွတ်ပေပြီ။ အပါယ်ကြော ပြတ်ပေပြီ။ အပါယ်ကြိုး အပါယ်လွန်ပြတ်ပေပြီ။ယနု ဘဝမှစ၍ ပရိနိဗ္ဗာန်စံရာ ဘဝတိုင်အောင် မြတ်စွာဘုရား သာသနာတော်ကြီး စိတ်နှလုံးမှာ အမြဲတည်ပေပြီ။ အပါယ်ဘေးကြီး ငြိမ်းပေပြီ။ ဒုစရိုက် ဒုရာဇီဝဘေးကြီး ငြိမ်းပေပြီ၊ နောက်နောက်ဘဝတို့၌ လူပင်ဖြစ်သော်လည်း ကိုယ်ကျင့်တရား ယုတ်ညံ့သော လူမျိုးမှာ မဖြစ်ရပြီ။ စည်းစိမ် ချမ်းသာ ယုတ်ညံ့သောလူမျိုးမှာ မဖြစ်ရပြီ။ ကပ်သုံးပါး အရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါးတို့နှင့် တစ်ရံတစ်ဆစ်မျှ တွေ့ကြုံမှု မရှိပြီ။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအမျိုး

၃-ပါးသော နိယတမိစ္ဆာဒိဋ္ဌိအမျိုး အစရှိသော မိစ္ဆာဒိဋ္ဌိဟူသမျှတို့နှင့် တစ်ရံတစ်ဆစ်မျှ မကြုံကြိုက်ရပြီ။ ထို့ကြောင့် ရှေးဦးစွာ ဒိဋ္ဌာနုသယ၏ ကျွတ်လွတ်ရန် အမှုကို လွန်မင်းစွာ အားထုတ်ရာ၏။

**ဘယဉာဏ်နှင့်ရှု** သုခဝေဒနာ သောမနဿဝေဒနာတို့ကို ဘယဉာဏ်နှင့် ကြီးစွာသော ဘေးကြီး ထင်မြင်အောင်ရှုရာ၏။ ရှေး၌ အဿာဒ၊ အာဒီနဝခန်းမှာ ဥပမာကြီးတွေနှင့်တကွ ဘယဉာဏ် အစီအရင်၊ အာဒီနဝ ဉာဏ် အစီအရင်များကို ပြဆိုခဲ့ပြီ။ ဝေဒနာတို့၌ ဘယအခြင်းအရာ၊ အာဒီနဝ အခြင်းအရာဟု ဆိုအပ်သော ဒုက္ခအခြင်းအရာကို ကောင်းစွာ ထင်မြင်မှုသည်လည်း အနတ္တ ထင်မြင်မှုအား ကျေးဇူးပြုနိုင်၏။

**ဝေဒနာ၌ အနတ္တဟုရှု** သုခဝေဒနာ သောမနဿဝေဒနာတို့သည် ငါ၏ အတအမှန်ဖြစ်ကုန်ငြားအံ့။ ငါ၏ ဆန့်ကျင်ဘက်ဖြစ်သော ဘယကိစ္စ အာဒီနဝကိစ္စတို့ကို မပြုကြကုန်ရာ။ ရှေး၌ အဿာဒ အာဒီနဝအခန်းမှာ ပြဆိုခဲ့သည့်အတိုင်း ထိုသုခသောမနဿတို့သည် ငါ၏ဘေး ငါ၏အာဒီနဝ စင်စစ်ဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုဝေဒနာတို့သည် ငါ၏အတ္တ မဟုတ်ကုန်။ အနတ္တသာ ဖြစ်ကြကုန်၏။ ဤသို့ အစရှိသည်ဖြင့် ထင်မြင်ရာ၏။

**ဘယဉာဏ်** ထိုဝေဒနာတို့ကို ကြောက်မက်ဖွယ်သော သံသရာဘေးကြီးအနေ ထင်မြင်နိုင်သောအခါ ထိုဝေဒနာတို့၌ သာယာခြင်း ပြယ်ပျောက်၏။

**အာဒီနဝဉာဏ်** အာဒီနဝဟူသော အပြစ်ကြီးအနေ ထင်မြင်နိုင်သောအခါ ထိုဝေဒနာတို့၌ တပ်မက်ခင်မင်ခြင်း ပြယ်ပျောက်၏။

**နိဗ္ဗိန္ဒာဉာဏ်** ထိုဝေဒနာတို့ကို ငြီးငွေ့ခြင်း နိဗ္ဗိန္ဒာဉာဏ် ဖြစ်လာသောအခါ ထိုဝေဒနာတို့၌ မွေ့လျော်ခြင်း ပြယ်ပျောက်၏။

**မုစ္စိတုကမျတာဉာဏ်** ထိုဝေဒနာတို့၌ တွယ်တာခြင်းမှ ကျွတ်လွတ်လိုသော မုစ္စိတုကမျတာဉာဏ် ဖြစ်လာသောအခါ မိမိကိုယ်ခန္ဓာ၌ ထိုဝေဒနာတို့ ဖြစ်ပေါ်နေမှုကို ကောင်းသည်ဟု စွဲလမ်းခြင်း ကင်းပြတ်၏။

**ပဋိသင်္ခါဉာဏ်** ပဋိသင်္ခါဉာဏ်ဆိုသည်ကား ထိုဝေဒနာတို့၌ စိတ်အတွယ်အတာပြတ်ပြီး ကျွတ်လွတ်ပြီး ဖြစ်တည့်ရအောင် လေးဆယ်သော ဘာဝနာတို့ဖြင့် ထိုဝေဒနာတို့ကို တွင်တွင်ကြီး သုံးသပ်သောဉာဏ်ကို ပဋိသင်္ခါဉာဏ် ဆိုသည်။

**သင်္ခါရုပေက္ခာဉာဏ်** သင်္ခါရုပေက္ခာဉာဏ်ဆိုသည်ကား ပဋိသင်္ခါဉာဏ်နှင့် တွင်တွင်ကြီး သုံးသပ်သဖြင့် ထိုဝေဒနာတို့၌ စိတ်တွယ်တာ

ခြင်း ပြတ်ကင်းပြီးသောအခါ၌ လွန်စွာ ကြောင့်ကြစိုက်ဖွယ် မရှိပြီ။ ကျွတ်လွတ်တော့မည် ကောန်ဟု စိတ်ချနိုင်သည်ဖြစ်၍ လျစ်လျူမှုသာ သုံးသပ်သောဉာဏ်ကို သင်္ခါရုပေက္ခာ ဉာဏ်ဆိုသတည်း။

**အနုလောမဉာဏ်**

မဂ္ဂဝီထိ၌ ပါဝင်သော ပရိကံ၊ ဥပစာ အနုလုံဉာဏ်တို့ကို အနုလောမဉာဏ် ဆိုသည်။

**ဉာဏ် ၁၀-ပါးနှင့် ပရိညာ ၂-ပါး**

ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုစ္စိတုကမျတာ ဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမ ဉာဏ် ဤခုနစ်ပါးသောဉာဏ်တို့ဖြစ်ပုံ အစီအရင်များမှာ လွန်စွာခက်ခဲသော အချက်မရှိပြီ။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် ဤ ဉာဏ်သုံးပါးတို့၏ အစီအရင်သည်သာ လွန်စွာခက်ခဲသည်။ ဤဉာဏ်သုံးပါး လုလုနေရာ ကျ၍ အနိစ္စပရိညာ ပိုင်ပိုင်နိုင်နိုင် ထင်မြင်နိုင်အောင် ရှုမှုသည်သာ လိုရင်းအချုပ်ဖြစ်သည်။ အနိစ္စပရိညာ ပိုင်ပိုင်နိုင်နိုင် ထင်မြင်လျှင် အနတ္တပရိညာလည်း ပိုင်နိုင်တော့မည်။ အနိစ္စ အနတ္တနှစ်ပါးပိုင်နိုင်လျှင် ဘယဉာဏ်၊ အာဒီနဝဉာဏ် အစရှိသော နောက် နောက်ဉာဏ် တို့သည် ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း အစဉ်အတိုင်း ထင်၍လာကုန်လတ္တံ့။

**မှာထားချက်**

ထိုဘယဉာဏ်၊ အာဒီနဝဉာဏ် အစရှိသော နောက်နောက်ဉာဏ် တို့၏ အစီအရင်တို့သည် သင်္ဂြိုဟ် ၉-ပိုင်းလုံးကို အကုန် သိမ်းကျုံး ၍ သံပေါက်လင်္ကာဖြင့် ငါတို့စီရင်အပ်သော ပရမတ္ထသံခိပ် ကျမ်းစာငယ်၌လည်းကောင်း၊ ထိုထို ဝိပဿနာကျမ်းစာများ၌လည်းကောင်း ပါရှိလေကုန်ပြီ။ ထို့ကြောင့် ဤ ကျမ်းစာမှာ ထိုဉာဏ်တို့၏ အစီအရင်ကို ကျယ်စွာ မဆိုလိုက်ပြီ။

သောတာပတ္တိမဂ်သို့ ဆိုက်သောအခါ၌ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့သည် အမြစ် အရင်းနှင့်တကွ စိတ်သန္တာန်မှာ ချုပ်ငြိမ်းလေကုန်၏။ ထိုအခါ ထိုပုဂ္ဂိုလ်သည် ရှေး၌ ပြခဲ့ပြီးသော အနတ္တ ထင်မြင်မှု၏ အကျိုးအာနိသံသကြီးတွေကို အကုန်ရလေ၏။ ထိုသူ့ စိတ်နှလုံးမှာ ပရိနိဗ္ဗာန်စံရာ ဘဝတိုင်အောင် ဖြစ်လေရာရာ သံသရာဘဝတို့၌ မြတ်စွာ ဘုရား သာသနာတော်ကြီးသုံးပါး အမြဲတည်လေ၏။

**သုံးရပ်သာသနာ**

သာသနာတော်ကြီး ၃-ပါးဆိုသည်ကား အဓိသီလသိက္ခာ သာသနာတော်ကြီးတစ်ပါး၊ အဓိစိတ္တသိက္ခာ သာသနာ တော်ကြီးတစ်ပါး၊ အဓိပညာသိက္ခာ သာသနာတော်ကြီးတစ်ပါး။ ဤသုံးပါးကို သာသနာ တော်မြတ်ကြီး သုံးပါးဆိုသည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာတော် မြတ်ကြီးသုံးပါးလည်း ထိုပုဂ္ဂိုလ်မှာ ဖြစ်လေရာရာ ဘဝတိုင်း အမြဲတည်လေ၏။

ဗောဓိပက္ခိယတရား ၃၇-ပါးလည်း အမြဲတည်လေ၏။ သူတော်ကောင်း ဥစ္စာ ၇-ပါး လည်း ဖြစ်လေရာရာ အစဉ်ပါလေ၏။ ဘုရား တရား သံဃာ ရတနာသုံးပါးလည်း ဖြစ်လေရာရာ အမြဲပါလေ၏။ နိဗ္ဗာန်ချမ်းသာကြီးလည်း ဖြစ်လေရာရာ အမြဲပါ လေ၏။ အနတ္တ လက္ခဏာကို ကောင်းစွာထင်မြင်ရခြင်းသည် ဤမျှလောက် အကျိုး အာနိသံသ ကြီးကျယ်လှ၏။

**သဏ္ဍာယဒိဋ္ဌိ အမြဲတည်ရာ**

အနတ္တလက္ခဏာကို ပိုင်နိုင်စွာ ထင်မြင်ခြင်းမှ ကင်းရှင်းကြကုန်သော ဗာလပုထုဇဉ် သတ္တဝါတို့၏ ဦးခေါင်းကား သဏ္ဍာယဒိဋ္ဌိတည်း။ ထိုသူတို့သည် သဏ္ဍာယဒိဋ္ဌိကို ဦးခေါင်းပြု၍ နေကြကုန်၏။

အနတ္တလက္ခဏာ ပိုင်နိုင်စွာ ထင်မြင်ပြီးသော ပုဂ္ဂိုလ်တို့၏ ဦးခေါင်းကား ဝိပဿနာ သမ္မာဒိဋ္ဌိတည်း။ ထိုသူတို့သည် ဝိပဿနာ သမ္မာဒိဋ္ဌိကို ဦးခေါင်းပြု၍ နေကြကုန်၏။

အလွန်လေးလှစွာသော ကျောက်လုံးကြီးတို့၏ တည်ရာ ကိန်းဝပ်ဌာနကား မြေကြီးတည်း။ မဟာသမုဒ္ဒရာအောက် မြေအပြင်၌တည်ရှိသော ထိုကျောက်လုံးကြီးတို့ကို တစ်စုံတစ်ခုသော ပယောဂဖြင့် အထက်ရေအပြင်သို့ပေါ်အောင် ချီမြှောက်သော်လည်း ပယောဂအရှိန်ရှိခိုက်၌သာ ပေါ်လေကုန်ရာ၏။ ပယောဂအရှိန်ကုန်လျှင် အောက်မြေသို့ သာ အမြဲကျလေကုန်ရာ၏။ အောက်မြေ၌သာ အမြဲတည်လေရာ၏။

ထို့အတူ သဏ္ဍာယဒိဋ္ဌိ၏ အမြဲတည်ရာကား အပါယ်လေးဘုံတည်း။ ကုသိုလ် ကံ ချီးမြှောက်၍ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ ရောက်ခိုက်ကြသော်လည်း ထိုကံအရှိန် ရှိခိုက်၌သာ နေကြရကုန်၏။ ထိုကံကုန်လျှင် အပါယ်သို့ ရောက်လာကြရကုန်၏။ အပါယ်သို့ တစ်ပတ်ရောက်လာကြလျှင် ဘဝတစ်ရာနှင့်လည်း အပါယ်မှ မထနိုင်ကြ ကုန်။ ဘဝတစ်ထောင်နှင့်လည်း အပါယ်မှ မထနိုင်ကြကုန်။ ဘဝတစ်သောင်းနှင့်လည်း အပါယ်မှ မထနိုင်ကြကုန်။ ဘဝတစ်သိန်းနှင့်လည်း အပါယ်မှ မထနိုင်ကြကုန်။ ဘဝ တစ်ကုဋေနှင့်လည်း အပါယ်မှ မထနိုင်ကြကုန်။ ထိုသို့ မထနိုင်ကြောင်းကို ဗာလပဏ္ဍိတ သုတ္တန်ဒေသနာ၌ လိပ်ကန်းထမ်းပိုး ဥပမာဖြင့် ဟောတော်မူလျက်ရှိလေပြီ။ ဤ လိပ်ကန်း ထမ်းပိုး ဥပမာဒေသနာတော်ကို ထောက်သဖြင့် ယခုအခါ အပါယ်သို့ ကျရောက်ကြကုန် သော သူတို့သည် တစ်သိန်း တစ်သိန်းတွင် တစ်ယောက်မျှ မတွေ့ယျှ ဘုရားသာသနာကို မိအောင် အပါယ်မှ ထနိုင်သူ မရှိဟု သိအပ်၏။

**ဘုရားဖြစ်ရာခေတ်**

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ" ဟူသည်နှင့်အညီ လောက၌ ဘုရားပွင့်ရာ သာသနာခေတ် သမယမည်သည်

အလွန်ဖြစ်နိုင်ခဲလှ၏။ ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် ကမ္ဘာတစ်သောင်း ကမ္ဘာ တစ်သိန်းတွင် တစ်လှည့်တစ်ကြိမ်မျှ ပေါ်ခဲလှ၏။ သုညကမ္ဘာတွေသာ များ၏။ ရံဖန် ရံခါကမ္ဘာအသင်္ချေပတ်လုံး သုညကမ္ဘာချည်းဖြစ်၏။

ဘုရားပွင့်တော်မူသော ကမ္ဘာမှာလည်း သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် ဟူ၍ လေးပါးရှိသည်တို့တွင် ဝိဝဋ္ဋဋ္ဌာယီကပ်၌သာ ဘုရားပွင့်နိုင်၏။ ကြွင်းသော သုံးကပ်တို့၌ မပွင့်နိုင်။ ဝိဝဋ္ဋဋ္ဌာယီကပ်မှာလည်း အန္တရကပ် ခြောက်ဆယ့်လေးကပ်ရှိသည်တွင် တစ်ဆူဖြစ်အံ့၊ တစ်ကပ်၌သာ ပွင့်၏။ နှစ်ဆူဖြစ်အံ့၊ နှစ်ကပ်၌သာပွင့်၏။ သုံးဆူဖြစ်အံ့၊ သုံးကပ်၌သာ ပွင့်၏။ လေးဆူဖြစ်အံ့၊ လေးကပ်၌သာ ပွင့်၏။ ငါးဆူဖြစ်အံ့၊ ငါးကပ်၌သာ ပွင့်၏။ ကြွင်းသော အန္တရကပ်တို့သည် သုညကပ်တို့သာ ဖြစ်ကုန်၏။ ပွင့်သော အန္တရကပ်တို့မှာလည်း အနှစ်တစ်သိန်းတန်းမှ အောက်၊ တစ်ရာတန်းမှ အထက်၌သာ ပွင့်၏။ ပွင့်သောအခါ၌လည်း တစ်သိန်းတန်းမှာ ပွင့်လျှင် သာသနာတော်သည် အနှစ် နှစ်သိန်း သုံးသိန်းမျှသာ တည်၏။ အန္တရကပ် တစ်ကပ်မည်သည် နှစ်အသင်္ချေပေါင်း အနန္တများလှသည်ဖြစ်၍ ထိုသာသနာတည်သော အနှစ် နှစ်သိန်း သုံးသိန်းသည် လောက၌ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ ကဲ့သို့သာ ရှိ၏။ ဤသို့လျှင် ဗုဒ္ဓုပ္ပါဒသမယ၏ လောက၌ ဖြစ်ပေါ်ခဲ့ပုံကို သိအပ်၏။

**ဘုရားရှင်တွေ့ရန် ခဲယဉ်းပုံ**

ထိုသို့ပင် ဖြစ်ပေါ်ခဲလှသော်လည်း သံသရာရှည်လှသည့်အတွက်ကြောင့် ရှေးရှေး၌ ဖြစ်ပေါ်ခဲ့ရသော ဗုဒ္ဓုပ္ပါဒသမယပေါင်း ဂင်္ဂါသဲမှုန့်မက များခဲ့လှလေပြီ။ ထိုသို့ များခဲ့ပါသော်လည်း သူသူငါငါ သတ္တဝါ အပေါင်းတို့သည် ဘုရားပေါင်း အဆူတစ်ရာတွင် တစ်ဆူကိုမျှ မတွေ့နိုင်ကြကုန်။ အဆူတစ်ထောင်တွင် တစ်ဆူကိုမျှ မတွေ့နိုင်ကြကုန်။ အဆူတစ်သောင်းတွင်၊ အဆူတစ်သိန်းတွင် တစ်ဆူကိုမျှ မတွေ့နိုင်ကြကုန်။

ယခုအခါ ဤကမ္ဘာ၌ မေတ္တေယျဘုရားတစ်ဆူသာ ကျန်တော့သည်။ နောက်ကိုလည်း သုညကမ္ဘာတွေ များစွာလာပြီးမှ ဗုဒ္ဓုပ္ပါဒကမ္ဘာ လာတော့မည်။

ယခု တွေ့ကြုံ၍နေဆဲဖြစ်သော အရှင်ဂေါတမသာသနာကို လွန်၍သွားသော သူတို့သည် မေတ္တေယျဘုရားတစ်ဆူကို မဆိုထားလင့်ဦး။ နောက်ကို ဘုရားပေါင်း တစ်ရာကိုပင် လွဲနိုင်ကြကုန်သေး၏။ ဘုရားပေါင်း တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်းကိုပင် လွဲနိုင်ကြသေး၏။ အဘယ်ကြောင့်နည်းဟူမူ တွေ့ကြုံရန် လမ်းကား တစ်လမ်းသာရှိ၏။ လွဲကြရန်လမ်းကား အသင်္ချေပေါင်း အနန္တရှိ၏။

ထို့ကြောင့် ယခုအခါ နောက်မေတ္တေယျဘုရားကို ထင်စားကြ အားကိုးကြသော အမှုသည် လူ့ပြည်က အပ်တစ်ချက် ဘဝဂ်က အပ်တစ်စင်း အပ်သွားချင်း တိုက်မှုထက်ပင် ခဲယဉ်းလှချေ၏။ သတိမူကြပါကုန်။

**သံဖော့လုံးဘူး ဥပမာ**

အနတ္တဝိပဿနာသမ္မာဒိဋ္ဌိ၏ တည်ရာကား နိဗ္ဗာန်ပေတည်း။ ခိုင်လုံလှစွာသော သံဖြင့်ပြီးသော ဖော့လုံးဘူးကြီးတွေကို တစ်စုံတစ်ခုသော ပယောဂဖြင့် မဟာသမုဒ္ဒရာရေထဲသို့ နှစ်လေသော်လည်း ပယောဂမှုထပ်ကြပ် ရှိခိုက်၌သာ ရေထဲမှာ နေလေကုန်ရာ၏။ ပယောဂမှု ကင်းလွတ်လျှင် အထက်ရေပြင် ကောင်းကင်သို့သာ ပေါ်လာလေကုန်ရာ၏။ ထို့အတူ ထိုအနတ္တ ဝိပဿနာသမ္မာဒိဋ္ဌိ ကောင်းစွာတည်ပြီးသော သူတို့သည် လူဘုံ၌ နေကြကုန်သော်ငြားလည်း အထက်အထက် ဘုံတို့သို့ ဆန်တက်ရန် ထိုနိဗ္ဗာန်သို့ ရောက်ပေါက်ရန် တစ်ချီတည်းချီ၍ နေကြကုန်၏။

**သက္ကာယဒိဋ္ဌိရှိသူနှင့် ကင်းသူဖြစ်ပုံ**

ထို့ကြောင့် သက္ကာယဒိဋ္ဌိရှိနေကြကုန်သော သူတို့သည် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံမှာ နေကြကုန်သော်လည်း အပါယ်သို့ ဦးခေါင်းငိုက်စိုက်နှင့်ချည်း နေကြကုန်၏။ ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်နေကြကုန်၏။

အနတ္တဝိပဿနာ သမ္မာဒိဋ္ဌိ အမြဲတည်ပြီးသော သူတို့သည် အိပ်ခြင်း လျောင်းခြင်းဖြင့် ဦးခေါင်းချ၍ နေကြကုန်ငြားသော်လည်း အထက်အထက်ဖြစ်သော မြင့်မြတ်ရာ ဘုံဘဝသို့သာ ဦးခေါင်း အမြဲချီလျက် နေကြကုန်၏။ နိဗ္ဗာန်ကို ဦးခေါင်း အမြဲစိုက်လျက် နေကြကုန်၏။

သက္ကာယဒိဋ္ဌိရှိနေကြကုန်သော လူ နတ် ဗြဟ္မာတို့သည် သေလျှင် အောက်သို့ ရောက်မိ ရောက်ရာ ပရမ်းပတာ ကျကြလေကုန်၏။ ဘယ်ဘုံသို့ ငါသွားမည်၊ ဘယ်အမျိုးမှာ ငါဖြစ်မည်ဟု သွားနိုင် ဖြစ်နိုင်သော အခွင့်မရှိ။ ထို့ကြောင့် ထိုသူတို့သည် သေရမည်ကို အလွန်ကြီး ကြောက်ကြရကုန်၏။ အလွန်ကြီး ကြောက်လျက်နှင့်ပင် သေကြလျှင် ထန်းပင်တို့မှ ထန်းသီးတွေ ကြွေလေသကဲ့သို့ ပရမ်းပတာ ကျကြလေကုန်၏။

သက္ကာယဒိဋ္ဌိ ကင်းရှင်းပြီး အနတ္တလက္ခဏာ ထင်မြင်ပြီးသော လူ နတ် ဗြဟ္မာတို့သည်ကား မိမိဖြစ်ရာ ဘုံဘဝတို့မှာ သေကြလျှင် ထိုထက်မြင့်မြတ်ရာ ဘုံဘဝသို့သာ ရောက်ကြကုန်၏။ မိမိဖြစ်ရာ ဘုံဘဝမှာထပ်၍ ဖြစ်လိုလျှင်လည်း ဖြစ်ကြရ ကုန်၏။ ထိုထက်မြင့်မြတ်ရာ ဘုံဘဝသို့ သွားလိုလျှင်လည်း သွားနိုင်ကြကုန်၏။ အလိုရှိရာ သွားနိုင်ကြကုန်၏။ အမှတ်တမဲ့ပင် သေသော်လည်း မြင့်မြတ်ရာဘုံဘဝသို့သာ ရောက်လေတော့သည်။ ပရမ်းပတာ ကျမှုဟူ၍ မရှိကြကုန်ပြီ။ ထို့ကြောင့် ထိုသူတို့သည် သေမည်ကို ကြောက်လန့်ဖွယ် မရှိကြကုန်ပြီ။

ဝေဒနာတို့၌ သက္ကာယဒိဋ္ဌိ ပဟာနပရိညာ အစီအရင် ပြီး၏။

ဤတွင်ရွေ့ကား ဝေဒနာကမ္မဋ္ဌာန်း အစီအရင် ပြီး၏။

# ဝေဒနာကိုသာ ကမ္မဋ္ဌာန်းပြု၍ ပြခြင်းအကြောင်း

**ထင်ရှားလှစွာ ဝေဒနာ** ရုပ်တရား နာမ်တရားတို့သည် အများကြီး ရှိကြပါကုန်လျက် ဝေဒနာ တရားတစ်ခုတည်းကို ကမ္မဋ္ဌာန်း အစီအရင်ပြု၍ ပြခြင်း၏ အကြောင်းမှုကား စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ ဤငါးပါးသော တရားတို့သည် တစ်ခုတည်းနှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ပေါက်ရောက်နိုင်သော တရားစုပေတည်း။ စိတ်ဓာတ်တစ်လုံးကို ကမ္မဋ္ဌာန်းပြု၍ ပရိညာသုံးပါး ထမြောက်အောင် အားထုတ်နိုင်ပါလျှင် အရဟတ္တဖိုလ်တိုင်အောင် ပေါက်ရောက်နိုင်၏။ ဖဿဓာတ် တစ်လုံးနှင့်လည်း ပေါက်ရောက်နိုင်၏။ ဝေဒနာဓာတ် တစ်လုံးနှင့်လည်း ပေါက်ရောက်နိုင်၏။ သညာဓာတ်တစ်လုံးနှင့်လည်း ပေါက်ရောက်နိုင်၏၊ စေတနာဓာတ်တစ်လုံးနှင့်လည်း ပေါက်ရောက်နိုင်၏။

ထိုဓာတ်ငါးပါးတို့တွင် ဝေဒနာဓာတ်သည် သုခ ဒုက္ခမျိုးဖြစ်၍ လူလူရှင်ရှင်တို့အား အလွန်ထင်ရှား၏။ ဉာတပရိညာ၊ တီရဏပရိညာဉာဏ်တို့နှင့် ကိုယ်သဏ္ဌာန်မှာ မိမိရရ ဖမ်းယူခြင်းငှာ အလွန်လွယ်လှ၏။ ထို့ကြောင့် ဤကျမ်းမှာ ဝေဒနာဓာတ်တစ်လုံးကိုသာ ကမ္မဋ္ဌာန်း အစီအရင်ပြု၍ ပြအပ်၏။

ထိုသို့ ပြရာ၌လည်း သောတာပတ္တိမဂ်သို့ ဆိုက်ရုံ အနိစ္စပရိညာ၊ အနတ္တပရိညာနှစ်ပါး ထမြောက်ရုံမျှသာ ပြလိုက်သည်။ ဒုက္ခပရိညာမှုကား အရဟတ္တမဂ်သို့ ရောက်မှ အဆုံးတိုင် ထမြောက်နိုင်လေသည်။

**အမှာ** ဝေဒနာမှကြွင်းသော စိတ်၊ ဖဿ၊ သညာ၊ စေတနာ ဤလေးပါးသော တရားတို့၏ ကမ္မဋ္ဌာန်းအစီအရင်ကိုမူကား ကျိုက်ထိုမြို့သို့ ငါတို့ရေးသားစီရင်၍ ပေးလိုက်သော အာဟာရဒီပနီ အမည်ရှိသော ကျမ်းစာမှာ ပါရှိလေ၏။ အလိုရှိမူ ထိုကျမ်းစာမှာ ယူလေ။

ထိုငါးပါးသော တရားတွင် တစ်ခုသော တရားနှင့် ပေါက်ရောက်နိုင်ကြောင်းကို ဤဆိုလတ္တံ့သော အာဂုံပါဋ္ဌိဖြင့် သိအပ် ယုံကြည်အပ်၏။

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ။

နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယန္တိ ဝဒါမိ။

**စိတ်တစ်လုံးပိုင် ရဟန္တာဖြစ်နိုင်** ဘိက္ခဝေ–ရဟန်းတို့၊ ဝိညာဏေ၊ အာဟာရေ–ဝိညာဏာဟာရကို၊ ပရိညာတေ–ပိုင်ပိုင် သိသည် ရှိသော်၊ ဝါ–ပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်၊ နာမရူပံ–နာမ်ဟူသမျှ ရုပ်ဟူသမျှသည်၊ ပရိညာတံ–အလိုလို ပိုင်နိုင်မှုကိစ္စ ပြီးစီးလေတော့သည်၊ ဟောတိ–ဖြစ်၏၊ နာမရူပေ–နာမ်ရုပ်နှစ်ပါးသည်၊ ပရိညာတေ–အလိုလို ပိုင်နိုင်မှု ပြီးစီးခဲ့သည်ရှိသော်၊ အရိယသာဝကဿ–

ငါဘုရား တပည့်သားအား၊ ဥတ္တရိ–ထို့ထက် အလွန်၊ ကိဉ္စိ– တစ်စုံတစ်ခုမျှ၊ ကရဏီယံ– ပြုဖွယ် လုပ်ဖွယ် အားထုတ်ဖွယ်ကိစ္စသည်၊ နတ္ထိ–မရှိပြီ၊ ဣတိ–ဤသို့၊ ဝဒါမိ– ငါဘုရားဟောတော်မူ၏။

ဝိညာဏာဟာရဆိုသည်ကား စိတ်ကို ဆိုသတည်း။ စိတ်တစ်လုံး ပိုင်နိုင်လျှင် အပြီးတိုင်သော ပါဠိတော်။

ဖဿေ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော ဝေဒနာပရိညာတာ ဟောန္တိ။ တီသု ဝေဒနာသု ပရိညာတာသု အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

**ဖဿတစ်လုံးပိုင်**
**ရဟန္တာဖြစ်နိုင်**

ဘိက္ခဝေ–ရဟန်းတို့၊ ဖဿေ အာဟာရေ–ဖဿာဟာရကို၊ ပရိညာတေ–ပိုင်ပိုင်သိသည်ရှိသော်၊ ဝါ–ပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်၊ တိဿော ဝေဒနာ–သုံးပါးသော ဝေဒနာတို့သည်၊ ပရိညာတာ–အလိုလို ပိုင်နိုင်မှုကိစ္စ ပြီးစီးကုန်တော့သည်၊ ဟောန္တိ– ဖြစ်ကုန်၏၊ တီတု ဝေဒနာသု–သုံးပါးသော ဝေဒနာတို့သည်၊ ပရိညာတာသု–အလိုလို ပိုင်နိုင်မှု ပြီးစီးခဲ့ကုန်သည်ရှိသော်၊ အရိယသာဝကဿ–ငါဘုရား တပည့်သားအား၊ ဥတ္တရိ– ထို့ထက်အလွန်၊ ကိဉ္စိ–တစ်စုံ တစ်ခုမျှ၊ ကရဏီယံ–ပြုဖွယ် လုပ်ဖွယ် အားထုတ်ဖွယ်ကိစ္စသည်၊ နတ္ထိ–မရှိပြီ၊ ဣတိ–ဤသို့၊ ဝဒါမိ–ငါဘုရား ဟောတော်မူ၏။

ဖဿာဟာရဆိုသည်ကား ဖဿစေတသိက်ကို ဆိုသတည်း။ ဖဿတစ်လုံး ပိုင်နိုင်လျှင် အပြီးတိုင်အောင် ပါဠိတော်။

မနောသဉ္စေတနာယ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော တဏှာ ပရိညာတာ ဟောန္တိ။ တီသု တဏှာသု ပရိညာတာသု အရိယ သာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တ ဝဒါမိ။ [၁]

**စေတနာတစ်လုံးပိုင်**
**ရဟန္တာဖြစ်နိုင်**

ဘိက္ခဝေ–ရဟန်းတို့၊ မနောသဉ္စေတနာယ အာဟာရေ– မနောသဉ္စေ တနာအာဟာရကို၊ ပရိညာတေ–ပိုင်ပိုင်သိသည်ရှိသော်၊ ဝါ–ပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်၊ တိဿောတဏှာ–ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာတည်းဟူသော သုံးပါးသော တဏှာတို့ကို၊ ပရိညာတေ– အလိုလို ပိုင်နိုင်မှုကိစ္စ ပြီးစီးကုန်တော့သည်၊ ဟောန္တိ– ဖြစ်ကုန်၏၊ တီသု တဏှာသု–သုံးပါးသော တဏှာတို့သည်၊ ပရိညာတာသု–အလိုလို ပိုင်နိုင်မှု ပြီးစီးကုန်သည်ရှိသော်၊ အရိယသာဝကဿ–ငါဘုရား တပည့်သားအား၊ ဥတ္တရိ– ထိုထက်အလွန်၊ ကိဉ္စိ–တစ်စုံတစ်ခုမျှ၊ ကရဏီယံ–ပြုဖွယ် လုပ်ဖွယ် အားထုတ်ဖွယ် ကိစ္စသည်၊ နတ္ထိ–မရှိပြီ၊ ဣတိ–ဤသို့၊ ဝဒါမိ–ငါဘုရား ဟောတော်မူ၏။

---

၁။ နိဒါနဝဂ္ဂ သံယုတ္တပါဠိ၊ နှာ–၃၂၃။

မမောသဉ္စေတနာဟာရ ဆိုသည်ကား စေတနာစေတသိက်ကို ဆိုသတည်း။

စေတနာ တစ်လုံးပိုင်နိုင်လျှင် အပြီးတိုင်သော ပါဠိတော်။

သညာ ပရိညာ ဝိတရေယျ[၁]။

**သညာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်**

သညာ–သညာတစ်လုံးကို၊ ပရိညာ ပရိညာယပရိညာသုံးပါးဖြင့် အဆုံးတိုင် ပိုင်နိုင်သည်ရှိသော်၊ ဩဃံ–သံသရာရေအလျဉ်ကို၊ ဝိတရေယျ–လွန်နိုင်ရာ၏။

သညာစေတသိက် တစ်လုံးပိုင်နိုင်လျှင် အပြီးတိုင်သော ပါဠိတော်။

သုခံ ဝါ ယဒိ ဝါ ဒုက္ခံ၊ အဒုက္ခ မသုခံ ပိ စ[၂]။

အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ယံကိဉ္စိ အတ္ထိ ဝေဒယိတံ။

ဧတံ ဒုက္ခန္တိ ဉတွာန၊ မောသဓမ္မံ ပလောကိနံ။

ဖုဿ ဖုဿ ဝယံ ပဿံ၊ ဧဝံ တတ္ထ ဝိဇာနာတိ။

ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

**ဝေဒနာတစ်လုံးပိုင် ရဟန္တာဖြစ်နိုင်**

သုခံ ဝါ–သုခဝေဒနာသည်လည်းကောင်း၊ ယဒိ–ထိုမှတစ်ပါး၊ ဒုက္ခံ ဝါ–ဒုက္ခဝေဒနာသည် လည်းကောင်း၊ အဒုက္ခမသုခံပိ စ–ဥပေက္ခာဝေဒနာသည်လည်းကောင်း၊ ဣတိ–ဤသို့၊ အဇ္ဈတ္တဉ္စ–မိမိသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓါ စ–အပဖြစ်သော နတ် လူ ဗြဟ္မာသတ္တဝါတို့၏ သန္တာန်၌လည်းကောင်း၊ ယံကိဉ္စိ–အလုံးစုံသော၊ ဝေဒယိတံ–ခံစားမှု သည်၊ အတ္ထိ–ရှိ၏။ မောသဓမ္မံ–မျက်လှည့်အလားကဲ့သို့ လှည့်စားလိမ်လည်ခြင်း သဘောရှိထသော၊ ပလောကိနံ–ခံစား စံစားဆဲတွင် လျှပ်ရောင်အလားကဲ့သို့ ဖရိုဖရဲ ပျောက်ကွယ်ခြင်း သဘောရှိထသော၊ ဧတံ–ဤဝေဒနာသုံးပါးကို၊ ဒုက္ခ န္တိ–ဒုက္ခသစ္စာဟူ၍၊ ဉတွာန– အဟုတ်သိမြင်၍၊ ဖုဿ ဖုဿ–ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ ခိုက်တိုက်ထိပါးရာ ကိုယ်အင်္ဂါ၌ ရေပွက်ငယ်တွေအလား တဘွားဘွား ပေါ်ပေါက်၍၊ ဝယံ–ချုပ်ကွယ်ပျောက်ဆုံးမှုကို၊ ပဿံ ပဿန္တော–ပစ္စက္ခဒိဋ္ဌ ထင်မြင်အောင် ရှုသည်ရှိသော်၊ တတ္ထ–ထိုဝေဒနာတို့၌၊ ဧဝံ– ဤသို့ အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ် ဧကန်ဖြစ် ၏ဟူ၍၊ ဝိဇာနာတိ–အထူး သိနိုင်လေ၏၊ ဘိက္ခု–ရဟန်းသည်၊ ဝေဒနာနံ–ဝေဒနာ တို့၏၊ ခယာ–ကုန်ငြိမ်းခြင်းကြောင့်၊ ဝါ–ကုန်ခြင်း ခန်းခြင်းဟူသော ခယအမှုကို ထင် မြင်ခြင်းကြောင့်၊

---

၁။ သညာပရိညာဝိတရေယျ–သုတ္တနိပါတ ဆဋ္ဌ နှာ–၄၀၀။

၂။ အဒုက္ခမသုခံသဟ (မူကွဲ)။ သုခံ ဝါ ယဒိ–သုတ္တ ဆဋ္ဌ နှာ–၃၉၂။

နိစ္စာတော– အာရုံခြောက်ပါးနှင့်တကွ ဝေဒနာဝမ္မတို့၌ တောင့်တခြင်း ဟူသော ဆာလောင်ငတ်မွတ်ခြင်း ကင်းသည်ဖြစ်၍၊ ပရိနိဗ္ဗုတော–အငြိမ်းကြီး ငြိမ်းလေ၏။

ဝေဒနာ တစ်လုံးပိုင်နိုင်လျှင် အပြီးတိုင်သော ပါဠိတော်။

ဤပါဠိတော်များကို ထောက်၍ ထိုငါးပါးသော တရားတို့တွင် တစ်ခုခုသော တရား၌ ပရိညာသုံးပါး အပြီးတိုင် ထမြောက်အောင် အားထုတ်နိုင်ပါလျှင် တစ်ခုတည်းနှင့် အရဟတ္တဖိုလ်တိုင် ပေါက်ရောက်နိုင်ကြောင်းကို သိအပ် ယုံကြည်အပ်သတည်း။

ဤတွင်ရွေ့ကား ဒေဝနာနုပဿနာကမ္မဋ္ဌာန်း အစီအရင်ပြီး၏။

ဤကျမ်းကိုမူကား များစွာသော အကျိုးအာနိသံသကြီးတွေနှင့်တကွ အနတ္တလက္ခဏာ ထင်မြင်မှုကို အထူးပြဆိုချက်ပါရှိသည်ဖြစ်၍ "အနတ္တဒီပနီ"ဟု အမည် တပ်သတည်း။

## နိဂုံး

သလ္လာဝတိ နဒီတီရေ၊ အလုံနဂရပါရိမေ။
သောဏ္ဏပဗ္ဗတပဗ္ဘာရေ၊ သီလာဂုဟာယ စက်မေ။
ဝသတာ မဟာထေရေန၊ သံသာရဘာယဒဿိနာ။
တောဒိသာနမတ္ထာယ၊ ကတာ အနတ္တဒီပနီ။

အလုံနဂရပါရိမေ–အလုံမြို့မ၏ တစ်ဘက်ဖြစ်သော၊ သလ္လာဝတိ နဒီတီရေ–သလ္လာဝတီ မြစ်ကမ်းထိပ်၌၊ သောဏ္ဏပဗ္ဗတပဗ္ဘာရေ–ရွှေတောင်ဦးအမည်ရှိသော တောင်၏ကမ်းပါးယံ၌၊ သီလာဂုဟာယ–ကျောက်လိုဏ်ဂူ၌၊ စက်မေ–အလုံမြို့မနေ လွှထောင် 'မောင်အောင်ဘ' အမည်ရှိသော ဒါယကာသည် ဆောက်လုပ်အပ်သော ဂူ**စ**ကြ်ကျောင်း၌၊ ဝသတာ–သီတင်းသုံးနေထသော၊ သံသာရဘာယဒဿိနာ–သံသရာ ဘေးကို ရှုမြင်လေ့ရှိသော၊ မဟာထေရေန–မုံရွာမြို့ လယ်တီဆရာ မဟာထေရ်မြတ် ကြီးသည်၊ တောဒိသာနံ–ဤကဲ့သို့ သံသရာဘေးကို ရှုမြင်လေ့ရှိကြကုန်သော ရဟန်း ရှင်လူ သဘောဖြူတို့၏၊ အတ္တာယ–အကျိုးငှာ၊ အနတ္တဒီပနီ–အနတ္တလက္ခဏာကို ကောင်းစွာ ထင်မြင်ရခြင်း၏ အကျိုးအာနိသံသနှင့်တကွ အနတ္တ ပရိညာ အစီအရင်ကို ပြဆိုရာဖြစ်သောကြောင့် "အနတ္တဒီပနီ" အမည်ရှိသော ဤကျမ်းစာသစ် ကို၊ ကတာ– ၁၂၆၃–ခု၊ ပြာသိုလပြည့်ကျော် ၇–ရက်နေ့တွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

# အနတ္တဝိဘာဝနာပါဠိ

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

အနတ္တာ အသာရကဋ္ဌေနာတိ ဧတ္ထ န အတ္တာ အနတ္တာ။ အသာရကဋ္ဌေနာတိ အသာရဘာဝေန။ သာရောတိ စ ဝသဝတ္တိမ္ပိ ဝသဝတ္တိဘာဿမ္ပိ ယာဝဇီဝံ အဇိယျမာနော အမိယျမာနော သဘာဝေါ ဝုစ္စတိ။ သတ္တသန္တာနပရိယာပန္နံ ရူပံ သတ္တဿ သာရော န ဟောတိ။ ခဏေ ခဏေ ဘိဇ္ဇနတော။

န ဟိ သတ္တော နာမ ခဏေ ခဏေ ဘိဇ္ဇတိ။ ရူပံ ပန ခဏေ ခဏေ ဘိဇ္ဇတေဝါတိ။

ဣတိ ရူပံ ခဏေ ဘိဇ္ဇနဓမ္မတ္တာ သတ္တဿ သာရော န ဟောတိ။

အသာရတ္တာ စ ရူပံ သတ္တဿ အတ္တာ န ဟောတိ။ အနတ္တာ ဧဝ ဟောတီတိ။

တတြာယံ ဒီပနာ၊ ယထာ လောကေ ဒါရုပတ္တောတိ ဝုတ္တေ ဒါရုသဒ္ဒေန ပတ္တဿ သာရံ ဒဿေတိ။ ဒါရုမယော ပတ္တော ဒါရုပတ္တောတိ ဒီပနတော။

ပတ္တသဒ္ဒေန ဘာဇနဇာတိဝိသေသံ ဒဿေတိ၊ ဒါရုမယာနံ အညဝတ္ထူနံ နိဝတ္တနတော။

န စေတ္ထ ဒါရုတော ပတ္တော အညောတိ ဝါ အနညောတိ ဝါ ဝတ္တဗ္ဗော။ ယဒိ အညောတိ ဝဒေယျ။ ဒါရုမှာ ဝိသုံ ကတွာ ပတ္တော လဗ္ဘမာနော သိယာ။ န စ လဗ္ဘတိ။ ဒါရုဝိကတိမတ္တာ။

အထ အနညောတိ ဝဒေယျ။ ဒါရူတိ ဝုတ္တေ သဗ္ဗတ္ထ ပတ္တော ဝိညာယေယျ။ န စ ဝိညာယတိ၊ အပတ္တာနံ ဒါရုမယာနံ ဝတ္ထူနံ ဝိဇ္ဇမာနတ္တာ။ အယမေတ္ထ ပဒသောဓနော။

ဧတ္တာဝတာ ဒါရုသာရော ပတ္တော ဒါရုပတ္တောတိ ဝုစ္စတီတိ သိဒ္ဓေါ ဟောတိ။

ယော စ ဓမ္မော ယဿ ဓမ္မဿ သာရော ဟောတိ။ သောဟေဝ တဿ အတ္တာနာမ၊ ဣတိ ဒါရု တဿ ပတ္တဿ သာရဋ္ဌေန အတ္တာနာမာတိ ကတွာ ဒါရုမယော ပတ္တော ဒါရုပတ္တောတိ လောကေ ဝုစ္စတိ။ ဧသ နယော မတ္တိကာပတ္တ သိလာပတ္တ အယောပတ္တ လောဟပတ္တ ရဇတပတ္တ သုဝဏ္ဏပတ္တ မဏိပတ္တေသု။

ဧဝမေဝံ အယံ သတ္တော ရူပသာရော ဝေဒနာသာရော သညာသာရော သင်္ခါရ သာရော ဝိညာဏသာရောတိ ကတွာ ရူပါဒယော ပဉ္စက္ခန္ဓဓမ္မာ သတ္တဿ အတ္တာနာမ ဟောန္တိ။ ယာဝ စ တေ ဓမ္မာ ဇီဝန္တိ။ တာဝ သတ္တာ ဝသဝတ္တိမ္ပိ ဝသဝတ္တိဘာဿမ္ပိ ဇီဝန္တိ။ ယာဝ စ သတ္တာ ဇီဝန္တိ။ တာဝ တေ ဓမ္မာ ဝသဝတ္တိမ္ပိ ဝသဝတ္တိဘာဿမ္ပိ ဇီဝန္တီတိ မိစ္ဆာဒဿနံ။

တေသံ ဓမ္မာနံ ခဏေ ခဏေ ခယ၀ယဘာဝံ ပစ္စက္ခတော ပဿန္တဿ ပန တေသံ သတ္တဿ အသာရဘာ၀ေါ အနတ္တဘာ၀ေါ စ သုဋ္ဌု ဝိဒိတော ဟောတိ။ သတ္တ ပုဂ္ဂလ အတ္တဇီ၀ါနဉ္စ သဗ္ဗသော နတ္ထိဘာ၀ေါ သုဋ္ဌု ဝိဒိတော ဟောတိ၊ ဣဒံ သမ္မာဒဿနံ။

အင်္ဂပစ္စင်္ဂေသု ဓမ္မာနံ ခယ၀ယဘာဝံ အပဿန္တဿ သီသပရိယာပန္နံ ရူပံ သီသဿ သာရော စေ၀ ဟောတိ အတ္တာ စာတိ မိစ္ဆာဒဿနံ။

သီသပရိယာပန္နဿ သကလရူပဿ ခဏေ ခဏေ ခယ၀ယဘာဝံ ပစ္စက္ခတော ပဿန္တော ပန တံ ရူပံ သီသဿ အတ္တာ န ဟောတီတိ တံ ပဿတိ။ သီသမ္ပိ နတ္ထီတိ ပဿတိ။ ဣဒံ သမ္မာဒဿနံ။ ဧ၀ံ သီသဿ အတ္တာပိ အနတ္တာပိ ဝေဒိတဗ္ဗာ။ သေ နယော သေသေသု မဟာအင်္ဂေသု။

ပစ္စင်္ဂေသု စ သသမ္ဘာရစက္ခုဿ အတ္တာပိ ဝေဒိတဗ္ဗာ။ ကထံ စက္ခု ပရိယာပန္နဿ ရူပဿ အနိစ္စဝိကာရံ အပဿန္တော တံ ရူပံ စက္ခုဿ သာရဉ္စေဝ အတ္တာတိ သမနုပဿတိ၊ အယံ အတ္တဒိဋ္ဌိ။ တဿ ရူပဿ တဗ္ဗိကာရံ ပစ္စက္ခတော ပဿန္တော တံ ရူပံ စက္ခုဿ အသာရဉ္စေဝ အနတ္တာတိ ပဿတိ၊ အယံ သမ္မာဒိဋ္ဌိ။ သေ နယော သဗ္ဗေသု ပစ္စင်္ဂေသု။

ဒွတ္တိံ သကာယကောဋ္ဌာသေသု စ ကေသကာယေ တာ၀။ ဧကေကဿ ကေသဿ အတ္တာ စ အနတ္တာ စ ဝေဒိတဗ္ဗာ။ ကထံ ဧကေသ ကေသပရိယာပန္နဿ ရူပဿ အနိစ္စဝိကာရံ အပဿန္တော တံ ရူပံ တဿ တဿ ကေသဿ အတ္တာတိ သမနုပဿတိ၊ အယံ သက္ကာယဒိဋ္ဌိ။

တဿ ရူပဿ တဗ္ဗိကာရံ ပဿန္တော တံ ရူပံ ကေသဿ အနတ္တာတိ သမနုပဿတိ၊ ကေသာပိ နာမ နတ္ထီတိ သမနုပဿတိ၊ အယံ သမ္မာဒိဋ္ဌိ။

န၀ နဝုတိ လောမသဟဿေသု စ ဧကေကဿ လောမဿ အတ္တာ စ အနတ္တာ စ ဝေဒိတဗ္ဗာ။

ကထံ၊ ဧကေက လောမပရိယာပန္နဿ ရူပဿ ခယ၀ယဘာဝဒဿနံ ဝိနာ အနိစ္စဝိကာရံ အပဿန္တာ တံ တံ ရူပံ တဿ တဿ လောမဿ သာရဉ္စေဝ အတ္တာတိ သမနုပဿတိ၊ အယံ သက္ကာယဒိဋ္ဌိ။

တဿ တဿ ရူပဿ တဗ္ဗိကာရံ ပဿန္တော တံ တံ ရူပံ တဿ တဿ လောမဿ အသာရဉ္စေဝ အနတ္တာတိ သမနုပဿတိ။ ယဒိ ဟိ တံ တံ ရူပံ တဿ တဿ လောမဿ အတ္တာ ဘဝေယျ။ ယာ၀ တံ တံ လောမံ အဘိဇ္ဈာမာနံ တိဋ္ဌတိ၊ တံ

တံ ရူပပိတာဝ အဘိဇ္ဈမာနံ တိဋ္ဌေယျာတိ၊ အယံ သမ္ဗန္ဓော။ ဧသ နယော သကလကာယေ သေကကောဋ္ဌာသေသု။

သတ္တော ဂစ္ဆတိ အဟံ ဂစ္ဆာမီတိ အာဒီသု ဂမနပရိယာပန္နသ္သ ရူပဿ နာမဿ စ အနိစ္စဝိကာရံ အပဿန္တော တံ နာမရူပံ ဂန္တုနော သာရဋ္ဌေန အတ္တာတိ သမနုပဿတိ၊ အယံ ကာရကဒိဋ္ဌိ။ တဿ နာမရူပဿ အတ္တနော အတ္တနော ခဏေ ခဏေ ခယံ ဝယံ ဘေဒံ မရဏံ ပစ္စက္ခတော ပဿန္တော တံ နာမရူပံ တဿ ဂန္တုနော ဝါ တဿ ဂမနကြိယာယ ဝါ အတ္တာ န ဟောတိ။ ယဒိ ဘဝေယျ။ အထ ယာဝ သာ ဂမနကြိယာ ပညာယတိ။ တာဝ တံ နာမရူပံ အဘိဇ္ဈမာနံ ပညာယေယျာတိ။ နာမရူပတော ဝိသုံ ဂန္တာ ဝါ ဂမနကြိယာ ဝါ နတ္ထီတိ န စ နာမရူပံ ဂန္တာ ဝါ ဂမနကြိယာ ဝါ ဟောတီတိ၊ အယံ သမ္ဗန္ဓော။ ဧသ နယော သတ္တော ကရောတိ အဟံ ကရောမိ သတ္တော ကထေတိ အဟံ ကထေမိ သတ္တော စိန္တေတိ အဟံ စိန္တေမိတိ အာဒီသု သဗ္ဗကြိယာဝတ္ထာသု။

သတ္တော ဣဒံ နာမ သုခဒုက္ခံ ဝေဒေတိ၊ အဟံ ဣဒံ နာမ သုခဒုက္ခံ ဝေဒေမီတိ အာဒီသု တံ တံ အဝတ္ထာပရိယာပန္နနာမရူပံ တဿ တဿ ဝေဒကဿ အတ္တာတိ ဝါ အနတ္တာတိ ဝါ ဝိဘဇိတွာ ဝိတ္ထာရေတဗ္ဗာ။ ကာရက ဝေဒကဿ စ နတ္ထိဘာဝေါ ဝေဒိတဗ္ဗော။

သတ္တသန္တာနေ အတ္တာနတ္တဝိဘာဂေါ နိဋ္ဌိတော။

ဗဟိဒ္ဓါသန္တာနေ အတ္တာနတ္တဝိဘာဂေါ ဝေဒိတဗ္ဗော။ ကထံ မဟာပထဝိယာ ဝါ တဿ တဿ ဘူမိဘာဂဿ ဝါ အတ္တာ စ အနတ္တာ စ ဝေဒိတဗ္ဗာ။

တံ တံ ပထဝီပရိယာပန္နဿ ရူပဿ အနိစ္စဝိကာရံ အပဿန္တော တံ တံ ရူပံ တဿာ တဿာ ပထဝိယာ အတ္တာ သာရဋ္ဌေနာတိ သမနုပဿတိ၊ အယံ သက္ကာယဒိဋ္ဌိ။

တဿ တဿ ရူပဿ တဗ္ဗိကာရံ ပဿန္တော တံ တံ ရူပံ တဿာ တဿာ ပထဝိယာ အနတ္တာ အသာရကဋ္ဌေနာတိ သမနုပဿတိ၊ အယံ သမ္မာဒိဋ္ဌိ။ ဧသ နယော ပဗ္ဗတနဒီသမုဒ္ဒါဒီသု။ တံ တံ ရုက္ခပရိယာပန္နံ ရူပံ တဿ တဿ ရုက္ခဿ အတ္တာတိ ဝါ အနတ္တာတိ ဝါ၊ တသ္မိံ တသ္မိံ ရုက္ခေ တံ တံ မဟာသာခါပရိယာပန္နံ ရူပံ တဿာ တဿာ မဟာသာခါယ အတ္တာတိ ဝါ အနတ္တာတိ ဝါ၊ မဟာသာခါသု စ တံ တံ ခုဒ္ဒကသာခါပရိယာပန္နံ ရူပံ တဿာ တဿာ ခုဒ္ဒကသာခါယ အတ္တာတိ ဝါ အနတ္တာတိ ဝါ၊ ခုဒ္ဒကသာခါသု စ တံ တံ ဒဏ္ဍကပရိယာပန္နံ ရူပံ တဿ တဿ

ပတ္တဒဏ္ဍာသ ဝါ ပုပ္ဖဒဏ္ဍာသ ဝါ ဖလဒဏ္ဍာသ ဝါ အတ္တာတိ ဝါ အနတ္တာတိ ဝါ ဝိဘာဇိတွာ ဝတ္တဗ္ဗာ။

ဝိမာန ဝိဟာရ ဂေဟ ရထ သကဋ မဉ္စ ပီဌ ဃဋ ဝတ္ထာလင်္ကာရ ဓနဓညဟိရည သုဝဏ္ဏ မဏိ ဝေဠုရိယဘဏ္ဍာဒီသုပိ တံ တံ ဝတ္ထုပရိယာပန္နသ ရူပသ တသ တသ ဝတ္ထုနော အတ္တတာ ဝါ အနတ္တတာ ဝါ ဝေဒိတဗ္ဗာ။

သစေပတော ပန ယံ ယံ ဝတ္ထု လောကိယမဟာဇနေဟိ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ လဒ္ဓံ ပတ္ထိတံ ပရိယေသိတံ တသ္မိံ တသ္မိံ အဇ္ဈတ္တေပိ ဝတ္ထုမှိ ပရိယာပန္နံ ရူပံ တသ တသ ဝတ္ထုဿ အနတ္တာ ဧဝ။

ဧတ္တာဝတာ သဗ္ဗော သတ္တလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ။

လောကိယမဟာဇနေဟိ သမ္မတော သဗ္ဗော ဩကာသလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ။

တိဏ ရုက္ခ ဝိမာန ဝိဟာရ ဂေဟ ရထ သကဋာဒိကော စ သဗ္ဗော သင်္ခါရ လောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ။ သုဒ္ဓသင်္ခါရ ဓမ္မရာသိမတ္တမေဝ အဝသိဋ္ဌံ ဟောတိ။

သုဂမ္ဘီရမိဒံ ဌာနံ၊ သုနိပုဏမိဒံ ပဒံ။
သုဒုဒ္ဒသမိဒံ ဌာနံ၊ သုဒုဗ္ဗောဓမိဒံ ပဒံ။
သုဒုဒ္ဒသမ္ပိ ပဿန္တိ၊ ပဏ္ဍိတာ ဓမ္မကောဝိဒါ။
သုဒုဗ္ဗောဓမ္ပိ ဗုဇ္ဈန္တိ၊ ဝိညူနော အတ္ထကောဝိဒါ။

အထ ဝါ အနတ္တာ အသာရကဋ္ဌေနာတိ ဧတ္ထ သာရောတိ သာရဘာဝေါ ဝုစ္စတိ ထိရဘာဝေါ။ ရတ္တိဒိဝမ္ပိ မာသသံဝစ္ဆရမ္ပိ ဗဟူနိ ရတ္တိဒိဝမာသသံဝစ္ဆရာနိပိ အဝိပရိဏာမ ဂုဏောတိ ဝုတ္တံ ဟောတိ။

သာရော ဧတဿ အတ္ထီတိ သာရကံ၊ န သာရကံ အသာရကံ၊ နာမရူပံ။ အသာရကဘာဝေါ အသာရကဋ္ဌော၊ တေန အသာရကဋ္ဌေန။ သာရဘာဝရဟိတ ဘာဝေန နာမရူပံ သတ္တဿ အတ္တာ န ဟောတိ။ အနတ္တာ ဧဝ ဟောတီတိ အတ္ထော။

သဗ္ဗော ဟိ သတ္တော နာမ ဇာယမာနော ဧကေကသ္မိံ ဘဝေ ပဋိသန္ဓိကာလေ ကေဝလမေဝ ဇာယတိ။ နာနာခဏေသု ပုနပ္ပုနံ ဇာယတီတိ နတ္ထိ။

မိဿမာနော စ ဧကေသံ့ ဘဝေ ပရမာယု ပရိယောသာနေ ဧကဝါရမေဝ မိယျတိ။ တတော ပုဗ္ဗေ ဗဟူသု ရတ္တိဒိဝမာသသံဝစ္ဆရေသု နာနာခဏေသု ပုနပ္ပုနံ မိယျတီတိ နတ္ထိ။

နာမရူပဓမ္မာ ပန နာနာခဏေသု ပုနပ္ပုနံ ဇာယန္တိ ဥပ္ပဇ္ဇန္တိ မိယျန္တိ ဘိဇ္ဇန္တိ၊ သာရဂုဏော နာမ တေသံ နတ္ထိ။ တသ္မာ အသာရကဋ္ဌေန တေ ဓမ္မာ သတ္တာသု ဝါ ပထဝီ ပဗ္ဗတ ရုက္ခာဒိကာသု ဝါ အတ္တာ နာမ န ဟောန္တိ။ အနတ္တာ ဧဝ ဟောန္တီတိ ဝုတ္တံ ဟောတိ။

ဝိတ္ထာရော ပန ပုဗ္ဗေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

အနတ္တဝိဘာဝနာ နိဋ္ဌိတာ။

# အနတ္တဝိဘာဝနာ နိဿယ

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## သတ္တဝါသန္တာန်၌ အတ္တ အနတ္တ စိစစ်ချက်

**အနတ္တ** — အနတ္တာ အသာရကဋ္ဌေနာတိ ဧတ္ထ–အနတ္တာ အသာရကဋ္ဌေန ဟူသော စကား၌၊ အတ္တာ–သတ္တဝါတို့၏ အတ္တသည်၊ ဝါ–သတ္တဝါတို့၏ ကိုယ်သည်၊ န–မဟုတ်၊ ဣတိ–ထို့ကြောင့်၊ အနတ္တာ–အနတ္တမည်၏၊ အနတ္တာ– သတ္တဝါတို့၏ အတ္တမဟုတ်၊ ဝါ–သတ္တဝါတို့၏ ကိုယ်မဟုတ်။

**နိစ္စသဘောသည် သာရ** — အသာရကဋ္ဌေနာတိ–အသာရကဋ္ဌေန ဟူသည်ကား အသာရဘာဝေန– အနှစ်အမာမျိုး မဟုတ်သည်၏ အဖြစ်ကြောင့်၊ စ–ဆက်၍ ပြဆိုအံ့၊ သာရောတိ–သာရဟူသည်ကား၊ ဝဿသတံပိ– အနှစ် တစ်ရာပတ်လုံး လည်းကောင်း၊ ဝဿသဟဿံပိ–အနှစ်တစ်ထောင်ပတ်လုံး လည်းကောင်း၊ ယာဝဇီဝံ– အသက်ရှည်သမျှ ကာလပတ်လုံး၊ အဇိယျမာနော–မရင့်မရော်သော၊ အမိယျမာနော– မသေမပျောက်သော၊ သဘာဝေါ–နိစ္စသဘောကို၊ဝုစ္စတိ– ဆိုအပ်၏။

**ရုပ်တရား အနတ္တ** — သတ္တသန္တာန ပရိယာပန္န–သတ္တဝါ၏ သန္တာန်၌ အကျုံးဝင်သော၊ ရူပံ– ရုပ်တရားစုသည်၊ သတ္တဿ–သတ္တဝါ၏၊ သာရော–အမာခံအထည်ခံ ဖြစ်သော အနှစ်အသားသည်၊ န ဟောတိ–မဟုတ်၊ ကသ္မာ–အဘယ့် ကြောင့်နည်းဆိုသော်၊ ခဏေ ခဏေ–ခဏတိုင်း ခဏတိုင်း၌၊ ဘိဇ္ဇနတော– ပျက်ခြင်း ကြောင့်တည်း။

ဟိ သစ္စံ–မှန်၏၊ သတ္တော နာမ–သတ္တဝါမည်သည်၊ ခဏေ ခဏေ–ခဏတိုင်း ခဏတိုင်း၌၊ န ဘိဇ္ဇတိ–ပျက်ရိုးမရှိ၊ ရူပံ ပန–ရုပ်တရားစုသည်မူကား၊ ခဏေ ခဏေ– ခဏတိုင်း ခဏတိုင်း၌၊ ဘိဇ္ဇတေဝ–အမြဲပျက်သည်သာလျှင်တည်း၊ ဣတိ–ဤကား သတ္တဝါအလား ရုပ်အလား တခြားတစ်လမ်းစီ နေကြပုံတည်း။

ဣတိ–ဤသို့လျှင်၊ ရူပံ–ရုပ်တရားစုသည်၊ ခဏေ ခဏေ–ခဏတိုင်း ခဏ တိုင်း၌၊ ဘိဇ္ဇနဓမ္မတ္တာ–အမြဲပျက်စီးခြင်း သဘောရှိသည်၏အဖြစ်ကြောင့်၊ သတ္တဿ– သတ္တဝါ၏၊ သာရော–အမာခံ အထည်ခံ အနှစ်အသားသည်၊ န ဟောတိ–မဟုတ်၊ အသာရတ္တာစ–အနှစ်အမာမျိုး မဟုတ်သောကြောင့်လည်း၊ ရူပံ–ရုပ်တရားစုသည်၊ သတ္တဿ–သတ္တဝါ၏၊ အတ္တာ–အမာခံ အထည်ခံဖြစ်သော ကိုယ်မည်သည်၊ န ဟောတိ–

မဟုတ်၊ အနတ္တာ ဧဝ–အနတ္တာသည်သာလျှင်၊ ဟောတိ–ဖြစ်၏၊ ဣတိ–ဤကား အနတ္တာ အသာရကဋ္ဌေန ဟူသော ပုဒ်၏ အနက်တည်း။

**သစ်သားဥပမာဖြင့် အတ္တခေါ်ပုံ ရှင်းချက်**

တတြ–ထိုအကျဉ်းဖြစ်သော အနက်၌၊ အယံ–ဤဆိုလတ္တံ့သည်ကား၊ ဒီပနာ–အကျယ်ပြချက်တည်း၊ ယထာ–ဥပမာကား၊ လောကေ–လောက၌၊ ဒါရုပတ္တောတိ–သစ်သားခွက်ဟူ၍၊ ဝါ–သစ်သားသပိတ်ဟူ၍၊ ဝုတ္တေ–ဆိုကြရာ၌၊ ဒါရုသဒ္ဒေန–ဒါရုသဒ္ဒါဖြင့်၊ ပတ္တဿ–ခွက်၏၊ သာရံ–အမာခံဖြစ်သော အသားကို၊ ဒဿေတိ–ပြဆို၏၊ ကသ္မာ–အဘယ်ကြောင့်နည်းဆိုသော်၊ ဒါရုမယော–သစ်သားဖြင့်ပြီးသော၊ ပတ္တော–ခွက်တည်း၊ ဒါရုပတ္တော–သစ်သားဖြင့် ပြီးသောခွက်၊ ဣတိ ဒီပနတော–ဤသို့သော အနက်ကို ဒါရုသဒ္ဒါဖြင့် ပြခြင်းကြောင့်တည်း။

ဒါရုသဒ္ဒါကို ကြားရသဖြင့် ဤခွက်ကား ရွှေသားခွက် မဟုတ်၊ ငွေသားခွက် မဟုတ်။ သစ်သားခွက်တည်းဟု ခွက်၏ အမာခံအသားကို သိရသောကြောင့် ဒါရုသဒ္ဒါဖြင့် ခွက်၏ သာရကို ပြသည် ဟူလို။ ဤသာရမျိုးကိုလည်း လောက၌ အသားဟူ၍ ခေါ်သည်။

ပတ္တသဒ္ဒေန–ပတ္တသဒ္ဒါဖြင့်၊ ဘာဇနဇာတိဝိသေသံ–ခွက်မျိုးအထူးကို၊ ဒဿေတိ–ပြ၏၊ ကသ္မာ–အဘယ့်ကြောင့်နည်းဆိုသော်၊ ဒါရုမယာနံ–သစ်သားဖြင့် ပြီးကုန်သော၊ အညဝတ္ထူနံ–ခုတင် ညောင်စောင်းစသော ဝတ္ထုတို့ကို၊ နိဝတ္တနတော–နစ်စေသောကြောင့်တည်း။

ဒါရုဟူ၍သာ ဆိုခဲ့လျှင် ခုတင် ညောင်စောင်း စသည်တို့နှင့်လည်း ဆိုင်၏။ ပတ္တဟုဆိုလျှင် ထိုဝတ္ထုတို့နှင့် မဆိုင်ပြီ။ ထို့ကြောင့် ပတ္တသဒ္ဒါဖြင့် ခွက်ဟူသော သဏ္ဌာန် အထူးကို ပြသည် ဟူလို။

ပတ္တသဒ္ဒါကား ထိုခွက်၏ အသားကို ပြသောသဒ္ဒါမဟုတ်။ ခွက်ဟူသော သဏ္ဌာန်အထူးကိုသာ ပြသည်။ ဒါရုသဒ္ဒါသည်သာလျှင် ထိုခွက်၏အသားကို ပြသည်ဟု သဒ္ဒါနှစ်ပါး အနက်နှစ်ပါး ခြားနားချက်တည်း။

စ–ဆက်ဦးအံ့၊ ဧတ္ထ–ဤဒါရုပတ္တ၌၊ ပတ္တေ–ခွက်သဏ္ဌာန်ကို၊ ဒါရုတော–သစ်သားမှ၊ အညောတိ ဝါ–တခြားဟူ၍လည်းကောင်း၊ အနညောတိ ဝါ–တခြား မဟုတ်ဟူ၍လည်းကောင်း၊ န ဝတ္တဗ္ဗော–မဆိုသင့်၊ အညောတိ–သစ်သားတခြား ခွက်သဏ္ဌာန် တခြားဟူ၍၊ ယဒိ ဝဒေယျ–အကယ်၍ ဆိုငြားအံ့၊ ဒါရုမှာ–ထိုခွက်၌ရှိသော သစ်သားမှ၊ ဝိသုံ ကတွာ–အသီးအခြားပြု၍၊ ပတ္တော–ခွက်ကို၊ လဗ္ဘမာနော–ရအပ်သည်၊ သိယာ–ဖြစ်ရာ၏၊ န စ လဗ္ဘတိ–အသီးအခြား ရအပ်သည်လည်း မဟုတ်၊ ကသ္မာ–

အဘယ်ကြောင့်နည်းဆိုသော်၊ ဒါရုဝိကတိမတ္တတ္တာ–သစ်သား၏ တည်ပုံ အမူအရာ ထူးမှုသာ ဖြစ်သောကြောင့်တည်း။

အသီးအခြား ဆိုခဲ့သော် သစ်သားမှာလည်း သူ့ဓာတ်နှင့်သူ၊ ခွက်မှာလည်း သူ့ဓာတ်နှင့်သူ ဖြစ်ကြရာ၏။ ထိုသို့ကား မဟုတ်။ သစ်သားခွက်ဟူသည် ပြုပြင်၍ ထားအပ်သော သစ်သား၏ သဏ္ဌာန် အထူးမှုသာ ဖြစ်၏။ ထို့ကြောင့် သစ်သား တခြား ခွက်တခြား မဆိုသင့်ဟူလို။

အနညော တိ–တခြားစီ မဟုတ်ဟူ၍၊ အထ ဝဒေယျ–အကယ်၍ဆိုငြားအံ့၊ ဒါရုတိ–သစ်သားဟူ၍၊ ဝုတ္တေ–ဆိုခဲ့သည်ရှိသော်၊ သဗ္ဗတ္တ–အလုံးစုံသောအရာတို့၌၊ ပတ္တော–ခွက်ကို၊ ဝိညာယေယျ–သိအပ်ရာ၏၊ န စ ဝိညာယတိ–သိလည်း မသိအပ်၊ ကသ္မာ–အဘယ်ကြောင့်နည်းဆိုသော်၊ အပတ္တာနံ–ခွက်မှ တစ်ပါးကုန်သော၊ ဒါရုမယာနံ–သစ်သားဖြင့်ပြီးကုန်သော၊ ဝတ္ထူနံ–ခုတင် ညောင်စောင်း အစရှိသော ဝတ္ထုတို့၏၊ ဝိဇ္ဇမာနတာ–ထင်ရှားရှိပြန်သောကြောင့်တည်း၊ အဓိပ္ပာယ် လွယ်ပြီ။

အယံ–ဤသို့ ဆိုအပ်ပြီးသည်ကား၊ ဧတ္ထ–ဒါရုပတ္တော ဟူသော ဤပုဒ် နှစ်ခု၌၊ ပ၁သောဓနော–ပုဒ်အနက်သွားချင်း ရှင်းလင်းခန်းတည်း။

ဧတ္တာဝတာ–ဤမျှလောက် ရှင်းလင်းချက်ဖြင့်၊ ဒါရုသာရော–သစ်လျှင် အနှစ် အသားရှိသော၊ ပတ္တော–ခွက်သဏ္ဌာန်ကို၊ ဒါရုပတ္တောတိ–သစ်ခွက်ဟူ၍၊ ဝုစ္စတိ–ဆို အပ်၏၊ ဣတိ အတ္ထော–ဤသို့သော အနက်သည်၊ သိဒ္ဓေါ–ထင်ရှားသည်၊ ဟောတိ–ဖြစ်၏။

ယော စ ဓမ္မော–အကြင်တရားသည်၊ ယဿ ဓမ္မဿ–အကြင်အမှီတရား၏၊ သာရော–အနှစ် အသားဟူသော အမာခံသည်၊ ဟောတိ–ဖြစ်၏၊ သောယေဝ–ထို အနှစ်အသား အမာခံဖြစ်သော တရားသည်သာလျှင်၊ တဿ–ထို အမှီတရား၏၊ အတ္တာ နာမ–အတ္တ မည်၏၊ ကိုယ်မည်၏၊ ဣတိ–ထို့ကြောင့်၊ ဒါရု–သစ်သားသည်၊ တဿ ပတ္တဿ–ထိုခွက်၏၊ သာရဘူတေန–အနှစ်အသားဖြစ်သောကြောင့်၊ အတ္တာနာမ–ခွက်၏ အတ္တမည်၏၊ ခွက်၏ ကိုယ်မည်၏၊ ဣတိကတွာ–ဤသို့ အကြောင်းပြု၍၊ ဒါရုမယော–သစ်သား အတိပြီးသော၊ ပတ္တော–ခွက်ကို၊ ဒါရုပတ္တောတိ–ဒါရုပတ္တဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

မတ္တိကာပတ္တ–မြေခွက်၊ သိလာပတ္တ–ကျောက်ခွက်၊ အယောပတ္တ–သံခွက်၊ လောဟပတ္တ–ကြေးခွက်၊ ရဇတပတ္တ–ငွေခွက်၊ သုဝဏ္ဏပတ္တ–ရွှေခွက်၊ မဏိပတ္တေသု–ပတ္တမြားခွက်တို့၌လည်း၊ ဧသနယော–ဤသစ်သားခွက် အတူပင်တည်း။

မြေကို ပြုလုပ်သောခွက်၌ မြေသည် ထိုခွက်၏ အသားဖြစ်၍ ထိုခွက်၏ အတ္တမည်၏ ကိုယ်မည်၏ စသည်ဖြင့် ဆိုလေ။ အတ္တခေါ်ပုံကို ထင်ရှားအောင် ပြသော ဥပမာစုပေတည်း။

**အနတ္တ ကိုယ်မဟုတ်ဆိုရာ၌ ရှင်းလင်းချက်**

ရူပကာယ နာမကာယ ဟူရာ၌ ကာယသဒ္ဒါ၏ အနက်ဖြစ်သော ကိုယ်ဟူသော ဝေါဟာရသည် မူကား အနှစ်သာရဟူသော အနက်သွားမျိုး မဟုတ်။ အပေါင်းဟူသော အနက်သွားမျိုး ပေတည်း။

အနတ္တာ–ကိုယ်မဟုတ်ဆိုရာ၌ ထိုကိုယ်ကို မဟုတ်ဟုဆိုလိုသည် မဟုတ်၊ ထိုကိုယ်ကား သမူဟ အနက်တည်း။ လူအပေါင်းကို ဇနကာယ ခေါ်သည်။ နတ်အပေါင်းကို ဒေဝကာယ ခေါ်သည်။ ရုပ်အပေါင်းကို ရူပကာယ ခေါ်သည်။ နာမ်အပေါင်းကို နာမကာယ ခေါ်သည်။ အဟုတ်အမှန်ပင်တည်း။

ရုပ်သည် ပုဂ္ဂိုလ်၏ အတ္တတည်း၊ ပုဂ္ဂိုလ်၏ အနှစ်အသားတည်း၊ ပုဂ္ဂိုလ်၏ ကိုယ်တည်း၊ အမာခံတည်း၊ အထည်ခံတည်း၊ ဧရာတည်တည်းဟု စွဲလမ်းကြသော ကိုယ်သည်သာလျှင် မဟုတ်မမှန် ဖြစ်သတည်း။ ဤကား အတ္တ၏ အနက်သွားကို ထင်ရှားအောင် ပြဆိုသော ဥပမာစကားရပ်တည်း။

**အတ္တဒိဋ္ဌိအမြင်**

ဧဝမေဝံ–ဤဥပမာတို့နှင့် တူစွာသာလျှင်၊ အယံ သတ္တော–ဤသတ္တဝါအပေါင်းသည်၊ ရူပသာရော–ခက်မာဖွဲ့စေးမှု အစရှိသော ရုပ်တရားလျှင် အနှစ်အသားရှိ၏၊ ဝေဒနာသာရော–ဆင်းရဲမှု ချမ်းသာမှု ခံစားမှု စံစားမှုဟူသော ဝေဒနာလျှင် အနှစ်အသားရှိ၏၊ သညာသာရော–သိမှု မှတ်မှု တတ်မှု လိမ္မာမှုဟူသော သညာလျှင် အနှစ်အသားရှိ၏၊ သင်္ခါရသာရော–ကိုယ်အင်္ဂါ ပြုပြင်မှု၊ နှုတ်အင်္ဂါ ပြုပြင်မှု၊ စိတ်အင်္ဂါ ပြုပြင်မှုဟူသော စေတနာလျှင် အနှစ်အသားရှိ၏၊ ဝိညာဏ သာရော–မြင်မှု ကြားမှု နံမှု လျက်မှု တွေ့မှု ထိမှန်းသိမှု အထွေထွေ အလာအလာ ကြံဖန်မှုဟူသော ဝိညာဏ်လျှင် အနှစ်အသားရှိ၏။ ဣတိကတွာ–ဤသို့ အနှစ်သာရဟု နှလုံးပြု၍၊ ရူပါဒယော–ရုပ်အစရှိကုန်သော၊ ပဉ္စက္ခန္ဓဓမ္မာ–ငါးပါးသော ခန္ဓာ တရားတို့သည်၊ သတ္တဿ–သတ္တဝါ၏၊ အတ္တာနာမ–ကိုယ်မည်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ယာဝ စ–အကြင်မျှလောက်သော ကာလပတ်လုံး၊ တေ ဓမ္မာ–ထိုခန္ဓာငါးပါးတရားတို့သည်၊ ဇီဝန္တိ–မချုပ်မပျက် အသက်ရှည်ကာ တည်နေကုန်၏၊ တာဝ–ထိုမျှလောက်သော ကာလပတ်လုံး၊ သတ္တာ–သတ္တဝါတို့သည်၊ ဝဿသတံပိ–အနှစ်တစ်ရာပတ်လုံးလည်းကောင်း၊ ဝဿသဟဿံပိ–အနှစ်တစ်ထောင်ပတ်လုံးလည်းကောင်း၊ ဇီဝန္တိ–အသက်ရှည်ကြကုန်၏၊ ယာဝ စ–အကြင်မျှလောက်သော ကာလပတ်လုံးလည်း၊ သတ္တာ–သတ္တဝါတို့သည်၊ ဇီဝန္တိ–အသက်ရှည်ကုန်၏၊ တာဝ–ထိုမျှလောက်သော ကာလပတ်လုံး၊ တေဓမ္မာ–ထိုခန္ဓာငါးပါးတရားတို့သည်။ ဝဿသတံပိ–အနှစ်တစ်ရာတိုင်အောင် လည်းကောင်း၊ ဝဿသဟဿံပိ–အနှစ်တစ်ထောင်တိုင်အောင် လည်းကောင်း၊ ဇီဝန္တိ–အသက်

ရှည်ကုန်၏၊ ဣတိ ဣဒံ–ဤသို့ မြင်ခြင်း ယူခြင်းသည်ကား၊ မိစ္ဆာဒဿနံ–မှောက်မှားသော အတ္တဒိဋ္ဌိ အမြင်ပေတည်း။

လောက၌ သစ်သားခွက် စသည်တို့၌ သစ်သား စသည်တို့သာလျှင် ခွက်၏ အနှစ်သာရ အတ္တကိုယ်ထည် ဖြစ်ပေရကား သစ်သား၊ မြေ၊ ကျောက်၊ ရွှေ၊ ငွေ၊ ပတ္တမြားတို့ အသက်ရှည်သမျှ ခိုင်ခံ့စွာ တည်နေသမျှကာလပတ်လုံး ခွက်သည် အသက် ရှည်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့သည် သတ္တဝါတို့၏ အနှစ်သာရ အတ္တကိုယ်ထည် ဖြစ်ပေရကား ခန္ဓာငါးပါးတို့ မချုပ်မပျက် အသက်ရှည်ကြကုန်သမျှ ကာလပတ်လုံး သတ္တဝါတို့ အသက် ရှည်ကြကုန်၏ဟူသော အထင်အမြင် အစွဲအလမ်းကြီးသည် အတ္တဒိဋ္ဌိမည်၏၊ သက္ကာယဒိဋ္ဌိမည်၏ ဟူလို။

လောက၌ ဤသတ္တဝါသည် မွေးဖွားသည်မှ ၇–ရက်ရှိပြီ၊ လခွဲရှိပြီ၊ ၁–လ ရှိပြီ၊ ၆–လရှိပြီ၊ ၁–နှစ်ရှိပြီ၊ ၅–နှစ်ရှိပြီ၊ ၁၀–နှစ်ရှိပြီ၊ အသက် ၂၀ ရှိပြီ၊ ၃၀ ရှိပြီ၊ ၄၀ ရှိပြီ၊ ၅၀ ရှိပြီ၊ ၆၀ ရှိပြီ၊ ၇၀ ရှိပြီ၊ ၈၀ ရှိပြီ၊ ငါသည် အသက်၂၀ ရှိပြီ စသည်ဖြင့် အဟုတ်အမှန်ပြု၍ ထင်မှတ်ပြောဆို၍ နေကြသော အရိုးစိုက်ကြီးကို အတ္တဒိဋ္ဌိ၊ ဇီဝဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဆိုသတည်း။ ခန္ဓာငါးပါးတို့ကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ ငါဟူ၍ မည်သူ မည်ဝါဟူ၍ ယောက်ျား မိန်းမဟူ၍ ထင်မှတ် စွဲလမ်းမှုသည် ထိုအရိုးစိုက်ကြီး အမှုပင်တည်း။

ဤကား မိစ္ဆာဒဿန ခန်းတည်း။

**သမ္မာဒိဋ္ဌိအမြင်** တေသံ ခန္ဓာနံ–ထိုခက်မာမှု ဖွဲ့စေးမှု အစရှိကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ခဏေ ခဏေ–ခဏတိုင်း ခဏတိုင်း၌၊ ခယဝယတော–ကုန်ခန်းခြင်း ကွယ်ပျောက်ခြင်း ပျက်စီးခြင်းကို၊ ပစ္စက္ခတော–ဒိဋ္ဌပစ္စက္ခအားဖြင့်၊ ပဿန္တဿ ပန–မြင်နိုင်သောပညာရှိ သူမြတ်အားကား၊ တေသံ–ထိုခန္ဓာငါးပါးတို့၏၊ သတ္တဿ–သတ္တဝါ၏၊ အသာရဘာဝေါ စ–အနှစ်အသား မဟုတ်သည်၏ အဖြစ်သည် လည်းကောင်း၊ အနတ္တဘာဝေါ စ–ကိုယ်ထည်မဟုတ်သည်၏ အဖြစ်သည်လည်းကောင်း၊ သုဋ္ဌု–ကောင်းစွာ၊ ဝိဒိတော–ထင်လင်းသည်၊ ဟောတိ–ဖြစ်၏၊ သတ္တပုဂ္ဂလ အတ္တဇီဝါနဉ္စ–သတ္တဝါ ပုဂ္ဂိုလ် အတ္တ ဇီဝတို့၏လည်း၊ သဗ္ဗသော–အချင်းခပ်သိမ်း၊ နတ္ထိဘာဝေါ–မရှိသည်၏အဖြစ်သည်၊ သုဋ္ဌု–ကောင်းစွာ၊ ဝိဒိတော–ထင်လင်းသည်၊ ဟောတိ–ဖြစ်၏၊ ဣဒံ–ဤသည်ကား၊ သမ္မာဒဿနံ–ဝိပဿနာ သမ္မာဒိဋ္ဌိအမြင်ပေတည်း။

# တစ်ကိုယ်လုံး၌ အတ္တဒိဋ္ဌိသတ်ပုံ

ငါတို့စီရင်အပ်သော လက္ခဏာဒီပနီ၊ ဝိဇ္ဇာမဂ္ဂဒီပနီ၊ အာဟာရဒီပနီ၊ ကမ္မဋ္ဌာန ဒီပနီ၊ အထူးဝိသေသအားဖြင့် လက္ခဏာရေးသုံးပါးကို ကျယ်ဝန်းစွာ ပြဆိုရာဖြစ်သော ဘာဝနာ လေးဆယ်အဖွင့်၊ ဘာဝနာဒီပနီ စာအုပ်ငယ်တို့၌ ပြဆိုအပ်သော ရုပ်ဓာတ်ခွဲနည်း နာမ်ဓာတ်ခွဲနည်းတို့အတိုင်း မိမိတို့ကိုယ်၌ ခက်မာမှု ဖွဲ့စေးမှု စသည်တို့ကိုခွဲခြမ်း၍ ထားပြီးလျှင် မိမိတို့ ကိုယ်ခန္ဓာ၌ ဤသို့ ရှုဆင်ခြင်ကြကုန်ရာ၏။

ငါ့ကိုယ်ကို ငါသည် ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ ထင်မှတ်၍နေ၏။ ယောကျ်ားဟူ၍ ထင်မှတ်၍နေ၏။ မည်သူ မည်ဝါဟု နာမည်တစ်ခုနှင့် ထင်မှတ်၍နေ၏။ အသက် ငါးဆယ်ရှိပြီဟု ထင်မှတ်၍နေ၏။ ခြောက်ဆယ်ရှိပြီဟု ထင်မှတ်၍နေ၏။ မည်သူ မည်သူတို့မှာ သေ၍သွားကြကုန်ပြီ။ ငါတို့မှာ ကံကြွင်းရှိပေသေး၍ မသေမပျောက်ဘဲ ယခု အသက်အရွယ်သို့တိုင် ရောက်အောင် နေကြရပေကုန်သေး၏ဟု ထင်မှတ်၍ နေကြကုန်၏။

ထိုသို့ ထင်တိုင်း ဟုတ်မည်လော၊ မဟုတ်မည်လောဟု ခက်မာမှုတစ်ခုကို စိုက်၍ ကြည့်ကြကုန်ရာ၏။ ငါ၏ကိုယ်ခန္ဓာ၌ ခက်မာမှုဟူသော ပထဝီသည် ရောထည် အမာခံကြီးဖြစ်၏။ အမိဝမ်း၌ ပဋိသန္ဓေ တည်နေသည်မှစ၍ ယခု အသက် ငါးဆယ်ရှိသည်တိုင်အောင် ဖောက်ပြန် ပျက်စီးခြင်းမရှိဘဲ ပကတိအတိုင်း ခိုင်မြဲ၍ လာခဲ့သော ခက်မာမှုဟူ၍ တစ်စုံ တစ်ခုမျှ ရှိ၏လောဟု ဆင်ခြင်ရာ၏။ တစ်နေ့တစ်နေ့၌ပင် ဣရိယာပုတ် ပြောင်းလဲရာ တို့၌ တစ်ကိုယ်လုံး ခက်မာမှုအပေါင်းတို့၏ ပြောင်းလဲ ချုပ်ပျက်မှုတို့ကို မြင်ကြကုန် လတ္တံ့။ ကြည့်ရှုဆင်ခြင်သော နေ့အဖို့၌ပင်လျှင် ဣရိယာပုတ်တစ်ခုမှ ဣရိယာပုတ်တစ်ခု သို့ ပကတိအတိုင်း ကူးပြောင်း၍ နေနိုင်သော ခက်မာမှု တစ်ခုမျှ မရှိသည်ကို မြင်ကြကုန် ၏။ နောင် မသေမီကာလ၌လည်း ထိုနည်းတူ မြင်ကြကုန်လတ္တံ့။

ထိုအခါ ငါးဆယ် အသက်ရှည်သော ခက်မာမှုမှာ ဝေးလေစွ။ တစ်နာရီမျှ အသက်ရှည်၍ တည်နေနိုင်သော ခက်မာမှုကို ရှာကြ၍ မတွေ့နိုင်ကြကုန်လတ္တံ့။ ထိုအခါ ၌ အသက်ငါးဆယ်ရှိပြီဟု စွဲလမ်းအပ်သော ပုဂ္ဂိုလ် သတ္တဝါ ငါနှင့် ခက်မာမှုတို့၏ တစ်လမ်းစီနေကြပုံကို ထင်မြင်ကြကုန်လတ္တံ့။ ဖွဲ့စေးမှုအစရှိသော ကြွင်းသော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကိုလည်း ဘာဝနာ ဒီပနီမှာ အကျယ်ပြဆိုခဲ့သည့်အတိုင်း အသီးသီး ထုတ်၍ ရှုကြလေ။ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ မရှိမှု ထင်ရှားလတ္တံ့။

သာမညအားဖြင့် တစ်ကိုယ်လုံးကိုခြုံ၍ စွဲလမ်းသော
အတ္တဒိဋ္ဌိသတ်ခန်း ပြီး၏။

# အင်္ဂါကြီးငယ်တို့၌ အတ္တဒိဋ္ဌိသတ်ပုံ

**ဦးခေါင်း၌ အတ္တဒိဋ္ဌိသတ်ပုံ**

အင်္ဂပစ္စင်္ဂေသု စ–အင်္ဂါကြီးငယ်တို့၌လည်း၊ ဓမ္မာနံ–ထိုအင်္ဂါကြီးငယ်တို့၌ ဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏၊ ခယဝယံ–ကုန်ခန်းခြင်း ကွယ်ပျောက်ခြင်း ပျက်ဆုံးခြင်းကို၊ အပဿန္တဿ–မမြင်နိုင်သော သူအား၊ သီသပရိယာပန္နံ–ဦးခေါင်းတစ်ခုလုံး၌ အကျုံးဝင်သော၊ ရူပံ–ရုပ်သည်၊ သီသဿ–ဦးခေါင်း၏၊ သာရောစေဝ–အနှစ်အသားမည်သည်လည်း၊ ဟောတိ–ဖြစ်၏၊ အတ္တာ စ–ဦးခေါင်း၏ အတ္တသည်လည်း၊ ဟောတိ–ဖြစ်၏၊ ဣတိ–ဤသည်ကား၊ မိစ္ဆာဒဿနံ–အမြင်မှားတည်း။

သီသပရိယာပန္နဿ–ဦးခေါင်းတစ်ခုလုံး၌ အကျုံးဝင်သော၊ သကလရူပဿ–အလုံးစုံသော ရုပ်တရား၏၊ ခဏေ ခဏေ–ခဏတိုင်း ခဏတိုင်း၌၊ ယခဝယဘေဒံ–ကုန်ခန်းခြင်း ကွယ်ပျောက်ခြင်း ပျက်ဆုံးခြင်းအပြားကို၊ ပစ္စက္ခတော–မျက်မှောက်အားဖြင့်၊ ပဿန္တော ပန–မြင်နိုင်သော ပညာရှိသည်မူကား၊ တံ ရူပံ–ထိုရုပ်တရားစုသည်၊ သီသဿ–ဦးခေါင်း၏၊ အတ္တာ–ကိုယ်သည်၊ န ဟောတိ–မဟုတ်၊ ဣတိ– ဤသို့၊ ပဿတိ–မြင်၏၊ သီသံပိ–ဦးခေါင်းမည်သည်လည်း၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ ပဿတိ–မြင်၏၊ ဣဒံ–ဤသို့မြင်ခြင်းသည်ကား၊ သမ္မာဒဿနံ–ကောင်းစွာ မြင်ခြင်းတည်း၊ ဧဝံ–ဤသို့၊ သီသဿ–ဦးခေါင်း၏၊ အတ္တာပိ–အတ္တကိုလည်းကောင်း၊ အနတ္တာပိ–အနတ္တကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏။

ဦးခေါင်း၌ အကျုံးဝင်သော ရုပ်တရားကို၊ ဗာလ ပုထုဇဉ် ပုဂ္ဂိုလ်သည် ဦးခေါင်း၏ အတ္တဟု မြင်၏။ ပညာရှိပုဂ္ဂိုလ်သည် ဦးခေါင်း၏ အတ္တ မဟုတ်ဟု မြင်၏။ ဤသို့ မြင်ကြသည်ကို "သီသဿ အတ္တာပိ အနတ္တာပိ ဝေဒိတဗ္ဗာ" ဆိုသည်။ ဦးခေါင်း၌ ခန္ဓာငါးပါး ရှိငြားသော်လည်း နာမ်ခန္ဓာလေးပါးတို့သည် ရံခါရံခါသာ ရှိကြကုန်အံ့။ ရုပ်ခန္ဓာသည်သာ အမြဲရှိ၏။ ထို့ကြောင့် ရုပ်ခန္ဓာကိုသာ ဥပလက္ခဏာနည်းအားဖြင့် ဖော်ဆိုသတည်း။

သေသေသု–ဦးခေါင်းမှ ကြွင်းကုန်သော၊ မဟာ အင်္ဂေသု စ–ကိုယ်အင်္ဂါ ခြေအင်္ဂါ လက်အင်္ဂါဟူသော အင်္ဂါကြီးတို့၌လည်း၊ ဧသနယော–ဤဦးခေါင်းနည်းကို၊ ဝေဒိတဗ္ဗော–သိအပ်၏။

**မျက်လုံး၌ အတ္တဒိဋ္ဌိသတ်ပုံ**

ပစ္စင်္ဂေသုစ–အင်္ဂါလတ် အင်္ဂါငယ်တို့တွင်လည်း၊ သသမ္ဘာရစက္ခုဿ–သသမ္ဘာရစက္ခု၏၊ အတ္တာပိ– အတ္တကိုလည်းကောင်း၊ အနတ္တာပိ–အနတ္တကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏၊ ကထံ–အဘယ်

သို့ သိအပ်ကုန်သနည်းဟူမူကား၊ စက္ခုပရိယာပန္နသ-မျက်လုံး၌ အကျုံးဝင်သော၊ ရူပဿ-ရုပ်၏၊ အနိစ္စဝိကာရံ-ခယ ဝယ ဘေဒ ဟူသော အနိစ္စ အမူအရာထူးကို၊ အပဿန္တော-မမြင်နိုင်သောသူသည်၊ တံ ရူပံ-ထိုရုပ်ကို၊ စက္ခုဿ-မျက်လုံး၏၊ သာရဋ္ဌေန-အနှစ်အသားဟူသော အနက်အားဖြင့်၊ အတ္တာတိ-အတ္တဟူ၍၊ သမနုပဿတိ-လွန်စွာ အစဉ်အမြဲမြင်၏၊ အယံ-ဤသို့မြင်ခြင်းသည်၊ အတ္တဒိဋ္ဌိ- အတ္တဒိဋ္ဌိတည်း။

တဿ ရူပဿ-ထိုဦးခေါင်း၌ရှိသော ရုပ်၏၊ တဗ္ဗိကာရံ-ထိုအနိစ္စဝိကာရကို၊ ပစ္စက္ခတော-မျက်မှောက်အားဖြင့်၊ ပဿန္တော-မြင်နိုင်သောသူသည်၊ တံ ရူပံ-ထိုရုပ်ကို၊ စက္ခုဿ-မျက်လုံး၏၊ အသာရဋ္ဌေန-အနှစ်အသားမဟုတ်သော အနက်ကြောင့်၊ အနတ္တာတိ-အနတ္တဟူ၍၊ ပဿတိ-မြင်၏၊ အယံ-ဤအမြင်သည်ကား၊ သမ္မာဒိဋ္ဌိ- ဝိပဿနာ သမ္မာဒိဋ္ဌိတည်း။

သဗ္ဗေသု-အလုံးစုံကုန်သော၊ ပစ္စင်္ဂေသု-အင်္ဂါလတ် အင်္ဂါငယ်တို့၌၊ ဧသနယော-ဤ မျက်လုံးနည်းကို၊ ဝေဒိတဗ္ဗော-သိအပ်၏။

မျက်လုံး၏ အနှစ်အသားဆိုသည်ကား သင်သည် မျက်လုံး မျက်လုံးဟူ၍ ဆို၏။ အဘယ်ကို မျက်လုံးဟူ၍ ဆိုသနည်း။ မျက်လုံး၏သရုပ်ကို ငါ့အား ပြစမ်းပါဆိုလျှင် မျက်လုံးရှိသော ရုပ်ကို ပြလတ္တံ့။ ဤသို့ပြသော ပုဂ္ဂိုလ်၏ အလိုအားဖြင့် မျက်လုံး၌ရှိသော ရုပ်စုသည် မျက်လုံး၏ အနှစ်အသား အတ္တမည်သတည်း။ တစ်ကိုယ်လုံး၏ အနှစ်သာရ အတ္တ အင်္ဂါကြီးတို့၏ အနှစ်သာရ အတ္တတို့၌လည်း ဤနည်းတူ သိလေ။ ဤ မျက်လုံး၌လည်း ခန္ဓာငါးပါး ပါရှိလျက် ရုပ်ကိုသာ ထုတ်ဖော်၍ ဆိုခြင်းသည် ဥပလက္ခဏာနည်းတည်း။

**ဆံပင် စသည်၌ အတ္တဒိဋ္ဌိသတ်ပုံ**

ဒွတ္တိံသ ကာယ ကောဋ္ဌာသေသု စ-၃၂-ပါးသော ကာယ ကောဋ္ဌာသတို့တွင်လည်း၊ တာဝ-ရှေးဦးစွာ၊ ကေသကာယေ-ဆံပင်ဟူသော ကာယ၌၊ ဧကေကဿ-တစ်ခု တစ်ခုသော၊ ကေသဿ-ဆံပင်၏၊ အတ္တာ စ-အတ္တကိုလည်းကောင်း၊ အနတ္တာ စ-အနတ္တကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ-သိအပ်ကုန်၏၊ ကထံ-အဘယ်သို့ သိအပ်ကုန်သနည်း ဟူမူကား၊ ဧကေက ကေသပရိယာပန္နဿ-တစ်ခု တစ်ခုသော ဆံပင်၌ အကျုံးဝင်သော ရုပ်တရား၏၊ အနိစ္စဝိကာရံ-ခယ ဝယ ဘေဒဟု ဆိုအပ်သော အနိစ္စအမူအရာထူးကို၊ အပဿန္တော-မမြင်နိုင်သောသူသည်၊ တံ ရူပံ-ထိုရုပ်ကို၊ တဿ တဿ ကေသဿ-ထိုထိုဆံပင်၏၊ အတ္တာတိ-အတ္တဟူ၍၊ သမနုပဿတိ-လွန်စွာ အစဉ်အမြဲ မြင်၏၊ အယံ-ဤသို့ မြင်ခြင်းသည်ကား၊ သက္ကာယဒိဋ္ဌိ-သက္ကာယဒိဋ္ဌိတည်း။

မိစ္ဆာဒဿန၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ သုံးပါး အတူတူ။

တဿ ရူပဿ–ထိုဆံပင် တစ်ခုတစ်ခု၌ အကျုံးဝင်သော ရုပ်၏၊ တဗ္ဗိကာရံ–ထိုအနိစ္စ ဝိကာရကို၊ ပဿန္တော–မြင်သောသူသည်၊ တံ ရူပံ–ထိုရုပ်ကို၊ ကေသဿ–တစ်ခုတစ်ခုသော ဆံပင်၏၊ အနတ္တာတိ–ကိုယ်မဟုတ်ဟူ၍၊ သမနုပဿတိ–ကောင်းစွာ အစဉ်အမြဲ မြင်၏၊ ကေသာပိ နာမ–ဆံပင်တို့မည်သည်လည်း၊ နတ္ထိ–မရှိကုန်၊ ဣတိ–ဤသို့၊ သမနုပဿတိ–လွန်စွာ အစဉ်အမြဲ မြင်၏၊ အယံ–ဤသို့ မြင်ခြင်းသည်ကား၊ သမ္မာဒိဋ္ဌိ–ဝိပဿနာ သမ္မာဒိဋ္ဌိတည်း။

ဤဆံပင်တို့၌လည်း အရင်းအဖို့တို့၌ နာမက္ခန္ဓာလေးပါးတို့သည်လည်း ရှိကုန်၏။

နဝနဝုတိလောမသဟဿေသု စ–၉ သောင်း ၉ ထောင်သော မွေးညင်းတို့တွင်လည်း၊ ဧကေကဿ–တစ်ခုတစ်ခုသော၊ လောမဿ–မွေးညင်း၏၊ အတ္တာ စ–အတ္တကိုလည်းကောင်း၊ အနတ္တာ စ–အနတ္တကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏၊ ကထံ–အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား၊ ဧကေကလောမ ပရိယာပန္နဿ–တစ်ခုတစ်ခုသော မွေးညင်း၌ အကျုံးဝင်သော၊ ရူပဿ–ရူပက္ခန္ဓာ၏၊ ခယဝယဘေဒသင်္ခါတံ–ကုန်ခြင်း ကွယ်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော၊ အနိစ္စ ဝိကာရံ–အနိစ္စ အမူအရာထူးကို၊ အပဿန္တော–မမြင်နိုင်သောသူသည်၊ တံတံ ရူပံ–ထိုထို ရူပက္ခန္ဓာကို၊ တဿ တဿ လောမဿ–ထိုထိုမွေးညင်း၏၊ သာရဋ္ဌေန–အနှစ်သာရ ဟူသော အနက်အားဖြင့်၊ အတ္တာတိ–အတ္တာဟူ၍၊ သမနုပဿတိ–လွန်စွာ အစဉ်အမြဲ မြင်၏၊ အယံ–ဤသို့ မြင်ခြင်းသည်ကား၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိတည်း။

တဿ တဿ ရူပဿ–မွေးညင်း၌ အကျုံးဝင်သော ထိုထို ရူပက္ခန္ဓာ၏၊ တဗ္ဗိကာရံ–ထို အနိစ္စဝိကာရကို၊ ပဿန္တော–မြင်သောသူသည်၊ တံတံ ရူပံ–ထိုထို ရူပက္ခန္ဓာကို၊ တဿ တဿ လောမဿ–ထိုထိုမွေးညင်း၏၊ အသာရဋ္ဌေန–အသားမဟုတ်သော အနက်အားဖြင့်၊ အနတ္တာတိ–အနတ္တ ဟူ၍၊ သမနုပဿတိ–လွန်စွာ အစဉ်အမြဲ မြင်၏၊ ဟိ သစ္စံ–မှန်၏၊ တံတံ ရူပံ–ထိုထို မွေးညင်း၌ဖြစ်သော ထိုထို ရုပ်အစုသည်၊ တဿ တဿ လောမဿ–ထိုထို မွေးညင်း၏၊ အတ္တာ–အနှစ်သာရ အတ္တသရုပ်သည်၊ ယဒိ ဘဝေယျ–အကယ်၍ ဖြစ်ငြားအံ့၊ ဧဝံသတိ–ဤသို့ဖြစ်ခဲ့သည်ရှိသော်၊ ယာဝ–အကြင်မျှ လောက်၊ တံတံ လောမံ–ထိုထို မွေးညင်းသည်၊ အဘိဇ္ဇ မာနံ–မပျက်မစီးမူ၍၊ တိဋ္ဌတိ–တည်နေ၏၊ တာဝ–ထိုမျှလောက်၊ တံတံ ရူပံပိ–ထိုထို ရုပ်သည်လည်း၊ အဘိဇ္ဇမာနံ–မချုပ်မပျက်မူ၍၊ တိဋ္ဌေယျ–တည်နေလေရာ၏၊ ဣတိ–ဤကား ယုတ္တိ ပြချက်တည်း၊ အယံ–ဤ ဆိုအပ်ခဲ့ပြီးသည်ကား၊ သမ္မာဒိဋ္ဌိ–သမ္မာဒိဋ္ဌိတည်း။

ထိုထို မွေးညင်းမပျက်မူ၍ တည်နေသမျှ ကာလပတ်လုံး ရူပက္ခန္ဓာသည်လည်း တည်နေသည်သာလျှင် မဟုတ်လောဟူမူ သန္တတိအားဖြင့်သာ တည်နေသည်။ မပျက်စီးသမျှ ကာလပတ်လုံး ယမန်နေ့၌လည်း ဤမွေးညင်းပင်။ ယခုနေ့၌လည်း ဤမွေးညင်းပင်ဟု တစ်ခုတည်းအဖြစ်ဖြင့် မွေးညင်းတည်နေသကဲ့သို့ ရူပက္ခန္ဓာသည် တစ်ခုတည်းအဖြစ်ဖြင့် တည်နေသည် မဟုတ်။ ရှေ့နောက်အများ ဆက်လက်သောအားဖြင့်သာ တည်နေလေသည်။

သကလကာယေ–တစ်ကိုယ်လုံး၌၊ သေသကောဋ္ဌာသေသု–ကြွင်းသောကောဋ္ဌာသတို့၌၊ ဧသနယော–ဤနည်းကို၊ ဝေဒိတဗ္ဗော–သိအပ်၏။

ဤ၌လည်း မွေးညင်းတို့၏ အရင်းအဖို့၌ ခန္ဓာငါးပါး ငါးပါးစီ ရကောင်းသည်ကို သိလေ။ မွေးညင်းပေါင်း ၉ သောင်း ၉ ထောင်ကို တည်၍ အခိုက်အတန့်အားဖြင့် ရထိုက်သော ခန္ဓာငါးပါးနှင့် မြှောက်ပွားသည်ရှိသော် မွေးညင်း၌ ခန္ဓာပေါင်း ၄ သိန်း ၉ သောင်း ၅ ထောင် ဖြစ်၏။ မွေးညင်းတို့၏ အရင်းအဖို့၌ နာမူ ကျင်မူ ယားယံမူစသည် ဖြစ်သောအခါတို့၌ နာမက္ခန္ဓာ ၄ ပါးတို့ကို ရအပ်၏။ နာမူ ကျင်မူ ယားယံမူ ဆိုသည်ကား စိတ်စေတသိက် အပေါင်းကို ဆိုသတည်း။ လက်သည်း ခြေသည်း သွားတို့၌လည်းကောင်း၊ တစ်ကိုယ်လုံးကို ဖုံးသော အရေတို့၌လည်းကောင်း၊ ထိုမှ ကြွင်းသော ၉ ရာသော အသားခဲတို့၌လည်းကောင်း၊ ၉ ရာသော အကြောကြီး အကြောငယ်တို့၌လည်းကောင်း၊ ၃ ရာသော အရိုးတို့၌လည်းကောင်း၊ ရိုးတွင်းခြင်ဆီ စသည်တို့၌လည်းကောင်း၊ ခန္ဓာငါးပါးရပုံကို ထိုနည်းတူ သိလေ။ ကျင်ကြီး ကျင်ငယ် နှပ် တံထွေးတို့၌မူကား ရူပက္ခန္ဓာကိုသာ ရအပ်၏။

အင်္ဂါ၊ ကောဋ္ဌသတို့၌ အစိတ် အစိတ် စွဲလမ်းသော
သက္ကာယဒိဋ္ဌိ သတ်ခန်း ပြီး၏။

---

## ကာရကဒိဋ္ဌိ သတ်ပုံ

သတ္တော–သတ္တဝါသည်၊ ဂစ္ဆတိ–သွား၏၊ အဟံ–ငါသည်၊ ဂစ္ဆာမိ–သွား၏၊ ဣတိအာဒီသု–ဤသို့အစရှိသော ကြိယာမှုတို့၌၊ ဂမနပရိယာပန္နသ–သွားခြင်း ကြိယာ၌ အကျုံးဝင်သော၊ ရူပဿ စ–ရုပ်အစု၏လည်းကောင်း၊ နာမဿ စ–နာမ်အစု၏လည်းကောင်း၊ အနိစ္စဝိကာရံ–ခယ ဝယ ဘေဒ ဟူသော အနိစ္စ အမူအရာထူးကို၊ အပဿန္တော–မမြင်နိုင်သောသူသည်၊ တံ နာမရူပံ–ထိုနာမ်ရုပ်ကို၊ ဂန္တာရော–သွားတတ်သောသူ၏၊ သာရေဋ္ဌေန–အနှစ်သာရအားဖြင့်၊ အတ္တာတိ–အတ္တဟူ၍၊ သမနုပဿတိ–လွန်စွာ အစဉ်အမြဲ မြင်၏၊ အယံ–ဤသို့ မြင်ခြင်းသည်ကား၊ ကာရကဒိဋ္ဌိ–ကာရကဒိဋ္ဌိတည်း။

တဿ နာမရူပဿ-ထိုနာမ်ရုပ်၏၊ အတ္တနော အတ္တနော ခဏေ ခဏေ-မိမိ မိမိတို့၏ ဘင်ခဏ ဘင်ခဏ၌၊ ခယံ-ကုန်ခြင်းကို၊ ဝယံ-ကွယ်ခြင်းကို၊ ဘေဒံ-ပျက်ခြင်းကို၊ မရဏံ-သေခြင်းကို၊ ပစ္စက္ခတော-မျက်မှောက်အားဖြင့်၊ ပဿန္တော-မြင်သော သူသည်၊ တံ နာမရူပံ-ထိုနာမ်ရုပ်သည်၊ တဿ ဂန္တုနော ဝါ-ထိုသွားသော သူ၏ လည်းကောင်း၊ တဿ ဂမနကြိယာယ ဝါ-ထို သွားခြင်း ကြိယာ၏လည်းကောင်း၊ အတ္တာ-အတ္တသည်၊ န ဟောတိ-မဟုတ်၊ ယဒိ ဘဝေယျ-အကယ် ဟုတ်ငြားအံ့၊ အထ-ထိုသို့ ဟုတ်သည်ရှိသော်၊ ယာဝ-အကြင်မျှလောက်၊ သာ ဂမနကြိယာ-ထိုသွားခြင်း ကြိယာသည်၊ ပညာယတိ-ထင်၏၊ တာဝ-ထိုမျှလောက်၊ တံ နာမရူပံ-ထိုနာမ် ရုပ်သည်၊ အဘိဇ္ဈမာနံ-အခြေအနေ မပျက်သည်ဖြစ်၍၊ ပညာယေယျ-ဉာဏ်၌ ထင်မြင်ရာ၏၊ ဣတိ-ဤကား ယုတ္တိတည်း၊ နာမရူပတော-နာမ်ရုပ်မှ၊ ဝိသုံ-အသီး အခြား၊ ဂန္တာ ဝါ-သွားတတ်သူသည်လည်းကောင်း၊ ဂမနကြိယာ ဝါ-သွားခြင်း ကြိယာသည် လည်းကောင်း၊ နတ္ထိ-မရှိ၊ ဣတိ-ထို့ကြောင့်၊ နာမရူပံ-နာမ်ရုပ်သည်၊ ဂန္တာ ဝါ-သွား တတ်သည် လည်း ကောင်း၊ ဂမနကြိယာ ဝါ-သွားခြင်းကြိယာသည် လည်းကောင်း၊ န ဟောတိ-မဟုတ်၊ ဣတိ အယံ-ဤသည်ကား သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိတည်း။

သတ္တော-သတ္တဝါသည်၊ ကရောတိ-ဘယ်အမှုကိုပြု၏၊ အဟံ-ငါသည်၊ ကရောမိ-ဘယ်အမှုကိုပြု၏၊ သတ္တော-သတ္တဝါသည်၊ ကထေတိ-ပြောဆို၏၊ အဟံ-ငါသည်၊ ကထေမိ-ပြောဆို၏၊ သတ္တော-သတ္တဝါသည်၊ စိန္တေတိ-ကြံ၏၊ အဟံ-ငါ သည်၊ စိန္တေမိ-ကြံ၏၊ ဣတိ အာဒိသု-ဤသို့ အစရှိအပ်ကုန်သော၊ သဗ္ဗကြိယာ ဝတ္ထာသု-ထိုထိုကြိယာ အခိုက်အတန့်တို့၌၊ သေနယော-ဤနည်းတူပင်တည်း။

နာမ်ရုပ်မည်သည် ကြိယာမျှသာ အမှန်ဖြစ်၏။ ထိုသို့ ဖြစ်ပါလျက် နာမ်ရုပ် သည် သွားခြင်းကြိယာမဟုတ်ဟု အဘယ်ကြောင့် ဆိုပါသနည်းဟူမူ လူတို့ မျက်မြင် ကြိယာမဟုတ်ဟု ဆိုသတည်း။ လှုပ်ရှားခြင်း၊ သွားလာခြင်း၊ ပြောဆိုခြင်း၊ ကြံခြင်း၊ သိခြင်း အစရှိသော ကြိယာ အမူအရာတို့ကို ပြုတတ်သည်၊ လုပ်တတ်သည်၊ ပြောတတ် သည်၊ ဆိုတတ်သည်၊ ကြံတတ်သည်၊ သိတတ်သည်၊ ကောင်းမှုကို ပြုတတ်သည်၊ မကောင်းမှုကို ပြုတတ်သည် အစရှိသည်ဖြင့် စွဲလမ်းသော သမ္မာဒိဋ္ဌိကို ကာရကဒိဋ္ဌိ ဆိုသည်။

## ကာရကဒိဋ္ဌိသတ်ခန်း ပြီး၏။

သတ္တော-သတ္တဝါသည်၊ ဣဋ္ဌံ နာမ သုခဒုက္ခံ-ဤမည်သော ချမ်းသာဆင်းရဲ ကို၊ ဝေဒေတိ-ခံစားတတ်၏၊ အဟံ-ငါသည်၊ ဣဋ္ဌံ နာမ သုခဒုက္ခံ-ဤမည်သော ချမ်းသာ ဆင်းရဲကို၊ ဝေဒေမိ-ခံစား၏၊ ဣတိ အာဒိသု-ဤသို့ စသည်တို့၌၊ တံတံ အဝတ္ထာ ပရိယာပန္နနာမရူပံ-ထိုထို သုခဒုက္ခကို ခံစားမှု အခိုက်အတန့်၌ အကျုံးဝင်

သော နာမ်ရုပ်သည်၊ တဿ တဿ ဝေဒကဿ–ထိုထိုခံစားသူ၏၊ အတ္တတိ ဝါ–အတ္တဟုတ်၏ ဟူ၍လည်းကောင်း၊ အနတ္တာတိဝါ–အတ္တမဟုတ်ဟူ၍လည်းကောင်း၊ ဝိဘဇိတွာ–ဝေဖန်၍၊ ဝိတ္ထာရေတဗ္ဗာ–ချဲ့အပ်၏၊ ကာရေကဝေဒကဿ စ–ပြုတတ်သူ ခံစားတတ်သူ၏လည်း၊ နတ္ထိဘာဝေါ–မရှိသည်၏အဖြစ်ကို၊ ဝေဒိတဗ္ဗော–သိအပ်၏။

ကုသိုလ်ကောင်းမှုကို ပြုတတ်သည်။ ကုသိုလ်ကောင်းမှု၏ အကျိုးကို ခံစားတတ်သည်။ ဒါနကို ပြုတတ်သူရှိ၏။ ဒါနအကျိုးကို ခံစားတတ်သူရှိ၏။ ရှေးဘဝ၌ မည်သည့်ဒါနကိုပြု၍ သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားတတ်၏။ နတ်ချမ်းသာကို ခံစားတတ်၏၊ ဤသို့ အစရှိသည်ဖြင့် နာမ်ရုပ်မှ တစ်ပါး ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝရှိ၏ဟု စွဲလမ်းသော ဒိဋ္ဌိသည် ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိမည်၏။

သတ္တသန္တာနေ–သတ္တဝါတို့၏ သန္တာန်၌၊ အတ္တာနတ္တဝိဘာဂေါ–အတ္တ, အနတ္တကို ဝေဖန်ခန်းသည်၊ နိဋ္ဌိတော–ပြီး၏။

## ဗဟိဒ္ဓသန္တာန်၌ အတ္တ အနတ္တ စစ်ချက်

**သက္ကာယဒိဋ္ဌိ**

ဗဟိဒ္ဓါသန္တာနေ–သတ္တဝါမှအပ သန္တာန်၌၊ အတ္တာနတ္တ ဝိဘာဂေါ–အတ္တ၊ အနတ္တ ဝေဖန်ခန်းကို၊ ဝေဒိတဗ္ဗော–သိအပ်၏၊ ကထံ ဝေဒိတဗ္ဗော–အဘယ်သို့ သိအပ်သနည်းဟူမူကား၊ မဟာပထဝိယာ ဝါ–မြေကြီး၏ လည်းကောင်း၊ တဿ တဿ ဘူမိဘာဂဿ ဝါ–ထိုထို မြေအဖို့၏လည်းကောင်း၊ အတ္တာ စ–အတ္တကိုလည်းကောင်း၊ အနတ္တာ စ–အနတ္တကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏၊ တံ တံ ပထဝီပရိယာပန္နဿ–ထိုထိုမြေ၌ အကျုံးဝင်သော၊ ရူပဿ–ရုပ်၏၊ အနိစ္စဝိကာရံ–ခဏတိုင်း ခဏတိုင်း ချုပ်ပျက်၍နေခြင်းတည်းဟူသော အနိစ္စ ဝိကာရကို၊ အပဿန္တော–မမြင်တတ်သောသူသည်၊ တံ တံ ရူပံ–ထိုထို ရုပ်ကို၊ တဿာ တဿာ ပထဝိယာ–ထိုထို မြေအဖို့၏၊ သာရဋ္ဌေန–အသားအနှစ် ကိုယ်ထည်စစ်ဖြစ်သော အနက်ကြောင့်၊ အတ္တာ–အတ္တမည်၏၊ ဣတိ–ဤသို့၊ သမနုပဿတိ–ရှုမြင်၏၊ အယံ–ဤသို့ မြင်ခြင်းသည်ကား၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိတည်း။

**သမ္မာဒိဋ္ဌိ**

တဿ တဿ ရူပဿ–ထိုထို ရုပ်၏၊ တဗ္ဗိကာရံ–ထိုအနိစ္စ ဝိကာရကို၊ ပဿန္တော–မြင်တတ်သောသူသည်၊ တံတံ ရူပံ–ထိုထို ရုပ်ကို၊ တဿာ တဿာ ပထဝိယာ–ထိုထို မြေအဖို့၏၊ အသာရကဋ္ဌေန–အသားအနှစ် ကိုယ်ထည်စစ် မဟုတ်သော အနက်ကြောင့်၊ အနတ္တာ–အတ္တမဟုတ်၊ ဣတိ–ဤသို့၊ သမနုပဿတိ–ရှုမြင်၏၊ အယံ–ဤသို့ မြင်ခြင်းသည်ကား၊ သမ္မာဒိဋ္ဌိ–ဝိပဿနာ သမ္မာဒိဋ္ဌိတည်း၊ ပဗ္ဗတနဒီ သမုဒ္ဒါဒီသု–တောင် မြစ် သမုဒ္ဒရာ စသည်တို့၌၊ ဧသနယော–ဤနည်း အတိုင်းပင်တည်း။

တံတံ ရုက္ခပရိယာပန္န-ထိုထို သစ်ပင်၌ အကျုံးဝင်သော၊ ရူပံ-ရူပက္ခန္ဓာသည်၊ တဿ တဿ ရုက္ခဿ-ထိုထိုသစ်ပင်၏၊ အတ္တာ-အတ္တတည်း၊ ဣတိ ဝါ-ဤသို့လည်းကောင်း၊ အနတ္တာ-အတ္တမဟုတ်၊ ဣတိ ဝါ-ဤသို့လည်းကောင်း၊ တသ္မိံ တသ္မိံ ရုက္ခေ-ထိုထို သစ်ပင်၌၊ တံတံ မဟာသာခါပရိယာပန္န-ထိုထို အကိုင်းကြီးတို့၌ အကျုံးဝင်သော၊ ရူပံ-ရူပက္ခန္ဓာသည်၊ တဿာ တဿာ မဟာသာခါယ-ထိုထို အကိုင်းကြီး၏၊ အတ္တာ-အတ္တတည်း၊ ဣတိ ဝါ-ဤသို့လည်းကောင်း၊ အနတ္တာ-အတ္တမဟုတ်၊ ဣတိ ဝါ-ဤသို့လည်းကောင်း၊ မဟာသာခါသုစ-အကိုင်းကြီးတို့၌လည်း၊ တံတံ ခုဒ္ဒကသာခါပရိယာပန္န-ထိုထို အခက်ငယ်တို့၌ အကျုံးဝင်သော၊ ရူပံ-ရူပက္ခန္ဓာသည်၊ တဿာ တဿာ ခုဒ္ဒကသာခါယ-ထိုထို အခက်ငယ်၏၊ အတ္တာ-အတ္တတည်း၊ ဣတိ ဝါ-ဤသို့လည်းကောင်း၊ ခုဒ္ဒက သာခါသု စ-အခက်ငယ်တို့၌လည်း၊ တံတံ ဒဏ္ဍက ပရိယာပန္န-ထိုထို အရွက်ရိုး အပွင့်တန် အသီးတန်တို့၌ အကျုံးဝင်သော၊ ရူပံ-ရုပ်သည်၊ တဿ တဿ ပတ္တဒဏ္ဍဿ ဝါ-ထိုထို အရွက်ရိုး၏လည်းကောင်း၊ ပုပ္ဖဒဏ္ဍဿ ဝါ-အပွင့်တန်၏လည်းကောင်း၊ ဖလဒဏ္ဍဿ ဝါ-အသီးတန်၏လည်းကောင်း၊ အတ္တာ-အတ္တတည်း၊ ဣတိ ဝါ-ဤသို့လည်းကောင်း၊ အနတ္တာ-အတ္တမဟုတ်၊ ဣတိ ဝါ-ဤသို့ လည်းကောင်း၊ ဝိဘာဇိတ္ဗာ-ဝေဖန်၍၊ ဝတ္တဗ္ဗာ-ဆိုအပ်၏။

ဝိမာန-ဗိမာန်၊ ဝိဟာရ-ကျောင်း၊ ဂေဟ-အိမ်၊ ရထ-ရထား၊ သကဋ-လှည်း၊ မဉ္စ-ညောင်စောင်း၊ ပီဌ-အင်းပျဉ်၊ ဃဋ-အိုး၊ ပဋ-ပုဆိုး၊ ဝတ္ထာလင်္ကာရ-အဝတ်တန်ဆာ၊ ဓန-ဥစ္စာ၊ ဓည-စပါး၊ ဟိရည-ငွေ၊ သုဝဏ္ဏ-ရွှေ၊ မဏိ-ပတ္တမြား၊ ဝေဠုရိယ-ကျောက်စိမ်း၊ ဘဏ္ဍာဒီသုပိ-ထိုထို အသုံးအဆောင် ဘဏ္ဍာမျိုးတို့၌လည်း၊ တံတံ ဝတ္ထုပရိယာပန္နဿ ထိုထို ဝတ္ထု၌ အကျုံးဝင်သော၊ ရူပဿ-ရူပက္ခန္ဓာ၏၊ တဿ တဿ ဝတ္ထုနော-ထိုထို ဝတ္ထု၏၊ အတ္တတာ ဝါ-မိစ္ဆာဒိဋ္ဌိအလိုအားဖြင့် အတ္တဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ အနတ္တတာ ဝါ-သမ္မာဒိဋ္ဌိအလိုအားဖြင့် အတ္တမဟုတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ-သိအပ်၏။

သင်္ခေပတော ပန-အကျဉ်းချုပ်အားဖြင့်မူကား၊ လောကိယမဟာဇနေဟိ-လောကီလူများအပေါင်းတို့သည်၊ ဒိဋ္ဌံ-မြင်အပ်သော၊ သုတံ-ကြားအပ်သော၊ မုတံ-တွေ့အပ်သော၊ ဝိညာတံ-သိအပ်သော၊ ပတ္တံ-ရောက်အပ်သော၊ လဒ္ဓံ-ရအပ်သော၊ ပတ္ထိတံ-တောင့်တအပ်သော၊ ပရိယေသိတံ-ရှာမှီးအပ်သော၊ ယံ ယံ ဝတ္ထု-အကြင် အကြင် ဝတ္ထုမျိုးသည်၊ အတ္ထိ-ရှိ၏၊ အဇ္ဈတ္တမ္ပိ-အဇ္ဈတ္တမြူမျှလည်းဖြစ်သော၊ တသ္မိံ တသ္မိံ ဝတ္ထုမှိ-ထိုထို ဝတ္ထု၌၊ ပရိယာပန္န-အကျုံးဝင်သော၊ ရူပံ-ရူပက္ခန္ဓာသည်၊ တဿ တဿ ဝတ္ထုဿ-ထိုထို ဝတ္ထု၏၊ အနတ္တာဧဝ-အနှစ်သာရ အတ္တ မဟုတ်သည်သာ လျှင်တည်း။

**လောက သုံးဖြာ အချည်းနှီးသာထင်**

ဇတ္တာဝတာ–ဤမျှသော အစီအစဉ်ဖြင့်၊ သဗ္ဗော–အလုံးစုံဒသော၊ သတ္တလော ကော–သတ္တလောကသည်၊ ရိတ္တော–ကွယ်ပျောက်၏၊ တုစ္ဆော–အချည်းနှီးဖြစ်၏၊ သုညော–ဆိတ်၏၊ ဣတိ–ဤသို့၊ ပညာယတိ–ထင်၏။

လောကိယမဟာဇနေဟိ–လောကီလူအများတို့သည်၊ သမ္မတော–ထင်ရှားရှိသည်ဟု သမုတ်အပ်သော၊ သဗ္ဗော–အလုံးစုံသော၊ ဩကာသလောကော–မြေကြီးစကြဝဠာ ကျွန်းကြီး ကျွန်းငယ် တိုင်းပြည်နိုင်ငံ မြို့ရွာနိဂုံး အစရှိသော ဩကာသလောကသည်၊ ရိတ္တော–ကွယ်ပျောက်၏၊ တုစ္ဆော–အချည်းနှီးဖြစ်၏၊ သုညော–ဆိတ်၏၊ ဣတိ–ဤသို့၊ ပညာယတိ–ထင်၏၊ တိဏ–မြက်၊ ရက္ခ–သစ်ပင်၊ ဝိမာန–ဗိမာန်၊ ဝိဟာရ–ကျောင်း၊ ဂေဟ–အိမ်၊ ရထ–ရထား၊ သကဋာဒိကော–လှည်း အစရှိသော၊ သဗ္ဗော–အလုံးစုံသော၊ သင်္ခါရလောကော စ–သင်္ခါရလောကသည်လည်း၊ ရိတ္တော– ပပျောက်၏၊ တုစ္ဆော–အချည်းနှီးသာ ဖြစ်၏၊ သုညော–ဆိတ်၏၊ ဣတိ–ဤသို့၊ ပညာယတိ–ထင်၏၊ သုဒ္ဓသင်္ခါရဓမ္မရာသိမတ္တမေဝ–သက်သက်သော ရုပ်နာမ်သင်္ခါရ ဓမ္မမျှသည်သာလျှင်၊ အဝသိဋ္ဌ–ကြွင်းကျန်သည်၊ ဟောတိ–ဖြစ်၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ သတ္တဝါတို့၏ သန္တာန်၌သာ လိုရင်းဖြစ်ငြားသော်လည်း အသာရကဋ္ဌ အနတ္တပုဒ် အနက်သွား ကောင်းကောင်းကြီး ထင်ရှားစေခြင်းငှာ မြေ တောင် သစ်ပင် စသည်တို့၌လည်း အတ္တ အနတ္တ စစ်ချက်ကို ပြဆိုလိုက်သည်။

ဣဒံ ဌာနံ–ဤ အနတ္တအရာသည်၊ သုဂမ္ဘီရံ–အလွန်နက်နဲ၏၊ ဣဒံ ပဒံ–ဤ အနတ္တပုဒ်သည်၊ သုနိပုဏံ–အလွန်သိမ်မွေ့၏၊ ဣဒံ ဌာနံ–ဤအနတ္တ အရာသည်၊ သုဒုဇ္ဇာနံ–အလွန်သိနိုင်ခဲ၏၊ ဣဒံ ပဒံ–ဤအနတ္တပုဒ်သည်၊ သုဒုဗ္ဗောဓံ–အလွန် ထိုးထွင်းနိုင်ခဲ၏။

ဓမ္မကောဝိဒါ–အကြောင်းတရား၌ လိမ္မာကုန်သော၊ ပဏ္ဍိတာ–ပညာရှိသူတို့သည်၊ သုဒုဒ္ဒသံပိ–အလွန်မြင်နိုင်ခဲသော တရားတို့လည်း၊ ပဿန္တိ–မြင်ကြကုန်၏၊ အတ္ထကောဝိဒါ–အကျိုးတရား၌ လိမ္မာကြကုန်သော၊ ဝိညူနော–ပညာရှိတို့သည်၊ သုဒုဗ္ဗောဓပိ–အလွန်သိနိုင်ခဲသော အရာကိုလည်း၊ ဗုဇ္ဈန္တိ–သိကြကုန်၏။

**တစ်နည်း အနတ္တမည်ပုံ**

အထဝါ–တစ်နည်းကား၊ အနတ္တာ အသာရကဋ္ဌေနာတိ ဧတ္ထ–အနတ္တာ အသာရကဋ္ဌေန ဟူသော ဤပါဋ်၌၊ သာရောတိ–သာရဟူသည်ကား၊ သာရဘာဝေါ–အနှစ်၏ အဖြစ်ကို၊ ဝုစ္စတိ–ဆိုအပ်၏၊ ထိရဘာဝေါ–ခိုင်ခံ့သည်၏အဖြစ်တည်း၊ ရတ္တိဒိဝံပိ–ညဉ့်နေ့ပတ်လုံးလည်းကောင်း၊ မာသသံဝစ္ဆရံပိ–လပတ်လုံး နှစ်ပတ်လုံးလည်းကောင်း၊ ဗဟူနိ–များးစွာကုန်သော၊ ရတ္တိ ဒိဝ မာသ သံဝစ္ဆရာ

နိပ်-ညဥ့်တို့ပတ်လုံး၊ နေ့တို့ပတ်လုံး၊ လတို့ပတ်လုံး၊ နှစ်တို့ ပတ်လုံးလည်းကောင်း၊ အဝိပရိဏာမဂုဏော-ပကတိအနေမှ မဖောက်ပြန်နိုင်သော ဂုဏ်တည်း၊ ဣတိ-ဤသို့၊ ဝုတ္တံ ဝုတ္တော-ဆိုလိုသည်၊ ဟောတိ-ဖြစ်၏။

တေသ-ထိုရုပ်နာမ်အား၊ သာရော-ခိုင်မာသောဂုဏ်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ သာရကံ-သာရကမည်၏၊ (မိစ္ဆာအလိုတည်း)၊ သာရကံ-ခိုင်မာ သော ဂုဏ်ရှိသည်၊ န-မဟုတ်၊ ဣတိ-ထို့ကြောင့်၊ အသာရကံ-အသာရကမည်၏၊ နာမရူပံ-နာမ်ရုပ်ကို ရ၏၊ (သမ္မာ အလိုတည်း)၊ အသာရကဘာဝေါ-ခိုင်မာသော ဂုဏ်မရှိသည်၏ အဖြစ်သည်၊ အသာရကဋ္ဌော-အသာရကဋ္ဌမည်၏၊ တေန အသာရ ကဋ္ဌေန-ထိုခိုင်မာ သော ဂုဏ်မရှိသည်၏ အဖြစ်ကြောင့်၊ သာရဘာဝရဟိတဘာဝေန- အနှစ်အမာ၏ အဖြစ်မှ ကင်းသည်၏အဖြစ်ကြောင့်၊ နာမရူပံ-နာမ်ရုပ်သည်၊ သတ္တဿ- သတ္တဝါ၏၊ အတ္တာ-အတ္တသည်၊ န ဟောတိ-မဟုတ်၊ အနတ္တာ ဧဝ-အနတ္တသာတည်း၊ ဣတိ-ဤသည်ကား၊ အတ္ထော-အနတ္တာ အသာရကဋ္ဌေန ဟူသော ပုဒ်၏ အနက်တည်း။

ဟိ သစ္စံ-မှန်၏၊ သဗ္ဗော-အလုံးစုံသော၊ သတ္တော နာမ-သတ္တဝါမည်သည်၊ ဇာယမာနော-ဖြစ်ပေါ်သည်ရှိသော်၊ ဧကကသ္မိံ ဘဝေ-တစ်ခုခုသော ဘဝ၌၊ ပဋိသန္ဓိကာလေ-ပဋိသန္ဓေ အခါ၌၊ ဧက ဝါရမေဝ-တစ်ကြိမ်တစ်ခါသာလျှင်၊ ဇာယတိ-ဖြစ်ပေါ်မြဲတည်း၊ နာနာခဏေသု-အထူးထူးသော ခဏတို့၌၊ ပုနပ္ပုနံ-အဖန်ဖန်၊ ဇာယတိတိ-သတ္တဝါအသစ်အသစ်ဖြစ်သည် ဟူ၍၊ နတ္ထိ-လောက၌ မရှိ၊ မိယျမာနော စ-သေဆုံးပြန်သော်လည်း၊ ဧကသ္မိံ ဘဝေ-တစ်ခုသော ဘဝ၌၊ ပရမာယုပရိယော သာနေ-အသက်အပိုင်းအခြား၏ အဆုံး၌၊ ဧကဝါရမေဝ-တစ်ကြိမ်တစ်ခါသာလျှင်၊ မိယျတိ-သေဆုံးမြဲဖြစ်၏၊ တတော-ထိုအဆုံးမှ၊ ပုဗ္ဗေ-ရှေးအဖို့၌၊ ဗဟုသု-များစွာ ကုန်သော၊ ရတ္တိဒိဝမာသသံဝစ္ဆရေသု-ညဥ့် နေ့ လ နှစ်တို့၌၊ နာနာခဏေသု-အထူး ထူးသော ခဏတို့၌၊ ပုနပ္ပုနံ-အဖန်ဖန်၊ မိယျတိတိ-သေသည်ဟူ၍၊ နတ္ထိ-လောက၌ မရှိ။

နာမရူပဓမ္မာ ပန-နာမ်ရုပ်တရားတို့သည်မူကား၊ နာနာခဏေသု-အထူးထူး သော ခဏတို့၌၊ ပုနပ္ပုနံ-အဖန်ဖန်၊ ဇာယန္တိ-အသစ်အသစ်ဖြစ်ပေါ်ကုန်၏၊ ဥပ္ပဇ္ဇန္တိ- အသစ်အသစ် ဖြစ်ပေါ်ကုန်၏၊ မိယျန္တိ-သေဆုံးကုန်၏၊ ဘိဇ္ဇန္တိ-ပျက်ဆုံးကုန်၏၊ တေသံ-ထိုနာမ်ရုပ်တရားတို့အား၊ သာရဂုဏောနာမ-တစ်နာရီမျှ တည်နေအောင် နိုင်ခဲ့သည်၏ အဖြစ်တည်းဟူသော ဂုဏ်စွမ်းသတ္တိသည်၊ နတ္ထိ-မရှိ၊ တသ္မာ-ထို့ကြောင့်၊ တေ ဓမ္မာ-ထိုရုပ်နာမ်တရားတို့သည်၊ အသာရကဋ္ဌေန-အနှစ်သာရ မရှိသည်၏ အဖြစ် ကြောင့်၊ သတ္တဿ ဝါ-သတ္တဝါ၏ လည်းကောင်း၊ ပထဝီပဗ္ဗတ ရုက္ခာ ဒိကဿဝါ-

မြေတောင် သစ်ပင် စသည်၏လည်းကောင်း၊ အတ္တာ နာမ–အတ္တမည် ကုန်သည်၊ န ဟောန္တိ–မဖြစ်ကုန်၊ အနတ္တာ ဧဝ–အနတ္တတို့သည်သာလျှင်၊ ဟောန္တိ–ဖြစ်ကုန်၏၊ ဣတိ–ဤသို့၊ ဝုတ္တံ ဝုတ္တော–ဆိုလိုသည်၊ ဟောတိ–ဖြစ်၏။

ဝိတ္ထာရော ပန–အကျယ်ကိုမူကား၊ ပုဗ္ဗေ–ရှေးနည်း၌၊ ဝုတ္တနယေနေဝ–ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော–သိအပ်၏။

**ပုဂ္ဂိုလ်သတ္တဝါမရှိ**

လောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ရှိ၏လောဟု မေးရာ၏။ ရှိ၏ဟုဆိုခဲ့သော် ပုဂ္ဂိုလ်၏ သရုပ်၊ သတ္တဝါ၏ သရုပ်ကို ပြစမ်းပါဟု ဆိုရာ၏။ ရူပကာယ နာမကာယမှတစ်ပါး ပြစရာ မရှိလေရကား၊ ရူပကာယ ခန္ဓာကိုယ် နာမကာယ ခန္ဓာကိုယ်ကို ပြဆိုလေရာ၏။ ရူပကာယခန္ဓာကိုယ် နာမကာယခန္ဓာကိုယ်သည်ပင်လျှင် ပုဂ္ဂိုလ်တည်း။ သတ္တဝါတည်း။ ပုဂ္ဂိုလ် သတ္တဝါဟူသည် ဤကာယကြီး အလုံးစုံပါပင်တည်းဟု ရူပကာယ နာမကာယကို သူ့ပုဂ္ဂိုလ် သတ္တဝါ၏ သရုပ်သကောင်ပြု၍ ပြခြင်း ဖြစ်လေ၏၊ အတ္တပြု၍ ပြခြင်း ဖြစ်လေ၏။

**ရူပကာယအမျိုးမျိုး**

ထိုအခါ ရူပကာယသည် ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ စက္ခုကာယ၊ သောတကာယ အစရှိသည်ဖြင့် အလွန်များပြား၏။

**နာမကာယအမျိုးမျိုး**

နာမကာယသည်လည်း ခြေဖဝါးရေမှစ၍ ဦးထိပ်အပြင်တိုင်အောင် အတွင်းအပ တစ်ကိုယ်လုံးမှာ ထိုထိုနေရာ၌ အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်သော ဝိညာဏကာယ ၆–ပါး၊ ဖဿကာယ ၆–ပါး၊ ဝေဒနာကာယ ၆–ပါး၊ သညာကာယ ၆–ပါး၊ စေတနာကာယ ၆–ပါး အစရှိသည်ဖြင့် အလွန်များပြား၏။ ဘယ်ကာယကို ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ သင် ပြပါသနည်း။ အလုံးစုံသော ကာယတို့ကို ပုဂ္ဂိုလ်သတ္တဝါဆိုမည်လော၊ အချို့အချို့သော ကာယတို့ကို ပုဂ္ဂိုလ် သတ္တဝါ ဆိုမည်လောဟု မေးရာ၏။

ဤစကား၌ အလုံးစုံသော ကာယတို့ကိုပင် ပုဂ္ဂိုလ်သတ္တဝါဆိုပါသည်ဟူငြားအံ့။ ကာယတို့သည် အလွန်များကုန်၏၊ အချင်းချင်း သဘောလက္ခဏာအားဖြင့် မတူကြကုန်။ သင့်ပုဂ္ဂိုလ် သတ္တဝါသည်လည်း ခန္ဓာကိုယ်တစ်ခုမှ အလွန်များပြား၏။ ပုဂ္ဂိုလ် သတ္တဝါ အချင်းချင်းလည်း သဘောမတူကြကုန်သည် ဖြစ်ရာ၏။

ထို့အတူ ခက်မာမှုဟူသော ပထဝီကာယသည်လည်း အလွန်များပြား၏။ ဆံပင်ပေါင်း ၂–ကုဋေ ၄–သန်း၌ ပထဝီကာယပေါင်း ၂–ကုဋေ ၄ သန်းရှိ၏။ တစ်ကာယနှင့် တစ်ကာယ မရောယှက်ကြ၊ ထို့အတူ မွေးညင်းပေါင်း ၉–သောင်း ၉ ထောင်၌

ပထဝီကာယပေါင်း ၉ သောင်း ၉ ထောင် ရှိ၏။ အသားခဲပေါင်း ၉ ရာ၌ ပထဝီကာယ ၉ ရာရှိ၏။

အာပေါကာယ စသည်တို့၌လည်း ပထဝီကာယများကဲ့သို့ များပြားကြကုန်၏။ သင်၏ ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ်ခန္ဓာတစ်ခုမှာပင် အလွန်များပြားကုန်ရာ၏။

နာမကာယတို့သည်လည်း တစ်ကိုယ်လုံး၌ အနံ့အပြား အခိုက်အလှည့်အားဖြင့် ဖြစ်ကြလေကုန်ရကား ထိုပထဝီကာယ စသည်တို့ကဲ့သို့ပင် အကုဋေမက များပြားကုန်၏။ သင်၏ ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ်ခန္ဓာတစ်ခုမှာပင် အကုဋေမက များပြားကုန်ရာ၏။

ထိုမှတစ်ပါး ပထဝီကာယသည်လည်း ခက်မာမှုအမျိုးမျိုး၊ နူးညံ့မှုအမျိုးမျိုး ရှိပြန်၏။ ခက်မာမှုနှင့် နူးညံ့မှုကား ဆန့်ကျင်ဘက်ဖြစ်ကြ၏။ ဆံပင်တစ်ခု တစ်ခုမှာပင် ခက်မာမှု ပထဝီကာယမျိုး ဖြစ်ပွား၍လာလျှင် နူးညံ့မှု ပထဝီကာယမျိုး ချုပ်ပျက်သေဆုံးရ၏။ နူးညံ့မှု ပထဝီကာယမျိုး ဖြစ်ပွား၍လာလျှင် ခက်မာမှု ပထဝီကာသမျိုး ချုပ်ပျက်သေဆုံးရ၏။

အာပေါကာယမှာလည်း ဖွဲ့စေးမှုတစ်မျိုး၊ အဖွဲ့အစေး ပြယ်ပျောက်၍ ယိုစီးမှုတစ်မျိုး ဆန့်ကျင်ဘက် နှစ်မျိုးရှိ၏။ တစ်ခုဖြစ်ပွား၍လာလျှင် တစ်ခု ချုပ် ပျက်သေဆုံးရ၏။

တေဇောကာယ၌လည်း သီတကာယ၊ ဥဏှကာယ နှစ်မျိုး ဆန့်ကျင်ဘက်ဖြစ်ကြ၏။ ဤခန္ဓာကိုယ်၌ သီတကာယလာလျှင် ဥဏှကာယသည် ချုပ်ပျက်သေဆုံးရ၏။ ဥဏှကာယလာလျှင် သီတကာယသည် ချုပ်ပျက်သေဆုံးရ၏။

နာမကာယတို့တွင်လည်း ဝေဒနာကာယတွင် သုခကာယတစ်မျိုး၊ ဒုက္ခကာယတစ်မျိုး ဆန့်ကျင်ဘက်ဖြစ်ကြ၏။ အသီးသီး အကြောင်းကိုရ၍ တစ်ခုဖြစ်ပွား၍လာလျှင် တစ်ခုချုပ်ပျက်သေဆုံးရ၏။ နေပူ၌နေ၍ ဒုက္ခကာယဖြစ်ပွားရာ အရိပ်သို့ ဝင်လျှင် ထိုဒုက္ခကာယ ချုပ်ပျက်သေဆုံးရ၏။ သုခကာယ ဖြစ်ပွား၍လာ၏။ တစ်ဖန် အရိပ်မှ နေပူသို့ ထွက်ပြန်ရာ သုခကာယ ချုပ်ပျက်ပြန်၏။ ဒုက္ခကာယ ဖြစ်ပွားပြန်၏။

ဤသို့ အစရှိသည်ဖြင့် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကြကုန်သော ရူပကာယအပြား၊ နာမကာယအပြားတို့သည် အလွန်များပြားကုန်၏။ အလုံးစုံကို အကုန်ခြုံ၍ ပုဂ္ဂိုလ်သတ္တဝါဆိုပါသည်ဟု ဆိုခဲ့သော် သင်၏ ပုဂ္ဂိုလ်သတ္တဝါတို့သည် အလွန်များကုန်ရာ၏ဟု ဆိုလေ။

အချို့အချို့ကို ပုဂ္ဂိုလ်သတ္တဝါ ဆိုပါသည်ဟူ၍ကား ဆိုနိုင်ရန် အခွင့်ပင် မရှိ။ ခန္ဓာကိုယ်တစ်ခု၌ ပုဂ္ဂိုလ်သတ္တဝါတွေ အကုဋေမက များပြားသည်ကို အလိုမရှိသည့်

အတွက် အလုံးစုံကို အကုန်ပေါင်း၍ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်သာ ဖြစ်ပါသည် ဆို လတ္တံ့။

ထိုအခါ၌ သင်၏ ပုဂ္ဂိုလ် သတ္တဝါသည် ရူပကာယ နာမကာယတို့မှ တခြား တစ်ပါးလော၊ သို့မဟုတ် ရူပကာယ နာမကာယတို့မှ တခြားတစ်ပါးမဟုတ်၊ ထို ရူပကာယ နာမကာယတို့ကိုပင်လျှင် ပုဂ္ဂိုလ်သတ္တဝါဟု ဆိုရသလောဟု ထပ်၍ မေးရာ၏။ ထိုတရားတို့ကို ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တဟု ယူသောသူသည် တခြားတစ်ပါး ဟူ၍ ယူခွင့် ပြောခွင့် မရှိပြီ။ ထိုတရားတို့ကိုပင် ပုဂ္ဂိုလ် သတ္တဝါဟု ဆိုရပါသည်ဟူ၍ သာ ပြောခွင့်ရှိ၏။

ထိုအခါ၌ ထိုတရားတို့ကို ခေါ်ရသော ပုဂ္ဂိုလ်သတ္တဝါသည် ထိုတရားတို့ များပြားကုန်လျှင် မများဘဲ နေနိုင်မည်လော၊ တစ်ယောက်တည်း ဖြစ်နိုင်မည်လောဟု မေးရာ၏။

ထိုတရားတို့ကိုပင် ခေါ်ရသော ပုဂ္ဂိုလ်သတ္တဝါသည် ထိုတရားတို့ ခဏမစဲ အနဲနဲ ချုပ်ကြ သေဆုံးကြကုန်လျှင် မချုပ်ဘဲ မသေဘဲ နေနိုင်မည်လော၊ တစ်နာရီ တစ်ရက် တစ်နှစ် စသည် အသက်ရှည်၍ နေနိုင်မည်လော။ ပူမှုကို ပုဂ္ဂိုလ် ခေါ်ခဲ့လျှင် ပူမှုသေခဲ့လျှင် ထိုပူမှုကို ခေါ်သော ပုဂ္ဂိုလ်သေရမည်။ အေးမှုကို ပုဂ္ဂိုလ်ခေါ်ခဲ့လျှင် အေးမှု ချုပ်လျှင် ထိုအေးမှုကိုခေါ်သော ပုဂ္ဂိုလ်သေရမည်။ ဤသို့ အစရှိသည်ဖြင့် စစ်ဆေး၍ ပြခဲ့သည်ရှိသော် ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိကြောင်း ထင်ရှားလတ္တံ့။ ပုဂ္ဂိုလ် သတ္တဝါ မရှိခဲ့လျှင် ရုပ် နာမ်တရားသည် ဘယ်သူ၏ အတ္တဟု ဆိုဖွယ်မရှိ။ ဓမ္မအစု ဓာတ်အစု သက်သက်မျှသာ ဖြစ်သည်ဟု ထင်ရှားလတ္တံ့။

**နိစ္စစွဲလမ်းမှု** ဤစကား၌ ရုပ် နာမ်တို့ကို ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ ငါဟူ၍၊ မည်သူ မည်ဝါဟူ၍ မိန်းမ ယောကျ်ားဟူ၍၊ ဦးခေါင်း ခြေလက် စသည်ဟူ၍၊ ဆံပင် မွေးညင်း စသည်ဟူ၍ ထင်မှတ် စွဲလမ်းမှုသည်ကား နိစ္စဟူ၍ စွဲလမ်းမှု မည်၏။ အနိစ္စာနုပဿနာဉာဏ်၏ အရာပေတည်း။

**အတ္တစွဲလမ်းမှု** ပုဂ္ဂိုလ်ဟူ၍ သင်ဆို၏၊ ပုဂ္ဂိုလ်၏ အရကို ပြပါဆိုလျှင် ရုပ် နာမ် ကိုပင် ပြလတ္တံ့။ ထိုရုပ် နာမ်သည် ပုဂ္ဂိုလ်၏ အနှစ်သာရ အတ္တ လော၊ ပုဂ္ဂိုလ်၏ အလိုသို့ လိုက်၏လော၊ ပုဂ္ဂိုလ်သည် ထိုရုပ်နာမ်တို့၌ အစိုးရ၏လော၊ ဖြစ်မှုအလုံးစုံ ပုဂ္ဂိုလ်အလိုနှင့် တစ်ထပ်တည်းကျ၏လောဟု မေးရာ၌ အနှစ်သာရ အတ္တဟုတ်၏၊ အလိုသို့ လိုက်၏၊ အစိုးရ၏၊ ဖြစ်မှုပျက်မှု အလုံးစုံ တစ်ထပ်တည်း ကျ၏ဟု ထင်မှတ်စွဲလမ်းမှုသည် အတ္တဟူ၍ စွဲလမ်းမှု မည်၏။ အနတ္တာနုပဿနာ ဉာဏ်၏ အရာဖြစ်၏။

ဤသို့ စွဲလမ်းချက် ၂-ပါး အနည်းငယ်မျှသာ ထူးကြသည်။ အနိစ္စစွဲလမ်းချက် ပျောက်လျှင် ထိုအတ္တစွဲလမ်းချက်လည်း ပျောက်တော့သည်။ အနိစ္စာနုပဿနာဉာဏ် အမြင်ပေါက်ခဲ့လျှင် အနတ္တာနုပဿနာဉာဏ် အလိုလိုပြီးစီးတော့သည်ဟူ၍မှတ်။

**အတ္တဒိဋ္ဌိအပြစ်** ပုဂ္ဂိုလ်သတ္တဝါ မဟုတ်သော်လည်း ရုပ်တရား နာမ်တရားတို့ကို ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ ငါဟူ၍၊ ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တသာရဟူ၍၊ ငါ၏အတ္တသာရဟူ၍ စွဲလမ်းမှုသည် အဘယ်အပြစ်ရှိရာသနည်း။ သူ့အသက်ကို သတ်မှုလည်း မဟုတ်၊ သူ့ဥစ္စာကို ခိုးမှုလည်း မဟုတ်၊ မုသားဆိုမှု စသည်လည်း မဟုတ်ပါတကား ဆိုငြားအံ့။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်သာရအတ္တဟူ၍ စွဲလမ်းမှုသည် ဒိဋ္ဌိပေတည်း။ သူ့အသက်ကိုသတ်မှု အစရှိသော ခပ်သိမ်းသော ဒုစရိုက်တရားတို့သည် ဤဒိဋ္ဌိမှ ပေါက်ပွားကြကုန်သော ဒိဋ္ဌိ၏ သားမြေးတို့သာတည်း။ ထို့ကြောင့် အဋ္ဌကထာတို့၌ -

ပရမံ ဝဇ္ဇန္တိ ဒဋ္ဌဗ္ဗာ - ဟု မိန့်ဆိုကြကုန်၏။

ပရမံ-အလွန်အကဲဆုံးဖြစ်သော၊ ဝဇ္ဇံ-အပြစ်တည်း၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗာ-မှတ်အပ်၏။

ခပ်သိမ်းသော အပြစ်တို့တွင် ဒိဋ္ဌိကဲ့သို့ အပြစ်ကြီးသော တရားဟူ၍ တစ်စုံတစ်ခုမျှ မရှိဆိုသည်။ ဒိဋ္ဌိသည် အလွန်စည်ကားလှသော အဆိပ်ပင်ကြီးနှင့်တူ၏။ ခပ်သိမ်းသော ဒုစရိုက်တရားတို့သည် အဆိပ်ပင်ကြီး၌ သီးကုန်သော အဆိပ်သီးတို့နှင့် တူကုန်၏။

**အပြစ်ကြီးကျယ်ပုံ** အပြစ်ကြီးကျယ်ပုံကို ထင်ရှားအောင် ပြဆိုဦးအံ့။ ခပ်သိမ်းသော ဒုစရိုက်ဟောင်းတို့သည်လည်း ဤအတ္တဒိဋ္ဌိ၌ တွယ်၍ သံသရာ၌ သတ္တဝါ၏သန္တာန်သို့ အစဉ်လိုက်ကြကုန်၏။ ခပ်သိမ်းသော ပစ္စုပ္ပန်ဒုစရိုက်တို့သည်လည်း ဤ အတ္တဒိဋ္ဌိမှ ထွက်ကုန်၏။ ရှေ့သို့ ဘဝအဆက်ဆက် ဖြစ်ပွား၍ သွားကြလတ္တံ့ကုန်သော ဒုစရိုက်သစ် အနန္တတို့သည်လည်း ဤအတ္တဒိဋ္ဌိမှချည်း ထွက်ကြကုန်လတ္တံ့။ အနမတဂ္ဂ သံသရာ၌ အပါယ် ၄-ဘုံဟူ၍ ရှိနေရသည်ကား ဤ အတ္တဒိဋ္ဌိ၏ အတွက်ပေတည်း။

အဘယ်ကြောင့် သိရသနည်းဟူမူကား သောတာပန် ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိကို ပယ်သည့်အတွက် အပါယ် ၄-ဘုံတို့မှ အချင်းခပ်သိမ်းလွတ်ကုန်၏ဟူ၍လည်းကောင်း၊ သေသည်၏ နောက်၌ ပေါက်လွတ်လျောက်လျား ပရမ်းပတာ ကံပစ်ချရာ ကျရောက်

မြဲဖြစ်သော ဝိနိပါတဟူသော အလွန်ဆိုးဝါးလှသော သံသရာဘေးကြီးမှ အချင်း ခပ်သိမ်း လွတ်ကုန်၏ဟူ၍လည်းကောင်း၊ ဒိဋ္ဌိကို ပယ်သည့်အတွက် ဤဘဝမှစ၍ ဘဝအဆက် ဆက် ကမ္ဘာအဆက်ဆက် အစဉ်ထာဝရမြဲသော သီလ၊ သမာဓိ၊ ပညာဂုဏ်မြဲသော သုဂတိသမ္ပတ္တိ ဘဝရှိကုန်၏ဟူ၍လည်းကောင်း၊ ဤသံသရာ၌ တစ်ဘဝ တစ်ဘဝလျှင် တစ်မျိုးတစ်မျိုး ဆိုးဆိုးဝါးဝါး ကိုးကွယ်ရာဘုရား ပြောင်းလဲမှု ဟူသော အလွန် စက်ဆုပ် ဖွယ်ကောင်းလှသော ပုထုဇဉ်ဘေးကြီးမှ အပြီးကင်းလွတ်၍ သဗ္ဗညုမြတ်စွာဘုရား၏ သာသနာလျှင် အစဉ်ထာဝရ ကိုးကွယ်ရာ မြဲကြလေကုန်၏ ဟူ၍လည်းကောင်း ဟော တော်မူသောကြောင့် ဤသံသရာ၌ အယုတ်အမာ ဆိုးဝါးစွာသော အပြစ်ဟူသမျှတို့သည် အတ္တဒိဋ္ဌိမှချည်း ထွက်ကုန်၏ဟု သိအပ်လေသတည်း။ ဝိစိကိစ္ဆာဟူသည်လည်း ဤအတ္တဒိဋ္ဌိ၏ နောက်လိုက် နောက်ပါမျှသာတည်း။

ဤအရာ၌ အနတ္တဒီပနီစာအုပ်မှာ သက္ကာယဒိဋ္ဌိ၏ အပြစ်ကို ပြဆိုခန်း၊ သက္ကာယဒိဋ္ဌိ ပယ်ရခြင်း၏ အကျိုးအာနိသံသကို ပြဆိုခန်းများသည် ဤ စောဒနာ စကား၏ အဖြေချည်းပင်တည်း။

ရုပ်နာမ်တရားကို ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တသာရဟု စွဲလမ်းမှုသည် အဘယ် အပြစ်ရှိရာသနည်းဟူသော စောဒနာစကားကို ဖြေဆိုချက်ပြီး၏။

အသာရကဋ္ဌေန အနတ္တာ ဟူသော ပုဒ်အနက်ပြီး၏။

အဝသဝတ္တနဋ္ဌေန–အလိုသို့ မလိုက်သောကြောင့်၊ အနတ္တာ–အနတ္တမည်၏ ဟူသော အနတ္တပုဒ်အနက်တို့ကိုမူကား ဘာဝနာဒီပနီဟာအုပ်မှာ ကျယ်ဝန်းစွာ ပြဆို လျက်ရှိလေ၏။

အနတ္တဝိဘာဝနာ–အနတ္တပုဒ်အနက်ကို ထင်စွာ ပြရာပြကြောင်း
ဖြစ်သော စကားရပ်သည်၊ နိဋ္ဌိတာ–ပြီးပြီ။
ဤတွင် အနတ္တဒီပနီ ပြီးပြီ။

# သစ္စတ္ထဒီပနီ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**သစ္စာအနက် ၁၆-ချက်** “စတုသစ္စဝိနိမုတ္တာ ဒေသနာ နာမ နတ္ထိ” ဟူသည်နှင့်အညီ ဘုရားမြတ်စွာ၏ ဒေသနာဟူသမျှသည် သစ္စာ လေးပါးမှ လွတ်သော မည်သည်မရှိ၊ သစ္စာလေးပါးသို့သာ ကိုင်းကြ ရှိုင်းကြရကား သာသနာတော်မြတ်၌ သစ္စာလေးပါးတရားသည် အထွတ်အမြတ် အချက်အချာ ဖြစ်ခဲ့၍ အလွန်စွဲမြဲခြင်းငှာ ထိုက်လှသော သစ္စာအနက် တစ်ဆယ့်ခြောက်ချက်ကို အနက်အဓိပ္ပာယ်နှင့်တကွ သိသာရုံမျှ ပြဆိုအံ့။

၁။ ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော။

၂။ သမုဒယဿ အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော။

၃။ နိရောဓဿ နိဿရဏဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော။

၄။ မဂ္ဂဿ နိယျာနဋ္ဌော ဟေတုဋ္ဌော ဒဿနဋ္ဌော အဓိပတေယျဋ္ဌော။

**ဒုက္ခအနက် ၄-ချက် (၁)** ဒုက္ခဿ-ဒုက္ခသစ္စာ၏၊ ပီဠနဋ္ဌော-နှိပ်စက်အပ်သောသဘော၊ နှိပ်စက်တတ်သောသဘော၊ နှိပ်စက်ခြင်းသဘောလည်း တစ်ပါး။

သင်္ခတဋ္ဌော–အဖန်ဖန် ပြုစုပျိုးထောင်အပ်သော သဘောလည်းတစ်ပါး။

သန္တာပဋ္ဌော–အဖန်ဖန် ပူလောင်စေတတ်သောသဘော၊ ပူပန်စေတတ်သော သဘော၊ ပူပန်ခြင်းသဘောလည်း တစ်ပါး။

ဝိပရိဏာမဋ္ဌော–ဖရိုဖရဲ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သော သဘောလည်း တစ်ပါး။

**သမုဒယအနက် ၄–ချက် (၂)** သမုဒယဿ–သမုဒယသစ္စာ၏၊ အာယူဟနဋ္ဌော–ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို စုဆောင်းဆည်းပူးတတ်သော သဘောလည်း တစ်ပါး။

နိဒါနဋ္ဌော–ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို တစ်ရံမစဲ အမြဲပေးအပ် ဆောင်နှင်းတတ်သော သဘောလည်း တစ်ပါး။

သံယောဂဋ္ဌော–ဒုက္ခဝတ္ထု ဒုက္ခမှုတို့နှင့်သာ လွန်စွာ ယှဉ်တွဲတတ်သော သဘောလည်း တစ်ပါး။

ပလိဗောဓဋ္ဌော–ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ယှက်တားမြစ်တတ်သော သဘောလည်း တစ်ပါး။

**နိရောဓအနက် ၄–ချက် (၃)** နိရောဓဿ–နိဗ္ဗာန်၏၊ နိဿရဏဋ္ဌော–ဒုက္ခဝဋ်မှ ကျွတ်လွတ်ထွက်မြောက်သော သဘောလည်း တစ်ပါး။

ဝိဝေကဋ္ဌော–ဒုက္ခအနှောင့်အယှက်မှ ဆိတ်ငြိမ်သော သဘောလည်း တစ်ပါး။

အသင်္ခတဋ္ဌော–ပြုစုပျိုးထောင်မှု ကင်းလွတ်သော သဘောလည်းတစ်ပါး။

အမတဋ္ဌော–အိုခြင်း၊ နာခြင်း၊ သေခြင်းမှ ကင်းလွတ်သော သဘောလည်း တစ်ပါး။

**မဂ္ဂအနက် ၄–ချက် (၄)** မဂ္ဂဿ–မဂ္ဂင်ရှစ်ပါး၏၊ နိယျာနဋ္ဌော–ဝဋ်မှ ဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက်ကြောင်း ရောက်ကြောင်း လမ်းကောင်းကောင်း အစစ်အမှန်ဖြစ်သော သဘောလည်း တစ်ပါး။

ဟေတုဋ္ဌော–လောကုတ္တရာ မြတ်စွာဘုရား ဂုဏ်ကျေးဇူးအပေါင်းတို့၏ ကောင်းစွာ ခိုင်ကြည်တည်ခြင်းကိစ္စကို ပြီးစေနိုင်သော သဘောလည်း တစ်ပါး။

ဒဿနဋ္ဌော–အနမတဂ္ဂ ဘဝစက်ဝယ် အိပ်မက်တွင်မျှ မမြင်စဖူး အထူးအချွန် အလွန်မြတ်လှ နိဗ္ဗာနကို လဝန်းနေဝန်း ပေါ်တက်ထွန်းသို့ ရွှန်းရွှန်းမြိုင်မြိုင် မြင်စွမ်းနိုင်သော သဘောလည်း တစ်ပါး။

အဓိပတေယျဋ္ဌော–အဓိသီလ စိတ္တ ပညာ သိက္ခာသုံးခု ရဟန်းမှုတွင် သူ့ပြင် မရှိ ကြီးဘိတုလွတ် အထွတ်အထိပ်ဖြစ်သော သဘောလည်း တစ်ပါး။

## အာယတန ၁၂–၌ သစ္စာလေးပါးဖွဲ့ပုံ

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော၊ အဇ္ဈတ္တိကာယတန ခြောက်ပါး။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဗာဟိရာယတန ခြောက်ပါး။

ဓမ္မမှာ စေတသိက် ဒွေပညာသ၊ သုခုမရုပ် သောဠသ၊ နိဗ္ဗာန်ကိုယူ။

စေတသိက် ဒွေပညာသတွင် လောဘသည် သမုဒယသစ္စာမည်၏။

လောကုတ္တရာ မဂ်စိတ်လေးခုမှာရှိသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဤစေတသိက် ရှစ်ခု သည် မဂ္ဂသစ္စာ မည်၏။

နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

ကြွင်းသော လောကီ ဓမ္မစုနှင့်တကွ အာယတန တစ်ဆယ့်နှစ်ပါးသည် ဒုက္ခ သစ္စာ မည်၏။

အာယတနကို မှုတည်၍ သစ္စာလေးပါး အကျဉ်းခွဲနည်း။

ဤ၌ကား လူအများတို့ သိနိုင်ရန် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောနှင့် ဒါန၊ သီလ၊ ဘာဝနာသုံးပါးကို ဒုက္ခသစ္စာအခန်းတွင် ဖော်ဆိုမည်။

## အရိယသစ္စာ

အရိယသစ္စာဆိုသည်ကား တစ်ခါတစ်ရံမှ ဖောက်ပြန်ခြင်းမရှိသော အမှန်ချည်း ဆိုလိုသည်။

## အမှန်နှင့်အမှား

နိုပ်စက်၊ ပြုပြင်၊ ပူပင်၊ ဖောက်လွဲ၊ ဒုက္ခမြဲ။

ဤသဘော လေးချက်ရှိသော တရားဖြစ်ခဲ့လျှင် ဒုက္ခသာအမှန်။ သုခဆိုလျှင် အမှား။

ကျွတ်လွတ်၊ ဆိတ်ကွေ၊ မသေ၊ မပြု သုခအမှန်။

ဤသဘော လေးချက်ရှိသော တရားသည်သာ ဒုက္ခငြိမ်းမှု၊ သုခအမှန်။ သည်မှ တစ်ပါး ဒုက္ခငြိမ်းမှု ဟူ၍မရှိ၊ သုခအမှန် ဟူ၍မရှိ။

ဆည်းပူ၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောင့်ယှက် အချက်လေးပါး ဒုက္ခပွား။

ဤသဘောလေးချက်ရှိသော တရားသည် ဒုက္ခကိုသာ ပွားစေတတ်သည် အမှန်။ သုခကို ပွားစေတတ်သည်ဆိုလျှင် အမှား။

ထွက်မြောက်၊ တည်ခိုင်၊ မြင်နိုင်၊ ကြီးကဲ သူ့လမ်းမြဲ။

ဤသဘော လေးချက်ရှိသော တရားသည်သာ ဒုက္ခငြိမ်းလမ်း၊ သုခဆိုက် လမ်း အမှန်။ သည်မှတစ်ပါး ဒုက္ခငြိမ်းလမ်းဟူ၍ မရှိ။

ဤကဲ့သို့သော အရာ၌ စက္ခုဆိုလျှင် ပသာဒစက္ခုနှင့်တကွ သမ္ဘာရစက္ခုကို သိလေ။

## ဒုက္ခသစ္စာအနက် ၄-ချက် ရှင်းချက်

စက္ခုသည် ဘယ်သဘော ရှိသနည်း စစ်။

နှိပ်စက်၊ ပြုပြင်၊ ပူပင်၊ ဖောက်လွဲ ဒုက္ခမြဲ ဤသဘောရှိ၏။ ဤသဘောရှိ ခဲ့လျှင် စက္ခုကို ဒုက္ခဟု မြင်မှ အမှန်။ သုခဟုမြင်လျှင် အမှား။ စက္ခုကို ကြောက်ဖွယ် လန့်ဖွယ်ဟု မြင်မှ အမှန်။ ခင်ဖွယ် မက်ဖွယ် မြင်လျှင် အမှား။

နှိပ်စက်၊ ပြုပြင်၊ ပူပင်၊ ဖောက်လွဲ ဟူသော ဒုက္ခသဘော လေးချက်တွင် စက္ခုမှာ နှိပ်စက်မှု အဘယ်နည်း။

**စက္ခု၏ နှိပ်စက်မှုဒုက္ခ** ဆင်းရဲမတစ်ယောက်မှာ ကိုယ်တွင်းရောဂါ ကြီးလှစွာသော သားသူငယ် နှစ်ယောက် ပြင်ဖွား၏။ ရောဂါက သားငယ်တို့ကို နှိပ်စက်၏။ သားငယ်တို့က အမိဆင်းရဲမကို နှိပ်စက်၏။ ရောဂါသည် ထိုဆင်းရဲမ၏ဝမ်း၌ ပဋိသန္ဓေကပ်ခြင်းသည် ဆင်းရဲမကို နှိပ်စက်ခြင်းပင် ဖြစ်၏။ ဤအတူ ဇာတိဘေးက စက္ခုကို နှိပ်စက်ရာ စက္ခုက မိမိမှီရာပုဂ္ဂိုလ်ကို နှိပ်စက်၏။ ဇာတိဒုက္ခရှိသော စက္ခု၏ ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်လာခြင်းသည် ပုဂ္ဂိုလ်ကို နှိပ်စက်ခြင်းပင်ဖြစ်၏။

ဆင်းရဲမမှာ အမြွှာမွေး သားငယ်နှစ်ယောက်ကို သုတ်သင်မှု၊ ပြုစုမှု၊ ကျွေးမွေးမှု၊ စောင့်ရှောက်မှုနှင့် နေ့စဉ်အတိုင်း ပူပန် ပင်ပန်းရသည်ကို နှိပ်စက်မှု ဆိုသည်။ စက္ခုမှာလည်း သုတ်သင်မှု၊ ပြုစုမှု၊ ကျွေးမွေးမှု၊ စောင့်ရှောက်မှုနှင့် ပူပန် ပင်ပန်းရသည်ကို နှိပ်စက်မှု ဆိုသည်။

စက္ခုမှာ ဇာတိဘေးဆိုသည်ကား မျက်လုံးမှာရှိသော သလိပ် သည်းခြေ သွေးလေ ပျက်မှုကြောင့် မျက်လုံးမှာ ရောဂါအမျိုးမျိုး ဖြစ်ပေါ်မှုသည်လည်းကောင်း၊

ဗဟိဒ္ဓမှ နာလောက် ကျင်လောက် ဖောက်ပြန် ပျက်စီးလောက်သော ဥပဒ်ဒဏ်ချက် ထိပါး၍ မျက်လုံးမှာ အနာ ဥပဒ် ဖြစ်ပေါ်မှုသည်လည်းကောင်း စက္ခုမှာ ဇာတိဘေး မည်၏။

အဇ္ဈတ္တမှလည်းကောင်း၊ ဗဟိဒ္ဓမှလည်းကောင်း လှုံ့ဆော်သော ဝိရောဓိ အကြောင်း ဆိုက်တိုက်လာခဲ့သည်ရှိသော် စက္ခုမှာ ထိုဇာတိဘေး မဖြစ်နိုင်သော နာရီ ဟူ၍ မရှိ။ ခဏဟူ၍ မရှိ။ ဘယ်နာရီမှာ မဆို၊ ဘယ်ခဏမှာ မဆို ထိုဇာတိဘေး ဖြစ်နိုင်သည် ဖြစ်၏။ ဖြစ်ခွင့် ဖြစ်လမ်းကို ရှောင်ကြဉ်မှု စောင့်ရှောက်မှုတို့ဖြင့် စက္ခုအတွက် များးစွာ ကျဉ်းမြောင်း ကျပ်တည်းကြ၏။ စက္ခုကို ကိုယ်အင်္ဂါတစ်ခု ပြု၍ နေကြသမျှ ကာလပတ်လုံး ဆိုခဲ့ပြီးသော စက္ခု၏ ဇာတိဘေးတို့ကိုလည်း ကိုယ်အင်္ဂါ ပြု၍ နေကြသည်သာ ဖြစ်၏။

ဤကား ဇာတိဘေးအတွက်နှင့် စက္ခု၏ နှိပ်စက်မှု မြဲပုံတည်း။

ဇရာဘေးအတွက်၊ မရဏဘေးအတွက်၊ သောကဘေးအတွက်၊ ပရိဒေဝဘေး အတွက်၊ ဒုက္ခဘေးအတွက်၊ ဥပါယာသဘေးအတွက်နှင့် စက္ခု၏ နှိပ်စက်မှုတို့ကိုလည်း နေရာကျဆိုလေ။

ကြည်လင်ရှင်လန်း အေးချမ်းစွာနေသော စက္ခုမှာ ပြဆိုခဲ့ပြီးသော ဝိရောဓိ အကြောင်း ဆိုက်တိုက်လာလျှင် ဘယ်အခါမဆို ကြည်လင် ရှင်လန်းမှု အေးချမ်းမှု ဆုတ်ယုတ် ကွယ်ပျောက်နိုင်သည်ကား ဇရာဘေး မရဏဘေး သင့်ချက်ပေတည်း။

စက္ခုအတွက် စိတ်ပူခွင့်ဆိုက်၍၊ စိတ်ပူမှု ငိုခွင့်ဆိုက်၍၊ ငိုရမှု ကျင်နာခွင့်ဆိုက် ၍၊ ကျင်နာမှု နှလုံးမသာခွင့်ဆိုက်၍၊ နှလုံးမသာရမှု အရိုက်ဘဝင် ပင်ပန်းခွင့်ဆိုက်၍ ပင်ပန်းရမှုသည် စက္ခုမှဖြစ်သော ဘေးစုသည်သာတည်း။

ပီဠနဋ္ဌ အမြွက်ပြချက် ပြီး၏။

**စက္ခုဩ ပြုပြင်မှုဒုက္ခ**

သဘောလေးချက်တွင် စက္ခုမှာ ပြုပြင်မှု အဘယ်နည်း။

စက္ခုသည် အနိစ္စမျိုး ဖြစ်ခဲ့၏။ ဘဝများးစွာ ကမ္ဘာအဆက်ဆက် ဆည်းပူးသော်လည်း အပျက်အဆုံးမရှိသော နိစ္စစက္ခုဟူ၍ ပေါ်လာ ရိုးမရှိ။ ဗြဟ္မာ့စက္ခုကို တစ်ဘဝသာ ရ၏။

**ဗြဟ္မာ့စက္ခု ပြုပြင်မှုဒုက္ခ**

ထိုဗြဟ္မာ့ဘဝ ဆုံးလျှင် ထိုစက္ခုလည်း ပျက်ဆုံးလေ၏။ ရှေးဘဝ၌ တောထွက်၍ ဈာန်ကိုရအောင် အပင်ပန်းခံမှု၊ ရပြီးသော ဈာန်ကို ပွားများမှု၊ မပျောက်ပျက်အောင် စောင့်ရှောက်မှုတို့နှင့် တစ်ဘဝလုံး အပင်ပန်းခံခဲ့ရသော သင်္ခါရ ဒုက္ခမှုတို့သည် ထိုဘဝ ဗြဟ္မာ့စက္ခု ပျက်ဆုံးရာတွင် တစ်လုံးတည်း ပါလေကုန်၏။

နေ့တွက်နှင့် လုပ်သော ကူလီနှင့် တူ၏။ တစ်နေ့လုံး အပင်ပန်းခံနိုင်လျှင် ပိုက်ဆံတစ်မတ် သုံးမူးရ၏။ တစ်နေ့လုံး အပင်ပန်းခံရသော ဗျာပါရမှုတို့သည် ထိုပိုက်ဆံကို သုံးစွဲ၍ ကုန်ဆုံးရာတွင် တစ်လုံးတည်း ဆုံးလေ၏။ ပိုက်ဆံကို လိုချင် ပြန်လျှင် တစ်ဖန် လုပ်ပြန်မှ ရတော့သည်။

တေဘူမက သုခအကျိုးငှာ အားထုတ်သော အမှုတို့မည်သည် ဤကူလီမှု တို့ကဲ့သို့ တစ်နပ်စာမှုတို့သာတည်း။ ထို့ကြောင့် အနမတဂ္ဂ သံသရာတွင် ဈာန်သမာပတ် ကို ရသော ဘဝလည်း အနန္တ၊ ဗြဟ္မာဖြစ်ခဲ့သော ဘဝလည်း အနန္တ ထိုဈာန် ထိုဘဝ ကို ယခု အိပ်မက် မက်ဖို့မျှ စမ်းထားရှာဖွေမရှိကြလေသည်။ ထိုဗြဟ္မာ့စက္ခုသည် ရှေးဘဝ၌ တင်ကူး၍ ဈာန်သမာပတ်ကို အထမြောက်အောင် လုပ်ဆောင်နိုင်မှသာ နောက်ဘဝ၌ ဖြစ်ပေါ်လာမြဲဖြစ်၍ သင်္ခတဓမ္မ မည်၏။ ပြုပြင်မှု ဒုက္ခမြဲ၏။

ဈာန်သမာပတ်ကို အထမြောက်အောင် လုပ်ဆောင် အားစိုက်ရခြင်းဟူသော သင်္ခါရဒုက္ခဘေးနှင့် ထိုပုဂ္ဂိုလ်ကို အမြဲနှိပ်စက်၏။ ထိုစက္ခုကို အလိုရှိလျှင် ထိုသင်္ခါရ ဒုက္ခဘေးကို ရှေးတစ်ဘဝလုံး မချိမဆံ့ ခံရ၏။

ဈာန်ကုသိုလ်လည်း အနိယတဓမ္မ၊ ထိုစက္ခုလည်း အနိယတဓမ္မ ဖြစ်ခဲ့ကြ၍ ဈာန်ကို အားထုတ်မှုတစ်ဘဝ၊ ထိုစက္ခုကို ရမှုတစ်ဘဝ။ ဤသို့ အနမတဂ္ဂပင် ဘဝများ သော်လည်း နိစ္စစက္ခုဟူ၍ ပေါ်လာရိုး မရှိ။ ဤကဲ့သို့ အနိစ္စ မရှိသော တရားတို့ အတွက်နှင့် ထိုတရားတို့၏ အကျိုးငှာ ပြုပြုသမျှသော ကာယကံမှု ဝစီကံမှု မနောကံ မှုတို့သည် သင်္ခါရဒုက္ခမှု သက်သက်တို့သာတည်း။

**လောကီကုသိုလ်ဈာန် အနိစ္စမျိုး**

ထိုစက္ခု၏ အကြောင်းဖြစ်သော ကုသိုလ်ဈာန်သည်လည်း ရရှိသော လူ့စည်းစိမ် လူ့သုခ ဉာတိ မိတ္တတို့ကို စွန့်မှုဒုက္ခ၊ တောတောင် အရပ်တွင် ငြိုငြင်စွာ ခြိုးခြံ၍နေမှုဒုက္ခ၊ နေ့နေ့ညည မနေမနား အားထုတ်မှု ဒုက္ခ။ ဤဒုက္ခတို့ကို ခံနိုင်မှ ဈာန်တရားကို ရသည်။

ရပြန်လျှင်လည်း ဈာန်တရားမည်သည် အနည်းငယ်မျှ အခွင့်နှင့်ပင် လွင့်ပါး ကွယ်ပျောက်တတ်သော အနိစ္စ ဓမ္မဖြစ်ခဲ့၍ မရမီကာလကထက်ပင် အသက်ထက်ဆုံး ကောင်းစွာ စောင့်ရှောက်ရသော ပရိဟရဏဒုက္ခ၊ ဤကဲ့သို့ ဒုက္ခများစွာကို ခံနိုင်မှ ချောမောသော တရားဖြစ်သည်။ ချောမောပါမှ ဗြဟ္မာ့စက္ခုကို ပေးနိုင်သည်။ ပေးပြီး

နောက် ထိုစက္ကူ ပျက်ဆုံးရာတွင် ထိုဈာန်၏ အာနိသင်လည်း ကုန်ဆုံးလေ၏။ ထိုပုဂ္ဂိုလ်သည် အပါယ်နှုတ်ခမ်းမှာ တည်မြဲတည်ပြန်၏။ ထိုဈာန်ကို အသစ်တစ်ဖန် အားထုတ်ခွင့် ဆိုက်ပြန်၏။ အားမထုတ်ခဲ့လျှင် အပါယ်သို့ မြုပ်မြဲ မြုပ်ပြန်၏။

ဤသို့လျှင် ထိုဈာန်ကုသိုလ်သည် တဒင်္ဂတစ်နပ်စာမျှသော ချမ်းသာကို ပေး၍ ပျောက်ဆုံးခြင်း အလားရှိသောကြောင့် ထိုဈာန်တရားသည်လည်း နိစ္စမျိုး မဟုတ်၊ အနိစ္စမျိုးသာ အမှန်ဖြစ်၏။ အားထုတ်၍ ရသော်လည်း အကျိုးမဲ့ ပျောက်ပျက်ခြင်းလျှင် အဆုံးရှိ၏။ ရလို ရောက်လိုလျှင် တစ်ဖန်အားထုတ်ရပြန်၏။ ရပြန်ရောက်ပြန်သော် လည်း အကျိုးမဲ့ ပျက်ပြုန်း ဆုံးပါးလတ္တံ့သာ အမှန်ဖြစ်၏။

ထိုတရားကို အားကိုး၍ ထိုတရားအကျိုးငှာ အားထုတ်သမျှ ကြောင့်ကြ စိုက်ကြသမျှသော ကာယကံမှု ဝစီကံမှု မနောကံမှု ကုသိုလ် အကုသိုလ်မှုတို့ကို အချည်းနှီး ပူပန် ပင်ပန်းရသော သင်္ခါရဒုက္ခဘေး ဆိုသည်။

တစ်နေ့ ပင်ပန်းစွာ လုပ်ဆောင်လျှင် ကုဋေတစ်ရာတန်ရသော အလုပ်တစ်ခု လည်း ရှိ၏။ တစ်နေ့စာ တစ်မတ်ငွေမျှကို ရသော အလုပ်တစ်ခုလည်း ရှိ၏။

တစ်နပ်စာ တစ်မတ်ငွေကို သာယာအားရ၍ ထိုအလုပ်နှင့်သာ နေခဲ့လျှင် တစ်သက်လုံး နေ့ရှိသမျှ ထိုအလုပ်ခွင်က ထွက်ရ ငြိမ်းရရန် စခန်းမရှိ။

ကုဋေတစ်ရာတန်ရသော အလုပ်ကို လုပ်ခဲ့လျှင် တစ်နေ့ အပင်ပန်းခံသည့် အတွက် တစ်သက်လုံး ချမ်းသာ၏။ ထိုအခါ နေ့ရက်စုသည် လိမ္မာသောသူမှာ ငွေ ကုဋေတစ်ရာ တစ်ရာစီ တန်၏။ မလိမ္မာသောသူမှာ တစ်မတ်ငွေသာ တန်၏။ တစ်မတ် ငွေကို သာယာ၍ ကုဋေတစ်ရာ တစ်ရာတန်သော နေ့တွေကို အကုန်ဖြုန်း၍ တစ်မတ် ငွေ နေ့စဉ်ရသည့်အတွက် ကုဋေတစ်ရာ နေ့စဉ်ဆုံးရှုံး၏။

အကြင်သူသည် တစ်မတ်ငွေကို သာယာ၏။ ထိုသူကို တစ်မတ်ငွေသည် ကူလီလုပ်မှု သင်္ခါရဒုက္ခနှင့် တစ်ဘဝလုံး နှိပ်စက်၏။ ကုဋေတစ်ရာငွေကို နေ့စဉ် အတိုင်း ဆုံးရှုံးစေ၏။

**ကူလီအမှု ပမာပြု**

အနိစ္စမျိုးဖြစ်သော စက္ကူသည် တစ်မတ်ငွေနှင့် တူ၏။ ထိုစက္ကူကို သာယာ၍ အားထုတ်ကြသော ကာယကံမှု ဝစီကံမှု မနောကံမှု ကုသိုလ်မှု အကုသိုလ်မှုစသည် ထိုကူလီအလုပ်ယယ်မှုနှင့် တူ၏။

နိဗ္ဗာန်သည် ကုဋေတစ်ရာ ငွေချမ်းသာသော သူဌေးစည်းစိမ်နှင့် တူ၏။

ထိုနိဗ္ဗာန်ကို ရောက်စေနိုင်သော ကာယကံမှု ဝစီကံမှု မနောကံမှု ကုသိုလ်

ဘာဝနာမှုသည် ထိုကူလီအလုပ်ကြီးနှင့် တူ၏။

သံသရာ၌ ဘဝအဆက်ဆက်တွေသည် ထိုနေ့ရက်တွေနှင့် တူ၏။

စက္ခုစသော အဇ္ဈတ္တခန္ဓာ၏ အကျိုးငှာ အားထုတ်ကြိုးပမ်းမှုနှင့် ကုန်ခဲ့သော ဘဝအဆက်ဆက်တို့သည် မလိမ္မာသူ ကူလီယောကျ်ား ဖြုန်း၍ ပစ်သော နေ့ရက်တွေနှင့် တူကုန်၏။

ကြိုးပမ်းမှု အနမတဂ္ဂရှိပြီး ဖြစ်ပါလျက် တစ်နပ်စားမှုတွေသာ ဖြစ်ခဲ့၍ ယခုလည်း နှလုံးအတွင်းမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဟူသော အပါယ်မျိုး ကြီးပွားစည်ပင်လျက် အပါယ်ဘေး တန်းလန်း အဝိစိဘေးတန်းလန်း ရှိနေကြသော အမှုသည် တစ်မတ်တန် အလုပ်နှင့်သာ လာခဲ့၍ အနှစ်တစ်ရာရှိသော်လည်း ကူလီအလုပ်မှ မကျွတ်ရသည်နှင့် တူ၏။

ထိုကူလီမှာ နေ့စဉ် ပင်ပန်း၍ အနှစ်တစ်ရာရှိသော်လည်း တစ်မူးတစ်မတ်မျှ အဖတ်ရှာ၍ မရသကဲ့သို့ အနမတဂ္ဂဘဝ အစဉ်ကြိုးပမ်းခဲ့ပါလျက် ယခု သာသနာတွင် ကျွတ်ပွဲဝင်ရန် တစ်စွန်းတစ်စမျှ စမ်းထားရှာဖွေမရ ရှိကြလေသည်။ အနှစ်တစ်ရာတိုင်၍မှ ကူလီအလုပ်က ကျွတ်ခွင့်မရသော ထိုကူလီယောကျ်ား၏ တစ်သက်လုံး အားထုတ်လုပ်ဆောင်မှုတွေသည် အကျိုးမကြီး အချည်းနှီးသော သင်္ခါရဒုက္ခမှုစုသာတည်း။

ထို့အတူ စက္ခုစသော အနိစ္စ ဓမ္မတို့၏ အကျိုးငှာ ပင်ပန်းကြရသော အမှုစုသည် အနမတဂ္ဂ ဘဝသံသရာ ကြာကြီး ကြာသော်လည်း အပါယဒုက္ခမှ မလွတ်ရ၊ ခွေးဖြစ်မှုမှ မလွတ်ရ၊ ဝက်ဖြစ်မှုမှ မလွတ်ရ၊ အဝိစိကျမှုမှ မလွတ်ရ၊ နူမှုမှ မလွတ်ရ၊ ရွဲမှုမှ မလွတ်ရ၊ မိုက်မှု ရူးမှုမှ မလွတ်ရသည်ဖြစ်၍ အကျိုးမကြီး အချည်းနှီးသော သင်္ခါရဒုက္ခမှုစုသာတည်း။

အထက် နတ် ဗြဟ္မာတို့၏ စက္ခုမှာ ရှေးရှေးဘဝ၌ ကံကို အားထုတ်ရသော သင်္ခါရဒုက္ခမှုသည် ကြီးကျယ်၏။ စက္ခုကိုရသော နောက်ဘဝ၌ ဆောင်ရွက်မွေးမြူရသော သင်္ခါရဒုက္ခ မကြီးလှ။

**လူတို့စက္ခု ပြုပြင်မှုဒုက္ခ**

လူတို့၏ စက္ခု၌ကား ရှေးဘဝ၌ ကံကို အားထုတ်ရသော သင်္ခါရဒုက္ခထက် စက္ခုကိုရသော နောက်ဘဝ၌ ထိုစက္ခုကို ဆောင်ရွက်မွေးမြူရသော သင်္ခါရဒုက္ခသည် အလွန်ကြီးကျယ်၏။ မီးကို လုပ်ကျွေးသော ပုဏ္ဏား၏ အမှုနှင့် တူ၏။

မိမိ ဖွားမြင်စဉ်အခါ မိဘတို့ယူ၍ မသေရအောင် မွေးမြူ၍ထားသော မီးကို

တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ ထိုမီးကိုယူ၍ အသက်ထက်ဆုံး မသေရအောင် လုပ်ကျွေးနိုင်ပါလျှင် ဗြဟ္မာ့ပြည်သို့ လားရသည်ဟု မိစ္ဆာအယူရှိ၏။ မိစ္ဆာအယူမျှသာတည်း။ ထိုအယူကို အမြဲယူ၍ မီးကို လုပ်ကျွေး၍ သေလွန်လျှင် အပါယ်သို့ ကျ၏။ မီးမည်သည် မီးစာရှိမှ၊ မိုးလေ စသော အန္တရာယ်လည်း လွတ်ကင်းမှ တည်နေသည်။

**ညောင်ပင်ပမာ လူ့ခန္ဓာ** ညောင်ပင်တို့မှာ မျိုးစေ့၏အမှုကား အညွန့်အညှောင့် ပေါက်ရုံမျှသာ ပြဌာန်းသည်။ အညွန့်အညှောင့် ဖြစ်ပြီး နောက် သီးညောင်ပင်၏ ကြီးပွားမှု စည်ကားမှု နှစ်လ အရှည်တည်မှုမှာ မြေဥတု ရေဥတုတို့၏အတွက် တာဝန်ပေးသည်။

ဂဗ္ဘသေယျက သတ္တဝါ၌ ညောင်ပင်နှင့် လူ့ခန္ဓာ တူ၏။ မျိုးစေ့နှင့် ကံတူ၏။ မြေဓာတ်နှင့် အဇ္ဈတ္တဥတု တူ၏။ မိုးရေနှင့် နေ့စဉ် မျိုအပ်သော အာဟာရ တူ၏။

**အသက်ဆက်မှု** ဆီ ရေနံ အသစ်အသစ် အလျဉ်ဆက်လက်အောင် လောင်း၍ပေးမှ မီးတောက် အသစ်အသစ် အလျဉ်ဆက်လက်ပွား၍ နေသည်ကို တည်နေသည်ဟု ဆိုရသည်။

ဆီ ရေနံ အသစ် အလျဉ်ပြတ်၍ မီးတောက်သစ် ပွားမှု ပြတ်စဲသည်ကို မီးတောက်သေသည်ဟု ဆိုသည်။

မျက်တောင်တစ်ခတ်မျှ ကာလအတွင်းမှာပင် အသစ်အဟောင်း ကူးပြောင်းဆက်လက်မှု အထောင်မက များ၏။ ထိုအဟောင်းအသစ် ကူးပြောင်းလဲလှယ်ရာ အချက်အချက်စုသည် မီးတောက်၏ သေဆုံးရန် အချက်စုချည်းသာတည်း။ ဆီ ရေနံ အသစ်မရှိလျှင် ဘယ်အချက်မှာမဆို သေ၏။ အသစ်ဖြစ်မှု ပြတ်စဲသည်ကို သေသည်ဟု သမုတ်ရသည်။ အဟောင်းအသစ် အလျဉ်မပြတ် ဆက်လက်၍ နေသည်ကို မသေဟု သမုတ်ရသည်။

ခဏိကအားဖြင့် အဟောင်း အဟောင်း ချုပ်ကွယ် ပျက်ဆုံးမှုမှာ ပြတ်စဲတော့သည်မဟုတ်။ မိုးကြောင့် သေလျှင်လည်း ထိုအချက်စုမှာ သေရသည်။ ရေကြောင့် လေကြောင့် တစ်ပါးသော အန္တရာယ်ကြောင့် သေလျှင်လည်း ထိုအချက်စုမှာ သေရသည်။ သေခွင့်ဆိုက်လာလျှင် ဘယ်အခါမှာမဆို သေဖို့ သေကိန်း သေချက် အမြဲပါ၍ နေ၏။

လူတို့၌ စက္ခု ဇီဝိတ စသော ဓာတ်နအကြည်သည် မီးတောက် အလျဉ်နှင့် တူ၏။ အဇ္ဈတ္တဥတုဇရုပ်သည် အဝတ်ကျစ် မီးစာနှင့် တူ၏။ တစ်နေ့ တစ်နေ့လျှင်

အခါများစွာ မျိုအပ်သော အာဟာရဓာတ်ဆီ အလျှဉ်သည် ဆီ ရေနံနှင့် တူ၏။

လောင်သမျှသော ဆီ ရေနံစုသည် ဆီမီးစာကို မှီ၍ တောက်သော မီးတောက်နှင့်တကွ ခဏစဉ်အတိုင်း ကုန်ခန်း၏သို့ မျိုမျိုသမျှသော အာဟာရဓာတ်ဆီစုသည် မိမိနှင့်စပ်သော တစ်ကိုယ်လုံးရှိ ဇီဝိတစုနှင့်တကွ ခဏစဉ်အတိုင်း ကုန်ဆုံး၏။

ကျန်ရှိသော ဆီ ရေနံ၊ အသစ်လောင်းသော ဆီ ရေနံနှင့် အသစ် အသစ် အဆင့်ဆင့် ဖြစ်ပွားသော မီးလျှံအလျှဉ်သည် တစ်နာရီမှ တစ်နာရီသို့ ရောက်သကဲ့သို့ ကျန်ရှိသော အာဟာရ၊ အသစ်အသစ် မျိုသော အာဟာရတို့မှ တစ်ကိုယ်လုံး၌ အသစ် အသစ် အဆင့်ဆင့် ဖြစ်ပွားသော ဇီဝိတအလျှဉ်သည် တစ်နေ့မှ တစ်နေ့သို့ ရောက်လေ၏။ အာဟာရကို နေ့စဉ် မျိုမှုကား အသက်ဆက်မှု အသက်မွေးမှုပေတည်း။ အသက်ဟောင်း ချုပ်ဆုံးသော နေရာစုမှာ အသက်သစ် စိုက်ပျိုးမှုပေတည်း။

**စိုးရိမ်ဖွယ်ကင်းသော ခဏမရှိ**

မျက်တောင်တစ်ခတ်ခန့် ကာလအတွင်းမှာ အသစ်အဟောင်း ပြောင်းလဲဆက်ကူးမှုဟု ဆိုအပ်သော အဆက်ပေါင်း အထောင်မက များ၏။ အစာအလျှဉ်ပြတ်ခဲ့သော်လည်းကောင်း၊ သေလောက်သော အဇ္ဈတ္တဘေး ဗဟိဒ္ဓဘေး ထိပါးခဲ့သော်လည်းကောင်း အသစ်ဖြစ်ပေါ်မှု ပြတ်စဲ၏။ ရောက်ရာအသက်တွင် သေရ၏။

ဤသို့လျှင် အလွန်တိုနှောင်းလှစွာသော အသက်ကလာပ်မှုန့်စုကို ပုတီးစီသကဲ့သို့ နေ့စဉ် နာရီစဉ် အလျှဉ်ဆက်ကူး၍ ယူရသောအမှုသည် အလွန်ကျပ်တည်း၏။ ကျပ်တည်းကြောင်းကို လောက၌ ရေသတ္တဝါ ကုန်းသတ္တဝါတို့၏ အသက်မွေးမှု ကျပ်တည်းပုံ၊ အသက်ကို စောင့်ရှောက်မှု ကျပ်တည်းပုံကို မြင်၍ သိအပ်၏။

အလွန် လှိုင်းလေထူထပ်လှစွာသော ကမ်းမမြင်သော ပင်လယ်ကြီး၌ ရေမြှုပ်ခဲကို ဖောင်စီး၍ လိုက်ရသော ယောကျ်ား၏သို့ ကြောင့်ကြ စိုးရိမ်ဖွယ်ကင်းရသော ခဏဟူ၍ မရှိသည်ကို မြင်၍ သိအပ်၏။

ဤကား လူတို့စက္ခုမှာ ရှေးဘဝ၌ ကံကိုပြုရသော သင်္ခါရဒုက္ခမှုထက် စက္ခုကိုရသော နောက်ဘဝ၌ ထိုစက္ခုကို ဆောင်ရွက်မွေးမြူရသော သင်္ခါရ ဒုက္ခမှု ကြီးကျယ်ပုံတည်း။

**စက္ခုသည် ဒုက္ခသစ္စာသာ အမှန်**

ဤသို့ ကြီးကျယ် ကျပ်တည်းလှစွာသော ဆောင်ရွက်မွေးမြူမှုတို့ဖြင့် မွေးမြူပါသော်လည်း အသက်တစ်ရာတမ်း ဖြစ်ခဲ့အံ့။ အနှစ်တစ်ရာ ပြည့်ရုံမျှသာ ပါနိုင်သည်။ အနှစ်တစ်ရာပြည့်လျှင် ထိုစက္ခုသည် ဆွေးမြည့်၍ ပျက်ဆုံးမြဲ ဓမ္မတာပေတည်း။ စက္ခု

ပျက်ဆုံး လျှင်လည်း ထိုစက္ခုအကျိုးငှာ ရှေးဘဝ၌ အားစိုက်ခဲ့သော ကမ္မသင်္ခါရမှု၊ ယခုတစ်ဘဝ လုံး အားထုတ်သမျှသော ဆောင်ရွက်မွေးမြူမှုစုသည် ထိုစက္ခုပျက်ဆုံးရာတွင် အကုန်ပျက်ဆုံး၍ ပါလေ၏။

အနမတဂ္ဂ သံသရာမှာ ကံပေါင်း အနမတဂ္ဂ၊ စက္ခုပေါင်း အနမတဂ္ဂ၊ သင်္ခါရမှုပေါင်း အနမတဂ္ဂ ကုန်ခဲ့လှပြီ။ နောက်ကိုလည်း ဤနည်းအတိုင်း ကုန်လတ္တံ့။

ထို့ကြောင့် ဤစက္ခုသည် မိမိကို မလွှတ်သောသူကို နှစ်ပါးသော သင်္ခါရဒုက္ခမှု[၁] တို့ဖြင့် နှိပ်စက်ခြင်းအမှု မြဲလေသောကြောင့် ဒုက္ခသစ္စာသာ အမှန်ဖြစ်လေသတည်း။

ထိုစက္ခုအကျိုးငှာ ပြုအပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်များသည်လည်း ထို့အတူ နှိပ်စက်ခြင်းမြဲသော ဒုက္ခသစ္စာ အမှန်သာတည်း။

ပြုစု၍ ထမြောက်ပြီးသည့်နောက် ပျက်ဆုံးပြန်၍ မပြုမီကအတိုင်း ကျပြန်သမျှသည် သင်္ခါရဒုက္ခချည်းမှတ်။

**မင်္ဂဖိုလ်နိုပ်စက်မှု မဆိုထိုက်**

မင်္ဂကုသိုလ်သည် ပါရမီသမ္ဘာရမှုနှင့် လေးသင်္ချေ ရှစ်သင်္ချေ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပင်ပန်းရ၏။ နောက်ဆုံးဘဝ၌လည်း ပဋိပဒါနှင့် များစွာ ပင်ပန်းရ၏။ ထိုသို့ ပင်ပန်းရသော်လည်း မင်္ဂကို တစ်ခါရပြီးနောက် ထိုမင်္ဂ၏ အာနိသင် ကုန်ဆုံးပြန်၍ ထိုမင်္ဂကိုပင် တစ်ဖန် အားထုတ်ရပြန်သည် ဟူ၍မရှိ။ ထိုအခါ အထမြောက်လျှင် အနမတဂ္ဂဝဋ္ဋဒုက္ခကြီး အပြီးငြိမ်းပေသည်ဖြစ်၍ လေးသင်္ချေ ရှစ်သင်္ချေ တစ်ဆယ့်ခြောက်သင်္ချေမျှ အပင်ပန်းခံရသော သင်္ခါရမှုသည် မင်္ဂဖိုလ် နှိပ်စက်မှု မဆိုလောက်။

တစ်ရက်အပင်ပန်းခံ၍ ငွေကုဋေတစ်ရာ ကြွယ်ဝလျက် တစ်သက်လုံး ချမ်းသာသောသူမှာ အပင်ပန်းခံရသော တစ်ရက်မှုသည် ဒုက္ခမှု မဆိုလောက်၊ သုခမှုသာ ဆိုထိုက်သကဲ့သို့တည်း။

သစ္စာတဋ္ဌ အမြွက်ပြီး၏။

---------

---

၁။ နှစ်ပါးသော သင်္ခါရဒုက္ခမှု = ၁ - ရှေးဘဝ၌ ကံကိုပြုရသော သင်္ခါရဒုက္ခမှု။
၂ - နောက်ဘဝ၌ ဆောင်ရွက်မွေးမြူရသော သင်္ခါရဒုက္ခမှု။

နိပ်စက်၊ ပြုပြင်၊ ပူပင်၊ ဖောက်လှဲ ဟူသော သဘောလေးချက်တွင် စက္ခုမှာ ပူပင်မှု အဘယ်နည်း။

စက္ခုသြို ပူပင်မှုဒုက္ခ "စက္ခု အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ အာဒိတ္တံ" အစရှိသော အာဒိတ္တသုတ် [၁] နှင့်အညီ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး ဟူ၍ တစ်ဆယ့်တစ်ပါးရှိ၏။

ပကတိသောမီးသည် အမှိုက်ကို လောင်သကဲ့သို့ ထိုတစ်ဆယ့်တစ်ပါးသော မီးသည် စက္ခုကို လောင်၏။ စက္ခုသည် မီးစာဖြစ်၏။ စက္ခုသည် ရာဂမီး၏ ပွားစီးရာဌာနဖြစ်၏။ ဒေါသမီး၏ ပွားစီးရာ မောဟမီး၏ပွားစီးရာ ဇာတိမီး စသည်တို့၏ ပွားစီးရာ ဌာနဖြစ်၏။

စက္ခုကို ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း၊ ငါ၏ ကိုယ်ဟူ၍လည်းကောင်း စွဲလမ်းသောရာဂသည် စက္ခုသြို့ပွားစီးသော ရာဂမီးမည်၏။ ငါ၏ စက္ခုကို ထိပါးဘိသည်ဟု အမျက်ထွက်သော ဒေါသသည် စက္ခုသြို ပွားစီးသော ဒေါသမီး မည်၏။ စက္ခုကို နိစ္စ ဓုဝ စသောအနေနှင့် တွေဝေသော မောဟသည် စက္ခုသြို ပွားစီးသော မောဟမီးမည်၏။ ဇာတိ စသည်တို့မှာ အောက်၌ ဆိုခဲ့ပြီ။

ဤသို့ မီး တစ်ဆယ့်တစ်ပါး အမြဲပွားရာဖြစ်သော စက္ခုသည် အမြဲလျှင် ပူပန်စေအပ်သော သဘောရှိ၏။ ထိုမီး တစ်ဆယ့်တစ်ပါး တောက်လောင်နေသော စက္ခုကို ကိုယ်အင်္ဂါတစ်ခုပြု၍ သံသရာ၌ ကျင်လည်သောသူကို ထိုစက္ခုသည် အမျိုးမျိုးသော ဒုက္ခတို့ဖြင့် ပူပန်စေ၏။

စက္ခုရှိနေသည့်အတွက်ကြောင့် အဆင်းသဏ္ဌာန်လျှင် အာရုံရှိသော လောဘမှု ဒေါသမှု မောဟမှုတို့သည် နေ့စဉ်အတိုင်း ဖြစ်ပွားကုန်၏။ ထိုလောဘမှု ဒေါသမှု မောဟမှုတို့ကြောင့် ယခုဘဝ၌လည်းကောင်း၊ နောက်ဘဝ အဆက်ဆက်တို့၌ လည်းကောင်း ဖြစ်လတ္တံ့သော ဇာတိမှု ဇရာမှု မရဏမှု စသည်တို့လည်း နေ့စဉ်အတိုင်း ဖြစ်ပွားကုန်၏။ ဤသို့ ဖြစ်ပွားမှုသည်လည်း စက္ခုရှိနေသော ပုဂ္ဂိုလ်ကို စက္ခု၏ ပူပန်စေမှုပင်တည်း။ ပုဂ္ဂိုလ်က ပူမှန်းမသိသော်လည်း ပူမှုရောက်ပြီးပင် ဖြစ်သတည်း။

သန္တာပဋ္ဌ အမြွက်ပြ ပြီး၏။

--------

၁။ သဠာယတနဝဂ္ဂသံယုတ်၊ အာဒိတ္တသုတ်၊ နှာ-၂၅၁။

နိပ်စက်၊ ပြုပြင်၊ ပူပင်၊ ဖောက်လွဲ ဟူသော သဘောလေးချက်တွင် စက္ခုမှာ ဖောက်လွဲမှု အဘယ်နည်း။

**စက္ခု၌ ဖောက်လွဲမှုဒုက္ခ**

ကျင်နာ ကိုက်ခဲခြင်း၊ ကျိန်းစပ် ပူလောင်ခြင်း၊ သလိပ်သည်းခြေ သွေး လေ လွှမ်းမိုး၍ စက္ခုကိစ္စကို မဆောင်ရွက်နိုင်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ ပျက်ဆုံးခြင်း ဤအလုံးစုံသည် ဖောက်လွဲမှုပေတည်း။

ထိုဖောက်လွဲမှုသည် အဇ္ဈတ္တသန္တာန်မှ ဓာတ်လေးပါး ချောက်ချားမှု၊ ဗဟိဒ္ဓသန္တာန်မှ အန္တရာယ်အမျိုးမျိုး ထိပါးမှုတို့နှင့် ကြုံကြိုက်ခဲ့သည်ရှိသော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့် ကာလအတွင်း၌ပင် ခဏချင်း ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိ၏။

ဖောက်ပြန်ခွင့်ဆိုသော်လည်း ဤရွေ့ ဤမျှသော ခဏကာလအတွင်းကား ဖောက်ပြန်ခြင်းမရှိဟု စိတ်ချရသော ခဏကာလဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိ၊ မကျင်မနာနိုင်သော ခဏဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိ၊ မဆုတ်ယုတ်နိုင်သော ခဏဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိ၊ မပျောက်မဆုံးနိုင်သော ခဏဟူ၍ မျက်တောင်တစ်ခတ်မျှ မရှိ။

**ရေမြှုပ်ခဲပမာ ရုပ်နာမ်ခန္ဓာ**

လှိုင်းကြမ်း လေကြမ်း သားရဲ အမြဲထူထပ်သော ကမ်းမမြင် ပင်လယ်ပြင်မှာ ရေမြှုပ်ခဲကြီးကို ဖောင်စီး၍နေရသော ယောကျ်ားအား မိမိမှီတွယ်သော ရေမြှုပ်ခဲ၏ ခိုင်မြဲခြင်း မရှိသည့် အတွက်ကြောင့် လှိုင်း လေ အစရှိသော အလုံးစုံသည် ကြောက်ဖွယ် လန့်ဖွယ် ထိတ် ဖွယ် စိုးရိမ်ဖွယ် ကြောင့်ကြဖွယ်ချည်း ဖြစ်ကုန်၏။ သိကြားမင်း ဖန်ဆင်းသော မဟာ ပစ္စရိတ်ဖောင်ကြီး သင်္ဘောကြီးမှာ စီးရသော သူတို့အား လှိုင်း လေ အစရှိသော အလုံးစုံ တို့သည် ကြည့်ရှုဖွယ် စိတ်နှလုံး ကြည်ဖွယ် ပျော်ရွှင်ဖွယ်ချည်း ဖြစ်ကုန်၏။

ဤ ဥပမာဖြင့် လှိုင်း လေ အစရှိသည်သည် ကြောက်မက်ဖွယ် အစစ်မဟုတ်၊ မိမိ၏ မှီရာ ရေမြှုပ်ခဲ၏ ဖောက်ပြန်လွယ်မှုသည်သာ ကြောက်မက်ဖွယ် အစစ်ဖြစ်ကြောင်းကို သိစေသည်။

သတ္တဝါတို့၌ ကိုယ်အင်္ဂါပြု၍ ဆောင်ရွက်ရသော ရုပ်တရား နာမ်တရားစုသည် အလွန်ဖောက်ပြန်မှု လွယ်လှ၏။ အနည်းငယ်သော အပူ ထိပါးလျှင်ပင် ခဏချင်း အနေပျက်၏။ ထိုနေရာမှာ ရှိရင်းရုပ်ဟောင်း နာမ်ဟောင်း ခဏချင်း ကွယ်ဆုံး၏။ အနိဋ္ဌ ရုပ်သစ် နာမ်သစ် ခဏချင်း ပြောင်းလဲ၏။ အနည်းငယ် တောင်လေ မြောက်လေ ထိပါးရုံမျှနှင့်ပင် ထိုနေရာမှာ ရှိရင်း ရုပ်စု နာမ်စု ခဏချင်း ပျက်ဆုံး ပျောက်ကွယ်

လေ၏။ အနိဋ္ဌ ရုပ်သစ် နာမ်သစ် ခဏချင်း ပြောင်းလဲ၏။ သန်းငယ် ကြမ်းပိုးငယ် ထိပါးကိုက်ခဲသည့်အတွက်နှင့်ပင် ပြိုပျက် ပြောင်းလဲ၏။

ဤသို့လျှင် ရေမြှုပ်ခဲကဲ့သို့ ဖောက်လွဲဖောက်ပြန် အလွန်မြန်လှသည့်အတွက် ပျက်ဆုံးမှု အလွန်မြန်လှသော ရုပ်ခဲ နာမ်ခဲတို့ကို ကိုယ်အင်္ဂါပြု၍ ဆောင်ရွက်ရသည့် အတွက်ကြောင့် အဇ္ဈတ္တသန္တာန်မှဖြစ်သော ရောဂါဆိုး အနာဆိုး အစရှိသော ကြောက်ဖွယ် လန့်ဖွယ် စိုးရိမ်ကြောင့်ကြဖွယ်ပေါင်း အနန္တ၊ အယုတ်အားဖြင့် ကိုယ်အင်္ဂါဖြစ်သော ရုပ်အစိတ် နာမ်အစိတ်ကို ဖျက်ဆီးနိုင်သော သန်းငယ် ကြမ်းပိုးငယ် ဖြုတ်ငယ် ခြင်ငယ် ခြ ပုရွက်ငယ်တို့မှစ၍ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ကြောက်ဖွယ် လန့်ဖွယ် စိုးရိမ်ဖွယ်ပေါင်း အနန္တ များပြားလျက် ရှိနေကြသည်။

ထိုဘေးအန္တရာယ်တို့ ထိပါးလာခဲ့လျှင် မဖောက်ပြန်နိုင်သောအခါဟူ၍ မျက်တောင်တစ်ခတ်မျှမရှိ၊ မသေနိုင်သောအခါဟူ၍ မျက်တောင်တစ်ခတ်မျှမရှိ။ ပဋိသန္ဓေ နောင် ဘဝင် တစ်ဆယ့်ခြောက်ချက်မှ နောက်၌ အသက်ထက်ဆုံး သေကွက် ချင်း သေချက်ချင်း စပ်၍သွားတော့သည်။

ဖောက်ပြန်လိမ့်မည်ကို မစိုးရိမ်ရသော ခဏဟူ၍ မရှိ၊ သေလိမ့်မည်ကို မစိုးရိမ်ရသောအခါ ဟူ၍ မရှိ၊ ဖောက်ပြန်ရသောအကြောင်း ဆိုက်တိုက်ခဲ့သည်ရှိသော် အပြင်းအထန် ပူခြင်း အေးခြင်း ကျင်နာခြင်းဒုက္ခကို ခံရကုန်၏။ အနာအမျိုးမျိုး၊ ရောဂါ အမျိုးမျိုး နှိပ်စက်သည်ကို ခံရကုန်၏။ မျက်စိအင်္ဂါပျက်ခြင်း နားအင်္ဂါပျက်ခြင်း၊ စသော အရုပ်ပျက် အဆင်းပျက်ဒုက္ခကို ခံရကုန်၏။ လက်ပြတ်ခြင်း ခြေပြတ်ခြင်း၊ စသော ဒုက္ခကို ခံရကုန်၏။

ဖြစ်ဆဲသော ဒုက္ခကို ပျောက်ငြိမ်းရန် ကြောင့်ကြစိုက်မှု၊ ဖြစ်လတ္တံ့သော အလားကိုမျှော်၍ မဖြစ်စေခြင်းငှာ ကြောင့်ကြစိုက်မှုတို့သည်လည်း အကျဉ်းအားဖြင့် လောက၌ ကြောက်ရခြင်းဟူသမျှ၊ လန့်ရခြင်းဟူသမျှ၊ ထိတ်ရခြင်းဟူသမျှ၊ ရွံ့ရခြင်း ဟူသမျှ ကြဉ်ရှောင်ရခြင်း၊ တိမ်းဖယ်ရခြင်း၊ ပုန်းအောင်းရခြင်း၊ ကိုးကွယ်ရာပြုရခြင်း၊ အဖော်အပေါင်းနှင့် သွားလာနေထိုင်ရခြင်း၊ မြို့တည်ထောင်၍နေရခြင်း၊ ရွာတည် ထောင်၍နေရခြင်း၊ အမိုးအကာ အိမ်ရာ ဝင်းခြံနှင့် နေရခြင်း၊ တုတ် ဓား လက်နက် စွဲရခြင်း အစရှိသော အလုံးစုံသော ဒုက္ခမှုတို့သည် ဝိပရိဏာမသဘောရှိသော ရုပ်တရား နာမ်တရားတို့ကို ကိုယ်အင်္ဂါပြုမှုကြောင့် ဖြစ်ရသော ဒုက္ခမှုတို့သာတည်း။

စက္ခု၌ ဝိပရိဏာမဋ္ဌ အမြွက်ပြ ပြီး၏။

သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောတို့ကိုလည်း စက္ခုနှင့် ထပ်တူ သိလေ။

ဒုက္ခသစ္စာ အနက် ၄-ချက် ရှင်းချက် ပြီး၏။

# သမုဒယသစ္စာ အနက် ၄–ချက် ရှင်းချက်

ဆည်းပူး၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောင့်ယှက် အချက်လေးပါး ဒုက္ခပွားဟူသော သမုဒယသစ္စာ အနက်လေးချက်တွင် တဏှာမှာ ဆည်းပူးခြင်းဟူသည် အဘယ်နည်း။

**ဆည်းပူး** အဆောက်အဦနှင့်တကွသော မျက်စိအင်္ဂါ နားအင်္ဂါ အစရှိသော ဒုက္ခသစ္စာတရားတို့ကို အနမတဂ္ဂသံသရာတွင် အစဉ်ဖြစ်ပွားစေခြင်း အမှုသည် ဆည်းပူးခြင်းမည်၏။ ဖြစ်ပွားခြင်းကို အလိုရှိသော တဏှာကြောင့် ဖြစ်ပွားရသည်ဖြစ်၍ တဏှာသည် ထိုတရားတို့ကို ဆည်းပူးသည် မည်၏။

အာယူဟနဋ္ဌ အမြွက်ပြ ပြီး၏။

---------

တဏှာမှာ နှင်းဆောင်ခြင်းဟူသည် အဘယ်နည်း။

**နှင်းဆောင်** တစ်ခုတစ်ခုသော ဘဝဆုံးပြန်လျှင် စုတိ၏အခြားမဲ့မှာ မျက်တောင်တစ်ခတ်စာမျှ ခဏအလပ်မရှိရအောင် ဘဝတစ်ခုကို အမြဲဆက်လက် ထူထောင် နှင်းဆောင်ခြင်းတည်း။ ဘဝကို သာယာသော တဏှာနုသယ တန်းလန်းနှင့် စုတိကျလျှင် ဘဝသစ် အမြဲပေါ်သည်ကို နှင်းဆောင်ဆိုသည်။

နိဒါနဋ္ဌ ပြီး၏။

-------

တဏှာမှာ ဖွဲ့နှောင်ခြင်းဟူသည် အဘယ်နည်း။

**ဖွဲ့နှောင်** သတ္တဝါတို့၏ ဘဝခန္ဓာတို့၌ အကျပ်အတည်း အမြဲ ဖွဲ့နှောင်ခြင်းတည်း။ နွားကို ချည်တိုင်၌ နိုင်လှစွာသောကြိုးဖြင့် ချည်နှောင်၍ ထားသကဲ့သို့တည်း။

နွားနှင့် သတ္တဝါ၏ စိတ်။
ချည်တိုင်နှင့် ဘဝခန္ဓာ။
နိုင်လှစွာသောကြိုးနှင့် တဏှာ။

သံယောဂဋ္ဌ ပြီး၏။

တဏှာမှာ နှောင့်ယှက်ခြင်းဟူသည် အဘယ်နည်း။

**နှောင့်ယှက်** ရဲခါရဲဖန် သူတော်ကောင်းတို့၏ တရားကို ကြားနာရ၍ ဘဝသံသရာမှ ထွက်မြောက်ရန် အကြံဖြစ်ပေါ်၍ လာခဲ့သည်ရှိသော် ထိုအကြံအစည်ကို ပျက်အောင် နှောင့်ယှက်ခြင်းတည်း။

ထောင်၌နေရသော အကျဉ်းသားသည် ထောင်မှထွက်သွားမည် ကြံစည်လှုပ်ရှားရာ ထောင်မှူး ထောင်ကြပ်သိ၍ မလှုပ်ရှားနိုင်အောင် ရိုက်လှဲ ထောင်းထုခြင်းကို ပြသကဲ့သို့တည်း။

ပလိဗောဓဋ္ဌ ပြီး၏။

------

တစ်ခုတစ်ခုသော ဘဝ၌လည်း ဖွားမြင်သည်မှစ၍ အစဉ်အတိုင်း တစ်နှစ်ထက်တစ်နှစ် လောဘအာရုံ ဒုက္ခအသိုက်အအုံ ပွားများမှုကား အာယူဟနဋ္ဌတည်း။

စိတ်နှလုံး အားလပ်ခွင့် မရအောင် တစ်ခုပြီးလျှင် တစ်ခု ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို အမြဲ ဆက်လက် တည်ထောင်မှုကား နိဒါနဋ္ဌတည်း။

စိတ်ကို ဒုက္ခဝတ္ထု ဒုက္ခမှုတို့၌ အကျပ်အတည်း ဖွဲ့စည်း၍ ထားသည်ကား သံယောဂဋ္ဌတည်း။

ဒုက္ခဝတ္ထု ဒုက္ခမှုတို့မှ ထွက်မြောက်ရန်ဖြစ်သော အကြံအစည်တို့ကို ထမြောက်ခွင့်မရဘဲ ခဏချင်း ပျက်အောင် နှောင့်ယှက်သည်ကား ပလိဗောဓဋ္ဌတည်း။

သမုဒယသစ္စာ အနက် ၄-ချက် ရှင်းချက်ပြီး၏။

---------

# နိရောဓသစ္စာ အနက် ၄-ချက် ရှင်းချက်

"ကျွတ်လွတ်၊ ဆိတ်ကွေ၊ မသေ၊ မပြု ဤလေးခု၊ သုခ အမှန်ထား" ဟူသော နိရောဓသဘော လေးချက်တွင် နိဗ္ဗာန်မှာ ကျွတ်လွတ်မှု အဘယ်နည်း။

**ကျွတ်လွတ်** သမုဒယသစ္စာ တဏှာ၏ ချုပ်ငြိမ်းမှုပင်တည်း။ တဏှာ ချုပ်ငြိမ်း၍ ဒုက္ခသစ္စာ၌ ပြဆိုခဲ့သော ဒုက္ခစုမှ ကျွတ်လွတ်သည်ကို "ကျွတ်လွတ်" ဆိုသည်။

နိဿရဏဋ္ဌ ပြီး၏။

ဆိတ်ကွေ — တဏှာနှင့်တကွ ထိုဒုက္ခ ပလိဗောဓ အရှုပ်အထွေး အချင်းခပ်သိမ်း ကင်းရှင်း ကွင်းကွေသည်ကို "ဆိတ်ကွေ" ဆိုသည်။

ဝိဝေကဋ္ဌ ပြီး၏။

------

မသေ — စက္ခုစသော သင်္ခတတရားတို့မှာသာ သေခြင်းဟူသော မရဏဘေး ထက်ကြပ်ရှိနေသည်။ ထိုသင်္ခတတရားတို့ကို မိမိကိုယ်ပြု၍ ကျင်လည်သောသူတို့မှာ မရဏဘေးကို မစိုးရိမ်ရသောအခါဟူ၍ မျက်တောင်တစ်ခတ် မျှ မရှိ။ အသင်္ခတဖြစ်သော နိဗ္ဗာန်မှာမူကား မရဏဘေးဟူ၍ မရှိ။ ထိုသို့ မရှိသည်ကို "မသေ" ဆိုသည်။

အမတဋ္ဌ ပြီး၏။

-------

မပြု — စက္ခုစသော သင်္ခတတရားတို့၌သာ အထက်က ပြဆိုခဲ့ပြီးသော သင်္ခါရ ဒုက္ခမှု ရှိနေသည်။ နိဗ္ဗာန်မှာ သင်္ခါရဒုက္ခ မရှိ။ ကံဖြစ်ပေါ် ခြင်းမရှိသောကြောင့် ဖြစ်ပေါ်အောင် လုပ်ဆောင်ရခြင်းလည်း မရှိ။ အနိစ္စတရား ဖြစ် သောကြောင့် တည်နေရန် ပြုပြင်ဖွယ်လည်း မရှိ။ ဖောက်ပြန်ခြင်း မရှိသောကြောင့် စိုးရိမ်မှုနှင့် ကြောင့်ကြစိုက်ဖွယ်လည်း မရှိ။ ထို့ကြောင့် "မပြု" အသင်္ခတဋ္ဌ ဟူ၍ ဆိုသည်။

အသင်္ခတဋ္ဌ ပြီး၏။

နိရောဓသစ္စာ အနက် ၄–ချက် ရှင်းချက်ပြီး၏။

---------

## မဂ္ဂသစ္စာ အနက် ၄–ချက် ရှင်းချက်

"ထွက်မြောက်၊ တည်နိုင်၊ မြင်နိုင်၊ ကြီးကဲ ဤလေးနဲ့၊ ဆင်းရဲ ငြိမ်းလမ်းထား" ဟူသော မဂ္ဂသစ္စာ၏ အနက်လေးချက်တွင် "ထွက်မြောက်ကား" အဘယ်နည်း။

ထွက်မြောက် — သမုဒယသစ္စာ တဏှာကို ချုပ်ငြိမ်းအောင် လုပ်ဆောင်အားထုတ် သော ပယောဂမှုပေတည်း။ တဏှာသည် ရုပ်နာမ်ခန္ဓာတရားကို သုခ ထင်မှတ်၍ တွယ်တာ၏။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ခန္ဓာနာမ်ရုပ်၏ ဒုက္ခ အစစ် ဖြစ်ကြောင်း ထင်ရှားပေါ်သောအခါ တဏှာချုပ်ငြိမ်း၏။ ဝဋ္ဋဒုက္ခ ကျွတ်လွတ်၏။

ချမ်းသာသုခ အစစ်အမှန်ကား တဏှာချုပ်ငြိမ်းမှုတစ်ခုသာ ရှိ၏။ တဏှာချုပ်ငြိမ်းမှုမှတစ်ပါး အမြဲတည်သော ချမ်းသာသုခဟူ၍ တစ်ခုမျှ မရှိ။ ထို့ကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိအလုပ်သည် ဒုက္ခမှ ထွက်မြောက်ရန် လမ်းမှန်အစစ်ဖြစ်သတည်း။

နိယျာနဋ္ဌ ပြီး၏။

-------

မဂ္ဂင်ရှစ်ပါးမှာ "တည်ခိုင်" ဟူသည် အဘယ်နည်း။

**တည်ခိုင်**

ညောင်ပင်၏ ရေသောက်မြစ်တို့သည် ညောင်ပင်ကို ကြီးပွားစည်ကား ခိုင်မြဲအောင် ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစေနိုင်သကဲ့သို့ မဂ္ဂင်ရှစ်ပါးတို့သည် အလုံးစုံသော အရိယ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို ကြီးပွားစည်ကား ခိုင်မြဲအောင် ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစီးနိုင်သည်ကို တည်ခိုင် ဆိုသည်။ ဤသို့ အရိယဂုဏ်ကျေးဇူးတို့၏ ကောင်းစွာတည်ရာ၏ အဖြစ်ကို "တည်ခိုင်" ဆိုသည်။

ဟေတွဋ္ဌ ပြီး၏။

-------

**မြင်နိုင်**

ဒိဗ္ဗစက္ခုဉာဏ်ကို ရသည်ရှိသော် ရှေး၌ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးရသော နတ်ဘုံ နတ်နန်းတို့ကို မျက်မှောက်ထင်ထင် အလင်းမြင်ရသကဲ့သို့ နိဗ္ဗာန်ကို အလင်းမြင်ရသည်ကို "မြင်နိုင်" ဆိုသတည်း။

ဒဿနဋ္ဌ ပြီး၏။

-------

**ကြီးကဲ**

လောကီဖြစ်သော သီလ သမာဓိ ပညာတို့သည် တဏှာ၏ အုပ်စိုးချက်ကို ခံရကုန်၏။ တဏှာလျှင် အကြီးအကဲ ရှိကြကုန်၏။ မဂ္ဂင်ရှစ်ပါးဟု ဆိုအပ်သော လောကုတ္တရာ သီလ သမာဓိ ပညာတို့သည်ကား တဏှာကို အကြွင်းမဲ့ သတ်နိုင်ကြကုန်သည်ဖြစ်၍ တဏှာ၏နယ်မှ ကျွတ်လွတ်ကြကုန်သည်ဖြစ်၍ မိမိလျှင် အကြီးအကဲ ရှိကြကုန်၏။ မိမိကိုယ်ကို မိမိတို့ အစိုးရကြကုန်ဖြစ်၍ ဤသို့ မိမိကိုယ်ကို မိမိတို့က အစိုးရသည်ကို "ကြီးကဲ" ဆိုသည်။

အဓိပတေယျဋ္ဌ ပြီး၏။

သစ္စတ္ထဒီပနီ ပြီး၏။

-------

အမှတ် ၂၇၃၃၀
ရက်စွဲ............
သုတေသန စာကြည့်တိုက်